
လူသားသစ္စာ 951-1050
ဘာသာပြန်သူ - ကြည်ဖြူ (ရိုးရာ)
奇迹暖暖

## အခန်း ( ၉၅၁ ) : နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း နူဖန့်

အလယ်အလတ် ကနဦးနတ်ဘုရား အဆင့် ၃ သို့ ရောက်ရှိပြီးသည့်နောက် မိုဝူကျိုက သူဘယ်နားလေး မှားသွားကြောင်း သိလိုက်သည်။ သူ့စိတ်နှလုံး အခြေအနေမှာ လွဲချော်နေလေသည်။

သူ ပိုစွမ်းအားကြီးသည်နှင့် သူနှင့် ထိတွေ့ဆက်ဆံသည့်သူများလည်း စွမ်းအားကြီးလာပေမည်။ ဤသည်က သူ့အား အသည်းအသန် အရှိန်ပြင်းစွာ သူ့ကျင့်ကြံဆင့်ကို တိုးတက်ချင်စေလေသည်။ သူ နတ်ဘုရားနယ်မြေကို ဝင်ရောက်သည့်အချိန်မှစ၍ သူသည် အချိန်တိုလေးအတွင်း၌ ကနဦးနတ်ဘုရားအဆင့် ၃ ကို ရောက်ရှိခဲ့လေသည်။

သူက သေမျိုးတစ်ယောက်အဖြစ် ကျင့်ကြံသည့်အတွက် ဤသည်က သူ့ကျင့်ကြံဆင့်၏ အခြေခံအုတ်မြစ်နှင့် ကွဲလွဲနေလေသည်။ သို့သော် ကျင့်ကြံဆင့် တိုးတက်လာသည်နှင့် သူသည် သူ့ကိုယ်သူ ထိုကျင့်ကြံခြင်း၌ ပါရမီထူးသူများနှင့် အဆက်မပြတ် နှိုင်းယှဉ်မိသွားသည်။ ရလဒ်အနေဖြင့် သူ့ကိုယ်သူလည်း တကယ့် ကျင့်ကြံခြင်းပါရမီရှင်အဖြစ်

အမှုမဲ့ အမှတ်မဲ့ သတ်မှတ်မိလေ၏။ ဤသို့သော အခြေအနေမျိုးအောက်တွင် ကျင့်ကြံဆင့် တိုးတက်ဖို့အတွက် မဆိုနှင့် ကျင့်ကြံခြင်း၌ လမ်းမှားရောက်မသွားခဲ့သည်မှာ သူ့အတွက် အလွန် ကံကောင်းလွန်းနေပြီ ဖြစ်သည်။

ယနေ့မှသာ ကျင့်ကြံရေးနှင့် လုံးဝမသက်ဆိုင်သော အောက်ခြေသိမ်း အလုပ်ပေါ်တွင် အာရုံစိုက်ရန် သူသည် သူ့အတွေးများကို စုစည်းလိုက်သည်။ အချိန်နှင့်အမျှ စုဆောင်းလာသည့် တိုးတက်မှုလေးများက ဤအခိုက်အတန့်တွင် နောက်ဆုံး၌ စွမ်းအားအဖြစ် ပြောင်းလဲသွားလေသည်။ သူ့နှလုံးသားထဲ နက်နက်ရှိုင်းရှိုင်း တစ်နေရာတွင်လည်း တစ်စုံတစ်ရာ စတင် ပေါက်ဖွားလာဟန် ရှိလေသည်။

ဤအချက်အထိ စဉ်းစားလိုက်မိသည့်အခါ မိုဝူကျိက နောက်တစ်ကြိမ် ထပ်မံ ရပ်တန့်လိုက်ပြန်သည်။

သူ့နှလုံးအခြေအနေမှာ အမှန်တကယ် မပြည့်စုံသေးပေ။ ထို့အပြင် နှင်းစက်စိမ်း ဆန်မျိုးစေ့များအား စိုက်ပျိုးခြင်းက ကျင့်ကြံရေးနှင့် လုံးဝမသက်ဆိုင်သည်တော့လည်း မဟုတ်ပေ။ အဆုံးတွင် သူသည် သူ့ကျင့်ကြံရေး တိုးတက်ရန်အတွက် လုပ်နေဆဲ ဖြစ်သည်။ အစကတည်းက နှင်းစက်စိမ်းဆန်သည်

ဆေးလုံးအဆိပ်ကို တိုက်ဖျက်ရန် သုံးနိုင်၍သာ ဆန်စိုက်ပျိုးခဲ့ခြင်း ဖြစ်သည်။

ကြည့်ရသည်မှာ သူသည် သူ့ကျင့်ကြံရေး လမ်းကြောင်းပေါ်တွင် လမ်းခွဲကို ရောက်ရှိနေပုံ ပေါ်လေသည်။ သူက အင်မော်တယ် မော်တယ် ကျင့်စဉ်ဖြင့် ကျင့်ကြံသည်။ ထို့ကြောင့် တာအိုကို ချဉ်းကပ်ရန် သေမျိုးတစ်ယောက်၏ စိတ်နေ သဘောထားတွေးခေါ်မှုကို အသုံးပြုရမည်ဟု ဆိုလိုသည်။ ထိုသို့ဆိုလျှင် သူသည် ကျင့်ကြံရေးအပေါ် မည်ကဲ့သို့ တွေးခေါ်မှုပုံစံမျိုးကို ခံယူထားသင့်သနည်း။

သူသည် နှင်းစက်စိမ်းဆန်က ဆေးလုံးအဆိပ်ကို မည်သို့ တန်ပြန်တိုက်ခိုက်နိုင်သည့်အကြောင်း တွေးနေသည်များကို ရပ်တန့်သင့်လေပြီ။ ထို့အပြင် မည်သည့် ရည်ရွယ်ချက်ကြောင့်မှ စိုက်ပျိုးသည်မဟုတ်ဘဲ ငြိမ်းချမ်းဖို့အတွက်သာ စိုက်ပျိုးတော့မည်။ အကယ်၍ သူသည် စိတ်ထဲတွင် မည်သည့် ရည်မှန်းချက်မျှ မထားဘဲ နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးမည်ဆိုမှသာလျှင် သူ့နှလုံးအခြေအနေက လုံးလုံးလျားလျား တိုးတက်လာပေလိမ့်မည်။

ဤကိစ္စက မိုဝူကျိအား မျက်မှောင်ကျုံ့သွားစေသည်။ အကြောင်းမှာ ထိုသို့လုပ်ခြင်းသည် သူ့စိတ်နှစ်ထားရန်

လိုအပ်မည့်ပုံ မပေါ်သောကြောင့်ဖြစ်သည်။ သူ့ရင်တွင်း၌ နှင်းစက်စိမ်းဆန်စိုက်ခြင်းမှာ အချိန်များစွာ ပေးစရာလိုသော ပြန်လည်ဖန်တီးလုပ်ယူရသည့် အလုပ်မျိုး မဟုတ်ချေ။ ရည်မှန်းချက်မရှိပါက ပိုတောင် အချိန်ပေးစရာ မလိုတော့ပေ။

သေမျိုးများသည် ဆက်လက် ရှင်သန်နိုင်ရေးအတွက် ဆန်ကို စိုက်ပျိုးကြသည်။ အသက်ရှင်သန်ခွင့်ကို ဆန်နှင့်လဲလှယ်ကြသည်။ ထို့ကြောင့် ကျင့်ကြံခြင်းအတွက် နှင်းစက်စိမ်း ဆန်မျိုးစေ့စိုက်ပျိုးခြင်းက မည်သို့များ မှားယွင်းနေပါသနည်း။ နှင်းစက်စိမ်းဆန်မျိုးစေ့ စိုက်ပျိုးသည့်အခါ အဘယ်ကြောင့်များ သူ့အနေနှင့် မည်သည့် ရည်ရွယ်ချက်မှ မျှော်မှန်းထားရှိခွင့် မရှိသနည်း။ သူက မူလကတည်းက သေမျိုးတစ်ယောက် ဖြစ်သည်။ သို့သော် မည်သည်ကိုမျှ ရယူလိုခြင်းမရှိဘဲ သူများတွေအတွက် နှင်းစက်စိမ်းဆန်မျိုးစေ့များ စိုက်ခြင်း ... ဤကဲ့သို့ အမြင်မှန် ရရှိသော အနေအထားသို့ သူ့စိတ်နေသဘောထားသည် ဘယ်တုန်းကမှ မရောက်ရှိဖူးပေ။ အားစိုက်ထုတ်ထားပါက အကျိုးတစ်ခုခု ပြန်ရကိုရရမည်ဟု သူ ခံယူထားခဲ့သည်။

ပုံသဏ္ဍာန်မဲ့အရိပ်နှင့် အတားအဆီးများသည် ရဲရဲတောက်နေသောမီးဖြင့် အရည်ဖျော်ခံလိုက်ရသလိုမျိုး မိုဝူကျိထံမှ ပျောက်ကွယ်သွားလေသည်။ ဤသည်က သူ့ကို

အများကြီးပို၍ စိတ်ပေါ့ပါးသွားစေ၏။ ထို့အပြင် သူသည် အရင်ကထက်လည်း ပို၍ အရာအားလုံးကို သဘောပေါက် လက်ခံလွယ်လာလေသည်။

အရမ်းကြီး တမင်တကာ လုပ်နေရန် မလိုအပ်ပေ။ လူတစ်ယောက်တွင် သူ့ကိုယ်ပိုင်နိယာမများ တစ်စုံသာ တည်ရှိလေ၏။ ကိုယ့်ကိုယ်ကို ကျင့်ကြံရေးပါရမီရှင်များနှင့် နှိုင်းယှဉ်နေရန် မလိုပေ။ လူတစ်ယောက်သည် သူ့ကိစ္စအရာများကို လုပ်ရမည်သာဖြစ်ပြီး သူ့ကိုယ်ပိုင် လူသားတာအိုကို ကျင့်ကြံရမည်ဖြစ်သည်။

မိုဝူကျို၏ ဖြစ်တည်ခြင်း အလုံးစုံသည် တန့်နေသော ကျင့်ကြံဆင့်အကြောင်းကို မချင့်မရဲဖြစ်ခြင်း တစ်စုံတစ်ရာမရှိပါဘဲ ငြိမ်းချမ်းလျက် ရှိလေသည်။ သူသည် တည်ငြိမ်စွာပင် လယ်ကွင်းကို ထွန်ယက်သည်။ တည်ငြိမ်စွာပင် မျိုးစေ့များကို ကြဲပက်သည်။ တည်ငြိမ်စွာပင် စွမ်းအားစုစည်းရေး အစီအရင်ကို ခင်းကျင်းသည်။ ထို့နောက် ရိတ်သိမ်းရာသီအတွက် တည်ငြိမ်စွာ စောင့်နေလိုက်သည်။

စီမံရေးမှူးကွမ်းသည် သူနှင့်ကောင်းမွန်သော ဆက်ဆံရေး မရှိသောကြောင့် မိုဝူကျိုက မြေတစ်ကွက်သည် မျိုးစေ့မည်မျှ လိုအပ်ကြောင်းမသိပေ။ သူသိသော တစ်ခုတည်းသောအရာမှာ

နှင်းစက်စိမ်းဆန်မျိုးစေ့သည် ဖလအကြာတွင် ရင့်မှည့်မည်ဖြစ်ပြီး မည်သည့်အချိန်၌မဆို စိုက်ပျိုးနိုင်လေသည်။ တစ်နှစ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ရိတ်သိမ်း၍ ရရှိနိုင်ပေသည်။

နှင်းစက်စိမ်းစပါးပင်သည် နတ်ဘုရားနယ်မြေ၌ ရင့်မှည့်ချိန်တိုတိုဖြင့် အကျိုးရလဒ် အကြီးမားဆုံးရှိသည့် တစ်ခုတည်းသော ဝိညာဉ်အပင် ဖြစ်သည်ဟု ပြောလို့ရပေသည်။ ရင့်မှည့်ရန် ဆယ်နှစ် သို့မဟုတ် နှစ်ထောင်ပေါင်းရာချီကြာသော သဘာဝရတနာများနှင့် နှိုင်းယှဉ်လျှင် နှင်းစက်စိမ်းဆန်သည် အလွန်အဖိုးတန်ပေသည်။ နတ်ဘုရားကုန်းမြေ၏လူများအတွက် ဤအရာမှာ ကျင့်ကြံသူများဆီသို့ ကောင်းကင်ဘုံမှ ပေးအပ်သော လက်ဆောင် ဖြစ်လေသည်။

"ခင်ဗျား ဒါကို ဒီနည်းလမ်းနဲ့ လုပ်ရင် အလကားပဲ။ သာမန်အခြေအနေမှာ မြေတစ်ကွက်ကို နှင်းစက်စိမ်းဆန်ပျိုးပင် ၅၀၀ စိုက်ပျိုးလို့ ရတယ်။ အဆင့် (က) လယ်မြေကွက်တွေရဲ့ အကောင်းဆုံး ရိတ်သိမ်းမှုက တစ်ပင်ကို နှင်းစက်စိမ်းစပါးစေ့ တစ်စေ့ နှစ်စေ့လောက်ပေါ့။ ဆိုလိုတာက ပျိုးပင် ၅၀၀ က နှင်းစက်စိမ်းစပါးစေ့ ၅၀ ကာတီ ထွက်နိုင်တယ်ဆိုတဲ့ သဘောပဲ။ ဆန်ရဲ့အဆင့်အနေနဲ့ကတော့ အပင်တွေကို စိုက်ပျိုးတဲ့ပုံနဲ့ ဂရုစိုက်တဲ့ပုံပေါ် မူတည်တယ်။ ဒါက မြေအဆင့် (ဃ) ဆိုတော့

မြေကြီးကနေ စွမ်းအင် အလုံအလောက် မရဘူး။ ပြီးတော့ ခင်ဗျား အနည်းဆုံး ပျိုးပင် ၁၀၀၀ လောက် စိုက်မှ ရလိမ့်မယ်…”

မိုဝူကျို၏ အလုပ်ကို အသံတစ်သံက ရုတ်တရက် နှောင့်ယှက်လိုက်လေသည်။

သူ့ခေါင်းကိုမော့လိုက်သော် မိုဝူကျိုသည် သူ့မြေကွက်၌ ရပ်နေသည့် ကျောပေါ်တွင် ဝိညာဉ်ပေါက်ပြားနှင့် အသားအမည်းရောင်ရှိ လူတစ်ယောက်ကို မြင်လိုက်ရသည်။ သူသည် နှင်းစက်စိမ်းဆန်မျိုးစေ့များ စိုက်ပျိုးခြင်းအပေါ်တွင် လုံးဝအာရုံစိုက်ထားသဖြင့် တစ်စုံတစ်ယောက် သူ့ထံ ချဉ်းကပ်လာသည်ကိုပင် အမှန်တကယ် သတိမပြုမိလိုက်ချေ။

“ထောက်ပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

မိုဝူကျိုသည် လေးလေးစားစား ဦးညွှတ်လိုက်ပြီး သိပ်စဉ်းစားမနေဘဲ ပြောလိုက်၏။

အကယ်၍ သူ ဆန်တစ်စေ့ ထွက်အောင် မလုပ်နိုင်လျှင်တောင် စီမံရေးမှူးကွမ်းသည် သူ့အား ဘာလုပ်နိုင်မည်နည်း။ ကနဦးနတ်ဘုရားအဆင့် ၇ ၌ရှိသော လူတစ်ယောက်သည် သူ့စိတ်ပူပန်မှုနှင့်ပင် မထိုက်တန်ပေ။

အသားမည်းမည်းနှင့်လူငယ်သည်လည်း ပြုံးပြလိုက်ပြီး မိုဝူကျိထံ သာမန်ကာလျှံကာ စာအုပ်တစ်အုပ် ပစ်ပေးလိုက်လေသည်။

“ခင်ဗျား တစ်ယောက်ယောက်ကို ရန်စမိထားတယ် မလား။ မဟုတ်ရင် ခင်ဗျား အဆင့် (ဃ) နေရာမှာ တာဝန်ချခံထားရမှာ မဟုတ်ဘူး။ ဒါက နှင်းစက်စိမ်းဆန်အတွက် မိတ်ဆက်စာအုပ်။ ခင်ဗျား ကြည့်ကြည့်လိုက်ပေါ့။ ကျုပ်နာမည်က ကုဟိုင်။ ကျုပ်က (ခ) ၂၉ မှာရှိတယ်။ ခင်ဗျား နားမလည်တာရှိရင် ကျုပ်ကိုလာမေးနိုင်တယ်”

သူ့စကားဆုံးသည်နှင့် သူက မိုဝူကျိ ကျေးဇူးတင်သည်ကို မစောင့်တော့ဘဲ ထွက်သွားလေသည်။

မိုဝူကျိသည် တိတ်တဆိတ် အံ့သြမိသွားသည်။ မည်သည့်နေရာပင် ဖြစ်ပါစေ ကုဟိုင်ကဲ့သို့ အခြားသူများအား ကူညီရသည်ကို နှစ်သက်သည့်သူမျိုး ရှိသင့်လေသည်။

ကုဟိုင်ပေးခဲ့သော နှင်းစက်စိမ်းဆန်စာအုပ်၏ နိဒါန်းမှာ အပင်ကို မည်သည့်အချိန်တွင် ရေလောင်းရမည်၊ မည်သည့်အချိန်တွင် နေရောင်ပြရမည်နှင့် မည်သည့်အရာများကို သတိထားရမည် စသဖြင့်ကို အဓိကပါဝင် ဖော်ပြထားလေသည်။ ထိုထဲတွင် နှင်းစက်စိမ်း ဆန်မျိုးစေ့များကို တစ်ကွက်လျှင် မည်သို့

စိုက်ပျိုးရမည့်အကြောင်း အသေးစိတ်အချက်အလက်များလည်း ပါဝင်လေသည်။

ထုံးစံအတိုင်းပင် မြေကွက်အရည်အသွေးညံ့လေ စိုက်ပျိုးရမည့် နှင်းစက်စိမ်းဆန်များလေ ဖြစ်၏။ သို့မဟုတ်ပါက ရိတ်သိမ်းနိုင်မည့် အရေအတွက်မှာ အလွန်နည်းသွားပေလိမ့်မည်။

နတ်ဘုရားကုန်းမြေပေါ်တွင် အဆင့်မြင့် နှင်းစက်စိမ်းဆန်သည် မြင်ရခဲပေ၏။ များသောအားဖြင့် လူအများစုသည် အဆင့်နိမ့်နှင်းစက်စိမ်းဆန်ကို စားသုံးကြလေသည်။ အချို့ဂိုဏ်းအကြီးအကဲများနှင့် ရာထူးကြီးကြီးနှင့်သူများသာလျှင် အလတ်အလယ်အဆင့် နှင်းစက်စိမ်းဆန်ကို စားနိုင်ကြပေ၏။ အလွန်နည်းသော အဆင့်မြင့် နှင်းစက်စိမ်းဆန်ကိုမူ စားသုံးကြမည့်အစား အခြားသူများအား ပေးဖို့ တန်ဖိုးကြီးလက်ဆောင်အဖြစ်သာ အားလုံးက အသုံးပြုကြလေသည်။

ထိပ်တန်းအဆင့် နှင်းစက်စိမ်း ဆန်အနေနှင့် ၎င်းသည် နှစ်ပေါင်းများစွာ ဈေးကွက်တွင် မထွက်ပေါ်လာခဲ့ပေ။ ထိုအရာသည် ရှာ၍မရဘဲ တစ်ဦးက မမျှော်လင့်ဘဲသာ တွေ့ရှိနိုင်သည့် ပထမတန်းစား ရတနာဖြစ်၏။ ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်၏ အာနိသင်သည် သူ့စွမ်းရည်၌

ဆေးလုံးအဆိပ်ကို ချေဖျက်ပေးနိုင်ရုံသာမက ကျင့်ကြံခြင်းကိုလည်း မြှင့်တင်ပေးနိုင်လေသည်။ ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်သည် ထိုမျှပင် တန်ဖိုးရှိနေခြင်းမှာ အကယ်၍ ၎င်းကို အစေ့အဖြစ်သာအသုံးပြုပါက လူသစ်တစ်ယောက်ပင် အဆင့် ၃ နှင်းစက်စိမ်းဆန်ကို ထုတ်လုပ်နိုင်သောကြောင့်ဖြစ်၏။

[အဆင့် ၁ သည် အဆင့်နိမ့်၊ အဆင့် ၂ သည် အလယ်အလတ်အဆင့်နှင့် အဆင့် ၃ သည် အဆင့်မြင့်ကို ဆိုလိုပေသည်။]

စာအုပ်ထဲတွင် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်ကို ထုတ်နိုင်သည့် တစ်ဦးတည်းသောသူမှာ နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း နူဖန့်ဟုလည်း ထည့်သွင်းမိတ်ဆက်ထားလေသည်။

နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း နူဖန့်သည် နတ်ဘုရားဘုရင် ဖြစ်ရုံသာမက အဆင့် ၅ နတ်ဆေးလုံးဘုရင်လည်း ဖြစ်၏။ နတ်ဘုရားကုန်းမြေ၌ အဆင့် ၅ နတ်ဆေးလုံးဘုရင်သည် စနစ်၏ ထိပ်သီးတွင် တည်ရှိလေသည်။

စာအုပ်ထဲရှိ ဖော်ပြချက်အရ နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း နူဖန့်သည် နွေးထွေးပြီး စိတ်ခံစားလွယ်သောသူ ဖြစ်သည်။ သူ့တတ်နိုင်စွမ်းအတွင်းကသာ ဖြစ်ပါလျှင် အခြားသူများကို ကူညီရန် သူသည် အကောင်းဆုံး ကြိုးစားလေ့ရှိသည်။ သူသည်

နတ်ဘုရားကုန်းမြေ တစ်ခုလုံးပေါ်တွင် ဟန်ပန်တစ်စုံတစ်ရာ မရှိသည့် တစ်ဦးတည်းသော နတ်ဆေးလုံးဘုရင်သာ ဖြစ်၏။

သို့သော်လည်း လွန်ခဲ့သောနှစ်သန်းပေါင်းရာချီက နူဖန့်သည် နှင်းစက်စိမ်း ဆန်မျိုးစေ့များကို နတ်ဘုရားနယ်မြေသို့ ယူဆောင်ရန်အလို့ငှာ နိဗ္ဗာန်ပင်လယ်ကို ဖြတ်ဖို့ ကြိုးစားခဲ့လေသည်။ အဆုံး၌ သူသည် လုံးဝ ပြန်မလာတော့ပေ။ ထို့အပြင် သူ့အကြောင်း မည်သည့် သတင်းမှလည်း မကြားရတော့ပေ။

စာအုပ်ကို ပိတ်လိုက်ပြီးနောက် စိတ်ထဲသို့ ပထမဆုံးဝင်လာသည့် အတွေးမှာ ပင်လယ်လိပ်ခွံကျွန်းပေါ်တွင် သူရရှိခဲ့သည့် ဆေးလုံးသခင်၏ အမွေဖြစ်လေ၏။ ကျွန်း၏ ဗဟိုအချက်အချာရှိ ဝိညာဉ် ၏အဆိုအရ ဆေးလုံးတာအို၏ မိတ်ဆက်တိုများနှင့် ဆေးလုံးဖော်စပ်နည်း ကျောက်စိမ်းပြားများသည် ကွယ်လွန်သွားသည့် ဆေးလုံးသခင်၏ ပိုင်ဆိုင်မှုများ ဖြစ်လေသည်။

**မဟုတ်မှ ဤလူသည် နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း နူဖန့် များလား...**

ထိုအကြောင်းကို စဉ်းစားမိသည်နှင့် မိုဝူကျိသည် လက်ထဲရှိ အရာအားလုံးကို ပစ်ချလိုက်ပြီး ဂူထဲသို့ ချက်ချင်း

ပြန်သွားလိုက်လေ၏။ သူက လက်စွပ်ကို ထုတ်ယူလိုက်ပြီး မရေတွက်နိုင်သော ကျောက်စိမ်းပြားနှင့် စာအုပ်ထူကြီးတစ်အုပ်ကို ရယူလိုက်၏။

ယခင်က သူသည် ကျောက်စိမ်းပြားများကို ဖောက်ထွင်း၍ စစ်ဆေးခဲ့ပြီးလေပြီ။ ထို့အပြင် သူတို့ထဲမှ အများစုတွင် နတ်ဝိညာဉ်ဆေးဖက်ဝင်အပင်များ၊ ဆေးလုံး ဖော်စပ်နည်းများ၊ နတ်ဆေးလုံးများကို ဖော်စပ်သည့်အခါ မှတ်သားရမည့် အရာများ စသည်တို့၏ အတိုချုပ် ဖော်ပြချက်အချို့ ပါရှိလေသည်။

မိုဝူကျိသည် အစိမ်းရောင်အဖုံးနှင့် စာအုပ်ထူကြီးကို ဖွင့်လိုက်သည်။ ပထမ စာမျက်နှာပေါ်တွင် ဖော်ပြထားသော စကားလုံးတို့မှာ နတ်ဘုရားလောက ဝိညာဉ်ဆေးဖက်ဝင် အပင်များ အခန်း (၁) ဟူ၍ ဖြစ်သည်။ အောက်နားလေးမှ စကားလုံးများမှာ စာရေးသူ နူဖန့် ဟူ၍ ဖြစ်၏။

သို့ဖြစ်ရာ ဤသည်မှာ အမှန်တကယ်ပင် နတ်ဘုရားဘုရင်ဝတ်ရုံစိမ်း ဖြစ်နေလေသည်။ သူ့လက်ထဲမှ ပစ္စည်းသည် အလွန်ထူးခြား အဖိုးတန်သော်လည်း မိုဝူကျိက တော်တော်လေး ဝမ်းနည်းမိဆဲ ဖြစ်သည်။ သူဖတ်ပြီးခဲ့သမျှ အားလုံးအရ နတ်ဘုရားဘုရင်ဝတ်ရုံစိမ်းသည် သေချာပေါက်ပင် ကိုယ်ကျိုးမဖက်သော လူကောင်းတစ်ယောက် ဖြစ်လေ၏။

မဟုတ်လျှင် သူသည် နှင်းစက်စိမ်းစပါးပင်ကို နတ်ဘုရားနယ်မြေသို့ ဖြန့်ဝေရန် သူ့အသက်ကို စွန့်စားလိမ့်မည်မဟုတ်ပေ။

နူဖန့်သည် သူ့အိမ်မက်ကို မဖြည့်ဆည်းနိုင်ခဲ့သည်မှာ စိတ်မကောင်းစရာပင်။ သူက နတ်ဘုရားနယ်မြေသို့ ရောက်ခါနီးတွင် ဝိညာဉ်တစ်ကောင်၏ အသတ်ခံခဲ့ရလေသည်။ ဤအရာများထက် သူ၏ အသက်သွေးနှင့် ကမ္ဘာဦးဝိညာဉ်တို့မှာ ဇရာမဆေးလုံး ဖော်စပ်ရန် ဝိညာဉ်၏ အသုံးပြုခြင်းကို ခံလိုက်ရလေသည်။

မိုဝူကျိသည် ကျောက်စိမ်းပြားတချို့နှင့် စာအုပ်ထူကြီးကို စားပွဲပေါ်သို့ တင်လိုက်ပြီး သူတို့ကို တလေးတစား ဦးညွှတ်လိုက်သည်။

“အကြီးအကဲ ဝတ်ရုံစိမ်း… တကယ်လို့ ခင်ဗျားက နှင်းစက်စိမ်းဆန်ကို နတ်ဘုရားနယ်မြေမှာ ဖြန့်ဝေနိုင်ဖို့ အမှန်တကယ်ဆန္ဒရှိတယ်ဆိုရင် ကျုပ်ကို ခင်ဗျားအတွက် ဒီအိမ်မက်တွေ ဖြည့်ဆည်းခွင့်ပြုပါ။ ခင်ဗျားကို သတ်ခဲ့တဲ့ ဝိညာဉ်ကိုတော့ တကယ်လို့ ကျုပ်မှာ အခွင့်အရေးသာရှိမယ်ဆိုရင် ကျုပ် ခင်ဗျားကို ကလဲ့စား ကူချေပေးပါ့မယ်”

ထိုဝိညာဉ်က မည်သူ့ကိုသတ်ခဲ့ သတ်ခဲ့ သူက ထိုအရာကို ဖယ်ရှားသုတ်သင်ရမည် ဖြစ်ကြောင်း မိုဝူကျိသိထားလေသည်။ မဟုတ်ပါလျှင် ထိုအရာသာ လုံးဝပြန်ကောင်းသွားသောအခါ ထိုအရာ ပထမဆုံး သတ်မည့်သူမှာ သူ ဖြစ်နိုင်ပေသည်။

သူ့ထာဝရကမ္ဘာငယ်လေး၌ အရာအားလုံးကို သိမ်းထားလိုက်ပြီးနောက် မိုဝူကျိသည် နတ်ဘုရားလောက ဝိညာဉ်ပင်များစာအုပ်ထူကြီးကို အပြင်ဘက်တွင် ထားခဲ့လိုက်လေ၏။ နတ်ဘုရားဘုရင် ဝတ်ရုံစိမ်းက ဆေးလုံးဖော်စပ်နည်းများ၊ ဆေးလုံးသန့်စင်ခြင်း ပညာရပ်များ၊ နတ်ဝိညာဉ် ဆေးဖက်ဝင်အပင်များအကြောင်း အသေးစိတ်များနှင့် သူတို့အား မည်သို့ ခွဲခြားရမည်များကို သရုပ်ဖော်ချက်များဖြင့် ကျောက်စိမ်းပြားများပေါ်တွင် မှတ်သားထားခဲ့သည်။ ထို့နောက် ဤနတ်ဘုရားလောက ဝိညာဉ်ပင်များစာအုပ်သည် အမျိုးမျိုးသော ဝိညာဉ်ပင်များကို မည်သို့ ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း အသေးစိတ် သေသေချာချာ ဖော်ပြထားလေသည်။

စာအုပ်ကို လှန်လိုက်သောအခါ မိုဝူကျိက နတ်ဘုရားဘုရင် ဝတ်ရုံစိမ်းသည် မည်မျှ ဗဟုသုတကြွယ်ဝကြောင်း သိရှိလိုက်ရ၏။ အထဲရှိ သတင်းအချက်အလက်များကို

မရေတွက်နိုင်သည့်လပေါင်း၊ နှစ်ပေါင်းများစွာ အချိန်ပေး၍ စုဆောင်းခဲ့ရပေမည်။

အလွန်လျှင်မြန်စွာပင် မိုဝူကျိသည် ကုဟိုင် သူ့အား ပေးခဲ့သောစာအုပ်တွင် ရေးသားထားသည်ထက် များစွာ ပို၍အဆင့်မြင့်သော နှင်းစက်စိမ်းဆန် စိုက်ပျိုးသည့် နည်းလမ်းများကို ရှာတွေ့ခဲ့လေသည်။

အရည်အသွေးကောင်းသော နှင်းစက်စိမ်းဆန်ကို ပြုစုပျိုးထောင်ခြင်းသည် အကောင်းဆုံး နတ်ဝိညာဉ်စမ်းရေနှင့် သိပ်သည်းသော နတ်ဝိညာဉ် စွမ်းအားအရင်းအမြစ်များ လိုအပ်ရုံသာမက မိုးမြေစည်းမျဉ်းများ၏ ပြီးပြည့်စုံမှုပေါ်တွင် ပို၍တောင် မူတည်လေ၏။ မြေဆီလွှာ၏ အရည်အသွေးမှာကား အရေးပါမှု အနည်းဆုံး အကြောင်းရင်း ဖြစ်လေသည်။

အကယ်၍ နတ်ဘုရားဘုရင် ဝတ်ရုံစိမ်းသာ ဤနေရာတွင် ရှိပါက နှင်းစက်စိမ်းဆန် စိုက်မည့် လယ်ကွက်များကို အဆင့် (က)၊ (ခ)၊ (ဂ)၊ (ဃ) စသည်ဖြင့် ခွဲနေမည် မဟုတ်ကြောင်း မိုဝူကျိက သေချာသိသည်။

နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း၏ ရှင်းလင်းဖော်ပြချက်အရ စည်းမျဉ်းများ ပြီးပြည့်စုံသော ပတ်ဝန်းကျင်၌သာ ဝိညာဉ်ပင်များမှ

ဝိညာဉ် သစ်စေး အမျိုးအစားအချို့အား ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်ကို ပြုစုပျိုးထောင်ရန် အသုံးပြုနိုင်လေ၏။

ဤစကားလုံးများသည် မိုဝူကျိကို ကြီးမားသော နားလည်သဘောပေါက်မှုပေးလေသည်။ သူ့တွင် ဝိညာဉ် သစ်စေး အရေအတွက်များစွာ မရှိပေ။ သို့သော် သူ့တွင် အရွက်ငါးလွှာမြက် ဟုခေါ်သည့် နတ်ဘုရားဝိညာဉ်ဆေးဖက်ဝင်အပင်တော့ ရှိလေ၏။

အရွက်ငါးလွှာမြက်တွင် အရွက် ၅ ရွက်ပါရှိသည်။ ၎င်းသည် အဆင့် ၁ နတ်ဘုရားဝိညာဉ် ဆေးဖက်ဝင်အပင်သာ ဖြစ်သည့် အဆင့်နိမ့်အမျိုးအစားဖြစ်လေသည်။ သို့သော် ဤနတ်ဝိညာဉ်ဆေးဖက်ဝင်အပင်တွင် သဘာဝပင်ကိုလက္ခဏာ ၅ ရပ်လုံးပိုင်ဆိုင်သည့် တမူထူးသော အင်္ဂါရပ်ရှိလေသည်။

မိုဝူကျိသည် နှင်းစက်စိမ်း ဆန်မျိုးစေ့များကို ပြုစုပျိုးထောင်ရန် အရွက်ငါးလွှာမြက်ကို ဝိညာဉ်သစ်စေးအဖြစ် သုံးရန် ရည်ရွယ်ချက် မရှိပေ။ သူက ထိုအရာကို ကြားခံအဖြစ် အသုံးပြုချင်ပြီး ထိုအရာပေါ်တွင် နှင်းစက်စိမ်းဆန်ကို ကိုင်းကူး စိုက်ပျိုးမည် ဖြစ်၏။ နှင်းစက်စိမ်းဆန်သည် ပြီးပြည့်စုံသော စည်းမျဉ်းများ လိုအပ်သည် မဟုတ်ပါလော။ အရွက်ငါးလွှာမြက်တွင် သဘာဝပင်ကို လက္ခဏာငါးရပ်ရှိကာ မိုးမြေစည်းမျဉ်းများအားလုံး ပါရှိသည်ဟု မယူဆနိုင်သော်လည်း ထိုမြက်ကို အများဆုံး

ပြီးပြည့်စုံသည့် စည်းမျဉ်းများနှင့်နတ်ဝိညာဉ်မြက်ဟု သေချာပေါက် ယူဆနိုင်ပေ၏။ ပြိုင်ဘက်ကင်းစည်းမျဉ်းများနှင့် နတ်ဝိညာဉ် ဆေးဖက်ဝင် အပင်များအနေနှင့် သူတို့အများစုသည် အလွန်ဈေးကြီးသောကြောင့် သူက နှင်းစက်စိမ်းဆန်ကို ပြုစုပျိုးထောင်ရန် သူတို့၏ ဝိညာဉ်သစ်စေးကို အသုံးပြုမည့်အကြောင်း လုံးဝမစဉ်းစားခဲ့ပေ။

နှင်းစက်စိမ်းဆန်ကို ကိုင်းကူးစိုက်ပျိုးရာတွင် အရွက်ငါးလွှာမြက်အား ကြားခံအဖြစ် အသုံးပြုမည့် အဓိကရည်ရွယ်ချက်မှာ နှင်းစက်စိမ်းဆန်ကို မိုးမြေစည်းမျဉ်း၏ ခတ်ကြီးငါးပါးလုံး စုပ်ယူခွင့် ပြုနိုင်ရန် ဖြစ်သည်။

## အခန်း (၉၅၂) : နှင်းစက်စိမ်းဆန်

အရွက်ငါးလွှာမြက်၏ ခတ်ကြီးငါးပါး စည်းမျဉ်းများကို အသုံးပြုခြင်းထက် အရွက်ငါးလွှာမြက်ပေါ်တွင် နှင်းစက်စိမ်း စပါးပင် ကိုင်းကူးစိုက်ပျိုးရခြင်းအတွက် မိုဝူကျိတွင် ဒုတိယအကြောင်းအရင်း ရှိ၏။

မိုဂူကျိုသည် ကမ္ဘာမြေပေါ်တွင် ပထမတန်းစား ဇီဝဗေဒပညာရှင်ဖြစ်သောကြောင့် သူ့တွင် တောရိုင်း ဒေသရင်း အပင်များနှင့် ဒေသရင်း တိရစ္ဆာန်များအပေါ် ကျွမ်းကျင်ထူးကဲသော နားလည်မှုရှိထားသည်။ တောရိုင်းသစ်ပင်အများစုသည် အခြားနေရာသစ်သို့ အကြိမ်အနည်းငယ် ပြောင်းရွှေ့ စိုက်ပျိုးခံရပြီးနောက် အရသာပိုရှိလာရုံသာမက သူတို့သည် ပို၍လည်း ကြီးထွားဖွံ့ဖြိုးလာကြလေသည်။ ဤ ကြားခံနှင့်ကိုင်းကူးစိုက်သောပုံစံမျိုးကို အခြားနေရာသစ်သို့ ပြောင်းရွှေ့စိုက်ပျိုးခံရခြင်းအဖြစ်ရှုထောင့်တစ်ခုမှ သတ်မှတ်နိုင်ပေသည်။

ထို့အပြင် သာမန်ဆန်သည်လည်း မစိုက်ပျိုးမီအပင်ပေါက်ရုံလေးအထိ ပထမဆုံး ပျိုးပင်ကိုပြုစုစောင့်ရှောက်ရန် လိုအပ်ပေသည်။ နှင်းစက်စိမ်းဆန်ကအခြားဆန်နှင့် မတူညီသော စိုက်ပျိုးခြင်း နည်းလမ်းကိုလိုအပ်သော်လည်း ဆန်ဖြစ်နေခြင်းတော့ တူနေသေး၏။ ထိုသို့ဆိုလျှင် စပါးပင်ပေါက်လာသည်အထိ ဆန်ကိုပြုစုပျိုးထောင်ပြီး ကြားခံပေါ်တွင် ဆန်ကို ကိုင်းကူးစိုက်ပျိုးခြင်းကအလုပ်မဖြစ်ဘူးဟု မည်သူကများပြောနိုင်သနည်း။

ထုံးစံအတိုင်းပင် အရွက်ငါးလွှာမြက်သည် အဆင့်နိမ့်အမျိုးအစားဖြစ်ပြီး နတ်ဆေးလုံးများ ဖော်စပ်ရန်အသုံးမပြုနိုင်သောကြောင့် ၎င်းကို မည်သူကမျှ ပုံမှန်အားဖြင့်

မစုဆောင်းကြပေ။ နတ်ဘုရားနယ်မြေ၏ နတ်ဘုရားသိုက်မြို့ပေါ်ထွက်လာပြီးသည့်နောက် မိုဝူကျိုသည် ထိုမြက်အများအပြားကို စုဆောင်းနိုင်ခဲ့လေသည်။

ထို့အပြင် အရွက်ငါးလွှာမြက်ကို စုဆောင်းရသည့် အဓိက ရည်ရွယ်ချက်မှာ ဆေးလုံးသန့်စင်ခြင်းကို လေ့ကျင့်ရန် ဖြစ်သည်။ အင်မော်တယ်လောက၌ သူသည် ဆေးလုံးဧကရာဇ် ဖြစ်သည်။ သို့သော် နတ်ဘုရားနယ်မြေ၌ သူသည် အဆင့် ၁ နတ်ဆေးလုံးကိုပင် မဖော်စပ်နိုင်ပေ။ နတ်ဘုရားနယ်မြေရှိ နတ်ဝိညာဉ်ဆေးဖက်ဝင် အပင်များသည် အလွန်ဈေးကြီးလှ၏။ ထို့ကြောင့် လေ့ကျင့်ရန်အတွက် ထိုအပင်တွေ အများကြီးရရှိရန် သူ့တွင် နတ်ဘုရားကျောက်များ လုံလုံလောက်လောက် မရှိပေ။

ယခုမူ ဆေးလုံးသန့်စင်ခြင်း လေ့ကျင့်ရန်အတွက် မသုံးရသေးခင် အရွက်ငါးလွှာမြက်များကို နှင်းစက်စိမ်း စပါးပင် ကိုင်းကူးစိုက်ရာတွင် အရင်ဆုံး အသုံးပြုရပေတော့မည်။

နှင်းစက်စိမ်းဆန်မျိုးစေ့၏ စပါးစေ့ တစ်စေ့သည် လက်မဝက်လောက် ကြီးလေ၏။ ထို့အပြင် လက်ထဲ၌ ဆုပ်ကိုင်ထားပါက ငှက်မွေးကိုင်ထားသည်ဟု ထင်ရသလောက်ကို အလွန်ပေါ့ပါးလေသည်။ စိတ်စွမ်းအားက စပါးစေ့ပေါ်သို့ ကျရောက်သွားချိန်တွင် ဗလာခံစားချက်မျိုး ခံစားရစေသည်။

နှင်းစက်စိမ်း ဆန်မျိုးစေ့နှင့် နှင်းစက်စိမ်း ဆန်တို့၏ ကွာခြားချက်မှာ အပြင်ပန်း အခွံမဟုတ်ဘဲ ပါးလွှာသည့် ပြင်ပအလွှာတစ်ခု ဖြစ်သည်။

ဤအချိန်တွင်ကား အဆင့်နိမ့် နှင်းစက်စိမ်းဆန်မျိုးစေ့၏ ပြင်ပအလွှာသည် မီးခိုရောင် ဖျော့ဖျော့လေးဖြစ်ပြီး ထိုမီးခိုးရောင် ဖျော့ဖျော့အလွှာကို ဖယ်ရှားလိုက်ပါက အဖြူထည် သန့်သန့် နှင်းစက်စိမ်းဆန်လေး ပေါ်လာလိမ့်မည်ဖြစ်ကြောင်း မိုဝူကျို သိလေသည်။ အလယ်အလတ်အဆင့် နှင်းစက်စိမ်း ဆန်မျိုးစေ့တွင်လည်း ငွေရောင်ပြင်ပ အလွှာရှိပြီး ထိုငွေရောင်အလွှာကို ဖယ်ရှားလိုက်ပါက နှင်းစက်စိမ်းဆန်၏ အဖြူထည်သန့်သန့် စပါးစေ့ကို မြင်နိုင်ပေမည်။ တစ်ခုတည်းသော ကွာခြားချက်မှာ ထိုအဖြူရောင်စပါးစေ့ပေါ်တွင် သေးငယ်သော ငွေရောင်အစင်းများစွာ ရှိနေခြင်း ဖြစ်သည်။

အဆင့်မြင့် နှင်းစက်စိမ်းဆန်မျိုးစေ့တွင် ရွှေရောင်ဖျော့ဖျော့ ပြင်ပအလွှာရှိပြီး ထိုရွှေရောင်ဖျော့ဖျော့အလွှာကို ဖယ်ရှားလိုက်ပါက ရွှေရောင်အစင်းများနှင့် အဖြူထည်သန့်သန့် နှင်းစက်စိမ်းဆန် ပေါ်လာပေလိမ့်မည်။ ရွှေရောင်းအစင်း များလေလေ ဆန်၏ အရည်အသွေးမှာ မြင့်မားလေလေ ဖြစ်၏။

ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်မျိုးစေ့၏ မျက်နှာပြင်သည် ရွှေရောင်သန်းသန်း ဖြစ်ပြီး အပြင်ဘက် ရွှေရောင်အလွှာကို ဖယ်ရှားလိုက်ပါက နှင်းစက်စိမ်းဆန်သည်လည်း ရွှေရောင် ဖြစ်လေသည်။

မိုဝူကျို ရရှိခဲ့သည့် နှင်းစက်စိမ်း ဆန်မျိုးစေ့သည် မီးခိုးရောင် ဖျော့ဖျော့လေးဖြစ်ကာ မီးခိုးရောင်မှာလည်း မချောမွတ်ချေ။ ဆိုလိုသည်မှာ ၎င်းသည် အဆင့်နိမ့် နှင်းစက်စိမ်းဆန်မျိုးစေ့များ၏ အနိမ့်ဆုံး ဖြစ်လေသည်။

သို့သည့်တိုင် မိုဝူကျိုသည် ဤမျိုးစေ့များ အားလုံးကို ဂရုတစိုက် စိုက်ပျိုးလိုက်သည်။ သူ့တွင် နတ်ဝိညာဉ်စမ်းရေ ကောင်းကောင်း မရှိပေ။ သို့သော် ဤသည်က သူ့ပထမဆုံးအကြိမ် နှင်းစက်စိမ်း ဆန်စိုက်ပျိုးခြင်းဖြစ်ပြီး နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း ချန်ထားခဲ့သည့် အချက်အလက်အရ သူက သူတို့ကို ရေလောင်းရန် နှစ်သန်းတစ်ထောင် အင်မော်တယ် သစ်သားအဆီအနှစ်အချို့ အသုံးပြုလိုက်သည်။

ဖြစ်နိုင်သည်မှာ နှစ်သန်းတစ်ထောင် သစ်သားအဆီအနှစ်၏ အကျိုးသက်ရောက်မှုကြောင့် လဝက်ခန့် အချိန်ကြာပြီးနောက် နှင်းစက်စိမ်းဆန် စပါးပင် ပေါက်များသည် လက်မဝက် ကြီးထွားလာလေသည်။ ထို့နောက် မိုဝူကျိုသည်

အရွက်ငါးလွှာမြက်ကို သူ့ထာဝရကမ္ဘာငယ်လေးမှ မြေကြီးပေါ်သို့ ပြောင်းရွှေ့လိုက်ပြီး မြက်၏ အရွက်ငါးလွှာလုံးအား ဖယ်ရှားပစ်လိုက်သည်။ ထို့နောက် နှင်းစက်စိမ်းဆန် စပါးပင်ပေါက်များကို တစ်ပင်ပြီးတစ်ပင် စတင် ကိုင်းကူး စိုက်ပျိုးလိုက်လေသည်။

ဤအရာအားလုံးကို မိုဝူကျိသည် အစွမ်းကုန်ဂရုစိုက်မှုနှင့် အာရုံစူးစိုက်မှုများဖြင့် ပြုလုပ်လိုက်၏။

အပင်ပေါက်များ ၆၀ ပင်လုံး တစ်ပင်မျှ မသေဘဲ တစ်ပင်ချင်းစီတိုင်းကို အောင်မြင်စွာ ကိုင်းကူး စိုက်ပျိုးနိုင်ခဲ့လေသည်။

ထို့နောက် သူက သူ့မြေကွက်၏ အပြင်ဘက်တွင် ဖုံးကွယ်အစီအရင်ကို ခင်းကျင်းလိုက်ပြီး အပင်ပေါက် တစ်ပင်ချင်းစီအောက်တွင် ပြီးပြည့်စုံသော စွမ်းအားစုစည်းရေး အစီအရင်ကို ခင်းကျင်းလိုက်လေသည်။

**အစီအရင်ဆရာ၏ အသုံးဝင်မှုသည်ကား ယခု၌ ပေါ်လာလေပြီ။**

ကုဟိုင်၏ အပြောအရ မိုဝူကျိ၏ မြေကွက်အတွက် နှင်းစက်စိမ်းဆန်ပျိုးပင် ၁၀၀၀ စိုက်ပျိုးလျှင်ပင် ပြည့်ကျပ်လွန်းသည်ဟု ယူဆ၍ မရပေ။ သို့သော်

အစေ့အရေအတွက်ပေါ်တွင် ကန့်သတ်ချက် ရှိသောကြောင့် မိုဝူကျိသည် ၆၀ ကိုသာ စိုက်ပျိုးနိုင်လေသည်။

နောက်ထပ် လတစ်ဝက် ကုန်လွန်သွားပြီးနောက် သူသည် ပြဿနာတစ်ခုကို ရှာတွေ့လိုက်သည်။ သူက နှစ်သန်းတစ်ထောင် အင်မော်တယ်သစ်သား အဆီအနှစ်ကို ရေလောင်းရန် အသုံးပြုခဲ့သဖြင့် သူ့ပျိုးပင်ပေါက်များသည် အခြားပင်များထက် ပို၍ကောင်းကောင်း ကြီးထွားလာသည်မှာ မှန်၏။ သို့သော် နှစ်သန်းတစ်ထောင် အင်မော်တယ်သစ်သားအဆီအနှစ်သည် အဆင့် ၉ အင်မော်တယ် ဝိညာဉ်ဆေးဖက်ဝင်အပင် ဖြစ်သော်လည်း တကယ့်လက်တွေ့တွင် ၎င်းသည် အဆင့် ၉ အင်မော်တယ် ဝိညာဉ်ဆေးဖက်ဝင်အပင်များထက် များစွာ ပို၍အဖိုးတန်လေသည်။ အကယ်၍ နတ်ဘုရားနယ်မြေ၌သာ ဆိုပါက ၎င်းမှာ အဆင့်မြင့် နတ်ဘုရားဝိညာဉ်သစ်စေးအဖြစ် ယူဆခံရနိုင်ချေ ရှိ၏။

လက်ရှိအခြေအနေအရ ရိတ်သိမ်းချိန်ရောက်လျှင် ပျိုးပင်အများစုသည် အဆင့်နိမ့် နှင်းစက်စိမ်းဆန် ဖြစ်လာလိမ့်မည်။

ဤသည်ကား မိုဝူကျိ လိုချင်သောရလဒ် မဟုတ်ပေ။ နတ်ဆေးလုံးဘုရင် ဝတ်ရုံစိမ်းသခင်တွင် ထိပ်တန်းအဆင့်

နှင်းစက်စိမ်းဆန်မျိုးစေ့တို့ကို ပြုစုပျိုးထောင်ရန် နည်းလမ်းရှိသော်လည်း သူသည် ဤနည်းစနစ်ကို အသုံးပြုရန် မတတ်နိုင်ချေ။

ထို့ထက် နတ်ဆေးလုံးဘုရင် ဝတ်ရုံစိမ်းသခင်သည် နတ်ဘုရားကုန်းမြေအတွက် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်သည် မသင့်တော်ကြောင်းလည်း ထောက်ပြခဲ့သည်။ ဤအမျိုးအစားမျိုးသည် အရင်းအနှီးများစွာကို အသုံးပြုရလွန်းပြီး နတ်ဆေးလုံးဘုရင်လည်းဖြစ်၊ နတ်ဘုရားဘုရင်လည်း ဖြစ်နေသော လူတစ်ယောက်သည်ပင် ထိပ်တန်းအဆင့်ဆန်ကို ပြုစုပျိုးထောင်နိုင်စွမ်း မရှိပေ။

ထို့ကြောင့် သူအဓိက သင်ယူထားသောအရာမှာ အခြေခံအားဖြင့် အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန် ထွက်ရှိနိုင်ရန် နည်းစနစ်များနှင့် အဆင့်နိမ့် နှင်းစက်စိမ်းဆန်၏ထွက်နှုန်း တိုးတက်အောင် မည်သို့ လုပ်ရမည်နည်းတို့သာ ဖြစ်သည်။

သို့သော် မိုဝူကျိသည် နှင်းစက်စိမ်း ဆန်ကောင်း တစ်သုတ်ကို ထုတ်လုပ်ယူရန် ဆုံးဖြတ်ထားသည်။ သို့ဖြစ်ရာ သူ့ကြိုးစားအားထုတ်မှု အရာမတွင်သည့်နောက် သူသည် နှင်းစက်စိမ်း စပါးပင်များကို စတင်စစ်ဆေးလိုက်တော့သည်။

နှင်းစက်စိမ်းစပါးပင်၏ ရိုးတံကို ကိုင်ထားစဉ်တွင် သန့်စင်သော ခေတ်ကြီးငါးပါး စည်းမျဉ်းများက သူ့ထံ ကူးပြောင်းလာလေသည်။ ထိုအချက်က သူ့အား အလွန်စိတ်လှုပ်ရှားစေ၏။ ဤသည်က သူ့အား မည်သည်က မှားယွင်းနေသည်ကို နားလည်စေရုံသာမက မိုးမြေခေတ်ကြီးငါးပါး စည်းမျဉ်းများအကြောင်းကိုလည်း ပို၍ အသိကြွယ်သွားစေလေသည်။

သူက နှင်းစက်စိမ်း စပါးပင်၏ ရိုးတံတိုင်းမှ ခေတ်ကြီးငါးပါးစည်းမျဉ်းများ၏ စွမ်းအားကို ရှင်းရှင်းလင်းလင်း အာရုံခံနိုင်လေသည်။ ထို့အပြင် ရိုးတံများတွင် စည်းမျဉ်းတစ်ခု၏ အပိုအလိုများ ရှိနေသည်ကိုလည်း ကို ရှင်းရှင်းလင်းလင်း အာရုံခံနိုင်သည်။

သူ့ပထမဆုံး ခန့်မှန်းချက်မှာ သူ့တွင် သဘာဝဝိညာဉ်ကြော မပိုင်ဆိုင်သည့် အချက်က နှင်းစက်စိမ်း စပါးပင်များ၏ ခေတ်ကြီးငါးပါးတွင် မည်သည့် ခေတ်ချို့တဲ့နေသည်ကို သူ့အား ရှင်းရှင်းလင်းလင်း ခံစားစေနိုင်သည်ဟူ၍ ဖြစ်သည်။ အကယ်၍ သူ့အစား ဝိညာဉ်ကြောများရှိသည့် အခြားကျင့်ကြံသူ တစ်ဦးသာဖြစ်ခဲ့ပါက မိုဝူကျိအတိုင်း လုပ်ရန်ကြိုးစားမည်ဆိုလျှင်ပင် သူသည် မိုဝူကျိကဲ့သို့ ရှင်းရှင်းလင်းလင်း အာရုံခံနိုင်လောက်မည် မဟုတ်ပေ။

ဤသည်က မိုဝူကျိအား လမ်းကြောင်း အသစ်တစ်ခု တွေ့စေခဲ့သည်။ သူက နောက်တစ်ကြိမ် ထပ်မံ၍ နှင်းစက်စိမ်းစပါးပင်များကို ပြောင်းရွှေ့စိုက်ပျိုးလိုက်လေသည်။

တစ်နာရီမျှကြာပြီးနောက် သူသည် အပင် ၆ဂ လုံး၏ နေရာ အစီအစဉ်ကို ပြောင်းဆန်အောင်ဖွပြီးသွားကာ အပင်များကို ပြန်စိုက်ပြီးသွားလေသည်။

ဤတစ်ကြိမ်စိုက်ပျိုးရာတွင်မူ မိုဝူကျိသည် တူညီသော သဘာဝစည်းမျဉ်း ချို့တဲ့နေသည့် နှင်းစက်စိမ်းစပါးပင်များကို မြေနေရာတစ်ခု၌ ထားလိုက်ပြီး ထိုနေရာတွင် သင့်တော်ကိုက်ညီသော သဘာဝအစီအရင်ကို ခင်းကျင်းလိုက်သည်။

ဥပမာအားဖြင့် သတ္တုသဘာဝ စည်းမျဉ်းများ၌ ချို့တဲ့နေသည့် နှင်းစက်စိမ်းစပါးပင်များကို တူညီသော မြေနေရာသို့ ပြောင်းရွှေ့စိုက်ပျိုးလိုက်ပြီး ထိုနေရာတွင် သတ္တုဓာတ် စုစည်းရေးအစီအရင်ကို ခင်းကျင်းလိုက်၏။ သစ်သားသဘာဝ စည်းမျဉ်းများ ချို့တဲ့နေသည့် နှင်းစက်စိမ်း စပါးပင်များအတွက် သစ်သားဓာတ် စုစည်းရေးအစီအရင်ကို ခင်းကျင်းလိုက်သည်။

ဤသို့ဖြင့် လတစ်လ၏ ကောင်းမွန်သောကာလ ကုန်လွန်ပြီးနောက် မိုဝူကျိ၏ နှင်းစက်စိမ်းစပါးပင်များက

အခြားသူများဟာထက် အဆအနည်းငယ်ပို၍ ကောင်းကောင်း ရှင်သန်ကြီးထွားနေသည်ကို မြင်နိုင်လေပြီ။ နေ့စဉ်နှင့်အမျှ ကွာဟချက်သည်လည်း ပိုတိုးလာလေသည်။ သို့သော် ဤသည်မှာ သူ့အပင်များနှင့် အဆင့် (က) မြေကွက်များရှိ အပင်များကို နှိုင်းယှဉ်ခြင်း ဖြစ်သည်။ အကယ်၍ သူတို့ကို (ခ) သို့မဟုတ် (ဂ) မြေကွက်များနှင့် နှိုင်းယှဉ်ပါက ကွာခြားချက်သည် မိုးနှင့်မြေကဲ့သို့ပင် ဖြစ်လိမ့်မည်။

၂ လ အချိန်အတွင်း မိုဝူကျိသည် သူ့ကိုယ်သူ လုံးဝ ယုံကြည်စိတ်ချမှု ရှိလေသည်။ ဤအချိန်ကာလအတွင်း နှင်းစက်စိမ်း စပါးပင်များကို ပြုစုပျိုးထောင်ခြင်းအပြင် သူသည် တစ်ခါတစ်ရံ ခဏတဖြုတ် ကျင့်ကြံလေသည်။

၄ လကြာပြီးနောက် နှင်းစက်စိမ်း စပါးပင်များက အစေ့များ စတင်သီးလာချိန်၌ သူ့ကျင့်ကြံဆင့်သည် နောက်ဆုံးတော့ ကနဦးနတ်ဘုရားအဆင့် ၃ မှ အဆင့် ၄ သို့ ရောက်ရှိခဲ့လေပြီ။

ထိုသို့ဖြစ်ပြီးနောက် သူသည် ယခင်ကထက် သာမန်ပိုဆန်လာလေသည်။

ရှိုက်ကောသည်လည်း နတ်သားရဲ အဆင့် ၃ သို့ ရောက်ရှိခဲ့ပြီး တာ့ဟွမ်သည် ကနဦးနတ်ဘုရားအဆင့် ၄ သို့ တက်လှမ်းပြီးနင့်လေပြီ။

၆ လကြာပြီးနောက် မိုဝူကျို၏မြေကွက် (ဃ) ၇၉ သည် ရွှေရောင်ဖျော့ဖျော့လေးများနှင့် နေရာအနှံ့ ပြည့်နှက်နေလေသည်။ သူ့ကို အံ့သြစေသည်မှာ နှင်းစက်စိမ်း စပါးပင်၏ ရိုးတံတိုင်းတွင် စပါးနှံ ၅ ခုရှိပြီး စပါးနှံတိုင်းသည် ရွှေရောင်ဖျော့ဖျော့ နှင်းစက်စိမ်း ဆန်မျိုးစေ့များနှင့် ပြည့်နေလေသည်။ ဤနေရာတွင် နှင်းစက်စိမ်း စပါးပင်များ၏ ရိုးတံ ၆၀ သာရှိသော်လည်း မြေကွက်တစ်ကွက်လုံးကို ရွှေရောင်ဖျော့ဖျော့လေးများက ဖုံးလွှမ်းထားလေသည်။

စပါးပင်ရနံ့က လေနှင့်အတူ ပါလာသည်။ ဝေ့ကနဲရလိုက်သော အနံ့လေးဖြင့်ပင် မိုဝူကျိုသည် သူ့စိတ်မှာ ပို၍ရှင်းလင်းလာသည်ဟု ခံစားလိုက်ရပြီး ပို၍လည်း စိတ်တည်ငြိမ်လာသည်ဟု ခံစားလိုက်ရသည်။

နှင်းစက်စိမ်း စပါးပင်၏ ရိုးတံ ၆၀ ဟု မယူဆဘဲ ရိုးတံ ၃၀၀ ဟုသာ ယူဆသင့်လေသည်။

ရိတ်သိမ်းချိန် မရောက်ခင် ရက်အနည်းငယ်လိုသေးသည်။ သို့သော် မိုဝူကျိုသည် ထပ်မစောင့်နိုင်တော့ပေ။ သူက နှင်းစက်စိမ်းစပါးပင်များ၏ ရိုးတံ ၂ ချောင်းကို ဂရုတစိုက် ဖယ်ရှားလိုက်၏။

ရိုးတံ၂ ချောင်းပေါ်ရှိ စပါးနှံ ၁၀ ခုမှာ နှင်းစက်စိမ်းဆန်မျိုးစေ့များနှင့် ပြည့်နှက်နေလေသည်။ ထို့အပြင် စပါးစေ့သည် ငှက်မွေးကဲ့သို့ ပေါ့ပါးသော်လည်း သူက သူ့လက်ထဲမှ သူတို့၏ အလေးချိန်ကို ခံစား၍ ရနိုင်ပေသည်။

ရိုးတံ၂ ချောင်းလုံးမှ စပါးစေ့များကို ရိတ်သိမ်းပြီးနောက် မိုဝူကျိသည် ရွှေရောင်အစင်းများနှင့်ဆန် ပေါ်လာစေရန် ရွှေရောင်ဖျော့ဖျော့အပြင်အလွှာကို ဖယ်ရှားလိုက်သည်။ ဤအရာမှာ သိသာလှစွာ အဆင့်မြင့်နှင်းစက်စိမ်းဆန်ပင် ဖြစ်လေသည်။

ဤရှာဖွေတွေ့ရှိမှုက မိုဝူကျိအား အလွန်စိတ်လှုပ်ရှားစေလေသည်။ သူသည် သူအစပျိုးစိုက်လိုက်သည့် မျိုးစေ့များ၏ အရည်အသွေးနိမ့်မှုကြောင့် သူက ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်ကို ထုတ်နိုင်လိမ့်မည် မဟုတ်ကြောင်း မှန်းဆထားပြီးဖြစ်သည်။

နှင်းစက်စိမ်းဆန်၏ စပါးစေ့တိုင်းသည် တစ်လက်မ နီးနီးရှည်ကာ ငြင်းဆန်ရန် ခက်ခဲလောက်အောင် မက်မောစရာ ကောင်းသောရနံ့ ထုတ်ဖော်နေလေ၏။

မိုဝူကျိသည် အခြေခံ ခန့်မှန်းချက်အချို့ ပြုလုပ်ထားသည်။ နှင်းစက်စိမ်း စပါးပင်များ၏ ဤရိုးတံ၂ ချောင်းပေါ်တွင်

နှင်းစက်စိမ်းဆန် ၅ ကာတီ ရှိလေသည်။ ဆိုလိုသည်မှာ ရိုးတံတစ်ချောင်းသည် သူ့ကို ၂ ကာတီခွဲ ပေးနိုင်လေသည်။ ရိုးတံတစ်ချောင်းတွင် စပါးနှံငါးခု ရှိသည်ဟု ယူဆကြည့်ပါက စပါးနှံတစ်ခုစီ၏ ထွက်နိုင်စွမ်းသည် ၅ တေး ရှိလေ၏။

ကုဟိုင် သူ့ကို ပေးခဲ့သောစာအုပ်မှ အလွန်ရှင်းလင်းစွာ ရှင်းပြထားသည်မှာ အဆင့် (က) မြေကွက်မှ အကောင်းဆုံး ရိတ်သိမ်းမှုမှာ အပင်၏ ရိုးတံတစ်ချောင်းတွင် ဆန် တစ်တေး ဝန်းကျင်ဖြစ်၏။ သူသည် အရွက်ငါးလွှာမြက် ကိုင်းကူးစနစ်ကို အသုံးပြုခဲ့သောကြောင့် မိုဝူကျို၏ နှင်းစက်စိမ်း စပါးပင်မှ ရိုးတံတစ်ချောင်းတွင် တစ်နှံချင်းစီမှာ ဆန် ၅ တေး နှင့် စပါးနှံ ၅ ခုပါရှိလေသည်။ ဤသည်မှာ အဆပေါင်းများစွာ တိုးတက်လာသည် မဟုတ်ပါလော။

မိုဝူကျိုသည် ချက်ချင်း အင်မော်တယ်နေအိမ်သို့ ဝင်လိုက်ပြီး နှင်းစက်စိမ်း ဆန် ၅ ကာတီလုံးကို ရေဆေးလိုက်ကာ အိုးတစ်အိုး ပြုလုပ်၍ အခုချက်ချင်း စတင် ချက်လိုက်တော့သည်။

စတင်ကျင့်ကြံသည့် အချိန်မှစ၍ တစ်နေ့တော့ စားသောက်ရန် ထမင်းချက်ရလိမ့်ဦးမည်ဟု သူ တစ်ခါမျှ မတွေးဖူးပေ။

အမွှေးနံ့သာတစ်တိုင်စာ ကုန်လွန်ပြီးနောက် နှင်းစက်စိမ်း ဆန်မှ စွဲမက်စရာကောင်းသော မွှေးရနံ့တို့ ထွက်လာလေသည်။

ကျင့်ကြံနေရင်း တန်းလန်းဖြစ်သည့် ရှိုက်ကောနှင့်တာဟွမ်တို့ပင် မနေနိုင်တော့ဘဲ ပြေးထွက်လာကာ မိုဝူကျိ ချက်နေသော ထမင်းအိုးကို စိုက်ကြည့်နေကြသည်။

သူ လုပ်လိုက်သော အိုးမှာ မသေးသော်လည်း ဆန် ၅ ကာတီနှင့်ပင် အိုးတစ်အိုးလုံး ပြည့်သွားလေသည်။

မိုဝူကျိသည် သူကိုယ်တိုင်အတွက် ပထမဆုံးတစ်ပန်းကန်ကို ကော်ထည့်လိုက်သည်။ ရှိုက်ကောနှင့် တာ့ဟွမ်တို့သည်လည်း မည်သည့် ညွှန်ကြားချက်မျှမပါဘဲ အလိုအလျောက်ပင် မိုဝူကျိအတိုင်း လိုက်ကော်လိုက်ကြသည်။

မိုဝူကျိသည် အတူစားရန် မည်သည့်ဟင်းလျာမျှ မပါဘဲ ပထမဆုံး ထမင်းတစ်ဇွန်း မောက်မောက်ကို မျိုချလိုက်ချိန်တွင် ယခင်က သူမှားယွင်းခဲ့ကြောင်း သိလိုက်ရ၏။

တာအို ကျင့်ကြံခြင်းဆိုသည်မှာ အစားမစားရဟု မည်သူကများ ပြောခဲ့သနည်း။ တာအိုကျင့်ကြံသူ တစ်ယောက်သည် အစာခံနိုင်သည်မှာ မှန်သော်လည်း သူ ကျင့်ကြံနေသည်မှာ လူသားတာအို ဖြစ်နေသည်။ ခံတွင်းပါးစပ်၏ တောင့်တမှုဆန္ဒသည်လည်း လူသားတို့၏ တောင့်တမှု ဆန္ဒများထဲမှတစ်ခု ဖြစ်လေသည်။

နှင်းစက်စိမ်း ဆန် ပထမ တစ်လုတ်စာသည် သူ့လျှာပေါ်ရှိ အရသာအာရုံခံ အဖုလေးများပေါ်သို့ ပျံ့နှံ့သွားပြီး သန့်စင်ကာ မဖော်ပြနိုင်လောက်သော အရသာမျိုး ပေးလေသည်။ မိုဝူကျိသည် ကျေနပ်မှုအပြည့်ဖြင့် သက်ပြင်းချလိုက်ရုံသာမက နံ့ဘေးတွင်ရှိနေသော ရှိုက်ကောနှင့် တာ့ဟွမ်တို့သည်လည်း သူတို့မျက်လုံးများကို မှိတ်ထားကာ ပြိုင်ဘက်ကင်း ကျေနပ်ခြင်းတွင် နစ်မျောနေလေသည်။

"ဒါက တကယ့်ကို သူ့နာမည်နဲ့ လိုက်ဖက်ပါပေတယ်"

မိုဝူကျိသည် ဟင်းခွက်မပါဘဲ ထမင်းပန်းကန် တစ်ဝက်ကို လက်စသတ်ပြီးနောက် အံ့အားသင့်စွာ ပြောလိုက်သည်။ ပါးစပ်ထဲမှ အရသာမှာ အာရုံခံစားမှု သက်သက်သာဖြစ်ကာ မိုဝူကျိ တကယ် တန်ဖိုးရှိသည်ဟု ရှာတွေ့လိုက်သည်မှာ သူ့ကိုယ်ထဲရှိ ဆေးလုံးအဆိပ်တို့ ဖြေဖျောက်ခံနေရမှန်း သေချာရှင်းလင်းစွာ ခံစားလိုက်ရသည့် အချက်ကို ဖြစ်သည်။ မိုးမြေတာအိုထဲရှိ ခေတ်ကြီးငါးပါး စည်းမျဉ်းများအပေါ်တွင် သူ့နားလည်နိုင်မှုသည် ပို၍ ကောင်းလာကြောင်းလည်း သူခံစားနိုင်ပေသည်။

နှင်းစက်စိမ်း ဆန်သည် လူသားတာအို ကျင့်ကြံသည့်သူအတွက် ပို၍သင့်တော်သည်ဟု ဆိုနိုင်ပေ၏။

.....................

"ဘယ်သူကများ နှင်းစက်စိမ်းဆန်ကို ချက်နေတာလဲ"

မိုးကောင်းကင်ငယ်ရွာ အပြင်ဘက်ရှိ အမျိုးသားနှင့်အမျိုးသမီးတို့သည် သူတို့အသိစိတ်ပင်လယ်ကိုပင် သန့်ရှင်းသွားစေသော စိတ်သန့်ရှင်းစေသည့် ရနံ့ကို အနံ့ခံလိုက်မိသည်။

"ဒီအနံ့... ဒီအရှိန်အဝါက... မဟုတ်မှလွဲရော အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန်ကို ချက်နေတာလား"

လျှော်ချည်အဝတ်အစားနှင့်အမျိုးသမီးက အံ့သြတကြီး ထုတ်ပြောလိုက်သည်။

"မဟုတ်သေးဘူး... ဒါက အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန် မဟုတ်ဘူး...အဲ့ဒါ အဆင့်မြင့် နှင်းစက်စိမ်းဆန်..."

စကားဆုံးသည်နှင့် သူမသည် စိုက်ပျိုးမြေကွက်အများကြီးကို ခြေတစ်လှမ်းတည်းနှင့် ကျော်လွှားလိုက်ပြီး မိုဝူကျိရှိနေသည့် မြေကွက် (ဃ)၇၉ သို့ တန်းတန်းမတ်မတ် တဟုန်ထိုး ပြေးဝင်သွားလိုက်သည်။ သူမ နံ့ဘေးရှိ လူအများကြီးသည်လည်း ဇဝေဇဝါဖြစ်နေသော စီမံရေးမှူးကွမ်းကျစ်ကို နောက်တွင် ထားခဲ့ကြပြီး သူမ နောက်လိုက်သွားကြလေသည်။

[၁၆ တေး = ၁ ကာတီ]

## အခန်း (၉၅၃) : အဆင့်မြင့် နှင်းစက်စိမ်း ဆန် လယ်မြေတစ်ကွက်

မိုဝူကျိုက ထမင်းတစ်ပန်းကန် စားပြီးသွားသည်နှင့် ဖုံးကွယ်အစီအရင်၏ အပြင်ဘက်သို့ သံသယများဖြင့် စတင်ကြည့်လိုက်သည်။ ဤအချိန်ကြီး၌ အဘယ်ကြောင့် ဤနေရာမှာ လူတွေ ရှိနေကြသနည်း။ သူသည် ဤနေရာတွင် ရှိနေသည်မှာ လအနည်းငယ် ကြာလေပြီ။ ကုဟိုင် တစ်ကြိမ် ရောက်လာသည်မှလွဲ၍ အခြားသူ မည်သည့်မျှ မလာဖူးပေ။

သူ့နှင်းစက်စိမ်း စပါးပင်အတွက် သူခင်းကျင်းထားသည့် ဖုံးကွယ်အစီအရင်မှာ အလွန်သာမန် ဖြစ်လေသည်။ အဆင့် (က) မြေကွက်အများစုတွင် လျို့ဝှက်ရန်အတွက် အလားတူ အစီအရင်များ ခင်းကျင်းလေ့ ရှိပေသည်။

**ဆန်…**

မိုဝူကျိုသည် ထမင်းအိုးတစ်ဝက်ကို မြင်သောအခါ ဘာတွေဖြစ်နေမှန်း နောက်ဆုံးတော့ သူနားလည်သွားချေပြီ။

အကုန်လုံး ဆန်ကြောင့် ဖြစ်လာသည်ပင်။ နှင်းစက်စိမ်းဆန် ထမင်းအိုး၏ သင်းရနံ့သည် လူများကို ဆွဲဆောင်နေလေသည်။

မိုဂူကျိုသည် ဆွံ့အသွားကာ ခေါင်းသာ ရမ်းလိုက်မိသည်။ အနံ့ပိတ်ဆို့ အစီအရင် ခင်းကျင်းရန် အတွေးသည် ယခင်က တစ်ခါမျှ သူ့စိတ်ထဲသို့ ရောက်မလာခဲ့ပေ။

သို့သော် ဤနေရာသို့ ထိုလူများ ရောက်လာပြီးနောက် သူတို့သည် ဖုံးကွယ်အစီအရင်ကို ချိုးဖောက်ဖွင့်ပစ်မည် မဟုတ်သလို သူတို့၏စိတ်စွမ်းအားကို အထဲသို့ အတင်းအဓမ္မ ဝင်ရောက်အောင် လုပ်မည်လည်း မဟုတ်ပေ။ ဆိုလိုသည်မှာ သူတို့သည် သူ့လိုမျိုး လယ်သမားတစ်ယောက်ကို ကြီးမားစွာ အလေးထားပေးနေသေးသည်ပင် ဖြစ်၏။

နတ်ဘုရားကုန်းမြေပေါ်တွင် အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန် ထုတ်လုပ်နိုင်သူတို့သည် ကောင်းမွန်သောဘဝတွင် နေထိုင်နိုင်မှန်း မိုဂူကျိုက မသိပေ။ ဂိုဏ်းတိုင်းက သူတို့ကို ဖိတ်ခေါ်ကြလိမ့်မည်ဖြစ်ပြီး ဝိညာဉ်တောင်၏ အကြီးအကဲပင် လွယ်လွယ်ကူကူ ဖြစ်လာနိုင်သေးသည်။

ဤလေးစားမှုတို့သည် သေချာပေါက်ပင် အပေါ်ယံသာ ဖြစ်သည်။ တကယ့် လက်တွေ့တွင်မူ အကယ်၍ နတ်ဘုရားဘုရင် ဝတ်ရုံစိမ်းသည် လယ်သမားတို့၏ လူနေမှုအဆင့်အတန်းများကို

မြင့်မားအောင် အကောင်းဆုံး ကြိုးစားခဲ့လျှင်ပင် သူတို့ထံ မည်သည့်ကိစ္စမျှ ဖြစ်လာမည် မဟုတ်ပေ။

အကယ်၍ လူတစ်ယောက်က နှင်းစက်စိမ်း စပါးပင်ကို ပြုစုပျိုးထောင်ရာမှာ ကျွမ်းကျင်ပြီး ဂိုဏ်း၏ နတ်ဝိညာဉ်ဆေးဖက်ဝင် အပင်တောင်ထိပ်၏ အကြီးအကဲအဖြစ် ငှားရမ်းခံရသည်ဆိုလျှင်တောင် အခြားသူများ၏ လေးစားမှုသည် အရေပြားအတွင်းအထိ နက်ရှိုင်းနေမည် မဟုတ်ပေ။ မည်သည့် ကျင့်ကြံသူကမျှ နှင်းစက်စိမ်းဆန် စိုက်ပျိုးသည့်သူတစ်ယောက်ကို အမှန်တကယ် လေးစားလိမ့်မည် မဟုတ်ပေ။ သူတို့၏ စိတ်ကြီးဝင်သော ခံယူချက်အရ သက်တမ်းတိုတိုနှင့် အဆင့်နိမ့် ကျင့်ကြံဆင့်ရှိသော လူတစ်ယောက်သည် စစ်မှန်သည့် ကျင့်ကြံသူတစ်ယောက်၏ လေးစားမှုနှင့် မထိုက်တန်ပေ။

လယ်သမားများသည် ယေဘုယျအားဖြင့် အလွန်အမင်း အဆင့်နိမ့်သည့် ဝိညာဉ်ကြောများနှင့် သူများဖြစ်စေ၊ ကျင့်ကြံရေး၌ မတိုးတက်နိုင်သည့် သူများဖြစ်စေ၊ သို့မဟုတ်ပါက မကျင့်ကြံနိုင်သည့် သူများသာ ဖြစ်ကြလေသည်။ ထို့အပြင် နှင်းစက်စိမ်း ဆန်ကို ပြုစုပျိုးထောင်ခြင်းက လူတစ်ယောက်၏ သက်တမ်းကို ဝါးမျိုပစ်နိုင်သောကြောင့် သာမန်အခြေအနေတွင် ကျင့်ကြံသူအနည်းငယ်သာ သူတို့ကိုယ်သူတို့ စိတ်ရှုပ်ခံကြလေသည်။

သို့သော် စပါးစိုက်ပျိုးရာတွင် သင်သည် မည်မျှပင်တော်စေကာမူ သင်က အခြားသူများကို အပြစ်မပြုမိသ၍ မည်သူကမျှ သင့်ကို ပြန်ပေးဆွဲလိမ့်မည် မဟုတ်ပေ။

ဤသည်မှာ နတ်ဘုရားကုန်းမြေ၏ ထုတ်မပြောဘဲ သိကြသည့် စည်းကမ်း ဖြစ်သည်သာမက နှင်းစက်စိမ်း ဆန်စိုက်ပျိုးခြင်းသည် စိုက်ပျိုးသူ၏အသက်ကို တမြည့်မြည့် ဝါးမျိုသည့်အပြင် စိုက်ပျိုးသူ၏ နှလုံးသားအောက်ခြေမှလာသော အလေးအနက်ထားမှုလည်း လိုအပ်ပေသည်။ ထိုမှသာလျှင် တကယ့် ဆန်ကောင်းကို ထုတ်လုပ်နိုင်ပေလိမ့်မည်။

အကယ်၍ သင်က အလယ်အလတ်အဆင့် နှင်းစက်စိမ်း ဆန်ထုတ်လုပ်နိုင်သည့်သူကို ပြန်ပေးဆွဲနိုင်လျှင်တောင် တစ်ဖက်လူက အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန်ကို အတင်းအကြပ် စေခိုင်းမှုအောက်မှာ သေချာပေါက် ထုတ်လုပ်နိုင်လိမ့်မည် မဟုတ်ပေ။ ဤသည်က စည်းကမ်းဖြစ်ပြီး ဤသည်မှာ အရည်အသွေးမြင့် နှင်းစက်စိမ်းဆန်အတွက် လိုအပ်ချက်သည် မည်မျှပင် မြင့်မားနေကြောင်းကိုလည်း ထင်ဟပ်နေလေသည်။

နှင်းစက်စိမ်း ဆန်စိုက်ပျိုးခြင်းကဲ့သို့ ကိစ္စအတွက် အကယ်၍ လူတစ်ယောက်တွင် သေးသေးမွှားမွှား မပျော်ရွှင်မှု ဒါမှမဟုတ်

စိတ်မပါမှု ရှိပါလျှင် ဤသည်က ထုတ်ကုန်၏ အရည်အသွေးပေါ်တွင် ဆိုးကျိုးသက်ရောက်မှု ရှိစေလိမ့်မည်။

"လယ်ပိုင်ရှင်က ဘယ်နေရာမှာလဲ မေးပါရစေ… မိုးကောင်းကင်ငယ်ဂိုဏ်း လမင်းရေကန်ငယ်တောင်က တပည့် ယင်းရှုရှု တွေ့ခွင့်တောင်းပါတယ်"

ကြွပ်ဆတ်ဆတ် အသံက ထွက်ပေါ်လာသည်။

မိုဝူကျို၏ စိတ်စွမ်းအားသည် လူများချဉ်းကပ်လာသည်ကို သတိပြုမိသည်။ စုစုပေါင်း လူ ၅ယောက် ရှိပြီး အမျိုးသား ၂ ယောက်နှင့် အမျိုးသမီး ၃ ယောက် ဖြစ်သည်။ စကားပြောနေသောသူသည် လျှော်ချည်အဝတ်အစားနှင့် အမျိုးသမီး ဖြစ်လေသည်။ ထို့အပြင် သူမ၏ ကျင့်ကြံဆင့်မှာ သူ့ကို အံ့သြသွားစေသည်။ သူ မြင်ရသည်မှာ ဤအမျိုးသမီးသည် အနည်းဆုံး နတ်ဘုရားအုပ်စိုးသူ အဆင့် ၃ ဖြစ်လေသည်။

အစကတည်း၌ မိုးကောင်းကင်ငယ်ရွာသည် မိုးကောင်းကင်ငယ်ဂိုဏ်း၏ လက်အောက်ခံ ဖြစ်သည်။ ထို့ကြောင့် ဂိုဏ်းမှ နတ်ဘုရားအုပ်စိုးသူ တစ်ယောက်က သူ့တံခါးကို လာခေါက်သောအခါ မိုဝူကျိုသည် တစ်ဖက်လူကို ဖိတ်ခေါ်ရုံမှလွဲ၍ မတတ်နိုင်တော့ပေ။

ပေါ့ပေါ့ပါးပါးပင် ဖုံးကွယ်အစီအရင်ကို ဖွင့်လိုက်ပြီး သူသည် လေးစားစွာ ဦးညွှတ်လိုက်သည်။

"ဒီမှာ ဘာကိစ္စများရှိလို့ပါလဲ မေးပါရစေ"

ကာကွယ်ရေးအစီအရင် အပြင်ဘက်ရှိ လူ ၅ ယောက်လုံးသည် မိုဝူကျို၏ မြေကွက်ကို စိုက်ကြည့်လိုက်စဉ် ပါးစပ်အဟောင်းသား ဖြစ်သွားသောကြောင့် မည်သူမျှ သူ့မေးခွန်းကို ပြန်မဖြေကြပေ။

ရွှေရောင်ဖျော့ဖျော့လေးသည် သူတို့ထဲမှအချို့ကို မျက်စိကန်းသွားစေနိုင့်ပြီ ဖြစ်၏။ ဤသည်က သေချာပေါက်ပင် အဆင့်မြင့် နှင်းစက်စိမ်း ဆန်ဖြစ်ပြီး ထိုမျှမက အဆင့်မြင့် နှင်းစက်စိမ်းဆန် လယ်မြေတစ်ကွက်လုံး ဖြစ်လေသည်။

ယခုကာလ အချိန်အခါတွင် အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို ရှာဖွေရန်မှာ အလွန်အမင်း ခက်ခဲလေသည်။ သို့သော် ယခုမူ သူတို့ရှေ့တွင် မြေကွက်တစ်ခုလုံးနှင့် အပြည့် ရှိနေလေသည်။ စိုက်ပျိုးမြေကွက် မည်မျှ အောင်မြင်ကြီးထွားပုံကို ထောက်၍ ဤနေရာတွင် သေချာပေါက်ပင် ကာတီ ဆယ်ပေါင်း အနည်းငယ်မက ပိုများမည် ဖြစ်သည်။

"အဆင့်မြင့် နှင်းစက်စိမ်းဆန်... ဒါတွေအကုန်လုံးက အဆင့်မြင့် နှင်းစက်စိမ်းဆန်တွေပဲ"

နောက်မှ အမှီလိုက်လာသော ကွမ်းကျစ်သည် ကြက်သေသေသွားလေသည်။ သူသည် စီမံရေးမှူးအဖြစ် ရွာတွင် အလုပ်လုပ်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော်လည်း တစ်ခါမျှ အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို မမြင်ဖူးခဲ့ပေ။

ထိုအဆင့် မတိုင်ခင်အထိ အကောင်းဆုံး ရိတ်သိမ်းခြင်းမှာ အလယ်အလတ်အဆင့် နှင်းစက်စိမ်း ဆန် လယ်မြေကွက် ၁၀ စာ ထုတ်လုပ်နိုင်သည့်အချိန်က ဖြစ်သည်။ ထို့အပြင် မြေတစ်ကွက်တွင် ရွှေရောင်အနည်းငယ်တောင် သန်းနေခဲ့သည်။ ဆိုလိုသည်မှာ အဆင့်မြင့်သို့ ရောက်လုနီးနီး ဖြစ်ခဲ့သည်ပင်။ သို့သော် အဆင့်မြင့်အထိ မရောက်လိုက်ပေ။ သို့သော်လည်း ယခုမူ သူသည် လယ်မြေတစ်ကွက် အပြည့် အဆင့်မြင့်နှင်းစက်စိမ်းဆန်ကို မြင်လိုက်ရလေပြီ။

လူတိုင်းမျက်လုံးထဲမှ အံ့သြသည့် အကြည့်များကို မြင်ပြီးနောက် မိုဝူကျိသည် အစီအရင်အလံအချို့ကို မြန်မြန်ဆန်ဆန် ပစ်လွှတ်လိုက်ပြီး နှင်းစက်စိမ်းစပါးခင်းကို တဖန်ဖုံးအုပ်လိုက်လေသည်။ ထို့အပြင် တစ်ချိန်တည်း၌ လမ်းသေးသေးလေးကို ဖွင့်ပေးလိုက်သည်။

သူတို့မြင်ကွင်းမှ နှင်းစက်စိမ်းဆန်ကို ပိတ်လိုက်သောအခါမှသာ လူ ၅ ယောက်သည် အသိပြန်ဝင်လာကြပြီး မိုဝူကျို၏ အင်မော်တယ်နေအိမ်အရှေ့သို့ အလျင်အမြန် ပြေးသွားကြသည်။

နတ်ဘုရားကုန်းမြေပေါ်တွင် အင်မော်တယ်နေအိမ်ကဲ့သို့ နိမ့်ကျသော အရာသည် အခြားသူများ၏ အာရုံကို မဆွဲဆောင်နိုင်ပေ။ သို့သော် လူတိုင်းအာရုံစိုက်နေသော အရာမှာ အင်မော်တယ်နေအိမ်မဟုတ်ဘဲ နှင်းစက်စိမ်းဆန်ကို စားနေသည့် ရွှိုက်ကောနှင့် တာ့ဟွမ်တို့သာ ဖြစ်၏။

"မင်း... မင်း တကယ်ကြီး အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို စားဖို့ ချက်ပစ်လိုက်တာလား... မင်း..."

ကွမ်းကျစ်သည် သူ့ရင်ထဲမှ ဒေါသကို မျိုသိပ်လိုက်ပြီး မိုဝူကျို၏ အင်မော်တယ်နေအိမ်အရှေ့သို့ လမ်းလျှောက်လာလိုက်သည်။

သူသည် မိုဝူကျို ချက်ထားသော ဆန်အိုးကိုမြင်သောအခါ ထပ်ပြီး မထိန်းနိုင်တော့ဘဲ ကျယ်လောင်စွာ အပြစ်ဆိုလိုက်လေသည်။

သို့သော် မိုဝူကျိုက တုံ့ပြန်လိုက်သည်။

"စီမံရေးမှူးကွမ်း... အဲ့ဒါနဲ့ပတ်သက်ပြီး ဘာများမှားနေလို့လဲ။ ကျုပ် ချက်နေတဲ့ဆန်က ကျုပ် စိုက်ထားတဲ့ဟာပါ။ ကျုပ်ထမင်း ကျုပ်စားနေတာ ဘာပြဿနာများ ရှိလို့လဲ"

“မင်း…မင်း… ”

ကွမ်းကျစ်သည် မိုဝူကျိုက တကယ်ကြီး သူ့အား ပြန်လည်ချေပလိမ့်မည်ဟု မမျှော်လင့်ထားပေ။ သူ့မှာ ဒေါသထွက်ရလွန်း၍ သူ့စကားကို ပြီးအောင်ပင် မပြောနိုင်ပေ။

စီမံရေးမှူး အသေးစား ကွမ်းကျစ်က ဗွေဖောက်နေစဉ် မိုဝူကျိုသည် သူနှင့်အတူပါလာသည့် အမျိုးသမီး ၃ ယောက်နှင့် အမျိုးသား၂ ယောက်က ဝင်မပြောသည်ကို သတိပြုမိလိုက်သည်။

“မင်းက ဂိုဏ်းကို မပေးရသေးဘူး။ ပြီးတော့ ဒီသီးနှံတွေက မင်း ပိုင်တာမဟုတ်ဘူး”

ကွမ်းကျစ်သည် ကျယ်လောင်စွာ ကြေညာလိုက်သည်။

မိုဝူကျိုသည် အနည်းငယ် ပြုံးလိုက်ပြီး

“ခင်ဗျားမှားနေပြီ… စီမံရေးမှူးကွမ်း။ ဒီက ဆန်တွေအကုန်လုံးကို ကျုပ်ပိုင်တယ်။ ကျုပ် တင်သွင်းရမဲ့ နှင်းစက်စိမ်းဆန် ကာတီ၂၀ က ဒီမှာ မဟုတ်ဘူး”

“မင်း ဘာပြောတယ်”

ကွမ်းကျစ်က ထပ်အော်လိုက်ပြန်သည်။

မိုဝူကျိုသည် ကွမ်းကျစ်ကို ဂရုမစိုက်စွာ ဖော့ကြည့်လိုက်ပြီး

"ထွက်သွားလိုက်တော့... ကျုပ်ကိုယ်ပိုင်မြေကွက်မှာ ကျုပ်ကို အပြစ်လာမရှာနဲ့"

"ဟုတ်ပြီလေ... မင်းမှာ သတ္တိတွေ ရှိနေတယ်ပေါ့။ ဒီနေရာမှာ ဂိုဏ်းက စည်းကမ်းရေးရာခန်းမရဲ့ အပြင်ဘက်က လူတွေ တိုက်ခိုက်တာကို ခွင့်မပြုတာကြောင့် မလို့မလား။ မင်း စောင့်နေလိုက်စမ်းပါ"

ကွမ်းကျစ်က ပြောပြီးသည်နှင့် သူသည် အမှာစကား ပစ်လွှတ်လိုက်လေသည်။

"အစ်ကို... ရှင်က တကယ့်ကို အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို ထုတ်လုပ်နိုင်လိုက်တာပဲ။ ဘယ်လောက်တောင် အထင်ကြီးစရာကောင်းလိုက်သလဲ"

စကားပြောလိုက်သည့်သူမှာ ၅ ယောက်အနက် အငယ်ဆုံး အမျိုးသမီးလေး ဖြစ်သည်။

သူမသည် ငယ်သေးသော်လည်း သူမ၏ ကျင့်ကြံဆင့်မှာ ကနဦးနတ်ဘုရားအဆင့် ၉ သို့ ရောက်နေပြီ ဖြစ်သည်။ မိုဝူကျိသည် ဤအမျိုးသမီးမှာ ယဉ်ကျေးပြနေခြင်းသာ ဖြစ်ကြောင်း သိသောကြောင့် သူသည် ထိုစကားများကို စိတ်ထဲထားမနေဘဲ တုံ့ပြန်လိုက်သည်။

“ကျုပ်က ကံကောင်းသွားရုံပါ။ ဒီဟာကို ကျုပ်ဘယ်လိုလုပ်လိုက်သလဲဆိုတာ ကျုပ်တောင် မသိပါဘူးဗျာ”

ထို့နောက် လျှော်ချည်အဝတ်အစားနှင့် အမျိုးသမီးကသာ စကားစပြောလိုက်လေသည်။

“ကိုယ့်ကိုယ်ကို မိတ်ဆက်ပါရစေ။ ကျွန်မက လမင်းရေကန်ငယ်တောင်ရဲ့တပည့် ယင်းရှုရှုပါ”

သူမက သူမကိုယ်သူမ မိတ်ဆက်ပြီးနောက် သူမဘေးရှိ မိန်းကလေး ၂ ယောက်ကို ညွှန်ပြလိုက်သည်။

“သူတို့က ကျွန်မရဲ့ ဂျူနီယာညီမလေးတွေ… မူရှွမ်းနဲ့ ကျန့်ကျီတို့ပါ”

မိုဝူကျီသည် ခေါင်းညိမ့်လိုက်ပြီး တုံ့ပြန်လိုက်သည်။

“စီနီယာအစ်မတို့ကို နှုတ်ဆက်ပါတယ်။ ကျုပ်က မိုဝူကျီပါ”

မူရှွမ်းသည် ယင်းရှုရှု၏ ညာဘက်တွင် မတ်တပ်ရပ်နေသော အမျိုးသမီး ကျင့်ကြံသူဖြစ်ပြီး ကောင်းကင်နတ်ဘုရားအဆင့် ၆ တွင် ရှိပြီဖြစ်၏။ သူမသည် အစောနလေးတင် သူ့အား “အစ်ကို” ဟုခေါ်လိုက်သော မိန်းမငယ်လေးပင် ဖြစ်သည်။ ဤသည်က သူမကို ဖြူစင်ပြီး ချစ်စရာကောင်းသောအသွင် ဖြစ်စေလေသည်။

ယင်းရှုရှုက သူ့အား မိတ်ဆက်မပေးသည်ကို သတိပြုမိလိုက်သဖြင့် မျက်နှာပေါ်တွင် အပြုံးတစ်ခု ချိတ်ဆွဲထားသည့် အရပ်ရှည်ရှည် အမျိုးသားသည် လေးစားစွာ ဦးညွှတ်လိုက်ကာ အားလုံးကို မျက်နှာချင်းဆိုင်လိုက်၏။

"တာအိုရောင်းရင်းမို... ကျွန်တော်က ကြယ်လျှင်တောင်ရဲ့ ဆက်ဆံသူ တပည့် ယွဲ့လွန်ပါ။ ဒါက ကျွန်တော့်ဂျူနီယာအစ်ကို ကျို့ရှီဖုန်း..."

ယွဲ့လွန်သည် ရုပ်ရည်ချောမောသည်။ ထို့အပြင် ကျင့်ကြံသူတစ်ယောက်၏ ဝတ်ရုံဖြူက သူ့ခန္ဓာကိုယ်ပေါ်တွင် ကျဆင်းနေမှုနှင့်အတူ သူသည် ပို၍တောင် ထူးခြားသွားပုံ ပေါ်လေသည်။ သူ၏ တစ်ခုတည်းသော ချို့ယွင်းချက်မှာ သူ့ပါးစပ်သည် အနည်းငယ် ကြီးလွန်းနေခြင်းဖြစ်သည်။ အကယ်၍ သူသာ ပါးစပ်ဖွင့်လိုက်ပါက ၎င်းသည် လူများအား ရက်စက်ကြမ်းကြုတ်သည့် သားရဲ၏ ပါးစပ်ကို အမှတ်ရစေလိမ့်မည်ဟု မိုဝူကျိသည် တွေးလိုက်မိသည်။

ထို့အပြင် ယွဲ့လွန်၏ ကျင့်ကြံဆင့်သည်လည်း နတ်ဘုရားအုပ်စိုးသူ အဆင့် ၃ တွင်ရှိ၍ အတော်အသင့် မြင့်မားပေသည်။

ယွဲ့လွန်၏ နံဘေးတွင် ရပ်နေသော ကျို့ရှီဖုန်းက အလွန်ပို၍ ဆိုးဝါးပေသည်။ သူ့တွင် ရုပ်ဆိုးဆိုး ပုံပန်းအသွင်အပြင်၊

စတုရန်းဆန်ဆန် မျက်နှာနှင့် နားရွက်သေးသေးတို့ ရှိပေသည်။ သူ့ကျင့်ကြံဆင့်သည်လည်း ကောင်းကင်နတ်ဘုရားအဆင့် ၉ တွင်သာရှိပြီး ယွဲ့လွန်ထက် အများကြီးပို၍ နိမ့်လေသည်။

မိုဝူကျိသည် မြန်မြန်ပင် လေးစားစွာ ပြန်လည်ဦးညွှတ်လိုက်၏။

“မိုဝူကျိက စီနီယာအစ်ကိုယွဲ့လွန်နဲ့ စီနီယာအစ်ကိုကျို့ရှိဖုန်းတို့ကို နှုတ်ဆက်ပါတယ်”

“တာအိုရောင်းရင်းမို… ခင်ဗျားမှာ နှင်းစက်စိမ်း ဆန်တချို့ ကျွန်တော့်ကို ရောင်းချင်စိတ်များ ရှိမလားမသိဘူး”

ယွဲ့လွန်က မေးရင်း ပြုံးလိုက်၏။

မိုဝူကျိသည် ထိုမေးခွန်းကို ကြားလိုက်သောအခါ ဤနေရာဝန်းကျင်ရှိ စည်းကမ်းများမှာ အတင်းအဓမ္မယူခြင်းကို ခွင့်မပြုကြောင်း သိလိုက်သည်။ ဖြစ်နိုင်ပါက လူအနည်းငယ်ကိုသာ အပြစ်ပြုမည်ဆိုသည့် သူ့မူအရ သူသည် နံဘေးတွင် ရှိနေသည့် တာ့ဟွမ်ကို အမိန့်ပေးလိုက်သည်။

“တာ့ဟွမ်… စီနီယာအစ်ကိုယွဲ့လွန်အတွက် နှင်းစက်စိမ်းဆန် ၅ ကာတီ ယူလာခဲ့။ အော… လာကြတဲ့လူတိုင်းကို နှင်းစက်စိမ်း ဆန် ၅ ကာတီရောင်းလိုက်။ ဒီတြိဂံမျက်လုံးနဲ့လူက လွဲလို့ပေါ့”

“ဟုတ်ကဲ့ပါ သခင်ကြီး ”

မိုဝူကျို၏ ညွှန်ကြားချက်ကို ကြားပြီးနောက် တာ့ဟွမ်သည် နှင်းစက်စိမ်း ဆန်ကို ရိတ်သိမ်းရန် လယ်မြေကွက်ထဲသို့ အပြေးအလွှားသွားလိုက်သည်။

မိုဝူကျို၏ ကြေညာချက်ကို ကြားသောအခါ လူတိုင်းက အံ့သြတုန်လှုပ်သွားကြသည်။ ယွဲ့လွန်ပင်လျှင် သူသည် မေးခွန်းမေးလိုက်သည့်အချိန်က ဤအရာကို မျှော်လင့်မထားခဲ့ပေ။ မူလက သူသည် မိုဝူကျိုက သူ့အား နှင်းစက်စိမ်းဆန် ၁ ကာတီရောင်းပေးရန် မျှော်လင့်ထားခဲ့ပြီး ဤသည်က သူ့အား အလွန် ကျေနပ်စေနေပြီ ဖြစ်၏။ မိုဝူကျိုက ၅ ကာတီနှင့် စလိမ့်မည်ဟု မည်သူကသိမည်နည်း။ ဤသည်က ရှင်းရှင်းပြောရလျှင် မိုးပေါ်မှ ဆင်းသက်လာသည့် ပျော်ရွှင်မှု ဖြစ်၏။

တကယ့်လက်တွေ့၌ မိုဝူကျိုက အဆင့်မြင့် နှင်းစက်စိမ်းဆန်သည် မည်မျှ အဖိုးတန်သည့်အကြောင်း များများစားစား မသိချေ။ ထို့ကြောင့် သူသည် ဤကဲ့သို့ ပြောလိုက်ခြင်း ဖြစ်၏။ အကယ်၍ သူက ဆန်၏ တန်ဖိုးအစစ်အမှန်ကို သိပါက လူတစ်ယောက်ကို အများဆုံး ၁ ကာတီသာ ပေးပေလိမ့်မည်။

မိုဝူကျိုက နှင်းစက်စိမ်း ဆန်ကို ပွင့်ပွင့်လင်းလင်း ရောင်းနေသည်ကို မြင်သောအခါ ကွမ်းကျစ်၏ မျက်နှာမှာ

မည်းလာတော့သည်။ သို့သော် ဤနေရာတွင် သူက မိုဝူကျိုကို ရပ်တန့်ရန် မလုပ်ရဲပေ။ ယွဲ့လွန်သည် အဆင်ပြေသေးသည်။ သို့ပေသိ လမင်းရေကန်ငယ်တောင်၏ ယင်းရှုရှုသည် သတ်ဖြတ်ခြင်း နတ်ဘုရား ဖြစ်၏။ သူမ၏ ညှို့ဓာတ်ပြင်းသည့် အကြည့်နောက်ကွယ်တွင် သူမသည် လူသတ်သည့်အခါ မျက်တောင်တစ်ချက်ပင် မခတ်သည့် လူစားမျိုး ဖြစ်သည်။

"ကျေးဇူးတင်ပါတယ်... တာအိုရောင်းရင်းမို။ ရှင့်ဆီက နှင်းစက်စိမ်းဆန် ၁ တေး ဝယ်ဖို့ နတ်ဘုရားကျောက် ဘယ်လောက်ပေးရမလဲ မသိဘူး"

ယင်းရှုရှုသည် သူမ နှလုံးသားထဲမှ စိတ်ခံစားချက်များကို ချုပ်ထိန်းလိုက်ပြီး ဤမေးခွန်းကို မေးလိုက်သည်။ သူမက နှင်းစက်စိမ်းဆန်အတွက် ဤနေရာတွင် ရှိနေခြင်း ဖြစ်သည်။ ထို့အပြင် အစဉ် သူမအစီအစဉ်မှာ အလယ်အလတ်အဆင့် ဆန်အချို့ ရရှိရန် ဖြစ်သော်လည်း သူမက ဤနေရာမှာ အဆင့်မြင့်ဆန်ကို ရှာတွေ့လိမ့်မည်ဟု မည်သူများ သိမည်နည်း။

မိုဝူကျိုက သူမ၏ မေးခွန်းကို မဖြေပေ။ ထိုအစား ရှိုက်ကောကို ပြောလိုက်သည်။

"ရှိုက်ကော... တဲ့ဟွမ်ကို သွားကူချည်။ ပြီးတော့ စိုက်ခင်းထဲက နှင်းစက်စိမ်းဆန်တွေ အားလုံးကို ရိတ်သိမ်းခဲ့လိုက်တော့"

ပထမ၌ မိုဝူကျိသည် နောက်ထပ်ရက် အနည်းငယ် စောင့်ချင်ခဲ့သည်။ သို့သော် ကွမ်းကျစ်သည် သိသာလှစွာ အကြံအစည် ချနေလေသည်။ ထို့အပြင် အကယ်၍ ကွမ်းကျစ်က အမှန်တကယ် သူ့နှင်းစက်စိမ်း ဆန်ကို လုယူချင်ပါက သူက ချက်ချင်းပင် ထွက်သွားနိုင်လေသည်။ သူသည် ကွမ်းကျစ်ကို မကြောက်ပေ။ သို့သော် ကွမ်းကျစ်၏ ကျောထောက်နောက်ခံများကိုတော့ ကြောက်မိလေသည်။ ဤကဲ့သို့ အကျိုးအမြတ်များသောရွာတွင် စီမံရေးမှူး ဖြစ်လာနိုင်ရန်မှာ ကွမ်းကျစ်တွင် သေချာပေါက် နောက်ခံလူအချို့ ရှိကို ရှိရမည်။

အကယ်၍ သူသည် လေလွတ်မြောက်ရေး နည်းစနစ်ကိုသုံး၍ ထွက်ပြေးရလျှင်ပင် သူ မိုဝူကျိသည် ကွမ်းကျစ်ကဲ့သို့ အထက်ဖားအောက်ဖိ လူတစ်ယောက်ထံ၌ သေချာပေါက် အညံ့ခံလိမ့်မည် မဟုတ်ပေ။

## အခန်း (၉၅၄) : အဖြူနှင့်အမည်းကို ပြောင်းပြန်လှန်ခြင်း

“မိုဝူကျိ… မင်းဘယ်လိုတောင်… ”

မိုဝူကျိုက ရှိုက်ကောကို စပါးရိတ်သိမ်းစေချင်သည်ကို မြင်သောအခါ ကွမ်းကျစ်သည် စတင်၍ ထိတ်လန့်လာလေသည်။

စည်းကမ်းရေးရာခန်းမ ရောက်လာပြီးနောက် သူသည် မိုဝူကျိုကို မောင်းထုတ်ရန် ရည်ရွယ်ထားသည်။ ထို့နောက် ဤလယ်မြေကို သိမ်းပိုက်လိုက်မည်။ သို့မှသာ ဂိုဏ်းကြီးမှလူများ ရောက်လာကြသောအခါ သူသည် ထင်ပေါ်နိုင်ပေလိမ့်မည်။ သူက မြေကွက်တစ်ကွက်စာ အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို ထုတ်လုပ်နိုင်ခဲ့ပြီ။ ဤသည်မှာ လူတစ်ယောက်၏ ရှုထောင့်မှ ဖြစ်ပေသည်။ သို့သော် ပို၍ အရေးကြီးသည်မှာ အချိန်ကျလာသောအခါ သူသည် နာမည်ကော အကျိုးအမြတ်ပါ အသာလေး ကောက်စားနိုင်ပေလိမ့်မည်။ သူ ကနဦး နတ်ဘုရားအဆင့်ကို ထိုးဖောက် ကျော်လွှားနိုင်ရန် အခွင့်အရေးပင် ရရှိနိုင်ပြီး ကောင်းကင် နတ်ဘုရားအဆင့်ကို ဝင်ရောက်ကောင်း ဝင်ရောက်နိုင်ပေလိမ့်မည်။

သို့သော်လည်း မိုဝူကျိုသည် ကွမ်းကျစ်ကို စိတ်ထဲမထားပေ။ ဤအစား သူသည် ယင်းရှုရှုနှင့် အပေါင်းအပါများဆီသို့ လေးစားစွာ ဦးညွှတ်လိုက်သည်။

“ကျုပ် နှင်းစက်စိမ်းဆန်ကို နှစ်ပေါင်းများစွာ စိုက်လာခဲ့တာ။ ဒါက ကျုပ် အမှတ်မထင် အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို

ထုတ်လိုက်နိုင်တဲ့ ပထမဆုံး အကြိမ်ပဲ။ သူ့တန်ဖိုးကို ကျုပ်သေချာမသိဘူး။ ဒါကြောင့် စီနီယာအစ်ကိုတို့ အစ်မတို့… ကျုပ်ကို ဒါအတွက် တန်ဖိုးလေး ကူညီခန့်မှန်းပေးဖို့ တောင်းဆိုပါရစေ။ အချိန်ကျလာတဲ့အခါ တကယ်လို့ ခင်ဗျားတို့ ကျုပ်ကို အဆင့်နိမ့်နှင်းစက်စိမ်းဆန်တချို့ ပေးရင် လုံလောက်ပါပြီ”

မိုဝူကျို၏ စကားလုံးတို့ကို ကြားလိုက်ရသည့်အခိုက် ယင်းရှူရှူ၏ နှလုံးသားထဲ ပျော်ရွှင်မှုများ ပေါက်ကွဲထွက်သွားသည်။ သူမသည် အစ၌ မိုဝူကျို ဆိုသည့် ဈေးနှုန်းက အလွန်မြင့်မားကာ သူမ မတတ်နိုင်မည်ကို စိုးရိမ်ခဲ့သည်။ သို့သော် ယခု သူက ထိုနည်းလမ်းကို ဆိုလေသည်။ အကယ်၍ သူမသည် မျက်နှာပြောင်တိုက်ရမည်ဆိုလျှင်ပင် ဤနှင်းစက်စိမ်းဆန် ၅ ကာတီကို ရချင်မိလေသည်။ ထို့ကြောင့် သူမက လျှင်လျှင်မြန်မြန် တုံ့ပြန်လိုက်သည်။

“တာအိုရောင်းရင်းမို… တကယ်လို့ ကျွန်မတို့ အဆင့်မြင့် နှင်းစက်စိမ်းဆန်ရဲ့ ဈေးကွက်ဝင် တန်ကြေးအရ သွားမယ်ဆိုရင် ကျွန်မ အဲ့ဒါကို မတတ်နိုင်ဘူး။ အဲ့ဒါကြောင့် ရှင်ကျွန်မအပေါ် မျက်နှာသာပေးဖို့ မျှော်လင့်ပါတယ်။ ကာတီတိုင်းအတွက် အဆင့်မြင့် နတ်ဘုရားကျောက် တစ်သောင်း နဲ့ အဆင့်နိမ့် နှင်းစက်စိမ်းဆန် ကာတီ ၂၀ ပေးမယ်ဆိုရင်ကော ဘယ်လိုလဲ”

သူမ စကားဆုံးပြီးနောက် ယင်းရှုရှု၏ မျက်နှာမှာ နီလာတော့သည်။ အဆင့်မြင့် နတ်ဘုရားကျောက်အတုံး တစ်သောင်း အတွက် အဆင့်မြင့် နှင်းစက်စိမ်းဆန် ၁ ကာတီသည် အမှန်ကို စျေးပေါလွန်းလှ၏။ သို့သော် သူမတွင် မိုဝူကျိကို ပေးရန် နောက်ထပ် နတ်ဘုရားကျောက်လည်း မရှိတော့ပေ။ ထို့ကြောင့် သူမ တောင်းဆိုချက်၌ သူမမှာ မျက်နှာပြောင်တိုက်ရုံသာ တတ်နိုင်တော့သည်။

သို့သော် အဆင့်မြင့် နှင်းစက်စိမ်းဆန်သည် ထို့ထက်ပို၍ အဖိုးတန်နေသည်လည်း မဟုတ်ပေ။ တကယ့် လက်တွေ့တွင် အဆင့်မြင့် နှင်းစက်စိမ်းဆန် ၁ ကာတီသည် နတ်ဘုရားကျောက် အတုံး တစ်သောင်း ထက်ပို၍ ကုန်ကျချင်မှ ကုန်ကျပေလိမ့်မည်။ သို့သော် ဤပျက်စီးလွယ်သော ပစ္စည်းမှာ အမြဲတမ်း ပျက်လပ်နေလေ့ ရှိသည်။ အကယ်၍ ဤနှင်းစက်စိမ်း ဆန် ၅ ကာတီကို လေလံပွဲတွင် တင်သွင်းလိုက်ပါက အဆင့်မြင့် နတ်ဘုရားကျောက် အတုံး တစ်သိန်းကျော်အတွက် ၎င်းကို လွယ်လွယ်ကူကူ ရောင်းနိုင်ပေလိမ့်မည်။

မိုဝူကျိ၏ လုပ်ရပ်ကို ကျေးဇူးတင်သည့်အနေဖြင့် ယင်းရှုရှုက မိုဝူကျိကဲ့သို့ မပြောပလောက်သည့်သူကို "ဂျူနီယာမောင်လေး" ဟု တိုက်ရိုက် ခေါ်လိုက်သည်။

မိုဂူကျိသည် ယင်းရှုရှု၏ မျက်နှာအမူအရာကို မြင်သည့်အခါ သူက အဆင့်မြင့် နှင်းစက်စိမ်းဆန်သည် ဤမျှလောက်ပင် မထိုက်တန်ကြောင်း သိလိုက်သည်။ သို့သော် သူမသည် ဤဈေးနှုန်းကို ကမ်းလှမ်းနိုင်ပြီး အနည်းငယ် ရှက်နေသေးလေသည်။ သိသာလှစွာ သူမတွင် နတ်ဘုရားကျောက် လုံလုံလောက်လောက် မရှိသော်လည်း သူ့အား မလိမ်ညာချင်မှန်း အဓိပ္ပာယ် သက်ရောက်လေသည်။

သူက လက်ကို ယဉ်ကျေးစွာ ဝှေ့ယမ်းလိုက်ပြီး ပြောလိုက်သည်။

"ဒါဆို စီနီယာအစ်မယင်း ပြောပြတဲ့အတိုင်းပဲ လုပ်ရအောင်ပါ"

"ကျေးဇူးတင်ပါတယ်... ဂျူနီယာမောင်လေးမို... တကယ်လို့ မိုးကောင်းကင်ငယ်ဂိုဏ်းထဲမှာ ရှင် တစ်ခုခု အကူအညီလိုတာ ရှိရင် ကျွန်မကို လွတ်လွတ်လပ်လပ် တောင်းဆိုနိုင်ပါတယ်"

မိုဂူကျိ သဘောတူသည်ကို ကြားပြီးနောက် ယင်းရှုရှုသည် မြန်မြန်ဆန်ဆန် ကျေးဇူးတင်လိုက်ပြီး တစ်ချိန်တည်းတွင် လက်စွပ်တစ်ကွင်း ကမ်းပေးလိုက်သည်။

နံဘေးတွင် ရပ်နေသော ယွဲ့လွန်သည်လည်း မိုဂူကျိထံ လက်စွပ်တစ်ကွင်း လှမ်းပေးလိုက်ပြီး ပြောလိုက်သည်။

"ဂျူနီယာညီလေးမို… ဒီတစ်ခေါက် ကျွန်တော် ခင်ဗျားဆီကနေ အကျိုးကျေးဇူးတွေ ရလိုက်တာပဲ"

ချက်ချင်းပင် မိုဝူကျိသည် ယွဲ့လွှန်ကို အထင်သေး စက်ဆုပ်မိလေသည်။ ဤအမျိုးသားသည် သဘောထား သေးသိမ်လွန်းသည်။ ဤနှင်းစက်စိမ်း ဆန်သည် သိသိသာသာ အရှုံးခံ၍ ရောင်းလိုက်ခြင်း ဖြစ်သည်။ အကယ်၍ သူမသည် သူ့အကူအညီ လိုသောအခါ သူမကို လာရှာနိုင်သည်ဟုပြောသော်လည်း သူက အမှန်တကယ် သူမကို ချဉ်းကပ်နိုင်ပါ့မည်လော။ ဤသည်မှာ ထိုက်တန်သည့် မိတ်ဆွေဖွဲ့ခြင်းမျိုး မဟုတ်ပေ။

ကျို့ရှီဖုန်းသည် အခြားသူများအတိုင်း လိုက်၍ သူ့ထံသို့ လက်စွပ် ပေးလိုက်ပြီး ရှင်းပြလေသည်။

"ဂျူနီယာညီလေးမို… ကျွန်တော့်မှာ အဆင့်မြင့် နတ်ဘုရားကျောက် အဲ့လောက် အများကြီးမရှိဘူး။ အဲ့ဒါကြောင့် ကျွန်တော် အဲ့ဒီအစား နတ်ဝိညာဉ်ဆေးဖက်ဝင် အပင်တချို့ပေးမယ်လေ။ ဒါကို ကြည့်လိုက်ပါဦး။ တကယ်လို့ မလုံလောက်ဘူးဆိုရင် ကျွန်တော် ဆန်နည်းနည်း လျှော့ယူလိုက်မယ်လေ"

မိုဝူကျိုသည် တစ်ချက်ကလေးမှ မကြည့်ဘဲ လက်စွပ်ကို လက်ခံလိုက်ပြီး တုံ့ပြန်လိုက်သည်။

"လုံလောက်ပါတယ်... ရော့ ဒီမှာ"

"ကျေးဇူးအများကြီးတင်ပါတယ်... ဂျူနီယာညီလေးမို။ မိုးကောင်းကင်ငယ်ဂိုဏ်းထဲမှာ ကျွန်တော် ခင်ဗျားကို တကယ်တန်းတော့ အများကြီးမကူညီနိုင်ဘူး။ ဒါပေမဲ့ အပြင်ဘက်မှာဆိုရင် လူရမ်းကား အင်အားနည်းနည်း ကျွန်တော့်ဘက်မှာ ရှိသေးတယ်"

ကျို့ရှီဖုန်းသည် မိုဝူကျိုက မည်မျှသဘောထားကြီးကြောင်း မြင်သောအခါ သူ့ကျေးဇူးတင်မှု ဖော်ပြစဉ်တွင် ဦးပင်ညွှတ်လိုက်လေသည်။

တုံ့ပြန်သည့်အနေနှင့် မိုဝူကျိုက ခေါင်းညိတ်လိုက်သည်။ ဂိုဏ်းထဲ၌ ကျို့ရှီဖုန်း၏ရာထူးသည် ယွဲ့လွှန်ထက် အများကြီး နိမ့်ကျလောက်လေသည်။ သို့သော် သူ့စကားလုံးများသည် ယွဲ့လွှန်ထက် အများကြီး ပို၍ ပါးနပ်လေသည်။ အဝေးကနေ ကွမ်းကျစ်က ဂရုတစိုက် လှေ့လာကြည့်နေသေးသောကြောင့် ကျို့ရှီဖုန်းက မိုးကောင်းကင်ငယ်ဂိုဏ်းထဲ၌ သူသည် အများကြီး အကူအညီမပေးနိုင်ကြောင်း ပြောမှန်း မိုဝူကျိုက သိလေသည်။

ယွဲ့လွန် မကူညီချင်သည့် အကြောင်းအရင်းသည်လည်း ကွမ်းကျစ်ကြောင့် ဖြစ်နိုင်ပေသည်။

ကြည့်ရသည်မှာ ကွမ်းကျစ် နောက်ကွယ်ရှိ ကျောထောက်နောက်ခံမှာ သေးသေးလေး မဟုတ်တန်ပေ။ ထို့အပြင် ကျို့ရှိဖုန်းသည်လည်း ဤလူကို အပြစ်ပြုမိရန် မတတ်နိုင်ကြောင်း သိလေသည်။

တစ်ဖက်တွင် မူရှမ်းနှင့် ကျန့်ကျီတို့သည် ပို၍ ချမ်းသာသေးသည်။ သူတို့သည် အလွယ်တကူပင် အဆင့်မြင့် နတ်ဘုရားကျောက် အတုံး ၅သောင်းနှင့် အဆင့်နိမ့် နှင်းစက်စိမ်းဆန် ကာတီ ၂၀ ကို ထုတ်ယူလိုက်သည်။

မူရှမ်းသည် မိုဝူကျိကို လက်စွပ်ကမ်းပေးလိုက်စဉ် သူ့အား သီးသန့်အမှာစကား ပို့လွှတ်လိုက်လေသည်။

"ကွမ်းကျစ်ရဲ့ဦးလေးက မိုးကောင်းကင်ငယ်ဂိုဏ်း စည်းကမ်းရေးရာ ခန်းမမှူးပဲ"

ယခုမူ မိုဝူကျိသည် ကွမ်းကျစ်က ကနဦးနတ်ဘုရားအဆင့်တွင်သာ ရှိနေသော်လည်း အဘယ်ကြောင့် ဤကဲ့သို့ အကျိုးအမြတ်များသည့် နေရာတွင် စီမံရေးမှူး

ဖြစ်နိုင်သနည်းဆိုသည့် အရာအားလုံးကို သဘောပေါက်နားလည်သွားလေသည်။

သို့သော် မိုဝူကျိက သူအမှားတစ်ခုမျှ မလုပ်ထားသောကြောင့် ဂရုမစိုက်ပေ။ အကယ်၍ စည်းကမ်းရေးရာ ခန်းမမှူးသည် လူထုရှေ့မှောက်တွင် အမည်းနှင့်အဖြူကို ပြောင်းပြန်လှန်ရဲပါက ယင်းရှုရှုနှင့် သူမအပေါင်းအပါတို့သည် သူ့ထံသို့ ဤလောက်ယဉ်ယဉ်ကျေးကျေး ရှိလိမ့်မည် မဟုတ်ပေ။ ဤသည်မှာ မိုးကောင်းကင်ငယ်ဂိုဏ်း၌ စည်းကမ်းများကို လိုက်နာရသေးသည်ဟု ဆိုလိုပေ၏။

အချိန်ကာလတိုလေးအတွင်း၌ တာ့ဟွမ်နှင့် ရှိုက်ကောတို့သည် မြေကွက်ထဲရှိ နှင်းစက်စိမ်း ဆန်အားလုံးကို ရိတ်သိမ်းပြီးသွားလေပြီ။

တာ့ဟွမ် သူ့ဆီ လှမ်းပေးလိုက်သည့် လက်စွပ်ကို စစ်ဆေးကြည့်ပြီးနောက် မိုဝူကျိသည် နှင်းစက်စိမ်း စပါးစေ့ပမာဏမှာ သူမျှော်လင့်ထားသည့်အတိုင်း အနည်းဆုံး ၁၅၀ ကာတီ ဝန်းကျင် ဖြစ်ကြောင်း နားလည်လိုက်သည်။

သူသည် ၂၅ ကာတီကို ထုတ်ယူလိုက်ပြီး အိတ် ၅ အိတ်ထဲသို့ ခွဲထည့်လိုက်ကာ ယင်းရှုရှုနှင့် အပေါင်းအပါများကို တစ်အိတ်စီ ပေးလိုက်လေသည်။

သူတို့သည် သူ့အား နောက်တစ်ကြိမ် ထပ်မံ၍ ကျေးဇူးတင်လိုက်ကြပြန်၏။ ဤအခြေအနေတွင် မိုဝူကျိသည် ကွမ်းကျစ်ကို လုံး၀ စိတ်ထဲမထားပေ။ ကွမ်းကျစ်သည်လည်း ဗျာများစွာ လျှောက်ကြည့်ရုံသာ တတ်နိုင်လေသည်။

သို့သော် မိုဝူကျိဘက်က စ၍ ကွမ်းကျစ်ကို အိတ်တစ်အိတ်ပေးလိုက်ပြီး ပြောလိုက်သည်။

"စီမံရေးမှူးကွမ်း…ဒါက ဂိုဏ်းကို ကျုပ် တင်သွင်းရမယ့် နှင်းစက်စိမ်း ဆန်ပါ။ အဆင့်နိမ့် နှင်းစက်စိမ်းဆန် စုစုပေါင်း ကာတီ ၂၀ ပါတယ်။ ကောင်းကောင်း ထိန်းသိမ်းထားလိုက်ပါဗျာ"

ဟွန့်ခနဲ နှာမှုတ်ကာ ကွမ်းကျစ်က ပြန်လည်ချေပလိုက်သည်။

"မင်းက အဆင့်နိမ့် နှင်းစက်စိမ်းဆန် ကာတီ ၂၀ ပဲ တင်သွင်းရမယ်လို့ ဘယ်သူပြောလဲ။ မင်းကိစ္စကို စည်းကမ်းရေးရာခန်းမက ကိုင်တွယ်လိမ့်မယ်"

"ဒါဆို စီမံရေးမှူးကွမ်းက ကျုပ်ရဲ့နှင်းစက်စိမ်း ဆန်ကို လက်မခံဘူးပေါ့"

မိုဝူကျိ၏ လက်က ဆန့်တန်းထားလျက်ရှိနေပြီး သူက တည်တည်ငြိမ်ငြိမ် မေးလိုက်သည်။

"ဟုတ်တယ်… ငါ အဲ့ဒါကို လက်မခံဘူး… မင်းဘာလုပ်နိုင်လဲ"

ကွမ်းကျစ်က အေးစက်စက်တုံ့ပြန်လိုက်၏။

ကံကောင်းစွာပင် ဤအခိုက်အတန့်တွင် မိုဝူကျို၏ လယ်ကွက်ပေါ်သို့ အလင်းတန်း ၃ တန်းကျရောက်လာသဖြင့် ကွမ်းကျစ်က စိတ်ချမ်းသာသွားသည်။

ရောက်ရှိလာကြသော လူ ၃ ယောက်အနက် တစ်ယောက်မှာ သူ့မျက်နှာတစ်ပြင်လုံးတွင် အမွေးများ ပြည့်နေသည့် လူလတ်ပိုင်း အမျိုးသားတစ်ဦး ဖြစ်သည်။ ဤလူလတ်ပိုင်း အမျိုးသားသည် သူ့တစ်ကိုယ်လုံးတွင် သွေးဆာနေသော အရှိန်အဝါကို ဖော်ထုတ်ပြထားသည်လေရာ သူသည် ယခင်က သိသိသာသာ လူပေါင်းများစွာကို သတ်ခဲ့ပြီးပြီ ဖြစ်သည်။ အခြားနှစ်ယောက်ထဲမှ တစ်ယောက်သည် တြိဂံပုံ မျက်လုံးများဖြင့် ကွမ်းကျစ်နှင့် ပုံပန်းသဏ္ဌာန်ဆင်ဆင် ရှိလေသည်။ ဤအမျိုးသားသည် နတ်ဘုရားအုပ်စိုးသူ လွန်အဆင့်၌ရှိပြီး ကွမ်းကျစ်၏ဦးလေး ကွမ်းထင် ဖြစ်ကောင်းဖြစ်နိုင်သည်။

နောက်ဆုံးတစ်ယောက်သည် ဉာဏ်ပညာကြီးပြီး နတ်ဆန်သော လူကြီးတစ်ယောက် ဖြစ်လေသည်။ မိုဝူကျိုသည် လူကြီးနှင့်လူလတ်ပိုင်းအမျိုးသားတို့၏စွမ်းအားကို မခန့်မှန်းနိုင်သော်လည်း သူတို့သည် ကမ္ဘာနတ်ဘုရားအဆင့်တွင် ဖြစ်နိုင်ဖွယ်ရှိလေ၏။

အမှန်ပင် ထိုအမျိုးသား ၃ယောက် ရောက်ရှိလာပြီးနောက် ကွမ်းကျစ်က အရှေ့သို့ ပြေးထွက်သွားကာ ယင်းရှုရှုနှင့် အပေါင်းအပါ အားလုံးသည် လေးစားစွာ ဦးညွှတ်လိုက်ကြလေသည်။

သူတို့၏ နှုတ်ဆက်ခြင်းမှ ဉာဏ်ပညာရှိသည့် လူကြီးသည် မိုးကောင်းကင်ငယ်ဂိုဏ်း၏ အကြီးအကဲဖြစ်ပြီး လူလတ်ပိုင်းအရွယ် မုတ်ဆိတ်မွေးနှင့် အမျိုးသားသည် စည်းကမ်းရေးရာ ခန်းမ၏ ခန်းမသခင်ဖြစ်ကြောင်း မိုဝူကျိုက သိရှိလိုက်ရသည်။

ကြည့်ရသည်မှာ သူစိုက်ပျိုးလိုက်သည့် အဆင့်မြင့် နှင်းစက်စိမ်းဆန်သည် တော်တော်လေး ရုတ်ရုတ်သဲသဲဖြစ်သွားစေပုံပင်။ စည်းကမ်းရေးရာခန်းမသခင်နှင့် အကြီးအကဲပင် အခြေအနေထဲ ရောက်လာခဲ့သည်။

“မင်းက မိုဝူကျိုလား။ မင်းက အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို ထုတ်လုပ်လိုက်တဲ့ တစ်ယောက်လား”

အကြီးအကဲကမေးလိုက်၏။

နံ့ဘေးတွင် ရှိနေသော မူရွှမ်းက မိုဝူကျိုကို ပြောလိုက်သည်။

"ဂျူနီယာမောင်လေးမို... ဒါက မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ စတုတ္ထမြောက် အကြီးအကဲ ကျုန့်ချန်ကန်းပဲ။ အကြီးအကဲ ကျုန့်ချန်ကန်းအပြင် စည်းကမ်းရေးရာခန်းမရဲ့ခန်းမသခင် ဟော်ရှန့်လည်း ပါလာတယ်။ အော်... စည်းကမ်းရေးရာ ခန်းမမှူးကွမ်းထင်လည်း ပါတယ်"

ယင်းရှုရှု၏ နှင်းစက်စိမ်း ဆန်အပေါ် လိုချင်စိတ်သည် မူရွှမ်းထက် အများကြီး ပို၍ ကြီးမားသော်လည်း မူရွှမ်းသည် လိမ္မာပါးနပ်စွာ အရိပ်အကဲကြည့်ရာ၌ သိသာစွာ ပို၍ တော်လေသည်။ အနည်းဆုံး ယခုတွင် မိုဝူကျိသည် သူမအပေါ် အနည်းငယ် ကျေးဇူးတင်မိသွားသည်။ ရိုးရှင်းသော မိတ်ဆက်ပေးမှု တစ်ခုသာ ဖြစ်သော်လည်း ဤသည်က သူ့အား အခြေအနေ၏ အကြမ်းဖျင်းထင်မြင်ချက်ကိုပေးလေသည်။

မိုဝူကျိသည် လေးစားစွာ ဦးညွှတ်လိုက်သည်။

"မိုဝူကျိ အကြီးအကဲကျုန့်၊ ခန်းမသခင်ဟော်နဲ့ ခန်းမမှူးကွမ်းတို့ကို ဂါရဝပြုပါတယ်။ အကြီးအကဲကို တင်ပြပါတယ်... ကျုပ်က အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို ထုတ်လုပ်နိုင်ခဲ့တာ အမှန်ပါပဲ"

ချက်ချင်းပင် ကွမ်းကျစ်သည် အရှေ့တက်လာပြီး ကျယ်လောင်စွာ ပြောလိုက်သည်။

"ခန်းမသခင်နဲ့ အကြီးအကဲကို တင်ပြပါတယ်... မိုဂူကျိုက မိုးကောင်းကင်ငယ်ရွာရဲ့ စည်းကမ်းတွေကို လျစ်လျူရှုပြီး ဂိုဏ်းကို ဘယ်ဆန်မှ ပေးဖို့ ဆန္ဒရှိမနေပါဘူး။ သူက အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို စားဖို့ ချက်ပစ်လိုက်ပြီး သူ့သဘောနဲ့သူ ဆန်ကို ရောင်းပစ်တယ်။ အဲ့ဒါထက်ကို သူက အဆင့်မြင့် နှင်းစက်စိမ်းဆန် မြေကွက်တစ်ခုလုံးကို အချိန်မကျခင် ရိတ်သိမ်းပစ်တယ်။ ဒါက ဂိုဏ်းအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုပါပဲ"

"တကယ်လို့ မိုးကောင်းကင်ငယ်ရွာက လူတိုင်းသာ ဒီလူလို ဖြစ်နေမယ်ဆိုရင် ဂိုဏ်းအတွက် ရွာက ဘယ်လိုလုပ် နှင်းစက်စိမ်း ဆန်တွေကို ထပ်ထုတ်ပေးနိုင်ပါတော့မလဲ။ ကျွန်တော် ခန်းမသခင်နဲ့အကြီးအကဲတွေကို မိုးကောင်းကင်ငယ်ရွာရဲ့ကိုယ်စား ဒီကိစ္စကို အကဲဖြတ်ပေးဖို့ ဖိတ်ခေါ်ချင်ပါတယ်"

"မိုဂူကျို... ကွမ်းကျစ်ရဲ့ထွက်ဆိုချက် မှားနေတာပါသလား"

ပော်ရှန့်က အေးစက်စက် လေသံဖြင့် မေးလိုက်သည်။ အကယ်၍ မိုဂူကျိုက ဂိုဏ်းအတွက် အလွန်အရေးကြီးသော အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို ထုတ်လုပ်လိုက်သည်သာ မဟုတ်ပါလျှင် သူက မိုဂူကျိုကို ဖိအားပေးမေးမြန်းရန်အတွက် ခေါ်သွားလိုက်မည်

ဖြစ်သည်။ အဘယ်ကြောင့်များ ဤသို့ ကောင်းကောင်းမွန်မွန် မေးနေရန် စိတ်ရှည်နေပါ့မည်နည်း။

အေးဆေးစွာပင် မိုဂူကျိသည် တလေးတစား ဦးညွှတ်လိုက်သည်။

"ခန်းမမှူးကို အကြောင်းပြန်ပါတယ်။ စီမံရေးမှူးကွမ်းရဲ့စကားလုံးတွေက လုံးဝမှန်ကန်ပါတယ်။ ကျုပ် ဒီမှာ နှင်းစက်စိမ်းဆန်ကို စမစိုက်ခင်တုန်းက စီမံရေးမှူးကွမ်းကို မေးခဲ့ပါတယ်။ အဲ့တုန်းက သူက ကျုပ်ကို ဂိုဏ်းအတွက် အဆင့်နိမ့် နှင်းစက်စိမ်းဆန် ကာတီ ၂၀ ပဲ တင်သွင်းရမှာဖြစ်ပြီး ကျုပ် ထုတ်လုပ်လိုက်လို့ ပိုတဲ့ ဆန်တွေအတွက်တော့ ကျုပ်ဆန္ဒရှိသလို ကိုင်တွယ်နိုင်တယ်လို့ ပြောခဲ့ပါတယ်"

ကွမ်းကျစ်က မိုဂူကျိထံ လက်ညှိုးထိုးလိုက်ပြီး သူ့ကို ကျယ်လောင်စွာ စွပ်စွဲလိုက်သည်။

"မင်း မဟုတ်တာတွေ လျှောက်ပြောနေတယ်။ မင်းလာလာချင်းတုန်းက ငါမင်းကို နှင်းစက်စိမ်းဆန် အနည်းဆုံး ၄၀ ကာတီတင်သွင်းဖို့နဲ့ ဆန်တွေကို ဒီမြေကွက်ပေါ်မှာ ကြီးထွားခိုင်းရမယ်လို့ ညွှန်ကြားခဲ့တာ"

တစ်ချိန်လုံး ငြိမ်သက်နေသော အကြီးအကဲရှန့်သည် မျက်မှောင်ကျုံ့လိုက်ကာ

"စီမံရေးမှူးကွမ်း... ငါ မြင်တာ မမှားဘူးဆိုရင် ဒီနေရာက အဆင့် (ဃ) မြေကွက် ဟုတ်တယ်မလား။ မင်းက အဆင့် (ဃ) မြေပိုင်ရှင်ကို နှင်းစက်စိမ်း ဆန် ကာတီ ၅၀ တင်သွင်းဖို့ ပြောထားတာလား"

သိသာစွာပင် ကွမ်းကျစ်သည် ဟော်ရှန့်အား မရိုင်းပျရဲပေ။ ထို့ကြောင့် သူသည် မြန်မြန်ဆန်ဆန် ဦးညွှတ်လိုက်ပြီး ရှင်းပြလိုက်သည်။

"အဲ့ဒါက ဘာဖြစ်လို့လဲဆိုတော့ မိုဝူကျိကို ဒီကို ပို့လိုက်တာ တောင်သခင်မ မိန်ချင်းချင်းမလို့ပါ... "

မိုဝူကျိသည် ကွမ်းကျစ်က သူ့ကို တောင်သခင်မ မိန်ချင်းချင်းက ပို့လိုက်သည်ဆိုသည်အား ထုတ်ဖော်ပြောလိုက်ပြီးနောက် ကြည့်ရှုနေကြသည့် လူတိုင်း၏ မျက်လုံးများမှာ ပြောင်းလဲသွားကြောင်း ချက်ချင်းသိလိုက်သည်။

သူ့ရင်ထဲ၌ မိုဝူကျိက တွေးလိုက်မိသည်။

"မဟုတ်မှ ဒီမိန်ချင်းချင်းက ဂိုဏ်းနဲ့ပြဿနာ တချို့ရှိနေတာများလား"

ကွမ်းကျစ်၏ နှုတ်ခမ်းထောင့်ချိုး တွန့်ကွေးသွားသောကြောင့် သူည ဤသို့ ဖြစ်လာဖို့ရာ ကြိုတင်မှန်းထားမှန်း သိသာလှသည်။ ဦးညွှတ်လိုက်ရင်း သူက ဆက်ပြောလိုက်သည်။

"တောင်သခင်မက မိုဝူကျိကို ဒီကိုလွှတ်လိုက်တယ်။ ပြီးတော့ သူမက ကျွန်တော့်ကို မိုဝူကျိ သုံးဖို့ အရည်အသွေးကောင်းတဲ့ နှင်းစက်စိမ်း ဆန်မျိုးစေ့ ၁၀ ကာတီ ပေးဖို့အတွက် တောင်းဆိုဖို့ တောင်သခင်ကျောက်စိမ်း တံဆိပ်ပြားကို သုံးခဲ့တယ်။ သူမက ပြောသေးတယ်။ မိုဝူကျိက နှင်းစက်စိမ်း ဆန်စိုက်ပျိုးတဲ့နေရာမှာ ဆရာကြီးပဲတဲ့။ ပြီးတော့ အဲ့ဒီမျိုးစေ့ ၁၀ ကာတီက အနည်းဆုံး ဆန် ၅၀ ကာတီ ထုတ်လုပ်နိုင်တယ်တဲ့။ အဲ့ဒီနောက် ဖိအားတွေအောက်မှာ ကျွန်တော် သူ့ကို ၁၀ ကာတီ ပေးလိုက်ရတယ်။

ကျွန်တော်က မိုးကောင်းကင်ငယ်ရွာရဲ့ စီမံရေးမှူးပါ။ ပြီးတော့ မိုဝူကျိက ထုတ်လုပ်နိုင်တယ်လို့ ပြောခဲ့တဲ့ မှန်းထားတဲ့ ဆန် ၅၀ ကာတီအရ ကျွန်တော်က သူ့ကို မြေကွက်ပေါ်မှာ ကြီးထွားဆဲဖြစ်တဲ့ ၄၀ ကာတီကိုပဲ တင်သွင်းဖို့ တောင်းဆိုခဲ့တာပါ။ အဲ့ဒီတုန်းက သူကအဲ့ဒါကို သဘောတူပြီးသား။

ဒါပေမဲ့ ဘယ်သူသိမလဲ။ ဒီမြေကွက်က ရုတ်တရက် မြေကြီးခေတ်စွမ်းအားတွေ တရှိန်ထိုးတက်လာကို ကြုံရပြီး

အဆင့်မြင့် နှင်းစက်စိမ်းဆန်တစ်သုတ် ထွက်နိုင်သွားမယ်လို့။ ရလဒ်ကတော့ အားလုံးမြင်တဲ့အတိုင်း သူက သူ့စကားကို ပြန်ရုတ်သိမ်းသွားတယ်၊ ကံကောင်းပြီး အဆင့်မြင့် ဆန်မြေကြွက်ကို ရလိုက်တယ်၊ မိုးကောင်းကင်ငယ်ရှာရဲ့ စည်းကမ်းတွေကို ပေါ်ပေါ်ထင်ထင်ပဲ ဂရုမစိုက်ဘဲ နေနေတယ်”

မိုဝူကျိသည် မိန်ချင်းချင်းက သူ့အား ဤနေရာသို့ လွှတ်လိုက်သည့်အချက်ကို ထုတ်ဖော်ခံလိုက်ရပြီးနောက် အခြားသူများ သူ့အား ကြည့်သည့်အကြည့်က ပြောင်းလဲသွားသည်ကို မြင်နိုင်လေသည်။ ထို့အပြင် သူသည် သူကိုယ်တိုင် ရှင်းပြရမည်ကို အလွန်ပျင်းရိနေမိ၏။ ထို့ကြောင့် သူက သလင်းကျောက်ကို ပစ်ပေးလိုက်ပြီး ပြောလိုက်သည်။

“အားလုံးပဲ... သလင်းကျောက်ထဲက ဗီဒီယိုမှတ်တမ်းကို ခင်ဗျားတို့ကိုယ်တိုင်ပဲ ကြည့်လိုက်ကြပါ။ ရှင်းပြချက်တွေအားလုံးက ဒီဟာလောက် မြင်သာထင်သာ ရှိမှာ မဟုတ်ဘူး”

## အခန်း (၉၅) : စောစောလေးက ကျူပ် မှားထုတ်လိုက်မိတယ်

မိုဝူကျို၏ ပုံရိပ်ယောင် သလင်းကျောက်အား လေထဲသို့ ပစ်လိုက်သည်နှင့် ကွမ်းထင်က ချက်ချင်းပဲ ဆွဲဖမ်းယူလိုက်ကာ အစိတ်စိတ်အမြွာမြွာ ခွဲချေပစ်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူက အောင်ပြောလိုက်သည်။

“ခန်းမသခင်နဲ့ အကြီးအကဲတို့က မင်းကို အမှန်တိုင်း ပြောပြဖို့ မေးနေတာ… ဒီလိုမျိုး အောက်တန်းကျတဲ့ နည်းတွေ သုံးဖို့ မဟုတ်ဘူး။ လျို့ဝှက်ပညာရပ် သုံးပြီး ပုံရိပ်အတုအယောင်တွေ ဖန်တီးဖို့လည်း မဟုတ်ဘူးကွ”

ကျန့်ချန်ကန်းက ကွမ်းထင်အား အေးစက်စက် စိုက်ကြည့်လိုက်သော်လည်း စကားတစ်ခွန်းမျှ မဆိုပေ။ မှတ်တမ်းသည် လျို့ဝှက်ပညာရပ်ဖြင့် လုပ်ထားသည့် အတုအယောင် ဟုတ်မဟုတ်အား လောကနတ်ဘုရားတစ်ယောက်ဖြစ်သော သူက အဘယ်ကြောင့် မသိမမြင်ဘဲ နေပါ့မည်နည်း။

ဟောင်ရှန့်၏ မျက်နှာမှာ အလွန်ပင် မဲမှောင်ပုပ်သိုးနေလေ၏။ မိုဝူကျို ထုတ်ပြလိုက်သည့် သက်သေသည် ကွမ်းကျစ်အတွက် ထိခိုက်နစ်နာစေနိုင်မည်အား ကွမ်းတန်က ကြောက်နေသည်ကို သူ မသိဘဲ နေပါ့မည်လော။ သို့သော် ကွမ်းထင်သည် သူ့အားထားရသောလူများထဲမှ တစ်ယောက် ဖြစ်၏။ ထို့ကြောင့်

အရေးမပါသူတစ်ယောက်အတွက် ကွမ်းထင်အား ဖော်ထုတ်ရန် ဆန္ဒမရှိပေ။

သို့တိုင် မိုဂူကျိသည် သူ့ရှေ့တွင် ဖြစ်ပျက်နေသည်များအား ဂရုမစိုက်စွာ ပြုံးလိုက်ကာ

"ကျုပ်အခုတော့ နားလည်သွားပြီ။ ဒီတော့ စီမံရေးမှူးကွမ်းကျစ်ရဲ့တစ်ဖက်သတ်အပြောက အမှန်တွေဖြစ်ပြီး ကျုပ် ထုတ်ပြလိုက်တဲ့ သက်သေက မယုံကြည်ရဘူးပဲ ဆိုပါတော့။ တကယ်လို့ မိုးကောင်ကင်ငယ်ဂိုဏ်းက ဒီလိုဂိုဏ်းမျိုးဆိုရင်တော့ ကျုပ်မှာ ပြောစရာ ဘာမှမရှိတော့ပါဘူးဗျာ"

"ကွမ်းထင်... ဒီတစ်ကြိမ်တော့ မင်း အတော်လွန်သွားပြီ"

ဟော်ရှန့် ကြည့်ရသည်မှာ ဆက်လက် သည်းမခံနိုင်တော့ဟန် ရှိသည်။ မိုးကောင်းကင်ငယ်ဂိုဏ်း စည်းကမ်းရေးရာခန်းမတွင် သူက တရားမျှတမှုနှင့် စည်းကမ်းတင်းကျပ်မှုတို့ဖြင့် ဂုဏ်သတင်းကျော်စောသည်။ သို့ဖြစ်ရာ မည်သူမျှ ရှိမနေပါက ကိစ္စမရှိချေ။ သို့သော် ယနေ့တွင်ကား အကြီးအကဲ ကျန့်ချန်ကန်းသာမက တခြားတပည့် ၅ ယောက်ပါ ရှိနေလေသည်။ သို့ဖြစ်ရာ ကွမ်းထင်၏ ကိစ္စအား မည်ကဲ့သို့ ဆက်လက်ဖုံးဖိထားဖို့ ဖြစ်နိုင်ပါ့မည်နည်း။

"ဟုတ်ပါတယ် ခန်းမသခင်... ကျွန်တော် တကယ်ပဲ စည်းကမ်းကိုင်တစ်ယောက်အနေနဲ့ ကိုယ့်နေရာကို မေ့ပြီး စည်းကမ်းရေးရာခန်းမရဲ့ စည်းကမ်းတွေကို ချိုးဖောက်မိပါတယ်။ ကျွန်တော့်ရဲ့ အပြုအမူတွေအတွက် ပြစ်ဒဏ်ခံယူဖို့ ဆန္ဒရှိပါတယ်"

ကွမ်းထင် ကြည့်ရသည်မှာ ယခင်က သူမှားယွင်းခဲ့သည်ကို နားလည်သွားပုံပေါ်ကာ တောင်းပန်ရန် မြန်မြန် ဦးညွှတ်လိုက်လေ၏။

ကျန့်ချန်ကန်းက အသာ တုံ့ပြန်လိုက်သည်။

"မင်းက တရားစီရင်ခန်းမရဲ့ စည်းကမ်းကိုင် တစ်ယောက်အဖြစ် ဆက်လက်တည်ရှိနေဖို့ မသင့်တော်တော့ဘူး။ မင်းရဲ့ အစောပိုင်း အပြစ်တွေကိုတော့ ခန်းမသခင်ဟော် ကိုယ်တိုင် စီရင်လိမ့်မယ်။ အကြီးအကဲခန်းမဆီအထိ ငါ ဒီကိစ္စကို တင်ပြမနေတော့ဘူး"

ဟော်ရှန့်သည် ကျန့်ချန်ကန်း၏ စကားများကို ကြားသောအခါ သူက တလေးတစား ဦးညွှတ်လိုက်ပြီး ပြန်ဖြေလိုက်သည်။

"အကြံပေးတဲ့အတွက် အစ်ကိုကျန့်ကို ကျေးဇူးတင်ပါတယ်ဗျာ။ ကွမ်းထင်... အခုကစပြီး မင်း ပြင်ပတာဝန်တွေ ထမ်းဆောင်ဖို့ စည်းကမ်းရေးရာခန်းမကို သွားရမယ်"

ရာထူးအရ ကျန့်ချန်ကန်းသည် ဟော်ရှန့်လောက် မမြင့်ပေ။ သို့သော် ကျန့်ချန်ကန်း၏ စကားများသည် ဟော်ရှန့်၏ နာမည်ကောင်းကို ထိန်းသိမ်းရန် ကူညီပေးခဲ့သည်။ သို့မဟုတ်ပါက ဤပြဿနာသည် သူ့အတွက် အမည်းစက်တစ်စက်အဖြစ် ကျန်ရစ်သွားပေလိမ့်မည်။

"အမိန့်နာခံလျက်ပါ...ကျေးဇူးတင်ပါတယ်...ခန်းမသခင်...ကျေးဇူးတင်ပါတယ် အကြီးအကဲကျန့်"

ကွမ်းထင်က လေးစားစွာ အလျင်အမြန် ဦးညွှတ်လိုက်၏။

စိတ်ထဲတွင်ကား သူသည် အလေးမထားပေ။ ပြင်ပတာဝန်များ ထမ်းဆောင်ခြင်းသည် ခန်းမသခင်က သူ့ကိုပေးသော အသက်ကယ်ကြိုး ဖြစ်၏။ သူလုပ်ရမည်မှာ တာဝန်ပြီးမြောက်ရန် ဂိုဏ်းမှ ထွက်သွားရုံသာ ဖြစ်သည်။ သူ ပြန်ရောက်လာသည့်အချိန်တွင် စည်းကမ်းရေးရာခန်းမမှူး ဖြစ်သည့် သူ့ရာထူးအား နောက်တစ်ကြိမ် ပြန်ရမည် ဖြစ်ပေသည်။

ကျန့်ချန်ကန်းက မိုဝူကျိဘက် မျက်နှာမူကာ မေးလိုက်သည်။

"မင်းမှာ တခြားသက်သေတွေများ ရှိသေးလား။ မရှိတော့ဘူးဆိုရင် စုံစမ်းမှုကို ကူညီပေးဖို့ မင်းနဲ့ ခန်းမသခင်ဟော်တို့ စည်းကမ်းရေးရာခန်းမဆီ အတူပြန်ဖို့ လိုလိမ့်မယ်"

ဤစကားကိုကြားလိုက်သည်နှင့် မှူးရွှမ်းက မိုဝူကျိထံ တိုးတိုးလေး ပြောလိုက်သည်။

"ဂျူနီယာမောင်လေးမို... ရှင် ဘယ်လိုအကြောင်းကြောင့်မှ စည်းကမ်းရေးရာခန်းမဆီ သွားလို့မဖြစ်ဘူး။ ရှင်သွားလိုက်တာနဲ့ သေချာပေါက် ကွပ်မျက်ခန်းမထဲမှာ ခြွင်းချက်မရှိ သေရလိမ့်မယ်"

ဟော်ရှန့်သည် မှူးရွှမ်း၏ တီးတိုးစကားသံကို ကြားနိုင်နေသေးသည်ဖြစ်ရာ သူမအား အေးစက်စက် စိုက်ကြည့်လိုက်သည်။ ထိုအခါ မှူးရွှမ်းမှာ ကြောက်လွန်းသဖြင့် ခြေတစ်လှမ်း နောက်ဆုတ်လိုက်ပြီး ခေါင်းငုံ့လိုက်၏။

မှူးရွှမ်း၏ သတိပေးစကားမှာ မိုဝူကျိအတွက် မလိုအပ်ပေ။ သူက သူတို့နှင့် လုံးဝလိုက်သွားမည် မဟုတ်ပေ။ ဟော်ရှန့်သည် သွေးဆာအရှိန်အဝါဖြင့် ပြည့်နေသည် ဖြစ်ရာ သူ သတ်ဖြတ်ခဲ့သည့်လူ မည်မျှလောက်တောင် ရှိနေကြောင်း မည်သူမျှ မသိနိုင်ပေ။ သူနှင့်အတူ သွားလိုက်ခြင်းဖြင့် မည်သည့် ကောင်းကျိုးမျှ ရှိလာမည် မဟုတ်ပေ။ အကယ်၍ သူက ကွမ်းထင်အား တကယ် ကာကွယ်လိုပါက မိုဝူကျိအနေဖြင့် ထွက်ပြေးလိုက်ရုံသာ ရှိသည်။

သူ၏လက်ရှိထွက်ပြေးနိုင်သော စွမ်းဆောင်ရည်များအရ ပျောက်ရန်က ကြိုးစားခဲ့လျှင်ပင် သူ့အား ဖမ်းနိုင်လိမ့်မည် မဟုတ်ချေ။

မိုဂူကျိုသည် အကြီးအကဲကျန့်ချန်ကန်းက သူ့အား ကူညီပေးနေမှန်း သိလိုက်သည်။ ထို့ကြောင့် သူက ဦးညွတ်လိုက်ကာ တင်ပြလိုက်သည်။

"ကျုပ်ဆီမှာ သလင်းကျောက် တစ်တုံးရှိသေးတယ်... ဒီမှာ ကျေးဇူးပြု၍ ကြည့်ရှုပေးကြပါ"

ပြောပြီးသည်နှင့် မိုဂူကျိုက နောက်ထပ် သလင်းကျောက်တစ်တုံးကို ပစ်လွှတ်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူက မှင်သက်နေသော ကွမ်းထင်အား ပြောလိုက်သည်။

"စီမံရေးမှူးကွမ်း... ခုနက ခင်ဗျားချေပစ်လိုက်တဲ့ သလင်းကျောက်ကြောင့် ကျုပ်ရဲ့ အဆင့်နိမ့် နတ်ဘုရားသလင်းကျောက် တစ်တုံး ဆုံးရှုံးလိုက်ရတယ်။ ဒီတစ်ခုတော့ မချေပစ်လိုက်ပါနဲ့ဗျာ... ကျုပ်က အရမ်းကို ဆင်းရဲပါတယ်။ အဲ့ဒါကြောင့် ခင်ဗျား နောက်ထပ်သာ ချေမွပစ်နေဦးမယ်ဆိုရင် ကျုပ်တကယ့်ကို မွဲပြာကျသွားပါလိမ့်မယ်။ ဒါနဲ့ ခုနတုန်းက ကျုပ်

မှားထုတ်လိုက်မိတာ... ဒီဟာကမှ တကယ့် သလင်းကျောက်အစစ်”

မိုဂူကျိုက ပြောနေရင်း စိတ်ထဲ၌ ကျိတ်ရယ်နေသည်။ သူ ရှင်သန်နေထိုင်ခဲ့သည့်နေရာမှာ မည်သည့်စကားကိုမဆို သက်သေနှင့် ထောက်ခံစရာ လိုအပ်သော ကမ္ဘာမြေ ဖြစ်သည်။ ကွမ်းကျစ် တစ်ယောက်လောက်ကများ သူ့အပေါ် ညစ်ကွက်သုံးရဲသည်မှာ သေကြောင်းရှာနေခြင်းပင် ဖြစ်သည်။

**သလင်းကျောက်အားချေမွပစ်ခြင်း... ဟီးဟီး...**

ကွမ်းထင်က သလင်းကျောက်များအား မည်မျှပင် ချေမွပစ်ပါစေ မိုဂူကျိုဆီတွင် နောက်ထပ်ရှိသေးသည်။ ရှေ့နေတစ်ယောက်နှင့် အချေအတင် ပြောဆိုနေစဉ် မည်သူကများ သက်သေအစစ်ကို ထုတ်ပြပါမည်နည်း။ မိုဂူကျိုတွင် မိတ္တူများ အများကြီး ရှိသေး၏။ ထို့ကြောင့် ကွမ်းထင်က စိတ်ကြိုက်ချေမွပစ်လည်း ကိစ္စမရှိပေ။

မိုဂူကျိုက နောက်ထပ် သလင်းကျောက်တစ်တုံး ထပ်ထုတ်လိုက်သည်ကို မြင်သောအခါ ကွမ်းထင်မှာ ဆွံ့အသွားသည်။ သူသည် မိုဂူကျိုက သလင်းကျောက်အမှားကို ထုတ်လိုက်မိကြောင်းအား မယုံကြည်ပေ။ သူက သလင်းကျောက် နှစ်ခုစလုံးမှာ မိုဂူကျိုလုပ်ထားသော မိတ္တူများ ဖြစ်မည်ဟု သေချာသိသည်။

သူက သဘောထား သိမ်ဖျင်းသူ ဖြစ်ခဲ့ရသည်။ လယ်သမားတစ်ယောက်၏ လှောင်ပြောင်ခြင်းကို ခံလိုက်ရသည်။ ထို့အပြင် ဘာမှပြောင်းလဲသွားခြင်းမရှိဘဲ ခန်းမသခင်၏ အပြစ်ပေးခြင်းကို ခံလိုက်ရသည်။ ထိုအတွေးတို့က ကွမ်းထင်အား သုန်မှုန်သွားစေ၏။ သူ့စိတ်ထဲတွင် သတ်ဖြတ်ငွေ့တို့ ကြီးထွားလာသည်။ မိုးကောင်းကင်ငယ်ရွာမှ မိုဝူကျိ ထွက်သွားရဲသည်နှင့် သူသည် မိုဝူကျိအား ကြိမ်းသေ သတ်ပစ်မည် ဖြစ်သည်။

ကွမ်းထင်၏ မျက်နှာအမူအယာကို မြင်လိုက်သည်နှင့် မိုဝူကျိသည် ကွမ်းထင် စဉ်းစားနေသည့်အရာကို သိလိုက်၏။ သို့သော် သူက မကြောက်ပေ။

မိုဝူကျိအား လိုက်ဖမ်းနေသောသူအားလုံးမှာ နတ်ဘုရားဘုရင်များဖြစ်ရာ အဘယ်ကြောင့် နတ်ဘုရားအုပ်စိုးသူ တစ်ယောက်လောက်အား ကြောက်နေရမည်နည်း။

ဤတစ်ကြိမ်တွင်ကား သလင်းကျောက်အား မည်သူကမျှ မဖျက်ဆီးတော့သဖြင့် လေထုထဲတွင် ဗီဒီယိုသည် ထင်ရှားပြတ်သားစွာ ပြသနေလေ၏။

မြန့်ဟယ်က ကွမ်းကျစ်၏ နေအိမ်ထဲသို့ မိုဝူကျိအား ခေါ်လာသည်။ ကွမ်းကျစ်က သူတို့အား အလေးမထားပေ။ ထို့နောက်

ကွမ်းကျစ်က မိုဝူကျိအား လယ်တစ်ကွက်သာ ပေးသည်။ အဆင့်နိမ့် နှင်းစက်စိမ်းဆန်မျိုးစေ့ အစေ့ ၆၀ ကို လဲလှယ်ရန်အတွက် မိုဝူကျိအား အဆင့်မြင့် နတ်ဘုရားကျောက် အတုံး ၆၀ သုံးစေခဲ့သည်။ ထို့နောက် မိုဝူကျိနှင့် ကွမ်းကျစ်တို့၏ စကားအပြန်အလှန် ပြောဆိုမှုများကိုလည်း အမှားအယွင်းမရှိ ရှင်းရှင်းလင်းလင်း ပြသနေလေသည်။

ကွမ်းကျစ်က မိုဝူကျိအား တစ်နှစ်လျှင် နှင်းစက်စိမ်း ဆန် ၂၀ ကာတီသာ တင်သွင်းရန် ပြောခဲ့ကာ ဤလယ်ကွက်ထဲတွင် စိုက်ပျိုးသည့် တခြားမည်သည့်အရာကို မဆို မိုဝူကျိ အပိုင်အဖြစ် ယူခွင့်ပြုခဲ့သည်။ ထို့အပြင် ဤသလင်းကျောက် ပြီးသွားသည့်နောက် မိုဝူကျိက နောက်တစ်တုံး ထပ်ထုတ်လိုက်သည်။ ထိုထဲတွင် မိုဝူကျိက အဆင့်နိမ့် နှင်းစက်စိမ်းဆန် ၂၀ ကာတီကို တင်သွင်းသည့် မှတ်တမ်းအတိအကျနှင့် ကွမ်းကျစ်က ထိုအရာကို ငြင်းဆို၍ မောက်မောက်မာမာဖြင့် မင်းကဘာများလုပ်နိုင်လို့လဲဟု မေးလိုက်သည့် မှတ်တမ်းအတိအကျတို့ ပါရှိသည်။

ဤစကားကပင် ကွမ်းကျစ်အား အကြိမ်ကြိမ် သေမိန့်ချရန် လုံလောက်နေလေပြီ။

မိုဝူကျိက သလင်းကျောက်ကို ထုတ်လိုက်သည့်အချိန်တွင် ယင်းရှုရှု အပါအဝင်အားလုံးမှာ ကျောထဲစိမ့်သွားလေသည်။ ဤမိုဝူကျိသည် ပါရမီ သိပ်မရှိသော်လည်း သူ့လုပ်ဆောင်ပုံ လုပ်ဆောင်နည်းတို့မှာ အထင်ကြီး ချီးကျူးစရာကောင်းလေ၏။ ဒုတိယ သလင်းကျောက်ထဲမှ မှတ်တမ်းတင်ထားသော ပြဿနာကို သူတို့တွေ မြင်တွေ့ခဲ့ကြသော်လည်း မည်သူကမျှ မိုဝူကျိသည် ထိုအရာကို မှတ်တမ်းတင်ထားလိမ့်မည်ဟု မတွေးမိခဲ့ကြပေ။ ထိုစဉ်က သူ အလွန်ပျူငှာနေသည်မှာ မထူးဆန်းချေ။

ယွဲ့လွန်က မိုဝူကျိအား အလိုလို ကြည့်မိလျက်သား ဖြစ်သွား၏။ ဤလူမှာ နှင်းစက်စိမ်း ဆန်စိုက်ပျိုးသောသူ တစ်ယောက်သာ ဖြစ်လင့်ကစား သူက အနည်းငယ် ကြောက်ရွံ့မိသွားသည်။ သူတို့တွေ မိုဝူကျိအပေါ် အခွင့်ကောင်းယူကာ အဆင့်မြင့် နှင်းစက်စိမ်းဆန် ၅ ကာတီ ယူခဲ့ကြသည့်အဖြစ်ကိုလည်း မိုဝူကျိက မှတ်တမ်းတင်ထားလေမလားဟု သူက တွေးလိုက်မိသည်။

“မဖြစ်နိုင်ဘူး … ဒါ မဖြစ်နိုင်ဘူး…”

ကွမ်းကျစ်သည် သလင်းကျောက်ထဲမှ ပုံရိပ်များကို စိုက်ကြည့်ရင်း သူ့အသံမှာ တုန်ရီလာလေသည်။

မိုဝူကျိုသည် အဖြစ်အပျက်များကို မှတ်တမ်းတင်ရန် သလင်းကျောက် မထုတ်လိုက်မှန်း သူသေချာသည်။ သို့ဖြစ်ရာ ဤတစ်ခုမှာ ဘယ်က ရောက်လာလေသနည်း။ အကယ်၍ မိုဝူကျိုတွင် စိတ်ဝိညာဉ်သိုလှောင်ရေး လမ်းကြောင်းရှိကာ ဟိုအရင်ကတည်းက ကြိမ်ဖန်များစွာ သလင်းကျောက်များကိုသုံး၍ မှတ်တမ်းများ တိတ်တဆိတ် ပြုလုပ်ဖူးသည်ကိုသာ ကွမ်းကျစ် သိခဲ့ပါက ထိုမျှလောက် အံ့သြတော့မည်မဟုတ်ချေ။

သလင်းကျောက်ထဲရှိ အကြောင်းအရာများကို စစ်ဆေးပြီးသည့်နောက် ကျန့်ချန်ကန်းက အသာ မှတ်ချက်ချလိုက်သည်။

"သလင်းကျောက်ထဲက အကြောင်းအရာတွေက အစစ်အမှန်တွေပဲ ... လျို့ဝှက်ပညာရပ်နဲ့လုပ်ထားတဲ့ အတုအယောင်တွေ မဟုတ်ဘူး"

ဟော်ရှန့်သည် မှတ်တမ်းများမှာ အစစ်အမှန်တွေ ဖြစ်ကြောင်း အဘယ်ကြောင့် မသိဘဲ နေမည်နည်း။ ထို့ကြောင့် သူ့မျက်နှာကြီးမှာ ချက်ချင်း မည်းမှောင်သွားလေ၏။ အကယ်၍ အခြားတစ်ယောက်ယောက်သာ ဖြစ်ပါက ဤစည်းကမ်းရေးရာခန်းမသခင်သည် ထိုသူ့အား

အစိတ်စိတ်ကွဲအောင် ချေမှုန်းပစ်လိုက်မည် ဖြစ်သည်။ သို့သော် ကွမ်းကျစ်ကို သူ သတ်လိုက်ပြီးသည့်နောက် ကွမ်းထင်မှာ သူ့အတွက် စိတ်ပါလက်ပါ ဆက်လက် အလုပ်လုပ်ပေးတော့မည် မဟုတ်ပေ။

သိသာလှစွာပင် ဟော်ရှန့် တွေ့ကြုံနေသော ဒွိဟကို ကျန့်ချန်ကန်းက မြင်နိုင်သည်ဖြစ်ရာ သူက မိုဝူကျိအား မေးလိုက်သည်။

"မိုဝူကျိ... မင်းက အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးနိုင်မှတော့ ဂိုဏ်းထဲမှာ နေရာတစ်နေရာ ရလိမ့်မယ်။ ကွမ်းကျစ်က ဂိုဏ်းစည်းကမ်းတွေကို ချိုးဖောက်ပြီး အထက်လူကြီးတွေကို လိမ်လည်တယ်။ လက်အောက်ငယ်သားတွေအပေါ် အနိုင်ကျင့်ဖိနှိပ်ပြီး အဖြူနဲ့အမည်းကို ပြောင်းပြန်လှန်တယ်။ ဒါကြောင့် စည်းကမ်းရေးရာခန်းမရဲ့ အပြစ်ပေးခြင်းကို ခံယူသင့်တယ်။ မင်းကော ဘယ်လိုထင်လဲ"

ကျန့်ချန်ကန်း၏ ရည်ရွယ်ချက်အား မိုဝူကျိက အဘယ်ကြောင့် နားမလည်ဘဲနေပါ့မည်နည်း။ ကျန့်ချန်ကန်းသည် သူ့အား ကွမ်းကျစ်ကို လွှတ်ပေးဖို့ အခွင့်အရေး ပေးနေခြင်း ဖြစ်သည်။

ဟောဲရှန့်အား သူတောင်းဆိုလိုက်ပါက ဟောဲရှန့်သည် မိုဝူကျိအပေါ် အငြွေးတင်သွားမည် ဖြစ်သည်။

စိတ်ထဲ၌ အေးစက်စွာ ရယ်မောလိုက်၏။ မိုဝူကျိသည်ကား ရန်ငြိုးကို မေတ္တာနှင့် တုန့်ပြန်တတ်သည့်လူစားမျိုး မဟုတ်ပေ။ ကွမ်းကျစ်က သူ့အား သေမိန့်ကျစေရန် ကြိုးစားခဲ့လေရာ ကွမ်းကျစ် မသေသေးသရွေ့ သူလည်း နေလို့ကောင်းမည် မဟုတ်ပေ။

သို့သော် မိုဝူကျိသည် ကွမ်းကျစ်အား သတ်ရန် ဟောဲရှန့်ကို အသုံးချမည့် စိတ်လိုက်မာန်ပါလုပ်တတ်သူ တစ်ယောက် မဟုတ်ချေ။ အကယ်၍ သူသာ ကွမ်းကျစ်ကို သတ်မည်ဆိုပါက လူ့ကျင့်ဝတ် အကြောင်းပြချက်ကောင်းကောင်းဖြင့် ဟောဲရှန့်အား ကွမ်းကျစ်ကိုသတ်ရန် ဖိအားပေးမည့်အစား သူ့လက်ဖြင့် သူကိုယ်တိုင်သတ်မည် ဖြစ်သည်။

"အကြီးအကဲကျန့်... ခန်းမသခင်ဟောဲ... စီမံရေးမှူးကွမ်းမှာ စီမံခန့်ခွဲစရာ လယ်ကွက်တွေ အများကြီးရှိနေတော့ သူ နည်းနည်းလေး စိတ်ကသိကအောက် ဖြစ်သွားတာနေမှာပါ။ ဒီတာဝန်ကိုယူရတဲ့ ဘယ်သူမဆို ဒီလိုအမှားမျိုး လုပ်မိကြမယ်လို့ ကျုပ်ယုံကြည်တယ်။ အဲ့ဒါကြောင့် ကျုပ်တို့ သူ့ကို အမှားပြင်ခွင့်လေး ပေးလိုက်ကြရအောင်ပါလား"

မိုဝူကျိုက အပြုံးကြီး ပြုံးကာ ပြောလိုက်သည်။

ကွမ်းကျစ်ပင်လျှင် မိုဝူကျိုကို ကြည့်ရင်း အံ့အားသင့်ကာ တုန်ရီခြင်း ရပ်သွားလေ၏။ ဤတစ်ကြိမ်တွင် မိုဝူကျိုက သူ့အား ချမ်းသာပေးလိမ့်မည်ဟု သူပင် မယုံကြည်ပေ။

အမှန်အားဖြင့် ကိစ္စများမှာ ဤအဆင့်ထိ ရောက်နေပြီဖြစ်လေရာ မိုဝူကျိုကသာ ထုံးစံအတိုင်း စည်းကမ်းရေးရာခန်းမအား တောင်းဆိုလိုက်ပါက ကွမ်းကျစ်မှာ သေလိမ့်မည် ဖြစ်သည်။

ဤသည်ကို ကြားပြီးနောက် ဟော်ရှန့်က သက်ပြင်းမောကြီးကို ချလိုက်ကာ သူ့မျက်နှာထားမှာလည်း တဖြည်းဖြည်း လျော့လာသည်။ သူက မိုဝူကျိုအား ခေါင်းငြိမ့်ပြလိုက်ပြီးနောက် ကွမ်းကျစ်ကို ပြောလိုက်သည်။

“မင်းက မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ စည်းကမ်းတွေကို ချိုးဖောက်တယ်။ ဒီ့အတွက်ကြောင့် မင်းရဲ့စီမံရေးမှူးရာထူးအတွက် တစ်လတာ အစမ်း စောင့်ကြည့်ခံရမယ်။ ဒီတစ်လအတွင်း တူညီတဲ့ အပြစ်မျိုး နောက်ထပ်ကျူးလွန်ဦးမယ်ဆိုရင်တော့ မင်းကို ချမ်းသာပေးတော့မှာ မဟုတ်ဘူး”

"အမိန့်နာခံလျက်ပါ... ကျွန်တော့်ကို အခွင့်အရေးပေးတဲ့အတွက် ခန်းမသခင်ကို ကွမ်းကျစ် ကျေးဇူးတင်ပါတယ်။ ပြီးတော့ မိုးကောင်းကင်ငယ်ဂိုဏ်းအတွက် မိုးကောင်းကင်ငယ်ရွာကို ကျွန်တော် သေချာ စီမံအုပ်ချုပ်ပါ့မယ်"

သူက ဟော်ရှန့်အား ကျေးဇူးတင်ရန် မြေကြီးပေါ်သို့ မြန်မြန် ဒူးထောက်လိုက်သည်။ မိုဝူကျိုက အဘယ်ကြောင့် သူ့ကို အခွင့်အရေးပေးကြောင်း ကွမ်းကျစ် မသိပေ။

မိုဝူကျို၏ မျက်နှာပေါ်တွင် မည်သည့်ခံစားချက်မှ ပေါ်မလာချေ။ ဤသည်မှာ သူမှန်းထားသည့် ရလဒ် ဖြစ်၏။ ဤကဲ့သို့ အမှားမျိုး ပြုလုပ်ပြီးသည့်နောက်တွင် ကွမ်းကျစ်သည် စီမံရေးမှူးအဖြစ် ခံဝန်ချုပ်ဖြင့် ဆက်လက် ရပ်တည်နေနိုင်သေးသည်။ ကြည့်ရသည်မှာ ကွမ်းကျစ်၏ ဦးလေးဖြစ်သူသည် ဟော်ရှန့်မျက်လုံးထဲတွင် အတော် အရေးပါသူ ဖြစ်ရမည်။

မိုဝူကျိုက ကွမ်းကျစ်အား လွှတ်ပေးလိုက်သည့်ကိစ္စနှင့်ပတ်သက်၍ ကွမ်းထင်ကလည်း အလွန်အံ့ဩမိသည်။ သို့သော် သူက ဘာမှမပြောချေ။ ဤသည်က မိုဝူကျိုအား လုပ်ကြံမည့်ကိစ္စကို အနည်းငယ်သာ နောက်ဆုတ်သွားစေ၏။ မိုဝူကျိုအား သတ်မှဖြစ်မည်။ သို့သော် ယခုတော့ မဟုတ်သေးပေ။

“မိုဝူကျိ… သဘောထားကြီးပေးလို့ ကျေးဇူးပါကွာ။ ငါ့ရဲ့လုပ်ရပ်ကို ငါပြန်ဆင်ခြင်ပါ့မယ်”

ကွမ်းကျစ်က မိုဝူကျိအား ကျေးဇူးတင်ရန် သူ့ဘက်က စပြီး မိုဝူကျိရှေ့ သွားလိုက်သည်။

တစ်ချက်ရယ်လိုက်ကာ မိုဝူကျိက တုန့်ပြန်လိုက်သည်။

“စီမံရေးမှူးကွမ်း… နောင်ကျရင်လည်း ကျုပ်ကို ဂရုစိုက်ပေးပါဦးဗျာ။ အော် ဒါနဲ့… ဒီမှာ အဆင့်မြင့် နှင်းစက်စိမ်းဆန် ၂၀ ကာတီ… ကျုပ် ခင်ဗျားဆီ တင်သွင်းလိုက်ပြီနော်”

ပြောပြီးသည်နှင့် မိုဝူကျိက ကွမ်းကျစ်ဆီ အိတ်တစ်အိတ် ပေးလိုက်သည်။

ဤလုပ်ရပ်က ကွမ်းကျစ်အား မှင်သက်သွားစေ၏။ အနိုင်ရရှိပြီးသည့်နောက်တွင် အဘယ်ကြောင့်များ မိုဝူကျိက သူ့အား နှင်းစက်စိမ်းဆန် ၂၀ ကာတီ ပေးနေသေးသည်ကို သူ နားမလည်နိုင်တော့ပေ။

“အစက အဆင့်နိမ့် နှင်းစက်စိမ်းဆန် ၂၀ ကာတီ တင်သွင်းဖို့ ကျုပ်တို့ သဘောတူညီချက်ထားခဲ့ပေမဲ့ သေချာပြန်စဉ်းစားကြည့်လိုက်တော့ ကျုပ်က ဒီမှာ ဂိုဏ်းအတွက်

နှင်းစက်စိမ်းဆန် စိုက်ဖို့ ရောက်နေတာပဲဆိုတာ သဘောပေါက်သွားတယ်။ ဒီတော့ အကောင်းဆုံးဆန်ကို တင်သွင်းသင့်တာ ပုံမှန်ပါပဲ။ ခင်ဗျားဆီကို တင်သွင်းတာက ခင်ဗျားရဲ့စောင့်ရှောက်မှုအောက်ကို ယာယီအပ်ထားတဲ့ သဘောပဲဟာ”

မိုဝူကျိုက လက်ခါလိုက်ရင်း ပြောလိုက်ပြီးသည့်နောက်မှ ရှင်းသွားတော့သည်။

မိုဝူကျိုက သူ့ဘာသာသူ တွေးလိုက်သည်။

**“ဒါပေါ့… ဒါက ယာယီသက်သက်ပဲ။ ဒီညမှ မင်းကိုမသတ်သေးဘဲ နှင်းစက်စိမ်းဆန်ကိုမယူဘူးဆိုရင် ငါ အသက်ရှင်ခဲ့တာတွေ အလကား ဖြစ်သွားမှာပေါ့”**

## အခန်း (၉၅၆) : လေထန်သော လမိုက်ညတစ်ည

“ကောင်းတယ်…ကောင်းတယ်”

ကျန့်ချန်ကန်းသည် မိုဝူကျို အလွန်ရင့်ကျက်ပုံအား ကြားသောအခါ သူက ခေါင်းတဆတ်ဆတ် ငြိမ့်လိုက်၏။ သူ၏ မိုဝူကျိုအပေါ်

နဂိုထင်မြင်ချက်အရ သူက မိုဝူကျိအား နောက်ဆုတ်ပေးလိုက်ဖို့ တောင်းဆိုလျှင်တောင် မိုဝူကျိက လုပ်လိမ့်မည်မဟုတ်ပေ။ စောစောတုန်းကကဲ့သို့ သူ ပြောလိုက်ရသည့် အကြောင်းရင်းမှာ စည်းကမ်းရေးရာခန်းမ၏ ခန်းမသခင်ဟော်ရှန့်နှင့် အကြီးအကျယ် အငြင်းပွားမှုကြီး မဖြစ်စေလို၍ ဖြစ်သည်။

ကိစ္စများသည် အထင်နှင့်မတူ တစ်မျိုးပြောင်းသွားကာ မိုဝူကျိက အရှုံးပေးလိုက်မည်ဟု မည်သူကမျှ သိမည်နည်း။ အရှုံးပေးလိုက်ရုံတင် မကပေ။ သူက ဤကဲ့သို့ လိုက်လျောမှု အကြီးကြီး ပေးလိုက်သေးသည်။

ကောင်းတယ်ဟူ၍ အကြိမ်ရေအနည်းငယ် ထပ်တလဲလဲပြောပြီးသည့်နောက် ကျန့်ချန်ကန်းက မေးလိုက်သည်။

“မိုဝူကျိ… မင်းက နှင်းစက်စိမ်း ဆန်စိုက်တဲ့နေရာမှာ အရမ်းထူးချွန်တာပဲ။ မင်းမှာ တောင်းဆိုချင်တာများ ရှိရင် ပြောပြလို့ရတယ်”

တုံ့ပြန်သည့်အနေဖြင့် မိုဝူကျိက တလေးတစား ဦးညွှတ်လိုက်ရင်း

“ကျေးဇူးတင်ပါတယ် အကြီးအကဲကျန့်… ကျုပ် နှင်းစက်စိမ်းဆန်ကို စိုက်လာခဲ့တာ နှစ်ပေါင်းများစွာ ကြာပါပြီ။

တဖြည်းဖြည်းချင်း စမ်းသပ်လေ့လာရင်းကနေမှ ဒီလိုအတွေ့အကြုံအဆင့်ကို ရလာတာပါဗျာ။ ကျုပ်ရဲ့ နှင်းစက်စိမ်းဆန်ကို ကာကွယ်ဖို့ အကြီးအကဲက အစီအရင်လေး ခင်းကျင်းပေးနိုင်ဖို့ပဲ ကျုပ် မျှော်လင့်ပါတယ်”

ကျန့်ချန်ကန်းက တစ်ချက်ရယ်လိုက်ကာ

“လုပ်ပေးရမှာပေါ့ဗျာ။ တကယ်တော့ မင်းရဲ့ အဆင့် ၁ ကာကွယ်ရေးအစီအရင်က တော်တော် အဆင်ပြေနေပြီးသားရယ်။ စိတ်မပူနဲ့... ကျုပ် မင်းကို ကာကွယ်ရေးအစီအရင် ကူညီ ခင်းကျင်းပေးမယ်။ တခြားကော ဘာပြောချင်တာ ရှိသေးလဲ။ ဂိုဏ်းချုပ်က ပြန်မလာသေးလို့ရယ်။ သူပြန်လာတာနဲ့ မင်းရဲ့အရည်အချင်းနဲ့သာဆိုရင် ကျုပ်တို့ မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ ဂုဏ်ထူးဆောင် အကြီးအကဲတစ်ယောက် ဖြစ်လာဖို့ဆိုတာ ခက်ခဲမှာ မဟုတ်ဘူး”

တစ်ချိန်တည်းမှာပင် ဟော်ရှန့်က ရယ်လိုက်ကာ

“မိုဝူကျို... မင်း ဒီအတွက် တောင်းဆိုလိုက်တဲ့လူ မှန်သွားပြီ။ အကြီးအကဲကျန့်က ကျုပ်တို့ဂိုဏ်းရဲ့ နတ်ဘုရား အစီအရင်ဆရာပဲ။ သူက အဆင့် ၄ နတ်ဘုရားအစီအရင်တွေတောင် ခင်းကျင်းပေးနိုင်တယ်”

ပေါ်ရန်အတွက် မိုဝူကျိုက သူနှင့် သူ့အကောင်းဆုံး အကူ ကွမ်းထင်တို့၏ ကြားမှ အက်ကြောင်းအား ကြီးမလာအောင် လုပ်ပေးခဲ့လေရာ သူက အတော် ကျေနပ်နေမိသည်။ မနှစ်မြို့စရာကိစ္စ တော်တော်များများအား နောက်ကွယ်မှ ဖြေရှင်းပေးရန် ကွမ်းထင်၏ အကူအညီကို လိုအပ်သည်။ သို့ဖြစ်ရာ ဤလက်ထောက်အကူ၏ အရေးပါမှုမှာ အလုပ်တွင်သာ မဟုတ်ချေ။

ဤစကားကို ကြားလိုက်သည်နှင့် မိုဝူကျိုက အံ့သြသွားဟန်ဖြင့် နောက်တစ်ကြိမ် ထပ်မံ၍ ကျေးဇူးစကား ဆိုလိုက်ပြန်သည်။ အဆင့် ၄ ကာကွယ်ရေးအစီအရင်အား သူ့ဘာသာသူ ခင်းကျင်းနိုင်သော်လည်း သူ၏အစီအရင်တာအို ပေါ်သွားမည်စိုးသဖြင့် သူက ထိုသို့ မလုပ်ချေ။ ကျန့်ချန်ကန်းက ကာကွယ်ရေးအစီအရင် ကူညီခင်းကျင်းပေးပြီးသည်နှင့် သူက ပြန်လုပ်လိုက်ရုံသာ ဖြစ်သည်။

ကျန့်ချန်ကန်းက ခေါင်းငြိမ့်ကာ ဆက်ပြောလိုက်သည်။

"မိုဝူကျို... အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို မင်း ထုတ်လုပ်နိုင်တယ်ဆိုတဲ့ ဒီကိစ္စက အရမ်းအရေးကြီးတယ်။ ဂိုဏ်းရဲ့တရားဝင်အမိန့် မပါရင် မင်း မိုးကောင်းကင်ငယ်ရွာကနေ မထွက်တာ ကောင်းမယ်"

"ဟုတ်ကဲ့ပါ... တပည့် သိပါပြီ"

ကွမ်းထင်ကဲ့သို့ အဆင့်မြင့် ကျင့်ကြံသူအား အပြစ်လုပ်မိကာ ကွမ်းကျစ်ကို သတ်ရန် ကြံစည်ပြီးသည့်နောက် မိုးကောင်းကင်ငယ်ရွာမှ အဘယ်ကြောင့် သူထင်သလို ထွက်သွားရပါ့မည်နည်း။

ကျန့်ချန်ကန်း၏ အကြည့်တို့က ကျန်ရှိနေသေးသော တပည့်အချို့ဆီ ရောက်သွားကာ သူက ခပ်ထန်ထန် ညွှန်ကြားလိုက်သည်။

"ဒီနေ့ ဖြစ်ခဲ့တဲ့ကိစ္စတွေကို ဘယ်သူမှ ပြောခွင့် မရှိဘူး"

တပည့် ၅ ယောက်စလုံးက မိုဝူကျိအကြောင်း မည်သည့်သတင်းမျှ မပေါက်ကြားစေရန် သစ္စာပြု ကျိန်ဆိုလိုက်ကြပြီးနောက် ထွက်သွားကြလေသည်။

ထိုတပည့်များ အဝေးရောက်သွားသည်နှင့် ကျန့်ချန်ကန်းက မိုဝူကျိအား ပြောလိုက်သည်။

"ကျုပ် မင်းကို ကာကွယ်ရေးအစီအရင်အပြင် သေမင်းထောက်ချောက်အစီအရင်ကိုပါ နှင်းစက်စိမ်း ဆန်ပေါ် ခင်းကျင်းပေးမယ်။ ဒါက ကျုပ်ရဲ့အတိုး သက်သက်ပဲ"

သက်ပြင်းချလိုက်ရင်း သူက ဆက်ပြောလိုက်သည်။

"မင်း အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်တာ မထူးဆန်းပါဘူး။ အားလုံးက နှလုံးသားမှာပဲ အရင်းခံတယ်။ မင်းရဲ့နှလုံးသားက ဒါတွေအားလုံးရဲ့ အထက်မှာရှိနေတယ်။ ဒီလိုဆိုမှတော့ မင်းကို တတ်နိုင်သမျှ အာဃာတများများ လွှဲပေးဖို့ ကျုပ် ဂိုဏ်းကို တောင်းဆိုပေးမယ်"

တုံ့ပြန်သည့်အနေဖြင့် မိုဝူကျိက သူ့ကျေးဇူးစကားကိုသာ ပေးနိုင်လိုက်၏။

ကျန့်ချန်ကန်းက ကာကွယ်ရေးအစီအရင်နှင့် သေမင်းထောင်ချောက် အစီအရင်တို့ကို ခင်းကျင်းနေချိန်တွင် ဟော်ရှန့်က တစ်ဖက်တွင် စောင့်နေလိုက်၏။ တခြားတစ်ဖက်တွင်လည်း ကွမ်းထင်သည် ဆက်လက် ကျန်ရှိနေလောက်ရအောင် မျက်နှာမပြောင်သဖြင့် ကွမ်းကျစ်ကို ခေါ်ကာ ထွက်သွားလိုက်သည်။

...............

"ဦးလေး... ဒီလူ တကယ်ကြီး မှတ်တမ်းတင်ထားတဲ့အထိ အကြံကြီးလိမ့်မယ်လို့ ကျွန်တော် လုံးဝ မထင်ထားဘူး"

မိုဝူကျိ၏ ပိုင်နက်မှ ထွက်လာသည်နှင့် ကွမ်းကျစ်က အံကျိတ်ရင်း ပြောလိုက်သည်။

ကွမ်းထင်၏မျက်နှာမှာ အလွန်ကြည့်ရဆိုးနေကာ သူက ကွမ်းကျစ်အား စူးစူးရှရှ စိုက်ကြည့်လိုက်ပြီး ပြောလိုက်သည်။

“မိုဝူကျိုက သေကိုသေရမယ်... ဒါပေမဲ့ ခုလောလောဆယ်တော့ သူ့ကို သွားမထိနဲ့ဦး။ သူ့ မိုးကောင်းကင်ငယ်ရွာက ထွက်မယ့်အချိန် အခွင့်ကောင်းကို စောင့်ပြီး တစ်ခါတည်း ရှင်းပစ်ရမယ်။ ဒီကောင် ရွာထဲမှာပဲ တစ်သက်လုံး နေသွားမယ်လို့ ငါ မထင်ဘူး”

“ဦးလေး... ကျွန်တော် သိပါပြီ။ ဒီကောင် ကြောက်သွားလို့ အဆင့်မြင့် နှင်းစက်စိမ်းဆန် ၂၀ ကာတီ လာတင်သွင်းတာ ဖြစ်မယ်။ ကျွန်တော် ဆန်တွေကို ဦးလေးဆီ အရင်ပေးထားမယ်”

ကွမ်းကျစ်က ပြောနေရင်း ဆန်အိတ်ကို ထုတ်လိုက်သည်။

ကွမ်းကျစ်၏ ခေါင်းပေါ် ရိုက်ချက်တစ်ချက် ကျရောက်သွားသည်။

“မင်းက ဝက်လား... အားလုံးက ဒီနေ့ မိုဝူကျို နှင်းစက်စိမ်းဆန် တင်သွင်းလိုက်တာကို သိကြတယ်။ မင်းက ငါ့ကိုပေးမယ် ဟုတ်လား။ ဒါက ဂိုဏ်းဆီ တင်သွင်းရမဲ့ဟာတွေ။ မိုဝူကျိုက ကြောက်နေမှတော့ မင်း သူ့ဆီကနေ ဆန်တွေထပ်ရနိုင်မယ့် အချိန်ကောင်းကို ရှာလို့ ရတယ်။ မှတ်ထား... ဒီကောင်ဆီမှာ မင်းအပေါ် သုံးလို့ရမယ့် ဘယ်အရာမှ မရှိစေနဲ့။ သူက

မြင်ရသလောက် မရိုးရှင်းဘူးဆိုတာ သေချာတယ်။ ဒီနေ့မင်းအပေါ်အဆုံးထိ မလုပ်ခဲ့တဲ့ တစ်ခုတည်းသောအကြောင်းပြချက်က သူ မလုပ်ရဲလို့ပဲ… ဘာသဘောကြီးလို့မှ မဟုတ်ဘူး”

“ဟုတ်ကဲ့… ကျွန်တော် နားလည်ပါပြီ”

ကွမ်းကျစ်က မြန်မြန် တုံ့ပြန်လိုက်သည်။

“ဦးလေး… ဦးလေးကို ကျွန်တော် ပြောပြစရာ တစ်ခုရှိသေးတယ်”

မိုဝူကျို၏ ရွှေရောင်နှင်းစက်စိမ်းဆန်တို့ဖြင့် ပြည့်နေသောလယ်ကွက်ကို စဉ်းစားမိချိန်တွင် သူ့စိတ်ထဲ၌ သံသယများတိုးလာသည်။ ထိုလယ်ကွက်ထဲတွင် အနည်းဆုံး နှင်းစက်စိမ်းဆန် ၁၀၀ ကာတီ ရှိမည်ဟု သူက သံသယဝင်မိသည်။

ဤကိစ္စအား ယင်းရှုရှုနှင့်အပေါင်းအပါတို့က လုံးဝမသိကြလောက်သေးချေ။ သူတို့က မိုဝူကျို၏ လယ်ကွက်တွင် ဆန်အတော်အသင့် ထွက်သည်ကိုသာ သိကြသည်။ မည်မျှလောက်ထိ ထွက်ကြောင်းကား ဤရွာ၏ စီမံရေးမှူးလောက် သေချာပေါက် ရှင်းရှင်းလင်းလင်း သိမည်မဟုတ်ပေ။

“ဘာကိုလဲ”

ကွမ်းထင်က သိချင်စွာ မေးလိုက်သည်။

တစ်ခဏတာမျှ တွေဝေနေပြီးနောက် ကွမ်းကျစ်က ပြောလိုက်သည်။

"မိုဂူကျိရဲ့ လယ်ကွက်ကနေ ဆန်ဘယ်လောက်ထွက်လဲဆိုတဲ့ အကြောင်းပါ။ ကျွန်တော်တောင် ကိုယ့်အထင်ကိုယ် သံသယဝင်နေမိတယ်။ မနက်ဖြန် ဘကြီးကူး ပြန်လာတော့မှ သူ့ကို မေးပြီး သေချာအောင် လုပ်ရမယ်"

အမှန်ပင်... နှင်းစက်စိမ်းဆန် ၁၀၀ ကာတီကျော် ထွက်နိုင်သည့်လယ်ကွက်... ထို့အပြင် အဆင့်မြင့်ဆန်များလည်း ဖြစ်နေသေးသည်။ ဤသည်မှာ ယုံနိုင်ဖွယ်မရှိပေ။ ထို့ကြောင့်လည်း ကွမ်းကျစ်က တွေဝေနေခြင်း ဖြစ်သည်။

ဤစကားက ကွမ်းထင်ဆီမှ မည်သည့် တုံ့ပြန်မှုကိုမျှ မရရှိပေ။ သူက ခေါင်းကိုသာ ငြိမ့်လိုက်ပြီး

"ကောင်းပြီလေ... ပြီးသွားရင် ငါ့ဆီ သတင်းပို့လိုက်ပေါ့"

သူ့ရှုထောင့်မှ ကြည့်ပါက မိုဂူကျိက မည်မျှပင် အထင်ကြီးစရာကောင်းနေပါစေ လယ်တစ်ကွက်ထွက်နိုင်သည့် အများဆုံးကာတီမှာ နှင်းစက်စိမ်းဆန် ၆၀ ကာတီသာ ရှိသည်။ အကယ်၍ ကွမ်းကျစ် ပြောမည့်ကိစ္စမှာ မိုဂူကျိ၏ လယ်ကွက်က

ကာတီ ၁၀၀ ကျော်လောက် ထွက်နိုင်ကြောင်းမှန်းသာ သူသိခဲ့ပါက ကွမ်းကျစ်အား ဘကြီးကူးကို ချက်ချင်း သွားရှာခိုင်းမည်ဖြစ်သည်။

……………

တစ်ချိန်တည်းမှာပင် မိုးကောင်းကင်ငယ်ရွာမှ ထွက်လာသော တပည့် ၅ ယောက်မှာလည်း ပျော်ရွှင်မှုတို့ အပြည့် ဖြစ်နေသည်။ ဤခရီးအတွင်း အဆင့်မြင့် နှင်းစက်စိမ်းဆန် ၅ ကာတီ ရလိုက်၏။ ဤသည်မှာ မိုးပေါ်မှ ဘီစကစ်များ အလကား ကျလာခြင်းသာ ဖြစ်သည်။

“စီနီယာအစ်မ… စီနီယာအစ်ကိုမိုက ကွမ်းကျစ်ကို ချမ်းသာပေးလိမ့်မယ်လို့ ကျွန်မ မထင်ထားမိဘူး”

အငယ်ဆုံးဂျူနီယာညီမဖြစ်သူ ကျန့်ကျီက ပြောလိုက်သည်။

သူမစိတ်ထဲတွင် မိုဝူကျီမှာ အလွန် ကိုယ်ကျင့်တရားကောင်းသူ ဖြစ်သည်။ အပေးအယူလုပ်ကာ အလွယ်တကူ အလျှော့ပေးတတ်သည့် လူစားမျိုး မဟုတ်ပေ။ သို့သော် သူ နိုင်နေသည့်အချိန်တွင် အလျှော့ပေးလိမ့်မည်ဟု မည်သူကများ သိမည်နည်း။

ယင်းရှူရှူက အသာ မှတ်ချက်ပေးလိုက်သည်။

"သူ ဉာဏ်ကောင်းသွားတာ။ တကယ်လို့ သူသာ အလျှော့မပေးဘူးဆိုရင်ကော သူက ဘာများလုပ်နိုင်မှာမို့လဲ။ ကွမ်းကျစ်ကို ပြဿနာရှာပြီးတဲ့နောက် သူ မိုးကောင်းကင်ငယ်ရွာမှာ ဆက်နေလို့ ရပါ့မလား"

မိုဝူကျိသည် အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို ထုတ်နိုင်ကာ သူတို့ကိုလည်း အကျိုးအမြတ်ရရှိစေခဲ့၍ နဂိုက ယင်းရှုရှုသည် မိုဝူကျိအပေါ် အကောင်းမြင်နေခဲ့သည်။ သို့သော် သူ့ကို မိန်ချင်းချင်းက မိတ်ဆက်ပေးခဲ့ကြောင်း ကြားလိုက်ချိန်တွင် ထိုအကောင်းမြင်စိတ်မှာ လုံးဝ ပျောက်ကွယ်သွားလေ၏။

ယွဲ့လွင်က ယင်းရှုရှု ဘာတွေးနေမှန်း သိပုံပေါ်သည်။ သူက အပြုံးလေးဖြင့် ပြောလိုက်သည်။

"အဲ့ဒါ ပုံမှန်ပါပဲ။ မိုဝူကျိက တောင်သခင်မိန်နဲ့ သိကျွမ်းခင်မင်မှတော့ သူတို့ရဲ့ လုပ်ပုံလုပ်နည်းတွေလည်း တူနေမှာပေါ့"

ယခင်က မိုဝူကျိ သလင်းကျောက် ထုတ်လိုက်သည်ကို မြင်လိုက်စဉ်တွင် သူသည် မိုဝူကျိအား နည်းနည်း ကြောက်မိသည်။ သို့သော် ယခုတွင်ကား ထိုအရာမှာ အလွန် ရယ်စရာကောင်းသည်ဟု သူခံစားလိုက်ရ၏။ မိုဝူကျိသည်

လယ်သမားတစ်ယောက်သာ ဖြစ်လေရာ သူ့ရာထူး သူ့အဆင့်အတန်းအရ မည်သည့်ကိုများ ကြောက်နေရမည်နည်း။

..............

"မိုဝူကျို... မင်း ဒီကာကွယ်ရေးအစီအရင်နဲ့ သေမင်းထောင်ချောက်အစီအရင်ကို သဘောကျမှာပါ"

ကျန့်ချန်ကန်းက မိုဝူကျိုဆီ မဟာအစီအရင်အလံတစ်ခု ပေးလိုက်ရင်း ရယ်မောလိုက်သည်။

"ဒီသေမင်းထောင်ချောက်မှာ အသံပေးစနစ် ပါတယ်။ တစ်ယောက်ယောက်က သူ့ကို တိုက်ခိုက်လိုက်တာနဲ့ အသံပေးစနစ်ကို ချက်ချင်း ခလုတ်နှိပ်မိသွားလိမ့်မယ်"

"ကျေးဇူးအများကြီးတင်ပါတယ်... အကြီးအကဲကျန့်။ ဒီသေမင်းထောင်ချောက်ကို ကျုပ် နားမလည်နိုင်ပေမဲ့ ဒီဟာက ကျုပ်အရင် ခင်းကျင်းထားတဲ့အစီအရင်ထက် အဆတစ်သောင်းကျော် ပိုပြီးစွမ်းတယ်ဆိုတာ ကျုပ် ခံစားမိပါတယ်"

မိုဝူကျိုက အလျင်အမြန် လေးလေးစားစား ဦးညွှတ်ကာ ကျန့်ချန်ကန်းအား ကျေးဇူးတင်လိုက်သည်။ သို့သော်

သူ့စိတ်ထဲတွင် ဤသေမင်းထောင်ချောက်အစီအရင်ကို သူ့အပိုင်ထက် ပိုကောင်းသည်ဟု မတွေးမိပေ။

ထိုသို့ပြောပြီးနောက် သူက အိတ်တစ်အိတ်ထုတ်လိုက်ကာ အကြီးအကဲကျန့်ဆီ ပေးလိုက်သည်။

"အကြီးအကဲကျန့်… ဒါက ကျုပ် စိုက်ပျိုးထားတဲ့ အဆင့်မြင့် နှင်းစက်စိမ်းဆန်ပါ။ ဂိုဏ်းက တောင်းသလောက် တင်သွင်းပြီးတဲ့နောက် သိပ်မကျန်တော့လို့ ကျုပ် ပေးနိုင်တာ ဒါအကုန်ပါပဲ။ ကျေးဇူးပြု၍ ယူပါဗျာ"

"ကောင်းပါပြီ… အဲ့ဒါဆို ကျုပ် ယူလိုက်ပါ့မယ်"

မိုဝူကျိအား အစီအရင်ကူညီခင်းကျင်းပေးနေစဉ် မိုဝူကျိဆီမှ အဆင့်မြင့် နှင်းစက်စိမ်းဆန် တောင်းဖို့ အတွေးက အဘယ်ကြောင့် အကြီးအကဲကျန့် စိတ်ထဲပေါ်မလာဘဲ နေပါ့မည်နည်း။

မိုဝူကျိတွင် လယ်တစ်ကွက်ပဲ ရှိလေ၏။ ၂၀ ကာတီ တင်သွင်းလိုက်ပြီး တချို့ကို တပည့်တချို့ဆီ ရောင်းလိုက်ပြီးသည့်နောက်တွင် ယခု သူ့ကို နောက်ထပ် ဆန် ၆ ကာတီ ၇ ကာတီလောက် ပေးသေးလေ၏။ ထို့ကြောင့် သူက အလွန်ပင် ကျေနပ်နေမိသည်။

မိုဝူကျို၏လယ်ကွက်မှ နှင်းစက်စိမ်းဆန် ၁၀၀ ကာတီကျော် ထွက်ကြောင်းနှင့်ပတ်သက်၍ သူ မမြင်မိပေ။ ထိုကိစ္စအကြောင်း ရှင်းရှင်းလင်းလင်းလည်း မသိပေ။ ထို့ထက် သူက မယုံကြည်ပေ။

ဟော်ရှန်၏ မနာလိုမျက်လုံးများရှေ့တွင် ကျန့်ချန်ကန်းက နှင်းစက်စိမ်းဆန်ကို သိမ်းလိုက်ပြီး မိုဝူကျိုအား ကျောက်စိမ်းတံဆိပ်ပြား တစ်ခု ပေးလိုက်သည်။

"ဒါက ကျုပ်ရဲ့ တံဆိပ်ပြား။ နောက်တစ်ခါ ဂိုဏ်းထဲမှာ မင်းလိုအပ်တာရှိလာခဲ့ရင် ဒါကို အသုံးပြုနိုင်တယ်။ မင်းရဲ့လယ်ကွက်နဲ့ပတ်သက်ပြီး ပြောင်းချင်တာတွေ အရွယ်အစား ကြီးချင်တာတွေ ရှိလာခဲ့ရင် ဒီတံဆိပ်ပြားကိုယူပြီး ကွမ်းကျစ်ကို ရှာလိုက်။ မင်းလုပ်ရမှာက သူ့ကို အဲ့ဒါတွေ ကူညီဖြေရှင်းခိုင်းဖို့ပဲ"

မိုဝူကျိုက မငြင်းပေ။ တံဆိပ်ပြားကို သိမ်းပြီးသည့်နောက် သူက နောက်ထပ်ဆန်တစ်အိတ်ကို ထုတ်ကာ ဟော်ရှန့်အား ပေးလိုက်သည်။

"ခန်းမသခင်ဟော်... ဒီထဲမှာ ခန်းမသခင်အတွက် နှင်းစက်စိမ်းဆန် ကာတီတချို့ ပါပါတယ်။ ကျုပ်ရဲ့ပြဿနာအတွက် ဒီထိ လူကိုယ်တိုင် ရောက်လာပေးလို့ ခန်းမသခင်ကို ကျေးဇူးတင်ပါတယ်ဗျာ"

ဟော်ရှန့်မှာ အနည်းငယ် အိုးတိုးအန်းတန်း ခံစားမိသော်လည်း ဤအဆင့်မြင့် နှင်းစက်စိမ်းဆန်မှာ လက်လွှတ်လိုက်ဖို့ရာ အလွန်အဖိုးတန်နေသည်။

“ဒါဆို ကျုပ်လည်း အားနာနာနဲ့ လက်ခံလိုက်ပါ့မယ်”

ဟော်ရှန့်ကလည်း ဆန်ကို သိမ်းလိုက်ပြီး မိုဝူကျိကို ကျောက်စိမ်းတံဆိပ်ပြားတစ်ခု ထုတ်ပေးလိုက်၏။

“မိုဝူကျိ… ဒါက စည်းကမ်းရေးရာခန်းမရဲ့အပြစ်ကင်း တံဆိပ်ပြားပဲ။ ဂိုဏ်းကို ကြီးကြီးမားမား ပျက်စီးစေတဲ့အရာတွေကို မလုပ်သရွေ့ ဒီတံဆိပ်ပြားကို သုံးလို့ရတယ်။ ဒါနဲ့ အဆင့်မြင့် နှင်းစက်စိမ်းဆန်တွေကို စိုက်ပျိုးထုတ်လုပ်တာက အရမ်းကြီးမားတဲ့ ကိစ္စပဲ။ ဂိုဏ်းက ပိုနေတဲ့ဆန်တွေကို မင်းဘယ်လို အပေးအယူလုပ်လုပ် ဝင်စွက်ဖက်မှာမဟုတ်ပေမဲ့ အဲ့ကိစ္စနဲ့ပတ်သက်ပြီး မင်း ပိုပြီးတော့ ဂရုစိုက်သင့်တယ်”

ဟော်ရှန့် စကား၏ နောက်ကွယ်မှ ဆိုလိုရင်းမှာ အလွန်ရှင်း၏။ နှင်းစက်စိမ်းဆန်ကို ဖြစ်သလို မရောင်းပစ်ရန် ဖြစ်သည်။ ဤစကားများမှာ လျှော်ကန်နေပြောခြင်းသာ ဖြစ်သည်။ သိသာလှစွာပင် ဂိုဏ်း၏ စည်းကမ်းဘောင်ကို မကျော်သရွေ့ သူစိုက်သည့်ဆန်များကို သူ့စိတ်ကြိုက် ရောင်းဝယ်နိုင်လေ၏။

ကျန့်ချန်ကန်းက မိုဝူကျို၏ လုပ်ပုံကိုင်ပုံကို အလွန်ပင် သဘောကျနေမိသည်။ ထို့ကြောင့် သူက မိုဝူကျို၏ ခေါင်းကို ပုတ်ကာ ပြောလိုက်သည်။

"ကျုပ် အရင်သွားနှင့်လိုက်မယ်။ ဂိုဏ်းချုပ် ပြန်ရောက်ရင် မင်းရဲ့ကိစ္စကို ကျုပ် သူ့ဆီ တင်ပြပေးမယ်။ ပြီးတော့…"

ခဏရပ်လိုက်ပြီး ကျန့်ချန်ကန်းက ဆက်ပြောလိုက်သည်။

"မိုဝူကျို… မိုးကောင်းကင်ငယ်ဂိုဏ်းထဲမှာ မင်းရဲ့အနာဂတ်က အလားအလာကောင်းတယ်။ ဒါကြောင့် မိုးကောင်းကင်ရေကန်ငယ်တောင်နဲ့ သိပ်မပတ်သက်တာ အကောင်းဆုံးပဲ"

ဤအကြိမ်တွင်တော့ မိုဝူကျိုက တလေးတစား ဦးသာညွှတ်လိုက်ကာ မတုံ့ပြန်ချေ။

ဤနေရာတွင် နှင်းစက်စိမ်းဆန် စိုက်နိုင်သည်မှာ မိန်ချင်းချင်း၏ ကျေးဇူးကြောင့်သာ ဖြစ်သည်။ လူတစ်ယောက်သည် သူ၏ဘဝစစ်မြစ်ကို မမေ့သင့်ပေ။ မိန်ချင်းချင်း ဘာတွေလုပ်ခဲ့သည်ကို သူမသိသော်လည်း သူမဆီမှာ သူ့အကြွေးတင်နေကြောင်းတော့ သူ ကောင်းကောင်းသိသည်။

အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးရိတ်သိမ်းခြင်းက တစ်ကိစ္စဖြစ်ကာ ပို၍အရေးကြီးသည်မှာ သူ့နှလုံးအခြေအနေနှင့် ပတ်သက်၍ ဘာမှားနေသည်ကို မထင်မှတ်ဘဲ သူရှာတွေ့လိုက်၏။ သို့မဟုတ်ပါက သူ၏ ယခင် ကျင့်ကြံဆင့်ကို မည်ကဲ့သို့ ကျော်လွှန်ရမည်အား သူ သိလောက်ဦးမည် မဟုတ်ပေ။

................

မိုးကောင်းကင်ငယ်ရွာ၏ ညချိန်မှာ အငြိမ်သက်ဆုံး ဖြစ်၏။ လူအများစုမှာ ကျင့်ကြံသူများ ဖြစ်ကြသော်လည်း သူတို့၏ တစ်နေ့တာအချိန်ကို နှင်းစက်စိမ်းဆန် စိုက်သည့်နေရာတွင် အသုံးချကြကာ ညရောက်လျှင် စောစောစီးစီး စတင်တရားထိုင် ကျင့်ကြံကြလေ့ ရှိသည်။ သူတို့သည် သူတို့၏ ရသလောက် အချိန်လေးကို သူတို့၏ ကျင့်ကြံဆင့် တိုးတက်လာစေရန် အသုံးပြုကြလေသည်။

အနားယူမနေသည့် တစ်ဦးတည်းသောသူမှာ မိုဝူကျိသာ ဖြစ်လိမ့်မည်။ သူက အဆင့်နိမ့် နတ်ဘုရားအဆင့် ကိုယ်ပျောက်သံချပ်ကာကို ဝတ်ဆင်လိုက်ကာ လေလွှတ်မြောက်ရေး နည်းစနစ်ကို သုံး၍ သူ၏ (ဃ)၇၉ လယ်ကွက်မှ ပျောက်ကွယ်သွားလေသည်။

**လူသတ် မီးရှို့ရန်အတွက် အကောင်းဆုံးဖြစ်သည့် လေထန်သော လမိုက်ညတစ်ညပင်တည်း။**

## အခန်း (၉၅၇) : ဘာဖြစ်လို့ ခင်ဗျား ကျုပ်ကို ပြဿနာ လာရှာရတာလဲ

မိုးသောက် အာရုဏ်တက်ချိန်တွင် မိုးကောင်းကင်ငယ်ရွာသည် လုံး၀ တိတ်ဆိတ် ငြိမ်သက်နေလေ၏။ နှင်းစက်စိမ်းဆန်စိုက်သော ကျင့်ကြံသူများမှာ နေ့ဘက်တွင် အပင်များကို ဂရုစိုက်ရသဖြင့် သူတို့သည် ညချိန်ကို ကျင့်ကြံဖို့ အသုံးချလေ့ရှိကြသည်။ သိပ်သည်းနေသော နတ်ဝိညာဉ်စွမ်းအားတို့က သူတို့အား ရှေ့တစ်ဆင့် တက်လှမ်းနိုင်အောင် ကူညီပေးနိုင်လေမလားဟူသော မျှော်လင့်ချက်တို့ဖြင့် ဖြစ်သည်။

ရွာတွင် စွမ်းအားစုဝေးရေး အစီအရင်တစ်ခု ရှိကာ နတ်ဝိညာဉ်စွမ်းအားတို့မှာ လိုသည်ထက် ပိုနေသော်လည်း မည်သည့် အပြင်လူ ကျင့်ကြံသူမှ ဝင်မလာပေ။ ပထမအချက်မှာ အပြင်လူများကို အထဲ၌ ကျင့်ကြံခြင်းအား တားမြစ်ထားသည်။

ဒုတိယအချက်မှာ အပြင်လူများကို ရွာထဲတွင် ညအိပ်ခွင့် မပြုထားပေ။

တစ်ခုတည်းသော ဖွင့်ထားသည့် အလင်းရောင်မှာ ရွာထဲရှိ ကျောက်တုံးအဆောက်အဦး၏ ၆ ထပ်မြောက်အထပ်သာ ဖြစ်ပေလိမ့်မည်။

ကျောက်တုံး အဆောက်အဦးကို မိုဝူကျိက ဖြတ်လာလိုက်စဉ် သူ့စိတ်စွမ်းအားဖြင့် ကွမ်းကျစ်၏ စိတ်တိုနေသောပုံစံကိုပင် မြင်နိုင်လေသည်။ သို့သော် သူက ကွမ်းကျစ်ကို ချက်ချင်းမသတ်သေးဘဲ ထိုအစား အဆောက်အဦးပတ်လည်ကို တစ်ပတ် ပတ်လိုက်ပြီး မိုးကောင်းကင်ငယ်ရွာ၏ ကာကွယ်ရေး အစီအရင်ဘေးသို့ ဆင်းလိုက်သည်။

ကာကွယ်ရေး အစီအရင်မှာ အဆင့် ၄ နတ်ဘုရားအစီအရင်ဖြစ်ကာ ၎င်းတွင်လည်း တူညီသော အသံပေး စနစ်ပါရှိလေသည်။ အစီအရင်ထဲသို့ တိုးဝင်လာလိုက်သည် ဖြစ်စေ၊ အစီအရင်အား တိုက်ခိုက်လိုက်သည် ဖြစ်စေ၊ အသံပေးခလုတ်ကို ချက်ချင်း ဖွင့်ပြီးသား ဖြစ်သွားပေလိမ့်မည်။ ထိုသို့ ဖြစ်သွားသည်နှင့် မိုးကောင်းကင်ငယ်ဂိုဏ်းမှ ကျင့်ကြံသူများသည် တတ်နိုင်သမျှ မြန်မြန် ရွာဆီ အပြေးရောက်လာကြမည် ဖြစ်သည်။

အဆင့် ၄ နတ်ဘုရားအစီအရင်မှာ ရွာအတွက် လုံလောက်လေ၏။ ၎င်းကို ဖျက်ဆီးရန် အနိမ့်ဆုံး အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာကို လိုအပ်ပေသည်။

ပုံမှန်အခြေအနေတွင် မိုးကောင်းကင်ငယ်ရွာသည် အဆင့်နိမ့် နှင်းစက်စိမ်းဆန်ကိုသာ ထုတ်လုပ်နိုင်သည်။ ဤသည်မှာ နတ်ဘုရားကုန်းမြေထဲတွင် ပြောပစရာ မရှိချေ။ မည်သည့် နေရာတွင်မဆို ဝယ်ယူရရှိနိုင်လေသည်။

အဆင့် ၄ နတ်ဘုရား အစီအရင်ဆရာတို့တွင်လည်း သူတို့ သုံးရန်အတွက် အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန်များ အလုံအလောက် ရှိလေ၏။ သို့ဖြစ်ရာ မည်သူကများ ဤရွာကို လာ၍ အဆင့်နိမ့် နှင်းစက်စိမ်းဆန်ကို ခိုးယူမည်နည်း။ ထိုအဆင့် ၄ နတ်ဘုရား အစီအရင်ဆရာမှာ အရူးတစ်ယောက် ဖြစ်နေမှသာ ခိုးလိမ့်မည်။ သို့မဟုတ်ပါက အဆင့်နိမ့် နှင်းစက်စိမ်းဆန်တချို့အတွက် ရွာ၏ အဆင့် ၄ ကာကွယ်ရေး အစီအရင်ကို ဖျက်ဆီးရန် မည်သူကမျှ မိုးကောင်းကင်ငယ်ဂိုဏ်းအား အပြစ်ပြုမိမည့်အလုပ်ကို စွန့်စားမည် မဟုတ်ချေ။

မိုဝူကျိ ကိုယ်တိုင်မှာ အဆင့် ၄ နတ်ဘုရား အစီအရင်ဆရာ ဖြစ်လေရာ ဤကာကွယ်ရေး အစီအရင်မှာ သူ့အတွက်

အပန်းမကြီးလှချေ။ အမွေးတိုင်တစ်ဝက်စာ အချိန်အတွင်း သူက ၎င်း၏ ဗဟိုချက်ကို ရှာတွေ့သွားလေ၏။

...............

ကျောက်တုံးအဆောက်အဦး၏ ထိပ်ဆုံးအထပ်၌ ကွမ်းကျစ်က သူ့ရှေ့တွင် ရှိနေသော နှင်းစက်စိမ်းဆန် အပုံလေးကို တအံ့တသြ စိုက်ကြည့်လိုက်၏။

နှင်းစက်စိမ်းဆန် မျိုးစေ့များအားလုံးအနက် တချို့မှာ ရွှေရောင်ဖျော့ဖျော့ သန်းနေလေသည်။ နှစ်ပေါင်းများစွာ နှင်းစက်စိမ်းဆန်အား စီမံခန့်ခွဲခဲ့ရသူ တစ်ယောက်အနေဖြင့် ဤသည်မှာ မည်သည်ကို ဆိုလိုသည်မှန်း အဘယ်ကြောင့် သူ မသိဘဲ နေမည်နည်း။

ဤသည်မှာ မိုဝူကျိ စိုက်ပျိုးလိုက်သော နှင်းစက်စိမ်းဆန်မျိုးစေ့များသည် ထိပ်တန်းအဆင့်နား နီးနေပြီဟု ဆိုလိုခြင်း ဖြစ်သည်။

သူ မိုဝူကျိအား ပေးလိုက်သည့် မျိုးစေ့များမှာ အဆင့်နိမ့် နှင်းစက်စိမ်းဆန် မျိုးစေ့များသာ ဖြစ်၏။ အကယ်၍ မိုဝူကျိက ထိုမျိုးစေ့များကို သုံးပြီး ထိပ်တန်းအဆင့်နီးပါး နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးနိုင်ပါက ဤသည်မှာ မည်သည်ကို ဆိုလိုသနည်း။

ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်ကို ထုတ်နိုင်ရန် အနည်းဆုံး အဆင့်မြင့် နှင်းစက်စိမ်းဆန်မျိုးစေ့ လိုအပ်ကြောင်း ကွမ်းကျစ် သိပေသည်။

ကွမ်းကျစ်က ဒေါသတကြီး လက်သီးများကို ဆုပ်လိုက်ပြီးနောက် ဆောင့်ကြီးအောင့်ကြီး ပြန်ဖြည်လိုက်သည်။ မိုဝူကျိသည် သူရောက်နေသည့် အနေအထားကို ရောင့်ရဲရကောင်းမှန်း မသိပေ။ ကွမ်းကျစ်၏ ဦးလေးအား ကြောက်၍သာ မဟုတ်ပါက ဤငတိက အလျှော့ပေးမည် မဟုတ်လောက်ချေ။

အကယ်၍ ဤလူသာ အခြေအနေကို ပို၍ ကြည့်တတ်ပြီး ကွမ်းကျစ်အတွက် အလုပ်လုပ်ပေးမည်ဆိုပါက… ထိုသို့ဆိုလျှင် သူက…

**ထားလိုက်ပါတော့… ဤလူအား သတ်မှရမည်။**

မိုဝူကျိသည် အဆင့်နိမ့် နှင်းစက်စိမ်းဆန်မျိုးစေ့ကို သုံးပြီး အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးထုတ်လုပ်နိုင်သည်။ သို့ဖြစ်ရာ မိုဝူကျိ၌ ထိုသို့လုပ်နိုင်သည့် နည်းလမ်းတစ်ခုခု ရှိပေလိမ့်မည်။ မိုဝူကျိအား မသတ်မီ ဤသတင်းကို မိုဝူကျိဆီမှ ရအောင် အတင်းနှိုက်ယူနိုင်သရွေ့ အဆင့်မြင့် နှင်းစက်စိမ်းဆန်တွေ ထုတ်နိုင်သည့်သူမှာ သူ ကွမ်းကျစ် ဖြစ်လာပေလိမ့်မည်။

"ဒီနှင်းစက်စိမ်းဆန်က ကောင်းတယ် မဟုတ်လား"

ရုတ်တရက် ထွက်လာသည့်အသံတစ်သံက ကွမ်းကျစ် နှစ်မျောနေသော အဆင့်မြင့် နှင်းစက်စိမ်းဆန် စိတ်ကူးယဉ်အိမ်မက်အား အနှောင့်အယှက် ပေးလိုက်လေ၏။ ကွမ်းကျစ်က ချက်ချင်း ခေါင်းမော့ ကြည့်လိုက်သည်။

အနက်ရောင်ဝတ်စုံနှင့်လူတစ်ယောက်က သူ့ရှေ့တွင် ရပ်နေသည်။ သိသာလှစွာပင် ထိုသူသည် အသံလာရာ ရင်းမြစ် ဖြစ်လေ၏။

"မင်း ဘယ်သူလဲ"

နောက်သို့ ခြေလှမ်းအနည်းငယ် ဆုတ်လိုက်ပြီးနောက် ကွမ်းကျစ်၏ အသံမှာ တင်းမာသွားသည်။

"ဒီနေရာက မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ မိုးကောင်းကင်ငယ်ရွာပဲ။ မင်း တိုက်ခိုက်လိုက်တာနဲ့ မိုးကောင်းကင်ငယ်ဂိုဏ်းက ချက်ချင်း သိသွားကြမှာ"

"နေ့လည်ကတင် ကျုပ် ခင်ဗျားကို ဒီနှင်းစက်စိမ်းဆန်တွေ ပေးလိုက်တာလေ… ခင်ဗျား မေ့သွားပြီလား"

မိုဝူကျိုက တစ်ချက်ရယ်လိုက်သည်။ သူက သူ့ရုပ်ရည်ပုံသဏ္ဌာန်အား ပြောင်းထားသော်လည်း အသံကို မပြောင်းထားချေ။

နောက်ဆုံးတွင်တော့ ကွမ်းကျစ်သည် ဘာတွေဖြစ်ပျက်နေသည်ကို နားလည်သွားကာ

“မင်းက မိုဝူကျိုပဲ။ မင်း ငါ့ရဲ့ပိုင်နက်ထဲ လာရဲသေးတယ်ပေါ့။ သေချင်နေတာလား”

သူ့ရှေ့မှလူသည် မိုဝူကျိုမှန်း သိသွားသောအခါ ကွမ်းကျစ်သည် ချက်ချင်း စိတ်အေးသွား၏။

အကယ်၍ တခြားလူစိမ်းတစ်ယောက် ဆိုပါက သူ ကြောက်မိမည် ဖြစ်သော်လည်း မိုဝူကျိုကိုတော့ သူ မကြောက်ပေ။ သူ့ဦးလေးက မိုဝူကျိုသည် အလွန်ဆုံးရှိလှ ကနဦးနတ်ဘုရား အစောပိုင်းအဆင့်တွင်သာ ရှိမည်ဟု သူကို ပြောဖူးသည်။ အကယ်၍ သူ့ဦးလေးက မှားနေကာ မိုဝူကျိုက ကနဦးနတ်ဘုရား အလယ်အလတ်အဆင့်တွင် ရှိနေလျှင်ပင် သူက မကြောက်သေးပေ။ သူ ကွမ်းကျစ်က မည်မျှပင် အသုံးမကျနေစေကာမူ သူ့ ကျင့်ကြံဆင့်သည် အနည်းဆုံးတော့ ကနဦးနတ်ဘုရား အဆင့် ၇ တွင် ရှိလေသည်။ ကနဦးနတ်ဘုရား

အလယ်အလတ်အဆင့်နှင့် အဆင့်မြင့်ကြားတွင် ကွာခြားချက် အကြီးကြီး ရှိနေသေး၏။

ကွမ်းကျစ်မှာ စိတ်အေးသွားသော်လည်း သူ့စိတ်စွမ်းအားကို ဆက်လက် ဖြန့်ကျက်လိုက်သည်။ သူက မိုဝူကျိအား မကြောက်သော်လည်း မိုဝူကျိက စစ်ကူများ ခေါ်လာမည်ကိုကား ကြောက်မိ၏။

တော်သေးသည်မှာ သူ့စိတ်စွမ်းအားသည် မည်သည့်တခြားလူ၏ အစအနကိုမျှ ခြေရာ မကောက်မိချေ။ ဤသည်က သူ့အား သက်ပြင်းမောကြီး ချစေနိုင်လိုက်၏။

"မင်းရောက်လာပြီဆိုမှတော့ မပြန်နဲ့တော့"

ကွမ်းကျစ်က မိုဝူကျိအား ဖမ်းဆွဲရန် လှမ်းလိုက်သည်။

သို့သော် သူ ခြေတစ်လှမ်းသာ ထုတ်ရသေးသည့်အချိန်တွင် ဝဲကတော့ စွမ်းအားစက်ကွင်းတစ်ခုက သူ့ဆီ လွှမ်းမိုးသွားသယောင် ခံစားလိုက်ရသည်။ သူ၏ စက်ကွင်းမှာကား မိုဝူကျိ၏ ဝဲကတော့ စွမ်းအားစက်ကွင်းနှင့်စာလျှင် စက္ကူပါးတစ်ရွက်သကဲ့သို့ ဖြစ်ကာ တစ်ခဏလေးအတွင်း ဆုတ်ပြဲပျက်စီးသွားလေ၏။

**မကောင်းတော့ဘူး...**

မိုဝူကျို၏ ကျင့်ကြံဆင့်မှာ သေချာပေါက် ကနဦးနတ်ဘုရား အစောပိုင်းအဆင့်တွင် မရှိချေ။ ဤသည်မှာ အနည်းဆုံး ကောင်းကင်နတ်ဘုရားအဆင့်တွင် ရှိ၏။ ကွမ်းကျစ်မှာ အလွန်အမင်း ကြောက်ရွံ့တုန်လှုပ်လာကာ ထွက်ပြေးချင်မိသွား၏။ သို့သော် မကြာမီပင် သူ့ပတ်ဝန်းကျင်ရှိ တည်နေရာတစ်ခုလုံးမှာ ပိတ်လှောင်ခံထားရကြောင်း သူ တွေ့ရှိသွားသည်။

ချက်ချင်းလိုလိုပင် မိုဝူကျို၏ လက်က သူ့ဆီ ဆန့်ထွက်လာကာ သူ့လည်ပင်းအား တခဏအတွင်း ဖမ်းဆုပ်ရစ်ပတ်လိုက်သည်။ ထို့နောက် သူ့ကို ကြက်ကလေး ငှက်ကလေး ဖမ်းသကဲ့သို့ ဆွဲမလိုက်၏။

ကနဦးနတ်ဘုရား အဆင့် ၇ ကွမ်းကျစ်သည် ကနဦးနတ်ဘုရား အဆင့် ၄ မိုဝူကျိုနှင့် ယှဉ်ပါက လက်တစ်ချောင်းပင် မ မလိုက်နိုင်ပေ။

“ခင်ဗျားက ခင်ဗျားရဲ့ကျက်သရေမရှိတဲ့ ဦးလေးနဲ့ ကျုပ်ကို ဒုက္ခပေးဦးမလို့ ကြံစည်နေတာမလား။ နှမြောစရာပဲ… ခင်ဗျားကို အဲ့လို ထပ်လုပ်ဖို့ ကျုပ်က အခွင့်ပေးတော့မှာ မဟုတ်ဘူး။ ပြီးတော့ ဒီနှင်းစက်စိမ်းဆန်က နဂိုကတည်းက ကျုပ် ပိုင်တာ… အဲ့တော့ ဒီနေ့ ဒါကို ကျုပ် ပြန်ယူသွားမယ်”

ပြောပြီးသည့်နောက် ကွမ်းကျစ် ထုတ်ကြည့်နေသော အဆင့်မြင့်နှင်းစက်စိမ်းဆန် ၂၀ ကာတီကို မိုဝူကျိက သိမ်းယူလိုက်သည်။ တစ်ချိန်တည်းမှာပင် ကွမ်းကျစ်၏ လက်စွပ်ကိုလည်း ယူသွားလိုက်၏။

"မိုဝူကျိ... မင်း ငါ့ကို ထိလို့မရဘူး... ငါ့ ဦးလေးက..."

ကွမ်းကျစ်က စကားအနည်းငယ်သာ ပြောနိုင်လိုက်ပြီးနောက် သူ့လည်ပင်းတစ်ဝိုက်ရှိ လက်က တင်းကျပ်လာသည်ကို ခံစားလိုက်ရသည်။ ထို့နောက်တွင်ကား သူ ဘာမှထပ်မပြောနိုင်တော့ချေ။

မိုဝူကျိက သက်ပြင်းချလိုက်ကာ

"ပြောနေလည်း ဘာထူးမှာလဲ။ ကျုပ် ဘယ်တုန်းကများ ခင်ဗျားကို ရန်စမိလို့လဲ... ကျုပ်က ဒီမှာ အချိန်ကာလတစ်ခုလောက် အေးအေးချမ်းချမ်း ဖြတ်သန်းချင်ရုံပဲ။ ခင်ဗျားကကော ဘာဖြစ်လို့ ကျုပ်ကို ပြဿနာ လာရှာရတာလဲ"

နောက်ဆုံးစကားနှစ်ခွန်းနှင့်အတူ မိုဝူကျိ၏ စိတ်စွမ်းအားက တဟုန်ထိုး ထွက်သွားကာ ကွမ်းကျစ်၏ အသိစိတ်ပင်လယ်အား ချေမွပစ်လိုက်သည်။ ထို့အပြင် သူ၏ ကမ္ဘာဦးစိတ်ဝိညာဉ်

ထွက်မပြေးနိုင်ခင် မီးလုံးတစ်လုံးက သူ့ကိုယ်ပေါ် ကျရောက်သွားသည်။

အသက်ရှိုက်စာ အနည်းငယ်အတွင်း ကွမ်းကျစ်သည် ပြာပုံတစ်ပုံ ဖြစ်သွားကာ မိုဝူကျို၏ လက်အငွေ့တစ်ချက်တွင် ထိုပြာများ အပြီးအပိုင် ပျောက်ကွယ်သွားလေသည်။

ကွမ်းကျစ်အား သတ်ပြီးသည့်နောက် မိုဝူကျိုသည် သူ့လယ်ကွက်သို့ ပြန်မသွားသေးဘဲ သူဝင်လာသည့် ကာကွယ်ရေး အစီအရင်၏ အစီအရင်ဗဟိုချက်မှ ထွက်လိုက်သည်။ ထို့နောက် နေရာပြောင်းကာ ကာကွယ်ရေး အစီအရင်အား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

ကာကွယ်ရေး အစီအရင်အပေါ် သူ၏ပထမ ရိုက်ချက်အပြီး စူးစူးရှရှ အချက်ပေးသံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မိုးကောင်းကင်ငယ်ရွာတစ်ရွာလုံး အလန့်တကြား ဖြစ်သွားကြသော်လည်း မည်သူကမျှ ဘာတွေဖြစ်ပျက်နေသည်ကို ကြည့်ရန် ထွက်မလာကြချေ။ ရွာထဲမှ စပါးစိုက်ကြသော လူအားလုံးသည် အဆင့်နိမ့် ကျင့်ကြံဆင့်နှင့်သူများ ဖြစ်လျှင်ဖြစ် မဟုတ်လျှင် ပါရမီနည်းသော ကျင့်ကြံသူများသာ ဖြစ်ကြသည်။ သူတို့သည် မျှော်လင့်ချက် ငွေရောင်တန်းလေး တစ်ခုအတွက်

သူတို့၏ ဘဝများကို ရင်းထားကြရသည်ဖြစ်ရာ အချက်ပေး အသံတစ်သံကြောင့်ဖြင့် မည်သူကမျှ သေတွင်းထဲ ခုန်မချလိုပေ။

အမွေးတိုင်တစ်ဝက်စာခန့် အချိန်အတွင်း မိုဝူကျိသည် မိုးကောင်းကင်ငယ်ရွာ၏ ကာကွယ်ရေးအစီအရင်ကို ဖွင့်ဖောက် ဖျက်ဆီးပြီးလေပြီ။ ထို့နောက် သူက လေလွတ်မြောက်ရေး နည်းစနစ်ကို သုံးပြီး သူ့ (ဃ)၇၉ လယ်ကွက်ဆီ ပြန်သွားလိုက်၏။

……………

မိုဝူကျိ ထွက်သွားပြီးနောက် အမွေးတိုင်တစ်ဝက်စာပင် မရှိသေးခင် လူ ၁၀ ယောက်ကျော်က မိုးကောင်းကင်ငယ်ရွာထဲသို့ အပြေးဝင်ရောက်လာကြသည်။ ထို့နောက် ကွမ်းကျစ် နေသော အဆောက်အဦး၏ ၆ ထပ်မြောက်အထပ်ပေါ်သို့ ဆင်းသက်လိုက်ကြသည်။

“ကွမ်းကျစ် အသတ်ခံလိုက်ရတယ်။ ဒီနားမှာ ကွမ်းကျစ် အသတ်ခံလိုက်ရတဲ့ အငွေ့အသက်တွေ ရှိနေတယ်”

ပြောလိုက်သူမှာ နေ့လည်ကတင် လာခဲ့သော စတုတ္ထမြောက်အကြီးအကဲ ကျန့်ချန်ကန်း ဖြစ်သည်။

“ဖြစ်နိုင်တာက အဆင့်မြင့် နှင်းစက်စိမ်းဆန် ၂၀ ကာတီကြောင့်ပဲ နေမှာ။ ဆန်ရဲ့သတင်း ပေါက်ကြားသွားပြီ”

နောက်ထပ် အကြီးအကဲတစ်ယောက်က မှတ်ချက်ချလိုက်သည်။

တခြားသူများက မည်သည့် တုံ့ပြန်စကားမျှ မဆိုချေ။ သိသာလှစွာပင် အားလုံးသည် ဤအကြီးအကဲ ပြောသည်မှာ မှန်သည်ဟု တွေးလိုက်ကြသည်။ မိုဝူကျိ အဆင့်မြင့် နှင်းစက်စိမ်းဆန်တစ်ကွက် ထုတ်လုပ်နိုင်လိုက်သည့် သတင်းမှာ အချိန်တိုလေးအတွင်း မိုးကောင်းကင်ငယ်ဂိုဏ်း တစ်ခုလုံးအနှံ့ ရောက်ရှိသွားလေပြီ။ အကြီးအကဲ တချို့သည်ပင် နေ့ခင်းဘက်တွင် မိုဝူကျိဆီ လာရန် စီစဥ်ထားကြသည်။ နေ့ပင်မကူးသေးခင် မိုးကောင်းကင်ငယ်ရွာ၏ စီမံရေးမှူး တစ်ခုခု ဖြစ်သွားလိမ့်မည်ဟု မည်သူကမျှ သိပါ့မည်နည်း။

"မကောင်းတော့ဘူး... မိုဝူကျိကော တစ်ခုခု ဖြစ်သွားနိုင်မလား"

ဟောင်ရှန့်သည် နှင်းစက်စိမ်းဆန်ကို မိုဝူကျိ စိုက်ပျိုးထုတ်လုပ်လိုက်ကြောင်းအား ရုတ်တရက် ပြန်တွေးမိသွားသည်။ ဆန် ၂၀ ကာတီအတွက် ကွမ်းကျစ်မှာ အသတ်ခံခဲ့ရသည်ဖြစ်ရာ မိုဝူကျိကော အဆင်ပြေမည်လော။

ကျန့်ချန်ကန်းက ခေါင်းခါလိုက်ပြီး

"မဖြစ်နိုင်ဘူး... မိုဝူကျိရဲ့ကာကွယ်ရေး အစီအရင်ကို ကျုပ်ကိုယ်တိုင် ခင်းကျင်းပေးထားတာ။ ပြီးတော့ အချက်ပေးသံကို မကြားရသေးဘူး"

ထိုသို့ဆိုလျှင်မူ အကြီးအကဲများသည် မိုဝူကျိနေထိုင်ရာ (ဃ) ၇၉ လယ်ကွက်ဆီ အမြန်ဆုံးအရှိန်ဖြင့် အပြေးသွားနေပြီ ဖြစ်သည်။

ကာကွယ်ရေး အစီအရင်အား အထိခံရချိန်တွင် မိုဝူကျိသည် နားမလည်နိုင်သောပုံစံလေးဖြင့် ဖွင့်ပေးလိုက်သည်။ ဟော်ရှန့်၊ ကျန့်ချန်ကန်း နှင့် တခြားအကြီးအကဲများကို မြင်လိုက်သည်နှင့် သူက တလေးတစား ဦးညွှတ်လိုက်ရင်း မေးလိုက်သည်။

"ခန်းမသခင်ဟော်... အကြီးအကဲကျန့်... အကြီးအကဲတို့က..."

ကျန့်ချန်ကန်းက လက်ခါလိုက်ရင်း ပြန်ဖြေလိုက်သည်။

"ဘာရယ်မဟုတ်ပါဘူး။ နောင်ကျရင် ကာကွယ်ရေး အစီအရင်ကို တိုက်ခိုက်ခံရတာနဲ့ ချက်ချင်း အချက်ပေး ခလုတ်ဖွင့်ဖို့ သတိရပါ"

မိုဝူကျိ၏ မျက်နှာပေါ်တွင် နားမလည်သေးဟန်ပေါ်နေသော်လည်း အကြီးအကဲကျန့် ပြောနေသည်ကို သဘောပေါက်ကြောင်း အသိအမှတ်ပြုရန် သူက ရိုရိုသေသေ ထပ်မံ ဦးညွှတ်လိုက်လေသည်။

“ကဲ… ပြန်ကြရအောင်… ကျုပ်တို့ ကွမ်းကျစ်ရဲ့အခန်းကို သွားစစ်ဆေးကြည့်ကြရအောင်”

မိုဝူကျိကို သတိပေးပြီးသည့်နောက် ကျန့်ချန်ကန်းက ကျန်လူများအား ပြောလိုက်သည်။

လူအုပ်ကြီးသည် ကွမ်းကျစ် နေခဲ့သည့် အခန်းထဲသို့ နောက်တစ်ကြိမ် ဆင်းသက်လိုက်ကြပြန်သည်။ နောက်မှ လိုက်လာနေသော ကွမ်းထင်က မနေနိုင်ဘဲ ပြောလိုက်သည်။

“ကွမ်းကျစ်က အဆင့်မြင့် နှင်းစက်စိမ်းဆန် ၂၀ ကာတီကြောင့် အသတ်ခံရတယ်။ တစ်ကွက်လုံး စိုက်ထားတဲ့ မိုဝူကျိကျတော့ ဘာလို့ ဘာမှမဖြစ်တာလဲ”

ကျန့်ချန်ကန်းသည် ကွမ်းထင်ဘက်သို့လှည့်ကာ အသာပြောလိုက်သည်။

“ကွမ်းထင်… မင်း ဘာကို ဆိုလိုချင်နေလဲဆိုတာ ငါသိတယ်။ ကွမ်းကျစ်ဆီမှာ အဆင့်မြင့် နှင်းစက်စိမ်းဆန် ၂၀ ကာတီရှိတယ်ဆိုတဲ့ သတင်းက ပေါက်ကြားသွားလို့ ကွမ်းကျစ် သေသွားရတယ်။ ဒီအချက်တစ်ခုတည်းနဲ့တင် ငါတို့အားလုံးက သံသယရှိသူတွေ ဖြစ်ကုန်ပြီ။ ငါတို့တွေပဲ ဒီသတင်းကို သိကြတာမို့လို့ပဲ။ တစ်ဖက်မှာလည်း မိုဝူကျိက အဆင့်မြင့်

နှင်းစက်စိမ်းဆန်တစ်ကွက်လုံး ထုတ်လုပ်လိုက်တယ်ဆိုတာကို သိတဲ့သူ ဘယ်လောက်လောက် ရှိမလဲ။ ဒါ့အပြင် သူ့ဆီမှာ အဆင့်မြင့် နှင်းစက်စိမ်းဆန် သိပ်မကျန်လောက်တော့ဘူးလို့ ငါပြောရဲတယ်။

မိုဝူကျိုက လယ်တစ်ကွက်ပဲ စိုက်ပျိုးပြုစုရတာ။ တစ်ကွက်လုံးက အဆင့်မြင့် နှင်းစက်စိမ်းဆန်တွေနဲ့ ပြည့်နေတယ်ဆိုရင်တောင် ဘယ်လောက်များ ရိတ်သိမ်းနိုင်မှာမို့လဲ။ ငါ့စုံစမ်းချက်အရတော့ သူက ဂိုဏ်းထဲက တပည့်တွေဆီ ၂၅ ကာတီ ရောင်းလိုက်တယ်။ ကွမ်းကျစ်ဆီ ၂၀ ကာတီ တင်သွင်းလိုက်တယ်။ ပြီးတော့ ဟော်ရှန့်နဲ့ငါက သူ့ဆီကနေ ၅ ကာတီစီ ရထားတယ်။ ဒါတွေအားလုံးပေါင်းကြည့်လိုက်ရင် ၅၀ ကာတီကျော်နေပြီ။ ကွမ်းထင်... လယ်တစ်ကွက်က နှင်းစက်စိမ်းဆန် ဘယ်လောက်လောက် ထွက်နိုင်မယ်လို့ မင်းထင်လဲ”

နောက်ထပ် အကြီးအကဲတစ်ယောက်က ဝင်ပြောလိုက်သည်။

“အကြီးအကဲကျန့် ပြောတာ ကျုပ်တော့ သဘောတူတယ်။ တကယ်လို့ တစ်ယောက်ယောက်က မိုဝူကျို နှင်းစက်စိမ်းဆန်စိုက်နိုင်တာ သိသွားရင်တောင် သူက မိုဝူကျိုကို ထိမှာမဟုတ်ဘူး။ ပထမအချက်က သူက ကွမ်းကျစ်ဆီက ဆန် ၂၀ ကာတီ အရင် ခိုးလိုက်တာကြောင့်မို့လို့ မိုဝူကျိုရဲ့ကာကွယ်ရေး

အစီအရင်ကို ချိုးဖောက်ဖို့ အချိန်မလောက်တော့လို့။ ဒုတိယအချက်က မိုဝူကျိဆီမှာ နှင်းစက်စိမ်းဆန်တွေ ကျန်နေသေးရင်တောင် သိပ်မများလောက်ဘူးလို့ သူက မှန်းမိလို့ပဲ”

သို့သော် ကွမ်းထင်၏ စိတ်ထဲတွင် အတွေးတစ်ချက် လက်ခနဲဖြစ်သွားသည်။ သူက ကွမ်းကျစ်နှင့်သူ၏ စကားများကို ပြန်စဉ်းစားမိသွားသည်။ ကွမ်းကျစ်သည် သူကိုယ်တိုင်ပင် မယုံနိုင်လောက်သည်အထိ မိုဝူကျိ၏ လယ်ကွက်တွင် ကြောက်ခမန်းလိလိ ထွက်နိုင်စွမ်းရှိသည်ဟု သံသယဝင်မိသည်။ သို့သော် ထိုစဉ်က ကွမ်းထင်သည် သေချာ သတိမပြုမိလိုက်ပေ။ ကွမ်းကျစ် မယုံနိုင်ဖြစ်လောက်သည်အထိ ဆိုလေရာ မည်မျှလောက်များ ဖြစ်နိုင်လေမည်နည်း။ အကယ်၍ မိုဝူကျိ၏ လယ်ကွက်သည် ၅၀ ကာတီထက် အများကြီး ပိုပြီး ထွက်နိုင်စွမ်း ရှိနေပါက မည်သို့ ဖြစ်သွားမည်နည်း။

## အခန်း (၉၅၈) : ဂိုဏ်းချုပ် ရှီလင်ယု

## ကွမ်းကျစ် သေသွားလျှင်လည်း ရှိစေတော့…

သို့သော် အကယ်၍ မိုဝူကျိသည် အမှန်တကယ်ပင် အဆင့်မြင့်နှင်းစက်စိမ်းဆန် ၅၀ ကာတီကျော်ကို လယ်ကွက်တိုင်းတွင် စိုက်ပျိုးထုတ်လုပ်နိုင်လျှင် သူ့တွင် လျို့ဝှက်တချို့ ရှိကို ရှိနေရမည်။ နှင်းစက်စိမ်း ဆန်ကဲ့သို့ အရာမျိုးကို တစ်စုံတစ်ယောက်အား အတင်း စိုက်ပျိုးပြုစုစေ၍ မဖြစ်နိုင်ပေ။ သို့သော် မိုဝူကျိ၏ နည်းလမ်းများအား ထုတ်ပြောပြစေရန် သူ အတင်း လုပ်နိုင်သည်။

ကွမ်းကျစ်မှာ မိုဝူကျိ လက်ချက်ဖြင့် သေဆုံးသွားခြင်း ကိစ္စကိုကား ကွမ်းထင်က လုံးလုံး မစဉ်းစားမိပေ။ မိုဝူကျိတွင် ကွမ်းကျစ်အား သတ်ရန် ရည်ရွက်ချက်ကြီး ရှိနေလျှင်ပင် ဤရည်ရွယ်ချက်မှာ လုပ်ဆောင်နိုင်စွမ်းရှိဦးမှ ဖြစ်နိုင်ပေမည်။ အကယ်၍ မိုဝူကျိသည် သူက ကွမ်းကျစ်အား သတ်လိုက်ပါသည်ဟု ပြောလာလျှင်ပင် ကွမ်းထင်က ယုံမည် မဟုတ်ပေ။

"ဟင်း... ကြည့်ရတာ ငါတို့ မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ ကာကွယ်ရေး အစီအရင်ကို ထပ်ပြီး ခင်းကျင်းရတော့မယ်နဲ့ တူတယ်။ အဆင့် ၄ နဲ့ မလုံလောက်တော့တာ သိသာနေပြီ။ ဂိုဏ်းချုပ် ပြန်လာတာနဲ့ ငါတို့ အဆင့် ၅ ကာကွယ်ရေး အစီအရင် ခင်းကျင်းဖို့ နတ်ဘုရား အစီအရင်ဘုရင်တစ်ယောက် ရှာရမယ်"

ကျန်လူများက ခေါင်းငြိမ့်ကာ ကျန့်ချန်ကန်းကို သဘောတူလိုက်ကြသည်။

ဟော်ရှန့်၏ အကြည့်က သူ့ဘေးရှိ အတွေးလွန်နေသော ကွမ်းထင်ဆီ ရောက်သွားပြီး သူက ခပ်တင်းတင်း ပြောလိုက်သည်။

"ကွမ်းထင်… ကွမ်းကျစ်ရဲ့ လုပ်ကြံမှုကို စုံစမ်းဖို့ မင်းကို အပ်လိုက်မယ်။ ဘယ်သူလုပ်တာလဲဆိုတာ တတ်နိုင်သမျှ မြန်မြန်ရှာရမယ်။ မိုးကောင်းကင်ငယ်ဂိုဏ်းက သူများတွေနဲ့ ပြဿနာ မဖြစ်ချင်ဘူးဆိုရင်တောင် ဒါက ငါတို့ကို ဘယ်သူမဆို လာအနိုင်ကျင့်လို့ရတယ်လို့ မဆိုလိုဘူး"

"ခန်းမသခင်ဟော် ပြောတာ မှန်တယ်။ ကျုပ်ရဲ့မိုးကောင်းကင်ငယ်ဂိုဏ်းက ဘယ်သူမဆို အနိုင်ကျင့်လို့ရတဲ့ ဂိုဏ်းတစ်ဂိုဏ်း မဟုတ်ဘူး"

ထိုအခိုက်၌ သိသိသာသာ ပိန်လှီနေသော အညိုရောင်ဝတ်စုံနှင့် ကျင့်ကြံသူတစ်ဦးက လမ်းလျှောက်ဝင်လာသည်။

ဤလူ ဝင်လာသည်ကို မြင်သည့်အခါ အားလုံးက လေးစားစွာ ဦးညွှတ်လိုက်ကြရင်း

"ဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ်"

"ကျုပ် ဂိုဏ်းထဲမှာ အဆင့်မြင့်နှင်းစက်စိမ်းဆန် စိုက်နိုင်တဲ့ လူတော်တစ်ယောက် ပေါ်လာတယ်ကြားတာနဲ့ ချက်ချင်း ပြန်လာလိုက်တာ။ ဘယ်သူသိမှာလဲ... ဒီမှာ မှူခင်းလည်း ဖြစ်နေလိမ့်မယ်လို့"

ပိန်လှီနေသောလူက အားလုံးအား ခေါင်းငြိမ့်ပြလိုက်ရင်း အသံတိုးတိုးလေးဖြင့် ပြောလိုက်သည်။

ဤသည်မှာ မိုးကောင်းကင်ငယ်ဂိုဏ်း၏ ဂိုဏ်းချုပ်ရှီလင်ယု ဖြစ်ကာ နတ်ဘုရားဘုရင် အဆင့် ၄ တွင်ရှိသည့် ဂိုဏ်း၏ အားအကောင်းဆုံး ပညာရှင်လည်း ဖြစ်သည်။

"ကွမ်းကျစ်နဲ့မိုဝူကျိ ကြားက ပြဿနာကိုလည်း ကျုပ် ကြားပြီးပြီ။ ဒီလူရဲ့ သေဆုံးမှုက နှမြောနေဖို့ မတန်ပါဘူး။ သူ အသတ်မခံရရင်တောင် ကျုပ်ပြန်ရောက်တာနဲ့ ကျုပ်ကိုယ်တိုင် သတ်ပစ်မလို့။ မိုဝူကျိကော ဘာဖြစ်သွားသေးလဲ"

ရှီလင်ယုက ရှည်ရှည်ဝေးဝေးတွေ ပြောမနေတော့ဘဲ တဲ့တိုးသာ ပြောချလိုက်သည်။

"မိုဝူကျိက ဘာမှမဖြစ်ပါဘူး။ ကျုပ်တို့ ခုလေးတင် သူ့ကို သွားကြည့်လာခဲ့တာ"

ကျန့်ချန်ကန်းက မြန်မြန် တုံ့ပြန်လိုက်သည်။ သူက ဂိုဏ်းချုပ်သည် မိုဝူကျိအား အလေးပေးမည်ဟု သိသော်လည်း ဤမျှလောက်အထိ ဖြစ်မည်ဟုတော့ မထင်ခဲ့ချေ။

"ဂိုဏ်းချုပ်... ကျုပ် မိုဝူကျိကို ခုချက်ချင်း လာဖို့ ပြောလိုက်ပါ့မယ်"

ဟောင်ရှန့်၏ နောက်ကျောပေါ်တွင် ချွေးစေးများ ထွက်လာသည်။ သူသည် ခန်းမသခင်ရာထူး၌ နှစ်ပေါင်းများစွာ ထိုင်လာခဲ့လေရာ ဂိုဏ်းချုပ်စကားတို့၏ နောက်ကွယ်မှ ဆိုလိုရင်းကို အဘယ်ကြောင့် နားမလည်ဘဲနေပါ့မည်နည်း။ ဤသည်မှာ ဂိုဏ်းချုပ်သည် သူ့အား သဘောမတွေ့တော့ကြောင်း ဆိုလိုနေသည်။

ရှီလင်ယုက အခန်းတစ်ဝိုက် ဖွေ့ကြည့်လိုက်ပြီး အသာပြောလိုက်သည်။

"ကျုပ် ပြောချင်တာ အားလုံးက အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်နိုင်တဲ့ မိုဝူကျိကို လျစ်လျူရှုထားကြတယ်။ ခင်ဗျားတို့က ကွမ်းကျစ်လိုလူဆီ မိုဝူကျိကို အလျော့ပေးခိုင်းရုံတင် မကဘူး... သူ့ကို အန္တရာယ်တွင်းထဲကိုပါ တွန်းပို့လိုက်သေးတယ်"

ဤနေရာအရောက်တွင် ရှီလင်ယု၏ လေသံမှာ ပိုတင်းမာလာပြီး

"ကျုပ်တို့ နတ်ဘုရားကုန်းမြေက နတ်ဘုရားနယ်မြေထက်စာရင် ပိုင်နက် နယ်မြေအရကော မိုးမြေထဲက ဝိညာဉ်စွမ်းအင်ပေါကြွယ်ဝမှုမှာပါ သာနေတာမျိုး ရှိသလား။ မရှိဘူးလေ။ သာနေတာ တစ်ခုမှ မရှိဘူး။ အဲ့ဒီအစား နတ်ဘုရားကုန်းမြေမှာ ကျင့်ကြံသူတွေကို ပိုမြင့်တဲ့ ကျင့်ကြံဆင့်တွေ ရောက်ရှိနိုင်စေတဲ့ နှင်းစက်စိမ်းဆန်တွေ ရှိတယ်။ မိုဝူကျိ ဘယ်က ရောက်လာတာလဲ ကျုပ်မသိဘူး။ ဒါပေမဲ့ သူက အဆင့်မြင့် နှင်းစက်စိမ်းဆန်တွေ စိုက်ထုတ်နိုင်တယ်ဆိုတော့ သူက မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ အဖိုးတန်ရတနာတွေထဲက တစ်ခု ဖြစ်သွားပြီ။ အဲ့ဒါကို ခင်ဗျားတို့အားလုံး မိုဝူကျိကို ဆက်ဆံတဲ့ပုံစံက အရမ်းကို လျစ်လျူရှုထားရာ ကျနေတယ်။

ဟော်ရှန့်... မင်းလုပ်ရမှာက မိုဝူကျိကို ဒီနား ဆင့်ခေါ်ရမှာ မဟုတ်ဘူး... ကျုပ်တို့အားလုံး သူ့ဆီ သွားရမှာ။ ပြီးတော့ နေ့လည်က မိုဝူကျိရဲ့ပြဿနာကို မင်းဖြေရှင်းတာ အရမ်းပေါ့လျော့လွန်းတယ်။ မိုဝူကျိကို ဘယ်လိုမှ မတတ်နိုင်စေဘဲ ကွမ်းကျစ်ကို ချမ်းသာပေးစေခဲ့တဲ့ အထိပဲ။ တကယ်လို့ မိုးကောင်းကင်ငယ်ဂိုဏ်းဟာ ခုလို ဆက်လုပ်နေမယ်ဆိုရင် ကျုပ်တို့ ဘယ်လိုလုပ် အဆင့်မြင့် နတ်ဘုရားမြေဆီကို သွားနိုင်တော့မှာလဲ"

“ဟောဗ်ရှန့် အမှားကို သိပါပြီ”

ဟောဗ်ရှန့်၏ သတ်ဖြတ်ငွေ့မှာ အလွန်ပြင်းထန်နေသော်လည်း ဂိုဏ်းချုပ် ရှီလင်ယုရှေ့တွင်တော့ သူသည် တုပ်တုပ်မျှ မလှုပ်ရဲချေ။

ယခုမှ ရှီလင်ယု၏ လေသံမှာ နွေးထွေးလာကာ ဟောဗ်ရှန့်ကို ဆက်ပြောလိုက်သည်။

“စည်းကမ်းရေးရာခန်းမထဲက အရှုပ်အထွေးတွေအားလုံးကို ကျုပ်သိတယ်။ အဲ့ဒီ မဟုတ်တာတွေ အကုန်လုံးကို ရပ်ပစ်ပြီး စည်းကမ်းရေးရာခန်းမ တစ်ခုလုံးကို ရှင်းပစ်ဖို့ ကျုပ် မင်းကို အချိန်တစ်ခု ပေးမယ်”

“အမိန့်နာခံလျက်ပါ”

ဟောဗ်ရှန့်၏ နောက်ကျောတွင်ကား ချွေးစေးများနှင့် ရွှဲနေလေပြီ။ သူ၏ လုပ်ရပ်သေးသေးလေးများကို ဂိုဏ်းချုပ်က အစောပိုင်းကတည်းက သိနေလျက်နှင့် ဘာမှမပြောဘဲ သူအသိပြန်ဝင်လာမည့် အချိန်ကို စောင့်နေမည်မှန်း လုံးဝ မသိခဲ့ချေ။

ရှီလင်ယုက ကွမ်းထင်ဘက် မျက်နှာမူလိုက်ပြီး ထပ်ပြောလိုက်သည်။

"မင်းကတော့ ဂိုဏ်းအပြင်နယ်မြေကို သွားပြီး အဲ့ဒီက ကျုပ်တို့ရဲ့စီးပွားရေး လုပ်ငန်းတွေမှာ သွားအလုပ်လုပ်ရမယ်။ နောက်နောင်လည်း ဂိုဏ်းနဲ့ပတ်သက်တဲ့ ဘယ်ကိစ္စကိုမှ မင်းဝင်ပါစရာ မလိုတော့ဘူး။ ကွမ်းကျစ်ရဲ့ အသတ်ခံရမှုနဲ့ပတ်သက်ပြီး သူက သေသင့်ပေမဲ့လည်း ဂိုဏ်းကတော့ စုံစမ်းဖို့ လူလွှတ်ပေးမှာပါ"

"အမိန့်နာခံလျက်ပါ"

ကွမ်းထင်၏ ရင်ထဲတွင် အတော်လေး အေးခဲသွား၏။ စည်းကမ်းရေးရာခန်းမဆီ ပြန်လာရန်အတွက် သူ့မှာ မျှော်လင့်ချက် လုံးလုံး မရှိတော့မှန်း သူသိလိုက်သည်။ ပြင်ပနယ်မြေများရှိ စီးပွားရေးလုပ်ငန်းများတွင် လုပ်ရန် အပြစ်ပေးခံရခြင်းမှာ ဂိုဏ်းတွင် ကိစ္စကြီးကြီးမားမား မဖြစ်ပွားပါက သူသည် ထိုနယ်မြေတွင်သာ ဆက်လက် နေထိုင်သွားရတော့မည်ဟု ဆိုလိုပေသည်။

"အကြီးအကဲရှစ်၊ အကြီးအကဲကျန့်နဲ့ ကျုပ်က မိုဝူကျိကို အတူသွားကြည့်ကြတာပေါ့။ ခန်းမသခင်ဟော်နဲ့ အကြီးအကဲမင်... ခင်ဗျားတို့နှစ်ယောက်က လူတစ်စုခေါ်ပြီး ကွမ်းကျစ်ရဲ့အသတ်ခံရမှုကို စုံစမ်းဖို့ ချက်ချင်း လုပ်ပါ"

ရှီလင်ယုက အားလုံးကို အချက်ကျကျ စီမံညွှန်ကြားလိုက်သည်။

..................

ဤပြဿနာကို သူဆီ ခြေရာခံတွေ့နိုင်မည်လောဟု မိုဝူကျိုက စဉ်းစားသုံးသပ်နေစဉ်၌ သူ၏ကာကွယ်ရေး အစီအရင်မှာ နောက်တစ်ကြိမ် အထိခံလိုက်ရပြန်သည်။ ဤသည်က သူ့အား စိတ်ပူသွားစေ၏။ နည်းလမ်းကျကျ ဆိုရလျှင် သူ့အစီအစဉ်မှာ စိတ်ချရသည်ဖြစ်ရာ အဘယ်ကြောင့်များ အကြီးအကဲရှန့်က လာနေသေးသနည်း။

ကာကွယ်ရေးအစီအရင်ကို ဖွင့်ပေးပြီးနောက် မိုဝူကျိုသည် ဟော်ရှန့်ကို မမြင်မိသဖြင့် အနည်းငယ် စိတ်အေးသွားသည်။ ဟော်ရှန့် ရှိမနေသည်က သူ အဆင်ပြေနေသေးသည်ဟု ဆိုလိုပေသည်။

"မိုဝူကျို... ဒါက မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ပဲ"

မိုဝူကျိုကို မြင်သည်နှင့် ကျန့်ချန်ကန်းက ချက်ချင်း မိတ်ဆက်ပေးလိုက်၏။

မိုဝူကျို တုံ့ပြန်သည်ကို စောင့်မနေတော့ဘဲ ရှီလင်ယုက ပြုံးကာပြောလိုက်သည်။

"မိုဝူကျို... မင်းက မိုးကောင်းကင်ငယ်ဂိုဏ်းထဲ မဝင်ရသေးပေမဲ့ ကျုပ်မျက်လုံးထဲမှာတော့ မင်းက ကျုပ်တို့ ဂိုဏ်းသား ဖြစ်နေပါပြီ။

မင်းသာ ဆန္ဒရှိမယ်ဆို မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ အကြီးအကဲတောင် ချက်ချင်း လုပ်လို့ရတယ်။ ကျုပ်နာမည်က ရှီလင်ယု။ မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ လက်ရှိဂိုဏ်းချုပ်ပေါ့ကွာ။ အရင်တုန်းက ကျုပ် ကိစ္စတစ်ချို့ ဖြေရှင်းစရာရှိလို့ နတ်ဘုရားကုန်းမြေရဲ့ အပြင်ဘက်ကို ရောက်နေတာ။ ဒါကြောင့် မင်းသတင်းတွေကြားပြီး ကျုပ်ပြန်လာတဲ့အချိန်ကျတော့ ကျုပ် နည်းနည်းလေး နောက်ကျသွားတယ်”

ထိုစကားများကို ကြားသောအခါ မိုဝူကျို၏ စိတ်ထဲတွင် အံ့ဩမိသွားသည်။ ကောင်းကင်လူသားဂိုဏ်းမှာတုန်းက ဘိုးဘေးသည် အလွန် ချဉ်းကပ်ရလွယ်ကူသည်ဟု ခံစားမိခဲ့သည်။ သို့သော် ယခု ဤရှီလင်ယုသည်ကား ကောင်းကင်လူသားဂိုဏ်း၏ ဘိုးဘေးထက်ပင် ပို၍နွေးထွေးစွာ ပြောဆိုနေကာ မိုဝူကျိုကို သူနှင့်တန်းတူထား ဆက်ဆံနေလေသည်။

“လယ်သမား မိုဝူကျိုက ဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ်”

ရှီလင်ယုက သူ့အပေါ် အလွန်ပျူငှာနေသော်လည်း မိုဝူကျိုသည် သူနှင့် အရမ်းကြီးရင်းနှီးတဝင် မဆက်ဆံဝံ့ပေ။

ရှီလင်ယုက လက်သာ ခါပြလိုက်ကာ

“ခုနက ကျုပ်ပြောတာကို မင်းဘယ်လိုသဘောရလဲ”

မိုဝူကျိုသည် မိုးကောင်းကင်ငယ်ဂိုဏ်းထဲ ဝင်ဖို့ တစ်ခါမျှ မစဉ်းစားဖူးပေ။ ထို့ကြောင့် သူက မြန်မြန် ပြန်ဖြေလိုက်သည်။

"ဂိုဏ်းချုပ်ရဲ့ချီးမြှောက်မှုအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျုပ်ရဲ့အနှစ်သက်ဆုံးအလုပ်က နှင်းစက်စိမ်း ဆန်စိုက်တာပါ။ ဒါကြောင့်မို့လို့ ကျုပ် တခြားကိစ္စတွေကို စိတ်မဝင်စားပါဘူး။ ဂိုဏ်းအကြီးအကဲလည်း လုပ်ဖို့ စိတ်မဝင်စားပါဘူးဗျာ။ ကျုပ်ရဲ့အချိန်တွေအားလုံးကို နှင်းစက်စိမ်းဆန်ကို ဘယ်လိုစိုက်ပျိုးရမလဲဆိုတာ သုတေသနလုပ်ခြင်းနဲ့ ကျင့်ကြံခြင်းတို့အပေါ်မှာပဲ ပုံအောထားတာပါ"

စိတ်ပျက်သွားသော အကြည့်တစ်ချက်က ရှီလင်ယု၏ မျက်လုံးများတွင် ဖြတ်ပြေးသွားကာ သူက ပြောလိုက်သည်။

"ဝူကျို... မင်းရဲ့ပါရမီက ထူးခြားတယ်။ မင်းရဲ့သတင်းတွေ ပျံ့သွားတာနဲ့ လူတချို့က မင်းကို ပြဿနာလာရှာမှာ ကျုပ်စိုးရိမ်မိတယ်"

မိုဝူကျိုက နားမလည်နိုင်သောပုံစံဖြင့် ပြန်ပြောလိုက်သည်။

"ကျုပ်က အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်တာက ကျုပ်မှာ ဒီအတွက် မွေးရာပါ ဆဋ္ဌမအာရုံ ပါလာလို့လေ။ ဘယ်အချိန် မြေဩဇာထည့်ရမလဲ၊ ဘယ်အချိန် နတ်ဝိညာဉ်စွမ်းအားကို

ပိုတိုးပေးရမလဲ၊ ဘယ်အချိန် နှင်းစက်စိမ်းစပါးရိုးတံကို တခြားနေရာ ရွှေ့ပြောင်းစိုက်ရမလဲ၊ အဲ့ဒါတွေကို ကျုပ်သိတယ်။ ဒီအရည်အချင်းတွေက မွေးရာပါတွေလေ။ အဲ့ဒီတော့ သူတို့တွေ ကျုပ်ကို တစ်ခုခု လုပ်မယ်ဆိုရင်တောင် သူတို့တွေအတွက် ဘာအကျိုးမှရမှာ မဟုတ်ပါဘူး"

"နှင်းစက်စိမ်း စပါးပင်တွေက ရွှေ့ပြောင်း စိုက်ရသေးတယ်လား"

ရှီလင်ယုက အံ့ဩသွားကာ မေးလိုက်သည်။

မိုဝူကျိုက အလွန်လေးနက်စွာ ဖြေကြားလိုက်သည်။

"ဟုတ်ပါတယ်... ဒါပေမဲ့ သူတို့တွေကို ဘယ်အချိန်မှာ ရွှေ့ပြောင်းစိုက်ရမလဲဆိုတာနဲ့ ဘယ်အပင်တွေက ရွှေ့ပြောင်းဖို့လိုအပ်နေတာလဲဆိုတာရဲ့ နောက်မှာ နည်းပညာ ရှိတယ်။ ကျုပ်တောင် အာရုံခံမိတဲ့အတိုင်း လိုက်လုပ်ရတာ"

"သြော်... ဒါကြောင့်ကိုး... မထူးဆန်းပါဘူး..."

ရှီလင်ယုက အံ့အားသင့်စွာ ပြောလိုက်သည်။ သူက မိုဝူကျို ပြောပြသည့်များကို သံသယမဝင်ပေ။ မိုဝူကျို၏ သီအိုရီမှာ ယုံချင်စရာ အတော်ကောင်းနေသောကြောင့် ဖြစ်သည်။

ခဏတာ ငြိမ်နေပြီးမှ ရှီလင်ယုက ဆက်ပြောလိုက်သည်။

"ဝူကျိ… ကျူပ် မိုးကောင်းကင်ငယ်ရွာရဲ့ ကာကွယ်ရေးအစီအရင်ကို ထပ်မံခင်းကျင်းဖို့ အဆင့် ၅ နတ်ဘုရား အစီအရင်ဆရာကို ဖိတ်မလို့။ တစ်ချိန်တည်းမှာပဲ နောက်ထပ် နတ်ဝိညာဉ်သွေးကြောကို ထပ်ထည့်ပြီး အကြီးအကဲတစ်ယောက်ကို ဒီနေရာမှာ စောင့်ကြည့်ခိုင်းမယ်။ မင်းမှာ ပြဿနာတစ်စုံတစ်ရာ ရှိလာရင် အကူအညီတောင်းဖို့ အကြီးအကဲဆီ တိုက်ရိုက် ချဉ်းကပ်နိုင်တယ်"

"ကျေးဇူးအများကြီးတင်ပါတယ်… ဂိုဏ်းချုပ်"

ဤဂိုဏ်းချုပ်သည် အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို အလွန် အရေးထားကြောင်း မိုဝူကျိက ကြားထားသည်။ ထို့ကြောင့် ဤအတိုင်းအတာတို့က သူ့အတွက် တကယ် အကျိုးရှိစေ၏။ သူ့လုံခြုံရေးအတွက် ဤနေရာ၌ အချိန်ကာလတို တစ်ခုစာလောက် နေထိုင်ခြင်းက ပိုကောင်းပေလိမ့်မည်။

"ဆရာမို… ခင်ဗျားက အဆင့်မြင့် နှင်းစက်စိမ်းဆန်တစ်ကွက် စိုက်ပျိုးထုတ်လုပ်နိုင်တယ်ဆိုတော့ အဲ့ဒီ့ထက်ပိုပြီးကော စိုက်ပျိုးနိုင်သလား"

ဂိုဏ်းချုပ်နှင့်အတူ လိုက်လာသော အကြီးအကဲရှစ်က မိုဝူကျိအား "ဆရာမို" ဟု ချက်ချင်း ခေါ်ဝေါ်လိုက်လေသည်။

ဂိုဏ်းချုပ်က မိုဝူကျိအား မည်မျှ အလေးထားကြောင်း သူ ကောင်းကောင်း သိသွားလေရာ သူတို့ကြားမှ ဆက်ဆံရေး ပိုမိုကောင်းမွန်လာအောင် လုပ်သင့်သည့် အချိန်အခါ ဖြစ်ပေသည်။

"ဒါကတော့ မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ ပဋ္ဌမမြောက်အကြီးအကဲ ရှစ်ယီလေ"

ရင်းနှီးနေနှင့်ပြီးသား ကျန့်ချန်ကန်းက နောက်တစ်ကြိမ် ထပ်မံ၍ မိတ်ဆက်ပေးလိုက်ပြန်သည်။

သိသိသာသာ အတော်လေး အနေခက်စွာ မိုဝူကျိက တုံ့ပြန်လိုက်သည်။

"အကြီးအကဲရှစ်ကို ဂါရဝပြုပါတယ်။ ကျုပ်ရဲ့လက်ရှိအရည်အချင်းနဲ့ လယ်တစ်ကွက်ကတင် တော်တော်များနေပါပြီ။ လယ်မြေတွေ ထပ်ပေးမယ်ဆိုရင်တောင် ကျုပ် ဆန်တွေ ပိုစိုက်နိုင်မှာ မဟုတ်ပါဘူး"

မိုဝူကျိအတွက် သူ ဤနေရာ၌ နေနေသည်မှာ နှင်းစက်စိမ်းဆန် စိုက်ရန် သက်သက် မဟုတ်ချေ။ သူ့ကျင့်ကြံဆင့်ကိုလည်း တိုးတက်ချင်သေးသည်။

ရှီလင်ယုက လက်ခါလိုက်ကာ

“ဝူကျိရဲ့ သဘောအတိုင်းပဲ လုပ်ကြရအောင်ပါ။ ကျုပ်တို့ သူ့ကို ဖြည့်ဆည်းပေးနိုင်တာရှိရင် ဖြည့်ဆည်းပေးလိုက်မယ်။ ဝူကျိ... လောလောဆယ်တော့ ဂိုဏ်းဆီ အဆင့်မြင့် နှင်းစက်စိမ်းဆန် တင်သွင်းဖို့ ဖိအားတွေ မင်းကို မပေးသေးဘူး။ မင်းရဲ့အချိန်တွေ အားလုံးကို ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်ကို သုတေသနလုပ်ဖို့ သုံးနိုင်တယ်။ မင်း ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် စိုက်နိုင်သွားတာနဲ့ ကျုပ်ကို ချက်ချင်း သတင်းပို့ပါ”

“တပည့် မှတ်ထားပါ့မယ်”

ဤဂိုဏ်းချုပ်သည် အမှန်ပင် အလွန်ရက်ရောလှသည်ဟု မိုဝူကျိက တွေးလိုက်သည်။

“စောစောနားတော့။ မင်းရဲ့ခွင့်ပြုချက် မပါဘဲ ဘယ်သူမှ မင်းကို လာတွေ့ခွင့်မရှိဘူးလို့ အမိန့်ပေးထားလိုက်မယ်”

ရှီလင်ယုက ဤစကားကို သုံး၍ မိုဝူကျိ၏ ရာထူးကို အတည်ပြုလိုက်လေ၏။

...............

အားလုံးက ဂိုဏ်းချုပ် ပြောသည့်အတိုင်း လိုက်နာကြသဖြင့် မိုဝူကျိ၏ လယ်ကွက်မှာ အတော်လေး

ငြိမ်းချမ်းတိတ်ဆိတ်သွား၏။ အကယ်၍ အကြီးအကဲများက သူ့အား တွေ့ချင်ပါက ကြိုတင်အသိပေးရန် လိုလေသည်။ ယင်းရှုရှုနှင့်အပေါင်းအပါများကဲ့သို့ ယခင်က သူနှင့်တွေ့ခဲ့ဖူးသော တခြားလူများသည်လည်း သူ့ပိုင်နက်နယ်မြေထဲသို့ ယခင်လို အသာလေး ဝင်လာ၍ မရတော့ပေ။

လဝက်ကြာပြီးနောက် ဂိုဏ်းချုပ်ရှီလင်ယု ပြောသည့် ထပ်တိုး နတ်ဝိညာဉ်သွေးကြော ထပ်ထည့်မည့် ကိစ္စမှာ မည်သည်ကို ဆိုလိုမှန်း မိုဝူကျိ နားလည်သွားလေသည်။ နတ်ဝိညာဉ်သွေးကြောအား သူ့ (ဃ) ၇၉ လယ်ကွက်အောက်တည့်တည့်တွင် ထားထားကာ ထိုသွေးကြောကို မိုဝူကျိ တစ်ကိုယ်ရည် အသုံးပြုရန်အတွက် ထားပေးထားခြင်း ဖြစ်လေသည်။ အင်မတန်သိပ်သည်းသော နတ်ဝိညာဉ်စွမ်းအားတို့က အောက်မှ ထိုးထွက်လာကြကာ ဤသည်မှာ ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြော ဖြစ်ကြောင်း မိုဝူကျိက အတပ် သိလိုက်သည်။

ဤကဲ့သို့ ပတ်ဝန်းကျင်မျိုးတွင်မှ သူ ကြိုးကြိုးစားစား မကျင့်ကြံပါက သူ့ကိုယ်သူ စိတ်ပျက်စေမိလိမ့်မည်။

နှင်းစက်စိမ်းဆန် တစ်ကွက်စာ စိုက်ပျိုးပြီးသည့်နောက် မိုဝူကျိသည် အပင်များကို ဂရုစိုက်နေရင်း တစ်ဖက်၌လည်း စိတ်ကောကိုယ်ပါ အားသွန်ခွန်စိုက် ကျင့်ကြံနေလေသည်။

ဤတစ်ကြိမ်တွင်ကား နှစ်သန်းတစ်ထောင် အင်မော်တယ် သစ်သားအဆီအနှစ်တို့ကို မသုံးတော့ချေ။ ထိုအစား အဆင့်မြင့် နှင်းစက်စိမ်းဆန်မျိုးစေ့များကို သုံးကာ ၎င်းတို့ကို အရည်အသွေး ပိုကောင်းသော အရွက်ငါးလွှာမြက်တွင် ကိုင်းကူး ဆက်လိုက်သည်။

အောက်တည့်တည့်တွင် ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြောတစ်ခု ရှိနေလေရာ စွမ်းအားစုဝေးရေး အစီအရင် စက်ဝိုင်းပြားများကို သုံးစရာ မလိုတော့ချေ။ နှင်းစက်စိမ်းစပါးပင်များအား ရွှေ့ပြောင်းသည့်အကြိမ်အရေမှာလည်း ပိုမိုများပြားလာလေ၏။

လိုအပ်နေသည့် သဘာဝဓာတ် အမျိုးအစားရှိလာသရွေ့ သူက နှင်းစက်စိမ်း စပါးရိုးတံကို ကိုင်းကူးလိုက်ပြီး သာမန် သဘာဝစွမ်းအား စုဝေးရေးအစီအရင်တစ်ခု ခင်းကျင်းလိုက်သည်။ ရှီလင်ယုသည် သူ့အပေါ် ကောင်းကောင်း ဆက်ဆံသောကြောင့် မိုဝူကျိသည် ရှီလင်ယုအတွက် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် ကူစိုက်ပေးသည်မှ ဖြစ်သင့်သည်ဟု ခံစားမိသည်။

## အခန်း (၉၅၉) : ပင်မဂိုဏ်းမှလူများ ရောက်ရှိလာခြင်း

အစောပိုင်း၌ အကြီးအကဲတချို့နှင့် အရေးပါသော ဂိုဏ်းသားတချို့က မိုဝူကျိဆီ လာလည်ကြသေးသည်။ သို့သော် သူ့ပုံစံမှာ သိပ်ကြိုဆိုနေပုံ မပေါ်သည်က တစ်ကြောင်း၊ သူ့တွင် အဆင့်မြင့် နှင်းစက်စိမ်းဆန် မကျန်တော့သည်က တစ်ကြောင်း၊ ထိုအကြောင်းတို့ကြောင့် လာလည်သည့် လူအရေအတွက်မှာ တဖြည်းဖြည်းချင်း လျော့နည်းလာလေ၏။ မိုဝူကျိသည် နှင်းစက်စိမ်း ဆန်စိုက်ရာတွင် အလွန်ထူးချွန်သော်လည်း လူအုပ်နှင့် ပျော်ပျော်နေတတ်သူ မဟုတ်ကြောင်း အားလုံးက သဘောပေါက်ကြလေသည်။

တစ်ချိန်တည်းမှာပင် ဂိုဏ်းချုပ် ရှီလင်ယု၏ တင်းကျပ်မှုအောက်တွင် မိုဝူကျိ၏ အဆင့်မြင့်နှင်းစက်စိမ်းဆန် ထုတ်လုပ်နိုင်သည့် အရည်အချင်းသတင်းမှာ ဂိုဏ်းအပြင်ထိ ပျံ့မသွားပေ။

မိုဝူကျိကလည်း စတင်၍ သိုသိုသိပ်သိပ်နေလာသည်။ နှင်းစက်စိမ်း စပါးပင်များအား ပုံမှန်ကိုင်းကူးစိုက်ခြင်းဖြင့် သူက စိတ်ဝင်စရာ

အခြေအနေတစ်ရပ်ကို ရှာဖွေတွေ့ရှိထား၏။ နှင်းစက်စိမ်း ဆန်မျိုးစေ့၏ အပိုင်းတစ်ပိုင်းသည် မည်မျှပင် ကိုင်းကူးစိုက်ပါစေ ခေတ်ကြီးငါးပါး ညီမျှလာခြင်း လုံးလုံး မရှိပေ။

ထိုအကြောင်းကြောင့် ခေတ်ကြီးငါးပါး မညီသောအပင်များကို တစ်နေရာသို့ ရွှေ့ထားကာ ခေတ်ကြီးငါးပါး ညီသောအပင်များအား တခြားတစ်နေရာသို့ ရွှေ့ထားလိုက်ရသည်။

သိပ်သည်းနေသော နတ်ဝိညာဉ်စွမ်းအားအတွင်း နှင်းစက်စိမ်း စပါးပင်များသည် တိုး၍တိုး၍ သန်မာဖွံ့ဖြိုးလာလေရာ ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြော၏ အသုံးဝင်မှုသည် ဤအချိန်၌ သိသာထင်ရှားလာသည်။

ပထမဆုံးအကြိမ် အပင်စိုက်ပြီးသည့်နောက်တွင် မိုဝူကျို၏ ကျင့်ကြံဆင့်မှာ ဘယ်တော့မှ ထပ်မံ မရပ်တန့်နေတော့ပေ။ ကျင့်ကြံခြင်း အရင်းအမြစ်များအတွက်ကား သူ့ခြေထောက်အောက်တွင် ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြောတစ်ခုလုံး ရှိပေသည်။ ထိုအရာတွေထက် သူက နှင်းစက်စိမ်း ဆန်ကို ရံဖန်ရံခါ ချက်စားသေးလေရာ သူ၏ လက်ရှိ နတ်ဘုရားစွမ်းအင်စုပ်ယူနှုန်းမှာ ကြောက်ခမန်းလိလိ ဖြစ်၏။

ကံကောင်းစွာပင် ဤနေရာမှာ မိုးကောင်းကင်ငယ်ရွာထဲတွင် ဖြစ်နေသည်။ ထို့အပြင် ဂိုဏ်းချုပ် ရှီလင်ယုက အဆင့် ၅ နတ်ဘုရားအစီအရင်ဘုရင်ကို ဖိတ်ကြားကာ ခင်းကျင်းစေခဲ့သော အဆင့် ၅ ကာကွယ်ရေး အစီအရင်လည်း ရှိနေသည်။ သို့မဟုတ်ပါက မိုဝူကျို၏ အဆင့် ၄ ကာကွယ်ရေး အစီအရင်၏ အပြင်ဘက်ရှိ နတ်ဝိညာဉ်စွမ်းအား ဝဲကတော့ပုံစံတစ်ခုကို တစ်ယောက်ယောက်၏ စိတ်စွမ်းအားက သတိပြုမိသွားနိုင်ပေသည်။

မိုးကောင်းကင်ငယ်ရွာအား စောင့်ကြပ်ရသော အကြီးအကဲဖြစ်သူ အကြီးအကဲရှစ်ယီသည်ကား ဤဝဲကတော့ပုံစံ နတ်ဘုရားဝိညာဉ်စွမ်းအားကို မြင်နေရသည်မှာ ရိုးတောင်နေပြီ ဖြစ်၏။ ထူးထူးခြားခြား ဖြစ်စဉ်ဟူ၍ မရှိပါက အဆင့်မြင့်နှင်းစက်စိမ်းဆန်ကို မည်ကဲ့သို့ စိုက်ပျိုးနိုင်ပါ့မည်နည်း။

သူ၏ နှလုံးအခြေအနေအတွက် မည်သည့်ပိတ်ဆို့မှုမျှမရှိဘဲ ဤကဲ့သို့ ကျင့်ကြံရန် အကောင်းဆုံး အနေအထားများနှင့် လအနည်းငယ် အချိန်တိုအတွင်း၌ မိုဝူကျို၏ ကျင့်ကြံဆင့်မှာ ကနဦးနတ်ဘုရား အဆင့် ၄ မှ အဆင့် ၅ သို့ တိုးတက်သွားလေသည်။ သူ့ကျင့်ကြံဆင့် တိုးတက်လာစဉ် တာ့ဟွမ်သည်လည်း ကနဦးနတ်ဘုရား အဆင့် ၅ သို့ ရောက်ရှိကာ

ရှိုက်ကောက ကနဦးနုတ်ဘုရား အဆင့် ၃ ထိပ်ဆုံးအဆင့်သို့ ရောက်ရှိသွားလေ၏။

ဤအချိန်၌ သူ၏ နှင်းစက်စိမ်းဆန် ဒုတိယမြောက် အသုတ်သည်လည်း ကောက်ရိတ်ရန် အသင့် ဖြစ်နေလေပြီ။

ရွှေရောင်စစ်စစ် စပါးစေ့များအား ကောက်ရိတ်သိမ်းလိုက်ချိန်တွင်ကား မိုဝူကျိသည် သူ့ဒုတိယမြောက်အသုတ်တွင် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်မျိုးစေ့များကို ထုတ်လုပ်လိုက်နိုင်ကြောင်း သိလိုက်သည်။

ခတ်ကြီးငါးပါး မညီမျှသော အပင်များသည် မိုဝူကျိ ခန့်မှန်းထားသကဲ့သို့ အဆင့်မြင့် နှင်းစက်စိမ်း ဆန်မျိုးစေ့များကိုသာ ထုတ်လုပ်နိုင်သည်။

ဤနှင်းစက်စိမ်းဆန် ဒုတိယမြောက်အသုတ်အား စိုက်ပျိုးခြင်းဖြင့် မိုဝူကျိသည် အတွေ့အကြုံတချို့ ရရှိလိုက်သည်။ အကယ်၍ သူက ဤထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်မျိုးစေ့များကို သုံး၍ တတိယအသုတ်ကို စိုက်ပျိုးလိုက်ပါက သူ့အပင်များသည် အရည်အသွေး ပိုကောင်းလာပေလိမ့်မည်။ ဤဖြစ်စဉ်တွင် သူက စပါးပင်များ၏ မကောင်းသောဗီဇများကို ဖယ်ရှားပစ်ကာ ကောင်းသော ဗီဇများကိုသာ လွှမ်းမိုးအောင်နိုင်စေမည်။

ထို့ထက် အဘယ်ကြောင့် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်အား ပုံမှန်အားဖြင့် ထုတ်လုပ်၍ မရနိုင်ကြောင်းကိုလည်း သူ သိသွားသည်။ အကယ်၍ သူ့၌ ဝိညာဉ်ကြောများရှိနေပါက သူသည် ထိပ်တန်းအဆင့်ဆန်ကို စိုက်ပျိုးနိုင်မည် မဟုတ်ချေ။

ဝိညာဉ်ကြောရှိသည့် လူဘယ်လောက် များများကများ သူ့လို လိုက်လုပ်နိုင်ကာ နှင်းစက်စိမ်းစပါးပင်၏ ရိုးတံသည် ခတ်ကြီးငါးပါးမှ မည်သည့်ခတ် ချို့တဲ့နေသည်ကို အထိတစ်ချက်ဖြင့် အာရုံခံနိုင်မည်နည်း။ သို့ဖြစ်ရာ ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် ထုတ်မည့်အကြောင်း ပြောနေစရာ မလိုတော့ပေ။

ဝိညာဉ်ကြော မရှိသော လူသားများအတွက်မူ သူတို့သည် သူ လုပ်နိုင်သလို ခတ်ကြီးငါးပါးအား အာရုံခံနိုင်မည် မဟုတ်ပေ။

ဤအတွင်းသဘောများမှာ မိုဝူကျိ စိုက်ပျိုးသော နှင်းစက်စိမ်းဆန် နှစ်သုတ်မှ ရရှိလာခြင်းဖြစ်သည်။ ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်ထက် ပိုအဆင့်မြင့်သော နှင်းစက်စိမ်းဆန် အမျိုးအစားရှိမည်ဟုလည်း သူက သံသယဝင်မိသည်။ ဤသည်ကား မိုးမြေမူလ အရင်းခံ စည်းမျဉ်းအမျိုးအစားအစုံပါသော နှင်းစက်စိမ်းဆန်ပင် ဖြစ်၏။

သို့သော် ထိုအရာမှာ သူ၏ လက်ရှိအခြေအနေမှ အင်မတန် အလှမ်းဝေးနေသေးသည်။

ဤသည်မှာ နှင်းစက်စိမ်း ဆန်အပေါ် မိုဝူကျို ရရှိသော အတွင်းသဘောသာ ရှိသေးသည်။ စပါးစိုက်ရင်းဖြင့် သူ့နှလုံးအခြေအနေမှာ တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာကာ သူ့ထာဝရကမ္ဘာငယ်၏ ပြဿနာဖြစ်သည့် တခြား တာအိုစည်းမျဉ်းတစ်ခုကို သူ အာရုံခံမိနိုင်လာသည်။ ဤပြဿနာမှာ သူ့ထာဝရကမ္ဘာငယ်က မူလဓာတ်လုံးငါးမျိုး အကုန်လုံးကို မစုစည်းနိုင်၍ မဟုတ်ဘဲ တခြားကိစ္စတစ်ခုကြောင့် ဖြစ်လေသည်။

ဤပြဿနာသည် သူ့အနာဂတ် အလားအလာကိုပင် ကန့်သတ်ထား၏။ အကယ်၍ ဤအရာကို မြန်မြန် မဖြေရှင်းပါက သူ့အမြင့်ဆုံး အောင်မြင်မှုမှာ နတ်ဘုရားဘုရင်ထက် အနည်းငယ်လေးသာ ကျော်နိုင်ပေလိမ့်မည်။

စိတ်မကောင်းစရာပင် သူ၏ နှင်းစက်စိမ်းဆန်သည် အလွန်လျင်မြန်စွာ ကြီးထွားလာသည်။ ထို့ကြောင့် သူ့ထာဝရကမ္ဘာလေး ဘာမှားနေသည်အား အပြည့်အဝ နားလည်ရန် အချိန်မရလိုက်ချေ။

ဒုတိယမြောက် ရိုက်သိမ်းမှုတွင် မိုဝူကျိုသည် ၁၆၀ ကာတီ စုဆောင်းမိသည်။ ထိုထဲမှ ၉၀ ကာတီမှာ ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် မျိုးစေ့များဖြစ်ကာ ၇၀ ကာတီမှာ အဆင့်မြင့် နှင်းစက်စိမ်းဆန်မျိုးစေ့များဖြစ်သည်။ အလယ်အလတ်နှင့် အဆင့်နိမ့် နှင်းစက်စိမ်းဆန်မျိုးစေ့မှာ သုည ကာတီ ဖြစ်၏။

ထိပ်တန်းအဆင့် နှင်းစက်စိမ်း ဆန်မျိုးစေ့ ၉၀ ကာတီအား ချိပ်ပိတ်ကာ ထာဝရကမ္ဘာထဲ ထားလိုက်သည်။ အဆင့်မြင့် နှင်းစက်စိမ်းဆန်မျိုးစေ့ ၇၀ ကာတီကိုကား မိုဝူကျိုသည် ၂၀ ကာတီကို မိုးကောင်းကင်ငယ်ဂိုဏ်း၏ ဂိုဏ်းချုပ် ရှီလင်ယုအား ပေးရန် စီစဉ်ထားသည်။ ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်မျိုးစေ့များကိုကား ထုတ်လုပ်နိုင်လိုက်သော်လည်း ရှီလင်ယုအား ပေးရန် အချိန်မကျသေးဟု မိုဝူကျိုက ခံစားမိသည်။

နှင်းစက်စိမ်းဆန် ဒုတိယမြောက်အသုတ် ပြီးသွားသည်နှင့် မိုးကောင်းကင်ငယ်ဂိုဏ်း၏ အထက်လူကြီးများသည် ချက်ချင်းလိုလို သတင်းရသွားကြကာ မိုဝူကျိုနှင့် တွေ့နိုင်ရန် တောင်းဆိုမှုများကို စတင်ပို့လာလေသည်။

ထိုတောင်းဆိုမှုများအား မိုဝူကျိုက ငြင်းဆိုလိုက်သည်။ သူက သူတို့အား ယခုမှစ၍ အဆင့်မြင့် နှင်းစက်စိမ်းဆန်အား

လဲလှယ်ရန် နတ်ဆေးဖက်ဝင်အပင်များ သုံးရန်နှင့် အတိုင်းအတာယူနစ်မှာလည်း တေး ဖြစ်သွားပြီ ဖြစ်ကြောင်း ပြောလိုက်သည်။ သူရောင်းနိုင်သော နှင်းစက်စိမ်း ဆန်ပမာဏမှာ ကာတီအနည်းငယ်မျှသာ ဖြစ်ရာ ယခင်ကဲ့သို့ ကာတီလိုက်ရောင်းမည်ဆိုပါက သုံးရက်အတွင်းပင် အကုန်ရောင်းထွက်သွားပေလိမ့်မည်။

ယခု၌ အဆင့်မြင့် နှင်းစက်စိမ်းဆန်၏ လူကြိုက်များမှုမှာ လုံးဝဥသုံ ထင်ရှားလာလေ၏။

မျိုးစုံသော နတ်ဆေးဖက်ဝင်အပင်များ မိုဝူကျိဆီ ရောက်လာကြသည်။ မိုဝူကျိသည် ဆန်တတိယမြောက် အသုတ်အား စိုက်ရန် မဆုံးဖြတ်ဘဲ ထိုအစား လက်ဝယ်ရှိ နတ်ဆေးဖက်ဝင်အပင်များနှင့် ဆေးလုံးဖော်ခြင်းကို စတင်လေ့လာရန် ရွေးချယ်လိုက်သည်။

ကျင့်ကြံဆင့် မြန်မြန် တိုးတက်လာရသည့် အကြောင်းအရင်းမှာ သူ့အင်မော်တယ် မော်တယ်ကျင့်စဉ်နှင့် ၁၀၈ ခုသော ချီသွေးကြောတို့အပြင် သူ၏ ဆေးလုံးတာအိုတွင် ကျွမ်းကျင်မှုကြောင့်လည်း ဖြစ်ပေသည်။ ယခု သူသည် ကနဦးနတ်ဘုရား အဆင့် ၅ သို့ ရောက်ပြီဖြစ်လေရာ

သူ့ဆေးလုံးတာအိုမှာလည်း တတ်နိုင်သမျှ မြန်မြန် တိုးတက်လာသင့်ပေသည်။

နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း၏ အမွေခံ ကျောက်စိမ်းပြားနှင့် မိုဝူကျို၏ ဆေးလုံးတာအိုအပေါ် ထိုးထွင်းသိမြင်နိုင်မှုတို့ပေါင်းကာ သူ့ဆေးလုံးဖော်ပညာရည်မှာ တဟုန်ထိုး တိုးတက်လာလေသည်။

သုံးရက်ထဲနှင့် အဆင့် ၁ နတ်ဆေးလုံးကို အလွယ်တကူ ဖော်စပ်နိုင်လိုက်သည်။ လဝက်အကြာတွင် အဆင့် ၂ နတ်ဆေးလုံးများကို ဖော်စပ်နိုင်ကာ တစ်လအကြာတွင်ကား မိုဝူကျိုသည် အဆင့် ၃ နတ်ဆေးလုံးဆရာ ဖြစ်သွားလေပြီ။

မိုဝူကျိုအား နားမလည်နိုင်စေသည်မှာ ရှီလင်ယု အလည်အပတ် ရောက်မလာခြင်းပင် ဖြစ်သည်။

ရှီလင်ယုသည် သူ့အပေါ် ကောင်းကောင်း ဆက်ဆံသည်။ ရှီလင်ယုက သူ့အတွက် ထိပ်တန်းအဆင့် နတ်ဘုရားဝိညာဉ်သွေးကြောကို မြုပ်ပေးရုံသာမက မြေကွက်ကို စောင့်ရှောက်ရန် အကြီးအကဲအဆင့် ကျင့်ကြံသူတစ်ယောက်ကိုပါ ပို့ပေးထား၏။ အပေါ်ယံတွင် အကြီးအကဲအား ရွာကို စောင့်ကြပ်ရန် ညွှန်ကြားထားသော်လည်း အမှန်တကယ်တွင် မိုဝူကျိုအား စောင့်ကြပ်ကြည့်ရှုရန် ဖြစ်ကြောင်း မိုဝူကျိုက သိသည်။

မိုဝူကျိ၏ အမြင်အရ ရှီလင်ယု ဤသို့လုပ်ပေးသည်မှာ နှင်းစက်စိမ်း ဆန်လိုချင်၍ ဖြစ်သည်။ နည်းလမ်းကျကျဆိုရလျှင် သူ ဒုတိယမြောက်ဆန် အသုတ်ကို ရိတ်သိမ်းပြီးနောက်တွင် ရှီလင်ယု ရောက်လာရမည် ဖြစ်သည်။ သို့သော် ယခုမူ တစ်လသာ ကြာသွားသည်။ ရှီလင်ယု၏ အရိပ်ကိုပင် မမြင်ရသေးပေ။

..................

အမှန်တကယ်၌ ရှီလင်ယုသည် မိုဝူကျိ၏ လယ်ကွက်ဆီသို့ သွားချင်နေသည်မှာ ကြာလှပြီ ဖြစ်သည်။ သို့သော် သူ့အလုပ်များအား ပစ်ထားခဲ့၍ မရဘဲ ဖြစ်နေသည်။ အကြောင်းမှာ လတ်တလောတွင် မိုးကောင်းကင်ငယ်ဂိုဏ်း၌ အရေးကြီးကိစ္စ ပေါ်ပေါက်လာသောကြောင့် ဖြစ်သည်။ သူတို့အား လျစ်လျူရှုခဲ့သည်မှာ ကြာပြီဖြစ်သော မိုးကောင်းကင်နတ်ဘုရားဂိုဏ်းက နောက်ဆုံးတွင်တော့ လူလွှတ်လိုက်လေပြီ။

ရောက်လာသည့်သူမှာ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ဖြစ်ကာ သူတို့သည် မိုးကောင်းကင်နတ်ဘုရားဂိုဏ်း၏ အရေးပါသော ဂိုဏ်းသားများဖြစ်သည်ဟု ကောလာဟလ ရှိသည်။ အမျိုးသားမှာ ချီခွန်းဟု အမည်ရကာ သူသည် အရပ်အလွန်ရှည်ပြီး

လောကနတ်ဘုရား အဆင့် ၄ ကျင့်ကြံသူ ဖြစ်၏။ အမျိုးသမီးမှာ ကောင်းကင်နတ်ဘုရားအဆင့် ၇ တွင်ရှိကာ မျက်နှာဖုံးပဝါကို အမြဲဝတ်ထားလျက် စကားသိပ်မပြောပေ။ ရှီလင်ယု တစ်ယောက်တည်းကသာ သူမသည် ယွီလော အမည်ရှိသော ဆက်ခံသူ တပည့်ဂိုဏ်းသားဖြစ်ကြောင်း သိထားသည်။

မိုးကောင်းကင်ငယ်ဂိုဏ်းသည် သူတို့ကိုယ်သူတို့ နတ်ဘုရားမြေမြင့်များမှ မိုးကောင်းကင်နတ်ဘုရားဂိုဏ်း၏ ဂိုဏ်းခွဲအဖြစ် အမြဲမှတ်ယူထားသည်။ သို့သော် မိုးကောင်းကင်နတ်ဘုရားဂိုဏ်းသည် သူတို့အား ဘယ်သောအခါကမှ လုံးလုံးဂရုမစိုက်ခဲ့ချေ။ သို့ဖြစ်ရာ ဤသည်မှာ တစ်ဖက်သတ် အချစ်ကဲ့သို့ ဖြစ်နေလေသည်။ ယခုမူ စောင့်နေသည်မှာ ကြာပြီဖြစ်သော မိုးကောင်းကင်နတ်ဘုရားဂိုဏ်းမှ အလည်လာခြင်း ဖြစ်ပေါ်ခဲ့လေသည်။ ထို့ကြောင့် မိုးကောင်းကင်ငယ်ဂိုဏ်းမှာ စိတ်လှုပ်ရှားမှုအပြည့်ဖြင့် တက်ကြွနေလေသည်။

သူတို့နှစ်ယောက်စလုံး၏ ကျင့်ကြံဆင့်များမှာ ရှီလင်ယုအောက် အများကြီး နိမ့်နေသော်လည်း မိုးကောင်းကင်ငယ်ဂိုဏ်း၏ ဂိုဏ်းချုပ်သည် ထိုတမန်တော်နှစ်ဦး နတ်ဘုရားမြေနိမ့်တစ်ခွင်လုံးကို လေ့လာကြည့်ရှုရာတွင်

အဖော်ပြုပေးရန် လုပ်လက်စအလုပ်များ အကုန်ချပစ်လိုက်သေးသည်။

ကံမကောင်းစွာပင် ထိုတမန်တော်နှစ်ဦးသည် သူတို့ ရောက်ရှိလာရသည့် အကြောင်းရင်းကိုလည်း မပြောပြသလို မိုးကောင်းကင်ငယ်ဂိုဏ်းကို ထောက်ပံ့ပေးမည်ဟုလည်း မပြောပေ။ သူတို့က ရှီလင်ယုကို ခေါ်ကာ နတ်ဘုရားမြေနိမ့်တစ်ခွင်လုံးကိုသာ ဦးတည်ရာမရှိ လည့်ပတ်နေလေသည်။ ရှီလင်ယုက မည်သို့မေးမေး သူတို့က တစ်ခွန်းမျှ မဟသဖြင့် ရှီလင်ယုမှာ ဘာမှမတတ်နိုင်ချေ။ သူတတ်နိုင်သည်မှာ တမန်တော်နှစ်ဦးနှင့်အတူ ဈေးတန်းများ၊ ဈေးဆိုင်များနှင့် ဂိုဏ်းကြီးမျိုးစုံတို့ဆီ လည့်ပတ်ကြည့်ရှုရုံသာ ဖြစ်၏။

တော်သေးသည်မှာ မိုးကောင်းကင်ငယ်ဂိုဏ်းအား နတ်ဘုရားမြေနိမ့်၏ ထိပ်သီးဂိုဏ်းတစ်ဂိုဏ်းဟု သတ်မှတ်နိုင်သေးသဖြင့် မိုးကောင်းကင်နတ်ဘုရားဂိုဏ်းမှ တမန်တော်များနှင့်အတူ သူတို့ မည်သည့်နေရာသွားသွား ရောက်သည့်နေရာတိုင်းတွင် သူတို့အား လှိုက်လှိုက်လဲလဲ ကြိုဆိုကြလေသည်။

ကျော်လွန်သွားသည့် တစ်လအတွင်း ရှီလင်ယုသည် တမန်တော်နှစ်ဦး ရောက်လာရသည့် အကြောင်းရင်းကို အကြမ်းဖျင်း အာရုံခံမိလာသည်။ သူတို့ ကြည့်ရသည်မှာ နှင်းစက်စိမ်းဆန်အား အလွန်စိတ်ဝင်စားပုံ ပေါ်သည်။ အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်သည့် မည်သည့်ဂိုဏ်း၊ မည်သည့်အဖွဲ့အစည်း မဆို အကြိမ်ရေများစွာ သွားရောက်လည်ပတ်လေသည်။

မိုးကောင်းကင်နတ်ဘုရားဂိုဏ်းသားများက နှင်းစက်စိမ်းဆန်အတွက် ဤသို့ ရောက်ရှိလာမှန်း သိရှိသွားပြီးသည့်နောက် ရှီလင်ယုသည် သူတို့အား မေးမြန်းခြင်းကို လုံးဝ လက်လျော့လိုက်သည်။

မိုးကောင်းကင်ငယ်ဂိုဏ်း၏ မိုဝူကျိကိုတော့ သူ့အနေနှင့် ပေးပစ်ရန် လုံးဝမလိုက်လျောနိုင်ပေ။

မိုဝူကျိသည် အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးနိုင်သည်။ သူ၏ များပြားသော အထောက်အပံ့များနှင့် နောင်အနာဂတ်တွင် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်ကိုပင် စိုက်ပျိုးနိုင်ကောင်း စိုက်ပျိုးနိုင်လာလောက်သည်။

မိုးကောင်းကင်နတ်ဘုရားဂိုဏ်း ရောက်လာလျှင်ပင် ဤကဲ့သို့ ပညာရှင်မျိုးကို ပေးမပစ်ချင်ပေ။

နတ်ဘုရားမြေနိမ့်သို့ ရောက်ပြီး လေးလအကြာတွင် မိုးကောင်းကင်နတ်ဘုရားဂိုဏ်း၏ တမန်တော်နှစ်ဦးသည် လှည့်လည်သွားခြင်းကို နောက်ဆုံးတွင်တော့ ရပ်လိုက်ကာ မိုးကောင်းကင်ငယ်ဂိုဏ်းသို့ ရှီလင်ယုနောက်မှ လိုက်လာကြသည်။

"ဂိုဏ်းချုပ်ရှီ... ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာ ခင်ဗျား ခန့်မှန်းမိလောက်ပါပြီ။ ကျွန်တော်တို့ ခင်ဗျားကို အရင်က မပြောပြခဲ့တာ ခင်ဗျား အရမ်း အတွေးလွန်သွားမှာစိုးလို့ပဲ။ ကျွန်တော်တို့ ဒီတစ်ခေါက် နတ်ဘုရားမြေနိမ့်ဆီ လာတာ မိုးကောင်းကင်ငယ်ဂိုဏ်းကို လာကြည့်ဖို့ထက် နှင်းစက်စိမ်း ဆန်စိုက်နိုင်တဲ့ လူတစ်ယောက်ကို ရှာပြီး မိုးကောင်းကင်နတ်ဘုရားဂိုဏ်းဆီ ခေါ်ယူဖို့အတွက်က အဓိကပဲ"

မိုးကောင်းကင်ငယ်ဂိုဏ်းထဲ ပြန်ရောက်ပြီးသည့်နောက်တွင် ချီခွန်းက သူတို့ရည်ရွယ်ချက်ကို ဖွင့်ဟကြေညာလိုက်သည်။

ရှီလင်ယုက အလွန် ဖော်ရွေဟန်ဖြင့်

"မိုးကောင်းကင်ငယ်ဂိုဏ်းက နတ်ဘုရားမြေနိမ့်မှာ နှစ်ပေါင်းများစွာ ကြာပြီးနောက် ကျုပ်တို့ဘာသာ နာမည်တစ်လုံးနဲ့ဖြစ်လာအောင် တည်ဆောက်နိုင်ခဲ့တယ်။ ပင်မဂိုဏ်းက ဘယ်တောင်းဆိုချက်မဆို ကျုပ် ရှီလင်ယုက အတတ်နိုင်ဆုံး ကူညီပေးပါ့မယ်"

ချီခွန်းက ခေါင်းငြိမ့်ကာ

"ဒီတစ်ခေါက် ကျုပ် မျက်စိကျနေမိတဲ့လူ နှစ်ယောက် ရှိတယ်။ တစ်ယောက်က အစိမ်းရောင်သခင် ကုန်သည်အိမ်တော်ရဲ့ အိမ်တော်သခင်။ နတ်ဘုရားမြေနိမ့် တစ်လျှောက် အကြာကြီး သွားလာနေပြီးနောက် သူက အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်နိုင်တဲ့ တစ်ဦးတည်းသောသူပဲ ဖြစ်လိမ့်မယ်။ ခရမ်းရောင် ဓားနတ်လမ်းရဲ့ ဂုဏ်ထူးဆောင်အကြီးအကဲ ဟယ်ဖူလည်း ရှိသေးတယ်။ သူက ထိပ်တန်းအရည်အသွေးရှိတဲ့ အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန်ကို စိုက်နိုင်နေပြီ။

ဒီပုဂ္ဂိုလ်နှစ်ယောက်ကို ကူညီဖိတ်ခေါ်ပေးပါ။ တစ်ချိန်တည်းမှာပဲ သူတို့ဂိုဏ်းနဲ့ ကုန်သည်အိမ်တော်ကို ကတိပေးလိုက်ပါ။ မိုးကောင်းကင်နတ်ဘုရားဂိုဏ်းကို နှစ်နှစ်တိတိ ကူညီဖို့ သွားပေးသရွေ့ နတ်ဘုရားမြေမြင့်ထဲက နတ်ဝိညာဉ်စွမ်းအင် မြေနေရာတစ်ခုကို ပိုင်ဆိုင်စေနိုင်ရမယ်လို့။ ပြီးတော့ မိုးကောင်းကင်နတ်ဘုရားဂိုဏ်းရဲ့ ကာကွယ်မှုအောက်မှာ သွားလို့ ရမယ်လို့"

"ဘာရယ်"

ရှီလင်ယုက ထိုင်နေရာမှ ရုတ်တရက် ထရပ်လိုက်လေသည်။ ထို့နောက် သူက အနည်းငယ် တွေဝေသွား၏။

မိုးကောင်းကင်ငယ်ဂိုဏ်းမှာ နတ်ဘုရားမြေမြင့်သို့ သွားသော မိုးကောင်းကင်နတ်ဘုရားဂိုဏ်း၏ ဂိုဏ်းခွဲ တစ်စိတ်တစ်ပိုင်းအဖြစ် အမြဲတည်ရှိခဲ့သည်။ သို့သော် စိတ်မကောင်းစရာပင် နတ်ဘုရားမြေမြင့်ထဲက မြေလွတ်မြေရိုင်းများသည်ပင် ပိုင်ရှင်ရှိပြီးသားများ ဖြစ်နေသည်။

ချီခွန်း ကတိပေးလိုက်သည့်အရာမှာ အထူးသဖြင့် သူ ရှီလင်ယု အမြဲတစေ အိမ်မက်ခဲ့ရသည့်အရာ ဖြစ်နေလေသည်။

## အခန်း (၉၆၀) : မိုဂူကျို၏ တံခါးဝ၌ ရုတ်ရုတ်သဲသဲ ဖြစ်ခြင်း

ရှီလင်ယု၏ ပုံစံကို ကြည့်ခြင်းဖြင့် သူဘာကိုဆိုလိုနေမှန်း ချီခွန်းက အဘယ်ကြောင့် နားမလည်ဘဲ နေမည်နည်း။ သို့သော် ချီခွန်းက တစ်ချက်ရယ်ရင်းသာ ပြောလိုက်သည်။

"ဂိုဏ်းချုပ်ရှီ စိတ်ထဲ ထားမနေပါနဲ့။ အခုအခြေအနေက အရမ်းအရေးကြီးနေတယ်။ ဒါပြီးသွားတာနဲ့ မိုးကောင်းကင်နတ်ဘုရားဂိုဏ်းက အပြင်စည်း တပည့်တွေ လက်ခံဖို့ လုပ်ပေးပါလိမ့်မယ်။ မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ ထူးချွန်တဲ့တပည့်

တချို့တလေကို မိုးကောင်းကင်နတ်ဘုရားဂိုဏ်းရဲ့ အပြင်ပိုင်း ဌာနခွဲကြီးဆီ ဝင်ခွင့်ပြုပေးမှာပါ”

ရှီလင်ယုက အံကိုကျိတ် လက်သီးကို တင်းတင်းဆုပ်ကာ တုံ့ပြန်လိုက်သည်။

“တာအိုရောင်းရင်းချီ… အရင်က ကျုပ် အရမ်းတစ်ကိုယ်ကောင်း မဆန်သင့်ခဲ့ဘူးဗျာ။ တကယ်တော့ မိုးကောင်းကင်ငယ်ဂိုဏ်းမှာ နှင်းစက်စိမ်း ဆန်စိုက်တဲ့နေရာမှာ အရမ်းထူးချွန်တဲ့ လူတစ်ယောက် ရှိတယ်ဗျ။ လွန်ခဲ့တဲ့လ အနည်းငယ်ကတင် သူက အဆင့်မြင့် နှင်းစက်စိမ်းဆန်တစ်ကွက် ထုတ်လုပ်လိုက်သေးတယ်။ ကြည့်ပါဦး… ဒါ သူ ထုတ်ထားတဲ့ အဆင့်မြင့်ဆန်တွေ”

ပြောပြဖြေရှင်းပြီးသည့်နောက် ရှီလင်ယုက ရွှေရောင်အစင်းများ ပါနေသော စပါးစေ့ရှည်ရှည် လက်တစ်ဆုပ်စာကို ထုတ်ယူလိုက်ပြီး ဘေးစားပွဲပေါ်မှာ တင်ထားလိုက်သည်။ စပါးနံ့သင်းသင်းလေး တစ်ခုက ပျံ့လွင့်လာကာ ရှုမိသူတိုင်း၏ စိတ်အာရုံစူးစိုက်မှုကို မြှင့်တင်ပေးလေသည်။

ဤဆန်များမှာ အကြီးအကဲကျန့်ချန်ကန်းက သူ့ကို ပေးထားသော အဆင့်မြင့် နှင်းစက်စိမ်းဆန်များ ဖြစ်၏။

“ဒါတွေက တကယ့်ကို အဆင့်မြင့် နှင်းစက်စိမ်းဆန်တွေပဲ…”

ချီခွန်းသည် စားပွဲပေါ်မှ စပါးစေ့ ၁၀ စေ့ကို သိမ်းကျုံးယူလိုက်ပြီး သူ့လက်များ တုန်လာသည်အထိ စိတ်လှုပ်ရှားသွားသည်။

စပါးစေ့တိုင်းမှာ အလွန် ဆူဖြိုးနေကာ ရွှေရောင်အစင်းတို့မှာလည်း အလွန် သိပ်သည်းထူထပ်နေသည်။ ဤသည်မှာ ၎င်းတို့သည် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် ဖြစ်ရန် အင်မတန် နီးစပ်နေပြီဟု ဆိုလိုနေလေသည်။

သူက ချက်ချင်းပင် နှင်းစက်စိမ်း ဆန်တစ်စေ့ကို အခွံနွှာလိုက်ကာ ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။ သူ၏ ဝိညာဉ်လမ်းကြောင်းများထဲသို့ တိုးဝင်လာသော အငွေ့အသက်က သူ့မျက်လုံးများအား ချက်ချင်း မှိတ်သွားစေလေသည်။

တစ်ခဏမျှကြာပြီးနောက် ချီခွန်းက စိတ်လှုပ်ရှားစွာ မျက်လုံးများ ပြန်ဖွင့်လာပြီး တအံ့တသြပြောလိုက်သည်။

“ဂိုဏ်းချုပ်ရှီ… ဒီပညာရှင်နဲ့တွေ့ဖို့ ကျွန်တော့်ကို မြန်မြန်သာ ခေါ်သွားပေးပါ။ အားလုံး ကျွန်တော့်အမှားတွေပဲ… ခင်ဗျားကို ကျွန်တော့်ရဲ့ရည်ရွယ်ချက်ကို အစကတည်းက ပြောပြခဲ့သင့်တာ…”

ချီခွန်းအတွက် ဤနှင်းစက်စိမ်းဆန်ကို လွှန်ခဲ့သည့် တစ်နှစ်တောင်မရှိသေးခင်က ထုတ်လုပ်ခဲ့သည်ဆိုသည့်အကြောင်းက သူ့အား ပို၍ အံ့အားသင့်စေသည်။ နတ်ဘုရားကုန်းမြေပေါ်တွင် တစ်နှစ်အတွင်း စိုက်ပျိုးရရှိသည့် အဆင့်မြင့် နှင်းစက်စိမ်းဆန်များမှာ တဖြည်းဖြည်းချင်း နည်းသည်ထက် နည်းလာသည်။ အကြောင်းမှာ ဆန်အများစုမှာ ကြိမ်ဖန်များစွာ အရောင်းခံရလိုက် ပြန်ရောင်းလိုက်နှင့် ဖြစ်နေသောကြောင့်ဖြစ်သည်။

ချီခွန်းဘေးတွင် လိုက်လာလေ့ရှိသော အမြဲငြိမ်နေတတ်သည့် အမျိုးသမီးပင်လျှင် ရုတ်တရက် သူမ မျက်လုံးထဲတွင် စိတ်လှုပ်ရှားဟန်များ ပေါ်လာသည်။ သူမက ဆန်ကို မစားလိုက်သော်လည်း ချီခွန်း စပါးခွံနွှာပြီး အနံ့လေးမွှေးလာသည့် ဖြစ်စဉ်တစ်ခုလုံးကို တွေ့လိုက်ရသေးသည်။ အဆင့်မြင့် နှင်းစက်စိမ်းများကိုကား သူမအပြင် ပိုစားဖူးသည့်လူ သိပ်မရှိချေ။

သူ့ထုတ်ပြန်ချက်က သိပ်မပြည့်စုံသေးဘူးဟု ခံစားရသဖြင့် ချီခွန်းက ထပ်ထည့်လိုက်သည်။

"ဂိုဏ်းချုပ်ရှီ… စိတ်မပူပါနဲ့။ အဲ့ဒီလယ်သမားက အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို ထုတ်လုပ်နိုင်တာ သေချာသရွေ့ မိုးကောင်းကင်ငယ်ဂိုဏ်း တစ်ခုလုံးကိုတောင်

နတ်ဘုရားမြေမြင့်များဆီကို ပြောင်းရွှေ့ဖို့ဆိုတာ ဖြစ်နိုင်ကောင်း ဖြစ်နိုင်တယ်”

ဤသည်ကား ရှီလင်ယု စောင့်မျှော်နေသော စကားလုံးများပင်တည်း။ ထို့နောက် သူက မြန်မြန် တုံ့ပြန်လိုက်သည်။

“ကျုပ်ရဲ့အထူး တမန်တော်နှစ်ဦး... ကျေးဇူးပြု၍ ကျုပ်နောက်ကို လိုက်ခဲ့ပါ”

..................

ရှီလင်ယုက ချီခွန်းနှင့် ယွီလောအား မိုးကောင်းကင်ငယ်ရွာသို့ ခေါ်လာသည့်အခါ သူတို့သည် သူတို့ရှေ့မှ မြင်ကွင်းကြောင့် အံ့သြသွားကြသည်။

မိုဝူကျို၏ (ဃ)၇၉ လယ်ကွက်မှာ လူများဖြင့် ပြည့်နေကာ လူအများစု၏ လက်ထဲတွင် နံပါတ်ပြား တစ်ခုစီ ရှိကြသည်။

ရှီလင်ယုက မျက်မှောင်ကျုံ့လိုက်၏။ ဤနေရာ၌ ဘာတွေများ ဖြစ်ပျက်နေသနည်း။ မိုဝူကျိုအား အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်နိုင်သည့်အကြောင်းအား ထုတ်မပြောပြရန် သူ မှာကြားခဲ့သည် မဟုတ်ပါလော။ အကယ်၍ မိုဝူကျိုက အရောင်းအဝယ် တချို့လုပ်မည်ဆိုပါက ရောင်းရန်

နှင်းစက်စိမ်းဆန် အများကြီးကို သူ မည်သည့်နေရာမှ ရလာသနည်း။

"ဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ်... တာအိုရောင်းရင်းချီခွန်းနဲ့ တာအိုရောင်းရင်း ယွီလေ့ာတို့ကို ဂါရဝပြုပါတယ်"

တစ်ဖက်တွင် စောင့်ကြပ်ကြည့်ရှုနေသော အကြီးအကဲရှစ်ယီသည် ဂိုဏ်းချုပ်က မိုးကောင်းကင်နတ်ဘုရားဂိုဏ်းမှ တမန်တော် နှစ်ဦးကို ခေါ်ဆောင်လာသည်အား မြင်သဖြင့် သက်ပြင်း အသာချလိုက်သည်။ မိုဝူကျိုက အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်သည့် သတင်းမှာ ပေါက်ကြားသွားပြီဖြစ်ကြောင်း သူ သိလိုက်သည်။

သူ့ရင်တွင်းထဲ၌ သူသည် တကယ့်ကို မိုဝူကျိုအား မိုးကောင်းကင်ငယ်ဂိုဏ်းမှ ထွက်မသွားစေလိုပေ။ ဤနေရာကို သူ စောင့်ကြပ်နေစဉ်၌ မိုဝူကျို၏ ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြော ဝန်းကျင်ရှိ နတ်ဝိညာဉ်စွမ်းအားကို ခံစားနိုင်သည်သာမက မိုဝူကျိုက သူ့အား တစ်ခါတစ်ရံ အဆင့်မြင့် နှင်းစက်စိမ်းဆန် ကာတီအနည်းငယ် ပေးသေးသည်။

ဤ လေးငါးလအကြာ အချိန်တိုလေးအတွင်း မိုဝူကျိုက သူ့အား စုစုပေါင်း ဆန် ၅ ကာတီ ပေးပြီးသွားပြီ ဖြစ်ကာ အားလုံးမှာ အဆင့်မြင့် ဆန်များ ဖြစ်သည်။ မိုဝူကျို ရိတ်သိမ်းနိုင်သော

အဆင့်မြင့် နှင်းစက်စိမ်းဆန်ပမာဏ တိုးလာသည်နှင့်အမျှ သူရရှိမည့် ပမာဏမှာလည်း တိုးလာမည်ဖြစ်ကြောင်း စိတ်ကူးယဉ်ကြည့်၍ ရပေသည်။

“ဘာတွေဖြစ်နေတာလဲ။ တကယ်လို့ ဝူကျိက အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို စိုက်နိုင်တယ်ဆိုရင်တောင်မှ အဲ့လောက် အများကြီး ထုတ်လုပ်နိုင်စရာ အကြောင်းမရှိဘူး။ ဘာဖြစ်လို့ သူနဲ့ အရောင်းအဝယ်လုပ်ဖို့ ဒီလောက်လူတွေ အများကြီး ရှိနေရတာလဲ။ ဘာဖြစ်လို့ အပြင်တပည့်တွေတောင် လာဝယ်နေကြတာတုန်း”

ရှီလင်ယု၏ မျက်နှာအမူအယာမှာ အနည်းငယ် ကြည့်ရဆိုးသွားသည်။ သူက ရှစ်ယီအား ဤနေရာ၌ နေစေသည်မှာ မိုဝူကျိအား ကာကွယ်စောင့်ရှောက်ရန် ဖြစ်သည်။ ဤမျှလောက် လူတွေဝိုင်းနေသည်မှာ မည်ကဲ့သို့ ကာကွယ်ပေးမှုမျိုးနည်း။

ရှစ်ယီသည် သူ့ဂိုဏ်းချုပ် မည်သည်ကို ဆိုလိုသည်မှန်း နားလည်သော်လည်း သူလည်း ဘာမှ မတတ်နိုင်ချေ။ ဤသည်မှာ မိုဝူကျိ တောင်းဆိုထားသည့်ကိစ္စ ဖြစ်ကာ မိုဝူကျိအား အပြစ်ပြုရန်လည်း သူ ဘယ်တတ်နိုင်ပါ့မည်နည်း။

"ဂိုဏ်းချုပ်ကို အစီအရင်ခံပါတယ်... တကယ်တော့ ဒီလူတွေက မိုဝူကျိဆီက နှင်းစက်စိမ်းဆန်ဝယ်ဖို့ ဒီရောက်နေတာ မဟုတ်ပါဘူး။ သူတို့က ဆေးလုံးတွေ တောင်းဆိုဖို့ ရောက်နေတာပါ"

"ဆေးလုံးတွေ တောင်းဖို့တဲ့လား"

ရှီလင်ယုက ရှစ်ယီအား ဖြတ်ပြောလိုက်သည်။

"သူတို့က ဆေးလုံးတွေ တောင်းဆိုဖို့ ဒီကို လာတာလား"

ရှစ်ယီက ဆက်လက်၍သာ ရှင်းပြလိုက်သည်။

"ဂိုဏ်းချုပ် မသိသေးလို့ပါ... ဝူကျိက ထိပ်တန်း အဆင့် ၃ နတ်ဆေးလုံးဖော်စပ်သူ တစ်ယောက်ပါ။ သူက အဆင့် ၄ နတ်ဆေးလုံးကိုတောင် ဖော်စပ်နိုင်နေပြီ။ ဝူကျိ ထုတ်လိုက်တဲ့ ဆေးလုံးတွေက အရမ်းကို အရည်အသွေးမြင့်တယ်။ ဒါကြောင့် ဒီလူတွေအားလုံးက နတ်ဆေးလုံးတွေ တောင်းဆိုဖို့ ဒီရောက်နေကြတာပါ။ တခြားဂိုဏ်းတွေက လူအများကြီးက ဒီနေရာကို ဝင်လို့ မရပါဘူး။ အဲ့ဒါကြောင့်မို့ သူတို့က သူတို့အစား ဝယ်ပေးဖို့ ကျွန်တော်တို့ မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ အတွင်းတပည့်တွေနဲ့ အပြင်တပည့်တွေကို အကူအညီတောင်းဖို့ပဲ

တတ်နိုင်ကြပါတယ်။ ဒီလိုနဲ့ ဒီမှာ လူတွေအများကြီးကို တွေ့နေရတာပါ”

“ဝူကျိုက အဆင့် ၄ နတ်ဆေးလုံးဆရာလည်း ဖြစ်နေတယ်လား”

ရှီလင်ယုမှာ မှင်သက်သွား၏။

အဆင့် ၃ နှင့်အောက်အဆင့် နတ်ဆေးလုံးများ ပြုလုပ်နိုင်သူများမှာ နတ်ဆေးလုံးဖော်စပ်သူများ ဖြစ်သည်။ အဆင့် ၄ နတ်ဆေးလုံးများ ဖော်စပ်နိုင်သူများမှာ နတ်ဆေးလုံးဆရာများ ဖြစ်ကာ သူတို့ကို နတ်ဆေးလုံးဘုရင်တပိုင်းအဆင့်များ ဟုလည်း သတ်မှတ်ကြသည်။ အဆင့် ၅ နတ်ဆေးလုံးများကို ဖော်စပ်နိုင်သူများကိုသာ နတ်ဆေးလုံးဘုရင်များဟု ခေါ်ဆိုနိုင်ပေသည်။

သူ့ရင်ထဲ၌ ရှီလင်ယုမှာ စတင်၍ နှောင်တရလာလေသည်။ အဆင့် ၄ နတ်ဆေးလုံး ဆရာတစ်ယောက်သည် ဂိုဏ်းအတွက် မည်မျှ အဖိုးတန်လိုက်လေသနည်း။
မိုးကောင်းကင်ငယ်ဂိုဏ်းတစ်ခုလုံးတွင် အရည်အသွေးမြင့်သည့် ဆေးလုံးများအား ဖော်စပ်နိုင်သူမဆိုနှင့် အဆင့် ၄ နတ်ဆေးလုံးဆရာဟူ၍ပင် တစ်ယောက်မျှ မရှိပေ။

ထို့အပြင် မိုဝူကျိသည် ဤနယ်ပယ်တွင် အရည်အချင်းကို ပြသနိုင်လေရာ အနာဂတ်၌ သူသည် အဆင့် ၅ နတ်ဆေးလုံးဘုရင်အဆင့်သို့ပင် တက်လှမ်းကောင်း တက်လှမ်းနိုင်ပေလိမ့်မည်။

"အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို သူ စိုက်ပျိုးနိုင်တာ မထူးဆန်းပါဘူး။ သူက တကယ်တော့ နတ်ဆေးလုံး ဆရာတစ်ယောက်ကိုး"

ချီခွန်းက အံ့အားသင့်စွာ ပြောလိုက်ရင်း သူသည် ဤမိုဝူကျိဆိုသည့်လူမှာ မည်သူများ ဖြစ်သနည်းဟု ပို၍ သိချင်လာမိသည်။

အဆင့်မြင့် နှင်းစက်စိမ်းဆန်လည်း စိုက်ပျိုးနိုင်သော နတ်ဆေးလုံးဆရာတစ်ယောက်... ဤကဲ့သို့လူမျိုးမှ ဂိုဏ်းသို့ ကူညီထောက်ပံ့မှုများမှာ ပြိုင်ဘက်ကင်း ဖြစ်ပေလိမ့်မည်။

ရှီလင်ယု၏ စိတ်ခံစားချက်ကို အာရုံခံမိသည့်အလား ချီခွန်းက အမြန် နှစ်သိမ့်လိုက်သည်။

"ဂိုဏ်းချုပ်ရှီ... စိတ်မပူပါနဲ့။ မိုဝူကျိက အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို တကယ် စိုက်ပျိုးနိုင်သရွေ့

မိုးကောင်းကင်ငယ်ဂိုဏ်းလည်း နတ်ဘုရားမြေမြင့်များဆီကို ပြောင်းရွှေ့ဖို့ လုံးဝဖြစ်လာစေရမယ်”

ဤအဆင့်ထိရောက်နေပြီးမှ ရှီလင်ယုမှာ ဘာများပြောနိုင်ဦးမည်နည်း။ သူ့စကားသူ ပြန်ရုတ်သိမ်းဖို့လည်း အရမ်းနောက်ကျသွားလေပြီ။

ယခုမူ ချီခွန်းသည် ရှီလင်ယု၏ မိတ်ဆက်ပေးမှုကို စောင့်ဖို့ စိတ်မရှိတော့ဘဲ လူထုရှေ့သို့ သူ့ဘာသာသူ တိုးဝှေ့သွားလိုက်သည်။

အကယ်၍ ချီခွန်းသာ ယခုလို အားကောင်းမနေပါက မကျေမနပ်ဖြင့် တိုင်ကြားမည့်သူများ ရှိလာပေလိမ့်မည်။

“ခဏနေဦး... မင်း ဘယ်သူလဲ။ လူတန်းထဲ ပြန်ဝင်ပါ... ဟိုးနောက်ကနေ စပြီးတန်းစီရမှာ...”

ရှိုက်ကောသည် ချီခွန်းက အရှေ့သို့ ဇွတ်တိုးဝင်လာသည်ကို မြင်သောကြောင့် အော်လိုက်သည်။

တာ့ဟွမ်သည် ကျင့်ကြံခြင်းတွင် အာရုံနှစ်မြှုပ်နေသည်။ မိုဝူကျိက ဆေးလုံးဖော်ခြင်း၊ နတ်ဘုရားကျောက်များနှင့် နတ်ဆေးဖက်ဝင်အပင်များ ကောက်ယူခြင်းတို့ဖြင့် အလုပ်ရှုပ်နေသဖြင့် ဤကိစ္စများကို ရှိုက်ကောဆီ

လွှဲထားလိုက်ရသည်။ ဤအလုပ်သည် ရှိုက်ကော အကြိုက်နှင့်လည်း ကိုက်နေလေ၏။

"အိုး... နတ်သားရဲတစ်ကောင်ပဲ"

ယခုအချိန်အထိ ငြိမ်နေခဲ့သော ယွီလောသည် ရှိုက်ကောကို မြင်သောအခါ မျက်လုံးများက အရောင်တောက်လာပြီး တအံ့တသြရေရွတ်လိုက်သည်။

နတ်သားရဲများမှာ အင်မော်တယ်လောကလောက် နတ်ဘုရားကုန်းမြေပေါ်တွင် မရှားပါးသော်လည်း လူတိုင်း၌ နတ်သားရဲတစ်ကောင် ရှိနေသည်မျိုးလည်း မဟုတ်ချေ။ အလားတူပင် နတ်ဘုရားကုန်းမြေပေါ်မှ မိစ္ဆာသားရဲတိုင်းကိုလည်း နတ်သားရဲဟူ၍ မသတ်မှတ်နိုင်ပေ။

ချီခွန်းက သွားများပေါ်သည်အထိ ပြုံးရယ်လိုက်ရင်း

"တကယ်တော့ ဒီငှက်က အဲ့လောက် မရိုးရှင်းဘူး။ သူက သန္ဓေပြောင်း သတ္တဝါတစ်ကောင် ဖြစ်မယ် ထင်တယ်။ ဒါပေမဲ့ သူ့ရဲ့သွေးမျိုးဆက်က အရမ်းအားပျော့လွန်းလို့ ပျောက်လုပျောက်ခင် ဖြစ်နေပြီ"

ထိုအချိန်၌ ရှီလင်ယုသည်လည်း လျှောက်လှမ်းလာနေပြီ ဖြစ်သည်။ သူသည် ဂိုဏ်းချုပ်ဖြစ်လေရာ သူ့မျက်နှာကို

ဖော်ပြလိုက်သည်နှင့် လူထုမှာ အလိုအလျောက် သူ့အတွက် လမ်းကြောင်းတစ်ခု ဖယ်ပေးလိုက်ကြသည်။ ရှီလင်ယုက ရှိုက်ကောကို သိသဖြင့် သူက စ၍ ရှိုက်ကောကို စကားပြောလိုက်သည်။

"ဒီလူနှစ်ယောက်က မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ အရေးကြီးဧည့်သည်တွေပါ... ဒါကြောင့် မင်းသခင် ဝူကျိဆီ အကြောင်းကြားပေးပါဦးကွာ"

"လက်စသတ်တော့ ဂိုဏ်းချုပ်က ကျုပ်တို့ဆီကို မျက်နှာပြ ကြွရောက်လာတာကိုး။ ကျုပ် အခုပဲ သခင့်ကို အကြောင်းကြားလိုက်ပါ့မယ်"

ရှိုက်ကောကလည်း ရှီလင်ယုကို မှတ်မိလေသည်။ ထို့အပြင် ဤလူမှာ မိုးကောင်းကင်ငယ်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်နေလေရာ သူ့ကို သွားတန်းစီဖို့ မပြောရဲပေ။

..................

မိုဝူကျိသည် အဆင့်မြင့် ဆတိုးမိုး ဆေးလုံးတစ်သုတ်ကို ကျောက်စိမ်းပုလင်းတစ်ခုထဲသို့ ထည့်လိုက်သည်။ ဤဆေးလုံးတစ်သုတ်သည် သူ့အတွက် အမွှေးတိုင်တစ်တိုင်စာ အချိန်သာ ကြာစေလေသည်။ အကယ်၍ သူသာ သူတို့အပေါ်

အနည်းငယ်လောက် ပို၍အချိန်ကုန်ခံလိုက်ပါက ပြိုင်ဘက်ကင်းအဆင့် ဆတိုးမိုး ဆေးလုံးတစ်သုတ်ကို ဖော်စပ်နိုင်ပေလိမ့်မည်ဖြစ်သည်။

ဆတိုးမိုးဆေးလုံးများမှာ အဆင့် ၃ အဆိပ်ဖြေ နတ်ဆေးလုံးများဖြစ်ကာ အဆင့် ၃ ပြိုင်ဘက်ကင်းအဆင့် နတ်ဆေးလုံးများကို ပြုလုပ်နိုင်ခြင်းမှာ မိုဝူကျိသည် နတ်ဆေးလုံး ဆရာတစ်ယောက် ဖြစ်နေပြီဟု ဆိုလိုနေပေသည်။

လက်တွေ့၌လည်း ထိုသို့ ဖြစ်လေ၏။ ယခု မိုဝူကျိသည် အဆင့် ၄ နတ်ဆေးလုံးများကို ဖော်စပ်နိုင်လေပြီ။ သူက သူများတွေကို အဆင့် ၄ ဆေးလုံးများအား အောင်အောင်မြင်မြင် ဖော်စပ်နိုင်ချေမှာ အရမ်းနည်းကြောင်း ပြောထားကာ အများကြီးမဖော်စပ်ဘဲ နေနေသည့်အကြောင်းရင်းမှာ ဆေးလုံးလာတောင်းသည့် သူများထဲတွင် အလွန့်အလွန်နည်းသော လူနည်းစုကသာ သူစိတ်ကျေနပ်လောက်သည့် အဖိုးအခကို ပေးနိုင်သောကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ မိုဝူကျိသည် သူများတွေကို သူ့အဆင့် ၄ နတ်ဆေးလုံးဖော်စပ်ခြင်း၏ အောင်မြင်မှုရာခိုင်နှုန်းမှာ နည်းသည်ဟု ပြောထားလိုက်၏။ အကယ်၍

တစ်ယောက်ယောက်ကသာ အဆင့် ၄ နတ်ဆေးလုံးကို လိုချင်ပါက လုံလောက်သည့်အဖိုးအခ ပေးလျှင်ပေး၊ မဟုတ်ပါက နတ်ဘုရားကျောက်များ ပေးရမည့်အပြင် အနည်းဆုံး သူ့ကို နတ်ဆေးလုံးတစ်သုတ်စာ လိုအပ်သည့် နတ်ဆေးဖက်ဝင်အပင်များ သုံးစုံတိတိ ပေးရမည် ဖြစ်သည်။

"သခင်ကြီး… ဂိုဏ်းချုပ်ရှီ ရောက်နေတယ်"

ဆေးလုံးများ စုစည်းနေသော မိုဝူကျိကို မြင်သဖြင့် ရှို့ကျက်ကောက မြန်မြန် တင်ပြလိုက်သည်။

မိုဝူကျိက ထိုင်ရာမှ ထလိုက်ပြီး တုံ့ပြန်လိုက်သည်။

"သွား… မြန်မြန်… ဂိုဏ်းချုပ်ရှီကို အထဲ မြန်မြန် ဖိတ်ခေါ်လိုက်"

"ဟားဟား… ဝူကျိ… ကျုပ် မမျှော်လင့်ဘဲ ရောက်လာတာက မင်းအတွက် အနှောင့်အယှက် ဖြစ်သွားပြီလား"

ရှီလင်ယု၏ ကျယ်လောင်သော အသံကြီးက အိမ်တစ်လျှောက်လုံး ပဲ့တင်ထပ်သွားသည်။

"မဖြစ်ပါဘူးဗျာ… ဂိုဏ်းချုပ်အလာကို ကျုပ်က မျှော်နေတာဗျ"

မိုဝူကျိက သူ့တံခါးမှ ကန့်သတ်ချက်ကို ဖွင့်လိုက်ပြီး ဆေးလုံးဖော်ခန်းမှ ထွက်လာလိုက်စဉ် ရှီလင်ယုက

လူနှစ်ယောက်ကို အင်မော်တယ်နေအိမ်ထဲသို့ ခေါ်ဆောင်လာလေသည်။

ရှီလင်ယုက အလိုအလျောက် မိတ်ဆက်ပေးလိုက်သည်။

“ဝူကျိ… ကျုပ် မိတ်ဆက်ပေးရဦးမယ်။ ဒီနှစ်ယောက်ကတော့ နတ်ဘုရားမြေမြင့်ဆီက မိုးကောင်းကင်နတ်ဘုရားဂိုဏ်းရဲ့ တာအိုရောင်းရင်းချီခွန်းနဲ့ တာအိုရောင်းရင်းယွီလောတို့ပဲ”

မိုဝူကျိတွင် သံသယများ ရှိနေသော်လည်း သူက နှုတ်ဆက်သည့်အနေဖြင့် တလေးတစား ဦးညွှတ်လိုက်လေသည်။

ချီခွန်းက အပြုံးတစ်ခုနှင့် တုံ့ပြန်လိုက်ကာ

“ဆေးလုံးဆရာမိုကို ဂါရဝပြုပါတယ်… တာအိုရောင်းရင်းမိုကို နတ်ဆေးလုံးဆရာ တကယ်ဖြစ်နေလိမ့်မယ်လို့ ကျုပ် လုံးဝမထင်ထားမိဘူး”

ယခုမူ သူသည် ယခင်ကထက်ပင် ပို၍ အံ့သြနေမိသည်။ မိုဝူကျိ၏ ဝိညာဉ်စွမ်းအားမှာ မရှိသလောက်နီးပါးဖြစ်နေလေရာ ဤသည်မှာ မိုဝူကျိသည် အလွန် ပါရမီနည်းသည်ဟု ဆိုလိုနေသည်။ ပါရမီမရှိသည့်လူတစ်ယောက်က လယ်သမားကောင်းတစ်ယောက် ဖြစ်လာသည်မှာ မထူးဆန်းပေ။ သို့သော် အံ့သြစရာကောင်းစွာ မိုဝူကျိသည် သူ့ပါရမီအဆင့်နှင့်

နတ်ဆေးလုံးဆရာတစ်ယောက် အမှန်တကယ် ဖြစ်လာနိုင်သေးသည်။ ဤသည်ကား အင်မတန်ကို မယုံကြည်နိုင်စရာ ကောင်းလွန်းလှပေ၏။

ယခုလောလည်း မိုဂူကျိုအား နှုတ်ဆက်စဉ်တွင် တလေးတစား ဦးညွှတ်လိုက်သည်။ သူမသည်လည်း စိတ်ထဲ၌ အလွန် အံ့သြနေမိသည်။ မိုဂူကျိုသည် ကျင့်ကြံခြင်းတွင် ပါရမီမရှိသော်လည်း ဆေးလုံးဖော်ခြင်းအတွက်မူ ပါရမီရှိနေပြန်သည်။ အဘယ်ကြောင့်များ ဤကဲ့သို့ အဖြစ်မျိုး ဖြစ်လာသနည်း။

မိုဂူကျိုက ပြုံးရင်း တုံ့ပြန်လိုက်သည်။

“ကျုပ်ရဲ့ပါရမီက သာမန်ပဲ ရှိတယ်။ ဒါနဲ့ ကျုပ်က ကျုပ်ရဲ့အချိန်တွေအားလုံးကို နှင်းစက်စိမ်း ဆန်စိုက်ခြင်းနဲ့ ဆေးလုံးဖော်ခြင်းတို့မှာ ကုန်ဆုံးစေခဲ့တယ်။ ဒီလောက် နှစ်တွေအများကြီးကြာပြီးတဲ့အချိန်မှာ အနည်းဆုံးတော့ ရလဒ်တချို့ ပေါ်လာခဲ့ပြီပေါ့ဗျာ”

ရှီလင်ယုက အသာရယ်လိုက်ကာ

"ဝူကျိ... တကယ်လို့ ဒီဟာကို ရလဒ်တချို့ လို့သတ်မှတ်မယ်ဆိုရင် ဒီနှစ်တွေမှာ ကျုပ်တို့တွေ ကျုပ်တို့ရဲ့ဘဝအချိန်တွေကို အလကား ဖြစ်စေခဲ့ပြီပဲ"

မိုဝူကျိသည် ဤစကားလမ်းကြောင်းကို ဆက်မသွားလိုပေ။ ထို့ကြောင့် သူက တည့်တိုး မေးလိုက်သည်။

"ဂိုဏ်းချုပ် ကျုပ်ဆီ ဘာကိစ္စကြောင့် ရောက်လာတာလဲဗျ"

ရှီလင်ယုက မချိတချိ ပြုံးကာ ဖြေတော့မည်ဆဲဆဲတွင် အပြင်ဘက်မှ ရုတ်တရက် ရုတ်ရုတ်သဲသဲတစ်ခု ထဖြစ်လေသည်။

မိုဝူကျိ၏ စိတ်စွမ်းအားကို ဖြန့်ကျက်လိုက်သည်နှင့် သူက ချက်ချင်းပင် ရင်းနှီးသည့် မျက်နှာတစ်ခုက သူ့ဆီသို့ ဦးတည်လာနေသည်ကို တွေ့လိုက်သည်။ သို့သော် လူများစွာက လမ်းပိတ်တားဆီးထားကြကာ သူမအား ဝင်ခွင့်မပြုပေ။ လူတိုင်းမှာ တန်းစီနေကာ အားကောင်းသည့်သူများ၏ တန်းဝင်ဖြတ်ခြင်းကို မည်သူကမျှ ဂရုမစိုက်ချေ။ သို့သော် ယခုမူ ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူတစ်ယောက်ကပင် တန်းဝင်ဖြတ်ရဲလေ၏။ ဤသည်က လူတိုင်းအတွက် မနှစ်မြို့စရာ ဖြစ်သွားလေသည်။

"ရှိုက်ကော... အစ်မမြန့်ဟယ်ကို အထဲ ခေါ်လာခဲ့လိုက်"

မိုဝူကျိုက တွေဝေခြင်းမရှိဘဲ ပြောလိုက်သည်။

သူသည် မြန့်ဟယ်အပေါ် ကျေးဇူးကြွေးတင်နေသည်။ ယခု သူမက ထိတ်ထိတ်ပျာပျာနှင့် အပြေးရောက်လာလေရာ ကိစ္စတစ်ခုခု ရှိနေ၍သာ ဖြစ်မည်။

## အခန်း (၉၆၁) : မိန်ချင်းချင်း၏ ဂုဏ်သတင်း

"ဝူကျို... ကျွန်မ သခင်မလေးကို ကယ်ပါဦး"

မြန့်ဟယ်သည် မိုဝူကျို၏ အင်မော်တယ်နေအိမ် ဧည့်ခန်းသို့ ဝင်လာပြီးသည့်နောက် မျက်ရည်များ ကျဆင်းလာသည်။

သူမတွင် တခြားရွေးချယ်စရာ မရှိပေ။ အကယ်၍ သူမသာ မိုဝူကျိုသည် နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးနိုင်ပြီး ဂိုဏ်းချုပ်၏ အလေးပေးမှုကို ရရှိနေကြောင်းကိုသာ မကြားမိခဲ့ပါက သူမတွင် ဤအသက်ကယ်လမ်းကြောင်းပင် ရှိမည် မဟုတ်ချေ။

"မိန်းကလေး မြန့်ဟယ်... ထိုင်ပြီး ဖြေးဖြေး ပြောပါ။ စိတ်မစောပါနဲ့"

မိုဝူကျိုက မြန်မြန် ပြောလိုက်သည်။

ထိုအချိန်မှသာ မြန့်ဟယ်သည် ဂိုဏ်းချုပ်နှင့် အကြီးအကဲရှစ်တို့ ဤအခန်းထဲမှာ ရှိနေမှန်း သတိထားမိသွားသည်။ သူမသည် ကပျာကယာဖြင့် လေးလေးစားစား ဦးညွှတ်လိုက်သည်။

"မြန့်ဟယ်... ဘာဖြစ်လို့လဲ"

ရှီလင်ယုက မျက်မှောင်ကျုံ့ကာ မေးလိုက်သည်။ မိုးကောင်းကင် ရေကန်ငယ်တောင်သည် ဂိုဏ်းထဲတွင် အထင်သေးခံနေရမှန်း သူပင် သိသည်။ သို့သော် မိန်ချင်းချင်း၏ ခင်ပွန်းသည်ဖြစ်သူ ယိုကျော ကို မိန်ချင်းချင်းအား ဂရုစိုက်စောင့်ရှောက်ပေးပါ့မည်ဟု သူ ကတိပေးထား၏။ သို့ဖြစ်ရာ သူသည် သူမအား ဤအတောအတွင်း၌ စောင့်ရှောက်ပေးခဲ့သည်။ ယိုကျော ထားရစ်ခဲ့သော မိုးကောင်းကင် ရေကန်ငယ်တောင်ကိုပင် သူမအား ပေးခဲ့သည်။

ဂိုဏ်းချုပ်လည်း မိုဝူကျို၏ နေရာတွင် ရှိနေသည်ကို မြင်သောအခါ မြန့်ဟယ်မှာ အနည်းငယ် ပို၍ အားတက်သွားသည်။

"ကျင့်ဝေ့က အစ်မမိန်လုနဲ့ အစ်မချိုးလင်တို့ကို သတ်ပစ်ပြီး သခင်မလေးကိုလည်း သေအောင် ရိုက်သေးတယ်။ သူက သခင်မလေးကို ဖမ်းချုပ်ထားပြီးတော့ သခင်မလေးကို..."

မြန့်ဟယ်က ဆက်လက် မပြောပြတော့သော်လည်း သူမ၏ မျက်ရည်များမှ မိန်ချင်းချင်းမှာ အန္တရာယ်ရှိနေပြီဖြစ်ကြောင်း မိုဝူကျိုက သိလိုက်သည်။

သူတို့၏စကား အသွားအလာများကို ကြားသောအခါ ရှီလင်ယု၏ မျက်နှာအမူအယာမှာ ကြည့်ရဆိုးလာလေသည်။ ထို့အပြင် ဤကိစ္စနှင့်ပတ်သက်၍ ဆက်လက် မဆွေးနွေးချင်တော့သဖြင့် သူက ချက်ချင်း ပြောလိုက်သည်။

“ကျုပ် သိပြီ။ အရင်ပြန်နှင့်လိုက်... ကျုပ် ပြန်ရောက်တဲ့အချိန်ကျတော့ ဒီကိစ္စကို ဖြေရှင်းပေးမယ်”

ဤစကားကို ကြားသည့်အခိုက် မြန့်ဟယ်၏ မျက်နှာမှာ ဖြူဖျော့သွားကာ သူမသည် မိုဝူကျိုအား တိုလျိုးတောင်းပန်သည့် အကြည့်ဖြင့် ကြည့်လိုက်သည်။ မိုဝူကျိုသည် ဂိုဏ်းချုပ်၏ အလေးပေးမှုကြောင့် သူ့ရာထူးကို ပိုင်ဆိုင်ထားကြောင်း သူမ သိသော်လည်း ကြည့်ရသည်မှာ သူမ၏ တောင်းဆိုချက်မှာ အသုံးဝင်ပုံ မပေါ်ပေ။ သို့သော် သူမတွင် တခြားရွေးချယ်စရာ မရှိပေ။

မိုဝူကျိုသည် ရှီလင်ယုဘက်သို့ တလေးတစား ဦးညွှတ်လိုက်ပြီး

"ဂိုဏ်းချုပ်... အစ်မမိန်ဆီမှာ ကျုပ် ကျေးဇူးကြွေးတင်နေတာ ရှိပါတယ်။ ဒါကြောင့် ကျုပ် သူမကို တစ်ခါလောက် ပြန်ကူညီနိုင်ဖို့ မျှော်လင့်ပါတယ်"

ဤသည်က ရှီလင်ယုအား အကျပ်အတည်း ဖြစ်သွားစေလေ၏။ သူ့ညွှန်ကြားချက်များကို ဂရုမစိုက်သော ကျင့်ဝေ့ကိုလည်း အမျက်ထွက်မိသည်။ သို့သော် ကျင့်ဝေ့ကို အရေးယူ၍လည်း မရပြန်ပေ။

မျက်နှာဖုံးပဝါပါးကို ကိုင်၍ ဘေး၌ ရပ်နေသော ယွီလောက ပြောလိုက်သည်။

"အကြောင်းပြချက်မရှိဘဲ ဂိုဏ်းထဲမှာ တပည့်တစ်ယောက်ကို သတ်တယ်။ တကယ်လို့ အသတ်ခံရသူက အစေခံတပည့် ဖြစ်နေမယ်ဆိုရင်တောင် မိုးကောင်းကင် နတ်ဘုရားဂိုဏ်းမှာ လုံးဝ ခွင့်မပြုထားဘူး။ သတ်တဲ့သူက ဂိုဏ်းချုပ် ဖြစ်နေမယ်ဆိုရင်တောင်မှ ခွင့်ပြုမှာ မဟုတ်ဘူး"

ဤတစ်လျှောက်လုံး ယွီလော၏ ကျင့်ကြံဆင့်မှာ ချီခွန်း၏ ကျင့်ကြံဆင့်ထက် များစွာနိမ့်နေသော်လည်း သူမ၏ရာထူးမှာ ချီခွန်း၏ အထက်တွင် ရှိဟန်တူသည်ဟု မိုဝူကျိက တွေးမိသည်။

အမှန်ပင်... ယွီလော စကားပြီးဆုံးသွားပြီးသည့်နောက် ချက်ချင်း ချီခွန်းက မိုဝူကျိဘက် မျက်နှာမူကာ မေးလိုက်သည်။

“ဆေးလုံးဆရာမို... ဒီပြဿနာကို ဘယ်လို ကိုင်တွယ်ဖြေရှင်းသင့်တယ်လို့ ထင်လဲ”

မိုဝူကျိသည် ချီခွန်းအား တလေးတစား ဦးညွှတ်လိုက်ပြီးနောက် ရှီလင်ယုဘက်လှည့်၍လည်း ထိုနည်းတူ ဦးညွှတ်လိုက်ကာ

“ဂိုဏ်းချုပ်... အဖြစ်မှန်ကို သိရအောင် မိန်ချင်းချင်းနဲ့ ကျင့်ဝေ့တို့ကို ဒီကို မေးမြန်းဖို့ ခေါ်ယူသင့်တယ်လို့ ကျုပ် ထင်ပါတယ်”

သူတို့ကို ကူညီဖို့ ကြိုးစားနေသူမှာ ချီခွန်း ဖြစ်သော်လည်း မိုဝူကျိက ချီခွန်းအား ကူညီရန် တိုက်ရိုက် တောင်းဆို၍ မရနိုင်ပေ။ သူသည် ဤမျှအထိ သင့်တော်မှန်ကန်သော အမိန့်အစဉ်အတန်းကို ရှင်းရှင်းကြီး သိလေသည်။

ယွီလော ပြောသကဲ့သို့ပင် ကျင့်ဝေ့သည် ဂိုဏ်းထဲတွင် စိတ်ကူးပေါက်သလို လူသတ်လေ့ ရှိသည်။ ထို့ကြောင့် သူသည် လူကောင်း မဟုတ်မှန်း သိသာလှပေသည်။ အကုန်လုံးကို မေးမြန်းရန် ခေါ်လိုက်သည်နှင့် ကျင့်ဝေ့၏ ရာထူးနေရာ မည်မျှပင်

မြင့်မားနေပါစေ မိန်ချင်းချင်းအား ရိုက်နှက်ခံရသည်အထိ ဆိုးဝါးသောအခြေအနေ ရောက်စေနိုင်မည် မဟုတ်ပေ။

အခက်တွေ့သွားပုံပေါ်ကာ ရှီလင်ယုက ပြောလိုက်သည်။

“ဝူကျို… ကျင့်ဝေ့ကို ဖယ်ထားလိုက်ပြီး ကျုပ်တို့ မိန်ချင်းချင်းကိုပဲ ဆင့်ခေါ်လိုက်ရင်ကော…”

သို့သော် မိုဝူကျိုက တုပ်တုပ်မလှုပ်ပေ။ သို့ဖြစ်ရာ သူ မည်သို့ ဆက်လုပ်သင့်သနည်း။ မိန်ချင်းချင်းအား ကျင့်ဝေ့ကို လွှတ်ပေးဖို့ ကူညီပြောဆိုရန်မှာလည်း လုပ်ဖို့ မသင့်တော် မထိုက်တန်သော အရာဖြစ်နေပြန်သည်။

တစ်ဖက်တွင် ချီခွန်းက သက်ပြင်းချလိုက်ကာ

“ဂိုဏ်းချုပ်ရှီ… ခင်ဗျားရဲ့ ကျင့်ကြံဆင့်နဲ့အမြော်အမြင်ကို ကျွန်တော် လေးစားပါတယ်။ ဒါပေမဲ့ ဂိုဏ်းတွင်းပြဿနာတွေကို ခင်ဗျား ကိုင်တွယ်ဖြေရှင်းပုံက ဒီလိုမျိုးဆိုရင်တော့ နတ်ဘုရားမြေမြင့်များဆီ သွားလည်း ဘာမှသိပ်ထူးလာမဲ့ ပုံမပေါ်ပါဘူး”

အကယ်၍ မိုဝူကျိုနှင့်မတွေ့ခင်က ဤသို့ဖြစ်ခဲ့ပါလျှင် ချီခွန်းသည် ဤကဲ့သို့ ပြောရဲလိမ့်မည် မဟုတ်ချေ။ သူ့လို အတွေ့အကြုံ ရင့်နေပြီဖြစ်သော လူတစ်ယောက်အတွက်

မိုဝူကျိနှင့်ဆက်ဆံရေးတစ်ခု တည်ဆောက်ရန်မှာ အဓိကကျမှန်း အဘယ်ကြောင့် မသိဘဲ နေပါ့မည်နည်း။ အကယ်၍ မိုဝူကျိနှင့်ရှီလင်ယုတို့ကြား အဆင်မပြေဖြစ်ကာ မိုဝူကျိသာ သူ့အပေါ်တွင် အမြင်ကောင်း ရှိသွားပါက ညှိနှိုင်းရန် ပိုမိုလွယ်ကူသွားပေလိမ့်မည်။

ဤစကားများက ရှီလင်ယု၏ ရင်ဘက်ကို တုန်ခါသွားစေလေသည်။ ဂိုဏ်းချုပ် တစ်ယောက်အနေနှင့် ချီခွန်းမည်သည်ကို ဆိုလိုမှန်း အဘယ်ကြောင့် သူ နားမလည်နိုင်ဘဲ နေပါ့မည်နည်း။ မိုဝူကျိသာ သူနှင့် ခွာပြဲပြီး ချီခွန်းနှင့် ထွက်သွားလိုက်သည်နှင့် သူ့မိုးကောင်းကင်ငယ်ဂိုဏ်းမှာ ဘာမှရရှိနိုင်လိုက်မည် မဟုတ်ပေ။

"အကြီးအကဲရှစ်... ပတ်သက်နေတဲ့သူတွေအကုန် မြန်မြန် ခေါ်လာခဲ့လိုက်"

ရှီလင်ယုသည် ပြဿနာတစ်ရပ်လုံးအား သေချာစဉ်းစားပြီးသည့်နောက် တုန့်ဆိုင်းခြင်းမရှိဘဲ အမိန့်ပေးလိုက်သည်။

ထို့အပြင် သူသည် အလွန်တိကျ ပြတ်သားလေသည်။ ကျင့်ဝေ့ကို ခေါ်ယူခိုင်းသည်သာမက ကျန်သည့် ပါဝင်ပတ်သက်နေသူအားလုံးကိုပါ ဆင့်ခေါ်လိုက်လေသည်။

"အမိန့်နာခံလျက်ပါ"

အကြီးအကဲရှစ်သည် ဖျက်ခနဲ ချက်ချင်း ပျောက်ကွယ်သွားသည်။

မိုးကောင်းကင်ငယ်ရွာထဲတွင် ကွမ်းကျစ် အသတ်ခံရသည့် အခေါက်ကစ၍ မိုးကောင်းကင်ငယ်ရွာနှင့် မိုးကောင်းကင်ငယ်ဂိုဏ်းအကြား ကူးပြောင်းအစီအရင်များ ခင်းကျင်းထားလေသည်။ မြန့်ဟယ်သည် ဤသို့ ရောက်ရန် လွှတ်မြောက်အစီအရင် ကိုသုံးဖို့လိုအပ်သော်လည်း အကြီးအကဲရှစ်က ဂိုဏ်းသို့ ပြန်ရန် အစီအရင်ကို စတင်လိုက်ရုံသာ လိုအပ်လေသည်။

အကြီးအကဲရှစ်ယီ ထွက်သွားသည့်အချိန်တွင် မိုဝူကျိက ရှီလင်ယုအား ပြောလိုက်သည်။

"ဂိုဏ်းချုပ်ကို ကျေးဇူးတင်ပါတယ်"

ထို့နောက် သူက ချီခွန်းနှင့် ယွီလောတို့ကိုလည်း ကျေးဇူးတင်စကားဆိုလိုက်သည်။ ထို့နောက် ရှိုကျကောအား ပြောလိုက်သည်။

"ရှိုကျကော... အပြင်ဘက်လူတွေအားလုံးကို ပြောလိုက်ပါ။ ဒီနေ့အဖို့ ဆေးလုံးဖော်ခြင်း ပြီးသွားပြီလို့။ ဆေးလုံး

တောင်းချင်တဲ့သူတွေက နောက်ထပ် အသိပေးချက်အထိ စောင့်ရမယ်လို့”

“ဆေးလုံးဆရာမိုက တကယ့်ကို တိကျပါပေတယ်”

ချီခွန်းက ဘေးမှ အားရပါးရ ရယ်လိုက်သည်။

မိုဝူကျိသည် ဤလူများမှာ သူ့ဆီမှ တစ်စုံတစ်ရာ တောင်းဆိုစရာရှိသဖြင့် ရောက်လာကြောင်း ခန့်မှန်းမိသည်။ သို့မဟုတ်ပါက အဘယ်ကြောင့် သူတို့က သူ့ကို ကူညီမည်နည်း။ သို့သော် ယခုမူ သူတို့၏ အကူအညီကို ယူပြီးပြီဖြစ်ရာ သူတို့၏တောင်းဆိုချက်ကို ပွင့်ပွင့်လင်းလင်း ငြင်းဆို၍ မရတော့ချေ။

သူက စကား ထပ်ပြောလိုက်ပြန်သည်။

“ဂိုဏ်းချုပ်... ကိုယ့်အိမ်ကိုယ်ယာလို သဘောထားပြီး နေပါဗျာ။ ကျုပ် ခဏလောက် မြန့်ဟယ်နဲ့ စကားနည်းနည်းလေး ပြောချင်လို့ပါ”

ချီခွန်းက ရယ်ရင်း

“နတ်ဆေးလုံးဆရာမို လုပ်စရာရှိတာ လုပ်ပါဗျာ။ ဒီမှာ နတ်ဝိညာဉ်စွမ်းအားက
အရမ်းသိပ်သည်းလွန်းလို့ နောက်နေ့အထိ ဒီမှာ ထိုင်ရမယ်ဆိုရင်တောင် ကိစ္စမရှိပါဘူး”

...............

“အစ်မမြန့်ဟယ်… အစ်မမိန်က မိုးကောင်းကင်ရေကန်ငယ်တောင်ရဲ့ တောင်သခင် မဟုတ်ဘူးလား။ ဘာဖြစ်လို့ လူအများကြီးက အစ်မမိန်ကို သဘောမကျကြဘူးလို့ ကျုပ် ခံစားနေရတာလဲ။ ပြီးတော့ တောင်သခင်ရဲ့လူတွေက ဘယ်လိုလုပ် အဲ့ဒီကျင့်ဝေ့ရဲ့ ရမ်းရမ်းသမ်းသမ်း အသတ်ခံရတာလဲ။ အစ်မမိန် ကိုယ်တိုင်တောင် အသေအရိုက်ခံရသေးတယ် ဟုတ်လား။ ဘာတွေဖြစ်နေတာလဲ”

မြန့်ဟယ်ကို အခန်းတစ်ခန်းထဲသို့ ခေါ်လာပြီးနောက် မိုဝူကျိုက ချက်ချင်း မေးလိုက်သည်။

မိုဝူကျိုသည် စပ်စုတတ်သောသူမျိုး မဟုတ်ပေ။ မိန်ချင်းချင်းကို ကူညီချင်ပါက ဤကိစ္စများကို နားလည်မှ ဖြစ်မည်။

ဤအခြေအနေထိတိုင် မြန့်ဟယ်မှာ မိုဝူကျိုသည် သူမသခင်မလေးနှင့် ကျင့်ဝေ့တို့ကို အတူသွားခေါ်ရန် အကြီးအကဲရှစ်အား အလွယ်တကူ တောင်းဆိုလိုက်သည့် အဖြစ်ကို မယုံကြည်နိုင်သေးပေ။ သူ့လေသံအရ ကျင့်ဝေ့အား ဤနေရာသို့ ဆင့်ခေါ်ခြင်းမှာ ကျင့်ဝေ့ကို ကူညီရန်မဟုတ်ဘဲ အရေးယူရန် ဖြစ်ပေလိမ့်မည်။

မိုဝူကျိုက သူမကို စတင်မေးမြန်းသည့်အခါမှသာ သူမ စိတ်ပြန်လည်လာလေသည်။ သူမက ကပျာကယာ ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဝူကျိုရယ်... ရှင့်ကြောင့်သာ မဟုတ်ရင် ကျွန်မသခင်မလေးတော့..."

မိုဝူကျိုက လက်အသာ ဝှေ့ရမ်းလိုက်ကာ

"အစ်မမိန်က ကျုပ်ကို အလုပ်ကူရှာပေးထားတာလေ... ကျုပ် ပြန်ကူညီတာ ဖြစ်သင့်တဲ့ကိစ္စပါ။ ဒါပေမဲ့ အဲ့ဒါမတိုင်ခင် ခင်ဗျား ကျုပ်ကို အစ်မမိန်ရဲ့အကြောင်းတွေ ထပ်ပြောပြဖို့လိုတယ်"

သက်ပြင်းတစ်ချက်ချလိုက်ရင်း မြန့်ဟယ်က ရှင်းပြလိုက်သည်။

"ရှင် မိန်မျိုးနွယ် အိမ်တော်ကို ရောက်ဖူးမှာပါ။ အဲ့ဒီတုန်းက အိမ်တော်မှာ ကျွန်မရဲ့ သခင်မလေးက အဖိုးထိုက် ရတနာတစ်ပါးပဲ။ ဒါပေမဲ့ တစ်နေ့ကျ အိမ်တော်ထဲမှာ ရုတ်တရက် အကြီးအကျယ် သတ်ဖြတ်မှုကြီးတစ်ခု ဖြစ်သွားတယ်။ လူတချို့က အဆင့်မြင့် ရတနာတချို့ အိမ်တော်ထဲမှာ ပေါ်လာလို့ အဲ့ဒီဟာတွေအတွက် ဝင်အတိုက်ခံရတယ်လို့ ထင်ကြတယ်။ အိမ်တော်ထဲမှာ ရှိတဲ့ လူတိုင်းလိုလို အသတ်ခံလိုက်ရတယ်။ ကြမ်းခင်းမြေကြီးကိုလည်း အနည်းဆုံး ၃ လက်မအနက်အထိ

တူးသွားကြတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ဘာထူးခြားတာ တစ်ခုမှ ရှာမတွေ့ခဲ့ဘူး။

အဲ့ဒီအဖြစ်အပျက်ကြီး ပြီးသွားပြီးနောက် အိမ်တော်ထဲ ဝင်လာတဲ့သူတိုင်းနီးပါးရဲ့ ဝိညာဉ်လမ်းကြောင်းတွေနဲ့ ဝိညာဉ်ကြောတွေ စပြီး လျော့ပါးပျက်စီးလာကြတယ်။ တဖြည်းဖြည်းနဲ့ သူတို့ရဲ့ ကမ္ဘာဦး စိတ်ဝိညာဉ်တွေပါ လွင့်စင်ပပျောက်ကုန်တယ်။ အဲ့ဒီနောက်ပိုင်း မိန်မျိုးနွယ်အိမ်တော်က ကန့်သတ်နယ်မြေ ဖြစ်လာတယ်။ ဘယ်သူကမှ အထဲကို ခြေမချရဲတော့ဘူး။ သိပ်မကြာခင်မှာပဲ တခြားလူတွေက အသက်ရှင်ကျန်ရစ်ခဲ့တဲ့ မိန်ချင်းချင်းနဲ့ မိန်ဖုန်းအာတို့ကပဲ မိန်မျိုးနွယ်အိမ်တော်ထဲကို ဘေးမသီရန်မခဘဲ ဝင်နိုင်တာကို သိသွားကြတယ်…”

မိုဝူကျိုက လက်ခါလိုက်ရင်း

“ဒါတွေက နောက်မှ ပြောလို့ရတယ်။ လိုရင်းကို အရင်ပြောပြ။ အစ်မမိန်ရဲ့ရာထူးက မိုးကောင်းကင်ငယ်ဂိုဏ်းထဲမှာ ဘာဖြစ်လို့ အရမ်းနိမ့်နေရတာလဲ။ ထားလိုက်ဦး… ဒါလည်း စောင့်နိုင်သေးတယ်။ အစ်မမိန်နဲ့တခြားသူတွေ ရောက်လာကြပြီ… လာ အရင်ဆုံး အပြင်ထွက်ကြည့်ရအောင်”

“သခင်မလေး…”

မြန့်ဟယ်သည် မိန်ချင်းချင်းကို မြင်သည်နှင့် သူမထံသို့ အပြေးသွားကာ ခပ်တင်းတင်း ပွေ့ဖက်ထားလိုက်ရင်း ငိုလိုက်လေသည်။

မိန်ချင်းချင်းမှာ ဆံပင်များ ဖရိုဖရဲဖြစ်နေကာ သူမ မျက်နှာမှာ သွေးစွန်းသွေးစများ ပေကျံနေသည်။ သူမမျက်လုံးများမှာ မျှော်လင့်ချက်မဲ့နေဟန် ပေါ်နေလေသည်။ သူမ၏ အရှိန်အဝါအရ သူမသည် မကြာသေးမီကတင် အတော်လေး ထိခိုက်ဒဏ်ရာရရှိထားကြောင်း မိုဝူကျို အာရုံခံနိုင်လိုက်သည်။ ထို့အပြင် သူမ၏ အဝတ်အစားများမှာလည်း စုတ်ဖြဲခံထားရသည်။ ကြည့်ရသည်မှာ အရှက်ခွဲခံထားရပုံလည်း ပေါ်လေသည်။

မိန်ချင်းချင်းအပြင် မိုဝူကျိုသည် အကြီးအကဲရှစ်နှင့် အကြီးအကဲကျန့်တို့ကိုပါ တစ်ပြိုင်နက်တည်း တွေ့လိုက်ရသည်။ ထို့ထက် မိုဝူကျို မသိသော လောကနတ်ဘုရားအဆင့်တွင် ရှိလောက်မည့် တခြားအကြီးအကဲတစ်ယောက်ကိုလည်း တွေ့ရသည်။ ဤအကြီးအကဲသုံးယောက်ရှေ့၌ အနီရောင်ဝတ်အမျိုးသားတစ်ယောက်က ရှီလင်ယုအား တည်ငြိမ်စွာ ဦးညွှတ်လိုက်ကာ

"ဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ်… ဂိုဏ်းချုပ် ကျွန်တော့်ကို ဘာလို့ဒီကို ဆင့်ခေါ်ရတာလဲ မသိဘူး… အော်… ကျွန်တော် သိပြီ…"

အနီရောင်ဝတ်အမျိုးသား၏ အကြည့်မှာ မိုဝူကျိပေါ် ကျရောက်လာသည်။ ဤနေရာ၌ မိုဝူကျိ၏ ဝိညာဉ်စွမ်းအင်မှာ မထင်ရှားပေ။ ဤကဲ့သို့လူမျိုးကသာလျှင် နှင်းစက်စိမ်းဆန် စိုက်ပေလိမ့်မည်။

"ခင်ဗျားက မိုဝူကျိ မလား။ ခင်ဗျား တကယ်ပဲ အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်နိုင်တယ်ပေါ့"

အနီရောင်ဝတ် လူရွယ်မှာ သူနှင့် မိန်ချင်းချင်းအား ဂိုဏ်းချုပ်က ဆင့်ခေါ်ထားသည့်အချက်ကို ဂရုပင်မစိုက်ချေ။ ပြောရမည်ဆိုလျှင် ဤသည်မှာ ပထမဆုံးအကြိမ် မဟုတ်ပေ။

"မင်းက ကျင့်ဝေ့လား"

မိုဝူကျိသည် အနီရောင်ဝတ်လူရွယ်၏ အမေးကို ပြန်မဖြေချေ။ ထို့အစား လူရွယ်မှာ မသိဟန်ဆောင်နေသည်ဟု ခံစားမိသဖြင့် လူရွယ်အား အကဲဖြတ်နေလိုက်သည်။

"မင်း ဘာပြောလိုက်တယ်… မင်းကများ ဂိုဏ်းချုပ်ငယ်ကို နာမည်တပ်ခေါ်စရာလား"

မိုဝူကျို မသိသော အကြီးအကဲက ကျယ်လောင်စွာ အပြစ်ဆိုလိုက်သည်။

ဂိုဏ်းချုပ်ငယ်တဲ့လား… မိုဝူကျိုက ရှီလင်ယုအား တအံ့တသြ စိုက်ကြည့်လိုက်သည်။ အကယ်၍ ကျင့်ဝေ့သည် ရှီလင်ယု၏သား ဖြစ်နေပါက ဤလူကို အရေးယူဖို့ အင်မတန် ခက်ခဲသွားပေလိမ့်မည်။

**မဟုတ်သေးပေ… အကယ်၍ ထိုသို့ဆိုပါလျှင် ကျင့်ဝေ့အား ရှီဝေ့ဟု ခေါ်မည် ဖြစ်သည်။**

မိုဝူကျို၏ မျက်လုံးများမှ အကြည့်သည် မည်သည်ကို ဆိုလိုနေမှန်း အဘယ်ကြောင့် ရှီလင်ယုက နားမလည်ဘဲ နေပါ့မည်နည်း။ သူက ခါးသက်စွာ ပြုံးလိုက်ရင်း မိုဝူကျိုဆီ အမှာစကား ပို့လွှတ်လိုက်သည်။

“ဂိုဏ်းချုပ်ငယ် ကျင့်ဝေ့က အရင်ဂိုဏ်းချုပ် ကျင့်ထျန်းရဲ့ တစ်ဦးတည်းသော သားပဲ။ မိုးကောင်းကင်ငယ်ဂိုဏ်းက လက်ရှိအနေအထားကို ရောက်လာတာ ပြောရမယ်ဆိုရင် အဓိကက ကျင့်ထျန်းကြောင့်မို့လို့ပဲ”

ထို့ထက်ပိုပြီး ရှင်းပြစရာ မလိုတော့ပေ။ မိုဝူကျိုက နားလည်သွားပြီ ဖြစ်သည်။ ကျင့်ဝေ့သည် ဂိုဏ်းထဲတွင်

ထောက်ခံသူအုပ်စုကြီးရှိကာ ရှီလင်ယုပင် သူ့ကို ကြောက်ရသည်မှာ မေးနေစရာပင် မလိုချေ။ ရှီလင်ယုက ကျင့်ဝေ့အား စိတ်ထင်တိုင်း လုပ်ခွင့်ပြုထားသည်မှာ ကျင့်ထျန်းအပေါ်ထားရှိသော လေးစားမှုကြောင့်လည်း ဖြစ်နိုင်ပေသည်။

နောက်တခဏချက်ချင်းပင် ကျင့်ဝေ့သည် သူ အဘယ်ကြောင့် ဤနေရာသို့ ရောက်နေသနည်းအား နားလည်သွားဟန်ဖြင့် အလွန်လေးနက်လာပုံပေါ်ကာ ထိုအကြီးအကဲအား လက်ခါလိုက်ပြီး

"အကြီးအကဲဟောင်း... မိုဝူကျိက လယ်သမားတစ်ယောက်ပဲလေ... ဒါကြောင့် သူ့ကို လိုက်ပြောနေစရာ မလိုပါဘူး။ ခင်ဗျားက ကျွန်တော့်ကို ဒီကို ဆင့်ခေါ်ဖို့ ဂိုဏ်းချုပ်ကို တောင်းဆိုလိုက်တဲ့သူပဲ ဖြစ်ရမယ်... ဟုတ်တယ်မလား။ ကျွန်တော်တို့ နှင်းစက်စိမ်းဆန်အကြောင်း မရောက်ခင် ခင်ဗျားတို့ကို ဒီမိန်ချင်းချင်းက ဘယ်လိုလူမျိုးလဲဆိုတာ ကျွန်တော် ပြောပြပါရစေ။

သူမက မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ မိုးကောင်းကင်ရေကန်ငယ်တောင်ရဲ့ တောင်သခင် ယိုကျောကို လက်ထပ်ထားတယ်။ ပြီးတော့ သူမရဲ့ ပြိုင်ဘက်ကင်း

ကိုယ်ခန္ဓာအရည်အသွေးကို အသုံးချပြီး နေရာတိုင်းမှာ ပြဿနာဖြစ်စေခဲ့တယ်။ ခင်ဗျားတို့ မေးကြည့်နိုင်တယ်… ဂိုဏ်းရဲ့အကြီးအကဲ တော်တော်များများဟာ သူမရဲ့ဆွဲဆောင်ဖြားယောင်းမှုကို ခံရဖူးတယ်။

အော် ပြီးတော့… တောင်သခင် ယိုကျော့က သူမနဲ့ သူမချစ်သူရဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရတာ။ ဘာဖြစ်လို့လဲဆိုတော့ မိုးကောင်းကင် ရေကန်ငယ်တောင်ဆီ သူမ ချစ်သူကို ပျော်ပါးဖို့ ခေါ်လာတဲ့ တစ်ခေါက်မှာ တောင်သခင်က သူတို့နှစ်ယောက်ကို အတူတူ လက်ပူးလက်ကြပ်မိသွားလို့ပဲ။ နောက်ဆုံးမှာတော့ သူမက တောင်သခင် ယိုကျော့ကို လုပ်ကြံပြီးတဲ့နောက်မှာတောင် မိုးကောင်းကင် ရေကန်ငယ်တောင်မှာ ဆက်နေရဲသေးတယ်။ သူမက မိန်မျိုးနွယ်အိမ်တော်ထဲကို ဝင်နိုင်တဲ့ တစ်ဦးတည်းသောသူ ဖြစ်နေလို့ မိုးကောင်းကင်ငယ်ဂိုဏ်းက သူမကို အခုချိန်အထိ သည်းခံနေခဲ့တာ”

ကျင့်ဝေ့ ပြောပြသည်များကို ကြားလိုက်ရသည့်အခိုက် ဘေးတွင်ရှိနေသော ချီခွန်းနှင့်ယွီလောပင်လျှင် အံ့သြသွားသော အမူအယာတို့ဖြင့် မိန်ချင်းချင်းအား ကြည့်လိုက်ကြသည်။ အကယ်၍ ဤသည်မှာ တကယ့် အဖြစ်မှန် ဖြစ်နေခဲ့ပါက ဤမိန်းမအား အခါတစ်ရာသတ်လျှင်ပင် လုံလောက်ဦးမည် မဟုတ်ပေ။

# အခန်း (၉၆၂) : ဒီလူကို ကူသတ်ပေးပါ

မြန့်ဟယ်၏ ပွေ့ဖက်ခြင်းကို ခံထားရသော မိန်ချင်းချင်း၏ မျက်လုံးသေများတွင် သက်ဝင်လှုပ်ရှားမှု အရိပ်အယောင်လေးတစ်ခု ရလာဟန် ပေါ်သည်။ သို့သော် သူမသည် ကျင့်ဝေ့ပြောနေသည်များကို တုံ့ပြန်ခြင်း မရှိပေ။ သူမမျက်လုံးများထဲတွင် သရော်နေဟန် အကြည့်တို့ဖြင့်သာ သူ့အား စိုက်ကြည့်နေလိုက်သည်။

မိုဝူကျိသည် စိတ်ထဲ၌ အေးစက်စွာ ရယ်လိုက်သည်။ ဤကျင့်ဝေ့သည် သူ့အား ငတုံးတစ်ယောက်ဟု တကယ် သတ်မှတ်ထားသည်။ ကမ္ဘာမြေမှစ၍ ကျင့်ကြံခြင်းလောက၊ အင်မော်တယ်လောကနှင့် ယခုနောက်ဆုံး နတ်ဘုရားနယ်မြေအထိ မည်မျှများသော လျို့ဝှက်ကြံစည်မှုများနှင့် ဆင်းရဲဒုက္ခများအား သူ တွေ့ကြုံခံစားခဲ့ရသနည်း။ မိန်ချင်းချင်းက ပြန်လည်မချေပသော်လည်း တစ်ခုခု မှားနေမှန်း မိုဝူကျိက သိလိုက်သည်။

ပြဿနာမှာ မိန်ချင်းချင်းက ယောက်ျားတွေ အများကြီးနှင့် ဖောက်ပြန်သည့် အချက်မဟုတ်ဘဲ သူမချစ်သူက သူမခင်ပွန်းသည်ကို သတ်ခဲ့သည်ဟူသော စွပ်စွဲချက် ဖြစ်နေသည်။

ရှီလင်ယုသည် အကြံများသူ ဖြစ်သော်လည်း သူ့တွင် အခြေခံစည်း ရှိသေးကြောင်းကို မြင်နိုင်သည်။ အကယ်၍ မိန်ချင်းချင်းသာ သူမချစ်သူ၏ အကူအညီဖြင့် သူမခင်ပွန်းကို သတ်နိုင်ခဲ့ပါက ရှီလင်ယုက အဘယ်ကြောင့် သူမကို မိုးကောင်းကင် ရေကန်ငယ်တောင်၏ တောင်သခင်အဖြစ် မိုးကောင်းကင်ငယ်ဂိုဏ်းတွင် ဆက်လက် ကျန်ရှိနေစေပါ့မည်နည်း။ မိန်မျိုးနွယ်အိမ်တော်သည် မည်မျှပင်အရေးပါနေပါစေ တူညီသောအကျိုး ရောက်ရန် သူက မိန်ချင်းချင်းကို အကျဉ်းချ ပိတ်လှောင်ထား၍ ရလေသည်။

သို့သော် လက်တွေ့တွင် မိုဝူကျိုက မိန်ချင်းချင်းနှင့် ဆုံချိန်၌ သူမသည် လွတ်လပ်သော အမျိုးသမီးတစ်ဦး ဖြစ်လေ၏။

"အစ်မမိန်… အစ်မ ဘာများ ပြောစရာရှိသေးလဲ"

မိုဝူကျိုက ကျင့်ဝေ့ကို လျစ်လျူရှုကာ မိန်ချင်းချင်းကို တိုက်ရိုက်မေးလိုက်သည်။

မိန်ချင်းချင်းက ရယ်သာ ရယ်လိုက်ကာ

“ဒီလူ့လက်ထဲမှာ အရှက်ခွဲခံရပြီး မသေရအောင် လုပ်ပေးလို့ ကျေးဇူးတင်ပါတယ်။ ကျွန်မကတော့ လိပ်ပြာသန့်တယ်။ ရှင့်ကို ဒီလောက်ထိ အောင်မြင်လိမ့်မယ်လို့ ကျွန်မ လုံးဝ မထင်ထားမိခဲ့ဘူး။ ကြည့်ရတာ ကျွန်မ...”

မိုဝူကျိသည် မိန်မျိုးနွယ်အိမ်တော်သို့ အဆင့်နိမ့် နတ်ဆေးဖက်ဝင်အပင်များ ရှာရန်သွားသည့် လေလွင့်ကျင့်ကြံသူတစ်ယောက် မဟုတ်မှန်း သူမ သေချာသိသဖြင့် ဆက်မပြောတော့ချေ။ သူ့ ပညာအဆင့်ဖြင့် အဘယ်ကြောင့်များ ထိုသို့သောလူ ဖြစ်နိုင်ပါ့မည်နည်း။ သူမက သူ့နောက်ခံအကြောင်းကို မေးရန်လိုသည်ဟု ဘယ်တုန်းကမှ မခံစားမိသောကြောင့်သာ ဖြစ်သည်။

ကျင့်ဝေ့ ပြောသည့်စကားများကိုကား သူမသည် ပြန်လည်ချေပလိုစိတ် မရှိပေ။ မိုဝူကျိသည် မိန်မျိုးနွယ်အိမ်တော်ထဲ ဝင်ပြီး မထိမရှ ပြန်ထွက်လာနိုင်သော ကျင့်ကြံသူတစ်ယောက် ဖြစ်လေရာ သူသည် သေချာပေါက် သာမန်မဟုတ်နိုင်ချေ။ အကယ်၍ ဤသို့သောလူမျိုးက ကျင့်ဝေ့၏ စကားများကို ထိုးထွင်းမမြင်နိုင်ပါက သူမအတွက် ငြင်းခုံ၍လည်း အကျိုးထူးမည် မဟုတ်ပေ။

ခေါင်းငြိမ့်လိုက်ကာ မိုဝ္ဂူကျိသည် ရှီလင်ယုအား တလေးတစား ဦးညွှတ်လိုက်ပြီး

"ဂိုဏ်းချုပ်ရှီ... ဂိုဏ်းချုပ်က ဘာဖြစ်လို့ အစ်မမိန်ကို မိုးကောင်းကင် ရေကန်ငယ်တောင်မှာ နေစေပြီး သူမကို စောင့်ရှောက်ထားရတာလဲဆိုတာကို ကျုပ် မေးချင်ပါတယ်"

မိုဝ္ဂူကျိ ပြောနေပုံနှင့် လုပ်နေပုံများသည် ဘာမှမသိသော လေလွင့်ကျင့်ကြံသူတစ်ယောက်၏ အပြုအမူမျိုး လုံးလုံး မဟုတ်ပေ။ ထို့ကြောင့် ရှီလင်ယုသည် လိမ်နေလည်း မထူးမှန်း သိသဖြင့်

"ဝူကျိ... ဒါတွေအကုန်လုံးက အရင်မိုးကောင်းကင် ရေကန်ငယ်တောင်ရဲ့ တောင်သခင် ယိုကျောရဲ့ တောင်းဆိုချက်တွေပါ။ သူက သူ့ မသေခင် မိန်ချင်းချင်းကို စောင့်ရှောက်ပေးဖို့ ကျုပ်ကို တောင်းဆိုခဲ့တယ်"

"အစ်ကိုကျော... ကျွန်မ အစ်ကို့ကို စိတ်ပျက်စေမိပြီ..."

ရှီလင်ယု၏ ရှင်းပြချက်ကို ကြားပြီးသည့်နောက် မျက်ရည်များက မိန်ချင်းချင်း၏ မျက်ဝန်းများမှ စီးကျလာသည်။

"ဒီတော့ တောင်သခင်ကျောက မိန်ချင်းချင်းနဲ့တခြားတစ်ယောက် သတ်လို့ သေရတာလား"

မိုဝူကျိုက ထပ်မေးလိုက်သည်။

ရှီလင်ယုက ခါးသက်စွာ ပြုံးလိုက်ရင်း

"မဟုတ်ပါဘူး"

သို့တိုင် ကျင့်ဝေ့သည် သူ့အလိမ်အညာများ ပေါ်သွားသည်ကို မသိဟန် ဆက်လက် သရုပ်ဆောင်နေသည်။ ထို့နောက် သူက မိုဝူကျိုအား ကြည့်ရင်း ပြုံးလိုက်ကာ

"မိုဝူကျို... ကျွန်တော်တို့ဂိုဏ်းချုပ်မှာ သူ့ကိုယ်ပိုင်အဆင့်အတန်း ရှိတယ်လေဗျာ။ ဒါကြောင့် အဲ့လို ရှက်စရာကောင်းတဲ့ အပြုအမူတွေကို သူအနေနဲ့ မပြောပြတာ မဆန်းပါဘူး"

မြန့်ဟယ်က ရုတ်တရက် ကျင့်ဝေ့အား လက်ညှိုးထိုးပြီး အော်ဟစ်လိုက်သည်။

"ကျင့်ဝေ့... တိရစ္ဆာန်ကောင်။ အဲ့ဒီတုန်းက ရှင်က ရှင့်အပေါင်းအပါတွေနဲ့ တောင်သခင်ယိုကို ဒဏ်ရာရစေခဲ့ပြီး သခင်မလေးရဲ့မောင် မိန်ဖုန်းအာကိုတောင် ဖမ်းဆီး ချုပ်နှောင်ထားသေးတယ်။ ရှင်က အဲ့ဒါကို အသုံးချပြီး သခင်မလေးကို အကျပ်ကိုင်ခဲ့တယ်။ ကျွန်မသခင်မလေးကို ဂိုဏ်းထဲက အကြီးအကဲတွေနဲ့ အိပ်ခိုင်းပြီး သူတို့တွေကို ရှင့်ဘက် ပါလာအောင် စည်းရုံးပြီး ခေါ်ခိုင်းတယ်။

ခင်ပွန်းသည်နဲ့မောင်လေးကို ကယ်ဖို့ ကျွန်မသခင်မလေးက အရုက်တရားကို သည်းခံပြီး ရှင် ခိုင်းတာတွေ လုပ်ပေးခဲ့ရတယ်။ ဒါပေမဲ့ အဆုံးမှာတော့… ရှင်က တောင်သခင်ယိုကိုကော သခင်မလေးရဲ့မောင်ကိုပါ အလွတ်မပေးခဲ့ဘူး။ ရှင်… ရှင်က…”

မြန့်ဟယ်က ပြဿနာတွေကြားထဲ၌ ဘာတွေဖြစ်ပျက်ခဲ့သည်ကို ဘာမှ မပြောပြသော်လည်း မိုဝူကျိတွင် အကြမ်းဖျင်းအတွေးတစ်ခု ရှိသွားကာ သူ့မျက်နှာမှာ မည်းမှောင်သွားသည်။ မိန်ချင်းချင်း အခြေအနေကို ကိုင်တွယ်ခဲ့ပုံနှင့်ပတ်သက်၍ သူက သဘောမတူသော်လည်း အကယ်၍ သူမနေရာ၌ တခြားသူဆိုပါကလည်း တစ်ခုတည်းသော ရွေးချယ်စရာမှာ ကျင့်ဝေ့၏ညွှန်ကြားချက်အတိုင်း လိုက်နာရန်သာ ဖြစ်ပေလိမ့်မည်။

မိုးကောင်းကင်ငယ်ဂိုဏ်းက မိန်ချင်းချင်းအပေါ် ထိုမျှလောက် အထင်သေးရှုံ့ချသည်မှာ မထူးဆန်းပေ။ သူမသည် ဂိုဏ်း၏ အကြီးအကဲနှင့် ရာထူးမြင့်ဂိုဏ်းသားများစွာနှင့် ပတ်သက်နေရုံသာမက ကျင့်ဝေ့၏တောင်းဆိုချက်များကိုလည်း ဖြည့်ဆည်းပေးရသေးသည်။

“တိရစ္ဆာန်ကောင်”

ယွီလောက ကျင့်ဝေ့အား အထင်သေးရွံ့ရှာသည့် အကြည့်ဖြင့် ကြည့်လိုက်သည်။

"မိုဝူကျိ... ခင်ဗျားက ကျွန်တော်နဲ့ နှင်းစက်စိမ်းဆန် စိုက်တဲ့အကြောင်း ဆွေးနွေးဖို့ ဆန္ဒမရှိဘူးဆိုမှတော့ ကျွန်တော် အရင် သွားနှင့်တော့မယ်။ ဂိုဏ်းဆီပေးတဲ့ ခင်ဗျားရဲ့ နှင်းစက်စိမ်းဆန် အထောက်အပံ့ မျက်နှာကို ထောက်ပြီး ကျွန်တော် မိန်ချင်းချင်းကို မထိတော့ဘူး"

စကားပြောပြီးသည့်နောက် ကျင့်ဝေ့က လှည့်ပြန်ထွက်သွားလိုက်သည်။

မိုဝူကျိက အေးစက်စွာ ရယ်လိုက်၏။ ချီခွန်းနှင့် ယွီလောတို့၏ ထောက်ခံမှုကို သူ ရရှိလိုက်ကြောင်း ကျင့်ဝေ့က မြင်နိုင်သည်မှန်း မိုဝူကျိ သိသည်။

မိုဝူကျိက ဘာမှ မပြောသဖြင့် ရှီလင်ယုကလည်း ဘာမှ မပြောနိုင်ပေ။ သူက ကျင့်ထျန်းကို လေးစားသ၍ ကျင့်ဝေ့ကို လွှတ်ပေးထားခြင်း ဖြစ်သည်။ သို့သော် ဤသည်မှာ ကျင့်ဝေ့သည် မိုးကောင်းကင်ငယ်ဂိုဏ်း၏ အနာဂတ်အား အလေးမထား၍ ရသည်ဟု မဆိုလိုပေ။ မိုဝူကျိသည် ဂိုဏ်း၏ အနာဂတ် ဖြစ်သည်။ ထို့ကြောင့် သူက မိုဝူကျိအား မသိကျိုးကျွန်ပြု၍ မရပေ။

"ဒီမှာ ခဏလောက် ကြာကြာလေး နေဦး... ဝူကျိ ဒီပြဿနာကို အရင်ဖြေရှင်းပြီးတဲ့အထိ စောင့်ဦး"

ရှီလင်ယုက ကျင့်ဝေ့အား တားလိုက်သည်။

ဂိုဏ်းချုပ်က သူ့အား ရပ်ရန်ပြောသည်ကို ကြားသောအခါ ကျင့်ဝေ့၏ မျက်နှာမှာ ကြည့်ရဆိုးသွားသည်။

"ဂိုဏ်းချုပ်... ဒါက သိပ်မကောင်းဘူး ထင်တယ်နော်။ ဂိုဏ်းချုပ်ငယ်က ဘာလိုမျိုးအမှားတွေပဲ လုပ်လုပ်၊ အပြင်လူတစ်ယောက်က သူ့ကို လက်ညှိုးလာထိုးစရာ မလိုဘူးလေ"

စောစောလေးက မိုဝူကျိအား အပြစ်ဆိုခဲ့သော အကြီးအကဲက မျက်မှောင်ကျုံ့ရင်း ပြောလိုက်သည်။

သူက လောကနတ်ဘုရား နောက်ပိုင်းအဆင့်တစ်ယောက်သာ ဖြစ်သော်လည်း ဂိုဏ်းထဲတွင် အင်မတန် စီနီယာကျလေသည်။ ဂိုဏ်းချုပ် ရှီလင်ယုပင် သူ့လောက် စီနီယာမကျပေ။

သို့သော် တခြားရှုထောင့်မှကြည့်ပါက ဤလူသည် သူ့ဘဝသက်တမ်း အများစုကို ဖြုန်းတီးပစ်ခဲ့သည်ဟု ပြောနိုင်ပေ၏။

“တာအိုရောင်းရင်းချီ... တာအိုရောင်းရင်းယွီ... ခင်ဗျားတို့နှစ်ယောက်စလုံး ဘာကိစ္စကြောင့်များ ကျုပ်ဆီ ရောက်လာတာလဲ သိချင်မိပါတယ်”

အံ့သြစရာကောင်းစွာ မိုဝူကျိသည် ကျင့်ဝေ့၏ ပြဿနာကို တစ်ဖက်ပို့ထားလိုက်ပြီး ထိုအစား သူက ချီခွန်းကို သူတို့လာရသည့် နောက်ကွယ်မှအကြောင်းရင်းအား မေးလိုက်သည်။

သို့သော် မိုဝူကျိ အမှားလုပ်သည်ဟု မည်သူကမျှ မတွေးပေ။ ကိစ္စများကို သေချာစဉ်းစားပြီးသည့်လူမှသာ ဤသို့ မေးခွန်းမျိုးကို မေးနိုင်ပေလိမ့်မည်။

ယခု မိုဝူကျိသည် မည်သည်ကို လုံးလုံးပုံ၍ အားကိုးထားသနည်း။ သူ့နှင်းစက်စိမ်းဆန်၏ သုတေသနကို ဖြစ်သည်။ ချီခွန်းနှင့် ယွီလောတို့ ဤရောက်နေရသည့် အကြောင်းအရင်းမှာ မိုဝူကျိသည် နှင်းစက်စိမ်းဆန် စိုက်ရာတွင် ကျွမ်းကျင်သူ တစ်ယောက်ဖြစ်နေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် နှင်းစက်စိမ်းဆန်အတွက် သူတို့သည် သေချာပေါက် မိုဝူကျိအား ထောက်ခံပေလိမ့်မည်။

မိုဝူကျိက ဤမေးခွန်းကို မေးလိုက်ရခြင်းမှာ ချီခွန်းနှင့် ယွီလောတို့ သူ့ကို လုပ်စေချင်နေသည့်အရာကို သိရှိရန်ဖြစ်သည်။ ထိုမှသာ

သူတို့၏ အလုပ်ဝန်ပေါ် မူတည်၍ ဤပြဿနာကို ဖြေရှင်းရမည် ဖြစ်သည်။ သို့ဖြစ်ရာ ဤမေးခွန်းမှာ မမေးမဖြစ် မေးကိုမေးရမည့် မေးခွန်း ဖြစ်ပေသည်။

"မိုးကောင်းကင် နတ်ဘုရားဂိုဏ်းမှာ နှင်းစက်စိမ်းဆန် စိုက်ပျိုးတဲ့နေရာမှာ ကောင်းကောင်း ကျွမ်းကျင်တဲ့ ပညာရှင်တစ်ယောက်ရဲ့ အကူအညီ လိုအပ်နေတယ်။ တကယ်လို့ ဆေးလုံးဆရာမိုက အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်တယ်ဆိုရင် မိုးကောင်းကင်နတ်ဘုရားဂိုဏ်းရဲ့ ဆေးလုံးတာအိုး မှတ်တမ်းတွေကို နောင်အနာဂတ်မှာ ခင်ဗျား ဖတ်လို့ ရစေရမယ်။ တစ်ချိန်တည်းမှာပဲ မိုးကောင်းကင် နတ်ဘုရားဂိုဏ်းက နတ်ဆေးဖက်ဝင်အပင်မျိုးစုံကို ထောက်ပံ့ပေးမှာဖြစ်ပြီး ဆေးလုံးဆရာမိုကို ဂိုဏ်းရဲ့အကြီးအကဲလုပ်ပေးဖို့ ဖိတ်ခေါ်မှာပါ"

မိုဝူကျို၏ မေးခွန်းကို ကြားသောအခါ ချီခွန်းက တလေးတစား ဦးညွှတ်လိုက်ရင်း ချက်ချင်းတုံ့ပြန်လိုက်သည်။

သူ့လေသံမှာ တကယ့် စိတ်ရင်းနှင့် ဖြစ်ကာ နတ်ဘုရားမြေမြင့်၏ ဂိုဏ်းကြီးတစ်ဂိုဏ်းဆီမှလာသည့် မာန်မာနမျိုး တစ်စက်ကလေးမျှ ရှိမနေချေ။

မိုဝူကျိုက ပြန်လည် ဦးညွှတ်လိုက်ကာ

"ကျုပ်အပေါ် အခုလို အလေးထားပေးလို့ တာအိုရောင်းရင်းချီကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အခုလောလောဆယ်တော့ ကျုပ် ဘယ်ဂိုဏ်းကိုမှ ဝင်ဖို့ စိတ်ကူးမရှိပါဘူး။ ပြီးတော့ ဒီမှာ ကျုပ် ဖြေရှင်းစရာတွေ ရှိနေသေးတယ်..."

မိုဝူကျို၏ စကားကို ပြီးအောင် စောင့်မနေတော့ဘဲ ချီခွန်းက ကပျာကယာ ဝင်ပြောလိုက်သည်။

"မိုးကောင်းကင်နတ်ဘုရားဂိုဏ်းဆီ ရောက်ရင် နှင်းစက်စိမ်း ဆန်စိုက်ဖို့ ဆေးလုံးဆရာမို တစ်ယောက်တည်းအတွက် နေရာတစ်နေရာ ပေးဖို့ဆိုတာ ဖြစ်နိုင်ပါတယ်။ ကျွန်တော် ခင်ဗျားအတွက် ဂိုဏ်းကနေ ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြောတွေ တောင်းပေးမယ်လေ..."

"စိတ်မပူပါနဲ့။ ရှင့်အတွက် နှင်းစက်စိမ်းဆန်စိုက်ပျိုးဖို့ ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြောတစ်ခု သေချာပေါက် ရစေရမယ်"

ဘေးတစ်ဖက်တွင် ရပ်နေသော ယွီလောက မြန်မြန် ဝင်ပြောလိုက်သည်။ သူမတွင် ချီခွန်းထက် အခွင့်အာဏာပိုရှိကာ တစ်ခါတည်း အတိအလင်း ကြေညာပစ်လိုက်သည်။

ဤကမ်းလှမ်းချက်က မိုဝူကျိအား စိတ်လှုပ်ရှားသွားစေသည်။ ဤရွာ၌ နေချင်သည့် အကြောင်းအရင်းများထဲမှ တစ်ခုမှာ ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြော ဖြစ်လေသည်။ ထို့အပြင် သူ့ကိုယ်ပိုင်တာအိုလမ်းစဉ်၏ အတွင်းသဘောတချို့ကို အကြမ်းဖျင်း သဘောပေါက်လာပြီဖြစ်ရာ ဤနေရာ၌ ခဏလောက် ဆက်နေလိုက်ပါက သူ့ကမ္ဘာ၏ စည်းမျဉ်းများကို ပြီးပြည့်စုံစေရန် လုပ်နိုင်ပေလိမ့်မည်။ ထို နောက်ကွယ်မှ ဆိုလိုရင်း အစစ်အမှန်ကိုလည်း ရှာဖွေတွေ့ရှိနိုင်ပေလိမ့်မည်။

မိုဝူကျိက ရှီလင်ယု၏ ဘက်သို့ လှမ်းကြည့်လိုက်သည်။

**ရှီလင်ယုသည် သူ့အား အများကြီးကူညီထားလေရာ သူသာ ဤကဲ့သို့ ထွက်သွားလိုက်ပါက...**

ပုံမှန်အားဖြင့် ငြိမ်နေလေ့ရှိသော ယွီလောသည် မိုဝူကျိ၏ ထောက်ထားစရာများကို သတိပြုမိသည့်အလား ရှင်းအောင် ပြောပြလိုက်သည်။

"တာအိုရောင်းရင်းမို... ရှင် ကျွန်မတို့နဲ့ လိုက်လာပြီးသွားရင် မိုးကောင်းကင်နတ်ဘုရားဂိုဏ်းက မိုးကောင်းကင်ငယ်ဂိုဏ်းကို နတ်ဘုရားမြေမြင့်များဆီကို ပြောင်းရွှေ့ပေးပါလိမ့်မယ်။ ပြောရမယ်ဆို ဂိုဏ်းချုပ်ရှီက ဒီတစ်ခေါက် တကယ့် အကျိုးဆောင်မှုအကြီးကြီးကို လုပ်လိုက်တာပဲလေ"

"ကျေးဇူးတင်ပါတယ်… တာအိုရောင်းရင်းယွီ"

ဤသည်ကား ရှီလင်ယု စောင့်နေသော စကားများပင်တည်း။ ယွီလော၏ ကတိစကားကို ကြားရသောအခါတွင် သူ့စိတ်ထဲ၌ ပျော်ရွှင်မှုအတိ ဖြစ်သွားသည်။

မည်သည့်အတွက်ကြောင့် ကျင့်ကြံနေရသနည်း။ တိုးတက်လာဖို့ မဟုတ်ပေလော။ နတ်ဘုရားမြေနိမ့်တွင် တိုးတက်လာရန်မှာ သိပ်မဖြစ်နိုင်ချေ။ သို့သော် နတ်ဘုရားမြေမြင့်သို့ ရောက်ပါက သူသာမက မိုးကောင်းကင်ငယ် ဂိုဏ်းတစ်ဂိုဏ်းလုံးပါ တိုးတက်လာနိုင်ပေလိမ့်မည်။ နတ်ဘုရားမြေနိမ့်များရှိ မိုးကောင်းကင်ငယ် ဂိုဏ်းအတွက်မူကား ဤနေရာတွင် အခြေစိုက်နေရာတစ်ခုတော့ ကျန်ရှိပေလိမ့်ဦးမည်။

"ကောင်းပါပြီ… ကျုပ် သဘောတူတယ်"

မိုဝူကျိုက တိကျပြတ်သားစွာ ပြောလိုက်ကာ

"ဒါပေမဲ့… တာအိုရောင်းရင်းချီကို ဒီကျင့်ဝေ့ကို ကူသတ်ပေးဖို့ တောင်းဆိုချင်ပါတယ်။ အော်… ပြီးတော့ ကျင့်ဝေ့ဘေးက အဲ့ဒီလူကိုကောပဲ"

ချီခွန်းသည် အစောကြီးကတည်းက မိုဝူကျို ဤစကားများကို ပြောရန်အတွက် စောင့်နေခြင်း ဖြစ်သည်။ ထို့ကြောင့် မိုဝူကျို

ပြောလာသည်နှင့်တစ်ပြိုင်နက် သူက မတ်တပ်ထရပ်လိုက်ပြီး ကျင့်ဝေ့ဆီသို့ နတ်သဘာဝစွမ်းအင်တစ်ခု ပစ်လွှတ်လိုက်သည်။

"မင်း... မင်းကများ... အကြီးအကဲဟူ ကျွန်တော့်ကို ကယ်ပါဦး..."

ဤတစ်ကြိမ်တွင်ကား ကျင့်ဝေ့မှာ အံ့သြမှင်သက်သွားသည်။ ဤတစ်လျှောက်လုံး သူသည် မိုက်ရူးရဲဆန်သော ဒုတိယမျိုးဆက် အကြီးအကဲတစ်ယောက်၏ အပေါ်ယံပုံစံမျိုး ဖမ်းထားခဲ့သည်။

အကယ်၍ ဤသို့လာပါက သူအသတ်ခံရမည်ဟု သိခဲ့ပါလျှင် သူလုံး၀ လာမည်မဟုတ်ပေ။

ကိစ္စများ ရုတ်တရက် အရှိန်အဟုန် ပြင်းပြင်းဖြင့် ဖြစ်ပျက်သွားသည်ကို မြင်ကာ ကျင့်ဝေ့နှင့်လိုက်လာသော အကြီးအကဲဟူသည် ကျင့်ဝေ့အား ကယ်ရန် ရှေ့သို့ခုန်တက်ရန် လုပ်လိုက်သည်။ သူ့ကျင့်ကြံဆင့်မှာ ချီခွန်းထက် မြင့်သဖြင့် ကျင့်ဝေ့အား ကယ်ရန်မှာ အရမ်းကြီး မခက်ခဲလှပေ။

သို့သော် သူ့ခန္ဓာကိုယ် လှုပ်လိုက်သည်နှင့် သူ့ပတ်လည်ရှိ အာကာပြင်တစ်ခုလုံးမှာ အေးခဲသွားသယောင် ခံစားလိုက်ရသည်။ ထို့နောက် နောက်တစ်ခဏ၌ ကျင့်ဝေ့၏ အော်သံများ ပဲ့တင်သွားသည်ကို ကြားလိုက်ရသည်။

နောက်ဆုံးတွင်ကား ကျင့်ဝေ့သည် တည်ထောင်သူဘိုးဘေး၏ ဒုတိယမျိုးဆက်အဖြစ် သူ့ရာထူးနေရာကို အခွင့်ရေးယူရင်းဖြင့် သေသွားရလေသည်။ သေကြောင်းမရှာသည့် သူသည် သေမည်မဟုတ်ဟူသော ဆိုရိုးရှိလေသည်။ ယခုမူ ဤဆိုရိုးသည် ကျင့်ဝေ့အတွက် အသက်ဆိုင်ဆုံး ဖြစ်နိုင်ပေ၏။

“ရှီလင်ယု… မင်း ဘယ်လိုလုပ်ရက်တာလဲ…”

သူ့ပတ်လည်ရှိ အာကာပြင်ကို အေးခဲစေသည်မှာ နတ်ဘုရားဘုရင် ရှီလင်ယု ဖြစ်ကြောင်းကို အကြီးအကဲဟူက အဘယ်ကြောင့် မသိဘဲနေမည်နည်း။

သို့သော် သူသည် နောက်ထပ်စကား မဆိုနိုင်တော့ချေ။ ချီခွန်း၏ လက်သည် သူ့နဖူးထိပ်ဆီသို့ ဆက်လက်ရောက်ရှိသွားသောကြောင့် ဖြစ်သည်။ ရှီလင်ယု၏ နေရာတွင်ပိတ်ထားခြင်းကို ခံနေရသဖြင့် အကြီးအကဲဟူမှာ ပြန်လည်မတိုက်ခိုက်နိုင်လိုက်ဘဲ ထိုအခိုက် ထိုနေရာတွင် အသတ်ခံလိုက်ရ၏။

မိုဝူကျိတွင် ပြောစရာ မရှိပေ။ အစမှအဆုံးတိုင် အရာအားလုံးမှာ သူကြိုတွက်ချက်များထဲ၌ ရှိနေသည်။ အကြီးအကဲဟူ၏ အင်အားမှာ ချီခွန်းထက် ကောင်းလောက်မည်ဖြစ်ကြောင်း သူ သိသည်။ ချီခွန်း တိုက်ခိုက်လိုက်သည်နှင့် ရှီလင်ယုလည်း

လှုပ်ရှားမည်ဟု သူ သေချာသိသည်။ သူ့အထင်တို့မှ လွဲချော်သွားသည့်အရာ လုံးလုံး မရှိပေ။

“အစ်မမိန်… အခု အစ်မရဲ့ အစီအစဉ်တွေက ဘာလဲ”

ကျင့်ဝေ့နှင့် အကြီးအကဲဟူတို့ အသတ်ခံရသည်ကို မြင်ပြီးသည့်နောက်မှ မိုဝူကျိုက မေးလိုက်သည်။

မှင်သက်နေသည့်အနေအထားဖြင့် မိန်ချင်းချင်းသည် ကျင့်ဝေ့နှင့် အကြီးအကဲဟူတို့ သူမ မျက်စိအောက်တွင် ပျောက်ကွယ်သွားသည်ကို မြင်လိုက်ရသည်။ ထိုလူနှစ်ယောက်ကို သတ်ရန် ဂိုဏ်းချုပ်အား တောင်းဆိုနိုင်သည့် အရည်အချင်း မိုဝူကျိုတွင် ရှိလိမ့်မည်ဟု သူမ တစ်ခါမျှ မတွေးဖူးပေ။

ခဏလောက် ကြာပြီးမှ သူမသည် အသိပြန်ဝင်လာကာ မိုဝူကျိုနှင့် ရှီလင်ယု တို့ဘက်သို့ တလေးတစား ဦးညွတ်လိုက်ပြီးနောက် ပြောလိုက်သည်။

“ကျွန်မခင်ပွန်းနဲ့ မောင်လေးအတွက် လက်တုံ့ပြန်ပြီးပြီ… ဒါကြောင့် မိုးကောင်းကင်ငယ်ဂိုဏ်းကနေ ထွက်သွားဖို့ ကျွန်မ ပြင်ဆင်တော့မယ်”

တချို့သော ကျေးဇူးတင်စကားတို့မှာ ထုတ်ပြောလိုက်လျှင် လေးနက်မှု မရှိတော့ပေ။ ထို့ကြောင့် သူမက မိုဝူကျိအား အထူးတလည် ကျေးဇူးတင်စကား ဆိုမနေတော့ပေ။

သက်ပြင်းတစ်ချက်ဖြင့် ရှီလင်ယုက တုံ့ပြန်လိုက်သည်။

"ဒီနှစ်တွေထဲမှာ ညီနောင် ယိုကျောကို ကူညီဖို့ မတတ်နိုင်ခဲ့တာ ကျုပ်ပါ။ ရှေ့လျှောက် ကိုယ့်ဘာသာကိုယ် ဂရုစိုက်ပါ"

မိုဝူကျိကလည်း ဝင်ပြောလိုက်သည်။

"ကျုပ် တာအိုရှောင်းရင်းချီနဲ့ နတ်ဘုရားမြေမြင့်များဆီ ထွက်သွားတော့မှာ။ အစ်မမိန်... ဂရုစိုက်ပါ"

ပြောပြီးသည့်နောက် မိုဝူကျိက ရှီလင်ယုဘက် မျက်နှာမူကာ

"ဂိုဏ်းချုပ်ရှီ... ကျုပ်ကို အလေးပေးပြီး ထောက်ပံ့ပေးခဲ့လို့ ကျေးဇူးတင်ပါတယ်။ မိန်မျိုးနွယ်အိမ်တော်က အစ်မမိန်ရဲ့ ဘိုးဘွားပိုင်မြေပါ။ အဲ့ဒါကြောင့် အဲ့ဒီမြေကို ကာကွယ်ဖို့အတွက် ကာကွယ်ရေး အစီအရင်တစ်ခု သုံးပေးဖို့ လူတချို့လွှတ်ပေးပါလို့ ကျုပ် ဂိုဏ်းချုပ်ကို တောင်းဆိုချင်ပါတယ်။ ဒီမှာ ကျုပ်ဆီမှာ နှင်းစက်စိမ်း ဆန် ကာတီအနည်းငယ်ရှိသေးတယ်။ ခင်ဗျားကို ပေးပါ့မယ်"

မိုဝူကျိ ထုတ်၍ ရှီလင်ယုအား ပေးလိုက်သော အိတ်ထဲတွင် အဆင့်မြင့် နှင်းစက်စိမ်းဆန် ၂၀ ကာတီ ပါလေသည်။ ထို ၂၀ ကာတီ၏ အလယ်တွင် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် ၂ ကာတီ ပါသော အိတ်ငယ်လေး တစ်အိတ် ရှိလေသည်။

မိုဝူကျိက မိန်မျိုးနွယ်အိမ်တော်ကို မူလအခြေအနေမပျက် ထိန်းသိမ်းရန် ကူညီချင်ကြောင်း ကြားသောအခါ မိန်ချင်းချင်း၏ ရင်ထဲ၌ ကျေးဇူးတင်ခြင်းတို့ဖြင့် ပို၍ပြည့်နှက်လာလေသည်။

သို့သော် မိုဝူကျိက အိမ်တော်ကို ကာကွယ်စောင့်ရှောက်နေသည်မှာ မိန်ချင်းချင်းကြောင့် မဟုတ်ဘဲ သူ့အတွက် ဖြစ်လေသည်။ မိန်မျိုးနွယ်အိမ်တော်အောက်တွင် အလွန်အရေးကြီးသော ကူးပြောင်းရေး အစီအရင်တစ်ခု ရှိသည်။ ထိုသတင်းအား လုံး၀ ပေါက်ကြားခံ၍ မဖြစ်ပေ။

## အခန်း (၉၆၃) : သေမျိုးတို့၏မြေ

မိန်ချင်းချင်းကို လိုက်ပို့ပြီးသည့်နောက် မိုဝူကျိသည် နတ်ဘုရားမြေနိမ့်ဆီမှ ထွက်ခွာပြီး မိုးကောင်းကင်နတ်ဘုရားဂိုဏ်းရှိရာ နတ်ဘုရားမြေမြင့်ဆီသို့

ဦးတည်သွားရန် ချီခွန်းနှင့်ယွီလောတို့နောက် တွေဝေတုန့်ဆိုင်းခြင်းမရှိဘဲ လိုက်သွားလေသည်။

နတ်ဘုရားကုန်းမြေ၏ နတ်ဘုရားမြေနိမ့်များဆီသို့ သူရောက်လာသည့်အချိန်မှစ၍ မိုးကောင်းကင်ငယ်ဂိုဏ်းမှ တစ်ခါမှ ထွက်မသွားဖူးချေ။ ထို့ကြောင့် ဤနေရာအတွက် သူ့မှာ အနေအောင်အဖွဲ့ များများစားစား မရှိချေ။ တခ္ဟွမ်က သူ့ထာဝရကမ္ဘာငယ်ထဲတွင် နေနေကာ ရှိုက်ကောသာ သူ့ဘေးမှ လိုက်ပါလာသည်။

ချီခွန်း၏ အပြောအရ နတ်ဘုရားမြေမြင့်နှင့် နတ်ဘုရားမြေနိမ့်တို့ကြားတွင် ကူးပြောင်းအစီအရင် ရှိလေသည်။ တစ်ခုပဲ ရှိသည်မှာ ဤအစီအရင်ကို သာမန်အခြေအနေတွင် အသုံးပြု၍ မရခြင်းပင် ဖြစ်သည်။ အဓိက အရေးကြီးသည့် အခြေအနေမှသာ ဖွင့်သုံးနိုင်လေသည်။ သို့ဖြစ်၍ သူတို့သည် ပျံသန်းလိုက်၊ ကူးပြောင်းအစီအရင်တစ်ခု ထုတ်ယူလိုက်၊ တစ်ခါ ထပ်ပျံသန်းလိုက်၊ ထို့နောက် နောက်ထပ်ကူးပြောင်းအစီအရင် ထုတ်ယူလိုက်၊ ဤသို့ဖြင့် ထိုလုပ်ရပ်များကိုသာ ထပ်တလဲလဲ လုပ်နိုင်လေသည်။

ကံကောင်းစွာပင် ယွီလော သယ်ဆောင်လာသည့် ပျံသန်းရတနာမှာ အလွန်အစွမ်းထက်လေသည်။ အဆင့်နိမ့်

နတ်ဘုရားတန်ဆာကို ပုံသွင်းပြုလုပ်နိုင်သော ပန်းပဲဆရာတစ်ယောက်အနေနှင့် ယခုလော၏ယာဉ်ပျံမှာ အဆင့်မြင့် နတ်ဘုရားတန်ဆာဖြစ်ကြောင်း မိုဝူကျိုက သေချာသည်။

နတ်ဘုရားနယ်မြေနှင့် နတ်ဘုရားကုန်းမြေထဲတွင် မိုဝူကျို နေခဲ့သည့်အချိန်အတွင်း အဆင့်မြင့် နတ်ဘုရားတန်ဆာ အများကြီးကို မတွေ့ဖူးသေးချေ။ ဤသည်မှာ သူနှင့် ပတ်သက်ဆက်ဆံခဲ့ရသော လူများ၏ အဆင့်အတန်းမှာ အလွန်နိမ့်နေသောကြောင့်လည်း ဖြစ်နိုင်လေ၏။ သူ့အဆင့်နိမ့် ကျင့်ကြံဆင့်ဖြင့် သူက များစွာသော အဆင့်မြင့်ပညာရှင်များနှင့် မပတ်သက်နိုင်သည်မှာ ပုံမှန်ပင် ဖြစ်၏။

ချီခွန်းသည် အလွန် စကားများသည်။ မိုဝူကျိုသည် စကားပြောရသည်ကို သိပ်စိတ်မဝင်စားပေ။ သူက ယာဉ်ပျံ၏အခန်းထဲသို့ ကျင့်ကြံရန်သာ သွားချင်လေသည်။ သို့သော်လည်း ချီခွန်းက စကားပြော အလွန်ကောင်းသဖြင့် မိုဝူကျိုသည် သူပြောပြသည်များကို တကယ် သဘောတကျ စိတ်ဝင်စားစွာ နားထောင်နေမိသည်။

“ဆေးလုံးဆရာမို... တကယ်တော့ မိုးကောင်းကင် နတ်ဘုရားဂိုဏ်းက နတ်ဘုရားမြေမြင့်မှာ အကြီးဆုံးဂိုဏ်းလို့

မသတ်မှတ်နိုင်ပေမဲ့ ထိပ်တန်းဂိုဏ်းတွေထဲက တစ်ခုလို့တော့ သေချာပေါက် ပြောလို့ရတယ်။ တကယ်လို့ ခင်ဗျားသာ မိုးကောင်းကင် နတ်ဘုရားဂိုဏ်းမှာ အကြီးအကဲလုပ်ဖို့ ဆန္ဒရှိတယ်ဆိုရင် မဆိုးဘူးလို့ ပြောလို့ရတယ်”

ချီခွန်းသည် မိုဝူကျိအား သူ့မိုးကောင်းကင် နတ်ဘုရားဂိုဏ်းထဲ ဖိတ်ခေါ်မည့်အကြံကို လက်မလျှော့သေးပေ။

မိုဝူကျိ၏ နှလုံးမှာ တဒိန်းဒိန်းခုန်သွားသည်။ သူက အသာမေးလိုက်သည်။

“တာအိုရောင်းရင်းချီ... မိုးကောင်းကင်နတ်ဘုရားဂိုဏ်းထဲမှာ အားအကောင်းဆုံး ကျင့်ကြံဆင့်က နတ်ဘုရားဘုရင်အဆင့်ရဲ့အထက်မှာ ရှိလား”

ချီခွန်းက ကျယ်လောင်စွာ ဟက်ဟက်ပက်ပက် အော်ရယ်လိုက်ကာ

“ဆေးလုံးဆရာမို... ခင်ဗျား ဆေးလုံးဖော်တာနဲ့ နှင်းစက်စိမ်း ဆန်စိုက်တာကိုပဲ စိတ်ဝင်စားနေလို့ မဖြစ်ဘူးလေ။ ကျင့်ကြံခြင်း လမ်းစဉ်ကိုလည်း သိရှိနားလည်ဖို့ လိုတယ်ဗျ”

မိုဝူကျိမှာ အနည်းငယ် ရှက်မိ၏။ ချီခွန်း၏ ဆိုလိုရင်းကို သူ နားလည်သည်။ ကျင့်ကြံခြင်းအကြောင်း သိပ်ဂရုမစိုက်သောသူ

သို့မဟုတ် သိပ်မသိသောသူမှသာ ဂိုဏ်းတစ်ဂိုဏ်းရှိ အားအကောင်းဆုံးလူ၏ ကျင့်ကြံဆင့်ကို မေးပေလိမ့်မည်။

ချီခွန်းက မိုဝူကျိအား တမင်သက်သက် အရှက်ခွဲခြင်း မဟုတ်ပေ။ တစ်ချက် အသာရယ်လိုက်ပြီးနောက် သူက တည်ကြည်သွားကာ ပြောလိုက်သည်။

"ဆေးလုံးဆရာမို... နတ်ဘုရားကုန်းမြေမှာ နတ်ဘုရားဘုရင်အဆင့်ကို ကျော်လွန်နိုင်တဲ့သူတွေ ရှိတဲ့နေရာက တစ်နေရာပဲ ရှိတယ်"

"နတ်ဘုရားဘုရင်အဆင့်ကို ကျော်လွန်နိုင်တဲ့သူတွေ တကယ်ရှိတယ်ပေါ့"

မိုဝူကျိက အလွန်အံ့အားသင့်သွားကာ တအံ့တသြ ရေရွတ်လိုက်သည်။ သူက အမှန်တကယ်ပင် အံ့သြသွားသည်။

ချီခွန်းက ခေါင်းငြိမ့်ကာ

"အဲ့ဒါ အမှန် ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ခင်ဗျား နတ်ဘုရားဘုရင်အဆင့်ကို ရောက်ပြီဆိုမှ တာအိုလမ်းစဉ်က ဘယ်လောက်ကျယ်ပြောပြီး ဘယ်လောက်တောင် ခက်ခဲသလဲဆိုတာ ခင်ဗျား ပိုသိလာလိမ့်မယ်။ ပိုမြင့်တဲ့ အဆင့်ကို ရောက်ဖို့ရာ ပိုပိုပြီး ခက်ခဲလာလိမ့်မယ်။ ဒါကြောင့်

နတ်ဘုရားကုန်းမြေတစ်ခုလုံးမှာ နတ်ဘုရားဘုရင်အဆင့်ကို ကျော်နိုင်တဲ့ အဆင့်မြင့် ကျင့်ကြံသူက အနည်းငယ်ပဲရှိတယ်။ အဲ့လို လူတွေရှိခဲ့ရင်တောင် သူတို့တွေအားလုံးဟာ ဒဏ္ဍာရီပုံပြင်နဲ့ ရိုးရာယုံတမ်းစကားတွေထဲမှာပဲ ရှိကြတယ်”

“အဲ့ဒါ ဘယ်လိုနေရာလဲ”

မိုဝူကျိုက စိတ်အားထက်သန်စွာ မေးလိုက်သည်။

သူက နတ်ဘုရားနယ်မြေမှ လာခဲ့သည်ဖြစ်ကာ ထိုနယ်မြေတွင် နတ်ဘုရားဘုရင်အဆင့်ကို ကျော်လွန်သော တည်ရှိမှုမျိုး မရှိကြောင်း အလွန်ရှင်းရှင်းလင်းလင်း သိထားသည်။ ပြောရမည်ဆိုလျှင် နတ်ဘုရားနယ်မြေထဲတွင် နတ်ဘုရားဘုရင်အများကြီးပင် မရှိပေ။

ချီခွန်းက ဝိုင်ပုလင်းပြား တစ်ဘူးကို ထုတ်လိုက်ပြီး မိုဝူကျိုအား တစ်ခွက် ငှဲ့ပေးလိုက်သည်။ ထို့နောက် သူက ဆက်ပြောလိုက်သည်။

“ ဆေးလုံးဆရာမို… ခင်ဗျား မပြောရင်တောင်မှ ကျွန်တော်က ခင်ဗျားကို အဲ့နေရာအကြောင်း ပြောပြမှာပါ။ အဲ့ဒီနေရာကို နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်လို့ ခေါ်တယ်…”

“နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်တဲ့လား”

မိုဝူကျိုက ရေရွတ်လိုက်သည်။ သူက မအံ့သြဘဲ မနေနိုင်ပေ။ နတ်ဘုရားကုန်းမြေကဲ့သို့ ထိပ်သီးနယ်ပယ်တစ်ခုတွင် ထိုကဲ့သို့သော ပညာရပ်ကျောင်းတော်တစ်ခု ရှိနေလေသည်လား။ တစ်ချိန်တည်းမှာပင် ဤသည်က သူ့အား ကျင့်ကြံခြင်းလောကတုန်းက ကောင်းကင်ဖွေ့ရှာ ကျောင်းတော်ကို အမှတ်ရစေမိသည်။

ချီခွန်းက ခေါင်းငြိမ့်ကာ

"ဟုတ်တယ်… နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်။ ကျွန်တော် ခင်ဗျားကို ဒီအကြောင်း ပြောပြရတဲ့ အကြောင်းရင်းက နတ်ဘုရားကုန်းမြေတစ်ခုလုံးမှာ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ဆိုတဲ့ ဂိုဏ်းတစ်ဂိုဏ်းပဲ ရှိလို့ပဲ"

"အဲ့ဒါ ဘာကိုဆိုလိုတာလဲ"

မိုဝူကျိုမှာ ပို၍ပို၍ နားမလည်ကာ မရှင်းမလင်း ဖြစ်လာသည်။

ချီခွန်းက ရှင်းပြလိုက်သည်။

"နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်က တကယ်တန်းတော့ နတ်ဘုရားကုန်းမြေထဲက အကြီးမြတ်ဆုံး အားအကောင်းဆုံး အဆင့်မြင့်ကျင့်ကြံသူတွေရဲ့ စုဝေးရာကြီး တစ်ခုပဲ။ နတ်ဘုရားကုန်းမြေထဲက ဂိုဏ်းအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းကျော်က

နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ကနေ အခြေတည် စတင်ခဲ့ကြတာ။ ပိုရှင်းအောင် ပြောရမယ်ဆိုရင် မိုးကောင်းကင်ငယ်ဂိုဏ်းက ကျွန်တော်တို့မိုးကောင်းကင်နတ်ဘုရားဂိုဏ်းရဲ့ လက်အောက်ခံဂိုဏ်းလို့ အမြဲပြောကြတာလဲ ခင်ဗျားသိလား”

မိုဝူကျိုက ခေါင်းငြိမ့်ပြလိုက်ကာ

“အဲ့ဒါ ကျုပ်သိတယ်။ မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ တည်ထောင်သူ ဘိုးဘေးက မိုးကောင်းကင်နတ်ဘုရားဂိုဏ်းက လာခဲ့တာလို့ ကြားထားတယ်”

ချီခွန်းက ခေါင်းငြိမ့်ကာ

“ဟုတ်တယ်ဗျ။ ဒီမှာလည်း အဲ့အတိုင်း တူတူပဲ။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်မှာ အဆင့်မြင့် ကျင့်ကြံသူတွေအများကြီးက သူတို့ကိုယ်ပိုင်အင်အားတွေ ဖွဲ့စည်း တည်ဆောက်လာကြတယ်။ သူတို့က ကျင့်ကြံခြင်းမှာ နောက်ထပ် ဘယ်လိုမှ ရှေ့ဆက်လို့မရတော့မှန်း သိသွားကြတဲ့အခါ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ကနေ ထွက်ပြီး သူတို့ ကိုယ်ပိုင်ဂိုဏ်းတွေ တည်ထောင်ကြတယ်။ ဥပမာပြောရရင် ကျွန်တော့် မိုးကောင်းကင်နတ်ဘုရားဂိုဏ်းရဲ့ တည်ထောင်သူ

ဘိုးဘေးက နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ကနေ လာခဲ့တာပေါ့ဗျာ။

ဒီနေ့အထိ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲမှာ မိုးကောင်းကင်တောင် ရှိနေသေးတုန်းပဲ။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲမှာ ရှိနေတုန်းအတောအတွင်း မိုးကောင်းကင်တောင်မှာ နေခဲ့တဲ့ ကျင့်ကြံသူတွေက ကျောင်းတော်က ထွက်လာတဲ့အခါကျ ကျွန်တော်တို့ မိုးကောင်းကင်နတ်ဘုရားဂိုဏ်းကို ဝင်ဖို့ ရွေးချယ်ကြတယ်”

မိုဝူကျိုက အခြေအနေကို နားလည်သွားသည်။

“တာအိုရောင်းရင်းချီ… ခင်ဗျား ပြောနေတာတွေ ကျုပ်နားလည်သွားပြီ။ တစ်နည်းဆိုရရင် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်က နတ်ဘုရားကုန်းမြေတစ်ခုလုံးရဲ့ အဓိကပဲ။ သူ့အင်အားက နတ်ဘုရားကုန်းမြေတစ်ခုလုံးနဲ့ ယှဉ်လိုက်ရင် နည်းနည်းလေးပဲ အားနည်းတယ်”

ချီခွန်းက တုံ့ပြန်လိုက်သည်။

“ခင်ဗျားပြောတဲ့ ပထမအပိုင်းက မှန်တယ်… နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်က နတ်ဘုရားကုန်းမြေတစ်ခုလုံးရဲ့

အချုပ်အချာဆိုတာ အမှန်ပဲ။ ဒါပေမဲ့ ခင်ဗျားရဲ့ ဒုတိယအပိုင်းက မှားတယ်ဗျ။ တကယ်လို့ နတ်ဘုရားကုန်းမြေထဲက ဂိုဏ်းအားလုံးပေါင်းလိုက်မယ်ဆိုရင်တောင် သူတို့က နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ လက်တစ်ချောင်းကိုတောင် မယှဉ်နိုင်သေးဘူးဗျ။ နတ်ဘုရားကုန်းမြေတစ်ခုလုံးမှာ ထိပ်သီးပညာရှင်အားလုံးနီးပါးက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲ ဖုံးကွယ်ပြီး နေနေကြတာ။ နတ်ဘုရားဘုရင်အဆင့်ကို ကျော်လွန်ဖို့ရာက နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲမှာပဲ လုပ်နိုင်တယ်”

ဒါဆို ဒီဂိုဏ်းကို ဘယ်လိုအုပ်ချုပ်သလဲ”

မိုဝူကျိုက တစ်ခါထပ်၍ မရှင်းတော့ပြန်ပေ။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်တစ်ခုလုံးကို ကြည့်ရှုအုပ်ချုပ်သည့်လူမှာ မည်မျှတောင် အားကောင်းလေသနည်း။

ချီခွန်းက ခေါင်းခါလိုက်ပြီး

“နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်က ဂိုဏ်းတစ်ဂိုဏ်း မဟုတ်ဘူး။ သူ့ကို ပညာရှင်တို့ရဲ့ မူလဘူတလို့ သတ်မှတ်ရမှာပဲ။ အုပ်ချုပ်တဲ့ အပိုင်းကိုတော့ ကျွန်တော်လည်း နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲမှာ ဘယ်သူမှ ယုတ်ယုတ်မာမာ မပြုမူရဲသလို ကျောင်းတော်ရဲ့ စည်းကမ်းတွေကိုလည်း

မချိုးဖောက်ရဲကြဘူးလို့ပဲ သိထားတာ။ မဟုတ်ရင် သူတို့တွေ ၂ နာရီထက် ပိုပြီး အသက်ရှင်နိုင်မှာတောင် မဟုတ်ဘူး။ တကယ်တော့ ခင်ဗျားက နှင်းစက်စိမ်း ဆန်စိုက်ရတာ သဘောကျတယ် ပြောထားတော့ ကျွန်တော်က ခင်ဗျားကို နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲက အဖွဲ့အစည်းတစ်ခုဆီ မိတ်ဆက်ပေးချင်တာ။ ဒီအဖွဲ့အစည်းကို သေမျိုးနယ်မြေလို့ ခေါ်တယ်…”

“သေမျိုးနယ်မြေ တဲ့လား”

မိုဝူကျိက အံ့သြစွာ အသံထွက်သွားသည်။

ချီခွန်းက ခေါင်းငြိမ့်လိုက်ကာ

“ဟုတ်တယ်… သေမျိုးနယ်မြေ။ ပြောကြတာတော့ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲက သေမျိုးနယ်မြေကို တည်ထောင်တဲ့ တည်ထောင်သူဘိုးဘေးက စိုက်ပျိုးရေးဧကရာဇ်လို့ ခေါ်တဲ့ ပညာရှင်တစ်ယောက်တဲ့။ သူက အင်မတန် အရည်အသွေးညံ့တဲ့ ဝိညာဉ်ကြောတွေ ပိုင်ဆိုင်ထားတဲ့ ကျင့်ကြံသူတစ်ယောက်တဲ့။ ဒါပေမဲ့ ဒီပုဂ္ဂိုလ်က နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲမှာ သမိုင်းကြောင်းကို ပြန်ရေးနိုင်လုနီးနီး ဖြစ်ခဲ့တယ်…”

“ဘာကိုဆိုလိုတာလဲ”

မိုဝူကျိုက တော်တော်လေး သိချင်နေမိသည်။ သူက အင်မော်တယ် မော်တယ် ကျင့်စဉ်ကို ကျင့်ကြံသည်။ ယခု ဤ“သေမျိုးနယ်မြေ”အကြောင်းကို သိလာရသောအခါ သူက အားတက်သရော ပို၍သိချင်မိတော့လေသည်။

ချီခွန်းက ရှင်းပြလိုက်သည်။

“ဘာဖြစ်လို့လဲဆိုတော့ ဒီစိုက်ပျိုးရေးကေရာဇ်က နတ်ဘုရားဘုရင်အဆင့် ရောက်အောင် ကျင့်ကြံဖို့ သူ့ရဲ့ နိမ့်ကျတဲ့ ပါရမီကို အသုံးပြုနိုင်ခဲ့လို့ပဲ။ သူက ညံ့ဖျင်းတဲ့ ဝိညာဉ်ကြောတွေရှိတဲ့ ကျင့်ကြံသူတွေအတွက် သူ့ကိုယ်ပိုင်ကျင့်ကြံရေး ကျင့်စဉ်ကိုတောင် တီထွင်ခဲ့သေးတယ်။ အဲ့ဒါကို အင်မော်တယ် မော်တယ် ကျင့်စဉ်လို့ ခေါ်တယ်”

**အင်မော်တယ် မော်တယ်ကျင့်စဉ်…**

မိုဝူကျို၏ ရင်ထဲတွင် စိတ်လှုပ်ရှားမှုတို့ အပြည့် ဖြစ်နေသည်။ သူလည်း အင်မော်တယ် မော်တယ် ကျင့်စဉ်ကို ကျင့်ကြံသည်။ သူ့လက်ရှိ ကျင့်စဉ်မှာ နဂို အင်မော်တယ် မော်တယ် ကျင့်စဉ်နဲ့ မသက်ဆိုင်တော့သော်လည်း သေမျိုးများအတွက် ကျင့်ကြံခြင်း

လမ်းစဉ်ကို တီထွင်ရန် သူက အင်မော်တယ် မော်တယ် ကျင့်စဉ်အပေါ် မူတည်ခဲ့သည့် အချက်ကိုကား မပြောင်းလဲနိုင်ပေ။

ထျန်းဂျီဂိုဏ်းမှ သူရရှိခဲ့သော အင်မော်တယ် မော်တယ်ကျင့်စဉ်မှာ သူ့ထာဝရကမ္ဘာငယ်ထဲတွင် ရှိသေးသည်။

အင်မော်တယ် မော်တယ်ကျင့်စဉ်အား ဖန်တီးခဲ့သော ပညာရှင်မှာ နတ်ဘုရားလောကမှ ဖြစ်နေကာ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ကနေပင် လာခဲ့သူ ဖြစ်နေမည်ဟု သူ မတွေးမိခဲ့ပေ။

ဤအခိုက်အတန့်၌ မိုဝူကျိသည် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်သို့ ရုတ်တရက် သွားချင်သွားကာ ထို“သေမျိုးနယ်မြေ”ကို သွားကြည့်ချင်မိသည်။ ထိုစိုက်ပျိုးရေးကေရာဇ်က တခြား မည်သည့်အရာများ ချန်ထားခဲ့မည်ကို မြင်ချင်မိသည်။

ချီခွန်းက ဆက်ပြောလိုက်သည်။

“တကယ်တော့ ပြောစကားတွေအရဆိုရင် စိုက်ပျိုးရေးကေရာဇ်ကို အဲ့လိုမခေါ်ကြဘူးတဲ့... သူ့ကို ကျုံးတိ (လယ်သမား) လို့ ခေါ်ကြတယ်တဲ့။ သူ့ကို သေမျိုးကမ္ဘာ တစ်ခုမှာ မွေးဖွားခဲ့တယ်တဲ့။ သူ့မိဘတွေက သူ့ကို သူတို့ရဲ့ လယ်ယာတွေကို

ကောင်းကောင်း စိုက်ပျိုးထွန်ယက်စေချင်ခဲ့လို့ သူ့ကို ကျုံးတိဆိုတဲ့ နာမည်ရိုးရိုးလေးကိုပဲ ပေးခဲ့တာတဲ့။

**(မှတ်ချက် - လယ်သမားနှင့် စိုက်ပျိုးရေးကေရာဇ်၏ အသံထွက်မှာ "ကျုံးတိ" ချင်း တူသည်။ ကျုံး အသံထွက်မှာ လယ်ယာ သို့မဟုတ် စိုက်ပျိုးရေးဟု အဓိပ္ပာယ်ရသည်။ ပထမ "တိ"အသံထွက် မှာ မြေ ဖြစ်ကာ ဒုတိယ "တိ"အသံထွက်မှာ ကေရာဇ်ဟု အဓိပ္ပာယ်ရသည် )**

ပြောကြတာကတော့ စိုက်ပျိုးရေးကေရာဇ်က နှင်းစက်စိမ်းဆန်ကို ရှာတွေ့တဲ့သူတဲ့။ သူက ထိပ်သီးအဆင့် နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးနိုင်ခဲ့တယ်။ ပြီးတော့ သူက နှင်းစက်စိမ်းဆန်ကို သူ့ဝိညာဉ်ကြောနဲ့ ဝိညာဉ်လမ်းကြောင်းတွေကို သန့်စင်ဖို့ သုံးခဲ့တယ်တဲ့။ သူ့ဝိညာဉ်ကြောတွေနဲ့ ဝိညာဉ်လမ်းကြောင်းတွေက နှိုင်းမရအောင် ညှံ့ဖျင်းနေတာတောင်မှ သူက သူ့ကြိုးစားမှုနဲ့ နတ်ဘုရားလောကထဲ ဝင်ရောက်နိုင်ခဲ့တယ်။ အဲ့ဒါတင် မကဘူး… သူက နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲ ဝင်နိုင်ခဲ့ပြီး သေမျိုးနယ်မြေကိုတောင် တည်ထောင်နိုင်ခဲ့သေးတယ်တဲ့"

ဤနား ရောက်သည့်အခါ ချီခွန်းက သက်ပြင်းချကာ ခေါင်းခါလိုက်ပြီး

"ကံမကောင်းစွာပဲ စိုက်ပျိုးရေးကေရာဇ်မှာ တစ်ခုခုဖြစ်ပျက်သွားပြီးတဲ့နောက်မှာ သေမျိုးနယ်မြေက စတင်ကျဆင်းလာတယ်။ ပြောကြတာတော့ သေမျိုးနယ်မြေမှာ တပည့် မရှိတော့ဘူးဆိုပဲ။ တကယ်လို့ ရှိခဲ့ရင်တောင် သူတို့တွေဟာ အသင့်အတင့်ကောင်းတဲ့ ဝိညာဉ်ကြောတွေ ရှိကြတဲ့လူတွေပဲ။ သေမျိုးတစ်ယောက်ရဲ့ ဖြစ်တည်မှုနဲ့ လုံးလုံး မဆက်စပ်တော့ဘူး။ သေမျိုးနယ်မြေက နတ်ဘုရားမြေမြင့်ထဲမှာ ဂိုဏ်းမတည်ထောင်ထားတဲ့ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ရဲ့ တစ်ခုတည်းသော အဖွဲ့အစည်းလည်း ဖြစ်တယ်"

"တာအိုရောင်းရင်ချီ... ကျုပ်မေးချင်တာက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲ ဘယ်လိုဝင်ရသလဲဆိုတာပါ"

"နတ်ဘုရားကုန်းမြေတစ်ခုလုံးမှာ ဝင်ဖို့အခက်ဆုံးနေရာက နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ပဲ။ ဒါပေမဲ့ ခင်ဗျားမှာ အခွင့်အရေးတစ်ခု ရှိသေးတယ်။ ဘာလို့လဲဆိုတော့ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်က ပညာရပ်အားလုံး ခြုံငုံပါဝင်နေလို့ပဲ။ အဲ့ဒီထဲမှာ နှင်းစက်စိမ်း ဆန်စိုက်တဲ့နေရာမှာ ထူးချွန်တဲ့ ပညာရှင်တွေလည်း နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ကို ဝင်နိုင်လို့ပဲ"

“နှင်းစက်စိမ်းဆန်စိုက်တာ အပြင်ကော”

မိုဝူကျိုက ဆက်မေးလိုက်သည်။ သူ့ရည်ရွယ်ချက်အရ သူ နှင်းစက်စိမ်း ဆန်စိုက်ပျိုးနိုင်ကြောင်းအား မဖော်ပြချင်ပေ။ အကယ်၍ သူသာ ဤနည်းဖြင့် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲ ဝင်လိုက်ပါက ထိုသတင်းမှာ လူတွေကြားသေချာပေါက် ပျံ့နှံ့သွားပေလိမ့်မည်။

အကယ်၍ သူက စိုက်ပျိုးရေးကေရာဇ်အကြောင်း မသိခဲ့ပါက ဤကိစ္စအား ဂရုစိုက်နေမည် မဟုတ်ချေ။ ယခုမူ နတ်ဘုရားဘုရင်အဆင့်ထိ တက်လှမ်းနိုင်ခဲ့သော စိုက်ပျိုးရေးကေရာဇ်သည် နှင်းစက်စိမ်းဆန်နှင့် ဆက်စပ်နေသည်ကို သူ သိလေရာ သူ ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်သည့်အချက်အား အဘယ်ကြောင့် သူ လွယ်လွယ်လေး ထုတ်ဖော်နိုင်မည်နည်း။

အကယ်၍ နှင်းစက်စိမ်းဆန် ကောင်းကောင်း စိုက်ပျိုးရန် ဖိအားမရှိဘဲ ထိုထဲတွင်သာ စိတ်နှစ်မြှုပ်ရန် လိုအပ်သည့်အချက်ကြောင့်သာ မဟုတ်ပါက ချီခွန်းသည် သူ့ကို အတင်းအကျပ် ဖမ်းဆီးသွားလောက်ပြီဟုပင် သူက သံသယဝင်မိသည်။

ချီခွန်းက ခေါင်းခါလိုက်ပြီး

“အဲ့လိုက အရမ်းခက်ခဲတယ်။ တစ်ခုတည်းသော နည်းလမ်းက ဂိုဏ်းတစ်ဂိုဏ်းကို ဝင်ပြီးတော့ အဲ့ဂိုဏ်းထဲမှာ အရေးပါတဲ့သူ တစ်ယောက်ဖြစ်လာဖို့ပဲ။ ပြီးရင်တော့ ခင်ဗျား နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ရဲ့ တပည့်ရွေးချယ်ပွဲထဲကို ပါဝင်ယှဉ်ပြိုင်ဖို့ လိုလိမ့်မယ်”

မိုဝူကျိုက မေးလိုက်သည်။

“တာအိုရောင်းရင်းချီ… ကျုပ် မိုးကောင်းကင် နတ်ဘုရားဂိုဏ်းဆီ ရောက်ရင် ဘာလုပ်ရမှာလဲ”

ချီခွန်းက ပြောလိုက်သည်။

“တကယ်တော့ ကျွန်တော့်ရဲ့ ဆေးလုံးဆရာမိုကို ဖိတ်ကြားမှုက နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်နဲ့ ဆက်စပ်နေတယ်ဗျ။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲမှာ ထိပ်တန်းအဆင့် တော်ဝင်နယ်မြေ တစ်ခုရှိတယ်။ အဲ့ဒါကို နတ်ဘုရားဘုရင် နိဗ္ဗာန်မြစ် လို့ခေါ်တယ်။ ကံမကောင်းစွာနဲ့ပဲ ဒီနတ်ဘုရားဘုရင် နိဗ္ဗာန်မြစ်ထဲ ဝင်ဖို့ ဝင်ခွင့်တွေက ကန့်သတ်ချက် ရှိတယ်။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်က ဆုံးဖြတ်မှုတွေ လုပ်လိမ့်မယ်။ ပြီးတော့ နှင်းစက်စိမ်း ဆန် စိုက်ပျိုးခြင်းက အဓိက ဆုံးဖြတ်မှုတွေထဲက တစ်ခုပဲ”

မိုဂူကျိုက နားလည် သဘောပေါက်သွားလေသည်။

“တာအိုရောင်းရင်းချီ… ခင်ဗျား ဆိုလိုတာက ကျုပ်ကို မိုးကောင်းကင် နတ်ဘုရားဂိုဏ်းကို ကိုယ်စားပြုပြီး ဒီစိုက်ပျိုးခြင်းဆုံးဖြတ်မှုမှာ ပါဝင်ခိုင်းမယ်ပေါ့။ ပြီးရင် နတ်ဘုရားဘုရင် နိဗ္ဗာန် မြစ်အတွက် နေရာလွတ်တစ်ခု ရယူပေးရမယ်… အဲ့လိုလား”

ချီခွန်းက ခေါင်းငြိမ့်လိုက်ကာ ဘာမှမဖုံးကွယ်ချေ။

“မှန်ပါတယ်… ကျွန်တော့် မိုးကောင်းကင် နတ်ဘုရားဂိုဏ်းရဲ့ တစ်ခုတည်းသော အားနည်းချက်က နှင်းစက်စိမ်း ဆန်စိုက်ရာမှာ တော်တဲ့ ပညာရှင် ကျွန်တော်တို့ဆီမှာ မရှိတာပါပဲ။ အဲ့ဒါထက်ကို နတ်ဘုရားဘုရင်တွေကပဲ နတ်ဘုရားဘုရင် နိဗ္ဗာန်မြစ်ထဲက အသိဉာဏ်ပွင့်မှုကို ရရှိတာတဲ့သူတွေ မဟုတ်ပါဘူး။ တကယ်လို့ လောကနတ်ဘုရားတွေ ဝင်သွားမယ်ဆိုရင် သူတို့မှာ နတ်ဘုရားဘုရင်အဆင့်ကို တက်လှမ်းဖို့ အခွင့်အရေး ပိုများသွားမယ်။

ဆေးလုံးဆရာမို… တကယ်လို့ ခင်ဗျားသာ ကူညီပေးနိုင်ခဲ့မယ်ဆိုရင် ခင်ဗျားအနေနဲ့ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲ ဝင်ဖို့က မဖြစ်နိုင်ဘူးရယ်တော့ မဟုတ်ပါဘူး။ ခင်ဗျားရဲ့ပါရမီက နည်းနည်းညံ့နေပေမယ့်

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ သေမျိုးနယ်မြေထဲမှာ ခင်ဗျား ရှေ့တက်လှမ်းနိုင်ဖို့ နည်းလမ်းတချို့ကို ရှာတွေ့ရင် ရှာတွေ့သွားနိုင်မှာပါ။

ပြီးတော့ တစ်လှမ်းလောက် နောက်ဆုတ်ပြီး စဉ်းစားမယ်ဆိုရင်လည်း တကယ်လို့ ခင်ဗျား တက်လှမ်းဖို့ နည်းလမ်းကို ရှာမတွေ့နိုင်ရင်တောင်မှ သေမျိုးနယ်မြေက နှင်းစက်စိမ်းဆန် စိုက်ဖို့ အငြိမ်သက်ဆုံးနဲ့ အလုံခြုံဆုံးနေရာပဲလေ ”

## အခန်း (၉၆၄) : နောင်တတရား

“ တာအိုရောင်းရင်း ချီ … ကျုပ် ဒီတာဝန်ကို လက်ခံပါတယ်။ ဒါနဲ့ စစ်ဆေးမှုအတွက် ဘယ်အချိန် သွားရမလဲ ” မိုဝူကျိက မေးမြန်းဖို့ရာ တွန့်ဆုတ်မနေပေ။

အမြင်တစ်ခုအရ ကြည့်လျှင် စိုက်ပျိုးရေး ဧကရာဇ်သည် သူ့ဆရာဟုပင် ယူဆလို့ ရနေလေ၏။ အင်မော်တယ် မော်တယ်ကျင့်စဉ် မရှိဘဲ သူက ချီသွေးကြော ကျင့်နည်းကို ထုတ်ဖော်နိုင်ဦးမည် ဖြစ်သော်လည်း မိုဝူကျိက အင်မော်တယ်

မော်တယ်ကျင့်စဉ်သာ မပါရှိလျှင် သူ့အနေနှင့် ချီသွေးကြော ကျင့်နည်းကို ရှာတွေ့သည့်အချိန် အသက်ကြီးပြီး အိုမင်းနေလောက်ပြီမှန်း သေချာသိထား၏။

ထို့ကြောင့် စိုက်ပျိုးရေး ဧကရာဇ်သည် လူပုဂ္ဂိုလ်အားဖြင့် သူ့ဆရာ မဟုတ်သော်လည်း ဆရာအခိပ္ပါယ်တော့ ရှိနေသေး၏။

ယခု သူက နတ်ဘုရားကုန်းမြေအထိ ရောက်ရှိလာပြီး အင်မော်တယ် မော်တယ်ကျင့်စဉ်၏ ဖန်တီးသူဘိုးဘေးကိုလည်း သိခဲ့ရပြီ ဖြစ်၍ တစ်ချက်လောက် သွားကြည့်ချင်မိသည်။ အကယ်၍ သူက စိုက်ပျိုးရေး ဧကရာဇ်၏ သေမျိုးနယ်မြေကို သွားရောက်ကြည့်လိုလျှင် သူ့အနေနှင့် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ကို ဝင်ရောက်ရမည် ဖြစ်သည်။ ချီခွန်း စကားအရ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်သို့ ဝင်ရောက်ဖို့ရာ အင်မတန် ခက်ခဲလှပေသည်။ နှင်းစက်စိမ်းဆန် စိုက်ပျိုးခြင်းသည် မိုဝူကျို၏ အလွယ်ကူဆုံး ရွေးချယ်မှု ဖြစ်၏။

မိုဝူကျို၏ တုံ့ပြန်မှုကို ကြားကာ ချီခွန်းက စိတ်အားတက်ကြွစွာဖြင့် “ ဆေးလုံးဆရာမို … အတည်မပြုရသေးပေမဲ့ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ရဲ့ လေ့ကျင့်မှုတွေပြီးရင် နောက်စစ်ဆေးမှုက သိပ်မကြာခင်

စတော့မှာပဲ။ ကျုပ်တို့တွေ နတ်ဘုရားမြေမြင့်ဆီ ရောက်တဲ့အခါ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ရဲ့ စစ်ဆေးမှုက စနေလောက်ပြီ။ တကယ်လို့ မစသေးရင် ဆေးလုံးဆရာမိုက နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးရတာ ကြိုက်တာဆိုတော့ ကျုပ် မိုးကောင်းကင်ဂိုဏ်းမှာ မြေကောင်း နေရာကောင်း ပေးနိုင်ပါတယ် ”

မိုဝူကျိုက ရယ်မောကာ “ တာအိုရှောင်းရင်းချီ …. ကျုပ် ခင်ဗျားဂိုဏ်းရဲ့ အပြင်ဘက်မှာ ဆေးဆိုင်လေး ဖွင့်ရင်ရော ဘယ်လိုလဲ။ စစ်ဆေးမှု စလာတဲ့အခါကျ ကျုပ်က မိုးကောင်းကင်ဂိုဏ်းကို ကိုယ်စားပြု ဝင်ပြိုင်ပေးပါ့မယ် ”

မိုဝူကျိုက မိုးကောင်းကင်ဂိုဏ်းကို ဝင်လိုသည့် ရည်ရွယ်ချက် မရှိသလို ဆန် ဆက်လက် စိုက်ပျိုးဖို့လည်း စိတ်မပါပေ။ တကယ်တော့ သူက နှင်းစက်စိမ်းဆန်ကို ဆက်လက် စိုက်ပျိုးဖို့ရာ ထိပ်တန်းအဆင့် နတ်သွေးကြောနှင့် မြေနေရာကောင်းကောင်း ရထားလျှင် စိတ်ထဲ မထားပေ။ ဆန်စိုက်ပျိုးခြင်းက သူ့ ကျင့်စဉ်ကို ကူညီပေးရုံသာမက စိတ်အခြေအနေကိုလည်း တိုးတက်လာစေနိုင်သည်။

သို့သော် နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်၏ စစ်ဆေးမှုက ဘယ်အချိန် စလာမည်ကို မည်သူက သိမည်နည်း။ အကယ်၍

သူ့နှင်းစက်စိမ်းဆန် မရင့်မှည့်ခင် စတင်လာလျှင် သူ့အနေနှင့် အရွယ်မရောက်ခင် ရိတ်သိမ်းရမည် ဖြစ်၏။

သူ လုပ်လိုက်သည် ဖြစ်စေ မလုပ်လိုက်သည် ဖြစ်စေ သူ့အတွက် အကူအညီ မဖြစ်ပေ။ ထို့ကြောင့် သူ့အနေနှင့် ဆန် မစိုက်ခြင်းက ပိုကောင်းကြောင်း ဆုံးဖြတ်လိုက်တော့သည်။

ထို့အပြင် မိုဂူကျို၏ အင်မော်တယ် မော်တယ်ကျင့်စဉ်အပေါ် နားလည်နိုင်စွမ်းက ပို၍ နက်နဲလာသည်။ သူက လူသားတာအိုကို ကျင့်ကြံပြီး သူက သာမာန်လူသားများကြား သာမာန်ကျန်ရှိနေသရွေ့ သူ့စိတ်နှလုံးသား အခြေအနေမှာ သက်ရောက်ခြင်း ခံရမည် မဟုတ်ပေ။ ထိုနိယာမသည် သူက ဆေးဆိုင်ဖွင့်ဖွင့် သို့မဟုတ် ဆန်စိုက်ပျိုးပျိုး အတူတူသာ ဖြစ်၏။

ဤသည်မှာ ပထမအကြောင်းအရင်း ဖြစ်ပြီး ဒုတိယအကြောင်းအရင်းမှာ မိုဂူကျိုက ကျင့်ကြံရေး အရင်းအမြစ်များစွာ လိုအပ်နေကြောင်း ရှင်းရှင်းလင်းလင်း သိထားသည်။ ယခင် သူ့ကျင့်ကြံဆင့် မတိုးတက်လာသည့် အကြောင်းအရင်းမှာ သူ့လူသားစိတ်အခြေအနေ၌ ပြဿနာ ရှိနေ၍ ဖြစ်သလို နတ်ဝိညာဉ်စွမ်းအားများလည်း လစ်ဟာနေ၍ ဖြစ်သည်။

ယခင် မိုးကောင်းကင်ငယ်ဂိုဏ်းတွင် ရှိစဉ်အခါ သူက အဆင့်မြင့် နတ်သွေးကြောအပေါ်တွင် ဝိညာဉ်စွမ်းအား စုစည်းရေး အစီအရင်ကို ခင်းကျင်းလိုက်သေး၏။ ထို့နောက် သူက ထိပ်တန်းအဆင့် နတ်သွေးကြောပေါ်တွင် ကျင့်ကြံပေသည်။ ထိပ်တန်းအဆင့် နတ်သွေးကြောပေါ်တွင် ကျင့်ကြံပြီးနောက် သူက ကျင့်ကြံရေး အရင်းအမြစ်သည် မည်မျှ အရေးကြီးကြောင်း အသေအချာ သိလာတော့သည်။ ဆေးဆိုင်ဖွင့်လိုက်ခြင်းဖြင့် သူ့ ဆေးလုံး အဆင့်အတန်းကို တိုးတက်ဖို့ ကူညီပေးနိုင်ရုံသာမက သူ့အား ကျင့်ကြံရေး အရင်းအမြစ်များစွာလည်း ရလာစေနိုင်သည်။

မိုးကောင်းကင်ငယ်ဂိုဏ်းတွင် ရှိနေသော လပိုင်းလေးအတွင်း သူက အဆင့်မြင့်ကျောက်များစွာကို စုဆောင်းနိုင်ခဲ့ပြီး သတ္တုအမျိုးမျိုးနှင့် နတ်ဆေးပင်တချို့ကိုလည်း စုဆောင်းနိုင်ခဲ့သည်။

“ အဲဆို ကျုပ်တို့တွေ မိုးကောင်းကင်မြို့ကို သွားကြတာပေါ့။ အဲဒါက မိုးကောင်းကင်ဂိုဏ်းရဲ့ အပြင်ဘက်မှာ ရှိတာလေ ” ချီခွန်းက မိုဝူကျိအား အထင်ကြီးမိ၏။ သူက မိုဝူကျိ၏ တောင်းဆိုချက် အမျိုးမျိုးအား ဖြည့်ဆည်းပေးနိုင်အောင် အကောင်းဆုံး ကြိုးစားပေးမည် ဖြစ်သည်။

“ ကျေးဇူးပါ တာအိုရောင်းရင်းချီ … ကျုပ်က မိုးကောင်းကင်ဂိုဏ်းအတွက် စစ်ဆေးမှုမှာ ကိုယ်စားပြုပေးဖို့ မျှော်လင့်မိရုံလေးပါ။ အဲဒါကြောင့် ကျုပ်က မိုးကောင်းကင်မြို့ထဲမှာ ဆေးဆိုင် ဖွင့်လိုက်မယ်။ ကျုပ် သွင်ပြင်ကိုပါ ပြောင်းလဲထားလိုက်မယ် ” မိုဝူကျိုက ထရပ်ကာ လက်နှစ်ဖက်ယှက်ကာ ပြောလိုက်၏။

မိုးကောင်းကင်မြို့၌ မိုဝူကျိုက ကျင့်ကြံရေး အရင်းအမြစ်များကို အသည်းအသန် စုဆောင်းဖို့ရာ ရည်ရွယ်ထား၏။ သူ့ဆေးလုံးတာအိုက အဆင့် ၅ နတ်ဆေးလုံးဘုရင်အဆင့် ရောက်တော့မည် ဖြစ်၏။ အကယ်၍ သူက ကျင့်ကြံရေး အရင်းအမြစ်များကို မစုဆောင်းထားလျှင် သူ့အနေနှင့် လေ့ကျင့်ဖို့ အဆင့် ၅ ဆေးပင်များကို ရရှိနိုင်မည် မဟုတ်ချေ။

နတ်ဘုရားနယ်မြေနှင့် နတ်ဘုရားကုန်းမြေတို့ကို နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ် ခြားနားထားသောကြောင့် နတ်ဘုရားဘုရင်အတွက်ပင် ပေါ်လာဖို့ရာ ခက်ခဲလှပေသည်။ အဆင့် ၅ ဆေးပင်များသည် အတော်လေး ရှားပါးလှ၏။ ထိုသည်မှာ မိုးမြေစည်းမျည်းများနှင့် သက်ဆိုင်နေပေ၏။ အဆင့် ၆ ဆေးပင်များမှ ဆေးတစ်ပင်ချင်းစီက ထိပ်တန်းအဆင့် ရတနာ ဖြစ်၏။

အကယ်၍ သူက ကျင့်ကြံရေး အရင်းအမြစ်များစွာ ရရှိထားလျှင် တစ်ခြားတစ်ယောက်ကို စိတ်အနှောင့်အယှက် ဖြစ်စေနိုင်သလို တခြားသူများ၏ အားကျမှုကို ခံရနိုင်လေ၏။ ထို့ကြောင့် မိုဝူကျို၏ ရည်ရွယ်ချက်မှာ မိုးကောင်းကင်ဂိုဏ်း၏ အကာအကွယ်အောက်တွင် နေထိုင်ရင်း စီးပွားရှာပြီး ထွက်သွားဖို့ရာ ဖြစ်သည်။ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်၌ ကျင့်ကြံရေး အရင်းအမြစ်များစွာ ရရှိနိုင်သည့် အခွင့်အရေးများ ရှိခြင်း၊ မရှိခြင်းကား နောက်ကိစ္စ ဖြစ်၏။

" ဟားဟား ... ကျုပ် ဆေးလုံးဆရာမိုကိုပဲ အားကိုးလိုက်ပါ့မယ် " ချီခွန်းက ရယ်မောကာ ပြောလိုက်၏။ သူက မိုဝူကျို စိုးရိမ်နေသည်မှာ သူ့ အဆင့် ၄ ဆေးလုံးဆရာ အဆင့်အတန်းကြောင့် ဖြစ်မှန်း မှန်းဆမိလိုက်သည်။ လက်တွေ့၌ မိုဝူကျိုအတွက် ဤသို့ စိုးရိမ်ကြောင့်ကြနေစရာ မလိုအပ်ပေ။ မိုးကောင်းကင်မြို့၌ တခြားသော အဆင့် ၄ နတ်ဆေးလုံးဆရာများလည်း ရှိနေကြသေးသည်။

သို့သော်လည်း သူက ဤသို့စကားမျိုး ထုတ်ပြောမည် မဟုတ်ပေ။ မိုဝူကျို၏ တောင်းဆိုချက်ကို သဘောတူလိုက်ခြင်းမှာ မိုဝူကျိုအား မျက်နှာသာပေးလိုက်သလို ဖြစ်၏။

“ တာအိုရောင်းရင်းချီ .... ဒါက နှင်းစက်စိမ်းဆန် ကျန်တာလေးတွေပါ။ တာအိုရောင်းရင်းချီကို ပေးပါ့မယ် ” မိုဝူကျိုက နှင်းစက်စိမ်းဆန် ဆယ်ကာတီကိုသာ ထုတ်ပေးလိုက်သည်။

ချီခွန်းက မိုဝူကျို ပေးလိုက်သည့် အိတ်ကို စိုးရိမ်တကြီး ဖွင့်ကြည့်လိုက်သည်။ ရွှေရောင်သကော်တများ ပြည့်နေသည့် နှင်းစက်စိမ်းဆန်ကို ပထမဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်သော်လည်း သူက အတော်လေး စိတ်လှုပ်ရှားမိနေသေးကာ “ ဒါက ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်တွေပဲ .... ပစ္စည်းကောင်းလေးတွေ။ ဆေးလုံးဆရာမို ပြိုင်ပွဲအတွင်း ဒီလိုဆန်မျိုးသာ စိုက်ပျိုးနိုင်ရင် သေချာပေါက် ရှုံးနိမ့်မှာ မဟုတ်ဘူး ”

“ တာအိုရောင်းရင်းချီ စိတ်ချနေပါ။ ကျုပ် ယုံကြည်ချက် ရှိပါတယ် ” ထိုသို့ပြောပြီးနောက် မိုဝူကျိုက နောက်တစ်အိတ် ထုတ်လိုက်ပြီး သဘော်ာပုံအတွင်းဘက် မျက်နှာမူကာ “ ဒါက နှင်းစက်စိမ်းဆန် ဆယ်ကာတီပါ။ ဒါကို တာအိုရောင်းရင်း ယွီကို ပေးပါ့မယ် ”

ခပ်ရှရှ ကြည်ကြည်လင်လင် အသံလေး ထွက်ပေါ်လာကာ “ ဆေးလုံးဆရာမိုကို ကျေးဇူးတင်ပါတယ် ”

ထို့နောက် ယွီလော၏ ပိန်ပါးပါး ခန္ဓာကိုယ်လေးက ပင်မကုန်းပတ်ဆီ ရောက်ရှိလာပြီး မိုဝူကျို၏ အိတ်လေးကို လက်ခံလိုက်သည်။

ချီခွန်းက ယွီလောအား အံ့ဩတကြီး ကြည့်လိုက်သည်။ သူက ယွီလောသည် မည်သူ့ဆီကမှ လက်ဆောင် လက်ခံလေ့ မရှိကြောင်း သိထားသည်။ အကယ်၍ အံ့ဩဖို့ကောင်းသည့် အရာမျိုး ဖြစ်နေလျှင်ပင် လက်ခံလေ့ မရှိပေ။ သူ့အနေနှင့် ယွီလောသည် မိုဝူကျိုဆီမှ နှင်းစက်စိမ်းဆန် ဆယ်ကာတီကို လက်ခံလိုက်သည့် အကြောင်းအရင်းအား နားမလည်ပေ။

အဆင့်မြင့် နှင်းစက်စိမ်းဆန်သည် အလွန်အဖိုးတန်သည်မှာ အမှန်ဖြစ်သော်လည်း ယွီလော၏ အဆင့်အတန်းဖြင့် သူမက ကိုယ့်ဘာသာ ရရှိနိုင်ပေသည်။ ထို့အပြင် ယွီလောက သူမ ဘဝတွင် အဆင့်မြင့် နှင်းစက်စိမ်းဆန်ပေါင်းများစွာ စားသုံးထားခဲ့ဖူးသူ ဖြစ်၏။ ဤဆယ်ကာတီက မည်သို့ ယှဉ်နိုင်မည်နည်း။

မိုဝူကျိုက ထိုကိစ္စများကို လုံးဝ မသိထားပေ။ သူက ယွီလောနှင့် ချီခွန်းတို့ လက်ဆောင် လက်ခံလိုက်သည့်အခါ သူ့စိတ်ခံစားချက်မှာ မဆိုးပေ။

စကားပုံတောင် ရှိသေးသည် မဟုတ်ပါလော။ လက်ဆောင်တံစိုးများက အသိပညာကို အမှောင်ဖုံးလွှမ်းသွားစေ၏။ သူတို့နှစ်ယောက်က အဆင့်အတန်းမြင့်ကြသူများ ဖြစ်ကြသည်။ သူတို့က လက်ဆောင်များ လက်ခံထားသောကြောင့် မိုဂူကျို မိုးကောင်းကင်မြို့တွင် ရှိစဉ်အတွင်း သေချာပေါက် ကူညီပေးကြမည် ဖြစ်၏။

................

## နတ်ဘုရားမြေနိမ့်၊ မိုးကောင်းကင်ယယ်ဂိုဏ်း

မည်သူကမှ မိုဂူကျို ထွက်သွားမှုအပေါ် ဂရုမစိုက်ကြပေ။ ထို့အစား အားလုံးက ဂိုဏ်းချုပ် ရှီလင်းယု၏ ဆုံးဖြတ်ချက် အပြုအမူကိုသာ အာရုံစိုက်နေကြသည်။

မိုဂူကျို ထွက်သွားပြီးနောက် ရှီလင်းယုက လူ ၃၂ ယောက်အား တစ်ခါတည်း သတ်ပစ်ခဲ့သည်။ ထိုသူများကြားတွင် လောကနတ်ဘုရား လေးယောက်၊ နတ်ဘုရား အုပ်စိုးသူ ၇ ယောက်နှင့် ကောင်းကင်နတ်ဘုရား ၂၁ ယောက်တို့ ပါဝင်၏။ သူတို့အားလုံးက များစွာ တိုက်ခိုက်ခဲ့ကြသောကြောင့် မတရားသဖြင့် အသတ်ခံရခြင်းတော့ မဟုတ်ပေ။

သို့သော်လည်း သူတို့က အဆင့်အတန်းမြင့်သူများ ဖြစ်ကြပြီး ကျင့်ဝေနှင့် ပတ်သတ်နေကြသူများသာ ဖြစ်ကြသည်။ ထိုစဉ် မိုးကောင်းကင်ငယ်ဂိုဏ်း၏ တောင်သခင်များနှင့် အကြီးအကဲများကလည်း အံ့သြတုန်လှုပ်ကုန်ကြသည်။ ဂိုဏ်းချုပ်က ကျင့်ဝေ၏ အပြုအမူများကို လျစ်လျူရှုထားခြင်း မဟုတ်ကြောင်း သိသွားကြသည်။ သူက ဘာမှမလုပ်ရုံမျှသာ ဖြစ်ခဲ့၏။ ယခု ကျင့်ဝေက အသတ်ခံလိုက်ရပြီ ဖြစ်ရာ ဂိုဏ်းချုပ်က တစ်ခါတည်း အားလုံးကို အပြတ်ရှင်းရန် ဆုံးဖြတ်လိုက်ခြင်းသာ ဖြစ်ပေသည်။

သာမာန်အခြေအနေအောက်၌ တစ်ယောက်တည်း လူအများကြီးကို သတ်ဖြတ်ခြင်းက ဖရိုဖရဲ အခြေအနေ ဖြစ်သွားစေလိမ့်မည်။ သို့သော်လည်း မိုးကောင်းကင်ငယ်ဂိုဏ်းအတွက်တော့ ထိုသို့ မဟုတ်ခဲ့ဘဲ ပို၍ စည်းလုံးကာ အခြေတည်သွားစေ၏။

ထိုသို့လုပ်ဆောင်ပြီးနောက် ရှီလင်းယုက စိတ်မပျော်နေပေ။ ထိုစဉ် သူက သူ့အိမ်ဆီ ပြန်လာလိုက်ပြီး စကားတစ်လုံးမှ မပြောဘဲ တိတ်တဆိတ်သာ ထိုင်နေလိုက်တော့သည်။

သူ့အမြင်၌ ကျင့်ဝေ၏ အပြုအမူများက လူပြက်တစ်ယောက်လို ဖြစ်နေသည်။ သူက ဘာမှမလုပ်သည့် အကြောင်းအရင်းမှာ

ကျင့်ဝေအပေါ် ထားရှိသည့် လေးစားမှုကြောင့် ဖြစ်သလို သဘောထားကွဲလွဲသူများကို တစ်ခါတည်း ဖြေရှင်းလို၍ ဖြစ်သည်။

သူ့အား စိတ်ခတ်အကျစေဆုံးသောအရာမှာ မိုဝူကျို ထွက်ခွာသွားခြင်း ဖြစ်၏။ အကယ်၍ သူက မိုဝူကျိုသာ နတ်ဆေးလုံးဘုရင် တပိုင်း ဖြစ်နေမှန်း သိထားလျှင် သူက မိုဝူကျိုအား ထွက်သွားဖို့ ခွင့်ပေးလိုက်မည် မဟုတ်ချေ။

အစပိုင်းတွင် ရှီလင်းယုက အိပ်မက်ကြီးကြီး ထားရှိခဲ့သည်။ သူ့အိပ်မက်မှာ မိုးကောင်းကင်ငယ်ဂိုဏ်းအား မိုးကောင်းကင်ဂိုဏ်း၏ လက်အောက်ခံ မဖြစ်စေဘဲ  သူ့မျှော်လင့်ချက်မှာ မိုးကောင်းကင်ဂိုဏ်းမှ ခွဲထွက်ပြီး နတ်ဘုရားကုန်းမြေ၌ အစစ်အမှန် ဂိုဏ်းအဖြစ် ဆက်ဆံခံရစေဖို့ ဖြစ်၏။

သို့သော် ယခုတွင် မိုးကောင်းကင်ငယ်ဂိုဏ်း၌ နတ်ဘုရားဘုရင် သူ တစ်ယောက်သာ ကျန်ရှိတော့သည်။ သူတို့အင်အားမှာ အားနည်းလွန်းလှသည်။ သူတို့က နတ်ဘုရားမြေမြင့်သို့ သွားလျှင်ပင် သူတို့အနေနှင့် မိုးကောင်းကင်ဂိုဏ်းကို မှီခိုရဦးမည် ဖြစ်သည်။

အကယ်၍ ရှီလင်းယု၏ အတွေးကို သိခဲ့လျှင် ရှီလင်းယုသည် မိုဝူကျီ ထွက်သွားမှုအပေါ် အဘယ်ကြောင့် နောင်တရနေကြောင်း နားလည်ဖို့ ခက်ခဲမည် မဟုတ်ချေ။

သူက ဂိုဏ်းအတွက် ဆေးလုံးဘုရင် တစ်ပိုင်းတစ်ယောက်၏ တန်ဖိုးကို ကောင်းကောင်း သိထားသည်။

ထို့အပြင် မိုဝူကျီ၏ ဆိုးရွားလှသော ကျင့်ကြံရေး ပါရမီဖြင့် ထိန်းချုပ်နိုင်ပေလိမ့်မည်။ ဤသို့သောလူက ရှာတွေ့ဖို့ရာ ရှားပါးလှ၏။ သို့သော် ယခုတွင် သူ့နှာဖျားလေးမှ လွတ်မြောက်သွားလေ၏။

ထို့ကြောင့် သူက ထိုလူအားလုံးကို သတ်ပစ်လိုက်ခြင်းလည်း ဖြစ်ပေသည်။ ဤကိစ္စ၌ တာဝန်ရှိသူမှာ ကျင့်ဝေနှင့် ရင်းနှီးသည့် လောကနတ်ဘုရား တစ်ယောက် ဖြစ်နေ၍ ဖြစ်သည်။ မိုဝူကျီ ထွက်သွားသည့် သတင်းမှာ ထိုလောကနတ်ဘုရားဆီ ရောက်ရှိနေသည်မှာ ကြာမြင့်နေပြီ ဖြစ်၏။ ထိုဖြစ်စဉ်အရ ထိုအကြီးအကဲသည် ချက်ချင်း သူ့အား သတင်းပို့သင့်ပေသည်။

ထိုအကြီးအကဲက သူ့ဆီ သတင်းမပို့ရုံတင် မက ကျင့်ဝေဆီကို အကြောင်းကြားပေးခဲ့၏။ ထို့ကြောင့် မိုဝူကျီက ကျင့်ဝေကို များများစားစား ဂရုမစိုက်သော်လည်း ကျင့်ဝေက ဒေါသကို ချိုးနှိမ်ကာ မိုဝူကျီနှင့် ရင်းနှီးစေဖို့ရာ ကြိုးစားခဲ့သည်။ ကျင့်ဝေက

နတ်ဆေးလုံးဘုရင် တစ်ပိုင်း တစ်ယောက်၏ အကျိုးကျေးဇူးကို သေချာသိထားပေသည်။

ရှီလင်းယုက ခေါင်းကိုသာ ခါလိုက်သည်။ အားလုံးအတွက် ကောင်းကွက်၊ ဆိုးကွက် ဒွန်တွဲနေသည် မဟုတ်ပါလော။ သူက ထိုအဖျက်ကောင်များကို တိုက်ခိုက်စဥ်အခါ ထိုအဖျက်ကောင်များသည် ဂိုဏ်းအပေါ် မည်သို့ သက်ရောက်နိုင်ကြောင်းကိုပါ ထည့်တွက်ခဲ့သည်။

အချိန်အတော်ကြာ ထိုင်နေပြီးနောက် ရှီလင်းယုက သက်ပြင်းချလိုက်တော့သည်။ ထို့နောက် မိုဝူကျို ပေးခဲ့သည့် နှင်းစက်စိမ်းဆန် အိတ်ကိုသာ ထုတ်ယူလိုက်သည်။

မိုဝူကျိုအား သဘောကျသည့်တစ်ချက် ရှိပေသည်။ မိုဝူကျို ထွက်မသွားခင် သူက လက်ဆောင် ချန်ထားပေးဖို့ရာ မမေ့မနေပေ။

ထိုနှင်းစက်စိမ်းဆန် အိတ်လေးက စုစုပေါင်း နှစ်ဆယ်ကာတီ အလေးချိန် ရှိ၏။ ဖွင့်ပြီးသည့်နောက်တွင် ရွှေရောင် နှင်းစက်စိမ်းဆန်များက သူ့ရှေ့ ပေါ်လာသည်။ ဆန်ရနံ့ သင်းသင်းလေးက သူ့စိတ်နှလုံးသားကို ကြည်နူးသွားစေ၏။

နှင်းစက်စိမ်းဆန်ကို လက်တစ်ဆုပ်ယူလိုက်ပြီးနောက် ရှီလင်းယု၏ စိတ်အခြေအနေမှာ သိသိသာသာ တိုးတက်လာသည်။

ရုတ်ချည်းဆိုသလို အနက်ရောင်အိတ်လေးကို တွေ့လိုက်ရသည်။ ရှီလင်းယုက အိတ်လေးကို ဆွဲ၍ ဖွင့်ကြည့်လိုက်သည့်အခါ ထိုအိတ်လေးအတွင်း နှင်းစက်စိမ်းဆန်များနှင့်သာ ပြည့်နေသည်။ သို့သော်လည်း ဆန်မှာ ရွှေရောင်သကော်တမျှသာ မဟုတ်တော့ဘဲ ရွှေရောင်အပြည့် ဖြစ်နေ၏။ ရနံ့လေးမှာလည်း ပို၍ ထင်ရှားလာကာ သက်တောင့်သက်သာ ဖြစ်လာစေသည်။ ရှီလင်းယုပင်  အံ့ဩတကြီး  ပါးစပ်ဟောင်းလောင်း ဖြစ်မိသွားတော့သည်။

သူက နတ်ဘုရားဘုရင် ဖြစ်နေသော်လည်း ဤသို့သန့်စင်လှသည့် နှင်းစက်စိမ်းဆန်ကို မမြင်ဖူးပေ။

တစ်ချိန်တည်းဆိုသလို နတ်ဘုရားဘုရင်အနေနှင့် သူ့လက်တွင် ရှိနေသောအရာကို ရှင်းရှင်းလင်းလင်း သိလိုက်သည်။ ဤသည်မှာ အဆင့်မြင့် နှင်းစက်စိမ်းဆန် မဟုတ်ဘဲ ထိပ်တန်းအဆင့် ဖြစ်နေ၏။

ဤအိတ်လေးမှာ နှစ်ကာတီ ပါရှိ၏။

ရှီလင်းယုက မတ်တတ်ထရပ်လိုက်သည်။ သူ့ဦးခေါင်းခွံ တစ်ခုလုံး ထုံထိုင်းသွားသလို ခံစားလိုက်မိ၏။ အကယ်၍ သူက မိုဂူကျိသာ ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်ကြောင်း သိထားလျှင် မိုးကောင်းကင်ဂိုဏ်းကိုပင် အတိုက်အခံပြုပြီး မိုဂူကျိအား လက်လွှတ်ပေးမည် မဟုတ်ပေ။

## အခန်း (၉၆၅) : အကြွင်းမဲ့ ကုထုံး ဆေးခန်း

ခရီးက အခက်အခဲမရှိ ချောချောမွေ့မွေ့ ရွက်လွှင့်လာသည်။ လေးလတာကြာမြင့်ပြီးနောက် ယွီလော၊ ချီခွန်းတို့နှင့်အတူ ရုပ်ဖျက်ထားသည့် မျက်နှာဝါ မိုဂူကျိတို့က မိုးကောင်းကင်မြို့သို့ ရောက်ရှိလာကြသည်။

မိုးကောင်းကင်မြို့က မိုးကောင်းကင်ဂိုဏ်းကို အစွဲပြု၍ အမည်တွင်လာခြင်း ဖြစ်၏။ နတ်ဘုရားမြေနိမ့်ရှိ ဂိုဏ်းများနှင့် ယှဉ်ကြည့်သည့်အခါ မိုးကောင်းကင်ဂိုဏ်းသည် အလွန်ကြီးမားသော တည်ရှိမှုမျိုး ဖြစ်နေသည်။ သို့သော်လည်း နတ်ဘုရားကုန်းမြေ၏ နတ်ဘုရားမြေမြင့်အတွင်း

မိုးကောင်းကင်ဂိုဏ်းသည် သာမာန်ဂိုဏ်းမျှသာ ဖြစ်နေပြီး ထိပ်ဆုံးနှင့် ဝေးကွာလွန်းနေသေး၏။

ခမ်းနားအကြီးကျယ်ဆုံးဂိုဏ်း မဟုတ်သော်လည်း မိုးကောင်းကင်ဂိုဏ်း တည်ရှိမှုသည် မိုးကောင်းကင်မြို့အား ထိပ်တန်းအဆင့် နတ်ဘုရား မြို့ ဖြစ်သွားစေသည်။

မိုးကောင်းကင်ဂိုဏ်းရှိ တပည့်များ သန်းချီရှိနေသည့် အကြောင်းကို ထည့်ပြောဖို့ မလိုသေးပေ။ မိုးကောင်းကင်တောင်ဝန်းကျင်၌ အခွင့်အရေး လာရှာကြသော တောက်တိုမည်ရ အလုပ်သမားများနှင့် ကုန်သည်အိမ်တော်များ၊ နယ်လှည့်ကျင့်ကြံသူများနှင့်ပင် မိုးကောင်းကင်မြို့၏ လူဦးရေမှာ သန်း ဆယ်ချီရှိလာသည်။

မြို့ဝင်ပေါက် လမ်းကြောင်းအား ခမ်းခမ်းနားနား တည်ဆောက်ထားလေ၏။ လမ်းမကြီးက ကျယ်ဝန်းရုံသာမက အစီအစဉ်တကျလည်း ရှိလာသည်။

“ တော်တော်လေး စည်ကားတဲ့ မြို့ပဲ ” မိုဝူကျိုက မြို့ထဲ ဝင်လိုက်သည်နှင့် မနေနိုင်ဘဲ ပြောလိုက်မိတော့သည်။

ချီခွန်းက ရယ်မောလိုက်သည်။ သူက စကားပြောတော့မည့်ဆဲဆဲတွင် သူ့လက်ကောက်ဝတ်ရှိ

ဆက်သွယ်ရေး ပုတီးစေ့က လင်းလက်လာသည်။ ချီခွန်းက စိတ်စွမ်းအား ပို့လွှတ်လိုက်သည့်အခါ သူ့မျက်နှာမှာ အလေးအနက် ပြောင်းလဲသွားလေ၏။

“ ဘာတွေ ဖြစ်နေတာလဲ ” ယွီလောက ချီခွန်း အမူအယာကို သတိပြုမိပြီး သူမက မေးခွန်းထုတ်လိုက်သည်။

မျှော်လင့်ထားသည်နှင့် ကွဲလွဲစွာ ချီခွန်းက ယွီလော၏ စကားကို ပြန်မဖြေပေ။ ထို့အစား သူက မိုဝူကျိဘက် လှည့်ကာ “ ဆေးလုံးဆရာမို အရင်ဆုံး မိုးကောင်းကင်မြို့မှာ နေလိုက်ပါ့လား။ ဂျူနီယာညီမ ယွီနဲ့ ကျုပ်က အလောတကြီး ကိစ္စလေး ပေါ်လာလို့ …. ကျုပ်တို့ကိစ္စ ပြီးသွားတာနဲ့ ဆေးဆိုင်ဖွင့်ဖို့ လာကူပေးပါ့မယ် ”

မိုဝူကျိက မြန်မြန် ပြောလိုက်သည် “ တာအိုရောင်းရင်း ချီ … တာအိုရောင်းရင်း ယွီ … ဂိုဏ်းကို မြန်မြန် ပြန်လိုက်ပါ။ ဆေးဆိုင်နဲ့ ပတ်သတ်ပြီးတော့ ကျုပ်ဘာသာ ဖြေရှင်းနိုင်ပါတယ်။ ခင်ဗျားတို့ ကိစ္စပြီးတော့မှ ကျုပ် ဆေးဆိုင်ကို လာတွေ့လို့ ရပါတယ်ဗျာ …. ခင်ဗျားတို့နှစ်ယောက် ကျုပ်ဆိုင်ကို သေချာပေါက် ရှာတွေ့မှာပါ ”

“ ဟုတ်ပါပြီ မကြာခင် ပြန်တွေ့ကြတာပေါ့။ တကယ်လို့ တစ်ခုခု ဖြစ်ခဲ့ရင် ဒီကျောက်စိမ်းပြားကို သုံးလိုက် ” ချီခွန်းက ကျောက်စိမ်းပြားကို ထုတ်ပေးလိုက်ပြီး မိုဝူကျိ လက်ထဲ

ထည့်ပေးလိုက်သည်။ ထို့နောက် သူက ယွိလောနှင့် စိုးရိမ်တကြီး ထွက်သွားတော့သည်။

မိုဝူကျိက ချီခွန်း မြန်မြန် ထွက်သွားရသည့် ကိစ္စကို မသိပေ။ သူက လက်ထဲမှ ကျောက်စိမ်းပြားကို ကြည့်လိုက်သည့်အခါ မိုးကောင်းကင်ဂိုဏ်း ကင်းထောက် ဟု ရေးသားထား၏။

မိုဝူကျိက ကျောက်စိမ်းပြားကို သိုလှောင်လက်စွပ်အတွင်းသာ ထည့်ထားလိုက်ပြီး ရှီုက်ကောကို ပုတ်ကာ ပြောလိုက်သည် “ လာလာ … ငါတို့တွေ ဆိုင်သွားရှာကြစို့ ”

အင်မော်တယ်လောကတွင် ဖြစ်စေ၊ ကျင့်ကြံရေး လောကတွင် ဖြစ်စေ ရှီုက်ကောက အာရုံဖမ်းစားနိုင်လွန်းသည်။ သို့သော်လည်း နတ်ဘုရားကုန်းမြေ၌ ထိုမျှ သိသာမနေတော့ပေ။ မိုးကောင်းကင်မြို့၌ သားရဲများနှင့်အတူ လျှောက်လှမ်းသွားနေသည့် တခြားသော ကျင့်ကြံသူများလည်း ရှိနေတတ်သည်။ တချို့က သူတို့သားရဲများကို စီးနင်းနေကြသေး၏။

မိုးကောင်းကင်မြို့အတွင်းရှိ လူအများစုမှာ ကနဦး နတ်ဘုရားနှင့် ကောင်းကင်နတ်ဘုရားများ ဖြစ်ကြသည်။ ထိုသို့ဆိုလျှင်ပင်

မိုဝူကျိုက နတ်ဘုရား အုပ်စိုးသူများစွာနှင့် လောကနတ်ဘုရားတချို့လည်း မြင်လိုက်ရသေး၏။

နတ်ဘုရားနယ်မြေနှင့် ယှဉ်ကြည့်သည့်အခါ နတ်ဘုရားကုန်းမြေ၏ အင်အားမှာ ပို၍ ကြီးမားဟန် ပေါ်သည်။

မိုဝူကျိုက နတ်ဘုရားနယ်မြေ၌ မြို့များစွာကို ရောက်ဖူးခဲ့သည်။ သို့သော်လည်း မိုးကောင်းကင်မြို့လောက် နတ်ဘုရား အုပ်စိုးသူနှင့် လောကနတ်ဘုရားများစွာကိုတော့ မမြင်ဖူးခဲ့ချေ။

မြို့ကို တစ်ဝက်လောက် ပတ်ပြီးနောက် မိုဝူကျိုက မိုးကောင်းကင်မြို့ရှိ ဆိုင်တန်ဖိုးအကြောင်း ပို၍ နားလည်လာသည်။

ချီခွန်း၏ အကူအညီ မပါရှိဘဲ မိုးကောင်းကင်မြို့၌ ဆိုင် လက်ဝယ်ပိုင်ဆိုင်ဖို့ရာ မရိုးရှင်းလှပေ။ ထိုမျှတင် မကသေးဘဲ ဆိုင်စျေးနှုန်းမှာလည်း အင်မတန် မြင့်မားပေသည်။ အကယ်၍ သူက မိုးကောင်းကင်ငယ်ရွာ၌ ဆေးလုံး မရောင်းချခဲ့လျှင် ဤနေရာ၌ ဆိုင်ဝယ်ဖို့ရာ တတ်နိုင်မည် မဟုတ်ပေ။

ဘေးဝန်းကျင် လိုက်လံ မေးမြန်းပြီးနောက် မိုဝူကျိုက ဆိုင်ဝယ်ရန် မတတ်နိုင်ကြောင်း သိသွား၏။ ဆိုင် ဝယ်ဖို့ အချိန်ကာလတစ်ခုကို စောင့်လျှင်စောင့် သို့မဟုတ် လူသူကင်းမဲ့ကာ ချောင်ကျသည့်

ဆိုင်မျိုးကို ရှာဖို့ လိုအပ်ပေသည်။ မိုဝူကျိုက မိုးကောင်းကင်မြို့၌ ဆိုင်ဖွင့်လိုသည်က ကျင့်ကြံရေး အရင်းအမြစ်များ ရရှိရန် ဖြစ်၏။ သူက ထောင့်တစ်နေရာ၌ ဆိုင်ဖွင့်ဖို့ရာ မရွေးချယ်နိုင်ပေ။

“ သခင်ကြီး ဆိုင်ကို ဌားဖွင့်ရင်ရော ...” မိုဝူကျိုနောက် နေ့ဝက်တာ လိုက်ပြီးနောက် ရှို့ကျက်ကောက အကြံပြုလိုက်တော့သည်။

“ ငါ မလုပ်ချင်ဘူးလို့များ ထင်နေတာလား .... ဘယ်နေရာမှာ ရှိလို့လဲကွာ ” မိုဝူကျိုက ရုတ်ချည်း ရပ်တန့်လိုက်သည်။ သူက ဌားရမ်းဖို့ရာ အလိုရှိကြောင်း ကပ်ထားသည့် ဆိုင်ကို တွေ့လိုက်မိသည်။ ရှို့ကျက်ကောသည်လည်း မြင်တွေ့ပြီးသည်မှာ သေချာလှသည်။

“ အထဲဝင်ပြီး ကြည့်ကြစို့ ” မိုဝူကျိုက တံ့ဆိုင်းမနေဘဲ လမ်းကို ဖြတ်ပြီး ဆိုင်ဆီ ဦးတည်လိုက်သည်။

တကယ်တော့ ဆိုင်ကို ဌားရမ်းခြင်းက မိုဝူကျိုအတွက် ပို၍ သင့်တော်ပေသည်။ သူက မိုးကောင်းကင်ဂိုဏ်းကို ဝင်ရန် ဆန္ဒမရှိသလို မိုးကောင်းကင်မြို့၌လည်း ကြာကြာနေမည် မဟုတ်ပေ။

ဤဆိုင်၏ အနေအထားအမှာ မဆိုးလှပေ။ စည်ကားလှသည့် လမ်းဆုံပေါ်တွင် တည်ရှိပေသည်။

မိုဝူကျိအား အနည်းငယ် အံ့သြသွားစေသည်က ဌားရမ်းမည့် ဆိုင်မှာ ဆေးဆိုင် ဖြစ်နေခြင်း ဖြစ်၏။ ထို့အပြင် နာမည်မှာ အတော်လေး ထူးဆန်းလှပေသည်။

**" အကြွင်းမဲ့ ကုထုံး ဆေးခန်း"**

သူ ကျင့်ကြံရေးလောကသို့ ရောက်လာစဉ်ကတည်းမှ စ၍ မိုဝူကျိက ဆေးခန်းများကို သိပ်မတွေ့မိပေ။ သို့သော်လည်း မိုဝူကျိအနေနှင့် လူတစ်ယောက်၏ ကျင့်ကြံဆင့်က မည်မျှ မြင့်နေစေကာမူ ဖျားနာမှု ရှိနိုင်သေးကြောင်း သိထား၏။ ထို့ကြောင့် ဆေးလုံးဆရာများအပြင် သမားတော်များလည်း ရှိပေသည်။

သို့သော်လည်း ဆေးလုံးဆရာများက သမားတော်များထက် ပို၍ လူသိများပေသည်။ အင်မော်တယ်လောကတွင် ရှိစဉ်အခါက ဆေးလုံးကေရာဇ်များစွာ၏ နာမည်ကို ကြားခဲ့ရသော်လည်း လင်းဂူ ပြောဖူးသည့် အတော်ဆုံး သမားတော်ဆယ်ပါးအကြောင်းကိုတော့ မကြားခဲ့ရပေ။

အကြောင်းမှာ ကျင့်ကြံသူများနှင့် သက်ဆိုင်သည့် ဖျားနာမှုမှာ ကျင့်ကြံရေးနှင့် ပတ်သတ်နေ၍ ဖြစ်သည်။ အကယ်၍ ထိုပြဿနာကို သူတို့ဘာသာ မဖြေရှင်းနိုင်လျှင် အကောင်းဆုံး သမားတော်ပင် ဝင်ဖြေရှင်းပေးနိုင်မည် မဟုတ်ပေ။ အင်မော်တယ် ကေရာဇ် လွန်ချိုက်၏ ကိုယ်လုပ်တော်က နမူနာတစ်ခု ဖြစ်ပေသည်။

နောက်ထပ် နမူနာတစ်ခုမှာ လင်းဂူ၏ မိခင် ဖြစ်သည်။ သူ့ကြောင့်သာ မဟုတ်လျှင် သူမအနေနှင့် ပြန်လည် ကောင်းမွန်လာမည် မဟုတ်လောက်ပေ။

ထို့အပြင် သူက ကူညီပေးနိုင်သည့် အကြောင်းအရင်းမှာ သူ့အသက်ခါတ် လမ်းကြောင်းနှင့် အဆိပ်ဖြေ လမ်းကြောင်းကြောင့် ဖြစ်၏။ ဆေးဝါး နည်းစနစ်များ၌ ကျွမ်းကျင်နေ၍ မဟုတ်ပေ။

“ သခင်ကြီး … ဒီနေရာက အတော်လေး စည်ကားပေမဲ့ အခုထိ ဌားမထွက်သေးဘူးဆိုတော့ ပြဿနာများ ရှိနေတာလား ” ရှိုက်ကောက အတွေ့အကြုံ ကြွယ်ဝနေပြီ ဖြစ်၏။ ကိစ္စများ မပြုလုပ်ခင် အရင်ဦးစွာ စဉ်းစားနေတတ်လေပြီ။

မိုဝူကျိုက ခပ်ယဲ့ယဲ့ ပြုံးကာ “ ပြဿနာ ရှိတာ မရှိတာ ငါတို့တွေ သွားကြည့်တဲ့အခါ သိလိမ့်မယ် ”

သူ့ကျင့်ကြံဆင့်မှာ ကနဦး နတ်ဘုရားအဆင့် ၅ တွင် ရှိသေးသော်လည်း သူက ချီခွန်း၏ အဖိတ်ကြားခံ လူတစ်ယောက် ဖြစ်ပြီး ချီခွန်း ပေးထားသည့် ကျောက်စိမ်းပြားလည်း ရှိပေသည်။ မိုဝူကျိက ကိစ္စတစ်ခုခု ရှိလာလျှင် တစ်ယောက်ယောက်ကို ရန်မစထားသရွေ့ ချီခွန်းက ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ထား၏။

သူက ဆေးခန်းအတွင်းသို့ ဝင်လိုက်သည့်အခါ လူနာ မရှိကြောင်း သိလိုက်ရသည်။ ဆံဖြူ လူအိုကြီးနှင့် မိန်းမငယ်လေးတစ်ဦးသာ ရှိနေ၏။ မိုဝူကျိ၏ အမြင်အရ မိန်းမငယ်လေးမှာ ယွမ်ဒန်အဆင့်မျှသာ ရှိပေဦးမည်။

သို့သော်လည်း ထိုလူအိုကြီးက မိုဝူကျိအား အံ့အားသင့်သွားစေသည်။ မိုဝူကျိက နတ်ဘုရားဘုရင်အဆင့်အထိ ခွဲခြားနိုင်သော်လည်း ထိုလူအိုကြီးက မိုဝူကျိအား သမုဒ္ဒရာလို ကျယ်ပြန့်သည့် အမြင်မျိုး ပေးစွမ်းကာ ထိုလူအိုကြီး၏ ကျင့်ကြံဆင့်ကို လုံးဝ မမှန်းဆနိုင်ပေ။ ဒုတိယတစ်ခါ ထပ်ကြည့်လိုက်သည့်အခါ ထိုလူအိုကြီးက ကျင့်ကြံဆင့် မရှိသည့်အလား ထင်မှတ်ရပြီး သာမာန် ဖြစ်နေပြန်သည်။

မိုဝူကျိုက ထိုလူအိုကြီးသည် ရိုးရှင်းသည့်လူဟု မယုံပေ။ ရိုးရှင်းသည့် လူတစ်ယောက်က ဤစည်ကားရှုပ်ထွေးလှသည့် မြို့ကြီး၌ မည်သို့ အသက်ရှင်နိုင်မည်နည်း။

မိုဝူကျိုက ထိုလူအိုကြီးကို ဆက်လက် မလေ့လာတော့ဘဲ မိန်းမငယ်လေးကို ကြည့်လိုက်သည်။ မကြာခင် သူက တစ်ခုခု လွဲမှားနေကြောင်း တွေ့ရှိသွားလေ၏။ ထိုမိန်းမငယ်လေးသည် ယွမ်ဒန်အဆင့်တွင် ရှိနေသည်နှင့် တူသော်လည်း လက်တွေ့၌ သူမ ကျင့်ကြံဆင့်မှာ မတည်မငြိမ် ဖြစ်နေပြီး ယွမ်ဒန်အဆင့်မှ အချိန်မရွေး ပြုတ်ကျသွားတော့မည့်ဟန် ပေါ်နေသည်။

နတ်ဘုရားကုန်းမြေ၌ ယွမ်ဒန်အဆင့်ကား ပုရွက်ဆိတ်လေးနှင့် မကွာခြားပေ။ မိုဝူကျိုက ထိုမိန်းကလေးသည် ဖျားနာနေကြောင်း မှန်းဆမိလိုက်၏။ ထိုအကြောင်းအရင်းကြောင့်သာ သူမ ကျင့်ကြံဆင့်က မငြိမ်မသက် ဖြစ်နေရခြင်း ဖြစ်ပေမည်။

သို့သော်လည်း မိုဝူကျိုက ပွင့်ပွင့်လင်းလင်း မမေးပေ။ သူက ထိုဆံဖြူ အဘိုးကြီးရေ့တွင် ပုရွတ်ဆိတ်တစ်ကောင်မျှသာ ဖြစ်ကြောင်း သိထား၏။

“ ဒီကို ဆေးလာကုတာလား ” လူအိုကြီးက မိုဝူကျို ဝင်လာသည်ကို မြင်ပြီး နွေးနွေးထွေးထွေး ပြောလိုက်သည်။

မိုဝ္ဂူကျိုက လက်နှစ်ဖက် ယှက်ကာ “ဒီဂျူနီယာလေးက ဆိုင်ဌားရမ်းနိုင်ကြောင်း တွေ့လို့ စုံစမ်းရအောင် ဝင်လာတာပါ ”

“မင်းက ငါ့ဆေးခန်းကို ဌားချင်တာလား ” ထိုလူအိုကြီး၏ အသံက အနည်းငယ် သံသယ ဝင်နေပြီး မိုဝ္ဂူကျိုအား သံသယဖြင့် ခြုံငုံကြည့်လိုက်သည်။

“ ဟုတ် ... တစ်နှစ်ကို နတ်ဘုရားကျောက် ဘယ်လောက်များ ကျသင့်မလဲဗျ ” မိုဝ္ဂူကျိုက မေးမြန်းကာ စုံစမ်းလိုက်သည်။ ထိုလူအိုကြီး၏ အကြည့်က မသင့်တော်ဟန် မပေါ်သော်လည်း မိုဝ္ဂူကျိုအနေနှင့် မသက်မသာ ဖြစ်မိ၏။

“ တစ်နှစ်ကို အဆင့်မြင့် နတ်ဘုရားကျောက် တစ်သိန်း ” လူအိုကြီးက အကြည့်ကို ရုတ်သိမ်းကာ ပြန်ဖြေလိုက်သည်။

**တစ်နှစ်ကို အဆင့်မြင့် နတ်ဘုရားကျောက် တစ်သိန်းတဲ့လား ...**

မိုဝ္ဂူကျိုက အနည်းငယ် မယုံမကြည် ဖြစ်မိသွားသည်။ ဤဈေးနှုန်းမှာ အလွန် ဈေးမမြင့်ဘဲ အရမ်းဈေးချိုလွန်းနေသည်။ နတ်ဘုရားမြေမြင့်၌ သူ့ယခင် စုံစမ်းမှုများအရ ဤသို့မျိုး နေရာမျိုးကား တစ်နှစ်လျှင် အနည်းဆုံး အဆင့်မြင့် နတ်ဘုရားကျောက် ငါးသိန်းလောက် ကုန်ကျပေသည်။ အကယ်၍

ရောင်းချသည်ဆိုလျှင် ဈေးနှုန်းမှာ အဆင့်မြင့် နတ်ဘုရားကျောက် ဆယ်သန်းနီးပါးအထိ မြင့်တက်သွားသည်။

“ စီနီယာ တခြားသတ်မှတ်ချက်တွေရော ရှိသေးလားဗျ ” မိုဝူကျိုက ဆက်မေးလိုက်သည်။

သူက တစ်နှစ်လျှင် အဆင့်မြင့်နတ်ဘုရားကျောက် တစ်သိန်း ဈေးနှုန်းအား သေချာပေါက် မယုံကြည်နိုင်ပေ။ သို့သော် ဤဆိုင်ကား ယခုအချိန်အထိ ဌားရမ်းမထွက်သေးပေ။

လူအိုကြီးက မိုဝူကျိုကို အသိအမှတ်ပြုဟန်ဖြင့် ခေါင်းညိတ်ပြကာ “ မဆိုးဘူး … ဒီဆိုင်ကို ဌားဖို့ တခြားသတ်မှတ်ချက်တွေ ရှိတယ်။ မင်း ပြောတာ မှန်တယ်။ ငါက သတ်မှတ်ချက် တော်တော်များများ ရှိတယ်။ တကယ်လို့ မင်း ငါ့ဆိုင်ကို ဌားချင်ရင် ဆေးဆိုင် ဒါမှမဟုတ် ဆေးခန်းအဖြစ်ပဲ ဆက်ဖွင့်လုပ်ရမယ်။ ပြီးတော့ အပြင်ဘက်က နာမည်ပြားကို ပြောင်းလို့ မရဘူး။ အပြင်မှာ ချိတ်ဆွဲထားရမယ် ”

မိုဝူကျိုက စိတ်သက်သာရာ သက်ပြင်းချလိုက်တော့သည်။

**အခြေအနေက ဒီလိုကိုး ….**

အကယ်၍ တခြားတစ်ယောက်သာ ဖြစ်နေလျှင် ထိုလူက အရှုံးမဟုတ်သရွေ့ ဤသတ်မှတ်ချက်များအား သဘောတူမည် မဟုတ်ချေ။

မိုးကောင်းကင်မြို့၌ လူများစွာက လူစည်ကားလှသည့် နေရာ၌ အဘယ်ကြောင့် ဋ္ဌားရမ်းလိုသနည်း။ ကျင့်ကြံရေး အရင်းအမြစ်ကြောင့် မဟုတ်ပါလော။ အကယ်၍ ဤဆိုင်ကို ဋ္ဌားရမ်းလိုက်လျှင် နာမည်ကို မပြောင်းလဲနိုင်ရုံသာမက ဆေးခန်း၊ ဆေးဆိုင်အဖြစ်သာ ကျန်ရှိနေရမည် ဖြစ်သည်။

**ဤသည်က ပိုက်ဆံ ဖြုန်းတီးရာ ဖြစ်မနေဘူးလား ....**

"စီနီယာ အဲဒီသတ်မှတ်ချက်တွေအပြင် တခြားသတ်မှတ်ချက်ရောရှိသေးလားဗျ " မိုဝူကျိုက ဆက်မေးလိုက်သည်။

" မင်းက ဆေးခန်း ဖွင့်မှာလား။ မင်းက ငါ့လိုမျိုး ကရုဏာကြီးမားတဲ့သူ လုပ်ပြီးတော့ ရောဂါ ခံစားနေရတဲ့ သက်ရှိတွေကို ကယ်တင်ပေးချင်တာလား " လူအိုကြီးက မိုဝူကျို မေးခွန်းကို မဖြေဘဲ မေးခွန်းဖြင့်သာ တုံ့ပြန်လိုက်သည်။ သူ့သတ်မှတ်ချက်များကို ကြားပြီး မထွက်သွားသည့် ပထမဆုံးလူကို တွေ့ဖူးခြင်း ဖြစ်၏။

မိုဝူကျိက သနားဖွယ် ပြောလိုက်သည် “ ကျုပ်က ဆေးခန်း ဖွင့်ချင်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ စီနီယာ လိုအပ်ချက်က ဆိုင်က ဆေးခန်း ဖြစ်ရမယ်ဆိုရင်တော့ ဒီဂျူနီယာလေးက ဆေးခန်း ဖွင့်ပါ့မယ် ”

မိုဝူကျိက ဆေးခန်း မဖွင့်လိုသည်မှာ ပုံမှန်သာ ဖြစ်၏။ လူအိုကြီးက တခြားသတ်မှတ်ချက် မရှိသရွေ့ သူ့အနေနှင့် နာမည်ဆိုင်းဘုတ်ကို ဆက်လက် ချိတ်ဆွဲထားပြီး ဆေးလုံးရောင်းချရောင်း ပြသထားသည့် ဒုတိယဆိုင်းဘုတ် ထပ်မံ ချိတ်ဆွဲမည် ဖြစ်၏။ ဤသည်မှာ လူအိုကြီး၏ သတ်မှတ်ချက်များကို ဖောက်ဖျက်နေခြင်း မဟုတ်ချေ။ အကယ်၍ လူအိုကြီးက တခြားဆိုင်းဘုတ်များ မချိတ်ဆွဲနိုင်ကြောင်း ပြောလာလျှင် သူ့အနေနှင့် လှည့်ထွက်သွားရုံသာ ကျန်ရှိတော့သည်။

ဤလူအိုကြီးက ရယ်မောကာ “ မဆိုးဘူး … ငါ့ဆီမှာ တခြားသတ်မှတ်ချက် မရှိတော့ဘူး။ မင်းက ငါ့သတ်မှတ်ချက်တွေကို သဘောတူတာနဲ့ ငါတို့တွေ သဘောတူစာချုပ် ချုပ်ဆိုလို့ ရပြီ။ ငါတို့တွေ နှစ်စဉ် အသစ်ပြန်ပြီး စာချုပ် ချုပ်ကြမယ် ”

ထိုသို့ပြောပြီးနောက် လူအိုကြီးက ကျောက်စိမ်းပြား နှစ်ပြားထုတ်ကာ မိုဝူကျိ ရှေ့ ချလိုက်သည်။

မိုဝူကျိုက ကျောက်စိမ်းပြားကို စစ်ဆေးကြည့်လိုက်၏။ ကျောက်စိမ်းပြားပေါ်တွင် တခြားသော သတ်မှတ်ချက်များ မရှိကြောင်း တွေ့လိုက်ရသည်။ မိုဝူကျိုက စိတ်သက်သာရာ ရသွားပြီး ကျောက်စိမ်းပြားပေါ်၌ စိတ်ဝိညာဉ် အမှတ်အသား ချလိုက်သည်။ ထို့နောက် သူက တစ်ခုကို သိမ်းထားပြီး နောက်တစ်ခုကို လူအိုကြီးဆီ ပေးလိုက်သည်။ ထို့နောက် သူက အဆင့်မြင့် နတ်ဘုရားကျောက် တစ်သိန်း ထုတ်ကာ လူအိုကြီးထံ ပေးလိုက်လေ၏။

“ မင်းမှာ အလားအလာ ရှိတယ်။ မင်း ကံကောင်းပါစေ .... ပြီးတော့ ဆိုင်ထဲက ပစ္စည်းတွေကလည်း မင်း အပိုင်ပဲ ” လူအိုကြီးက သဘောတူ ကျောက်စိမ်းပြားကို သိမ်းကာ မိန်းကလေးကို သယ်ဆောင်ရင်း အစအန မကျန်ရှိအောင် ပျောက်ကွယ်သွားတော့သည်။

“ သခင်ကြီး တစ်ခုခုတော့ လွဲနေသလိုပဲ ” ရှိုက်ကောက သံသယဖြင့် ဝင်ပြောလိုက်သည်။

ရှိုက်ကောကို ပြောနေဖို့ မလိုပေ။ မိုဝူကျိုလည်း တစ်ခုခု လွဲမှားနေကြောင်း ခံစားမိနေ၏။

## အခန်း (၉၆၆) : စည်းမျဉ်းများကို ပြောင်းလဲခြင်း

“ အများဆုံး ငါ အဲဒီ နတ်ဘုရားကျောက်တွေကိုပဲ ဆုံးရှုံးလိုက်ရမှာလေ ” မိုဝူကျိက ထိုသို့ပြောပြီးနောက် ရှိုက်ကောထံ ဆိုင်းဘုတ်တချို့ ပေးကာ “ ရှိုက်ကော ... ဒီဆိုင်းဘုတ်တွေကို အပြင်မှာ ချိတ်ထားလိုက်။ အကြွင်းမဲ့ ကုထုံး ဆေးခန်းဆိုတာကို မဖြုတ်ရင် ရပြီ ”

အမွေးတိုင် တစ်ဝက်စာကြာပြီးနောက် အကြွင်းမဲ့ ကုထုံး ဆေးခန်း အပြင်ပိုင်းမှာ လုံးဝ ပြောင်းလဲသွားတော့သည်။

အထင်ရှားဆုံးအရာမှာ ဆိုင်းဘုတ် ဖြစ်ပြီး ဖင်းဖန် ဆေးလုံး - ပန်းပဲဆိုင်ဟု ပါရှိသည်။ ထိုဆိုင်းဘုတ်အောက်တွင် ဆိုင်၏ ဝန်ဆောင်မှုအမျိုးမျိုးကို မိတ်ဆက်ထား၏။ ဆေးလုံး ဖော်စပ်ပေးခြင်း၊ နတ်ဆေးလုံး ရောင်းချခြင်း၊ နတ်ဆေးပင် ဝယ်ယူခြင်း၊ ပစ္စည်းများ ထုလုပ်ခြင်း ... အစရှိသဖြင့် ပါဝင်ပေသည်။

ညာဘက် အောက်ခြေ၌ “ အကြွင်းမဲ့ ကုထုံး ဆေးခန်း” ဟု နာမည်သုံးလုံးသာ ရှိသော ဆိုင်းဘုတ်လည်း ရှိနေသည်။ မိုဝူကျိက အခြေအနေကို လိုက်နာထားပြီး ထိုအကြွင်းမဲ့ ကုထုံး ဆေးခန်း

ဆိုင်းဘုတ်အား မဖယ်ပစ်ပေ။ ဤနေရာက ယခင်နှင့် လုံးဝ ကွဲပြားသွားခြင်းသာ ဖြစ်၏။

……………

ချီခွန်းနှင့် ယွီလောတို့ ဂိုဏ်းခန်းမဆီ ရောက်လာသည့်အချိန် လူများစွာ ရှိနှင့်နေပြီးသား ဖြစ်၏။ မိုးကောင်းကင်ဂိုဏ်း၏ ဂိုဏ်းချုပ် ရှင်းဝမ် သာမက တောင်သခင်များနှင့် အကြီးအကဲများလည်း ရောက်ရှိနေကြလေပြီ။

ထိုကျင့်ကြံသူများအားလုံးက အရေးကြီးသည့် အခမ်းအနားအတွင်းသာ စုစည်းကြလေ့ ရှိကြသည်။

“ ဂိုဏ်းချုပ် … တောင်သခင်များနဲ့ အကြီးအကဲများကို ဂါရဝပြုပါတယ် ” ဤနေရာတွင် ချီခွန်း၏ ကျင့်ကြံဆင့်မှာ အားအနည်းဆုံး ဖြစ်ရုံသာမက သူ့အဆင့်အတန်းသည်လည်း အနိမ့်ဆုံး ဖြစ်နေသည်။ အကယ်၍ သူသာ သီးသန့်တာဝန်၌ မပါဝင်ခဲ့ရလျှင် ဤနေရာ၌ ရှိနေခွင့်ပင် မရှိချေ။

ယွီလောလည်း လေးလေးစားစား ဦးညွတ်လိုက်လေ၏။ သူမက လေးစားပြသော်လည်း ချီခွန်းလောက် ကြောက်လန့်နေခြင်း မရှိပေ။

ဂိုဏ်းချုပ် ရှင်းဝမ်၏ ခက်ထန်ထန် မျက်နှာက ချီခွန်းနှင့် ယွီလောတို့ဘက် ရောက်လာသည့်အခါ အနည်းငယ် ပြေလျော့သွားပြီး “ ချီခွန်း မင်းလည်း ခရီးအကြာကြီး ထွက်ခဲ့ရတော့ ပင်ပန်းနေလောက်ပြီ။ အရင်ဆုံး ထိုင်ပြီး ပြောကြတာပေါ့။ လောအာက ငါ့ဘေးနား လာထိုင်လေ ”

“ ဟုတ်ကဲ့ ”ယွီလောက နာနာခံခံ တုံ့ပြန်လိုက်ပြီး ရှင်းဝမ်ဘေးနား ဝင်ထိုင်လိုက်သည်။

တစ်ဖက်တွင် ချီခွန်းက မထိုင်ဘဲ လေးလေးစားစား ပြောလိုက်သည် “ ဒီတပည့်လေးရဲ့ ခရီးက အောင်မြင်ခဲ့တဲ့အတွက် ပင်ပန်းတယ်လို့ မယူဆပါဘူး ”

ရှင်းဝမ်က ချီခွန်းအား ထပ်ထိုင်ဖို့ရာ မပြောပေ။ သူက အလေးအနက် အမူအယာဖြင့် “ မင်း နှင်းစက်စိမ်းဆန် ပညာရှင်ကို တွေ့လာပြီလား ”

ချီခွန်းက ကျောက်စိမ်းပန်းကန်လုံးလေးကို ယုံကြည်ချက်ရှိရှိ ထုတ်လိုက်သည်။ သူ့ လက်တစ်ချက် အဝှေ့ဖြင့် ပန်းကန်လုံးလေးက ရွှေရောင်သကော်တများ ရှိနေသည့် နှင်းစက်စိမ်းဆန်များနှင့် ပြည့်နှက်သွားသည်။

သူက ပန်းကန်လုံးကို ဂိုဏ်းချုပ် ရှင်းဝမ်ဆီ ပေးလိုက်ပြီး စိတ်အားတက်ကြွစွာ ပြောလိုက်သည် “ ဒီတပည့်လေးက နှင်းစက်စိမ်းဆန် စိုက်ပျိုးတဲ့နေရာမှာ ဆရာတစ်ဆူ ဖြစ်တဲ့ ပညာရှင်ကို ရှာတွေ့ခဲ့ပါတယ်။ ဒါက သူ စိုက်ပျိုးထားတဲ့ ဆန်ပါ။ အဆင့်မြင့် နှင်းစက်စိမ်းဆန်ကြားမှာတောင် အကောင်းဆုံးဆိုတာ သေချာပါတယ်။ ဂိုဏ်းချုပ် တစ်ချက် ကြည့်ပါဦး ”

အဆင့်မြင့် နှင်းစက်စိမ်းဆန်၏ ရနံ့သင်းသင်းလေးက ခန်းမတစ်လျှောက် ပျံ့နှံ့သွားသည်။ ခန်းမအတွင်းရှိ လူတိုင်းက သက်တောင့်သက်သာ ဖြစ်သွားသလို ခံစားလိုက်မိကြ၏။

“ ဒါက တကယ့်ကို အဆင့်မြင့် နှင်းစက်စိမ်းဆန်တွေပဲ ” အကြီးအကဲ တစ်ဦးက ရေရွတ်လိုက်လေ၏။

ရှင်းဝမ်က နှင်းစက်စိမ်း ဆန်စပါးခွံ့အား ခွာလိုက်သည့်အခါ ပြီးပြည့်စုံသည့် ဆန်စေ့လေး ထွက်ပေါ်လာလေ၏။ သူက ထောက်ခံသည့်အနေနှင့် ခေါင်းညိတ်ကာ “ ဒါက တကယ့်ကို အဆင့်မြင့် နှင်းစက်စိမ်းဆန်ပဲ။ ချီခွန်း ပြောတာ မှန်တယ်။ ဒါကို စိုက်ပျိုးတဲ့သူက သေချာပေါက် ပညာရှင်ပဲ ”

“ ချီခွန်း … အဲလူရဲ့ ကျင့်ကြံဆင့်ကရော ဘယ်လိုလဲ ” ရှင်းဝမ် စကားအဆုံးတွင် သူ့လက်ဝဲဘက်ရှိ အကြီးအကဲ တစ်ဦးက စိတ်ပူပင်စွာ မေးလိုက်လေ၏။

ချီခွန်းက အံ့အားသင့်သွားမိသည်။

**ဘာလို့များ ဒီအကြီးအကဲက ဆန်စိုက်ပျိုးတဲ့ သူရဲ့ ကျင့်ကြံဆင့်ကို မေးနေရတာလဲ ....**

ဆန်စိုက်ပျိုးခြင်းနှင့် လုံးဝ မသက်ဆိုင်ပေ။ မေးမြန်းလိုက်သူမှာ လက်ဝဲ မိုးကောင်းကင်တောင်သခင် လောင်ယွီ ဖြစ်နေသောကြောင့် ချီခွန်းက လေးလေးစားစား ပြန်ဖြေပေးလိုက်သည် “ သူ့ဝိညာဉ်ကြောတွေက အတော်လေး ဆိုးရွားတယ်ဆိုတော့ သူ့ကျင့်ကြံဆင့်ကလည်း အားနည်းတယ်။ သူ့စွမ်းဆောင်ရည်က သာမာန်အဆင့်လောက်ပဲ ရှိတယ်ဆိုပေမဲ့ နောက်ထပ် ထူးချွန်တာ တစ်ခုက သူက အဆင့် ၄ နတ်ဆေးဆရာတစ်ယောက်ပါ ”

ချီခွန်းက စကားပြောခြင်းကို ရပ်တန့်လိုက်သည့်အခါ လေထုမှာ နည်းနည်း လွဲမှားနေကြောင်း သတိထားလိုက်မိ၏။

**သူက လူမှားလာတာများလား ....**

ရှင်းဝမ်က သက်ပြင်းချကာ ချီခွန်းအား ပြောလိုက်၏ “ အရင်ဆုံး ထိုင်လိုက်ပါဦး။ အကြီးအကဲ ရန်ဖေးက မင်းကို ရှင်းပြပေးလိမ့်မယ် ”

“ ဟုတ်ကဲ့ ” ချီခွန်း စိတ်ထဲ တွေဝေမှုများနှင့် ပြည့်နှက်နေကာ အဝေးဆုံး ထောင့်တစ်နေရာ၌ ထိုင်လိုက်၏။

အကြီးအကဲ ရန်ဖေးက နတ်ဘုရားဘုရင် အဆင့် ၂ ဖြစ်ပြီး ပုတိုတို ပုံစံ ဖြစ်၏။ သူက ချီခွန်းအား ခေါင်းညိတ်ပြကာ “ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ရဲ့ စစ်ဆေးမှုကို သတ်မှတ်လိုက်ပြီ … ”

“ အာ ” ချီခွန်းနှင့် ယွီလောတို့က အံ့အားသင့်မိသွားကြသည်။ သူတို့က စစ်ဆေးမှု အချိန် ကြာမြင့်နေမည်ကို စိုးရိမ်နေမိခဲ့သည်။ ထို့အပြင် မိုဝူကျိက မိုးကောင်းကင်ဂိုဏ်းကို ဝင်ဖို့ သဘောမတူသေးပေ။

ရန်ဖေးက သက်ပြင်းချကာ “ ဒီတစ်ကြိမ် နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်က ဆုလာဘ်တွေကို တိုးမြင့်လိုက်တယ်။ ထိပ်ဆုံး ဆယ်ဂိုဏ်းက နိဗ္ဗာန်ရောက် မြစ်ကို ဝင်ခွင့် ရရုံတင် မကဘူး။ သူတို့က သဟဇာတ နတ်ဘုရားဆီက တာအိုအကြောင်း ဟောပြောပွဲချတာ နားထောင်နိုင်ခွင့်လည်း ရလိမ့်မယ်။ ပြီးတော့ ပြောကြတာကတော့ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ထဲက တာအိုအသီးပင်က တာအိုအသီးတွေက ရင့်မှည့်လာတော့မှာတဲ့ …. ဒီစစ်ဆေးမှု ပြီးသွားရင် နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်က ထိပ်ဆုံး

ငါးဂိုဏ်း ဒါမှမဟုတ် ထိပ်ဆုံး ငါးယောက်ကို တာအိုအသီး ငါးလုံး ပေးလိမ့်မယ် ”

ချီခွန်းက လေအေးများ မှုတ်ထုတ်လိုက်မိသည်။ ဂိုဏ်းက အရမ်းစဉ်းစားနေသည်မှာ မထူးဆန်းတော့ပေ။ ထိုဆုလာဘ်များက အတော်လေးကို ရက်ရောလွန်းလှသည်။ သဟဇာတနတ်ဘုရား၏ ဟောပြောချက် နားထောင်ခွင့်ကို မဆိုထားနှင့် တာအိုအသီးနှင့်ပင် ဂိုဏ်း၏ အားစိုက်ထုတ်မှု ထိုက်တန်နေပြီ ဖြစ်၏။ တာအိုအသီးက နတ်ဘုရားကုန်းမြေအတွင်းမှ ဒဏ္ဍာရီလာ ပစ္စည်းတမျိုး ဖြစ်၏။ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော် အတွင်းရှိ တာအိုအသီးသည် အစစ်အမှန် တာအိုအသီး ဖြစ်သည်။ ကြံ့ရာကျပန်း အသီးအား တာအိုအသီးဟု ခေါ်ဆိုထားခြင်း မဟုတ်ပေ။

အကယ်၍ သူတို့သာ ထိပ်ဆုံး ငါးယောက်အတွင်း ဝင်နိုင်လျှင် ဒဏ္ဍာရီလာ သဟဇာတ နတ်ဘုရားအဆင့်သို့ ဝင်နိုင်ခြေ ရှိနိုင်သည်။

“ သတင်းကောင်းပဲ ” ချီခွန်း၏ မိုဝူကျို၏ စွမ်းဆောင်ရည်အကြောင်း တွေးမိသွားသည်။

**မိုဝူကျို၏ ဆန်နစိုက်ပျိုးနိုင်စွမ်းဖြင့် ပထမနေရာ မရလျှင်ပင် ထိပ်ဆုံး ငါးယောက်ထဲ မဟုတ်သေးဘူး ထိပ်ဆုံး သုံးယောက်ထဲ ပါဖို့ရာ ကိစ္စကြီး မဟုတ်ပေဘူးလား ....**

ရန်ဖေးက သက်ပြင်းချကာ “ တကယ်ကို သတင်းကောင်းပေါ့။ ဒါပေမဲ့ စစ်ဆေးမှု နည်းလမ်းကို ပြောင်းလဲထားတယ်။ အရင်တုန်းက တစ်ယောက်ချင်းစီ ဖြစ်ခဲ့တဲ့ နှင်းစက်စိမ်းဆန် စိုက်ပျိုးရတာက အခု စစ်ဆေးမှုအတွဲလိုက်ထဲ ပါလာတယ်လေ။ တကယ်လို့ တပည့်တွေက သူတို့ရဲ့ ဦးဆုံး စစ်ဆေးမှုတွေမှာ အမှတ်မရရင် သေချာပေါက် ပြုတ်သွားမှာ ... အမှတ်လုံးဝ ရတော့မှာ မဟုတ်ဘူး ”

ချီခွန်းက ရုတ်ချည်း နားမလည်နိုင်အောင် ဖြစ်သွားရသည်။ ထို့နောက် သူက မရေမရာ မေးလိုက်သည် “ အဲဒါက ဘာအဓိပ္ပါယ်များလဲ ”

ရန်ဖေးက စိတ်မရှည်သော်လည်း အချက်ကျကျ ပြန်ရှင်းပြပေးနေသည် “ အရင်တုန်းက မော်ပညာရပ် စစ်ဆေးမှုမှာ ပါဝင်တဲ့ တပည့်တွေက မော်ပညာရပ်အတွက် အမှတ်ရတယ်။ အစီအရင် စစ်ဆေးမှုမှာ ပါတဲ့သူကလည်း သူတို့အစီအရင်အတွက် အမှတ်ရကြတယ်။ အဲလိုမျိုးပဲ နှင်းစက်စိမ်းဆန် စိုက်ပျိုးရေး စစ်ဆေးမှုမှာ

ပါဝင်တဲ့သူတွေကလည်း အဲဒီအတွက် အမှတ်ရကြတယ်။ အဲဒီ ရမှတ်တွေ အကုန်ပေါင်းပြီးတော့ ဂိုဏ်းရဲ့ ရမှတ် ဖြစ်လာတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်ကျ မတူတော့ဘူး။ လာမဲ့ စစ်ဆေးမှုက ရှုံးထွက်ပွဲစဉ် လုပ်မယ်တဲ့ ... နမူနာအနေနဲ့ဆိုရင် ပထမစစ်ဆေးမှုက အစီအရင် စစ်ဆေးမှု ဖြစ်နေတယ် ထားပါတော့။ တကယ်လို့ မင်းက မအောင်မြင်ရင် နောက်ပိုင်းက မှော်ပညာရပ် နဲ့ နှင်းစက်စိမ်း ဆန် စိုက်ပျိုးရေး စစ်ဆေးမှုတို့မှာ ဝင်ပြိုင်လို့ မရတော့ဘူး ”

ဤတစ်ကြိမ်၌ ချီခွန်းက နားလည်သဘောပေါက်သွားတော့သည်။ သူက သူ့ဘာသာ ရေရွတ်လိုက်၏ “ အဲလိုဆိုရင် ဂိုဏ်းက အကုန်တတ်ကျွမ်းတဲ့ ပါရမီရှင် မရှိရင် အားလုံး ပြုတ်ကုန်မှာပေါ့ ”

ရန်ဖေးက တုံ့ပြန်လိုက်သည် “ အမှန်ပဲ။ အစတုန်းက မင်း ဒီပညာရှင် ရှာတွေ့လာတာက ဂိုဏ်းအတွက် အထောက်အကူ အကြီးကြီး ဖြစ်နိုင်တယ်။ အခုတော့ကွာ နိဗ္ဗာန် အသိပညာရပ် ကျောင်းတော်က စည်းမျည်းတွေ ပြောင်းလဲလိုက်တော့ မင်း ရှာတွေ့လာတဲ့ သူက နှင်းစက်စိမ်းဆန်ကို စိုက်နိုင်ရင်တောင် အသုံးဝင်မှာ မဟုတ်လောက်ဘူးကွာ ”

ချီခွန်းအနေနှင့် လက်ဝဲ မိုးကောင်းကင်တောင်သခင်က မိုဝူကျို၏ စွမ်းဆောင်ရည်နှင့် ကျင့်ကြံဆင့် အကြောင်း မေးမြန်းလိုက်သည့်

အကြောင်းအရင်းအား တွေးမိသွားသည်။ အမြင်နှင့်တင် ထိုအရာများက လိုအပ်ချက်များ၏ အခြေခံအကျဆုံး ဖြစ်နေပေသည်။ လာမည့် စစ်ဆေးမှု၌ အားကောင်းရုံသာမက အစီအရင် တာအို၊ အဆောင် တာအိုနှင့် အခြားသော အကူ တာအိုများ၌လည်း ကျွမ်းကျင်နှံ့စပ်ရန် လိုအပ်နေ၏။

ဂိုဏ်းအနေနှင့် စစ်ဆေးမှု၌ ဝင်ရောက်ယှဉ်ပြိုင်ရန် အားအကောင်းဆုံးလူကို ပို့လွှတ်မည့် အကြောင်းကိုတော့ ချီခွန်းက မမေးလိုက်ပေ။ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်၏ စစ်ဆေးမှုသည် ကောင်းကင်နတ်ဘုရားအဆင့်အောက်ရှိ ကျင့်ကြံသူများသာ ဝင်ခွင့်ပြုထားကြောင်း သိထား၏။ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်၏ အမြင်အရ လူတစ်ယောက်က ကောင်းကင်နတ်ဘုရားအဆင့် ရောက်သွားသည်နှင့် သူတို့၏ အနာဂတ် အလားအလာကို သတ်မှတ်ပြီးသွားပြီ ဖြစ်သည်။

“ ချီခွန်း … ဒါက ငါတွေးကြည့်တာပါ။ မင်း ဖိတ်ကြားလာတဲ့သူက သေချာပေါက် နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်မှာ ဝင်ပြိုင်ပြီး ငါတို့ဂိုဏ်းကို ကိုယ်စားပြုပေးလို့ ရမှာ မဟုတ်ဘူး။ မင်း သူ့ကို ငါတို့ ဂိုဏ်းရဲ့ ပင်မတပည့်တွေကို နှင်းစက်စိမ်းဆန် စိုက်ပျိုးရေးအကြောင်း သင်ခိုင်းပေးရင်ရော … ငါတို့တွေ သူ့အနေနဲ့ အကုန်သင်ပေးဖို့ မလိုဘူး။ သူက ငါတို့တပည့်တွေကို အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးတာကို

သင်ပေးနိုင်တာနဲ့ ငါတို့တွေ အဲဒီနယ်ပယ်မှာ အမှတ်လျော့မှာ မဟုတ်တော့ဘူး ” ချီခွန်း၏ စိတ်ပျက်လက်ပျက် အနေအထားကို ကြည့်ကာ ရှင်းဝမ်က အရင်ဦးစွာ ပြောလိုက်သည်။

ချီခွန်းက မျှော်လင့်ချက် ကင်းမဲ့သွားသလို ခံစားမိသွားသည်။ သူက နတ်ဘုရားမြေနိမ့်သို့ သွားကာ မိုဝူကျိကို မိုးကောင်းကင်ဂိုဏ်းကို လိုက်လာဖို့အတွက် များစွာ ကြိုးစားခဲ့ရသည်။ ယခု ဂိုဏ်းချုပ်က သူ့အား သူ လုပ်ခဲ့သမျှအရာများက အသုံးမဝင်ကြောင်း ပြောနေလေ၏။ သူက ဂိုဏ်းချုပ် ပြောလိုသည့် အဓိပ္ပါယ်ကို မည်သို့ နားမလည်ဘဲ နေမည်နည်း။ ဂိုဏ်းက သူတို့ပင်မတပည့်များကို နောက်ဆုံးအချိန်အထိ တာအိုအမျိုးမျိုးကို အကောင်းဆုံး သင်ကြားပေးလိုသည်။ ဤအသစ် ချမှတ်လိုက်သည့် စည်းမျဉ်းက သူတို့ မိုးကောင်းကင်ဂိုဏ်းကို ပစ်မှတ်ထားနေခြင်း မဟုတ်ဘဲ ဂိုဏ်းအားလုံးကို ဖြစ်၏။ အကယ်၍ မိုးကောင်းကင်ဂိုဏ်းက တာအိုမျိုးစုံကို သင်ယူနိုင်သည့် ပါရမီရှင်တစ်ယောက်ကို အချိန်တိုလေးအတွင်း ရှာတွေ့ခဲ့လျှင် သူတို့အနေနှင့် ထိပ်ဆုံး ဆယ်ယောက်ထဲ ပါနိုင်ခြေ ရှိ၏။

“ ဂိုဏ်းချုပ် ကျွန်မမှာ နောက်ထပ် အကြံတစ်ခု ရှိတယ် ” တစ်ချိန်လုံး တိတ်ဆိတ်နေခဲ့သည့် ယွီလောက ရုတ်ချည်း ဖွင့်ဟပြောလာသည်။

အားလုံး၏ အကြည့်က သူမဆီ ရောက်ရှိလာပြီးနောက် ယွှီလောက တည်တည်ငြိမ်ငြိမ် ပြောလိုက်သည် “ စီနီယာတို့ … ကျွန်မတို့ မိုးကောင်းကင်ဂိုဏ်းက လာမဲ့ စစ်ဆေးမှုအတွက် အနည်းဆုံး နေရာဆယ်ခု ရသင့်ပါတယ်။ ကျွန်မတို့တွေ မိုဝူကျိုကို စိုက်ပျိုးနည်းအကြောင်း သင်ခိုင်းလို့ ရတယ်။ ဒါပေမဲ့ မိုဝူကျိုကလည်း စစ်ဆေးမှုမှာ ပါဖို့ ခွင့်ပြုပေးသင့်ပါတယ်။ ပြီးတော့ မိုဝူကျိုက နှင်းစက်စိမ်းဆန်ပဲ စိုက်ပျိုးနိုင်တာ မဟုတ်ဘဲနဲ့ အဆင့် ၄ နတ်ဆေးဆရာလည်း ဖြစ်တယ်။ ဆေးလုံးတာအိုက နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ရဲ့ စစ်ဆေးမှုမှာ သေချာပေါက် ပါမယ်ဆိုတာလည်း သေချာတယ် ”

ရှင်းဝမ်က အသာပြုံးကာ “ စစ်ဆေးမှုမှာ ဝင်ပြိုင်ခွင့် နေရာတွေက အရမ်းအဖိုးတန်တာကို မပြောနဲ့ဦး။ တကယ်လို့ အဲဒီ မိုဝူကျိုက အသုံးဝင်နေတယ်ဆိုရင် သူ့ကို နေရာတစ်နေရာစာ ပေးဖို့ စိတ်ထဲ ထားမနေဘူး။ ဒါပေမဲ့ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ရဲ့ ပထမဆုံး စစ်ဆေးမှုက ဘာလဲဆိုတာ သိလား။ ပထမစစ်ဆေးမှုက လျို့ဝှက်တိုက်ကွက် စစ်ဆေးမှုပဲ …. တကယ်လို့ မိုဝူကျိုရဲ့ စိုက်ပျိုးနည်းက အရမ်း အံ့သြဖို့ ကောင်းပြီး ဆေးလုံးပညာရပ် အရမ်းထူးချွန်နေမယ်ဆိုရင်တောင် ပထမစစ်ဆေးမှုမှာတင် ပြုတ်နိုင်တယ် ”

ထိုစကားကို ကြားပြီး ယို့လောက ဆက်မပြောတော့ပေ။ သူမက မိုဝူကျိ၏ အမှိုက်သရိုက်လို ကျင့်ကြံဆင့်အကြောင်း သိထား၏။ မိုဝူကျိ၏ အရည်အချင်းဖြင့် လျို့ဝှက်တိုက်ကွက် စစ်ဆေးမှုကို အောင်သွားမှသာ ထူးဆန်းနေပေလိမ့်မည်။

“ ဂိုဏ်းချုပ် .... အကြီးအကဲနဲ့ တောင်သခင်တို့ ... ကျုပ်က မိုဝူကျိကို ဖိတ်ကြားလာတာပါ။ သူ့ရဲ့ နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်စွမ်းက မေးခွန်းထုတ်စရာကို မလိုပါဘူး။ ပြီးတော့ အဲဒီလူက တည့်တိုးဆန်ပြီးတော့ သဘောထားကောင်းတယ်။ သူ့ကို ကျုပ်တို့ တပည့်တွေကို သင်ကြားခိုင်းရင်လည်း ပြဿနာ မရှိလောက်ဘူးလို့ ထင်ပါတယ်။ ကျုပ် အခု သူ့ကို သွားရှာလိုက်ပါ့မယ် ” ချီခွန်းက ကိစ္စများသည် ဤအခြေအနေ ရောက်ရှိနေပြီ ဖြစ်၍ ဂိုဏ်းချုပ် ရှင်းဝမ် စကားကိုသာ နားထောင်ပြီး မိုဝူကျိကို သင်ကြားခိုင်းဖို့ သဘောတူ ဆုံးဖြတ်လိုက်တော့သည်။

..............

## အကြွင်းမဲ့ ကုထုံး ဆေးခန်း

မိုဝူကျိက ဘေးပတ်လည်ကို ကြည့်လေလေ ပို၍ ပြောစရာမဲ့လာလေလေ ဖြစ်၏။ ဆံဖြူ အဘိုးကြီးက ဆိုင်အတွင်းရှိ အရာအားလုံးကို ပေးမည်ဟု ပြောခဲ့သောအခါ

ရက်ရောလွန်းလှသည်ဟု ထင်မှတ်မိခဲ့သည်။ လက်တွေ့၌ ဤနေရာရှိ ပစ္စည်းများမှာ အမှိုက်သရိုက်များ ... အမှိုက်ဟုပင် ယူဆ၍ မရတော့ချေ။

မိုဝူကျိုက ဤနေရာရှိ ပစ္စည်းများအားလုံးကို လွှင့်ပစ်ရန် တွေးလိုက်မိစဉ် တံခါးဝမှ မချင့်မရဲ အသံတစ်သံ ထွက်ပေါ်လာလေ၏ “ သမားတော်များ ရှိလားဗျ ”

ဆေးခန်း အဝင်ဝ၌ မိန်းမအိုကြီး တစ်ယောက် ရပ်နေပြီး ပြောလိုက်သူမှာ သူမကို တွဲပေးထားသူ လူငယ်လေး ဖြစ်နေသည်။ ထိုလူငယ်လေးကို ကြည့်ခြင်းအားဖြင့် သူက ကနဦး နတ်ဘုရား အလယ်အလတ်အဆင့်သာ ရှိသေးကြောင်း သိလိုက်သည်။ သူ ပြောဆိုပုံအရ သူက ကြောက်ရွံ့တတ်သော လူငယ်လေး ဖြစ်ဟန် ပေါ်သည်။

ရှိုက်ကောက ခွန်းတုံ့ပြန်လိုက်သည် “ မင်းမှာ မျက်စိမပါဘူးလား။ ဒီမှာ ဆေးလုံး ရောင်းတယ်။ ဆေးလုံး အမှာလက်ခံတယ်။ ဆေးပင်တွေ ဝယ်တယ်။ တကယ်လို့ မှော်ရတနာ လိုရင်တော့ မင်း အလိုကို ကျေနပ်စေလိမ့်မယ် ”

“ အဲဆို ဒီနေရာက ဆေးခန်း မဟုတ်တော့ဘူးလား ” နောက်ထပ် အသံတစ်သံ ထွက်ပေါ်လာသည်။ လူငယ်လေး၏ အသံနှင့် ယှဉ်လျှင် ဤအသံက ပို၍ ဩရှရှ နိုင်ပေသည်။

မိုဝူကျိက ထိုလူကို ကြည့်လိုက်သည်။ ဤသူမှာ ကောင်းကင်နတ်ဘုရား နောက်ပိုင်းအဆင့်ရှိ မျက်နှာနီ ကျင့်ကြံသူ တစ်ဦး ဖြစ်၏။ သူ့ဝတ်ရုံအရ သူသည် မိုးကောင်းကင်မြို့၏ တာဝန်ခံ ဖြစ်ပေလိမ့်မည်။

## အခန်း (၉၆၇) : အသက်ခေတ် စွတ်ပြုတ်နှင့် သီးခြားနတ်ဆေးလုံး

မိုဝူကျိက ပြန်မဖြေပေ။ သူက ထောင်ချောက်ထဲ ရောက်သွားကြောင်း မှန်းဆမိလိုက်ပြီး ထိုထောင်ချောက်အကြောင်း နားမလည်ခင်အထိ ဘာမှပြော၍ မဖြစ်သေးပေ။

သူ့စိတ်စွမ်းအားဖြင့် လူအိုကြီး၏ သဘောတူ စာချုပ်ကို စစ်ဆေးကြည့်စဉ်အခါက ဤနေရာကို ဆေးခန်း သို့မဟုတ် ဆေးဆိုင်အဖြစ် ဆက်လက်ဖွင့်ရမည် ဖြစ်ပြီး အကြွင်းမဲ့ ကုထုံး ဆေးခန်းဟု ဆက်လက် ချိတ်ဆွဲထားရန်သာ ပါရှိပေသည်။ သူက သဘောတူချက်များကို ချိုးဖောက်နေခြင်း မဟုတ်ချေ။

ဆေးခန်းက ဆေးလုံး မရောင်းနိုင်သလို တခြားစီးပွားရေး မလုပ်နိုင်ကြောင်း မည်သူကမျှ ပြောခဲ့သနည်း။

သို့သော် မိုဝူကျို၏ စိတ်စွမ်းအားက သဘောတူစာချုပ်ပေါ် ထပ်မံရောက်ရှိသွားသည့်အခါ ကြောင်အမ်းသွားမိ၏။ အပိုစာကြောင်းများ ပေါ်လာလေသည်

“ အကြွင်းမဲ့ ကုထုံး ဆေးခန်းက အောင်းမျိုးနွယ်၏ စီးပွားရေး တစ်ခု ဖြစ်၏။ ဌားရမ်းသူများက အောက်ပါ အခြေအနေ သတ်မှတ်ချက်များကို လိုက်နာသဘောတူရမည်။ ပထမဦးစွာ ဤဆိုင်ကား ဆေးခန်း ဖြစ်ရမည်။ ဒုတိယ လတိုင်း၏ ၁၇ ရက်မြောက်နေ့တိုင်းတွင် ဌားရမ်းသူက အောင်းမျိုးနွယ်စုအား အသက်ခာတ် စွတ်ပြုတ် တစ်ပန်းကန် ပေးရမည်။ အသက်ခာတ် စွတ်ပြုတ်ရဲ့ ပါဝင်ပစ္စည်းများက အဆင့် ၅ သွေးကြောမြစ်၊ အဆင့် ၅ မီးတောက်လှိုင်း ဝါး၊ အဆင့် ၅ အဖူးအပွင့် သစ်သီး ….. ”

ဒုတိယ သတ်မှတ်ချက် စတင် ပေါ်လာသည်။

အသက်ခာတ်စွတ်ပြုတ်၏ ပါဝင်ပစ္စည်းများကို ကြည့်လိုက်ပြီးနောက် မိုဝူကျိုက လေအေးများသာ မှုတ်ထုတ်လိုက်တော့သည်။ နတ်ဘုရားနယ်မြေတွင် ဖြစ်စေ၊ နတ်ဘုရားကုန်းမြေတွင် ဖြစ်စေ အဆင့် ၅ နတ်ဆေးပင်များက အဆင့် အမြင့်ဆုံး ဖြစ်ကြသည်။ မိုးမြေစည်းမျည်းများ၏

ကန့်သတ်ချက်ကြောင့် နတ်ဘုရားနယ်မြေနှင့် နတ်ဘုရားကုန်းမြေ နှစ်ခုလုံး၌ အဆင့် ၆ ဆေးပင်များမှာ မတည်ရှိနိုင်လောက်သည့်အထိ ရှားပါးလှပေသည်။

တကယ်တော့ ဤစွတ်ပြုတ်ကား အဆင့် ၅ အပင်ခြောက်မျိုး၊ အဆင့် ၄ အပင် ၁၂ မျိုးနှင့် အဆင့် ၃ အပင် ၁၈ မျိုးတို့ လိုအပ်နေသည်။ အကယ်၍ သူကိုယ်သူ ရောင်းလျှင်ပင် ထိုမျှများပြားလှသော ဆေးပင်များအား ရမည် မဟုတ်ပေ။ အကယ်၍ သူ့တွင် အဆင့် ၅ ဆေးပင်များ ရှိနေပါက အဆင့် ၅ နတ်ဆေးလုံးဘုရင် ဖြစ်ရန် လေ့ကျင့်နေသည်မှာ ကြာမြင့်လောက်လေပြီ။

ထိုလူအိုကြီးက သူ့အား သူ့စိတ်စွမ်းအားဖြင့် အပို သတ်မှတ်ချက်များကို မမြင်နိုင်ကြောင်း အသေအချာသိ၍ အသုံးချကာ ထောင်ချောက်ဆင်ခဲ့ခြင်းသာ ဖြစ်၏။

ထိုစဉ် မိုဝူကျိုက ထိုလူအိုကြီးသည် နတ်ဘုရားဘုရင်မှန်း သေချာသိသွားတော့သည်။

“ ဖြစ်နိုင်တယ်တော့ မထင်ဘူး။ လူအိုကြီးရှင်းက ဆိုင်ကို တကယ်ကြီး ဌားခဲ့တာပေါ့။ မှတ်သားစရာပဲ ” မျက်နှာနီ တာဝန်ခံက မိုဝူကျို တိတ်ဆိတ်နေသည်ကို မြင်သောအခါ စတင် ရယ်မောတော့သည်။

မိုဝူကျို စိတ်ထဲ လေးလံမိသွားတော့သည်။ လူအိုကြီးက နတ်ဘုရားဘုရင် ဖြစ်သော်လည်း အောင်းမျိုးနွယ်အား လစဉ် လတိုင်း အသက်ခေတ်စွတ်ပြုတ် ဆက်သရသည်။ တစ်ဖက်တွင် သူက ခြူတစ်ပြားပင် မရှိသည့် ကနဦး နတ်ဘုရားအဆင့် ငတိလေး တစ်ဦး ဖြစ်နေလေရာ နှုတ်မြိန်မည် မဟုတ်ပေ။

**လတိုင်း၏ ၁၇ ရက်မြောက်နေ့ ....**

ယနေ့ကား ၁၃ ရက်မြောက် ဖြစ်၍ အောင်းမျိုးနွယ်စု အသက်ခေတ်စွတ်ပြုတ် လာယူဖို့ လေးရက်တာမျှသာ လိုအပ်တော့သည်။

" ဒါက ဆေးခန်း မဟုတ်ဘူးလို့ ဘယ်သူက ပြောလို့လဲ။ မျက်လုံးကို သေချာဖွင့်ပြီး ကြည့်လိုက် .... အပြင်ဘက်မှာ အကြွင်းမဲ့ ကုထုံး ဆေးခန်း ဆိုင်းဘုတ်ရှိလား ကြည့်လိုက်ဦး။ ဘာကိစ္စမှ မရှိရင် ထွက်သွားတော့ .... ကျုပ် လူနာ ကြည့်ရဦးမယ် " မိုဝူကျိုက အေးစက်စွာ ပြောလိုက်သည်။

သူက အောင်းမျိုးနွယ်အပေါ် အနည်းငယ် ထိတ်လန့်မိသွားသည်။ လူအိုကြီးပင် ကြောက်နေခဲ့ရသည် မဟုတ်ပါလော။ သို့သော်လည်း သူက ကောင်းကင်နတ်ဘုရား တာဝန်ခံအား ကြောက်လိမ့်မည်ဟု ဆိုလိုခြင်း မဟုတ်ချေ။

“ မင်းက သတ္တိကောင်းသားပဲ .... သူတို့ကို ဆိုင်ဌားပြောင်းသွားပြီဆိုတာ အသိပေးလိုက်ပါ့မယ်။ သူတို့က ဌားရမ်းခကို တိုးလိမ့်မယ် ထင်တယ် ” ဤကောင်းကင်နတ်ဘုရား အဆင့်တာဝန်ခံက မိုဂူကျိအား အကျပ်ကိုင်လိုသော်လည်း မိုဂူကျိသည် အကြောက်အလန့်မရှိ ဖြစ်နေလိမ့်မည်ဟု မထင်ထားခဲ့ပေ။ ထိုအရာက သူ့အား မချင့်မရဲ ဖြစ်စေသည်။

“ ထွက်သွားစမ်း ” မိုဂူကျိက မောင်းထုတ်ဖို့ရာ တံ့ဆိုင်းမနေချေ။

သူက ဤတာဝန်ခံသည် သူ့အား ပြစ်မှုတချို့ ချမှတ်ပေးရန် မျှော်လင့်မိနေသည်။ ဤနည်းလမ်းဖြင့် သူက မိုးကောင်းကင်ဂိုဏ်းမှ ထုတ်ပယ်ခံရနိုင်၏။

ဤတာဝန်ခံက အရှုံး မပေးတတ်ပေ။ သူက အေးစက်စက်သာ ပြောလိုက်၏ “ ကျုပ် ထွက်သွားမယ်။ နောက်ရက်နည်းနည်းကြာရင် သေချာပေါက် ပြန်လာပြီးတော့ကို ပြပွဲကို ကြည့်ဦးမယ် ”

ထိုသို့ပြောပြီးနောက် သူက လှည့်ထွက်သွားတော့သည်။ အကယ်၍ တခြားသော ဆိုင်ပိုင်ရှင်များက သူ့အား ထိုကဲ့သို့ ပြောဆိုလျှင် ထိုလူအား ဂုတ်မှ ဆွဲထုတ်လာမိလောက်လေပြီ။ သို့သော်လည်း အကြွင်းမဲ့ ကုထုံး ဆေးခန်းကိုတော့ မလုပ်ရဲချေ။ အကယ်၍ သူသာ အပြစ်တင်ခံရလျှင် သူ့၌

အသက်တစ်ရာလောက် ပါလျှင်ပင် ထိုအမှားအတွက် ပေးဆပ်ဖို့ရာ လုံလောက်မည် မဟုတ်ချေ။

“ သခင်ကြီး ” ရှိုက်ကောလည်း တစ်ခုခု လွဲမှားနေကြောင်း ခံစားမိလိုက်သည်။

မိုဝူကျိက လက်ဝှေ့ပြကာ ရှိုက်ကောအား ထပ်မပြောဖို့ တားလိုက်သည်။ ထို့နောက် သူက အမျိုးသမီးနှင့် လူငယ်လေးထံ လှည့်ကာ “ လူနာကို ခေါ်ခဲ့ပါ။ ကျုပ် တစ်ချက် ကြည့်ရအောင် ”

“ ဟုတ်ကဲ့ ဟုတ်ကဲ့ ” လူငယ်လေးက အမျိုးသမီးကို တွဲခေါ်လာလေသည်။

မိုဝူကျိက သဘောတူညီချက်နှင့် ပတ်သတ်၍ စိုးရိမ်မိနေဆဲ ဖြစ်သည်။ သူက ပုံမှန်အတိုင်းသာ ပြောလိုက်၏ “ ထိုင်ပါဦး … အရင်ဆုံး သွေးခုန်နှုန်း အရင်စမ်းကြည့်ရအောင် ”

မိုဝူကျိက ဆေးပညာရပ်နှင့် ပတ်သတ်၍ သိပ်မကျွမ်းကျင်ပေ။ သို့သော်လည်း ဆေးပညာရပ်သည် ကျင့်ကြံသူနှင့် သေမျိုးများကြား လုံး၀ မတူညီပေ။ ထို့ကြောင့် မိုဝူကျိ ဆေးပညာ တာအိုအကြောင်း များစွာ မသိထားသော်လည်း သူ့အသက်ခာတ် လမ်းကြောင်းဖြင့် အံ့ဖွယ်ကိစ္စများ လုပ်ဆောင်နိုင်စွမ်း ရှိသည်။

မိုဝူကျို၏ စိတ်စွမ်းအားက ထိုအမျိုးသမီး၏ ဝိညာဉ်လမ်းကြောင်းများဆီ ရောက်ရှိသွားသည့်အခါ သူက အံ့သြတုန်လှုပ်သွားတော့သည်။ ထိုမိန်းမအိုကြီးက လောကနတ်ဘုရား ဖြစ်နေသည်။

**ဘယ်အချိန်ကစပြီး အဆင့်မြင့် ကျင့်ကြံသူတွေ ဒီလောက်တောင် များပြားနေရတာလဲ ....**

သူ့အား လိမ်ညာခဲ့သည့် လူအိုကြီးက နတ်ဘုရားဘုရင် ဖြစ်ပြီး ယခု သူ လက်ခံလိုက်သည့် လူနာကား လောကနတ်ဘုရား အဆင့် ကျင့်ကြံသူ ဖြစ်နေပြန်သည်လား ...

မကြာခင် မိုဝူကျိုက နာမကျန်းဖြစ်နေသည့် အကြောင်းအရင်းကို ရှာတွေ့သွားသည်။ မိုဝူကျိုက ဆေးပညာ တာအိုကို မသိသော်လည်း ဤမိန်းမအိုကြီး၏ နာမကျန်းဖြစ်မှုမှာ အတော်လေး ရိုးရှင်းလှပေသည်။ ဝိညာဉ်လမ်းကြောင်းများ မည်းနက်ကာ ပျက်စီးသွားခြင်း၊ သွေးကြောများ ခမ်းခြောက်သွားခြင်းနှင့် ကမ္ဘာဦး စိတ်ဝိညာဉ် ပြိုလဲခြင်းတို့ ဖြစ်သည်။

“သမားတော်ဆရာကြီး ကျုပ်အစ်မရဲ့ ဖျားနာမှုအကြောင်းကို မေးလို့ ရမလား ” လူငယ်လေးက မိုဝူကျိုအား စိုးရိမ်တကြီး ကြည့်ကာ မေးလိုက်သည်။

မိုဝူကျိုက လူငယ်လေး၏ စကားကို ကြားဟန်မပေါ်ဘဲ နိဗ္ဗာန တိတ်ဆိတ်မှု ပင်လယ်အကြောင်းကို တွေးနေမိ၏။

**ဒါက နိဗ္ဗာန တိတ်ဆိတ်မှု ပင်လယ်ရေ တိုက်စားမှုကြောင့် ဖြစ်လာတဲ့ လက္ခဏာတွေ မဟုတ်ဘူးလား ...**

သူက လူသားတာအိုကို ကျင့်ကြံပြီး ဝိညာဉ်ကြောနှင့် ဝိညာဉ်လမ်းကြောင်းတို့ မပါရှိပေ။ ထို့ကြောင့် သူက နိဗ္ဗာန တိတ်ဆိတ်မှု ပင်လယ်၏ တိုက်စားမှုကို မခံခဲ့ရပေ။

သူက နိဗ္ဗာန တိတ်ဆိတ်မှု ပင်လယ်ရေ တိုက်စားမှုကို ကာကွယ်နိုင်သော်လည်း တိုက်စားခံရသည့် လူနာများကို ကုသပေးနိုင်သည်ဟု ဆိုလိုခြင်း မဟုတ်ပေ။

မိုဝူကျိုက ခေါင်းခါတော့မည့်ဆဲဆဲတွင် ထိုမိန်းမအိုကြီး ထိုလက္ခဏာများ ခံစားနေလျက်နှင့် ကြာကြာအသက်ရှည်မည် မဟုတ်ကြောင်း ရုတ်ချည်း သတိပြုမိသွားသည်။ ဆိုလိုသည်မှာ သူတို့နှစ်ယောက်တွင် နည်းလမ်းတချို့ ရှိနေပေလိမ့်မည်။

“ ဒါနဲ့ မင်း အခု ဘာပြောလိုက်တာလဲ ” မိုဝူကျိုက အသိပြန်ကပ်လာသည်။ လူငယ်လေးက ပြန်မဖြေခင် မိုဝူကျိုက

လူငယ်လေး၏ စကားကို ပြန်မှတ်မိသွားပြီး “ ဒါက မင်းအစ်မလား ”

“ ဟုတ်ပါတယ်။ သမားတော်ဆရာကြီး … ဒါက ကျုပ်အစ်မပါ။ အစ်မ အခြေအနေ ဘယ်လိုရှိလဲဗျ ” လူငယ်လေးက မိုဝူကျိသည် သူမကို မကယ်တင်နိုင်ကြောင်း ပြောမည်ကို စိုးရိမ်နေမိသည်။

မိုဝူကျိက နိဗ္ဗာန တိတ်ဆိတ်မှု ပင်လယ်၏ ဂုဏ်သတ္တိကိုသာ တိတ်တဆိတ် ကျိန်ဆဲလိုက်တော့သည်။ ထိုမိန်းမအိုကြီးက လူငယ်လေး၏ အစ်မ ဖြစ်သည်ဟု ဆိုလိုခြင်းမှာ လူငယ်လေးထက် များစွာ အသက်ကြီးနေမည် မဟုတ်ပေ။ သို့သော် နိဗ္ဗာန တိတ်ဆိတ်မှု ပင်လယ်ရေ တိုက်စားမှုကို ရင်ဆိုင်ပြီးနောက် သူမက ဆိုးရွားစွာ အသက်အရွယ် ကြီးရင့်လာခြင်း ဖြစ်၏။

“ အရင်ဆုံး ကျုပ်မေးခွန်းတွေကို ဖြေပါဦး။ မင်း အစ်မက နိဗ္ဗာန တိတ်ဆိတ်မှု ပင်လယ်ရေ တိုက်စားခံထားရတာ မလား။ နိဗ္ဗာန တိတ်ဆိတ်မှု ပင်လယ်ရေ တိုက်စားခံထားရတဲ့သူက သေသွားကြတာပဲလေ။ မင်းအစ်မက ဘယ်လိုလုပ် ဒီအချိန်အထိ အသက်ရှင်နေတာလဲ ” မိုဝူကျိက သံသယဖြင့် မေးလိုက်သည်။

သူက လူငယ်လေးကို မေးနေသော်လည်း ထိုအမျိုးသမီးကို ကြည့်နေဆဲသာ ဖြစ်၏။

လူငယ်လေးက မြန်မြန် ပြောလိုက်သည် “ကျုပ် အစ်မက စကား မပြောနိုင်တော့ပါဘူး။ သူမ အခုထိ အသက်ရှင်နေတဲ့ အကြောင်းအရင်းက ကျုပ် ရထားတဲ့ ဆေးနည်းကြောင့်ပါ။ ကံမကောင်းတာက ကျုပ်အတွက် ဆေးဖော်စပ်ပေးမဲ့ ဆေးလုံးဆရာ မတွေ့သေးဘူး။ အဲဒါနဲ့ အရိုးရှင်းဆုံးနည်းလမ်းကို အသုံးချပြီးတော့ နိဗ္ဗာန တာအိုသဲကို ရေနဲ့ ကြိုတိုက်နေတာပါ ”

“ ဆေးနည်းလား ” မိုဝူကျိက အံ့အားသင့်မိသွားသည်။

**နိဗ္ဗာန တိတ်ဆိတ်မှု ပင်လယ်ရေ တိုက်စားမှုကို ဖြေရှင်းနိုင်သည့် ဆေးလုံး ရှိတာလား ….**

မိုဝူကျိက ဆေးနည်းကို အမှန်တကယ် မြင်တွေ့လိုမိသည်။ အနည်းဆုံးတော့ နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း၏ ဆေးနည်းများ၌ ဤကဲ့သို့ ဆေးနည်းမျိုး မပါရှိပေ။ သို့သော်လည်း သူက မဖြစ်နိုင်ခြင်း မဟုတ်ကြောင်း သိထား၏။ ဤဆေးနည်းမှာ အဖိုးမဖြတ်နိုင်လောက်ပေ။ လူငယ်လေးက သူ့အား မည်သို့ ပြမည်နည်း။

“ သမားတော်ကြီးကို ဆေးနည်း ပြလို့ ရပါတယ် ” မိုဝူကျိ စဉ်းစားနေစရာ မလိုတော့ဘဲ လူငယ်လေးက ကျောက်စိမ်းပေလွှာ တစ်ခုထုတ်ကာ ပြလိုက်သည်။

မိုဝူကျိုက အမျိုးသမီး၏ မျက်ဝန်းမှ စိုးရိမ်ပူပင်မှုကို သတိထားလိုက်မိ၏။ အကယ်၍ သူမသာ စကားပြောနိုင်ပါက သူမ မောင်လေးအား ဆေးနည်း ပြသခိုင်းမည် မဟုတ်ပေ။

သို့သော်လည်း သူမ မောင်ဖြစ်သူက ရွေးချယ်စရာ မရှိတော့သည့်အတွက် ဆေးနည်းကို ထုတ်ပြလိုက်ခြင်း ဖြစ်သည်။

မိုဝူကျိုက လက်နှစ်ဖက် ယှက်ကာ " ဒီစီနီယာအစ်မကြီး စိတ်ချနေပါ။ တကယ်လို့ ကျုပ် ခင်ဗျားကို ကယ်ဖို့ ဆေးလုံး ဖော်စပ်နိုင်တယ်ဆိုရင် ဆေးနည်းကို မြင်လိုက်ရတဲ့အတွက် အလကား ဖော်စပ်ပေးပါ့မယ် "

မိန်းမအိုကြီးက မတားဆီးနိုင်တော့မှန်း သိဟန်ဖြင့် ကူကယ်ရာမဲ့စွာဖြင့် မျက်လုံးသာ မှိတ်ထားလိုက်တော့သည်။

မိုဝူကျိုက ဖြန့်ကြည့်လိုက်သည့်အခါ စာလုံးသုံးလုံးကို မြင်လိုက်ရသည်။

**" သီးခြားနတ်ဆေးလုံး "**

သီးခြားနတ်ဆေးလုံးက အဆင့် ၅ နတ်ဆေးလုံး ဖြစ်၏။ အဓိက ပါဝင်ပစ္စည်း သုံးမျိုးနှင့် သာမည ဆယ်မျိုးကျော် ပါဝင်ပေသည်။ အဓိက ပါဝင်ပစ္စည်းများမှာ ခရမ်း နိဗ္ဗာန တာအိုသဲ၊

သင်္ကေတငါးသွယ် အသီးနှင့် ရေခဲပျော် ကြာ တို့ ဖြစ်ကြသည်။ အားလုံးက အဆင့် ၅ ဖြစ်၏။

မိုဝူကျိုက နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း၏ ကျောက်စိမ်းပေလွှာများကို မြန်မြန် ကြည့်ရှုထားသောကြောင့် အဆင့် ၅ ဆေးပင်အကြောင်း တွေ့ထား၏။ သူက အဆင့် ၅ နတ်ဆေးလုံးဘုရင်အဆင့် တက်လှမ်းရန် အဆင့်သင့် မဖြစ်သေးသောကြောင့် အဆင့် ၄ ဆေးပင်များအထိသာ ဖတ်ထားသေး၏။

ယခု သူက သင်္ကေတ ငါးသွယ် အသီးနှင့် ရေခဲပျော် ကြာ မိတ်ဆက်အကြောင်း အလွယ်လေး ပြန်ရှာတွေ့သွားသည်။ သူ့အာရုံဖမ်းစားသွားသည်က နိဗ္ဗာန တာအိုသဲ ဖြစ်၏။

နိဗ္ဗာန တာအိုသဲသည် နိဗ္ဗာန တိတ်ဆိတ်မှု ပင်လယ်အတွင်းရှိ တာအိုဖွဲ့စည်းမှုကြောင့် ဖြစ်တည်လာသည့် သဲ ဖြစ်ပေသည်။ သဲအပေါ်ယံရှိ တာအိုအစက်အပျောက်များကို ဖယ်ရှားပြီးသည့်နောက်တွင် ကျင့်ကြံသူအနေနှင့် အတွင်းရှိ နက်နဲလှသော တာအိုကို အာရုံခံစားမိနိုင်သည်။ ခရမ်း နိဗ္ဗာန တာအိုသဲသည် ကျင့်ကြံသူများအား နတ်ဘုရားဘုရင်အဆင့် တက်လှမ်းနိုင်စေဖို့ အသိအမြင်များ ပေးနိုင်စွမ်း ရှိသည်။

မိုဝူကျိုက ပင်လယ်အောက်ခြေမှ ကောက်ယူလာသော ကျောက်တုံးအခဲကြီးက ဤမျှ အဖိုးတန်လိမ့်မည်ဟု မထင်ထားပေ။ သူက ထိုအသိအမြင်များအပေါ် အာရုံများစွာ မထားသော်လည်း ဤပစ္စည်းက သေချာပေါက် ငွေများစွာ တန်ပေလိမ့်မည်။ အကယ်၍ သူသာ ဤမျှ အဖိုးတန်မှန်း သိပါက များများ ကောက်ခဲ့မိလောက်၏။

လူငယ်လေး၏ ဆေးနည်းကို ဖတ်ရှုလိုက်ပြီးနောက် နိဗာန တာအိုသဲကို သုံး၍ သီးခြားနတ်ဆေးလုံး ဖော်စပ်နိုင်ပေသည်။ သီးခြားနတ်ဆေးလုံးသည် ကျင့်ကြံသူတစ်ယောက်၏ ဝိညာဉ်ကြောနှင့် ဝိညာဉ်လမ်းကြောင်းများကို ပြန်လည် ပြုပြင်ပေးနိုင်ပြီး ကမ္ဘာဦး စိတ်ဝိညာဉ်ကိုလည်း ပြန်လည် ကုသပေးနိုင်သည်။ ခန္ဓာကိုယ်အတွင်းရှိ သွေးများကို တည်ငြိမ်လာစေ၏။

မိုဝူကျိုအတွက် ထိုအရာက တာအိုအသိအမြင်များထက် အဆတစ်သောင်းမက ပို၍ ကောင်းပေသည်။ အကယ်၍ သူသာ နတ်ဘုရားဘုရင်အဆင့်သို့ တက်လှမ်းလိုပါက တခြားသူများဆီမှ အသိအမြင်များကို မလိုချင်မိပေ။

မိုဝူကျိုက တိတ်ဆိတ်နေသည်ကို မြင်၍ လူငယ်လေးက စိတ်လှုပ်ရှားစွာ မေးလိုက်သည် “ သမားတော်ကြီး ဒီဆေးနည်းရဲ့

အနောက်ဖက်မှာ နည်းလမ်း ပါသေးတယ်။ အဲဒါက ကျင့်ကြံသူတစ်ယောက်ရဲ့ အသက်ခဲတ်ကို ထိန်းထားပေးပြီးတော့ ဝိညာဉ်လမ်းကြောင်း ပျက်စီးလာတာကို ကာကွယ်ပေးတယ်။ အစ်မက ခရမ်း နိဗ္ဗာန တာအိုသဲကို ရှာတွေ့ခဲ့တာ .... ကျုပ်က အဆင့် ၅ ဆေးလုံးဘုရင်ကို ရှာမတွေ့တော့ ရေနဲ့ပဲ ဖျော်တိုက်နိုင်တယ် ”

ဤတစ်ကြိမ်၌ မိုဝူကျိုက ဆေးနည်း အနောက်ဖက်ကို ဖတ်ကြည့်ပြီးသား ဖြစ်၏။ ခရမ်း နိဗ္ဗာန တာအိုသဲနဲ့ ဆေးပင်အမျိုးမျိုးကို ရောနှော၍ ဖျော်တိုက်သည့် အသုံးပြုပုံကို မိတ်ဆက်ရေးသားထား၏။ ဤနည်းလမ်းက တစ်ဖက်လူ၏ ဝိညာဉ်လမ်းကြောင်း တိုက်စားမှုနှင့် သွေးကြောများ ခမ်းခြောက်လာမှုကို နှေးကွေးသွားစေသည်။

မိုဝူကျိုက အခြေအနေတချို့ကို နားလည်သွားသည်။ ဤမိန်းမအိုကြီးက ခရမ်း နိဗ္ဗာနတာအိုသဲကို အသုံးပြု၍ နတ်ဘုရားဘုရင်အဆင့်သို့ တက်လှမ်းလိုခြင်း ဖြစ်ရမည်။ သို့သော်လည်း အဆုံးသတ်တွင် သူမ ကံတရား က မဆိုးလှသည့်အတွက် ခရမ်း နိဗ္ဗာနတာအိုသဲကို ရှာတွေ့ခဲ့၏။ ကံမကောင်းသည်က ပင်လယ်ရေ၏ တိုက်စားမှုကို ခံလာရခြင်း ဖြစ်သည်။

ရလဒ်အနေနှင့် သူမ မောင်ဖြစ်သူက ခရမ်း နိဗ္ဗာန တာအိုသဲကို ဖျော်တိုက်နေရသည်။ ဤနည်းလမ်းက သူမအသက်အား ကယ်တင်ဖို့ရာ မလုံလောက်သေးပေ။ ထိုကြိုးစားမှုအတွင်း သူမက ဆုံးရှုံးသွားသည်လား၊ အကျိုးမြတ်ရသည်လားကို ပြောဖို့ ခက်လှသည်။

မိုဝူကျိုက ထိုအကြောင်းကို တွေးမိသွားသောအခါ လူငယ်လေးဆီ ဆေးနည်း ပြန်ပေးလိုက်ပြီး ဖြည်းဖြည်းချင်း ပြောလိုက်၏ “ မင်းအစ်မကို ကုဖို့ အရမ်းခက်လိမ့်မယ်။ သူမက သီးခြားနတ်ဆေးလုံးကို လိုအပ်နေတာပဲ။ ငါက အခုလက်ရှိ အနေအထားနဲ့ သီးခြားနတ်ဆေးလုံးကို မဖော်စပ်နိုင်သေးဘူး။ ဒါပေမဲ့ ငါ့ဆီမှာ အကြံတစ်ခု ရှိတယ်။ တကယ်လို့ အလုပ်ဖြစ်ရင် မင်းအစ်မကို ကယ်ဖို့ မျှော်လင့်ချက် ရှိတယ်။ ဒါပေမဲ့ အဲဒီနည်းလမ်းက ကျရှုံးနိုင်ချေလည်း အရမ်းများတယ် ”

လူငယ်လေးက မြေပေါ် ဒူးထောက်ကာ “ သမားတော်ကြီး ကျုပ်ဆီမှာ တခြားရွေးချယ်စရာလည်း မရှိတော့ပါဘူး။ ကျုပ်အစ်မကို ကယ်တင်နိုင်သရွေ့ ဘာမဆို လုပ်ပေးပါ့မယ်။ ကျုပ် သေရမယ်ဆိုရင်တောင် ဖြစ်အောင် လုပ်ပေးပါ့မယ် ”

မိုဝူကျိုက လူငယ်လေးကို ထူပေးလိုက်ပြီး သက်ပြင်းချကာ “ ဒီနည်းလမ်းက မင်းရဲ့ ဘေးကင်းမှုနဲ့တင် ဆိုင်နေတာ မဟုတ်ဘူး။

ငါ့ဘေးကင်းမှုနဲ့လည်း သက်ဆိုင်တယ်။ တကယ်လို့ မင်းမှာ ဘယ်မှ သွားစရာ မရှိတော့ဘူးဆိုရင် ဒီမှာ နေလို့ ရတယ်။ ငါ သုံးရက်လောက် အခန်းပိတ် လေ့ကျင့်ဖို့ လိုအပ်နေသေးတယ် ”

## အခန်း (၉၆၈) : အသက်ခံတတ် စွတ်ပြုတ်အတွက် ရောက်ရှိလာခြင်း

အကြွင်းမဲ့ ကုထုံး ဆေးခန်းသည် ကြီးမားသည်ဟု ယူဆ၍ မရသော်လည်း မသေးငယ်ပေ။ ပင်မဆိုင်ခန်းအပြင် ပထမအထပ်၌ လူနာကြည့် နှစ်ခန်း ပါရှိသေး၏။ ဒုတိယအထပ်၌ ညှော်ခန်းနှင့် ကျင့်ကြံရေး အခန်းနှစ်ခန်း ပါရှိပေသည်။

မိုဝူကျို ကျင့်ကြံရေး အခန်းထဲ ဝင်သွားပြီးနောက် သူက တံခါး၌ အတားအဆီးများ ချကာ ပိတ်ထားလိုက်သည်။ ထို့နောက် သူက သဘောတူစာချုပ်အား ထုတ်ယူလိုက်၏။

လူအိုကြီးက နတ်ဘုရားဘုရင် ဖြစ်သောကြောင့် သူ့အနေနှင့် ကျောက်စိမ်းစာချုပ်အတွင်းရှိ ထောင်ချောက်ကို မမြင်နိုင်တာ ပုံမှန်သာ ဖြစ်ပေသည်။ သူ့အသိစိတ်ပင်လယ်က ပိုအားကောင်းနေလျှင်ပင် နတ်ဘုရားဘုရင်နှင့် မယှဉ်နိုင်သေးပေ။

သို့သော်လည်း သူက တစ်ခုခု သတိမထားမိလျှင်ပင် အမှန်တမ်း မှန်ကန်နေသည်ဟု မဆိုလိုကြောင်း သတိတစ်ခု ပေးသလို ဖြစ်သွားသည်။

အပိုသတ်မှတ်ချက်က ကျောက်စိမ်းပေလွှာအတွင်း ပေါ်လာပြီ ဖြစ်၏။ ထိုအရာမှာ ဖုံးကွယ်ရေး သင်္ကေတတချို့ကြောင့် ဖြစ်ရမည်။ သူက ယခင် မမြင်နိုင်သည့် အကြောင်းအရင်းမှာ သူ့အစီအရင်တာအိုက လူအိုကြီးထက် နိမ့်ကျနေ၍ မဟုတ်ဘဲ သူ့စိတ်စွမ်းအားက အလွန်အားနည်းနေ၍ ဖြစ်ပေသည်။

ယခု သူက လူအိုကြီး၏ နည်းလမ်းကို သိသွားပြီ ဖြစ်၍ ချိုးဖောက်ဖို့ရာ အခွင့်အရေး ရှိလာလေပြီ။

မိုဝူကျို၏ စိတ်စွမ်းအားက ကျောက်စိမ်းပေလွှာပေါ် ကျရောက်သွားသည်။ ဒုတိယအကြိမ် လေ့လာပြီးနောက် ထိုစာတန်းများက မည်သို့ ပေါ်လာကြောင်း အတိအကျ နားလည်သဘောပေါက်သွားတော့သည်။

ယခင် သူ ကျောက်စိမ်း ပေလွှာ သဘောတူစာချုပ်ကို ရခဲ့စဉ်အခါက ထိုစာတန်းများက မပါရှိသေးပေ။ ပြဿနာကား ထိုကျောက်စိမ်းပေလွှာ၏ ပါဝင်အကြောင်းအရာတွင် မဟုတ်လောက်ဘဲ လူအိုကြီး၏ စိတ်ဝိညာဉ် အမှတ်အသား၌သာ ဖြစ်ရမည်။

ထိုလူအိုကြီး၏ စိတ်ဝိညာဉ် အမှတ်အသားက လုံးဝ ရှင်းလင်းနေလေ၏။ သူက ထိုကျောက်စိမ်းစာချုပ်၌ လူအိုကြီးသည် အလွန် အရေးကြီးကြောင်း တွေးမိခဲ့သေး၏။ ယခုအခါ သူက လူအိုကြီးသည် ထိုစာတန်းအပို ထည့်လို၍ ဖြစ်ကြောင်း အပြည့်အဝ နားလည်သွားတော့သည်။

လူအိုကြီးက အတားအဆီး ချိတ်ပိတ်ခြင်းတို့၌ ဆရာတစ်ဆူ ဖြစ်ကြောင်း သိသာလှသည်။ သူက စိတ်ဝိညာဉ်အမှတ်အသားအတွင်း ကူးပြောင်းရေး အစီအရင် တစ်ခု ချန်ထားခဲ့လေ၏။ လူအိုကြီးက အကြွင်းမဲ့ ကုထုံး ဆေးခန်းမှ ထွက်သွားသည့်အခါ ထိုစာတန်းများကို ကူးပြောင်းရေး အစီအရင်မှ တဆင့် ကျောက်စိမ်းပေလွှာပေါ်သို့ ပို့ဆောင်လိုက်ခြင်း ဖြစ်သည်။

ထိုစာတန်းများက နောက်မှ ရောက်လာကာ အရင်စာကြောင်း အဆုံးကြားတွင် ကြားကွက်လပ် သေးသေးလေး ဖြစ်နေပြီး ထောင့်နေရာ၌ စိတ်ဝိညာဉ် အမှတ်အသား ရှိနေသောကြောင့် ကန့်လန့် မဖြစ်နေပေ။

မိုဝူကျိုက ပြောစရာ ဆွံ့အမိသွားသည်။ အကယ်၍ သူသာ ဤကျောက်စိမ်းပေလွှာအား ထာဝရကမ္ဘာအတွင်း ထည့်ထားခဲ့ပါက လူအိုကြီး၏ ကျင့်ကြံဆင့်သည်

နတ်ဘုရားဘုရင်အဆင့် ဖြစ်စေကာမူ လူအိုကြီးသည် ထိုစာတန်းများအား ကူးပြောင်းပို့ဆောင်နိုင်မည် မဟုတ်ပေ။

တစ်ချိန်တည်းဆိုသလို မိုဝူကျိုက စိတ်ထဲမှ အေးစက်စွာ ရယ်မောမိလိုက်သည်။

**ကျင့်ကြံရေးနှင့် စိတ်စွမ်းအားတို့နဲ့ ပတ်သတ်လာရင် ကျုပ်က ခင်ဗျားကို မမှီပေမဲ့ အတားအဆီးနဲ့ အစီအရင်တာအိုအကြောင်း ပြောချင်ရင်တော့ ကျုပ်က ခင်ဗျားကို ကြောက်နေမှာ မဟုတ်ဘူး ....**

လူအိုကြီး၏ နည်းလမ်းအရ သူသည် အနည်းဆုံး အဆင့် ၄ နတ်ဘုရား အစီအရင်ဆရာ တစ်ယောက် ဖြစ်ရမည်။ သူ့ ချိတ်ပိတ်မှု အရည်အချင်းမှာလည်း သိပ်မကွာလောက်ပေ။

တစ်ဖက်တွင် မိုဝူကျိုက အဆင့် ၄ နတ်ဘုရား အစီအရင် တစ်ယောက် ဖြစ်ခဲ့သည်မှာ ကြာမြင့်လှလေပြီ။ ထို့အပြင် သူက အတားအဆီးနှင့် အမှတ်အသားများကို လေ့လာထားသေး၏။ ပြောရလျှင် သူ့ကိုယ်ပေါ် ကပ်တွယ်လာသည့် စိတ်ဝိညာဉ် အမှတ်အသားများက ဘုရားသခင်ပင် ရှေတွက်နိုင်မည် မဟုတ်ချေ။

ကံကောင်းစွာဖြင့် သူက စောစီးစွာ သိလိုက်ရ၏။ အကယ်၍ သူသာ နောက်ထပ် ရပ်အနည်းငယ်လောက် စောင့်ဆိုင်းမိပါက စိတ်ဝိညာဉ် အမှတ်အသားသည် အပိုစာတန်းအကုန် ထိုးပြီးလောက်လေပြီ။ ထိုအခါ သူ့အစီအရင်တာအိုက လူအိုကြီးထက် များစွာကျော်လွန်နေလျှင်ပင် ထိုသတ်မှတ်ချက်အား ဖယ်ရှားဖို့ရာ နောက်ကျလွန်းသွားပြီ ဖြစ်၏။

စိတ်စွမ်းအားဖြင့် ကျောက်စိမ်းပေလွှာပေါ် တစ်ခုပြီး တစ်ခု ထုတ်ဖော်လိုက်သည်။ ထိုအာကာပြင် သင်္ကေတများကို မိုဝူကျိက အင်မော်တယ်လောက၏ ခေါးအကျဉ်းထောင်အတွင်း သင်ယူခဲ့ခြင်း ဖြစ်၏။ ထိုသင်္ကေတများက သူ့အား များစွာ ကူညီပေးခဲ့သည်။

အကယ်၍ တခြားလူ ဖြစ်နေပါက လူအိုကြီး၏ ကူးပြောင်းရေး အချက်အလက်များ ပျက်ပြယ်ဖို့ရာ ကျောက်စိမ်းပေလွှာပေါ် ရေးထွင်းရမည် ဖြစ်၏။ သို့သော် မိုဝူကျိက အာကာပြင် သင်္ကေတများကို ထိန်းချုပ်ထားသောကြောင့် အစီအရင် သင်္ကေတများ ရေးထွင်းဖို့ မလိုတော့ပေ။ သူ့အစီအရင် သင်္ကေတများက ကျောက်စိမ်းပေလွှာပေါ် ကပ်ညှိစေဖို့ရာ လုံလောက်ပေသည်။

နောက်ထပ် သုံးရက်ကာ ကျော်လွန်သွားလေ၏။ မိုဝူကျိုက သူ့အစီအရင် သင်္ကေတများကို ပြန်ရုတ်သိမ်းလိုက်သည့်အခါ လူအိုကြီး၏ စိတ်ဝိညာဉ် အမှတ်အသားမှ ကူးပြောင်းထားသော အချက်အလက်များက အစအနမရှိ ပျောက်ကွယ်သွားပြီ ဖြစ်၏။

မည်သည့် အရိပ်အယောင်မှ မမြင်ရတော့ပေ။

မိုဝူကျိုက သက်ပြင်းချလိုက်ပြီး သူ့တင်းကျပ်နေသည့် ရင်ဘတ်ကြီးလည်း ပြေလျော့သွားတော့သည်။ ထိုစဉ် လူအိုကြီး၏ စိတ်ဝိညာဉ် အမှတ်အသားသည်လည်း အသက်မဲ့သွားပြီး နောက်ထပ် တစ်ကြိမ် အပိုစာတန်းများ မပို့လွှတ်နိုင်တော့ချေ။

မိုးကောင်းကင်မြို့သည် မိုးကောင်းကင်ဂိုဏ်း၏ ပိုင်နက်အဖြစ် သတ်မှတ်၍ ရပြီး သူသည်လည်း မိုးကောင်းကင်ဂိုဏ်းမှ ကိုယ်တိုင်ကိုယ်ကျ ဖိတ်ကြားလာသောသူ ဖြစ်၏။ သူ့၌ ကင်းထောက် ကျောက်စိမ်းပြားပင် ရှိနေသေး၏။ သူက အကြောင်းအရင်း ခိုင်လုံသည့်ဘက်တွင် ဖြစ်နေသရွေ့ အောင်းမျိုးနွယ်စုသည် မည်မျှပင် အင်အားကြီးစေကာမူ သူ့ကို ဘာမှ လုပ်နိုင်မည် မဟုတ်ပေ။

မိုဝူကျိုအတွက် ပထမခြေလှမ်းမျှသာ ရှိသေး၏။

ကျောက်စိမ်းပေလွှာက အောင်းမျိုးနွယ်၏ အသက်ဓာတ်စွတ်ပြုတ်အကြောင်း မပြောထားကြောင်း ပြလိုက်သည့်အခါ အောင်းမျိုးနွယ်စုသည် ဆိုးဆိုးရွားရွား ဒေါသူပုန်ထသွားနိုင်သည်။ ဤအခါ သူက ချီခွန်းကို အကူအညီတောင်းရန် ဖိတ်ကြားရန် လိုအပ်နေသည့် အကြောင်းအရင်း ဖြစ်၏။

အကယ်၍ သူက အကြောင်းအရင်း ခိုင်လုံသည့်ဘက်တွင် ရှိနေပြီး ချီခွန်းက သူ့အတွက် ဝင်ပြောပေးလျှင် အောင်းမျိုးနွယ်စုသည် လူအိုကြီးနောက်သာ ဆက်လိုက်ကြလိမ့်မည်။

မိုဝူကျိုက အောင်းမျိုးနွယ်စုသည် လူအိုကြီးကို ရှာမည် ဖြစ်ကြောင်း ၉၀ ရာခိုင်နှုန်းလောက် သေချာသိနေသည်။ မဟုတ်လျှင် လူအိုကြီးသည် သူတို့အား နှစ်များစွာ ကြာသည့်အထိ ကြောက်ရွံ့နေမည် မဟုတ်ချေ။

အောင်းမျိုးနွယ်စုသာ လူအိုကြီးကို ဖမ်းမိသည်နှင့် သူက လေ့ကျင့်ဖို့ရာ အဆင့် ၅ နတ်ဆေးပင်များ ရလာနိုင်သည်။

လူအိုကြီးက အောင်းမျိုးနွယ်စုအား လတိုင်း အသက်ဓာတ်စွတ်ပြုတ် ပေးရသည် ဖြစ်ရာ သူ့၌ အဆင့် ၅ ဆေးပင်များ မည်မျှ ပေါနေမည်နည်း။

အကယ်၍ လူအိုကြီးက သူ့ဆိုင်ကို ပြန်လိုချင်လျှင် သူက အဆင့် ၅ ဆေးပင်များ အလျော်တောင်းလိုက်ရုံသာ ဖြစ်၏။

မိုဝူကျိုက မတော်တဆ ဖြစ်ရပ်သာ မရှိလာခဲ့လျှင် သူ့အကြံအစည်သည် ၉၀ ရာခိုင်နှုန်းလောက် အောင်မြင်နိုင်ခြေ ရှိထားသည်။ သူ မိုဝူကျိုအပေါ် ရိုက်စားလာလုပ်၍ မရပေ။ အကယ်၍ အမြတ်ထုတ်ဖို့ရာ ကြိုးစားကြည့်ပါက ပြန်လည် ပေးဆပ်ရမည် ဖြစ်၏။

……………

မိုဝူကျိုက ဒုတိယအထပ်မှ ဆင်းလာသည့်အခါ ချီခွန်းကို မြင်လိုက်ရသည်။

“ ဆေးလုံးဆရာမို နောက်ဆုံးတော့ ထွက်လာပြီပေါ့ဗျာ။ ကျုပ် ခင်ဗျားကို လေးရက်လောက် စောင့်နေရတာ ” ချီခွန်းက မိုဝူကျို ထွက်လာသည်နှင့် မိုဝူကျိုအား တက်ကြွစွာ နှုတ်ဆက်လိုက်သည်။

အကယ်၍ ရှိုက်ကောသာ မိုဝူကျိုသည် နောက်တဆင့် တက်လှမ်းတော့မည့်ဆဲဆဲ ဖြစ်ပြီး အခန်းပိတ် လေ့ကျင့်ဖို့ လိုအပ်ကြောင်း မပြောထားလျှင် ချီခွန်းက မိုဝူကျိုအား နှောင့်ယှက်ပြီးလောက်လေပြီ။

မိုဝူကျိုက ချီခွန်းကို မြင်သောအခါ သက်ပြင်းချလိုက်မိ၏။ အကယ်၍ ဤနေရာ၌ ချီခွန်း မရှိပါက သူ့တွင် ကင်းထောက်ကျောက်စိမ်းပြားသာ ရှိသည့်အတွက် သိပ်စိတ်မအေးပေ။ ယခု ချီခွန်းက လူကိုယ်တိုင် ရောက်နေပြီ ဖြစ်၍ ကိစ္စများက ပိုမိုလွယ်ကူသွားလောက်၏။

“ ဟားဟား ကျုပ်လည်း ခင်ဗျားကို ရှာမလို့ဗျို့ ” မိုဝူကျိုက ရယ်မောကာ ပြောလိုက်သည်။ ချီခွန်း ရောက်ရှိလာပြီ ဖြစ်၍ သူ့စိတ်အခြေအနေမှာ များစွာ တိုးတက်လာလေသည်။

ချီခွန်းက သူ ရောက်လာသည့်အခါ ပြောဖို့ စကားများကို ပြန်တွေးမိပြီး အနည်းငယ် အားနာကာ ချီတုံချတုံ ဖြစ်မိသွားသည်။

ချီခွန်းက မိုဝူကျိုအား မည်သို့ ပြောရမည်ကို တွေးတောနေစဉ် မှုန်မှိုင်းမှိုင်း အသံတစ်သံ ထွက်ပေါ်လာ၏ “ဆိုင်ပိုင်ရှင် ဘယ်မှာလဲ။ ကျုပ် အသက်ခ၀တ်စွတ်ပြုတ် လာယူ … အာတာအိုရောင်းရင်းချီလည်း ရှိနေတာလား ”

ချီခွန်းက ထိုလူကို မြင်လိုက်သည့်အခါ ပုံမှန်အတိုင်းသာ ခေါင်းညိတ်ပြလိုက်ပြီး “ အစောင့်အောင်းကို ဒီမှာ တွေ့ရလိမ့်မယ်လို့ မထင်ထားဘူး။ တကယ်ကို တိုက်ဆိုင်တာပဲ … ”

သူ့စကားမဆုံးခင် ချီခွန်းက တစ်ခုခုကို တွေးမိဟန်ဖြင့် မိုဂူကျိအား အံ့သြတကြီး ကြည့်လိုက်သည် “ ဆေးလုံးဆရာမို … ဒါက အကြွင်းမဲ့ ကုထုံး ဆေးခန်း မဟုတ်ဘူးမလား ”

မိုဂူကျိက မရေမရာဖြင့် ခေါင်းညိတ်လိုက်ပြီး “ ဟုတ်ပါတယ်။ ဒီဆိုင်က အကြွင်းမဲ့ ကုထုံး ဆေးခန်းပါ။ ကျုပ်က ဒီဆေးခန်းကို ဌားချင်တော့ ဆေးခန်းအဖြစ် ဆက်ဖွင့်ဖို့ လိုအပ်လို့လေ။ ကြည့်ပါဦး ဒီနောက်က နှစ်ယောက်က ကျုပ်ဆီ လာကုကြတာ …. ”

ချီခွန်း၏ မျက်နှာမှာ အနည်းငယ် ဟန်ပျက်သွား၏။ သူ ချီခွန်းက အောင်းမျိုးနွယ်၏ စည်းမျည်းများကို မည်သို့ မသိဘဲ နေမည်နည်း။ သူက မိုဂူကျိအား သတိမပေးနိုင်လိုက်ခင် မိုဂူကျိက ထောင်ချောက်အတွင်း ကျရောက်သွားပြီ ဖြစ်၏။

“ ဩော် … ခင်ဗျားက တာအိုရောင်းရင်းချီရဲ့ မိတ်ဆွေပေါ့။ အရင်ဆုံး ကျုပ်ကို အသက်ခါတ်စွတ်ပြုတ် ပေးပါ ” အစောင့်အောင်း၏ သွင်ပြင်က သူ စကားပြောဟန်နှင့် ဆင်တူပြီး အနည်းငယ် မှုန်မှိုင်းမှိုင်း နိုင်လှသည်။

မိုဂူကျိက မျက်မှောင်ကျုတ်ကာ “ ဘာအသက်ခါတ်စွတ်ပြုတ်လဲ ”

မိုဝူကျို စကားကို ကြားပြီး အစောင့်အောင်း၏ အမူအယာက အေးစက်သွားကာ " မင်းရဲ့ နောက်ခံက ကြီးကျယ်တယ် ထင်ပြီးတော့ မိုးကောင်းကင်မြို့ရဲ့ စည်းမျည်းကို သွေဖယ်မယ်ပေါ့လေ။ မင်းကို ဆယ်ရှိုက်စာ အချိန်ပေးမယ်။ အခုချက်ချင်း အသက်ဓာတ်စွတ်ပြုတ်ကို ပေးလိုက် "

" ဆေးလုံးဆရာမို တကယ်လို့ မိုးကောင်းကင်မြို့ရဲ့ စည်းမျည်းကို ဖောက်ဖျက်မိရင် ကျုပ်တောင် ခင်ဗျားကို ကာကွယ်ပေးနိုင်မှာ မဟုတ်ဘူး " ချီခွန်းက မိုဝူကျိုထံ စိုးရိမ်တကြီး စိတ်ဖြင့် ဆက်သွယ်ကာ သတိပေးလိုက်သည်။

မိုဝူကျိုက ချီခွန်းအား ခေါင်းညိတ်ပြကာ အစောင့်အောင်းအား အေးစက်စက် ကြည့်လိုက်ပြီး " အစောင့်အောင်း ... ခင်ဗျားပြောနေတာကို ကျုပ် တကယ် မသိတာပါ။ ပြီးတော့ ကျုပ်က ဆေးခန်းဖွင့်ထားတယ်ဆိုတာတော့ အမှန်ပါ။ ဒါပေမဲ့ အသက်ဓာတ်စွတ်ပြုတ်ပေးဖို့ တစ်ခါမှ သဘောမတူဖူးသလို အဲဒါနဲ့ ပတ်သတ်ပြီးတော့လည်း သဘောတူရေးထိုးထားတာ မရှိဘူး။ ခင်ဗျားတို့ အောင်းမျိုးနွယ်က အပြင်လူကို အကျပ်ကိုင် ခြိမ်းခြောက်နေတာရော မဖြစ်နိုင်ဘူးလား "

" ဆေးလုံးဆရာမို ခင်ဗျား အသက်ဓာတ်စွတ်ပြုတ်ကို ပြင်ဆင်ပေးဖို့ တကယ်ကြီး သဘောမတူခဲ့ဘူးလား။ အဲလို

သဘောတူစာချုပ်မျိုးကို သဘောမတူခဲ့ဘူးလား ” ချီခွန်းက မိုဝူကျိ စကားကို ကြားသောအခါ စိုးရိမ်တကြီး မေးလိုက်သည်။

မိုဝူကျိက ပြတ်ပြတ်သားသားဖြင့် “ ဟင့်အင်”

ချီခွန်းက မိုဝူကျိအား ခေါင်းညိတ်ပြကာ “ ဆေးလုံးဆရာမို အသက်ခုတ်စွတ်ပြုတ်ကို ပေးဖို့ လက်မှတ်မရေးထိုးခဲ့ဘူးဆိုရင် မိုးကောင်းကင်မြို့မှာ ဘယ်သူကမှ ခင်ဗျားရဲ့ ဆံချည်မျှင်တောင် ထိရဲမှာ မဟုတ်ဘူး ”

အကယ်၍ လူအိုကြီးသာ မိုဝူကျိတွင် ဤသို့ နောက်ခံကောင်းကောင်း ရှိနေပြီး သူ့ထက် ပိုကောင်းသည့် အစီအရင် တစ်ယောက် ဖြစ်နေမှန်း သိလျှင် မိုဝူကျိအား ရွေးချယ်ခဲ့မည် မဟုတ်ပေ။

အစောင့်အောင်း၏ မျက်နှာအမူအယာမှာလည်း ပျက်ယွင်းသွားတော့သည်။ သူက မိုဝူကျိကို ဆက်လက်၍ ဖိအားမပေးတော့ဘဲ ခေးပုံများစွာ ပို့လွှတ်လိုက်သည်။

အစောင့်အောင်းက သတင်းပို့ ခေးပုံများ ပို့လွှတ်လိုက်သည်ကို မြင်ပြီး ချီခွန်းကလည်း နောက်ကောက် ကျမနေပေ။ သူသည်လည်း သတင်းပို့ခေးပုံများစွာ ပို့လွှတ်လိုက်၏။

ချီခွန်း၏ မိုဝူကျိအပေါ် အမြင်မှာ မဆိုးလှပေ။ မိုဝူကျိက တည့်တိုးဆန်ကာ ဖြောင့်မတ်သူတစ်ဦး ဖြစ်၏။ ထို့အပြင် မိုဝူကျိက ကူညီဖို့ရာ ရောက်လာခြင်း ဖြစ်ပြီး သူက မိုဝူကျိအား နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်အကြောင်း မိတ်ဆက်ပေးထားခြင်းသာ ဖြစ်၏။ ယခု မိုဝူကျိက မိုးကောင်းကင်ဂိုဏ်းအား ကိုယ်စားမပြုနိုင်တော့သောကြောင့် သူက နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ဆီ ဝင်နိုင်မည် မဟုတ်တော့ပေ။ ထိုမျှတင် မကသေးဘဲ မိုဝူကျိက နှင်းစက်စိမ်းဆန် စိုက်ပျိုးသည့် နည်းလမ်းကို ဝေမျှပေးရဦးမည် ဖြစ်၏။ ထိုအရာက ချီခွန်းအနေနှင့် မိုဝူကျိအပေါ် အားနာသွားစေသည်။

ထိုအကြောင်းအရင်းများကြောင့် ယခုကိစ္စ၌ သူက မိုဝူကျိဘက်မှ အပြည့်အဝ ထောက်ခံပေးနေခြင်း ဖြစ်၏။

မိုဝူကျိက သက်ပြင်းချလိုက်သည်။ ကိစ္စများက စီစဉ်ထားသည့်အတိုင်း ဖြစ်လာလေ၏။ သူက ချီခွန်းဘက် လှည့်ကာ လက်နှစ်ဖက် ယှက်လိုက်ပြီး “ တာအိုရောင်းရင်း ချီ ကျေးဇူးပါ။ ဒီကိစ္စတော့ ခင်ဗျားအပေါ် အကြွေးတင်သွားပြီ ”

ချီခွန်းနှင့် မိုဝူကျိတို့ စကားပြောနေစဉ် ပုံရိပ်နှစ်ခု ဆင်းသက်လာသည်။

မိုဝူကျိုက အစောင့်အောင်းဘေးသို့ လူနှစ်ယောက် ဆင်းသက်လာသည်ကို မြင်သောအခါ မျက်မှောင်ကျုတ်မိသွားသည်။ သူက သူတို့ကျင့်ကြံဆင့်ကို မမြင်နိုင်သော်လည်း တစ်ယောက်မှာ နတ်ဘုရားဘုရင် ဖြစ်ပြီး နောက်တစ်ယောက်မှာ လောကနတ်ဘုရား ဖြစ်ကြောင်း ပြောနိုင်လေ၏။

ဤအောင်းမျိုးနွယ်စုက နတ်ဘုရားဘုရင်ကိုပင် စေလွှတ်နိုင်သည့်အတွက် အမှန်တကယ်ကို ကြောက်ဖို့ ကောင်းလှသည်။ နတ်ဘုရားနယ်မြေ၏ ဝမ်ချွမ်းတာအိုကျောင်းတော်ပင် နှိုင်းယှဉ်၍ မရပေ။

ချီခွန်းက မြန်မြန် ရှေ့တိုးကာ လက်နှစ်ဖက် ယှက်လိုက်ပြီး “ နတ်ဘုရားဘုရင် ကွမ်းမိကို ဂါဝရပြုပါတယ် ”

ချီခွန်းက လောကနတ်ဘုရား ဖြစ်ပေသည်။ သူက နတ်ဘုရားဘုရင်ကို ဂါရဝပြုလိုက်သော်လည်း တစ်ဖက် လောကနတ်ဘုရားကိုတော့ ယဉ်ကျေးနေစရာ မလိုအပ်ပေ။

ချီခွန်း နှုတ်ဆက်လိုက်သည့် နတ်ဘုရားဘုရင် ကွမ်းမိက ဝါးတုတ်နှင့် တူပေသည်။ သူက ချီခွန်းအား ခေါင်းညိတ်ပြလိုက်ပြီးနောက် မိုဝူကျိုဘက် လှည့်ကာ “ ဆိုတော့

မင်းက စည်းကမ်းတွေကို ဖောက်ပြီးတော့ အသက်ခုတ်စွတ်ပြုတ် မပေးချင်တာပေါ့ ”

မိုဝူကျို စိတ်ထဲ ဒေါသဖြင့် လောင်မြိုက်လာသည်။ ထိုခွေးသားက သူ့ကိုယ်သူ စကြဝဠာကြီး၏ ဗဟိုချက်အလား မှတ်ကာ ပြောဆိုနေသည်။

ထိုခွေးသားက ဒီကိစ္စရဲ့ အကြောင်းအရင်းကိုပင် မေးဖို့ရာ စိတ်ထဲ ရှိဟန် မပေါ်ပေ။ ထို့အပြင် ချီခွန်း ရှိနေသည့်အခါပင် ထိုကဲ့သို့ ဖြစ်နေသေးသည်။ အကယ်၍ ချီခွန်းသာ မရှိနေလျှင် ထိုလူက သူ့အား လက်ဝါးတစ်ချက် ရိုက်ထုတ်ပြီးလောက်လေပြီ။

“ ဟားဟား ... တာအိုရောင်းရင်း ကွမ်းမိရဲ့ စကားတွေက အတော်လေးကို အာဏာရှင်ဆန်တာပဲ။ တကယ်လို့ ကျုပ်သာ ဖြစ်နေရင် ကျုပ် နှလုံးသားလေးတော့ လန့်လွန်းလို့ ခုန်ထွက်လာလောက်ပြီ ” နောက်ထပ် အသံတစ်သံ ထွက်ပေါ်လာ၏။ ထို့နောက် အမျိုးသားတစ်ယောက်နှင့် အမျိုးသမီး တစ်ယောက်တို့က မိုဝူကျို၏ ဆိုင်အပြင်ဘက်သို့ ရောက်ရှိလာသည်။

ထိုအမျိုးသားကို ကြည့်ကာ မိုဝူကျိုက စိတ်ထဲမှ ရေရွတ်မိလိုက်သည်။

**နောက်ထပ် နတ်ဘုရားဘုရင် တစ်ယောက် ....**

တစ်ဖက်တွင် အမျိုးသမီးကိုတော့ သူ မှတ်မိပေသည်။ သူမသည် သူနှင့်အတူ နတ်ဘုရားမြေနိမ့်မှ လာသည့် ယွီလော သာ ဖြစ်၏။

## အခန်း (၉၆၉) : ဘုရင် ဂုဏ်ပုဒ်

အမြဲလိုလို တိတ်ဆိတ်နေတတ်သည့် ယွီလောက မိုဝူကျိအား ခေါင်းညိတ်ပြလိုက်သည်။ မိုဝူကျိ စိတ်ထဲ လေးလံမိသွားတော့သည်။ သူက ထိုအရာနှင့် ပတ်သတ်၍ ခံစားချက် ဆိုးနေမိသည်။ အကြောင်းမှာ ယွီလော၏ မျက်ဝန်းထဲ၌ အားနာမှုကို မြင်တွေ့လိုက်ရ၍ ဖြစ်သည်။ ချီခွန်း မျက်ဝန်း၌လည်း မြင်တွေ့လိုက်ရသေးသည်။

အစပိုင်းတွင် ချီခွန်းက သူ့အား ဆိုင်ကောင်းကောင်း မရှာပေးနိုင်သည့်အတွက် အောင်းမျိုးနွယ်စုနှင့် ပတ်သတ်စေရသည်ဟု အားနာနေခြင်း ဖြစ်မည်ဟု ထင်မှတ်ထားခဲ့သည်။ သို့သော် ကိစ္စများကို ခြုံငုံကြည့်ပါက ချီခွန်းနှင့် ယွီလောတို့၏ အပြစ်ရှိစိတ်က ဆိုင်ကြောင့် မဟုတ်လောက်ပေ။

“ နတ်ဘုရားဘုရင် ရှန်းမင် … ဒါပြောဖို့ ရောက်လာတာလား ” အောင်းမျိုးနွယ်၏ နတ်ဘုရားဘုရင် ကွမ်းမိ၏ လေသံက တည်ငြိမ်လှ၏။ ကျင့်ကြံဆင့်အားဖြင့် သူနှင့် နတ်ဘုရားဘုရင် ရှန်းမင်တို့သည် အတူတူလောက် ဖြစ်ကြပြီး နှစ်ယောက်လုံးမှာ နတ်ဘုရားဘုရင် အဆင့် ၄ ဖြစ်ကြသည်။

သို့သော်လည်း အောင်းမျိုးနွယ်နှင့် မိုးကောင်းကင်ဂိုဏ်းကြားရှိ ခြားနားချက်မှာ ထိုမျှ မရိုးရှင်းပေ။ ထို့အပြင် အောင်းမျိုးနွယ်စုနှင့် မိုးကောင်းကင်ဂိုဏ်းသည် ခွဲမရအောင် ဆက်နွယ်နေသေး၏။ အောင်းမျိုးနွယ်စု မျိုးနွယ်စုဝင် အများစုက မိုးကောင်းကင်ဂိုဏ်း၏ ထိပ်သီးပိုင်းများ ဖြစ်ကြသောကြောင့် မိုးကောင်းကင်ဂိုဏ်းအတွင်း အောင်းမျိုးနွယ်စုသည် အင်အားစု တစ်ခု အဖြစ် ယူဆ၍ ရပေသည်။

ချီခွန်းက မိုဝူကျိအား မျက်စပစ်ပြလိုက်၏။ မိုဝူကျိက နတ်ဘုရားဘုရင် ရှန်းမင်အား မြန်မြန် နှုတ်ဆက်ကာ ဖြစ်စဉ် အပြည့်အစုံကို ရှင်းပြလိုက်သည်။

မိုဝူကျိ စကားကို ကြားပြီးနောက် နတ်ဘုရားဘုရင် ဟွမ်းမိက မထူးမခြားနား ပြောလိုက်သည် “ မင်းရဲ့ အဌားစာချုပ်ကို ထုတ်စမ်း ”

အဆင့်မြင့် ကျင့်ကြံသူတစ်ယောက်အနေနှင့် လူအိုကြီး ရှင်း တွေးနေသည့်အရာများကို မည်သို့ မသိဘဲ နေမည်နည်း။ လူအိုကြီးရှင်းက ထွက်သွားချင်သည်မှာ ကြာမြင့်လှလေပြီ။ သို့သော်လည်း သူက အကြောင်းပြချက် ရှာမတွေ့နိုင်သောကြောင့် ကြားနေ အချောင်ခံရမည့်သူကို ရှာလိုက်ခြင်း ဖြစ်၏။

အောင်းမျိုးနွယ်စုက လူအိုကြီးရှင်းကို လွှတ်ပေးလိုက်သည့် အကြောင်းအရင်းမှာ သူတို့အနေနှင့် လူအိုကြီးရှင်းဆီမှ အသက်ခေတ်စွတ်ပြုတ် ထပ်၍ မရနိုင်တော့မှန်း သိ၍ ဖြစ်သည်။ ထို့ကြောင့် သူတို့က လူအိုကြီးရှင်းအား နတ်ဘုရားဘုရင် ဂုဏ်သိက္ခာကို ထောက်ထားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

အကယ်၍ လူအိုကြီးရှင်းသာ အသက်ခေတ်စွတ်ပြုတ်အတွက် ဆေးပင် ရှိနေသေးပါက ကြားခံရမည့်သူက မည်သူ ဖြစ်နေစေကာမူ အောင်းမျိုးနွယ်စုက လွှတ်ပေးမည် မဟုတ်ပေ။

မိုဝူကျိုက သဘောတူစာချုပ်ကို ထုတ်လိုက်သော်လည်း နတ်ဘုရားဘုရင် ကွမ်းမိဆီ မပေးဘဲ ချီခွန်းဆီသာ ပေးလိုက်၏။ ချီခွန်းက နတ်ဘုရားဘုရင် ရှန်းမင်ဆီ ပေးလိုက်သည်။

နတ်ဘုရားဘုရင် ဟွမ်းမိ မျက်ဝန်းထဲ ပဓာနမထားသည့် အရိပ်အယောင် ပေါ်လာသည်။ အကယ်၍ လူအိုကြီးရှင်းသည် သင့်တော်သည့် သဘောတူစာချုပ်ကို မပြင်ဆင်ထားနိုင်ခဲ့လျှင်

သူက နှစ်အကြာကြီး အလကားသပ်သပ် ဖြုန်းမိသွားခြင်းသာ ဖြစ်ပေသည်။

နတ်ဘုရားဘုရင် ရှန်းမင်က ကျောက်စိမ်းပေလွှာကို အကြိမ်များစွာ ဖတ်ရှုပြီးနောက် ရိုးရိုးရှင်းရှင်း ထုတ်ပြောလိုက်သည် “ မိုဝူကျိုက အောင်းမျိုးနွယ်စုကို အသက်ခတ်စွတ်ပြုတ်ပေးဖို့ တာဝန် မရှိဘူး ”

“ မဖြစ်နိုင်တာ ” နတ်ဘုရားဘုရင် ကွမ်းမိ၏ မျက်နှာထားက အကြီးအကျယ် ပြောင်းလဲသွားတော့သည်။

နတ်ဘုရားဘုရင် ရှန်းမင်က လက်ထဲမှ ကျောက်စိမ်းပေလွှာကို နတ်ဘုရားဘုရင် ကွမ်းမိဆီ ပေးလိုက်ပြီး “ ခင်ဗျားကိုယ်တိုင် ကြည့်ကြည့် .... ကျုပ် မျက်လုံးတွေက အသက်ကြီးပေမဲ့ ကောင်းကောင်း အလုပ်လုပ်တုန်းဆိုတာ သေချာတယ် ”

နတ်ဘုရားဘုရင် ကွမ်းမိ၏ စိတ်စွမ်းအားက ကျောက်စိမ်းပေလွှာပေါ် ရောက်ရှိလာသည်နှင့် ချက်ချင်းဆိုသလို သူ့အမူအယာ ပျက်ယွင်းသွားတော့သည်။ ကျောက်စိမ်းပေလွှာပေါ်၌ မည်သည့် မသမာသည့် နည်းလမ်းမျိုး ရှိမနေသလို အောင်းမျိုးနွယ်စုအား အသက်ခတ်စွတ်ပြုတ် ပေးရန်အကြောင်းလည်း မပါရှိပေ။ အောင်းမျိုးနွယ်နှင့်

ပတ်သတ်၍ တစ်ခုတည်းသော ပြောထားသည့် အကြောင်းမှာ ဆိုင်သည် အောင်းမျိုးနွယ် အပိုင် ဖြစ်ကြောင်းသာ ဖြစ်၏။

“ အရမ်းကောင်းတယ် ရှင်းပိုင်ရှန်း .... ငါ့အောင်းမျိုးနွယ်က မင်းအရိုးတွေကို တစစီ လုပ်ပြီးတော့ အမှုန့်ဖြစ်အောင် လုပ်ပစ်မယ် ” နတ်ဘုရားဘုရင် ကွမ်းမိက လက်သီးဆုပ်ကာ ကျောက်စိမ်းပေလွှာအား ပြာအဖြစ် လောင်ကျွမ်းပစ်လိုက်၏။

နတ်ဘုရားဘုရင် ရှန်းမင်က အေးစက်စွာ ပြောလိုက်သည် “ ကွမ်းမိ ဒါက ဘာသဘောလဲ ”

နတ်ဘုရားဘုရင် ကွမ်းမိက တည်တည်ငြိမ်ငြိမ်ဖြင့် “ အောင်းမျိုးနွယ်က ဆိုင်လေးတစ်ခုအတွက် နောင်တရနေမှာ မဟုတ်ဘူး။ ဒီနေ့ကစပြီးတော့ ဒီဆိုင်ရဲ့ တစ်နှစ်တာ လုပ်ပိုင်ခွင့်က မိုဝူကျိ အပိုင်ပဲ။ ငါ့အောင်းမျိုးနွယ်ကို ဘာမှပေးစရာ မလိုတော့ဘူး ”

ထိုသို့ပြောပြီးနောက် သူက မိုဝူကျိအား အေးစက်စွာ ကြည့်လိုက်ရင်း “ တစ်နှစ်ကြာပြီးရင်တော့ မင်း တတ်နိုင်သမျှ ဝေးဝေးသာ ပြေးပေတော့ ”

မိုဝူကျိ၏ အောင်းမျိုးနွယ်အပေါ် အမြင်မှာ နိမ့်ကျသွားတော့သည်။ အကယ်၍ သူသာ လုံလုံလောက်လောက် အားကောင်းနေပါက

ထိုခွေးသားအား တစ်ချက်တော့ ဘယ်ပြန်ညာပြန် ချပစ်လိုက်မည်။

ထိုနတ်ဘုရားဘုရင် ရှင်းပိုင်ရှန်းလည်း အောင်းမျိုးနွယ်၏ အလိမ်အညာ မိသွားခြင်းသာ ဖြစ်ပြီး အသက်ခေတ်စွတ်ပြုတ်များစွာ ပေးခဲ့ရခြင်း ဖြစ်လိမ့်မည်။ ယခု သူက ထွက်သွားပြီ ဖြစ်သော်လည်း အောင်းမျိုးနွယ်က သူ့အရိုးများအား အမှုန့်လုပ်ပစ်လိုနေဆဲ ဖြစ်သည်။ ဤအောင်းမျိုးနွယ်ကား စိတ်ထား ယုတ်မာလှသည်မှာ သိသာလှသည်။

လူအိုကြီးက သူ့အား လိမ်ညာခဲ့သော်လည်း သူ့အနေနှင့် မသက်မသာ ခံစားမိနေဆဲ ဖြစ်သည်။ သူတို့ကြားရှိ အကြီးဆုံး အမှိုက်သရိုက်မှာ အောင်းမျိုးနွယ်သာ ဖြစ်၏။

မိုဝူကျိအား စိတ်ပျက်သွားစေသည်က မိုးကောင်းကင်ဂိုဏ်းသည်လည်း နတ်ဘုရားဘုရင် လွှတ်လိုက်၍ အောင်းမျိုးနွယ်က လူအိုကြီးကို ပြန်ဖမ်းမည့်အစား သူ့အား ဆိုင်စီမံခွင့် တစ်နှစ်တာ ပေးလိုက်ရခြင်း ဖြစ်ပေသည်။ အကယ်၍ သူတို့သာ လူအိုကြီးကို ပြန်မဖမ်းလာလျှင် မိုဝူကျိအနေနှင့် အဆင့် ၅ ဆေးပင် ရရှိဖို့ အခွင့်အရေးကိုလည်း လက်လွှတ်လိုက်ရမည် ဖြစ်၏။

တချို့သော အကြံအစည်များက စိတ်ကူးများ၌သာ အောင်မြင်တတ်သည်။ သူ့အကြံအစည် အရှေ့ပိုင်းသာ အဆင်ပြေပြေ ဖြစ်နေသော်လည်း နတ်ဆေးပင် တစ်ပင်မှ မရလိုက်ချေ။

နတ်ဘုရားဘုရင် ကွမ်းမိနှင့် အောင်းမျိုးနွယ်မှ အစောင့်များက ထွက်သွားကြတော့သည်။ နတ်ဘုရားဘုရင် ရှန်းမင်က မိုဝူကျိအား ခေါင်းညိတ်ပြလိုက်ပြီးနောက် ယွီလောနှင့်အတူ ထွက်ခွာသွားတော့သည်။ သူက ချီခွန်းကြောင့် ရောက်ရှိလာခြင်း မဟုတ်ဘဲ ယွီလောက သူ့အကူအညီ တောင်းခံနေ၍သာ ဖြစ်၏။

အားလုံး ထွက်သွားပြီးနောက် ချီခွန်းက လက်နှစ်ဖက် ယှက်ကာ “ ဆေးလုံးဆရာမို တကယ်တော့ ကျုပ် ခင်ဗျားကို လာတောင်းပန်တာပါ ”

မိုဝူကျိက ဤသို့ ဖြစ်လာနိုင်ခြေအား မှန်းဆထားပြီးသား ဖြစ်၏။ သို့သော်လည်း သူက ပြန်ပြောလိုက်သည် “ အစ်ကိုချီက ကျုပ်ကို အကြီးကြီး ကူညီပေးထားတာပါ။ ကျုပ်က ခင်ဗျားကို ကျေးဇူးတင်ရမှာပါဗျာ ”

ချီခွန်းက ခေါင်းခါကာ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်၏ စစ်ဆေးမှု ပုံစံ ပြောင်းလဲသွားသည့် အကြောင်းနှင့် သူ့ဂိုဏ်းအကြောင်း ရှင်းပြလိုက်သည်။ ထို့နောက် သူက မိုဝူကျိ၏

တုံ့ပြန်မှုကို တိတ်တဆိတ် စောင့်ဆိုင်းနေလိုက်၏။ အကယ်၍ မိုဝူကျိက ဂိုဏ်း၏ တပည့်များအား နှင်းစက်စိမ်းဆန် စိုက်ပျိုးနည်းအကြောင်း မဝေမျှပေးလိုလျှင် မိုဝူကျိအား တိတ်တဆိတ် ထွက်သွားဖို့ ကူညီပေးဖို့ရာသာ တတ်နိုင်မည်။

သူနှင့် မိုဝူကျိကြားရှိ ဆက်ဆံရေးမှာ မဆိုးလှသော်လည်း သူ့မိုးကောင်းကင်ဂိုဏ်းက မိုဝူကျိအား အလွယ်လေး ထွက်သွားခွင့်ပေးမည် မဟုတ်ပေ။

မိုဝူကျိက တိတ်ဆိတ်သွားလေ၏။ နှင်းစက်စိမ်းဆန် စိုက်ပျိုးခြင်းသည် သူ့အတွက် အခက်အခဲများစွာ မရှိသော်လည်း သူ့နည်းလမ်းကို မည်သို့ သင်ပေးရမည်နည်း။ သူက ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်သော်လည်း သူ့တွင် သင်ပေးရန် နည်းလမ်း မရှိပေ။ အကယ်၍ သူက တပည့်များကို စပါးအား အရွက်ငါးလွှာမြက်နှင့် ကိုင်းကူးစိုက်ကြောင်း သင်ပေးပြီးလျှင်ပင် နောက်ဖြစ်စဉ်အား မည်သို့ သင်ပေးရမည်နည်း။

နှင်းစက်စိမ်းဆန်အား အရွက်ငါးလွှာမြက်နှင့် ကိုင်းကူးစိုက်ပျိုးပြီးသည့်နောက်တွင် နှင်းစက်စိမ်းဆန်အား အကြိမ်များစွာ ရွှေ့ပြောင်းစိုက်ပျိုးရဦးမည် ဖြစ်သည်။ ဤရွှေ့ပြောင်း စိုက်ပျိုးသည့် လုပ်ငန်းစဉ်ကား

အပင်တစ်ပင်ချင်းစီ၏ သဘာဝငါးမျိုး အပေါ် မူတည်နေကာ သူ တစ်ယောက်တည်းသာ ထိုလိုအပ်ချက်များကို အာရုံခံနိုင်ပေသည်။ အကြောင်းမှာ သူ့တွင် စိတ်ဝိညာဉ် မျက်လုံး ရှိပြီး နှံစပါးပင် တစ်ခုချင်း၌ လိုအပ်နေသော သဘာဝဓာတ်ကို အလွယ်တကူ အာရုံခံနိုင်၍ ဖြစ်သည်။ သူက တခြားလူများကို ဤနည်းလမ်းအား မည်သို့ သင်ပေးရမည်နည်း။

“ ဆေးလုံးဆရာမို တကယ်လို့ အရမ်းခက်နေရင်လည်း … ”

မိုဝူကျိက ချီခွန်း စကားကို ဖြတ်ပြောလိုက်သည် “ အစ်ကိုချီက ကျုပ်ကို အများကြီး ကူညီပေးထားတာပါ။ ကျုပ်က နှင်းစက်စိမ်းဆန် စိုက်ပျိုးနည်းကို ဝေမျှပေးရမှာပေါ့ဗျာ ”

“ ဆေးလုံးဆရာမို ကျေးဇူးပါ ” ချီခွန်းက လက်နှစ်ဖက် ယှက်လျက် စိတ်လှုပ်ရှားစွာ ပြောလိုက်သည် “ ဆေးလုံးဆရာမို တကယ်လို့ တစ်ခုခု လိုတာ ရှိရင် ကျုပ် အကောင်းဆုံး ကြိုးစားပြီး ဂိုဏ်းကနေ တောင်းဆိုပေးပါ့မယ် ”

မိုဝူကျိ စိတ်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်လာမိသည်။ သူက မြန်မြန် ပြောလိုက်၏ “ ကျုပ်က အဆင့် ၅ ဆေးပင် လိုအပ်နေတာ။ ခင်ဗျားတို့ဂိုဏ်းဆီက တချို့ တောင်းဆိုပေးလို့ ရမလား။ ခင်ဗျား ဘယ်လောက်ပဲ ရရ ကိစ္စမရှိပါဘူး။ အဲဒါတွေက ကျုပ်အတွက် အရမ်းကို အရေးကြီးလို့ပါ ”

အဆင့် ၅ နတ်ဆေးပင်များသည် မိုးကောင်းကင်ဂိုဏ်းအတွက် အလွန်အရေးကြီးသောအရာများ ဖြစ်၏။ မိုဝူကျို လိုအပ်သော ဆေးပင်များက စျေးနှုန်းမြင့်မားမနေလျှင်ပင် မိုးကောင်းကင်ဂိုဏ်းအနေနှင့် အားလုံးကို ပေးဖို့ရာကား ရိုးရှင်းသည့် ကိစ္စရပ် မဟုတ်ချေ။

ထိုသို့ဆိုလျှင်ပင် ချီခွန်းက ပြောလိုက်၏ " ဆေးလုံးဆရာမို စိတ်ချနေပါ။ ကျုပ် ဂိုဏ်းကနေ အဆင့် ၅ ဆေးပင်တချို့ တောင်းဆိုပေးပါ့မယ်။ ဒါပေမဲ့ သူတို့က အဆင့် ၅ အစွန်းအဖျားနားက ဆေးပင်တွေ ဖြစ်ဖို့များတယ်။ သူတို့စျေးနှုန်းက သိပ်မမြင့်လောက်ဘူး "

မိုဝူကျိုက အဆင့် ၅ နတ်ဆေးပင်များကို လေ့ကျင့်ရန် လိုအပ်နေခြင်း ဖြစ်၏။ စျေးနှုန်းကို အဘယ်ကြောင့် ဂရုစိုက်နေရမည်နည်း။ သူက ထိုစကားများ ကြားလိုက်သောအခါ လက်နှစ်ဖက် ယှက်၍ " အစ်ကိုချီကို ကျေးဇူးတင်ပါတယ်။ တကယ်လို့ အစ်ကိုဆီမှာ သွေးကြောမြစ်၊ မီးတောက်လှိုင်းဝါးနဲ့ အဖူးအပွင့် .... "

ဤတစ်ကြိမ်၌ မိုဝူကျို စကားမဆုံးခင် သူ့အစ်မအား ကုသပေးရန် ခေါ်ဆောင်လာသည့် လူငယ်လေးက ဝင်ပြောလိုက်သည် " သခင်ကြီး ... ကျုပ် အဲဒီဆေးပင်တွေကို

ပြင်ဆင်ထားပြီးပါပြီ။ ကျုပ်က ဆေးလုံး ဖော်စပ်ပေးဖို့ ဆေးလုံးဆရာကို ရှာမတွေ့လို့ပါ။ နောက်ထပ် အဆင့် ၅ ဆေးပင်တွေလည်း ကျုပ်ဆီမှာ တော်တော်များများ ရှိပါတယ် ”

မိုဝူကျိုက ထိုစကားများ ကြားသောအခါ စိတ်ထဲ ဝမ်းသာမိသွား၏။ မကြာခင် သူက အကြောင်းအရာကို နားလည်သွားတော့သည်။ လူငယ်လေး၏ ကျင့်ကြံဆင့်မှာ သာမာန် ဖြစ်နေသော်လည်း အစ်မဖြစ်သူသည် သာမာန်နှင့် အလှမ်းကွာလွန်းလှပြီး လောကနတ်ဘုရား အထွတ်အထိပ်အဆင့် မဟုတ်ပါလော။ ဤသို့မျိုး အဆင့်မြင့် ကျင့်ကြံသူ၌ အဆင့် ၅ ဆေးပင်များစွာ ရှိနေသည်မှာ ပုံမှန်သာ ဖြစ်၏။

“ ဆေးလုံးဆရာမို တခြားဘာလိုသေးလဲ။ တကယ်လို့ ကိစ္စမရှိတော့ရင် နောက်သုံးရက်ကြာရင် ကျုပ်တို့ မိုးကောင်းကင်ဂိုဏ်းဆီ လာပြီး သင်ခန်းစာ ပို့ချပေးပါဦး။ ခင်ဗျားကို ခေါ်ဖို့ လူလွှတ်လိုက်ပါ့မယ်။ အဲလိုဆိုရင်ရော ဘယ်လိုလဲ ” ချီခွန်းက မိုဝူကျိုဆီမှ မကျေမချမ်း ဖြစ်မှုကို မခံစားမိသောကြောင့် စိတ်သက်သာရာ ရသွားတော့သည်။

နှင်းစက်စိမ်းဆန်သည် အခြားသော အပင်များနှင့် မတူပေ။ အကယ်၍ လူတစ်ယောက်၏ စိတ်နှလုံး၌ မကျေနပ်မှုများနှင့် စိုက်ပျိုးလိုက်လျှင် ဒါမှမဟုတ် ထိုသို့ ခံစားချက်မျိုးနှင့်

သင်ကြားပေးလိုက်လျှင် အစစ်အမှန် အနှစ်သာရကို ရရှိမည် မဟုတ်ပေ။

မိုဝူကျိက အနည်းငယ် မလိုလားဟန်ဖြင့် မေးလိုက်သည် “ အစ်ကိုချီ … နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ကို ဝင်ဖို့ ဂိုဏ်းကို ကိုယ်စားပြုတာ အပြင် တခြားနည်းလမ်း မရှိတော့ဘူးလား ”

ချီခွန်းက သူ့အား မိုးကောင်းကင်ဂိုဏ်းသည် စစ်ဆေးမှု၌ ပါဝင်ရန် တပည့်ဆယ်ယောက် ရွေးချယ်ထားကြောင်းနှင့် ထိုဆယ်ယောက်မှာ ဂိုဏ်း၏ ပင်မတပည့်များ ဖြစ်ကြောင်း ပြောပြထားခဲ့သည်။ ထို့ကြောင့် သူ မိုဝူကျိက နှင်းစက်စိမ်းဆန်ကို အံ့အားသင့်ဖွယ် စိုက်ပျိုးနိုင်လျှင်ပင် မိုးကောင်းကင်ဂိုဏ်းအား ကိုယ်စားပြုနိုင်မည် မဟုတ်ချေ။

ချီခွန်းက စိတ်ထဲမှ သက်ပြင်းချလိုက်သည်။ မိုဝူကျိ တစ်ယောက် နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်၏ သေမျိုးနယ်မြေအား စိတ်ဝင်စားသည့် အကြောင်းအရင်းမှာ သူ့စကားများကြောင့် ဖြစ်၏။ ကံမကောင်းသည်က သူ့အနေနှင့် မိုဝူကျိအား များစွာ မကူညီပေးနိုင်ပေ။

ယခု မိုဝူကျိက ထုတ်မေးလိုက်၍ သူက ရှင်းပြလိုက်ရသည် “ တကယ်တော့ နောက်ထပ် နည်းလမ်း နှစ်ခု ရှိသေးတယ်။ တစ်ခုက ရေရှည် နည်းလမ်းပေါ့ … အရင်ဆုံး နိဗ္ဗာန်

အသိပညာရပ်ကျောင်းတော်ရဲ့ အပြင်စည်းဂိုဏ်းကို ဝင်လိုက်ပြီးရင် အမှတ်တွေစုဆောင်းပြီးတော့ တကယ့် တပည့်အစစ်ဖြစ်လာအောင် လုပ်ရမယ်။ ဆေးလုံးဆရာမိုက ဆေးလုံးတာအိုနဲ့ နှင်းစက်စိမ်းဆန် စိုက်ပျိုးတာမှာ ကျွမ်းကျင်တာဆိုတော့ နှစ်တစ်ထောင်အတွင်းမှာ ဂိုဏ်းရဲ့ ရမှတ်တွေနဲ့ တပည့်အစစ်တစ်ယောက် ဖြစ်လာနိုင်တယ် ”

“ အဲဆို ဒုတိယနည်းလမ်းကရော ” ပထမနည်းလမ်းကို ချက်ချင်းပယ်ချလိုက်သည်။

**နှစ်တစ်ထောင်တဲ့လား .... ထားလိုက်ပါတော့ .....**

“ ဒုတိယနည်းလမ်းက အခုလာမဲ့ စစ်ဆေးမှုကို ပါဖို့ နည်းလမ်းကိုရှာရမယ်။ ခင်ဗျားက ဂိုဏ်းကို ကိုယ်စားမပြုနိုင်ပေမဲ့ နယ်လှည့်ကျင့်ကြံသူအနေနဲ့ ဝင်ပြိုင်လို့ ရတယ် ” ချီခွန်းက ဒုတိယနည်းလမ်းကို ရှင်းပြလိုက်သော်လည်း ဤနည်းလမ်းသည် မိုဝူကျိအတွက် ပိုခက်ခဲမည် ဖြစ်ကြောင်း သိပေသည်။

“ နယ်လှည့်ကျင့်ကြံသူ အနေနဲ့ ဘယ်လို ဝင်ပြိုင်နိုင်တာလဲ ” မိုဝူကျိက စိတ်အားတက်ကြွစွာ မေးလိုက်သည်။

ချီခွန်းက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည် “ နယ်လှည့်ကျင့်ကြံသူအနေနဲ့ ဝင်ပြိုင်နိုင်တဲ့ တစ်ခုတည်းသော

နည်းလမ်းက နောက်သုံးလကြာရင် ကျင်းပမဲ့ မော်ပညာရပ်တိုက်ပွဲမှာပဲ။ ထိပ်ဆုံး ဆယ်ယောက်က နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှာ နယ်လှည့်ကျင့်ကြံသူတွေကို ကိုယ်စားပြု ဝင်ပြိုင်နိုင်လိမ့်မယ်။ ဒုတိယတစ်ခုက ဆေးလုံး၊ ပန်းပဲ၊ အစီအရင် ဒါမှမဟုတ် အဆောင်တာအိုတစ်ခုခုမှာ ဘုရင်ဂုဏ်ပုဒ် ရဖို့ပဲ။ နမူနာအနေနဲ့ဆိုရင် တကယ်လို့ ခင်ဗျားက အဆင့် ၅ ဆေးလုံးဘုရင် ဒါမှမဟုတ် အဆင့် ၅ အစီအရင်ဘုရင် ဖြစ်နေရင် စစ်ဆေးမှုမှာ နယ်လှည့်ကျင့်ကြံသူအနေနဲ့ ကိုယ်စားပြုပြိုင်နိုင်လိမ့်မယ်

နယ်လှည့်ကျင့်ကြံသူတွေ အများကြီး ရှိတော့ သူတို့လည်း စစ်ဆေးမှုမှာ နေရာများများ ရနိုင်တာပေါ့။ စုစုပေါင်း နေရာသုံးဆယ်ပဲ ... ဒါပေမဲ့ အဲဒီ နေရာသုံးဆယ်စာကို အထင်မသေးနဲ့။ နယ်လှည့်ကျင့်ကြံသူတွေကြားက ပြိုင်ပွဲက ဂိုဏ်းအတွင်းထက်တောင် ပိုပြင်းထန်သေးတယ် ”

“ အဲဆို ကျုပ်က ဘုရင်ဂုဏ်ပုဒ်ကို ဘယ်လိုရနိုင်လဲ ” မိုဝူကျိုက မြန်မြန် မေးလိုက်သည်။

ချီခွန်းက ပြန်ဖြေလိုက်၏ “ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်က မိုးမြေအောက်က တာအိုအမျိုးမျိုးကို ထောက်ပံ့ပေးထားတာဆိုတော့ ကျင့်ကြံရေး တာအိုတင် မကဘူး။

ဆေးလုံးတာအို၊ ပန်းပဲတာအို၊ အဆောင်တာအို၊ အစီအရင်တာအိုနဲ့ တာအိုအမျိုးမျိုးကို နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်က အသိအမှတ် ပြုပေးထားတယ်။ အဲဒါကြောင့်မလို့ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်က နိဗ္ဗာန်တာအိုမြို့ထဲမှာ တာအိုဂုဏ်ထူးဆောင် မျှော်စင်တွေ တည်ဆောက်ထားတယ်။ တကယ်လို့ အဲဒီ မျှော်စင်မှာ စိမ်ခေါ်ရင် ဘုရင်ဂုဏ်ပုဒ် ရဖို့ အခွင့်အလမ်း ရှိတယ် ”

“ အစ်ကိုချီ ကျေးဇူးပါ။ ကျုပ် အခု နားလည်သွားပြီ ” မိုဝူကျိုက ချီခွန်းအား ကျေးဇူးစကားဆိုလိုက်သည်။ ချီခွန်း၏ စကားများအရ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော် စစ်ဆေးမှု စတင်ရန် တစ်နှစ်မျှ အချိန် ရှိသေး၏။ ဤတစ်နှစ်တာက သူ့အနေနှင့် အဆင့် ၅ ဆေးလုံးဘုရင်အဆင့်သို့ တက်လှမ်းရန် လုံလောက်ပေသည်။ အကယ်၍ သူက အဆင့် ၅ ဆေးလုံးဘုရင် မဖြစ်လာနိုင်လျှင် အဆင့် ၅ နတ်ဘုရား အစီအရင်ဘုရင်အဖြစ် စိမ်ခေါ်ဖို့ ကြိုးစားကြည့်ရမည်။

## အခန်း (၉၇၀) : သူ့ဗဟုသုတများ သင်ကြားပို့ချရာ၌ ပင်္ဒိပကျွ

မိုဝူကျိအား အံ့အားသင့်သွားစေသည်က ချီခွန်း ထွက်သွားသည့်နောက်တွင် လူငယ်လေးက အဆင့် ၅ နတ်ဆေးပင် ၁၉၁ မျိုး ထုတ်ပေးလာခြင်း ဖြစ်၏။ တချို့မှာ ဝယ်ယူလို့ မရနိုင်သော အင်မတန် ရှားပါးသောအရာများ ဖြစ်သည်။

ထိုအထဲ၌ ကြည်လင်ကျောက်စိမ်းပန်းပွင့်လည်း ပါဝင်ပေသည်။ ကြည်လင်ကျောက်စိမ်းပန်းပွင့်မှာ နတ်ကျောက်စိမ်းဆေးလုံးအတွက် အဓိက ပါဝင်ပစ္စည်းဖြစ်ပြီး နတ်ကျောက်စိမ်း ဆေးလုံးမှာ လောကနတ်ဘုရားများ နတ်ဘုရားဘုရင်အဆင့်သို့ အာရုံခံစားမိစေရန် အသုံးပြုသော အဆင့် ၅ နတ်ဆေးလုံး ဖြစ်၏။ ၎င်း၏ တန်ဖိုးမှာ တိုင်းတာ၍ပင် မရပေ။

မိုဝူကျိက ကြည်လင်ကျောက်စိမ်း ပန်းပွင့်ကို မသိမ်းထားပေ။ သူက ကျန်အရာများကို သိမ်းထားလိုက်ပြီး ပြောလိုက်၏ “ ကျေးဇူးပါ … အရင်က ခင်ဗျားတို့ နှစ်ယောက်ကို နေခိုင်းတာက အဲဒီအစောင့်ကြောင့်ပါ။ ဒါပေမဲ့ အခု ကျုပ် မိုဝူကျိက အဆင့် ၅ နတ်ဆေးလုံးဘုရင်အဖြစ်ကို ရောက်သရွေ့ ကျုပ် ပထမဆုံး ဖော်စပ်မဲ့ ဆေးလုံးက သီးခြားနတ်ဆေးလုံး ဖြစ်စေရမယ်လို့ ကတိပေးပါတယ် ”

“ ကျေးဇူးပါ .... ကျေးဇူးပါ ” လူငယ်လေးက စကားနှင့် မဖော်ပြနိုင်လောက်သည့်အထိ ပျော်ရွှင်မိနေသည်။ သူ့ပါရမီက ဆိုးရွားပြီး ကျင့်ကြံဆင့်က အရမ်းနိမ့်ကျ၏။ သူ့ကို အစ်မဖြစ်သူက အမြဲကာကွယ်ပေးခဲ့ရသည့်အတွက် သူက ရှက်ရွံ့ကာ မချင့်မရဲ ပုံစံမျိုး ဖြစ်နေခြင်း ဖြစ်သည်။

သူ့အစ်မဖြစ်သူ စကားပြောနိုင်သေးလျှင် သူ့အား သူတို့ရတနများအား သေချာပေါက် ထုတ်ပြခိုင်းမည် မဟုတ်ပေ။ သို့သော် သူ့အစ်မက သေခြင်းတရားနှင့် ရင်ဆိုင်နေရစဉ် သူ့အနေနှင့် ဤအရာများကို ဆက်လက် ဂရုမစိုက်နိုင်တော့ပေ။ သူ့အစ်မသာ ပြန်ကောင်းလာသေရွေ့ မည်သည့် အခကြေးမဆို ပေးဆပ်ရန် လိုလားပေသည်။

မိုဝူကျိုက လူငယ်လေး ပခုံးကို ပုတ်ကာ “ တကယ်လို့ မင်း စိတ်မရှိရင် ကျုပ်ကို ဆေးလုံးဆရာမို ဒါမှမဟုတ် စီနီယာအစ်ကိုမိုလို့ ခေါ်ပေါ့။ မင်းတို့ နှစ်ယောက်ကိုရော ဘယ်လိုခေါ်ရမလဲ ”

လူငယ်လေးက စိတ်အားတက်ကြွစွာ ပြောလိုက်၏ “ အစ်ကိုကြီးမို ... ကျုပ်အစ်မက ချီပင်းပါ။ ကျုပ်က ချီချွမ်းပါ ”

မိုဂူကျိနှင့် ပိုရင်းနီးစေရန် သူက မိုဂူကျိအား စီနီယာအစ်ကို သို့မဟုတ် ဆေးလုံးဆရာမိုဟု ခေါ်ဆိုမနေတော့ဘဲ အစ်ကိုကြီးဟုသာ တည့်တိုး ခေါ်ဆိုလိုက်တော့သည်။

“ မင်းအစ်မကို ဂရုစိုက်လိုက်ဦး။ အခု ဆေးလုံး ဖော်စပ်ဖို့ လေ့ကျင့်လိုက်ဦးမယ် ” မိုဂူကျိက ချီချွမ်းအား ညွှန်ကြားလိုက်သည်။ သူက အဆင့် ၃ နှင့်အောက် ဆေးလုံးများအား ရှိုက်ကောဆီ ပေးလိုက်ပြီးနောက် ဒုတိယအထပ်ရှိ သူ့အခန်းထဲ ပြန်ဝင်သွားတော့သည်။

သူက ဆေးနည်း လိုအပ်နေခြင်း မဟုတ်ဘဲ ဆေးပင်များ လိုအပ်နေခြင်းသာ ဖြစ်၏။ နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း၏ ကျောက်စိမ်းပေလွှာများတွင် အဆင့် ၆ ဆေးနည်းများပင် ပါရှိနေသေး၏။ ယခု သူက ဆေးပင်များ ရှိနေပြီ ဖြစ်ရာ သူ့ပထမဦးစားပေးမှာ အဆင့် ၅ နတ်ဆေးလုံးဘုရင်အဖြစ် တက်လှမ်းရန် ဖြစ်၏။

................

အဆင့် ၅ ဆေးလုံးနှင့် အဆင့် ၄ ဆေးလုံးကြားရှိ ကွာခြားချက်မှာ အဆင့်တစ်ခုတည်းမျှ မဟုတ်ပေ။ မိုဂူကျိက အဆင့် ၄ နတ်ဆေးလုံးများကို လေ့ကျင့်စဉ်အခါက နတ်ဆေးပင် လုံလုံလောက်လောက် ရှိခဲ့သည်။

အဆင့် ၅ နတ်ဆေးလုံးကို ဖော်စပ်နိုင်သော ဆေးလုံးဆရာများကို နတ်ဆေးလုံးဘုရင်ဟု ခေါ်ဆိုကြသည်။ အဆင့် ၅ နတ်ဆေးပင်များ ရရှိဖို့နှင့် အဆင့် ၅ နတ်ဆေးလုံး ဖော်စပ်ဖို့ အခက်အခဲများအပြင် နတ်ဘုရားဘုရင်များသာ အဆင့် ၅ ဆေးလုံးကို လိုအပ်၍လည်း ဖြစ်ပေသည်။

မိုးမြေစည်းမျည်းများ၏ တားဆီးမှုကြောင့် အဆင့် ၅ နတ်ဆေးလုံးဘုရင် အဆင့်သည် နတ်ဘုရားကုန်းမြေ၌ ရောက်ရှိနိုင်သည့် အမြင့်ဆုံးအဆင့် ဖြစ်၏။

ထိုသုံးရက်တာအတွင်း မိုဝူကျိက အဆင့် ၅ ဆေးပင် ၁၃၅ ပင်၊ အဆင့် ၄ နှင့် အဆင့် ၃ ရာကျော်စီ သုံးခဲ့ရသည်။ သို့သော်လည်း သူက အဆင့် ၅ ဆေးတစ်လုံးမျှ မဖော်စပ်နိုင်သေးပေ။

ဆေးလုံး ပုံသဏ္ဌာန် ပေါ်လာသည့်အချိန်တိုင်း ထိုအတွင်းမှ တာအိုစွမ်းအားမှာ ရုတ်ချည်း ပျောက်ကွယ်သွားပြီး ဆေးလုံးမှာ ကြေမွသွားတော့သည်။

မိုဝူကျိက အားအပြည့်ထုတ်၍ ဆေးလုံး ဖော်စပ်နေသော်လည်း အသုတ်တိုင်းက ကျရှုံးနေသည့် အကြောင်းအရင်းအမျိုးစုံ ရှိနေကြောင်း သိလိုက်ရသည်။ သူက အဆင့် ၅ ဆေးလုံးတစ်လုံးပင် မဖော်စပ်နိုင်သေးပေ။

ယခု အဆင့် ၅ ဆေးပင်အား သုံးပုံ နှစ်ပုံမျှ သုံးစွဲထားပြီးပြီ ဖြစ်ရာ မိုဝူကျိုက ဆက်လက်၍ မဖော်စပ်ရဲတော့ပေ။

ပထမဦးစွာ သူက အဆင့် ၅ ဆေးပင်များစွာ မကျန်ရှိတော့ပေ။ ဒုတိယအနေနှင့် အဆင့် ၅ ဆေးလုံး မဖော်စပ်နိုင်သည့် အကြောင်းအရင်းမှာ သူ့ကျင့်ကြံဆင့်ကြောင့် ရိုးရိုးရှင်းရှင်း မဟုတ်ကြောင်း ခံစားမိသည်။ ပို၍ အရေးကြီးသည့်အချက်မှာ သူ့မီးတောက်အဆင့်က အရမ်းနိမ့်ကျနေခြင်း ဖြစ်၏။ သူ့ပညာရှင်နှလုံးသား မီးတောက်မှာ အင်မော်တယ် ထိပ်ဆုံးအဆင့် မီးတောက်မျှသာ ရှိနေသေးပြီး နတ်ဘုရားမီးတောက် မဖြစ်လာသေးပေ။

မိုဝူကျိုက အခန်းထဲမှ ထွက်လာချိန် မိုးကောင်းကင်ဂိုဏ်းမှ လူတစ်ယောက်က သူ့အား ကြိုဆိုဖို့ ရောက်ရှိလာသည်။

ရောက်လာသူမှာ ချီခွန်း မဟုတ်ဘဲ ကျုံးကျင်း အမည်ရှိ နတ်ဘုရားအုပ်စိုးသူ အလယ်အလတ်အဆင့် ကျင့်ကြံသူ တစ်ဦး ဖြစ်၏။ သူက စကားနည်းသောသူ ဖြစ်ပေသည်။ သူ့ကျင့်ကြံဆင့်က မိုဝူကျိုထက် များစွာ မြင့်မားနေသော်လည်း သူက မိုဝူကျိုအား ယဉ်ယဉ်ကျေးကျေး ဆက်ဆံပေး၏။

ရှိုက်ကောနှင့် ချီချွမ်းအား စကားတချို့ မှာကြားပြီးနောက် မိုဝူကျိုက မိုးကောင်းကင်ဂိုဏ်းထံ ကျုံးကျင်းနှင့် လိုက်ပါသွားတော့သည်။

မိုးကောင်းကင်မြို့သည် မိုးကောင်းကင်ဂိုဏ်း အစွန်းအဖျားတွင် တည်ဆောက်ထားခြင်း ဖြစ်သောကြောင့် မိုးကောင်းကင်ဂိုဏ်းကို ရောက်ရှိဖို့ရာ နှစ်နာရီပင် မကြာလိုက်ပေ။

မူလက မိုဝူကျိုသည် ကျုံးကျင်းအား အင်မော်တယ် မီးတောက် အဆင့်တက်မည့် နည်းလမ်း မေးလိုသော်လည်း ကျုံးကျောင်း၏ နှုတ်နည်းသည့် သွင်ပြင်ကြောင့် မမေးဖို့ရာသာ ဆုံးဖြတ်လိုက်တော့သည်။

သူက မိုးကောင်းကင်ဂိုဏ်း တပည့် မဟုတ်သည့်အတွက် အသေအချာ မသိသော်လည်း သူ့သင်ခန်းစာ ပို့ချမည့် တည်နေရာမှာ ဂိုဏ်း၏ ပင်မနေရာနှင့် အဝေးဆုံးတွင် တည်ရှိနေသည်။ ဤခန်းမကို အပြင်ဂိုဏ်းသားများအတွက် သင်ကြားပို့ချရာအဖြစ် အသုံးပြုလေ့ ရှိပြီး ယခုအခါ မိုဝူကျို၏ သင်ခန်းစာအတွက် ယာယီ အသုံးပြုခြင်း ဖြစ်သည်။

မိုဝူကျိုက အခန်းပိတ်နေရာမှ နောက်ကျ ထွက်လာသောကြောင့် ကျုံးကျင်းနှင့် သူ ရောက်ရှိလာသည့်အချိန်တွင် ခန်းမကြီးကား လူများစွာနှင့် ပြည့်နှက်နေပြီ ဖြစ်၏။

မိုဝူကျိုက ကြည့်လိုက်သည့်အခါ အနည်းဆုံး လူတစ်ရာလောက် ရှိကြောင်း သိလိုက်သည်။ အမြင်နှင့်တင် မိုးကောင်းကင်ဂိုဏ်းသည် စစ်ဆေးမှုအတွက် မရွေးချယ်ခင် လူများစွာ မွေးထုတ်ထားကြောင်း သိလိုက်ရသည်။

ထိုလူတစ်ရာကျော်လုံးက ဝိညာဉ်စွမ်းအားများဖြင့် တောက်ပနေကြပြီး အားလုံးမှာ ကနဦး နတ်ဘုရားအဆင့် ဖြစ်ကြသော်လည်း သူတို့မွေးရာပါ ပါရမီမှာ ထိပ်တန်းအဆင့် ဖြစ်၏။ မိုဝူကျိုက ဤနေရာရှိ ကျင့်ကြံဆင့် အနိမ့်ဆုံးသူမှာ ကနဦး နတ်ဘုရား အဆင့် ၇ ဖြစ်ကြောင်း ပြောနိုင်သည်။ အများစုမှာ ကနဦး နတ်ဘုရား အဆင့် ၈ နှင့် ၉ ဖြစ်ကြပြီး ကောင်းကင်နတ်ဘုရား တစ်ပိုင်းအဆင့်များလည်း ပါရှိကြသည်။

မိုဝူကျိုက ကနဦး နတ်ဘုရားအဆင့် ၅ တွင် ဖြစ်ပြီး သူ့ဝိညာဉ်စွမ်းအားမှာ သိပ်မထင်ရှားပေ။ တစ်ချက်တည်းကြည့်ရုံဖြင့် သူက ဆိုးဆိုးရွားရွား ပါရမီဖြင့် ကျင့်ကြံသူ ဖြစ်ကြောင်း သိနိုင်ပေသည်။ သို့သော် သူ ခန်းမအတွင်း ဝင်လာသည်နှင့် တပည့်အများစုက လက်နှစ်ဖက် ယှက်၍ လေးစားမှု ပြသလိုက်ကြသည်။

ဤနေရာတွင် သူ့ကျင့်ကြံဆင့်မှာ အနိမ့်ကျဆုံး ဖြစ်ကြောင်း သိထား၏။ သူက လက်နှစ်ဖက် ယှက်ကာ “ တာအိုရောင်းရင်းတို့

… ဆိုရိုးတစ်ခု ရှိတယ်မလား။ လူတိုင်းစီက သင်ယူနိုင်တာ ရှိတယ်တဲ့ …. ကျင့်ကြံရေးနဲ့ ပတ်သတ်လာရင် အားလုံးက ကျုပ်ထက် အဆင့်မြင့်ကြပါတယ်။ ဒါပေမဲ့ နှင်းစက်စိမ်းဆန် စိုက်ပျိုးနည်းမှာတော့ ကျုပ်က ခင်ဗျားတို့ အားလုံးထက် သာတယ်။ နှင်းစက်စိမ်းဆန် စိုက်ပျိုးနည်းအကြောင်း မပြောခင် မိုးမြေနဲ့ နတ်ဝိညာဉ်စွမ်းအား အပေါ်မှာ ထားတဲ့ အားလုံးရဲ့ အမြင်တွေကို သိချင်ပါတယ် ”

မိုဝူကျိုက အပ်ကျသံပင် ကြားရလောက်နှင့် တိတ်ဆိတ်သွားမှုနှင့် ကြုံလိုက်ရသည်။ ဤသည်မှာ သူ့အား မလေးစားမှုကြောင့် မဟုတ်သလို နှင်းစက်စိမ်းဆန် စိုက်ပျိုးရေးအပေါ် သူ့ဗဟုသုတများကြောင့် မဟုတ်မှန်းလည်း သိလိုက်သည်။ တခြားနည်းဖြင့်ဆိုရလျှင် အကယ်၍ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်သည် စစ်ဆေးမှု၌ နှင်းစက်စိမ်းဆန် စိုက်ပျိုးရေးကို ထည့်မထားပါက မည်သူကမှ သူ့အား ဂရုစိုက်နေမည် မဟုတ်ချေ။

သို့သော်လည်း မိုဝူကျိုက နှင်းစက်စိမ်းဆန် စိုက်ပျိုးစွမ်းရည်သည် အသုံးမကျသည်ဟု မထင်မိပေ။ သူ့အရွက်ငါးလွှာ မြက်နှင့် ကိုင်းကူး စိုက်ပျိုးခြင်းမှာ တခြားသူများ အလွယ်လေး တွေးမိမည့် အရာလည်း မဟုတ်ချေ။

အရွက်ငါးလွှာမြက်သည် နှင်းစက်စိမ်းဆန်အား ထွက်ရှိလာသည့် ပမာဏအား တိုးပွားလာစေသည်။ ထို့အပြင် မိုဝူကျိုက သူ့နှင်းစက်စိမ်းဆန်သည် သဘာဝငါးမျိုး မျှတနေခြင်းမှာ အရွက်ငါးလွှာမြက်ကြောင့်သာ ဖြစ်သည်ဟု ယုံကြည်ထား၏။

ပို၍ အရေးကြီးသည်က မိုဝူကျိုသည် နှင်းစက်စိမ်းဆန် စိုက်ပျိုးနေစဉ် မဟာတာအိုကို အာရုံခံစားမိသည်။ သူက ဤမဟာတာအိုအား အပြည့်အဝ နားမလည်သေးသော်လည်း ဖြည်းဖြည်းချင်း နားလည်လာလိမ့်မည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်သည့် စွမ်းရည်မှာ လူတစ်ရကျော်အား တစ်ခါတည်းဖြင့် ဝေမျှပေး၍ ရမည် မဟုတ်ပေ။

မိုဝူကျိုက လူဦးရေကို နှစ်ဆယ်ခန့်အထိ လျှော့ချရန် တွေးတောနေစဉ် တပည့်တစ်ဦးက ထ၍ မတ်တတ်ရပ်လိုက်သည်။ သူက လက်နှစ်ဖက် ယှက်ကာ “ ဆန်ဆရာမို .... ဒီတပည့်က ကျက်သရေတောင်ရဲ့ အမွေခံတပည့် ချန်းဟောင်ကျီပါ။ ကျုပ် တစ်ခုလောက် အကြံပြုချင်ပါတယ်။ ဆန်ဆရာမိုအနေနဲ့ ကူညီဆောင်ရွက်ပေးဖို့ မျှော်လင့်ပါတယ် ”

သူ့စကားများက ယဉ်ယဉ်ကျေးကျေးဟု ထင်ရသော်လည်း မိုဝူကျိုက မလေးစားမှုသာ ကြားမိသည်။ နတ်ဘုရားကုန်းမြေ၌ ဆန်ဆရာဟူသည့် အခေါ်အဝေါ် မရှိချေ။ ဆန်စိုက်ပျိုးသူ သို့မဟုတ် လယ်သမားဟုသာ ရှိပေသည်။ တပည့်များက အသိပညာ သင်ကြားပေးသော ပညာရှင်များကို ဆရာသမားဟု ခေါ်ဝေါ်ရ၏။ ထို့ကြောင့် ချန်းဟောင်ကျီ ခေါ်ဆိုရမည့် မှန်ကန်သော နည်းလမ်းမှာ “ဆရာမို” ဖြစ်ပြီး “ ဆန်ဆရာမို ” မဟုတ်ချေ။

အပေါ်ယံ၌ ချန်းဟောင်ကျီက မိုဝူကျိုအပေါ် လေးစားမှု ပြသနေသော်လည်း လက်တွေ့၌ သူက ဆန်စပါး စိုက်ပျိုးသောသူအပေါ် အထင်မကြီးပေ။ ဤနေရာသို့ သူ သင်ယူရန် ရောက်လာသည့် တစ်ခုတည်းသော အကြောင်းအရင်းမှာ နိဗ္ဗာန် အသိပညာရပ် ကျောင်းတော်၏ စစ်ဆေးမှုကို ဖြေဆိုနိုင်ရန် ဖြစ်၏။

“ဆရာမို ဒီလူက မိုးကောင်းကင်ဂိုဏ်းရဲ့ ချန်းမျိုးနွယ် ပါရမီရှင်လေးပါ။ ချန်းမျိုးနွယ်ရဲ့ အဆင့်အတန်းက အောင်းမျိုးနွယ်နဲ့ အတူတူလောက်ပဲ …” အသံတစ်သံက မိုဝူကျိုနားထဲ ရောက်ရှိလာသည်။ ထိုအသံက ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားသော်လည်း မိုဝူကျိုက အသံပို့လွှတ်ပေးသည့်သူကို မြင်လိုက်ရသည်။ ထိုသူမှာ

သာမာန်တည်ဆောက်ပုံနှင့် လူငယ်လေး တစ်ဦး ဖြစ်၏။ သူက ကနဦး နတ်ဘုရားအဆင့် ၉ ကျင့်ကြံသူ တစ်ဦး ဖြစ်နေသည်။

မိုဝူကျိက ထိုလူသည် စိတ်ဖြင့် ဆက်သွယ်ကာ ရှင်းပြလိုသည့် အကြောင်းအရင်းကို နားလည်သွား၏။ ဤလူသည် သူက ချန်းဟောင်ကျီကို ရန်စမိမည်ကို စိုးရိမ်ပြီး မိုးကောင်းကင်မြို့၌ မနေနိုင်တော့မည်ကို စိတ်ပူပင်နေခြင်း ဖြစ်သည်။

" အဲလိုဆို ပြောပါဦး " မိုဝူကျိက မထူးမခြားနား ပြောလိုက်သည်။ ထိုအကြောင်းကြားသည့် သတင်းမှာ သူ့အား တစ်စုံတစ်ခု သတိပေးသွားသည်။ နောက်ပိုင်းကျ သူက ဤနေရာ၌ အောင်းမျိုးနွယ် ရှိနေလားဟု မေးမြန်းရမည်။ အကယ်၍ ရှိနေပါက သေချာပေါက် မောင်းထုတ်ပစ်မည်။

" ဆန်ဆရာမို ကျုပ်တို့က နိဗ္ဗာန် အသိပညာရပ် ကျောင်းတော်ရဲ့ နောက်စစ်ဆေးမှုအတွက် ဒီကို နှင်းစက်စိမ်းဆန် စိုက်ပျိုးနည်း လာသင်တာပါ။ ဆန်ဆရာမိုက နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ရဲ့ စစ်ဆေးမှုက နှင်းစက်စိမ်းဆန် စိုက်ပျိုးရုံတင် မဟုတ်ဘဲ အစီအရင်တာအို၊ အဆောင်တာအို၊ ဆေးလုံးတာအို တွေလည်း ပါတာ သိ ...." ချန်းဟောင်ကျီ၏ စကားက မြန်ဆန်လှသည်။ သူက တစ်ခါတည်း တစ်ဆက်တည်း ပြောသွားခြင်း ဖြစ်၏။

မိုဂူကျိုက ချန်းဟောင်ကျီ၏ စကားကို ဖြတ်ပြောလိုက်သည် “ အဲဆိုတော့ ”

ချန်းဟောင်ကျီက မိုဂူကျိုသည် စိတ်အခြေအနေ မကောင်းကြောင်း ခံစားမိ၍ တည့်တိုးသာ ပြောလိုက်တော့သည် “ ဆန်ဆရာမိုက နှင်းစက်စိမ်းဆန် စိုက်ပျိုးနည်းကို နေ့တစ်ဝက်လောက်နဲ့ ဘာလို့ မသင်ပေးတာလဲ။ တကယ်လို့ ကျုပ်တို့ နားမလည်တာ ရှိရင် ဆန်ဆရာမိုဆီ တစ်ယောက်စီ လာပြီး ဆွေးနွေးလို့ ရတာပေါ့။ အဲဒီနည်းလမ်းနဲ့ဆိုရင် ကျုပ်တို့လည်း အချိန်ကုန်သက်သာပြီးတော့ တခြားတာအိုတွေကိုလည်း လေ့လာချိန် ပိုများမယ် မဟုတ်ဘူးလား။ ပြီးတော့ နှင်းစက်စိမ်း ဆန် စိုက်ပျိုးတာက တာအိုစည်းမျည်းတွေကိုတောင် မလိုဘူး။ အရိုးရှင်းဆုံးပဲကို ”

ချန်းဟောင်ကျီ၏ စကားများက ရှင်းလင်းလှသည်။ ဤသည်မှာ ဆန်စပါး စိုက်ပျိုးခြင်းမျှသာ ဖြစ်ပြီး သေမျိုးများပင် လုပ်နိုင်သည့်အရာ ဖြစ်၏။ ဆေးလုံး၊ ပန်းပဲ၊ အဆောင်နှင့် အစီအရင်တာအိုကဲ့သို့သော အရာမျိုးနှင့် မည်သို့ နှိုင်းယှဉ်နိုင်မည်နည်း။

မိုဝူကျိုက ခေါင်းညိတ်ကာ နွေးနွေးထွေးထွေး ပြောလိုက်သည် “ အဲဒီ အကြံပြုချက်က မဆိုးပါဘူး။ မင်းတို့အချိန်ကုန်တာတော့ သက်သာသွားမှာပေါ့။ ဒါပေမဲ့ ငါ့အချိန်ကရော လုံး၀ ဂရုစိုက်စရာ မလိုဘူးလား။ ချန်းဟောင်ကျီနဲ့ အတွေးတူတဲ့သူ ရှိလား။ တကယ်လို့ ရှိတယ်ဆိုရင် ရှေ့ထွက်လာပါဦး။ တစ်ချက်လောက် ကြည့်ရအောင် ”

မိုဝူကျို စကားသံ ထွက်လာသောအခါ အနည်းဆုံး အယောက် လေး၊ ငါးဆယ်က မတ်တတ်ရပ်လိုက်ကြသည်။ ထိုလူများက ချန်းဟောင်ကျီ မှန်ကန်ကြောင်း တွေးနေသည်မှာ သိသာလှသည်။ ဆန်စပါး စိုက်ပျိုးခြင်းသည် သေမျိုးများပင် လုပ်နိုင်သည့်အရာ ဖြစ်၏။ ထိုအပေါ်၌ အချိန်များစွာ ဖြုန်းတီးနေ၍ မလိုအပ်ပေ။

“ ဒီလူတွေက ဒီအကြံပြုချက်က မှားနေတယ်။ နှင်းစပါး စိုက်ပျိုးတာက မိုးမြေစည်းမျည်းနဲ့ ဆက်စပ်နေတယ်လို့ တွေးမိတဲ့သူ ရှိလား။ ရှိရင်လည်း မတ်တတ်ရပ်ပေးပါဦး ” မိုဝူကျိုက မေးလိုက်သည်။

နောက်ထပ် အယောက် သုံးဆယ် မတ်တတ်ရပ်လာကြသည်။

မိုဝူကျိုက ခေါင်းညိတ်လိုက်ပြီး “ အဲဆို မတ်တတ်မရပ်တဲ့သူတွေက ဘယ်လိုထင်လဲ ”

“ ကျုပ်တို့က နှင်းစက်စိမ်းဆန် စိုက်ပျိုးနည်းအကြောင်း သင်ဖို့ လာတာလေ။ ဘာမှမသင်ရသေးခင်အထိ ကျုပ်တို့တွေ နှင်းစက်စိမ်းဆန်က စည်းမျည်းတွေနဲ့ ဆက်နွယ်နေမယ်၊ မနေဘူးဆိုတာ မသိနိုင်ဘူး ” ကျင့်ကြံသူတချို့က ပြန်ဖြေလိုက်ကြသည်။

“ မဆိုးပါဘူး။ အခု အားလုံးကို ပြောပြမယ်။ နှင်းစက်စိမ်းဆန် စိုက်ပျိုးတဲ့ ငါ့ရဲ့ နည်းလမ်းက စည်းမျည်းတွေနဲ့ ဆက်နွယ်နေတယ်။ အဲဒါကြောင့် မဆက်နွယ်ဘူးလို့ ယုံကြည်တဲ့သူတွေနဲ့ မတ်တတ်မရပ်တဲ့သူတွေ ခန်းမထဲက ထွက်သွားပေးကြပါ။ မင်းတို့က ငါ့ကျောင်းသား ဖြစ်ဖို့ မသင့်တော်ဘူး ” မိုဝူကျိက အေးအေးဆေးဆေး ပြန်ဖြေလိုက်သည်။

“ဘာအဓိပ္ပါယ်လဲ” ချန်းဟောင်ကျီ၏ မျက်နှာ အနေအထားမှာ အေးစက်သွားတော့သည်။

ထိုနောက် ကနဦး နတ်ဘုရားအဆင့် ၉ ကျင့်ကြံသူ တစ်ဦးက အေးဆေး ပြောလိုက်သည်  “ ဆရာမို … ကျွန်မက တိကျဲပါ။ ကျွန်မတို့က သင်ယူဖို့ ရောက်လာတာပါ။ ကျွန်မတို့ကို ဘာမှမသင်ခင် နှင်းစက်စိမ်းဆန်က စည်းမျည်းတွေနဲ့

ဆက်စပ်နေမယ်လို့ သိမှာ မဟုတ်ဘူးလေ။ ဆရာမိုက ကျွန်မတို့ကို ဘာကြောင့်များ နှင်ထုတ်ရတာလဲ သိပါရစေ ”

ဤနေရာတွင် ထိုင်နေကြသူများမှာ ဂိုဏ်း၏ ပါရမီရှင် တပည့်များသာ ဖြစ်ကြ၏။ သူတို့တစ်ဦးစီ၌ နောက်ခံ မရှိသည့်သူ မည်သူ ပါရှိမည်နည်း။ သူတို့က မိုဝူကျိအား မျက်နှာထောက်ထားနေသော်လည်း မိုဝူကျိ နှင်ထုတ်တိုင်း ထွက်သွားမည်ဟု မဆိုလိုပေ။

## အခန်း (၉၇၁) : ဆင့်ကဲပြောင်းလဲခြင်းအတွက် အခြေအနေ

မိုဝူကျိက ချန်းဟောင်ကျီ၏ စကားကို ပြန်ဖြေဖို့ရာ စိတ်ကူးပင် မရှိပေ။ သူက တိကျဲအား ပြန်ဖြေပေးလိုက်၏ “ငါ့ရဲ့ အချိန်က ကန့်သတ်ချက်နဲ့ဆိုတော့ ငါ သင်ကြားပေးနိုင်မဲ့ လူဦးရေကလည်း ကန့်သတ်ချက်နဲ့ပဲ ... နှင်းစက်စိမ်းဆန် စိုက်ပျိုးရာမှာ အရည်အချင်းမရှိတဲ ကျောင်းသားတွေအပေါ် အချိန်မဖြုန်းနေချင်ဘူး။ အဲဒါကြောင့် ပါရမီအရှိဆုံးကို ရှာရမယ်။ ငါ့အမြင်အရ ဒုတိယ ထရပ်လိုက်တဲ့ ကျောင်းသား အယောက် ၃၀ က ပါရမီအရှိဆုံးပဲ ”

“ ခန်းမထဲက ဘယ်သူ ထွက်သွားရမယ်ဆိုတဲ့ ကိစ္စကို ဆုံးဖြတ်ဖို့ ဆန်ဆရာမိုဆီမှာ လုပ်ပိုင်ခွင့် မရှိမှာကိုပဲ စိုးရိမ်မိသား ” ချန်းဟောင်ကျီက ပြန်ထိုင်လိုက်ပြီး သူ့လေသံမှာ ငေါ့တော့တော့ မကျေမနပ် ဖြစ်နေသည်။ သူက မိုဝူကျီအပေါ် ဘာမှမလုပ်သည်က မိုဝူကျီသည် ဆရာ ဖြစ်နေ၍ မဟုတ်ဘဲ မိုဝူကျီအား ဂိုဏ်းမှ သူတို့ကို သင်ကြားဖို့ရာ ဖိတ်ခေါ်ထား၍ ဖြစ်သည်။

“ ဒီလိုဆိုမှတော့ ကျုပ် ထွက်သွားရတာပေါ့ ” မိုဝူကျီက နောက်တစ်ခွန်း မပြောဘဲ လှည့်ထွက်သွားတော့သည်။

**သူက ကိုယ်ပိုင် ဗဟုသုတ မည်သို့ ဝေမျှပေးမည်ကို ဆုံးဖြတ်ပိုင်ခွင့် မရှိဘူးလား … ဒီလို အကျိုးအကြောင်းမဲ့တာမျိုး ရှိဦးမလား ….**

“ ဆေးလုံးဆရာမို ခဏနေပါဦး ” ပုတိုတို လူတစ်ယောက်က အဝင်ဝ၌ ပေါ်လာသည်။

မိုဝူကျီက ထွက်မသွားသေးဘဲ ခြေလှမ်းကို ရပ်တန့်လိုက်သည်။ သူက ဘေးပတ်ဝန်းကျင်၌ မိုန်ဖျဖျ စိတ်စွမ်းအားကို အာရုံခံမိစားနေသည်မှာ ကြာမြင့်လှပြီ ဖြစ်ရာ ယခု သူ ထွက်သွားသည့်အချိန်မှ ဤလူက အမှန်တကယ် ပေါ်လာ၏။

မိုဝူကျီက လှည့်ကြည့်လိုက်သည့်အခါ ဤလူကြီးက နတ်ဘုရားဘုရင်အဆင့် ကျင့်ကြံသူ ဖြစ်နေ၏။

“ အကြီးအကဲရန်ကို ဂါရဝပြုပါတယ် ” သူတို့က ပုတိုတို အမျိုးသား ခန်းမထဲ ဝင်လာသည်ကို မြင်သောအခါ ကျောင်းသားအားလုံးက ထကာ လေးလေးစားစား ဦးညွတ်လိုက်ကြသည်။

“ မိုဂူကျိက စီနီယာကို ဂါရဝပြုပါတယ် ” နတ်ဘုရားဘုရင် တစ်ယောက်ထံ မိုဂူကျိက မလေးမစား မပြုမူရဲပေ။

ပုတိုတို အမျိုးသားက ရယ်မောကာ “ ကျုပ်နာမည်က ရန်ဖေးပါ။ ဒီမိုးကောင်းကင်ဂိုဏ်းရဲ့ အကြီးအကဲပေါ့။ ကျုပ်ကို ယဉ်ကျေးနေစရာ မလိုပါဘူး။ ကျုပ်ကို တာအိုရောင်းရင်းလို့ ခေါ်ရင် ရပါပြီ ”

ထိုသို့ပြောပြီးနောက် ရန်ဖေးက ကျောင်းသားများထံ လှည့်ကာ “ ဒီနေရာမှာ ရှိနေတဲ့ လူတိုင်းက မိုးကောင်းကင်ဂိုဏ်းရဲ့ ပါရမီရှင် တပည့်တွေချည်းပဲ။ အခု တာအိုရောင်းရင်းမိုရဲ့ စကားက မှန်တယ်။ ဒါက သူ့အသိပညာဆိုတော့ သူ့အနေနဲ့ ဘယ်သူကို လက်ဆင့်ကမ်းပေးမယ်ဆိုတာကို အပြည့်အဝ ဆုံးဖြတ်ပိုင်ခွင့် ရှိတယ် ”

ချန်းဟောင်ကျီသည် ချန်းမျိုးနွယ်မှ ဖြစ်သော်လည်း နတ်ဘုရားဘုရင် အကြီးအကဲနှင့် ရင်ဆိုင်ရသည့်အခါ စကားတစ်ခွန်းမှ မထွက်ရဲပေ။

အကြီးအကဲ ရန်ဖေးက သူတို့ကို ဆူငေါက်၍သာ တော်တော့သည်။ ထို့နောက် သူက ဆက်ပြောလိုက်၏ " ဆရာကြီး ကွမ်းကျန်းက အခုလေးတင် ငါတို့ မိုးကောင်းကင်ဂိုဏ်းကို ရောက်လာတယ်။ အဲဒါကြောင့်မလို့ ဆရာမိုအပြင် အားလုံးက ဆရာကြီးကွမ်းကျန်းဆီကနေလည်း နှင်းစက်စိမ်း ဆန်စိုက်ပျိုးနည်းကို သင်ယူဖို့ ရွေးချယ်နိုင်တယ် "

မိုဝူကျို မမျှော်လင့်ထားသည်က ဆရာကြီးကွမ်းကျန်း ပြောသည့် စကားတစ်ခွန်းက အားလုံးနီးပါးအား စိတ်လှုပ်ရှားသွားစေခြင်း ဖြစ်၏။

မိုဝူကျိုက ဆရာကြီးကွမ်းကျန်းကို မသိသော်လည်း ဤ၊တပည့်များက မိုဝူကျိုလို မဟုတ်ပေ။ ဆရာကြီး ကွမ်းကျန်းသည် နှင်းစက်စိမ်းဆန် စိုက်ပျိုးရာ၌ ဂုဏ်သတင်းသည် မိုးကောင်းကင်ဂိုဏ်းနှင့် မိုးကောင်းကင်မြို့လေး၌သာ ရပ်တန့်နေခြင်း မဟုတ်ဘဲ နတ်ဘုရားမြေမြင့်တစ်လျှောက် လူသိများ ကျော်ကြားပေသည်။ ထို့အပြင် ဆရာကြီးကွမ်းကျန်းသည် နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်အား ဝင်နိုင်သည့် တစ်ဦးတည်းသော ဆန်စပါး စိုက်ပျိုးသည့် ပညာရှင် ဖြစ်ကာ သူက ထွက်သွားဖို့ရာသာ ရွေးချယ်ခဲ့လေ၏။

ဆရာကြီးကွမ်းကျန်းက နတ်ဘုရားကုန်းမြေ၌ ထိပ်တန်းအဆင့် နှင်းစက်စိမ်း ဆန်ကို စိုက်ပျိုးနိုင်သည့် ပညာရှင်ထဲမှ တစ်ယောက် ဖြစ်နေသေး၏။

“ ဆရာမို … ဆရာကြီးကွမ်းကျန်းက မိုးကောင်းကင်ဂိုဏ်းကို ရောက်လာခါစလေ။ အဲဒီအကြောင်းကို ကျုပ်တို့ ကြိုမသိထားတော့ …. ”

မိုဝူကျိုက ဧည့်သည်တစ်ဦး ဖြစ်ပြီး နတ်ဘုရားမြေနိမ့်မှ သီးသန့် ဖိတ်ခေါ်လာသောသူ ဖြစ်၏။ ယခင် သူတို့က မိုဝူကျိုအား စကားပြန်ရုတ်သိမ်းဖူးလေသည်။ အကယ်၍ သူတို့က ထပ်မံ ပြုလုပ်လျှင် ဒုတိယအကြိမ် ဖြစ်သွားပေလိမ့်မည်။ ရန်ဖေးက နတ်ဘုရားဘုရင် ဖြစ်သော်လည်း ရှက်ရွံ့မိနေသည်။

မိုဝူကျို စိတ်ထဲ၌ တွေးနေမိ၏။ ရန်ဖေးက ဤသို့ ပြောနေသည့်အကြောင်းမှာ မထူးဆန်းတော့ပေ။ ဤလူက သူ့အား ဆက်လက် သင်ကြားခိုင်းဖို့ပင် မရည်ရွယ်ထားပေ။

မိုဝူကျိုက မသာမယာ ဖြစ်နေဟန် ပေါ်သော်လည်း မသက်မသာ ဖြစ်မနေပေ။ သူက သူ့အသိပညာများကို ဝေမျှပေးဖို့ စိတ်ကူးလည်း မရှိချေ။ ကံမကောင်းသည်က ချီခွန်းထံမှ အဆင့် ၅ နတ်ဆေးပင်များအား တောင်းဆိုရန် မဖြစ်နိုင်တော့ပေ။

“ ပြဿနာ မရှိပါဘူး။ ဆရာကြီးကွမ်းကျန်းရဲ့ နှင်းစက်စိမ်း ဆန်စိုက်ပျိုးနည်းက ကျူပ်ထက် သာပါတယ်။ သူ့သင်ကြားပေးတာက ပိုကောင်းမှာပါ ” မိုဝူကျိက အေးအေးဆေးဆေး ပြန်ပြောလိုက်သည်။

ချန်းဟောင်ကျီ၏ မျက်ဝန်းများက မိုဝူကျိအား မကျေမနပ် မနှစ်မြို့ဟန် ကြည့်လိုက်သည်။ အကယ်၍ အကြီးအကဲ ရန်ဖေးသာ မရှိနေပါက သူက မိုဝူကျိအား လက်ညိုးထိုး၍ လူအများကြား အရှက်ခွဲမိပေလိမ့်မည်။

“ အကြီးအကဲရန် … တပည့် ချူချန်းတန်က ဆရာမို လက်အောက်မှာ ဆက်လက် သင်ကြားလိုပါတယ်။ ဖြစ်နိုင်ပါသလားရှင့် ” အသံတစ်သံက တိတ်ဆိတ်မှုကို ချိုးဖောက်သွားကာ လူများစွာ၏ အာရုံကို ဆွဲဆောင်သွားသည်။

မိုဝူကျိက တစ်ချက် ကြည့်လိုက်ရုံဖြင့် သူ့ထံ စိတ်ဖြင့်ဆက်သွယ်ကာ သတိပေးသည့် ကျင့်ကြံသူမှန်း သိလိုက်သည်။

ရန်ဖေးက အနည်းငယ် အံ့ဩမိသွား၏။

**ဆရာကြီး ကွမ်းကျန်းက နှင်းစက်စိမ်း ဆန် စိုက်ပျိုးနည်းအား သင်ကြားပို့ချပေးမည် ဖြစ်ရာ မိုဝူကျိ လက်အောက်၌ သင်ယူလိုသည့် သူ ရှိတုန်းလား ....**

ရန်ဖေးက တုံ့ပြန်ကာ ပြုံးလိုက်ပြီး “ ရတာပေါ့ ... ဆရာမိုဆီက သင်ကြားလိုတဲ့သူ ရှိရင် စိတ်ကြိုက် လုပ်လို့ ရတယ်နော် ”

“ ဒီတပည့်ကလည်း ဆရာမိုဆီက သင်ယူလိုပါတယ် ” နောက်ထပ် လူတစ်ဦး ထွက်လာသည်။ မိုဝူကျိက ထိုလူကို မှတ်မိပေသည်။ ထိုသူမှာ သူ ငြင်းပယ်လိုက်သည့် တိကျဲ ဖြစ်နေ၏။

“ဆရာမိုရဲ့ သဘောကရော ” ရန်ဖေးက မိုဝူကျိအား ကြည့်လိုက်သည်။

မိုဝူကျိက ခပ်ယဲ့ယဲ့ ပြုံးကာ “ ရတာပေါ့ ... ဒါပေမဲ့ သူတို့က ကျုပ်ဆိုင်လာပြီးတော့ သင်ရမယ် ”

“ တပည့်တို့ အလိုရှိပါတယ် ” ချူချန်းတန်နှင့် တိကျဲတို့က ဦးညွှတ်ကာ ပြောလိုက်သည်။

သံသယဖြစ်ဖွယ် အကြည့်များကြား ချူချန်းတန်နှင့် တိကျဲတို့က မိုဝူကျိနောက်သို့ လိုက်သွားကြပြီး မိုးကောင်းကင်ဂိုဏ်းမှ မိုးကောင်းကင်မြို့ဆီ ထွက်လာကြသည်။

မိုဝူကျိုက ဤနေရာ၌ ဆက်လက် သင်ကြားလိုလျှင်ပင် မဖြစ်နိုင်ပေ။ တပည့်နှစ်ယောက်တည်းဖြင့် ဂိုဏ်းက သူ့အား ခန်းမ ပေးနိုင်မည် မဟုတ်ပေ။

……………

သူတို့ ဆိုင်ပြန်ရောက်လာသည့်အခါ မိုဝူကျိုက ချူချန်းတန်နှင့် တိကျဲတို့အား ဒုတိယအထပ်သို့ ခေါ်သွားလိုက်ပြီး အတားအဆီး ချထားလိုက်ကာ မေးလိုက်သည် “ မင်းတို့ နှစ်ယောက်က ဘာလို့ ဆရာကြီး ကွမ်းကျန်းဆီက သင်ယူဖို့ မရွေးချယ်ကြတာလဲ။ အဲဒီအစား မင်းတို့က ကနဦး နတ်ဘုရားအဆင့်ပဲ ရှိသေးတဲ့ လယ်သမားတစ်ယောက်ဆီ လိုက်လာတယ်လား ”

ချူချန်းတန်က လေးလေးစားစား ပြောလိုက်သည် “ ဆရာမို … ကျုပ်က နှင်းစက်စိမ်း ဆန်စိုက်ပျိုးတာ စည်းမျဉ်းနဲ့ ပတ်သတ်နေတယ်လို့ အမြဲထင်ခဲ့မိတာ။ ဆရာမိုက ထုတ်ပြောလိုက်တော့ ဆရာမို လက်အောက်မှာ သင်ယူဖို့ ဆုံးဖြတ်လိုက်တာပါ ”

“ မင်းကရော ” မိုဝူကျိုက တိကျဲဘက် လှည့်မေးလိုက်သည်။

တိကျဲက မြန်မြန် ဖြေလိုက်၏ “ ဘာလို့လဲဆိုတော့ ဆရာမို စိုက်ထားတဲ့ နှင်းစက်စိမ်းဆန်ကို မြင်ဖူးလို့ပါ။ အဲဒါက ဆရာကြီး

ကွမ်းကျန်းထက် နောက်ကောက်ကျမှာ မဟုတ်ဘူး။ ဆရာကြီး ကွမ်းကျန်းက သူ တစ်ယောက်တည်း တပည့်ရာကျော်ကို သင်ပေးရမှာဆိုတော့ တစ်ယောက်ချင်းစီကို သေချာသင်ကြားပြသပေးနိုင်မှာ မဟုတ်ဘူးလို့ ထင်လို့ပါ ”

မိုဝူကျိက ပြောစရာပင် ဆွံ့အမိသွားသည်။ ဤ၊တိကျဲက အတော်လေး လက်တွေ့ကျပေ၏။ သူမက သူသည် ဆရာကြီးကွမ်းကျန်းနှင့် သေချာပေါက် မယှဉ်နိုင်လောက်ဘူးဟုသာ တွေးမိလောက်ပေသည်။ သူ့တွင် တပည့်နည်းနေသည့်အတွက် ပိုကောင်းအောင် သင်ပေးနိုင်လိမ့်မည်ဟု တွေးမိ၍သာ ဖြစ်လိမ့်မည်။

မိုဝူကျိက မထူးမခြားနား ပြောလိုက်၏ “ ငါ စိုးရိမ်တာက မင်းတို့ နှစ်ယောက်ကို နှင်းစက်စိမ်းဆန် ဘယ်လို စိုက်ပျိုးရမယ်ကို သင်ပေးဖို့ အချိန်မရှိတာကိုပဲ .... ငါက ဆေးလုံးဆရာဆိုတော့ ငါ့အချိန်တွေကို ဆေးလုံး ဖော်စပ်ရင်းနဲ့ ကုန်လေ့ ရှိတယ်။ ဒါနဲ့ မင်းတို့နှစ်ယောက် အင်မော်တယ်မီးတောက်ကို ဆင့်ကဲပြောင်းလဲစေနိုင်တဲ့ ရတနာမျိုးကို ဘယ်မှာ ရှာရမလဲဆိုတာ သိလား ”

တိကျဲနှင့် ချူချန်းတန်တို့က အချင်းချင်း ကြည့်လိုက်ကြသည်။ သူတို့က မိုဝူကျိဆီမှ ဘာမှမသင်ယူရသေးခင် မိုဝူကျိက အရင်ဆုံး မေးခွန်း မေးနေလေ၏။

“ လေးရက်ကြာရင် နှင်းစက်ကျ နတ်ဘုရားမြို့မှာ လေလံပွဲ ကျင်းပလိမ့်မယ်။ ကောလဟာလတွေအရတော့ အဲဒီမှာ ရှေးဦးမူလ မီးကျောက် ပါမယ်တဲ့။ ရှေးဦးမူလ မီးကျောက်က အင်မော်တယ် မီးတောက်ကို ဆင့်ကဲပြောင်းလဲစေဖို့ အကောင်းဆုံး ရတနာတစ်ခုပဲ ” ချူချန်းတန်က ပြောလိုက်သည်။

မိုဝူကျိက တအံ့တဩဖြင့် “ ရှေးဦးမူလ မီးကျောက်က အင်မော်တယ်မီးတောက်ကို နတ်ဘုရား မီးတောက် ဖြစ်လာအောင် သုံးလို့ ရတယ်လား။ ဘယ်သူက ပြောတာလဲ ”

သူ့တွင် ရှေးဦးမူလ မီးကျောက် ၁၁ ခု ရှိထား၏။ သို့သော်လည်း သူ့ရှေးဦးမူလ မီးကျောက်များသည် သူ့ပညာရှင်နှလုံးသားအား အဆင့် ၉ အင်မော်တယ်မီးတောက်အဖြစ်သာ ဆင့်ကဲပြောင်းလဲစေခဲ့ပြီး သက်ရောက်မှု မရှိတော့ပေ။

ဤတစ်ကြိမ်၌ ချူချန်းတန်က စိတ်ရှုပ်ထွေးသွားလေ၏။ သူက သူ့စကားများပင် မှားသွားလားဟု သံသယ ဖြစ်မိသွားသည်။ အကယ်၍ ရှေးဦးမူလ မီးကျောက်က အင်မော်တယ် မီးတောက်ကို

ဆင့်ကဲမပြောင်းလဲစေနိုင်လျှင် မည်သည့်အရာက လုပ်နိုင်မည်နည်း။

မိုဂူကျိုက အဖြစ်အပျက်ကို နားမလည်ပေ။

**သူ့အင်မော်တယ်မီးတောက်ကို ထောက်ပံ့ပေးနိုင်ရန် ရှေးဦးမူလ မီးကျောက်အား အားပေးမည့် ဒုတိယပစ္စည်းတစ်ခုခု လိုအပ်နေသည်လား ....**

သို့သော်လည်း သူက ဤအရာမျိုးကို မကြားဖူးပေ။

“ ဆရာမို သူ ပြောတာ မှန်ပါတယ်။ ရှေးဦးမူလ မီးကျောက်က အင်မတန် ရှားပါးတဲ့ ရတနာပဲ။ သူတို့က အင်မော်တယ် မီးတောက်ကို နတ်ဘုရားမီးတောက်အဖြစ် ပြောင်းလဲပေးနိုင်တယ် ” ဘေးမှ တိကျဲက ဝင်ပြောလိုက်သည်။

မိုဂူကျိုက ရုတ်တရက် အသိဝင်လာသည်။ သူ့ပညာရှင်နှလုံးသား နတ်ဘုရားမီးတောက်အဖြစ် ဆင့်ကဲပြောင်းလဲမလာသည့် အကြောင်းအရင်းမှာ ရှေးဦးမူလ မီးကျောက် မလုံလောက်၍ မဟုတ်သလို သူ့အနေနှင့် ကြားခံသုံးစရာ လိုအပ်နေခြင်းလည်း မဟုတ်ပေ။ ထို့အစား သူ စကြဝဠာအစွန်းတွင် ရှိစဉ်အခါက မိုးမြေစည်းမျည်းများ၏ ကန့်သတ်ချက်များကြောင့် ပညာရှင်နှလုံးသားကို နတ်ဘုရားမီးတောက်အဖြစ်

မပြောင်းလဲနိုင်ခြင်း ဖြစ်သည်။ ထို့ကြောင့် ရှေးဦးမူလမီးကျောက်သသည် ပညာရှင်နှလုံးသားအား နတ်ဘုရားမီးတောက်အဖြစ် ပြောင်းလဲပေးနိုင်သော်လည်း မိုးမြေစည်းမျည်းများ၏ ကန့်သတ်ချက်ကို ခံခဲ့ရခြင်းသာ ဖြစ်နေ၏။

အကယ်၍ ယခု ကြိုးစားကြည့်ပါက အောင်မြင်နိုင်ကောင်း၏။

“ မင်းတို့ နှစ်ယောက်လုံးကို ကျေးဇူးပါ။ လူတိုင်းစီကနေ သင်ယူစရာ ရှိတယ်ဆိုတာ အမှန်ပဲ .. အခု မင်းတို့ကို နှင်းစက်စိမ်းဆန် စိုက်ပျိုးနည်းအကြောင်း ပြောပြမယ်။ ငါ မပြောပြခင် မင်းတို့နှစ်ယောက်က ငါ့ခွင့်ပြုချက် မရှိဘဲ ငါ သင်ပေးမဲ့အရာကို တခြားသူဆီ ပြန်မဖြန့်ပါဘူးဆိုတာ ကျိန်ဆိုရမယ် ” မိုဝူကျိက နောက်ဆုံးစကား ပြောလိုက်သည့်အခါ သူ့လေသံမှာ လေးနက်လာသည်။

တိကျဲနှင့် ချူချန်းတန်တို့က တုံ့ဆိုင်းမနေဘဲ မိုဝူကျိ၏ အသိပညာများအား မထုတ်ဖော်ပေးကြောင်း ကျိန်ဆိုလိုက်ကြသည်။ လက်တွေ့၌ ဤသို့သော ကျိန်ဆိုမှုမျိုးမှာ သူတို့အပေါ် များစွာ ဖိအား မရှိပေ။ အကြောင်းမှာ သူတို့တွင်လည်း တခြားသူများကို ဝေမျှပေးရန် စိတ်ကူး မရှိ၍ ဖြစ်၏။

“ ကောင်းပြီ ” မိုဝူကျိက အချိန်ဆွဲမနေတော့ပေ။ အသိအမှတ်ပြုသည့် စကားဆိုပြီးနောက် သူက စတင်ရှင်းပြလိုက်သည် “ ငါ့ရဲ့ နှင်းစက်စိမ်းဆန် စိုက်ပျိုးတဲ့ နည်းလမ်းက ကိုယ့်ဘာသာ ဖန်တီးထားတာ … ဒီနည်းလမ်းကို ကိုင်းကူးခြင်းနဲ့ ရွှေ့ပြောင်း စိုက်ပျိုးခြင်းလို့ ခေါ်တယ် ”

မိုဝူကျိက သူ့နည်းလမ်းသည် ကိုယ်တိုင် ဖန်တီးထားကြောင်း ပြောသည်ကို ကြားပြီး ချူချန်းတန်နှင့် တိကျဲတို့က စိတ်အားတက်ကြွလာကြသည်။ သူတို့ ကြားချင်နေသည်နှင့် ကွက်တိ ဖြစ်၏။ အရည်တစ်ခုခု လောင်းထည့်ကာ စိုက်ပျိုးခြင်းကား လမ်းမပေါ်တွင် တွေ့နိုင်သော နည်းလမ်းများ ဖြစ်ပြီး အသုံးမဝင်ပေ။

မိုဝူကျိက အရွက်ငါးလွှာ မြက်ကို ထုတ်ကာ “ ဒါက အရွက်ငါးလွှာမြက်ပဲ။ ငါ့နည်းလမ်းက ပထမဆုံး နှင်းစက်စိမ်းဆန် အညှောင့်လေးကို နှစ်ခြမ်း ခြမ်း ပြီးရင် အရွက်ငါးလွှာမြက်နဲ့ ကိုင်းကူးပေးလိုက်။ အရွက်ငါးလွှာမြက် တစ်ခုမှာ နှင်းစက်စိမ်ဆန် ငါးပင် ကိုင်းကူးရမယ်။ အဲဒါကြောင့်မလို့ နှင်းစက်စိမ်းဆန် ရွှေ့ပြောင်း စိုက်ပျိုးတာက တခြားသူတွေထက် ငါးဆပဲ … ”

“ ဘယ်လို ” မိုဝူကျိ၏ စကားက တိကျဲနှင့် ချူချန်းတန်တို့အား ကြောင်အမ်းသွားစေသည်။

မိုဂူကျို စတင်သင်ကြားစဉ်မှ စ၍ စကားတစ်ခွန်းစီတိုင်းက အံ့သြဖွယ်ကောင်းလှသည်။

မိုဂူကျိုက သူတို့နှစ်ယောက်အား ထိုင်ရန် လက်ဟန်ပြလိုက်ပြီးနောက် ဆက်ပြောလိုက်သည် “ နှင်းစက်စိမ်းဆန် အညှောင့်ကို နှစ်ခြမ်း ခြမ်းလိုက်ရင် အတက်လေးကို တွေ့လိမ့်မယ်။ အဲဒီ အတက်ကို ထက်ဝက်ခွာလိုက် ... အရွက်ငါးလွှာမြက်ရဲ့ အရွက်တစ်ခုစီမှာလည်း အတက် ရှိလိမ့်မယ်။ မင်းတို့ ကိုင်းကူးတဲ့အခါ အရွက်ငါးလွှာမြက်ရဲ့ တစ်ရွက်ချင်းစီပေါ်က အတက်လေးကို နှစ်ပိုင်း ခြမ်းထားဖို့ လိုတယ်။ အဲဒီ နှစ်ပိုင်းခြမ်းထားတဲ့ အတက်လေးကို နှင်းစက်စိမ်းဆန်က အတက်လေးနဲ့ ဆက်နွယ်ပေးလိုက် ... အဲဒါက ပထမအဆင့်ပဲ ”

ချူချန်းတန်နှင့် တိကျဲတို့က ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူများ ဖြစ်ကြသော်လည်း ဤသို့ ကိုင်းကူး စိုက်ပျိုးခြင်းကို ပထမဆုံး ကြားဖူးခြင်း ဖြစ်၏။ သူတို့က နားထောင်လေလေ မိုဂူကျို၏ စကားထဲ မူးယစ်သွားလေလေ ဖြစ်၏။

မိုဂူကျိုက ဆက်မပြောခင် ခဏ ရပ်တန့်လိုက်သည် “ ရွှေ့ပြောင်း စိုက်ပျိုးခြင်းမှာကျ မင်းတို့တွေ သဘာဝငါးမျိုး အစီအရင်ပြားကို

သုံးဖို့ လိုလိမ့်မယ်။ မင်းတို့တွေ ရွှေ့ပြောင်း စိုက်ပျိုးတဲ့အခါ မင်းတို့ရဲ့ ကိုယ်ပိုင်အသိကို အသုံးချရမယ်။ တကယ်လို့ နှင်းစက်စိမ်းဆန်က သဘာဝတစ်မျိုးမျိုး လိုအပ်နေတယ်လို့ ခံစားမိရင် အဲဒါနဲ့ သင့်တော်တဲ့ အစီအရင်ပြားမှာ စိုက်ရုံပဲ ”

ချူချန်းတန်နှင့် တိကျဲတို့က နှင်းစက်စိမ်းဆန် အပင်တိုင်း၏ လိုအပ်နေသော သဘာဝဓာတ်အား အာရုံခံမိဖို့ရာ မဖြစ်နိုင်ပေ။ ထို့ကြောင့် မိုဝူကျိုက သူတို့အား အသိစိတ်အပေါ် မှီခိုရမည်ဟု ပြောလိုက်ခြင်း ဖြစ်၏။ အကယ်၍ သူတို့သာ အကြိမ်များစွာ ကြိုးစားပြီးပါက တစ်ညတည်းနှင့် အောင်မြင်သွားနိုင်သည် မဟုတ်ပါလော။ အကယ်၍ သဘာဝငါးမျိုးထဲမှ တစ်မျိုးကို ဆွဲထုတ်နိုင်လျှင် ပုံမှန်ထွက်နှုန်းနှင့် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်ပေမည်။

## အခန်း (၉၇၂) : မီးတောက် ဆင့်ကဲပြောင်းလဲခြင်း

ချူချန်းတန်နှင့် တိကျဲတို့ ထွက်သွားသည့်အခါ သူတို့က မယုံကြည်နိုင်ဘဲ ဖြစ်နေကြသေးသည်။ မိုဝူကျို၏ စကားများအရ သူတို့က ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်ကို အလွယ်လေး

စိုက်ပျိုးနိုင်ကြလိမ့်မည်။ အကယ်၍ ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်ကို အလွယ်လေး စိုက်ပျိုးနိုင်လျှင် ဤမျှ အဖိုးတန်နေမည် မဟုတ်ပေ။

သို့သော်လည်း သူတို့က မိုဝူကျိ စကားများ အမှန်ဖြစ်ဖို့ရာ မျှော်လင့်နေမိကြသည်။ ထို့ကြောင့် မိုဝူကျိဆီမှ သင်ယူပြီးသည်နှင့် နှစ်ယောက်လုံးက မြန်မြန် နှုတ်ဆက်၍ စမ်းသပ်ကြည့်ရန် ထွက်လာကြတော့သည်။

မိုဝူကျိ၏ အကျိုးမြတ်ကလည်း မနည်းပါးလိုက်ပေ။ ချူချန်းတန်နှင့် တိကျဲတို့ကို ထွက်သွားပြီးနောက် သူက ရှိုက်ကောနှင့် ချီချွမ်းအား ညွှန်ကြားကာ မိုးကောင်းကင်မြို့ထဲမှ ထွက်သွားတော့သည်။

မိုဝူကျိအတွက် အရေးတကြီး လုပ်ဖို့ လိုအပ်နေသည့်အရာမှာ သူ့ပညာရှင်နှလုံးသား ဖြစ်၏။ သို့သော်လည်း မိုးကောင်းကင်မြို့သည် စကြဝဠာအစွန်းကဲ့သို့ မဟုတ်သည့်အတွက် မိုးကောင်းကင်မြို့ထဲ၌ ခြယ်လှယ်နိုင်သည့် ဂိုဏ်းချုပ်မို မဟုတ်ပေ။

သူ့လက်ရှိ အနေအထားဖြင့် မိုးကောင်းကင်မြို့အတွင်း ပညာရှင်နှလုံးသား မီးတောက် ဆင့်ကဲပြောင်းလဲလာစေဖို့

သူ့ရှေးဦးမူလ မီးကျောက်ကို မထုတ်ရဲပေ။ အကယ်၍ သူက အတားအဆီးများ ချထားလျှင်ပင် မလုပ်ရဲသေးချေ။

အကယ်၍ ရှေးဦးမူလ ရတနာ စွမ်းအားသာ ထွက်ပေါ်လာလျှင် လူအများက အပြေးအလွှား ရောက်လာကြလိမ့်မည်။ မိုဝူကျိက သူ့အင်အားမှာ အင်မတန် နိမ့်ကျနေသေးကြောင်း ကောင်းကောင်း သိထား၏။ ယခင် နတ်ဘုရားနယ်မြေအတွင်းတွင် ရှိစဉ် နတ်ဘုရားကုန်းမြေသို့ သွားဖို့ရာ နိဗ္ဗာန တိတ်ဆိတ်မှု ပင်လယ်ကို ဖြတ်သွားရုံအမှအပ ရွေးချယ်စရာ မရှိတော့သည့်အထိ လိုက်ဖမ်းဆီးခံခဲ့ရသည်။

ယခု သူက နတ်ဘုရားကုန်းမြေဆီ ရောက်လာပြီ ဖြစ်ရာ ဤသို့သော အခြေအနေမျိုးနှင့် ထပ်မကြုံတွေ့စေဖို့ မျှော်လင့်မိထား၏။

တစ်ချိန်တည်းဆိုသလို မိုဝူကျိက နှင်းစက်ကျ မြို့ဆီလည်း သွားကြည့်ချင်မိသည်။ ချူချန်းတန် ပြောစကားအရ နှင်းစက်ကျ မြို့အတွင်း ကျင်းပမည့် လေလံပွဲ ရှိပေမည်။ ရှေးဦးမူလ မီးကျောက် ရှိရုံသာမက အမြစ်မဲ့သံမဏိလည်း ပါရှိမည် ဖြစ်၏။

အမြစ်မဲ့သံမဏိသည် ဟို့ထျန်း ပစ္စည်း ဖြစ်သော်လည်း ရှန်းထျန်း ပစ္စည်းတချို့၏ တန်ဖိုးပင် နှိုင်းယှဉ်၍ မရပေ။ အကြောင်းအရင်းမှာ အမြစ်မဲ့ သံမဏိကား သဘာဝခေတ် မရှိသည့် ပစ္စည်း ဖြစ်နေ၍

ဖြစ်သည်။ ပန်းပဲ အတွေ့အကြုံမရှိသည့် လူပင် ဤသို့သော ပစ္စည်းမျိုးဖြင့် ထုလုပ်နိုင်ပေလိမ့်မည်။

အရေးကြီးဆုံးအချက်မှာ မှော်ရတနာအဖြစ် ထုလုပ်ပြီးသည့်နောက်တွင် အမြစ်မဲ့ သံမဏိသည် သူ့ဘာသာ ဆင့်ကဲပြောင်းလဲနိုင်ပေ၏။ နောက်ဆုံးအခြေအနေသို့ ရောက်ရှိသွားသည့်အခါ ရှန်းထျန်းရတနာထက် အားနည်းမည် မဟုတ်ပေ။ ထိုအခက်က မိုဝူကျို၏ ဆေးပြင်းမီးဖို ကျောက်တုံးနှင့် အလားတူပေသည်။ သို့သော်လည်း ဆေးပြင်းမီးဖို ကျောက်တုံးကား ရှန်းထျန်း ရတနာ ဖြစ်၏။

သို့သော် ထိုတစ်ချက်တည်းဖြင့် အမြစ်မဲ့သံမဏိကား ပို၍ အဖိုးတန်နေပြီ ဖြစ်၏။ အကယ်၍ စွမ်းဆောင်ရည်က လိုအပ်နေလျှင် ရှန်းထျန်း ရတနာ ရရှိထားလျှင်ပင် အသုံးပြုရဲမည် မဟုတ်ပေ။ သို့သော်လည်း အမြစ်မဲ့သံမဏိအတွက် အလားတူ မဟုတ်ချေ။ အကယ်၍ ထိုအရာက မှော်ရတနာ ဖြစ်ပြီးသွားပါက သာမာန် မှော်ရတနာကဲ့သို့ အငွေ့အသက်သာ ထွက်ပေါ်နေလိမ့်မည်။ မည်သူကမှ ထိုးထွင်းမြင်နိုင်မည် မဟုတ်ပေ။

နတ်ဘုရားလောကရှိ ထိပ်တန်း ဟို့ထျန်း ရတနာငါးမျိုးအနက် အမြစ်မဲ့သံမဏိသည် တတိယအဆင့် ချိတ်၏။ တခြားသော

လေးမျိုးမှာ လောကကျောက်တုံး၊ အာကာပြင် ရေအတားအဆီး၊ ကူးတို့ဝါးနှင့် အတွေးမဲ့ရွှေတို့ ဖြစ်ကြသည်။

နတ်ဘုရားနယ်မြေတွင် ရှိနေကတည်းက မိုဝူကျို၏ မှော်ရတနာမှာ သူကိုယ်တိုင် ထုဆစ်ထားသည့် ရုပ်ဆိုးဆိုး ပုဆိန်လုံ့ရှည်သာ ကိုင်ဆွဲခဲ့ရသည်။ သူ့လခြမ်းကွေး ပုဆိန်လုံ့ရှည်မှာ အသုံးပြု၍ မရနိုင်တော့ပေ။

ကျင့်ကြံဆင့် ခြားနားချက်မှာ သိပ်မကွာခြားသည့်အခါ မှော်ရတနာကြားရှိ ကွာဟချက်မှာ အနိုင်ရသူနှင့် ရှုံးနိမ့်သူကြား အဆုံးအဖြတ် ဖြစ်လာလိမ့်မည်။ ထို့ကြောင့် မိုဝူကျိုက ထိုအမြစ်မဲ့ သံမဏိကို ဝယ်ယူရန် ရည်ရွယ်ထား၏။ ထိုနည်းလမ်းဖြင့် သူက သူကိုယ်သူ ကာကွယ်နိုင်မည့် အရာကို ရလာလိမ့်မည်။

နင်းစက်ကျ မြို့နှင့် မိုးကောင်းကင်မြို့ကြားတွင် ကူးသန်းရေး အစီအရင် မရှိသည့်အတွက် မြို့နှစ်ခုကြားရှိ အကွာအဝေးမှာ နှစ်ရက်တာလောက် သွားလာခဲ့ရသည်။ ချူချန်းတန် ပြောစကားအရ လေလံပွဲက လေးရက်ကြာပြီးနောက် ကျင်းပမည် ဖြစ်ပေသည်။ ထို့ကြောင့် မိုဝူကျိုအတွက် လုံလောက်ပေသည်။

တစ်ရက်တာ ကြာမြင့်ပြီးနောက် မိုဝူကျိုက မိုးကောင်းကင်မြို့နှင့် အတော်လေး အလှမ်းဝေးသည့် ချောက်ဘေး၌ ပေါ်လာသည်။ ထိုချောက်အတွင်း မိုဝူကျိုက နေရာကျယ်ကျယ်တစ်ခုကို

တွေ့လိုက်ရသည်။ ထို့နောက် သူက အတားအဆီးများနှင့် အစီအရင် အထပ်ထပ် ခင်းကျင်းလိုက်သည်။ ထိုအခါမှ သူက ပညာရှင်နှလုံးသားကို ထုတ်ယူလိုက်၏။

ပညာရှင်နှလုံးသားအတွင်း ပွင့်ချပ် ကိုးခုမှာ အစိမ်းရောင် ဖြစ်နေသည်။ ဤပညာရှင်နှလုံးသားကား အဆင့် ၉ အင်မော်တယ် မီးတောက် ဖြစ်ကြောင်း သိသာလှသည်။

မိုဝူကျိုက ရှေးဦးမူလ မီးကျောက်ကို ထုတ်လိုက်သည်။ ဤရှေးဦးမူလ မီးကျောက်သည် ရှေးဦးမူလ ရတနာ နာမည်နှင့် ထိုက်တန်ပေ၏။ ယခင် သူ့ပညာရှင်နှလုံးသား မီးတောက်ကို အဆင့် ၉ အင်မော်တယ် မီးတောက်အဖြစ် ဆင့်ကဲပြောင်းလဲပေးခဲ့သော်လည်း တစ်စက်လေးမှ အင်အားလျော့နည်းသွားခြင်း မရှိပေ။

မိုဝူကျိုက ရှေးဦးမူလ မီးကျောက်ကို ထုတ်လိုက်သည်နှင့် သူ့ပညာရှင်နှလုံးသားက ပျော်ရွှင်မှုနှင့် ခုန်ပေါက်နေပြီး မိုဝူကျို လက်ထဲမှ ကျောက်ကို ဆွဲယူသွားတော့သည်။

မီးတောက်လေးက မီတာ ဆယ်ချီ မြင့်မားသည့်အထိ ကျယ်ပြန့်လာသည်။ ထို့နောက် မီးတောက် ဗဟိုချက်ရှိ မီးတောက်ပွင့်ချပ်လေး လေးခုက စတင်၍ ပေါင်းစပ်သွားလေသည်။ မိုဝူကျိုက သူ့ပညာရှင်နှလုံးသား၏

မီးတောက် အပူချိန် မြင့်တက်လာကြောင်း ရှင်းရှင်းလင်းလင်း ခံစားမိလာသည်။ အချိန်တိုလေးအတွင်း အပူချိန်က ကြောက်မက်ဖွယ် သတ်မှတ်ချက်အထိ ရောက်ရှိလာသည်။

မီးတောက်လေး ဖြစ်သော်လည်း မိုဝူကျိုက မီးတောက်အတွင်းရှိ အက်ကွဲသံများကို ကြားနေရသည်။ စည်းမျည်းများက ကျိုးပျက်သွားပြီး အသစ်မွေးဖွားလာဟန် ပေါ်၏။

တစ်နာရီကြာမြင့်ပြီးနောက် ပညာရှင်နှလုံးသား မီးတောက်က အလျှင်အမြန် အရှိန်လျော့ကျသွားသည်။ ရေပေါက်လေးအလား ထင်မှတ်လောက်ရအောင်အထိ အပြာရောင် မီးတောက်လေးက မိုဝူကျိုလက်အတွင်း ရောက်ရှိလာသည်။ မိုဝူကျိုက သူ့ပညာရှင်နှလုံးသားပေါ်မှ ရွှေရောင်လိုင်း သုံးလိုင်းကို မြင်လိုက်ရသည်။

ရင်းနှီးသည့် ခံစားချက်တို့ ကြီးစိုးလာသည်။ မိုဝူကျိုက ကြောက်မက်ဖွယ် အပူချိန်သည် အင်မော်တယ် မီးတောက်ထက် ဆယ်ဆမက ပိုပြင်းကြောင်း ခံစားမိ၏။ ပညာရှင်နှလုံးသားအတွင်း သက်ရှိတစ်ခု ဖြစ်လာသည့်အလား မိုဝူကျိုက အသက်ဓာတ်ကိုပင် ခံစားမိနေသည်။

**အဆင့် ၃ နတ်ဘုရား မီးတောက် ....**

မိုဂူကျိုက အတော်လေး ကျေနပ်သွားသည်။ ရှေးဦးမူလ မီးကျောက်သည် အတော်လေး အံ့အားသင့်ဖို့ကောင်းပြီး သူ့ပညာရှင်နှလုံးသားအား အဆင့် ၃ နတ်ဘုရားမီးတောက်အဖြစ် အဆင့်မြင့် ပေးလိုက်သည်။ ထို့အပြင် သူ့ နိမ့်ကျသော ကျင့်ကြံဆင့်လေးဖြင့် ဖြစ်၏။ မဟုတ်လျှင် သူ့ပညာရှင်နှလုံးသားက ထိုထက် ပို၍ အဆင့်မြင့်သွားနိုင်သည်။

ရှေးဦးမူလ မီးကျောက်အား လေလံပွဲ၌ ဝယ်ယူဖို့ရာကား ရိုးရှင်းသည့် ကိစ္စ မဟုတ်ပေ။ သူ့လက်ရှိစွမ်းရည်ဖြင့် ရွှေရောင် နိဗ္ဗာနတာအိုသဲကိုသာ ထုတ်ရတော့မည် ဖြစ်၏။ သို့သော် မီးကျောက်နှင့် လဲလှယ်နိုင်မည်လားတော့ ပြောဖို့ရာ ခက်ခဲလှ၏။

ရွှေရောင် နိဗ္ဗာန တာအိုသဲသည် ပို၍ အဖိုးတန်နေလျှင်ပင် ရှေးဦးမူလ ကျောက်နှင့် အလှမ်းကွာနေသေး၏။ သူ့တစ်ခုတည်းသော မျှော်လင့်ချက်မှာ ရွှေရောင် နိဗ္ဗာနတာအိုသဲသည် နတ်ဘုရားဘုရင်များ အလိုရှိသည့်အရာ ဖြစ်ပြီး နတ်ဘုရားဘုရင်အဆင့်အား သဟဇာတ နတ်ဘုရားအဖြစ် တက်လှမ်းနိုင်မည့် အခွင့်အရေး ပေးနိုင်သည့် ရတနာမျိုး ဖြစ်နေရန် မျှော်လင့်မိ၏။

ဤတစ်ကြိမ်၌ သူ့ပညာရှင်နှလုံးသားမှာ နတ်ဘုရားမီးတောက်အဖြစ် ပြောင်းလဲသွားပြီး ရှေးဦးမူလ

မီးကျောက်အတွင်းမှ စွမ်းအားများကို လျော့နည်းလာစေသည်။ သို့သော်လည်း ဤလျော့နည်းလာမှုကား ကန့်သတ်ထား၏။ နတ်ဘုရားမီးတောက်ပင် သူ့ရှေးဦးမူလ မီးကျောက်ကို များစွာ မသုံးနိုင်သေးပေ။

ပညာရှင်နှလုံးသား ဆင့်ကဲတိုးတက်လာမှုမှာ တစ်နာရီကျော် ကြာမြင့်၏။ တစ်ယောက်ယောက်က ထိုရှေးဦးမူလ မီးကျောက်၏ အရှိန်အဝါကို သတိထားမိသွားလား မသိသော်လည်း မိုဝူကျိက ဤနေရာမှ တတ်နိုင်သမျှ မြန်မြန် ထွက်သွားမည်သာ ဖြစ်သည်။

မိုဝူကျိက အမြန်ဆုံးနှုန်းနှင့် အစီအရင်အလံများကို သိမ်းဆည်းလိုက်၏။ ထို့နောက် သူ့လေလွတ်မြောက်ရေး နည်းစနစ်ကို အသက်သွင်းလိုက်ကာ အစအနမရှိ ပျောက်ကွယ်သွားတော့သည်။

မိုဝူကျိ ထွက်သွားပြီးနောက် အမွေးတိုင်ဝက်စာအချိန်လေးအတွင်း ရွှေရောင် ဝတ်ရုံနှင့် အမျိုးသားတစ်ယောက်က မိုဝူကျိ ရှိခဲ့သည့် နေရာသို့ ရောက်ရှိလာသည်။ သူက ဗလာကျင်းနေသည့် နေရာကို ကြည့်လိုက်ပြီးနောက် ရုတ်ချည်း ကုန်းကာ သဲကို လေ့လာကြည့်လိုက်သည်။ ထို့နောက် သူ့ကိုယ်သူ ရေရွတ်လိုက်လေ၏ “ အမှန်ကို ရှေးဦးမူလ မီးကျောက်ကိုး ... ”

သူ့မျက်နှာက ပြောင်းလဲသွားပြီး သူလည်း ချက်ချင်း ပျောက်ကွယ်သွားတော့သည်။ ထို့နောက် အရိပ်နှစ်ခုက ထိုနေရာသို့ ရောက်ရှိလာကြသည်။ ထိုနှစ်ယောက်က ခဏတာ နေလိုက်ပြီးနောက် ရွှေရောင်ဝတ်ရုံနှင့် အမျိုးသား ထွက်သွားသည့် တည်နေရာအတိုင်း ထွက်သွားကြသည်။

.............

ထိုစဉ် မိုဂူကျိုက နှင်းစက်ကျ မြို့သို့ ရောက်ရှိနေလေပြီ။

သူက မိုးကောင်းကင်မြို့သို့ ရောက်စဉ်ကတည်းက သူ့ရုပ်ရည် အစစ်အမှန်ကို မထုတ်ဖော်ဖူးပေ။ သူ ချူချန်းတန်နှင့် တိကျဲတို့ကို သင်ကြားပေးစဉ်အခါကပင် သူက မျက်နှာဝါ ကျင့်ကြံသူအဖြစ် ရုပ်ဖျက်ထားခြင်း ဖြစ်၏။

ယခု သူက နှင်းစက်ကျမြို့သို့ ရောက်လာသည့်အခါ သူ့ရုပ်ရည်ကို လူလတ်နယ်လှည့် ကျင့်ကြံသူတစ်ယောက်အဖြစ် ပြောင်းလဲလိုက်သည်။ ချူယို့ ပေးထားသော အလယ်အလတ်အဆင့် မျက်နှာဖုံးက သူ့အတွက် အတော်လေး အသုံးဝင်လှသည်။

နှင်းစက်ကျမြို့သည် မိုးကောင်းကင်မြို့ထက် ပို၍ စည်ကားလှသည်။ မိုးကောင်းကင်မြို့ကဲ့သို့ ကြီးကျယ်မှုများ

မရှိသော်လည်း မိုဝူကျိက နှင်းစက်ကျမြို့သည် မိုးကောင်းကင်မြို့ထက် သက်တမ်းကြာရှည်ကြောင်း ပြောနိုင်၏။

တချို့ ဈေးဆိုင်များ၌ အဆင့် ၅ ဆေးလုံးများ ရရှိနိုင်ကြောင်း ဆိုင်းဘုတ်များ ချိတ်ဆွဲထားကြသည်။ မိုဝူကျိက အဆင့်မြင့် နတ်ပစ္စည်းများ ရောင်းချသည့် ဆိုင်တချို့ကိုလည်း တွေ့လိုက်မိသေး၏။

နတ်ဘုရားကုန်းမြေ၌ နတ်ဘုရားဘုရင်များသာ အဆင့်မြင့် နတ်ပစ္စည်းကို သုံးစွဲနိုင်ကြသည်။

မကြာခင် မိုဝူကျိက ချူချန်းတန် ပြောလိုက်သည့် လေလံပွဲ အကြောင်း တွေ့ရှိသွား၏။ ဤလေလံပွဲက နှင်းစက်ကျမြို့ကိုယ်တိုင် ကြီးမှူးကျင်းပခြင်း ဖြစ်သောကြောင့် နေရာအနှံ့ ကြေညာထား၏။ ကြေညာချက်များအရ ဤလေလံပွဲသည် နှင်းစက်ကျမြို့၏ နှစ်ရာချီ သက်တမ်းအတွင်း အကြီးမားဆုံး လေလံပွဲကြီး ဖြစ်လာလိမ့်မည်ဟု ညွှန်းဆိုထားသည်။

လေလံပွဲ၏ ရည်ရွယ်ချက်ကိုလည်း ရှင်းရှင်းလင်းလင်း ရေးသားထား၏။ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော် စစ်ဆေးမှုအတွက် ပြင်ဆင်ရန်သာ ဖြစ်၏။

ခန်းမအတွင်းသို့ ဝင်ရန် လက်မှတ်မှာ အဆင့်မြင့် နတ်ဘုရားကျောက် ငါးထောင် ကုန်ကျမည် ဖြစ်၏။ သီးသန့်အခန်းများအနေနှင့် ဈေးနှုန်းက ပို၍ ကျသင့်ပေမည်။ မိုဝူကျိတွင် နတ်ဘုရားကျောက် လုံလုံလောက်လောက် ရှိနေလျှင်ပင် သူ့အနေနှင့် ရရှိနိုင်မည် မဟုတ်ချေ။ ထိုအရာက မိုဝူကျိအား ငြီးငြူမိသွားစေသည်။ ဝင်ခွင့်လက်မှတ်တစ်ခုတည်းဖြင့် ဤလေလံပွဲသည် အကျိုးအမြတ်များစွာ ရသွားမည် ဖြစ်၏။

မိုဝူကျိက နောက်ကျလွန်းပြီး လက်မှတ်မရရှိတော့မည်ကို စိုးရိမ်မိနေသောကြောင့် လက်မှတ်တစ်စောင် မြန်မြန် ဝယ်ယူလိုက်ရသည်။ လက်မှတ် နံပါတ်မှာ တစ်သောင်းနီးပါး ဖြစ်နေကာ သူ့ခုံနေရာမှာ ၈၇ တန်းမြောက်ရှိ ၁၃၂ မြောက် နေရာ ဖြစ်နေသည်။

လေလံပွဲ ကျင်းပဖို့ တစ်ရက်သာ လိုတော့သောကြောင့် မိုဝူကျိက တည်းခိုဆောင်များ ရှာဖွေမနေတော့ဘဲ နှင်းစက်ကျမြို့အတွင်းရှိ အကြီးမားဆုံး ဆေးပင်ဆိုင် တန်ချန်း ကုန်သည်အိမ်တော်သို့ ထွက်လာလိုက်သည်။

မိုဝူကျိက နတ်ဘုရားကုန်းမြေနှင့် လုံးဝစိမ်းသက်နေခြင်း မရှိပေ။ ထို့အပြင် သူက ချီခွန်းဆီမှလည်း ကြားထားဖူးသောကြောင့်

နှင်းစက်ကျမြို့၏ တန်ချန်းကုန်သည်အိမ်တော်၌ နတ်ဆေးပင် အမြောက်အများ ရနိုင်ကြောင်း သိထားသည်။

မိုဝူကျိက တန်ချန်းကုန်သည်အိမ်တော်အတွင်း ဝင်လိုက်သည့်အခါ ဆိုင်က ကြီးမားသော်လည်း လူအများနှင့် ပြည့်နှက်နေကြောင်း သိလိုက်ရ၏။

ပထမအထပ်၌ လူတစ်ထောင်မှ နှစ်ထောင်ကြား ရှိပေလိမ့်မည်။ မိုဝူကျိ၏ လေ့လာချက်အရ ဤနေရာရှိ ကျင့်ကြံသူအများစုမှာ သူတို့ ဆေးပင်များ ရောင်းချရန် ရောက်ရှိနေကြခြင်း ဖြစ်၏။ သူ့လိုမျိုး ဆေးပင် ဝယ်ယူသည့်သူကို မတွေ့မိပေ။

ရောင်းချနေသော ဆေးပင်များမှာ အဆင့် ၄ နှင့် အောက် ဖြစ်ကြပြီး အဆင့် ၅ ဆေးပင်တချို့လည်း ရှားရှားပါးပါး တွေ့ရသော်လည်း တစ်ပင်၊ နှစ်ပင်မျှသာ ဖြစ်သည်။

လမ်းညွှန်ပေးသည့် အရောင်းဝန်ထမ်း မရှိဘဲ မိုဝူကျိက လူအုပ်ကြား တိုးဝှေ့၍ မေးလိုက်သည် " ကျုပ်က အဆင့်မြင့် ဆေးပင် အများကြီး ဝယ်ချင်လို့ပါ။ ဒီက တာဝန်ခံက ဘယ်မှာလဲ "

မိုဝူကျိ စကားက အထဲရှိ လူတချို့၏ အာရုံကို ဖမ်းစားသွားနိုင်သောကြောင့် မုတ်ဆိတ်အပြောင် ရိတ်ထားသည့် လူက အပြုံးလေးဖြင့် " ဘယ်ဆေးလုံးအိမ်တော်ကလဲဗျ "

“ ကျုပ်က ကျုပ်ရဲ့ မျိုးနွယ်ကို ကိုယ်စားပြုပြီး လာဝယ်တာပါ။ နတ်ဆေးပင် အမြောက်အများ လိုလို့ပါ ” မိုဝူကျိုက ပြုံးကာ ပြောလိုက်သည်။

ပုံမှန်အားဖြင့် နတ်ဆေးပင် အမြောက်အမြား ဝယ်ယူသူများသည် ဆေးလုံးအိမ်တော် သို့မဟုတ် ဆေးလုံးဆရာများ ဖြစ်ကြသည်။

မိုဝူကျိုကို မျိုးနွယ်စု တစ်ခုမှ လွှတ်လိုက်ကြောင်း ကြားပြီး ဤလူက အပြုံးကြီး ပိုဖြီးလာကာ “ ကျုပ်က တန်ချန်းကုန်သည်အိမ်တော်ရဲ့ တာဝန်ခံပါ။ ဒီက တာအိုရောင်းရင်း ဒုတိယအထပ်ကို လိုက်ခဲ့ပေးပါ ”

တန်ချန်း ကုန်သည်အိမ်တော်၏ ပထမအထပ်သည် ရှုပ်ထွေးကာ လူများလွန်းသော်လည်း ဒုတိယအထပ်မှာ အင်မတန် သန့်ရှင်းလှသည်။ မိုဝူကျိုက ကျင့်ကြံသူတချို့သာ မြင်လိုက်ပြီး သူတို့အားလုံးကို ဆိုင်အရောင်းဝန်ထမ်းများက ဦးဆောင်၍ ခေါ်ပေးသွားကြသည်။ ထိုကျင့်ကြံသူများမှာလည်း သူ့ကဲ့သို့ ဖြစ်လောက်၏။

ကုန်းခိုင်၏ လမ်းညွှန်မှုဖြင့် မိုဝူကျိုက အခန်းတစ်ခန်းသို့ ရောက်ရှိလာသည်။ သူတို့နှစ်ယောက် ထိုင်လိုက်သည်နှင့် အမျိုးသမီး ကျင့်ကြံသူလေးက လက်ဖက်ရည်ကြမ်း လာရောက်ဧည့်ခံလေ၏။

“ တာအိုရောင်းရင်းက ဘယ်လို နတ်ဆေးပင်မျိုးကို လိုတာလဲ ” ကုန်းခိုင်က မိုဝူကျိအား မည်သည့် မျိုးနွယ်စုလဲ ဟု မမေးပေ။ သူ့အတွေ့အကြုံဖြင့် မိုဝူကျိသည် မျိုးနွယ်စုကို ကိုယ်စားပြု၍ ရောက်ရှိလာခြင်း မဟုတ်ကြောင်း တစ်ချက်တည်းဖြင့် သိလိုက်၏။ သို့သော် သူက စီးပွားရေး မလုပ်ဘူးဟု ဆိုလိုခြင်း မဟုတ်ပေ။ ပုံမှန်အားဖြင့် ဤသို့ သေးသေးမွှားမွှား စီးပွားရေးက ပိုက်ဆံအများဆုံး ရပြီး ရံဖန်ရံခါ၌ ရှားပါးသော ရတနာများပင် ရလိုက်နိုင်သည်။

“ ကျုပ်က အဆင့် ၅ ဆေးပင် လိုနေတာပါ။ များလေ ကောင်းလေပါပဲ ” မိုဝူကျိက တည့်တိုးသာ ပြောလိုက်သည်။

## အခန်း (၉၇၃) : ဝယ်ယူသူကို ရိုက်စားလုပ်ဖို့ ကြိုးစားသည့် ကုန်သည်အိမ်တော်

ကုန်းခိုင်က မိုဝူကျိ စကားများကို ပြန်မဖြေဘဲ မိုဝူကျိကို မျက်လုံးပြူးပြူးဖြင့် ကြည့်လိုက်သည်။

**အဆင့် ၅ နတ်ဆေးပင်ကို များလေ ကောင်းလေတဲ့လား ....**

**အဆင့် ၅ နတ်ဆေးပင်တွေက ဈေးထဲက ဝယ်လို့ ရတဲ့ ဟင်းရွက်ကန်စွန်း မှတ်နေလားကွ ...**

ခဏအကြာတွင် ကုန်းခိုင်က သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းရင်း ပြောလိုက်သည် “ ဒီက တာအိုရောင်းရင်း အဆင့် ၅ နတ်ဆေးပင်ရဲ့ ဈေးနှုန်းကိုရော သိရဲ့လား ”

မိုဝူကျိ နဖူးပေါ်မှ ချွေးစက်များ စီးကျလာလေသည်။ သူက အဆင့် ၅ နတ်ဆေးပင်များ၏ ဈေးနှုန်းကို မသိထားချေ။

ကုန်းခိုင်၏ မျက်ဝန်း၌ စိတ်ပျက်လက်ပျက် အမူအယာ ပေါ်လာလေသည်။

**ဒီလူကတော့ တကယ်ပါပဲ ....**

သူက မိုဝူကျိအား ထောက်ထားစွာ ကြည့်လိုက်ပြီး စတင် ရှင်းပြလိုက်သည် “ အဆိုးဆုံး အဆင့် ၅ နတ်ဆေးပင်ရဲ့ တန်ဖိုးက အဆင့်မြင့် နတ်ဘုရားကျောက် တစ်သောင်းဝန်းကျင်လောက် ရှိတယ်။ တကယ်လို့ သာမာန် အဆင့် ၅ နတ်ဆေးပင် ဖြစ်မယ်ဆိုရင် ဈေးနှုန်းက သုံးသောင်းလောက်အထိ ဖြစ်သွားလိမ့်မယ်။ ကြည်လင်ကျောက်စိမ်း ပန်းပွင့်တို့လိုမျိုး အကောင်းဆုံးဆိုရင် လေလံပွဲတွေမှာ သန်းချီပေးပြီးတော့ ဆွဲရလိမ့်မယ် ”

မိုဝူကျိုက ထိုအရာကို ကြားသောအခါ အနည်းငယ် နှောင်တရလာမိသည်။ သူက ချီချွမ်းဆီမှ ကြည်လင်ကျောက်စိမ်းပန်းပွင့်ကို ယူထားလိုက်သင့်၏။ ထိုဆေးပင်တစ်ပင်ဖြင့် သူက နတ်ဆေးပင် အပုံလိုက် ရလာနိုင်သည်။

မိုဝူကျိုက ချီပင်းကို တွေးမိသွားသည်။ ဤအမျိုးသမီးက ချမ်းသာကြွယ်ဝကာ အဆင့် ၅ ဆေးပင်ချည်း အပင်ရေ ၂၀၀ လောက် ပိုင်ဆိုင်ထားပြီး ကြည်လင်ကျောက်စိမ်း ပန်းပွင့်ကဲ့သို့သော ရှားပါးသော ဆေးပင်ကိုလည်း ပိုင်ဆိုင်ထားသေး၏။

ဤအမျိုးသမီးက ဤမျှနတ်ဆေးပင်များ ရရှိဖို့ရာ အန္တရာယ် မည်မျှ ဖြတ်ကျော်ခဲ့ရမည်နည်း။

သို့သော်လည်း မိုဝူကျိုက တွေးကြည့်လေလေ ပို၍ သာမာန် ဖြစ်လာကြောင်း ခံစားလာရသည်။ အကယ်၍ ဤအမျိုးသမီးက စွန့်စားမှုသာ မလုပ်ခဲ့လျှင် နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်သို့ သွားကာ ဝိညာဉ်လမ်းကြောင်းများ ပျက်စီးလာမည် မဟုတ်ပေ။ မြစ်ဆီ သွားပါက ခြေထောက် ရေမစိုဖို့ရာ မရှောင်နိုင်ပေ။

မိုဝူကျိုက ချီပင်း၏ အင်အားသည် သေချာပေါက် လက်ဖျားခါလောက်ဖွယ် ဖြစ်ကြောင်း မှန်းဆမိလိုက်သည်။ သူမက ကျင့်ကြံဆင့်တူအတွင်းရှိ လူများကို ကြောက်မည်

မဟုတ်ပေ။ အမြဲတမ်း အသက်ကို စတေးထားသည့်သူက အဆင့်တူအတွင်းရှိ လူများကို လွှမ်းမိုးနိုင်စွမ်း ရှိပေသည်။

ဤသည်မှာ သူ့အတွက်လည်း အတူတူ ဖြစ်ကာ သူ့အနေနှင့် ကျင့်ကြံဆင့်တူအတွင်းရှိ လူများကို အလွယ်လေး သတ်ဖြတ်နိုင်၏။ သူ့လူသားတာအို၏ သဘာဝအပြင် သေမင်းနှုတ်ခါး၀၌ လျှောက်လှမ်းနေရသော အတွေ့အကြုံ ရုန်းကန်မှုများကြောင့်လည်း ဖြစ်ပေသည်။

သူ့သေခြင်း ရှင်ခြင်း ကံကြမ္မာ စက်ဝန်းကို ရရှိစဉ်အခါက သူ အသတ်ခံရလုနီးပါး ဖြစ်ခဲ့ရသည်။ သူ သတ္တကမ္ဘာ လက်ချောင်းပညာရပ်ကို ရခဲ့စဉ်အခါကလည်း လုပ်ကြံခံခဲ့ရသည်။ သူ့လေလွတ်မြောက်ရေး နည်းစနစ်နှင့် ပုဆိန်လှံရှည် တိုက်ကွက် လေးမျိုးလည်း သူ့အနေနှင့် သေမင်းနှုတ်ခါး၀ လျှောက်ပြီး ရလာခြင်း မဟုတ်ပါလော။

ကျင့်ကြံရေးလောက၌ ဂိုဏ်းများနှင့် မျိုးနွယ်စု ဆယ်ချီ လိုက်ကာ အဖမ်းခံဖူးမည်နည်း။ မဟာယဉ်ရှုန်းအဆင့်တွင် ရှိစဉ် မဟာဧကရာဇ်များက ဝိုင်းဖမ်းသည်ကို မည်သူက ကြုံဖူးမည်နည်း။ ကနဦး နတ်ဘုရားအဆင့်တွင် ရှိနေစဉ်အတွင်း ကနဦး နတ်ဘုရား ကျင့်ကြံသူများစွာနှင့် ကောင်းကင်နတ်ဘုရား ကျင့်ကြံသူများစွာ၏ ဝိုင်းဝန်းခြင်းကို ခံခဲ့ရပြီး နတ်ဘုရားဘုရင်၏

အမျက်ပင် ရှခဲ့သေး၏။ ထိုကိစ္စရပ်ကို မည်သူက ကြုံတွေ့ဖူးမည်နည်း။

သူက အားလုံးကို ကြုံတွေ့ခဲ့ရပြီး ဖြတ်ကျော်နိုင်ခဲ့သည် မဟုတ်ပါလော။ ထို့ကြောင့် သူက ကျင့်ကြံဆင့်တူအတွင်း လွှမ်းမိုးချုပ်ကိုင်နိုင်ပြီး အားကောင်းသည့် ပြိုင်ဖက်များကို ကျော်လွန်သွားနိုင်ခြင်း မဟုတ်ပါလော။

တာအို ပညာရပ်က မည်မျှ အားကောင်းနေစေကာမူ ကိစ္စမရှိပေ။ အကယ်၍ သူက ထပ်မံ ကြုံတွေ့ရမည်ဆိုလျှင်လည်း ထိုအဆင့်မြင့် ကျင့်ကြံသူများကို ရန်စဖို့ တုံ့ဆိုင်းနေမည် မဟုတ်ပေ။ ပညာရှင်များက အခန်းထဲတွင် လေ့ကျင့်နေရင်း ဖြစ်ပေါ်လာခြင်း မဟုတ်ချေ။ သူ နောက်က အလိုက်ခံရသည့်အကြိမ်တိုင်း သေခြင်းတရားနှင့် ထိပ်တိုက် ရင်ဆိုင်ရသည့် အချိန်တိုင်း သူ့စိတ်ဆန္ဒက ပို၍ အားကောင်းလာသည်။

“ ကျုပ်က အကောင်းဆုံးတွေကို မလိုပါဘူး။ ကျုပ်ဆီမှာလည်း နတ်ဘုရားကျောက် များများ မရှိဘူး။ ဒါပေမဲ့ ကျုပ်ဆီမှာ ဒါလေး ရှိတယ်။ ဒါက နတ်ဘုရားကျောက် ဘယ်လောက်တန်မလဲ ” မိုဝူကျိုက မေးလိုက်ရင်း ခရမ်း နိဗ္ဗာန တာအိုသဲကို ထုတ်ယူလိုက်သည်။

သူ့တွင် ခရမ်း နိဗ္ဗာနတာအိုသဲ လေးတုံးနှင့် ရွှေရောင် တစ်တုံး ရှိထား၏။ ကျန်အရာများမှာ မီးခိုးရောင်၊ လိမ္မော်ရောင် သို့မဟုတ် အစိမ်းရောင် ဖြစ်ကြ၏။

မိုဝူကျိုက နိဗ္ဗာနတာအိုသဲသည် အရမ်းကို အံ့ဩဖို့ကောင်းသည့်အရာဟု ယုံကြည်ထားသည်။ နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း၏ မှတ်တမ်းထဲတွင်ပင် နိဗ္ဗာနတာအိုသဲအကြောင်း မပြောထားဘဲ အရောင်လေးရောင် ရှိကြောင်းသာ ရှင်းပြထား၏။ မိတ်ဆက်အရ ခရမ်းနိဗ္ဗာန တာအိုသဲသည် လောကနတ်ဘုရားအား နတ်ဘုရားဘုရင်အဆင့် တက်လှမ်းရန် ခွင့်ပြုပေးသည်။ ထို့ကြောင့် ရွှေရောင် နိဗ္ဗာနတာအိုသဲသည် နတ်ဘုရားဘုရင်အဆင့်အား သဟာဇာတ နတ်ဘုရားအဆင့် တက်လှမ်းနိုင်ရန် ကူညီပေးနိုင်လောက်၏။

“ ခရမ်း နိဗ္ဗာနတာအိုသဲလား ” ကုန်းခိုင်က စိတ်လှုပ်ရှားလွန်း၍ မိုဝူကျို၏ ခရမ်း နိဗ္ဗာန တာအိုသဲအား ဆွဲယူဖို့ ကြိုးစားလိုက်သည်။ သူက တာအိုသဲကို မထိလိုက်နိုင်ခင် မိုဝူကျိုက အမြန် သိမ်းယူသွားလေ၏။

ကုန်းခိုင်၏ မျက်ဝန်း၌ ရှက်ရွံ့သည့် ပုံစံ ပေါ်လာကာ ပြောလိုက်သည် “ အားနာပါတယ်ဗျာ ... ခရမ်းနိဗ္ဗာန တာအိုသဲက အရမ်း ရှားတော့ ကျုပ် မသင့်တော်တာ လုပ်မိသွားတယ် ”

မိုဝူကျိုက ခပ်ယဲ့ယဲ့ ပြုံးကာ သူ့စကားအား ဘာမှပြန်မပြောပေ။

ကုန်းခိုင်က ကုန်သည်အိမ်တော်၏ တာဝန်ခံ ဖြစ်၏။ မိုဝူကျို၏ ခွင့်ပြုချက် မရှိဘဲ ကုန်းခိုင်က သူ့ပစ္စည်းကို ထိချင်နေခြင်း ဖြစ်ရာ လုံးဝကို မသင့်တော်ပေ။

“ တာဝန်ခံကုန်း ဒီနိဗာန တာအိုသဲက ဘယ်လောက်တန်တယ်လို့ ထင်လဲ ” မိုဝူကျိုက မေးလိုက်သည်။

ကုန်းခိုင်က ခဏတာ တွေဝေသွားပြီး “ ဘယ်လိုလဲ … ခင်ဗျားကို အဆင့် ၅ အပင် လေးဆယ် ပေးမယ်လေ ”

မိုဝူကျိုက နှာခေါင်းရှုံ့ကာ နိဗာနတာအိုသဲကို သိမ်းထားလိုက်ပြီး မတ်တတ်ရပ်လိုက်တော့သည် “ ဒီလိုဆိုမှတော့ ကျုပ် သွားလိုက်ပါဦးမယ် ”

“ ဒီက တာအိုရောင်းရင်းက ဘာလို့ ရုတ်တရက်ကြီး ထွက်သွားချင်တာလဲ ” ကုန်းခိုင်က အနည်းငယ် ဒေါသထွက်သွားသည်။

ခရမ်း နိဗာနတာအိုသဲသည် နတ်ဘုရားနယ်မြေနှင့် စာလျှင် နတ်ဘုရားကုန်းမြေ၌ ပို၍ အဖိုးတန်ပေသည်။ နတ်ဘုရားကုန်းမြေက နိဗာနတာအိုသဲ အသုံးပြုပုံကို ရှာတွေ့ထားသည်မှာ ကြာမြင့်လှပြီ ဖြစ်ပြီး

နတ်ဘုရားနယ်မြေကား ယခုလတ်တလောလေးမှ သိရှိထားခြင်း ဖြစ်၏။ ဤနှစ်များစွာ၌ အားလုံးက ချင်းဟိုင်လမ်းကြောင်း ပေါ်လာသည့်အခါတိုင်း ခရမ်း နိဗ္ဗာနတာအိုသဲကို ရှာဖွေကြသည်။ ဤနှစ်များစွာ ကြာမြင့်ပြီးနောက် နိဗ္ဗာနတာအိုသဲ မည်မျှသာ ကျန်ရှိတော့မည်နည်း။

“ ကျုပ်က နတ်ဆေးပင် ဝယ်ဖို့ ရောက်လာတာကို ခင်ဗျားက ကျုပ်ကို လှည့်ဖျားဖို့ လုပ်နေတာလေ။ ကျုပ်က ကျုပ်ပစ္စည်းကို တခြားကုန်သည်အိမ်တော်နဲ့ အလဲအလှယ်လုပ်လို့ ရတာပဲ ” မိုဝူကျိုက မကျေမနပ် ပြောလိုက်သည်။

ကုန်းခိုင်က နေရခက်စွာဖြင့် “ ဒီလိုဆိုရင်ရော .... တာအိုရောင်းရင်းက ဈေးပြောလိုက်ပါ။ တောင်းဆိုတဲ့ဈေးက မိုးတမျှ မြင့်နေပေမဲ့ ပေးတဲ့ဈေးက မြေကြီးတမျှ နည်းနေနိုင်တာပဲလေ ”

“ တာအိုရောင်းရင်းကုန်း ... တကယ်လို့ ခရမ်းနိဗ္ဗာနတာအိုသဲနဲ့ ကြည်လင် ကျောက်စိမ်း ပန်းပွင့်ကို ယှဉ်ရင် ဘယ်ဟာက ပိုအဖိုးတန်မယ် ထင်လဲ ” မိုဝူကျိုက ကုန်းခိုင်အား ကြည့်ကာ မေးလိုက်သည်။

ကုန်းခိုင်က တုံ့ဆိုင်းနေပြီးနောက် “ သူတို့က အတူတူလောက်ပါပဲ ”

မိုဝူကျိုက စိတ်ထဲမှ အေးစက်စွာ ရယ်မောလိုက်တော့သည်။ သူက ကြည်လင်ကျောက်စိမ်း ပန်းပွင့် စျေးနှုန်းသည် သူ့ခရမ်း နိဗ္ဗာနတာအိုသဲထက် ပိုမြင့်မားမည်ကို ယုံကြည်ထားသည်။ နိဗ္ဗာန တာအိုသဲသည် တခြားသူ၏ တာအိုအသိမှ ဖြစ်တည်လာခြင်း ဖြစ်ပြီး ကြည်လင်ကျောက်စိမ်း ပန်းပွင့်သည် သဘာဝအတိုင်း မိုးမြေစည်းမျဉ်းများမှ ဖြစ်တည်လာခြင်း ဖြစ်၏။

သို့သော်လည်း နတ်ဘုရားကုန်းမြေ၌ လူအများစုမှာ ခရမ်း နိဗ္ဗာနတာအိုသဲသည် ပို၍ အဖိုးတန်ကြောင်း ယုံကြည်ကြလိမ့်မည်ဟု အသေအချာ သိနေသည်။ အကယ်၍ သူတို့ တန်ဖိုးသည် အတူတူ ဖြစ်ပါက ချီပင်းသည် သူမအသက်ကို စွန့်စား၍ နိဗ္ဗာန တိတ်ဆိတ်မှု ပင်လယ်အထိ သွားမည် မဟုတ်ပေ။

ကြည်လင်ကျောက်စိမ်း ပန်းပွင့်၏ အသုံးဝင်မှုမှာ နတ်ကျောက်စိမ်း ဆေးလုံးအဖြစ်သာ အသုံးပြုနိုင်သောကြောင့် ဖြစ်၏။ နတ်ကျောက်စိမ်း ဆေးလုံးသည် အဆင့် ၅ ဆေးလုံးများ၌ ဖော်စပ်ဖို့ရာ အခက်ခဲဆုံး ဆေးလုံး ဖြစ်ပြီး သာမာန် အဆင့် ၅ ဆေးလုံးဘုရင်များ မဖော်စပ်နိုင်ကြပေ။ နတ်ဘုရားကုန်းမြေ၌ အဆင့် ၅ နတ်ဆေးလုံးဘုရင် မည်မျှ ရှိမည်နည်း။ သူတို့ကြား၌ အဆင့် ၅ နတ်ကျောက်စိမ်း ဆေးလုံးကို လူမည်မျှ ဖော်စပ်နိုင်မည်နည်း။

ဤသို့သော ပန်းပွင့်မျိုးကို ရရှိခြင်းက ကံကောင်းခြင်းဟု ဆိုလို့ ရပေသည်။ သို့သော် ဆေးလုံး ဖော်စပ်ခြင်း ကျရှုံးသွားပါက ဒုတိယ ပန်းပွင့် ရှာတွေ့ဖို့ရာ ကံကောင်းနိုင်မည်လား။

မိုဝူကျိုက ကုန်းခိုင် စကားများကို ပြန်မဖြေဘဲ တည်တည်ငြိမ်ငြိမ် ထပ်ပြောလိုက်သည် " အဲဆို ကျုပ်တို့တွေ ဈေးအတူတူ သတ်မှတ်ကြတာပေါ့။ အခု တာဝန်ခံကုန်းက ကြည်လင်ကျောက်စိမ်း ပန်းပွင့်က အဆင့်မြင့် နတ်ဘုရားကျောက် သန်းချီပေးပြီး လေလံဆွဲရတယ်လို့ ပြောခဲ့တယ်မလား။ ကျုပ်က အဲလောက် မတောင်းဆိုပါဘူး။ ခင်ဗျားတို့ ကုန်သည်အိမ်တော်က ကျုပ်ကို အဆင့် ၅ ဆေးပင် ၃၀၀ ပေးရမယ် "

" မဖြစ်နိုင်ဘူး ... ၃၀၀ က လွန်လွန်းနေပြီ။ အများဆုံး ၂၅၀ အထိပဲ ပေးနိုင်မယ် " ကုန်းခိုင်က ချက်ချင်း ပြောလိုက်၏။

မိုဝူကျိုက ထပ်မညှိနှိုင်းတော့ဘဲ " အဲဆိုလည်း ၂၅၀ ပေါ့ "

" တာအိုရောင်းရင်းက တည့်တိုးဆန်တာပဲ။ ခဏလောက် စောင့်ပေးပါ " ကုန်းခိုင်က မိုဝူကျို စကားများကို သဘောတူလိုက်သည်။ သူက မိုဝူကျိုအား ခပ်ယဲ့ယဲ့ ပြုံးကာ အခန်းထဲမှ ထွက်သွားတော့သည်။

မိုဝူကျိုက ဆိုးဆိုးရွားရွား ခံစားချက် ရနေမိသည်။ သို့သော်လည်း သူက ဤသို့သော ကုန်သည်အိမ်တော်ထဲ၌ ကုန်သည်အိမ်တော်၏ သတ်မှတ်ချက်ကို သဘောတူပြီးလျှင် သူ့စကားအတိုင်း လိုက်နာရမည် ဖြစ်ကြောင်း သိပေသည်။ ဤသည်မှာ နှုတ်သဘောတူညီချက် ဖြစ်၏။ အကယ်၍ သူက ဖောက်ဖျက်ဖို့ ရွေးချယ်လျှင် အကျိုးယုတ်မည့်သူမှာ သူ ဖြစ်သွားလိမ့်မည်။ သူက ကုန်သည်အိမ်တော် တစ်ခုလုံးကို ဖိအားမပေးနိုင်သရွေ့ ဖြစ်သည်။

မိုဝူကျိုက ကုန်းခိုင် ပြန်လာဖို့ရာ အကြာကြီး မစောင့်လိုက်ရပေ။ သူက မိုဝူကျိုထံ သိုလှောင်အိတ် ပေးလိုက်ရင်း " တာအိုရောင်းရင်းမို ဒီမှာ အဆင့် ၅ အပင် ၂၅၀ ပါ။ တစ်ချက် ကြည့်ကြည့်ပါဦး "

မိုဝူကျို၏ စိတ်စွမ်းအားက သိုလှောင်အိတ်အပေါ် ရောက်ရှိသွားသည့်အခါ သူ့အမူအယာမှာ ပျက်ယွင်းသွားတော့သည်။ အပင် ၂၅၀ ထဲ၌ အပင်တရာက အမျိုးအစား အတူတူ ဖြစ်နေသည်။ ထို့အပြင် မိုဝူကျိုက ထိုအမျိုးအစားကို သေချာသိထား၏။ ထိုအရာမှာ သဘာဝတိုက်စား မြက်ဟု ခေါ်ဆိုပေသည်။

သဘာဝတိုက်စားမြက်သည် အဆင့် ၅ ဆေးပင် ဖြစ်သော်လည်း ဈေးနှုန်းအားဖြင့် အဆင့် ၁ ဆေးပင်လောက်ပင် တန်ဖိုးမရှိပေ။

အကြောင်းမှာ ဆေးဖော်စပ်ရာ၌ အသုံးမပြုနိုင်သောကြောင့် ဖြစ်ပြီး တစ်ခုတည်းသော အသုံးဝင်မှုမှာ ကျင့်ကြံသူ၏ နတ်ဝိညာဉ်စွမ်းအားများအား တိုက်စားရာ၌ ဖြစ်သည်။ ထို့အပြင် ဤအတိုင်း တန်း၍ အစာခြေဖျက်နိုင်သော်လည်း မည်သူကမှ ဤမြက်ကို စားပြီး သူတို့၏ နတ်ဝိညာဉ်စွမ်းအားများအား ပျက်စီးအောင် လုပ်မည် မဟုတ်ပေ။

ကုန်းခိုင်က ပြုံးကာ “ သဘာဝတိုက်စားမြက်က အတော်လေး အသုံးဝင်တယ်လေ။ နတ်ဘုရားဘုရင်ရဲ့ သဘာဝစွမ်းအားကိုတောင် တိုက်စားပစ်နိုင်တယ်။ တိုက်ပွဲအတွင်း တစ်ဖက်လူကို သဘာဝတိုက်စားမြက် ကျွေးနိုင်တာနဲ့ တစ်ဖက်လူရဲ့တိုက်ခိုက်စွမ်းက သေချာပေါက် ကျဆင်းသွားလိမ့်မယ် ”

မကြာခင် မိုဝူကျို၏ အမူအယာမှာ ပုံမှန် ပြန်ဖြစ်လာသည်။ သူက မထူးမခြားနား ပြောလိုက်၏ “ တာဝန်ခံကုန်းက အတော်လေး ဉာဏ်ကောင်းသားပဲ ... နောက်တစ်ခါကျ တာဝန်ခံ ကုန်း ဒီလို ဆက်လုပ်မယ်ဆိုရင်တော့ တာဝန်ခံကုန်းကို ဒီသဘာဝတိုက်စားမြက်တွေ သေချာပေါက် မြည်းစမ်းကြည့်ခိုင်းရတာပေါ့။ နှမြောစရာကောင်းတာက ခင်ဗျားတို့ ဂုဏ်သရေကြီးမားတဲ့ ကုန်သည်အိမ်တော်က

သဘာဝတိုက်စားမြက် တစ်ရာပဲ ပါလာတာပဲ .... မဟုတ်ရင် ကျူပ်တော့ အပင် ၂၅၀ လုံး ဖြစ်နေလောက်တယ် ”

ကုန်းခိုင်က ဘာမှမပြောနိုင်ခင် မိုဝူကျိက ကုန်းခိုင်ထံ ခရမ်းနီဗာနတာအိုသဲအား ပေးလိုက်ပြီးနောက် လှည့်ထွက်သွားတော့သည်။

သူက နေရာတစ်ဝှက်ရှိ စိတ်စွမ်းအားများစွာကို ခံစားမိပေသည်။ သူတို့က သူ ဆန့်ကျင်သည်ကို စောင့်ဆိုင်းနေကြခြင်းသာ ဖြစ်ပေလိမ့်မည်။

မိုဝူကျိက ခရမ်းနီဗာန တာအိုသဲကို ဆိုးရွားလှသည့် အဆင့် ၅ ဆေးပင် တစ်ရာကျော်နှင့် လဲလှယ်လိုက်ရခြင်းကို မမျှတကြောင်း တွေးမိသော်လည်း သူက လက်ခံရမည် ဖြစ်၏။ သို့သော် သူက ယနေ့ ကုန်းခိုင် လုပ်ခဲ့သည့် အရာကို လုံးဝ မေ့ပစ်မည် မဟုတ်ပေ။ တစ်ရက်ရက်၌ ဤကိစ္စအား ပြန်ပေးဆပ်ရမည် ဖြစ်၏။

ယခု သူ လုပ်နိုင်သည့်အရာ မရှိချေ။ တန်ချန်းကုန်သည်အိမ်တော်သည် အဆင့် ၅ ဆေးပင်များစွာကို ထုတ်ပေးနိုင်သည့် တစ်ခုတည်းသော နေရာ ဖြစ်နေ၏။

တခြားနည်းဖြင့်ဆိုရလျှင် တခြားသော ကုန်သည်အိမ်တော်များက ဆေးပင်များစွာနှင့် ကမ်းလှမ်းလာလျှင်ပင် သူက မသွားရဲချေ။

အကြောင်းမှာ သူ့တွင် နောက်ခံ မရှိသလို ပတ်သတ်ဆက်နွယ်မှုများလည်း မရှိချေ။ တန်ချန်းကုန်သည်အိမ်တော်လို ကုန်သည်အိမ်တော်ကြီး တစ်ခုက သူ့အား လှည့်ဖျားဖို့ ကြိုးစားခဲ့သေးသည် မဟုတ်ပါလော။ တခြားသူများက ပို၍ ဆိုးရွားတာ လုပ်သွားနိုင်သည်။

တန်ချန်း ကုန်သည်အိမ်တော်မှ ထွက်လာပြီးနောက် မိုဝူကျိုက လေထဲ ပျောက်ကွယ်သွားတော့သည်။ ထို့နောက် သူက လူအိုကြီးအသွင် ရုပ်ဖျက်ကာ တည်းခိုဆောင် သေးသေးလေးထဲ ဝင်လာသည်။

သူ့လေလွှတ်မြောက်ရေး နည်းစနစ်၏ အကြီးမားဆုံး အားသာချက်မှာ အမြန်နှုန်း မဟုတ်ဘဲ အသံတိတ်ဆိတ်ပြီး နောက်ယောင်ခံ မလိုက်နိုင်ခြင်း ဖြစ်၏။

..........

တစ်ညတာကား တိတ်တိတ်ဆိတ်ဆိတ် ကုန်ဆုံးသွားတော့သည်။ ဒုတိယမြောက် မနက်ခင်း၌ မိုဝူကျိုက လေလံပွဲရှိရာသို့ ဦးတည်လာလိုက်သည်။

၈၇ တန်းမြောက်ကား ရှေ့နှင့် နီးကပ်သည်ဟု ယူဆနိုင်ပေသည်။ ၁၃၂ ခုံမြောက်မှာလည်း ထောင့်ဘေးခုံ ဖြစ်နေ၏။

မိုဝူကျိုက စိတ်ထဲ မထားပေ။ သူက လေလံဆွဲနိုင်သရွေ့ အားလုံး အဆင်ပြေပေသည်။ တစ်ချိန်တည်းဆိုသလို သူက ရွှေရောင် နိဗ္ဗာနတာအိုသဲနှင့် အမြစ်မဲ့ သံမဏိကို လဲလှယ်နိုင်ခြေမှာ သိပ်မမြင့်မားကြောင်း သိထားသည်။ ခရမ်း နိဗ္ဗာနတာအိုသဲနှင့် ကြည်လင်ကျောက်စိမ်း ပန်းပွင့်လိုမျိုး သိသာနေပေသည်။

ကြည်လင်ကျောက်စိမ်း ပန်းပွင့် ဆယ်ပွင့်ပင် အမြစ်မဲ့ သံမဏိနှင့် နှိုင်းယှဉ်၍ မရချေ။

မိုဝူကျိုက ထိုင်ခုံကို ရောက်သည်နှင့် ဘေးပတ်လည်တွင် အတားအဆီး ဖယ်ရှားလိုက်သည်။

ခန်းမထဲမှ ထိုင်ခုံ ဖြစ်နေသော်လည်း နေရာအတော်လေး ကျယ်၏။ သူ့ရှေ့၌ လေလံဆွဲသည့် ပိတ်ကားချပ်နှင့် ပစ္စည်း ပြသရေး ပိတ်ကားချပ်တို့ ရှိပေသည်။ ထို့အပြင် ကူးပြောင်းရေး အစီအရင်ပြား အသေးလေး ပါရှိသေး၏။

လေလံပွဲ ပုံစံကား အဝိုင်းသဏ္ဍာန် ဖြစ်ပြီး တခြားသော လေလံပွဲများကဲ့သို့ လေလံတင် စားပွဲကား အလယ်ခေါင်တွင် ရှိသည်။

မိုဝူကျိုက တစ်နာရီကျော်ကြာ စောင့်ဆိုင်းပြီးသည့်နောက်တွင် ခန်းမအတွင်း လူများပြည့်နှက်လာ၏။ လေလံပွဲစင်မြင့်ပေါ်သို့ အဝါရောင် ဝတ်ရုံနှင့် အမျိုးသားက တက်လှမ်းလာသည်။

အဝါရောင် ဝတ်ရုံ အမျိုးသားက လက်နှစ်ဖက် ယှက်ကာ “ ကြွရောက်လာကြတဲ့ ဧည့်ပရိတ်သတ်အပေါင်းတို့ ကျေးဇူးပြုပြီး နေရာမှာ ထိုင်ပေးကြပါ။ လေလံပွဲက မကြာခင် စတင်ပါတော့မယ်။ လေလံပွဲ အဆုံးမသတ်ခင်အထိ ဘယ်သူကမှ လေလံပွဲနေရာကနေ ထွက်သွားခွင့် မရှိပါဘူး။ မလိုတမာစိတ်နဲ့ လေလံဆွဲတာမျိုး ဒါမှမဟုတ် အလဲအလှယ် မလုပ်နိုင်တာမျိုးဆိုရင် သက်ညှာခြင်းမရှိ အသတ်ခံရမှာ ဖြစ်ပါတယ်။ ဒီလေလံပွဲကို ဦးစီးကျင်းပပေးမှာက နှင်းစက်ကျ ကုန်သည်အိမ်တော်ရဲ့ တာဝန်ခံ နီကျစ်ကျန်းပါ။ လေလံပွဲ စတင်ပါပြီခင်ဗျာ … ”

## အခန်း (၉၇၄) : ဖျင်ရွှေ

မိုဝူကျိုက နီကျစ်ကျန်း၏ နာမည်ကို ကြားသောအခါ အမျိုးသား ဖြစ်လိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ သို့သော်လည်း အဝါရောင်

ဝတ်ရုံနှင့် အမျိုးသားက စင်ပေါ်မှ ထွက်သွားပြီးနောက် အမျိုးသမီးတစ်ဦးက စင်ပေါ် တက်လာလေ၏။

နီကျစ်ကျန်းက အတော်လေး လှပသော်လည်း သတ်ဖြတ်လိုသည့် အငွေ့အသက်များနှင့် ဆွဲဆောင်မှုရှိသည့် ညို့ခတ်တချို့ ထုတ်လွှင့်နေသည်။ ထိုအချက်များအားလုံး ပေါင်းကြည့်လိုက်သည့်အခါ ထူးခြားသည့် ညို့ခတ်ကို ဖြစ်လာစေသည်။

“ ကျွန်မက နီကျစ်ကျန်းပါ။ နှင်းစက်ကျကုန်သည်အိမ်တော်ကို ကိုယ်စားပြုပြီးတော့ ကြွရောက်လာတဲ့ ဂုဏ်သရေရှိ ညော့ပရိတ်သတ်အပေါင်းကို ကျေးဇူးတင်ချင်ပါတယ်။ ကျွန်မတို့တွေ လေလံပွဲ မစခင် နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ရဲ့ စစ်ဆေးမှုမှာ ပါဝင်မဲ့ တာအိုရောင်းရင်း အားလုံးကို ရလဒ်ကောင်းကောင်းနဲ့ အောင်ဖို့ ကံကောင်းအောင် ဆုတောင်းပေးချင်ပါတယ်။ ကျွန်မတို့ရဲ့ ဂုဏ်သရေရှိ ညော့သည်တော်ကြီးတို့က ဒီလေလံပွဲက နောက်တစ်နှစ်နေရင် ကျင်းပမဲ့ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော် စစ်ဆေးမှုအတွက် ကျင်းပတာကို သိကြမှာပါ။ ကျွန်မတို့ ညော့သည်တော်တို့အနေနဲ့

သဘောကျနှစ်ခြိုက်တဲ့ ပစ္စည်းမျိုးကို ဝယ်ယူနိုင်ဖို့ မျှော်လင့်ပါတယ်။ အခု ကျွန်မတို့ရဲ့ လေလံပွဲကို စလိုက်ပါပြီ ”

ထိုသို့ပြောပြီးနောက် နီကျစ်ကျန်းက လက်ဖျော့လိုက်သည့်အခါ သူမ လက်ထဲ၌ ကျောက်စိမ်းသေတ္တာလေး ပေါ်လာသည်။ သူမက ကျောက်စိမ်းသေတ္တာလေးကို လှည့်ပတ်ပြလိုက်ရင်း

“ ပထမပစ္စည်းကတော့ အဆင့် ၁ သစ်သီးပါ။ နာမည်လေးက ကနဦး နတ်ဘုရားအသီးတဲ့ .... ကျွန်မ များများစားစား ရှင်းပြစရာ မလိုလောက်တော့ပါဘူး။ အားလုံးလည်း ကနဦး နတ်ဘုရား အသီးရဲ့ အသုံးဝင်ပုံကို သိကြမှာပါ။ သဘောတရားတွေအရတော့ အသီးတစ်သီးချင်းစီက ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူကို ကနဦး နတ်ဘုရားအဆင့် တဆင့် တိုးတက်စေပြီးတော့ ကျင့်ကြံသူ တစ်ယောက်က နှစ်လုံးကိုပဲ အများဆုံး စားနိုင်ပါတယ်။ အခု ကျွန်မဆီမှာ ကနဦး နတ်ဘုရားအသီး နှစ်လုံး ရှိပါတယ်။ ကြမ်းခင်းဈေးက အဆင့်မြင့် နတ်ဘုရားကျောက် ငါးသောင်းကနေ စပါ့မယ်ရှင် .... တစ်ခါတိုးတိုင်း နတ်ဘုရားကျောက် တစ်ထောင်ထက် နည်းလို့ မရပါဘူးရှင် ”

နီကျစ်ကျန်း၏ စကားများ အဆုံးသတ်သွားသည့်အခါ လေလံဆွဲသည့် အသံများက ထွက်ပေါ်လာသည်။

မိုဝူကျိုက ဤအသီးကို သိပေသည်။ သူ ယခင် နတ်ဘုရားသိုက်မြုံအတွင်း ရှိခဲ့စဉ်အခါက ကနဦး နတ်ဘုရား အသီး ရင့်မှည့်လာသည်နှင့် ကြုံကြိုက်ခဲ့သည်။ သူက ဇာမဏီ နတ်ဝိညာဉ် ပရဝဏ်နှင့် နဝမဆင့်ကဲခြင်း ဂိုဏ်းသားတို့၏ ဝိုင်းထားခြင်းကို ခံထားရသည့်အတွက် ကနဦး နတ်ဘုရားအသီးကို ရဖို့ရာ အာရုံမရှိခဲ့ချေ။

သို့သော် ကနဦး နတ်ဘုရားအသီး၏ ဈေးနှုန်းမှာ အတော်လေး မြင့်မား၏။ ပြောရမည်ဆိုလျှင် အဆင့် ၁ ဆေးပင်များကြား အမြင့်ဆုံး ဖြစ်ပေသည်။ အဆင့် ၃ နှင့် အဆင့် ၄ တချို့ ဆေးပင်များပင် ကနဦး နတ်ဘုရားအသီး ဈေးနှုန်းနှင့် မယှဉ်နိုင်ချေ။

သူက ကနဦး နတ်ဘုရားအသီး နှစ်လုံးအား ဝယ်လိုသော်လည်း သူ့တွင် အဆင့်မြင့် နတ်ဘုရားကျောက် နှစ်သိန်းသာ ပါရှိ၏။ သူက စတင်၍ လေလံမဆွဲခင် ထိုအသီး၏ ဈေးနှုန်းမှာ တစ်သိန်း နှစ်သောင်းသို့ ရောက်ရှိနေလေပြီ။

မကြာခင် တစ်စုံတစ်ယောက်က ကနဦး နတ်ဘုရားအသီးအား အဆင့်မြင့် နတ်ဘုရားကျောက် တစ်သိန်း ခုနှစ်သောင်းဈေးဖြင့် ဝယ်ယူသွားတော့သည်။ မိုဝူကျိုက လေလံဝင်မဆွဲလိုက်ပေ။

တစ်ဖက်လူ၏ ခြယ်လှယ်လွှန်းသည့် အရှိန်အဝါဖြင့် သူက နှစ်သိန်းလုံး သုံးလိုက်လျှင်ပင် ထိုလူက သေချာပေါက် ဆက်လက် လေလံဆွဲဦးမည် ဖြစ်၏။ သူ လေလံဆွဲလိုက်ပါက တစ်ဖက်လူအား ရန်စသလိုသာ အဖတ်တင်မည် ဖြစ်၏။ သူက ဤနေရာသို့ အမြစ်မဲ့သံမဏိ ဝယ်ယူရန် ရောက်လာခြင်း ဖြစ်ရာ တစ်စုံတစ်ယောက်ကို ရန်မစမိဖို့ရာ မရှောင်နိုင်လောက်ချေ။ သို့သော်လည်း မိုဝူကျိုက ရန်သူ တစ်ယောက် ထပ်တိုးသွားမည်ကို မလိုလားပေ။

ကနဦး နတ်ဘုရားအသီးကို တစ်သိန်း ခုနှစ်သောင်းဖြင့် ရောင်းချပြီးနောက် မိုဝူကျိုက စိတ်ထဲမှသာ ကျိန်ဆဲလိုက်တော့သည်။ ထိုအသီးများကို တတ်နိုင်သောသူသည် စားသုံးမည့်သူ သေချာပေါက် မဟုတ်ပေ။

“ ဒုတိယပစ္စည်းလေးကတော့ လျို့ဝှက်ပညာရပ်ပါ။ အဲဒါကို မိုးစက်မြွားလို့ ခေါ်ပါတယ်။ အဲဒီ ကျင့်စဉ်ရဲ့ ကြမ်းခင်းဈေးက အဆင့်မြင့် နတ်ဘုရားကျောက် တစ်သိန်းပါ။ တစ်ခါတိုးတိုင်း အနည်းဆုံး ငါးထောင်ပါရှင့် ”

မိုဝူကျိုက မိုးစက်မြွားဟု အမည်ကို ကြားလိုက်သည်နှင့် အသည်းအသန် လိုချင်လာမိတော့သည်။

သူ့လေလွတ်မြောက်ရေး နည်းစနစ်ကို သူက အဆင့်ကွဲငါးခုအဖြစ် ကောက်ချတ်ချနိုင်ပြီးပြီ ဖြစ်၏။ ယခုအခါ သူက လေရွှေ့ပြောင်းခြင်း ဖြစ်သည့် တတိယအဆင့်သို့ ရောက်ရှိနေကာ သူ့အသက်ကိုလည်း များစွာ ကယ်တင်ပေးခဲ့သည်။ ထို့အပြင် အဆင့် ၄ နှင့် အဆင့် ၅ တို့ ဖြစ်သည့် လေအဟုန် လမ်းညွှန်နှင့် လေဆင့်ခေါ်ခြင်းတို့ကား လွတ်မြောက်ရေး နည်းစနစ်၏ နယ်ပယ်ကို ကျော်လွန်သွားပြီ ဖြစ်၏။

လေဆင့်ခေါ်ခြင်းကို သိရှိပြီးနောက် မိုဝူကျိက မိုး အမျိုးအစား လျှို့ဝှက်ပညာရပ်ကို လိုချင်မိသည်။ လေဆင့်ခေါ်ခြင်းနှင့် မိုးရွာသွန်းစေခြင်းတို့ကား သူ အမှန်တကယ် လိုချင်သော လျှို့ဝှက်ပညာရပ်များ ဖြစ်၏။ ကံဆိုးသည်က သူ့တွင် ယခင်က ရှိနေသော မိုး အမျိုးအစား သို့မဟုတ် ရေအမျိုးအစား လျှို့ဝှက်ပညာရပ်များသည် သူ့အား မိုးရွာသွန်းစေခြင်းလိုမျိုး အသိအမြင် ပွင့်မလာစေပေ။

ယခု မိုး အမျိုးအစား လျှို့ဝှက်ပညာရပ်က နတ်ဘုရားလောက၌ ပေါ်လာပြီ ဖြစ်ရာ သူ့အား မိုးရွာသွန်းစေနိုင်ရန် ကူညီပေးနိုင်သော ပညာရပ် ဖြစ်နိုင်လောက်၏။

သို့သော်လည်း ထိုအတွေးက မိုဂူကျိ စိတ်ထဲ ခဏတာမျှသာ ကြာမြင့်လိုက်ပြီး ပျောက်ကွယ်သွားတော့သည်။ မိုးစက်မြွား၏ တန်ဖိုးမှာ နှစ်သိန်းကို ကျော်လွန်သွား၍ ဖြစ်ပြီး မြင့်တက်နေဆဲ ဖြစ်သည်။ အဆုံးသတ်၌ ထိုလျို့ဝှက်ပညာရပ်ကို နှစ်သိန်း ခုနှစ်သောင်းဖြင့် ဝယ်ယူသွားပေတော့သည်။ မိုဂူကျိတွင် ပြတ်လပ်နေသော နတ်ဘုရားကျောက်များက ကြည့်ရှုသူအဖြစ်သာ ကျန်ရှိနေစေ၏။

တတိယပစ္စည်းမှာ အဆင့်မြင့် တစ်ပိုင်း ပုံသန်းရေး ပစ္စည်း ဖြစ်၏။ မိုဂူကျိက ဝယ်လိုသော်လည်း မတတ်နိုင်ချေ။

လေးခုမြောက် ပစ္စည်းမှာ လှျပ်စီး အမျိုးအစား လျို့ဝှက်ပညာရပ် ဖြစ်ပြီး မိုဂူကျိက ဝယ်ယူလိုသော်ငြား မတတ်နိုင်လိုက်ချေ။

……………..

အဆုံးသတ်၌ မိုဂူကျိက မျက်လုံးသာ ပိတ်ထားလိုက်ရတော့သည်။ ဤလေလံပွဲ၌ ပစ္စည်းကောင်းများ ပေါများလှသည်။ ပစ္စည်းဆယ်ခုအနက် သူက ခုနှစ်ခုလောက် လိုချင်နေမိသည်။

**သူ့ကို ဘယ်သူကများ မွဲတေနေခိုင်းလို့လဲ ….**

သူက ဘာကိုမှ မတတ်နိုင်ပေ။ သူ တတ်နိုင်သည့်အရာမှာ ဆေးလုံးများသာ ဖြစ်ပြီး သူက လုံးဝ မလိုအပ်ပေ။

နာရီ နှစ်ဆယ် ကုန်ဆုံးသွားသည်။ မိုဝူကျိုက အမြစ်မဲ့သံမဏိသည် အထွတ်အထိပ်အနေနှင့် နေရာယူထားမည်ကို စတင် စိုးရိမ်လာမိတော့သည်။ ထိုစဉ် နီကျစ်ကျန်း၏ စကားများက သူ့အား တစ်ဖန် စိတ်လှုပ်ရှားသွားစေ၏ “ ဖျင်ရွှေ တစ်စက် ”

ဖျင်ရွှေသည် ရေချိပ်အမှတ်အသား မဟုတ်သလို ရေချိပ်အမှတ်အသားလောက်လည်း တန်ဖိုး မရှိပေ။ အာကာပြင် ရေချိပ်အမှတ်အသားသည် ဟို့ထျန်း ရတနာ ငါးခုထဲမှ တစ်ခု ဖြစ်ပြီး အမြစ်မဲ့သံမဏိနှင့်ပင် နှိုင်းယှဉ်နိုင်သောအရာ ဖြစ်နေသည်။

တစ်ဖက်တွင် ဖျင်ရွှေသည် အင်မတန် ရှားပါးလှသော ရတနာတစ်မျိုး ဖြစ်ပြီး တန်ဖိုးအားဖြင့် လျို့ဝှက်ပညာရပ်နှင့် အကြမ်းဖျင်းနီးပါး တူညီ၏။

ဖျင်ရွှေ ရှားပါးလှသည့် အကြောင်းအရင်းမှာ ကမ္ဘာနှစ်ခုမှ အစပြုလာ၍ ဖြစ်သည်။ ဖျင်ရွှေသည် ကမ္ဘာနှစ်ခု တစ်ခုနှင့်တစ်ခု ပေါင်းစပ်သွားစဉ် လေလွင့်ရေမှ ဖြစ်တည်လာခြင်း ဖြစ်၏။ ဤလေလွင့်ရေသည် မိုးရေလည်း မဟုတ်သလို တိမ်တိုက်မှ ဖြစ်လာသည့် မိုးရေလည်း မဟုတ်ပေ။

ကျင့်ကြံသူများ စကားအရ လေလွင့်ရေသည် ရေသဘာဝ စည်းမျည်းများ တုံ့ပြန်သည့်အခါ ဖွဲ့စည်းဖြစ်တည်လာသည့် ရေမျိုး ဖြစ်သည်။ ထိုရေသည် မြေပေါ် မကျရောက်ခင် လေလွင့်ရေဟု ခေါ်ဆိုပေသည်။

ဤသို့အရာမျိုး မည်မျှ ရှားပါးသည်ကို တွေးကြည့်၍ ရပေသည်။ ပုံမှန်အားဖြင့် ကမ္ဘာနှစ်ခုကြားရှိ တည်နေရာမှာ စည်းမျည်းများ ဖရိုဖရဲ ဖြစ်နေသည့် အာကာပြင် တစ်ခုသာ ဖြစ်၏။ ဤသို့ လေလွင့်ရေ မည်သို့ ဖြစ်တည်လာမည်နည်း။ လေလွင့်ရေ တစ်စက် ဖြစ်ပေါ်လာလျှင်ပင် ကျောက်တုံးပေါ် ကျလျှင်ကျ သို့မဟုတ် အငွေ့ပျံလျှင်ပျံ သို့မဟုတ် သိမ်းယူခံရဖို့သာ ရှိ၏။ ကမ္ဘာနှစ်ခုမှ လေလွင့်ရေ ဆက်တိုက် ဖြစ်တည်လာသည့်အကြောင်းကို ထည့်မပြောလျှင်ပင် ပေါင်းစပ်ဖို့ရာကား မဖြစ်နိုင်သလောက်ပင်။

ဖျင်ရွှေသည် အခွင့်သာမှ ဖြစ်တည်လာနိုင်ခြင်း ဖြစ်၏။ ကမ္ဘာနှစ်ခု ချိတ်ဆက်ထားသည့် အာကာပြင်၌ အာကာပြင်အက်ကြောင်းများသည် ရုတ်ချည်း ဖြစ်ပေါ်လာတတ်ပြီး လေလွင့်ရေစက်များ ကျဆင်းလာပြီး ပေါင်းစပ်သွားကြသည်။ ဤသည်မှာ ဖျင်ရွှေ မည်သို့ ဖြစ်တည်လာပုံ ဖြစ်၏။

ထို့ကြောင့် ဖျင်ရွှေသည် အရမ်း အဖိုးမတန်သော်လည်း အရမ်း ရှားပါးနေခြင်း ဖြစ်၏။

ဖျင်ရွှေ၏ တစ်ခုတည်းသော အသုံးပြုမှုမှာ ပန်းပဲလုပ်ရာ၌ စိမ့်ဝင်စေရန် ဖြစ်သည်။ ဤသည်မှာ ကိုယ်ပိုင် လျှို့ဝှက်ပညာရပ်များ ပါဝင်နိုင်သည့် မော်ရတနာကို ဖန်တီးနိုင်ပေမည်။ ဤလျှို့ဝှက်ပညာရပ်ကို မော်ရတနာ ကိုင်ဆောင်သူက အသုံးပြုနိုင်လိမ့်မည်။

မိုဝူကျိုက လိုချင်နေသည့် အကြောင်းအရင်းမှာ အမြစ်မဲ့သံမဏိအား ပုဆိန်လှံရှည် လုပ်ရာ၌ အသုံးပြုဖို့ ရည်ရွယ်ထားခြင်း ဖြစ်၏။ အကယ်၍ သူ့ပုဆိန်လှံရှည်က ကိုယ်ပိုင် လျှို့ဝှက်ပညာရပ် ပါလျှင် သူ့အင်အားမှာ နောက်တဆင့် ရောက်ရှိသွားမည် ဖြစ်၏။

“ ဖျင်ရွှေရဲ့ ဈေးနှုန်းကတော့ အဆင့်မြင့် နတ်ဘုရားကျောက် ရှစ်သောင်းပါ။ တစ်ခါတိုးတိုင်း ငါးထောင်ထက် နည်းလို့ မရပါဘူးရှင့် ” နီကျစ်ကျန်း၏ အသံ ထွက်ပေါ်လာသည်။

ဖျင်ရွှေကဲ့သို့ ပစ္စည်းမျိုးသည် လူတိုင်း အသုံးပြုနိုင်သည့်အရာမျိုး ဖြစ်၏။ သို့သော်လည်း ဈေးနှုန်းက မိုးစက်မြွားလောက် မမြင့်သည့် အကြောင်းအရင်းမှာ ထွက်ပေါ်လာသည့် လျှို့ဝှက်ပညာရပ်က

အရမ်းအားမကောင်း၍ ဖြစ်သည်။ တစ်ခါတစ်ရံ၌ လျို့ဝှက်ပညာရပ်များသည် အင်မတန် ဆိုးရွားနေတတ်သည်။ ပန်းပဲလုပ်ငန်းစဉ်က ကောင်းကောင်း အဆင်မပြေလျှင် လျို့ဝှက်ပညာရပ် မရှိလာခြင်းလည်း ဖြစ်လာနိုင်သည်။ ဤအခါ ဖျင်ရွှေအပေါ် သုံးထားသည့် ငွေများ အလကား ဖြစ်သွားနိုင်သည်။

မိုဝူကျိုက နှစ်သောင်း တိုးပေးဖို့ တုံ့ဆိုင်းမနေတော့ဘဲ သူက အဆင့်မြင့် နတ်ဘုရားကျောက် တစ်သိန်း ပေးဖို့ ကြိုးစားလိုက်၏။

မိုဝူကျို၏ လေလံက ပိတ်ကားချပ်ပေါ် ပေါ်မလာခင် ဈေးနှုန်းက အဆင့်မြင့် နတ်ဘုရားကျောက် တစ်သိန်း နှစ်သောင်း ပြောင်းလဲသွားတော့သည်။

အမြင်နှင့်ပင် ဖျင်ရွှေအတွက် လေလံဆွဲနေသည်မှာ သူ တစ်ယောက်တည်း မဟုတ်ချေ။ မိုဝူကျိုက အတော်လေး စိတ်လှုပ်ရှားသွားပြီး လေလံဈေးအား တစ်သိန်း ရှစ်သောင်း တိုးပေးလိုက်တော့သည်။

တစ်သိန်း နှစ်သောင်းမှ တစ်သိန်း ရှစ်သောင်းအထိ တိုးပေးခြင်းမှာ အလွန်ကြီးမားသော်လည်း ဖျင်ရွှေ၏ ဈေးနှုန်းမှာ တစ်သိန်းရှစ်သောင်း၌ အမှန်တကယ် ခတ္တ ရပ်တန့်သွားလေ၏။

နီကျစ်ကျန်းက သုံးရှိုက်စာမျှ စောင့်ဆိုင်းပြီးနောက် မည်သူကမှ ဆက်လက် လေလံဆွဲခြင်း မရှိပေ။ သူမက စတင်၍ ကြေညာလိုက်သည် “ တစ်သိန်း ရှစ်သောင်း တစ်ကြိမ်၊ တစ်သိန်း ရှစ်သောင်း နှစ်ကြိမ် ... တစ်ယောက်က စျေးမြင့်ပေးလိုက်ပါပြီရှင့်။ ဖျင်ရွှေ့ရဲ့ စျေးနှုန်းမှာ အဆင့်မြင့် နတ်ဘုရားကျောက် နှစ်သိန်း ဖြစ်သွားပါပြီ။ ဆက်ပြီး လေလံဆွဲချင်တဲ့ တာအိုရောင်းရင်းများ ရှိသေးလားရှင့် ”

မိုဝူကျိုက အစပိုင်းလောက် စိတ်မလှုပ်ရှားတော့ပေ။ သူက နီကျစ်ကျန်း၏ စကားကြောင့် တည်ငြိမ်မှု ပြန်ရလာပြီ ဖြစ်၏။ သူက အဆင့်မြင့် နတ်ဘုရားကျောက် နှစ်သိန်းသာ ရှိသော်လည်း ပိတ်ကားချပ်ရှိ စျေးနှုန်းမှာ နှစ်သိန်း ဖြစ်နေလေပြီ။

“ အဆင့်မြင့် နတ်ဘုရားကျောက် နှစ်သိန်း တစ်သောင်း ” စျေးနှုန်းက တဖန် မြင့်တက်သွားပြန်သည်။

သူက ကနဦး နတ်ဘုရား အသီးကို လက်လျှော့ထားနိုင်ပြီး ပျံသန်းရေး ရတနာနှင့် မိုးသဘာဝ လျို့ဝှက်ပညာရပ်ကိုလည်း လက်လျှော့နိုင်ပေသည်။ သို့သော်လည်း သူက ဤဖျင်ရွှေ့ကိုတော့ လုံးဝ လက်မလျှော့နိုင်ပေ။

မိုဂူကျို၏ စိတ်စွမ်းအားက သူ့ထာဝရကမ္ဘာအတွင်း ရောက်ရှိသွားသည်။ သိပ်မကြာခင် သူက ပြောင်းလဲရေး တာအိုအသီးကို ထုတ်၍ လေလံဈေး ပိတ်ကားချပ်ပေါ် တင်ပေးလိုက်သည်။ ထို့နောက် သူက အဆင့်မြင့် နတ်ဘုရားကျောက် ရှစ်သောင်းနှင့် ပြောင်းလဲရေး တာအိုအသီးကို လေလံဈေး ပေးလိုက်တော့သည်။

ပြောင်းလဲရေး တာအိုအသီးသည် အဆင့်မဲ့ တာအိုအသီး ဖြစ်၏။ သို့သော် နတ်ဘုရားကုန်းမြေ၏ အဓိပ္ပါယ်အရ ပြောင်းလဲရေး တာအိုအသီးသည် သီးခြား ယုံမှားတာအိုအသီးဟုလည်း ယူဆ၍ ရပေသည်။ ထိုအသီးမှာ အသုံးပြုဝင်မှု တစ်ခု ရှိသောကြောင့် နတ်ဘုရားကုန်းမြေ၏ အစစ်အမှန် တာအိုအသီးနှင့် နှိုင်းယှဉ်၍ မရပေ။

သို့သော်လည်း ပြောင်းလဲရေး တာအိုအသီး၏ အသုံးပြုမှုသည် ယုံမှားဖြစ်ရုံသာ ရှိ၏။ ဤတာအိုအသီးသည် မိစ္ဆာ ပြောင်းလဲရေး အသီး ဖြစ်၏။

တာအို၌ ခြားနားသော လမ်းကြောင်းကွဲများ ရှိသော်လည်း တူညီသည့် ဆုံမှတ်သို့ ဦးတည်နေခြင်းသာ ဖြစ်သည်။ ဤလမ်းကြောင်းတစ်ခုမှာ တာအိုကျင့်ကြံသူသော

မည်သည့်သက်ရှိမဆို လူသားအသွင် ဖြည်းဖြည်းချင်း ပြောင်းလဲလာနိုင်ပေမည်။ အကြောင်းမှာ လူသားအသွင်က မိုးမြေတာအိုနှင့် ဆက်နွယ်ဖို့ရာအတွက် အသင့်တော်ဆုံး ဖြစ်နေ၍ ဖြစ်သည်။

မိစ္ဆာအများစုက တာအိုလမ်းစဉ် ကျင့်ကြံရာ၌ ပြီးပြည့်စုံသည့် ပြောင်းလဲမှု မအောင်မြင်ကြသောကြောင့် သူတို့ တာအိုလမ်းစဉ်၌ အတားအဆီး ပိတ်ဆို့မှုများနှင့် ရင်ဆိုင်ရတတ်သည်။ သို့သော်လည်း ကျင့်ကြံဆင့် မည်မျှ မြင့်မားစေကာမူ လူသားအသွင် လုံးဝ အသွင်မပြောင်းလဲနိုင်သည့် မိစ္ဆာလည်း ရှိနေသေးသည်။

မိုးမြေ စည်းမျဉ်းများ ကန့်သတ်မှုကြောင့် လူသားအသွင် မပြောင်းလဲနိုင်သည့် မိစ္ဆာတချို့မှ လွဲ၍ ပြောင်းလဲရေး တာအိုအသီးသည် မိစ္ဆာအား ပြီးပြည့်စုံသည့် ပြောင်းလဲမှုကို ဖြစ်လာစေသည်။

မိုဝူကျိုက ပြောင်းလဲရေး တာအိုအသီး၏ ဈေးနှုန်းကို အပြည့်အဝ နားမလည်သေးသောကြောင့် အဆင့်မြင့် နတ်ဘုရားကျောက် ရှစ်သောင်း ထပ်ထည့်ပေးလိုက်ခြင်း ဖြစ်သည်။ အကယ်၍ ဤလေလံဈေးက အလုပ်မဖြစ်လျှင် သူက နှစ်သန်းတစ်ထောင်

သစ်သားအဆီအနှစ်ကို ထုတ်ရမည်။ မည်သို့ပင် ဖြစ်စေကာမူ သူက ဤဖျင်ရွှေအား ဝယ်ယူရမည် ဖြစ်၏။ ထို့အပြင် ဤဖျင်ရွှေသည် သူ့အတွက် များစွာ အသုံးဝင်လိမ့်မည်ဟု ခံစားမိနေသည်။

မိုဝူကျို၏ လေလံဈေးက မကြာခင် ပိတ်ကားချပ်ပေါ်၌ ပေါ်လာလေသည်။ ဖြူဖွေးဖွေး ပြောင်းလဲရေး တာအိုအသင်း၏ ပုံရိပ်က ပိတ်ကားချပ်၌ ပေါ်လာသည်။

ပိတ်ကားချပ်ပေါ်၌ လေလံဈေးကား ရပ်တန့်သွားတော့သည်။ တစ်ချိန်တည်းဆိုသလို နီကျစ်ကျန်းလည်း ခဏတာ ကြောင်အမ်းသွားမိသည်။ ပြောင်းလဲရေး တာအိုအသင်းက ဖျင်ရွှေထက် ရဖို့ရာ ပိုလွယ်ကူသော်လည်း ဈေးနှုန်းကား ဖျင်ရွှေထက် နိမ့်ကျမည် မဟုတ်ပေ။ အကြောင်းမှာ နတ်ဘုရားကုန်းမြေ၌ လူများစွာက ပြောင်းလဲရေး တာအိုအသင်းကို ဝယ်ယူလိုကြသည်။

နီကျစ်ကျန်းက ခဏတာမျှသာ ကြောင်အမ်းသွားပြီးနောက် သူမ မျက်နှာထက်၌ အပြုံးတစ်ပွင့် ဖြစ်တည်လာကာ “ ကျွန်မတို့ နှင်းစက်ကျကုန်သည်အိမ်တော်က ဒီလေလံဈေးကို

လက်ခံပါ့မယ်ရှင့်။ တာအိုရောင်းရင်း နံပါတ် ၈၇၃၂ က ဖျင်ရွှေတစ်စက်ကို ရရှိသွားပါတယ်ရှင် ”

မိုဝူကျိက အဆင့်မြင့် နတ်ဘုရားကျောက် ရှစ်သောင်းနှင့် ပြောင်းလဲရေး တာအိုအသီးကို ကူးပြောင်းရေး အစီအရင်ပြားပေါ် တင်ပေးလိုက်သည်။ သူက လေလံဈေး ပိုပေးလိုက်ကြောင်း မှန်းဆမိလိုက်၏။ သို့သော် သူက ပြောင်းလဲရေး တာအိုအသီး ဈေးနှုန်းကို အသေအချာ မသိသည့်အတွက် မတတ်နိုင်ပေ။

မိုဝူကျိက သူ့ပစ္စည်းများကို ပေးပို့ပြီးနောက် ဖျင်ရွှေတစ်စက်က သူ့ရှေ့ ချက်ချင်း ပေါ်လာသည်။

မိုဝူကျိက ဖျင်ရွှေကို မစစ်ဆေးကြည့်တော့ဘဲ ဖျင်ရွှေတစ်စက်အား သူ့သိုလှောင်လက်စွပ်အတွင်း ထည့်သိမ်းလိုက်တော့သည်။ သူက လေလံပွဲနေရာမှ ထွက်လာပြီးသည့်နောက်ပိုင်းမှ ဖျင်ရွှေအား သူ့ထာဝရကမ္ဘာထဲ ထည့်ဖို့ရာ ရည်ရွယ်ထား၏။

“ တာအိုရောင်းရင်း တကယ်လို့ ပြောင်းလဲရေး တာအိုအသီး ရှိရင် ကျုပ်တို့ တန်ချင်းကုန်သည်အိမ်တော်က ဈေးမြင့်မြင့်ပေးပြီး ဝယ်ချင်ပါတယ် ” မိုဝူကျိ နားထဲ အသံတစ်သံ ထွက်ပေါ်လာသည်။

မိုဝူကျိက လုံးဝ မတုံ့ပြန်ပေ။ သူက ထိုစကားများကို မရှိသည့် လေကဲ့သို့သာ ဆက်ဆံလိုက်၏။

## အခန်း (၉၇၅) : အမြစ်မဲ့သံမဏိနှင့် ရွှေရောင် နိဗ္ဗာန တာအိုသဲ

တစ်ဖက်လူက မိုဝူကျို တိတ်ဆိတ်နေသည်ကို မြင်ပြီး ဆက်မပြောတော့သော်လည်း မိုဝူကျိုက သူ စောင့်ကြည့်ခံနေရကြောင်း သိလိုက်သည်။

သို့သော်လည်း ဤအရာက ရှောင်ရှား၍ မရပေ။ ဤခန်းမအတွင်း နတ်ဘုရားကျောက် လုံလုံလောက်လောက် မရှိဘဲ ထိုင်နေသည့် ငတိတစ်ယောက်သာ ဖြစ်၏။ သူ လေလံပေးသည့် ပစ္စည်းများက အာရုံစွဲဆောင်နိုင်မည့်အရေးအား မတားဆီးနိုင်ချေ။ အကယ်၍ သူက အားကောင်းလိုလျှင် သူ့အနေနှင့် မည်သည့်အချိန် ပြုမူရမည်ကို ကောင်းကောင်း သိဖို့ လိုအပ်၏။

“ နောက်ပစ္စည်းကတော့ အဆင့် ၅ ဆေးပင်က ရတဲ့ ဆေးအဆီအနှစ် တစ်ပုံး ဖြစ်ပါတယ်။ ဒီဆေးအဆီအနှစ်က နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးရာမှာ များစွာ အကျိုးပြုပေးနိုင်ပါတယ်ရှင်။ အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို ထိပ်တန်းအဆင့်အထိ မြင့်တက်သွားစေနိုင်ပါတယ်။ ကြမ်းခင်းဈေးနှုန်းကတော့ အဆင့်မြင့် နတ်ဘုရားကျောက်

သုံးသိန်းခွဲ ပါ။ တစ်ခါတိုးတိုင်း အနည်းဆုံး တစ်သောင်း တိုးရပါ့မယ်ရှင် ”

မိုဝူကျိုက ထိုဆေးအဆီအနှစ်ကို ကြားလိုက်သည့်အခါ ဤအရာမှာ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်အတွက် လိုအပ်နေသည့် ပစ္စည်းကောင်း ဖြစ်ကြောင်း သိလိုက်သည်။ သူက ဤဆေးအဆီအနှစ် တစ်ပုံးသည် လူများစွာ လုယက်ဖို့ရာအတွက် လုံလောက်ကြောင်း အသေအချာကို သိနေ၏။

အချိန်တိုလေးအတွင်း ထိုဆေးအဆီအနှစ်၏ ဈေးနှုန်းမှာ အဆင့်မြင့် နတ်ဘုရားကျောက် ငါးသိန်းအထိ တက်သွားသည်။ ထို့အပြင် ဤဈေးနှုန်းမှာ ရပ်တန့်မသွားသေးဘဲ ဆက်တိုက် တက်နေဆဲ ဖြစ်၏။

ဤဆေးအဆီအနှစ် ပုံးကား အဆင့်မြင့် နတ်ဘုရားကျောက် တစ်သန်း သုံးသောင်းဖြင့် ဝယ်ယူသွားပေသည်။

မိုဝူကျိုက ဖျင်ရှွေကို ဝယ်ယူထားသောကြောင့် တခြားဘာမှ မဝယ်သေးပေ။ အကြောင်းအရင်းတစ်ခုမှာ သူ့တွင် နတ်ဘုရားကျောက် မရှိ၍ ဖြစ်ပြီး ဒုတိယအကြောင်းအရင်းမှာ သူက တခြားသူများ၏ အာရုံကို ရရှိထားသောကြောင့် ဖြစ်၏။

နောက်ထပ်အတော်ကြာ စောင့်ဆိုင်းပြီးနောက် မိုဝူကျိုက သူ အကြားချင်ဆုံး ဖြစ်သည့် စကားများကို ကြားလိုက်ရတော့သည်။

နေ့တစ်ဝက်တာ ကြာမြင့်သွားပြီ ဖြစ်သော်လည်း နီကျစ်ကျန်း၏ အသံက ကျယ်လောင်ကြည်လင်နေဆဲ ဖြစ်ကာ " နောက်ပစ္စည်းလေးကတော့ အမြစ်မဲ့ သံမဏိပါ။ နတ်ဘုရားကုန်းမြေက ကျင့်ကြံသူတွေအနေနဲ့ အမြစ်မဲ့သံမဏိကို မသိတဲ့သူ မရှိလောက်ဘူးဆိုတာ သေချာတယ်။ အရင်တုန်းက နတ်ဘုရားလောက ပိုင်းခြားမခံရသေးခင်က အမြစ်မဲ့သံမဏိက နတ်ဘုရားလောက တစ်ခုလုံးမှာ ဟို့ထျန်း ရတနာငါးမျိုးထဲက တစ်ခုအဖြစ် မှတ်ယူလို့ ရတယ်။ အမြစ်မဲ့သံမဏိက ရှန်းထျန်း ရတနာတွေထက်တောင် မနိမ့်ကျပါဘူး။ အမြစ်မဲ့သံမဏိကို မှော်ရတနာအဖြစ် ထုလုပ်ပြီးသွားရင် ဒီမှော်ရတနာက သူ့အလိုလို ဆက်တိုက် အဆင့်တိုးလာနိုင်တယ် "

နီကျစ်ကျန်းက ထိုအထိ ပြောပြီးနောက် လက်ကို ဝှေ့ယမ်းလိုက်သည်။ စင်တီမီတာ ၆၀ အရှည်ရှိပြီး ခပ်မည်းမည်း ကျောက်တုံးက လေလံ စားပွဲပေါ် ရှိနေသည်။

ဤသံမဏိကျောက်တုံး စားပွဲပေါ် ရောက်လာသည်နှင့် မိုဝူကျိုက စိတ်စွမ်းအား ပို့လွှတ်လိုက်သည်။ သူ မျှော်လင့်ထားသည့်အတိုင်း

အမြစ်မဲ့သံမဏိပေါ်တွင် အတားအဆီး မရှိသော်လည်း သူ့စိတ်စွမ်းအားက ထိုးဖောက်နိုင်စွမ်း မရှိချေ။

လူအုပ်ကြီး လှေ့လာပြီးသည့်အထိ စောင့်ဆိုင်းပြီးနောက် နီကျစ်ကျန်းက လက်ဖှော့ပြကာ ထိုအမြစ်မဲ့သံမဏိအား ကျောက်စိမ်းသေတ္တာထဲ ထည့်ကာ ပြောလိုက်သည် “ အမြစ်မဲ့သံမဏိက ရှန်းထျန်း ရတနာ နောက်ကောက်မကျတဲ့ ရတနာပါ။ ကြမ်းခင်းဈေးက အဆင့်မြင့် နတ်ဘုရားကျောက် ငါးသန်းကနေ စပြီးတော့ တစ်ခါတိုးတိုင်း တစ်သိန်းပါရှင် ”

မိုဝူကျိုက လေအေးများ မှုတ်ထုတ်လိုက်သည်။ ဤဈေးနှုန်းမှာ မမြင့်ပေ။ အင်မတန် မြင့်နေခြင်းသာ ဖြစ်၏။ လေလံစမဆွဲခင် ဈေးနှုန်းက သန်းချီနေပြီ ဖြစ်၏။ လေလံဆွဲပြီးသည့်နောက် မည်သို့ ဖြစ်သွားမည်နည်း။

“ အဆင့်မြင့် နတ်ဘုရားကျောက် ခြောက်သန်း ”

“ ခြောက်သန်းခွဲ ”

“ ခုနှစ်သန်း ”

ဈေးနှုန်းမှာ ဆက်တိုက် မြင့်တက်နေဆဲ ဖြစ်သည်။ မကြာခင် ဆယ်သန်း ကျော်သွားတော့သည်။ မိုဝူကျိုက တိတ်ဆိတ်သွားလေ၏။ သူက သူ့ရွှေရောင် နိဗ္ဗာနတာအိုသဲသည်

အမြစ်မဲ့သံမဏိအတွက် လုံလောက်မည်လား မသိပေ။ အကယ်၍ သူ့ရွှေရောင် နိဗ္ဗာန တာအိုသဲက မလုံလောက်လျှင် သူ့သဘာဝ အမြုတေ တစ်ခုက လုံလောက်ပေလိမ့်မည်။

သို့သော်လည်း မိုဝူကျိုက သူ့လျှပ်စီး သဘာဝအမြုတေနှင့် အမှောင်ထု သဘာဝအမြုတေတို့နှင့် လေလံဆွဲရန် ဆန္ဒမရှိပေ။

ဈေးနှုန်းက ၁၂ သန်းအထိ မြင့်တက်သွားသည့်အခါ ဆက်လက် မြင့်တက်နေဆဲသာ ဖြစ်၏။ လေလံဈေး တက်နှုန်းမှာ အနည်းငယ် နည်းသွားသော်လည်း ဆက်လက် တက်နေဆဲသာ ဖြစ်သည်။

မိုဝူကျိုက ရွှေရောင် နိဗ္ဗာနတာအိုသဲကို လေလံထဲ ထည့်လိုက်သည်။ ထို့နောက် သူ့ရွှေရောင် နိဗ္ဗာန တာအိုသဲကို လေလံဆွဲ ပိတ်ကားချပ်ပေါ် တင်လိုက်၏။ ယခင် သူ့သင်ခန်းစာမှ သင်ယူထားပြီးပြီ ဖြစ်၍ မိုဝူကျိုက သူ့လေလံဈေးနှုန်းနောက်မှ သတ်မှတ်ချက် ထည့်ပေးလိုက်သည်။ သူက အဆင့် ၅ ဆေးပင် များများ လိုအပ်နေသည် မဟုတ်ပါလော။

မိုဝူကျိုက ရွှေရောင် နိဗ္ဗာန တာအိုသဲ ဈေးနှုန်းကို မသိထားသောကြောင့် အဆင့် ၅ ဆေးပင် မည်မျှ အလိုရှိသည့်အကြောင်း မရေးနိုင်ပေ။ အကယ်၍ လေလံအိမ်က

ဤလေလံဈေးအား လျစ်လျူရှုမည်ဆိုလျှင်ပင် ကိစ္စ မရှိပေ။ သူက ထိုသတ်မှတ်ချက်ကို ဖယ်ရှား၍ ဆက်လက် လေလံဆွဲနိုင်သေး၏။

နောက်အခိုက်အတန့်လေး၌ ရွှေရောင် နိဗ္ဗာနတာအိုသဲ၏ လေလံကား ပင်မ လေလံပိတ်ကားချပ်ပေါ်၌ ပေါ်လာသည်။

မိုဝူကျိုက နည်းနည်း စိတ်လှုပ်ရှားမိသွားသည်။ သူက ဤလေလံဈေးသည် အမှန် လုပ်ရပ် ဟုတ်လား မသိတော့ပေ။

ရွှေရောင် နိဗ္ဗာနတာအိုသဲ ပေါ်လာသည်နှင့် မိုဝူကျိုက လူအုပ်အတွင်းမှ လှုပ်လှုပ်ရှားရှား ရေရွတ်သံများကို ကြားလိုက်ရ၏။

“ ရွှေရောင် နိဗ္ဗာနတာအိုသဲလား ”

“ နိဗ္ဗာနတာအိုသဲမှာ ရွှေရောင် ရှိတာလား ”

...............

အကယ်၍ မိုဝူကျို၏ ပြောင်းလဲရေး တာအိုအသီးသည် နီကျစ်ကျန်းအား အနည်းငယ် အံ့အားသင့်သွားစေသည်ဆိုလျှင် ဤရွှေရောင် နိဗ္ဗာနတာအိုသဲသည် သူမအား လုံးဝ ကြောင်အမ်းသွားစေတော့သည်။

ကုန်သည်အိမ်တော် တာဝန်ခံအနေနှင့် နီကျစ်ကျန်း၏ နိဗ္ဗာနတာအိုသဲအပေါ် နားလည်နိုင်စွမ်းသည် နတ်ဘုရားဘုရင် ဝတ်ရုံစိမ်းထက်ပင် ပို၍ နက်နဲနေသေး၏။ သူမ အလုပ်အရ သူမသည် ရွှေရောင် နိဗ္ဗာနတာအိုသဲအကြောင်း မသိထားလျှင် သူမအနေနှင့် လက်ရှိအနေအထားသို့ ရောက်ရှိလာခွင့် ရှိမည် မဟုတ်ပေ။

ညှိရွှေရောင် နိဗ္ဗာနတာအိုသဲကို ရရှိဖို့ရာ မည်မျှ ခက်ခဲကြောင်း သူမက တခြားသူများထက် ကောင်းကောင်း ပိုသိ၏။ အကြောင်းမှာ ညှိရွှေရောင် နိဗ္ဗာနတာအိုသဲသည် ချင်းဟိုင်လမ်းကြောင်းအတွင်း ပေါ်မလာ၍ ဖြစ်သည်။ တခြားနည်းဖြင့်ဆိုရလျှင် ညှိရွှေရောင် နိဗ္ဗာနတာအိုသဲကို ရရှိဖို့ရာ ချင်းဟိုင်လမ်းကြောင်း ပျောက်သွားသည့်အထိ စောင့်ဆိုင်းရမည် ဖြစ်၏။ မဟုတ်လျှင် ရွှေရောင် နိဗ္ဗာနတာအိုသဲကို မရှာတွေ့နိုင်ပေ။

နီကျစ်ကျန်းကဲ့သို့ လေလံခန်းမတစ်ခုလုံးသည် မိုဝူကျို၏ ရွှေရောင် နိဗ္ဗာနတာအိုသဲကြောင့် ကြောင်အမ်းကုန်ကြသည်။

မိုဝူကျို၏ ရွှေရောင် နိဗ္ဗာနတာအိုသဲသည် လူအားလုံး၏ အာရုံကို ဖမ်းစားသွားလေ၏။

အမြစ်မဲ့သံမဏိ၏ ဈေးနှုန်းမှာ ၁၅ သန်း ရောက်ရှိနေသော်လည်း ဆက်လက်၍ တက်မလာတော့ပေ။

မူလက အမြစ်မဲ့သံမဏိ တန်ဖိုးအရ ၁၅ သန်းဖြင့် ရပ်တန့်သွားမည် မဟုတ်ပေ။ ရပ်တန့်သွားသည့် တစ်ခုတည်းသော အကြောင်းပြချက်မှာ ရွှေရောင် နိဗ္ဗာနတာအိုသဲကြောင့် ဖြစ်၏။

ရွှေရောင် နိဗ္ဗာနတာအိုသဲကို ဈေးနှုန်း သတ်မှတ်မရသေးသော်လည်း ဤအရာက နံပါတ်တစ် လေလံဈေး ဖြစ်လိမ့်မည်မှန်း အားလုံးက သိကြသည်။

“ ဒီက တာအိုရောင်းရင်း … ကျုပ်က ခင်ဗျားအတွက် အမြစ်မဲ့သံမဏိကို ဝယ်ပေးချင်ပါတယ်။ ပြီးတော့ ခင်ဗျားကို အဆင့်မြင့် နတ်သွေးကြောနဲ့ အဆင့်မြင့် နတ်ဘုရားကျောက် ဆယ်သန်း ပေးပါ့မယ်။ ကျုပ်အတွက် ရွှေရောင် နိဗ္ဗာနတာအိုသဲ ရရင် ရပါပြီ … ဘယ်လိုလဲ ” မိုဝူကျိ နားထဲ ခပ်ဩဩ အသံတစ်သံ ထွက်ပေါ်လာလေ၏။ ခန်းမအတွင်းရှိ အတားအဆီးများက အသံဆက်သွယ်ရေးအား မတားမြစ်ထားပေ။

မိုဝူကျိက အတော်လေး အံ့ဩမိသွား၏။

**ဤရွှေရောင် နိဗ္ဗာနတာအိုသဲက ဒီလောက်တောင် တန်ဖိုးရှိတာလား ....**

မိုဝူကျိုက ပြန်မဖြေခင် ရွှေရောင် နိဗ္ဗာနတာအိုသဲ၏ စျေးနှုန်းကား သတ်မှတ်ပြီးသွားလေပြီ။ နံပါတ်တစ် လေလံစျေးအဖြစ် ရောက်ရှိသွားလေ၏။

“ ဒီက တာအိုရောင်းရင်းတို့ ကျုပ်တို့နှင်းစက်ကျ ကုန်သည်အိမ်တော်က သီးသန့်အရောင်းအဝယ်ကို ခွင့်မပြုထားပါဘူး။ ဒါက ခင်ဗျားအတွက် ပထမဆုံ သတိပေးတာပါ။ ဒုတိယအကြိမ်ကျ ဒီလေလံပွဲနေရာကနေ နှင်ထုတ်ခံရလိမ့်မယ် ” အေးစက်စက် ခပ်ရှရှ အသံတစ်သံ ထွက်ပေါ်လာ၏။ ထို့နောက် ခပ်ညြညြ အသံပိုင်ရှင် ထပ်မပေါ်လာတော့ပေ။

မိုဝူကျိုက စိတ်ထဲ မထားပေ။ လေလံအိမ်က သီးသန့်အရောင်းအဝယ် ခွင့်ပြုထားလျှင်ပင် သူ့အနေနှင့် ထိုလူ၏ ကမ်းလှမ်းမှုအား သဘောတူမည် မဟုတ်ချေ။

လေလံအိမ်အတွင်း အရောင်းအဝယ် လုပ်သည့်အခါ သူက ကူးပြောင်းရေး အစီအရင်ပြားပေါ် တင်ပေးလိုက်ရုံသာ ဖြစ်၏။ ထိုအရာက လေလံအိမ်တော်အတွင်း တန်း ရောက်ရှိသွားမည်

ဖြစ်သည်။ ထို့နောက် သူ အလိုရှိသော ပစ္စည်းသည် သူ့ရှေ့မှောက် ပေါ်လာလိမ့်မည်။ ဤသည်က အန္တရာယ် အကင်းဆုံးနှင့် အားအထားရဆုံး နည်းလမ်း ဖြစ်၏။

တစ်ဖက်တွင် သီးသန့် အရောင်းအဝယ်များ၌ သူက တစ်ဖက်လူနှင့် မျက်နှာချင်းဆိုင် တွေ့ဖို့ လိုအပ်၏။ တစ်ဖက်လူက သူ့အား နတ်ဘုရားကျောက် သန်းတစ်ထောင် ပေးနေလျှင်ပင် သူ လက်ခံမည် မဟုတ်ပေ။ သူ့ကျင့်ကြံဆင့်လေးဖြင့် တခြားသူများနှင့် မည်သို့ အရောင်းအဝယ် လုပ်နိုင်မည်နည်း။ သူက သူ့ရွှေရောင် နိဗ္ဗာနတာအိုသဲကိုပင် လေလံမတင်ရဲပေ။

လေလံပွဲအတွင်းရှိ မည်သူကမှ ဆက်လက်၍ လေလံမဆွဲကြတော့ပေ။ ယခု ရွှေရောင် နိဗ္ဗာနတာအိုသဲ ပေါ်လာပြီ ဖြစ်ရာ သူတို့ မည်သို့ လေလံဆွဲနိုင်မည်နည်း။

**နတ်ဘုရားကျောက် သန်းတစ်ရာလား ....**

နတ်ဘုရားကျောက် သန်းတစ်ရာဖြင့် လေလံဆွဲလျှင်ပင် လေလံအိမ်က ပထမနေရာ မှတ်ယူမည် မဟုတ်ပေ။ နံပါတ်တစ်နေရာကား ရွှေရောင် နိဗ္ဗာနတာအိုသဲသာ ကျန်ရှိနေဦးမည် ဖြစ်၏။

နီကျစ်ကျန်းက ပြန်လည် တည်ငြိမ်လာ၏။ သူမ လေသံက အနည်းငယ် စိတ်လှုပ်ရှားနေသော်လည်း “ ကျွန်မတို့ နှင်းစက်ကျကုန်သည့်အိမ်တော်က အမြစ်မဲ့သံမဏိကို ရွှေရောင်နိဗ္ဗာနတာအိုသဲနဲ့ အလဲအလှယ် လုပ်ဖို့ ဆန္ဒ ရှိပါတယ်။ ပြီးတော့ ကျွန်မတို့ဘက်က အဆင့် ၅ ဆေးပင် ၇၀၀ ပေးဖို့ လိုလားပါတယ်။ တာအိုရှောင်းရှင်း ဘယ်လို ထင်ပါသလဲရှင့် ”

**အဆင့် ၅ ဆေးပင် ၇၀၀ တဲ့လား ....**

မိုဝူကျိုက စိတ်ထဲ ပျော်ရွှင်ဝမ်းမြောက်သွားသည်။ ကံကောင်းစွာဖြင့် သူက ထိုအခြေအနေကို ထပ်ထည့်လိုက်ခြင်း ဖြစ်သည်။ မဟုတ်လျှင် သူ့အနေနှင့် အဆင့် ၅ ဆေးပင် မည်သည့်နေရာမှ ရရှိနိုင်မည်နည်း။

ထို့အပြင် မိုဝူကျိုက သူသာ ထပ်တောင်းဆိုလျှင် လေလံအိမ်တော်က သဘောတူဦးမည် ဖြစ်ကြောင်း ပြောနိုင်၏။ သို့သော်လည်း မိုဝူကျိုက စျေးနှုန်းအား မမြင့်လိုက်ပေ။ သူက အသံပြောင်းလဲ၍ “ ကျုပ် လိုလားပါတယ်။ ဒီပစ္စည်းက အရမ်းအဖိုးတန်တယ်ဆိုတော့ လေလံအိမ်တော်က ကျုပ် နေရာကို လာပြီး မျက်နှာချင်းဆိုင် တွေ့ဆုံဖို့ မျှော်လင့်ပါတယ် ”

မိုဂူကျိုက မတန်တဆ တောင်းဆိုခြင်း မရှိဘဲ မျက်နှာချင်းဆိုင် အရောင်းအဝယ်ကိုသာ တောင်းဆိုသည့်အတွက် နီကျစ်ကျန်းကလည်း သဘောတူဖို့ တုံ့ဆိုင်းမနေပေ။ ထို့အပြင် မိုဂူကျို၏ တောင်းဆိုချက်က ကျိုးကြောင်းသင့်ပေသည်။ ဤသို့ အရေးကြီးသည့်အရာမျိုးဖြင့် သူက မျက်နှာချင်းဆိုင် မတွေ့ဘဲ မည်သို့ စိတ်ချလက်ချ နေနိုင်မည်နည်း။

ပင်မခန်းမကား ဆွေးနွေးမှုများနှင့် ပြည့်နှက်သွားသည်။ ရွှေရောင် နိဗ္ဗာနတာအိုသဲက ဒဏ္ဍာရီလာ ပစ္စည်းတစ်ခု ဖြစ်ခဲ့သည်။ ယခုအခါ အမှန်တကယ် ပေါ်လာပြီ ဖြစ်၏။ အကယ်၍ ဤလေလံပွဲတွင် ရွှေရောင် နိဗ္ဗာနတာအိုသဲ ပေါ်လာကြောင်း သိမည်ဆိုလျှင် ဤလေလံပွဲသို့ နတ်ဘုရားဘုရင်များစွာလည်း တက်ရောက်လာနိုင်၏။

သိပ်မကြာခင် နတ်ဘုရားအုပ်စိုးသူ တစ်ယောက်က မိုဂူကျို၏ နေရာသို့ ရောက်ရှိလာသည်။ သူက မိုဂူကျို၏ အရှိန်အဝါသည် မထင်မရှား ဖြစ်နေကြောင်း မြင်လိုက်သောအခါ မိုဂူကျိုသည် ဆိုးဆိုးရွားရွား ပါရမီရှိကြောင်း သိလိုက်၏။ သူ့အပြုံးပင် ခဏတာ တွန့်ချိုးသွားတော့သည်။

## လူတစ်ယောက်က ရွှေရောင် နိဗ္ဗာနတာအိုသဲကို မည်သို့ ရရှိလာသနည်း။

မိုဝူကျိက အသံဟန့်တား အတားအဆီးကို ချမှတ်လိုက်ပြီး မတ်တတ်ရပ်လိုက်ကာ လက်နှစ်ဖက် ယှက်လိုက်ရင်း ပြောလိုက်သည် “ ကျုပ်ရဲ့ ရွှေရောင် နိဗ္ဗာနတာအိုသဲကြောင့် လူအများကြီး ကျုပ် နောက်လိုက်မှာကို စိုးရိမ်လို့ပါ။ ဒီအလဲအလှယ်ပြီးရင် ခင်ဗျားက ကျုပ်အစား ကျန်နေပေးပြီး ကျုပ် ချက်ချင်း ထွက်သွားနိုင်အောင် ကူညီပေးလို့ ရမလား။ အဆင်ပြေမလား ”

မိုဝူကျိ၏ မူလရည်ရွယ်ချက်အရ သူက လေလံပွဲအပြီးတွင် သူ့အငွေ့အသက် ထည့်သွင်းထားသည့် အရုပ်ကို ထားခဲ့ပြီး သူက တည်းခိုဆောင်သို့ ပြန်သွားမည် ဖြစ်၏။ ထို့နောက် သူက အမြန်ဆုံး လေလွှတ်မြောက်ရေး နည်းစနစ်ကို အသုံးပြုပြီး နှင်းစက်ကျမြို့မှ ထွက်သွားမည် ဖြစ်၏။

ယခု ရွှေရောင် နိဗ္ဗာနတာအိုသဲ၏ ဈေးနှုန်းမှာ အလွန်အံ့ဖွယ် ဖြစ်နေသောကြောင့် သူ့အကြံကို ပြောင်းကာ ချက်ချင်း ထွက်သွားဖို့ ဆုံးဖြတ်လိုက်ခြင်း ဖြစ်၏။ ထို့အပြင် သူက ဤနိဗ္ဗာနတာအိုသဲဖြင့် လေလံအိမ်တော်သည်

ဤတောင်းဆိုချက်အား သဘောတူလိမ့်မည် ဖြစ်ကြောင်း ယုံကြည်ထားသည်။

ဤနတ်ဘုရား အုပ်စိုးသူသည် ချက်ချင်း နားလည်သွားပြီး ပြန်ပြောလိုက်သည် “ ကျုပ် အရင် မေးကြည့်လိုက်ပါဦးမယ် ”

အသက်ရှိုက်စာအနည်းငယ်အတွင်း နတ်ဘုရား အုပ်စိုးသူက မိုဝူကျိုထံ ပြန်ပြောလိုက်သည် “ ရပါတယ် … ကျုပ်တို့တွေ ခင်ဗျား တောင်းဆိုတဲ့အတိုင်း လုပ်ပေးမယ်။ ဒီအလဲအလှယ်ပြီးရင် ကျုပ်ရဲ့ ဝတ်စုံနဲ့ ထွက်သွားလိုက်ပါ။ ကျုပ် ဒီနေရာမှာ နှစ်နာရီ နေပေးမယ် ”

“ ကျေးဇူးပါ ” မိုဝူကျိုက သူ့ရွှေရောင် နိဗ္ဗာနတာအိုသဲကို ထုတ်ပေးလိုက်သည်။

ဤနတ်ဘုရား အုပ်စိုးသူက အမြစ်မဲ့သံမဏိနှင့် အဆင့် ၅ ဆေးပင် ၇၀၀ ကို မိုဝူကျိုထံ ပေးလိုက်သည်။ မိုဝူကျိုက အားလုံးကို အမြန် စစ်ဆေးကြည့်လိုက်သည်။ အမှန်ပင် အမြစ်မဲ့သံမဏိပင် ဖြစ်၏။ ထို့အပြင် ဤနှင်းစက်ကျ ကုန်သည်အိမ်တော်က ယခင် တန်ချင်းကုန်သည်အိမ်တော်နှင့် ယှဉ်လျှင် အတော်လေး ကရုဏာ ကြီးပေသည်။ အဆင့် ၅ ဆေးပင် ၇၀၀ လုံးက အသုံးဝင်လှပြီး အသုံးမဝင်သည့် ဆေးပင်မျိုး မဟုတ်ပေ။

အလဲအလှယ်အပြီးတွင် ဤနတ်ဘုရား အုပ်စိုးသူက ကူးပြောင်းရေး အစီအရင်ပြားမှ တဆင့် ရွှေရောင် နိဗ္ဗာနတာအိုသဲကို ပို့လွှတ်လိုက်သည်။ အသက်နှစ်ရှိုက်စာအတွင်း သူက ပြန်ကြားချက်တစ်ခုကို လက်ခံလိုက်ရ၏။ ထို့နောက် သူက အပေါ်ဝတ်ရုံကို ဖယ်ကာ မိုဝူကျိထံ ပေးလိုက်သည်။

မိုဝူကျိက နဂိုကတည်းက ရုပ်ဖျက်လာခြင်း ဖြစ်၏။ နတ်ဘုရား အုပ်စိုးသူ၏ အပြင်ဝတ်ရုံကို ဝတ်ဆင်ပြီးနောက် သွင်ပြင်ကို အလွယ်တကူ ပြောင်းလဲလိုက်ရင်း လေလံအိမ်တော်၏ ဘေးတံခါးမှ ထွက်သွားတော့သည်။

လေလံအိမ်တော်မှ ထွက်လာသည်နှင့် မိုဝူကျိက သူ့လေလွှတ်မြောက်ရေး နည်းစနစ်ကို ချက်ချင်း ထုတ်သုံးလိုက်သည်။ သူက နှင်းစက်ကျ ကုန်သည်အိမ်တော်ကိုလည်း စိုးရိမ်မိ၏။

## အခန်း (၉၇၆) : အသိဉာဏ်ပွင့်ခြင်း

နှင်းစက်ကျ ကုန်သည်အိမ်တော်၏ လေလံပွဲကို ဆက်လက်၍ ကျင်းပ၏။ နှင်းစက်ကျ ကုန်သည်အိမ်တော်

အဆောက်အဦးအတွင်းရှိ အခမ်းနားဆုံး အခန်း၌ ခပ်ဖြူဖြူ လူလတ်အရွယ် အမျိုးသားတစ်ဦးက ထိုင်နေသည်။ သူ့ရှေ့တွင် အမျိုးသား ကျင့်ကြံသူ နှစ်ဦး ရှိနေပြီး တစ်ဦးမှာ မိုဝူကျိနှင့် အလဲအလှယ် သွားလုပ်ခဲ့သည့် နတ်ဘုရား အုပ်စိုးသူ ဖြစ်ပြီး နောက်တစ်ဦးမှာ လက်နောက်ပစ်ထားသည့် မုတ်ဆိတ်အပြောင် ရိတ်ထားသော လူအိုကြီး တစ်ဦး ဖြစ်၏။

“ အဖွဲ့ခေါင်းဆောင် … အဲဒီလူက နှင်းစက်ကျမြို့ကို ထွက်သွားလောက်ပြီ။ သူက ထိပ်တန်းအဆင့် လွှတ်မြောက်ရေး နည်းစနစ်ကို သုံးသွားတယ်။ သူ ထွက်သွားတာနဲ့ တည်နေရာ လှိုင်းတွန့်လေးတောင် မကျန်ရှိနေခဲ့ဘူး။ အဲကြောင့် ဒီဟာက လွှတ်မြောက်ရေး နည်းစနစ်ထဲမှာ မြေ လွှတ်မြောက်ရေး နည်းစနစ် ဖြစ်လောက်တယ် ” ပြောလိုက်သူမှာ နတ်ဘုရား အုပ်စိုးသူ ဖြစ်၏။

မုတ်ဆိတ်အပြောင်နှင့် လူအိုကြီးလည်း ဝင်ပြောလိုက်သည် “ အမြစ်မဲ့သံမဏိရဲ့ တည်နေရာကို အာရုံခံမိသေးတယ်။ အဲဒါက အရမ်းကို လျင်မြန်တဲ့နှုန်းနဲ့ ရွေ့နေတယ် ”

ခပ်ဖြူဖြူ လူလတ်အရွယ် အမျိုးသားက မျက်လုံးဖွင့်ကာ ခပ်ယဲ့ယဲ့ ပြုံးလိုက်ရင်း “ အဲဒီလူက မဆိုးဘူးပဲ …. သူ့ဆီမှာ

ထိပ်တန်းအဆင့် လွတ်မြောက်ရေး နည်းစနစ်တောင် ရှိနေသေးတယ်။ သူ့နေရာကို ရောက်တဲ့အခါ ဘာမှမလုပ်ခင် အရင်ဆုံး သူ့နောက်ခံကို စစ်ဆေးကြည့်ဦး ”

“ အာ ” လူအိုကြီးက ဘာမှမပြောတော့ပေ။

“ ဘာဖြစ်တာလဲ ” အဖွဲ့ခေါင်းဆောင် ခေါ်ဝေါ်ခံရသော လူလတ်အရွယ် အမျိုးသားက မြန်မြန် မေးလိုက်သည်။

“ အမြစ်မဲ့ သံမဏိပေါ်က အမှတ်အသားက ပျောက်သွားပြီ။ အဲဒီလူရဲ့ တည်နေရာကို အာရုံခံလို့ မရတော့ဘူး ” လူအိုကြီး၏ မျက်နှာအမူအယာမှာ ပျက်ယွင်းသွားလေသည်။ နတ်ဘုရားဘုရင်များပင် သူ့အမှတ်အသားကို တစ်နာရီခွဲအတွင်း မဖယ်ရှားနိုင်ပေ။ ယခု ငတိတစ်ကောင်က ဘာမှ မဟုတ်သည့်အလား ပယ်ဖျက်လိုက်နိုင်သည်။

ဤနတ်ဘုရား အုပ်စိုးသူ မျက်နှာတွင် တအံ့တသြ အမူအယာ ရှိနေလေ၏။ သူက ဦးညွှတ်ကာ “ အဖွဲ့ခေါင်းဆောင် … ကျုပ် ဝတ်ရုံပေါ်က အမှတ်အသားက နေရာတစ်ခုတည်းမှာပဲ ရပ်နေတယ်။ ကြည့်ရတာ သူ ချွတ်ပစ်လိုက်ပုံပဲ … ကျုပ် တစ်ချက် သွားကြည့်လိုက်ဦးမယ် ”

အဖွဲ့ခေါင်းဆောင်က လက်ဖျော့ပြကာ “ ထားလိုက်ပါတော့ … သူက ဒါတွေအားလုံး တွေးမိပြီးပြီဆိုတော့ သွားကြည့်လည်း မထူးတော့ဘူး။ ဒီကိစ္စက အခွင့်သာလို့ ဖြစ်လာတာပဲ။ ဆက် အာရုံစိုက်စရာ မလိုတော့ဘူး ”

“ ဟုတ်ကဲ့ ” လူအိုကြီးနှင့် နတ်ဘုရား အုပ်စိုးသူက စိတ်သက်သာစွာဖြင့် တုံ့ပြန်လိုက်ကြသည်။

နှင်းစက်ကျ ကုန်သည်အိမ်တော်က ကျင့်ဝတ်ရှိသည့် ကုန်သည်အိမ်တော် တစ်ခု ဖြစ်နေသေး၏။ သူတို့က သူတို့ရတနာများအပေါ် အမှတ်အသား ချန်ရစ်ထားခြင်းက ဝယ်ယူသူဆီမှ လိုက်ကာ ပြန်လုယက်ဖို့ရာအတွက် မဟုတ်ပေ။ ထို့အစား သူတို့က သူတို့ရောင်းချလိုက်သည့် ပစ္စည်း မည်သည့်နေရာသို့ ရောက်ရှိသွားကြောင်းသာ သိချင်မိ၏။ ထို့အပြင် တန်ဖိုးအရှိဆုံး ရတနာများကိုသာ ထိုသို့ အာရုံစိုက်ထားခြင်း ဖြစ်ပေသည်။

မိုဝူကျို၏ အမြစ်မဲ့သံမဏိသည် ထိုသို့အရာမျိုး ဖြစ်၏။ သို့သော် ယခု အမြစ်မဲ့သံမဏိပေါ်မှ အမှတ်အသားက ဖယ်ရှားခံလိုက်ရပြီ ဖြစ်ရာ နှင်းစက်ကျကုန်သည်အိမ်တော်အနေနှင့် သေချာလိုက်လံ၍ စုံစမ်းမည် မဟုတ်ပေ။ အကြောင်းမှာ သူတို့

အပြုအမူက အစကတည်းက မှားယွင်းနေသောကြောင့် ဖြစ်၏။ သူတို့က ပစ္စည်းပေါ်ရှိ အမှတ်အသားမှာ လေလံပစ်သည့်သူ ချန်ထားခဲ့သည်ဟု ဆို၍ ရသော်လည်း အမှတ်အသား ပျောက်သွားပြီးနောက် သူတို့ လူကို စုံစမ်းဖို့ရာ လွတ်သည်ဆိုလျှင် သူတို့အနေနှင့် မှားနေကြောင်း သိသာသွားမည် ဖြစ်၏။

အကယ်၍ နှင်းစက်ကျ ကုန်သည်အိမ်တော်က ထိုသို့အရာမျိုး လုပ်ဆောင်ပါက ယနေ့အခြေအနေမျိုးအထိ ရောက်ရှိနေမည် မဟုတ်ပေ။ အကယ်၍ ကုန်သည်အိမ်တော်တစ်ခုက ထိုသို့ ကလိမ်ကကျစ် လုပ်သည်ဆိုလျှင် သူတို့ မည်မျှပင် ဖုံးကွယ်ဖို့ ကြိုးစားစေကာမူ သူတို့အမှားများက ထွက်ပေါ်လာဦးမည်သာ ဖြစ်၏။ တန်ချင်းကုန်သည်အိမ်တော်က မိုဝူကျီအပေါ် အခွင့်ကောင်းယူစဉ်အခါကပင် သိသာထင်ရှားစွာ မဆောင်ရွက်ကြပေ။ သူတို့က ဟာကွက်ကို အသုံးချရုံမျှသာ ဖြစ်၏။

.................

မိုဝူကျီအပေါ် အမှတ်အသား ချန်ထားဖို့ ကြိုးစားကြသည့် လူအရေအတွက်မှာ မရေတွက်နိုင်လောက်အောင် များပြားပေသည်။ သူ့နောက်ကို လိုက်ဖို့ ကြိုးစားကြသူများလည်း

အတူတူ ဖြစ်၏။ ထို့ကြောင့် နတ်ဘုရားဘုရင်ပင် မိုဝူကျိအပေါ် စိတ်စွမ်းအား သုံးကာ နောက်ယောင်ခံ၍ ရမည် မဟုတ်ပေ။

သူ့လေလွှတ်မြောက်ရေး နည်းစနစ်ကို သုံးကြိမ် ထုတ်သုံးပြီးသည့်နောက်တွင် မိုဝူကျိက တာဝန်ခံ’ အပြင်ဝတ်ရုံကို ဖယ်ရှားလိုက်ပြီး သူ ဝယ်ယူလာသော ပစ္စည်းအားလုံးကို ထာဝရကမ္ဘာအတွင်း ပစ်ထည့်ထားလိုက်တော့သည်။ သူ့လေလွှတ်မြောက်ရေး နည်းစနစ်ကို နောက်ထပ် နှစ်နာရီကြာ အသုံးပြုပြီးနောက် မိုဝူကျိက သူ့ထာဝရကမ္ဘာအတွင်း ဝင်ကာ ပစ္စည်းများပေါ်တွင် အမှတ်အသားများ ပါ၊ မပါ စစ်ဆေးကြည့်လိုက်သည်။ အမှတ်အသားအားလုံး ဖယ်ရှားပြီးသည်ကို အတည်ပြုပြီးနောက် အဝတ်အစားအသစ် လဲလှယ်ကာ မိုးကောင်းကင်မြို့သို့ ဦးတည်ထွက်လာလိုက်တော့သည်။

နှစ်ရက်ကြာမြင့်ပြီးနောက် မိုဝူကျိက အကြွင်းမဲ့ကုထုံး ဆေးခန်းဆီ ပြန်လည် ရောက်ရှိလာသည်။

သူ ဆေးခန်းသို့ ပြန်လည် ရောက်ရှိလာသည်နှင့် ဒုတိယအထပ်သို့ သွားကာ အဆင့် ၅ ဆေးပင်များကို စတင် လေ့ကျင့်လိုက်တော့သည်။

ယခု သူ့ပညာရှင်နှလုံးသားက အဆင့် ၃ နတ်ဘုရားမီးတောက်ဖြစ်လာပြီ ဖြစ်ရာ အဆင့် ၅ ဆေးလုံး ဖော်စပ်ဖို့ ပိုမိုလွယ်ကူလာလေ၏။ သို့သော်လည်း လဝက်တာ ဆက်တိုက်လေ့ကျင့်ပြီးနောက် မိုဝူကျိက အဆင့် ၅ ဆေးလုံးကို အောင်အောင်မြင်မြင် မဖော်စပ်နိုင်သေးပေ။

ထို့အပြင် သူက ဆေးပင်များ၏ တစ်ဝက်လောက်ကို သုံးပြီးသွားလေပြီ။

မိုဝူကျိက ထိုအရာကို မတားဆီးနိုင်ကြောင်း သိထား၏။ အကြောင်းမှာ သူ့ဆေးလုံးတာအိုကြောင့် မဟုတ်သလို ဆေးမီးဖို သို့မဟုတ် မီးတောက်ကြောင့်လည်း မဟုတ်ချေ။

အဓိက အကြောင်းအရင်းမှာ သူ့ကျင့်ကြံဆင့် လိုအပ်နေ၍ ဖြစ်သည်။ သူက ကနဦး နတ်ဘုရားအဆင့်သာ ရှိသေးသော်လည်း အဆင့် ၅ နတ်ဆေးလုံးကို ဖော်စပ်ဖို့ ကြိုးစားနေမိသည်။ နောက်ထပ် အရေးကြီးသည့် အချက်မှာ နတ်ဘုရားကုန်းမြေ၏ မိုးမြေစည်းမျည်းများက အားပျော့နေ၍ ဖြစ်၏။

နတ်ဘုရားကုန်းမြေ၌ နတ်ဘုရားဘုရင်အဆင့် တက်လှမ်းဖို့ရာ ခက်ခဲပေသည်။ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူက အဆင့် ၅

နတ်ဆေးလုံးကို ဖော်စပ်နေသည့်အကြောင်းအား စကားထဲ ထည့်ပြောဖို့ပင် မလိုတော့ပေ။

အဆင့် ၅ ဆေးပင်များစွာ သုံးစွဲပြီးနောက် မိုဝူကျိက အမြန်နှုန်း နှေးဖို့ရာ ဆုံးဖြတ်လိုက်တော့သည်။

သူ့အင်မော်တယ် မော်တယ် ကျင့်စဉ်သည် ဆေးလုံး ဖော်စပ်ဖို့နှင့် ပန်းပဲထုလုပ်ဖို့အတွက် အသင့်တော်ဆုံး ဖြစ်၏။ ပြီးပြည့်စုံသည့် အဆင့်များလည်း ပြီးပြည့်စုံပြီးသား ဖြစ်နေလေပြီ။ သူ ဆေးလုံးဖို့ ကြိုးစားရာ၌ ပြဿနာ ပေါ်ပေါ်လာတတ်ခြင်းသာ ဖြစ်၏။ သူက နည်းနည်းတော့ လိုအပ်နေပေသည်။ အကယ်၍ သူ့ကျင့်ကြံဆင့်က ကောင်းကင်နတ်ဘုရားအဆင့် ဖြစ်နေလျှင် အောင်မြင်နိုင်လောက်၏။

မိုဝူကျိက တစ်ရက်လျှင် တစ်သုတ်စာမျှ လေ့ကျင့်ဖို့ ပြောင်းလဲလိုက်သည်။ သူ ဆေးတစ်သုတ်စာ ဖော်စပ်ဖို့ ကြိုးစားသည့်အချိန်တိုင်း အောင်မြင်ဖို့ရာ မရည်ရွယ်ထားဘဲ အပြောင်းအလဲ ဖြစ်လာဖို့သာ ကြံရွယ်ထား၏။

ပထမတန်းစား ဂိုဏ်းပင် မိုဝူကျိလို လပိုင်းလေးအတွင်း အဆင့် ၅ ဆေးပင် တစ်ထောင်နီးပါး အသုံးပြုပစ်ဖို့ လုပ်ဆောင်နိုင်မည် မဟုတ်ပေ။

အဆင့် ၅ ဆေးလုံးဘုရင်များသည် နတ်ဘုရားကုန်းမြေ၌ အတော်လေး ရှားပါးလှသည်။ မိုးမြေစည်းမျည်း၏ ကန့်သတ်ချက်ကြောင့်သာမက ထိုအဆင့် ရောက်ရှိဖို့ရာ အဆင့် ၅ ဆေးပင်များ ရှားပါးမှုလည်း ပါဝင်နေပေသည်။

အကယ်၍ မိုဝူကျိက နှင်းစက်ကျ ကုန်သည်အိမ်တော်မှ အဆင့် ၅ ဆေးပင် ၇၀၀ သာ မရရှိထားလျှင် အဆင့် ၅ ဆေးလုံးဘုရင် ဖြစ်လာဖို့ အခွင့်အရေးပင် ရှိလောက်မည် မဟုတ်ချေ။

“ ခွမ်း ” ဆေးမီးဖိုအတွင်းရှိ ဆေးလုံးမှာ ကွဲကြေသွားပြီး တူးရနံ့ ထွက်လာသည်။ မိုဝူကျိက ဆေးမီးဖိုကို မသန့်စင်သေးဘဲ မည်းနေသည့် ဆေးလုံးနီကို ကောက်ယူလိုက်၏။

မိုဝူကျိက ဆေးလုံးနီကို စိုက်ကြည့်နေပြီး အချိန်အတော်ကြာသည့်အထိ လှုပ်ရှားမှု မရှိပေ။

**ဟုတ်တယ် ....**

ဤအရာက အဆင့် ၅ မီးတောက်စုဆေးလုံး ဖြစ်ပြီး သုံးလကြာ တံခါးပိတ် လေ့ကျင့်ပြီးနောက် ဖော်စပ်လာနိုင်သည့် တစ်ခုတည်းသော အဆင့် ၅ ဆေးလုံး ဖြစ်၏။

ဤအဆင့် ၅ ဆေးလုံးကို ဖော်စပ်ခြင်းက ဘာကိုမှ ကိုယ်စားမပြုပေ။ သို့သော်လည်း မိုဝူကျိုက ဤဆေးလုံးကို မည်သို့ ဖော်စပ်ထားကြောင်း အတိအကျ သိနေသည်။

သူ့မီးတောက်စု ဆေးလုံး ပေါက်ကွဲတော့မည့်ဆဲဆဲတွင် သူက ကံတရားကို စမ်း၍ ကိုယ်ပိုင်စည်းမျဉ်းများနှင့် စမ်းသပ်ကြည့်ဖို့ ဆုံးဖြတ်ခဲ့သည်။ ယခင် ဆေးလုံး ဖြစ်တည်လာဖို့ မိုးမြေစည်းမျဉ်းများကို ဌားယူမည့်အစား သူ့လူသားတာအို၏ တာအိုစည်းမျဉ်းများကို အသုံးပြုခဲ့သည်။

ယခင် သူ မစမ်းကြည့်သည့် အကြောင်းအရင်းမှာ သူက သူကိုယ်သူ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူဟုသာ တွေးခဲ့မိ၍ ဖြစ်သည်။ တစ်ဖက်တွင် နတ်ဘုရားကုန်းမြေအတွင်းရှိ စည်းမျဉ်းများက နတ်ဘုရားဘုရင်များ မွေးထုတ်ပေးနိုင်သည့်အထိ အားကောင်းနေပေ၏။ အကယ်၍ ထိုစည်းမျဉ်းများက နတ်ဆေးလုံး ဖွဲ့စည်းဖို့ရာ မလုံလောက်လျှင် သူ့လူသားတာအိုမှ တာအိုစည်းမျဉ်းကို စဉ်းစားကြည့်ဖို့ပင် မလိုတော့ပေ။

သူက ကနဦး နတ်ဘုရား အဆင့် ၅သာ ရှိသေးပြီး သူ့လူသားတာအိုမှာလည်း အလွန်အားနည်းနေသည်။ သို့သော်လည်း သူက သူ့လူသားတာအို စည်းမျဉ်းကို

ဆေးလုံးအတွင်း ထည့်သွင်းခဲ့သည့်အတွက် ဤအဆင့်နိမ့် အဆင့် ၅ ဆေးလုံးကို ရရှိလာခြင်း ဖြစ်၏။

သူ့ရှေ့မှောက်၌ မှုန်ဝါးဝါး တံခါးတစ်ချပ် ပေါ်လာဟန် ရှိ၏။ ယခင်က သူ မိုးကောင်းကင်ငယ်ဂိုဏ်းတွင် နှင်းစက်စိမ်းဆန် စိုက်ပျိုးနေစဉ်အခါက ထိုသို့မျိုး အံ့ဖွယ် တာအိုကို ရိပ်ခနဲ ခံစားလိုက်ရ၏။ ကံဆိုးစွာဖြင့် ထိုတာအိုက ဝေဝါးလွန်းနေခဲ့ပေသည်။ သူ မည်မျှပင် ကြိုးစားစေကာမူ မဖမ်းဆုပ်နိုင်ခဲ့ပေ။ သူ့အနေနှင့် ဆက်လက် စောင့်ဆိုင်းဖို့သာ တတ်နိုင်ပေ၏။ ယနေ့ သူက အဆင့်နိမ့် မီးတောက်စု နတ်ဆေးလုံး ဖော်စပ်နေစဉ် ထိုတံခါးချပ်အား ထပ်မံ မြင်တွေ့လိုက်ရပြီ ဖြစ်၏။

**စည်းမျည်း .... ထိုအရာများက သူ့စည်းမျည်းများ ဖြစ်၏။**

မိုဝူကျိုက လက်ထဲတွင် ဆေးလုံးလေး ကိုင်ထားရင်း မှင်တက်နေဟန်ဖြင့် ဆက်လက် နေနေသည်။

တစ်ရက်၊ နှစ်ရက် ...

ထိုစဉ် မိုဝူကျိုက သူ ဆေးလုံး ဖော်စပ်ခြင်း လေ့ကျင့်နေကြောင်းကိုပင် မေ့လျော့သွားတော့သည်။ သူက ဆိုင်ပိုင်ရှင် ဖြစ်နေသည့် အကြောင်းကိုလည်း မေ့သွားလေ၏။

သူက ထိုင်နေရင်း အချိန်ကုန်သွားသော်လည်း တစ်လက်မလေးမှ လှုပ်ရှားခြင်း မရှိပေ။

ခပ်ဖျော့ဖျော့ တာအိုအရှိန်အဝါလေးက သူ့ခန္ဓာကိုယ်ပတ်လည် ရစ်ပတ်နေပြီးနောက် စတင် ဖွဲ့စည်းသိပ်သည်းလာသည်။

................

“ အစ်ကိုကြီး ရှိုက်ကော ... အစ်ကိုကြီးမို တံခါးပိတ် လေ့ကျင့်တာ ဘယ်လောက် ကြာမှာလဲဟင် ” နှစ်ဝက်နီးပါး စောင့်ဆိုင်းပြီးနောက် ကိစ္စများက ဆက်လက်၍ မစောင့်ဆိုင်းနိုင်တော့ပေ။

ချီချွမ်းက စိတ်မရှည် ဖြစ်နေခြင်း မဟုတ်ဘဲ သူ့အစ်မဖြစ်သူက ဆက်လက်၍ တောင့်မခံနိုင်တော့ကြောင်း ခံစားမိနေ၍ ဖြစ်သည်။ သူက ခရမ်း နိဗ္ဗာနတာအိုသဲကို တိုက်နေသော်လည်း သူ့အစ်မဖြစ်သူ၏ အသက်ဓာတ်မှာ ဖြည်းဖြည်းချင်း လွင့်ပါးလာသည်။ သိပ်မကြာခင် သူ့အစ်မက ဤလောကကြီးမှ ထွက်သွားတော့မည်ဟန် ပေါ်နေသည်။

ရှိုက်ကောက ခြေသည်းဖြင့် ချီချွမ်း ပခုံးကို လှမ်းပုတ်ပေးကာ “ ချွမ်းလေး ... မင်း စိုးရိမ်မကြီးသင့်ဘူးလေကွာ။ ငါ မင်းကို ပြောပြမယ်။ ငါတို့တွေ တံခါးပိတ် လေ့ကျင့်တဲ့အခါ နှစ်တွေ

ကြာတယ် မဟုတ်ဘူးလား။ ငါ့သခင်ကြီးက အခုမှ နှစ်ဝက်ပဲ ရှိသေးတယ်လေကွာ။ မင်းက ဒါလေးကြောင့် အရမ်းစိုးရိမ်နေရင် အနာဂတ်ကျ မင်းကို ဘာလုပ်မှာလဲ ”

“ဒါပေမဲ့ အစ်မကြီးက … ”

ရှိုက်ကောက ချီချွမ်း စကားကို ဖြတ်ပြောလိုက်သည် “ စိတ်ချနေစမ်းပါကွာ … မင်းက ငါ့သခင်ကြီးရဲ့ စွမ်းရည်တွေကို မမြင်သေးလို့ပါ။ ငါ့ဆီမှာ တဲ့ဟွမ်လို့ ခေါ်တဲ့ ညီလေး ရှိတယ်။ သူ့ဒဏ်ရာတွေက မင်းအစ်မထက်ကို ပြင်းထန်တယ်။ ဒါပေမဲ့ ငါ့သခင်ကြီးက ကယ်ပေးနိုင်ခဲ့တာပဲ ”

ရှိုက်ကော၏ စကားကို ကြားပြီး ချီချွမ်းက နည်းနည်း တည်ငြိမ်သွားလေ၏။ သို့သော်လည်း အကယ်၍ သူသာ ရှိုက်ကော ပြောသည့် တဲ့ဟွမ်က အင်မော်တယ် အရုပ် ဖြစ်ကြောင်း သိခဲ့လျှင် ရှိုက်ကောနှင့် ရန်ဖြစ်နေလောက်လေပြီ။

……………..

မိုးကောင်းကင်ဂိုဏ်း၏ ကောင်းကင်နီတောင်အတွင်း သာမည ဥယျာဉ်လေးအတွင်း လူငယ်လေးက သူ့စိုက်ပျိုးထားသော နှင်းစက်စိမ်းဆန်များကို စိတ်လှုပ်ရှားစွာ ကြည့်နေလေ၏။ သူက လက်သီးကိုပင် ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

သူ့နှင်းစက်စိမ်းဆန်များကို မကြာခင် ရိတ်သိမ်းတော့မည် ဖြစ်၏။ သူက နှင်းစက်စိမ်းဆန်ကို တစ်ခါမှ မစိုက်ပျိုးဖူးသောကြောင့် မည်သို့ မျှော်လင့်ရမည်ကို မသိပေ။ သို့သော် နှင်းစက်စိမ်းဆန်ပေါ်ရှိ ရွှေရောင်ဖျော့ဖျော့လေးကို မြင်လိုက်သည့်အခါ သူ စိုက်ပျိုးထားသော နှင်းစက်စိမ်းဆန်က အဆင့်မြင့် ဖြစ်ကြောင်း သိလိုက်၏။

ဤနှစ်ဝက်အတွင်း သူက ဥယျာဉ်မှ ထွက်သွားခြင်း မရှိပေ။ သူက သူ့နှင်းစက်စိမ်းဆန်ပေါ်မှ ဖြည်းဖြည်းချင်း ဖြစ်တည်လာသော ရွှေရောင်ဖျော့ဖျော့ သင်္ကေတများကို မျက်မြင်ကိုယ်တွေ့ မြင်လိုက်ရခြင်း ဖြစ်၏။

အကယ်၍ ဤအရာများက အဆင့်မြင့် နှင်းစက်စိမ်ဆန် ဖြစ်နေလျှင် သူ့အနေနှင့် အားလုံးကို ပြောပြချင်မိသည်။ သူ ချူချန်းတန်က မမှားယွင်းကြောင်း သက်သေပြချင်မိ၏။

သူက တခြားသူများ ရှုံ့ချကြည့်ခြင်းကို ငြီးငွေ့နေပြီ ဖြစ်၏။

ယခင် ဆရာကြီး ကွမ်းကျန်းက မိုးကောင်းကင်ဂိုဏ်းသို့ လာ၍ နှင်းစက်စိမ်းဆန် စိုက်ပျိုးရေးအကြောင်း သင်ကြားပေးခဲ့သည်။ သို့သော်လည်း သူနှင့်တာ့ကျဲတို့က မိုဝူကျိထံမှ သင်ယူရန်

သွားခဲ့ကြ၏။ မိုဂူကျိုက သူတို့ကို နေ့တစ်ဝက် …. မဟုတ်သေးဘူး တစ်နာရီလောက်သာ သင်ကြားပေးခဲ့သည်။

မိုဂူကျိုကို ခေါ်ဆောင်လာသော တာဝန်ခံ ချီခွန်းပင် ထိုအရာကို ကြားသောအခါ သက်ပြင်းသာ ချနိုင်တော့သည်။ သူက တစ်နာရီအတွင်း မည်သို့များ သင်ကြားပေးလိုက်သနည်း။

ချူချန်းတန်၏ ဥယျာဉ်အပြင်ဘက်၌ ချူချန်းတန်၏ ရလဒ်ကို စစ်ဆေးရန် တာဝန်ခံ နှစ်ယောက် ရှိနေသည်။ မိုးကောင်းကင်ဂိုဏ်းမှ ချမှတ်ထားသော စည်းမျည်းများအရ ပါဝင်ယှဉ်ပြိုင်မည့် တပည့်များသာ နှင်းစက်စိမ်းဆန် လယ်ကွင်းအတွင်း ခြေချခွင့် ရှိ၏။ တခြားမည်သူကိုမှ ဝင်ခွင့် မပြုပေ။

ထို့ကြောင့် သူတို့က ချူချန်းတန်၏ ရလဒ်ကို စစ်ဆေးရန် ရောက်ရှိလာသော်ငြား အပြင်ဘက်၌သာ စောင့်ဆိုင်းနေရ၏။

“ စရမ့် အချိန်ပဲ ” ချူချန်းတန်က သူ့နှင်းစက်စိမ်းဆန်ဆီ ဦးဆုံး ရောက်ရှိသွားသည်။ သူက လက်ကို ဆန့်တန်း၍ အားလုံးကို ရိတ်သိမ်းလိုက်သည်။ ထို့နောက် လက်တစ်ချက် အဝှေ့ဖြင့် ရွှေရောင်ဖျော့ဖျော့ နှင်းစက်စိမ်းဆန်များက သူ ပြင်ဆင်ထားသော ကျောက်စိမ်းတောင်းထဲ ရောက်ရှိသွားသည်။

## အခန်း (၉၇၇) : လူသားတာအိုကို ပြန်လည် နားလည်ခြင်း၊ အဆင့် ၅ နတ်ဆေးလုံးဘုရင်

မိုဝူကျို မျက်ဝန်းထဲ အလင်းတစ်ချက် ဖြတ်ပြေးသွားလေ၏။ ထို့နောက် သူက သူ့ကိုယ်သူ ရေရွတ်လိုက်သည် “ ငါ နားလည်သွားပြီ ”

သူက လူသားတာအိုကို ဖန်တီးခဲ့သောသူတစ်ယောက်အနေနှင့် လူသားတာအို၏ ဘိုးဘေးဟု အမြဲတမ်း တွေးထင်မိခဲ့သည်။ သို့သော်လည်း ဆေးလုံး ဖော်စပ်ခြင်း၊ ပန်းပဲ ထုလုပ်ခြင်း သို့မဟုတ် အဆောင် ဖန်တီးခြင်းတို့နှင့် ပတ်သတ်လာလျှင် သူက မိုးမြေ တာအိုစည်းမျည်းအား ဌားယူရ၏။ အားလုံးက ထိုသို့ လုပ်နေသည့်အတွက် သူလည်း အတူတူ လုပ်မိခြင်း ဖြစ်သည်။

တကယ်တော့ ထိုအရာအားလုံးက သာမည ဖြစ်၏။ ထိုကိစ္စများမှာ သူ့ခန္ဓာကိုယ် အပြင်ဘက်မှ ဖြစ်၏။ ထိတ်လန့်စရာ အကောင်းဆုံးအရာမှာ သူက ကိုယ်ပိုင်ကမ္ဘာ ဖန်တီးပြီးသည့်နောက်တွင် သဘာဝအမြုတေများကို အသုံးပြု၍ ပြီးပြည့်စုံဖို့ ကြိုးစားခဲ့သည်။

ဤသည်မှာ ရောမ အမှားကြီး ဖြစ်ပြီး သူ့လူသားတာအိုနှင့် လုံးဝ မညီညွတ်ပေ။

သူ ထာဝရကမ္ဘာကို ဖန်တီးနိုင်သည့် အကြောင်းအရင်းမှာ သူ့လောကလမ်းကြောင်းကြောင့် ဖြစ်၏။ သူ့လောကလမ်းကြောင်း ဖြစ်တည်လာပြီးနောက် သူ လိုအပ်နေသည့်အရာမှာ ကမ္ဘာ ပြီးပြည့်စုံစေဖို့ သဘာဝအမြုတေများဆီမှ အင်အားကို ဌားခြင်း မဟုတ်ဘဲ သူ့လူသားတာအိုကို အသုံးပြုရန် ဖြစ်သည်။

သူ့ထာဝရကမ္ဘာအတွင်း သဘာဝဓာတ်ငါးမျိုး၊ လေ၊ လျှပ်စီး၊ ရေခဲ သဘာဝနှင့် အလင်း အမှောင် သဘာဝတို့ လိုအပ်နေလျှင်ပင် သူ့အနေနှင့် ကိုယ်ပိုင် အသိအမြင်ကနေ ဉာဏ်အလင်းပွင့်လာဖို့ လိုအပ်ပေသည်။ သူ့ကမ္ဘာကို ပြီးပြည့်စုံစေဖို့ ပြင်ပပစ္စည်းများ အားကိုးမိခြင်းက မြင်းမဝယ်ခင် လှည်းဝယ်ထားသကဲ့သို့ ဖြစ်နေသည်။

မိုဝူကျိုက တုန်လှုပ်မိသွား၏။ ကံကောင်းစွာဖြင့် သူ့ထာဝရကမ္ဘာက သဘာဝငါးမျိုးလုံး မပြည့်စုံသေးပေ။ အကယ်၍ ထိုသို့ ဖြစ်လာပါက သူ့ထာဝရကမ္ဘာသည် အပြည့်စုံဆုံး အခြေအနေကို ရောက်ရှိနိုင်တော့မည် မဟုတ်ချေ။

တခြားနည်းဖြင့်ဆိုရလျှင် ပြင်ပ သဘာဝဓာတ်ငါးမျိုးဖြင့် ဖန်တီးထားသည့် ကမ္ဘာသည် သူ မိုဝူကျိုနှင့် ဆက်နွယ်မှု ရှိတော့မည် မဟုတ်ပေ။ သူ့ကမ္ဘာသည် သူနှင့် ဝေးကွာသွားနိုင်သည့် အချိန်အခါပင် ရှိလာနိုင်သည်။ သူ့ကမ္ဘာလေးက စကြဝဠာကြီးထဲက နောက်ထပ် ကမ္ဘာလေးတစ်ခု ဖြစ်လာနိုင်သည်။

လောကလမ်းကြောင်းက သူ့အပိုင် ဖြစ်ပြီး သူ့ထာဝရကမ္ဘာကို လောကလမ်းကြောင်းမှ ဖန်တီးထားခြင်း ဖြစ်၏။ သူ့လူသားတာအို၏ တာအိုစည်းမျည်းများကသာ ထာဝရကမ္ဘာအတွင်းရှိ စည်းမျည်းများကို ပြီးပြည့်စုံစေနိုင်သည်။ ဤနည်းဖြင့် သူ့ထာဝရကမ္ဘာလေးက သူ့ကိုယ်ပိုင်အဖြစ် အစစ်အမှန် ယူဆ၍ ရပေလိမ့်မည်။

မိုဝူကျိုက လေအေးများ မှုတ်ထုတ်လိုက်သည်။ သူ့အသိဉာဏ်ပွင့်ခြင်းက ကိစ္စများ မဆိုးရွားခင် ရောက်ရှိလာ၏။ သူ့ကိစ္စများ ပြေလည်ပြီးနောက် ထာဝရကမ္ဘာငယ်ထဲ ဝင်ကာ မြေ၊ သတ္တုနှင့် ရေသဘာဝအမြုတေများအား ပြန်လည် ထုတ်ယူဖို့ လိုအပ်ပေသည်။ ထို့နောက် သူက သူ့အပိုင်ဖြစ်သည့် ကိုယ်ပိုင် လူသားတာအိုစည်းမျည်းများဖြင့် လူသားကမ္ဘာကို ဖန်တီးရမည်။ ထာဝရကမ္ဘာ မဖြစ်နိုင်တော့ပေ။

ထိုအခါမှ သူ့ကိုယ်သူ လူသားတာအိုဧ၏ တည်ထောင်သူဘိုးဘေးဟု ခေါ်ဆိုနိုင်မည် ဖြစ်၏။

ဤတာအိုအသိအမြင်များက အမြဲတမ်းလိုလို ဝေဝါးနေခဲ့သည်။ သူ ဖမ်းဆုပ်မိသည့် အချိန်တချို့ ရှိခဲ့သော်လည်း ယနေ့မှ အပြည့်အဝ နားလည်လာခြင်း ဖြစ်၏။ ထိုစဉ် မိုဝူကျိုက နတ်ဘုရားဘုရင် တစ်ဦးကို ရန်စမိပြီး နတ်ဘုရားနယ်မြေမှ လိုက်ဖမ်းခံခဲ့ရသည်ကိုပင် ပျော်ရွှင်လာမိတော့သည်။ မဟုတ်လျှင် သူ့အနေနှင့် သဘာဝအမြုတေ ငါးမျိုးလုံး စုဆောင်းမိသည့်အခါမှ ဤအမှားကို သတိပြုမိမည် ဖြစ်၏။ ထိုအခါ ပြန်လည်မွေးဖွားခြင်းကပင် သူ့နောင်တတရားကို ဖြေဖျောက်ပေးနိုင်မည် မဟုတ်တော့ချေ။

အဆင့် ၅ ဆေးလုံးကို ဖော်စပ်ခြင်းလည်း အတူတူ ဖြစ်၏။ အဆင့် ၅ ဆေးလုံးသည် နတ်ဘုရားကုန်းမြေ၌ ထိပ်ဆုံးအဆင့် ဆေးလုံး ဖြစ်နေလေပြီ။ ယခု သူ့ထာဝရကမ္ဘာသည် သဘာဝအမြုတေများဖြစ်သည့် မြေခာတ်၊ ရေခာတ်နှင့် သတ္တုခာတ်တို့နှင့် ပေါင်းစပ်သွားပြီ ဖြစ်ရာ မပြည့်စုံသေးပေ။ အကယ်၍ သူ့တွင် ထာဝရကမ္ဘာ မရှိပါက ဆေးလုံးဖော်စပ်ခြင်းက ပိုမို လွယ်ကူနိုင်ပေ၏။ သူက ဆေးလုံး ဖော်စပ်သည့်အခါ လောကလမ်းကြောင်းနှင့် ချိတ်ဆက်ဖို့ လိုအပ်ရုံမျှသာ

ဖြစ်လိမ့်မည်။ သို့သော်လည်း လောကလမ်းကြောင်းမှ ဖြစ်တည်လာသော ထာဝရကမ္ဘာက မပြီးပြည့်စုံသေးသောကြောင့် သူက ဆက်တိုက် ကျရှုံးနေရခြင်း ဖြစ်၏။

မိုဝူကျိုက ဆေးမီးဖိုဘေးကို ရိုက်ကာ ဆေးမီးဖိုအတွင်းမှ အညစ်အကြေးများကို ထုတ်လိုက်သည်။ ထို့နောက် သူ့ပညာရှင်နှလုံးသားကို လောင်မြိုက်စေလိုက်ပြီး အဆင့် ၄ ဆယ်ပင်နှင့် အဆင့် ၅ ဆေးပင်များကို ဆေးမီးဖိုထဲ ပစ်ထည့်လိုက်သည်။

အကြိမ်များစွာ လေ့ကျင့်ပြီးနောက် မိုဝူကျိုက မျက်လုံးပိတ်လျက် ဆေးကို ဖော်စပ်နိုင်သွားပြီ ဖြစ်၏။

ဆေးအဆီအနှစ် သန့်စင်ခြင်းနှင့် ပတ်သတ်လာလျှင် နတ်ဘုရားကုန်းမြေရှိ မည်သူကမှ သူနှင့် ယှဉ်နိုင်မည် မဟုတ်ပေ။ သူက ဆေးအဆီအနှစ်ကို ၉၉ ရာခိုင်နှုန်းကျော်အထိ သန့်စင်နိုင်ပေ၏။

ဆေးအဆီအနှစ်ကို ပေါင်းစပ်လိုက်ပြီး အညစ်အကြေးများကို ဖယ်ရှားကာ သူ့စည်းမျည်းများကို ထည့်သွင်းလိုက်၏။ ထို့နောက် စိတ်စွမ်းအားဖြင့် ဆေးလုံးများကို ပိုင်းခြားစေလိုက်ပြီး စည်းမျည်းများကို စိမ့်ဝင်စေလိုက်သည်။

ဆေးမီးဖိုအတွင်း ဆေးနည်းစနစ် တစ်ခုပြီး တစ်ခု ကျရောက်လာသည်။ ဖြည်းဖြည်းချင်းဖြင့် ဆေးရနံ့ သင်းသင်းလေး ထွက်ပေါ်လာလေ၏။

မိုဝူကျိ၏ လက်ဟန် နည်းစနစ်များက တစ်ခုပြီး တစ်ခု ဆက်တိုက် ကျရောက်လာပြီး ဆေးရနံ့ကို ပိုမို သင်းလာစေသည်။ တစ်နာရီကြာပြီးနောက် မိုဝူကျိ လက်ကို ဖြန့်လိုက်သည့်အခါ ဆေးမီးဖိုအတွင်းမှ အသံတစ်သံ ထွက်ပေါ်လာလေ၏။

ကျောက်စိမ်းပုလင်းလေးအတွင်း သန့်စင်နေသည့် ဆေးနီကိုးလုံး ရောက်ရှိသွားလေပြီ။

မိုဝူကျိက ဆေးကိုးလုံးကို ကျေနပ်စွာ ကြည့်လိုက်သည်။ သူ အသိဉာဏ်ပွင့်ပြီးနောက် ပထမအကြိမ် ကြိုးစားမှု၌ အဆင့် ၅ မီးတောက်စု ဆေးလုံး ကိုးလုံး ဖော်စပ်နိုင်ခဲ့သည်။ ထိုအထဲ၌ အဆင့်မြင့် ဆေးငါးလုံးနှင့် အလယ်အလတ်အဆင့် ဆေး လေးလုံး ဖြစ်၏။ အဆင့်နိမ့်ပင် မပါရှိချေ။

နတ်ဘုရားကုန်းမြေ ရောက်ရှိလာသည်မှာ ကြာမြင့်နေပြီ ဖြစ်ရာ မိုဝူကျိက အဆင့် ၅ ဆေးလုံး၏ တစ်သုတ်စာမှာ ကိုးလုံး မဟုတ်ဘဲ ခြောက်လုံးသာ ဖြစ်ကြောင်း သိထား၏။

သူက ကိုးလုံး ဖော်စပ်နိုင်သည့် အကြောင်းအရင်းမှာ သူ့လူသားတာအိုနှင့် သေချာပေါက် ဆက်နွယ်နေခြင်းသာ ဖြစ်လိမ့်မည်။

မီးတောက်စု ဆေးလုံးသည် မီးဓာတ် သဘာဝ ကျင့်ကြံသူများ သူတို့ကျင့်ကြံဆင့်၌ အကူအညီရရန် အသုံးပြုသော ဆေးလုံး ဖြစ်၏။ သဘောတရားအရ မိုဝူကျို၏ ကျင့်ကြံဆင့်မှာ အဆင့်နိမ့်နေသည့်အတွက် ဤသို့မျိုး ဆေးလုံးကို မသောက်သုံးနိုင်ပေ။

သို့သော်လည်း မိုဝူကျိုက လုံးဝ ဂရုမစိုက်ပေ။ သူက အဆင့်မြင့် မီးတောက်စု ဆေးလုံးကို ထုတ်ပြီး ပါးစပ်ထဲ ကောက်ထည့်လိုက်သည်။

ဤဆေးလုံးမှာ သူ့လူသားတာအိုကို အသုံးပြု၍ ဖော်စပ်ထားသော ဆေးလုံး ဖြစ်၏။ အကယ်၍ သူက သူ့ကိုယ်ပိုင် တာအိုကိုပင် မထိန်းချုပ်နိုင်လျှင် မီးတောက်စု ဆေးလုံးကြောင့် လောင်ကျွမ်းသေလျှင်ပင် ထိုက်တန်ပေသည်။

မီးတောက်စု ဆေးလုံးသည် သူ့ပါးစပ်အတွင်း ရောက်သည်နှင့် ပူလောင်လာသည်။ မကြာခင် ပူနွေးနွေး စွမ်းအင်လှိုင်းအဖြစ် ပြောင်းလဲသွားကာ မိုဝူကျို၏ ချီသွေးကြောများအတွင်း

ဝင်ရောက်သွားလေ၏။ သူ့ချီသွေးကြော ၁၀၈ ခုလုံးက အလိုလို လှည့်ပတ်သွားသောကြောင့် မိုဝူကျိအနေနှင့် ဘာမှလုပ်စရာ မလိုလိုက်ပေ။

မိုဝူကျိက ဝိညာဉ်ကြော မရှိသောကြောင့် မည်သည့် သဘာဝဓာတ်မဆို စုပ်ယူနိုင်ပေသည်။ သူက သူ့ကျင့်ကြံဆင့် အလျှင်အမြန် တိုးတက်လာသည်ကို ခံစားလိုက်မိ၏။ သူ့မီးဓာတ် သဘာဝ တိုက်ကွက် ဖြစ်သည့် စွမ်းအားစက်ကွင်း ချေဖျက် လက်သီးချက်ပင် နောက်တဆင့် တိုးတက်သွားလေသည်။ သူ့တွင် ဝိညာဉ်ကြော မရှိသည့်အတွက် ဤကဲ့သို့ သဘာဝသီးသန့် ဆေးလုံးများက သူ့အပေါ်တွင် သက်ရောက်မှု ၉၉ ရာခိုင်နှုန်းလောက် လျော့ကျသွားမည် ဖြစ်၏။

နှစ်နာရီကြာမြင့်ပြီးနောက် မိုဝူကျိက မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ သူ့မီးတောက်စု ဆေးလုံးသည် အဆင့်မြင့် ဆေးလုံး ဖြစ်သော်လည်း အစစ်အမှန် ပြိုင်ဖက်ကင်း ဆေးလုံးအဆင့်ထက် အောက်မကျကြောင်း အသေအချာ သိနေသည်။

သူက သူ့လူသားတာအိုကို အသုံးပြုပြီး မီးတောက်စု ဆေးလုံးအတွက် လိုအပ်သော ဆေးအဆီအနှစ်များကို ဆေးလုံး

ဖြစ်တည်လာစေရန် ပေါင်းစပ်ခဲ့သည်။ ဤသို့သော ဆေးလုံး ပါးစပ်ထဲ ဝင်သွားသည့်အခါ မည်သည့် ကွဲလွဲမှုမှ မဖြစ်လာပေ။ စွမ်းအားက တိုးတက်လာပြီး သိသာထင်ရှားလာသည်။ သူ့ကိုယ်ပိုင် တာအိုစည်းမျည်းကိုပင် အသိဉာဏ်ပွင့်လာစေရန် ကူညီပေးနိုင်၏။ လူသားတစ်ယောက်က တစ်ကြိမ် အားတစ်ဆင့် တိုးလာသကဲ့သို့ ဖြစ်၏။

ဤလောက၌ ဤသို့ဆေးမျိုးကို ဖော်စပ်နိုင်သူမှာ သူ တစ်ယောက်တည်းသာ ရှိလိမ့်မည်။

မိုဝူကျိက အားရပါးရ လေပူများ မှုတ်ထုတ်လိုက်သည်။ သူက ထိုးထွင်း အသိအမြင်များအပေါ် ပြန်လည် သုံးသပ်ဖို့ အခွင့်အရေး လိုအပ်ခဲ့ခြင်းသာ ဖြစ်ပြီး သူ အင်မော်တယ် ဘုရင်ဆေးလုံးကို ဖော်စပ်စဉ်အခါကတည်းက ဤသို့အမြင်မျိုး ရရှိခဲ့၏။ သူ့အင်မော်တယ် ဘုရင်ဆေးလုံးသည်လည်း လူသားတစ်ယောက် အင်မော်တယ် မသေမျိုးတစ်ယောက်အဖြစ် တက်လှမ်းခြင်းနှင့် ဖြစ်စဉ် တူပေသည်။ ကံဆိုးစွာဖြင့် သူက ဆက်တိုက် ပြေးလွှားနေရသလို ကျင့်ကြံဆင့် တက်အောင်လည်း အသည်းအသန် ကြိုးစားနေခဲ့ရသည်။ ဤသို့မျိုး ဆေးလုံးတာအိုအပေါ် လပိုင်းခန့် အချိန်ပေးထားနိုင်သည့် အခိုက်အတန့်လေးက အလွန်ရှားပါးလှသည်။

ဆေးမီးဖိုကို သန့်ရှင်းပြီးနောက် မိုဝူကျိုက နောက်ထပ် အဆင့် ၅ ဆေးလုံးများကို ငါးသုတ် ဖော်စပ်မည် ဖြစ်၏။ ငါးသုတ်စာလုံး ကျရှုံးမှု မရှိပေ။ တစ်ခုတည်းသော နောင်တမှာ သူက ပြိုင်ဖက်ကင်းအဆင့် ဆေးလုံးကို မဖော်စပ်နိုင်သေးခြင်း ဖြစ်၏။ သို့သော်လည်း ထိုအရာက သူ့ကျင့်ကြံဆင့်ပေါ် မူတည်နေပေရာ မိုဝူကျိုအနေနှင့် များစွာ စိတ်ထဲ မထားတော့ပေ။

ခရမ်း နိဗာနတာအိုသဲ၊ သကော်တငါးသွယ် အသီးနှင့် ရေပျော်ကြာအား ဂရုတစိုက် ထုတ်ပြီးနောက် မိုဝူကျိုက သီးခြားနတ်ဆေးလုံးကို ဖော်စပ်ဖို့ ပြင်ဆင်လိုက်သည်။

သူ့စိတ်စွမ်းအားက နောက်ဆုံး အခြေအနေ ဖြစ်နေသည့် ချီချွမ်း အစ်မဖြစ်သူ ချီပင်းထံ ရောက်ရှိသွားလေ၏။ အကယ်၍ သူသာ သီးခြားနတ်ဆေးလုံးကို မဖော်စပ်လျှင် ချီပင်းက သေချာပေါက် သေဆုံးတော့ပေမည်။

မိုဝူကျိုတွင် ခရမ်း နိဗာနတာအိုသဲ သုံးခု ရှိသော်လည်း သကော်တ ငါးသွယ် အသီးနှင့် ရေပျော်ကြာတို့မှာ တစ်ခုစီသာ ရှိပေသည်။ အကယ်၍ တစ်စုံတစ်ခု မှားယွင်းသွားခဲ့လျှင် သူ့အနေနှင့် အပြစ်ရှိစိတ် ခံစားမိပေလိမ့်မည်။

ကံကောင်းစွာဖြင့် မိုဝူကျိုက အဆင့် ၅ ဆေးလုံးများအပေါ် ထိန်းချုပ်နိုင်သွားပြီ ဖြစ်ရာ သီးခြားနတ်ဆေးလုံးကို ဖော်စပ်သည့်အခါ အတားအဆီးတို့နှင့် ရင်မဆိုင်ရလောက်ပေ။ တစ်ခုတည်းသော ပြဿနာမှာ သူ အရည်ဖျော်သည့်အခါ ခရမ်းနီဗာနတာအိုသဲပေါ်ရှိ တာအိုသင်္ကေတများ ဖြစ်၏။ သို့သော်လည်း မိုဝူကျိုက ထိုတာအိုသင်္ကေတများကို မကြောက်ပေ။ သူ့စိတ်ဝိညာဉ် သိုလှောင်ရေးလမ်းကြောင်းက ထိုတာအိုသင်္ကေတများကို ဘာမှမကျန်အောင် ဖယ်ရှားပစ်နိုင်၏။

လေးနာရီကြာမြင့်ပြီးနောက် သီးခြားနတ်ဆေးလုံး ကိုးလုံးက ကျောက်စိမ်းပုလင်းအတွင်း ရောက်ရှိလာသည်။ ဆေးလုံး ကိုးလုံးလုံးက အဆင့်မြင့်များ ဖြစ်ကြသည်။

အနည်းငယ် ပင်ပန်းနွမ်းလျနေသည့် မိုဝူကျိုက သန့်ရှင်းရေး လုပ်ပြီးနောက် အခန်းထဲမှ ထွက်လာလိုက်သည်။

“ အစ်ကိုကြီးမို ထွက်လာပြီပဲ ...” ဒုတိယအထပ်ကို မိုးလင်းမိုးချုပ် စောင့်ကြည့်နေသည့် ချီချွမ်းက မိုဝူကျိုကို မြင်မြင်ချင်း ပြောလိုက်သည်။ သူ့လေသံမှာ အနည်းငယ် စိတ်လှုပ်ရှားနေဟန် ပေါ်သော်လည်း တစ်ချိန်တည်းဆိုသလို မသေချာမှုများလည်း ပါဝင်နေသည်။

“ စိုးရိမ်နေဖို့ မလိုတော့ဘူး။ မင်းအစ်မကို တစ်ချက်သွားကြည့်ရအောင် ” မိုဝူကျိုက ချီချွမ်း ပခုံးကို ပုတ်ကာ ပြောလိုက်သည်။

“ ဆရာမို …” နောက်ထပ် တအံ့တဩ ရေရွတ်သံကိုလည်း ကြားလိုက်ရသည်။ မိုဝူကျိုက လှည့်ကြည့်လိုက်သည့်အခါ သူ့ဆေးခန်း အဝင်ပေါက်၌ တာ့ကျဲနှင့် ချူချန်းတန်တို့ကို မြင်လိုက်ရသည်။

ထိုသူနှစ်ယောက်၏ ပျော်ရွှင်နေသည့် အမူအယာကို ကြည့်လိုက်ပြီး မိုဝူကျိုက သူတို့နှစ်ယောက်သည် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်ခဲ့ကြောင်း တန်းသိလိုက်သည်။

မိုဝူကျိုက နှစ်ယောက်လုံးကို ခေါင်းညိတ်ပြလိုက်ပြီးနောက် “ မင်းတို့ နှစ်ယောက် ခဏစောင့်ဦး။ ငါ သွားကုပေးလိုက်ဦးမယ် ”

ထိုအရာကို ကြားပြီး ချူချန်းတန်နှင့် တာ့ကျဲတို့က မိုဝူကျိုသည် အမှန်တကယ် ဆေးခန်း ဖွင့်ထားကြောင်း အမှတ်ရသွားလေ၏။

………………

ချီပင်း၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ နှစ်ဝက်လောက် မတွေ့ပြီးသည့်နောက်တွင် သူမက မိန်းမအိုကြီးတစ်ယောက်ကဲ့သို့ သွင်ပြင်ပင် မရှိတော့ဘဲ အရိုးစုသာသာ ဖြစ်နေလေ၏။ ပို၍

ကြောက်စရာအကောင်းဆုံးအရာမှာ သူမ ခန္ဓာကိုယ်မှာ သေခြင်းတရား အငွေ့အသက်များ ထွက်ပေါ်နေခြင်း ဖြစ်၏။ ချူချန်းတန်နှင့် တာ့ကျဲပင် ချီပင်း၏ ဝိညာဉ်လမ်းကြောင်းများနှင့် ဝိညာဉ်ကြောမှာ ပုပ်သိုးပျက်စီးသွားပြီ ဖြစ်ကြောင်း ပြောနိုင်လေ၏။

" သူမကို ကယ်နိုင်သေးတာလား " တာ့ကျဲက သူမဘာသာ ရေရွတ်လိုက်သည်။

မိုဝူကျိုက သူမစကားကို ဘာမှပြန်လည် မပြောပေ။ သူက သာမာန်နှင့် တူသည့် ဆေးတစ်လုံးကို ချီပင်း ပါးစပ်ထဲ တိုက်ပေးလိုက်သည်။ တစ်ချိန်တည်းဆိုသလို သူ့အသက်ဓာတ်လမ်းကြောင်းမှ အသက်ဓာတ် တစ်မျှင်အား ချီပင်း၏ ပျက်စီးလုနီးပါး ဖြစ်နေသည့် ဝိညာဉ်လမ်းကြောင်းဆီ ပို့လွှတ်ပေးလိုက်သည်။

ဤအသက်ဓာတ်လေးက ချီပင်း ခန္ဓာကိုယ်အတွင်း ဝင်ရောက်သွားသောကြောင့် သေခြင်းတရား အငွေ့အသက်များက နည်းနည်း ပျောက်ကွယ်သွားလေ၏။ မိုဝူကျိုက သီးခြားနတ်ဆေးလုံးကို တိုက်ကျွေးပြီးနောက် ချီပင်း ခန္ဓာကိုယ်ထဲ အသက်ဓာတ်တချို့ ထပ်မံ ပို့လွှတ်ပေးလိုက်သည်။

သီးခြားနတ်ဆေးလုံးသည် ချီပင်း၏ ဝေဒနာကို အမှန်တကယ် ပျောက်ကင်းကုသပေးနိုင်သည့် ဆေးလုံး ဖြစ်၏။ ကံဆိုးသည်က နှစ်များစွာကြာပြီးနောက် ချီပင်း၏ အသက်မှာ မီးစာကုန်သည့် ဖယောင်းတိုင်ကဲ့သို့ ဖြစ်နေလေ၏။ အကယ်၍ သူသာ သူမထံ အသက်ခေတ်တချို့ မပို့လွှတ်ပေးခဲ့လျှင် သူ့သီးခြားနတ်ဆေးလုံးပင် သူမအား ကယ်တင်ပေးနိုင်တော့မည် မဟုတ်ချေ။

ချီချွမ်းက ချီပင်း အိပ်ယာဘေး ဒူးထောက်လျက် ရှိနေသည်။ သူ့လက်များက အနည်းငယ် တုန်ယင်နေလေ၏။ သူ့အစ်မဖြစ်သူကို ယခုအချိန်မှ မကယ်တင်နိုင်လျှင် ထာဝရ ဆုံးရှုံးလိုက်ရမည် ဖြစ်ကြောင်း နားလည်ထား၏။

ချီချွမ်းကို စိတ်လှုပ်ရှားသွားစေပြီး တခွကျဲနှင့် ချူချန်းတန်တို့အား မယုံကြည်နိုင်ဖွယ် ဖြစ်သွားစေသည်က ချီပင်း၏ ဝိညာဉ်စွမ်းအားများက ရုတ်ချည်း အားကောင်းလာခြင်း ဖြစ်၏။ ထိုမှတင် မကဘဲ ဘေးပတ်လည်ရှိ နတ်ဝိညာဉ်စွမ်းအားတို့မှာ ဝဲကတော့ပုံစံလေး ဖြစ်နေပြီး ချီပင်းအတွင်း စီးဝင်နေကြသည်။ နတ်ဝိညာဉ်စွမ်းအား အမြောက်အများ ဆက်တိုက် စီးဝင်နေသောကြောင့် ချီပင်း၏ အရှိန်အဝါမှာ ဖြည်းဖြည်းချင်း အားကောင်းလာလေ၏။

မိုဂူကျိုက အချိန်ကိုက် အဆင့်မြင့် နတ်ဘုရားကျောက်များ ထုတ်ပေးလိုက်သည်။

အကြွင်းမဲ့ ကုထုံး ဆေးခန်း၌ စွမ်းအား စုစည်းရေး အစီအရင် ရှိနေပြီးပြီ ဖြစ်ရာ မိုဂူကျို၏ နတ်ဘုရားကျောက် အကူဖြင့် ချီပင်း၏ နတ်ဝိညာဉ်စွမ်းအား စုပ်ယူနှုန်းမှာ ပိုမို မြန်ဆန်လာပေသည်။

## လူသားသစ္စာ (၇၁)

## အခန်း (၉၇၈) : ထွက်သွားခြင်း

ချီချွမ်းက သူမကို အကြွင်းမဲ့ ကုထုံး ဆေးခန်းဆီ ခေါ်ဆောင်လာစဉ်က ချီပင်းက စကားမပြောနိုင်သော်လည်း တွေးတောနိုင်သေး၏။ သူမက သူမ မောင်လေးဖြစ်သူ သီးခြားနတ်ဆေးလုံး ဖော်စပ်နည်းနှင့် သူတို့၏ အဆင့် ၅ ဆေးပင်များကို ဖော်ထုတ်လိုက်သည့်အခါ သူမက စိတ်ဓာတ်ကျသွားမိသည်။ သူတို့နှစ်ယောက်တွင် အနာဂတ် မရှိနိုင်တော့ကြောင်း သိလိုက်၏။ သူတို့ဆီတွင် ရှိနေသော ကြည်လင်ကျောက်စိမ်းပန်းနှင့် ထိပ်တန်းအဆင့်

ဆေးဖော်စပ်နည်းကို မြင်ပြီးသည့်နောက်တွင် မည်သူကမှ လွှတ်ပေးမည် မဟုတ်ပေ။

ထိုစဉ် သူမ ကမ္ဘာဦး စိတ်ဝိညာဉ်က ပြိုလဲပျက်စီးပြီး ဝိညာဉ်က အမှောင်ထုထဲ ကျရောက်သွားတော့မည့်ဆဲဆဲတွင် တဖြည်းဖြည်း တောက်ပလာသည့် အလင်းတန်းကို မြင်လိုက်ရသည်။ သူမ သွေး၊ ကမ္ဘာဦး စိတ်ဝိညာဉ်၊ ဝိညာဉ်လမ်းကြောင်းနှင့် ဝိညာဉ်ကြောပင် တဖြည်းဖြည်း ပြန်လည် ပုံပေါ်လာသည်။ သူမ ခန္ဓာကိုယ်၌ အင်အား ပြန်လည် ပြည့်ဝလာလေ၏။

**ငါ သေသွားပြီလား ... အခု သံသရာ စက်ဝန်းထဲ ရောက်နေတာလား ....**

ချီပင်းက ရုတ်တရက် မျက်လုံး ဖွင့်ကြည့်လိုက်သည်။

“ အစ်မကြီး ...” ချီချွမ်းက ချီပင်း၌ အသက်ဓာတ် ပြန်လည် ကောင်းမွန်လာပြီး ဆံပင်အဖြူများပင် အမည်းရောင် ပြန်ပြောင်းလာကာ မျက်နှာ၌လည်း သွေးရောင် ပြန်သမ်းလာသည်ကို မြင်လိုက်သောကြောင့် စိတ်လှုပ်ရှားစွာ ရေရွတ်လိုက်မိသည်။

ချီပင်းက သူမ ကယ်တင်ခံလိုက်ရကြောင်း ချက်ချင်း နားလည်သွားတော့သည်။ သူမက မျက်လုံးကို ပြန်ပိတ်ကာ

သူမကျင့်စဉ်အတိုင်း လှည့်ပတ်လိုက်ပြီး သီးခြားနတ်ဆေးလုံး၏ အကျိုးအာနိသင်ကို အမြန်အဆန် ဖြစ်ပေါ်စေလိုက်သည်။

ယခင်က ချီပင်း နတ်ဝိညာဉ်စွမ်းအား စုပ်ယူစဉ်အခါက အလိုလိုအသိစိတ်အရသာ ဖြစ်၏။ ယခုအခါ ချီပင်းက နတ်ဝိညာဉ်စွမ်းအားများ ပိုမို စုပ်ယူနိုင်သောကြောင့် သူမ ခန္ဓာကိုယ်က အမြန်အဆန် ပြန်လည် ကောင်းမွန်လာနေသည်။

မိုဝူကျိက ရယ်မောလိုက်ရင်း “ အားလုံး အပြင်ထွက်ကြစို့ .... ချီပင်းက မကြာခင် နိုးလာလိမ့်မယ် ”

အားလုံးကို အခန်းအပြင် ထုတ်ပြီးနောက် မိုဝူကျိက ချူချန်းတန်နှင့် တာ့ကျဲတို့အား ထိုင်ခိုင်းကာ ပြုံးလိုက်ရင်း “ မင်းတို့နှစ်ယောက်လည်း နှင်းစက်စိမ်းဆန် စိုက်ပျိုးတာ အောင်မြင်တဲ့အတွက် ဂုဏ်ပြုပါတယ်ကွာ။ အဆင့်မြင့်လား၊ အလယ်အလတ်အဆင့်လား ”

ချူချန်းတန်က စိတ်လှုပ်ရှားစွာဖြင့် “ ဆရာမို ... ကျုပ်က အဆင့်မြင့် နှင်းစက်စိမ်းဆန် ၁၅ ကာတီ စိုက်နိုင်ခဲ့တယ် ”

တာ့ကျဲကလည်း ထပ်ပြောလိုက်သည် “ ကျွန်မလည်း အဆင့်မြင့် နှင်းစက်စိမ်းဆန် ၁၂ ကာတီ ထွက်တယ် ”

ထိုသို့ပြောပြီးနောက် နှစ်ယောက်လုံးက သူတို့ ဆန်အချို့ကို ထုတ်ပြလိုက်ကြသည်။ မိုဝူကျိုက လက်ခံပြီး ကြည့်ကြည့်လိုက်သည့်အခါ ထိုဆန်များသည် သူ့ဆန်လောက် အဆင့်မြင့် မဟုတ်သော်လည်း သူတို့၌ ရွှေရောင်သကော်တတချို့ ရှိနေသည့်အတွက် အဆင့်မြင့်ဟု ယူဆ၍ ရပေသည်။

"မင်းတို့နှစ်ယောက်လုံး ပထမဆုံးအကြိမ်မှာ အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးနိုင်တယ်ဆိုတော့ မဆိုးဘူး … မင်းတို့နှစ်ယောက်လုံးမှာ ပါရမီ ရှိနေတာပဲ " မိုဝူကျိုက သူတို့ကို ချီးကျူးပေးလိုက်သည်။

တဲ့ကျဲက မြန်မြန် ထပ်ပြောလိုက်သည် " ဆရာမို အဲဒီ အဆင့်မြင့် နှင်းစက်စိမ်းဆန်အပြင် ကျန်တာတွေအားလုံးက ဘာလို့ အဆင့်နိမ့် ဖြစ်နေရတာလဲ "

" ကျုပ်လည်း အတူတူပဲ " ချူချန်းတန်က မြန်မြန် ဝင်ပြောလိုက်သည်။

မိုဝူကျိုကို ကျေးဇူးတင်ရန်အပြင် နှစ်ယောက်လုံးက သူတို့၏ ကျန်ရှိသော ဆန်များသည် အဆင့်နိမ့် ဖြစ်နေရသည့် အကြောင်းအရင်း မေးမြန်းရန် ရောက်လာကြခြင်း ဖြစ်၏။

မိုဝူကျိုက ရယ်မောကာ “ မင်းတို့ရဲ့ အဆင့်မြင့် နှင်းစက်စိမ်းဆန် ကာတီဆယ်ကျော်နဲ့ဆိုရင် မင်းတို့အနေနဲ့ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ရဲ့ စစ်ဆေးမှုမှာ အောင်ဖို့ မခက်ခဲတော့ပါဘူး ”

ချူချန်းတန်နှင့် တာ့ကျဲတို့၏ အပင်ရွှေ့ပြောင်း စိုက်ပျိုးနည်းမှာ ကံကောင်းမှုအပေါ် မူတည်နေလေရာ မိုဝူကျိုအနေနှင့် သူတို့တွင် အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန် မရရှိသည့် အကြောင်းအရင်းကို ပြောပြဖို့ နည်းလမ်း မရှိပေ။

“ ဟုတ်ပါတယ်။ ဟုတ်ပါတယ် ” ချူချန်းတန်က ပြောလိုက်သည် “ ကံဆိုးတာက ဂိုဏ်းက အခုထိ ရလဒ်ကို မကြေညာသေးဘူး။ မဟုတ်ရင် ဆရာကြီး ကွမ်းကျန်းဆီက သင်ဖို့ ရွေးချယ်ထားတဲ့ သူတွေရဲ့ မျက်နှာပေါ်က တအံ့တသြ အမူအယာကို တွေ့ရတော့မှာ ”

“ဆရာမိုက ထိပ်တန်း သမားတော်လည်း ဖြစ်နေသေးတာလား။ ဒါနဲ့ ဆရာက ဆေးလုံးဆရာဆို ….” တာ့ကျဲက မိုဝူကျို တစ်ယောက် ချီပင်းကို ကယ်တင်လိုက်နိုင်သည့် အကြောင်းကို မြင်ပြီး ပြောလိုက်ခြင်း ဖြစ်၏။

မိုဝူကျိက သူတို့ ဆရာ ဖြစ်သော်လည်း သူတို့၏ ဆရာအဖြစ် အမှန်တကယ် မဆက်ဆံနိုင်ပေ။ ထို့အပြင် ကျင့်ကြံဆင့်နှင့် အသက်အရွယ်နှင့် ပတ်သတ်လာလျှင် မိုဝူကျိက သူတို့နှစ်ယောက်ထက် နုနေသေး၏။

" နည်းနည်းပါးပါး သိရုံလေးပါ။ နည်းနည်းလေး သိတာမလို့ ဆေးခန်း ဆက်မဖွင့်ဖို့တောင် လုပ်နေတာ " မိုဝူကျိက ပြောလိုက်သည်။

သူက တခွကျဲစကား၏ အဓိပ္ပါယ်ကို နားလည်ပေသည်။ သူမက သူ့ဆီမှ ဆေးလုံးတာအို သင်ယူလိုနေခြင်း ဖြစ်၏။ သို့သော် သူ့အနေနှင့် သူတို့နှစ်ယောက်အား သင်ကြားပေးရန် စိတ်ကူး မရှိချေ။ သူ့ဗဟုသုတ အသိပညာများက အလွယ်တကူ ရရှိလာခြင်း မဟုတ်ပေ။

ယခင် သူက နှစ်ယောက်လုံးကို သင်ကြားပေးခဲ့သည်မှာ ချီခွန်း၏ ဖိတ်ကြားမှုကြောင့်သာ ဖြစ်၏။ ထို့အပြင် ချီခွန်းက သူ့အား ကူညီပေးထားခဲ့သည့်အတွက် ပြန်လည် ပေးဆပ်ခြင်းသာ ဖြစ်ပေသည်။

တခြားနည်းဖြင့်ဆိုရလျှင် သူတို့နှစ်ယောက်နေရာတွင် အခြားသူနှစ်ယောက် ဖြစ်နေပါကလည်း သူ့အနေနှင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနည်းကို သင်ကြားပေးဦးမည် ဖြစ်၏။

ယခု သူက သူ့တာဝန် ပြီးဆုံးသွားပြီ ဖြစ်ရာ မိုးကောင်းကင်မြို့၌ ဆက်နေဖို့ မလိုတော့ပေ။

ထို့အပြင် တော့ကျဲနှင့် ချူချန်းတန်တို့က သူ့တပည့် ဖြစ်ဖို့ရာ လိုအပ်ချက် မပြည့်မှီပေ။ သူတို့တွင် ကျေးဇူးသိတတ်သည့် နှလုံးသား မပိုင်ဆိုင်ထားချေ။

တော့ကျဲနှင့် ချူချန်းတန်တို့က သူ့နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်သည့် အရည်အချင်းကို ချီခွန်းဆီမှ ကြားသိထားခြင်း ဖြစ်ပေလိမ့်မည်။ ဤသို့ဆိုလျှင် သူက အဆင့် ၅ ဆေးပင်များ လိုအပ်နေကြောင်း သေချာပေါက် သိလိမ့်မည်။ သူတို့နှစ်ယောက်နှင့် စကားပြောသည့်အခါ သူတို့နှစ်ယောက်၏ နောက်ခံမှာ မရိုးရှင်းကြောင်း ပြောနိုင်ပေ၏။

သူတို့တွင် နောက်ခံကောင်းကောင်း ရှိနေပြီး သူ့ဆီမှ သင်ယူထားသောကြောင့် သူတို့အနေနှင့် အမှန်တကယ် ကျေးဇူးတင်သည်ဆိုလျှင် အဆင့် ၅ ဆေးပင်တချို့ သေချာပေါက် လက်ဆောင်ပေးလိမ့်မည်။ သို့သော်လည်း နှစ်ယောက်လုံးက

စကားထဲပင် ထည့်မပြောပေ။ သူတို့က ကျေးဇူးတင်ရန်ထက် သူတို့၏ နှင်းစက်စိမ်းဆန် အရည်အသွေးကြောင်း ပြန်ပြောပြဖို့ ရောက်လာခြင်းနှင့် တူနေသည်။

"ဆရာမိုက မိုးကောင်းကင်မြို့က ထွက်သွားတော့မှာလား " ချူချန်းတန်က မြန်မြန် မေးလိုက်သည် "ဆရာမိုက ဘယ်ကို သွားမှာလဲဆိုတာ မေးလို့ ရမလား "

မိုဝူကျိက လမ်းကြောင်း ချန်ခဲ့ရန် ရည်ရွယ်ချက် မရှိပေ "ကျုပ်က နိဗ္ဗာန်တာအိုမြို့မှာ ကံသွားစမ်းကြည့်မလို့ပါ။ ကျုပ် နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ထဲ ဝင်ခွင့် ရနိုင်မလားလို့လေ ... နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ရဲ့ စစ်ဆေးမှုက နှစ်ဝက်လောက်ပဲ လိုတော့တာဆိုတော့ နောက်ကျမှ သွားရင် နေစရာ ရှာလို့ မရမှာ စိုးရိမ်လို့ "

ချူချန်းတန်က ပါးစပ်ဟောင်းလောင်း ဖြစ်သွားမိသည်။ သူက တစ်ခုခု ပြောချင်သော်လည်း မျိုသိပ်ထားလိုက်၏။

တာ့ကျဲက ရယ်မောနေသော်လည်း ဘာမှတော့ ဝင်မပြောချေ။ ထိုအရာက မိုဝူကျိအား နည်းနည်း စိတ်ပျက်သွားစေသည်။ ယခု နိဗ္ဗာန် တာအိုမြို့ထဲ နေရာရှာဖို့ရာ အင်မတန် ခက်ခဲမည် ဖြစ်ကြောင်း ပြောနေဖို့ပင် မလိုပေ။ ချူချန်းတန်နှင့် တာ့ကျဲတို့က

နောက်ခံတောင့်တောင့် မိသားစုများမှ ဖြစ်သည့်အတွက် သူ့အား နေရာတစ်နေရာစာ ကူညီလိုလျှင် သေချာပေါက် ပေးနိုင်လေ၏။

အမြင်နှင့်တင် ထိုနှစ်ယောက်က သူတို့ဆရာမိုအား လယ်သမား တစ်ယောက်အဖြစ်သာ မြင်ကြောင်း သိသာလှသည်။

"သမားတော်မို .... ကျွန်မတို့ မောင်နှမက နိဗ္ဗာန်တာအိုမြို့ကို သမားတော်မိုနဲ့အတူတူ လိုက်ခဲ့ပါ့မယ် " ကြည်ကြည်လင်လင် အသံတစ်သံ ထွက်ပေါ်လာသောကြောင့် မိုဝူကျိ မျက်ဝန်းများ လင်းလက်သွားလေ၏။

ခရမ်းဖျော့ရောင် ဝတ်စုံနှင့် ချီပင်းက အထိမခံလွယ် ပေါ်နေသော်လည်း အသက်ကြီးဟန် မပေါ်တော့ပေ။ ထို့အပြင် သူမ၏ အရှိန်အဝါများက လောကနတ်ဘုရားအဆင့်သို့ ပြန်လည် ရောက်ရှိသွားလေပြီ။ ချီပင်းက မိန်းမလှလေးဟု ယူဆ၍ မရသော်လည်း လူများစွာကို သက်တောင့်သက်သာ ဖြစ်သွားစေသည့် ခံစားချက်မျိုး ပေးစွမ်းနိုင်၏။

"အစ်မကြီး အဆင်ပြေသွားပြီပဲ " ချီချွမ်းက ဝမ်းသာစွာ ရေရွတ်လိုက်သည်။

မိုဝူကျိကလည်း ပြောလိုက်၏ " တာအိုရောင်းရင်း ချီ ပြန်လည် ကောင်းလာတာကို ဂုဏ်ပြုပါတယ်ဗျာ "

ချီပင်းက မိုဝူကျိအား ဦးညွှတ်ကာ “ တကယ်လို့ သမားတော်မိုရဲ့ အကူအညီကြောင့်သာ မဟုတ်ရင် ကျွန်မ ချီပင်း ဒီနေ့ ဒီနေရာမှာ မရှိနေနိုင်လောက်တော့ပါဘူး။ ပြန်လည် ဝင်စားဖို့ အခွင့်အရေးတောင် မရနိုင်လောက်တော့ဘူး။ သမားတော်မိုက ကျွန်မမောင်လေးရဲ့ အစ်ကိုကြီးဆိုတော့ ကျွန်မကို ချီပင်းလို့ပဲ ခေါ်ပါ ”

မိုဝူကျိက လက်ဝှေ့ပြကာ “ တကယ်တော့ ကျုပ်က ခင်ဗျားတို့ နှစ်ယောက်ကို ကျေးဇူးတင်ရမှာပါ။ ခင်ဗျားတို့ နှစ်ယောက်ကြောင့် ကျုပ်ရဲ့ တာအို အဆင့်တက်သွားတာပါဗျာ။ ပြီးတော့ ခင်ဗျားရဲ့ ဆေးလုံး ပါဝင်ပစ္စည်းတွေကိုလည်း ချီချွန်းကပဲ ထုတ်ပေးခဲ့တာလေ ”

မိုဝူကျိက သူတို့ကို အမှန်တကယ် ကျေးဇူးတင်မိ၏။ အကယ်၍ သူသာ ချီချွမ်းနှင့် ကတိစကား မဆိုထားခဲ့လျှင် သူ့အနေနှင့် အဆင့် ၅ ဆေးပင်များစွာ ရလာမည် မဟုတ်ချေ။ အမြစ်မဲ့ သံမဏိနှင့် အလဲအလှယ် လုပ်သည့်အခါပင် သူ့အနေနှင့် အဆင့် ၅ ဆေးပင် သတ်မှတ်ချက်အား ထည့်သွင်းမိမည် မဟုတ်ချေ။

သူ လေ့ကျင့်ဖို့ရာ အဆင့် ၅ ဆေးပင်များစွာ ရရှိလိုက်သောကြောင့် လူသားတာအိုအပေါ် ဉာဏ်အလင်းပွင့်ကာ ထာဝရကမ္ဘာ၏ လိုအပ်ချက်များကို မြင်လာခြင်း ဖြစ်၏။

“ ချွမ်းလေး .. မမ မှားသွားတယ်နော် ” ချီပင်းက မိုဝူကျိအား ကျေးဇူးတင်ပြီးနောက် ချီချွမ်း လက်လေးကို တင်းတင်း ဆုပ်ထားရင်း ပြောလိုက်သည်။

သူမ အမှားကို ထုတ်မပြောသော်လည်း ချီချွမ်းက ဆိုလိုသည့် အဓိပ္ပါယ်ကို နားလည်ပေသည်။ ယခင် သူမက သူ့အား သူမ သေဆုံးသွားလျှင်ပင် သူတို့တွင် ရှိသော ကြည်လင်ကျောက်စိမ်းပန်းနှင့် ခရမ်း နိဗ္ဗာနတာအိုသဲအကြောင်းကို ထုတ်မပြောရန် အတန်တန် မှာကြားခဲ့သည်။ သီးခြားနတ်ဆေးလုံး ဖော်စပ်နည်းကို ပြောနေဖို့ပင် မလိုတော့ပေ။ အကယ်၍ ထိုအကြောင်းများသာ ပေါ်ပေါက်သွားပါက သူတို့အနေနှင့် အသေစောသွားနိုင်သည်။

ချီချွမ်းက တခြားရွေးချယ်စရာ မကျန်တော့သည့်အခါ ထိုအရာများကို မိုဝူကျိထံ ထုတ်ပြောရန် ဆုံးဖြတ်ခဲ့သည်။ မိုဝူကျိတွင် မလိုတမာစိတ် မရှိရုံသာမက သူမအား အကောင်းဆုံး ကြိုးစားပြီး ကယ်တင်ပေးခဲ့သည်။

ချူချန်းတန်က မတ်တတ်ရပ်လိုက်ပြီးနောက် လက်နှစ်ဖက်ယှက်ကာ “ ဆရာမို ... ကျုပ်တို့ ချူမျိုးနွယ်က ဆရာမိုရဲ့ စွမ်းဆောင်ရည်ကို လေးစားနေတာပါ။ ဆရာမိုကို မျိုးနွယ်ရဲ့ ဂုဏ်ထူးဆောင် အကြီးအကဲအဖြစ် ဖိတ်ခေါ်ချင်ပါတယ်။ ဆရာမိုသာ ချူမျိုးနွယ်ကို လာမယ်ဆိုရင် ချူမျိုးနွယ်ရဲ့ နေရာမှာ စိတ်ကြိုက် နေလို့ ရပါတယ်။ ကျုပ်က အဆင့် ၅ ဆေးပင်တွေအကြောင်း မပြောရဲပေမဲ့ ဆရာမိုအတွက် အဆင့် ၄ ဆေးပင်တွေတော့ သေချာပေါက် ရှိမှာပါ ”

မိုဝူကျိ တည်တည်ငြိမ်ငြိမ် ပြောလိုက်သည် “ ကျေးဇူးပါ ... ဒါပေမဲ့ ကျုပ်က လွတ်လပ်ပြီး အချုပ်အနှောင်မရှိတာကို အသားကျနေပါပြီ။ ကျုပ် မိုးကောင်းကင်မြို့ကို လာတာက ချီခွန်းရဲ့ ဖိတ်ကြားချက်ကြောင့်ပါ။ ချီခွန်းကို ပြန်ကျေးဇူးဆပ်ဖို့လေ ”

ချူချန်းတန်နှင့် တာ့ကျဲတို့သာ တုံးအမနေလျှင် သူတို့က မိုဝူကျိ၏ အဓိပ္ပါယ်ကို နားလည်ကြပေလိမ့်မည်။ မိုဝူကျိက သူတို့ကို သင်ကြားပေးသည်မှာ သူတို့ ပါရမီကြောင့် မဟုတ်ဘဲ ချီခွန်းကြောင့်သာ ဖြစ်၏။

မိုဝူကျိုက ချီမောင်နှမနှင့် စကားပြောစရာ ရှိနေသေးသည်ကို မြင်ပြီး နှစ်ယောက်လုံးက နှုတ်ဆက်စကား ဆိုလိုက်ကြသည်။

ချူချန်းတန်နှင့် တခ့ကျဲတို့ ထွက်သွားသည်နှင့် ရှိုက်ကောက စိတ်အားတက်ကြွစွာဖြင့် “ သခင်ကြီး … ကျွန်တော်တို့ မိုးကောင်းကင်မြို့ကနေ ထွက်သွားတော့မှာလား။ ဘယ်တော့လဲ ”

ဤအချိန်လေးအတွင်း ရှိုက်ကောက လွတ်လွတ်လပ်လပ် နေနေသည်။ ချီချွမ်းက ရိုးရိုးသားသား လူတစ်ယောက် ဖြစ်သောကြောင့် မိုဝူကျို တံခါးပိတ် လေ့ကျင့်နေစဉ်အတွင်း ရှိုက်ကောက ဆိုင်ကို ချီချွမ်းဆီ အပ်ကာ သူက မိုးကောင်းကင်မြို့အနှံ့ လျှောက်သွားလာနေသည်။ ထို့ကြောင့် မိုဝူကျိုက ထွက်သွားတော့မည် ဖြစ်ကြောင်း ကြားလိုက်သောအခါ သူက အင်တင်တင် ဖြစ်နေမိသည်။

“ အခုပဲ ” မိုဝူကျိုက ပြောဖို့ရာ တုံ့ဆိုင်းမနေတော့ပေ။

………………

ထိုစဉ် မိုးကောင်းကင်ဂိုဏ်း၏ ဂိုဏ်းချုပ်ခန်းမဆောင်အတွင်း လူများနှင့် ပြည့်နှက်နေသည်။

ဂိုဏ်းချုပ်ရှင်းဝမ် မျက်နှာအထက်တွင် လေးလေးနက်နက် အမူအယာ ရှိနေပြီး လေသံမှာလည်း အုံ့မှိုင်းနေလေ၏ “

အားလုံးလည်း သိပ်မကြာခင်က ဖြစ်သွားတဲ့ ကိစ္စကို သိကြမှာပါ။ အဲဒါကြောင့်မလို့ ကျုပ်တို့ မိုးကောင်းကင်ဂိုဏ်းက ရွှေရောင် နိဗ္ဗာနတာအိုသဲကို ရဖို့ရော၊ ရောင်းလိုက်တဲ့သူအကြောင်းကို စုံစမ်းဖို့ရော ရပ်တန့်လိုက်ကြမယ်။ ငါတို့လူအားလုံးကို ပြန်ခေါ်ပြီးတော့ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ရဲ့ စစ်ဆေးမှုအတွက်ပဲ အာရုံစိုက်ထားကြမယ် ”

ဂိုဏ်းချုပ်ခန်းမဆောင်ကား တိတ်ဆိတ်သွားလေ၏။ အားလုံးက ဂိုဏ်းချုပ် စကားကို နားလည်ကြသည်။ လွန်ခဲ့သည့်နှစ်ဝက်ခန့်က ရွှေရောင် နိဗ္ဗာနတာအိုသဲသည် နှင်းစက်ကျမြို့အတွင်း ပေါ်လာခဲ့သည်။ လေလံပွဲတစ်ခုလုံး အဆင့်က နောက်တဆင့် တက်သွားလေသည်။

သို့သော်လည်း ဤသည်မှာ ကိစ္စအဆုံးသတ် မဟုတ်သေးပေ။ ရွှေရောင် နိဗ္ဗာနတာအိုသဲကို လဲလှယ်ပြီးနောက် နတ်ဘုရားဘုရင်များစွာ၏ အာရုံကို ဖမ်းစားသွားခဲ့သည်။ အမျိုးမျိုးသော နေရာများမှ နတ်ဘုရားဘုရင်များကလည်း ရွှေရောင် နိဗ္ဗာနတာအိုသဲကို ဝယ်ယူရန် နှင်းစက်ကျမြို့ဆီ ရောက်လာကြပသည်။ တစ်ချိန်တည်းဆိုသလို မည်သူက ရောင်းချလိုက်ကြောင်း စုံစမ်းနေကြ၏။

မိုးကောင်းကင်ဂိုဏ်းလည်း တစ်ခုအပါအဝင် ဖြစ်ပြီး မိုးကောင်းကင်ဂိုဏ်းမှ အနည်းဆုံး နတ်ဘုရားသုံးယောက်လည်း နှင်းစက်ကျမြို့ဆီ သွားကြသည်။

သို့သော်လည်း ဂိုဏ်းချုပ် ရှင်းဝမ်က ထိုကြိုးစားမှုအားလုံးကို ယနေ့ ရပ်တန့်ပစ်လိုက်သည်။ အကြောင်းမှာ ယခင်နေ့က နှင်းစက်ကျ ကုန်သည်အိမ်တော်ကား သွေးသံရဲရဲ ကြုံတွေ့ခဲ့ရသည်။ နှင်းစက်ကျ ကုန်သည်အိမ်တော်အတွင်းရှိ ပစ္စည်းများအားလုံး အခိုးခံလိုက်ရသည်။ ယနေ့အချိန်အထိ မည်သူကမှ မည်သူလက်ချက်မှန်း မသိကြပေ။ မိုးကောင်းကင်ဂိုဏ်းက ကြောက်ရွံ့သောကြောင့် ဤအစည်းအဝေး ကျင်းပရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်၏။

## အခန်း (၉၇၉) : ရစ်ပတ်လေ တောအုပ်

ရှင်းဝမ်က ထိုအထိ ပြောပြီးနောက် ရုတ်တရက် အမှတ်ရသွားဟန်ဖြင့် အကြီးအကဲရန်ဖေးအား ကြည့်လိုက်သည်။

ရန်ဖေးက ဂိုဏ်းချုပ်ကို ဂါရဝပြုလိုက်ပြီး လေးလေးနက်နက် ပြောလိုက်သည် “ ကျုပ်လည်း ဂိုဏ်းရဲ့ နှင်းစက်စိမ်းဆန်

စိုက်ပျိုးရေး စစ်ဆေးမှုအကြောင်းကို တင်ပြမလို့ပါ။ နှင်းစက်ကျကုန်သည်အိမ်တော်ရဲ့ သတင်းတွေကြောင့် တင်ပြချက်က နှောင့်နှေးသွားတာပါ ”

ရှင်းဝမ်က ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီး ခေါင်းညိတ်ပြကာ “ နှင်းစက်ကျကုန်သည်အိမ်တော်နဲ့ ပတ်သတ်တဲ့ ကိစ္စကို အတိတ်မှာထားလိုက်ပါတော့။ ကျုပ်တို့ မိုးကောင်းကင်ဂိုဏ်းရဲ့ လူတွေလည်း ပြန်ရောက်လာလောက်ပြီ။ တစ်ခုခု ဖြစ်ရင်တောင် ကျုပ်တို့ မိုးကောင်းကင်ဂိုဏ်းနဲ့ ဘာမှမပတ်သတ်တော့ဘူးလေ။ ဒီတစ်ခါ ဆရာကြီးကွမ်းကျန်းက ကျုပ်တို့ကို ကူညီပေးထားတာဆိုတော့ ကျုပ်တို့တပည့်တွေရဲ့ ရလဒ်က မဆိုးဘူးမလား ”

ထိုကိစ္စကို ပြောလိုက်သည့်အခါ ရှင်းဝမ်က အတော်လေး စိတ်ပေါ့ပါးသွားဟန် ရှိ၏။ ဆရာကြီးကွမ်းကျန်းသည် သူ့အပေါ် ကျေးဇူးကြွေးတစ်ခု ရှိသည့်အတွက် မိုးကောင်းကင်ဂိုဏ်းသို့ လာရောက်ပြီး နှင်းစက်စိမ်းဆန် စိုက်ပျိုးရေးအကြောင်း သင်ကြားပို့ချပေးခြင်း ဖြစ်၏။ ဆရာကြီးကွမ်းကျန်းသည် ဤသို့အချိန်မျိုး၌ အလွန်အလုပ်ရှုပ်ကြောင်း သိသင့်ပေသည်။

ရန်ဖေး မြန်မြန် ပြောလိုက်သည် “ ကျုပ်တို့ စစ်ဆေးမှု ရလဒ်တွေက မဆိုးပါဘူး။ နှစ်ယောက်က အဆင့်မြင့်

နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးနိုင်ပြီးတော့ တစ်ယောက်က အလယ်အလတ်အဆင့်ကို စိုက်ပျိုးနိုင်ခဲ့တယ်။ ကျန်တဲ့လူတွေကတော့ အဆင့်နိမ့်ပဲ စိုက်နိုင်တယ်။ အဆင့်နိမ့်ထဲမှာ ကောင်းတာရော၊ ဆိုးတာရော ရောနေတယ် ”

“ ဘယ်လို ”ရှင်းဝမ်က ရုတ်ချည်း ထရပ်လိုက်သည်။ သူက မယုံကြည်နိုင်စွာဖြင့် “ ဆရာကြီးကွမ်းကျန်းက အဲလောက်တောင် အံ့သြဖို့ ကောင်းတယ်လား ”

သူက မအံ့သြဘဲ မနေနိုင်တော့ချေ။ အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်သည့် လူအရေအတွက်မှာ လက်ချောင်းနှင့်ပင် ရေတွက်၍ ရပေသည်။ အကယ်၍ ဆရာကြီးကွမ်းကျန်းက ပို၍ အံ့သြဖို့ ကောင်းနေလျှင်ပင် လူနှစ်ယောက်အား ရက်ပိုင်းလေးအတွင်း သင်ရုံဖြင့် အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်အောင် သင်ပေးနိုင်မည် မဟုတ်ချေ။ ထိုစဉ် သူက နှင်းစက်စိမ်းဆန် စိုက်ပျိုးရေးအကြောင်း သင်ကြားပေးရန် ဆရာကြီးကွမ်းကျန်းအား ဖိတ်ကြားမိခဲ့သည့်အတွက် ဝမ်းသာသွားတော့သည်။

ရန်ဖေးက နေရခက်စွာဖြင့် “ ဂိုဏ်းချုပ်ကို တင်ပြပါတယ်။ အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်တဲ့ နှစ်ယောက်က ဆရာကြီးကွမ်းကျန်း သင်ပေးတာ မဟုတ်ပါဘူး ”

“ဘာကို ပြောတာလဲ ” ရှင်းဝမ်၏ မျက်ခုံးများက အနည်းငယ် တွန့်ချိုးသွားလေ၏။

**တပည့်ရာကျော်ထဲမှာ ပညာရှင် ပါနေတာလား ....**

သို့သော် ထိုအရာက မဖြစ်နိုင်ချေ။ အကြောင်းမှာ နှင်းစက်စိမ်းဆန် စိုက်ပျိုးခြင်းသည် အသုံးမဝင်သောအရာ ဖြစ်၏။ ကျင့်ကြံသူများတွင် ကျင့်ကြံဖို့ရာပင် အချိန်မလုံလောက်လေရာ မည်သူကများ ရူးရူးမိုက်မိုက်ဖြင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနေမည်နည်း။

ရန်ဖေးက မြန်မြန် ရှင်းပြလိုက်လေ၏ “ ဂိုဏ်းချုပ်လည်း မိုဝူကျိအကြောင်း ကြားမိမှာပါ။ သူက ချီခွန်း ဖိတ်ခေါ်လာတဲ့ လယ်သမားလေ။ သူက ဆေးလုံးဆရာလည်း ဟုတ်တယ်။ အစတုန်းက ကျုပ်တို့ တပည့်တွေကို သူ့ဆီက သင်ခိုင်းဖို့ လုပ်ထားတာပါ။ ဒါပေမဲ့ ဆရာကြီးကွမ်းကျန်းက ရောက်လာတာနဲ့ မိုဝူကျိနောက် လိုလိုလားလား လိုက်သွားတဲ့

တပည့်နှစ်ယောက်ကလွဲရင် ကျန်လူတွေကို ဆရာကြီးကွမ်းကျန်းက သင်ပေးတာပါ ”

ဂိုဏ်းချုပ်အနေနှင့် ရှင်းဝမ်က အခြေအနေကို အပြည့်အဝ နားလည်သွားတော့သည်။ သို့သော်လည်း သူက တုန်လှုပ်အံ့သြမိနေဆဲ ဖြစ်၏ “ အဲဆိုတော့ အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးတဲ့ တပည့်နှစ်ယောက်ကို မိုဝူကျိက သင်ပေးထားတာပေါ့ ”

“ဟုတ်ကဲ့ … အဲလိုပါပဲ။ သူတို့ကို နေ့တစ်ဝက်ပဲ သင်ပေးလိုက်တာပါတဲ့ ” ရန်ဖေးက ပြန်ဖြေလိုက်ပြီးနောက် ဘာမှဆက်မပြောတော့ပေ။

ရှင်းဝမ် မျက်နှာအထက်တွင် နေရခက်သည့် ဟန် ပေါ်နေသည်။ သူက ဆရာကြီးကွမ်းကျန်းကို ဖိတ်ကြားခဲ့သောကြောင့် မိုဝူကျိကို နေရာမပေးခဲ့ချေ။ ထို့အပြင် သူက ဆရာကြီးကွမ်းကျန်းအား ဖိတ်ကြားဖို့ရာ များစွာ အားစိုက်ခဲ့ရ၏။ ကွမ်းကျန်း ထွက်သွားသည့်အခါ ဂိုဏ်းက သူ့အတွက် တံစိုးလက်ဆောင်ကြီးကြီး ပြင်ဆင်ပေးလိုက်သေးသည်။

ခဏလေးအတွင်း ရှင်းဝမ်က အသိပြန်ဝင်လာသည်။ သူက ထိုင်ချကာ ခေါင်းညိတ်လိုက်ပြီး “ ငါ့ခန့်မှန်းချက် မှားနေမယ်လို့

မထင်ခဲ့မိဘူး။ ဒီတစ်ခါတော့ ချီခွန်းက ကောင်းကောင်း အကျိုးပြုခဲ့တာပဲ။ သူ့ကို ဂိုဏ်းရဲ့ ကျင့်ကြံရေးနယ်မြေမှာ သုံးနှစ် လေ့ကျင့်ခွင့် ပေးလိုက် ... ပြီးတော့ သူ့အတွက် အလယ်အလတ်အဆင့် လျို့ဝှက်ပညာရပ်ကိုပါ ချီးမြှင့်လိုက်ဦး ”

“ဟုတ်ကဲ့ ” အကြီးအကဲ တစ်ယောက်က ထရပ်လိုက်ပြီးနောက် တုံ့ပြန်လိုက်သည်။

ရှင်းဝမ်က ရန်ဖေးဘက် လှည့်ကာ ပြောလိုက်၏ “ အကြီးအကဲ ရန်ဖေး ... မိုဝူကျိကို ငါတို့ ဂိုဏ်းဆီ လာဖို့ သွားဖိတ်ခေါ်လိုက်။ သူ့ကို ငါတို့ပင်မတပည့်တွေဆီ နှင်းစက်စိမ်းဆန် စိုက်ပျိုးနည်းအကြောင်း သင်ခိုင်းရမယ် ”

“ ကျုပ် တစ်ယောက်ကို လွှတ်ထားပါ ... ” ရန်ဖေးက တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားသည်။ ထို့နောက် သူက ထူးထူးဆန်းဆန်း အမူအယာဖြင့် “ဂိုဏ်းချုပ် ... အခုလေးတင် မိုဝူကျိက မိုးကောင်းကင်မြို့ကနေ ထွက်သွားပြီး နိဗ္ဗာန်တာအိုမြို့ဆီ ဦးတည်သွားပါပြီတဲ့ ”

“အဲဆိုလည်း နိဗ္ဗာန်တာအိုမြို့ဆီ သွားကြတာပေါ့။ ငါတို့တွေ အချိန်ရှိပါသေးတယ်။ မိုဝူကျိ ဂိုဏ်းကို မလာခင် အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်တဲ့ နှစ်ယောက်ကို

သူတို့နည်းလမ်းအကြောင်း ပြန်ရှင်းပြခိုင်းတာပေါ့ ” ရှင်းဝမ်က ပြောဖို့ရာ တုံ့ဆိုင်းမနေပေ။

ရန်ဖေးက ရှက်ရွံ့ဟန်ဖြင့် “ မဖြစ်နိုင်လောက်ဘူး ထင်တယ်။ ချူချန်းတန်နဲ့ တခွကျဲတို့က မိုဝူကျိဆီကနေ သွားသင်တုန်းက အခြေအနေကို ကျူပ် အကြမ်းဖျင်း သိထားတယ်။ မိုဝူကျိက သူတို့နှစ်ယောက်ကို ပညာရပ်ကို တခြားသူဆီ လက်ဆင့်မကမ်းဖို့ ကျိန်ဆိုခိုင်းခဲ့တယ်တဲ့ ”

ရှင်းဝမ်က မျက်မှောင်ကျုတ်လိုက်သည်။

**လယ်သမားတစ်ယောက်ကများ သူ့ဂိုဏ်းသားကို ကျိန်ဆိုခိုင်းတယ်တဲ့လား ....**

သူက ခေါင်းခါလိုက်ပြီး “ ဒီလိုဆိုမှတော့ မိုဝူကျိကို မိုးကောင်းကင်ဂိုဏ်းဆီ အမြန်ဆုံး ပြန်ခေါ်ကြတာပေါ့ ”

ရန်ဖေးက ပြန်မဖြေခင် ခဏတာ တုံ့ဆိုင်းသွားပြီး “ ဂိုဏ်းချုပ် ... ကြည့်ရတာ ဒါလည်း မလွယ်လောက်ဘူး ထင်တယ်။ အရင်တုန်းက မိုဝူကျိက အောင်းမျိုးနွယ်နဲ့ ကတောက်ကဆ ဖြစ်ထားတာ။ သူ့အပြုအမူအရ တခြားသူရဲ့ စိတ်ဆန္ဒအတိုင်း လိုက်လုပ်တတ်တဲ့သူ မဟုတ်ဘူးဆိုတာ သိသာတယ်။ ပြီးတော့ သူက ချီခွန်းဆီကနေ အဆင့် ၅ ဆေးပင်အချို့ တောင်းထားတာ

ဒါပေမဲ့ ဂိုဏ်းက ဆရာကြီးကွမ်းကျန်း ရောက်လာတော့ သူ့ကို အသုံးမဝင်တော့ဘူးဆိုပြီး ဘာမှမပေးလိုက်ဘူး။ သူက တပည့်နှစ်ယောက်ကို နှင်းစက်စိမ်းဆန် စိုက်ပျိုးနည်းအကြောင်း သင်ပေးပြီးတဲ့နောက်မှာတောင် ဂိုဏ်းက သူ့ကို ဘာမှ မပေးလိုက်ဘူး ”

ရှင်းဝမ်က လက်ဝှေ့ပြကာ “ ဘယ်လိုဖြစ်ဖြစ် သူ့ကို ပြန်ခေါ်ရမယ်။ တကယ်လို့ သူက ငါတို့တပည့်တွေကို ဆက်မသင်ပေးချင်ဘူးဆိုရင်တောင် သူ့ကို တခြားသူတွေဆီ သင်ခွင့် ပေးလို့ မဖြစ်ဘူး ”

……………

“ဝူကျို … ငါ အရင်တုန်းက နိဗ္ဗာန်တာအိုမြို့ဆီ ရောက်ဖူးတယ်။ ငါတို့ ဦးတည်တဲ့ နေရာက နည်းနည်း မှားနေသလိုပဲ ” ချီပင်းက မိုဝူကျို၏ သင်္ဘောပျံမှာ ဦးတည်ရာ မှားနေကြောင်း သိသည့်အခါ မနေနိုင်တော့ဘဲ ပြောလိုက်သည်။

သူမက မိုဝူကျိုအပေါ် အသက်ကြွေး ရှိနေသည်။ ထို့အပြင် သူမမောင်လေးက မိုဝူကျိုအား အစ်ကိုကြီးဟု ခေါ်ပေသည်။ သူမကိုယ်တိုင်ကလည်း မိုဝူကျို၏ စရိုက်ကို သဘောကျမိ၏။

ထို့ကြောင့် ချီပင်းက သူမတို့တွေ အချင်းချင်း မောင်နှမကဲ့သို့ ခေါ်ဝေါ်ရန် အကြံပြုထားသည်။

မိုဝူကျိုက ခေါင်းခါကာ " အစ်မပင်း ... ကျုပ်တို့တွေ အကြွင်းမဲ့ ကုထုံးဆေးခန်းကနေ ထွက်လာတော့ လူတွေ ဘာအကြောင်း ပြောနေလဲဆိုတာ သိလား "

ချီပင်းက ခေါင်းညိတ်ကာ " ကြားတယ်လေ။ နှင်းစက်ကျ ကုန်သည်အိမ်တော်ရဲ့ ဌာနချုပ်က သွေးလွှမ်းသွားတယ်ဆို ... နှင်းစက်ကျ ကုန်သည်အိမ်တော်က နှင်းစက်ကျမြို့ကိုယ်တိုင် တည်ထောင်ထားတဲ့ စီးပွားရေး တစ်ခုပဲ။ ပြီးတော့ နတ်ဘုရားကုန်းမြေတစ်ခုလုံးမှာ လူသိများတဲ့ အင်အားစုတစ်ခုပဲလေ။ ဒီကိစ္စကို ဘယ်လိုဖြစ်လာပြီးတော့ ဘယ်လိုလူကများ လုပ်တယ်ဆိုတာ မသိတော့ပါဘူး "

" ဘယ်သူလုပ်တယ်၊ ဘာကြောင့် လုပ်တယ်ဆိုတာက ကျုပ်တို့နဲ့ မသက်ဆိုင်ဘူး။ နှင်းစက်ကျ ကုန်သည်အိမ်တော် ဖျက်စီးခံရတာက နိဗ္ဗာန်တာအိုမြို့မှာ အစစ်အဆေးက ကျပ်လောက်တယ်။ နိဗ္ဗာန်တာအို အသိပညာရပ်ကျောင်းတော်ကလည်း မကြာခင် စစ်ဆေးမှု ကျင်းပတော့မှာဆိုတော့ ကျုပ်တော့ အရင်ဆုံး ဟယ်ကျန်းမြို့ဆီ

သွားဖို့ လုပ်ထားတယ်။ ဟယ်ကျန်းမြို့က နိဗ္ဗာန်တာအိုမြို့နဲ့ နီးတယ်လေ။ စစ်ဆေးမှု စတဲ့အခါကျ ကျုပ်တို့တွေ နိဗ္ဗာန်တာအိုမြို့ဆီ သွားလို့ ရပြီ ” မိုဝူကျိုက ရှင်းပြလိုက်သည်။

ဤသည်မှာ အကြောင်းပြချက် တစ်ခု ဖြစ်၏။ လက်တွေ့၌ သူက နှင်းစက်ကျ ကုန်သည်အိမ်တော် ဖျက်စီးသုတ်သင်ခံလိုက်ရကြောင်း ကြားသောအခါ ချွေးအေးများပင် ထွက်လာမိသည်။ ကံကောင်းစွာဖြင့် နတ်ဘုရားဘုရင်အများစုက သူ သွားခဲ့သည့် လေလံပွဲကို အာရုံမစိုက်ကြပေ။ ထို့အပြင် လေလံပွဲကလည်း ရွှေရောင် နိဗာနတာအိုသဲ၏ အမှန်တကယ် တန်ဖိုးကို ချက်ချင်း နားမလည်ကြပေ။ လေလံပွဲ ပြီးဆုံးသွားသည့်အခါမှ မြောက်များစွာသော ပါရမီရှင်တို့၏ အာရုံစိုက်မှု ရသွားခြင်း ဖြစ်၏။

မိုဝူကျိုက ယခု နိဗ္ဗာန်တာအိုမြို့ဆီ မသွားချင်သေးသည့် အဓိက အကြောင်းအရင်း မဟုတ်သေးပေ။ မိုဝူကျိုက နှင်းစက်ကျကုန်သည်အိမ်တော် သုတ်သင်ခံလိုက်ရကြောင်း ကြားပြီးနောက် သူက အရမ်းကို အလျှင်လိုသွားကြောင်း သတိပြုမိလိုက်သည်။ အမြစ်မဲ့သံမဏိသည် သူ့အတွက် အင်မတန်

အသုံးဝင်သော်လည်း ရွှေရောင် နိဗ္ဗာနတာအိုသဲနှင့် အလဲအလှယ် မလုပ်လိုက်သင့်ပေ။

ဤသည်က မိုဝူကျိအား ပို၍ သတိကြီးသွားစေ၏။ သူက နှင်းစက်စိမ်းဆန်နှင့် ပတ်သတ်သည့် ကိစ္စကို ချက်ချင်း အမှတ်ရလိုက်သည်။ အကယ်၍ ဆရာကြီးကွမ်းကျန်းသာ သူ့တပည့်များကို အဆင့်မြင့် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်ရန် မသင်ပေးနိုင်ခဲ့လျှင် မိုးကောင်းကင်ဂိုဏ်း၏ အာရုံမှ သူ့ဆီ ရောက်လာမည် ဖြစ်၏။ မိုးကောင်းကင်ဂိုဏ်းက သူ့ကို ဖမ်းဆီး၍ ကျန်တပည့်များကို သင်ကြားပေးခိုင်းခြင်းမှာ မဖြစ်နိုင်ခြင်းတော့ မဟုတ်ပေ။

ချူချန်းတန်နှင့်တာ့ကျဲတို့က သူ နိဗ္ဗာန်တာအိုမြို့ဆီ သွားမည် ဖြစ်ကြောင်း သိထားသောကြောင့် အချိန်တစ်ခုအထိ သွား၍ မဖြစ်သေးပေ။

“ ဟုတ်ပြီ … ဘယ်ကို သွားသွား အဆင်ပြေပါတယ်။ ဒါပေမဲ့ ငါက ခရမ်းနိဗ္ဗာနတာအိုသဲကို အလကား ဖြုန်းတီးမိလိုက်ပြီ။ မဟုတ်ရင် ငါ နတ်ဘုရားဘုရင်အဆင့် တက်လှမ်းနိုင်လောက်တယ်။ အဲဒီအခါကျ ငါတို့အတွက် အင်အားတစ်ခု ဖြစ်လာလိမ့်မယ် ” ချီပင်းက သက်ပြင်းချလိုက်သည်။

မိုဝူကျိုက ခပ်ယဲ့ယဲ့ ပြုံးကာ "အစ်မပင်းဆီမှာ ခရမ်းနိဗ္ဗာနတာအိုသဲ ရှိရင်တောင် နတ်ဘုရားဘုရင်အဆင့်ကို အဲဒါသုံးပြီး တက်လှမ်းဖို့ အကြံမပေးချင်ဘူး "

" ငါလည်း သိပါတယ် " ချီပင်းက သက်ပြင်းချလိုက်၏။ သူမက မည်သို့ နားမလည်ဘဲ နေမည်နည်း။ သို့သော်လည်း နတ်ဘုရားကုန်းမြေ၌ နတ်ဘုရားဘုရင်အဆင့် ဝင်သွားခြင်းမှာ ထိပ်တန်း ကျင့်ကြံသူတစ်ယောက် ဖြစ်သွားစေ၏။ တခြားသူ၏ အသိအမြင်များကို ဥွားယူလျှင်ပင် နတ်ဘုရားဘုရင်အဆင့် မတက်လှမ်းနိုင်သည့်လူများထက် ပို၍ အားကောင်းနေသေး၏။

မိုဝူကျိုက သူ့မျက်နှာပေါ်မှ မျက်နှာဖုံးကို ဖယ်ကာ " အစ်မပင်း ဒါက ကျုပ်ရဲ့ တကယ့်သွင်ပြင်ပဲ "

ချီပင်းက အရမ်းအံ့ဩမသွားမိပေ။ သူမက မိုဝူကျို၏ အစစ်အမှန်သွင်ပြင်ကို မမြင်နိုင်သော်လည်း သူက ရုပ်ဖျက်ထားကြောင်း ပြောနိုင်သေး၏။

"အစ်မပင်းက သီးခြားနတ်ဆေးလုံးရဲ့ အဆင့်ကို သိတယ်မလား " မိုဝူကျိုက ပြုံးကာ မေးလိုက်သည်။

ချီပင်းက ရုတ်ချည်း နားလည်သဘောပေါက်သွားတော့သည်။ သူမက မိုဝူကျိအား တအံ့တသြ ကြည့်ကာ “ မင်း ပြောတာက … ”

မိုဝူကျိက ချီပင်း စကားဆုံးအောင်အထိ မစောင့်တော့ဘဲ “ ဟုတ်တယ် … သီးခြားနတ်ဆေးလုံးကို ကျုပ် ဖော်စပ်ထားတာလေ။ ကျုပ်က အဆင့် ၅ နတ်ဆေးလုံးဘုရင်ပါ။ နတ်ကျောက်စိမ်းဆေးလုံး ဖော်စပ်ဖို့က သီးခြားနတ်ဆေးလုံးလောက် မခက်ခဲလောက်ဘူး။ ကျုပ်က သီးခြားနတ်ဆေးလုံးကိုတောင် ဖော်စပ်နိုင်သေးတယ်လေ။ အစ်မပင်းဆီမှာလည်း ကြည်လင်ကျောက်စိမ်းပန်း ရှိနေတာဆိုတော့ ကျုပ် နတ်ကျောက်စိမ်းဆေးလုံး ဖော်စပ်နိုင်မယ်လို့ ထင်လား ”

ချီပင်းက သက်ပြင်းချကာ မိုဝူကျိထံ ကျောက်စိမ်းသေတ္တာတစ်ခု ပေးလိုက်ပြီး “ ဝူကျိ ငါ မင်းနောက်ကို လိုက်လာတာ မင်းကို ကူညီပေးဖို့ပါ။ ဒါပေမဲ့ အခုတော့ မင်းက ငါ့ကို အများကြီး ပြန်ကူပေးနေရတယ် ”

မိုဝူကျိုက ကျောက်စိမ်းသေတ္တာကို လက်ခံရင်း ပြုံးလိုက်ကာ “ အစ်မပင်း ကျုပ်တို့က မောင်နှမတွေလိုပဲလေ။ ဒီလိုကိစ္စတွေကို လိုက်တွက်နေဖို့ မလိုပါဘူးဗျာ ”

“ ဟုတ်တယ် ဟုတ်တယ် ငါတို့က မောင်နှမတွေပဲ ” ချီပင်းက မိုဝူကျိုအား ကြည့်ကာ ပြတ်ပြတ်သားသား ပြောလိုက်သည်။

“ ဒီလိုဆိုမှတော့ ကျုပ်တို့တွေ ဟယ်ကျန်းမြို့ဆီ မသွားသေးနဲ့ဦး ... နိဗ္ဗာန်တာအိုမြို့နဲ့ တစ်လလောက်အတွင်း ရောက်တဲ့ နေရာကျယ်ကျယ်တစ်ခုကို အစ်မပင်း သိထားလား ”မိုဝူကျိုက ရယ်ရယ်မောမောဖြင့် မေးလိုက်သည်။

ချီပင်းက ပြုံးကာ “ ငါ ကျွမ်းကျင်တဲ့ နေရာတစ်ခုတော့ ရှိတယ်။ သင်္ဘောပျံကို ငါ ထိန်းလိုက်မယ်။ အခု ရစ်ပတ်လေ တောအုပ်ဆီ သွားကြတာပေါ့။ အဲဒီနေရာက တိတ်ဆိတ်ပြီးတော့ တော်ရုံ အဆင့်မြင့် ကျင့်ကြံသူတွေတောင် အထဲကို မဝင်နိုင်ဘူး။ နိဗ္ဗာန်တာအိုမြို့နဲ့လည်း လဝက်လောက်ပဲ သွားရမယ် ”

“ရစ်ပတ်လေတောအုပ်တဲ့လား ... ထူးထူးဆန်းဆန်း နာမည်ပဲ ” မိုဝူကျိုက ပြောလိုက်သည်။

ချီပင်းက ရှင်းပြလိုက်သည် “ ရစ်ပတ်လေ တောအုပ်လို့ ခေါ်တာက တောအုပ်ထဲမှာ လေပြင်းတွေ တိုက်တဲ့အချိန်

တောအုပ်ထဲက မထွက်သွားနိုင်လို့လေ။ ကျင့်ကြံသူတွေလည်း အတူတူပဲ .. ရစ်ပတ်လေ တောအုပ်ထဲ ထွက်သွားဖို့ ခက်တယ်။ ကောလဟာလတွေအရတော့ တောနက်ပိုင်းမှာ အဆင့် ၆ နတ်သားရဲတွေ ရှိတယ်တဲ့ … နတ်ဘုရားဘုရင်အဆင့် ရောက်တဲ့ အဆင့်မြင့် ကျင့်ကြံသူတွေတောင် တောနက်ပိုင်းကနေ အသက်ရှင်လျက် ထွက်မသွားနိုင်ကြဘူးတဲ့ ”

“ အဲဆို အဲနေရာက အရမ်းအန္တရာယ်များမှာပေါ့ ” မိုဝူကျိက ဆေးလုံးဖော်စပ်ဖို့ရာ နေရာရှာနေခြင်း ဖြစ်ရာ ချီပင်းက နတ်ဘုရားဘုရင်အဆင့် တက်လှမ်းမည် ဖြစ်သောကြောင့် ဤနေရာက အန္တရာယ်များသည်ဆိုလျှင် မသင့်တော်ပေ။

ချီပင်းက ရယ်မောလိုက်ပြီး “ စိတ်ချနေပါ။ ရစ်ပတ်လေတောအုပ်ထဲက အကောင်းဆုံး နေရာကို သိပါတယ်။ အဲဒီမှာ အားကောင်းတဲ့ သားရဲတွေ မရှိတော့ ကျင့်ကြံဖို့အတွက် အရမ်းကို သင့်တော်တယ် ”

**အခန်း (၉၈၀) : မှော်ရတနာကို ထုလုပ်ခြင်း**

သူတို့တွေ ရစ်ပတ်လေ တောအုပ်ထဲ ရောက်သွားသည်နှင့် မိုဝူကျိုက သူ့နားနောက်ဘက် လေသံကို ကြားလိုက်ရသည်။ သူ့စိတ်စွမ်းအားကို ဖြန့်ကျက်လိုက်သည့်အခါ သူတို့ကို လေပွေများ ဝန်းရံထားကြောင်း တွေ့လိုက်ရ၏။ သို့သော်လည်း ဤနေရာမှာ ချီပင်း ပြောထားသည့်အတိုင်း နတ်ဝိညာဉ်စွမ်းအား ကြွယ်ဝလှသည်။

“ ဒီနေရာက နတ်ဝိညာဉ်စွမ်းအား ကြွယ်ဝတယ်ဆိုပေမဲ့ လေပွေတွေကြောင့် ကျင့်ကြံရေးအတွက် မသင့်တော်ဘူးလေ။ ပြီးတော့ ငါတို့ရဲ့ စိတ်စွမ်းအားအပေါ်လည်း သက်ရောက်မှု ရှိလာနိုင်တယ်။ တကယ်လို့ နတ်သားရဲသာ ငါတို့ကို တွေ့သွားခဲ့ရင် ထွက်သွားနိုင်ဖို့ ခက်ခဲလိမ့်မယ် ” ချီပင်းက ရှင်းပြလိုက်သည်။

မိုဝူကျိုက စိတ်ဝိညာဉ် သိုလှောင်ရေး လမ်းကြောင်း ရှိသောကြောင့် စိတ်ထဲ မထားပေ။ သူ့စိတ်စွမ်းအားအပေါ် သက်ရောက်မှု ရှိသော်လည်း အန္တရာယ်ကို အာရုံမခံစားမိသည့်အထိ လျော့ကျသွားခြင်း မဟုတ်ပေ။ ထို့အပြင် သူ့လေလွတ်မြောက်ရေး နည်းစနစ်မှာ ဤသို့နေရာမျိုး၌ အတော်လေး အသုံးဝင်ပေသည်။

ချီပင်းက ရစ်ပတ်လေ တောအုပ်ဆီ အကြိမ်များစွာ လာဖူးသောကြောင့် ပတ်ဝန်းကျင်နှင့် အတော်လေး သဟဇာတ ဖြစ်နေသည်။ သူမက မိုဝူကျိနှင့် ချီချွမ်းတို့အား တောအုပ်တစ်လျှောက် ခေါ်ဆောင်လာ၏။ နှစ်ရက်တာ သွားလာပြီးနောက် သူတို့က သာမာန်နှင့် တူသည့် နေရာတစ်ခုသို့ ရောက်ရှိလာကြသည်။

" ဒီနေရာလား " မိုဝူကျိက ဘေးပတ်လည်ကို မရေမရာ ကြည့်လိုက်ရင်း မေးခွန်းထုတ်လိုက်၏။ သူက အဆင့် ၄ နတ်ဘုရား အစီအရင်ဆရာတစ်ယောက် ဖြစ်သော်လည်း ဤနေရာရှိ သဘာဝ ဖုံးကွယ်ရေး အစီအရင်မျိုးကို သတိမပြုမိပေ။

ချီပင်းက အသာ ရယ်မောလိုက်ပြီးနောက် အစီအရင်အလံတစ်ခု ပစ်လွှတ်လိုက်သည်။ မိုဝူကျိ ရှေ့မှောက် ခပ်ဖျော့ဖျော့ သင်္ကေတတချို့ ပေါ်လာသည်။

" ငါ ဒီနေရာကို ကံကောင်းပြီး တွေ့သွားတာ … ငါ့ရဲ့ အစီအရင်အလံ မပါရင် ဘယ်သူမှ ဒီနေရာကို ရှာတွေ့မှာ မဟုတ်ဘူး။ အရင်တုန်းက ငါ နတ်ဘုရားဘုရင်တစ်ယောက်ကို ရန်စမိခဲ့တယ်လေ။ အဲဒါနဲ့ ဒီနေရာမှာ လာနေနေရတာ …. ဒီနေရာမှာ နတ်ဘုရားအုပ်စိုးသူအဆင့်ကနေ

လောကနတ်ဘုရားအဆင့်အထိ တက်လှမ်းနိုင်ခဲ့တယ်။ အဲဒီနောက်ကျ ဒီမှာပဲ နှစ်ပေါင်း တစ်သိန်းလောက် ဆက်တိုက် ကျင့်ကြံခဲ့တယ်။ ငါ လေ့ကျင့်ပြီးတော့ ထွက်လာတဲ့အခါကျ အဲဒီနတ်ဘုရားဘုရင်က ငါ့တည်ရှိမှုကို မေ့သွားပြီ။ လာလာ … ငါ့နောက် လိုက်ခဲ့ ” ချီပင်းက သင်္ကေတထဲ ဝင်ရင်း ပြောလိုက်သည်။

အားလုံး ဝင်ပြီးနောက် ချီပင်းက လက်ဝှေ့ကာ အစီအရင်အလံအား ပြန်လည် သိမ်းဆည်းလိုက်သည်။

မိုဝူကျိုက သူ့ရှေ့တွင် ရှိနေသည့် မြင်ကွင်းကို ကြည့်ကာ အံ့အားသင့်သွားသည်။ စိတ်ကူးယဉ်ဆန်ဆန် လျှိုတစ်ခု ဖြစ်နေ၏။ နတ်ဝိညာဉ်စွမ်းအားများက လျှိုတစ်လျှောက် ပြည့်နှက်နေပြီး အထဲ၌ မြစ်အသေးလေး တစ်စင်းပါ ရှိနေသည်။ အဆင့်နိမ့် သားရဲတစ်ချို့က သူတို့ ဝင်လာသည်ကို မြင်သော်လည်း မိုဝူကျိုတို့အား အရမ်းကြောက်ရွံ့နေဟန် မပေါ်ပေ။

ထိုအရာက မိုဝူကျိုအား ကျင့်ကြံရေးလောကမှ နေရာတစ်ခုကို သတိရသွားစေသည်။ ထိုနေရာကို မိုရှင်းထောင်၊ ဒေါ်လေးဆယ့်တစ်နှင့် ကျင်းလန်ပေးတို့ တွေ့ရှိထားသော နေရာတစ်ခု ဖြစ်ပြီး မြင်ကွင်းမှ လုံးဝ ဖုံးကွယ်ထားလေ၏။

ထို့နောက် သူက ကျင်းလန်ပေးကို ကယ်ဆယ်ပြီးနောက် မိုရှင်းထောင်တို့အား ရှာရန် ပင်လယ်ထဲ ထွက်ခဲ့ရသည်။ သို့သော်လည်း အင်မော်တယ် အမွေအနှစ် ရရှိလိုက်သော မိုရှင်းထောင်နှင့် ဒေါ်လေးဆယ့်တစ်တို့က ပျောက်ဆုံးသွားပြီ ဖြစ်ကြောင်းသာ တွေ့လိုက်ရသည်။

သူက မိုရှင်းထောင်နှင့် ဒေါ်လေးဆယ့်တစ်တို့ မည်သို့ ဖြစ်နေသည်ကို သိချင်မိသည်။ ထို့အပြင် သိုင်းပညာရပ် ဆည်းပူးရန် ရွေးချယ်သွားသော ယွမ်ကျန်းယီလည်း ရှိသေး၏။

မိုဝူကျိုက သက်ပြင်းချကာ ခံစားချက်များကို သိမ်းဆည်းထားလိုက်သည်။

“ ဝူကျို ဒီနေရာ ဘယ်လိုလဲ ” ချီပင်းက ပြုံးကာ ပြောလိုက်၏။

မိုဝူကျိုက ခေါင်းညိတ်ပြကာ “ ဒီနေရာက ကောင်းပါတယ်။ ကျင့်ကြံဖို့အတွက်တင် မကဘူး။ ဆေးလုံးဖော်စပ်ဖို့လည်း အရမ်းကို အဆင်ပြေတယ် ”

ထိုသို့ပြောပြီးနောက် မိုဝူကျိုက တာ့ဟွမ်အား ခေါ်ထုတ်ကာ ချီမောင်နှမနှင့် မိတ်ဆက်ပေးလိုက်သည်။ တာ့ဟွမ်၏ ပါရမီမှာ ကောင်းကင်ဘုံ သွေ့ဖယ်နေသော်လည်း ထာဝရကမ္ဘာ၏

စည်းမျည်းများ ကန့်သတ်ချက်ကြောင့် သူ့ကျင့်ကြံဆင့်မှာ ကနဦး နတ်ဘုရားအဆင့် ဖြစ်သော ရပ်တန့်နေသေး၏။

ဤလျို့ဝှက်လျိုအတွင်း ချီပင်းက ကျင့်ကြံဖို့ သင့်တော်သည့် နေရာတစ်ခု ပြုလုပ်ထားခဲ့သည်။ မိုဝူကျိ၏ ဆေးလုံးအကူဖြင့် သာမာန်ပါရမီမျှသာ ရှိသော ချီချွမ်းက တာ့ဟွမ်နှင့် ရှိုက်ကောတို့နှင့်တူ တံခါးပိတ် လေ့ကျင့်ရန် ရွေးချယ်သွားလေသည်။

တစ်ဖက်တွင် ချီပင်းက နတ်ဘုရားဘုရင်အဆင့် တက်လှမ်းဖို့ရာ သူမ ကျင့်ကြံဆင့်အား အခြေတည်အောင် ကြိုးစားနေ၏။

ထိုစဉ် မိုဝူကျိက သူ့ဆေးမီးဖိုအား ထုတ်ကာ နတ်ကျောက်စိမ်း ဆေးလုံး ဖော်စပ်ဖို့ ပြင်ဆင်လိုက်သည်။

...................

တစ်ချိန်တည်းဆိုသလို နိဗ္ဗာန်တာအိုမြို့ကား လူများနှင့် စည်ကားနေသည်။ မိုဝူကျိ၏ ခန့်မှန်းချက်မှာ မှန်ကန်ပေသည်။ အကယ်၍ သူသာ ယခု နိဗ္ဗာန်တာအိုမြို့သို့ သွားလျှင် နေစရာ ရှာမတွေ့ရုံသာမက ယာယီအနားယူဖို့ နေရာပင် ရှာတွေ့မည် မဟုတ်ချေ။

နိဗ္ဗာန်တာအိုမြို့ရှိ တည်းခိုဆောင်အားလုံးက ဧည့်သည့်များနှင့် ပြည့်နေလေပြီ။ ဤသို့အချိန်မျိုး၌ နတ်ဘုရားကျောက် ပေါ်များသည့်သူပင် နေစရာ ရှာတွေ့မည် မဟုတ်ချေ။

နိဗ္ဗာန်တာအိုမြို့၏ နယ်လှည့်ကျင့်ကြံသူ ဂုဏ်ထူးဆောင်တာအိုရင်ပြင်၌ ခြေချစရာနေရာပင် မရှိတော့ချေ။ မြောက်များစွာသော ကျင့်ကြံသူများက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် စစ်ဆေးမှု၌ ပါဝင်ခွင့်ရရန် ပြင်ဆင်နေကြသည်။

နှင်းစက်ကျ ကုန်သည်အိမ်တော် သုတ်သင်ခံလိုက်ရပြီးနောက် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်က ရုတ်တရက် စစ်ဆေးမှု လိုအပ်ချက် ပြောင်းလဲလိုက်ပြီး နယ်လှည့်ကျင့်ကြံသူ အရေအတွက် ပြောင်းလဲလိုက်ပေသည်။ နောက်ကွယ်က အကြောင်းအရင်းကိုတော့ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှ လွဲ၍ မသိပေ။

မူလက နယ်လှည့်ကျင့်ကြံသူများသည် တိုက်ပွဲမှ သော်လည်းကောင်း သို့မဟုတ် ဘုရင်ဂုဏ်ပုဒ် နှင့်သော်လည်းကောင်း ပြိုင်ပွဲဝင်ခွင့် ရနိုင်သည်။

သို့သော် ယခုတွင် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်က နယ်လှည့်ကျင့်ကြံသူ အရေအတွက်အား တစ်ရာအထိ တိုးပေးလိုက်သည်။ ထို့အပြင် ထိုနေရာ တစ်နေရာစာမှာ ဘုရင်ဂုဏ်ပုဒ် ရှိသူများ မပါဝင်သေးပေ။

ဘုရင်ဂုဏ်ပုဒ် ရှိသည့် နယ်လှည့်ကျင့်ကြံသူအားလုံးက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် စစ်ဆေးမှုအတွက် တန်း၍ စာရင်းပေးသွင်းနိုင်သည်။ သူတို့အနေနှင့် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးထံ သွားစရာ မလိုတော့ချေ။

ထို့ကြောင့် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးသည် နေရာ တစ်ရာစာအား ကိုယ်ပိုင် အရည်အသွေးအပေါ် မူတည်၍ ခွဲဝေပေးရန် ဆုံးဖြတ်လိုက်သည်။ အကယ်၍ သူတို့က တိုက်ပွဲတွင် ကောင်းကောင်း လုပ်ဆောင်နိုင်သူ ၈၀ အား ပေးမည်ဆိုလျှင် ထိပ်ဆုံး အယောက် ၈၀ ကို ရွေးချယ်မည် ဖြစ်၏။

နိဗ္ဗာန်တာအိုမြို့၏ ဂုဏ်ထူးဆောင်မျှော်စင်မှ အကူတာအိုထဲ အဆင့် ၄ ရထားသည်ဆိုလျှင် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးမှ ရွေးချယ်ခံရနိုင်ခြေ ရှိ၏။

နယ်လှည့်ကျင့်ကြံသူ အရေအတွက် အဆများစွာ တိုးသွားသောကြောင့် နယ်လှည့်ကျင့်ကြံသူများစွာက နိဗ္ဗာန်တာအိုမြို့သို့ ရောက်ရှိလာကြခြင်း ဖြစ်ပေသည်။

ဘုရင်ဂုဏ်ပုဒ်အပြင် နေရာကို ၁၀၀ တိုးပေးထားသော်လည်း ဤပမာဏမှာ နယ်လှည့်ကျင့်ကြံသူ အဖွဲ့အစည်းတစ်ခုလုံးနှင့် ယှဉ်လျှင် အလွန်သေးငယ်နေသေးသည်။

လက်တွေ့၌ ဘုရင်ဂုဏ်ပုဒ်ကို ထည့်တွက်မည်ဆိုလျှင်ပင် နေရာများများစားစား ယူမည် မဟုတ်ပေ။ အားကောင်းလှသည့် ဂိုဏ်းများ၌ပင် ဘုရင်ဂုဏ်ပုဒ် ရရှိထားသောသူ အနည်းငယ်မျှသာ ရှိသောကြောင့် နယ်လှည့်ကျင့်ကြံသူများအနေနှင့် ထည့်တွက်နေစရာ မလိုတော့ပေ။ ဘုရင် ဂုဏ်ပုဒ် ရရှိထားသော ပါရမီရှင်များမှာ ဂိုဏ်းများ၏ သိမ်းသွင်းမှုကို ခံရပြီးလောက်လေပြီ။ နယ်လှည့်ကျင့်ကြံသူအနေနှင့် အဘယ်ကြောင့်များ ကျန်ရှိနေမည်နည်း။

အဆင့် ၄ တွင် ရောက်နေသော တချို့သူများ ရှိသော်လည်း အရေအတွက်မှာ မများပေ။ ထို့ကြောင့် အကူတာအိုပညာရပ်များ၌ အဆင့် ၄ ရောက်နိုင်သည့် ကနဦး နတ်ဘုရားအဆင့်

ကျင့်ကြံသူအနေနှင့် နေရာတစ်နေရာစာ အခွင့်အရေး ရဖို့ရာ ရာခိုင်နှုန်း မြင့်ပေသည်။

နယ်လှည့်ကျင့်ကြံသူများ အကြီးမားဆုံး ယှဉ်ပြိုင်မှုမှာ တစ်ယောက်ချင်း တိုက်ရသည့် တိုက်ပွဲ ဖြစ်၏။ နယ်လှည့်ကျင့်ကြံသူ အများစုက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၌ နေရာရစေရန် တိုက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြသည်။

……………

## ရစ်ပတ်လေတောအုပ်၏ လျို့ဝှက်လျို

သူမ ကျင့်ကြံဆင့် အခြေတည်စေရန် နတ်ဝိညာဉ်စွမ်းအားများ စုပ်ယူနေသည့် ချီပင်းက ရုတ်ချည်း မျက်လုံး ဖွင့်လာသည်။ သူမက မိုဝူကျိအား စိတ်ပေါ့ပါးစွာ လှမ်းကြည့်လိုက်သည်။

ဝိညာဉ်ပင် တုန်လှုပ်မတတ် ဆေးရနံ့သင်းသင်းလေးက ထိုနေရာမှ ပျံ့လွင့်လာနေ၏။ ချီပင်းက မိုဝူကျိသည် နတ်ကျောက်စိမ်း ဆေးလုံး ဖော်စပ်ခြင်း အောင်မြင်သွားကြောင်း ချက်ချင်း သိလိုက်ရသည်။ သူမက နတ်ကျောက်စိမ်းဆေးလုံးကို မမြင်ဖူးသော်လည်း သူမက ထိုရနံ့မှန်း အသေအချာ သိနေသည်။

တစ်လအတွင်း မိုဝူကျိုက နတ်ကျောက်စိမ်း ဆေးလုံးကို ဖော်စပ်နိုင်ခဲ့သည်။ ဤသည်မှာ ချီပင်းအတွက် အမှန်တကယ် အံ့ဖွယ် ဖြစ်၏။

နတ်ကျောက်စိမ်း ဆေးလုံးက ထိပ်သီး အဆင့် ၅ ဆေးလုံး ဖြစ်၏။ သူမ အမြင်အရ မိုဝူကျိုသည် သူ့စိတ်ကို တည်ငြိမ်ဖို့ရာ တစ်လလောက် လိုလိမ့်မည်ဟု ခန့်မှန်းထားမိ၏။ ထိုအခါမှ သူ့အနေနှင့် ဆေးလုံးကို စတင်ဖော်စပ်နိုင်လိမ့်မည်။

ချီပင်းက ထိုအရာကို တွေးမိသွားသည့်အခါ မိုဝူကျိုအသံက တံခါးဝမှ ထွက်ပေါ်လာသည် “ အစ်မပင်း ဆေးလုံးတော့ ပြီးစီးသွားပြီ။ အစ်မကြိုက်တဲ့အချိန် နတ်ဘုရားဘုရင်အဆင့် တက်လှမ်းလို့ ရပြီ ”

ချီပင်းက ချက်ချင်း ထရပ်လိုက်ပြီး သူမ တံခါးမှ အတားအဆီးများကို ဖယ်ရှားပေးလိုက်သည်။ ထို့နောက် သူမက ကျောက်စိမ်းပုလင်းကို လက်ခံကာ ဖွင့်ကြည့်လိုက်ပြီး “ အဲဒါက အဆင့်မြင့် နတ်ကျောက်စိမ်း ဆေးလုံးလား ”

မိုဝူကျိုက ပြန်ဖြေပေးလိုက်သည် “ ဟုတ်တယ်လေ ... အထဲမှာ အဆင့်မြင့် နတ်ကျောက်စိမ်း ဆေးနှစ်လုံး ပါတယ်။ တကယ်လို့ မလုံလောက်သေးရင် ကျုပ်ဆီမှာ ကျန်သေးတယ် ”

မိုဝူကျိုက နတ်ကျောက်စိမ်း ဆေးလုံး ဖော်စပ်ဖို့ရာ တစ်လလုံးလုံး မကြာလိုက်ပေ။ သူက နတ်ကျောက်စိမ်း ဆေးလုံး မဖော်စပ်ခင် ကျန်သော နတ်ဆေးပင်များကို ဆေးလုံးအဖြစ် ပြောင်းလဲရန် ဆုံးဖြတ်ထားသောကြောင့်သာ ဖြစ်၏။

နတ်ကျောက်စိမ်း ဆေးလုံးအတွက် အဓိကပါဝင်ပစ္စည်း ဖြစ်သည့် ကြည်လင်ကျောက်စိမ်း ပန်း မှာ အလွန်ရှားပါး၏။ သူက ချီပင်းသည် မည်သို့ ရလာကြောင်း မသိပေ။ သို့သော်လည်း မိုဝူကျိုက သူ့ ဆေးလုံး ဖော်စပ်ခြင်း ကျရှုံးသွားပါက နောက်ထပ် အခွင့်အရေး မရနိုင်တော့မှန်း သိထားသည်။ ထို့ကြောင့် သူ့တွင် ရှိနေသော ဆေးပင်များကို အရင်ဆုံး လေ့ကျင့်မှုအဖြစ် အသုံးပြုလိုက်ခြင်း ဖြစ်၏။

“ တစ်လုံးဆို ရပါပြီ။ တကယ်လို့ နတ်ဘုရားဘုရင်အဆင့် တက်ဖို့ ဆေးတစ်လုံး မလောက်ရင် ထပ်သောက်ရင်လည်း အသုံးမဝင်ဘူး။ နောက်ထပ် တစ်လလောက် ပြန်လည် သုံးသပ်ကြည့်လိုက်ဦးမယ်။ ပြီးသွားရင် နတ်ဘုရားဘုရင်အဆင့် တက်ဖို့ ရစ်ပတ်လေတောအုပ်ကနေ ထွက်သွားမယ် ” ချီပင်းက မိုဝူကျိုအား ကျေးဇူးတင်ဖို့ စကားလုံးများ ရွေးချယ် သုံးမနေပေ။ ယခု သူမက မိုဝူကျို၏ အကျင့်စရိုက်အကြောင်းကို ကောင်းကောင်း သိထားလေပြီ။

သူတို့က တစ်ယောက်နှင့် တစ်ယောက် မောင်နှမသဖွယ် ဆက်ဆံလေရာ ဤသို့စကားမျိုးက မလိုအပ်ပေ။

“ ကောင်းပြီလေ .. အစ်မပင်း အဆင့်တက်တဲ့အခါကျ ကျုပ် အစ်မရဲ့ ကာကွယ်သူ လုပ်ပေးမယ်။ အခုတော့ ကျုပ် တစ်ခု လုပ်စရာ ရှိလို့ ပြန်သွားလိုက်ဦးမယ် ” မိုဝူကျိုက ချီပင်းအား ဆက်လက် မနှောင့်ယှက်တော့ပေ။

သူက ချီပင်းသည် နတ်ဘုရားဘုရင်အဆင့် တက်လှမ်းနိုင်ခြေ ၇၀ ရာခိုင်နှုန်းအထက် ရှိကြောင်း သေချာသိထားသည်။ ဤသည်မှာ သူ့အလိုလို အသိသာ ဖြစ်၏။

ချီပင်းသည် နယ်လှည့်ကျင့်ကြံသူ ဖြစ်သော်လည်း သူမ၏ အင်အားမှာ ဂိုဏ်းသားများထက် ပိုပေသည်။ သူက ချီပင်း၏ ရတနာများကို မြင်ဖူးပေသည်။ ကြည်လင်ကျောက်စိမ်းပန်းပင် ဖြစ်စေ၊ ခရမ်းနီဗာနတာအိုးသဲပင် ဖြစ်စေ နှစ်ခုလုံးက အဖိုးမဖြတ်နိုင်သည့် ရတနာများသာ ဖြစ်၏။ ဤလျှိုကို ထုတ်ဖော်လိုက်သည့် လျှို့ဝှက်အစီအရင်အလံမှာလည်း အင်မတန် အဖိုးတန်လှပေမည်။ ဤရတနာများက လေထဲမှ ရောက်လာခြင်း မဟုတ်ပေ။ သူတို့က သူမအသက်ကို စွန့်စား၍ ရရှိလာခြင်းသာ ဖြစ်၏။

သူ့အတွက်လည်း အတူတူ ဖြစ်၏။ သူ့အသက်ကို မစွန့်စားဘဲ ရရှိလာသည့် ရတနာဟူ၍ မရှိပေ။

သူက ဟုန်မုန့်စွမ်းအင်ကို ရရှိခဲ့စဉ်အခါက အသက်မဲ့မြစ်အတွင်း သေမလို ဖြစ်ခဲ့ရပြီး အင်မော်တယ်တပိုင်း နယ်ပယ်၏ အင်မော်တယ်လျို့အတွင်း မြေခေတ် သဘာဝအမြုတေ ရရှိစဉ်အခါကလည်း အသက်ပျောက်လုမတတ် ဖြစ်ခဲ့ရသည်။

**ရှေးဦးမူလ မီးကျောက်များ၊ ပညာရှိတာအိုအဆောင်…**

အမြစ်မဲ့သံမဏိပင် အန္တရာယ်နှင့် ရောက်လာခြင်း ဖြစ်၏။ အကယ်၍ သူသာ ဂရုမစိုက်မိလျှင် အသက်ပျောက်သွားနိုင်သည်။

ကျင့်ကြံသူတစ်ယောက်အနေနှင့် ရတနာများ၊ အသိအမြင်များ၊ ကံကောင်းမှုများ ရရှိဖို့ရာ ဤသို့ အတွေ့အကြုံများ ဖြတ်ကျော်ခဲ့ရသည်။ ထိုရှုထောင့်အရ ချီပင်းသည်လည်း သူနှင့်အတူတူ ဖြစ်၏။

……………

မိုဝူကျိုက သူ့အင်မော်တယ်ဂူဆီ ပြန်လာပြီးနောက် အမြစ်မဲ့ သံမဏိနှင့် ဖျင်ရွှေကို ချက်ချင်း ထုတ်ယူလိုက်သည်။ သူက သူ့အတွက်သူ မှော်ရတနာတစ်ခု ဖန်တီးလိုပေသည်။

မိုဝူကျိုက အတားအဆီး ချထားသော်လည်း အမြစ်မဲ့သံမဏိ အငွေ့အသက်ကို ချီပင်းက အာရုံခံလိုက်မိသေး၏။

ချီပင်းက ခေါင်းညိတ်လိုက်သည်။ သူမ မောင်လေးအသစ်က ရိုးရိုးတမ်းတမ်း အဆင့် ၅ နတ်ဆေးလုံးဘုရင် မဟုတ်ပေ။ မိုဝူကျို၏ ကျင့်ကြံဆင့်ဖြင့် သူက ရိုးရိုးတမ်းတမ်း အဆင့် ၅ နတ်ဆေးလုံးဘုရင်ဆိုလျှင် လွတ်လွတ်လပ်လပ် ခြေဦးတည့်ရာ သွားနိုင်မည် မဟုတ်ပေ။

တစ်ချိန်တည်းဆိုသလို မိုဝူကျိုက အဆင့် ၅ နတ်ဆေးလုံးဘုရင် ဖြစ်နေလျှင်ပင် သူ့အနေနှင့် ဤသို့ ထိပ်တန်းရတနာ ရှာတွေ့ဖို့ရာ လွယ်ကူမည် မဟုတ်ပေ။

အချိန်တိုလေးအတွင်း ချီပင်းက မိုဝူကျိုကို ဆက်ဂရုမစိုက်နိုင်တော့ဘဲ သူမ အသိအမြင်များ၌ နှစ်မြှုပ်သွားလေ၏။

မူလက မိုဝူကျိုသည် ထာဝရကမ္ဘာအတွင်း မှော်ရတနာ ထုဆစ်ရန် ရည်ရွယ်ထားသော်လည်း ချီပင်းက ဤလျို့ဝှက်လျှိုသို့ ခေါ်ဆောင်လာသည့်အတွက် ဤနေရာ၌ မှော်ရတနာ ထုဆစ်ရန် ရွေးချယ်လိုက်တော့သည်။

အမြစ်မဲ့သံမဏိ၏ အလေးချိန်က ကိန်းသေ မဟုတ်ပေ။ ထိုအချိန်၌ ဌက်မွေးလေးလို ပေါ့ပါးနေသည်။ အခြား၌ ဂြိုလ်တစ်လုံးလောက် လေးလံနေတတ်သည်။

မိုဝူကျိုက ပညာရှင်နှလုံးသားကို ထုတ်ယူလိုက်သည်။ ပညာရှင်နှလုံးသား၏ မီးတောက်အပြာလေးက တောက်ပလာပြီး အမြစ်မဲ့သံမဏိကို ဆွဲယူသွားသည်။ မီးတောက်အတွင်း ရွှေရောင်လိုင်း သုံးကြောင်းမှာ အင်မတန် ထင်ရှားနေလေ၏။

မိုဝူကျိုက မီးတောက်ထဲ လက်ဟန်တစ်ခုပြီး တစ်ခု လုပ်ဆောင်လိုက်သည်။ ပညာရှင်နှလုံးသား မီးတောက်အောက်တွင် အမြစ်မဲ့သံမဏိကား စတင်၍ အရည်ပျော်လာသည်။

အမြစ်မဲ့သံမဏိသည် အညစ်အကြေးများစွာ မပါသည့်အတွက် မိုဝူကျိုက ဆေးပင်များ လုပ်သကဲ့သို့ လက်ဟန်များ အသုံးပြု၍ အညစ်အကြေးများကို ဖယ်ရှားလိုက်သည်။

တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးသွားလေသည်။ အမြစ်မဲ့သံမဏိသည် စတင်၍ ပုံသဏ္ဌာန် ပေါ်လာလေသည်။

ဖျင်ရွှေကို ထည့်လိုက်သည့်အချိန် မိုဝူကျိုက ပစ္စည်း ဖြစ်တည်စထဲ၌ မြောက်များစွာသော သင်္ကေတများကို

ပို့လွှတ်လိုက်သည်။ သူ့ကို အံ့အားသင့်သွားစေသည်က သူက သင်္ကေတများမည်မျှ ပို့လွှတ်နေစေကာမူ အခြေတည်စပစ္စည်းလေးပေါ် ရောက်သွားသည့်အခါ အဆင့် ၁ နတ်အတားအဆီးအဖြစ် ပြောင်းလဲသွားလေသည်။

## အခန်း (၉၈၁) : နတ်ဘုရားဘုရင်အဆင့်၊ တာအိုမြို့ထဲ ဝင်ရောက်ခြင်း

အမြစ်မဲ့သံမဏိဖြင့် မည်သူမဆို မှော်ရတနာ ဖန်တီးနိုင်သည်မှာ အံ့သြစရာ မဟုတ်တော့ပေ။ နောက်ဆုံးတွင် မိုဝူကျိုက ထိုအဓိပ္ပါယ်အား ကောင်းကောင်း သဘောပေါက်သွားလေ၏။ နတ်ဘုရားလောကမှ ကျင့်ကြံသူတစ်ယောက်အနေနှင့် အဆိုးဆုံးလူပင် အဆင့်နိမ့်ဆုံး အတားအဆီးကို ထည့်သွင်းနိုင်မည် မဟုတ်ပါလော။ လူတစ်ယောက်က အဆင့် ၁ နတ် အတားအဆီးကို မလုပ်နိုင်လျှင်ပင် အမြစ်မဲ့သံမဏိက သူ့အလိုလို အဆင့် ၁ အတားအဆီး ဖြစ်ပေါ်လာမည်သာ ဖြစ်၏။

မိုဝူကျိုက ကြည့်လိုက်သည့်အခါ အမြစ်မဲ့သံမဏိပေါ်ရှိ ထိုသင်္ကေတများသည် မော်ရတနာနှင့်အတူတကွ အဆင့်ဆင့် ပြောင်းလဲသွားဟန် ပေါ်၏။

မိုဝူကျိုက ထိုအတွေးဖြင့် အတားအဆီး ၁၀၈ ခု ထည့်သွင်းရန် ဆုံးဖြတ်လိုက်သည်။ ထျန်းကန်နှင့် တိရှား အရေအတွက်မှာလည်း ၁၀၈ ခု ဖြစ်၏။

**(မှတ်ချက် - ထျန်းကန်နှင့် တိရှားတို့သည် ကြယ်တာရာများကို နတ်အဖြစ် တင်စားသုံးနှုန်းထားခြင်း ဖြစ်၏။ ထျန်းကန် ၃၆ ပါးနှင့် တိရှား ၇၂ ပါးတို့ ရှိကြသည်။ ထျန်းကန်နှင့် တိရှားတို့၏ နောက်ကြောင်းကို တရုတ်ဂန္ထဝင် စာအုပ်ထဲ၌ တွေ့နိုင်သည်။)**

ရှန်းထျန်း ရတနာတို့တွင်လည်း အတားအဆီး ၁၀၈ ခု ရှိကြသည်။ မိုဝူကျိုက ဤအမြစ်မဲ့သံမဏိကား သူ့နောက်ဆုံး မော်ရတနာ ဖြစ်လာစေရန် ရည်ရွယ်ထားသောကြောင့် သူ့အလိုလို အဆင့်တက်လာလိမ့်မည်ဟုလည်း မျှော်လင့်ထားသည်။

မိုဝူကျို မျှော်လင့်မထားသည်က အတားအဆီး ငါးခုထက် ပို၍ ထည့်သွင်း၍ မရပေ။

ထို့အပြင် အမြစ်မဲ့သံမဏိသည် သူ တွေးသည့် ပုံသဏ္ဌာန်အတိုင်း အလျှင်အမြန် ပြောင်းလဲလာနေသည်။

အချိန်တိုလေးအတွင်း အမြစ်မဲ့သံမဏိအတွင်း ထည့်သွင်းထားသော သင်္ကေတများမှာ ပျောက်ကွယ်သွားလေ၏။ မိုဝူကျိုက ပုဆိန်လုံ့ရှည်ထဲ အသက်သွေးကို မြန်မြန် ချလိုက်ရသည်။ ဤပုဆိန်လုံ့ရှည်မှာ သူ့အပိုင် ဖြစ်ပြီး တခြားမည်သူကိုမှ ပေးမည် မဟုတ်ပေ။ သူက အသက်သွေး ထည့်လိုက်ရသည့် အကြောင်းအရင်းမှာ ပုဆိန်လုံ့ရှည်က သူ့စိတ်ဆန္ဒအတိုင်း အလွယ်တကူ လိုက်လျောညီထွေ ဖြစ်စေရန် ဖြစ်သည်။

နာရီများစွာ ကျော်လွန်သွားလေ၏။ ခြောက်မီတာ ရှည်လျားသော ပုဆိန်လုံ့ရှည် တစ်လက်က သူ့ရှေ့မှောက် ရှိနေသည်။ ပုဆိန်လုံ့ရှည်မှာ မီးခိုးရောင် ဖြစ်ပြီး အမြစ်မဲ့သံမဏိ၏ အငွေ့အသက်များ မရှိနေတော့ချေ။

မိုဝူကျိုက လက်ဖဝါးဖြန့်လိုက်သည့်အခါ ပုဆိန်လုံ့ရှည်က သူ့လက်အတွင်း ကျဆင်းလာ၏။ လိုက်လျောညီထွေ ဖြစ်သည့် ခံစားချက်တစ်ခု ပေါ်ပေါက်လာပြီး ဤပုဆိန်လုံ့ရှည်မှာ သူ့လက်အတွင်း တည်ရှိရန် ဖြစ်ပေါ်လာသည့်အလား ဖြစ်၏။

ပုဆိန်လုံ့ရှည်၏ ဓားသွားမှာ လခြမ်းကွေးသဏ္ဍာန် ဖြစ်၏။ မိုဝူကျိုက ပုဆိန်လုံ့ရှည်အား အသာဝှေ့ယမ်းလိုက်သည်။

ပုံမှန်ဝေ့ယမ်းမှုတစ်ခုဖြင့် တည်နေရာတစ်ခုလုံး ဖရိုဖရဲဖြစ်သွားသည့်အလား ဖြစ်ပေါ်လာသည်။ ထိုစဉ် သူ့စိတ်ထဲ၌ ရှင်းလင်းပြတ်သားသော အသိအမြင်တစ်ခု ပေါ်ပေါက်လာသည်။ ခပ်ပေါ့ပေါ့ ခံစားချက်တစ်ခုမျှ ဖြစ်သော်လည်း မိုဝူကျိုက သူ့ပုဆိန်လှံရှည်ဖြင့် စိတ်စွမ်းအားနှင့် စိတ်ခတ်ကြခွဲခိုင်မှုအားလုံးကို ပိုင်းဖြတ်သွားသည့်အလား ခံစားမိလိုက်သည်။ ခဏအကြာတွင် ထိုခံစားချက်မှာ ပျောက်ကွယ်သွားလေ၏။

မိုဝူကျိုက အတော်လေး စိတ်လှုပ်ရှားမိသွားသည်။

**အတော်လေး အားကောင်းတဲ့ လျို့ဝှက်တိုက်ကွက်ပဲ ....**

ဖျင်ရွှေကို ထည့်လိုက်ခြင်းက လျို့ဝှက်တိုက်ကွက်တစ်ခု အလိုလို မွေးဖွားပေးနိုင်ပေသည်။ သို့သော်လည်း သူက ဖျင်ရွှေသည် သူ့အား ဤမျှ အံ့အားသင့်စရာ ပေးနိုင်လိမ့်မည်ဟု မထင်မိပေ။ ဤလျို့ဝှက်တိုက်ကွက်သည် ပြင်းထန်သော ဝိညာဉ်စွမ်းအား တိုက်ကွက် ဖြစ်နေ၏။ နေရာတစ်ဝှက်ရှိ စိတ်စွမ်းအား အားလုံးကို ပိုင်းဖြတ်ပစ်နိုင်သည်။

ဤသည်က တိုက်ပွဲအတွင်း သတ်ဖြတ်တိုက်ကွက် ဖြစ်လာနိုင်သည်။ သူသာ ဤတိုက်ကွက်ကို ထုတ်သုံးသရွေ့

တစ်ဖက်လူ၏ လျို့ဝှက်တိုက်ကွက် ထိန်းချုပ်မှုအား ပယ်ဖျက်နိုင်လိမ့်မည်။

ခဏတာမျှသာ ဖြစ်သော်လည်း မိုဝူကျိအတွက် ကိစ္စအများအပြား လုပ်ဆောင်ရန် လုံလောက်ပေသည်။

ဤပုဆိန်လှံရှည်ကို လခြမ်းကွေး ပုဆိန်လှံရှည်ဟုသာ ခေါ်ဆိုမည်။ မိုဝူကျိက လခြမ်းကွေး ပုဆိန်လှံရှည်ကို သိမ်းဆည်းထားလိုက်တော့သည်။

သူ့အနေနှင့် အချိန်များစွာ ပေး၍ ဖန်တီးခဲ့ခဲ့ရသော ပထမဆုံး မှော်ရတနာ ဖြစ်သော်လည်း ဤပုဆိန်လှံရှည်က သူ့အား စိတ်မပျက်စေပေ။ နှင်းစက်ကျ မြို့၌ သူ စွန့်စားခဲ့ရသမျှ အကျိုးပြန်ရလာလေပြီ။ သူ့လခြမ်းကွေး ပုဆိန်လှံရှည်သည် အဆင့်နိမ့် လက်နက် ဖြစ်သော်လည်း မိုဝူကျိက စိတ်ထဲ မထားပေ။ ဤလက်နက်က အဆင့်တက်လာနိုင်သည် မဟုတ်ပါလော။

“ ဝုန်း ဝုန်း ” ပြင်းထန်သော တုန်ခါသံများကို ကြားလိုက်ရသည်။ ထို့နောက် ချီပင်းက စိတ်ဖြင့်ဆက်သွယ်ကာ “ဝူကျိ … ငါတော့ နတ်ဘုရားဘုရင်အဆင့် တက်လှမ်းတော့မယ်။ ငါ့နောက်ကို လိုက်ခဲ့ ”

“ ဟုတ်ပြီ ” မိုဝူကျိုက ချက်ချင်း တုံ့ပြန်လိုက်သည်။ သူက လခြမ်းကွေး ပုဆိန်လှံ့ရှည်ကို ဖန်တီးပြီးခါစ ဖြစ်ရာ ကောင်းကင်နတ်ဘုရား နောက်ပိုင်းအဆင့် ကျင့်ကြံသူနှင့်ပင် ယှဉ်နိုင်လိမ့်မည်ဟု ယုံကြည်ချက် ရှိနေသည်။

..................

အမွေးတိုင်တစ်တိုင်စာ ကြာမြင့်ပြီးနောက် ချီပင်းနှင့် မိုဝူကျိုတို့က လျို့ဝှက်တောင်ကြားနှင့် အတော်လေး ဝေးကွာသည့်နေရာသို့ ရောက်ရှိနေလေပြီ။

သူတို့က နေရာကျယ်ဝန်းသည့် လေဟာပြင်တစ်ခုသို့ ရောက်ရှိလာသည်။ ချီပင်းက မိုဝူကျိုအား လက်ဟန်ပြလိုက်ပြီးနောက် နတ်ဘုရားဘုရင်အဆင့် တက်လှမ်းရန် ပြင်ဆင်ရင်း ခြေချိတ်ထိုင်ချလိုက်သည်။

မိုဝူကျိုက နေရာပတ်လည်တွင် ကာကွယ်ရေး အစီအရင်၊ ခုခံရေး အစီအရင်နှင့် ဝိညာဉ်စွမ်းအား စုစည်းရေး အစီအရင် အစရှိသဖြင့် ခင်းကျင်းလိုက်သည်။ သူ့တွင် ရှိသော နတ်ဘုရားကျောက်အားလုံးကို ဝိညာဉ်စွမ်းအား စုစည်းရေး အစီအရင်ထဲ ထည့်လိုက်သည်။

အစီအရင်တာအိုအရ ချီပင်းပင် မိုဝူကျိုနှင့် နှိုင်းယှဉ်နိုင်မည် မဟုတ်ချေ။

ထိုစဉ် ချီပင်း ခေါင်းအထက်၌ ဝိညာဉ်စွမ်းအား ဝဲကတော့ ရှိနေလေပြီ။ သူမ ဘေးပတ်လည်တွင် လှိုင်းပြင်းပြင်း စတင် ဖြစ်ပေါ်လာပြီး မိုးမြေစည်းမျည်းများက အသက်ဝင်လာသည့်အလား ချီပင်း၏ တာအိုစည်းမျည်းနှင့် ပေါင်းစပ်သွားလေသည်။

ဘေးပတ်ဝန်းကျင်ရှိ သားရဲများကလည်း ထိုစည်းမျည်းများ အသက်ဝင်လာမှုကြောင့် မြန်မြန် ထွက်ပြေးကုန်ကြသည်။

နေ့တစ်ဝက်ကြာပြီးနောက် တည်နေရာစည်းမျည်းများက ဖြည်းဖြည်းချင်း ရှင်းလင်းပြတ်သားလာသည်။ ချီပင်း ခေါင်းအထက်၌ တာအိုအင်အားတစ်ခု စတင် ဖွဲ့စည်းလာသည်။

နတ်ဝိညာဉ်စွမ်းအားများက ချီပင်းဆီ အပြေးအလွှား ဝင်ရောက်သွားကြသည်။ သူမ ခေါင်းအထက်ရှိ စွမ်းအားဝဲကတော့ကလည်း ပို၍ ကြီးမားလာသည်။ မိုဝူကျိုက မြန်မြန် ထိုင်ကာ အင်မော်တယ် မော်တယ် ကျင့်စဉ်ကို စတင်လှည့်ပတ်လိုက်သည်။

ဤအခွင့်အရေးမှာ အလွန်ရှားပါးလှ၏။ အကယ်၍ သူသာ ဆုပ်ယူနိုင်လျှင် တစ်နှစ်ခွဲလောက် ကျင့်ကြံခြင်းကို သက်သာစေမည် ဖြစ်၏။

နောက်ထပ် နှစ်ရက်တာ ကုန်ဆုံးသွားလေ၏။ ထို့နောက် ချီပင်းက နတ်ကျောက်စိမ်းဆေးလုံးကို မျိုချလိုက်တော့သည်။

“ ဝုန်း ” ပြင်းထန်သော မိုးကြိုးချက်များက စတင် ဆင်းသက်လာသည်။ တစ်ချိန်တည်းဆိုသလို မိုဝူကျို၏ ကျင့်ကြံဆင့်မှာလည်း ကနဦး နတ်ဘုရား အဆင့် ၅ မှ အဆင့် ၆ သို့ ရောက်ရှိသွားသည်။

မိုဝူကျိုက လေအေးများ မှုတ်ထုတ်ကာ ကျင့်ကြံရေးကို ရပ်တန့်လိုက်သည်။ သူက ချီပင်း၏ မိုးကြိုးစမ်းသပ်ချက်မှ စွမ်းအားကို ယူသုံးကာ ကနဦး နတ်ဘုရား အဆင့် ၆ သို့ တက်လှမ်းနိုင်ခဲ့၍ ကျေနပ်နေမိသည်။

ယခု ချီပင်းက သူမ မိုးကြိုးစမ်းသပ်ချက် ခံယူတော့မည် ဖြစ်၍ သူ့အနေနှင့် သူမ၏ ကာကွယ်သူ ဖြစ်ပေးရမည်။

“ ဘမ်း ဘမ်း ” မိုးကြိုးချက်များက ဆက်တိုက် ကျဆင်းလာသည်။ ချီပင်းက ဓားရှည်တစ်ချောင်းဖြင့် ကာဆီးထားပြီး မိုးကြိုးချက်များအား ပိုင်းဖြတ်ချလိုက်သည်။

ချီပင်းကြောင့် မိုးကြိုးချက်များက လွင့်ပြယ်သွားသည့်အခါ မိုဝူကျိက ချီပင်း၏ အရှိန်အဝါမှာ အားကောင်းလာကြောင်း ခံစားမိလိုက်၏။

မိုးကြိုးချက် လေးသုတ် ဆက်တိုက် ခံယူပြီးနောက် မိုဝူကျိက ချီပင်းသည် ဒဏ်ရာအသေးအမွှားလေးသာ ရရှိထားကြောင်း သိလိုက်သည်။ ချီပင်းက တဖြည်းဖြည်း အားကောင်းလာနေသော်လည်း ထိုအရာမှာ ချီပင်း၏ ကိုယ်ပိုင် အင်အားကြောင့်မှန်း မိုဝူကျိက သိလိုက်သည်။ ယခင်က ကောင်းကင်လူသားဂိုဏ်း၏ ဖန်းကျဲလည်း နတ်ဘုရားဘုရင်အဆင့် မိုးကြိုးစမ်းသပ်ချက်အား ခံယူခဲ့သည်။ သို့သော်လည်း တည်ထောင်သူ ဖန်းကျဲသည် ချီပင်းနှင့် နှိုင်းယှဉ်၍ မရကြောင်း ခံစားမိလိုက်၏။

ချီပင်း၏ အင်အားမှာ မြောက်များစွာသော တိုက်ပွဲအတွေ့အကြုံများမှ ရရှိလာခြင်းသာ ဖြစ်ရမည်။

သိပ်သည်းလှသော မိုးကြိုးချက်များ ဆက်တိုက် ကျဆင်းလာသောကြောင့် ချီပင်း၏ ဒဏ်ရာများက ပို၍ ပြင်းထန်လာသည်။ လေထဲရှိ နတ်ဝိညာဉ်စွမ်းအားများက ရပ်တန့်သွားဟန် ပေါ်၏။ မိုဝူကျိက စိတ်ခတ်ကျမိသွားသည်။

ဤအရာမှာ ပြင်ဆင်မှု မလုံလောက်သောကြောင့် ဖြစ်မှန်း သိလိုက်သည်။ ဤအခြေအနေမှာ သူတို့တွင် နတ်ဘုရားကျောက် လုံလုံလောက်လောက် မရှိသောကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်၏။ အကယ်၍ နတ်ဘုရားကျောက် လုံလုံလောက်လောက် ရှိနေလျှင် ချီပင်း၏ အင်အားက ပို၍ မြန်မြန်ဆန်ဆန် တိုးတက်လာလိမ့်မည်။

အားကောင်းသော အရှိန်အဝါတချို့ သူတို့နား ချဉ်းကပ်လာသည်။ မိုဝူကျိက အန္တရာယ်ကို ခံစားမိလိုက်သောကြောင့် စိတ်ထဲ တင်းကျပ်မိသွားသည်။ တချို့သော အဆင့်မြင့် ကျင့်ကြံသူများက ချီပင်း၏ မိုးကြိုးစမ်းသပ်ချက်ကို သတိထားမိပြီး တစ်ချက်လာကြည့်မှန်း သိလိုက်သည်။

ချီပင်းလည်း အန္တရာယ်ကို ခံစားမိဟန် ပေါ်သည်။ သူမက အားရပါးရ ဟစ်ကြွေးလိုက်သည့်အခါ သူတို့ ဘေးပတ်လည်ရှိ စည်းမျဉ်းများက စတင်၍ ကြေကွဲလာသည်။ မိုဝူကျိက ချီပင်း ခန္ဓာကိုယ်မှ စွမ်းအားများကို ခံစားမိလိုက်၏။ ချီပင်းဆီမှ ကောင်းကင်ကွဲလုမတတ် ဖိအားများလည်း ထွက်ပေါ်လာသောကြောင့် မိုဝူကျိအနေနှင့် နောက်ဆုတ်ရုံသာ တတ်နိုင်တော့သည်။

မိုဝူကျိက စိတ်ထဲ၌ ပျော်ရွှင်မိနေသည်။ ချီပင်းက နတ်ဘုရားဘုရင်အဆင့် မိုးကြိုးစမ်းသပ်ချက်ကို အောင်မြင်သွားကာ နတ်ဘုရားဘုရင်အဆင့် ရောက်ရှိသွားကြောင်း သိလိုက်သည်။

မျှော်လင့်ထားသည့်အတိုင်း မိုဝူကျိက သူ့စိတ်စွမ်းအား ဖြန့်ကျက်လိုက်သည့်အခါ ထိုအရှိန်အဝါများမှာ အစအနမရှိ ပျောက်ကွယ်သွားကြောင်း သိလိုက်ရသည်။

ယခု ချီပင်းက နတ်ဘုရားဘုရင်အဆင့် တက်လှမ်းသွားပြီ ဖြစ်၍ မိုဝူကျိက နောက်ဆုံးတွင် စိတ်သက်သာရာ သက်ပြင်းချလိုက်တော့သည်။

ချီပင်း တစ်ယောက် ကာကွယ်ရေး အစီအရင်မှ ထွက်မလာခင် တစ်ရက်တာ ကုန်ဆုံးသွားလေ၏။ ထို့နောက် သူမက မိုဝူကျိအား ပြောလိုက်သည် “ ဝူကျိ … ငါ နတ်ဘုရားဘုရင်အဆင့် ရောက်သွားပြီ။ ဒီနေ့ကစပြီး ဘယ်သူကမှ ငါတို့ကို အနှောင့်အယှက်ပေးရဲမှာ မဟုတ်တော့ဘူး ”

“ အစ်မပင်းကို ဂုဏ်ပြုပါတယ် ” မိုဝူကျိက အတော်လေး စိတ်ပျော်ရွှင်နေမိသည်။ သူ့ဘေးတွင် နတ်ဘုရားဘုရင်

တစ်ယောက် ရှိခြင်းက တစ်ယောက်တည်း သွားလာခြင်းထက် ပို၍ အန္တရာယ်ကင်းပေသည်။

" သွားကြရအောင် ... ငါတို့တွေ အရင်ဆုံး ပြန်ကြတာပေါ့။ ငါလည်း ကျင့်ကြံဆင့် အခြေတည်ဖို့ အချိန်နည်းနည်းလောက် လိုသေးတယ် " ချီပင်းလည်း အတော်အတန် စိတ်ပေါ့ပါးသွားလေသည်။ နှစ်များစွာ တိုက်ခိုက်ပြီးနောက် နောက်ဆုံးတော့ အထွတ်အထိတ်ကို ရောက်ရှိသွားခဲ့ပြီ ဖြစ်၏။

နတ်ဘုရားဘုရင် အဆင့် ၁ ထက် အားကောင်းသော လူများစွာ ရှိနေသော်လည်း အနည်းဆုံးတော့ သူမကို အကြောင်းပြချက်မရှိ ပြဿနာ ရှာမည့်သူ မရှိတော့ချေ။ နတ်ဘုရားဘုရင်တစ်ယောက်ကြောင့် သူမ ရစ်ပတ်လေတောအုပ်ထဲ နှစ်များစွာ ပုန်းအောင်းနေရသည့် အခိုက်အတန့်မျိုး ထပ်မဖြစ်နိုင်တော့ပေ။

................

နိဗ္ဗာန် အသိပညာရပ်ကျောင်းတော် စစ်ဆေးမှု စတင်ဖို့ရာ အချိန်တစ်လတာမျှသာ ကျန်ရှိတော့သည်။ ယနေ့ လူလေးယောက်နှင့် ခြေသုံးချောင်း သားရဲတစ်ကောင်တို့က နိဗ္ဗာန်တာအိုမြို့ အပြင်ဘက်သို့ ရောက်ရှိလာကြသည်။

နိဗ္ဗာန်တာအိုမြို့သို့ ဦးတည်နေကြသည့် လူများစွာ ရှိနေလေ၏။ တစ်ချိန်တည်းဆိုသလို တာအိုမြို့မှ ထွက်လာသည့် လူများစွာလည်း ရှိနေသည်။ ထို့ကြောင့် နိဗ္ဗာန်တာအိုမြို့အပြင်ဘက်၌ လူများနှင့် ပြည့်နှက်နေတော့သည်။

ထိုလူလေးယောက်မှာ မိုဝူကျို၊ ချီပင်း၊ ချီချွမ်းနှင့် တာ့ဟွမ်တို့ ဖြစ်ကြပြီး ခြေသုံးချောင်း သားရဲမှာ ရှိုက်ကောသာ ဖြစ်၏။

လများစွာ တံခါးပိတ် လေ့ကျင့်ပြီးနောက် ချီပင်း၏ ကျင့်ကြံဆင့်မှာ နတ်ဘုရားဘုရင် အဆင့် ၁ ၌ အခြေတည်သွားလေပြီ။ မိုဝူကျို၏ ကျင့်ကြံဆင့်မှာလည်း ကနဦး နတ်ဘုရား အဆင့် ၆၌ အခြေတည်သွားပြီ ဖြစ်၏။ တာ့ဟွမ်အနေနှင့် သူက ကနဦး နတ်ဘုရား အဆင့် ၇ ဖြစ်ကာ ကနဦး နတ်ဘုရား နောက်ပိုင်းအဆင့် ဖြစ်ပေသည်။

တိုးတက်လာခြင်း မရှိသည့် သူများမှာ ရှိုက်ကောနှင့် ချီချွမ်းသာ ဖြစ်၏။ ချီချွမ်း၏ ပါရမီမှာ သာမာန်ထက် နိမ့်ကျနေသောကြောင့် နတ်ဆေးလုံးများနှင့် နတ်ဝိညာဉ်စွမ်းအားများ အလျှံအပယ်ရှိလျှင်ပင် သူ့တိုးတက်နှုန်းမှာ အလွန်နှေးကွေးလှသည်။

ချီပင်းက နတ်ဘုရားဘုရင်အဆင့် ရောက်နေစဉ် ချီချွမ်းက ကနဦး နတ်ဘုရား အဆင့် ၇ ၌ ရပ်တန့်နေသည့် အကြောင်းအရင်းလည်း ဖြစ်၏။

မိုဝူကျိုက ခေါင်းထဲ၌ အစီအစဉ် ချထားပြီးလေပြီ။ အကယ်၍ သူသာ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲ ဝင်ရောက်နိုင်လျှင် ချီချွမ်းအား သူ့ကျင့်စဉ် ပြောင်းလဲကျင့်ကြံရန် ဆန္ဒရှိလားဟု မေးမြန်းပြီး လူသားတာအိုကို ကျင့်ကြံခိုင်းမည် ဖြစ်၏။

“ မြို့က ခမ်းနားလိုက်တာ ...” အလွန်လွန့် တက်ကြွနေသည့် ရှိုက်ကောက နိဗ္ဗာန်တာအိုမြို့၏ ကြီးကျယ်ခမ်းနားမှုကို ကြည့်ကာ ရေရွတ်လိုက်သည်။

နိဗ္ဗာန်တာအိုမြို့၏ မြို့တံတိုင်းမှာ မီတာထောင်ချီ မြင့်မားပေသည်။ မြို့ဂိတ်ပေါက်ကို ဖြတ်သန်း၍ မီတာရာချီ ကျယ်ဝန်းသော ကျောက်စိမ်းလမ်းလေး ခင်းကျင်းထားသည်။ အကယ်၍ လူဦးရေ များပြားနေသည့်အတွက်ကြောင့်သာ မဟုတ်လျှင် လမ်းမှာ ပို၍ ကြီးကျယ်ခမ်းနားနေမည် ဖြစ်၏။

နိဗ္ဗာန်တာအိုမြို့မှာ မြို့တံတိုင်း ရှိသည့် မြို့ ဖြစ်၏။ ထိုတံတိုင်းကို အစီအရင်များဖြင့် စီမံထားသည့်အတွက် ရှင်းရှင်းလင်းလင်း မမြင်နိုင်ချေ။ နိဗ္ဗာန်တာအိုမြို့ဆီ ဦးတည်နေသည့် လူများက

လေထဲ လွင့်မျှောနေသည့် နိဗ္ဗာန်တာအိုမြို့ဟူသော စာလုံးကြီးကိုသာ မြင်ရသည်။

“ ဒါပေါ့ … နိဗ္ဗာန်တာအိုမြို့က နတ်ဘုရားကုန်းမြေထဲက တစ်ခုတည်းသော တာအိုမြို့လေ။ ပြီးတော့ အကြီးဆုံးမြို့လဲ ဟုတ်တယ်။ တကယ်လို့ နှင်းစက်ကျကုန်သည်အိမ်တော်သာ သူတို့လေလံပွဲကို ဒီနေရာမှာ လုပ်ရင် သူတို့ ဘာမှဖြစ်မှာ မဟုတ်ဘူး။ နိဗ္ဗာန်တာအိုမြို့ထဲမှာ ဘယ်သူကမှ ပြဿနာ မရှာရဲကြဘူးလေ ” ချီပင်းက ရှိုက်ကောအား ပြောပြလိုက်သည်။

သူမက ခဏတာ ရပ်တန့်လိုက်ပြီးနောက် ဆက်ပြောလိုက်သည် “ ငါတို့တွေ အခု မြို့ထဲ ဝင်သွားရင် နေစရာ မရှိလောက်တော့ဘူး ”

“ အစ်မကြီး ကျွန်တော်တို့ နောက်ကျလွန်းပြီး ရောက်လာလို့လား။ တကယ်လို့ အစ်ကိုမို စာရင်းပေးလို့ မရရင် ဘယ်လိုလုပ်မလဲ ” ချီချွမ်းက စိုးရိမ်တကြီး မေးလိုက်သည်။ သူက နေထိုင်ဖို့ရာ သိပ်ဂရုမစိုက်ချေ။ အကယ်၍ နေစရာ ရှာမတွေ့လျှင် မြို့မှ ထွက်သွားရုံသာ ဖြစ်၏။

“ အဲလိုတော့ မဖြစ်ပါဘူး။ စစ်ဆေးမှု မတိုင်ခင်မှ ရောက်လာတယ်ဆိုရင်တောင် နောက်ကျလွန်းတာ မဖြစ်နိုင်သေးဘူး ”ချီပင်းက ခေါင်းခါကာ ပြောလိုက်သည်။

“ အာ … နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးက သူတို့ တစ်ရာစာ နေရာကို ချပြီးသွားပြီပဲ ” မိုဝူကျိက မြို့တံတိုင်းပေါ်မှ ပိတ်ကားချပ် အစီအရင်ကို မြင်ကာ ရေရွတ်လိုက်သည်။

ချီပင်းက ပိတ်ကားချပ်ကို ကြည့်ကာ ခပ်ယဲ့ယဲ့ ပြုံးလိုက်ရင်း “ အဲဒါက ပြဿနာ မဟုတ်ပါဘူး။ တကယ်လို့ နေရာမရှိတော့ဘူးဆိုရင်တောင် ဝူကျိက စစ်ဆေးမှု ဝင်ဖြေလို့ ရပါသေးတယ် ”

မိုဝူကျိက အဆင့် ၅ နတ်ဆေးလုံးဘုရင် ဖြစ်ပြီး ပိတ်ကားချပ်ပေါ်၌ ကနဦးနတ်ဘုရားအဆင့်တွင် ရှိနေသော အဆင့် ၅ နတ်ဆေးလုံးဘုရင်များက စစ်ဆေးမှုတွင် ပါဝင်ခွင့် ရှိကြောင်း ရေးသားထား၏။

“ ခင်ဗျားတို့တွေက နယ်လှည့်ကျင့်ကြံသူတွေမလား။ ဒီနေရာတွေက တကယ်တော့ ရသေးတယ်လေ။ ဒါပေမဲ့ မင်းတို့တွေ အတွေးမလွန်ဖို့ ပြောရဦးမယ်။ အခုလက်ရှိ နယ်လှည့်ကျင့်ကြံသူ ပြိုင်ပွဲထဲက တစ်ရာစာ လူတွေက ကောင်းကင်နတ်ဘုရား အစောပိုင်းအဆင့်ကိုတောင် တိုက်နိုင်တယ် ” ကနဦး နတ်ဘုရားအဆင့်

နယ်လှည့်ကျင့်ကြံသူတစ်ဦးက ချီပင်း၏ စကားများကို ကြားလိုက်သည့်အခါ ရယ်မောလိုက်သည်။

“ ခင်ဗျားက ဘာသိလို့လဲ။ ကျုပ်သခင်ကြီးက ဆေးလုံးတာအိုမှာ ပညာရှင်ပဲ … နေရာတစ်နေရာက ဘာလုပ်ရမှာလဲ ” ရှို့ကျက်ကောက မကျေမနပ် ပြောလိုက်သည်။

ယခု မိုဝူကျိုက သူ့အား ထာဝရကမ္ဘာထဲ ထည့်မထားတော့သည့်အတွက် သူက မောက်မောက်မာမာ ပြုမူနေပြန်သည်။

ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူက ထိုစကားများ ကြားသောအခါ ထူးထူးဆန်းဆန်း အပြုံးတစ်ခု ဖြစ်တည်လာပြီး “ ဆေးလုံးတာအို ပညာရှင်တဲ့လား … ခင်ဗျားတို့ ဝင်သွားရင် သိပါလိမ့်မယ် ”

ထိုသို့ပြောပြီးနောက် မိုဝူကျို စကားကိုပင် မစောင့်တော့ဘဲ လှည့်ထွက်ကာ လူအုပ်ကြားထဲ ဝင်သွားတော့သည်။

**အခန်း (၉၈၂) : လူစည်ကားလှသည့် နိဗ္ဗာန်တာအိုမြို့**

ချီပင်းက ရယ်မောကာ ပြောလိုက်၏ “ သူ ဘယ်လိုပြောပြော ကိစ္စမရှိဘူး။ မင်းက သူ ဆိုလိုချင်သည့် လူထဲမှာ မပါဘူးလေ ”

“ အစ်မပင်း အရင်ဆုံး နေစရာ ရှာရအောင် ” မိုဝူကျိက ပြုံးကာ ပြောလိုက်သည်။ သူက ချီပင်း စကားနောက်မှ အဓိပ္ပါယ်ကို ကောင်းကောင်း နားလည်၏။ အကယ်၍ သူ့လိုမျိုး အဆင့် ၅ နတ်ဆေးလုံးဘုရင်တစ်ယောက်က နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် စစ်ဆေးမှု၌ မပါဝင်နိုင်လျှင် ယုတ္တိမရှိလွန်းချေ။

“ လွယ်လောက်မှာတော့ မဟုတ်ဘူး။ ဒီလိုအချိန် နေစရာရှာဖို့ မပြောနဲ့ဦး။ အနားယူစရာ နေရာ ရှာတွေ့ဖို့တောင် တော်တော်လေး ခက်လိမ့်မယ် ” ချီပင်းက ခေါင်းခါကာ ပြောလိုက်သည်။

မိုဝူကျိက အသာရယ်မောလိုက်သော်လည်း ဘာမှပြန်မပြောချေ။ အကယ်၍ သူ့ဘေးတွင် ချီပင်းကဲ့သို့ ပါရမီရှင် မရှိလျှင် နေစရာ ရှာတွေ့ဖို့ အမှန်ပင် ခက်ခဲလောက်၏။ ဤသည် သူ့ဆေးလုံးကို ထုတ်၍ အလဲအလှယ်မလုပ်ရဲ၍သာ ဖြစ်၏။ ထို့ကြောင့် သူ့အတွက် နေစရာရှာဖို့ လွယ်ကူလိမ့်မည်ဟု အမှန်တကယ် ယုံကြည်ထား၏။

နိဗ္ဗာန်တာအိုမြို့မှာ ပွင့်လင်းမြင်သာ မြို့ ဖြစ်ပြီး မည်သူမဆို အအတားအဆီးမရှိ ဝင်နိုင်၊ ထွက်နိုင်လေသည်။ ဤသည်မှာ မည်သူကမှ မြို့ထဲ ပြဿနာ မရှာရဲ၍ ဖြစ်သည်။

မြို့ထဲ ဝင်လိုက်သည့်အခါ နတ်ရုပ်တု ငါးခု၏ ဆီးကြိုခြင်းကို ခံလိုက်ရသည်။ ထိုနတ်ရုပ်တုများမှာ အသက်ရှိနေသည့်အလား ထင်ရပေသည်။ သူတို့က မြို့ဂိတ်ပေါက်နား ရှိနေကာ နိဗ္ဗာန်တာအိုမြို့ တစ်ခုလုံးက ထိုရုပ်တု ငါးခု၏ ကာကွယ်မှုအောက် ကျရောက်နေသလို ဖြစ်နေသည်။

မိုဝူကျိုက ကျင့်ကြံသူများစွာသည် ထိုရုပ်တုများရှေ့မှ ဖြတ်သွားသည့်အခါ ဦးညွှတ်သွားကြကြောင်း မြင်တွေ့လိုက်ရ၏။ ချီပင်းပင် မိုဝူကျိုနှင့် အတူမလျှောက်ခင် အနည်းငယ် ဦးညွှတ်လိုက်သေးသည်။

ရှိုက်ကောနှင့် တာ့ဟွမ်က မိုဝူကျိုနောက်မှ လိုက်လာသည်။ မိုဝူကျိုက ထိုရုပ်တုများကို မဦးညွှတ်သောကြောင့် သူတို့လည်း ဘာမှမလုပ်ကြပေ။ သို့သော်လည်း မိုဝူကျို၏ အပြုအမူမှာ အာရုံစိုက်စရာ မဖြစ်သွားချေ။ ထိုရုပ်တုငါးခုကို မဦးညွှတ်သူမှာ သူ တစ်ယောက်တည်း မဟုတ်ပေ။

သူတို့က မြို့ထဲ လျှောက်လာရင်း သူတို့ စိတ်စွမ်းအားကို ကန့်သတ်ထားသောကြောင့် သူတို့အမြင်သာ အတားအဆီးမရှိ ကျန်ရှိနေသည်။ မိုဝူကျိုကဲ့သို့ စိတ်ဝိညာဉ်မျက်လုံး ရှိသူ တချို့လည်း ရှိပေသည်။

မိုဝူကျိုနှင့် ချီပင်းတို့ မျှော်လင့်ထားသည့်အတိုင်း ဖြစ်၏။ သူတို့ ဖြတ်ကျော်လာသည့် ဆိုင်တန်းများက လူများနှင့် ပြည့်နှက်နေသည်။ ဆေးလုံးနှင့် ပစ္စည်းရောင်းချနေသည့် ဆိုင်များကား အထူးသဖြင့် လူစည်ကားလျက် ရှိသည်။ မိုဝူကျို အမြင်၌ ဤသည်မှာ မည်သို့ တာအိုမြို့ ဖြစ်နိုင်မည်နည်း။ ဤသည်မှာ ဈေးပွဲတော်ကြီး တစ်ခုသာ ဖြစ်နေသည်။

သူတို့အုပ်စုက ရင်ပြင်နှစ်ခုကို မမြင်ခင်အထိ လျှောက်လှမ်းလာကြသည်။ လက်ဝဲဘက်ရှိ ရင်ပြင်တွင် နေရာရွေးချယ်ဖို့ တိုက်ပွဲစင်မြင့်များစွာ ရှိနေသည်။ တချို့သော အာကာပြင်လှိုင်းများက ထိုစင်မြင့်များမှ ထွက်ပေါ်လာလေ့ ရှိသည်။ ထိုအရာက အလွန်သေးငယ်သော်လည်း မိုဝူကျိုတို့က ခံစားမိနေဆဲ ဖြစ်သည်။

“ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော် စစ်ဆေးမှု နယ်လှည့်ကျင့်ကြံသူ နေရာလုပြိုင်ပွဲ ” ထိုစာလုံးတချို့ကို ရင်ပြင်အပြင်ဘက်၌ ရေးထွင်းထား၏။

“ တကယ်လို့ မင်းသာ အဆင့် ၅ ဆေးလုံးဘုရင် မဖြစ်ရင် ဒီပြိုင်ပွဲတွေကတော နေရာ ရဖို့ အတော်လေး ခက်လိမ့်မယ် ” ချီပင်းက လူရှုပ်ထွေးလှသည့် ရင်ပြင်အား ကြည့်ကာ သက်ပြင်းချလိုက်၏။

တာအိုကို ကျင့်ကြံခြင်းက ခက်ခဲလှသည်။ ကျင့်ကြံရေး အရင်းအမြစ် ကန့်သတ်ချက် ရှိပြီး လူများစွာက လုယက်တိုက်ခိုက်ကြသည် မဟုတ်ပါလော။ အခွင့်အရေးများက ထူးချွန်သူများထံသာ ရောက်ရှိလာတတ်ကြသည်။

“ တကယ်ကို လူများတာပဲ ”ချီချွမ်းက သက်ပြင်းမချဘဲ မနေနိုင်တော့ချေ။

နိဗ္ဗာန်တာအိုမြို့၏ ရင်ပြင်နှစ်ခုမှာ ရောမကြီး ဖြစ်ပြီး လူသန်းချီ ရှိနေလျှင်ပင် နေရာကျယ်ကျယ် ရှိနေဦးမည် ဖြစ်၏။ သို့သော် ယခုတွင် လက်ဝဲဘက်ရှိ ရင်ပြင်မှာ လူများနှင့် ပွတ်သိပ်နေပြီး စောစောရောက်လာသူတချို့က သူတို့ ကိုယ်ပိုင် ခြံဝန်းပင် ထုတ်ထားကြသေး၏။ တစ်ဖက်တွင် လက်ယာဘက်ရှိ

ရင်ပြင်တွင်လည်း လူများစွာ ရှိနေသော်လည်း လက်ဝဲဘက်လောက် လူမရှုပ်ချေ။

“ နိဗ္ဗာန်တာအိုမြို့က ဝင်ခွင့် မတင်းကျပ်ဘူးလေ။ ဒီလူတွေက နေစရာ ရှာမတွေ့တော့ ဒီရင်ပြင်ပေါ်မှာပဲ အိပ်နေကြတာ ” ချီပင်းက ရှင်းပြလိုက်သည်။

“ ဒီရင်ပြင်နှစ်ခုကို ဘာလို့ တစ်ခုတည်း မပေါင်းပစ်တာလဲ။ ပြီးတော့ ညာဘက်မှာကျ သူတို့ ခြံဝန်းတွေ ဘာလို့ ထုတ်မကြတာလဲ။ အဲဘက်က နေရာပိုမကျယ်ဘူးလား ”

ချီပင်းက ပြောလိုက်သည် “ ရင်ပြင်အလယ်မှာ ရှိတဲ့ မျှော်စင်တွေကို မြင်တယ်မလား။ အဲဒီမျှော်စင်တွေက တာအိုတွေကို စစ်ဆေးဖို့ မျှော်စင်လေ။ ဘုရင်ဂုဏ်ပုဒ် ရထားတဲ့ လူတွေက အသိအမှတ်ပြုမှု ရဖို့ အဲဒီမျှော်စင်တွေထဲ သွားဖို့လိုတယ်။ ဂူကျိ ခဏနေကျ အဲဒီ မျှော်စင်ထဲ ဝင်ပြီး နတ်ဆေးလုံးဘုရင် အရည်အချင်း စစ်ဆေးမှု လုပ်ရမယ်။ အဲဒီ မျှော်စင်တွေက နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်က တည်ထောင်ထားတဲ့ တာအိုဂုဏ်ထူးဆောင် မျှော်စင်တွေလေ။ အဲဒါကြောင့် လူတွေက အဲမှာ နေလို့ ရပေမဲ့ သူတို့ ခြံဝန်းတွေတော့ ထုတ်လို့ မရဘူး ”

ချီချွမ်းက သက်ပြင်းချကာ “ တကယ်လို့ ကျွန်တော်တို့သာ စောစောလာခဲ့ရင် ကျွန်တော်တို့တွေ နေစရာတစ်နေရာတော့ ရှာတွေ့ဦးမှာ ”

မိုဝူကျိုက ချီချွမ်း ပခုံးကို ပုတ်ပေးကာ “ ထပ်ရှာနေဖို့ မလိုပါဘူးကွာ။ ငါတို့ရှေ့မှာ ရိပ်သာ ရှိတယ်လေ။ လာလာ … အထဲသွားကြည့်ကြစို့ ”

မိုဝူကျိုက ရင်ပြင်နှင့် မျက်နှာချင်းဆိုင်တွင် ရှိသည့် ပျော်ရွှင်မှု ရိပ်သာကို ဆိုလိုခြင်းဖြစ်၏။ ပျော်ရွှင်မှု ရိပ်သာသည် အင်မတန် ခမ်းနားဟန် ပေါ်ပြီး တာအိုဂုဏ်ထူးဆောင် မျှော်စင်နားတွင် တည်ရှိပေသည်။ အနည်းဆုံးတော့ သူက ဝေးဝေးလံလံ သွားစရာ မလိုတော့ပေ။

“ ဒါပေမဲ့ …” ချီချွမ်းက ယခုအချိန် ရိပ်သာ၌ နေစရာ အခန်း မရနိုင်ကြောင်း တွေးမိလိုက်သည်။

“ အထဲဝင်ပြီး ကြည့်ကြည့်ကြတာပေါ့ ” ချီပင်းက ရုတ်ချည်း ပြောလိုက်သည်။ သူမက မိုဝူကျို နည်းလမ်းကို နည်းနည်း နားလည်လာမိသည်။ မိုဝူကျို၏ ဉာဏ်ရည်ဖြင့် ပျော်ရွှင်မှု ရိပ်သာထဲ၌ နေစရာ မရနိုင်တော့ကြောင်း မသိဘဲ မဖြစ်နိုင်ပေ။

မိုဂူကျိုက အထဲဝင်ပြီး သွားကြည့်ရန် ဆုံးဖြတ်ထားသောကြောင့် မိုဂူကျိုတွင် နည်းလမ်းရှိခြင်းသာ ဖြစ်လိမ့်မည်။

..................

ပျော်ရွှင်မှု ရိပ်သာကား အပြင်ဘက်၌သာ ခမ်းနားကြီးကျယ်သည်သာမက အထဲ၌လည်း ခမ်းနားလှသည်။

သူတို့တွေ ခန်းမအကျယ်ထဲ ဝင်လိုက်သည်နှင့် ကောင်းကင်ကြီးပါ သူတို့နှင့် အတူတူ ရှိနေသလို လွတ်လွတ်လပ်လပ် ခံစားလိုက်မိသည်။

“ ဒီက တာအိုရောင်းရင်းတို့ အခုချိန် အခန်းလွတ် မရှိတော့ပါဘူးခင်ဗျ ” မိုဂူကျိုက ဘာမှမမေးခင် ဝန်ထမ်းက သူတို့ဆီ အပြုံးလေးနှင့် ချည်းကပ်လာလေ၏။

မိုဂူကျိုက မြန်မြန် ပြောလိုက်သည် “ ကျုပ်က မိတ်ဆွေတစ်ယောက်ကို လာရှာတာပါ။ သူက နတ်ဘုရားအုပ်စိုးသူ နောက်ပိုင်းအဆင့် ကျင့်ကြံသူပါ။ လွန်ခဲ့တဲ့ နှစ်ဝက်လောက်က ရောက်လာတာ ... ကျုပ်တို့တွေ ပျော်ရွှင်မှု ရိပ်သာမှာ တွေ့ဖို့ ဆုံးဖြတ်ထားကြပေမဲ့ ကျုပ်က လနည်းနည်း နောက်ကျသွားလို့ သူ ဘယ်အခန်းမှာ နေနေတာလဲဆိုတာ မသိလို့ပါ ”

“ ခင်ဗျားရဲ့ မိတ်ဆွေ နာမည်က ဘယ်သူလဲဗျ ”ဝန်ထမ်းက မိုဝူကျိုသည် မိတ်ဆွေတစ်ယောက်ကို လာရှာကြောင်း ကြားသောအခါ မြန်မြန် မေးလိုက်သည်။

မိုဝူကျိုက ရှက်ရွံ့စွာဖြင့် “ သူက နာမည်တု သုံးထားလောက်တယ်။ ကျုပ် သူ့နာမည် ပြောရင်တောင် ခင်ဗျား မသိလောက်ဘူး။ နတ်ဘုရားအုပ်စိုးသူ နောက်ပိုင်းအဆင့် နေတဲ့ အခန်းကိုပဲ ပြောလိုက်ပါ ”

ဝန်ထမ်းက စိတ်တင်းကျပ်စွာဖြင့် ပြောလိုက်သည် “ ဒီက တာအိုရောင်းရင်းကို မကူညီနိုင်တာ အားနာပါတယ်ဗျာ။ ကျုပ်တို့ ဧည့်သည်တွေထဲမှာ နတ်ဘုရားအုပ်စိုးသူ နောက်ပိုင်းအဆင့် တစ်ယောက်ထက် ပိုရှိတဲ့အကြောင်းကို မပြောနဲ့ဦး။ တကယ်လို့ တစ်ယောက်တည်း ရှိနေရင်တောင် ကျုပ်က ကျုပ်တို့ ဧည့်သည်ရဲ့ အကြောင်းကို ပြောပြပိုင်ခွင့် မရှိပါဘူးဗျာ ”

အကယ်၍ မိုဝူကျိုဘေးတွင် ရပ်နေသော ချီပင်းကဲ့သို့ နတ်ဘုရားဘုရင်ကြောင့်သာ မဟုတ်လျှင် ထိုဝန်ထမ်းက မိုဝူကျိုကို မောင်းထုတ်ပြီးလောက်လေပြီ။

မိုဝူကျိုက ဆေးပုလင်းကို ထုတ်ကာ ဝန်ထမ်း လက်ထဲ ထည့်ပေးလိုက်ရင်း ပြောလိုက်သည် “ တာအိုရောင်းရင်း ..

ခင်ဗျားက ကျုပ်ကို လွှန်ခဲ့တဲ့ နှစ်ဝက်က ရောက်လာတဲ့ နတ်ဘုရားအုပ်စိုးသူ နောက်ပိုင်းအဆင့် သုံးယောက်ရဲ့ အခန်းကိုပဲ ပြောပြလိုက်ပါ။ ကျုပ် သွားပြီး ကြည့်လိုက်ပါ့မယ်။ တကယ်လို့ သုံးယောက်လုံးက ကျုပ်မိတ်ဆွေ မဟုတ်ဘူးဆိုရင် အပြင်မှာပဲ ကျုပ်မိတ်ဆွေကို စောင့်နေပါ့မယ်ဗျာ ”

**သဘာဝ ဆေးလုံးလား ...**

ဝန်ထမ်းက ထိုဆေးလုံးကို မြင်လိုက်သည့်အချိန် သူ့နှလုံးခုန်နှုန်းပင် မြန်လာမိပြီး ဆေးလုံးကို အသေအချာ ကြည့်လိုက်မိသည်။

သဘာဝဆေးလုံးသည် အဆင့်မြင့် ဆေးလုံး မဟုတ်ပေ။ အဆင့် ၁ ဆေးလုံးမျှသာ ဖြစ်သော်လည်း ဤဆေးလုံး၌ လုပ်ဆောင်ချက်တစ်ခုသာ ရှိ၏။ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူအား တိုးတက်လာစေရန် ကူညီပေးနိုင်ခြင်း ဖြစ်သည်။ ထိုဝန်ထမ်းက ကနဦး နတ်ဘုရားအဆင့် ၆ ဖြစ်ပြီး အဆင့် ၇ ရောက်ဖို့ရာ ခြေတစ်လှမ်းမျှသာ လိုအပ်တော့သည်။ အကယ်၍ သူ့တွင် သဘာဝ ဆေးပုလင်း ရှိထားပါက သူ့အနေနှင့် ကနဦး နတ်ဘုရားအဆင့် ၇ သို့ သေချာပေါက် တက်လှမ်းနိုင်လိမ့်မည်။

အကယ်၍ တခြားဆေးလုံး ဖြစ်နေပါက ထိုဝန်ထမ်းသည် ပြန်စဉ်းစားမိနေဦးမည် ဖြစ်သော်လည်း သူ့ရှေ့တွင် ရှိနေသော သဘာဝဆေးလုံးဖြင့် ထိုဝန်ထမ်းက ထပ်စဉ်းစားစရာ မလိုတော့ပေ။ ဤဆေးလုံးက ဆေးလုံးအိမ်တော်များ၌ပင် ဝယ်ယူဖို့ ခက်ခဲလှသည်။ သူက ဆေးလုံးတချို့ ဝယ်ယူနိုင်လျှင်ပင် အရည်အသွေး အနိမ့်ဆုံးသာ ဖြစ်ပေသည်။ အရည်အသွေးကောင်းကောင်း သဘာဝ ဆေးလုံးများ ဖော်စပ်ပြီးပြီးချင်း ဂိုဏ်းကြီးများ သို့မဟုတ် မျိုးနွယ်စုများက ဝယ်ယူသွားတတ်ကြသည်။

ဤဆေးလုံးက ကနဦး နတ်ဘုရားအသီးကဲ့သို့ ဖြစ်ပြီး ကနဦး နတ်ဘုရားအသီးသည် အဆင့် ၁ အသီး ဖြစ်သော်လည်း ဈေးနှုန်းကား အဆင့် ၅ ဆေးပင်ထက်ပင် ကျော်လွန်နေတတ်သည်။

“ အယ် … ခင်ဗျားကို ညွှန့်သည်သုံးယောက်ရဲ့ အခန်းကို ပြောပြလိုက်မယ်။ ပြီးတော့ သူတို့ကို အနှောင့်အယှက် မဖြစ်စေဖို့တော့ သတိထားပေးပါနော်။ မဟုတ်ရင် ကျုပ်တို ဂုဏ်သတင်း ကျသွားနိုင်တယ် ” ထိုဝန်ထမ်းက တီးတိုးပြောလိုက်သည်။ ဤသည်မှာ နိဗ္ဗာန်တာအိုမြို့ ဖြစ်၏။ မိုဝူကျိုက ရုတ်ရုတ်သည်းသည်း ဖြစ်သွားစေမည်ကို

စိုးထိတ်နေခြင်း မရှိသော်လည်း မိုဝူကျိုက သူ့ဂုဏ်သတင်းကိုပါ ပျက်စီးသွားစေမည်ကို ကြောက်ရွံ့နေမိသည်။

ပျော်ရွှင်မှု ရိပ်သာ၌ အလုပ်ရရှိဖို့ရာ လွယ်ကူသည့် ကိစ္စ မဟုတ်ချေ။

“ စိတ်ချနေပါ။ ကျုပ် အမွေးတိုင်ဝက်စာအချိန်လောက်ပဲ ကြာမှာပါ ” မိုဝူကျိုက ပြတ်ပြတ်သားသား ပြောလိုက်သည်။

သူက မိုဝူကျိုသည် အချိန်များစွာ မယူကြောင်း ကြားလိုက်ရသည့်အခါ စိတ်အေးသွားမိသည်။ သူက မှတ်တမ်းစာအုပ်ကို လှန်လှောကာ တီးတိုးပြောလိုက်၏ “ အခန်း ၅၁ (က) ရှင်းချွမ်၊ လွန်ခဲ့တဲ့ နှစ်ဝက်လောက်က ရောက်တာ တစ်လချင်းစီ ပေးထားတယ်။ အခန်း ၁၂၁ (ဂ) ဝမ်ဖေးကျိုးက လွန်ခဲ့တဲ့ ခုနှစ်လခန့်က ရောက်တာ၊ နှစ်ဝက်တိုင်း ပိုက်ဆံချေပေးတယ်။ အခန်း ၇၃ (က) ကျင်းရုံဝူ လွန်ခဲ့တဲ့ လဝက်လောက်က ရောက်တာ တစ်နှစ်လုံးစာအတွက် ပေးချေပြီးသား … ”

မိုဝူကျိုက လက်နှစ်ဖက် ယှက်ကာ “ ကျေးဇူးပါ … ကျုပ် တစ်ချက် သွားကြည့်လိုက်ပါ့မယ်”

“ ခဏ .. ကျုပ်လည်း လိုက်ခဲ့မယ် ” ဝန်ထမ်းက စိတ်လှုပ်ရှားမိနေဆဲ ဖြစ်၏။

“ ရတယ်လေ … အဲဆို အရင်ဆုံး ၇၁ (က) ကို အရင်ဆုံး သွားရအောင်။ အဲဒီ ကျောင်းရုံဝူက ကျုပ်မိတ်ဆွေနဲ့ နည်းနည်း ဆင်တယ် ” မိုဝူကျိုက ကျောင်းရုံဝူကို ရွေးလိုက်ခြင်းမှာ ကျောင်းရုံဝူက တစ်နှစ်စာလုံး ကြိုတင်ငွေချေထားပြီးသား ဖြစ်သလို (က) အခန်း၌ နေနေ၍ ဖြစ်သည်။ ထိုလူက ချမ်းသာသည်မှာ ပြောနေဖို့ပင် မလိုတော့ပေ။

အခန်း ၇၃ (က) သည် ပျော်ရွှင်မှု ရိပ်သာ၏ ၁၂ ထပ်မြောက်တွင် တည်ရှိ၏။ မိုဝူကျိုတို့ ရောက်ရှိလာသည့်အခါ ဝန်ထမ်းအား တံခါးအတားအဆီးကို မထိစေဘဲ သူကိုယ်တိုင် ထိလိုက်သည်။

ထွက်လာသူမှာ မှုန်မှိုင်းမှိုင်း လူလတ်အရွယ် အမျိုးသားတစ်ဦး ဖြစ်၏။ မိုဝူကျိုက တစ်ချက်ကြည့်ရုံဖြင့် ထိုလူမှာ နတ်ဘုရားအုပ်စိုးသူ အထွတ်အထိပ်အဆင့် ဖြစ်ပြီး ယင်ပညာရပ်ကို အဓိကထား လေ့ကျင့်ကြောင်း တန်းသိလိုက်သည်။

“ ဘယ်သူလဲ …. ကျုပ်အခန်းရှေ့ ဘာလာလုပ်တာလဲ ”ကျောင်းရုံဝူအနေနှင့် ပါးမွှား ကနဦး နတ်ဘုရားအဆင့်

ကျင့်ကြံသူလေးက သူ့အတားအဆီးကို ထိရဲကြောင်း မြင်သောအခါ သူ့မျက်နှာအမူအယာမှာ ချက်ချင်း အေးစက်သွားလေ၏။ သို့သော်လည်း သိပ်မကြာခင် သူက ချီပင်းကို သတိထားလိုက်မိသောကြောင့် ဘာမှဆက်မလုပ်ရဲတော့ချေ။

ဝန်ထမ်းက ထိုအရာကို မြင်သောအခါ နှလုံးခုန်နှုန်းပင် မြန်ဆန်လာမိ၏။ ဤလူက မိုဝူကျိ ရှာနေသည့် လူ မဟုတ်ကြောင်း သိသာလှသည်။ သူက ဤသို့သည် သဘောထားကြီး၍ မိုဝူကျိ၏ အပြုအမူများအား စိတ်ထဲ မထားဖို့ရာသာ မျှော်လင့်မိနေတော့သည်။

မိုဝူကျိက ကျောက်စိမ်းပုလင်း တစ်ပုလင်းထုတ်ကာ ကျင်းရုံဝူအား ပေးလိုက်၏ “ တာအိုရောင်းရင်းကျင်း တစ်ချက်ကြည့်ကြည့်ပါဦး ”

ကျင်းရုံဝူက မိုဝူကျိအား အခန်းထဲ ဝင်ခွင့် မပြုပေ။ ထို့အစား သူက မိုဝူကျိ၏ ကျောက်စိမ်းပုလင်းလေးအား ဆွဲ၍ စိတ်စွမ်းအားဖြင့် စစ်ဆေးကြည့်လိုက်သည်။ သူ့အမူအယာမှာ ချက်ချင်းဆိုသလို ပြောင်းလဲသွားပြီး သူ့နှလုံးခုန်နှုန်းပင် မြန်ဆန်လာမိ၏။

ဤသည်မှာ ပြိုင်ဖက်ကင်းအဆင့် လောကတည် ဆေးလုံး ဖြစ်သည်။

လောကတည်ဆေးလုံးသည် နတ်ဘုရားအုပ်စိုးသူအဆင့်အား လောကနတ်ဘုရားအဆင့်သို့ တက်လှမ်းနိုင်စေရန် ကူညီပေးနိုင်သော အဆင့် ၄ ဆေးလုံး ဖြစ်၏။ ဤသို့ဆေးလုံးမှာ ရရှိဖို့ရာ အင်မတန် ခက်ခဲလှပေသည်။

သူက နိဗ္ဗာန်တာအိုမြို့သို့ လောကတည်ဆေးလုံးအတွက် ရောက်ရှိလာခြင်း မဟုတ်သော်လည်း ထိုဆေးလုံးမှာ သူ အလိုအပ်နေဆုံး ဖြစ်၏။

သူက လောကတည်ဆေးလုံး မရှာသည့် အကြောင်းအရင်းမှာ လောကတည်ဆေးလုံးသည် အမှန်တကယ် လက်ဝယ်ပိုင်ဆိုင်ဖို့ အင်မတန် ခက်ခဲလှသောကြောင့်သာ ဖြစ်၏။ လောကတည်ဆေးလုံးသည် အဆင့် ၄ ဆေးလုံးမျှသာ ဖြစ်သော်လည်း ဆေးလုံးကို ဖော်စပ်ဖို့ရာ ခက်ခဲလှပြီး ထိပ်တန်းအဆင့် လရောင်အသီးလည်း လိုအပ်ပေသည်။ လရောင်အသီးသည် ကြည်လင်ကျောက်စိမ်းအသီးလောက် မရှားပါးသော်လည်း ရှာတွေ့ဖို့ ခက်ခဲလှသည်။ ဤအသီးကား

လရောင်မှ ကြီးထွားလာခြင်း ဖြစ်၍ နေရောင် ထိတွေ့မိသည်နှင့် ချက်ချင်း ညှိုးနွမ်းသွားမည် ဖြစ်၏။

သူက လရောင်အသီးကို ရှာတွေ့ထားလျှင်ပင် အဆင့် ၅ ဆေးလုံးဘုရင်၏ အကူအညီ မရှိဘဲ အဆင့် ၄ လောကတည်ဆေးလုံးကို ရရှိဖို့ရာ မဖြစ်နိုင်သေးချေ။

“ ကျုပ်ကို ဘာလုပ်ပေးစေချင်တာလဲ ” ကျင်းရုံဝူက မိုဝူကျို၏ ဆိုလိုရင်းကို ချက်ချင်း နားလည်သွားပြီး စိုက်ကြည့်ကာ မေးလိုက်သည်။

## အခန်း (၉၈၃) : ဂုဏ်ထူးဆောင် မျှော်စင်

“ ကျုပ်တို့က နေစရာ မရှိလို့လေ။ အဲဒါ ခင်ဗျားရဲ့ အခန်းကို ပေးလိုက်ပါ။ ပြီးတော့ ကျုပ်က အဆင့်မြင့် နတ်ဘုရားကျောက် ငါးသန်းလဲ လိုသေးတယ် ” မိုဝူကျိုက တည်တည်ငြိမ်ငြိမ် ပြောလိုက်သည်။

အကယ်၍ ဤလောကတည်ဆေးလုံးကို လေလံပွဲ၌ ရောင်းချမည်ဆိုလျှင် ဈေးနှုန်းမှာ အင်မတန် မြင့်တက်သွားမည် ဖြစ်၏။ သို့သော် ယခုတွင် မိုဝူကျိုက အဆင့်မြင့်

နတ်ဘုရားကျောက် ငါးသန်းနှင့် သူ့အခန်းကိုသာ တောင်းနေလေသည်။ ကျင်းရှုံဝူက တုံ့ဆိုင်းမနေဘဲ တည့်တိုးသာ ပြောလိုက်သည် “ ကောင်းပြီလေ … ကျုပ် အခန်းကို ဖယ်ပေးမယ် ”

ကျင်းရှုံဝူ နိဗ္ဗာန်တာအိုမြို့သို့ ရောက်လာသည့် အဓိက အကြောင်းအရင်းမှာ လောကနတ်ဘုရားအဆင့် တက်လှမ်းရန် နည်းလမ်း ရှာတွေ့ရန် ဖြစ်၏။ ယခု ပြိုင်ဖက်ကင်းအဆင့် လောကတည် ဆေးလုံးက သူ့ရှေ့မှောက် ရောက်နေပြီ ဖြစ်ရာ သူ့အနေနှင့် ငြင်းပယ်မည်ဆိုလျှင် အရူးသာ ဖြစ်ပေတော့မည်။ အဆင့်မြင့် နတ်ဘုရားကျောက် ငါးသန်းကို ထည့်ပြောနေဖို့ပင် မလိုပေ။ မိုဝူကျိုက ပို၍ တောင်းလျှင်ပင် သူက တုံ့ဆိုင်းခြင်းမရှိ ပေးဦးမည် ဖြစ်၏။

“ ဒီလိုဆိုမှတော့ တာအိုရောင်းရင်းကျင်းကို ကျေးဇူးတင်ပါတယ် ” မိုဝူကျိုက လက်နှစ်ဖက် ယှက်ကာ ပြောလိုက်သည်။

သူက လောကလမ်းကြောင်းကို ပိုင်ဆိုင်ထားသည့်အတွက် သူ ဖော်စပ်သော လောကတည် ဆေးလုံးများမှာ ပြိုင်ဖက်ကင်းအဆင့်သာ ဖြစ်ကြသည်။ ထို့အပြင် သူက ထိုသို့ လုပ်ရဲခြင်းမှာ သူ့နှင့် အတူ ချီပင်း ရှိနေ၍ ဖြစ်သည်။

ချီပင်းကြောင့်သာ မဟုတ်လျှင် မိုဂူကျိုက လောကတည်ဆေးလုံးအား ပွင့်လင်းမြင်သာ ထုတ်ရဲမည် မဟုတ်ချေ။

ဝန်ထမ်း၏ ယောင်ဝါးဝါးအကြည့်အောက်တွင် မိုဂူကျိုတို့က အခန်း ၇၃ (က)ဆီ ရွှေ့ပြောင်းသွားကြသည်။ ချီပင်းပင် အနည်းငယ် ဆွံ့အနေမိ၏။ မိုဂူကျို တစ်ယောက်တည်းသာ လောကတည်ဆေးလုံးဖြင့် နေစရာ လဲလှယ်မည့်သူ ဖြစ်လိမ့်မည်။ ထို့အပြင် သူမက လောကတည်ဆေးလုံးအတွက် သူ့အား လရောင်အသီး ပေးခဲ့သူ ဖြစ်၏။

ပျော်ရွှင်မှု ရိပ်သာသည် နိဗ္ဗာန်တာအိုမြို့အတွင်း ထိပ်တန်းအဆင့် တည်းခိုဆောင်ဟု ယူဆ၍ ရပေသည်။ (က) အမျိုးအစား အခန်းများသည် ဇိမ်ခံအခန်းများ ဖြစ်ကြသည်။ အခန်း ၇၃ (က) တွင် အခန်းလေးခန်း ပါရှိပေသည်။ ချီပင်းနှင့် ချီချွမ်းက တစ်ခန်းစီ ယူကြစဉ် တာ့ဟွမ်နှင့် ရှိုက်ကောတို့က အခန်းမျှသုံးကြလေသည်။

ချီပင်းက နတ်ဘုရားဘုရင်အဆင့် ရောက်သည်မှာ မကြာမြင့်သေးသောကြောင့် သူမ အခန်းထဲ ရောက်သည်နှင့် ကျင့်ကြံဖို့ရာ အားထုတ်လိုက်သည်။ တစ်ဖက်တွင် တာ့ဟွမ်၏ လွှမ်းမိုးမှုကြောင့် ချီချွမ်းလည်း သည်းသည်းမည်းမည်း ကျင့်ကြံဖို့ရာ ဆိုင်းပြင်းနေတော့သည်။

ရှိုက်ကောသာ ဘာမှမလုပ်ဘဲ နေနေခြင်း ဖြစ်ပြီး သူက မိုဝူကျိနောက်မှ အကုန်လျှောက်လိုက်ကြည့်ချင်သည်။ သို့သော် မိုဝူကျိက အခန်းပတ်လည် အတားအဆီးများ ချထားပြီးနောက် ရှိုက်ကောကို သူနှင့် ခေါ်မလာမိပေ။ ရှိုက်ကောက ကူကယ်ရာမဲ့စွာဖြင့် တဲ့ဟွမ်နှင့်သာ ကျင့်ကြံရတော့သည်။

မိုဝူကျိက ရှိုက်ကောအား ခေါ်လာခြင်းမှာ ပုံမှန်သာ ဖြစ်၏။ သူက နိဗ္ဗာန်တာအိုမြို့ထဲ ဆေးလုံးတာအိုအတွက် ဘုရင်ဂုဏ်ပုဒ်ရရန် သွားမည်သာ ဖြစ်၏။

နိဗ္ဗာနတာအိုမြို့သည် အလွန်ဘေးကင်းပြီး ချီပင်းသည် မိုဝူကျိက အဆင့် ၅ ဆေးလုံးဘုရင် ဖြစ်ကြောင်း သိထားသည့်အတွက မိုဝူကျိနောက်မှ လိုက်လာရန် မလိုတော့ပေ။

သူက လက်ဝဲဘက်ရှိ ရင်ပြင်ကို ဖြတ်သွားသည့်အခါ ခဏ ရပ်ကြည့်လိုက်သည်။ မြို့အပြင်ဘက်ရှိ ကျင့်ကြံသူက လိမ်ညာနေခြင်း မဟုတ်ပေ။ ပြိုင်ပွဲစင်မြင့်ပေါ်ရှိ ကနဦး နတ်ဘုရားများက အလွန်အားကောင်းလှသည်။ စင်မြင့် စုစုပေါင်း ၃၀ ရှိပြီး မိုဝူကျိက စင်မြင့်ပေါ်မှ ကျင့်ကြံသူများသည် အရက်စက်ဆုံး ဆယ်ဦးထဲမှ ဝူလျန့်ထက်ပင် အားမနည်းကြောင်း သိလိုက်သည်။

သို့သော်လည်း သူ ကနဦး နတ်ဘုရားအဆင့် ၆ သို့ ရောက်ရှိပြီးနောက် ဝူလျန့်သည် သူ့အား ယှဉ်ဖို့ မဖြစ်နိုင်တော့ချေ။ မိုဝူကျိုက ထွက်သွားတော့မည့်ဆဲဆဲတွင် ကနဦး နတ်ဘုရားအဆင့် ၇ ကျင့်ကြံသူတစ်ယောက် ကနဦး နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့် လက်ချက်ဖြင့် နှစ်ပိုင်း ပြတ်သွားပြီး သူ့ကမ္ဘာဦး စိတ်ဝိညာဉ်သာ ကျန်ရှိတော့သည်။

ထိတ်လန့်နေသည့် ကမ္ဘာဦး စိတ်ဝိညာဉ်က သူ့ခန္ဓာကိုယ်နှင့် ပြန်လည် ဆက်သွယ်ဖို့ ကြိုးစားသော်လည်း တစ်ဖက်လူ၏ တိုက်ခိုက်မှုမှ တာအိုစွမ်းအားများကြောင့် ကူကယ်ရာမဲ့နေသည်။ သူ မည်သို့ပင် လုပ်စေကာမူ ကမ္ဘာဦး စိတ်ဝိညာဉ်က ခန္ဓာကိုယ်အတွင်း ပြန်မဝင်နိုင်တော့ပေ။

စင်မြင့်ဘေးမှ ဒိုင်များက သိပ်ဂရုမစိုက်ပေ။ သူက မီးလုံးတစ်ချက် ပစ်လွှတ်ကာ ခန္ဓာကိုယ်အား ပြာအဖြစ် ပြောင်းလဲပစ်လိုက်သည်။ တစ်ချိန်တည်းဆိုသလို သူက ခက်ခက်ထန်ထန် ပြောလိုက်သည် "ကမ္ဘာဦး စိတ်ဝိညာဉ်တွေကို နိဗ္ဗာန်တာအိုမြို့ထဲ ဝင်ခွင့် မပြုထားဘူး။ မင်း မြို့ကနေ ထွက်သွားဖို့ နှစ်နာရီ အချိန်ရမယ် "

ကံဆိုးရှာသည့် ကမ္ဘာဦး စိတ်ဝိညာဉ်က ဆက်လက် မနေရဲတော့ဘဲ မြန်မြန် ထွက်ခွာသွားတော့သည်။

လူအုပ်ကြီးက ပုံမှန်ကိစ္စရပ်တစ်ခု ကြုံတွေ့ရသည့်အလား တည်ငြိမ်နေလေသည်။

မိုဝူကျိုက တာအိုလမ်းစဉ် လျှောက်လှမ်းရာ၌ အခက်အခဲများကို တွေးမိပြီး သက်ပြင်းချလိုက်သည်။ ပြိုင်ပွဲအပြီးတွင် ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူ မည်မျှ သေဆုံးသွားမည်နည်း။ ထိုအပြင် တိုက်ပွဲတွင် တိုက်ခိုက်ရဲသူများမှာ နည်းလမ်းများ ရှိတတ်ကြ၏။ ပြိုင်ပွဲ ပြီးဆုံးသွားသည့်နောက်တွင် တတ်စွမ်းသည့် ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူများ သိသိသာသာ လျော့ကျသွားလိမ့်မည်။

မိုဝူကျို တွေးတောမိနေစဉ် ကျင့်ကြံသူ တစ်ဦး စင်မြင့်ပေါ်မှ လွင့်စင်လာသည်။ ကျင့်ကြံသူက လေထဲတွင် ရှိနေစဉ် ရုတ်ချည်း ပေါက်ကွဲထွက်သွားလေ၏။ သူ့ခန္ဓာကိုယ်နှင့် ကမ္ဘာဦး စိတ်ဝိညာဉ်တို့မှာ ပျောက်ကွယ်သွားပြီး ဗလာနတ္ထိသာ ကျန်ရှိခဲ့သည်။

မိုဝူကျိုက ခေါင်းခါလိုက်သည်။ သူက ဆက်လက် မကြည့်လိုတော့ပေ။ သူက ပြိုင်ပွဲရင်ပြင်ကို ဖြတ်ကျော်၍ တာအိုဂုဏ်ထူးဆောင် မျှော်စင်ဆီသာ ဦးတည်လိုက်တော့၏။

ဤသို့မျိုး တိုက်ပွဲများ၌ အနိုင်နှင့် အရှုံးသာ ရှိပေသည်။ တခြားတားမြစ်ချက်များ မရှိသည့်အတွက် သေခြင်းတရားမှာလည်း ထူးဆန်းသည့် မြင်ကွင်း မဟုတ်ပေ။

သူက လက်ယာဘက်ရှိ ရင်ပြင်ဆီ ရောက်လာသည့်အခါ နေရာက ကျယ်ကျယ်ဝန်းဝန်း ဖြစ်လာသည်။ မျှော်စင် ခုနှစ်ခုကို အတန်းလိုက် တည်ဆောက်ထားသောကြောင့် ဇွန်းတစ်ချောင်းလိုမျိုး ဖြစ်နေသည်။ သို့သော်လည်း မျှော်စင်တစ်ခုချင်းစီ၏ လက်ရာက ခြားနားလှသည်။ နမူနာအားဖြင့် ဆေးလုံးတာအို မျှော်စင်သည် ဆေးကြိုအိုးအကြီးကြီး ပုံသဏ္ဌာန်မျိုး ဖြစ်၏။

မျှော်စင် တစ်ခုချင်းစီ၌ စာလုံးများ ချိတ်ဆွဲထားသည်။ ဆေးလုံးတာအို မျှော်စင်ရှေ့တွင် “ ဆေးလုံးတာအို ဂုဏ်ထူးဆောင် မျှော်စင် ” ဟူ၍ ရေးထွင်းထားသည်။ ဆေးလုံးတာအို ဂုဏ်ထူးဆောင်မျှော်စင်အပြင် ပစ္စည်းတာအို၊ အစီအရင်တာအို၊ အဆောင်တာအို၊ မိစ္ဆာတာအို၊ စုန်းတာအိုနှင့် လျို့ဝှက်တိုက်ကွက် တာအိုဟူ၍ အမျိုးမျိုး ရှိပေသည်။

မိုဝူကျိုက စုန်းတာအိုသည်လည်း မျှော်စင်သပ်သပ် ရှိနေလိမ့်မည်ဟု မထင်ထားပေ။

မိုဝူကျိုက ကျင့်ကြံသူများစွာ တာအိုဂုဏ်ထူးဆောင်မျှော်စင်များမှ ဝင်သွားကြသည်ကို မြင်လိုက်ရသလို ထွက်လာသူများစွာလည်း မြင်လိုက်ရသည်။

ယနေ့တွင် သူက ဆေးလုံးတာအို တရားဝင် အထောက်အထား လုပ်ရန် ရောက်ရှိလာခြင်း ဖြစ်၏။ သူ့အစီအရင်တာအိုမှာ အဆင့် ၄ ဖြစ်နေသော်လည်း ယခုအချိန်၌ သူ့ဆေးလုံးတာအိုမှာ အကောင်းဆုံး တာအို ဖြစ်နေသည် မဟုတ်ပါလော။

“ ခင်ဗျားက နယ်လှည့်ကျင့်ကြံသူလား ” မိုဝူကျိုက ဆေးလုံးတာအိုဂုဏ်ထူးဆောင် မျှော်စင်ထဲ ဝင်ဝင်ချင်း အဝါရောင်ဝတ်ရုံနှင့် ကျင့်ကြံသူက သူ့ဆီ ချည်းကပ်လာသည်။

မိုဝူကျိုက ထိုလူအား မရေမရာ ကြည့်လိုက်ရင်း တာအိုဂုဏ်ထူးဆောင် မျှော်စင်သို့ ဝင်ရန် စာရင်းပေးသွင်းရန် လိုလားဟု ပြန်တွေးတောနေမိသည်။

“ ဟုတ်တယ် ကျုပ်က နယ်လှည့်ကျင့်ကြံသူပါ ” မိုဝူကျိုက ခေါင်းညိတ်ပြလိုက်သည်။

“ခင်ဗျားက ဘယ်အဆင့်လဲ ” အဝါရောင်ဝတ်ရုံနှင့် ကျင့်ကြံသူက ဆက်မေးလိုက်သည်။

မိုဝူကျိုက မထူးမခြားနား ပြောလိုက်သည် “ ကျုပ်အဆင့်က ကျုပ်ကိစ္စပါ။ ခင်ဗျားနဲ့ ဘာဆိုင်လဲ ”

အဝါရောင်ဝတ်ရုံနှင့် လူငယ်လေးက ကျောက်စိမ်းပြားကို ထုတ်ကာ ဆက်ပြောလိုက်၏ “ ငါက နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးရဲ့ ဆေးလုံးတာအို စစ်ဆေးမှုကို တာဝန်ယူတဲ့သူပဲ … အဲဒါကြောင့်မလို့ စစ်ဆေးမှု ခံယူမဲ့ နယ်လှည့်ကျင့်ကြံသူအားလုံးက ငါ့ကို ဖြတ်သွားရမယ်။ မဟုတ်ရင် မင်းဘာသာ အဆင့် ၄ နတ်ဆေးလုံးဆရာ ဖြစ်နေရင်တောင် မင်းအနေနဲ့ အစည်းအရုံး ရွေးချယ်ပွဲမှာ ဝင်ခွင့် ရှိမှာ မဟုတ်ဘူး ”

“ ကျုပ်က ဘာလုပ်ပေးရမှာလဲ ” မိုဝူကျိုက အေးအေးဆေးဆေး မေးလိုက်သည်။

“ တကယ်လို့ ခင်ဗျားက အဆင့် ၃ နတ်ဆေးဆရာဆိုရင်အဆင့်မြင့် နတ်ဘုရားကျောက် နှစ်သောင်းနဲ့ အဆင့် ၃ ဆေးနှစ်ပုလင်းကို ဝင်ကြေးအနေနဲ့ ပေးရမယ်။ တကယ်လို့ ခင်ဗျားက အဆင့် ၄ ဆေးလုံးဆရာဆိုရင် အဆင့်မြင့် နတ်ဘုရားကျောက် ငါးသောင်းနဲ့ အဆင့် ၄ နတ်ဆေးလုံး တစ်ပုလင်း ပေးရမယ် ” အဝါရောင်ဝတ်ရုံနှင့် ကျင့်ကြံသူက ရှင်းပြလိုက်၏။

မိုဝူကျိက မပြောင်းမလဲ ရယ်မောကာ “ အားနာပါတယ်။ ကျုပ်ဆီမှာ နတ်ဘုရားကျောက်လဲ မရှိသလို နတ်ဆေးလုံးလည်း များများစားစား မရှိဘူး ”

အဝါရောင် ဝတ်ရုံနှင့် ကျင့်ကြံသူက စိတ်မဆိုးပေ။ ထို့အစား သူက သားရေစာလိပ်တစ်ခုကို ထုတ်ကာ ပြောလိုက်၏ “ ဒီတစ်ခါ ငါတို့က ဆေးလုံးဆရာ ရှစ်ယောက်ပဲ ရွေးမှာ … အဆင့် ၄ ဆေးလုံးဆရာ ဘယ်လောက် စာရင်းသွင်းထားလဲဆိုတာ ကြည့်ပါဦး။ ခင်ဗျားကို ပြောပြမယ်။ ဒီစာလိပ်ပေါ်က နာမည်တွေက တာအိုဂုဏ်ထူးဆောင်မျှော်စင်ရဲ့ အထောက်အထား ရထားတဲ့သူတွေပဲ … ကျုပ်က အဆင့် ၃ ဆေးလုံးဆရာတွေတောင် ထုတ်မပြရသေးဘူးနော်။ အများကြီး ပိုရှိသေးတယ် ”

“ အဆင့် ၄ ဆေးလုံးဆရာက ဘယ်လိုလုပ် အဲလောက် များနေတာလဲ ” မိုဝူကျိက တအံ့တသြ ရေရွတ်လိုက်သည်။

မိုဝူကျိက နယ်လှည့်ကျင့်ကြံသူ တစ်ယောက်အနေနှင့် အဆင့် ၄ နတ်ဆေးလုံးဆရာ ဖြစ်ဖို့ အလွန်ခက်ခဲကြောင်း သိထားသည်။ ထို့အပြင် အားလုံးက သူ့လိုမျိုး အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံကြခြင်း မဟုတ်ပေ။ အင်မော်တယ်

မော်တယ်ကျောင့်စဉ်နှင့် သူ့ရွှေရောင် နိဗ္ဗာနတာအိုသဲကြောင့်သာ မဟုတ်ပါက သူ့အနေနှင့် အဆင့် ၅ ဆေးလုံးဘုရင် အဖြစ် တက်လှမ်းနိုင်ဦးမည် မဟုတ်ပေ။

“ ဒါပေါ့ … နယ်လှည့်ကျင့်ကြံသူ သိပ်မများသေးပါဘူး ” အဝါရောင် ဝတ်ရုံနှင့် ကျင့်ကြံသူက စာလိပ်အား သိမ်းကာ “ တကယ်လို့ ခင်ဗျားက နတ်ဘုရားကျောက် မပေးချင်ဘူးဆိုရင်လည်း ထားလိုက်တော့။ ဒါပေမဲ့ ခင်ဗျားက နယ်လှည့်ကျင့်ကြံသူ ဖြစ်ကြောင်း ကျုပ်တို့ဘက်က သက်သေမပြပေးရင် ခင်ဗျား နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးအတွက် ရွေးချယ်ပွဲကို ဝင်လို့ ရမှာ မဟုတ်ဘူး ”

မိုဝူကျိုက သတိပြုမိသွားသည်။ အဆင့် ၄ နတ်ဆေးဆရာများ ပေါများနေခြင်းမှာ မထူးဆန်းတော့ပေ။ အများစုက ဂိုဏ်းကြီးများက ဖြစ်ကြလိမ့်မည်။ အပိုနေရာ ရရှိစေရန်အတွက် ဂိုဏ်းကြီးများက သူတို့ ဆေးလုံးဆရာများအား နယ်လှည့်ကျင့်ကြံသူအဖြစ် ဟန်ဆောင်ခိုင်းလိမ့်မည်။ အဆင့် ၄ နတ်ဆေးဆရာ ဖြစ်သည့် နယ်လှည့်ကျင့်ကြံသူ အရေအတွက်မှာ တစ်ယောက်၊ နှစ်ယောက်မျှသာ ရှိပေလိမ့်မည်။ တခြားနည်းဖြင့်ဆိုရလျှင် နယ်လှည့် ဆေးလုံးဆရာများအတွက် နေရာ ရှစ်နေရာစာမှာ ဂိုဏ်းကြီးများထံ အဆုံးသတ်သွားလိမ့်မည်။

ကံကောင်းသည်မှာ သူက အဆင့် ၅ နတ်ဆေးလုံးဘုရင် ဖြစ်နေလေသည်။ မဟုတ်လျှင် သူ့အနေနှင့် နတ်ဘုရားကျောက်များကို ပေးချေရတော့မည်။ ထို့အပြင် မိုဝူကျိုက ထိုပမာဏသည် ဝင်ကြေးမျှသာ ဖြစ်ကြောင်း မှန်းဆမိ၏။ အကယ်၍ သူက အဆင့် ၄ နတ်ဆေးဆရာအဖြစ် အထောက်အထားရသွားလျှင် နောက်ပိုင်း သူ ပေးချေရမည့် နတ်ဘုရားကျောက် အရေအတွက်မှာ နည်းနည်းနောနော မကလောက်ပေ။

" ကျုပ်က အဆင့် ၄ နတ်ဆေးဆရာ အထောက်အထား ရပြီးသွားရင် ရွေးချယ်ပွဲမှာ ပါဖို့ နတ်ဘုရားကျောက် ထပ်ပေးရဦးမှာမလား " မိုဝူကျို လေသံမှာ မကျေမနပ် အရိပ်အယောင်တချို့ ပါဝင်နေသည်။

" ဟုတ်တာပေါ့ " အဝါရောင် ဝတ်ရုံနှင့် ကျင့်ကြံသူက မိုဝူကျိုအား တည်တည်ငြိမ်ငြိမ် ကြည့်လိုက်သည်။ မိုဝူကျိုက သူ့အား နတ်ဘုရားကျောက် ပေးမည်မှန်း သိနေသည်။ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော် ဝင်ရန် အခွင့်အရေးမှာ အမှန်တကယ် ရှားပါးလွန်းလှသည်။ ၁ ရာခိုင်နှုန်းမျှသာ ရှိနေလျှင်ပင် အဆင့် ၄ နတ်ဆေးဆရာများက ပေးကြမည် ဖြစ်၏။

ကံစမ်းရန် ရောက်လာကြသော အဆင့် ၃ နတ်ဆေးဆရာများလည်း ရှိပေသည်။

“ ကျုပ်ဆီမှာ နတ်ဘုရားကျောက် တစ်တုံးတောင် မရှိတာ ကံဆိုးတာပဲ ” ထိုသို့ပြောပြီးနောက် မိုဝူကျိက အဝါရောင်ဝတ်ရုံနှင့် ကျင့်ကြံသူကို ဆက်လက်၍ အာရုံမစိုက်တော့ဘဲ ဆေးလုံးတာအို ဂုဏ်ထူးဆောင်မျှော်စင်ထဲ ဝင်သွားတော့သည်။

ဤအဝါရောင်ဝတ်ရုံနှင့် ကျင့်ကြံသူက မိုဝူကျိ ရပ်ခဲ့သည့် နေရာအား ကြောင်အမ်း ကြည့်နေမိသည်။ သူက သူ့မျက်လုံးပင် မယုံနိုင်ပေ။ နတ်ဘုရားကျောက်လေးကြောင့် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးအား မမှီခိုလိုသည့် လူကို ပထမဆုံးအကြိမ် မြင်တွေ့ဖူးခြင်း ဖြစ်၏။

**ဤလူက သူ့ကိုယ်သူ အဆင့် ၅ နတ်ဆေးလုံးဘုရင်လို့များ ထင်နေတာလား ….**

ထို့အပြင် ဆေးလုံးဆရာတစ်ယောက်အတွက် နတ်ဘုရားကျောက် သောင်းဂဏန်းမှာ ပမာဏများများစားစားလည်း မဟုတ်ချေ။

ဆေးလုံးတာအို ဂုဏ်ထူးဆောင်မျှော်စင်သို့ ဝင်သွားပြီးနောက် မိုဝူကျိက ဆယ်ပေ ပတ်လည်ရှိသည့် ဆေးလုံးအခန်းတစ်ခန်းကို

မြင်လိုက်ရသည်။ အဖြူရောင် ကျောက်စိမ်းနံရံအပြင် အခန်းထဲ၌ ဘာမှ ရှိမနေချေ။

နံရံပေါ်၌ အဆင့် ၁ ဆေးလုံးအမျိုးမျိုးကို စာရင်းပြုစုထား၏။ နာမည်ဘေးတွင် အချိန်ကန့်သတ်ချက်များ ပါရှိပေသည်။ ထို့အပြင် ညွှန်ကြားချက်တချို့လည်း ရှိနေပြီး

**“ ဆေးလုံး ဖော်စပ်ပြီးနောက် ပေးထားတဲ့ ကျောက်စိမ်းပုလင်းထဲ ထည့်ပြီးတော့ နာမည်ကို ရေးထွင်းခဲ့ရမယ် ”**

မိုဝူကျိက လှည့်ပတ် ကြည့်လိုက်သည်။ ဤနေရာတွင် ဆေးမီးဖို၊ ဆေးပင် သို့မဟုတ် မီးတောက်လည်း မတွေ့ကြောင်း အတည်ပြုပြီးနောက် ကနဦး နတ်ဆေးလုံးကို နှိပ်ချလိုက်သည်။ အချိန်သတ်မှတ်ချက်မှာ နှစ်နာရီ ဖြစ်၏။

မကြာခင် ကူးပြောင်းရေး ဝဲကတော့တစ်ခု ပေါ်လာသည်။ ထိုအပေါ်၌ စာလုံးတချို့ကို ရှင်းရှင်းလင်းလင်း ရေးသားထား၏။

**“ နတ်ဘုရားကျောက် ၂၉ တုံး ”**

မိုဝူကျိက ကူးပြောင်းရေး ဝဲကတော့ထဲ နတ်ဘုရားကျောက် ၂၉ တုံး ချပေးပြီးနောက် ဆေးပင်များနှင့် ကျောက်စိမ်း ပုလင်း ပေါ်လာသည်။

မိုဝူကျိုက အင်မော်တယ်လောက၏ ဆေးလုံးတာအို စစ်ဆေးမှု၌ ပါဝင်ခဲ့ဖူးသည်။ ဤနည်းလမ်းက အင်မော်တယ်လောကနှင့် ခြားနားသော်လည်း ကောင်းကင်ဖွေ့ရှာနန်းတော်ရှိ နည်းလမ်းနှင့် ဆင်တူပေသည်။ အင်မော်တယ်လောကရှိ ဆေးလုံးတာအိုမျှော်စင်သည် ဆေးဖော်စပ်နည်း ထောက်ပံ့ပေးသော်လည်း ဤနေရာ၌ ဆေးနာမည်သာ ပြောပြထား၏။

မိုဝူကျိုက ဆေးမီးဖိုနှင့် မီးတောက်ကို ထုတ်ယူလိုက်သည်။ ကနဦး နတ်ဆေးလုံးသည် အဆင့် ၁ ဆေးလုံးများ၌ အနိမ့်ဆုံးဖြစ်သောကြောင့် ဆေးဖော်စပ်မှု ပြီးစီးဖို့ရာ အမွှေးတိုင်ဝက်စာမျှသာ ကြာမြင့်လိုက်၏။

ကနဦး နတ်ဆေးလုံးကို ကျောက်စိမ်းပုလင်းထဲ ထည့်ပြီးနောက် နာမည်အား “ နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ ” ဟု ရေးသွင်းလိုက်သည်။ ထို့နောက် သူက ကျောက်စိမ်းပုလင်းအား ကူးပြောင်းရေး အစီအရင်ပေါ် ထားလိုက်သည်။

မိုဝူကျိုက မိုးကောင်းကင်ဂိုဏ်းသည် သူ့အား ဆက်လက် ရှာနေမည်ကို စိုးရိမ်သောကြောင့် နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်သို့ မဝင်ခင် နာမည်ကို ဖော်ပြရန်

စိတ်ကူး မရှိပေ။ ထို့အပြင် နာမည်က ဤသို့မျိုး စစ်ဆေးမှု၌ အရေးမပါပေ။ ထို့ကြောင့် သူက နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ ဟု ပေးလိုက်ခြင်း ဖြစ်၏။

အမွေးတိုင်ဝက်စာအတွင်း သူ့ရှေ့၌ အနက်ရောင် အမှတ်အသားပြားတစ်ခု ပေါ်လာသည်။ အမှတ်အသားပြားပေါ်၌ ရေးသားထားသည်မှာ

**" နယ်လှည့်ကျင့်ကြံသူ ၂၇၀၅၊ အဆင့် ၁ ဆေးလုံးဆရာ "**

ထို့နောက် သူ့ရှေ့မှောက် မှိန်ဖျော့ဖျော့ လှေကားထစ်လေး ပေါ်လာသည်။ မိုဝူကျိက နောက်တဆင့်မှာ အဆင့် ၂ ဆေးလုံး စစ်ဆေးမှုမှန်း ခန့်မှန်းမိလိုက်သည်။ အမြင်နှင့်တင် ဆေးလုံးဆရာ တစ်ယောက်ချင်းစီက ဆေးလုံးတာအို ဂုဏ်ထူးဆောင် မျှော်စင်ထဲ ဝင်ဝင်ချင်း ကိုယ်ပိုင် နေရာတစ်ခုစီ ကူးပြောင်းပို့ဆောင်ခံလိုက်ရပေသည်။

**အခန်း (၉၈၄) : ခရမ်းနဂါး ခြေသည်းငါးသွယ် ဆေးလုံး**

မိုဝူကျိ ခန့်မှန်းထားသည့်အတိုင်း ဒုတိယအထပ်မှာ နေရာကျယ်ဝန်းသော အခန်းလွတ်တစ်ခု ဖြစ်နေသည်။ နံရံပေါ်ရှိ

နာမည်များမှာ အဆင့် ၂ ဆေးလုံးနာမည်အဖြစ် ပြောင်းလဲသွားလေ၏။ ထို့အပြင် အခန်းပတ်လည် နေရာမှာ တဆမက ကျယ်လာသည်။

အမွေးတိုင်ဝက် အချိန်လေးအတွင်း မိုဝူကျိက မိုးတိမ်ဆေးလုံးကို အလွယ်တကူ ဖော်စပ်ခဲ့ပြီး အဆင့် ၂ နတ်ဆေးလုံးဆရာ အထောက်အထားကို ရရှိခဲ့သည်။ ထို့နောက် တတိယအဆင့်၌ ကျဲ့လင်နတ်ဆေးလုံးကို အမွေးတိုင်တစ်တိုင်စာခန့်အတွင်း ဖော်စပ်ပြီး အဆင့် ၃ ဆေးလုံးဆရာ အမှတ်အသား ရရှိခဲ့သည်။

မိုဝူကျိက လေးလွှာမြောက်သို့ ရောက်ဖို့ရာ နှစ်နာရီပင် မကြာမြင့်လိုက်ပေ။ ထို့အပြင် ဤသည်မှာ ဖြည်းဖြည်းချင်း ဖော်စပ်နေခြင်း ဖြစ်၏။ အကယ်၍ သူက မြန်မြန် သွားဖို့ ဆုံးဖြတ်လိုက်လျှင် လေးလွှာမြောက်အား တစ်နာရီအတွင်း ရောက်ရှိသွားနိုင်သည်။ လေးလွှာ၌ အခန်းဧရိယာနှင့် နတ်ဆေးပင် စျေးနှုန်းများမှ လွဲ၍ ပထမအလွှာနှင့် ကွာခြားမှု မရှိပေ။

လေးလွှာမြောက်တွင် မိုဝူကျိက ရွှမ်အသက်နတ်ဆေးလုံးအား ရွေးချယ်ခဲ့သည်။ ဤသည်က လူတစ်ယောက်၏ တာအိုနှလုံးသားကို တည်ငြိမ်သွားစေသည့် ဆေးလုံး ဖြစ်၏။ ဖော်စပ်ဖို့ရာ မခက်ခဲလှပေ။ တစ်ခုတည်းသော အဆင်မပြေမှုကား

ဆေးပင်များ သန့်စင်ဖို့ရာ အချိန်ကြာမြင့်ခြင်းသာ ဖြစ်၏။ သို့သော်လည်း မိုဝူကျိအတွက် ပြဿနာ မဖြစ်ပေ။ သူက ဆေးပင် သန့်စင်ရာ၌ ကျွမ်းကျင်သည် မဟုတ်ပါလော။

မိုဝူကျိက သူ့အမြန်နှုန်းကို တမင်နှေးထားသော်လည်း တစ်နာရီအတွင်း အဆင့်မြင့် ရွှမ်အသက်ဆေး ခြောက်လုံးလား ဖော်စပ်နိုင်သေး၏။ တခြားလူများက အချိန်များများယူ၍ အရည်အသွေးကောင်းကောင်း ဖော်စပ်ကြစဉ် သူက ဆေးလုံးကို ဆိုးရွားအောင် လုပ်နေရသည်။

မိုဝူကျိ၏ စွမ်းဆောင်ရည်ဖြင့် အချိန်တိုလေးအတွင်း ပြိုင်ဖက်ကင်းအဆင့် ရွှမ်အသက် ဆေးကိုးလုံးအား အလွယ်တကူ ဖော်စပ်နိုင်လိမ့်မည်။ သို့သော်လည်း မိုဝူကျိက ရုတ်ရုတ်သည်းသည်း မဖြစ်သွားစေလိုပေ။ သူက နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်သို့ ဝင်ခွင့်ရလိုခြင်းသာ ဖြစ်၏။ သူက နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်သို့ သွားပြီး သေမျိုးနယ်မြေကို သွားကြည့်ချင်မိသည်။

မိုဝူကျိက သေမျိုးနယ်မြေအကြောင်း ပထမဆုံး ကြားစဉ်အခါက သေမျိုးနယ်မြေသည် သူ့လူသားတာအိုအား အဖိုးမဖြတ်နိုင်သည့် အကူအညီ ပေးလိမ့်မည်ဟု ခံစားချက် ရနေမိသည်။

ဤခံစားချက်က နေ့ရက်များ ကုန်လွန်လာသည်နှင့် ပို၍ နက်ရှိုင်းလာသည်။ ဤသည်က သူ့လူသားတာအိုအပေါ် အသိအမြင်အသစ် မရရှိလာခင်အထိ ဖြစ်ပြီး နောက်ပိုင်း၌ ထိုခံစားချက်မှာ သိသိသာသာ အားနည်းသွားလေသည်။

သူ့ထာဝရကမ္ဘာကို ပြန်လည် တည်ဆောက်ရန် ပြန်လည်ဆုံးဖြတ်ပြီးနောက် ခံစားချက်မှာ ယခင်ကလောက် မပြင်းထန်တော့ပေ။

ဤသည်က မိုဝူကျိအား သူ့အနေနှင့် သေမျိုးနယ်မြေအပေါ် အရေးပေးမှုမှာ သူ့လူသားတာအို လွဲမှားမှုကြောင့်လေလားဟု သံသယဝင်လာမိပေသည်။ သေမျိုးနယ်မြေဆီ သွားရောက်လိုက်ခြင်းက သူ့အား ထာဝရကမ္ဘာသည် အပြင်အင်အားများကို မသုံးဘဲ သူ့ကိုယ်ပိုင် စည်းမျည်းများသာ အသုံးပြုသင့်ကြောင်း သိလာစေလိမ့်မည်။

သူက သေမျိုးနယ်မြေဆီ သွားရောက်ရန် စိတ်ဆန္ဒမှာ အားပျော့သွားသော်လည်း မိုဝူကျိက နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်၏ သေမျိုးနယ်မြေဆီ သွားရောက်ရန် ဆုံးဖြတ်ထားသေး၏။ သူ့အင်မော်တယ် မော်တယ်ကျင့်စဉ်မှာ နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်၏ သေမျိုးနယ်မြေမှ

ဆင်းသက်လာခြင်း ဖြစ်ကာ သူသည် ထိုအမွေအနှစ်၏ အစိတ်အပိုင်း တစ်ခုအဖြစ် ယူဆ၍ ရပေသည်။ ထို့အပြင် နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်သည် သူ့အတွက် အင်အားမြင့်တင်ရန် ဘေးကင်းလုံခြုံသော နေရာတစ်ခု ဖြစ်၏။

ထို့ကြောင့် မိုဝူကျိုက အရမ်း ထူးချွန်နေစရာ မလိုအပ်ပေ။ သူက နတ်ဆေးလုံးဘုရင်အဖြစ် အထောက်အထားနှင့် စစ်ဆေးမှု ဝင်ဖြေနိုင်ဖို့ပင် လိုအပ်ပေသည်။ ဤသည်က လုံလောက်သည်ထက် ပိုနေပြီ ဖြစ်၏။

ယခု သူ့ လက်ထဲရှိ အနက်ရောင် အမှတ်အသားပြားမှာ ရွှေရောင်မှိန်ဖျဖျ တောက်ပနေပြီ ဖြစ်၏။ ထို့အပြင် စာလုံးများမှာလည်း ပြောင်းလဲသွားလေပြီ။

**“ နယ်လှည့်ကျင့်ကြံသူ ၂၇၀၅၊ အဆင့် ၄ ဆေးလုံးဆရာ”**

မိုဝူကျိုက အလွန်ကျေနပ်နေရင်း ဆေးလုံးတာအို ဂုဏ်ထူးဆောင် မျှော်စင် ငါးလွှာသို့ တက်သွားလိုက်သည်။

ငါးလွှာမှာလည်း လေးလွှာနှင့် အတူတူ ဖြစ်ပြီး ပိုကြီးရုံသာ ရှိ၏။

မိုဝူကျိုက လွယ်ကူသည့် အဆင့် ၅ ဆေးလုံးကို ရွေးချယ်တော့မည့်ဆဲဆဲတွင် သူက ကျောက်စိမ်းနံရံအား စိတ်အားတက်ကြွစွာ ကြည့်လိုက်လေ၏။

ယခင်အဆင့်များက နံရံပေါ်တွင် ဆေးနာမည်များသာ ရှိ၏။ သို့သော် ယခုတွင် ဆေးလုံးနာမည် တစ်ခုတည်း ရှိပေသည်။

**“ ခရမ်းနဂါး ခြေသည်းငါးသွယ် ဆေးလုံး ”**

မိုဝူကျိုက ဘေးပတ်လည်ကို သေချာစစ်ဆေးပြီးနောက် တခြားနာမည် ထပ်မရှိတော့ကြောင်း သိလိုက်ရသည်။ ဤနေရာ၌ ခရမ်းနဂါး ခြေသည်းငါးသွယ် ဆေးလုံး တမျိုးတည်းသာ ရှိ၏။

မိုဝူကျိုက ကူကယ်ရာမဲ့စွာဖြင့် ထိုနာမည်ကိုသာ ရွေးချယ်လိုက်ရတော့သည်။

ဆေးလုံးနာမည်ကို ရွေးချယ်ပြီးနောက် ယခင်ကလို နတ်ဘုရားကျောက် စျေးနှုန်း ကျမလာပေ။ စာတန်းတစ်ခုသာ ကျလာလေ၏ “ မင်း လိုအပ်တဲ့ ဆေးပင်တွေကို ကျောက်စိမ်းပေလွှာထဲ ချရေးပြီးတော့ ကူးပြောင်းရေး အစီအရင်ကနေ ပို့လိုက်ပါ ”

မိုဝူကျိုက ရပ်တန့်သွားသည်။ တခြားသူများက ထိုဆေးဖော်စပ်နည်းကို မသိကောင်း မသိနိုင်သော်လည်း သူကတော့ အသေအချာ သိထားသည်။ ယုံရင်အစွန်းအဖျားတွင် ရှိစဉ်အခါ သူ ဆေးမီးဖိုတစ်လုံး ဝယ်ယူခဲ့သည်။ ထိုဆေးဖော်စပ်နည်းမှာ မီးဖိုအတွင်း ရှိနေခြင်း ဖြစ်၏။ ခရမ်းနဂါး

ခြေသည်းငါးသွယ် ဆေးလုံးတင် မက သဘာဝကျိုဆေးလုံးနှင့် သွေးလဲလှယ်ဆေးလုံး ဖော်စပ်နည်းများလည်း ရှိနေသည်။

သူက သွေးလဲလှယ် ဆေးလုံးကို မသုံးဖူးသော်လည်း သဘာဝကျို ဆေးလုံးကိုတော့ အကြိမ်များစွာ အသုံးပြုဖူးပေသည်။

ခရမ်းနဂါး ခြေသည်းငါးသွယ် ဆေးလုံး အညွန်းအရ အဆင့်မဲ့ ဆေးလုံး ဖြစ်ပေသည်။ ယခု အဆင့် ၅ စစ်ဆေးမှု၌ ပေါ်လာလေ၏။

**ဆိုလိုတာ ခရမ်းနဂါးခြေသည်းငါးသွယ် ဆေးလုံးက အဆင့် ၅ ဆေးလုံးလား ....**

သို့သော်လည်း ဆေးလုံးတာအို ဂုဏ်ထူးဆောင် မျှော်စင်က အဘယ်ကြောင့် ဆေးဖော်စပ်နည်း တောင်းဆိုနေရသနည်း။ လူမည်မျှက ဤဆေးဖော်စပ်နည်း လက်ဝယ်ပိုင်ဆိုင်မည်နည်း။ မိုဝူကျိုက ဆေးလုံးဆရာတိုင်းက သူ့လို အခွင့်ထူးကြုံ၍ ဆေးဖော်စပ်နည်း ရကြလိမ့်မည်ဟု မယုံပေ။

သူ ခရမ်းနဂါး ခြေသည်းငါးသွယ် ဆေးဖော်စပ်နည်းကို ရရှိစဉ်က ဆေးပင် အနည်းငယ်ကိုသာ သတိပြုမိခဲ့သည်။ သူ မှတ်မိသော ဆေးပင်များအနက် အများစုမှာ အင်မော်တယ် အဆင့် ၈ ဆေးပင်များ ဖြစ်ကြသည်။ ယခု သူက အဆင့် ၅

နတ်ဆေးလုံးဘုရင် ဖြစ်နေပြီး နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း၏ အမွေအနှစ်လည်း ရရှိထားလေရာ ဆေးပင်များအပေါ် သူ့ဗဟုသုတက သိသိသာသာ တိုးတက်လာပြီ ဖြစ်၏။ ထိုသို့ဆိုလျှင်ပင် ဆေးဖော်စပ်နည်းမှ သူ မှတ်မိသော ဆေးပင်တချို့မှာ အဆင့် ၉ အင်မော်တယ်ဆေးပင်များသာ ဖြစ်ကြသည်။

နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း၏ ဆေးပင် မိတ်ဆက်စာအုပ်သည် နတ်ဘုရားကုန်းမြေ၏ အဆင့် ၆နှင့် အောက် ဆေးပင်မျိုးကို ပြုစုထားခြင်း ဖြစ်၏။ ဤအမွေအနှစ်ကို ရရှိပြီးနောက် သူက အဆင့် ၉ အင်မော်တယ်ဆေးပင်တချို့သာ မှတ်မိသေး၏။ တစ်ခုတည်းသော ဖြစ်နိုင်ခြေမှာ သူ မမှတ်မိသော ဆေးပင်များမှာ အဆင့် ၆ အထက် ဖြစ်ပေလိမ့်မည်။

ဤသို့ဆိုမှတော့ ခရမ်းနဂါး ခြေသည်းငါးသွယ် ဆေးလုံးမှာ သေချာပေါက် အဆင့် ၅ ဆေးလုံး မဟုတ်ချေ။

အကယ်၍ အဆင့် ၅ ဆေးလုံး မဟုတ်လျှင် အဘယ်ကြောင့် အဆင့် ၅ ဆေးလုံးဘုရင် စစ်ဆေးမှု၌ ထည့်ထားရသနည်း။ တစ်ခုတည်းသော ရှင်းပြချက်မှာ ဆေးလုံးတာအို

ဂုဏ်ထူးဆောင်မျှော်စင်သည်လည်း သူတို့ ရှာနေသည့် ခရမ်းနဂါး ခြေသည်းငါးသွယ် ဆေးဖော်စပ်နည်းအကြောင်း မသိထားကြချေ။

မိုဝူကျိုက ခေါင်းခါလိုက်ပြီး ဘေးပတ်လည်ကို တစ်ချက် ကြည့်လိုက်ပြီးနောက် ပြတ်ပြတ်သားသား ထွက်သွားလိုက်တော့သည်။ သူက ဆေးဖော်စပ်နည်းကို ပေးခဲ့ပြီး တစ်ဖက်လူက ဆေးပင်များ ပေးခဲ့လျှင်ပင် သူ့အနေနှင့် ဖော်စပ်နိုင်မည် မဟုတ်ပေ။

................

**ဆေးလုံးတာအို ဂုဏ်ထူးဆောင် မျှော်စင် ထိပ်ဆုံးအထပ်**

မိုဝူကျို ထွက်သွားသည်ကို မြင်ကာ ဆေးလုံးဆရာတချို့က အချင်းချင်း ကြည့်လိုက်ကြသည်။

ယင်ယန်တံဆိပ် ဝတ်ရုံနှင့် မျက်နှာနီ အမျိုးသားက မကျေမနပ် ပြောလိုက်သည် “ ကြည့်ရတာ ဒီနယ်လှည့်ကျင့်ကြံသူ ၂၇၀၅ လည်း ခရမ်းနဂါး ခြေသည်းငါးသွယ် ဆေးဖော်စပ်နည်းကို မသိဘူး ထင်တယ် ”

“ အွန်း ... ငါတို့ ခန့်မှန်းချက် မှားယွင်းတဲ့ပုံပဲ။ ဒီကလေးက အဆုံးမဲ့မြစ်ဆေးလုံးတာအိုရဲ့ မျိုးဆက် မဟုတ်ဘူး ” နောက်တစ်ယောက်က သက်ပြင်းချကာ ပြောလိုက်သည်။

ထိပ်ဆုံးတွင် ထိုင်နေသူမှာ နှာခေါင်းပြားပြားနှင့် လူအိုကြီး တစ်ယောက် ဖြစ်၏။ သူက မျက်မှောင်ကျုတ်လိုက်သော်လည်း ဘာတစ်ခွန်းမှ ဝင်မပြောပေ။

“ အစ်ကိုကျန်းမှာ တခြားအမြင်များ ရှိသေးလား ” နှာပြားပြား လူအိုကြီး မျက်မှောင်ကျုတ်သည်ကို မြင်ကာ မျက်နှာနီ အမျိုးသားက မရေမရာ ဝင်မေးလိုက်သည်။

ယခင် မျက်နှာနီ အမျိုးသား စကားပြောသောအခါ မကျေမနပ် ဖြစ်နေသော်လည်း ယခု နှာပြားပြား လူအိုကြီးနှင့် စကားပြောရသောအခါ သူ့လေသံ၌ လေးစားမှုများ ပါဝင်နေသည်။ ဤနှာပြားပြား လူအိုကြီးက ကျန်းရှား ဖြစ်၏။ သူသည် နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်၏ အားအကောင်းဆုံး ဆေးလုံးဆရာ ဖြစ်ပြီး နောက်ထပ် နာမည်ပြောင်မှာ နတ်ဆေးလုံးဘုရင် နှာပြား ဖြစ်၏။

ကျန်းရှားက အလေးအနက် ပြောလိုက်သည် “ အဲဒီလူ ပထမအလွှာကနေ လေးလွှာအထိ ရောက်ပြီး နတ်ဆေးလုံးဆရာ ဘွဲ့ရဖို့ အချိန် ဘယ်လောက်ကြာလဲ။ လေးနာရီတောင် မကြာလိုက်ဘူး။ အဲဒါက ဆေးလုံး ရွေးချယ်တာတွေ၊ ဆေးပင် လက်ခံတာတွေလည်း ပါပြီးသားနော် ....

မင်းတို့တွေ ဆေးလုံးတာအိုကို လေ့လာလာတာ နှစ်သိန်းချီနေပြီ။ ဆေးလုံးဆရာတစ်ယောက်က နေ့ဝက်အတွင်း ဆေးလုံး လေးသုတ် ဖော်စပ်နိုင်တယ်လို့ ကြားဖူးလား။ တစ်သုတ်ချင်းစီက အဆင့် ၄ ရွှမ်အသက် ဆေးလုံးတောင် ပါနေသေးတာနော် ... တခြားသူတွေကို မပြောနဲ့ဦး။ ငါဆိုရင်တောင် နေ့တစ်ဝက်တည်းနဲ့ ရွှမ်အသက် ဆေးလုံး တစ်သုတ်ကို မဖော်စပ်နိုင်ဘူး။ ငါ့ဆေးလုံးဖော်စပ်နှုန်းက မြန်တယ်လို့ ယူဆလို့ ရတယ် ဟုတ်တယ်မလား။ ဒါပေမဲ့ ဒီနယ်လှည့်ကျင့်ကြံသူ ၂၇၀၅ က ငါ့ထက် အဆများစွာ ပိုမြန်တယ် ”

မျက်နှာဖြူ လူအိုကြီးက သက်ပြင်းချကာ “ တကယ်လို့ ဒီလောက် မြန်ဆန်တဲ့ ဆေးလုံးဆရာဆိုရင် အဆုံးမဲ့မြစ် ဆေးလုံးတာအိုက မျိုးဆက် ဖြစ်နေနိုင်တယ် ”

ကျန်းရှားက ခေါင်းညိတ်ကာ အသံတိုးတိုးဖြင့် “ တာအိုရောင်းရင်း ကျိုက်ရဲ့ စကားက အမှန်ပဲ ... အဲဒီလူရဲ့ ဆေးဖော်စပ်နှုန်းနဲ့ သူ့ဆေးပင် သန့်စင်နှုန်းအရ အနည်းဆုံး ၈၀ ရာခိုင်နှုန်းနဲ့ အထက်မှာ ရှိတယ်။ သူက အဆုံးမဲ့ မြစ်ဆေးလုံးတာအိုရဲ့ အမွေဆက်ခံသူပဲ ဖြစ်ရမယ်။ ခရမ်းနဂါး ခြေသည်းငါးသွယ် ဆေးလုံးကို အဆုံးမဲ့မြစ်က ဖန်တီးထားတာလေ။ အဆုံးမဲ့မြစ်

ဆေးလုံးတာအိုရဲ့ မျိုးဆက်အနေနဲ့ အဲဒီ ဖော်စပ်နည်းကို မသိတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ”

“ ကြည့်ရတာ ခရမ်းနဂါး ခြေသည်းငါးသွယ် ဆေးလုံးက အဆင့် ၅ မဟုတ်တာများလား ” မျက်နှာဖြူ လူအိုကြီးက အနည်းငယ် စိတ်လှုပ်ရှားမိသွားသည်။

ဤတစ်ကြိမ်၌ ကျန်းရှား ဝင်မပြောခင် မျက်နှာနီ အမျိုးသားက ဝင်ပြောလိုက်လေ၏ “ ခရမ်းနဂါး ခြေသည်းငါးသွယ် ဆေးလုံးက သေချာပေါက် အဆင့် ၅ ဆေးလုံးပါ။ ကျုပ်တို့ ရထားတဲ့ မပြီးပြည့်စုံတဲ့ ဆေးဖော်စပ်နည်းအရဆိုရင် လိုအပ်တဲ့ ဆေးပင်တွေက အကုန် အဆင့် ၅ ဆေးပင်တွေချည်းပဲ .... သူတို့က အင်မတန် ရှားပါးပြီး အဖိုးတန်တယ်ဆိုပေမဲ့ အဆင့် ၅ ဆေးလုံး ဆိုတာတော့ သေချာတယ် ”

ကျန်းရှားက ဝင်ပြောလိုက်သည် “ ဟုတ်တယ် ... ခရမ်းနဂါးခြေသည်း ငါးသွယ် ဆေးလုံးက အဆင့် ၅ ဆေးလုံးပဲ ... နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ ဆီမှာ ဆေးဖော်စပ်နည်း ရှိ၊ မရှိပဲ မသေချာသေးတာ။ ငါတို့တွေ သူက အဆုံးမဲ့မြစ် ဆေးလုံးတာအိုရဲ့ မျိုးဆက် ဟုတ်လား၊ မဟုတ်လား စစ်ဆေးကြည့်ဖို့ပဲ လိုတော့တယ် ”

“ အစ်ကိုကျန်း ... အဆုံးမဲ့မြစ် ဆေးလုံးတာအိုက အမြန်ဆုံး ဖော်စပ်နိုင်တဲ့ တစ်ခုတည်းသော ဆေးလုံးတာအိုတော့ မဟုတ်ဘူးလေ။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ စိုက်ပျိုးရေးကေရာဇ် ... ” ဤတစ်ကြိမ် ပြောလိုက်သူမှာ လက်တစ်ဖက်သာ ရှိသည့် အမျိုးသား ဖြစ်၏။ သူ့သွင်ပြင်အရ အလွန်ငယ်ရွယ်ဟန် ပေါ်သော်လည်း သူလက်မောင်း အဘယ်ကြောင့် ပြန်မကောင်းလာမှန်း မသိကြရပေ။

ဤလူတွင် လက်တစ်ဖက် မရှိသည့်အတွက် အထင်မသေးသင့်ပေ။ ဤသူမှာ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၌ ဂုဏ်သရေရှိ နတ်ဘုရားဘုရင် တစ်ယောက် ဖြစ်၏။ သူ့ဆီလည်း နတ်ဆေးလုံးဘုရင် လက်တစ်ဖက် ဟူ၍ နာမည်ပြောင် ရှိပေသည်။ သူ သို့မဟုတ် နတ်ဆေးလုံးဘုရင် နှာပြား၏ ဆေးလုံးများ ရရှိခြင်းက ဂုဏ်ယူဖွယ် ဖြစ်ပေသည်။

ကျန်းရှားက ခေါင်းညိတ်ကာ “ ဟုတ်တယ် .... စိုက်ပျိုးရေးကေရာဇ် သေဆုံးသွားပြီးတဲ့နောက်ပိုင်းကျ သူ့နည်းစနစ်တွေအားလုံးကို လက်ဆင့်ကမ်းပေးခဲ့တယ်။ တကယ်လို့ တစ်ယောက်ယောက်သာ ရှိရင် အဆင့်နိမ့်ပဲ ဖြစ်လောက်တယ်။ သူ့အမွေအနှစ်ကတော့ ပျောက်ကွယ်သွားတာ

ကြာလောက်ပြီ။ ပိုပြီး အရေးကြီးတာက စိုက်ပျိုးရေး ကေရာဇ်က မြန်တယ်ဆိုပေမဲ့ ဆေးလုံး အရည်အသွေးက သာမာန်လောက်ပဲ။ အဲဒါက သူ့သန့်စင်နှုန်းက မလိုက်နိုင်လို့လေ။ ဒီနယ်လှည့်ကျင့်ကြံသူ ၂၇၀၅ ရဲ့ သန့်စင်နှုန်းအဆင့်အတန်းအရ စိုက်ပျိုးရေး ကေရာဇ်ရဲ့ မျိုးဆက်တော့ သေချာပေါက် မဖြစ်နိုင်ဘူး ...

ချိုက်ဟယ် ... နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ ကို စုံစမ်းဖို့ မင်းဆီပဲ အပ်ထားလိုက်တော့မယ်။ တကယ်လို့ သူက အဆုံးမဲ့မြစ် ဆေးလုံးတာအိုရဲ့မျိုးဆက် ဖြစ်နေရင် သူ့ကို သတိမထားမိစေနဲ့။ သတင်းအချိန်ဆွဲထားရင် လုံလောက်ပြီ။ လောဖို့ မလိုဘူး။ အဲဒီ နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ က နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ကို စစ်ဆေးမှု ဖြေဆိုဖို့ ရောက်လာတာ နေမယ်။ သူက အချိန်တစ်ခုအထိ ထွက်သွားဦးမှာ မဟုတ်ဘူး။ အခု သူက အဆင့် ၄ နတ်ဆေးလုံးဆရာပဲ ရှိသေးတာဆိုတော့ တကယ်လို့ စစ်ဆေးမှုမှာ ပါဝင်ချင်ရင် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးဆီ သွားရမှာပဲ .... နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးကို သုံးပြီး သူ့ကို ဖိအားပေးလို့ ရတယ် ”

“ ဟုတ်ကဲ့ပါ ” လက်တစ်ဖက် လူငယ်လေးက တုံ့ပြန်လိုက်သည်။ သူ့နာမည်မှာ ရှီချိုက်ဟယ် ဖြစ်၏။

မျက်နှာနီ အမျိုးသားက ရယ်မောလိုက်သည် “ တကယ်လို့ အဲကောင်လေးသာ စိုက်ပျိုးရေး ဧကရာဇ်ရဲ့ မျိုးဆက် ဖြစ်နေပြီး ငါတို့နားလည်မှု လွဲမှားလို့ ဘုရင်ဘွဲ့ထူးကို မရခဲ့ဘူးဆိုရင် သူတော့ အိပ်နေရင်းတောင် လန့်နိုးလောက်တယ် ”

## အခန်း (၉၈၅) : မိုဝူကျိုက အလကား အမှတ် ပေးခြင်း

ကျန်းရှားက မထူးမခြားနား ပြောလိုက်သည် “နတ်ဘုရားကုန်းမြေမှာ အဆင့် ၅ ဆေးလုံးဘုရင်တွေ အများကြီး ရှိပါတယ်။ ဒီလူတွေက နတ်ဆေးပင် အမြောက်အများ ရပြီး ဒီနေရာ ရောက်လာကြတဲ့သူတွေပဲ ... ဆေးပင်တွေကို ဖြုန်းတီးပစ်တာအပြင် နတ်ဘုရားကုန်းမြေရဲ့ ဆေးလုံးတာအိုအတွက် ဘာအကျိုးရှိမှာလဲ။ ဒါပေမဲ့ ဒီနယ်လှည့်ကျင့်ကြံသူ ၂၇၀၅ က နတ်ဆေးပင် သန့်စင်တာတော့ အရည်အချင်း ရှိတယ်။ သူက အဆုံးမဲ့မြစ် ဆေးလုံးတာအိုရဲ့ မျိုးဆက် မဟုတ်ဘူးဆိုတာ သိရရင် သူ့ကို ငါ

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ ဆေးလုံးပင်လယ်ကို ဝင်ခိုင်းရမယ် ”

“ တကယ်လို့ သူက အဆိုးမဲ့ မြစ်ဆေးလုံးတာအိုရဲ့ မျိုးဆက်မဟုတ်မှန်း အတည်ပြုပြီးသွားရင် ဒီအကြောင်းကို သူ့ဆီ သေချာပေါက် ပြောလိုက်ပါ့မယ် ” ရှီချိုက်ဟယ်က လက်နှစ်ဖက်ယှက်လျက် ပြောလိုက်သည်။

………………

မိုဝူကျိုက အလွန်စိတ်ခတ်ကျမိသွားသည်။ သူက အဆင့် ၅ နတ်ဆေးလုံးဘုရင် ဖြစ်သော်လည်း အဆင့် ၅ စစ်ဆေးမှုကို မအောင်မြင်ခဲ့ချေ။ သူ့၏ အဆင့် ၅ ဆေးလုံး ထိန်းချုပ်မှုဖြင့် နတ်ဘုရားကုန်းမြေ တစ်ခုလုံး၌ပင် သူ့ထက် အားကောင်းသည့်သူ လက်တစ်ဖက်နှင့်ပင် ရေတွက်၍ ရကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ပြောနိုင်သည်။

ယခု သူက အဆင့် ၅ ဆေးလုံးဘုရင် စစ်ဆေးမှု ကျရှုံးခဲ့သောကြောင့် အဆင့် ၄ ဆေးလုံးဆရာမျှသာ ဖြစ်နေသည်။ အကယ်၍ သူ့ဆေးလုံးတာအိုကို အသုံးပြု၍ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် စစ်ဆေးမှုထဲ ပါဝင်လိုပါက ထိုနယ်လှည့်ကျင့်ကြံသူဆီ သွားရမည် ဖြစ်၏။

ဤသည်မှာ အဆင့် ၄ ဆေးလုံးဆရာ တစ်ယောက်က ဆေးလုံးတာအိုမှ နယ်လှည့်ကျင့်ကြံသူကို ကိုယ်စားပြု၍ ပါဝင်လိုလျှင် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးဆီ ဖြတ်ကျော်ရမည် ဖြစ်၏။ သို့သော်လည်း သူက ဆေးလုံးတာအို ဂုဏ်ထူးဆောင် မျှော်စင်ထဲ ဝင်မလာခင် သူက နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးအား ဝင်ကြေးပေးရန် ငြင်းဆိုခဲ့မိသည်။ အကယ်၍ သူက သွားရောက်ပေးလျှင် တစ်ဖက်လူက လက်ခံမည် မဟုတ်လောက်တော့ပေ။ သူတို့ လက်ခံလျှင်ပင် သူ မိုဝူကျိက နှိမ့်ချ၍ သူ့ကိုယ်သူ ထိုသို့ လုပ်မည် မဟုတ်ချေ။

အမြင်နှင့်တင် သူက တခြားနည်းလမ်းကို ရွေး၍ နယ်လှည့်ကျင့်ကြံသူအဖြစ် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်၏။

မိုဝူကျိက ဆေးလုံးတာအို ဂုဏ်ထူးဆောင် မျှော်စင် ပထမအလွှာဆီ ရောက်လာသည့်အခါ သူက ကူးပြောင်းမခံရကြောင်း သတိပြုမိလိုက်သည်။ သူက သူ့ဘာသာ ထွက်လာခြင်း ဖြစ်၏။

မိုဝူကျိ မြင်ကွင်းထဲ ရင်းနှီးသည့် ပုံရိပ်လေး တစ်ခု ဝင်ရောက်လာသည်။ မိုဝူကျိက အထိတ်တလန့်ဖြင့် ခေါင်းကို

ငုံ့ကာ သူ့ခန္ဓာကိုယ် ပတ်လည်၌ မီးခိုးတတ် သဘာဝ အငွေ့အသက်များကို တိုးမြင့်လိုက်သည်။

သူက မိုးကောင်းကင်ဂိုဏ်း၏ ရန်ဖေးကို မြင်လိုက်ရသည်။ ဤအကြီးအကဲ ရန်ဖေးသည် နတ်ဘုရားဘုရင် တစ်ယောက် ဖြစ်ပြီး ဆေးလုံးတာအို ဂုဏ်ထူးဆောင် မျှော်စင် အဝင်ဝ၌ ရှိနေသောကြောင့် သူ့အား လာရှာကြောင်း အသေအချာ သိလိုက်သည်။

မိုဝူကျိုက ဂုဏ်ထူးဆောင်မျှော်စင်မှ ခေါင်းငိုက်စိုက် ထွက်လာသော်လည်း ရန်ဖေးက သူ့အား မြင်သွားသေး၏။ သို့သော်လည်း ရန်ဖေးက တစ်ခုမှ သတိမပြုမိပေ။ ရုပ်ရည်အရ ဖြစ်စေ၊ အရှိန်အဝါ အငွေ့အသက်အရ ဖြစ်စေ မိုဝူကျိုက မိုးကောင်းကင်ဂိုဏ်းမှာ ရှိစဉ်အခါနှင့် လုံးဝ ကွဲပြားနေပြီ ဖြစ်၏။

မူလက မိုဝူကျိုကို ရှာဖွေရန်က ချီခွန်း၏ တာဝန် ဖြစ်ပေသည်။ ချီခွန်းက တာဝန်သပ်သပ်ကို လက်ခံထားလိုက်သောကြောင့် မိုးကောင်းကင်ဂိုဏ်းမှ ထွက်သွားလေသည်။ တစ်ဖက်တွင် မိုဝူကျိုနှင့် ရင်းနှီးသည့် ယွီလောက ပင်ပန်းနေပြီဟု ဆိုကာ တံခါးပိတ် လေ့ကျင့်ဖို့ ဝင်သွားခဲ့သည်။ ယွီလော၏

အဆင့်အတန်းမှာ သာမာန် မဟုတ်သည့်အတွက် သူမသာ အလိုမရှိပါက ဂိုဏ်းချုပ်ပင် အတင်းစေခိုင်း၍ မရချေ။

ဤကိစ္စမှာ မိုဝူကျိုနှင့် တစ်ကြိမ်တစ်ခါမျှသာ တွေ့ဖူးသည့် ရန်ဖေးဆီ တာဝန်ကျရောက်လာလေ၏။

ရန်ဖေးက ချီခွန်းသည် မိုဝူကျိုကလို မရှာလိုခြင်းမှာ သူတို့နှစ်ယောက်ကြား၌ ဆက်ဆံရေးကောင်း ရှိထား၍မှန်း မှန်းဆမိပေသည်။ ထို့အပြင် ချီခွန်းက မိုဝူကျိုအား စိတ်ပျက်စေသည်ဟု ခံစားနေရပေလိမ့်မည်။ သို့သော်လည်း ရန်ဖေးက စိတ်ထဲ မထားပေ။ သူက မိုဝူကျိုကို မှတ်မိသည် မဟုတ်ပါလော။

သို့သော်လည်း ချီခွန်းနှင့် ယွီလောတို့က မိုဝူကျိုသည် ရုပ်ဖျက်ထားသည့် အချက်အား သူ့ဆီမှ ဖုံးကွယ်ထားကြောင်း မသိပေ။ မိုဝူကျို မိုးကောင်းကင်ဂိုဏ်းကို လာစဉ်အခါကလည်း ရုပ်ဖျက်ထားခြင်း ဖြစ်၏။ ရန်ဖေးက နတ်ဘုရားဘုရင် ဖြစ်သော်လည်း မိုဝူကျိုကို တစ်ချက်တည်း ကြည့်ရုံဖြင့် မမှတ်မိနိုင်ပေ။

“ အာ … မင်းက ပြန်ထွက်လာပြီလား။ လေးနာရီတောင် မရှိသေးဘူး။ မင်းကို ကူးပြောင်းပို့လွှတ်လိုက်တာ

မဟုတ်ဘူးဆိုတော့ စစ်ဆေးမှုကို ဝင်မဖြေတာလား ” ဆေးလုံးတာအို ဂုဏ်ထူးဆောင် မျှော်စင် အပြင်ဘက်၌ စောင့်နေသည့် အဝါရောင် ဝတ်ရုံနှင့် ကျင့်ကြံသူက မိုဝူကျိ ထွက်လာလာချင်း မေးလိုက်သည်။

“ ကျုပ်က ဆေးလုံးတာအို ဂုဏ်ထူးဆောင် မျှော်စင်အကြောင်း သိချင်လို့ တစ်ချက် သွားကြည့်တာလေ။ ဘာလဲ … ကျုပ်က ကြည့်လို့ မရဘူးလား ” မိုဝူကျိက လှည့်ထွက်သွားတော့သည်။ သူက ဤနေရာ၌ ကြာကြာမနေလိုတော့ပေ။

အဝါရောင် ဝတ်ရုံနှင့် ကျင့်ကြံသူက မိုဝူကျိ၏ ပျောက်ကွယ်သွားသော ပုံရိပ်အား ကြည့်ကာ မျက်မှောင်ကျုတ်လိုက်သည်။ ဆေးလုံးတာအို ဂုဏ်ထူးဆောင် မျှော်စင်၌ ကျရှုံးသွားသူများသည် ပြန်လည် ကူးပြောင်း ပို့ဆောင်ခံရတတ်၏။ အဘယ်ကြောင့်များ ဤလူက လမ်းလျှောက်ထွက်လာရသနည်း။

………………

မိုဝူကျိက ပစ္စည်း၊ အစီအရင်နှင့် အဆောင်တာအို ဂုဏ်ထူးဆောင် မျှော်စင်နားမှ ဖြတ်ကျော်သွားသော်လည်း မဝင်ခဲ့ချေ။ အဆင့် ၄ အစီအရင်ဆရာမှလွဲ၍ ကျန်တာအိုများ၌ သာမာန်သာ ဖြစ်၏။

သူ့အဆောင်တာအိုမှာ အတော်လေး အားနည်းလှသည်။ သူက အများဆုံး အဆင့် ၁ နတ်အဆောင်ကိုသာ ဖွဲ့လုပ်နိုင်သေး၏။

ဆေးလုံးတာအို၌ ကျရှုံးသွားပြီးနောက် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ စစ်ဆေးမှုကို ဖြေဆိုရန် တခြားဘုရင်ဘွဲ့ထူး ရရန် မဖြစ်နိုင်တော့ချေ။

မိုဝူကျိက နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးဆီ သွားရမလား မဆုံးဖြတ်ရသေးသောကြောင့် ရိပ်သာဆီ ပြန်ကာ ချီပင်းနှင့် ဆွေးနွေးရမည်။ ချီပင်းက နတ်ဘုရားဘုရင် မဟုတ်ပါလော။ ဤသို့ကိစ္စရပ်များ၌ အတွေ့အကြုံ ပိုများပေမည်။

မိုဝူကျိရှေ့ သွေးမြူများ ထွက်ပေါ်လာသည်။ မိုဝူကျိက မြန်မြန် နောက်ဆုတ်လိုက်ရ၏။

သူက လက်ဝဲဘက်ရှိ ရင်ပြင်ဆီ လျှောက်လှမ်းလာမိသား ဖြစ်နေလေသည်။ နောက်ထပ် ကျင့်ကြံသူ တစ်ဦးက စင်မြင့်ပေါ်တွင် အသတ်ခံလိုက်ရပြီး ထိုကျင့်ကြံသူက သူ့ရှေ့တွင် ပေါက်ကွဲထွက်သွားခြင်း ဖြစ်၏။

**တိုက်ပွဲစင်မြင့်လား ....**

မိုဝူကျိက ရပ်တန့်လိုက်သည်။ သူ့တွင် တခြားရွေးချယ်စရာ မရှိတော့သည့်အတွက် ပြိုင်ပွဲတွင် ဝင်မပြိုင်သင့်ပေဘူးလား။

ထိုမှတဆင့် ရရှိလာသော နေရာမှာ အတုအယောင် မဖြစ်နိုင်ပေ။ ဤကိစ္စကား တကယ့်စွမ်းရည်ဖြင့် ရရှိလာခြင်းသာ ဖြစ်၏။

“ ဒီက တာအိုရှောင်းရင်း ဒီပြိုင်ပွဲတွေကနေ နေရာ ဘယ်လောက် ချပေးထားလဲဆိုတာ မေးလို့ ရမလား ” မိုဝူကျိုက သူ့ဘေးရှိ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူအား မေးလိုက်သည်။

ဤကျင့်ကြံသူက မိုဝူကျို၏ လေးလေးစားစား အပြုအမူကို မြင်လိုက်သည့်အခါ ပြုံးလိုက်ပြီး “ ကြည့် ဟိုးက ပိတ်ကားချပ်ကို မြင်တယ်မလား။ အဲဒီပေါ်မှာ နာမည် ၈၀ ရှိတယ်။ ပြိုင်ပွဲပြီးသွားတဲ့အခါ ကျန်ရှိနေတဲ့ နာမည် ၈၀ က နယ်လှည့်ကျင့်ကြံသူကို ကိုယ်စားပြုပြီးသား ဖြစ်သွားလိမ့်မယ် ”

“ အဲဆို ဘယ်လိုလုပ် နာမည် စာရင်းသွင်းရလဲ ” မိုဝူကျိုက ဆက်မေးလိုက်သည်။

ဤကျင့်ကြံသူက ဆွံ့အစွာ ခေါင်းခါလိုက်တော့သည်။ မိုဝူကျို၏ အရှိန်အဝါမှာ မထင်မရှား ဖြစ်သော်လည်း ပြိုင်ပွဲ၌ ဝင်ပြိုင်ချင်နေသေး၏။ သို့သော်လည်း ဤလူက ရှင်းပြလိုက်သေး၏ “ မင်းအနေနဲ့ ပိတ်ကားချပ်ရှေ့က ကျောက်စိမ်းပြားပေါ်မှာ နာမည်ရေးထွင်းရုံပဲ ... အဲဒီနောက် တိုက်ပွဲစင်မြင့်မှာ တိုက်ရမယ်။ ဒီမှာ စင်မြင့် ၃၀ ရှိပြီးတော့

အားလုံးက တစ်ကြိမ်ပဲ အခွင့်အရေး ရတယ်။ တကယ်လို့ မင်း တိုက်ပွဲကို နိုင်ရင် တစ်မှတ် ရမယ်။ နောက်ထပ် မင်းကို စိမ်ခေါ်တဲ့သူကို စောင့်ရမယ်။ မင်းက ဆက်မတောင့်ခံနိုင်တော့ဘူးဆိုရင် နောက်ဆုတ်ရင် ဆုတ် ဒါမှမဟုတ် အရှုံးခံပြီး ထွက်ရမယ်။ ပိတ်ကားချပ်ပေါ်က နာမည်တွေက ဆက်တိုက် နိုင်ထားတဲ့သူတွေလေ .... ”

“တကယ်လို့ ပိတ်ကားချပ်ပေါ်မှာ အမှတ်ရထားတယ်ဆိုပေမဲ့ ရတ်တရက်ကြီး စင်ပေါ်ကနေ ကျရှုံးသွားရင်ရော အမှတ်ကို ထည့်တွက်သေးလား ” မိုဝူကျိုက မေးလိုက်သည်။

“ အဲဒါက နည်းနှစ်ခု ရှိတယ်။ ပထမတစ်ခုက သေခြင်းပဲ။ မင်း အမှတ်မရှိတော့တာ ပုံမှန်ပဲ ... ဒုတိယတစ်ခုက မသေဘဲနဲ့ အရှုံးပေးခြင်း ... အဲလို ဖြစ်လာရင် မင်း အမှတ်တွေကို တစ်ဝက် လျှော့ချခံရမယ်။ တကယ်လို့ မင်းရဲ့ အမှတ်တစ်ဝက် လျှော့ချခံပြီးတဲ့အထိ စာရင်းထဲ ပါနေသေးတယ်ဆိုရင်အမှတ်ကို တွက်ပေးခံရမယ် ...” ထိုသို့ပြောပြီးနောက် ကျင့်ကြံသူက ရည်ရွယ်ချက် ကောင်းကောင်းဖြင့် သတိပေးလိုက်၏ “ ကျုပ် ပြောရဦးမယ် ... တာအိုရောင်းရင်း စင်မြင့်ပေါ် မသွားတာ ကောင်းလိမ့်မယ်။ နေ့တိုင်း ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူ ဘယ်လောက် သေဆုံးနေတာလဲဆိုတာ သိလား။

ဒီစင်မြင့်အထက်မှာ ရှုံးသွားတဲ့သူထဲ တချို့ပဲ အသက်ရှင်ကြတာ ... အများစုက အသတ်ခံလိုက်ရတယ် ”

“တစ်ဖက်လူကို သတ်ပြီးရင် အနိုင်ရရှိသူက သူ သတ်လိုက်တဲ့လူရဲ့ အမှတ်တစ်ဝက်ကိုရော ရလား ” မိုဝူကျိုက ပြိုင်ပွဲစင်မြင့်ဆီ သွားဖို့ရာ ပြင်ဆင်ထားပြီးလေပြီ။ သူက ဤသို့စည်းမျဉ်းမျိုး ရှိနေလျှင် သိနိုင်သော်လည်း သူ့အနေနှင့် သပ်သပ် ရှာမနေတော့ဘဲ သူများကိုသာ မေးလိုက်တော့သည်။

“ အိပ်မက် မက်မနေစမ်းပါနဲ့ဗျာ ... တစ်ဖက်လူကို သတ်လိုက်ရင်တောင် တစ်မှတ်ပဲ ရမှာ ” ထိုကျင့်ကြံသူက မကျေမနပ် ပြန်ပြောလိုက်သည်။

“ ကျေးဇူးပါ ” ထိုသို့ပြောပြီး မိုဝူကျိုက ပိတ်ကားချပ်ဆီ လျှောက်လှမ်းသွားလိုက်သည်။

မိုဝူကျိုက သူ့နာမည်ကို စာရင်းသွားသွင်းသည်ကို မြင်ကာ ထိုကျင့်ကြံသူက ဆွံ့အစွာဖြင့် ခေါင်းတခါခါဖြင့်သာ ကျန်ရှိတော့သည်။ သူက သေခြင်းတရားကို ရှာနေသည့် လူများကို မြင်ဖူးသော်လည်း မိုဝူကျိုလို လူမျိုးကို မမြင်ဖူးချေ။

အကယ်၍ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် စစ်ဆေးမှု၌ နေရာ ရဖို့ရာ လွယ်ကူနေလျှင် ဤနေရာ၌ လူများစွာ ရှိနေပေလိမ့်မည်။

မိုဝူကျိက ပိတ်ကားချပ်ဆီ ရောက်ရှိသည့်အခါ ပိတ်ကားချပ် ထိပ်၌ အနီရောင်လိုင်းလေး တစ်ကြောင်း ရှိနေကြောင်း သိလိုက်ရသည်။ ထိုအနီရောင်လိုင်း အပေါ်တွင် နာမည် ရှစ်ခု ရှိနေ၏။

“ အနီရောင်လိုင်းအထက်မှာ နာမည်ရှစ်ခု ဘာလို့ ရှိနေတာလဲ ” မိုဝူကျိက သူ့ဘာသာ ရေရွတ်လိုက်၏။ ထိုနာမည်ရှစ်ခုက အဆင့်ဝင်နေဟန် မပေါ်ပေ။

“ တာအိုရောင်းရင်းက နိဗ္ဗာန်တာအိုမြို့ကို အခုမှ ရောက်လာတာမလား။ အဲဒီနာမည်ရှစ်ခုက ဘယ်သူမှ စိမ်မခေါ်ရဲလို့လေ။ တကယ်လို့ လူတစ်ယောက်က တိုက်ပွဲမှာ နိုင်ပြီးတော့ အမွေးတိုင် တစ်တိုင်စာပြီးတဲ့နောက်မှာ ဘယ်သူကမှ သူ့ကို စိမ်မခေါ်ရဲရင် သူ့နာမည်က အနီရောင်လိုင်း အပေါ် ရောက်သွားလိမ့်မယ်။ ပထမနေရာက လူ အမှတ်ဘယ်လောက် ရရ ကိစ္စမရှိဘူး။ အဲဒီ အနီရောင်လိုင်းပေါ်က လူတွေက နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးကို ကိုယ်စားပြုပြီး ပြိုင်ရမှာပဲ ” မိုဝူကျိအနားရှိ လူလတ်အရွယ် ကျင့်ကြံသူက ပြောလိုက်သည်။

မိုဝူကျိက အလန့်တကြား ဖြစ်သွားသော်လည်း ချက်ချင်း နားလည်သွားတော့သည်။ ထိုလူရှစ်ယောက်က အရမ်းအားကောင်းပြီး သူတို့ အပြုအမူများမှာ အလွန်ရက်စက်မှန်း

သိသာလှသည်။ မဟုတ်လျှင် မည်သူကမှ သူတို့ကို စိမ်မခေါ်ဘဲ နေမည် မဟုတ်ပေ။

မိုဝူကျိုက သက်ပြင်းချလိုက်သည်။

**တိုက်ပွဲစင်မြင့်က ဘယ်လိုလဲ ...**

ဤသည်မှာ သတ်ဖြတ်ရေးအိမ် ဖြစ်နေလေပြီ။ ဤသို့စည်းမျဉ်းများဖြင့် မည်သူကမှ သနားညှာတာမှု ပြမည် မဟုတ်ချေ။

သို့သော်လည်း သူက ထိုသတ်ဖြတ်ရေးအိမ်ထဲ ဝင်ကာ ထိုကစားပွဲကို ဝင်ကစားရမည် ဖြစ်၏။ တစ်ယောက်ယောက်ကို သတ်လျှင်သတ် သို့မဟုတ် အသတ်ခံရမည် ဖြစ်၏။ မိုဝူကျိုက ကျောက်စိမ်းပြားပေါ် နာမည် ရေးထွင်းလိုက်သည်။ သူက "နယ်လှည့်ကျင့်ကြံသူ ၂၇၀၅" ဟူ၍ ရေးထွင်းလိုက်သည်။ သူ တာအိုလမ်းစဉ် လျှောက်လှမ်းစဉ်ကတည်းက သူ မလုပ်ချင်သော်လည်း လုပ်ရမည့် ကိစ္စများ ပေါ်လာဦးမည်သာ ဖြစ်၏။

မကြာခင် နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ နာမည်က ကျောက်စိမ်းပြားထဲ နှစ်ဝင်ကာ ပျောက်ကွယ်သွားတော့သည်။

မည်သူကမှ မိုဝူကျိသည် သူ့နာမည် မည်သို့ ရေးထွင်းလိုက်သည်ကို ဂရုမစိုက်ကြချေ။ စင်ပေါ် မတက်ရသေးသည့် လူများစွာ ရှိသေးသော်လည်း သူတို့က နာမည်ကို ရေးထွင်းကြဆဲ ဖြစ်၏။ ဤသည်မှာ သူတို့အတွက် ကိစ္စမရှိပေ။ သူတို့က ရုတ်ချည်း စင်ပေါ် ရောက်သွားနိုင်ချေ၏။

မကြာခင် မိုဝူကျိက တိုက်ပွဲတစ်ခုစီ ပြီးဆုံးသွားသည့်အခါတိုင်း ကျင့်ကြံသူများက စင်ပေါ်တက်ဖို့ရာ အလုအယက် ကြိုးစားကြပေသည်။ အမြန်ဆုံးသူသာ တိုက်ပွဲထဲ ရောက်သွားပြီး ကျန်သူများက အတားအဆီး၏ ပိတ်ပင်ခြင်းကို ခံလိုက်ရသည်။

သိပ်မကြာခင် ကျင့်ကြံသူ တစ်ယောက်က စင်ပေါ်က ပြုတ်ကျလာသည်။ ဤတစ်ကြိမ် မိုဝူကျိ၏ ပုံရိပ်က ဖြတ်ခနဲ ပျောက်သွားကာ အားလုံးရှေ့ ရောက်ရှိသွားသည်။ ကနဦး နတ်ဘုရားအဆင့်ထဲ၌ မည်သူကမှ သူလေလွှတ်မြောက်ရေး နည်းစနစ်ကို ယှဉ်နိုင်မည် မဟုတ်ပေ။

တိုက်ပွဲစင်မြင့်ပေါ်ရှိ လူမှာ ကနဦး နတ်ဘုရားအဆင့် ၉ ကျင့်ကြံသူ ဖြစ်၏။ သူက မိုဝူကျိ စင်ပေါ် ရောက်လာသည်ကို မြင်သောအခါ အနည်းငယ် ပျော်ရွှင်မိသွားသည်။ မိုဝူကျိ၏ မီးခာတ် သဘာဝအငွေ့အသက်မှာ အားနည်းလှသောကြောင့်

သူ့ဝိညာဉ်ကြောက သိပ်မကောင်းမှန်း သိသာလှသည်။ အထူးဆန်းဆုံးအရာမှာ မိုဝူကျိုက ကနဦး နတ်ဘုရား နောက်ပိုင်းအဆင့်တွင် ရှိနေသည်နှင့် မတူပေ။

**ကနဦး နတ်ဘုရား နောက်ပိုင်းအဆင့် မရောက်သေးသည့် ကျင့်ကြံသူက သူ့အား တိုက်ပွဲစင်မြင့်ပေါ်၌ စိမ်ခေါ်ရဲသည်လား …**

“ တာအိုရောင်းရင်း အရင်တိုက်ပါ ” မိုဝူကျိုက လက်သီးဆုပ်ထားလိုက်သော်လည်း မတိုက်ခိုက်သေးပေ။

ဤကနဦး နတ်ဘုရား အဆင့် ၉ ကျင့်ကြံသူသည် ခေါင်းခါကာ “ ဒီလိုဆိုမှတော့ ငါ့လက်သီးကို မြည်းစမ်းကြည့်ပေါ့ ”

ထိုသို့ပြောပြီးနောက် ဤကျင့်ကြံသူက သူ့မှော်ရတနာကိုပင် ထုတ်မသုံးပေ။ သူက မိုဝူကျိုဆီ တည့်တိုး ဝင်တိုက်ခိုက်လိုက်၏။ သူ့လက်သီးချက်ကို ထုတ်လွှင့်လိုက်သည့်အခါ ကနဦး နတ်ဘုရားအဆင့် စွမ်းအားစက်ကွင်းလည်း အင်အားအပြည့် ထွက်ပေါ်လာပြီး မိုဝူကျိုကို လွှမ်းခြုံသွားသည်။

သူ့အတွက် မိုဝူကျိုသည် အလကား အမှတ်ပေးရန် ရောက်လာခြင်းသာ ဖြစ်၏။

## အခန်း (၉၈၆) : ကလိမ်ကကျစ် လှည့်ကွက်

အားကောင်းသည့် စွမ်းအားစက်ကွင်းက မိုဝူကျို၏ ဝဲကတော့ စွမ်းအားစက်ကွင်းဆီ ပြေးဝင်လာသည်။ ကံဆိုးစွာဖြင့် မိုဝူကျို၏ ဝဲကတော့ စွမ်းအားစက်ကွင်းသည် အလွန်တရာ အားကောင်းနေသည်။ မိုဝူကျို၏ ပြိုင်ဖက်မှာ ကနဦး နတ်ဘုရား အဆင့် ၉ ကျင့်ကြံသူ ဖြစ်သော်လည်း သူတို့ စွမ်းအားစက်ကွင်း အချင်းချင်း တွေ့ဆုံသွားသည့်အခါ စမ်းချောင်းက သံမဏိနံရံကြီးနှင့် ထိတွေ့သွားသည့်အလား ဖြစ်သွားသည်။ မိုဝူကျို၏ ဝဲကတော့ စွမ်းအားစက်ကွင်းအပေါ်တွင် သက်ရောက်မှု မရှိပေ။

ထိုစဉ် မိုဝူကျိုက ကနဦး နတ်ဘုရားအဆင့် ၉ ကျင့်ကြံသူအား စင်ပေါ်မှ လွင့်စင်သွားစေရန် လက်ဝါးတစ်ချက်သာ လိုအပ်တော့သည်။

မိုဝူကျိုက သက်ပြင်းချလိုက်၏။ သူက ကနဦး နတ်ဘုရား အဆင့် ၉ ကျင့်ကြံသူကို အလွယ်လေး ဖိနှိပ်ထားနိုင်ခဲ့သောကြောင့် အားလုံး၏ အာရုံစိုက်မှုကို ဖမ်းစားသွားလိမ့်မည်ဟု သတိထားလိုက်မိ၏။

မိုဂူကျိုက ထိုအတွေးဖြင့် သူ့ဝဲကတော့ စွမ်းအားစက်ကွင်းကို ကူကယ်ရာမဲ့စွာ ဖြေလျှော့လိုက်ရတော့သည်။

ဤကနဦး နတ်ဘုရားအဆင့် ၉ ကျင့်ကြံသူက မိုဂူကျိုကို မျက်လုံးထဲပင် မထည့်ပေ။ သို့သော် သူ့စွမ်းအားစက်ကွင်းက ကျောက်ဆောင်ဆီ သွားပေါက်သည့် ကြက်ဥကဲ့သို့ ဖြစ်နေကြောင်း သတိထားမိလိုက်သည့်အခါ တုန်လှုပ်သွားတော့သည်။ ထိုစဉ် တစ်ဖက်လူက အားကောင်းသည့် စွမ်းအားစက်ကွင်းကို ထုတ်လွှင့်လိုက်လျှင် သူ့အသက်လေး ခြိမ်းခြောက်ခံရနိုင်ကြောင်း သိလိုက်သည်။

သူ့တွင် အချိန်မရှိတော့သည်ကို သိသော်လည်း ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူက သူ့ မှော်ရတနာ အသွားသုံးချောင်း ခရင်းခွကို ထုတ်ယူလိုက်သည်။

ကနဦး နတ်ဘုရားအဆင့် ၉ ကျင့်ကြံသူက အားကုန်ထုတ်တော့မည့်အချိန်လေး၌ သူ့စွမ်းအားစက်ကွင်းမှာ တစ်ဖက်လူ၏ ထူးထူးဆန်းဆန်း ဝဲကတော့ စွမ်းအားစက်ကွင်းကို ချိုးဖောက်သွားကြောင်း ရုတ်ချည်း ခံစားမိလိုက်သည်။ သူ့တစ်ကိုယ်လုံးမှာ ဖိအားများအောက်မှ ကင်းလွတ်သွားလေ၏။

ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူက ဝမ်းသာဝမ်းမြောက်စွာဖြင့် မိုဝူကျိုထံ အလင်းတန်းတစ်ချက် ပို့လွှတ်လိုက်တော့သည်။ ဤသည်မှာ သူ့အားအကောင်းဆုံး တိုက်ကွက် ဖြစ်သည့် အာကာပြင်ဓားတော တိုက်ကွက် ဖြစ်၏။

မိုဝူကျိုက ထိုတိုက်ကွက်ကို ရှောင်ရှားလိုက်ပြီးနောက် လက်သီးတစ်ချက် ပြန်လည် ပို့လွှတ်လိုက်သည်။

စင်အောက်ရှိ ကျင့်ကြံသူအားလုံးက မိုဝူကျို၏ လက်သီးချက်သည် အာကာပြင်ခွင်းထွက်လာသည့် နေတစ်စင်းအလား ခံစားမိလိုက်ကြသည်။ ဤသည်က ကနဦး နတ်ဘုရားအဆင့် ၉ ကျင့်ကြံသူ၏ ခန္ဓာကိုယ်ပေါ်သို့ တိုက်ရိုက် ကျရောက်လာသည်။

ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူသည် လွှင့်ထွက်သွားလေ၏။ သူက သွေးတစ်ပွက် အန်ထုတ်လိုက်ပြီးနောက် စင်အောက်သို့ ဘုန်းခနဲ ပြုတ်ကျလာသည်။

မိုဝူကျိုက သူ့စွမ်းအားစက်ကွင်း ချေဖျက် လက်သီးချက်ကို အသုံးပြုလိုက်ခြင်းမှာ သူ့ကိုယ်သူ မီးဓာတ် သဘာဝ ကျင့်ကြံသူအဖြစ် ပြသထား၍ ဖြစ်ပေသည်။ ထို့အပြင် သူ့ကျင့်ကြံဆင့်က ကနဦး နတ်ဘုရားနောက်ပိုင်းအဆင့်ပင် မရောက်သေးကြောင်း သိသာနေသောကြောင့် ကနဦး

နတ်ဘုရားအဆင့် ၉ ကျင့်ကြံသူ စင်ပေါ်မှ ပြုတ်ကျသွားဖို့ရာ သူ့အားအကောင်းဆုံး တိုက်ကွက်ကို ထုတ်သုံးပြရန် လိုအပ်ပေသည်။

မီးခါတ် သဘာဝ ကျင့်ကြံသူအနေနှင့် သူ့အကောင်းဆုံး တိုက်ကွက်မှာ မီးခါတ် လျို့ဝှက်တိုက်ကွက် ဖြစ်သင့်ပေ၏။

မိုဝူကျိုက တစ်ဖက်လူ စင်ပေါ်မှ လွင့်စင်သွားသည်ကို ကြည့်ရင်း မပျော်မရွှင် ခံစားမိလာသည်။ သူက သူ့စွမ်းအားစက်ကွင်းကို ထိန်းချုပ်ရရုံတင်မက စွမ်းအားစက်ကွင်း ချေဖျက် လက်သီးချက် အင်အားကိုလည်း တစ်ဝက်မျှ လျော့ချထားရသေးသည်။

ထိုလက်သီးချက်ကို ထုတ်လွှင့်ပြီးနောက် သူက အသက်တစ်ရှိုက်စာမျှပင် မလိုလိုက်ပေ။ သူ့ဟန်ဆောင်မှုအား ဆက်လက် ထိန်းထားရန် ဆေးလုံးတစ်လုံး မသောက်ပြဘဲ မနေနိုင်တော့ပေ။

မိုဝူကျိုက သူ့စွမ်းအားစက်ကွင်း ချေဖျက် လက်သီးချက် အင်အား တစ်ဝက်လျော့ချထားသော်လည်း စင်အောက်မှ လူများအား ကြောင်အမ်းသွားစေသေးသည်။

“ အားကောင်းလိုက်တဲ့ တိုက်ကွက်ပဲ။ ဒီလူရဲ့ ကျင့်ကြံဆင့်က သိပ်မမြင့်ပေမဲ့ သူက အားကောင်းသား။ ဒီမီးခါတ်

တိုက်ကွက်ကလည်း သူ့မီးခါတ် သဘာဝ ဝိညာဉ်ကြောကို အဆုံးအစွန်အထိ အသက်ဝင်လာစေတာ နေမယ် ” လူအုပ်ထဲမှ တစ်ယောက်က တအံ့တသြ ပြောလိုက်သည်။

“ တကယ်လို့ ငါ့မှာ အဲလိုတိုက်ကွက်မျိုးသာ ရှိရင် ကနဦး နတ်ဘုရား အဆင့် ၅ ဆိုရင်တောင် စင်ပေါ် တက်ရဲတယ် ”

................

လူများစွာက မိုဝူကျိ၏ အားကောင်းလှသည့် လျို့ဝှက်တိုက်ကွက်အကြောင်း ဆွေးနွေးနေကြသော်လည်း ခပ်ပုပု အမျိုးသားက စင်ပေါ် တက်သွားသေး၏။ သူက မိုဝူကျိရှေ့တွင် မတ်မတ် ရပ်နေသည်။

ဤသူက ကနဦး နတ်ဘုရား အဆင့် ၈ ကျင့်ကြံသူ ဖြစ်၏။ သူ စင်ပေါ် တက်လာသည်နှင့် မိုဝူကျိဆီ ရွယ်၍ ခုတ်ချလိုက်သည်။

မိုဝူကျိက ရှောင်လိုက်၏။ ဤကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူ၏ ဓားသွားမှာ ရေဖြန်းလိုက်သလို ဖြစ်ပြီး စင်မြင့် တစ်ခုလုံးကို လွှမ်းခြုံသွားသည်။ စင်အောက်ရှိ လူများကလည်း ဓားသွားက စင်ပေါ်တစ်ခုလုံး ဖြတ်ပြေးသွားသည်ကို မြင်လိုက်ကြသည်။ တစ်ချိန်တည်းဆိုသလို မိုဝူကျိက

ခေါးအလင်းအတွင်း ဘယ်ညာ ခုန်ရှောင်နေသည်ကို မြင်လိုက်ရသည်။

အမွေးတိုင်ဝက်စာ ရှောင်နေပြီးနောက် စင်အောက်ရှိ လူများက မိုဝူကျိသည် အခွင့်အရေးကို အမိအရ ဖမ်းဆုပ်၍ လက်သီးတစ်ချက် ပစ်လွှတ်လိုက်ကြောင်း တွေ့လိုက်ရသည်။ ဤသည်မှာ ယခင်တိုက်ပွဲက သုံးခဲ့သည့် လက်သီးချက်နှင့် အတူတူ ဖြစ်၏။

ခပ်ပုပု အမျိုးသားလည်း မိုဝူကျိကြောင့် စင်ပေါ်မှ လွှင့်စင်သွားတော့သည်။ သူလည်း သွေးတစ်ပွက် အန်ပြီး စင်အောက်သို့ ပြုတ်ကျလာ၏။ ထို့နောက် မိုဝူကျိက ဆေးတစ်လုံးကို ထပ်မျိုချလိုက်သည်။

မိုဝူကျိက ဆေးလုံး မသောက်ခင် လက်သီးတစ်ချက်သာ ထုတ်လွှင့်လိုက်သည်ကို သတိပြုမိပြီး မြောက်များစွာသော ကျင့်ကြံသူများက စင်ပေါ်ဆီ အပြေးအလွှား တက်ဖို့ ကြိုးစားကုန်ကြသည်။ နောက်ဆုံး၌ အမျိုးသမီး ကျင့်ကြံသူ တစ်ဦးက အခွင့်အရေးကို ဖမ်းဆုပ်နိုင်လိုက်သည်။

နောက်တိုက်ပွဲ၌လည်း မိုဝူကျိက အမျိုးသမီး၏ တိုက်ခိုက်မှုများကို ဆက်လက် ရှောင်ရှားရင်း အခွင့်အရေး ရလာသည့်အခါ

လက်သီးတစ်ချက်သာ ပစ်လွှတ်လိုက်ပြီး ဆေးလုံးကိုသာ သောက်သုံးလိုက်သည်။

တူညီသည့် လက်သီးချက်၊ တူညီသည့် မီးတောက်၊ တူညီသည့် ရလဒ်မျိုးသာ ထွက်လာခဲ့သည်။

လေးနာရီကြာမြင့်ပြီးနောက် မိုဝူကျို၏ တိုက်ပွဲစင်မြင့်ဘေးတွင် ရှိနေသော အားလုံးက မိုဝူကျိုသည် မည်သို့လူစား ဖြစ်ကြောင်း ကောင်းကောင်း သိသွားကြသည်။ မီးဓာတ် ဝိညာဉ်ကြောပိုင်ရှင် ကနဦး နတ်ဘုရား အဆင့် ၆ ကျင့်ကြံသူ ဖြစ်၏။ သူ့ဝိညာဉ်ကြောမှာ မဆိုးလှသော်လည်း အနည်းဆုံးတော့ အားလုံးက သူ့မီးဓာတ် အငွေ့အသက်ကို ခံစားမိကြပေသည်။

ဤကျင့်ကြံသူတွင် လှုပ်ရှားကွက် သုံးမျိုးသာ ရှိပြီး ပထမလှုပ်ရှားမှုမှာ တစ်ဖက်လူ၏ တိုက်ခိုက်မှုကို ရှောင်ရှားခြင်း ဖြစ်သည်။ ထို့နောက် သူက အခွင့်အရေးကို အသုံးချ၍ ဒုတိယလှုပ်ရှားကွက် ဖြစ်သည့် မီးဓာတ် လက်သီးချက်ကို ထုတ်ဖော်လိမ့်မည်။ ထို့နောက် တတိယလှုပ်ရှားကွက်မှာ ဆေးလုံးကို သောက်ပြီး ပြန်လည် ကောင်းမွန်လာမည် ဖြစ်၏။

အဓိက လှုပ်ရှားကွက်မှာ သူ့မီးဓာတ် လက်သီးချက်သာ ဖြစ်၏။ စင်ပေါ်ရှိ မည်သူကမှ မရှောင်ရှားနိုင်ကြပေ။

ထိုသို့ဆိုလျှင်ပင် ကျင့်ကြံသူများစွာက သူ့စင်ပေါ်ရှိ အဆုံးမရှိ တက်နေကြဆဲ ဖြစ်သည်။ ယခုအချိန်အထိ မိုဝူကျိ၏ စင်မြင့်အထက်၌ မည်သူမှ အသတ်မခံရသေးပေ။

ဤသည်မှာ မြင်ရခဲ၏။ အကြောင်းမှာ တိုက်ပွဲဆယ်ပွဲကျော် ဆက်တိုက် တိုက်ခိုက်ပြီးနောက် မည်သူကိုမှ မသတ်ရသေးသည်မှာ အံ့ဖွယ် ဖြစ်နေလေပြီ။ သို့သော်လည်း အားလုံးက မိုဝူကျိ၏ ကျင့်ကြံဆင့်မှာ နိမ့်ကျလွန်းပြီး နည်းလမ်းမှာ ရိုးရှင်းလွန်းသည်ဟုသာ တွေးနေမိကြသည်။

ကနဦး နတ်ဘုရားအဆင့် ၆ ကျင့်ကြံသူက တစ်ဖက်လူ၏ တိုက်ခိုက်မှုများကို ရှောင်ရှားပြီး လက်သီးတစ်ချက် ပစ်လွှတ်ခြင်းသာ ဖြစ်သည့်အတွက် သူ့တွင် သတ်ဖြတ်စွမ်း ရှိနေသည်မှာ မဖြစ်နိုင်သလောက် ဖြစ်ပေသည်။

နေရောင်က ရှိနေသေးပြီး မိုဝူကျိက တိုက်ပွဲ ၂၈ ပွဲ ဆက်တိုက် အနိုင်ရခဲ့သည်။ ပိတ်ကားချပ်၌ နောက်ဆုံးလူ ရထားသည့် အမှတ်မှာ ၂၉ မှတ် ဖြစ်၏။ မိုဝူကျိက တိုက်ပွဲ နှစ်ပွဲ နိုင်လျှင် သူ့နာမည်လည်း ပိတ်ကားချပ်၌ ပေါ်လာမည် ဖြစ်ကြောင်း မှန်းဆမိလိုက်သည်။

“ ဒီလူတော့ ကြာကြာ တောင့်မခံနိုင်လောက်တော့ဘူး။ ကြည့်ကြည့် ... သူ့တိုက်ကွက်က ဖြည်းဖြည်းချင်း အားနည်းလာပြီ။ ပြီးတော့ သူက တစ်ဖက်လူကို တိုက်ဖို့ အတော် စောင့်နေရတာပဲ ”

“အဓိက အကြောင်းအရင်းက အဲဒီလူ သဘာဝစွမ်းအား သိုလှောင်ဆေးလုံးတွေ အများကြီး စားလို့ နေမယ်။ အကောင်းဆုံး ဆေးလုံးတောင် ဆေးအဆိပ် ရှိတာပဲ မဟုတ်ဘူးလား။ တကယ်လို့ သူသာ မဖယ်ရှားရင် သူ့ဝိညာဉ်လမ်းကြောင်းတွေ ပိတ်ပြီးတော့ စိတ်စွမ်းအားနဲ့ သဘာဝစွမ်းအားအပေါ် သက်ရောက်မှု ရှိလာလိမ့်မယ်။ သူ့ကျင့်ကြံရေးပေါ်လည်း အများကြီး ထိခိုက်သွားလိမ့်မယ် ”

“ ဒါပေမဲ့ သူက ဆေးလုံး သောက်တာအပြင် ဘာလုပ်နိုင်မှာလဲ။ တကယ်လို့ မင်းသာ ကနဦး နတ်ဘုရားအဆင့် ၆ ကျင့်ကြံသူဆိုရင် တိုက်ပွဲ ဆက်တိုက် နိုင်ဖို့ တခြားဘာနည်းလမ်း ရှိလို့လဲ ”

“ ကျုပ်တော့ တိုက်ပွဲအတွင်း ဆေးလုံး မသောက်ခိုင်းသင့်ဘူး ထင်တာပဲ။ ဒါက မသမာတာပဲ ”

..................

စင်အောက်ရှိ ဆွေးနွေးမှုများက မိုဂူကျိအပေါ် သက်ရောက်မှု မရှိချေ။ ယခု မိုဂူကျိက ၂၉ ပွဲ နိုင်ထားလေပြီ။ သူ့နာမည်က ပိတ်ကားချပ်ပေါ် ပေါ်မလာသေးသော်လည်း နောက်တစ်ပွဲ နိုင်ပါက သူ့နာမည် ပေါ်လာတော့မည် ဖြစ်ကြောင်း အသေအချာ သိနေသည်။

အကယ်၍ မိုဂူကျိက လုပ်နိုင်လျှင် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်မှ ထုတ်လုပ်ထားသော ဆေးလုံးများကို စာစရာ မလိုတော့ပေ။ သူ့အမြင်အရ ဆန်ကို ပျော်ရွှင်ဖို့ရာသာ ချက်ပြုတ်စားသင့်ပေသည်။ သူက အလကား ဖြုန်းတီးနေခြင်းသာ ဖြစ်နေ၏။ သို့သော် သူက မစားလျှင် ကနဦး နတ်ဘုရားအဆင့် ၆ ကျင့်ကြံသူအနေနှင့် မည်သို့ တိုက်ပွဲ ဆက်တိုက် နိုင်မည်နည်း။

“ ဒီလူက မီးစာကုန်တဲ့ ဖယောင်းတိုင်လိုပဲ … ငါ သူ့ကို ရှင်းပစ်မယ် ” ခပ်ကြမ်းကြမ်း အမျိုးသားက သရော်ကာ စင်ပေါ်သို့ တက်လာ၏။

သူ စင်ပေါ်သို့ တက်လာသည်နှင့် သူ့အားကောင်းလှသည့် စွမ်းအားစက်ကွင်းဖြင့် မိုဂူကျိအား ပိတ်လှောင်ထားလိုက်သည်။ ကနဦး နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့်ရှိ ကျင့်ကြံသူ တစ်ဦး၏ အင်အားကား ထွက်ပေါ်လာလေ၏။

မိုဝူကျိက စွမ်းအားစက်ကွင်းအတွင်း ဆွဲသွင်းခံလိုက်ရသည့်အခါ လေးတိလေးကန် ဖြစ်သွားပြီး သူ့လှုပ်ရှားမှုများကိုလည်း ဖိအားပေးခံရသလို ဖြစ်လာသည်။

“ ကောင်စုတ်လေး မင်းက ငါတို့ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးရဲ့ အကျိုးစီးပွားကို လိုက်ဖျက်စီးရဲတယ်ပေါ့။ သေစမ်း ” ခပ်ကြမ်းကြမ်း အမျိုးသားက အလျှင်စလို ပြောလိုက်သည်။ ထို့နောက် လွှသွား ဓားချက်က မိုဝူကျိဆီ ကျရောက်လာသည်။

မိုဝူကျိက လွတ်မြောက်ဖို့ ရုန်းကန်လိုက်သော်လည်း ဤလူ၏ စွမ်းအားစက်ကွင်းမှာ အတော်လေး အားကောင်းသောကြောင့် သူ့အနေနှင့် ဘာမှမလှုပ်ရှားနိုင်ပေ။

မိုဝူကျိက ကပျာကယာဖြင့် “ကျုပ်က ဒီကို စည်းမျည်းအတိုင်း လာတာလေ။ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးရဲ့ အကျိုးစီးပွားကို ဘာများ ထိခိုက်စေလို့လဲ။ ကျုပ်လည်း နယ်လှည့်ကျင့်ကြံသူပဲ ”

ခပ်ကြမ်းကြမ်းအမျိုးသားက ခပ်တိုးတိုးဖြင့် “ကောင်စုတ်လေး မင်းကို နောင်တမရှိဘဲ သေစေရမယ်။ ငါတို့ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးက ဘယ်သူတွေ နေရာရမလဲဆိုတာ

သတ်မှတ်ပြီးသား ... မင်းလိုမျိုး နယ်လှည့်ကျင့်ကြံသူ တစ်ယောက်က နေရာကို လိုချင်နေမှတော့ သေစမ်း ”

ဤလူလည်း နယ်လှည့်ကျင့်ကြံသူ တစ်ယောက် ဖြစ်ကာ နယ်လှည့်ကျင့်ကြံသူ တစ်ယောက်အား အဘယ်ကြောင့် နှိမ်နေရသနည်း။ ထိုအခိုက်အတန့် မိုဝူကျိုက နားလည်သွားတော့သည်။ တိုက်ပွဲအများစုက အတုအယောင်သာ ဖြစ်လိမ့်မည်။ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးက အမှတ်ရစေရန် ပွဲကို သပ်သပ်စီစဉ်ပေးထားလောက်၏။ အမှတ်ပေးလိုက်ရသည့် လူများလည်း ရှိပေမည်။ တစ်ဖက်တွင် သူ့လိုမျိုး ဘာမှမသိသူများက မကြာခင် အသတ်ခံလိုက်ရခြင်းသာ ဖြစ်လိမ့်မည်။

နေရာရှစ်ဆယ်၌ ပထမနေရာမှာ အမှတ်တစ်ရာကျော်နေခြင်းမှာ မထူးဆန်းတော့ပေ။ အဆိုးဆုံးလူမှာ ၂၉ မှတ် ဖြစ်နေသည်။ အားအကောင်းဆုံး ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူပင် တိုက်ပွဲ ၁၀၀ ဆက်တိုက် တိုက်ဖို့ ခက်ခဲပေလိမ့်မည်။ မိုဝူကျိုက ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူတိုင်းသည် သူ့လိုမျိုး ချီသွေးကြော ကျင့်စဉ်ကို လေ့ကျင့်လိမ့်မည်ဟု မထင်ပေ။ ထို့အပြင် သူ့တွင် ချီသွေးကြော ၁၀၈ ခု ရှိထားပြီး စိတ်ဝိညာဉ် သိုလှောင်ရေး လမ်းကြောင်းလည်း ပါရှိသည်။ သူက

အသိစိတ်ပင်လယ်အတွင်း ခရမ်းရောင်ကန့်လန့်လည်း ပိုင်ဆိုင်ထားသေး၏။

အမြင့်နှင့်တင် နိဗ္ဗာန် အသိပညာရပ်ကျောင်းတော်ရှိ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးကို ကိုယ်စားပြုသော သူများမှာ ဂိုဏ်းကြီးများ သို့မဟုတ် မျိုးနွယ်စုများမှသာ ဖြစ်လိမ့်မည်။

နယ်လှည့်ကျင့်ကြံသူများက နယ်လှည့်ကျင့်ကြံသူများသာ ဖြစ်၏။ သူတို့က ခပ်ကြမ်းကြမ်း လူကြီး ပြောသည့်အတိုင်း “ ပါးမွား” သာ ဖြစ်ပေသည်။

ဤသည်မှာ ကလိမ်ကကျစ် ကျခြင်းသာ ဖြစ်၏။

မိုဝူကျိုက သက်ပြင်းချလိုက်သည်။ ဂုဏ်ထူးဆောင် မျှော်စင်တွင် ဖြစ်စေ၊ ပြိုင်ပွဲတွင် ဖြစ်စေ တရားမျှတသည့် နေရာဟူ၍ မရှိပေ။

မိုဝူကျိုက ယခင် နယ်လှည့်ကျင့်ကြံသူများကို အသက် ချမ်းသာပေးခဲ့သည့် သူ့အတွေးက မည်မျှပင် ရယ်မောဖွယ် ဖြစ်နေကြောင်း သတိပြုမိလိုက်သည်။

ဤသို့ဆိုမှတော့ သတ်ပစ်ရမည်။ သူ မိုဝူကျို အသက်ကို လိုချင်သူများသည် သူတို့အသက်နှင့် ပြန်ပေးဆပ်သင့်၏။ ယခင် သူက လူများ သူ့ကို သတိမပြုမိစေလိုပေ။ ယခု သူက

ဘာမှဂရုမစိုက်နိုင်တော့ချေ။ အကုန်တွေးပြီး စိုးရိမ်နေခြင်းက သူ့အကျင့်နှင့် မကိုက်ညီပေ။

လွှသွားခေါ်ချက်က မိုဝူကျိ၏ ဦးခေါင်းအထက်သို့ ရောက်ရှိလာသည်။ ယခင် ပိတ်လှောင်ခံထားရသော မိုဝူကျိက လျို့ဝှက်နည်းစနစ်တချို့ ထုတ်သုံးလိုက်ဟန် ပေါ်သည်။ သူ့ပုံရိပ်က ရုတ်ချည်း ပျောက်ကွယ်သွားပြီး လက်သီးချက်ကို ထုတ်လွှင့်လိုက်သည်။

" ဝုန်း " မိုဝူကျိနှင့် ရင်ဆိုင်နေသည့် လူကြီးက ထိုလက်သီးချက်ကြောင့် လွင့်စင်သွားပြန်သည်။

အားလုံးက မိုဝူကျိ၏ အပြုအမူကြောင့် တအံ့တသြ ဖြစ်ကုန်ကြပြီး ထိုလွှသွားခေါ်ချက်ကို ရှောင်ရှားလိုက်သည့် အပြုအမူကို အထင်ကြီးကုန်ကြသည်။ သို့သော်လည်း မည်သူကမှ ခပ်ကြမ်းကြမ်း လူကြီးအား စိုးရိမ်ခြင်း မရှိပေ။ အကြောင်းမှာ မိုဝူကျိ၏ တိုက်ခိုက်စွမ်းအားတွင် သတ်ဖြတ်စွမ်း ကင်းမဲ့နေကြောင်း သိထား၍ ဖြစ်သည်။ အများဆုံး ထိုလူက သွေးတစ်ပွက်အန်၍ အပေါ်ယံ ဒဏ်ရာတချို့သာ ရသွားလိမ့်မည်။

သို့သော် နောက်အခိုက်အတန့်လေး၌ အားလုံးက တုန်လှုပ်ကုန်ကြသည်။ ခပ်ကြမ်းကြမ်း အမျိုးသား စင်ပေါ်မှ

လွှင့်စင်သွားသည့်အခါ သူ့တစ်ကိုယ်လုံးမှာ သွေးမြူအဖြစ် ပေါက်ကွဲထွက်သွား၏။ သူ့ကမ္ဘာဦး စိတ်ဝိညာဉ် ထွက်လာသည့်အခါ မီးတောက်၏ ဝါးမျိုခြင်းကို ခံလိုက်ရပြီး အစအနမရှိ ပျောက်ကွယ်သွားရတော့သည်။

ဤသည်မှာ ဝိညာဉ်တစ်ခုအား ဇိဝိန်ချုပ်ပေးလိုက်ခြင်း ဖြစ်၏။

**အခန်း (၉၈၇) : နယ်လှည့်ကျင့်ကြံသူ အစည်းအရုံး**

ပွဲကြည့်ပရိတ်သတ်အားလုံး၏ စိတ်နှလုံးလည်း အေးစက်သွားကြသည်။

**ဒီ မီးခတ် သဘာဝ ဝိညာဉ်ကြောပိုင်ရှင် ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူက ဘယ်တုန်းက အားကောင်းသွားတာလဲ ...**

သိပ်မကြာခင် အများစုက အဖြစ်အပျက်ကို နားလည်သွားကြသည်။ ယခင် ဤကျင့်ကြံသူက သနားညှာတာပေးနေခြင်းသာ ဖြစ်၏။ သို့သော် ဤတစ်ကြိမ်၌ တစ်ဖက်လူက သူ့အသက်ကို လိုချင်လာပြီ ဖြစ်ရာ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူက ရက်စက်ပြလိုက်ခြင်း ဖြစ်သည်။

လူအုပ်ကြီးက ခဏတာ တိတ်ဆိတ်သွားလေ၏။ ယခင်ကဲ့သို့ စင်ပေါ် အလုအယက် တက်ရန် ကြိုးစားကြသည့် မြင်ကွင်းမှာ ယာယီ ပျောက်ကွယ်သွားတော့သည်။

မိုဝူကျိုက ကောင်းကင်နတ်ဘုရား တပိုင်း အဆင့် ကျင့်ကြံသူအား လက်သီးတစ်ချက်တည်းဖြင့် အမှန်တကယ် သတ်ပစ်လိုက်နိုင်သည်။ ဤအပြုအမူက အားလုံးအား ကြက်သေ သေသွားကြသည်။ ထိုစဉ် မည်သူကမှ သူ့အား စိမ်မခေါ်ရဲကြတော့ပေ။

သို့သော်လည်း သိပ်မကြာလိုက်ပေ။ ကနဦး နတ်ဘုရားအဆင့် ၉ ကျင့်ကြံဆင့်ရှိသည့် မီးခိုးရောင် ဝတ်စုံနှင့် ကျင့်ကြံသူ တစ်ဦးက စင်ပေါ် တက်လာသည်။သူ စင်ပေါ် တက်လှမ်းလာပြီးနောက် စကားတစ်ခွန်းမှ မပြောပေ။ သူက မှော်ရတနာကိုသာ ထုတ်လိုက်သည်။ သတ်ဖြတ်ငွေ့များက စင်မြင့်တစ်ခုလုံး ပြည့်နှက်သွားလေ၏။ စင်မြင့်အထက်တွင် အတားအဆီးများ ရှိသော်လည်း စင်ဘေးရှိ ကျင့်ကြံသူများက ခံစားမိနေဆဲ ဖြစ်သည်။ ဤကျင့်ကြံသူက မိုဝူကျိုအား သတ်ရန် ဆုံးဖြတ်ထားသည်မှာ သိသာလှသည်။

မိုဝူကျိုက တစ်ဖက်လူ၏ တိုက်ခိုက်မှုများကို တမင်ရှောင်လိုက်သေး၏။ ထို့နောက် လက်သီးတစ်ချက် ပစ်ခွင်းလိုက်သည်။

ချွင်းချက်မရှိ ထိုမီးခိုးရောင် ဝတ်စုံနှင့် ကျင့်ကြံသူသည်လည်း စင်ပေါ်မှ လွင့်စင်သွားတော့သည်။ ဤတစ်ကြိမ်၌ မည်သူကမှ မိုဝူကျိုကို မကြည့်ကြတော့ဘဲ မီးခိုးရောင် ဝတ်စုံနှင့် ကျင့်ကြံသူကိုသာ ကြည့်လိုက်ကြသည်။

ထိုမီးခိုးရောင် ဝတ်စုံနှင့် ကျင့်ကြံသူက လေထဲ၌ ပေါက်ကွဲထွက်သွားကာ ဝိညာဉ် ပျက်သုန်းခြင်းနှင့်ပါ ရင်ဆိုင်လိုက်ရသည်။

ပွဲကြည့်ပရိတ်သတ်အားလုံးက ပွစိပွစိ ဆွေးနွေးကုန်ကြသည်။ မည်သူကမှ မိုဝူကျိုသည် သဘောကောင်းသူ ဖြစ်ကြောင်း ဆက်လက်၍ မယုံတော့ပေ။

အားလုံးနီးပါးက ဤနယ်လှည့်ကျင့်ကြံသူသည် ဒေါသူပုန်ထနေသည်ကို မြင်တွေ့နိုင်ပေသည်။ နောက်ထပ် တက်သွားသူမှာ ဝိညာဉ် ပျက်သုန်းခြင်း ရလဒ်နှင့်သာ ရင်ဆိုင်ရမည် ဖြစ်ကြောင်း ထုတ်မပြောဘဲ သိထားကြသည်။

အမွေးတိုင်တစ်တိုင်စာ ကုန်လွန်သွားသော်လည်း မည်သူကမှ မိုဝူကျိအား စိမ်မခေါ်ရဲကြတော့ပေ။

မိုဝူကျိက အောက်ခြေရှိ သူ့နာမည်သည် ကိုးခုမြောက် နေရာသို့ ရောက်သွားကြောင်း မြင်လိုက်ရသည်။ သူက အနီရောင်လိုင်း အပေါ် ရောက်သွားလေပြီ။

ယခု ဝင်ခွင့်နေရာမှာ သူ့လက်ထဲ ရောက်ရှိလာပြီ ဖြစ်ရာ မိုဝူကျိက စင်ပေါ်မှ ဆင်းသွားလိုက်တော့သည်။

မိုဝူကျိက ရှေ့တိုက်ပွဲများအား သနားညှာတာပြခဲ့သည်ကို နောင်တမရပေ။ သူက နှစ်ယောက်ကို သတ်လိုက်၍ စိမ်ခေါ်မှု မရှိတော့ခြင်း မဟုတ်ကြောင်း သိပေသည်။ ထို့အစား သူက ရှေ့ပွဲများအား မည်သူကိုမှ မသတ်ဘဲ ဆက်တိုက် နိုင်လာ၍ ဖြစ်သည်။ ဤသည်က အားလုံးကို သူ့တွင် လူ ၂၉ ယောက်အား ဆက်တိုက် သတ်နိုင်စွမ်း ရှိကြောင်း အသိပေးလိုက်သလို ဖြစ်သွားသည်။ သူက မလုပ်ခဲ့ရုံမျှသာ ဖြစ်၏။

လူ ၂၉ ယောက်ကို စင်ပေါ်မှ လွင့်စင်ထွက်သွားစေခြင်းနှင့်အတူ လူနှစ်ယောက်ကို သတ်ပစ်လိုက်ခြင်းက တခြားသူများအား သူ့ကို စိမ်မခေါ်ရဲအောင် ဖြစ်သွားစေသည်။ ယခု သူက ယခင်တိုက်ပွဲများ၌ သက်ညှာပေးနေပြီး ယခုအခါ

ထိုသို့ဆက်မလုပ်တော့ကြောင်း အရှုံးပင် သိပေမည်။ အကယ်၍ တစ်ယောက်ယောက် သူ့အား စိမ်ခေါ်ရဲမည်ဆိုလျှင် ကိုယ့်သေတွင်းကို တူးမိသလို ဖြစ်လိမ့်မည်။

................

မိုဂူကျိုက ရင်ပြင်မှ ထွက်လာပြီးနောက် စစ်ဆေးမှု ဝင်ခွင့် ကျောက်စိမ်းပြား ဖြန့်ဝေပေးသည့် နေရာသို့ ဦးတည်လိုက်သည်။

ဘုရင်ဂုဏ်ပုဒ်ဖြင့် လူများသည် သူတို့ ကျောက်စိမ်းပြားကို တန်းရကြောင်း သိထားသည်။ သူ့တွင် ဘုရင်ဂုဏ်ပုဒ် မရှိသော်လည်း သူက နယ်လှည့်ကျင့်ကြံသူ ပြိုင်ပွဲ၌ အနီရောင်လိုင်းအပေါ်တွင် ရှိသောသူ ဖြစ်၏။ စည်းမျည်းအရ အနီရောင်လိုင်းအပေါ်ရှိ ကျင့်ကြံသူများသည် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် စစ်ဆေးမှု ဝင်ခွင့် တစ်နေရာစာ အလိုလို ရမည် ဖြစ်၏။

“ ရှင်က ဘုရင်ဂုဏ်ပုဒ် မရှိဘူးမလား။ ရှင်က စစ်ဆေးမှုမှာ နေရာ ရထားတယ်ဆိုပေမဲ့ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးက ကျောက်စိမ်းပြားကို ယူဖို့ လိုသေးတယ် ” ကျောက်စိမ်းပြား ဖြန့်ဝေရေး နေရာရှိ ကျင့်ကြံသူမှာ ကောင်းကင်နတ်ဘုရားအဆင့်ရှိ လူလတ်အရွယ် အမျိုးသမီး တစ်ဦး ဖြစ်၏။ သူမက မိုဂူကျို၏

အခြေအနေကို နားလည်ပြီးနောက် အေးစက်စက် ပြောလိုက်ခြင်း ဖြစ်ပေသည်။

မိုဂူကျိ စိတ်ထဲ လေးလံမိသွားသည်။ သူက နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးနှင့် မပတ်သတ်လိုပေ။ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးရှိ တချို့လူများမှာ ထိန်းချုပ်ခံထားရသည်မှာ သိသာလှသည်။ ထိုသူများက နယ်လှည့်ကျင့်ကြံသူ ဟန်ဆောင်ကာ လက်တွေ့၌ ကလိမ်ကကျစ် လုပ်နေခြင်းသာ ဖြစ်၏။

သို့သော်လည်း သူက အားနည်းလွန်းနေသည်။ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးသို့ သွားရုံမှအပ တခြားရွေးချယ်စရာ မရှိတော့ပေ။

နိဗ္ဗာန်တာအိုမြို့၌ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးကို အစည်းအရုံးဟု ခေါ်သော်လည်း ဂိုဏ်းကြီးများ သို့မဟုတ် မျိုးနွယ်စုများနှင့် ရင်မဆိုင်နိုင်ပေ။

နယ်လှည့်ကျင့်ကြံသူ အစည်းအရုံး၏ စခန်းမှာ သိပ်မကြီးလှပေ။ သူတို့က နိဗ္ဗာန်တာအိုမြို့ အလုပ် အစည်းအရုံး၏ ပထမအထပ်တွင် ရှိပေသည်။

“ ဆေးလုံးဆရာမို ...” မိုဝူကျိုက ဝင်တော့မည့်ဆဲဆဲတွင် အသံတစ်သံက သူ့အား ရုတ်ချည်း လှမ်းခေါ်လိုက်လေ၏။

မိုဝူကျိုက လှည့်ကြည့်လိုက်သည့်အခါ မိုးကောင်းကင်ငယ်ဂိုဏ်း၏ ဂိုဏ်းချုပ် ရှီလင်းယု ဖြစ်နေသည်။ ရှီလင်းယုက အညိုရောင်ဝတ်ရုံကို ဝတ်ဆင်ထားပြီး မိုဝူကျိုဆီ ပြုံးပြုံးကြီး ရောက်ရှိလာသည်။

မိုဝူကျိုက လက်နှစ်ဖက် ယှက်ကာ “ ဂိုဏ်းချုပ်ကို ဒီနိဗ္ဗာန်တာအိုမြို့ထဲ တွေ့ရမယ်လို့ ထင်မထားမိဘူး ”

ရှီလင်းယုက စိတ်အားတက်ကြွစွာ ပြောလိုက်သည် “ ကျုပ် ဆေးလုံးဆရာမိုကို လာရှာတာပါ ”

မိုဝူကျိုက ရှီလင်းယုသည် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်ကြောင့် ရောက်လာကြောင်း မှန်းဆမိလိုက်သည်။ သို့သော်လည်း သူက စိတ်ထဲ မထားပေ။ သူနှင့် ရှီလင်းယု၏ ဆက်ဆံရေးမှာ မဆိုးလှပေ။ ရှီလင်းယုက သူ့အပေါ် တစ်ခုခု အကြံဆိုးထားနေသည်လည်း မဟုတ်ချေ။

ထို့အပြင် သူက နောက်ခံမရှိသည့် လူတစ်ယောက် မဟုတ်တော့ပေ။ သူ့တွင် ချီပင်း ရှိပေသည်။ ချီပင်းက

နတ်ဘုရားဘုရင်အဆင့် ၁ ဖြစ်၍ အထင်မသေးသင့်ပေ။ သူမကြောက်မက်ဖွယ် တိုက်ခိုက်စွမ်း ပိုင်ဆိုင်ထားသောသူ ဖြစ်၏။

မိုဝူကျို မျက်နှာပေါ်မှ မရေမရာမှုအား သတိပြုမိကာ ရှီလင်းယုက သူတို့ဘေးပတ်လည်၌ အသံလုံ အတားအဆီးချကာ “ ကျုပ်က ခင်ဗျားရဲ့ လက်ဆောင်ကို ကျေးဇူးတင်ဖို့ ရောက်လာတာပါ။ ပြီးတော့ ဆေးလုံးဆရာက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် စစ်ဆေးမှုမှာ ပါဝင်လောက်တယ်ဆိုတာ တွေးမိလို့ ဒီကိုလာစောင့်နေတာ။ ဒါနဲ့ ဒါလေးကို ဆေးလုံးဆရာမိုဆီ ပေးချင်လို့ပါ ”

ရှီလင်းယုက ပြောလိုက်ပြီးနောက် မိုဝူကျိုအား ရှေးဟောင်းစာအုပ်တစ်အုပ် ထုတ်ပေးလိုက်သည်။

မိုဝူကျိုက စာအုပ်ကို လှန်ကြည့်လိုက်သည့်အခါ စာလုံးသုံးလုံးက သူ့အား စောင့်ကြိုနေလေ၏။

**“ မဟာ အစီအရင် တာအို ”**

**အစီအရင်စာအုပ် လက်ဆောင်တဲ့လား … ဘာအဓိပ္ပါယ်လဲ …**

မိုဝူကျိုက ရှီလင်းယုအား နားမလည်စွာ ကြည့်လိုက်သည်။ သူက မိုးကောင်းကင်ငယ်ဂိုဏ်းရှိ မည်သူကိုမှ သူ အစီအရင်တာအို တတ်ကျွမ်းကြောင်း မပြောခဲ့ဖူးပေ။

ရှီလင်းယုက မြန်မြန် ရှင်းပြလိုက်သည် “ ကျုပ်လည်း ဆေးလုံးဆရာမိုက အစီအရင်ဆရာတစ်ယောက်ဆိုတာကို သိပ်မကြာသေးခင်ကမှ သိတာပါ။ အဲဒါနဲ့ ကျုပ် မလာခင် ဆေးလုံးဆရာမိုအတွက် ကွမ်းတင်းကို သတ်ပစ်ခဲ့တယ် ”

မိုဝူကျိုက အကင်းမပါးသောသူ မဟုတ်ပေ။ သူက ရှီလင်းယု စကားကို ကြားလိုက်သည်နှင့် အသေအချာ နားလည်သွားတော့သည်။ ရှီလင်းယုက သူ့ ကွမ်းကျစ်အား သတ်လိုက်ကြောင်း သိသွားခြင်းသာ ဖြစ်၏။

သူကိုယ်တိုင်က အဆင့် ၄ အစီအရင်ဆရာ တစ်ယောက် ဖြစ်သော်လည်း မိုးကောင်းကင်ငယ်ဂိုဏ်း၏ အကြီးအကဲအား သူ့အတွက် အဆင့် ၄ ကာကွယ်ရေး အစီအရင်ကို ခင်းကျင်းစေခဲ့သည်။ ကိစ္စများက ထူးဆန်းနေကြောင်း သတိမပြုမိမှသာ ထူးဆန်းနေပေလိမ့်မည်။ ရှီလင်းယု၏ စွမ်းဆောင်ရည်ဖြင့် အနည်းငယ်မျှ စုံစမ်းရုံဖြင့် သူသည် ကွမ်းကျစ်ကို သတ်လိုက်ကြောင်း သိသွားတော့သည်။

ကွမ်းကျစ်က ကနဦး နတ်ဘုရားအဆင့် ၇ ကျင့်ကြံသူ ဖြစ်၏။ သူ မိုဝူကျိုက ကွမ်းကျစ်အား မည်သူမှ သတိမပြုမိစေဘဲ

သတ်ပစ်နိုင်ခဲ့သည်။ ဤသည်က သူသည် ကွမ်းကျစ်ထက် များစွာ အားကောင်းကြောင်း သက်သေပြပြီးသား ဖြစ်သွား၏။

မိုဝူကျိုက ကွမ်းကျစ်ထက် အားကောင်းပြီး အစီအရင်တာအို၊ ဆေးလုံးတာအိုၺ ထူးချွန်ကာ နှင်းစက်စိမ်းဆန် စိုက်ပျိုးရာၺလည်း ဆရာတစ်ဆူ ဖြစ်ပေရာ သူ့အနေနှင့် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် စစ်ဆေးမှုၺ ပါဝင်မယှဉ်ပြိုင်မှသာ ထူးဆန်းနေပေလိမ့်မည်။

မိုဝူကျိုက မဟာအစီအရင်တာအိုအား သိမ်းထားကာ လက်နှစ်ဖက် ယှက်လိုက်ပြီး " ဂိုဏ်းချုပ် .. ကွမ်းကျစ်က ကျုပ်ကို အရင်တိုက်ဖို့ ကြိုးစားတာပါ။ အဲဒါနဲ့ ကျုပ်လည်း ရက်စက်ရာ ကျသွားတယ်။ ရလဒ်အနေနဲ့ ကျုပ် မိုးကောင်းကင်ငယ်ဂိုဏ်းရဲ့ ကာကွယ်ရေး အစီအရင်ကို ပျက်စီးစေမိတယ်။ ဂိုဏ်းချုပ် ခွင့်လွှတ်ပေးဖို့ မျှော်လင့်ပါတယ် "

မိုဝူကျိုက ရိုးရိုးသားသား ဝန်ခံလိုက်သည်။

ရှီလင်းယုက ရယ်မောကာ " ဆေးလုံးဆရာမို ကျုပ်က ကိစ္စအသေးလေးတွေကို လိုက်ဂရုစိုက်နေရင် ဒီကို မလာခင် ကွမ်းတင်းကို သတ်ခဲ့မှာ မဟုတ်ဘူး "

ထိုသို့ပြောပြီးနောက် ရှီလင်းယုက အသံတိုးတိုးဖြင့် ဆက်ပြောလိုက်သည် “ ကျုပ် ဆေးလုံးတာအို ဂုဏ်ထူးဆောင်မျှော်စင်ရှေ့မှာ မိုးကောင်းကင်ဂိုဏ်းရဲ့ အကြီးအကဲရန်ဖေးကိုတောင် မြင်ခဲ့မိသေးတယ်။ ခင်ဗျား သူ့ကို သတိထားရမယ်နော် ”

မိုဝူကျိုက ခေါင်းညိတ်ပြလိုက်ပြီး “ စိတ်ချနေပါ … ချီခွန်းနဲ့ ယွီလောအပြင် တခြားဘယ်သူကမှ ကျုပ်ရဲ့ လက်ရှိ ရုပ်ဖျက်ထားတာကို မသိကြဘူး။ ရန်ဖေးလည်း ကျုပ်ကို ရှာတွေ့မှာ မဟုတ်ဘူး ”

ရှီလင်းယုက ချီးကျူးလိုက်သည် “ ဆေးလုံးဆရာမိုရဲ့ အနာဂတ်က တောက်ပနေမှာ အသေအချာပဲ။ ကျုပ်က မိုးကောင်းကင်ငယ်ဂိုဏ်းကို မိုးကောင်းကင်ဂိုဏ်းကနေ ခွဲထွက်ပြီးတော့ နတ်ဘုရားမြေမြင့်ဆီ လာချင်တာ … ကံဆိုးတာက ကျုပ်စွမ်းရည်နဲ့ ဗဟုသုတတွေက ကန့်သတ်ချက် ရှိနေတာပဲ။ အဲဒါကြောင့် ကျုပ် အိပ်မက်ပဲ မက်နိုင်တယ် ”

“ ဂိုဏ်းချုပ်ရှီနဲ့ ကျုပ်နဲ့ မိတ်ဆွေတွေပါ။ တကယ်လို့ ကျုပ်သာ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲ ဝင်ခွင့် ရခဲ့လို့ ဂိုဏ်းချုပ်ရှီကိုသာ အကူအညီ ပေးနိုင်မယ်ဆိုရင် ကျုပ်ကို

လာတောင်းဆိုလို့ ရပါတယ် ” မိုဝူကျိက ရှီလင်းယု ဤနေရာသို့ ရောက်လာသည့် ရည်ရွယ်ချက်မှာ သူနှင့် မိတ်ဆွေဖွဲ့လို၍ ဖြစ်ကြောင်း သိလိုက်သည်။ ရှီလင်းယုက မဆိုးပေ။ သူက မိုးကောင်းကင်ငယ်ဂိုဏ်းမှ နိဗ္ဗာန်တာအိုမြို့အထိ ရောက်လာခဲ့ပေသည်။ သူသည် အင်မတန် အလေးအနက်ထားကြောင်း သိသာလှသည်။

ထို့အပြင် ရှီလင်းယုက သူ့ဂိုဏ်းအား မိုးကောင်းကင်ဂိုဏ်းမှ ခွဲထုတ်လိုသည့် သူ့အိပ်မက်ဆန္ဒကိုပင် ထုတ်ဖော်ပြောကြားခဲ့သည်။ သူက မိုဝူကျိနှင့် မိတ်ဆွေဖွဲ့ရန် အမှန်တကယ် ရောက်ရှိလာခြင်း ဖြစ်၏။

ရှီလင်းယုက ရယ်မောကာ “ မိတ်ဆွေလေး မို ... မင်းရဲ့ စကားတွေကြားရတော့ ကျုပ်တော့ စိတ်အေးမိသွားပြီ။ တကယ်လို့ ကျုပ်က မင်းထက် အသက်အများကြီး ကြီးနေတာကို စိတ်ထဲ မထားရင် ကျုပ်ကို အစ်ကိုယုလို့ ခေါ်လို့ ရပါတယ် ”

မိုဝူကျိက စိတ်ထဲ မထားပေ။ ရှီလင်းယုသည် ဂိုဏ်းချုပ် တစ်ယောက် ဖြစ်ပြီး နတ်ဘုရားဘုရင် ဖြစ်သော်လည်း သူသည်လည်း ဂိုဏ်းချုပ် တစ်ယောက် ဖြစ်ပေသည်။ ထို့အပြင်

သူက အဆင့်အတန်းအားဖြင့် ရှီလင်းယုထက် သေချာပေါက် မနိမ့်ကျသည့် နတ်ဆေးလုံးဘုရင် ဖြစ်ပေသည်။

“ ဝူကျိ အခု ဘယ်သွားမှာလဲ။ ကျုပ် မင်းအကူအညီ တောင်းချင်တာလေး ရှိတယ် ” ရှီလင်းယုက တည့်တိုးသာ ပြောလိုက်သည်။

မိုဝူကျိက စိတ်ထဲ မထားပေ။ သူက ကွေ့ပတ်ပြောနေသည့်သူများကို သဘောမကျပေ။ ထို့အပြင် သူက ရှီလင်းယုသည် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်ကြောင့် ရောက်လာကြောင်း မှန်းဆမိပြီးသား ဖြစ်၏။

“ ကျုပ်က နယ်လှည့်ကျင့်ကြံသူ ပြိုင်ပွဲကို ဝင်ပြိုင်တော့ နေရာတစ်နေရာစာ ရလာတာလေ။ အဲဒါနဲ့ အခု နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးဆီ သွားပြီးတော့ ဝင်ခွင့် ကျောက်စိမ်းပြား သွားယူမလို့ ” မိုဝူကျိက အရိုးသားဆုံး ပြောလိုက်သည်။

“ ကောင်းပြီလေ မင်းနဲ့အတူတူ လိုက်ခဲ့မယ် ” ရှီလင်းယုက တုံ့ဆိုင်းမနေပေ။ ထို့နောက် သူက ပြုံးကာ “ ဆေးလုံးဆရာမိုရဲ့ ကျင့်ကြံဆင့် အစစ်က ဘာလဲ။ နောက်ဆုံးတစ်ခေါက် မင်းကို တွေ့တုန်းက မင်းရဲ့ အရှိန်အဝါက သိပ်မသိသာဘူး။

ဝိညာဉ်ကြောကလည်း ဆိုးတယ်။ ကျင့်ကြံဆင့်ကလည်း ကနဦး နတ်ဘုရား အစောပိုင်းအဆင့်ပဲ ရှိသေးတယ်။ အချိန်တိုလေးအတွင်း မင်းရဲ့ ဝိညာဉ်ကြော အရည်အသွေးက သိပ်မဆိုးတော့သလို မင်းက မီးဓာတ် သဘာဝရှိတဲ့ ကနဦး နတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ ဖြစ်လာတယ်မလား ”

မိုဝူကျိုက ပြုံးကာ “ ကျုပ်ဆီမှာ အားလုံးကို လုပ်ပေးနိုင်တဲ့ အံ့ဖွယ် ကျင့်စဉ် ရှိတယ်လေ။ လာလာ … နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးထဲ သွားကြည့်ကြစို့ ”

မိုဝူကျိုက များများမပြောချင်သည်ကို သတိထားမိကာ ရှီလင်းယုက ဆက်မမေးတော့ပေ။

အကယ်၍ မိုဝူကျိုက ရိုးရှင်းသည့်သူ ဖြစ်လျှင် သူ့အနေနှင့် ဆေးလုံးတာအိုနှင့် အစီအရင်တာအို နှစ်မျိုးလုံး၌ ကျွမ်းကျင်နေမည် မဟုတ်သလို ကနဦး နတ်ဘုရား နောက်ပိုင်းအဆင့် ကျင့်ကြံသူတစ်ဦးကိုလည်း အလွယ်လေး သတ်သွားနိုင်မည် မဟုတ်ပေ။ ပြိုင်ပွဲ၌ နေရာရလာသည်ကလည်း ရိုးရှင်းမည် မဟုတ်လောက်ပေ။

ရှီလင်းယုက ပြိုင်ပွဲစည်းမျဉ်းများကို မသိထားသောကြောင့် မိုဝူကျိုသည် မည်သို့ နေရာတစ်နေရာစာ ရလာကြောင်း မသိပေ။

................

မိုဝူကျိနှင့် ရှီလင်းယုတို့ အလုပ်အစည်းအရုံး ခုနှစ်လွှာသို့ ရောက်ရှိလာသည်။ သူတို့က ကြီးကျယ်ခမ်းနားသည့် စာလုံးများကို မြင်လိုက်ရ၏။

**“ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံး ”**

“ မင်းကို ဒီမှာ စောင့်နေမယ်။ အထဲဝင်ပြီး မင်း လုပ်စရာရှိတာ လုပ်ခဲ့လေ ” ရှီလင်းယုက မဝင်တော့ပေ။

မိုဝူကျိက ရှီလင်းယု တွေးတောနေသည်ကို သိပေသည်။ ရှီလင်းယုသည် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးက အနည်းငယ် ကလိမ်ကျထားသည်ကို သိထားလောက်၏။ ရှီလင်းယုက နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးနှင့် ဖြေရှင်းစရာ ရှိလာမည်ကို စိုးရိမ်၍ အပြင်ဘက်၌ နေရန် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

နယ်လှည့်ကျင့်ကြံသူ အဝင်ဝ၌ စိတ်စွမ်းအား အတားအဆီး ချထားပြီး လူများ ဝင်ရောက်လာခြင်းကို မတားဆီးပေ။ မိုဝူကျိက အတားအဆီးကို ဖြတ်ကျော်သွားပြီးနောက် ကြီးမားသော ခန်းမ အဝိုင်းကြီးကို မြင်လိုက်ရသည်။

သူ့ရှေ့တွင် ပိတ်ကားချပ် အစီအရင်တစ်ခုကို မြင်လိုက်ရသည်။ ပြိုင်ပွဲနေရာ ဝင်ခွင့်များမှာ ပိတ်ကားချပ်ပေါ်တွင် ရှိပြီး

နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ သည် အနီရောင်လိုင်းပေါ်တွင် ရှိနေသည်။

“ ဘာကိစ္စရှိလို့လဲ ” ကောင်းကင်နတ်ဘုရားအဆင့်ရှိ အမျိုးသမီး ကျင့်ကြံသူက မိုဝူကျိအား တားကာ သတိထားရင်း မေးလိုက်သည်။

အကယ်၍ ယခင်ကသာ ဖြစ်လျှင် မိုဝူကျိက စိတ်ရှုပ်ထွေးမိမည် ဖြစ်၏။ နယ်လှည့်ကျင့်ကြံသူအနေနှင့် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးထဲ ဝင်သည်မှာ ပုံမှန်ကိစ္စသာ ဖြစ်ပေသည်။ အဘယ်ကြောင့်များ သတိထားနေရသနည်း။ သို့သော် ယခုတွင် မိုဝူကျိက ဤသည်မှာ ပုံမှန် ဖြစ်ကြောင်း တွေးမိလိုက်သည်။ ဤသည်မှာ ကလိမ်ကျထားသော နေရာတစ်ခု ဖြစ်ပြီး သူတို့က နယ်လှည့်ကျင့်ကြံသူ အစည်းအရုံး ဆိုင်းဘုတ် ချိတ်ဆွဲထားရုံမျှသာ ဖြစ်၏။

မိုဝူကျိက စကားများများစားစား ပြောမနေပေ။ သူက ပိတ်ကားချပ်ကြီးကို လက်ညိုးထိုးပြ၍ ပြောလိုက်သည် “ ကျုပ်က နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ ပဲ။ ကျုပ်က နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် စစ်ဆေးမှု ဝင်ခွင့် တစ်နေရာစာ ရထားလို့ ကျုပ်ရဲ ကျောက်စိမ်းပြား လာယူတာ ”

မိုဝူကျို၏ ကျောက်စိမ်းပြား လာယူသည့်အကြောင်းကို ကြားပြီး အမျိုးသမီး ကျင့်ကြံသူက ဘာမှမပြောပေ။ သူမက ချက်ချင်းဆိုသလို လက်ကောက်ဝတ်ရှိ ကြယ်အလင်း ပုံရိပ်လေးအား နှိပ်ချလိုက်သည်။

## အခန်း (၉၈၈) : လှုပ်ရှားခြင်း

မိုဝူကျိုက သူ့ဘေးပတ်လည်ရှိ နေရာတစ်ခုလုံးမှာ အက်သံများ ထွက်လာသည်ကို ခံစားမိလိုက်သည်။ ချက်ချင်းဆိုသလို သူ့အမြင်နှင့် စိတ်စွမ်းအားတို့က ဤအခန်းအတွင်း ပိတ်လှောင်ခံလိုက်ရသည်။ သူ့စိတ်ဝိညာဉ် သိုလှောင်ရေးလမ်းကြောင်းကြောင့်သာ မဟုတ်လျှင် သူ့စိတ်စွမ်းအားအား ထုတ်လွှင့်၍ ရမည် မဟုတ်ပေ။

အားပြင်းပြင်း ဖိအားကျရောက်လာသောကြောင့် မိုဝူကျိုက အန္တရာယ်ကို ခံစားမိလိုက်သည်။

မိုဝူကျိုက အဆင့် ၄ အစီအရင်ဆရာ တစ်ယောက် ဖြစ်ပေသည်။ မကြာခင် သူက အဖြစ်အပျက်ကို နားလည်သွားတော့သည်။ သူက အစီအရင်တစ်ခုအတွင်း ပိတ်မိသွားခြင်း ဖြစ်၏။ ဤအစီအရင်မှာ

အဆင့်အားဖြင့် မြင့်ပေသည်။ အဆင့် ၅ အကျဉ်းချအစီအရင် ဖြစ်ပေလိမ့်မည်။

သူ့နှလုံးခုန်နှုန်းပင် မြန်ဆန်လာမိကာ စိတ်ဆန္ဒတစ်ခု ပေါက်ဖွားလာ၏။ အကြောင်းမှာ ဤသည်က အားကောင်းသည့် အကျဉ်းချ အစီအရင် ဖြစ်နေပေသည်။ အချိန်ကုန်လွန်လာသည်နှင့် ထိုစိတ်ဆန္ဒမှာ ပို၍ အားကောင်းလာကာ သူမွန်းကျပ်သည့်အထိ အားကောင်းလာသည်။ ဤမွန်းကျပ်မှုမှာ အသက်မရှူနိုင်၍လည်း မဟုတ်ပေ။ ထို့အစား သူ့တစ်ကိုယ်လုံးမှ ဖြစ်ပေါ်လာခြင်းသာ ဖြစ်၏။

ဤသည်က မိုဝူကျိအား ထကြွသောင်းကြမ်းလိုစိတ် ဖြစ်ပေါ်လာစေသည်။ သူက ထိုအမျိုးသမီး ကျင့်ကြံသူကို သတ်ပစ်၍ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးမှ ပြေးထွက်လိုမိသည်။

မိုဝူကျိက သူ ရောက်မလာခင် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးသည် ကလိမ်ကျသည့် နေရာဖြစ်ကြောင်း သိထားပြီးသား ဖြစ်သော်လည်း ဤနေရာ၌ အကျဉ်းချ အစီအရင်အား အသုံးပြုရဲလိမ့်မည်ဟု မထင်ထားပေ။

အကယ်၍ ဤကိစ္စသာ ထွက်ပေါ်လာလျှင် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ အမျက်ဒေါသနှင့် သေချာပေါက် ရင်ဆိုင်ရလိမ့်မည်။ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံး တစ်ခုလုံး အပြတ်ရှင်းပစ်ခံရသည့်အထိ ဖြစ်လာနိုင်သည်။ မိုဝူကျိက ဤအစည်းအရုံးသည် ဤသို့လုပ်ရဲဖို့ရာ မည်သို့များ သတ္တိကောင်းနေကြောင်း တွေးမိသွား၏။

မိုဝူကျိက သတိကြီးကြီးထားထားသော်လည်း ဘာမှတော့ မလုပ်ချေ။ သူက နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးသည် သူ့အား ဤကဲ့သို့ သတ်ပစ်လိုက်လျှင် နိဗ္ဗာန်တာအိုမြို့သည် နတ်ဘုရားကုန်းမြေ၌ ဘေးအကင်းဆုံးမြို့အဖြစ် ဂုဏ်သတင်း ရှိနေမည် မဟုတ်ပေ။ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးနှင့် နိဗ္ဗာန်တာအိုမြို့သည် တကျိတ်တည်းတစ်ဉာဏ်တည်း ဖြစ်နေလျှင်ပင် သူတို့က ဤမျှ မျက်နှာပြောင်တိုက်မည် မဟုတ်ပေ။ ထို့အပြင် လူအနည်းငယ်မျှ အကျင့်ပျက် ခြစားခြင်းက ပို၍ ဖြစ်နေနိုင်သည်။

အရိုးသားဆုံးပြောရလျှင် မိုဝူကျိက ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူအား မျက်လုံးထဲပင် မထည့်ပေ။ သူက

နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးသည် သူ့အပေါ် လက်ပါလိုလျှင် ထိုအမျိုးသမီး တစ်ယောက်တည်း ပို့လွှတ်မည် မဟုတ်ပေ။

မိုဝူကျိုက သတိကြီးကြီးထားထားစဉ် သူ့ချီသွေးကြော ၁၀၈ ခုက အဓိက လှည့်ပတ်မှု တစ်ခု ဖြစ်ပေါ်လာသည်။ သူ့အသိစိတ်ပင်လယ်အတွင်းရှိ ခရမ်းရောင်ကန်မှ အေးစက်စက် ခံစားချက်တစ်ခု ပြန့်နှံ့လာလေ၏။ မကြာခင် ထိုခံစားချက်က သူ့အသက်ရှူလမ်းကြောင်းဆီ ပြန့်လာသည်။ သူ့အသက်ရှူလမ်းကြောင်းဆီ ဖြတ်သန်းလာပြီးနောက် မွန်းကျပ်မှုမှာ သိသိသာသာ အားပျော့သွားတော့သည်။ မိုဝူကျိုက သက်ပြင်းချလိုက်မိ၏။ သူက စိတ်ဝိညာဉ်သိုလှောင်ရေး လမ်းကြောင်းကို တိတ်တခိုး အသုံးပြု၍ ဖြစ်ပျက်ခဲ့သမျှ ကိစ္စများအား သလင်းကျောက်ထဲ မှတ်တမ်းတင်ထားလိုက်သည်။ တစ်ချိန်တည်းဆိုသလို သူက ထိုအမျိုးသမီးအား တည်တည်ငြိမ်ငြိမ် ကြည့်လိုက်သည်။

အသက်ဆယ်ရှိုက်စာမျှ ကြာမြင့်ပြီးနောက် မိုဝူကျိုတွင် တိုက်ခိုက်သည့် လက္ခဏာ မရှိကြောင်း သတိထားမိကာ အမျိုးသမီး ကျင့်ကြံသူက အေးစက်စွာ ပြောလိုက်သည် “ ရှင်က တကယ်ကြီး နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ လား ”

မိုဝူကျိက တည်တည်ငြိမ်ငြိမ်ဖြင့် “ဟုတ်တယ်။ ကျုပ်က နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ ပဲ။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ စစ်ဆေးမှုကို နယ်လှည့်ကျင့်ကြံသူ ပြိုင်ပွဲကနေ နေရာ ရထားတာ။ အခု ကျုပ်ရဲ့ ကျောက်စိမ်းပြားကို လာယူတာ ”

“ အရင်ဆုံး အတည်ပြုပါရစေဦး။ ခဏ စောင့်ပါ ” ထိုအမျိုးသမီး ကျင့်ကြံသူက စိုးရိမ်မိလာသည်။ သူမကို ပြောထားသည့်အတိုင်းဆိုလျှင် မိုဝူကျိက သူမကို တိုက်ခိုက်ဖို့ ကြိုးစားမည် ဖြစ်၏။

“ ကောင်းပြီလေ ” မိုဝူကျိက ပြန်ဖြေပေးလိုက်သည်။ ထို့နောက် သူက မျက်မှောင်ကျုတ်ကာ ပြောလိုက်သည် “ ကျုပ် ဝင်လာတုန်းက အကုန်လုံးက ပုံမှန်ပါပဲ။ ဒါပေမဲ့ ခင်ဗျားလက်က ပုံကားချပ်ကို ဖိလိုက်မှ ကျုပ် ဖိအားကို ခံစားမိလာတာမလား။ ကျုပ်ကို စိတ်ဂနာမငြိမ် ဖြစ်သွားစေသေးတယ်။ ကျုပ်က ခင်ဗျားနဲ့ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးကို လေးစားရက်သားနဲ့ ကျုပ်ရဲ့ စိတ်က အတိုက်ခိုက်ခံခဲ့ရတယ်။ ဘာတွေဖြစ်နေတာလဲ ”

အမျိုးသမီး ကျင့်ကြံသူက မိုဝူကျိအား ကြောင်အမ်းစွာ ကြည့်လိုက်သည်။ ဤသည်က သူမ ဤသို့ လုပ်ဖူးသည့်

ပထမဆုံးအကြိမ် မဟုတ်ပေ။ ပုံမှန်အားဖြင့် တစ်ဖက်လူက သူမကို တိုကခိုက်မည် ဖြစ်ပြီး သူမက အကျဉ်းချ အစီအရင်အား ပြန်ဖျက်ပေးလိုက်မည် ဖြစ်၏။ ဤနည်းဖြင့် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးက အမှန်တရားဘက်တွင် ရှိနေကာ သူတို့အနေဖြင့် တိုက်ခိုက်သူနှင့် ဖြေရှင်းရန် နိဗ္ဗာန်တာအိုမြို့ဆီ သွားစရာ မလိုတော့ပေ။

တိုက်ခိုက်သူက သူမအပေါ် အမှန်တကယ် ဘာမှမလုပ်ခဲ့လျှင်ပင် ဤသို့ လုပ်ရန် ကြိုးစားမှုကပင် သူမ၏ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးက နိဗ္ဗာန်တာအိုမြို့အား အကြောင်းကြားနေစရာ မလိုတော့ပေ။ ဤသို့ကိစ္စအသေးလေးအတွက် မည်သူက များများစားစား တွေးနေမည်နည်း။

မိုဝူကျိက ဖိအားကို ခံနိုင်ရည်ရှိသည့် ပထမဆုံး ကျင့်ကြံသူ ဖြစ်ပြီး ထိုအကြောင်းကိုပင် မေးမြန်းနေသေး၏။

“ ရှင်က တိုက်ပွဲတွေ ဆက်တိုက် တိုက်လာတာဆိုတော့ စိတ်ရှုပ်ထွေးနေတာ နေမှာပါ။ ရှင့်ရဲ့လက်ကို ဒီအရာလေးထဲ ထည့်လိုက်။ အဲဒါက ရှင့်အကြောင်းကို အတည်ပြုပေးလိမ့်မယ် ” အမျိုးသမီး ကျင့်ကြံသူက မိုဝူကျိ၏ မေးခွန်းကို ပုံမှန်အလား

ပြန်ဖြေလိုက်ပြီး အစီအရင် ပိတ်ကားချပ်အောက်ရှိ လက် သဏ္ဍာန် အမြောင်းအရာအား ညွှန်ပြလိုက်သည်။

ဤတစ်ကြိမ် မိုဝူကျိုက တုံ့ဆိုင်းမနေပေ။ သူက ထိုနေရာသို့ တည့်တည့်မတ်မတ် လျှောက်သွားလိုက်ပြီး လက်ကို တင်လိုက်သည်။ ထိုအမြောင်းအရာကို သူ ဝင်ဝင်လာချင်း မြင်မိပြီးသား ဖြစ်၏။ အကယ်၍ ဤအရာက တစ်ခုခု ဖြစ်နေလျှင် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးက လူသိရှင်ကြား ပြသထားမည် မဟုတ်ပေ။

အမျိုးသမီး ကျင့်ကြံသူက မိုဝူကျိုအား တအံ့တသြ ကြည့်လိုက်သည်။ မိုဝူကျိုက သိချင်ဟန် ပေါ်နေသော်လည်း ဤအမြောင်းအရာအကြောင်း အဘယ်ကြောင့် ဘာမှ မမေးသနည်း။ အကယ်၍ မိုဝူကျိုက မေးခွန်းများ မေးလာလျှင် သူမအား တိုက်ခိုက်စေရန် သူ့ကို စိတ်ဆိုးဒေါသထွက်လာအောင် လုပ်မည် ဖြစ်၏။ ယခု မိုဝူကျိုက နာနာခံခံ ရှိနေသောကြောင့် သူမအနေနှင့် လုပ်စရာ မလိုတော့ပေ။

မိုဝူကျိုက လက်ထည့်ပြီးသည်နှင့် ဘောင်လွတ်တစ်ခု ပေါ်လာသည်။

အမျိုးသမီး ကျောင်းကြံ့သူလေးက မြန်မြန် ပြောလိုက်သည် “ ကုံးစုန့်ချိုက်ဆိုပြီး ရေးလိုက်ပါ ”

မိုဝူကျိက အံ့အားသင့်သွားသည်။ ကုံးစုန့်ချိုက် နာမည်တစ်ခုမှန်း သိသာလှသည်။ ဤဘောင်အလွတ် ပေါ်လာသည်က သူ့လက် အမှတ်အသားကြောင့် ဖြစ်ပြီး အဘယ်ကြောင့် ကုံးစုန့်ချိုက်ဟု ရေးရမည်နည်း။

“ မြန်မြန် … ကျွန်မမှာ အချိန်သိပ်မရှိဘူး ” အမျိုးသမီး ကျောင်းကြံ့သူ၏ စိတ်မရှည်လက်မရှည်အသံက ထွက်ပေါ်လာသည်။

မိုဝူကျိက တုံ့ဆိုင်းမနေဘဲ နယ်လှည့်ကျောင်းကြံ့သူ ၂၇၀၅ ဟု ရေးသားလိုက်သည်။

**ကုံးစုန့်ချိုက်က ဘာကြီးလဲ … သူ့နာမည်ကိုပဲ ရေးမည် …**

“ ချွမ် ”မိုဝူကျိက သူ့နာမည်သူ ရေးပြီးသည်နှင့် ကျောက်စိမ်းပြားလေးက ထွက်လာသည်။ မိုဝူကျိက ကျောက်စိမ်းပြားကို မြန်မြန် စစ်ဆေးကြည့်လိုက်ပြီး သူ့နာမည်ဖြစ်ကြောင်း အတည်ပြုပြီးနောက် သိမ်းထားလိုက်သည်။

ဘောင်အလွတ်ပေါ်မှ နာမည်မှာ ကျောက်စိမ်းပြားသည် ထိုလူ၏ အပိုင် ဖြစ်ကြောင်း သက်သေ ဖြစ်၏။ ဤသည်က ရောမ

အဖျက်ကောင် ရှိကြောင်း ပြနေခြင်း ဖြစ်၏။ အားလုံးက အဖျက်ကောင် ရှိကြောင်း သိထားသောကြောင့် မည်သို့ အဓိပ္ပါယ် ဖြစ်မည်နည်း။

မိုဝူကျို၏ အပြုအမူမှာ သေသပ်သော်လည်း အမျိုးသမီး ကျင့်ကြံသူ၏ မြင်ကွင်းမှ လွတ်မသွားချေ။ သူမက မိုဝူကျိုသည် ကုံးစုန်ချိုက်ဟု မရေးဘဲ နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ ဟု ရေးသားလိုက်သည်ကို မြင်သောအခါ သူမ မျက်နှာမှာ ချက်ချင်း ပြောင်းလဲသွားလေ၏။ သူမက ဆက်သွယ်ရေး ပုတီးစေ့ကို ချက်ချင်း ဖိလိုက်သည်။ အခန်းထဲ၌ တံခါးတစ်ချပ် ရုတ်ချည်း ပေါ်လာပြီး လူနှစ်ယောက် ပေါ်လာသည်။

တစ်ယောက်က မီးခိုးရောင်ဝတ်ရုံ ဝတ်ဆင်ထားသော ခပ်ထွားထွား အမျိုးသား တစ်ဦး ဖြစ်ပြီး သူ့မျက်လုံးများမှာ အနည်းငယ် ကျဉ်းလေသည်။ သူ့အရှိန်အဝါဖြင့် မိုဝူကျိုအား ဖိအားမပေးထားသော်လည်း မိုဝူကျိုက ထိုလူသည် နတ်ဘုရားဘုရင် ဖြစ်ကြောင်း ပြောနိုင်ပေသည်။ နတ်ဘုရားဘုရင်အပြင် ကပ်ဘေးကို ဖိတ်ခေါ်နေသည့် သွင်ပြင်ရှိသည့် အမျိုးသမီးတစ်ဦးလည်း ရှိသေးသည်။ မိုဝူကျိုက ထိုအမျိုးသမီး၏ ကျင့်ကြံဆင့်မှာ လောကနတ်ဘုရား အဆင့် ၆ ဖြစ်ကြောင်း ပြောနိုင်ပေသည်။

" မင်းက နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ လား။ မဆိုးဘူးပဲ ... မင်းက ငါတို့ လူနှစ်ယောက်ကို သတ်ပြီးတော့ နေရာတောင် ရသွားသေးတယ် " နတ်ဘုရားဘုရင် ဝင်လာသည်နှင့် သူက မိုဝူကျိအား မေးခွန်း ထုတ်လိုက်သည်။ သို့သော်လည်း သူက မိုဝူကျိ အဖြေကို မစောင့်ဘဲ ဆက်တိုက် ပြောလိုက်သည်။

" ဟုတ်တယ် " မိုဝူကျိက မထူးမခြားနား ပြောလိုက်၏ " အခု ကျုပ်က ကျောက်စိမ်းပြား ရပြီးပြီဆိုတော့ သွားလို့ ရပြီလား "

" အလျှင်မလိုပါနဲ့ဦး " နတ်ဘုရားဘုရင်က အေးစက်စက် ပြောလိုက်သည် "မင်းရဲ့ ကျင့်စဉ်က အတော်လေး အံ့ဩဖို့ ကောင်းတာပဲ "

မိုဝူကျိက သူ ပြောနေသည်ကို နားလည်ပေသည်။ သာမာန် ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူသည် အကျဉ်းချ အစီအရင်၏ ဖိအားအား ခံနိုင်ရည် ရှိမည် မဟုတ်ပေ။ သို့သော်လည်း သူက အလွယ်လေး လုပ်နိုင်ခဲ့သည်။

"တကယ်လို့ ငါ မင်းကို ချက်ချင်း သတ်လိုက်ရင်တောင် ဘယ်သူမှ မသိဘူးလို့ ပြောရင် ယုံမှာလား " ဤနတ်ဘုရားဘုရင်က အေးစက်စွာ ဆက်မေးလိုက်သည်။

မိုဝူကျို၏ နှလုံးခုန်နှုန်းပင် မြန်ဆန်လာမိသည်။ သူက စိတ်ဝိညာဉ်လမ်းကြောင်းနှင့် သလင်းကျောက်မှတ်တမ်းတင်နေခြင်း ဆက်နွယ်မှုကား မြန်မြန်ဖြတ်လိုက်ရသည်။ အကယ်၍ နတ်ဘုရားဘုရင်က သူ့အား ဖိအားပေးလာခဲ့လျှင် သူက စိတ်ဝိညာဉ်သိုလှောင်ရေး လမ်းကြောင်းကို အသုံးပြုနေလျှင်ပင် သူ့မှတ်တမ်းကို သေချာပေါက် ရှာတွေ့သွားလိမ့်မည်။

ယခင် သူက ကောင်းကင်နတ်ဘုရားအဆင့်ရှိ အမျိုးသမီး ကျင့်ကြံသူကို မကြောက်ခဲ့ပေ။ သို့သော်လည်း နတ်ဘုရားဘုရင်သည် သူ့အား လက်ဝါးတစ်ချက်ဖြင့် ရိုက်သတ်နိုင်သော တည်ရှိမှုမျိုး ဖြစ်နေ၏။ ထို့အပြင် မိုဝူကျိုက နိဗ္ဗာန်တာအိုမြို့သည် နတ်ဘုရားဘုရင် တစ်ယောက်ကြောင့် သေဆုံးသွားသည့် ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူအတွက် ရပ်တည်ပေးမည် မဟုတ်ကြောင်း မှန်းဆမိသည်။

“ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ကို ကျုပ် ယုံကြည်တယ် ” မိုဝူကျိုက ပြောနေစဉ် လျို့ဝှက်တိုက်ကွက်ကို ထုတ်လွှင့်လိုက်သည်။ သူ့ပစ်မှတ်မှာ ကောင်းကင်နတ်ဘုရားအဆင့်ရှိ အမျိုးသမီး ကျင့်ကြံသူဆီ ဖြစ်၏။

မိုဝူကျိုက လျို့ဝှက်တိုက်ကွက် သုံးသည်ကို မြင်သောအခါ နတ်ဘုရားဘုရင်က အံ့ဩမသွားဘဲ ပျော်ရွှင်မိသွားသည်။ ဤကလေးက နောက်ဆုံးတော့ လှုပ်ရှားလာလေပြီ။ မိုဝူကျိုက တိုက်ခိုက်မှု အစပြုသူ ဖြစ်လာလျှင် ကိစ္စများက ပိုမို လွယ်ကူသွားနိုင်သည်။

မိုဝူကျိုက လှုပ်ရှားရုံမှအပ တခြားရွေးချယ်စရာ မရှိတော့ပေ။ အကယ်၍ နတ်ဘုရားဘုရင်က အရင်လှုပ်ရှားလျှင် သူ့အနေနှင့် ဘာမှလုပ်လိုက်နိုင်မည် မဟုတ်ပေ။

"ဘမ်း " အပေါ်ယံ၌ မိုဝူကျိုက ကောင်းကင်နတ်ဘုရားအဆင့် အမျိုးသမီးကို တိုက်ခိုက်လိုက်ဟန် ပေါ်သော်လည်း လက်တွေ့၌ သူက အစီအရင်ဗဟိုချက်အား တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

တံခါးပေါ်မှ အတားအဆီးများက ချက်ချင်း ပေါက်ကွဲထွက်သွားသည်။ သို့သော် ထိုအရာက မိုဝူကျိုကြောင့် မဟုတ်ဘဲ ရှီလင်းယုကြောင့် ဖြစ်၏။

ရှီလင်းယုက အပြင်ဘက်၌ တစ်ချိန်လုံး စောင့်နေခဲ့ခြင်း ဖြစ်ပေသည်။ သူက သဘာဝစွမ်းအားလှိုင်းတချို့ကို သတိပြုမိသည်နှင့် တံခါးမှ အတားအဆီးကို ဖျက်ဖို့ရာ တုံ့ဆိုင်းမနေချေ။

မိုဝူကျိုက ရှီလင်းယုကို မြင်လိုက်သောအခါ သက်ပြင်းချလိုက်မိ၏။ ရှီလင်းယုသည် သူနှင့် မိတ်ဆွေဖွဲ့ခြင်းမှာ ရည်ရွယ်ချက်ရှိသော်လည်း ရှီလင်းယုသည် မိတ်ဆွေဖွဲ့ထိုက်သောသူ ဖြစ်၏။ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးရှိ အတားအဆီးကို အကြောင်းပြချက်မရှိ ဖျက်စီးလိုက်ခြင်းမှာ ပစ်မှုအကြီးကြီး ဖြစ်၏။ ထို့အပြင် ရှီလင်းယုက သူ့တွင် သက်သေအနေနှင့် သလင်းကျောက် မှတ်တမ်းတင်ထားခြင်းလည်း မသိပေ။

**နတ်ဘုရားဘုရင်လား ....**

ရှီလင်းယု ဝင်လာသည်နှင့် နတ်ဘုရားဘုရင်၏ မျက်ဝန်းက အလေးအနက် ပြောင်းလဲသွားသည်။ သူက သူ့အပြုအမူကို ချက်ချင်း ရပ်တန့်လိုက်လေ၏။

"ဂိုဏ်းချုပ်ရှီ ... ဒါက ဘာအဓိပ္ပါယ်လဲ။ ကျုပ်တို့ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးက နယ်လှည့်ကျင့်ကြံသူတွေနဲ့ ဖွဲ့စည်းထားတယ်ဆိုပေမဲ့ တခြားသူတွေ အလွယ်တကူ ကျူးကျော်လာရမဲ့ နေရာ မဟုတ်ဘူး " ထိုနတ်ဘုရားဘုရင်က ရှီလင်းယုကို မှတ်မိလိုက်သည်။ ရှီလင်းယုသည် နတ်ဘုရားမြေနိမ့်၏ မိုးကောင်းကင်ဂိုဏ်းချုပ် ဖြစ်၏။ သူက

ရှီလင်းယုသည် သူ့ထက်မြင့်သော နတ်ဘုရားဘုရင် အဆင့် ၄ ဖြစ်ကြောင်း သိထားသေး၏။

ရှီလင်းယုက ဘာမှမပြောခင် ပြတင်းပေါက်မှ ဖိအားတစ်ခု ကျရောက်လာသည်။ အနီဝတ် ကျင့်ကြံသူတစ်ဦးက နယ်လှည့်ကျင့်ကြံသူ အစည်းအရုံး အခန်းအတွင်း ရောက်ရှိလာသည်။

“ ဒီမှာ ဘယ်သူက ရုတ်ရုတ်သည်းသည်း လာလုပ်တာလဲ ” အနီဝတ် အမျိုးသားက လူအုပ်စုကို ဝေ့ကြည့်လိုက်သည်။ သူ့ရင်ဘတ်ပေါ်၌ နိဗ္ဗာန်တာအိုမြို့၏ တာဝန်ရှိသူ ဟု၍ ပါရှိ၏။

ထိုမေးခွန်းကို မေးပြီးနောက် အနီဝတ် အမျိုးသားက သတင်းပို့ ခေးပုံတစ်ချို့ ပို့လွှတ်လိုက်သည်။

အနီဝတ် အမျိုးသား၏ ကျင့်ကြံဆင့်မှာ လောကနတ်ဘုရား အလယ်အလတ်အဆင့် ဖြစ်၏။ မိုဝူကျိုက သူသည် ဤနေရာတွင် နတ်ဘုရားဘုရင် နှစ်ယောက် ရှိနေကြောင်း မြင်ကာ အကူအညီ လှမ်းတောင်းခြင်း ဖြစ်လိမ့်မည်မှန်း ခန့်မှန်းမိလိုက်သည်။

နတ်ဘုရားဘုရင်က လက်နှစ်ဖက် ယှက်ကာ “ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးရဲ့ လော့ယွီက တာဝန်ခံဖူကို ကြိုဆိုပါတယ်။ ဒီငတိ ကနဦး နတ်ဘုရားအဆင့်

ကျင့်ကြံသူလေးက ကျုပ်တို့ အစည်းအရုံးမှာ လာတိုက်ခိုက်နေလို့ပါ။ သူ့အပေါင်းအပါကလည်း ကျုပ်ရဲ့ ကာကွယ်ရေး အစီအရင်ကို ဖျက်စီးပစ်ခဲ့ပါတယ်။ ဒီငတိလေးက သူ့မှာ နတ်ဘုရားဘုရင် နောက်ခံရှိတယ်ဆိုပြီး ဘာမဆို လုပ်လို့ ရတယ်လို့ တွေးနေတာ နေမယ် ”

## အခန်း (၉၈၉) : တည်တည်ငြိမ်ငြိမ် တုံ့ပြန်ခြင်း

“ ဂိုဏ်းချုပ်ရှိ … ဒီကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူက မောက်မာတာက ထားပါတော့။ ဒါပေမဲ့ ခင်ဗျားက ဂိုဏ်းချုပ် ဖြစ်ပြီးတော့ နတ်ဘုရားဘုရင်အဆင့် ဖြစ်ရက်နဲ့ ကျုပ်ရဲ့ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံး ကာကွယ်ရေး အစီအရင်ကို လာတိုက်ခိုက်လိုက်သေးတယ်။ ဒါက အကျိုးအကြောင်းမသင့်သလို ဖြစ်မနေဘူးလား ” နယ်လှည့်ကျင့်ကြံသူ အစည်းအရုံး၏ နတ်ဘုရားဘုရင် လော့ယွီက အနီဝတ် တာဝန်ခံအား နှုတ်ဆက်ပြီးနောက် ရှီလင်းယုကို ပြောလိုက်သည်။

ရှီလင်းယုက မိုဝူကျိကို လှည့်ကြည့်လိုက်သည်။ မိုးကောင်းကင်ငယ်ဂိုဏ်းတွင် မိုဝူကျိ၏ အပြုအမူအရ ရှီလင်းယုသည် မိုဝူကျိတွင် လှည့်ကွက်မရှိကြောင်း မယုံပေ။

“ ဒီမှာ ဘာတွေဖြစ်နေတာလဲ။ ဘယ်သူက အရင်ဆုံး တိုက်ခိုက်လိုက်တာလဲ ” ခက်ထန်ထန် အသံတစ်သံ ထွက်ပေါ်လာသည်။ ထို့နောက် ပုံရိပ်နှစ်ခု ထပ်မံ ရောက်ရှိလာသည်။

နှစ်ယောက် ရောက်ရှိလာသည့်အခါ မိုဝူကျိက နှစ်ယောက်လုံးမှာ နတ်ဘုရားဘုရင် ဖြစ်ကြောင်း သိလိုက်၏။ ထို့အပြင် မည်သူကမှ ရှီလင်းယုထက် အားနည်းခြင်း မရှိပေ။ သူက စိတ်လှုပ်ရှားစွာ သက်ပြင်းသာ ချလိုက်၏။ နိဗ္ဗာန်တာအိုမြို့က အမှန်ပင် အားကောင်းလှသည်။ သူတို့က မြန်မြန်ဆန်ဆန် တုံ့ပြန်ရုံသာမက သူတို့တွင် ဟင်းရွက်ကန်စွန်းကဲ့သို့ နတ်ဘုရားဘုရင်များ ပေါပေါများများ ရှိပေရာ နှစ်ယောက်ကိုပင် လွှတ်ပေးလိုက်သည်။

နတ်ဘုရားနယ်မြေ၌ ဂိုဏ်းတစ်ဂိုဏ်းတွင် နတ်ဘုရားဘုရင် နှစ်ယောက် ရှိခြင်းက ထိပ်တန်းအဆင့် ဖြစ်နေလေပြီ။

မိုဝူကျိက နိဗ္ဗာန်တာအိုမြို့ထဲ၌ တာ၀န်ခံ နတ်ဘုရားဘုရင် သုံးယောက်သာ ရှိကြောင်း မသိထားပေ။ သူတို့နှစ်ယောက်လုံးက

သူတို့နတ်ဘုရားဘုရင်၏ ၆၆ ရာခိုင်နှုန်းအား ကိုယ်စားပြုပေသည်။ အကြောင်းအရင်းမှာ နိဗ္ဗာန်တာအိုမြို့၏ အင်အားက မြို့တာဝန်ခံများ မဟုတ်ဘဲ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ အင်အားသာ ဖြစ်၍ ဖြစ်သည်။

အကယ်၍ ဤနေရာ၌ ပြစ်မှု ကျူးလွန်လျှင် မည်မျှပင် အားကောင်းနေသည့်သူ ဖြစ်စေကာမူ ပြစ်ဒဏ်အား ရှောင်လွှဲ၍ မရပေ။ အကြောင်းအရင်းတစ်ချက်မှာ နိဗ္ဗာန်တာအိုမြို့၏ ကာကွယ်ရေး အစီအရင်သည် အဆင့် ၆ နတ်အစီအရင် ဖြစ်နေပြီး နတ်ဘုရားဘုရင်ပင် အလွယ်တကူ မချိုးဖောက်နိုင်ပေ။

မိုဝူကျိုက အရင်ဦးစွာ လက်ဦးမှု ယူလိုက်သည်။ သူက အစိမ်းဝတ် နတ်ဘုရားဘုရင် နှစ်ယောက်နှင့် အနီဝတ် တာဝန်ခံထံ လေးလေးစားစား ဦးညွှတ်ပြီးနောက် ဘာကိုမှ သိုဝှက်မထားဘဲ အပိုအလိုမရှိ အခြေအနေအားလုံးကို ရှင်းပြလိုက်သည်။

“ မင်းတို့ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးက ဒီဝင်ခွင့် နေရာတွေကို ထိန်းချုပ်ဖို့ အကျဉ်းချ အစီအရင်ကိုတောင် ခင်းထားရဲတယ်ပေါ့ ” အစိမ်းဝတ် နတ်ဘုရားဘုရင်က

လော့ယွီအား စိုက်ကြည့်လိုက်သည်။ သူတို့နှစ်ယောက်လုံးက အရှိန်အဝါများဖြင့် လော့ယွီအား ဖိအားပေးထား၏။

“ ပေါက်ကရတွေ ” လော့ယွီ၏ အသံက ဒေါသကြောင့် တုန်တုန်ယင်ယင် ဖြစ်နေဟန် ရှိ၏။ သူက မိုဝူကျိအား လက်ညှိုးငေါက်ငေါက် ထိုးကာ ဒေါသတကြီး အပြစ်တင်လိုက်သည် “ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးရဲ့ စီမံမှုက စည်းစည်းလုံးလုံး မရှိတာ မှန်တယ်။ မင်းဆီက နတ်ဘုရားကျောက်တောင်းတဲ့ ကျင့်ကြံသူက ငါတို့အစည်းအရုံးရဲ့ စီမံမှု ညာဏ်ဖျင်းမှုကြောင့်ပဲ။ ဒါပေမဲ့ မင်းက အဲဒီအကြောင်းပြချက်ကို သုံးပြီး နတ်ဘုရားဘုရင် နောက်ခံနဲ့ ရုတ်ရုတ်သည်းသည်း လာလုပ်လို့တော့ မရဘူးလေ။ တကယ်လို့ တာဝန်ခံတွေကြောင့်သာ မဟုတ်ရင် မင်းအသက်ကို ချမ်းသာပေးမယ် ထင်နေလား။ ပြီးတော့ အကျဉ်းချ အစီအရင် ဘယ်လိုလုပ် ရှိရမှာလဲ။ နတ်ဘုရားဘုရင် နှစ်ယောက် သေချာကြည့်ကြည့်ကြပါ။ ဒါက သာမာန် ကာကွယ်ရေး အစီအရင်လေးပါပဲ ”

လော့ယွီက မိုဝူကျိကို အခေါက်တစ်သောင်းမက သတ်ပစ်ချင်နေသည်။ ဤသည်က ရိုးရှင်းသည့် ကိစ္စလေး ဖြစ်သော်လည်း ဤငတိကြောင့် အကုန်ပေါ်သွားခဲ့သည်။

“ မင်းက တော်တော် သတ္တိကောင်းနေတယ်ပေါ့” နတ်ဘုရားဘုရင် နှစ်ယောက်က ဘာမှမပြောခင် အနီဝတ် လောကနတ်ဘုရားအဆင့် ကျင့်ကြံသူက မိုဝူကျိအား ကြိမ်းမောင်းလိုက်သည်။ သူ့အနေအထားအရ နတ်ဘုရားဘုရင် နှစ်ယောက်သာ ပြောလိုက်သည်နှင့် မိုဝူကျိအား ချက်ချင်း တိုက်ခိုက်မည် ဖြစ်၏။

မိုဝူကျိက တစ်ချက်တည်း ကြည့်ရုံဖြင့် ထိုအနီဝတ် တာဝန်ခံသည် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဖြစ်ကြောင်း မှန်းဆမိလိုက်သည်။ သူက အစိမ်းဝတ် နတ်ဘုရားဘုရင် နှစ်ယောက်ထံ လှည့်ကာ လက်နှစ်ဖက် ယှက်လိုက်ရင်း “ တာဝန်ခံ စီနီယာတို့ … ဒီဂျူနီယာလေးက အစီအရင်တာအိုကို နည်းနည်း နားလည်ပါတယ်။ အကျဉ်းချ အစီအရင်ကို ကာကွယ်ရေး အစီအရင်အဖြစ် ပြောင်းလဲပစ်ဖို့က အရမ်းကို ရိုးရှင်းလွန်းလို့ ဒီဂျူနီယာလေးတောင် လုပ်နိုင်ပါသေးတယ် ”

အစိမ်းဝတ် နတ်ဘုရားဘုရင် တစ်ယောက်က လက်ဝှေ့ပြကာ အေးစက်စွာ ပြောလိုက်သည် “ ဒါက မင်းအပြောပဲ ရှိတာလေ။ သက်သေ အထောက်အထား မလုံလောက်သေးဘူး။ ငါတို့နဲ့အတူ နိဗ္ဗာန်တာအိုမြို့ တာဝန်ခန်းမဆီ လိုက်ခဲ့ … မင်းကို ဝိညာဉ်

ရှာဖွေရေး လုပ်ရမယ်။ အဲဒါက မင်းလိုမျိုး ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူက နတ်ဘုရားဘုရင် တစ်ယောက်ကို ရန်စရဲလို့ပဲ ”

မိုဝူကျီ စိတ်ထဲ လေးလံသွားတော့သည်။ သူက ဤနေရာတွင် တရားမျှတမှု နည်းပါးလိမ့်မည်ဟု မထင်ပေ။ သူက ချက်ချင်းဆိုသလို သလင်းကျောက်တစ်ခု ထုတ်လိုက်ရင်း “ စီနီယာတို့ ဒီသလင်းကျောက် မှတ်တမ်းကို တစ်ချက် ကြည့်ကြည့်ပါ ”

မိုဝူကျီက သလင်းကျောက် ထုတ်ယူလိုက်သည်ကို မြင်၍ လော့ယွီ၏ စိတ်နှလုံးသားက ရေခဲရေကန်ထဲ ပြုတ်ကျသွားသလို ဖြစ်သွားသည်။ သူက မိုဝူကျီသည် သလင်းကျောက်ဖြင့် မှတ်တမ်းတင်ထားလိမ့်မည်ဟု မတွေးမိခဲ့ပေ။ ဤနေရာတွင် စိတ်စွမ်းအား အသုံးပြုမှု တားဆီးထားသောကြောင့် မိုဝူကျီအနေနှင့် သလင်းကျောက် မှတ်တမ်းတင်ဖို့ရာ စိတ်စွမ်းအား လိုအပ်ပေသည်။

သူက ထိုသလင်းကျောက်သည် အတုဖြစ်ကြောင်း ဝင်မပြောရဲသလို သလင်းကျောက်ကို မဖျက်စီးပစ်ရဲပေ။

နတ်ဘုရားဘုရင် နှစ်ယောက်က မျက်လုံးမှိတ်ထားလျက်နှင့်ပင် ထိုမှတ်တမ်းသည် အမှန်ဖြစ်ကြောင်း သိပေလိမ့်မည်။

မိုဂူကျိုက အကျဉ်းချ အစီအရင်အတွင်း ပိတ်မိနေပြီး မိုဂူကျို၏ မေးခွန်းများနှင့် လော့ယွီသည် မိုဂူကျိုအား သတ်ပစ်မည်ဆိုသော စကားများပင် သလင်းကျောက်ထဲ အသေအချာ ထင်ဟပ်နေလေ၏။

ထိုအစိမ်းဝတ် နတ်ဘုရားဘုရင်အဆင့် ကျင့်ကြံသူက သလင်းကျောက်အား ကြည့်လိုက်ပြီးနောက် လော့ယွီဘက် လှည့်ကာ " မင်းမှာ ဘာပြောစရာ ရှိသေးလဲ "

လော့ယွီ၏ မျက်နှာမှာ ဖြူဖျော့သွားလေသည်။ အကယ်၍ တခြားနေရာ ဖြစ်နေပါက သူက ချက်ချင်း ထွက်ပြေးမိလိမ့်မည်။ သို့သော် ဤသည်မှာ နိဗ္ဗာန်တာအိုမြို့ ဖြစ်နေသည်။ သူက သူ့ထက် အားကောင်းသော နတ်ဘုရားဘုရင် နှစ်ယောက်နှင့် ရင်ဆိုင်နေသည့် အကြောင်းကို ထည့်မပြောလျှင်ပင် သူ့အနေနှင့် ကောင်းကင်နတ်ဘုရား အဆင့် တာဝန်ခံနှင့် ကြုံတွေ့ရလျှင်ပင် လွတ်မြောက်နိုင်မည် မဟုတ်ပေ။

" ကျုပ် ဘာမှပြောစရာ မရှိတော့ပါဘူး " လော့ယွီက ဤင်တိ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူတစ်ယောက်ကြောင့်

ကျရှုံးသွားမည်မှန်း သိလျှင် နေရာဝင်ခွင့် တစ်ခုအတွက် စွန့်စားမှု လုပ်မိမည် မဟုတ်ပေ။

ဝင်ခွင့်နေရာ တစ်နေရာက သူ့အား ကျင့်ကြံရေး အရင်းအမြစ်များစွာ ပေးနိုင်သော်လည်း နိဗ္ဗာန်တာအိုမြို့၏ နတ်ဘုရားဘုရင် နှစ်ယောက်၏ ဆွဲခေါ်သွားခြင်းကို ခံရလျှင် သူ့အတွက် ပြန်ထွက်လာဖို့ အလွန်ခက်ခဲပေမည်။ အကယ်၍ သူ ပြန်ထွက်လာနိုင်လျှင်ပင် သူ့အရေပြားတစ်လွှာ ပျောက်သွားလောက်လေပြီ။ သူ့ကိုယ်ပိုင် ပိုင်ဆိုင်မှုများကိုတော့ ပြောနေဖို့ မလိုတော့ပေ။

လော့ယွီက အနီဝတ် တာဝန်ခံအား တစ်ချက် ကြည့်လိုက်သည်။ ထိုစဉ် သူက ဤကိစ္စရပ် အဆုံးအစွန်အထိ ထုတ်ဖော်ခံဖို့သာ မျှော်လင့်မိတော့သည်။ အကယ်၍ ဤကိစ္စသာ ပို၍ နက်နဲလာပါက လူများစွာ ပါဝင်လာမည် ဖြစ်ပြီး သူ့အတွက် မျှော်လင့်ချက် ပိုရှိလာလိမ့်မည်။

အနီဝတ် တာဝန်ခံက မိုဝူကျို၏ သလင်းကျောက်ကို ကြည့်လိုက်ပြီး သူ့အမူအယာက အနည်းငယ် ပြေလျော့လာသည်။ သူက မိုဝူကျိုအား ခေါင်းညိတ်ပြကာ ပြောလိုက်သည် “ မင်း ကောင်းကောင်း လုပ်ခဲ့တာပဲ ... ဒီဟာက ကိုယ့်ဘာသာ

ကာကွယ်မှုအဖြစ် သတ်မှတ်လို့ ရတယ်။ တကယ်လို့ နယ်လှည့်ကျောင်းကြံ့သူ အစည်းအရုံးက ဒီလိုလုပ်ရပ်မျိုး ကျူးလွန်ထားတယ်ဆိုတော့ တခြားကိစ္စတွေရော ရှိသေးလား။ မင်း နယ်လှည့်ကျောင်းကြံ့သူ အစည်းအရုံး ပြိုင်ပွဲ ဝင်ပြိုင်တုန်းက တစ်ခုခု လွဲမှားနေတာမျိုး သတိထားမိသေးလား ”

မိုဝူကျိုက လက်နှစ်ဖက် ယှက်ကာ “ ကျုပ် ရှိတဲ့ စင်မြင့်က တရားမျှတပါတယ်။ အနည်းဆုံးတော့ ကျုပ် ဘာမှမတွေ့ခဲ့ရပါဘူး ”

**ဒီကောင်စုတ်လေးက တော်သားပဲ ...**

လော့ယွီက မိုဝူကျိုအား တစ်ချက် ကြည့်လိုက်သည်။ မိုဝူကျို မျက်နှာပေါ်မှ ဖြောင့်မတ်သည့် အမူအယာကို ကြည့်ရင်း မိုဝူကျိုအား အသားစိုင်အဖြစ် ချေမွပစ်ချင်လာသည်။ အကယ်၍ မိုဝူကျိုက အနီရောင်လိုင်းအပေါ် နေရာ ရထားနိုင်လျှင် မိုဝူကျိုက တစ်ခုခုတော့ ရှာဖွေတွေ့ရှိပေလိမ့်မည်။ သို့သော်လည်း ဤကောင်ကြီးက ထိုကိစ္စကို ထုတ်ဖော်မပြောပေ။ သူက အတော်လေး သရုပ်ဆောင်ကောင်းလွန်းလှသည်။

မိုဝူကျိုက စိတ်ထဲမှ လှောင်ပြောင်လိုက်သည်။ သူက ဤတာဝန်ခံသည် နယ်လှည့်ကျောင်းကြံ့သူ အစည်းအရုံး၏

ကလိမ်ကကျစ်များကို မသိဘဲ မဖြစ်နိုင်ကြောင်း မယုံပေ။ အကယ်၍ သူက ဤမစင်ပုံကို ထုတ်ဖော်လိုက်ပါက အရင်ဆုံး ထိုမစင်က သူ့အား အရင်လာစင်ပေလိမ့်မည်။

"မင်း ရိုးရိုးသားသား ပြောဖို့ လိုတယ်။ တကယ်လို့ မင်းက တစ်ခုခု ဖုံးကွယ်ထားတယ်ဆိုရင် ငါ ရက်စက်တယ်ဆိုပြီး လာအပြစ်မတင်နဲ့ " အနီဝတ် တာဝန်ခံက ထိုအစိမ်းဝတ် နတ်ဘုရားဘုရင် နှစ်ယောက်အား မကြောက်ရွံ့ဟန်ဖြင့် မိုဝူကျိအား သိသိသာသာ ခြိမ်းခြောက်နေသည်။

မိုဝူကျိက မထူးမခြားနား ပြောလိုက်သည် " ကျုပ်က ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူလေးပါ။ တကယ်လို့ တစ်ခုခု ဖြစ်ရင်လည်း တာဝန်ခံတွေက ရှာတွေ့နိုင်မှာပဲလေ။ ကျုပ်လိုမျိုး ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူလေးက ပြိုင်ပွဲလေး နည်းနည်း ပြိုင်ပြီး တစ်ခုခု လွဲမှားတာကို တွေ့သွားရင် ကျုပ်က နယ်လှည့်ကျင့်ကြံသူ မဟုတ်ဘဲ ဂိုဏ်းကြီးတစ်ခုရဲ့ ပင်မတပည့် ဖြစ်နေမှာပေါ့ "

အနီဝတ် တာဝန်ခံက မိုဝူကျိ၏ စကားကြောင့် ဆွံ့အသွားလေသည်။ အစိမ်းဝတ် နတ်ဘုရားဘုရင် တစ်ဦးက

မိုဝူကျိုနှင့် ရှီလင်းယုအား ပြောလိုက်၏ “ မင်းတို့နှစ်ယောက် သွားလို့ ရပြီ ”

ထိုသို့ပြောပြီးနောက် အစိမ်းဝတ် နတ်ဘုရားဘုရင် ကျင့်ကြံသူက သဘာဝ စွမ်းအား လက်တစ်ဖက် ထုတ်ဖော်ကာ လေ့ယွီနှင့် အမျိုးသမီး ကျင့်ကြံသူ နှစ်ဦးအား ခေါ်ဆောင်သွားတော့သည်။ နတ်ဘုရားဘုရင် နှစ်ယောက်၏ ပုံရိပ်ကား ဖြတ်ခနဲ ပျောက်ကွယ်သွားတော့သည်။

.................

မိုဝူကျိုက ရှီလင်းယုကို ပျော်ရွှင်မှု ရိပ်သာသို့ ခေါ်လာပြီးနောက် ရှီလင်းယုက ရယ်ရယ်မောမောဖြင့် “ ဝူကျို ... ငါ ထင်ထားတဲ့အတိုင်း မင်း အဲဒီ သလင်းကျောက် ထုတ်မယ်ဆိုတာ သိနေတယ် ”

“ကျုပ်ဆီလည်း တခြားရွေးချယ်စရာ မရှိတော့ဘူးလေ။ ကျုပ်က အားနည်းလွန်းနေတာကိုး ... ဒီတစ်ခါတော့ အစ်ကိုကြီးကို ကျေးဇူးတင်ရမှာပဲ။ အစ်ကိုကြီးကြောင့်သာ မဟုတ်ရင် ကျုပ်တော့ အဲကောင်ကြောင့် သေနေလောက်ပြီ ” မိုဝူကျိုက ကူကယ်ရာမဲ့စွာ ပြောလိုက်သည်။ သူက အမှန်တကယ် ကူကယ်ရာမဲ့

ဖြစ်မိသွားသည်။ အကယ်၍ သူက အားကောင်းလျှင် သလင်းကျောက် မှတ်တမ်းတင်နေဖို့ လိုအပ်မည် မဟုတ်ချေ။

မိုဝူကျိက နတ်ဘုရားဘုရင်နှင့် ကနဦး နတ်ဘုရားအဆင့်တို့ ပဋိပက္ခကြား ကနဦးနတ်ဘုရားအဆင့် ကျင့်ကြံသူသည် မှားယွင်းကြောင်း ကြားလိုက်ရစဉ်အခါက သူသည် စွန့်စားမှုအကြီးကြီး လုပ်ခဲ့ကြောင်း သိလိုက်သည်။ အကယ်၍ လော့ယွီသည် ပြစ်ဒဏ်အား လက်ခံပြီး သူ့အား သတ်ဖို့ ဆုံးဖြတ်ထားလျှင် သူက နောင်တဖြင့် သေဆုံးရပေမည်။ သူ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ကို ဝင်ပြီးသည့်နောက် သူ့စွမ်းအားကို မြှင့်ရမည်။

“ ဝူကျိ .. မင်း နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ကို သေချာပေါက် ဝင်ခွင့် ရမှာပါ။ တကယ်လို့ မလိုအပ်ရင်တော့ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ကနေ ထွက်မသွားနဲ့ပေါ့ကွာ။ အဲဒီ လော့ယွီက အသတ်ခံရမှာ မဟုတ်လောက်ဘူး။ အများဆုံး နယ်လှည့်ကျင့်ကြံသူ အစည်းအရုံး ပါမလာခင် အပြစ်ခံရရုံလောက်ပဲ နေမယ်။ ပြီးတော့ နိဗ္ဗာန်တာအိုမြို့က နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် မဟုတ်ဘူးလေ ” ရှီလင်းယုက သတိပေးလိုက်သည်။

ရှီလင်းယုသည် လေ့ဘယ်ခိုအား မကြောက်ပေ။ သို့သော် မိုဝူကျိအတွက်တော့ မဟုတ်ချေ။ မိုဝူကျိသည် အမှန်တကယ် အားနည်းလွန်းနေသေး၏။

မိုဝူကျိက ခေါင်းညိတ်ပြကာ “ ကျုပ် သိပါပြီ။ အစ်ကိုကြီးက ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်အတွက် ရောက်လာတာမလား ”

ရှီလင်းယုက ပြုံးကာ “ မင်းဆီက ဖုံးကွယ်ထားလို့ မရဘူးဆိုတာ ခန့်မှန်းမိပါတယ်ကွာ။ ငါ နှင်းစက်စိမ်းဆန်ကြောင့် ရောက်လာတာ။ တကယ်လို့ ဖြစ်နိုင်ရင် မင်းဆီကနေ နှစ်တိုင်း နှင်းစက်စိမ်းဆန် ဆယ်ကာတီလောက် လိုချင်တယ်။ ငါ အတော်လေး လိုအပ်နေလို့ပါကွာ။ တကယ်လို့ မင်းဆီမှာ ကျင့်ကြံရေး အရင်းအမြစ် ဒါမှမဟုတ် ဆေးပင်တွေ လိုအပ်နေတယ်ဆိုရင် ငါ့ဆီကနေ တောင်းလို့ ရတယ် ”

မိုဝူကျိက တံ့ဆိုင်းမနေဘဲ အဝတ်အိတ်လေး ထုတ်ယူလိုက်ပြီး ရှီလင်းယုအား ပေးလိုက်သည် “ အစ်ကိုကြီးလင်းယု ... ဒီမှာ ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် နှစ်ဆယ် ကာတီ။ ဒါကို အရင်ဆုံး ယူထားလိုက်ဦး။ ကျုပ်

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲ အခြေကျသွားရင် နှင်းစက်စိမ်းဆန် ထပ်စိုက်လိုက်မယ် ”

“ ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် နှစ်ဆယ်ကာတီလား ” ရှီလင်းယုက ရုတ်ချည်း ထရပ်မိသွားသည်။ သူ့လက်များပင် တုန်ယင်နေလေ၏။ သူက အဆင့်မြင့် နှင်းစက်စိမ်းဆန် နှစ်ဆယ်ကာတီကို တစ်ခါတည်း ရရှိခဲ့သည်။

**အလွန်အံ့ဩဖို့ ကောင်းမနေဘူးလား ....**

ယခင် သူက မိုဝူကျိသည် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် အနည်းငယ်သာ စိုက်ပျိုးနိုင်ခဲ့သည်ဟု တွေးခဲ့မိသည်။ အမြင်နှင့်တင် သူ့အတွေးများက အမှန်တရားနှင့် ကွာဝေးနေသေးကြောင်း သိလိုက်ရ၏။ မိုဝူကျိ၏ အံ့ဩဖွယ်နှုန်းမှာ သူ့စိတ်ကူးထက်ပင် ကျော်လွန်နေသေးသည်။

“ ဝူကျိ ... ဒါက ...” ချီပင်း၏ အသံက ထွက်ပေါ်လာသည်။ ထို့နောက် ချီပင်းသည် မိုဝူကျိ အခန်းတံခါးဝသို့ ရောက်ရှိလာသည်။

သူမက အခန်းအတွင်း နတ်ဘုရားဘုရင် တည်ရှိမှုကို ခံစားမိ၍ လာကြည့်ခြင်း ဖြစ်သည်။

မိုဝူကျိုက မြန်မြန် ပြောလိုက်သည် “ အစ်မပင်း … ဒါက မိုးကောင်းကင်ငယ်ဂိုဏ်းချုပ် ရှီလင်းယုပါ။ သူက ကျုပ်မိတ်ဆွေလေ။ သိပ်မကြာခင်က သူက ကျုပ်ကို နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးမှာ ကယ်ပေးခဲ့တာ ”

ထို့သို့ ပြောပြီးနောက် မိုဝူကျိုက ရှီလင်းယုအား ချီပင်းနှင့် မိတ်ဆက်ပေးလိုက်သည်။

နှင်းစက်စိမ်းဆန် အိတ်လေးကို အားရပါးရ ဆုပ်ကိုင်ထားသည့် ရှီလင်းယုက သူ့ရွေးချယ်မှုကို ကျေနပ်မိသွားသည်။ မိုဝူကျို၏ စွမ်းဆောင်ရည်ဖြင့် သူသာ မိုဝူကျိုအား အကျပ်ကိုင်ခဲ့လျှင် သူ့အနေနှင့် နှင်းစက်စိမ်းဆန် ရလာမည် မဟုတ်ပေ။ မိုဝူကျိုအနားတွင် နတ်ဘုရားဘုရင် တစ်ယောက် ရှိနေသေးသည် မဟုတ်ပါလော။ သူက ထိုအကြောင်းကို သိပင် မသိထားခဲ့ချေ။

မိုဝူကျိုလို လူမျိုးက နတ်ဘုရားဘုရင်နှင့် မိတ်ဆွေ ဖြစ်နိုင်ခြင်းမှာ သာမာန်သာ ဖြစ်၏။ သူပင် မိုဝူကျိုကို ရှာဖို့ရန်အတွက် နတ်ဘုရားမြေနိမ့်မှ ဤနေရာအထိ အပြေးအလွှား ရောက်လာခဲ့သေးသည် မဟုတ်ပါလော။

“ ဝူကျိ ကျေးဇူးပါ .. မင်းက ငါ့ကို အများကြီး ကူညီပေးခဲ့တာပဲ ” ရှီလင်းယုက နှင်းစက်စိမ်းဆန်အား သေချာသိမ်းဆည်းထားလိုက်သည်။

ဤတစ်ကြိမ် အပြင်ဘက်မှ အသံတစ်သံ ထွက်ပေါ်လာသည် “ ဆေးလုံးဆရာမို ရှိလားဗျ။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် ဆေးလုံးပင်လယ်ရဲ့ ရှီချိုက်ဟယ်က လာတွေ့တာပါ ”

## အခန်း (၉၉၀) : ရှီချိုက်ဟယ်၏ စုံစမ်းမှု

**ရှီချိုက်ဟယ်လား ….**

မိုဝူကျိ စိတ်ထဲ မရေမရာ ဖြစ်မိသွားသည်။

**ရှီချိုက်ဟယ်က ဘယ်သူလဲ … သူက တစ်ခါမှ မကြားဖူးပေ။**

ရှီလင်းယုက ထိုနာမည်ကို ကြားသောအခါ အံ့အားသင့်သည့် အမူအယာက သူ့မျက်နှာပေါ် ထင်းခနဲ ပေါ်လာသည်။ သူက မိုဝူကျိအား လှည့်ကြည့်လိုက်သည့်အခါ မိုဝူကျိသည် ရှီချိုက်ဟယ်ကို မသိကြောင်း သိလိုက်၍ မြန်မြန် ရှင်းပြလိုက်သည် “ ဝူကျိ … ရှီချိုက်ဟယ်က နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှာ

နတ်ဘုရားဘုရင် အဆင့် ၇ နဲ့ ထိပ်တန်းအဆင့် နတ်ဆေးလုံးဘုရင်ထဲက တစ်ယောက်ပဲ။ သူ့က နတ်ဘုရားကုန်းမြေတစ်လျှောက် ကျော်ကြားတဲ့ ပုဂ္ဂိုလ်ပဲ ”

“ ဒါပေမဲ့ ကျုပ် တစ်ခါမှ မကြားဖူးဘူး။ သူက ကျုပ်ကို ဘာလို့ လာရှာတာလဲ။ ကျုပ် မျိုးရိုးနာမည်က မို ဆိုတာကို ဘယ်လိုလုပ် သိနေတာလဲ ” မိုဝူကျိုက အတော်လေး စိတ်ရှုပ်ထွေးမိသွားသည်။ ယခင် ဆေးလုံးတာအိုဂုဏ်ထူးဆောင်မျှော်စင်၌ သူက အဆင့် ၄ နတ်ဆေးလုံးဆရာအဖြစ်သာ ရရှိခဲ့သည်။ သူက နတ်ဆေးလုံးဘုရင်ပင် မဟုတ်ပေ။

ထို့အပြင် သူ့နာမည်သည် မိုဝူကျို ဖြစ်ကြောင်း လူနည်းစုသာ သိထား၏။ သူ နိဗ္ဗာန်တာအိုမြို့သို့ ရောက်လာကြောင်း သိထားသူမှာ ပို၍ နည်းပါးပေသည်။ ရှီချိုက်ဟယ်သည် သူ့အကြောင်း စုံစမ်းခဲ့ကြောင်း အမှန်တကယ် မယုံနိုင်ပေ။

**သူ ပြိုင်ပွဲမှ ထွက်လာသည်မှာ မည်မျှ ကြာမြင့်သေးလို့လဲ ....**

ရှီချိုက်ဟယ်က အချိန်တိုလေးအတွင်း သူ့အကြောင်း အကုန်စုံစမ်းပြီးဖို့ရာ မဖြစ်နိုင်လောက်ချေ။

ရှီလင်းယုက တစ်ခုခုကို အမှတ်ရသွားဟန်ဖြင့် ချက်ချင်း အားနာစွာ ပြောလိုက်သည် “ ငါ့ကြောင့် ထင်တယ် ”

မိုဝူကျိလည်း နားလည်သွားတော့သည်။ သူက ရှီလင်းယုအား ပြောလိုက်၏ “ အစ်ကိုကြီး အမှား မဟုတ်ပါဘူး။ ပြီးတော့ သူ့စကားထဲမှာ အချက်အလက်တွေ အများကြီး ပါနေပြီးသားပါ။ သူ့ကို အထဲဖိတ်ခေါ်လိုက်မယ်။ ဘာအတွက် ရောက်လာတာလဲဆိုတာ ကြည့်ရအောင် ”

မိုဝူကျိသည် နိဗ္ဗာန်တာအိုမြို့၏ အလုပ်အစည်းအရုံးရှေ့ သူတို့ တွေ့ဆုံမှုကြောင့် ဖြစ်မည်မှန်း သတိပြုမိလိုက်သည်။ ထိုအခါက ရှီလင်းယုသည် အသံလုံ အတားအဆီးလေးသာ ချထားခဲ့သည် မဟုတ်ပါလော။ ရှီချိုက်ဟယ်က ရှီလင်းယု သူ့အား နှုတ်ဆက်စဉ်အခါက နာမည်ကို ကြားသွားခြင်း ဖြစ်ပေလိမ့်မည်။

ရှီချိုက်ဟယ်က သူတို့ နောက်လိုက်နေမှန်း သိသာလှသည်။ မဟုတ်လျှင် ရှီချိုက်ဟယ်က ရှီလင်းယုနှင့် သူ့ကြားရှိ စကားဝိုင်းအား အာရုံစိုက်ထားမည် မဟုတ်ချေ။ ရှီချိုက်ဟယ်က သူ့ပြိုင်ပွဲအကြောင်း အကုန်သိပြီး အလုပ်အစည်းအရုံးအထိ လိုက်လာခြင်း ဖြစ်ပေမည်။

မိုဝူကျိက ထိုအရာအားလုံးကို တွက်ချက်ပြီးနောက် သူ့နောက်ကျော၌ ချွေးအေးများ စီးကျလာတော့သည်။ သူက အဆင့် ၅ နတ်ဆေးလုံးဘုရင် စစ်ဆေးမှုကို

မအောင်မြင်ခဲ့သော်လည်း ရှီချိုက်ဟယ်က ဆေးလုံးတာအို ဂုဏ်ထူးဆောင် မျှော်စင်ကတည်းက သူ့နောက်လိုက်နေသည်မှာ သိသာလှသည်။

ဤလူက နတ်ဘုရားဘုရင် နောက်ပိုင်းအဆင့် ဖြစ်ပြီး အဆင့် ၅ နတ်ဆေးလုံးဘုရင်လည်း ဖြစ်ပေသည်။ ဤသို့လူမျိုးက သူ့လိုမျိုး ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူနောက် တစ်ရက်တာလုံးလုံး နောက်ယောင် လိုက်နေလေသည်။ မိုဝူကျိက မစိုးရိမ်ဘဲ မနေနိုင်တော့ချေ။

သို့သော်လည်း ရှီချိုက်ဟယ်လို ပညာရှင်မျိုးက မိုဝူကျိဆီ လာတွေ့သည် ဖြစ်ရာ မိုဝူကျိအနေနှင့် ကြိုဆိုရမည် ဖြစ်၏။ လေးစားမှု ပြသသည့်အနေနှင့် သူက ရှီချိုက်ဟယ်အား စစ်ဆေးဖို့ရာ စိတ်စွမ်းအားလည်း အသုံးမပြုနိုင်ချေ။

မိုဝူကျိက အတားအဆီးကို ဖြေလျှော့ပြီးနောက် တံခါးနားတွင် ရပ်နေသော လူငယ်လေးကို တွေ့လိုက်ရသည်။ မိုဝူကျိကို အံ့သြသွားစေသည်က ထိုလူငယ်လေးတွင် လက်မောင်းတစ်ဖက် မရှိနေပေ။

နတ်ဘုရားဘုရင် နောက်ပိုင်းအဆင့်နှင့် အဆင့် ၅ နတ်ဆေးလုံးဘုရင်တစ်ယောက်က လက်တစ်ဖက် ပြတ်နေသည်။ ဤသည်က အတော်လေး ထူးဆန်းလှသည်။

“ဆေးလုံးဆရာမို ... နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် ဆေးလုံးပင်လယ်ရဲ့ ရှီချိုက်ဟယ်က မင်းဆီ ဖြုန်းခနဲ ရောက်လာတာ ဘာမှ အနှောင့်အယှက် မဖြစ်ဖို့ မျှော်လင့်ပါတယ် ” ရှီချိုက်ဟယ်က အပြုံးလေးဖြင့် အထဲဝင်လာသည်။ သူ့လေသံက နွေးထွေးကာ ဖော်ဖော်ရွေရွေ ရှိလှသည်။

မိုဝူကျိုက တွေးလိုက်မိ၏။

**ခင်ဗျားရောက်လာတာ ဖြုန်းခနဲလား ... ခင်ဗျား ကျုပ်နောက်ကို တစ်ရက်လုံး လိုက်နေတာ မဟုတ်ဘူးလား**

သို့သော်လည်း မိုဝူကျိုက တစ်ဖက်လူသည် မကောင်းသည့် ရည်ရွယ်ချက် မရှိကြောင်း သိလိုက်သည်။ မဟုတ်ပါက သူ သတိပြုမိပြီးသည်မှာ ကြာမြင့်လောက်လေပြီ။

“ ကိစ္စမရှိပါဘူးဗျာ ... စီနီယာရှီ ရောက်လာတာက ဒီဂျူနီယာလေးအတွက် ဂုဏ်ယူစရာပါပဲ။ ဒီဂျူနီယာလေးက ဆေးလုံးဆရာလို့ အခေါ်မခံရဲပါဘူး။ စီနီယာက ကျုပ်ကို ဂျူနီယာ ဒါမှမဟုတ် မိုဝူကျိုဆိုပြီး နာမည်တည့်တိုး ခေါ်လို့ ရပါတယ် ” ယခု

ရှီချိုက်ဟယ်သည် သူ့နာမည်ကို နှစ်ခေါက်တိတိ ထုတ်ပြောခဲ့၍ မိုဝူကျိုလည်း သူ့နာမည် အပြည့်အစုံကို ပြန်လည် ထုတ်ပြောရမည် ဖြစ်၏။

ရှီလင်းယုကလည်း လက်နှစ်ဖက် ယှက်ကာ “ မိုးကောင်းကင်ဂိုဏ်းရဲ့ ရှီလင်းယုကလည်း တာအိုရှောင်းရင်းရှီကို နှုတ်ဆက်ပါတယ် ”

ရှီချိုက်ဟယ်က လက်နှစ်ဖက် ပြန်ယှက်ကာ “ ကျုပ်လည်း ဂိုဏ်းချုပ်ရှီရဲ့ နာမည်ကို ကြားဖူးနေတာ ကြာပါပြီ။ အခုမှပဲ တွေ့ဖူးတော့တယ်။ ကြည့်ရတာ ဒဏ္ဍာရီတွေက အမှန်ဖြစ်နေပုံပါပဲဗျာ ”

အပြန်ပြန်အလှန်လှန် ညှိဝတ်စကားဆိုပြီးနောက် မိုဝူကျိုနောက် လိုက်၍ အခန်းထဲ ဝင်လာသည်။

မိုဝူကျိုက ချီပင်းသည် ရှီချိုက်ဟယ် ရောက်လာကြောင်း သိမည် ဖြစ်ကြောင်း အသေအချာ သိလိုက်သည်။ ချီပင်းက ထွက်မလာသည့်အတွက် မိုဝူကျိုက တမင် သွားမခေါ်နေတော့ချေ။

မိုဝူကျိုက လက်ဖက်ရည်ကြမ်း ညှိခံပြီးနောက် ရှီချိုက်ဟယ်က ပြုံးကာ “ ဝူကျိုကို ကျုပ် ဒီနေ့ ကူညီပေးခဲ့တယ် ”

ရှီချိုက်ဟယ်က လောကဝတ် အလွန်အကျူး မပြုမူနေတော့ဘဲ မိုဝူကျိအား နာမည်အရင်းအတိုင်းသာ ခေါ်ဝေါ်လိုက်သည်။

မိုဝူကျိက သူ့အား မရေမရာ ကြည့်လိုက်သည်ကို မြင်၍ ရှီချိုက်ဟယ်က ဆက်ပြောလိုက်သည် “ စောစောလေးက နတ်ဘုရားဘုရင် တာဝန်ခံတစ်ယောက် မင်းကို အတင်း ခေါ်သွားချင်နေတာလေ။ ဒါပေမဲ့ ကျုပ်က သူ့ကို လှမ်းပြောလိုက်တော့ သူက ကျုပ်ကို မျက်နှာသာပေးသွားတာ ”

မိုဝူကျိ စိတ်ထဲ လေးလံမိသွားသည်။ သူ့သလင်းကျောက်သည် ပြဿနာ ဖြေရှင်းပေးလိုက်သည်ဟု ထင်မှတ်မိခဲ့သည်။ အမြင်နှင့်တင် ပြဿနာကား သူ စိတ်ကူးထားသည်ထက် ပို၍ လေးနက်နေပုံ ရသည်။ ရှီချိုက်ဟယ်က ထပ်မရှင်းပြလျှင်ပင် မိုဝူကျိက သူ့အား အတင်းခေါ်သွားချင်သည့် နတ်ဘုရားဘုရင်မှာ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးနှင့် တစ်ဖွဲ့တည်း ဖြစ်ကြောင်း သိလိုက်သည်။

အကယ်၍ သူသာ ခေါ်သွားခံရပါက ရလဒ် မည်သို့ ဖြစ်လာမည်ကို စိတ်ကူးကြည့်လို့ ရပေသည်။ သူ့တွင် သလင်းကျောက် ရှိနေလျှင်လည်း ဘာအရေးလဲ။ ထိုလူများက သူ့အရိုးကိုပင် စွတ်ပြုတ် လုပ်သောက်မည့်သူများ ဖြစ်၏။

မိုဝူကျိက ထရပ်ကာ ရှီချိုက်ဟယ်အား ဦးညွှတ်လိုက်ပြီး " ကျုပ်ကို ကယ်ပေးတဲ့အတွက် စီနီယာကို ကျေးဇူးတင်ပါတယ် "

ရှီချိုက်ဟယ်က လက်ဝှေ့ပြကာ " အသက်ကြွေးဆိုတာတော့ များလွန်းသွားပါပြီ။ ဂိုဏ်းချုပ်ရှီလည်း ရှိနေတာဆိုတော့ မင်းကို အတင်းအဓမ္မ ခေါ်မသွားရဲပါဘူး။ အများဆုံး ဂိုဏ်းချုပ်ရှီက လူတချို့ကို စိတ်အနှောင့်အယှက် ပေးမိရုံလောက်ပါပဲ "

ရှီချိုက်ဟယ်က အပိုလျှောက်ပြောနေခြင်း မဟုတ်ပေ။ သို့သော်လည်း ဤသည်မှာ ရှီလင်းယု၏ ရပ်တည်မှုအပေါ် မူတည်သွားလေပြီ။ အကယ်၍ ရှီလင်းယုက မိုဝူကျိအား ဆက်လက် ကာကွယ်ပေးထားလျှင် ထိုနတ်ဘုရားဘုရင်က မိုဝူကျိအား ခေါ်သွားရဲမည် မဟုတ်ပေ။ သို့သော် အကယ်၍ ရှီလင်းယုက နိဗ္ဗာန်တာအိုမြို့၏ နတ်ဘုရားဘုရင်အား ရန်မစလိုလျှင် မိုဝူကျိကား သေချာပေါက် ခေါ်ဆောင်သွားခံရမည် ဖြစ်၏။

ရှီလင်းယုက သူ့အတွက် နိဗ္ဗာန်တာအိုမြို့ နတ်ဘုရားဘုရင်အား ရန်စရဲသည့်အကြောင်းကိုတော့ မိုဝူကျိအနေနှင့် သိပ်မသေချာပေ။ ဤသည်မှာ ကိစ္စအသေးလေး မဟုတ်ချေ။ အကယ်၍ ရှီလင်းယုသာ နိဗ္ဗာန်တာအိုမြို့၏ နတ်ဘုရားဘုရင်အား

အကြောင်းပြချက်မရှိ ရန်စမိခဲ့လျှင် သူ့မိုးကောင်းကင်ငယ်ဂိုဏ်းက ပို၍ ခက်ခဲလာနိုင်သည်။ ထို့ကြောင့် ရှီချိုက်ဟယ် မည်သို့ပင် ပြောစေကာမူ မိုဝူကျို၏ ကျေးဇူးတင်မှုမှာ သူ့နှလုံးသားထဲမှ ဖြစ်တည်လာခြင်း ဖြစ်၏။

“ တကယ်လို့ စီနီယာဆီမှာ လုပ်ခိုင်းချင်တာ ရှိရင် ဂျူနီယာလေး တတ်စွမ်းသမျှ လိုက်လုပ်ပေးပါ့မယ် ” သူက ရှီချိုက်ဟယ်ကို ကျေးဇူးတင်မိနေသော်လည်း ရှီချိုက်ဟယ်သည် သူ့နောက် တစ်နေကုန် လိုက်နေသည့် အကြောင်းအရင်းကို သိချင်မိသေး၏။

ရှီချိုက်ဟယ်က ခေါင်းညိတ်ကာ မိုဝူကျိုအား ထိုင်ရန် လက်ဟန်ပြလိုက်ပြီး “ မင်းရဲ့ တာအိုပညာရပ်တွေက အားကောင်းတယ်။ မင်းထက် အဆင့်မြင့်တဲ့သူတွေကိုတောင် နိုင်မယ်ဆိုတာ ခန့်မှန်းမိတယ်။ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူတချို့ပဲ မင်းနဲ့ ရင်ဆိုင်နိုင်လိမ့်မယ် ”

မိုဝူကျိုက သက်ပြင်းချလိုက်မိသည်။ ဤလူက သူ့နောက် တစ်ရက်လုံးလုံး လိုက်နေခဲ့သည်။

**အကြောင်းအရင်း အတိအကျမှာ ....**

မိုဝူကျို စိတ်ထဲ တုန်လှုပ်မိသွား၏။ နောက်ဆုံးတွင် အကြောင်းအရင်းကို တွေးမိသွားသည်။ ဤလူက

ဆေးလုံးဖော်စပ်ရာ၌ သူ့စွမ်းဆောင်ရည်ကို သတိပြုမိသွား၍ ဖြစ်သည်။ သူ့ဆေးလုံးများက သာမာန် ဖြစ်သော်လည်း သူ့ဆေးပင် သန့်စင်နှုန်းကား ထိပ်တန်းအဆင့် ဖြစ်နေ၏။ ထို့ပြင် မကသေးဘဲ သူ့ဆေးလုံးဖော်စပ်နှုန်းမှာ အလွန်မြန်ဆန်ပေသည်။ သူက သူ့ကိုယ်သူ နှေးကွေးဖို့ ကြိုးစားသော်လည်း အမြန်နှုန်းမှာ သာမာန်ဆေးလုံးဆရာများ လိုက်မယှဉ်နိုင်သေးချေ။

ယခု ရှီချိုက်ဟယ် သူ့နောက် လိုက်လာသည့် အကြောင်းအရင်းကို နားလည်သွားသောကြောင့် မိုဝူကျိက သက်ပြင်းချလိုက်သည်။ ဆေးလုံးဖော်စပ်နှုန်း မြန်ဆန်ခြင်းမှာ ဘာမှမဟုတ်ပေ။ ဤသည်က အများဆုံး သူ့စိတ်စွမ်းအားကား အင်မတန် အားကောင်းကြောင်း ပြသရုံသာ ဖြစ်၏။ ထို့အပြင် သူက အဆင့် ၅ ဆေးလုံးကို မဖော်စပ်ခဲ့ဘဲ အဆင့် ၄ နှင့်အောက် ဆေးလုံးများသာ ဖော်စပ်ခဲ့၏။

မိုဝူကျိက ထိုင်ချကာ လေးလေးနက်နက် ပြောလိုက်သည် “ အဲဒါက ကျုပ်ရဲ့ အခြေခံအုတ်မြစ်က ကျစ်လစ်လို့ နေမယ်။ ကျုပ်က ကနဦး နတ်ဘုရားအဆင့်မှာ တစ်နေတာ ကြာလှပြီလေ ”

အကယ်၍ ရှီလင်းယုနှင့် ရှီချိုက်ဟယ်သည် မိုဝူကျိ၏ အလွန်ကြာလွန်းသော အခိပ္ပါယ်မှာ ဆယ်နှစ်ကနေ နှစ်နှစ်ဆယ်အတွင်း ဖြစ်ကြောင်း သိလျှင် သူတို့နှစ်ယောက် မိုဝူကျိ မျက်နှာကို တံတွေးထ ထွေးမိပေလိမ့်မည်။ ထို့နောက် မိုဝူကျိအား လက်ညှိုးထိုးကာ ဆူငေါက်ပစ်လောက်၏

**“ မင်းဘာသာ တခြားနည်းနဲ့ ကြည့်ကောင်းအောင် ပြောလို့ မရဘူးလား ”**

ကံကောင်းစွာဖြင့် ရှီချိုက်ဟယ်က မိုဝူကျိသည် အလွန်ငယ်သေးကြောင်းသာ ပြောနိုင်သည်။ မိုဝူကျိ၏ လူသားတာအိုနှင့် ထာဝရကမ္ဘာ ပုံပန်းသဏ္ဍာန် ဖွဲ့တည်မှုကြောင့် မိုဝူကျိ၏ အသက်အရွယ်အား မျက်စိသပ်သပ်ဖြင့် ခွဲခြားဖို့ရာ မဖြစ်နိုင်ချေ။

ရှီချိုက်ဟယ်က ခေါင်းညိတ်ကာ “ ဝူကျိ … မင်းကို မေးခွန်းတစ်ခုလောက် မေးချင်တယ်။ မင်း ဘာကျင့်စဉ်ကို သုံးနေတာလဲ ”

မိုဝူကျိက ဘာကိုမှ လျို့ဝှက်မထားပေ။ အင်မော်တယ် မော်တယ်ကျင့်စဉ်သည် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှ အစပြုလာခြင်း ဖြစ်ပြီး သူသည်

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် သေမျိုးနယ်မြေသို့ သွားရောက်ရန် ဤနေရာအထိ ရောက်ရှိလာခြင်း ဖြစ်၏။ ထို့ကြောင့် သူ့အနေနှင့် ထိုအချက်အား ဖုံးကွယ်ထားဖို့ မလိုအပ်ပေ။

“ ဒီဂျူနီယာလေးက အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံပါတယ်။ ဒီတစ်ခါ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ကို ဝင်ချင်တာကလည်း သေမျိုးနယ်မြေဆီ သွားချင်လို့ပါ ”

မိုဝူကျိသည် အင်မော်တယ် မော်တယ်ကျင့်စဉ် ကျင့်ကြံကြောင်း ကြားလိုက်သည့်အခါ ရှီချိုက်ဟယ်က သူပခုံးပေါ်မှ ဝန်ထုပ်ကြီး ပြုတ်ကျသွားသလို ခံစားလိုက်ရသည်။ လက်တွေ့၌ သူ မိုဝူကျိနောက် တစ်ရက်လုံးလုံး လိုက်လာပြီးနောက် မိုဝူကျိအပေါ် သူ့အမြင်မှာ အလွန်ကောင်းလှသည်။

မိုဝူကျိ ပြိုင်ပွဲဝင်နေစဉ်အတွင်း လူက တိုက်ပွဲ ၂၉ ပွဲတွင် လူတစ်ယောက်ကိုမှ မသတ်ခဲ့ပေ။ နောက်ဆုံး၌ ခပ်ကြမ်းကြမ်း အမျိုးသားတစ်ဦးက မိုဝူကျိကို သတ်ရန် ကြိုးစားခဲ့သောကြောင့် မိုဝူကျိက ရက်စက်လိုက်ရခြင်း ဖြစ်သည်။ မိုဝူကျိသည် သွေးဆာရက်စက်သည့်သူ မဟုတ်မှန်း သိသာလှသည်။ သူ

ရှီချိုက်ဟယ်က သွေးဆာရက်စက်သူများအတွက် ဆေးလုံး မဖော်စပ်ရန် ကိုယ်ပိုင်စည်းမျည်း တစ်ခု ရှိပေသည်။

သူ့လက်မောင်းတစ်ဖက်က နတ်ဘုရားဘုရင် ပြီးပြည့်စုံခြင်းအဆင့်ရှိ ကျင့်ကြံသူတစ်ဦးကြောင့် ဒဏ်ရာရခဲ့ခြင်း ဖြစ်ပေသည်။ ဤလူက အရမ်းကို ရူးသွပ်ကာ သွေးဆာလွန်းနေသည့်အတွက် သူက ထိုလူအတွက် ဆေးလုံးဖော်စပ်ပေးဖို့ ငြင်းဆိုခဲ့သည်။ ထို့ကြောင့် ထိုလူက သူ့လက်မောင်းအား ဖြတ်ပစ်လိုက်ခြင်း ဖြစ်၏။

အကယ်၍ မိုဝူကျိကသာ အဆုံးမဲ့မြစ် ဆေးလုံးတာအိုး၏ မျိုးဆက် ဖြစ်နေလျှင် ရလဒ်မှာ မိုဝူကျိအပေါ် မည်သို့ ကျရောက်လာမည်ကို မှန်းဆကြည့်၍ ရပေသည်။ ဆေးလုံးပင်လယ် ကျန်းရှား၏ လက်အောက်တွင် သူ ရှီချိုက်ဟယ်က မိုဝူကျိအား ကယ်တင်ပေးနိုင်မည် မဟုတ်ပေ။

မိုဝူကျိက သူ့စကားများသည် ရှီချိုက်ဟယ်အား သူ့အပေါ် ပို၍ နွေးထွေးလာစေသည်ကို ခံစားမိလိုက်၏။

“ မင်းရဲ့ ကျင့်စဉ်ကို ပြလို့ ရမလား ” ရှီချိုက်ဟယ်က မေးကြည့်လိုက်သည်။

မိုဝူကျိုက တံ့ဆိုင်းမနေဘဲ သူ တျန်းဂျိဂိုဏ်းမှ ရရှိထားသည့် အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ထုတ်ပြလိုက်သည်။ တခြားသူများအတွက် တခြားသူ၏ ကျင့်စဉ်ကို မေးမြန်းခြင်းက ရန်စခြင်းဟု သတ်မှတ်နိုင်ပေသည်။ သို့သော်လည်း မိုဝူကျိုက ရှီချိုက်ဟယ်သည် အလွန်လေးနက်စွာဖြင့် ကျင့်စဉ်ကို အမှန်တကယ် ကြည့်လိုကြောင်း ခံစားမိပေ၏။

ရှီချိုက်ဟယ်သည် အင်မော်တယ် မော်တယ်ကျင့်စဉ်ကို လက်ခံလိုက်ပြီး ပထမစာမျက်နှာကို လှန်ကြည့်လိုက်စဉ် ရင်းနှီးသောစာလုံးများက သူ့ရှေ့ ပေါ်လာသည်။

“ မိုးမြေ ပွင့်လာပြီး သဘာဝစွမ်းအားတွေ ဖြစ်တည်လာပြီးရင် ရလဒ်အနေနဲ့ ရုတ်ရုတ်သည်းသည်း ဖြစ်သွားစေမယ်။ ဝိညာဉ်စွမ်းအားနဲ့ မိုးမြေ သဟဇာတဖြစ်မှုက သက်ရှိကို မွေးထုတ်ပေးတယ်။ တာအိုလမ်းစဉ် မလိုက်နိုင်တဲ့သူတွေကို သေမျိုးတွေအဖြစ် မှတ်ယူကြတယ်။ ငါ သေမျိုးတစ်ယောက်အနေနဲ့ သဘာဝစွမ်းအားတွေကို စုစည်းပြီး အသက်ရှည်မှုကို ရရှိခဲ့တယ် .... ”

“ ဒါက စိုက်ပျိုးရေး ကေရာဇ် ချန်ခဲ့တာ အမှန်ပဲ။ ဟုတ်တယ် ... မင်းက အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်နေတာပဲ။

မင်းက တော်တော် ကံကောင်းတာပဲ။ စိုက်ပျိုးရေး ကေရာဇ် ကိုယ်တိုင် ရေးထားတဲ့ ကျင့်စဉ်ကိုတောင် ရခဲ့သေးတယ် ” ရှီချိုက်ဟယ်က စာအုပ်ကို ပိတ်ကာ မိုဝူကျိအား ပြန်ပေးလိုက်သည်။

မိုဝူကျိက သူသည် နောက်စာရွက်များ မဖတ်ကြည့်ရသေးကြောင်း မထုတ်ဖော်ပေ။ အကြောင်းမှာ သူ့အင်မော်တယ် မော်တယ်ကျင့်စဉ်သည် ဤစာအုပ်နှင့် မတူညီသော လမ်းကြောင်းကို သွား၍ ဖြစ်သည်။ အကယ်၍ ရှီချိုက်ဟယ်သာ နောက်စာရွက်ကို လှန်ကြည့်လျှင် တစ်ခုခု လွဲမှားနေကြောင်း တွေ့သွားနိုင်သည်။

မိုဝူကျိက ရှီချိုက်ဟယ်သည် သူ့အင်မော်တယ် မော်တယ်ကျင့်စဉ်ကို အဘယ်ကြောင့် စုံစမ်းစစ်ဆေးလိုမှန်း မသိပေ။ ပြဿနာကို ရှောင်ရှားခြင်းက အကောင်းဆုံး ဖြစ်၏။

မိုဝူကျိက အင်မော်တယ် မော်တယ်ကျင့်စဉ်ကို အသေအချာ ဂရုတစိုက် ပြန်သိမ်းလိုက်သည်ကို မြင်ပြီး ရှီချိုက်ဟယ်က ခေါင်းညိတ်ကာ မေးလိုက်သည် “ ဝူကျိ … မင်း အဆုံးမဲ့မြစ် ဆေးလုံးတာအိုဆိုတာ ကြားဖူးလား ”

မိုဝူကျိုက ကြောင်အမ်းစွာဖြင့် ခေါင်းခါလိုက်သည် “ အဆုံးမဲ့ မြစ်ဆေးလုံးတာအိုက အတော်လေး အံ့ဩဖို့ ကောင်းလား။ ကျုပ် တစ်ခါမှ မကြားဖူးဘူး ”

## အခန်း (၉၉၁) : မဟာအစီအရင်တာအို

ရှီချိုက်ဟယ်က ရယ်မောကာ “ အဆုံးမဲ့မြစ် ဆေးလုံးတာအိုက အရမ်း အံ့ဩဖို့ ကောင်းတာတော့ အမှန်ပဲ။ ဒါပေမဲ့ မင်းက မကြားဖူးမှတော့ ထားလိုက်ပါ။ မင်းရဲ့ စွမ်းဆောင်ရည်နဲ့ဆိုရင် ဘာမှသာ အမှားအယွင်း မရှိဘူးဆိုရင် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ဆီ ရောက်လာမှာပါ။ မင်း ငါတို့ ဆေးလုံးပင်လယ်ကို ဝင်ဖို့ စိတ်ဝင်စားလား ”

မိုဝူကျိုက အနည်းငယ် အားနာစွာဖြင့် “ စီနီယာ … နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ဆီ ဝင်ချင်တဲ့ ဒီဂျူနီယာလေးရဲ့ ရည်ရွယ်ချက်က သေမျိုးနယ်မြေဆီ သွားချင်လို့ပါ။ ဂျူနီယာလေးအတွက် ဆေးလုံးတာအိုက သင်ယူဖြစ်ခဲ့တဲ့ အရာလေးတစ်ခုပါပဲ ”

သူက ဆေးလုံးပင်လယ်သို့ ဝင်ရန် စစ်ဆေးမှု ရှိလား၊ မရှိလားပင် မမေးတော့ပေ။

"ဟားဟား ..." ရှီချိုက်ဟယ်က ရယ်မောကာ ထရပ်လိုက်သည် " မင်းက သေမျိုးနယ်မြေကြောင့် ရောက်လာတာကို သိပါတယ်ကွာ။ ငါလည်း လုပ်စရာလေးတွေ ရှိသေးလို့ အခု သွားလိုက်ဦးမယ်။ နောင်ကျ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှာ အကူအညီတစ်ခုခု လိုရင် ငါ ရှီချိုက်ဟယ်ကို လာရှာလှည့် "

ထိုသို့ပြောပြီးနောက် ရှီချိုက်ဟယ်က မိုဝူကျိအား ကျောက်စိမ်းပြား ပေးလိုက်သည်။ သူ့ပုံရိပ်က ဖြတ်ခနဲ ပျောက်ကွယ်သွားတော့သည်။

မိုဝူကျိက ကျောက်စိမ်းပြားကို လက်ခံလိုက်ပြီးနောက် ရှီချိုက်ဟယ်၏ ပျောက်ကွယ်သွားသည့် ပုံရိပ်ကို ဦးညွှတ်လိုက်သည် " ဒီစီနီယာက ကျုပ်အပေါ် အမြင်ကောင်းပုံရတယ်။ သူက ကျုပ်ကို ကျောက်စိမ်းပြားတောင် ပေးသွားသေးတယ် "

ရှီလင်းယုက ခေါင်းညိတ်ကာ " နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ ဆေးလုံးပင်လယ်ထဲ ကျုပ် အလေးစားရဆုံး ဆေးလုံးဘုရင်က နတ်ဆေးလုံးဘုရင်

ချိုက်ဟယ်ပဲ။ သူ့ကျောက်စိမ်းပြားက အတော်လေး လွှမ်းမိုးမှု ရှိတယ်။ မင်း နောင်ကျရင် လိုရင် လိုအပ်လာနိုင်တယ် ”

မိုဝူကျိုက ရှီချိုက်ဟယ်၏ ကျောက်စိမ်းပြား တန်ဖိုးအကြောင်း သိပေသည်။ သို့သော်လည်း သူက အသုံးပြုရန် ရည်ရွယ်ချက် မရှိပေ။ သူက ပုံမှန်စကားများအား အမှန်တရားများအဖြစ် ယူဆမည့်သူ မဟုတ်ပေ။ ရှီချိုက်ဟယ်က သူ့ပါရမီကို အသိအမှတ်ပြုလျှင်ပင် သူ့အနေနှင့် ကျောက်စိမ်းပြားကို အသုံးပြုပစ်၍ မဖြစ်ပေ။ သူ့အသက် ပါဝင်ပတ်သတ်သည့် ကိစ္စမဟုတ်သရွေ့ ဤကျောက်စိမ်းပြားကား အမှတ်တရ လက်ဆောင်အဖြစ်သာ ကျန်ရှိလိမ့်မည်။

မိုဝူကျိုက ကျောက်စိမ်းပြားကို သိမ်းပြီးနောက် ရှီလင်းယုက ပြောလိုက်သည် “ ဝူကျို ... ငါ့ကို ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် နှစ်ဆယ်ကာတီ ပေးတာ ကျေးဇူးပါကွာ။ ငါ မင်းရဲ့စစ်ဆေးမှု ပြီးတဲ့အထိ စောင့်ပေးသင့်တာကို အခု နှင်းစက်စိမ်းဆန် ပြန်ယူသွားဖို့ အရမ်းကို အလျှင်လိုနေလို့ အခု နှုတ်ဆက်ရတော့မယ် ”

မိုဝူကျိုက ရှီလင်းယု ရောက်လာသည့် အကြောင်းအရင်းမှာ ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်ကြောင့် ဖြစ်မှန်း သိပေသည်။

သို့သော်လည်း နှင်းစက်စိမ်းဆန်ကို မည်သို့သုံးမည်ကိုတော့ မမေးလိုပေ။ ရှီလင်းယုက ထွက်သွားရန် လိုသောကြောင့် သူ့အား ရိပ်သာအဝင်ဝအထိ လိုက်ပို့ပေးလိုက်သည်။

သူ့အခန်းသို့ ပြန်လာပြီး အတားအဆီးများ ပြန်ချပြီးနောက် မိုဝူကျို ပထမဆုံး လုပ်သည့်အရာမှာ ရှီလင်းယု ပေးခဲ့သည့် မဟာအစီအရင် တာအိုအား ထုတ်ကြည့်လိုက်ခြင်း ဖြစ်၏။

မိုဝူကျိုအတွက် အစီအရင်တာအိုသည် ဆေးလုံးတာအိုထက် ပို၍ အရေးကြီးပေသည်။ သူ့အစီအရင်တာအို ဖြည်းဖြည်းချင်း တိုးတက်လာသည့် အကြောင်းအရင်းမှာ သူက သူ့ဘာသာ လေ့လာရ၍ ဖြစ်သည်။ သူ့အင်မော်တယ် မော်တယ်ကျင့်စဉ်က တာအိုအမျိုးမျိုး လေ့ကျင့်ရန် သင့်တော်သည်မှာ အမှန်ဖြစ်သော်လည်း အစပိုင်းမျှသာ ဖြစ်၏။ သူ့တာအိုသည် သေချာသည့် အဆင့်တစ်ခုသို့ ရောက်ရှိသွားသည်နှင့် သူ့တိုးတက်နှုန်းမှာ သိသိသာသာ လျော့ကျသွားလိမ့်မည်။

သူ့ဆေးလုံးတာအိုနှင့် အတူတူ ဖြစ်ပေသည်။ အကယ်၍ သူသာ နတ်ဘုရားဘုရင် ဝတ်ရုံစိမ်းဆီက အမွေအနှစ်များနှင့် အဆင့် ၅ အပင် တစ်ထောင်ကျော် မရရှိထားပါက သူ့အနေနှင့် အဆင့် ၅

နတ်ဆေးလုံးဘုရင်အဆင့် ရောက်ဖို့ရာ အင်မတန် ခက်ခဲပေလိမ့်မည်။

ယခု သူက ရှီလင်းယု ပေးခဲ့သည့် မဟာအစီအရင်တာအိုသည် သူ့အစီအရင်တာအိုအား နောက်တဆင့် တက်လှမ်းဖို့ ကူညီပေးနိုင်ရန် မျှော်လင့်နေမိသည်။ အကယ်၍ သူသာ အဆင့် ၅ အစီအရင်ဘုရင် ဖြစ်သွားလျှင် ထိုထောင်ချောက်အစီအရင် ချိုးဖော်ရန် ရှီလင်းယု၏ အကူအညီပင် လိုမည် မဟုတ်ပေ။

မိုဝူကျို၏ အမြင်အရ မဟာအစီအရင်တာအိုသည် အစီအရင်တာအိုအပေါ် အသေးစိတ် ရှင်းလင်းထားသည့် စာအုပ်သာ ဖြစ်လိမ့်မည်။ သူက ဤစာအုပ်မှ အစီအရင်ဗဟုသုတများစွာ သင်ယူနိုင်ဖို့ မမျှော်လင့်ထားပေ။ သူက သူ့ကိုယ်ပိုင် အစီအရင်တာအိုလမ်းကြောင်း ပွင့်သွားစေရန် ဉာဏ်ကွန့်မြူးမှုတချို့ ရှာတွေ့စေရန်သာ မျှော်လင့်ထားမိသည်။

မိုဝူကျိုက စာအုပ် ပထမစာရွက်ကို လှန်ကြည့်လိုက်သည့်အခါ ကြောင်အမ်းသွားလေ၏။

**ဒါက ဘယ်လိုလုပ် အစီအရင်တာအိုအပေါ် အသေးစိတ် ရှင်းလင်းထားတာ ဖြစ်နိုင်မှာလဲ ....**

**ဒါက တိုက်ကွက်ပဲ … နာမည်ကိုက မဟာအစီအရင်တာအိုဖြစ်နေတာ ….**

မကြာခင် မိုဝူကျိုက စိတ်လှုပ်ရှားမိလာသည်။ ဤတိုက်ကွက်က တိုက်ခိုက်ရေး တိုက်ကွက် မဟုတ်ပေ။ ထို့အစား အစီအရင်များကို ချိုးဖောက်နိုင်သည့် ပညာရပ်တစ်ခု ဖြစ်၏။ အကယ်၍ အဆင့် ၃ အစီအရင်ဆရာက ဤပညာရပ်ကို အပြည့်အဝ ထိန်းချုပ်နိုင်လျှင် အဆင့် ၅ အစီအရင်ကိုပင် အသက်ရှူကိစ္စအနည်းငယ်အတွင်း ချိုးဖောက်နိုင်မည် ဖြစ်သည်။ အကယ်၍ သူ အဆင့် ၄ အစီအရင်ဆရာက မဟာအစီအရင်တာအိုအား အပြည့်အဝ တတ်ကျွမ်းသွားလျှင် သူ့အနေနှင့် အဆင့် ၆ အစီအရင်အကြောင်း ဘာမှမသိထားလျှင်ပင် အဆင့် ၆ အစီအရင်ကို ချိုးဖောက်နိုင်စွမ်း ရှိလာလိမ့်မည်။

**ကောင်းလိုက်တာ …**

မိုဝူကျိုက စိတ်ထဲကနေ ရှီလင်းယုအား ကျေးဇူးတင်မိသွားသည်။

အစီအရင်တာအိုသည် ကျယ်ပြန့်လွန်းပြီး အဆုံးအစမရှိပေ။ မိုဝူကျို၏ အစီအရင်တာအို အားကောင်းလာသောကြောင့် သူက အစီအရင်တာအို၏ အင်အားကို သတိထားမိ၏။ အကယ်၍

လူတစ်ယောက်က အစီအရင်အတွင်း ပိတ်မိနေလျှင် သူက မည်မျှ အားကောင်းစေကာမူ သေခြင်းတရားကိုသာ ထိုင်စောင့်နေရမည်။

ထိုအကြောင်းအရင်းကြောင့် မိုဝူကျိက အစီအရင်တာအိုကို အသေအချာ လေ့လာနေခြင်း ဖြစ်၏။ သူ့အစီအရင်တာအိုအပေါ် အသုံးပြုသည့် အချိန်မှာ ကျင့်ကြံရေးပြီးလျှင် ဒုတိယ ဖြစ်ပေသည်။ ဆေးလုံးတာအို လေ့ကျင့်ချိန်ထက်ပင် အချိန်ပိုကြာမြင့်သေး၏။

အစီအရင်တာအိုက ကျယ်ပြန့်ကာ ရှုပ်ထွေးလွန်းသောကြောင့် မိုဝူကျိက အချိန်များစွာ လေ့လာထားသော်လည်း သူ့အစီအရင်တာအိုက ဆေးလုံးတာအိုနောက် ကျန်နေခဲ့ခြင်း ဖြစ်ပေသည်။

မိုဝူကျိက အဆင့် ၄ အစီအရင်ဆရာ တစ်ယောက် ဖြစ်သည့်အတွက် မဟာအစီအရင်တာအိုကို လေ့လာရင်း စိတ်နှစ်မြှုပ်သွားတော့သည်။ သူ့ချီသွေးကြော ၁ဝ၈ ခုလုံးက လှည့်ပတ်နေပြီး မဟာအစီအရင်တာအို ရင်းမြစ်ရှာရန် ကြိုးစားလျက် ရှိသည်။

………………

မိုဝူကျိက တံခါးပိတ် လေ့ကျင့်သွားခဲ့စဉ် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးအတွင်း သူ ဖြစ်ပွားခဲ့သည့် ကိစ္စများမှာ

ရုတ်ရုတ်သည်းသည်း ဖြစ်မသွားချေ။ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးအတွင်းမှ လူတချို့သာ သိကြ၏။ အစည်းအရုံးကို တာဝန်ယူထားသော အကြီးအကဲ လေ့ဃွီက စုံစမ်းစစ်ဆေးခံရပြီး တခြားနေရာသို့ ပို့ဆောင်ခံလိုက်ရသည်။

မိုဝူကျို၏ သလင်းကျောက်နှင့် နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးကြားရှိ ပဋိပက္ခမှာ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးအပေါ် မည်သည့် သက်ရောက်မှုမှ မဖြစ်လာပေ။ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးပေါ်သို့ ပြစ်ဒဏ်တစ်ခုပင် ကျရောက်မလာပေ။

အစည်းအရုံး အကြီးအကဲ ရာထူး ပျောက်ဆုံးသွားသော လေ့ဃွီက မိုဝူကျိုအား အကောင်လိုက် ဝါးစားပစ်ချင်နေသည်။ သို့သော်လည်း သူက မိုဝူကျိုသည် ပျော်ရွှင်မှု ရိပ်သာအတွင်း အောင်းနေသောကြောင်း အခက်တွေ့နေသည်။ သူက ကင်းထောက်တစ်ယောက် ချန်ထားခဲ့ပြီး မိုဝူကျို တစ်ယောက် စစ်ဆေးမှု ကျရှုံး၍ နိဗ္ဗာန်တာအိုမြို့မှ ထွက်လာသော နေ့သည် မိုဝူကျို၏ သေနေ့စေ့သွားခြင်းသာ ဖြစ်လိမ့်မည်။

တစ်ချိန်တည်းတွင် မိုဝူကျိုသည် အဆုံးမဲ့မြစ် ဆေးလုံးတာအို၏ မျိုးဆက် မဟုတ်ကြောင်း ကြားပြီးနောက်

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ နတ်ဘုရားဘုရင် နှာပြားက သူ့အပေါ် စိတ်ဝင်စားမှု မရှိတော့ပေ။ မိုဂူကျိက ဆေးလုံးပင်လယ် မဝင်ခြင်းကိုတော့ သူ့ စိတ်ထဲပင် မထည့်ပေ။

သူက လူသားတာအိုအကြောင်း သိပေသည်။ လူသားတာအိုသည် ရှုန်းထျန်း အခြေအနေများ၏ တားဆီးမှုကို ခံရပြီး လှိုင်းအကြီးကြီး ဖြစ်မလာစေပေ။ ကျန်းရှား၏ အမြင်အရ စိုက်ပျိုးရေး ဧကရာဇ်လိုမျိုး နောက်ထပ် ပါရမီရှင်တစ်ယောက် လူသားတာအို၌ ပေါ်လာဖို့ မဖြစ်နိုင်ပေ။ စိုက်ပျိုးရေး ဧကရာဇ်၏ ဆေးလုံးဖော်စပ်ခြင်း မြန်ဆန်သည်မှာ အမှန်ဖြစ်သော်လည်း ထိုမျှတင် ဖြစ်၏။ တခြားအသုံးဝင်မှု မရှိပေ။

**နောက်ဆုံးတော့ သေမျိုးကား အမြဲတမ်း သေမျိုးသာလျှင် ဖြစ်နေမည်။**

……………

မိုဂူကျိက မဟာအစီအရင်တာအိုထဲ စိတ်နှစ်ထားရင်း မည်မျှ ရှုပ်ထွေးကြောင်း နားလည်လာသည်။ သီအိုရီ သဘောတရားအရ မည်သည့် နတ်အစီအရင်ဆရာမဆို ဤပညာရပ်အား သင်ယူနိုင်ပေသည်။ သို့သော်လည်း မိုဂူကျိက ထိုပညာရပ်ကို

သင်ယူလေလေ ရှိလင်းယုသည် သူ့ကို အဘယ်ကြောင့် ပေးလိုက်ကြောင်း သိလာလေလေ ဖြစ်၏။

မဟာအစီအရင်တာအိုကို ထိန်းချုပ်နိုင်ရန် အနည်းဆုံး အဆင့် ၅ နတ်အစီအရင်ဘုရင် ဖြစ်ရမည် ဖြစ်ကာ အားပြင်းသည့် စိတ်စွမ်းအားလည်း ပိုင်ဆိုင်ရမည် ဖြစ်၏။ ထိုစဉ် သူက အစီအရင်သင်္ကေတ ထောင်ချီ၍ ရေးထွင်းဖို့ လိုအပ်နေသည်။ သင်္ကေတများက ရှုပ်ထွေးလေလေ ပညာရပ်က ပို၍ အားကောင်းလာလေလေ ဖြစ်၏။ နတ်ဘုရား အုပ်စိုးသူအဆင့်ပင် အားပြင်းလှသည့် စိတ်စွမ်းအားနှင့်လူကို ရှာဖို့ ခက်လဲလှသည်။ အကယ်၍ သူ့စိတ်စွမ်းအားသာ အားနည်းနေပါက အစီအရင်အား မချိုးဖောက်နိုင်လောက်ပေ။

အားကောင်းသော လောကနတ်ဘုရားနှင့် နတ်ဘုရားဘုရင်သာ လုပ်ဆောင်နိုင်လိမ့်မည်။ သို့သော်လည်း အကယ်၍ သူက လောကနတ်ဘုရားအဆင့် သို့မဟုတ် နတ်ဘုရားဘုရင်အဆင့်ရှိ အဆင့် ၅ နတ်အစီအရင်ဘုရင် ဖြစ်နေလျှင် ဤပညာရပ်အား အဘယ်ကြောင့် လိုအပ်တော့မည်နည်း။ နတ်ဘုရားကုန်းမြေ၌ အဆင့်မြင့်ဆုံး အစီအရင်မှာ အဆင့် ၆ ဖြစ်၏။ အကယ်၍ လူတစ်ယောက်က နတ်ဘုရားဘုရင်အဆင့်နှင့် အဆင့် ၅ အစီအရင်ဆရာ တစ်ယောက် ဖြစ်နေလျှင် ဤပညာရပ်အား

နှစ်များစွာ အချိန်ပေး၍ သင်ယူမည် မဟုတ်လောက်ပေ။ လူများစွာက ဤနေရာတွင် အချိန်ဖြုန်းမည့်အစား တခြားအရာကိုသာ ရွေးချယ်ကြလိမ့်မည်။

မိုဝူကျိက အဆင့် ၄ နတ်အစီအရင်ဆရာ တစ်ယောက် ဖြစ်သော်လည်း သူက လူသားတာအိုကို ကျင့်ကြံပြီး တာအိုအသိဉာဏ်ပွင့် လမ်းကြောင်းနှင့် စိတ်ဝိညာဉ် သိုလှောင်ရေး လမ်းကြောင်းကို ပိုင်ဆိုင်ထားသည်။ သူ့စိတ်စွမ်းအားက အားကောင်းသည့် နတ်ဘုရားအုပ်စိုးသူနှင့်ပင် မယှဉ်နိုင်ပေ။ သို့သော် အင်အားမှာ နောက်ကောက်ကျနေမည် မဟုတ်ပေ။ အကြောင်းမှာ သူ့တွင် စိတ်ဝိညာဉ် သိုလှောင်ရေး လမ်းကြောင်း ရှိထားသည် မဟုတ်ပါလော။ ထိုမျှတင် မကသေးဘဲ သူက အာကာပြင် အစီအရင်သင်္ကေတများ ရေးထွင်းရာ၌လည်း အရည်အချင်း ရှိပေသည်။

ထိုအချက်များ ပေါင်းထည့်လိုက်သည့်အခါ မိုဝူကျိက မဟာအစီအရင်တာအိုအား လေ့လာရန် နတ်ဘုရား အုပ်စိုးသူအဆင့် ရောက်ဖို့လည်း မလိုတော့သလို အဆင့် ၅ အစီအရင်ဆရာ ဖြစ်နေစရာလည်း မလိုတော့ချေ။

ပို၍ အရေးကြီးသည်က မိုဝူကျိသည် ဤပြညာရပ်ကား သူ့အတွက် အလွန်အသုံးဝင်လာလိမ့်မည်ဟု ယုံကြည်နေမိသည်။ သူက အဆင့် ၅ နတ်အစီအရင်ဘုရင် ဖြစ်နေလျှင်ပင် သူ့အနေနှင့် အဆင့် ၅ အစီအရင်အား ခဏအတွင်း ချိုးဖောက်ရန် ခက်ခဲလိမ့်မည်။ မဟာအစီအရင်တာအိုက သူ့အား ကူညီပေးနိုင်၏။ ဤသို့သော ပညာရပ်မှာ သူ့အသက်ကို ကယ်တင်ပေးနိုင်သည့် အာမခံချက်တစ်မျိုး ဖြစ်ပေသည်။ သူ့ကျင့်ကြံရေး လမ်းကြောင်းတစ်လျှောက် သေခြင်းရှင်ခြင်း နယ်နမိတ်အား အကြိမ်ကြိမ် ကူးသန်းခဲ့ရသည်။ အသက်ကယ်တင်ပေးနိုင်သည့် မည်သည့် နည်းလမ်းမဆို သူ့အတွက် ဆွဲဆောင်မှု ရှိပေသည်။

တစ်လ ကျော်လွန်သွားလေပြီ။ မိုဝူကျိက မဟာအစီအရင်တာအိုကို အသုံးမပြုနိုင်သေးသော်လည်း ခဏလေးအတွင်း အစီအရင်သင်္ကေတ ရာချီ ရေးထွင်းနိုင်လေပြီ။ အကယ်၍ သူက အစီအရင်သင်္ကေတ တစ်ခု ထပ်မံ ရေးထွင်းလိုလျှင် အချိန်နှင့် အားထုတ်မှု ပိုသုံးရမည်။ မိုဝူကျိအတွက် မဟာအစီအရင်တာအို ထိန်းချုပ်ရန် လေ့လာခြင်းက အချိန်တစ်ခုမျှသာ ဖြစ်၏။

သို့သော်လည်း မိုဝူကျိက ရပ်တန့်ရုံမှအပ ရွေးချယ်စရာ မရှိတော့ချေ။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် စစ်ဆေးမှု

စတင်မည့်အချိန် ရောက်ရှိလာလေပြီ။ ဤနေရာသို့ သူရောက်လာသည့် အဓိက အကြောင်းအရင်းမှာ ဤစစ်ဆေးမှုကြောင့် ဖြစ်၏။

................

စစ်ဆေးမှု တစ်ရက်၊ နှစ်ရက်နှင့် ပြီးဆုံးသွားမည် မဟုတ်သောကြောင့် မိုဝူကျိက တာ့ဟွမ်နှင့် ရှိုက်ကောအား ရိပ်သာအတွင်း ဆက်လက် ကျင့်ကြံရန် မှာကြားခဲ့သည်။ မိုဝူကျိက ချီပင်းနှင့် ချီချွမ်းပင် သူ့နောက်လိုက်လာရန် မတောင်းဆိုခဲ့ပေ။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ စစ်ဆေးမှုက ပုံမှန်အားဖြင့် အန္တရာယ်မရှိပေ။ ချီပင်းလည်း ထိုအချက်ကို ကောင်းကောင်းသိထား၏။

မိုဝူကျိက ရိပ်သာအဝင်ဝဆီ ရောက်လာသည့်အခါ နိဗ္ဗာန်တာအိုမြို့အတွင်း အပြောင်းအလဲကို မြင်လိုက်ရသည်။ ယခင် နိဗ္ဗာန်တာအိုမြို့သည် လူများနှင့် စည်ကားလျက်ရှိသော်လည်း ယခုအခါတွင် ခြောက်ကပ်ကပ် လမ်းကြောင်းသာ ရှိတော့သည်။ ဤလမ်းကြောင်းကား နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် စစ်ဆေးမှုထံ သွားသည့် လမ်းသာ ဖြစ်၏။

“ခဏ … ခင်ဗျားက အခန်း ၇၃ (က) မှာ နေတဲ့သူလား ” မိုဝူကျိုက သွားတော့မည့်ဆဲဆဲတွင် ဖြူဖတ်ဖြူရော် ကျင့်ကြံသူတစ်ဦးက သူ့လမ်းကြောင်းကို ပိတ်လိုက်သည်။

ဤသူက ကောင်းကင်နတ်ဘုရားအဆင့် ၉ ကျင့်ကြံသူ ဖြစ်၏။ အမြင်နှင့်တင် သူက ယင်စွမ်းအားကို ကျင့်ကြံမှန်း သိသာလှသည်။

“ ခင်ဗျားကို မသိဘူး ” မိုဝူကျိုက အေးအေးဆေးဆေး ပြောလိုက်သည် “ ကျုပ်ကို လာအချိန်မဆွဲပါနဲ့ ”

ထိုဖြူဖတ်ဖြူရော် အမျိုးသားက ရယ်မောကာ “ ကိုယ့်ဘာသာ မိတ်ဆက်ပေးပါရစေ … ကျုပ်က နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် နတ်ဘုရားလမ်းစဉ်ရဲ့ ကျောချွမ်ပါ။ ခင်ဗျားဆီက လောကတည်ဆေးလုံးကို လာဝယ်တာပါ။ ဈေးကိုသာ ပြောလိုက်ပါ ”

မိုဝူကျိုက ကျောချွမ်ကို ကြည့်လိုက်သည့်အချိန် ဤလူသည် လောကတည် ဆေးလုံးအား ဈေးမြင့်မြင့် ပေးဝယ်ရန် ရောက်လာခြင်း မဟုတ်ကြောင်း သိလိုက်သည်။ ဤလူက သူသည် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှ ဖြစ်ကြောင်း ထုတ်ပြောလိုက်ခြင်းသည် မိုဝူကျိုအပေါ် အခွင့်ကောင်း ယူလိုက်ခြင်းသာ ဖြစ်၏။

သူ့တွင် လောကတည်ဆောက်လုံး ပိုင်ဆိုင်ထားသည့် သတင်းမှာ ကျင်းရုံဂူမှ ထုတ်ဖော်လိုက်ခြင်းသာ ဖြစ်လိမ့်မည်။ တစ်ချိန်တည်းဆိုသလို ကျင်းရုံဂူသည် သူ့တွင် နတ်ဘုရားဘုရင် ကျင့်ကြံသူတစ်ယောက် အတူ ရှိကြောင်း မပြောလိုက်မှန်း သိလိုက်၏။

“ ဘယ်လောကတည်ဆောက်လုံးလဲ … ကျုပ် မသိဘူး။ ဘေးဖယ် ” မိုဝူကျိ၏ ပုံရိပ်က ဖြတ်ခနဲ ကျောချွမ်ဘေးမှ ဖြတ်သွားလိုက်သည်။ သူက ဤလူအပေါ်တွင် အချိန်ဖြုန်းရန် ဆန္ဒမရှိပေ။ ဤလူက အသေးစိတ်ကို မသိဘဲဖြင့် လောကတည် ဆောက်လုံး ဝယ်ယူရန် ရောက်လာနေသေး၏။

“ အရမ်းကောင်းတယ် … ကြည့်ရသေးတာပေါ့ ” မူလက ကျောချွမ်သည် မိုဝူကျိတစ်ယောက် နိဗ္ဗာန်တာအိုမြို့မှ မည်သို့ ထွက်သွားသည်ကို ကြည့်ချင်လို၏။ သို့သော်လည်း သူက မိုဝူကျိ၏ စကားကို ကြားလိုက်သည့်အခါ သူ့စကားကို ပြန်ထိန်းထားလိုက်သည်။

**မိုဝူကျိက စစ်ဆေးမှု၌ နေရာတစ်နေရာစာ ရထားသည်လား … မဟုတ်လျှင် သူက စစ်ဆေးမှု လမ်းကြောင်းထဲ မည်သို့ ဝင်သွားမည်နည်း။**

ကျောချွမ်၏ မျက်ဝန်းက ဖြတ်ခနဲ လင်းလက်သွားသော်လည်း မကြာခင် တည်ငြိမ်သွားလေသည်။ အကယ်၍ မိုဝူကျိုသာ ကံကောင်းပြီး နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ဆီ ဝင်ခွင့်ရခဲ့လျှင် သူ့တွင် မိုဝူကျိုအား အဆုံးသတ်ရန် အခွင့်အရေး ရလာပေမည်။ အကယ်၍ မိုဝူကျိုက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲ မဝင်နိုင်ခဲ့လျှင် သူ သေဖို့သာ စောင့်နေပေသည်။

**လူသားသစ္စာ စာစဉ် (72)**

**အခန်း(၉၉၂) : ပထမမြောက်စစ်ဆေးမှု**

မိုဝူကျို သီးသန့်လမ်းကြောင်းထဲ ဝင်ရောက်လိုက်ပြီးနောက် တခြားသူများ တစ်ယောက်ပြီးတစ်ယောက် ဝင်လာနေသည့်ကို သူ မြင်ရသည်။ ဤလမ်းကြောင်းအတိုင်း မိုဝူကျိုက လူအုပ်ကြီးနောက်မှ လိုက်သွား၍ နိဗ္ဗာန်တာအိုမြို့ကို ဖြတ်ကာ ရင်ပြင်ကျယ်ကြီး တစ်ခုဆီသို့ ရောက်ရှိသွားသည်။

ရင်ပြင်တွင် လူများဖြင့် ပြည့်နေနှင့်လေပြီ။ မိုဝူကျိုက တစ်ချက်မြန်မြန် ဝေ့ကြည့်လိုက်ကာ ဤရင်ပြင်တွင် အနည်းဆုံး လူအယောက် တစ်သောင်း ရှိလိမ့်မည်ဟု ခန့်မှန်းမိလိုက်သည်။ အကယ်၍ ဂိုဏ်းတစ်ဂိုဏ်းချင်းစီ သို့မဟုတ် အင်အားစု အဖွဲ့အစည်းတစ်ခုချင်းစီက လူ ၁၀ ယောက်သာ ပို့လွှတ်နိုင်မည်ဆိုပါက ဤသည်မှာ နတ်ဘုရားကုန်းမြေထဲတွင် မြောက်များစွာသော ဂိုဏ်းများနှင့်အင်အားစုများ ရှိနေသည်ဟု ဆိုလိုပေသည်။ ဤစစ်ဆေးဆုံးဖြတ်မှုတွင် အားကောင်းသော ဂိုဏ်းများနှင့် အင်အားစုအဖွဲ့အစည်းများသာ ပါဝင်ခွင့် ရှိကြောင်းကိုလည်း မိုဝူကျိုက သိထားသေးသည်။ ရာထူးဂုဏ်သရေ မမြင့်မားသည့် ဂိုဏ်းအဖွဲ့များသည် တစ်ယောက်စာ သို့မဟုတ် နှစ်ယောက်စာလောက်သာ ရရှိနိုင်ပေလိမ့်မည်။ သို့မဟုတ် နေရာလွတ်များအတွက် လေလွင့်ကျင့်ကြံသူများနှင့် တိုက်ခိုက်ရပေလိမ့်မည်။

ရင်ပြင်ပတ်လည်တွင် များစွာသော ဝတ်ရုံနီ စည်းကမ်းထိန်း တာဝန်ရှိသူများ ရှိနေသည်။ နတ်ဘုရားဘုရင်တစ်ယောက်က မျက်နှာသေကြီးနှင့် ရင်ပြင်၏ အရှေ့ဘက် လေထဲတွင် ရပ်နေသည်။ ရင်ပြင်ထဲတွင် လူအယောက် တစ်သောင်း ထက်မက

ရှိနေသော်လည်း အလွန်ငြိမ်သက်နေလေသည်။ မည်သူကမျှ အသံမထွက်ကြပေ။

မိုဝူကျို၏ စိတ်စွမ်းအားသည် သိပ်မကြာခင်ပင် ချူချန်းတန်နှင့်တိကျဲ ဟူသည့် ရင်းနှီးသော လူနှစ်ယောက်ကို သတိပြုမိလိုက်သည်။ သူတို့နားမှ ကျင့်ကြံသူအားလုံးမှာ မိုးကောင်းကင် နတ်ဘုရားဂိုဏ်းမှ ဖြစ်ကြကာ မိုဝူကျိုက သူတို့အကုန်လုံးကို မြင်ဖူးသည်။ သူတို့တွေကို သူ မသင်ကြားပေးခဲ့ရသော်လည်း စင်မြင့်ပေါ်တွင် ရပ်ကာ သူတို့အား စကားပြောဖူးလေသည်။

ထို့နောက် သူ့အကြည့်တို့က ရင်ပြင်၏ အပြင်ဘက်သို့ ရောက်ရှိသွားသည်။ ရင်ပြင်၏ အပြင်ဘက်တွင်လည်း လူများနှင့် ပြည့်နေသည်။ ရင်ပြင်ပတ်လည်တွင် စည်းအကြည် တစ်လွှာ ရှိသည်။ ရင်ပြင်အပြင်ဘက်မှလူများက အထဲ ဝင်မလာနိုင်သလို အထဲမှ လူများသည်လည်း အပြင်မထွက်နိုင်ပေ။

မိုဝူကျိုက သူ့အကြည့်ကို ပြန်ရုတ်သိမ်းတော့မည်ဆဲဆဲတွင် သူက နောက်ထပ် ရင်းနှီးသော လူနှစ်ယောက်ကို မြင်လိုက်ပြန်သည်။ ချီခွန်းနှင့်ယွီလောတို့သည် ရင်ပြင်အပြင်ဘက်တွင် ရှိနေသည်။ မိုဝူကျိုအကြည့် သူတို့အပေါ် ရောက်သွားသည့်အခိုက် သူတို့၏

အကြည့်တို့က မိုဝူကျိအပေါ် ကျရောက်လာသည်။ သူတို့နှစ်ယောက်စလုံးမှာ မယုံကြည်နိုင်သည့် အမူအယာများ ဖြစ်ပေါ်သွားလေသည်။

ရင်ပြင်ထဲတွင် လူအယောက် တစ်သောင်း ထက်မက ရှိနေသည့်အချက်ကို ရိုးရိုးလေး မတွေးလေနှင့်။ လက်တွေ့၌ ထိုလူအယောက် တစ်သောင်း ထဲ ပါနိုင်ရန်မှာ အင်မတန် ခက်ခဲကြောင်း သူတို့ သိသည်။ ရင်ပြင်ထဲမှာ ရပ်နေနိုင်ရန် မိုဝူကျိ မည်သည်ကို မည်သို့ လုပ်ခဲ့မှန်း သူတို့မသိပေ။

“ဘာဖြစ်လို့လဲ”

ချီခွန်း၏ ဘေးတွင် ရပ်နေသောသူမှာ မိုးကောင်းကင်နတ်ဘုရားဂိုဏ်း၏ လက်ဝဲမိုးကောင်းကင် တောင်သခင် လောင်ယု ဖြစ်သည်။ ချီခွန်း၏ မျက်နှာပေါ်မှ အံ့သြသည့်ပုံစံကို မြင်သောအခါ သူက ချက်ချင်း ချီခွန်းကို မေးလိုက်သည်။

“အဲ့ဒါက…”

ချီခွန်းသည် တစ်ခဏမျှ တွေဝေမိသွားသည်။ သို့သော် နောက်ဆုံးတွင် သူက ပြောပြဖို့ ရွေးချယ်လိုက်ကာ

“ကျွန်တော် ရင်ပြင်ထဲမှာ မိုဝူကျိကို တွေ့လိုက်တယ်။ သူကိုကြည့်ရတာ စစ်ဆေးဆုံးဖြတ်မှုမှာ ဝင်ဖြေမယ့်ပုံပဲ”

“မင်းပြောတာ မိုဝူကျိက ဒီရောက်နေတယ်ပေါ့ ဟုတ်လား။ ငါကျ ဘာဖြစ်လို့ သူ့ကို မမြင်မိတာလဲ”

သူတို့နောက်တွင် ရပ်နေသော ရန်ဖေးက အလျင်စလို မေးလိုက်သည်။ သူက ဆေးလုံးတာအို ဂုဏ်ထူးဆောင်မျှော်စင်၏ အပြင်ဘက်တွင် လများစွာ ကြာအောင် စောင့်နေခဲ့သော်လည်း မိုဝူကျိအား မမြင်မိပေ။

ချီခွန်းက မြန်မြန်ပြောပြလိုက်သည်။

“အရင်တုန်းက သူက ရပ်ဖျက်ထားတာ”

“မင်း…”

ရန်ဖေးက ဒေါသထွက်သွားသည်။ တော်သေးသည်မှာ သူက ထိုထက်ပို၍ ဒေါသမထွက်သင့်ကြောင်း သိသည်။ မိုဝူကျိ မိုးကောင်းကင်မြို့ထဲတွင် ရှိနေသေးစဉ်က ချီခွန်းသည် ဂိုဏ်းအပြင် ထွက်ဖို့ တောင်းဆိုခဲ့သည်။ ထို့နောက်ပိုင်းတွင် မိုဝူကျိ မိုးကောင်းကင်မြို့မှ ထွက်သွားပြီးနောက် သူက မိုဝူကျိအကြောင်းအား ချီခွန်းဆီ သွား၍ မမေးမိပေ။ သို့ဖြစ်ရာ အဘယ်ကြောင့်များ သူအနေနှင့် ချီခွန်းကို အပြစ်တင်၍

ရပါ့မည်နည်း။ ယွီလောအတွက်မူ သူမ၏ တမူထူးသည့် ရာထူးအဆင့်အတန်းအကြောင်း ပြောနေစရာ မလိုပေ။ သူ မိုဝူကျိကို ရှာရန် ထွက်လာစဉ်က ယွီလောသည်လည်း ဂူပိတ်ကျင့်ကြံမည်ဆိုသည့် ဆင်ခြေကို အသုံးပြုခဲ့လေသည်။

"ဘယ်တစ်ယောက်က မိုဝူကျိလဲ"

လက်ဝဲ မိုးကောင်းကင်တောင်သခင် လောင်ယုက လေးလေးနက်နက် မေးလိုက်သည်။

လက်ဝဲ မိုးကောင်းကင်တောင်သခင်ရှေ့တွင်တော့ ချီခွန်းသည် မည်သည့်ကိုမျှ မဖုံးကွယ်ထားရဲပေ။ သူက မိုဝူကျိဆီ လက်ညှိုး မြန်မြန် ထိုးပြလိုက်သည်။

လောင်ယုက ခေါင်းငြိမ့်ကာ ဖြည်းဖြည်းချင်း ပြောလိုက်သည်။

"အဲ့ဒီမိုဝူကျိကို သေချာစောင့်ကြည့်ထား။ တကယ်လို့ သူသာ အရွေးမခံရဘူးဆိုရင် သူ့ကို မိုးကောင်းကင်နတ်ဘုရားဂိုဏ်းဆီ ချက်ချင်း ပြန်ခေါ်ခဲ့လိုက်"

"ဟုတ်ကဲ့ပါ"

ရန်ဖေးက တုံ့ပြန်လိုက်သည်။

ချီခွန်းကလည်း နောက်ကျကျန်မနေရဲဘဲ တုံ့ပြန်လိုက်သည်။

လောင်ယုအမြင်တွင် မိုဝူကျိအနေနှင့် အရွေးခံရဖို့ဆိုသည်မှာ မဖြစ်နိုင်ပေ။ မိုဝူကျိ၏ နေရာလွတ်မှာ ပမာဏများစွာသော အဆင့်မြင့် နှင်းစက်စိမ်းဆန်နှင့် ဝယ်ယူထားသည်ဟု သူက ယုံကြည်သည်။

.........................

လေထဲတွင် ရပ်နေသော နတ်ဘုရားဘုရင်သည် ကနဦးနတ်ဘုရားအဆင့် ကျင့်ကြံသူများကို သူ့မျက်လုံးဖြင့် ဝေ့ကြည့်လိုက်သည်။ ထို့နောက် တည်ငြိမ်သောလေသံဖြင့် သူက ပြောလိုက်သည်။

"နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ရဲ့ စစ်ဆေးဆုံးဖြတ်မှုမှာ ပါဝင်ကြမဲ့ တပည့်အားလုံး မှတ်ထားကြပါ။ ဒီစစ်ဆေးဆုံးဖြတ်မှုမှာ စုစုပေါင်း စစ်ဆေးမှု ၇ ခုပါမယ်။ ပထမမြောက် စစ်ဆေးမှုက အစီအရင်တာအို ဖြစ်ပြီး ဒုတိယမြောက် စစ်ဆေးမှုက နှင်းစက်စိမ်း ဆန်စိုက်ပျိုးခြင်း ဖြစ်တယ်။ အဲ့ဒီနောက် လက်နက်တန်ဆာ (ပစ္စည်း)တာအို၊ ဆေးလုံးတာအို၊ အဆောင်တာအို၊ လျို့ဝှက်ပညာရပ် စစ်ဆေးမှုနဲ့ နောက်ဆုံးမှာတော့ တိုက်ခိုက်ရေး စစ်ဆေးမှု လာမယ်။ နှင်းစက်စိမ်းဆန် စိုက်ပျိုးခြင်းဖြစ်တဲ့ ဒုတိယမြောက် စစ်ဆေးမှုက

လွဲရင် ကျန်တဲ့စစ်ဆေးမှုတွေ အားလုံးက အသက်အန္တရာယ် ရှိနိုင်တယ်။ စိုးရိမ်တဲ့ တပည့်တွေက နောက်ပြန်လှည့်သွားဖို့ ရွေးချယ်နိုင်တယ်”

ထိုသို့ပြောပြီးသည့်နောက် နတ်ဘုရားဘုရင်သည် လူအုပ်ကို ဆက်ကြည့်နေလိုက်သည်။ မည်သူကမျှ ထွက်သွားဖို့ မရွေးချယ်ကြပေ။ လေလွင့်ကျင့်ကြံသူများသည် ဤနေရာလွတ်များကို သူတို့အသက်နှင့်ရင်း၍ ရရှိခဲ့သည်။ ဤနေရာလွတ်များကို ရရှိခဲ့သော ဂိုဏ်းတပည့်များ အားလုံးသည်ကား သူတို့ဂိုဏ်းများ၏ သူရဲကောင်းများ ဖြစ်ကြလေသည်။ ဤနေရာသို့ရောက်ရန် သူတို့တွေအတွက် မလွယ်ကူခဲ့ပေ။ သို့ဖြစ်ရာ မည်သူကများ ထွက်သွားရန် ဆန္ဒရှိပါ့မည်နည်း။

မိုဝူကျိုသည် စိတ်သက်သာသွားကာ သက်ပြင်းတစ်ချက် အသာချလိုက်သည်။ ကံကောင်းစွာပင် မိစ္ဆာနတ်ဆိုးတာအို မပါလာပေ။ သို့မဟုတ်ပါက သူ တကယ့်ကို မည်သည့်အရာကို စမ်းသပ်ရမှန်းပင် သိတော့မည်မဟုတ်ပေ။

မည်သူမျှ ထွက်သွားဖို့ မရွေးချယ်သည်ကို မြင်သောအခါ နတ်ဘုရားဘုရင်က ဆက်ပြောလိုက်သည်။

"ဒီစစ်ဆေးဆုံးဖြတ်မှုမှာ ပြိုင်ပွဲဝင် စုစုပေါင်း ၁၃၄၀၀ ရှိတယ်။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်က ကျောင်းသား ၅၀၀ ပဲ လက်ခံမှာ ဖြစ်တယ်။ စစ်ဆေးဆုံးဖြတ်မှုမှာ အောင်မြင်တဲ့ တပည့်အားလုံးက သူတို့သွားချင်တဲ့နေရာကို ရွေးချယ်ခွင့်ရှိတယ်။ ထိပ်ဆုံး ၁၀ ယောက်ထဲပါတဲ့ တပည့်တွေက နတ်ဝိညာဉ်စွမ်းအင်ရဲ့ နိဗ္ဗာန်မြေကို တစ်နှစ်တာ ဝင်ရောက်ခွင့်ရှိတယ်။ သူတို့ကိုယ်စားပြုထားတဲ့ ဂိုဏ်းတွေကနေ နတ်ဘုရားဘုရင် ၃ ယောက်ကို သဟဇာတနတ်ဘုရားအဆင့် အသိဉာဏ်ပွင့်မှုတွေ ရရှိဖို့ရာ နိဗ္ဗာန်မြစ်ထဲ ဝင်ခွင့်ရမယ်။ တစ်ချိန်တည်းမှာပဲ သဟဇာနတ်ဘုရားတစ်ဦးရဲ့ သင်ကြားမှုကို နာကြားခွင့်လည်း ရလိမ့်မယ်။ ထိပ်ဆုံး ၅ ယောက်ထဲက တပည့်တွေဟာ တာအိုသစ်သီးတစ်လုံးစီ ချီးမြှင့်ခြင်းခံရမယ်။ ထိပ်ဆုံး ၃ ယောက်ထဲက တပည့်တွေက တစ်ယောက်ချင်းစီဟာ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ရဲ့ စာကြည့်တိုက်ကနေ လျှို့ဝှက်ပညာရပ် စာအုပ်တစ်အုပ်ကို ရရှိနိုင်လိမ့်မယ်"

ထိုစကားများကို ပြောပြီးသည့်နောက်တွင် ရင်ပြင်ထဲရှိ လူများသည် စတင်လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။ ရင်ပြင်အပြင်ဘက်မှ ပွဲကြည့်သူများပင် စိတ်လှုပ်ရှားကုန်ကြသည်။

သဟဇာတနတ်ဘုရားဖြစ်ရန် အခွင့်အရေးသည် နတ်ဘုရားဘုရင်အားလုံးက ရည်ရွယ်ထားကြသော မှတ်တိုင်တစ်ခု ဖြစ်သည်။ ကံမကောင်းစွာပင် နတ်ဘုရားကုန်းမြေတွင် စည်းမျဉ်းများ ချို့တဲ့ လစ်လပ်နေသည်။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်အပြင် သဟဇာတနတ်ဘုရားအဆင့်ပေါ် အသိဉာဏ်ပွင့်မှုကို ရရှိနိုင်သည့် တခြားနေရာမရှိချေ။ ဤသည်မှာ အရင်းအမြစ်များနှင့် ပါရမီတို့ကြောင့် မဟုတ်ပေ။ မိုးမြေစည်းမျည်း၏ ကန့်သတ်ချက်ကြောင့် ဖြစ်သည်။

သို့မဟုတ်ပါက မိုဝူကျို၏ ရွှေရောင် နိဗ္ဗာနတာအိုသဲသည် ထိုမျှလောက် ကြီးမားသည့် ဆူပူအုံကြွမှုကြီးတစ်ခုကို ဖြစ်ပွားစေလိမ့်မည် မဟုတ်ပေ။

ဂိုဏ်းများစွာက စစ်ဆေးဆုံးဖြတ်မှုထဲတွင် တပည့်များများ ပိုမိုပါဝင်နိုင်ရန်အတွက် အပြင်းအထန် တိုက်ခိုက်ကြိုးစားခဲ့ကြသည်။ သူတို့၏ အဓိက အရေးအပါဆုံး အကြောင်းအရင်းမှာ သဟဇာတနတ်ဘုရားတစ်ပါး ဖြစ်လာရန် အခွင့်အရေးတစ်ခု ရရှိဖို့ပင် မဟုတ်ပါလော။

နတ်ဘုရားဘုရင်သည် ရင်ပြင်မှလူများ စိတ်တည်ငြိမ်အောင် စောင့်ပြီးမှ ဆက်ပြောလိုက်သည်။

“အားလုံးပဲ... စစ်ဆေးဆုံးဖြတ်မှုမှာ ရလဒ်ကောင်းကောင်းတွေ ရရှိပြီး နတ်ဘုရားကုန်းမြေမှာ နောက်ထပ် သဟဇာတနတ်ဘုရား တစ်ယောက် နှစ်ယောက်လောက် ထပ်ရှိလာဖို့ လုပ်နိုင်ကြလိမ့်မယ်လို့ ကျုပ် မျှော်လင့်ပါတယ်။ အခု စစ်ဆေးဆုံးဖြတ်မှု စတင်ပါတော့မယ် ...

ပြိုင်ပွဲဝင်တပည့်အားလုံး အာကာပြင်ခြား တံခါးထဲ ဝင်ပြီး စစ်ဆေးဆုံးဖြတ်မှုကို စတင် ပါဝင်နိုင်ပါပြီ။ မင်းတို့တွေ တံခါးထဲ ဝင်သွားပြီးရင် မင်းတို့ရဲ့အသက်က မင်းတို့လက်ထဲမှာပဲ ရှိတော့တယ်။ စစ်ဆေးဆုံးဖြတ်မှု အချိန်ကာလကတော့ တစ်နှစ် ဖြစ်တယ်။

အားလုံးပဲ... စစ်ဆေးဆုံးဖြတ်မှုနေရာနဲ့ အပြင်ကမ္ဘာနဲ့ရဲ့ အချိန်အချိုးအစားက ၁၂ ပုံ ၁ ပုံ ဖြစ်တယ်ဆိုတာကို မှတ်ထားကြပါ။ စစ်ဆေးဆုံးဖြတ်မှုနေရာထဲက တစ်နှစ်ဟာ အပြင်ကမ္ဘာထဲက တစ်လနဲ့ ညီမျှတယ်။ တစ်လကြာပြီးတဲ့နောက် မင်းတို့တွေ သေသေ ရှင်ရှင် အဲ့ဒါတွေကို ဂရုမစိုက်ဘူး... အပြင် ပြန်ထွက်မလာတဲ့သူတွေ အကုန်လုံး အပယ်ခံရမှာ ဖြစ်တယ်”

ဤသို့ပြောပြီးသည့်နောက် နတ်ဘုရားဘုရင်သည် သူ့လက်ကို ဝှေ့လိုက်သည်။ ရင်ပြင်၏ အရှေ့တွင် အာကာပြင်ခြား တံခါးပေါက်တစ်ခု ပေါ်လာလေသည်။

ရင်ပြင်ထဲရှိ ကျင့်ကြံသူများအားလုံးသည် တံခါးပေါက်ဆီသို့ အပြေးဝင်သွားကြသည်။ မည်သူကမျှ တွန့်ဆုတ်တုံ့ဆိုင်းမနေပေ။ လူအုပ်ကြီးကို တိုးဖြတ်ကာ မိုဝူကျိသည် အာကာပြင်ခြား တံခါးပေါက်ကို ဖြတ်ကျော်ဝင်သွားလိုက်သည်။

ပြိုင်ပွဲဝင်တပည့်များအားလုံး တံခါးပေါက်ထဲ ဝင်သွားပြီးသည့်နောက်တွင် ပွဲကြည့်သူအားလုံးက နိဗ္ဗာန်တာအိုမြို့သို့ ပြန်သွားကြလေသည်။

ဤအခိုက်အတန့်၌ သူတို့၏ တပည့်များ၏ ရလဒ်များကို မမြင်နိုင်ပေ။ သို့သော် နိဗ္ဗာန်တာအိုမြို့ထဲတွင်တော့ မြင်နိုင်လေသည်။ နိဗ္ဗာန်တာအိုမြို့ထဲတွင် ကြီးမားသော ဝင်ခွင့်ပြ ပိတ်ကားချပ်ကြီး တစ်ခုကို စိုက်ထူထားကာ ပိတ်ကားပေါ်တွင် ပြိုင်ပွဲဝင်အားလုံး၏ ဝင်ခွင့်နေရာများကို ပြသမည် ဖြစ်သည်။

........................

အာကာပြင်ခြား တံခါးပေါက်ကို ဖြတ်ကျော်နင်းလိုက်သည့်အခိုက် မိုဝူကျိသည် သူ့တစ်ကိုယ်လုံး ပေါ့ပါးသွားသည်ကို

ခံစားလိုက်ရသည်။ မြေကြီးအမာပေါ်သို့ သူ နင်းလိုက်သည့်အခါတွင်ကား သူ့အနီးအနားတွင် မည်သူမျှ ရှိမနေချေ။ သူ့ကို မီးခိုးရောင် မှုန်ဝါးဝါး အာကာပြင်က လွှမ်းခြုံ ဝန်းရံထားသည်။ မည်သည့် တိုက်ခိုက်မှုမျိုးမှ မခံစားမိသော်လည်း သူ့ဝန်းကျင် ပတ်ပတ်လည်တွင် တိုက်ခိုက်ရေးအမျိုးအစား အစီအရင်တစ်ခု ရှိနေမှန်း သူ ခံစားမိသည်။ အကယ်၍ သူသာ ခြေတစ်လှမ်းလောက် တိုးလိုက်ပါက တိုက်ခိုက်ရေးအမျိုးအစား အစီအရင်သည် သူ့ကို ပိတ်လှောင်ထားရန် တုန့်ဆိုင်းနေမည်မဟုတ်ဘဲ တိုက်ခိုက်မှုများ သူ့ဆီ အဆက်မပြတ် ပြင်းထန်စွာ ကျရောက်လာမည် ဖြစ်သည်။

မိုဝူကျိုက သူ့စိတ်စွမ်းအားကို အပြင်ဘက်သို့ ပို့လွှတ်လိုက်သည်။ သိပ်မကြာမီပင် သူက ခေါင်းကို အသာခါလိုက်သည်။ ဤသည်မှာ အဆင့် ၂ နတ်ဘုရားအစီအရင် တစ်ခုမျှသာ ဖြစ်လေသည်။ ဤကဲ့သို့အစီအရင်မျိုးမှာ အမှတ် အလကားပေးနေသည်နှင့် မခြားပေ။

အသက်ရှိုက်စာ အနည်းငယ်အတွင်း မိုဝူကျိုက ဤအစီအရင်ကို အပြည့်အဝ နားလည်သွားပြီ ဖြစ်သည်။ ခြေလှမ်းအနည်းငယ်ဖြင့် သူက ထိုအစီအရင်မှ လမ်းလျှောက် ထွက်လာလိုက်သည်။

အလွန့်အလွန် နက်လွန်းသော ချောက်နက်ကြီးတစ်ခုက မိုဝူကျို ရှေ့တွင် ပေါ်လာလေသည်။ ချောက်နက်၏ အရှေ့ဘက်တွင် လမ်းကြောင်းရှိနေပုံ မပေါ်ပေ။ သို့သော် သူ နောက်ပြန်ဆုတ်လိုက်ပါက အစီအရင်ဆီ ပြန်ရောက်သွားမည် ဖြစ်သည်။

မိနစ်အနည်းငယ်စာလောက် လေ့လာကြည့်ပြီးနောက်တွင် ချောက်နက်ထဲ၌ အစီအရင်အလံတချို့ ဖုံးကွယ်ထားမှန်း မိုဝူကျိုက သိလိုက်သည်။

ကြည့်ရသည်မှာ ဤချောက်နက်သည် ပြိုင်ပွဲဝင်၏ အစီအရင်ခင်းကျင်းနိုင်စွမ်းကို စမ်းသပ်ထားခြင်း ဖြစ်သည်။ မိုဝူကျိုက အစီအရင်အလံ ၁၀ ခုကို အသာထုတ်ယူကာ ပစ်လွှတ်လိုက်သည်။ အသက်ရှူကိစ္စ အနည်းငယ်အတွင်း သူ့အလံများမှာ ထိုဖုံးကွယ်ထားသော အလံများနှင့် ပေါင်းစည်းသွားကာ အဆင့် ၂ အာကာပြင် အစီအရင် တံတားတစ်ခုကို ဖြစ်ပေါ်သွားစေသည်။

မိုဝူကျိုက အစီအရင်တံတားကို အလွယ်တကူ ဖြတ်ကျော်သွားလိုက်သည်။ သူ့ပတ်ဝန်းကျင်ကို

မလေ့လာနိုင်ခင်ပင် မိုဝ္ဂူကျို၏ ပတ်ဝန်းကျင်မှာ တစ်ခါထပ်မံ၍ ပြောင်းလဲသွားပြန်သည်။

ကျောက်တုံးနှင့်သဲများက ရုတ်တရက် ပြိုဆင်းလာသည်။ ရှေ့သို့ အရှူးအမူး ပြေးရုံသာ သူ တတ်နိုင်လေ၏။

သို့သော် သူ့ကို ကျောက်တုံးကြီးတစ်တုံးက ထိမှန်သွားဆဲ ဖြစ်သည်။

ကြည်လင်ပြတ်သားသည့် အာရုံတစ်ခုက သူ့အသိစိတ်ပင်လယ်အတွင်း၌ ရုတ်တရက် ပေါ်ပေါက်လာသည်။ မိုဝ္ဂူကျိုက ချက်ချင်း နားလည်သွားသည်။ ဤသည်မှာ ပုံရိပ်ယောင် အစီအရင်တစ်ခုပင်... ထို့အပြင် အဆင့် ၃ ပုံရိပ်ယောင် အစီအရင် ဖြစ်နေသည်။

စောစောက သူ ကြုံတွေ့လိုက်ရသည့် မြင်ကွင်းမှာ သူ ကမ္ဘာမြေပေါ်တွင် ရှိနေစဉ်က ဖြစ်ပျက်ခဲ့သည့် အရာ ဖြစ်သည်။ ထိုအချိန်တုန်းက သူ တောတောင်များအတွင်း ဆေးဖက်ဝင်အပင်များ ရှာဖွေနေစဉ် ကျောက်တုံးနှင့်သဲများ ရုတ်တရက် ပြိုဆင်းလာခြင်းနှင့် ကြုံလိုက်ရသည်။ ထိုနေရာမှာ သူ့ဘဝအား ထာဝရ ပြောင်းလဲသွားစေမည့် ချီသွေးကြောဖွင့်ခြင်း အဖြေ၏ တစ်ပိုင်းတစ်စကို ရရှိလိုက်သည့် နေရာလည်း ဖြစ်သည်။

မိုဂူကျိုက တည်ကြည် လေးနက်သွားသည်။ သူသည် အဆင့် ၄ နတ်ဘုရား အစီအရင်ဆရာတစ်ယောက် ဖြစ်သော်လည်း ပုံရိပ်ယောင် အစီအရင်များနှင့် သိပ်မကြုံဖူးပေ။ ဤပုံရိပ်ယောင် အစီအရင်အား မကြောက်သော်လည်း ဤအစီအရင်နောက်တွင် နောက်ထပ် အဆင့် ၄ ပုံရိပ်ယောင် အစီအရင် ရှိနေခြင်း၊ မရှိနေခြင်းအား သူ မသိပေ။ သူ စိုးရိမ်မိသည်မှာ ဤအစီအရင် တာအိုစစ်ဆေးမှုသည် ပြိုင်ပွဲဝင်တစ်ဦးချင်းစီအတွက် သီးသန့် ဖြစ်နေမည်ကို ဖြစ်သည်။ ထိုသို့ဆိုပါက အဆင့် ၅ နတ်ဘုရား အစီအရင်ကိုပင် သူ ရင်ဆိုင်ကောင်း ရင်ဆိုင်ရပေလိမ့်မည်။

သူ့မှာ အချိန် အလုံအလောက်ရှိပါက အဆင့် ၅ နတ်ဘုရား အစီအရင်ကို သူ ချိုးဖောက်နိုင်မည်ဟု မိုဂူကျိုက ယုံကြည်သည်။ သို့သော် ဤသည်မှာ စစ်ဆေးဆုံးဖြတ်မှု ဖြစ်ကာ သူ့အချိန်မှာ ကန့်သတ်ခံထားရသည်။ နှင်းစက်စိမ်းဆန် စိုက်ပျိုးခြင်းကပင် အနည်းဆုံး ၆ လ ကြာပေလိမ့်မည်။ အကယ်၍ အစီအရင် တာအိုစစ်ဆေးမှုတွင် အချိန်အများကြီး ဖြုန်းပစ်လိုက်ပါက သူ့အတွက် အင်မတန် အကျိုးနည်းစေလိမ့်မည်။

မိုဂူကျို၏ အစီအရင် တာအိုအဆင့်ဖြင့် ဤအဆင့် ၃ ပုံရိပ်ယောင် အစီအရင်ကို ချိုးဖောက်ရန် တစ်ရက်ပင် မလိုပေ။

သို့သော် မိုဂူကျိသည် ဤအစီအရင်နောက်တွင် အဆင့်ပိုမြင့်သော အစီအရင်များ ရှိနေမည်ကို စိုးရိမ်မိသည့်အပြင် ပုံရိပ်ယောင် အစီအရင်များနှင့် သိပ်မထိတွေ့ဖူးသည့် အဖြစ်ကိုလည်း စိုးရိမ်မိသည်။ ထို့ကြောင့် သူက ဤအဆင့် ၃ ပုံရိပ်ယောင် အစီအရင်ဖြင့် ပုံရိပ်ယောင် အစီအရင်များအကြောင်း လေ့လာရန် ဆုံးဖြတ်လိုက်သည်။

၁၀ ရက်ကြာပြီးနောက် မိုဂူကျိက မတ်တပ်ရပ်လိုက်သည်။ သူ့ခန္ဓာကိုယ်မှာ အစီအရင်အတွင်းမှ လှစ်ခနဲ ပြေးသွားပြီးနောက် ကျောက်စိမ်းကျောက်တုံး တစ်တုံးပေါ်သို့ ဆင်းသက်လိုက်သည်။ ချက်ချင်းပင် လေဓားချက်များက မိုဂူကျိဆီသို့ ရုတ်တရက် ပစ်ဝင်လာသည်။ ပျာယာခတ်သွားမည့်အစား မိုဂူကျိက သက်ပြင်းချလိုက်သည်။

သူ ရင်ဆိုင်ရနေသည်မှာ အဆင့် ၄ အဆင့် ၅ အစီအရင်တွေ မဟုတ်ပေ။ အဆင့် ၃ အစီအရင်တစ်ခုသာ ဖြစ်၏။ ဤကဲ့သို့ အစီအရင်မျိုးသည် သူ့အား တစ်ခုခုလုပ်ရန် တကယ့်ကို မလုံလောက်ပေ။

## အခန်း(၉၉၃) : အဆင့်(၁) နေရာသို့ ရောက်ရှိခြင်း

ဤ်တစ်ကြိမ်တွင်ကား မိုဝူကျိသည် ဤအဆင့် ၃ ထောင်ချောက်အစီအရင်ကို ချိုးဖောက်ရန် အချိန်တိုလေးသာ ပေးလိုက်ရသည်။

ဤအစီအရင်မှ ထွက်လာသည့်အခါတွင် မိုဝူကျိက ကျောက်ပေါင်းကူး တံတားတစ်ခုကို တွေ့လိုက်ရသည်။ တံတား၏ ဘေးတွင် ကျောက်စာတိုင် တစ်တိုင် ရှိနေသည်။ ကျောက်စာတိုင်ပေါ်တွင် သူ့နာမည်ကို ရေးထိုးရန် ညွှန်ကြားထား၏။

ကျောက်စာတိုင်ပေါ်တွင် နယ်လှည့်ကျင့်ကြံသူ၂၇၀၅ ဟု ရေးထွင်းပြီးသည့်နောက် မိုဝူကျိက ခြေလှမ်းအနည်းငယ်ဖြင့် ကျောက်ပေါင်းကူး တံတားကို ဖြတ်ကျော်လိုက်သည်။ မိုဝူကျိ ခန့်မှန်းထားသည့်အတိုင်း ဖြစ်နေသည်။ ကျယ်ပြောလှသော လယ်ကွင်းပြင်ကြီးတစ်ခုက သူ့ရှေ့တွင် ပေါ်လာလေသည်။

သိသာစွာပင် သူသည် ပထမမြောက် စစ်ဆေးမှုကို အလွယ်တကူ အောင်မြင်သွားပြီဖြစ်ကာ နှင်းစက်စိမ်းဆန် စိုက်ပျိုးခြင်းဖြစ်သည့် ဒုတိယမြောက် စစ်ဆေးမှုသို့ ရောက်ရှိလာပြီ ဖြစ်သည်။

မိုဝူကျိတွင် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် မျိုးစေ့များ ရှိသည်။ ထိုမျိုးစေ့တို့နှင့် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် ပမာဏအများကြီးကို စိုက်ပျိုးနိုင်မည်ဟု သူ ယုံကြည်သည်။

သို့သော် မိုဝူကျိက အရွက်ငါးလွှာမြက် ကိုင်းကူးစိုက်ပျိုးခြင်းနည်းလမ်းကို သုံးရန် မရည်ရွယ်ထားသလို နေရာပြောင်း စိုက်ပျိုးခြင်းနည်းလမ်းကို သုံးရန်လည်း မရည်ရွယ်ထားပေ။ သူက သူ့ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် မျိုးစေ့များကိုပင် သုံးရန် မရည်ရွယ်ထားပေ။

သူက အဆင့်မြင့် နှင်းစက်စိမ်းဆန် မျိုးစေ့များကို ထုတ်ယူလိုက်သည်။ သူ့အဆင့်မြင့် နှင်းစက်စိမ်းဆန် မျိုးစေ့များ၏ အရည်အသွေးမှာ သေချာပေါက် ကောင်းမွန်လေသည်။ အကယ်၍ အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို မစိုက်နိုင်လျှင်တောင်မှ အနည်းဆုံးတော့ အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန်ကို စိုက်နိုင်လိမ့်မည်ဟု သူ ယုံကြည်၏။ အကြောင်းမှာ သူ၏ အဆင့်မြင့် နှင်းစက်စိမ်းဆန်မျိုးစေ့များမှာ ရွှေရောင်အစင်းများနှင့် ပြည့်နေသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် အဆင့်မြင့် နှင်းစက်စိမ်းဆန်များအနက် အကောင်းဆုံးဖြစ်သည်မှာ မလွဲကေန် ဖြစ်၏။

သူသာ အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးနိုင်သရွေ့ ဤစစ်ဆေးမှုကို အောင်မြင်နိုင်ပေလိမ့်မည်။

လယ်ကွင်းအား မြန်မြန် စနစ်တကျဖြစ်အောင် စီစဉ်လိုက်ပြီးနောက် မိုဝူကျိက အဆင့်မြင့် နှင်းစက်စိမ်းဆန်ကို စိုက်လိုက်သည်။ ထို့နောက် သူက နှစ်သန်းတစ်ထောင် အင်မော်တယ်သစ်သား အဆီအနှစ်ကို ထုတ်ယူလိုက်ကာ မျိုးစေ့များကို စတင် ရေလောင်းလိုက်သည်။

ဤစစ်ဆေးဆုံးဖြတ်မှုအား စောင့်ကြည့်နေသည်ဟု မိုဝူကျိက သေချာသိသည်။ သူက သူ၏ နှင်းစက်စိမ်းဆန်အတွင်းမှ ခေတ်ငါးပါးကို အာရုံခံနိုင်စွမ်းထက် သူ၏ နှစ်သန်းတစ်ထောင် သစ်သားအဆီအနှစ်ကိုသာ ဖော်ထုတ်ပြလိုသည်။

နှစ်သန်းတစ်ထောင် အဆီအနှစ်ဖြစ်စေ အဆင့်မြင့် နှင်းစက်စိမ်းဆန်ဖြစ်စေ နှစ်မျိုးစလုံးမှာ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ရတနာများဟု သတ်မှတ်နိုင်မည် မဟုတ်ပေ။ တစ်ဖက်တွင်မူ ခေတ်ငါးပါးကို ထိန်းချုပ်နိုင်သည့် သူ့အစွမ်းမှာ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်၏ သင်ကြားမှုများ၏ ခေတ်ခွဲစစ်ဆေးရန် နမူနာတစ်ခုအဖြစ် သူ့အား ဖြစ်သွားစေလိမ့်မည်။

သူ့ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန်ကို ဖော်ထုတ်ပြရန်အတွက်မူကား မိုဝူကျိက ပို၍ပင် ဆန္ဒမရှိပေ။

အမှန်တကယ်တွင် ရှီလင်ယုအတွက် ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် ချန်ရစ်ထားပေးခဲ့မိသည်မှာ အမှားတစ်ခုဖြစ်၏။ ကံကောင်းသည်မှာ ရှီလင်ယု၏ အကျင့်စရိုက်မှာ မဆိုးပေ။ ယခုမူ သူတို့နှစ်ယောက်သည် မိတ်ဆွေသူငယ်ချင်းများ ဖြစ်သွားကြလေပြီ။ ထို့ကြောင့် ရှီလင်ယုသည် နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်သည့် သူ့အစွမ်းကို ပေါက်ကြားစေလိမ့်မည် မဟုတ်လောက်ချေ။

နှင်းစက်စိမ်းဆန်ကို စိုက်ပျိုးပြီးသည့်နောက် မိုဝူကျိက အဆောင်တာအိုကို စတင် လေ့လာလိုက်သည်။

သူ၏ ဆေးလုံးတာအို၊ လက်နက်တန်ဆာ တာအို၊ အစီအရင်တာအိုတို့နှင့် နှိုင်းယှဉ်ပါက သူ၏ အဆောင်တာအိုမှာ အင်မတန် အားနည်းနေသည်။ ယခုအချိန်တွင် သူသည် အဆင့် ၂ နတ်ဘုရား အဆောင်ကိုသာ ဖန်တီးပြုလုပ်နိုင်သေးသည်။

သဘောတရားအရ အဆင့် ၂ နတ်ဘုရားအဆောင်ကို ဖန်တီးပြုလုပ်နိုင်ခြင်းသည် သူ့အား အပယ်ချခံရခြင်းမှ ကာကွယ်ရန် လုံလောက်ရမည် ဖြစ်သည်။ သို့သော် မိုဝူကျိသည်

အူလှိုက်သည်းလှိုက်ကို သေမျိုးနယ်မြေသို့ သွားချင်မိသည်ဖြစ်ရာ နည်းနည်းလေး ပိုစိတ်ချရအောင် လုပ်သည်က ပိုကောင်းပေလိမ့်မည်။

........................

နယ်လှည့်ကျင့်ကြံသူ နှစ်ဦးချင်း ယှဉ်ပြိုင်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်သော်လည်း ရင်ပြင်တွင် လူများနှင့်ပြည့်နေဆဲဖြစ်သည်။

ရင်ပြင်၏ အလယ်တည့်တည့်၌ ကြီးမားသော အစီအရင်ပိတ်ကားချပ်ကြီး တစ်ခုရှိသည်။ လူများစွာက သူတို့၏ တပည့်များ စစ်ဆေးဆုံးဖြတ်မှုတွင် မည်သို့ စွမ်းဆောင်ကြမည်ကို ကြည့်ရှုရန် ဤနေရာတွင် ရောက်နေကြ၏။

“ထွက်လာပြီ... နာမည်တစ်ခု ထွက်လာပြီဟေ့”

ပျော်ရွှင်အံ့အားသင့်သွားသော အော်သံတစ်ခုက လူအုပ်အတွင်း ထွက်ပေါ်လာသည်။ အမှန်ပင်... ပိတ်ကားချပ်ပေါ်တွင် နာမည်တစ်ခု ထွက်ပေါ်လာလေပြီ။

နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်စစ်ဆေးဆုံးဖြတ်မှု အဆင့်(၁)နေရာ - လော့ရှန်းကျောင်း (အမှတ် ၉၆.၁၀)

"ငါမှန်းထားတာ မှန်တယ်။ အစီအရင် တာအိုစစ်ဆေးမှုမှာ အဆင့်(၁)နေရာ ရသွားတာက အစစ်အမှန် နတ်ဘုရားလမ်းစဉ်ရဲ့ ပါရမီရှင် နတ်မိမယ်လေး လော့ရှန်းကျောင်းပဲ။ သူမ အချိန် ဘယ်လောက်ပဲ ယူလိုက်ရတာလဲ ကြည့်ကြည့်ဦး။ သူမက အစီအရင် တာအိုစစ်ဆေးမှုကို အဲ့လောက်အချိန်တိုလေးအတွင်းမှာ အောင်မြင်သွားနိုင်လိုက်တာပဲ"

"မှန်းနေစရာ လိုသေးလို့လားကွာ။ လော့ရှန်းကျောင်းက အဆင့် ၄ နတ်ဘုရား အစီအရင်ဆရာပဲဟာ။ ဒီလိုစစ်ဆေးမှုမှာ သူမက အဆင့်(၁)နေရာ မရယူနိုင်ရင်သာ ထူးဆန်းနေဦးမှာ"

"ဟုတ်ပ... တကယ်လို့ လော့ရှန်းကျောင်းသာ ကျင့်ကြံရေးကို အာရုံစိုက်ဖို့ ရွေးချယ်ခဲ့မယ်ဆိုရင် သူမက သူမရဲ့အစ်မဖြစ်သူ လော့ရှန်းယန်ထက် ပိုပြီးအားနည်းနေမှာ မဟုတ်တာ သေချာတယ်"

"ဒါဆို အဆင့်(၂)နေရာကို ဘယ်သူရမယ်လို့ မင်းထင်လဲ။ ငါကတော့ ကြယ်ဖုံးတောင်ရဲ့ကျီဖေးယန် ဖြစ်လိမ့်မယ် ထင်တာပဲ။ သူက သိပ်မကြာသေးခင်ကတင် အဆင့် ၄ နတ်ဘုရားအစီအရင် ဆရာအဆင့်ကို ရောက်သွားပြီလို့ ငါ ကြားထားတယ်"

"လျှောက်ပြောနေတယ်။ အဲ့ဒါက အသိသာကြီး..."

ချက်ချင်းပင် ဤကျင့်ကြံသူက ရုတ်တရက် ပြောလက်စကို ရပ်ပစ်လိုက်သည်။ သူက အံ့အားသင့်စွာ အော်လိုက်သည်။

" နယ်လှည့်ကျင့်ကြံသူ၂၇၀၅ ဆိုတာ ဘယ်သူလဲ။ ဒီလူ့ကို ဘယ်လိုလုပ် တစ်ခါမှ မကြားဖူးရတာလဲ"

ဤအခိုက်အတန့်၌ ပိတ်ကားပြင်ပေါ်တွင် နောက်ထပ်နာမည်တစ်ခု ထွက်ပေါ်လာလေသည်။

**နိဗ္ဗာန်အသိပညာရပ် ကျောင်းတော် စစ်ဆေးဆုံးဖြတ်မှု အဆင့်(၂)နေရာ - နယ်လှည့်ကျင့်ကြံသူ၂၇၀၅ (အမှတ် - ၉၅.၅၀)**

"နယ်လှည့်ကျင့်ကြံသူ၂၇၀၅ က ဘယ်သူလဲ"

ဤအချိန်တွင် ထိုမေးခွန်းကို မေးနေသည်မှာ တစ်ယောက်တစ်လေမျှသာ မဟုတ်ချေ။ လူတိုင်းနီးပါးက လေလွင့်ကျင့်ကြံသူ၂၇၀၅ အကြောင်းကို မေးနေကြသည်။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော် စစ်ဆေးဆုံးဖြတ်မှု၏ ဝင်ခွင့်အဆင့်နေရာမှာ နတ်ဘုရားကုန်းမြေ တစ်ခုလုံး၏ အာရုံစိုက်မှုကို ခံနေရသည်။ နယ်လှည့်ကျင့်ကြံသူတစ်ချို့ စစ်ဆေးဆုံးဖြတ်မှုကို တစ်ခါတစ်လေ အောင်မြင်သွားသည့် အဖြစ်မှာ မထူးဆန်းချေ။ သို့သော် နယ်လှည့်ကျင့်ကြံသူ

တစ်ယောက်က အဆင့်(၂)နေရာကို ရနိုင်သည့်ကိစ္စမှာမူ အင်မတန် ထူးဆန်းနေလေသည်။

“သူဘယ်သူလဲ ကျုပ်သိတယ်”

အသံတစ်သံက ရုတ်တရက် အော်ပြောလိုက်၏။

ဤလူက ထိုသို့ ပြောလိုက်သောအခါ လူအုပ်ကြီးတစ်ခုလုံးက သူ့ပတ်လည်ဝိုင်းလာကြကာ သူ့အား စိုက်ကြည့်လိုက်ကြသည်။

“သူက နယ်လှည့်ကျင့်ကြံသူ တစ်ယောက်ပဲ။ နှစ်ဦးချင်း ယှဉ်ပြိုင်တိုက်ခိုက်ပွဲကနေ စစ်ဆေးဆုံးဖြတ်မှုအတွက် နေရာဝင်ခွင့်ကို သူ ရခဲ့တာ။ ပြီးတော့ အဲ့လိုရလာတာကလည်း တိုက်ခိုက်ပွဲ ၃၁ ပွဲလုံးကို ဆက်တိုက် အနိုင်ရရှိပြီးတော့ ရသွားတာ။ ဒီလူက အထင်ကြီးစရာကောင်းပေမဲ့ သူ့မှာ လျို့ဝှက်ပညာရပ် တစ်ခုပဲ ရှိတယ်။ အဲ့ဒါကတော့ မီးအင်အားသုံး လက်သီးချက် တစ်ကွက်တည်းပဲ ..... တကယ်လို့ သူ့မီးလက်သီးကိုသာ ခုခံနိုင်မယ်ဆိုရင် သူ့ကို နိုင်ရင် နိုင်လောက်တယ်...”

**နယ်လှည့်ကျင့်ကြံသူ တစ်ယောက်တဲ့လား... နယ်လှည့်ကျင့်ကြံသူတစ်ယောက်က နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ စစ်ဆေးဆုံးဖြတ်မှုမှာ အဆင့်(၂) နေရာ တကယ် ရရှိသွားသည်တဲ့လား...**

ဤသတင်းကို ကြားပြီးသည့်နောက် ဂိုဏ်းအင်အားစုများစွာတို့၏ မျက်လုံးများက အရောင် တောက်လာကြလေသည်။ နယ်လှည့်ကျင့်ကြံသူ တစ်ယောက်သည် ထိန်းချုပ်ရ လွယ်ကူ၏။ အကယ်၍ သူတို့သာ ဤကျင့်ကြံသူကို စစ်ဆေးဆုံးဖြတ်မှုပြီးပြီးချင်း ဆက်သွယ်နိုင်ပါက ဤလူကို သူတို့ဂိုဏ်းထဲ ဝင်ရန် ဖိတ်ခေါ်ယူနိုင်ပေလိမ့်မည်။

**ဒါပေါ့… ဤနယ်လှည့်ကျင့်ကြံသူက စစ်ဆေးဆုံးဖြတ်မှုကို အောင်မြင်သွားလျှင် ဖိတ်ခေါ်မည်ဟု ဆိုလိုခြင်း ဖြစ်သည်။**

လူအုပ်အနက် အရပ်ရှည်ရှည် မျက်လုံးကျဉ်းကျဉ်းနှင့် လူတစ်ယောက်က နယ်လှည့်ကျင့်ကြံသူ၂၇၀၅ ဟူသည့်နာမည်ကို မြင်သောအခါ ရက်စက်ယုတ်မာတော့မည့် အမူအယာကို ဖော်ပြလိုက်၏။

**ဤလူမှာ နယ်လှည့်ကျင့်ကြံသူ အစည်းအရုံး၏ နတ်ဘုရားဘုရင် လော့ယွီပင်တည်း။**

သူ့ကို တခြားတစ်နေရာသို့ ပို့လိုက်သည်မှာ မှန်သော်လည်း ဤသည်က နိဗ္ဗာန်တာအိုမြို့ထဲတွင် သူ နေ၍မရဟု မဆိုလိုပေ။ ဤသည်မှာ အချင်းချင်း နားလည်ပြီးသား ကိစ္စတစ်ရပ်ဖြစ်၏။

ဤနေရာတွင် သူရှိနေရသည့် တစ်ခုတည်းသော အကြောင်းအရင်းမှာ မိုဝူကျိုကို သတ်ရန် ဖြစ်သည်။

သူစုဆောင်းထားသည်များနှင့် နယ်လှည့်ကျင့်ကြံသူ ရွေးချယ်ပွဲအား ထောက်ပံ့မှုမှ ရသော လစာတို့ဖြင့် သူသည် နတ်ဘုရားဘုရင်အဆင့် ၄ သို့ တက်လှမ်းနိုင်ပြီး အလယ်အလတ်အဆင့် နတ်ဘုရားဘုရင် ပညာရှင်တစ်ဦး ဖြစ်လာမည်ဟု သူ သေချာသည်။ သို့သော် ဤအရာအားလုံးမှာ ဤဘာမဟုတ်သည့် ကနဦးနတ်ဘုရား တစ်ယောက်ကြောင့် ပျက်စီးသွားရသည်။ သူ၏လစာကောင်းကောင်း အလုပ်ကို ဆုံးရှုံးလိုက်ရရုံသာမက သူများ၏ အထင်သေးကဲ့ရဲ့ရှုံ့ချခြင်းကိုလည်း ခံလိုက်ရ၏။

သူ့အတွက်မူ မိုဝူကျိုတစ်ယောက် ဆိုးဆိုးရွားရွား ရလဒ်များ ရရှိပါက အကောင်းဆုံးပင် ဖြစ်သည်။ သူက မိုဝူကျို အပယ်ခံရမည့်အဖြစ်ကို စောင့်နေခြင်း ဖြစ်သည်။ ထို့နောက်တွင် မိုဝူကျိုအား ဖြည်းဖြည်းချင်း ကိစ္စရှင်းမည် ဖြစ်သည်။ ဤငတိက ပထမမြောက် စစ်ဆေးမှုတွင် အဆင့်(၂)နေရာ ရလိမ့်မည်ဟု သူ မထင်ထားမိပေ။ ထို့အပြင် သူ့အမှတ်မှာ အဆင့်(၁)နေရာထက် (၀.၆)မှတ်သာ နည်းနေလေသည်။

အကယ်၍ မိုဝူကျိသာ အဆင့် ၃ ပုံရိပ်ယောင် အစီအရင်အပေါ် အသိဉာဏ်ပွင့်မှုများ ရရှိရန် အချိန်သုံးဖို့ မရွေးချယ်ခဲ့ပါက မိုဝူကျိက အမှတ်ပြည့်ပင် ရနိုင်လောက်သည့်အဖြစ်ကို သူ မသိပေ။

......................

မိုဝူကျိသည် လယ်ကွင်း၏ ဘေးတွင် အဆောင်အမျိုးမျိုးကို အဆက်မပြတ် ဖန်တီးပြုလုပ်လိုက်သည်။ တစ်ခါတစ်ရံ၌ နှင်းစက်စိမ်းဆန်ကို စစ်ဆေးရန် လယ်ကွင်းထဲသို့ သွားသည်။

ခေတ်ငါးပါး အစီအရင်ပြား၏ အကူအညီမပါသည်ကိုပင် သူ့နှင်းစက်စိမ်းဆန်၏ ကြီးထွားမှုမှာ ကောင်းနေလေ၏။ အကြောင်းမှာ သူ့မျိုးစေ့များသည် အဆင့်မြင့် နှင်းစက်စိမ်းဆန်၏ အမြင့်ဆုံးအရည်အသွေးမှ လာသောကြောင့် ဖြစ်သည်။ ထို့အပြင် သူက သူတို့ကို ရေလောင်းရန် နှစ်သန်းပေါင်းတစ်ထောင် သစ်သားအဆီအနှစ်ကို သုံးနေလေသည်။ သို့ဖြစ်ရာ နှင်းစက်စိမ်းဆန်၏ ရိုးတံတစ်ခုချင်းစီမှာ နူးညံ့ကာ သန်စွမ်းနေလေသည်။

သုံးလကြာပြီးနောက် မိုဝူကျိက သူ၏ ပထမဆုံး အဆင့် ၃ နတ်ဘုရားအဆောင်ကို လုပ်နိုင်သွားသည်။ သာမန်

ရိုးရိုးရှင်းရှင်းလေးသာဖြစ်သော အဆင့် ၃ နတ်ဘုရားအဆောင် ဖြစ်သော်လည်း ဤသည်က သူသည် အဆင့် ၃ နတ်ဘုရားအဆောင်ဆရာ ဖြစ်သွားပြီဖြစ်ကြောင်း ပြသနေဆဲ ဖြစ်သည်။

ထို့နောက်ပိုင်း လများတွင် မိုဝူကျိက အဆင့် ၃ နတ်ဘုရားအဆောင်များ ဆက်လက် ပြုလုပ်နေလိုက်သည်။ ၆ လကျော်သွားကာ သူ့အဆင့် ၃ နတ်ဘုရားအဆောင်၏ အရည်အသွေးမှာလည်း ပိုမို ကောင်းမွန်လာလေပြီ။ သို့သော် အဆင့် ၄ နတ်ဘုရားအဆောင်ဆရာ ဖြစ်လာရန် အများကြီး လိုနေသေးကြောင်း သူ သိသည်။ ဤသည်မှာ ကုန်ကြမ်းပစ္စည်း လစ်လပ်မှုတစ်ခုတည်းကြောင့် မဟုတ်ပေ။

ယခုအချိန်အထိ သူ အဆင့် ၃ နတ်ဘုရားအဆောင် ဖြစ်လာနိုင်သည့် အဓိကအကြောင်းအရင်းမှာ သူ့ ပညာရှိတာအိုအဆောင်ကြောင့် ဖြစ်သည်။

သို့သော် သူက အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံသည်။ အကယ်၍ သူသာ အဆင့် ၄ နတ်ဘုရား အဆောင်ဆရာအဆင့်သို့ တက်လှမ်းချင်ပါက ပညာရှိတာအိုအဆောင်မှ သူ့ဘာသာသူ

သပ်သပ် ခွဲထွက်ကာ သူ့ကိုယ်ပိုင်နည်းလမ်းဖြင့် တစ်ခုခု ဖန်တီးပြုလုပ်ဖို့ လိုပေလိမ့်မည်။

အကယ်၍ ပညာရှိ တာအိုအဆောင်အတိုင်း နည်းလမ်းများကို သူ ဆက်လက် လိုက်နာနေပါက သူ့အတွက် အဆင့် ၄ နတ်ဘုရားအဆောင်ဆရာ ဖြစ်လာရန် ခက်ခဲပေလိမ့်မည်။ သူ မည်မျှပင် အချိန်ပေးပါစေ ထူးခြားလာမည် မဟုတ်ပေ။ အကြောင်းရင်းအကုန်လုံးမှာ သူက အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံသောကြောင့် ဖြစ်နေ၏။

သူ၏ ကျင့်စဉ် ဖြစ်စေ၊ သူ၏တာအို ဖြစ်စေ အဆုံးတွင်တော့ သူ့ကိုယ်ပိုင်တာအို အသိဉာဏ်ပွင့်မှုများကို သူ ရှာဖွေရဦးမည် ဖြစ်သည်။ ဤသည်မှာ တာအိုရှာဖွေမှု၏ ခက်ခဲကြမ်းတမ်းသော ခရီးစဉ်ပင် ဖြစ်ပေသည်။

**၆ လ ကုန်လွန်ခဲ့လေပြီ။ သူ့နှင်းစက်စိမ်းဆန်လည်း ရင့်မှည့်သွားလေပြီ ...**

အဆောင်များကို သိမ်းလိုက်ကာ မိုဝူကျိက လယ်ကွင်းထဲသို့ လမ်းလျှောက်ဝင်သွားလိုက်၏။ စိမ်းဖန့်ဖန့် ငွေရောင်တစ်သုတ်က သူ့အား ဆီးကြိုနှုတ်ဆက်နေလေသည်။

မိုဝူကျို မှန်းထားသည့်အတိုင်း ဖြစ်နေသည်။ မူလက သူသည် အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန်ကို စိုက်ဖို့သာ ရည်ရွယ်ထားခဲ့သည်။ ယခုမူ သူ့မှန်းချက်ထက် ကျော်လွန်သွားလေပြီ။ ထို့အပြင် သူ့လယ်ကွင်းထဲတွင် ရွှေရောင်လေးများ တစ်စွန်းတစ်စ တွေ့နေရသည်။ ထိုအရာများမှာ အဆင့်မြင့် နှင်းစက်စိမ်းဆန်များ ဖြစ်သည်။ သို့သော် အရမ်းကို နည်းလေသည်။ တစ်မျှင် နှစ်မျှင်လောက်သာ ရှိသည်။

မိုဝူကျိုက အမြန်ဆုံးနှုန်းဖြင့် နှင်းစက်စိမ်းဆန် လယ်ကွင်းကို ရိတ်သိမ်းလိုက်၏။ ထို့နောက် သူက စပါးခွံများကို ချွတ်လိုက်သည်။

ဤသည်မှာ နှင်းစက်စိမ်းဆန်အတွက် စစ်ဆေးဆုံးဖြတ်မှု ဖြစ်၏။ သူက စပါးခွံများကြောင့် အမှတ်လျော့ခံရသည့် အဖြစ်ကို မလိုချင်ပေ။

မိုဝူကျိုသည် အလယ်အလတ်အဆင့် နှင်းစက်စိမ်းဆန် ၃၈ ကာတီနှင့် အဆင့်မြင့်နှင်းစက်စိမ်းဆန် ၂ ကာတီ ၃ ကာတီလောက် စိုက်ပျိုးနိုင်လိုက်သည်ဟု ခန့်မှန်းတွက်ချက်လိုက်သည်။

မိုဝူကျို နှင်းစက်စိမ်းဆန်ကို ရိတ်သိမ်းပြီးသွားသည့်အချိန်တွင် လယ်ကွင်း၏ အလယ်တည့်တည့်တွင် ကူးပြောင်းဝဲဂယက်တစ်ခု ပေါ်လာလေသည်။ မိုဝူကျိုက နှင်းစက်စိမ်းဆန် ၄၀ ကာတီကို သပ်သပ်ရပ်ရပ် ထုပ်ပိုးပြင်ဆင်လိုက်ပြီးနောက် ကူးပြောင်းဝဲဂယက်ထဲသို့ ထည့်ပေးလိုက်သည်။

တစ်မိနစ်ပင် မရှိသေးခင် လယ်ကွင်း၏ အဆုံးနားတွင် ဝဲဂယက်အစီအရင် တံခါးတစ်ချပ် ပေါ်လာလေသည်။ ဝဲဂယက်တံခါး၏ ဘေးဘက်တွင် အဖြူရောင်ကျောက်စိမ်းဖြင့် လုပ်ထားသော ကျောက်စာတိုင်တစ်ခုလည်း ရှိလေသည်။

မိုဝူကျိုက သက်ပြင်းတစ်ချက် ချလိုက်ကာ မတ်တပ်ရပ်လိုက်ပြီး ကျောက်စာတိုင်ပေါ်တွင် လေလွင့်ကျင့်ကြံသူ၂၇၀၅ ဟု ရေးထွင်းလိုက်သည်။ ထိုသို့လုပ်ပြီးနောက် သူက ဝဲဂယက်တံခါးထဲသို့ ဝင်သွားလိုက်သည်။ သူ့အား အပြင်ဘက်သို့ မပို့ပေ။ ဆိုလိုသည်မှာ ဤစစ်ဆေးဆုံးဖြတ်မှုကို သူ အောင်သွားလေပြီ။

ဤတစ်ကြိမ်၌ ကျောက်တုံးတဲငယ်လေး တစ်ခုက မိုဝူကျို ရှေ့မှောက် ပေါ်လာလေသည်။ ကျောက်တုံးတဲအတွင်း၌ အနက်ရောင် သတ္တုရိုင်းတစ်တုံးနှင့် အဆင့်နိမ့်

မီးကျောက်တုံးတစ်တုံးသာ ရှိလေသည်။ သတ္တုရိုင်းတုံးမှာ သာမန်တွေ့နေကျ အဆင့် ၂ နတ်ဘုရားပစ္စည်းဖြစ်သည့် ဥက္ကာပျံသံနက် ဖြစ်လေသည်။

အဆင့် ၂ နတ်ပစ္စည်းကို သုံး၍ အဆင့်နိမ့် နတ်လက်နက်တန်ဆာကို ပြုလုပ်ရသည်မှာ မဆိုးဘူးဟု ဆိုရမည်။ မိုဝူကျိုက အလယ်အလတ်အဆင့် နတ်လက်နက်တန်ဆာကို မပြုလုပ်နိုင်သေးသော်လည်း ဥက္ကာပျံသံနက်နှင့်ကား ရင်းနှီးနေပြီးသားဖြစ်၏။

သမ္မာရင့်နေပြီးသား လက်တို့ဖြင့် သူက မီးကျောက်တုံးကို မီးမွှေးလိုက်ကာ မီးထဲသို့ ဥက္ကာပျံသံနက်ကို ပစ်ထည့်လိုက်သည်။ ဤသည်မှာ အဆင့်နိမ့် နတ်မီးတောက်တစ်ခုသာ ဖြစ်သော်လည်း ဥက္ကာပျံသံနက်ကို အရည်ဖျော်ရန်အတွက်ကား လုံလောက်သည်။

မိုဝူကျိုက ပုဆိန်လှံရှည်တစ်ချောင်း ပြုလုပ်ဖို့ စဉ်းစားထားသည်။ ပုဆိန်လှံရှည် ပြုလုပ်ခြင်းက သူ အကျွမ်းကျင်ဆုံး ဖြစ်သည်။

မိုဝူကျိုက သူ၏လက်နက်တန်ဆာကို ပြုလုပ်နေစဉ်တွင် သူ့နာမည်မှာ နိဗ္ဗာနတာအိုမြို့၏ ရင်ပြင်ထဲတွင် လက်တလော လူကြိုက်များနေသော သတင်းခေါင်းစည်း ဖြစ်လာလေသည်။

သူက အလယ်အလတ်အဆင့်နှင့် အနည်းငယ်သော အဆင့်မြင့် နှင်းစက်စိမ်းဆန်ကိုသာ စိုက်ပျိုးခဲ့သော်လည်း သူ့နာမည်မှာ အဆင့်(၁)နေရာသို့ တက်သွားသေးဆဲ ဖြစ်၏။ သူက စုစုပေါင်းရမှတ်(၁၆၇.၅) ဖြင့် မူလက အဆင့်(၁)နေရာတွင်ရှိနေသည့် လော့ရှန်းကျောင်းကို ကျော်တက်သွားလေသည်။

## အခန်း(၉၉၄) : မျက်စိရှေ့မှာတင် ရှိနေခဲ့ဖူးသော အခွင့်အရေး တစ်ခု

မိုဝူကျို၏ နတ်လက်နက်တန်ဆာမှာ ကြည့်ရဆိုးသော်လည်း အဆင့်နိမ့် နတ်လက်နက်တန်ဆာ အစစ် ဖြစ်သည်။ မိုဝူကျိုသည် ယခင်တုန်းက ပုဆိန်လှံရှည်များစွာ ပြုလုပ်ဖူးသည်ဖြစ်ရာ ဤပုဆိန်လှံရှည်၏ ပုံစံမှာ အဆိုးကြီး မဟုတ်ပေ။ သူ့အရည်အသွေးမှာလည်း မဆိုးလှပေ။

အဆင့်နိမ့် နတ်လက်နက် တန်ဆာတစ်ခု ပြုလုပ်ခြင်းသည် အလွန်အံ့အားသင့်စရာ ကိစ္စမဟုတ်သော်လည်း သူ သချာပေါက် အပယ်မခံရဘူးဟု မိုဝူကျိုက ယုံကြည်၏။ ပြောရမည်ဆိုလျှင်

လက်နက်တန်ဆာတာအိုကို သူလေ့လာနေသည်မှာ နှစ်အတော်ပင် ကြာနေပြီ ဖြစ်သည်။ ကျင့်ကြံဖို့သာ သိသောလူများနှင့် ယှဉ်ပါက သူ၏ ဤအဆင့်နိမ့် နတ်တန်ဆာမှာ စစ်ဆေးဆုံးဖြတ်မှုကို အောင်မြင်ဖို့ သေချာပေါက် လုံလောက်နေလေပြီ။ သူ့အနေနှင့် ထိပ်ဆုံး၌ ရှိနေဖို့ ဂရုစိုက်မနေပေ။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲသို့ ဝင်နိုင်သရွေ့ သူ အောင်မြင်သွားပြီဟု ဆိုရမည်။

မိုဝူကျိုက သူ့မှော်ရတနာ နတ်လက်နက်တန်ဆာကို ကူးပြောင်းဝဲဂယက်ထဲ ထည့်ပေးလိုက်သည့်နောက် သူမှန်းထားသည့်အတိုင်းပင် ဝဲဂယက်အစီအရင် တံခါးပေါက်တစ်ခုက မိုဝူကျိုရှေ့မှောက် ပေါ်လာလေသည်။ တစ်ကြိမ်ထပ်၍ မိုဝူကျိုသည် သူ့နာမည်ကို ရေးထွင်းလိုက်ပြီးနောက် နောက်ထပ် စစ်ဆေးမှုဆီသို့ ဆက်သွားလိုက်သည်။

ဤစစ်ဆေးဆုံးဖြတ်မှုတွင် ကောင်းကွက် တစ်ခုရှိသည်။ ထိုအရာမှာ တခြားသူများ၏ အမှတ်ကို မသိခြင်းပင်ဖြစ်သည်။ ထိုနည်းဖြင့် အပယ်မခံရသေးပါက မျှော်လင့်ချက် ဆက်လက်ရှိနေဦးမည် ဖြစ်၏။

.....................

စစ်ဆေးမှု ၃ ခုအပြီးတွင် မိုဝူကျို၏ နာမည်မှာ အဆင့်(၂)နေရာတွင် ရှိနေသည်။

လက်ရှိ အဆင့်(၁)နေရာမှာ ကျီဖေးယန် ဖြစ်သည်။ စစ်ဆေးမှု ၃ ခုအပြီးတွင် မိုဝူကျို၏ စုစုပေါင်းရမှတ်မှာ (၂၄၂.၅)သာရှိကာ ကျီဖေးယန်၏ စုစုပေါင်းရမှတ်မှာ (၂၄၉) ဖြစ်သည်။

မိုဝူကျိုက အဆင့်(၂)နေရာသို့ ကျသွားသော်လည်း မျက်လုံးအများစုက သူ့နာမည်ပေါ်တွင် ရှိနေဆဲ ဖြစ်၏။ ပြောရမည်ဆိုလျှင် ကျီဖေးယန်သည် ကြယ်ဖုံးတောင်၏ ပါရမီရှင်တစ်ယောက် ဖြစ်နေစဉ် မိုဝူကျိုက နယ်လှည့်ကျင့်ကြံသူတစ်ယောက် ဖြစ်နေသည်။ ကျီဖေးယန် မည်မျှကောင်းကောင်း စွမ်းဆောင်နိုင်သည်က အရေးမပါပေ။ အကြောင်းမှာ တခြားဂိုဏ်းများသည် သူ့ဆီမှ ရနိုင်စရာ ဘာမှမရှိသောကြောင့် ဖြစ်သည်။

"အဲ့ဒီ နယ်လှည့်ကျင့်ကြံသူ ကြည့်ရတာ အားနည်းပုံပဲ။ တတိယမြောက် စစ်ဆေးမှုပြီးသွားတော့ သူ့အဆင့် ကျသွားတယ်။ စတုတ္ထမြောက် စစ်ဆေးမှု ပြီးသွားတဲ့အချိန်လောက်ဆို ထိပ်ဆုံး ၁၀ ယောက်အောက်ကိုတောင် ကျရင် ကျသွားလောက်တယ်"

“ဒါကို အားနည်းတယ်လို့ ခေါ်တယ်လား။ အဲ့ဒီ နယ်လှည့်ကျင့်ကြံသူကို ကျီဖေးယန်နဲ့ သွားနှိုင်းလို့ ရမလားကွ။ အဲ့ ၂၇၀၅ က ကျီဖေးယန်ကို ပထမမြောက် စစ်ဆေးမှုမှာ နိုင်ခဲ့တယ်။ ဒုတိယမြောက်စစ်ဆေးမှုမှာ အဆင့်(၁)နေရာ ရခဲ့တယ်။ သူ့ကို ထိပ်တန်း ပါရမီရှင်လို့တောင် ပြောလို့ရနေပြီလေ။ ဒီလေလွင့်ကျင့်ကြံသူက အပယ်မခံရသရွေ့ သေချာပေါက် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲ ဝင်နိုင်မှာကွ”

“ခစ်ခစ်... ဒါပေမဲ့ စတုတ္ထမြောက် စစ်ဆေးမှုက ဆေးလုံးတာအိုလေရှင့်။ ဆေးလုံးတာအိုမှာတော်တဲ့ နယ်လှည့်ကျင့်ကြံသူဆိုပြီး ရှင် ကြားဖူးသလား ပြောကြည့်ပါဦး။ နယ်လှည့်ကျင့်ကြံသူ ဘယ်နှယောက်လောက်ကများ ဆေးလုံးတာအိုကို လေ့လာသင်ယူနိုင်စွမ်း ရှိမယ်ထင်လို့လဲ”

“ဘာလို့ မဖြစ်နိုင်ရမှာလဲ။ နတ်ဆေးလုံးဘုရင် ဝတ်ရုံစိမ်းက နယ်လှည့်ကျင့်ကြံသူ တစ်ယောက်ပဲလေ။ သူက နတ်ဘုရားဘုရင် ဖြစ်ရုံတင် မကဘူး နတ်ဆေးလုံးဘုရင်လည်း ဖြစ်နေသေးတယ်မလား”

“နတ်ဆေးလုံးဘုရင်ကို ဥပမာပေးပြီး ပြောလို့ ဘယ်လိုလုပ်ရမှာလဲလို့။ နတ်ဘုရားကုန်းမြေတစ်ခုလုံးမှာ

နတ်ဆေးလုံးဘုရင် တစ်ယောက်ပဲ ရှိတယ်။ ပြီးတော့ နတ်ဆေးလုံးဘုရင် စတင် ကျော်ကြားလာတဲ့အချိန်မှာ သူက ကနဦးနတ်ဘုရားအဆင့်ပဲ ရှိနေသေးတာ မဟုတ်ဘူးရယ်”

…………………………

ဤကျင့်ကြံသူများ၏ အခြေအမြစ် မရှိသောဆွေးနွေးချက်များနှင့် ယှဉ်လျှင် ဂိုဏ်းကြီးများက နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ အပေါ် ပို၍ အာရုံစိုက်နေကြသည်။ အားလုံးက စစ်ဆေးဆုံးဖြတ်မှု၏ ထိပ်ဆုံး ၁၀ ယောက်ထဲ ဝင်သည်မှာ မည်သည်ကို ဆိုလိုနေမှန်း သေသေချာချာ ရှင်းရှင်းလင်းလင်း သိကြလေသည်။ သူရရှိမည့် အရင်းအမြစ်များမှာ ဂိုဏ်းတိုင်းက လိုချင်နေကြသောအရာများ ဖြစ်လေ၏။

လူတိုင်းက နယ်လှည့်ကျင့်ကြံသူ၂၇၀၅ အပေါ် သူဘယ်ကနေလာသလဲ၊ သူ့နောက်ခံကဘာလဲ စသည်ဖြင့် စုံစမ်းမှုများ လုပ်နေကြ၏။ သူတို့အားလုံးက နယ်လှည့်ကျင့်ကြံသူ၂၇၀၅၏ မိတ်ဆွေသူငယ်ချင်း တစ်ယောက်ယောက်နှင့် သိကျွမ်းပတ်သက်နိုင်ဖို့ မျှော်လင့်နေကြသည်။

မိုးကောင်းကင် နတ်ဘုရားဂိုဏ်းသည်လည်း မိုဝူကျိအား စေ့စေ့စပ်စပ် စောင့်ကြည့်နေသည့် ဂိုဏ်းများထဲမှတစ်ခု ဖြစ်သည်။ တတိယမြောက် စစ်ဆေးမှုပြီးနောက် မိုဝူကျိက အဆင့်(၂)နေရာတွင် ရှိနေဆဲအချိန်တွင်ကား မိုးကောင်းကင်နတ်ဘုရားဂိုဏ်း၏ လက်ဝဲ မိုးကောင်းကင်တောင်သခင် လောင်ယုမှာ ဆက်လက် ထိန်းမထားနိုင်တော့ချေ။ သူက ချီခွန်းအား ကြည့်ကာ မေးလိုက်သည်။

"ချီခွန်း... နယ်လှည့်ကျင့်ကြံသူ၂၇၀၅ က မိုဝူကျိလား"

ချီခွန်းကလည်း နယ်လှည့်ကျင့်ကြံသူ၂၇၀၅ မှာ မိုဝူကျိ ဖြစ်မည်ဟု ထင်နေမိသော်လည်း ထိုအရာအား အတည်မပြုရဲပေ။ ယခုမူ လက်ဝဲ မိုးကောင်းကင် တောင်သခင် လောင်ယုက မေးလာသောအခါ၌ သူ ပြောပြနိုင်သည်မှာ

"ကျွန်တော်လည်း သိပ်မသေချာသေးဘူး။ ဒါပေမဲ့ အဲ့ဒီမိုဝူကျိက သာမန် မဟုတ်တာကတော့ တကယ်ပါ။ စတုတ္ထမြောက်စစ်ဆေးမှုက ဆေးလုံးတာအိုဆိုတော့ စတုတ္ထမြောက် စစ်ဆေးမှုပြီးသွားတဲ့အခါကျ ကျွန်တော်တို့ သေချာသိနိုင်သွားမှာပါ။ တစ်ခုရှိတာက

မိုဝူကျိုရဲ့ဝိညာဉ်ကြောတွေက ညံ့တယ်။ ပြီးတော့ သူ့တိုက်ခိုက်ရေး အစွမ်းကလည်း သိပ်မကောင်းဘူး။ ဒါပေမဲ့ ကျွန်တော် ကြားထားတာကတော့ အဲ့ဒီနယ်လှည့်ကျင့်ကြံသူ၂၇၀၅က သူ့နေရာလွတ်ကို နှစ်ဦးချင်း တိုက်ပွဲကနေ ရရှိခဲ့တာတဲ့။ ပြီးတော့ သူက တိုက်ပွဲ ၃၁ ပွဲလုံးကိုတောင် ဆက်တိုက် အနိုင်ရခဲ့တာဆိုပဲ။ တကယ်လို့ အဲ့လူက မိုဝူကျိုဆိုရင် သူက ၃၁ ပွဲလုံး မနိုင်နိုင်လောက်ဘူးလေ”

လောင်ယုက ခေါင်းငြိမ့်လိုက်၏။ မိုဝူကျိုသည် အဆင့် ၄ နတ်ဆေးလုံးဆရာတစ်ယောက် ဖြစ်ကာ စတုတ္ထမြောက် စစ်ဆေးမှုမှာ ဆေးလုံးတာအို စစ်ဆေးမှု ဖြစ်သည်။ စတုတ္ထမြောက် စစ်ဆေးမှု ပြီးသွားသည့်အချိန်တွင် မိုဝူကျိုက ထိပ်ဆုံးတွင် ရှိနေသေးသရွေ့ ဤသည်မှာ နယ်လှည့်ကျင့်ကြံသူ၂၇၀၅ မှာ သေချာပေါက် မိုဝူကျိုဖြစ်သည်ဟု ဆိုလိုနေပေသည်။

တိုက်ခိုက်ရေး စွမ်းရည်အတွက်မူကား တကယ့်တိုက်ပွဲတစ်ခု မပါဘဲနှင့် မည်သူကများ မိုဝူကျို၏ တိုက်ခိုက်ရေး အစွမ်းအကြောင်း သေချာသိနိုင်ပါ့မည်နည်း။ အကယ်၍ မိုဝူကျို၏ နေရာတွင် သူဖြစ်ခဲ့ပါက သူသည်လည်း သူ့အစွမ်းများကို အလွယ်တကူ ထုတ်ဖော်ပြမည် မဟုတ်ချေ။ ဝိညာဉ်ကြောများမှာ လူတစ်ယောက်၏ တိုက်ခိုက်ရေးအစွမ်းအတွက် အရေးအပါဆုံး

ကန့်သတ်ချက်ကြီး ဖြစ်သည်မှာ မှန်ပေ၏။ သို့သော် ဤသည်က ပိုမြင့်သော ကျင့်ကြံဆင့်များကို ရောက်မှ ပိုသိသာလေ၏။ ယခုမူ ပါဝင်ယှဉ်ပြိုင်သူအားလုံးမှာ ကနဦးနတ်ဘုရားများသာ ဖြစ်သည်။ ထို့ကြောင့် ဝိညာဉ်ကြော အရည်အသွေးနှင့် တိုက်ခိုက်ရေး အစွမ်းကြားမှ ခြားနားချက်မှာ အင်မတန် သေးငယ်လေသည်။

........................

စတုတ္ထမြောက် စစ်ဆေးမှုသို့ ဝင်ရောက်ပြီးသည့်နောက် မိုဝူကျိသည် ဆေးလုံးတာအို ဂုဏ်ထူးဆောင် မျှော်စင်သို့ ပြန်ရောက်သွားသကဲ့သို့ ခံစားလိုက်ရသည်။ အိမ်တစ်လုံးနှင့်အတူ အမျိုးမျိုးသော ဆေးလုံးအမည်များနှင့် ပြည့်နေသော အဖြူရောင် ကျောက်စိမ်းနံရံကြီး တစ်ခု ရှိနေသည်။ ထိုဆေးလုံးအမည်များအား အဆင့် ၉ အင်မော်တယ် ဆေးလုံးများမှ အဆင့် ၅ နတ်ဆေးလုံးသို့ အစဉ်လိုက် စီတန်းခွဲခြားထားသည်။

မိုဝူကျိအား ဝမ်းသာအံ့သြသွားစေသည်မှာ အကယ်၍ သူ့ဆေးလုံးတာအို ဂုဏ်ထူးဆောင်မျှော်စင်၏ ဂုဏ်ထူးဆောင် တံဆိပ်ပြားအား ထုတ်ပြလိုက်ပါက နတ်ဆေးဖက်ဝင်အပင်များကို အလကား ရယူနိုင်မည့် အချက် ဖြစ်သည်။ တစ်ခုရှိသည်မှာ

ယခင်က ထိုဆေးလုံးကို သူ ဖော်စပ်ဖူးပြီးသား ဖြစ်ရမည် ဖြစ်သည်။

မိုဝူကျိုသည် တုန့်ဆိုင်းမနေတော့ဘဲ သူ့အဆင့် ၄ နတ်ဆေးလုံးဆရာ ဂုဏ်ထူးဆောင် တံဆိပ်ပြားကို ထုတ်ယူလိုက်ပြီး ကူးပြောင်းအစီအရင်ပြားဘေးရှိ အက်ကြောင်းထဲသို့ ထိုးထည့်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူက အဆင့် ၄ ရွှမ်အသက်နတ်ဆေးလုံး အမည်ကို တို့ထိလိုက်သည်။

အဆင့် ၄ နတ်ဆေးဖက်ဝင် အပင်များ၏ တန်ကြေးမှာ ဈေးမချိုပေ။ ထို့အပြင် ဤနေရာတွင် ဖော်စပ်မည့် နတ်ဆေးလုံးတိုင်းသည် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်သို့ ရောက်သွားမည် ဖြစ်သည်။ ယခု နတ်ဆေးဖက်ဝင် အပင်များအား အလကားရနိုင်မည် ဖြစ်ရာ မိုဝူကျိုက သူ့ကိုယ်ပိုင်အပင်များအား အဆုံးရှုံးခံတော့မည် မဟုတ်ပေ။

ယခင်က ရွှမ်အသက် နတ်ဆေးလုံးကို သူ ဖော်စပ်ဖူးသည်။ သူ့အရည်အချင်းနှင့် ပြိုင်ဘက်ကင်းအဆင့် ရွှမ်အသက်နတ်ဆေးလုံး ၉ လုံးကို အသာလေး ဖော်စပ်နိုင်လေသည်။ သို့သော် သူ၏ ယခုလက်ရှိ ရလဒ်များမှာ

သိပ်မဆိုးလောက်မှန်း မိုဝူကျိုက သေချာသည်။ ထို့ကြောင့် သူက အဆင့်မြင့် ရှမ်အသက်နတ်ဆေးလုံး ၆ လုံးကိုသာ ဖော်စပ်လိုက်သည်။

အဆင့်မြင့် ရှမ်အသက်နတ်ဆေးလုံး ၆ လုံးကို ကူးပြောင်းပေးပို့လိုက်ပြီးသည့်နောက် မိုဝူကျိုက ပဥ္စမမြောက် စစ်ဆေးမှုဆီသို့ ပေါ့ပေါ့ပါးပါးပုံစံဖြင့် လမ်းလျှောက်ဝင်သွားလိုက်၏။

အဆောင်တာအို စစ်ဆေးမှုထဲတွင် မိုဝူကျိုက အဆင့် ၃ အသေးစား ဝန်းရံထောင်ချောက် အဆောင်ကို ပြုလုပ်ရန် ရွေးချယ်လိုက်သည်။ ဤသည်မှာ တိုက်ပွဲများတွင် အထောက်အပံ့ ပေးနိုင်သော အဆောင်တစ်ခု ဖြစ်၏။ ယခင် သူ နှင်းစက်စိမ်းဆန် စိုက်ပျိုးနေစဉ်တုန်းက မိုဝူကျိုသည် ဤအဆောင်ကို တစ်ကြိမ်မက ပြုလုပ်ဖူးလေသည်။ ပို၍အရေးကြီးသည်မှာ ဤအဆောင်အတွက် လိုအပ်သည့်ပစ္စည်းများ သူ့ဆီမှာ ရှိနေခြင်းဖြစ်သည်။

အဆောင်တာအိုစစ်ဆေးမှုမှာ ဆေးလုံးတာအို စစ်ဆေးမှုအတိုင်း ဖြစ်သည်။ အကယ်၍ သူ့တွင် ဂုဏ်ထူးဆောင် တံဆိပ်ပြားရှိပါက ပစ္စည်းများကို အလကား လဲလှယ်နိုင်မည် ဖြစ်သည်။ သို့သော် မိုဝူကျိုက အဆောင်တာအို ဂုဏ်ထူးဆောင်မျှော်စင်သို့

မသွားခဲ့ပေ။ ထို့ကြောင့် သူ့ကိုယ်ပိုင်ပစ္စည်းများကိုသာ ထုတ်သုံးလိုက်ရလေသည်။

....................

နိဗ္ဗာန်တာအိုမြို့ရင်ပြင်တွင်ကား ယခုအချိန်တွင် ဆွေးနွေးသံတို့ဖြင့် ဆူညံပွက်လောရိုက်နေလေသည်။

"အဆင့်(၁)နေရာ ရသွားပြန်ပြီ။ စတုတ္ထမြောက် စစ်ဆေးမှု ပြီးသွားတော့ နယ်လှည့်ကျင့်ကြံသူ၂၇၀၅ရဲ့အမှတ်က (၃၃၂.၅)တောင် ရှိသွားပြီ"

"အဲ့ကောင်က မိုက်တော့ အမိုက်သားရယ်။ သူက စတုတ္ထမြောက် စစ်ဆေးမှုကနေ (၉၀)မှတ်ရလိုက်တာပဲ။ သူက အဆင့် ၄ နတ်ဆေးလုံးဆရာများ ဖြစ်နေမလား"

"အဲ့လိုဖြစ်နိုင်တယ်။ တကယ်လို့ သူသာ အဆင့် ၄ နတ်ဆေးလုံးဆရာ မဟုတ်ဘူးဆိုရင် စတုတ္ထမြောက် စစ်ဆေးမှုမှာ (၉၀)မှတ် မရနိုင်လောက်ဘူး။ ကျီဖေးယန်ရဲ့အမှတ်က ထွက်မလာသေးဘူး။ ဒါပေမဲ့ ငါကတော့ သူက နယ်လှည့်ကျင့်ကြံသူ၂၇၀၅ ကို ကျော်နိုင်လောက်မယ် မထင်ဘူးကွ။ ကြားရတာတော့ ကျီဖေးယန်က အဆင့် ၃ နတ်ဆေးလုံးဆရာဆိုပဲ။ တကယ်လို့ သူက အကောင်းဆုံး အဆင့်

၃ နတ်ဆေးလုံးကို ဖော်စပ်ခဲ့မယ်ဆိုရင်တောင် သူ့အမှတ်စုစုပေါင်းက (၃၂၉)မှတ်ပဲ ရှိဦးမှာ…”

မိုးကောင်းကင် နတ်ဘုရားဂိုဏ်း၏ တောင်သခင် လောင်ယုက သူ့လက်သီးများကို တင်းတင်း ဆုပ်ထားလိုက်သည်။ ချီခွန်း မပြောပြဘဲနှင့်ပင် ထိုနယ်လှည့်လေလွင့်ကျင့်ကြံသူ၂၇၀၅ သည် မိုဝူကျိ ဖြစ်နိုင်လောက်မှန်း သူ ခန့်မှန်း၍ ရပေသည်။

သူက ချီခွန်းအား ဘာမှမမေးရသေးခင် ချီခွန်းက တအံ့တဩ ရေရွတ်လိုက်သည်။

“နယ်လှည့်ကျင့်ကြံသူ၂၇၀၅က ပဉ္စမမြောက် စစ်ဆေးမှုကိုတောင် အောင်သွားပြီ။ သူ့အဆင့်က စုစုပေါင်းအမှတ် (၄၁၂.၅)နဲ့ အဆင့်(၁) နေရာမှာ ရှိနေတုန်းပဲ။ သူက အဆင့် ၃ နတ်အဆောင်ဆရာလည်း ဖြစ်နေသေးတယ်လား… ဘုရားရေ…”

အဆုံးနားရောက်သည့်အချိန်တွင် ချီခွန်း၏ စကားတို့မှာ တိုးတိုးရေရွတ်သံအဖြစ်သို့ လျော့ကျသွားလေသည်။ အကြောင်းမှာ နယ်လှည့်ကျင့်ကြံသူ၂၇၀၅ မှာ အမှန်တကယ်ကို အင်မတန် အံ့အားသင့်စရာ ကောင်းနေသောကြောင့် ဖြစ်သည်။

"ပဥ္စမမြောက်စစ်ဆေးမှုကို အောင်သွားပြီ။ နယ်လှည့်ကျင့်ကြံသူ၂၇၀၅ က ပဥ္စမမြောက် စစ်ဆေးမှုကို အောင်သွားပြီ"

နောက်ထပ်လူတစ်ယောက်က မနေနိုင်ဘဲ တအံ့တသြအော်ပြောလိုက်သည်။

ဤအခြေအနေတွင် တချို့လူများမှာ နှင်းစက်စိမ်းဆန် စိုက်ပျိုးနေတုန်း ဖြစ်သည်။ တချို့မှာ ပထမမြောက် စစ်ဆေးမှုထဲတွင် ပိတ်မိနေဆဲပင် ရှိသေးသည်။ တစ်ဖက်တွင် နယ်လှည့်ကျင့်ကြံသူ၂၇၀၅ သည် ပဥ္စမမြောက် စစ်ဆေးမှုကိုတောင် အောင်သွားပြီး၍ ခြောက်ခုမြောက် စစ်ဆေးမှုသို့ပင် ရောက်သွားပြီဖြစ်သည်။ ဤသည်မှာ အလွန့်အလွန် အံ့သြချီးကျူးစရာ ကောင်းနေပြီဖြစ်၏။

"ကျီဖေးယန်လည်း စတုတ္ထမြောက် စစ်ဆေးမှုကို အောင်သွားပြီ။ သူ့စုစုပေါင်းအမှတ်က (၃၂၉)…"

လောင်ယုသည် နတ်ဘုရားဘုရင် တစ်ယောက် ဖြစ်သော်လည်း မိုဝူကျို၏ ရလဒ်များအား မအံ့သြဘဲ မနေနိုင် ဖြစ်မိသည်။ ကျီဖေးယန်ကဲ့သို့ ကျင့်ကြံရာတွင်လည်း တော်ကာ တာအိုအမျိုးမျိုးတွင်လည်း ကျွမ်းကျင်သော ပါရမီရှင်မျိုးမှာ

ဇာမဏီငှက်မွေး ချီလင်ဦးချိုအလား ရှားပါးလေသည်။ ထို့အပြင် ကျီဖေးယန်၏ အောင်မြင်မှုမှာ သူ့ကိုယ်ပိုင်အရည်အချင်း သက်သက်ကြောင့်သာ မဟုတ်ဘဲ ကြယ်ဖုံးတောင်၏ ပြုစုပျိုးထောင်မှုများကြောင့်လည်း ဖြစ်သည်။

မိုးအောက်တွင် သန်းပေါင်းထောင်ချီသော တာအိုများ ရှိ၏။ ကျင့်ကြံသူတစ်ယောက်အနေနှင့် တာအိုတစ်ခုချင်းစီအား မရေတွက်နိုင်သော အချိန်နှင့်အင်အားတို့ ပေးရန်လိုအပ်သည်။ ကျင့်ကြံသူတစ်ယောက်တွင် ကျင့်ကြံဖို့ပင် အချိန်မလောက်လေရာ တခြားတာအိုများ လေ့လာသင်ကြားရာတွင် သူတို့၏ အချိန်ကို သုံးချင်သူဟူ၍ ဘယ်နှယောက်များ ရှိမည်နည်း။

"အကြီးအကဲရန်ဖေး... ခင်ဗျား သူ့ကိုရှာနေတာ မိုဝူကျိ သိလား"

သူ့ဂိုဏ်းမှ တပည့်များ၏ နာမည်တွေအား ရှာ၍ပင်မတွေ့နိုင်သည့်အဖြစ်ကို တွေးမိကာ လောင်ယုက မနေနိုင်ဘဲ ရမ်ဖေးအား စိုက်ကြည့်ပြီး မေးလိုက်သည်။

ရန်ဖေး၏ မျက်နှာမှာ သိပ်မကောင်းပေ။ သူက သက်ပြင်းကို ချလိုက်ရင်း ပြောလိုက်သည်။

“အရင်ကသာဆိုရင် ကျုပ် မိုဝူကျိကို မမြင်မိဘူးလို့ အတပ်ပြောနိုင်တယ်။ ဒါပေမဲ့ တကယ်လို့ မိုဝူကျိက ရုပ်ဖျက်ထားမယ်ဆိုရင်တော့...”

သူ့အကြည့်တို့က ချီခွန်းဆီ ရောက်သွားကာ ဘာမှထပ်မပြောတော့ချေ။

မိုဝူကျိက မိုးကောင်းကင်နတ်ဘုရားဂိုဏ်းတွင်သာ ရုပ်ဖျက်ပြီး ဤနေရာတွင် ရုပ်မဖျက်ဘူးဟု မည်သူများ တွေးမိမည်နည်း။ ထို့အပြင် မိုဝူကျိသည် မိုးကောင်းကင်နတ်ဘုရားဂိုဏ်းသို့ လာစဉ်က ကူညီရန်လာသော ညှော်သည်တစ်ယောက်အနေနှင့် ဖြစ်သည်။ ထိုစဉ်တုန်းက ရန်ဖေးသည် မိုဝူကျိအား လေ့လာရန် သူ့စိတ်စွမ်းအားကို သုံး၍ မရနိုင်ခဲ့ပေ။

ရန်ဖေးက လက်ဝဲတောင်သခင်၏ ဆိုလိုရင်းကိုလည်း နားလည်သည်။ အကယ်၍ မိုဝူကျိကို ရှာရန်အတွက်နှင့် မိုးကောင်းကင်နတ်ဘုရားဂိုဏ်းမှ သူ လာခဲ့သည်ကို မိုဝူကျိ မြင်သွားခဲ့ပါက မိုဝူကျိသည် မိုးကောင်းကင်နတ်ဘုရားဂိုဏ်းအပေါ် စိုးရိမ်မှုတချို့ ရှိနေမည်မှာ သေချာသည်။

လောင်ယုက သက်ပြင်းချလိုက်ကာ

"ဟူး... ဒီကိစ္စကို ကိုင်တွယ်တဲ့နေရာမှာ ဂိုဏ်းချုပ် မှားသွားခဲ့တယ်။ ချီခွန်း... မိုဝူကျို ပြန်ထွက်လာရင် သူနဲ့ တွေ့လို့ရအောင်လုပ်။ ပြောရမယ်ဆို မင်းနဲ့သူနဲ့ရဲ့ ပတ်သက်မှုက မဆိုးဘူးလေ"

တစ်ချိန်လုံး ငြိမ်နေသော ယွီလောက ရုတ်တရက် ထပြောလိုက်သည်။

"တောင်သခင်... အဲ့ဒီမိုဝူကျိုက လူတစ်မျိုးရယ်။ တကယ်လို့ သူ့ကို နောက်ကွယ်အကြံအစည်နဲ့ သွားရှာရင် သူ့ရဲ့မကောင်းမြင်တာကိုပဲ ခံရလိမ့်မယ်"

လောင်ယုက သက်ပြင်းချလိုက်၏။ ချီခွန်းနှင့်ယွီလောတို့က ရွှေငန်းတစ်ကောင်ကို မိုးကောင်းကင် နတ်ဘုရားဂိုဏ်းဆီ ခေါ်လာသည်။ သို့သော် သူတို့က အကောင်းကို အကောင်းမှန်းမသိဘဲ ထိုရွှေငန်းအား အဝေးသို့ ပထုတ်ပစ်ခဲ့သည်။

**သူတို့၏ မျက်စိအောက် ရှေ့နားလေးတင် ရှိနေခဲ့ဖူးသော အခွင့်အရေးတစ်ခု ... သို့သော်...**

မူလက ချီခွန်းသည် စစ်ဆေးဆုံးဖြတ်မှုတွင် သူတို့ဂိုဏ်းကို ကိုယ်စားပြုရန် မိုဝူကျိုအား ရည်ရွယ်ခဲ့သည် မဟုတ်ပါလော...

"ယွီလော… တကယ်လို့ နယ်လှည့်ကျင့်ကြံသူ၂၇၀၅က တကယ်ပဲ မိုဝူကျို ဖြစ်နေခဲ့ရင် စစ်ဆေးဆုံးဖြတ်မှု ပြီးသွားတာနဲ့ သူ့ကို သွားဆက်သွယ်ပါ။ ဘာအကြောင်းနဲ့မှ ငါတို့တွေ လက်လျှော့လို့ မဖြစ်ဘူး။ ငါ အခုပဲ ဂိုဏ်းချုပ်ဆီ ဆက်သွယ်လိုက်မယ်။ သူ့ကို နိဗ္ဗာန်တာအိုမြို့ဆီ လာဖို့ ဖိတ်ခေါ်လိုက်မယ်။

တကယ်လို့ မိုဝူကျိုက ထိပ်ဆုံး ၁၀ ယောက်ထဲ တကယ် ဝင်နိုင်ခဲ့မယ်ဆိုရင် ဒီကိစ္စက ရိုးရှင်းတော့မှာ မဟုတ်ဘူး။ တကယ်လို့ မျှော်လင့်ချက် မရှိတော့ဘူးဆိုရင်တော့လည်း ငါတို့ ဒီကိစ္စကို မေ့ထားလိုက်တာ ကောင်းမယ်။ ဒါပေမဲ့ အခုက မိုဝူကျိုနဲ့လည်း သိကျွမ်းဖူးပြီး မျှော်လင့်ချက်လည်း ရှိနေသေးတယ်ဆိုတော့ ဒီကိစ္စကို ဒီတိုင်း ပြီးမသွားနိုင်ဘူး"

ဤသည်မှာ လောင်ယုက ယွီလော၏ သဘောထားကို ဂရုမစိုက်ဘဲ ပထမဆုံးအကြိမ်အဖြစ် အမိန့်ပေး ရပ်တည်လိုက်ခြင်း ဖြစ်သည်။

……………………

ဤအချိန်၌ မိုဝူကျိုက လျို့ဝှက်ပညာရပ် စစ်ဆေးမှုဖြစ်သည့် ခြောက်ခုမြောက် စစ်ဆေးမှုသို့ ရောက်ရှိသွားလေပြီ။ တံခါးပေါက်

နှစ်ပေါက်ရှိနေသည်ကို မြင်သောအခါ သူက အံ့သြသွားသည်။ ဘယ်ဘက်တံခါးမှာ အလွန်နိမ့်ပြီး ညာဘက်တံခါးမှာကား အလွန်မြင့်လေသည်။

## အခန်း(၉၉၅) : အကြီးမားဆုံးဆုလာဘ်

ဘယ်ဘက်တံခါးပေါ်တွင် "သင့်လျို့ဝှက်ပညာရပ်ကို စမ်းသပ်ရန် ဝင်ပါ။ လျို့ဝှက်ပညာရပ် အစွမ်းထက်လေလေ အမှတ်ပိုများလေလေ" ဟူ၍ ရေးထိုးထားလေသည်။

ညာဘက်တံခါးပေါ်တွင် "လျို့ဝှက်ပညာရပ် တစ်ခုအပေါ် အသိဉာဏ်ပွင့်မှု ရယူရန် ဝင်ပါ။ အကယ်၍ လျို့ဝှက်ပညာရပ်ကို အောင်မြင်စွာ နားလည် သဘောပေါက်ခဲ့ပါက မည်သည့်အမှတ်မျှ ချီးမြှင့်လိမ့်မည် မဟုတ်ပေ။ အကယ်၍ လျို့ဝှက်ပညာရပ်ကို အောင်မြင်စွာ နားလည်သဘောမပေါက်ခဲ့ပါက သင် အပယ်ခံရမည် ဖြစ်သည်" ဟူ၍ ရေးထိုးထားလေသည်။

**လျို့ဝှက်ပညာရပ်ကို အောင်မြင်စွာ နားလည်သဘောပေါက်ခြင်းက မည်သည့် အမှတ်မျှ မရနိုင်ဘူးတဲ့လား...**

မိုဝူကျိက ဘေးပတ်ဝန်းကျင်ကို သေသေချာချာ လိုက်လံကြည့်ရှုကာ သူ မြင်မိသည်မှာ မှန်နေကြောင်း အတည်ပြုလိုက်သည်။ အမှန်ပင် လျို့ဝှက်ပညာရပ်အသစ်အပေါ် အသိဉာဏ်ပွင့်မှုအား အောင်အောင်မြင်မြင် ရရှိခဲ့သည့်အတွက် မည်သည့် အမှတ်မျှ ရလိမ့်မည်မဟုတ်ပေ။ အကယ်၍ သူ မအောင်မြင်ခဲ့ပါက ချက်ချင်း အပယ်ခံရမည် ဖြစ်သည်။

မိုဝူကျိက ခေါင်းခါလိုက်သည်။ တခြားဘာမှတွေးမနေတော့ဘဲ သူက ဘယ်ဘက်တံခါးပေါက်သို့ သွားရန် ဆုံးဖြတ်လိုက်၏။ ဤလျို့ဝှက်ပညာရပ်စစ်ဆေးမှုတွင် သူ၏ စွမ်းအားစက်ကွင်း ချေဖျက်လက်သီးဖြင့် သူက အလွယ်တကူ အောင်နိုင်မည် ဖြစ်သည်။ သို့သော်လည်း တံခါးပေါက်ဝ အရှေ့သို့ ရောက်သွားသည့်အခိုက် သူက တစ်ခုခု လွဲနေသည်ဟု ရုတ်တရက်ကြီး ခံစားမိလိုက်သည်။

အကယ်၍ ဤအတိုင်းသာဆိုပါက ညာဘက်တံခါး၏ အဓိပ္ပာယ်မှာ မည်သည်ကို ဆိုလိုနေသနည်း။ ထိုတံခါးကို မည်သူမျှ ရွေးချယ်လိမ့်မည် မဟုတ်ဘဲဖြစ်နေမည် မဟုတ်ပါလော။ မိုဝူကျိက သွားလက်စကို ရပ်ကာ ညာဘက်တံခါးဆီသို့ လျှောက်သွားလိုက်သည်။ သူက ကုန်း၍

တခြားသတင်းအချက်အလက်များ ရှိနေဦးမည်လားကို စစ်ဆေးကြည့်လိုက်သည်။

အမှန်ပင် သူ ကုန်းလိုက်သည့်အချိန်၌ မိုဝူကျိုက စာလုံးသေးလေးများဖြင့် ရေးသားထားသော စာကြောင်းတစ်ကြောင်းကို မြင်လိုက်ရသည်။ ဤစာကြောင်းပေါ်တွင် မည်သည့်စည်းမှ ရှိမနေချေ။ ထို့ကြောင့်သာ စာကြောင်းကို သူ့စိတ်စွမ်းအားက လွယ်လင့်တကူ ဘေးမှ ဖြတ်မိသွားခြင်း ဖြစ်သည်။ အကယ်၍ မိုဝူကျိုကသာ အနီးကပ် သွားမကြည့်ခဲ့ပါက သေချာပေါက် သတိပြုမိမည် မဟုတ်ပေ။

ထိုနေရာတွင် စကားလုံး ၁၂ လုံးသာ ရှိသည်။

**“လျို့ဝှက်ပညာရပ်ပေါင်း သန်းထောင်ချီအနက် “အချိန်လမ်းကြောင်း” သည် နံပါတ်တစ်ပညာရပ်တည်း”** ဟူ၍ ဖြစ်သည်။

**ဒါက အချိန်စည်းမျဉ်း လျို့ဝှက်ပညာရပ်လား…**

မိုဝူကျိုက ရုတ်တရက် ထရပ်လိုက်သည်။ သူက စိတ်လှုပ်ရှားသွားကာ သူ့ရင်ခုန်သံမှာလည်း တဒိန်းဒိန်းနှင့် စတင်ကျယ်လောင်လာသည်။

လျို့ဝှက်ပညာရပ်ပေါင်း သန်းထောင်ချီအနက် အချိန်လမ်းကြောင်းသည် နံပါတ်တစ်ပညာရပ် တကယ် ဟုတ်၊ မဟုတ်ကို သူ မသိပေ။ သို့သော် အချိန်လမ်းကြောင်းသည် အချိန်စည်းမျဉ်းမှ ပေါက်ဖွားခဲ့သော လျို့ဝှက်ပညာရပ် ဖြစ်သည်ကိုကား သူ သေချာသည်။

အကယ်၍ ဤအချိန်စည်းမျဉ်း လျို့ဝှက်ပညာရပ်သည် နံပါတ်တစ် မဟုတ်ခဲ့လျှင်တောင်မှ ၎င်းမှာ သေချာပေါက် လောကထိပ်ခေါင်တွေထဲတွင် ရှိနေလိမ့်မည် ဖြစ်သည်။

အချိန်စည်းမျဉ်း လျို့ဝှက်ပညာရပ်တစ်ခုကို ဖတ်ရှုခွင့်ရသည်မှာ မည်သည်ကို ဆိုလိုနေမှန်း မိုဝူကျိုက ကောင်းကောင်းသိသည်။ သူ့ အာကာပြင် အကျဉ်းချခြင်းမှာ အချိန်စည်းမျဉ်း လျို့ဝှက်ပညာရပ်ဟု ထင်ရသော်လည်း အာကာပြင်စည်းမျဉ်း လျို့ဝှက်ပညာရပ်မှန်း မိုဝူကျိုက သိသည်။ ထို့အပြင် ၎င်းမှာ အာကာပြင် စည်းမျဉ်း၏ ဆံခြည်မျှင်တစ်မျှင်စာမျှသာ ရှိ၏။

အကယ်၍ သူ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲ မဝင်နိုင်မည့်အဖြစ်သို့ ရောက်ရမည်ဆိုလျှင်ပင် အချိန်စည်းမျဉ်း လျို့ဝှက်ပညာရပ်တစ်ခုအပေါ် အသိဉာဏ်ပွင့်မှုရရှိမည့် ဤအခွင့်အရေးကို မိုဝူကျိုက လုံးဝ လက်လွှတ်ခံမည် မဟုတ်ပေ။

မိုဝူကျိသည် တွေဝေမနေဘဲ ညာဘက်တံခါးပေါက်ထဲသို့ ချက်ချင်း ဝင်သွားလိုက်၏။ သူ့အတွက် အမှတ်များက အရေးမကြီးပေ။ လက်ရှိသူ့အတွက် အရေးအကြီးဆုံးအရာမှာ အချိန်စည်းမျဉ်းများနှင့် ထိတွေ့နိုင်ရန်ဖြစ်ပြီး သူ့ကိုယ်ပိုင်အချိန်စည်းမျဉ်း လျို့ဝှက်ပညာရပ်ကို ပိုင်ဆိုင်နိုင်ရန် ဖြစ်သည်။

တံခါးထဲသို့ ဝင်လိုက်သည့်အခိုက် မိုဝူကျိသည် သူ့တစ်ကိုယ်လုံး ပျောက်ကွယ်သွားသကဲ့သို့ ခံစားလိုက်ရသည်။ ဤသည်က သူ့အား သူ့စိတ်က တံခါးထဲသို့ ဝင်လာပြီး သူ့ကိုယ်က အပြင်ဘက်တွင် ကျန်နေခဲ့သည့် ခံစားချက်မျိုး ပေးလေသည်။

အသက်ရှူကိုက်စာအနည်းငယ် ကြာပြီးမှ မိုဝူကျိသည် အချိန်စည်းမျဉ်းဖြင့် ပြုလုပ်ထားသော ဤလမ်းကြောင်းထဲတွင် အမှန်တကယ် မတ်တပ်ရပ်နေသည်ဟု ခံစားလိုက်ရသည်။

ဤအခိုက်အတန့်၌ အချိန်စီးကြောင်းသည် ထိတွေ့စမ်းသပ်၍ ရနိုင်ပုံပေါ်ကာ သူ့လက်နှစ်ဖက်ဖြင့် ဖမ်းဆုပ်၍ ရနိုင်လေသည်။ အချိန်စီးနေသည်မှာ ရေစီးဆင်းသည့်ပုံစံနှင့် တူသည်။

**ထိုအချိန်စီးကြောင်းတို့သည် သူ့ခန္ဓာကိုယ်ကို အသာပွတ်တိုက်သွားပြီး နှစ်ကာလများစွာကို ယူဆောင်သွားသည်... အရာခပ်သိမ်းကို ယူဆောင်သွားသည်....**

သူ လှမ်းလိုက်သည့် ခြေလှမ်းတိုင်းက သူ့အား မရေတွက်နိုင်သော ခေတ်ကာလများကို ဖြတ်သန်းနေသကဲ့သို့ ခံစားရစေသည်။

မိုဝူကျို၏ ကိုယ်မှာ ဝိဥာဉ်တစ်ပိုင်း ကိုယ်ထည်အဆင့်သို့ ရောက်နေပြီဖြစ်သော်လည်း အဆက်မပြတ် အချိန်တိုက်စားမှုအောက်တွင် တဖြည်းဖြည်း ယိုယွင်းပျက်စီးလာဆဲ ဖြစ်သည်။ သူ့ဆံပင်များသည် တဖြည်းဖြည်း မီးခိုးရောင် ပြောင်းလာသည်။ သူ့အတွေးတို့သည် တဖြည်းဖြည်း အိုဟောင်းလာသည်။ သူ့အဝတ်အစားတို့သည် တဖြည်းဖြည်း အမှုန့်များအဖြစ်သို့ ပြောင်းလဲကုန်သည်...

မိုဝူကျိုက ထိုင်ချလိုက်သည်။ ဤသည်မှာ ပုံရိပ်ယောင်တစ်ခု မဟုတ်သည်မှာ လုံးဝသေချာသည်။ အကယ်၍ သူသာ ရှေ့သို့ ဆက်သွားမည်ဆိုပါက သူသည် ပုပ်သိုးဆွေးမြေ့လာပြီး အစိတ်စိတ်အမွှာမွှာဖြစ်ကာ ပျောက်ကွယ်သွားပေလိမ့်မည်။

သူက မျက်လုံးများကို ဖြည်းဖြည်းချင်း ပိတ်လိုက်ပြီး အချိန်စီးကြောင်းအား သူ့ကိုယ်တစ်လျှောက် ပွတ်တိုက်

စီးဆင်းစေလိုက်သည်။ သူ့ချီသွေးကြောအားလုံးသည် သူ့တာအိုဖွင့်လမ်းကြောင်း ဝန်းကျင်တွင် ပြောင်းပြန်လှည့်ပတ်ခြင်းသို့ ပြောင်းလဲသွားကာ တာအိုဖွင့်လှည့်ပတ်ခြင်းတစ်ခု ဖြစ်တည်လာသည်။ သူက အချိန်၏ မူလအရင်းအမြစ်ကို ရှာနေခြင်း ဖြစ်သည်။

အကယ်၍ သူသာ အချိန်လမ်းကြောင်းကို သဘောမပေါက်နိုင်ကာ အချိန်စည်းမျဉ်းကို နားမလည်နိုင်ခဲ့ပါက ဤနေရာတွင် အသက်ကြီးပြီး တကယ်သေသွားလိမ့်မည် ဖြစ်ကြောင်း မိုဝူကျိက ယုံကြည်သည်။

တာအိုအသိဉာဏ်ပွင့်မှုများ၏ တစ်မျှင်ချင်းစီတိုင်းကို မိုဝူကျိ၏ တာအိုဖွင့်လမ်းကြောင်းက ဖမ်းဆုပ်လိုက်သည်။ သူက အဆက်မပြတ် လက်ဟန် မှော်သင်္ကေတများကို ပုံဖော်နေသည်။ တစ်ခေါက်သားတွင် သူက အသက်တစ်ရှိုက်စာအတွင်း မှော်လက်သင်္ကေတ တစ်ထောင်ကျော်ကို ပုံဖော်လိုက်သည်။

မိုဝူကျိက အပြန်ပြန်အလှန်လှန် စဉ်းစားနေခြင်းတွင် နစ်မျောနေစဉ် အချိန်ကာလတို့က ဆက်လက်ကုန်လွန်နေလေသည်။ သူ့အရေပြားမှာ

အရေးအကြောင်းများပေါ်ကာ ရှုံ့တွလာပြီး သူ့ဆံပင်မှာ အရင်းမှစ၍ ဖြူလိုက်လာလေသည်....

မိုဝူကျိ၏ ပျိုရွယ်သော ကိုယ်ခန္ဓာက အိုမင်းရင့်ရော်လာသည်နှင့်အမျှ ပုပ်သိုးမှု အငွေ့အသက်တစ်ခုက သူ့ကိုယ်မှ စိမ့်ထွက်လာလေသည်။ သူ့လက်ဟန် မော်သကော်တများသည် မြန်ရာမှ နှေးလာသည်။ အစောပိုင်း၌ သူက အသက်တစ်ရှိုက်စာအတွင်း မော်သကော်တ တစ်ထောင်ကျော်ကို ပုံဖော်နိုင်သည်။ ထို့နောက် ဆယ်ကျော်... ထို့နောက် အသက်တစ်ရှိုက်စာလျှင် မော်လက်သကော်တ တစ်ခု အဖြစ် ပြောင်းလာသည်။ ထို့နောက် တဖြည်းဖြည်းနှင့် မော်သကော်တတစ်ခု ပုံဖော်ရန် နာရီအနည်းငယ်၊ ထိုမှ တစ်ရက်၊ ထိုမှ တစ်လ... စသည်ဖြင့် လိုအပ်လာလေသည်။

.......................

"ကြယ်ဖုံးတောင်က ကျီဖေးယန်ရဲ့ (၄၇၉)မှတ်က အဆင့်(၁)နေရာ ရောက်သွားပြီ။ ခြောက်ခုမြောက် စစ်ဆေးမှုကို အောင်သွားပြီနေမှာ။ အဲ့ဒီနယ်လှည့်ကျင့်ကြံသူ၂၇၀၅ ရဲ့အမှတ်က ဘာဖြစ်လို့ တိုးမလာသေးတာလဲ"

“အောင်းမျိုးနွယ်က အောင်းရှုံရဲ့ (၄၅၄)မှတ်က အဆင့်(၂)နေရာ ရောက်သွားပြီ။ နယ်လှည့်ကျင့်ကြံသူ၂၇၀၅ က အဆင့်(၃)နေရာ ကျသွားပြီ... အခု အဆင့်(၄)နေရာမှာ...”

နိဗ္ဗာနတာအိုမြို့ ရင်ပြင်ပေါ်တွင် အံ့အားသင့်သံများ၊ သနားနေသံများနှင့် ဝမ်းသာနေသံများ ကြားနေရသည်။ အားလုံးမှာ နယ်လှည့်ကျင့်ကြံသူ၂၇၀၅၏ အထိန်းအကွပ်မရှိ ထိုးဆင်းလာမှုကြောင့် ဖြစ်သည်။ ပထမပိုင်းစစ်ဆေးမှု ၅ ခုတွင် သူသည် ပထမဆုံး ပြီးမြောက်အောင်မြင်သူ ဖြစ်ရုံသာမက သူ့အမှတ်များမှာလည်း ထိပ်ဆုံးတွင် ရှိနေသည်။ ယခုမူကား လူများစွာက ခြောက်ခုမြောက်စစ်ဆေးမှုကို အောင်သွားချိန်တွင် နယ်လှည့်ကျင့်ကြံသူ၂၇၀၅ ဆီမှာ ဘာသတင်းမှ မကြားရသေးချေ။

“သူ့ခြောက်ခုမြောက်စစ်ဆေးမှုကို ကျသွားပြီး အပြင်ပြန်အထုတ်ခံလိုက်ရပြီလား မသိဘူးနော်”

တစ်ယောက်က မေးလိုက်သည်။

“ကျတဲ့လူတွေရဲ့ နာမည်က ပျောက်သွားရမှာ။ ဒါပေမဲ့ သူ့နာမည်က ပိတ်ကားပေါ်မှာ ရှိနေတုန်းပဲ။ ဒါက သူ

ခြောက်ခုမြောက်စစ်ဆေးမှုကို မအောင်သေးဘူးလို့ပဲ ဆိုလိုနေတယ်”

“အဲ့လိုလည်း ပြောမရဘူးရယ်။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်က ဒီစစ်ဆေးမှုအတွက် စည်းကမ်းချက်တွေ ပြောင်းထားတယ်။ ဖြစ်နိုင်တာက စစ်ဆေးမှုတစ်ခုလုံး ပြီးသွားမှ ကျတဲ့လူတွေရဲ့နာမည်တွေကို ဖယ်ပစ်မယ်နဲ့ တူတယ်နော်”

မိုးကောင်းကင် နတ်ဘုရားဂိုဏ်း၏ တောင်သခင် လောင်ယုက မိုဝူကျိ၏ အမှတ်မှာ အခုထိ တိုးမလာသေးသည်ကို မြင်သောအခါ သူက သက်ပြင်းချပြီး ပြောလိုက်သည်။

“ချီခွန်း… အဲ့ဒီနယ်လှည့်ကျင့်ကြံသူ၂၇၀၅က လျို့ဝှက်ပညာရပ် စစ်ဆေးမှုကို မအောင်နိုင်လိုက်ဘူး။ သူ့ကျင့်ကြံဆင့်က နိမ့်နေလို့များလား”

ချီခွန်းက တစ်ခဏမျှ တွေဝေနေပြီးမှ ပြောလိုက်သည်။

“ဒါပေမဲ့ မျက်မြင်တွေရဲ့အပြောအရ နယ်လှည့်ကျင့်ကြံသူ၂၇၀၅ မှာ အစွမ်းထက်တဲ့ လျို့ဝှက်ပညာရပ်ရှိပြီးတော့ ဘယ်သူမှ မခုခံနိုင်ဘူးတဲ့။ တကယ်လို့ သူ့လျို့ဝှက်ပညာရပ်ကို ခုခံနိုင်မယ်ဆို နယ်လှည့်ကျင့်ကြံသူ၂၇၀၅ က လက်ရှိ သူ့နေရာလွတ်ကိုတောင်

ရရှိနိုင်မှာ မဟုတ်ဘူး။ သဘောတရားအရ အဲ့ဒီလျို့ဝှက်ပညာရပ်နဲ့ အမှတ်တွေ ရရမှာလေ။ အော် ဒါနဲ့လေ…”

ချီခွန်းက ပြောနေရင်းမှ ပုံတူတစ်ခု ရေးဆွဲလိုက်သည်။

“အကြီးအကဲရန်ဖေး… ဒီလူကို ဆေးလုံးတာအိုဂုဏ်ထူးဆောင်မျှော်စင်မှာ တွေ့မိလား”

ပုံတူကို မြင်လိုက်သည်နှင့် ရမ်ဖေးက သက်ပြင်းချကာ ပြောလိုက်သည်။

“ကျုပ် မြင်ခဲ့တယ်။ ဒါပေမဲ့ သူ့အရှိန်အဝါက ကွဲပြားရုံတင် မကဘူး… သူ့မှာ ကောင်းတဲ့ ဝိညာဉ်ကြောတွေတောင် ရှိတယ်။ သူ့ပုံစံကြည့်ရတာ မီးခါတ်အမျိုးအစား ကျင့်ကြံသူတစ်ယောက်နဲ့ တူတယ်”

ချီခွန်းက ပုံတူကို အသာ ဖွဲ့ဖျက်လိုက်သည်။ ဆက်လက်စကားပြောဆိုဖို့ မည်သူမျှ စိတ်မဝင်စားတော့ပေ။ ထိုအချိန်တိုလေးအတွင်း နယ်လှည့်ကျင့်ကြံသူ၂၇၀၅၏ နာမည်မှာ အဆင့်(၇)နေရာသို့ ကျဆင်းသွားလေပြီ။

လူ့အုပ်အတွင်းမှ လော့ယွီက အေးစက်စွာ နှာခေါင်းရှုံ့လိုက်သည်။ သူ့ပုံရိပ်မှာ ဖျက်ခနဲ လက်သွားပြီးနောက် သူက နိဗ္ဗာန်နတာအိုမြို့မှ ထွက်သွားလေသည်။ သူ့အမြင်အရ

မိုဂူကျိုသည် ခြောက်ခုမြောက် စစ်ဆေးမှုတွင် ကျသွားလောက်မည် ဖြစ်သည်။ မိုဂူကျို မသေသေးသရွေ့ အပြင်ဘက်သို့ ပြန်အထုတ်ခံရမည် ဖြစ်သည်။ သူ လော့ယွီက ထိုပုရွက်ဆိတ်အား နတ်ဘုရားဘုရင် တစ်ယောက်သည် သူ အပြစ်ပြုချင်တိုင်း ပြုခွင့်မရှိသော တည်ရှိမှုမျိုးဖြစ်ကြောင်း သိစေရမည်။

……………………..

မိုဂူကျို နောက်ဆုံးသော မှော်သင်္ကေတ တစ်ခုကို ပုံဖော်လိုက်သည့်အချိန်တွင် သူ့တာအိုဖွင့်လမ်းကြောင်းမှာ ရုတ်တရက် ကြည်လင်ပြတ်သားမှုတို့ဖြင့် ပြည့်လျှံ ပေါက်ကွဲသွားသည်။ မိုဂူကျိုက ချက်ချင်း မျက်လုံးဖွင့်ကြည့်လိုက်ပြီး မတ်တပ်ရပ်လိုက်ကာ လက်ဖြင့် စက်ဝန်းပိုင်းတစ်ခုကို အသာလေး ရေးဆွဲလိုက်သည်။

အချိန်တွေ နှေးသွားသယောင် အာကာပြင်ကြီး ပိုမိုကြည်လင်လာသယောင် ခံစားလိုက်ရသည်။

“ဘယ်လိုတောင် အစွမ်းထက် အားကောင်းလိုက်တဲ့ လျို့ဝှက်ပညာရပ်လဲ…”

မိုဝူကျိုက စိတ်ငြိမ်ငြိမ် ထားလိုက်သည်။ နောက်ဆုံးတွင်တော့ သူ အချိန်စည်းမျဉ်း၏ အစွန်းအစလေး၌ ရောက်ရှိသွားလေသည်။ အချိန်ကို ရပ်တန့်သည်အထိ မစွမ်းဆောင်နိုင်သေးသော်လည်း သူ့စွမ်းအားစက်ကွင်းအတွင်းရှိ အချိန်ကိုမူ နှေးသွားအောင် လုပ်နိုင်လေသည်။

မိုဝူကျိုသည် ရှေ့တစ်လှမ်း တိုးလိုက်ပြီး နောက်ထပ် မော်သကော်တတစ်ခုကို ဖြည်းဖြည်းချင်း ပုံဖော်လိုက်ပြန်သည်။ သူ့စွမ်းအားစက်ကွင်းအတွင်းရှိ အချိန်မှာ နှေးကွေးလေးကန်လာပုံ ပေါ်သည်။ ဤအခိုက်အတန့်၌ မိုဝူကျို၏ ပုပ်သိုးနေသော ကိုယ်ခန္ဓာသည် အသက်ဓာတ်တချို့ ပြန်ရလာပုံ ပေါ်သည်။

**နောက်ထပ် ခြေတစ်လှမ်း ထပ်တိုးလိုက်ရင်း မိုဝူကျိုက နောက်ထပ် မော်သကော်တတစ်ခု ထပ်ပုံဖော်လိုက်သည်...**

မိုဝူကျို၏ ဆံပင်ဖြူများသည် အဖြူမှ မီးခိုးဖြူ၊ မီးခိုးဖြူမှ မီးခိုး၊ ထို့နောက် အနက်သို့ တဖြည်းဖြည်း ပြောင်းလာလေသည်။

မိုဝူကျို၏ ပုပ်သိုးနေသော ကိုယ်ခန္ဓာသည်လည်း မိုဝူကျိုက ရှေ့သို့ ဆက်လက် လှမ်းချီသည်နှင့်အမျှ အဆက်မပြတ် ပြန်လည်ကောင်းမွန်လာလေသည်။

သူ့မော်တယ်တာအိုကို နားလည်သွားသည့် အချက်မှလွဲ၍ နတ်ဘုရားကုန်းမြေသို့ လာခြင်းမှ ရရှိလိုက်သည့် အကြီးမားဆုံးဆုလာဘ်မှာ အဆင့် ၅ နတ်ဆေးလုံးဘုရင် ဖြစ်လာခြင်းလည်း မဟုတ်သလို နှင်းစက်စိမ်းဆန် စိုက်ပျိုးနည်းကို လေ့လာသိရှိနိုင်လိုက်ခြင်းလည်း မဟုတ်ပေ။ ထိုအစား အချိန်စည်းမျဉ်းနှင့် ထိတွေ့နိုင်လိုက်ခြင်းသည်သာ အကြီးမားဆုံး ဆုလာဘ်ကြီး ဖြစ်၏။

သူ့ကိုယ်ပိုင် အချိန်စည်းမျဉ်း လျို့ဝှက်ပညာရပ်ကို အပြည့်အဝ ပုံမဖော်ရသေးသော်လည်း အကယ်၍ သူ့အချိန်စည်းမျဉ်းကို သူ၏နေဝင်တိုက်ကွက်ထဲသို့ ထည့်သွင်းလိုက်ပါက နေဝင်တိုက်ကွက်သည် သတ္တကမ္ဘာလက်ချောင်းနှင့် သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းတို့ထက် မနိမ့်ကျသော လျို့ဝှက်ပညာရပ်တစ်ခု သေချာပေါက် ဖြစ်လာလိမ့်မည်ဟု မိုဝူကျိက အလွန်ကို ရှင်းရှင်းလင်းလင်း သိသည်။

ကျောက်စာတိုင်ပေါ်တွင် သူ့နာမည်ကို ရေးထွင်းလိုက်ပြီးနောက် မိုဝူကျိသည် ဝဲဂယက်တံခါးဆီသို့ လျှောက်သွားလိုက်သည်။ သူက ခြောက်ခုမြောက်စစ်ဆေးမှုကို အောင်မြင်ခဲ့လေပြီ။ အမှတ်တစ်မှတ်မျှ မရသော်လည်း မိုဝူကျိသည်

ခြောက်ခုမြောက်စစ်ဆေးမှုက သူ့အတွက် အကျိုးအရှိဆုံး တစ်ခုဖြစ်သည်ဟု ယုံကြည်၏။

.....................

ဝဲဂယက်အစီအရင်တံခါးမှ ထွက်လာလိုက်သည်နှင့် ကြီးမားသော လမ်းကြောင်းတစ်ခုက မိုဝူကျိ အရှေ့၌ ပေါ်လာလေသည်။ လမ်းကြောင်း၏ အပေါ်ထိပ်ဆုံးတွင် "တိုက်ခိုက်ရေးလမ်းကြောင်း" ဟု ရေးထိုးထားသည်။

ထိုစကားလုံးများအပြင် တခြားမည်သည့် မိတ်ဆက်မှုမျိုးမှ မရှိပေ။

အချိန်စည်းမျဉ်းကို နားလည်သဘောပေါက်ရာတွင် အချိန်အများကြီး သုံးပစ်ခဲ့မိမှန်း မိုဝူကျိက ရှင်းရှင်းလင်းလင်း သိသည်။ သို့ဖြစ်၍ တိုက်ခိုက်ရေးလမ်းကြောင်းသို့ ရောက်ရောက်ချင်းပင် သူက တွေဝေမနေဘဲ အထဲသို့ ဝင်သွားလိုက်သည်။

ဆယ်လှမ်းပင် မလှမ်းရသေးခင် လူပုံရိပ်တစ်ခုက သူ့ဆီ ခုန်အုပ်လာသည်။ တစ်ချိန်တည်းမှာပင် ကြီးမားသော ဓားအလင်းတန်းက အရှိန်ဖြင့် ကျရောက်လာသည်။

**ဒါက အရုပ်တစ်ရုပ်လား...**

ထိုအပြင် ကျင့်ကြံဆင့်မှာ ကနဦးနတ်ဘုရား အဆင့် ၈ တွင်သာ ရှိလေသည်။ မိုဝူကျိုက လက်သီးတစ်လုံး အသာ ပစ်ခွင်းလိုက်သည်။ သူ၏စွမ်းအားစက်ကွင်း ချေဖျက်လက်သီးချက်သည် ထိုအရုပ်အား အရည်အဖြစ် ပြောင်းပစ်လိုက်၏။

အစပိုင်းတွင် ဤခုနှစ်ခုမြောက် စစ်ဆေးမှုသည် တခြားကျင့်ကြံသူများနှင့် တိုက်ခိုက်ရခြင်း ဖြစ်လိမ့်မည်ဟု မိုဝူကျိုက ထင်ခဲ့သည်။ အရုပ်များနှင့် တိုက်ခိုက်ရမည်ဟု မတွေးမိခဲ့ပေ။ သူ့အတွက်မူ ဤသည်က ပို၍ လွယ်ကူသွားစေသည်။ ပြောရမည်ဆိုလျှင် သူတို့၏ တပည့်များအား မတော်တဆ သတ်မိသွားသဖြင့် ကျရောက်လာမည့် ဂိုဏ်းကြီးများ၏ အမျက်ဒေါသကို မိုဝူကျိုက မခံလိုပေ။ ဤစစ်ဆေးဆုံးဖြတ်မှုထဲတွင် ပါဝင်ယှဉ်ပြိုင်သူများအနက် အနည်းငယ်ကသာလျှင် သူ့လို လေလွင့်ကျင့်ကြံသူများ ဖြစ်သည်။

မိုဝူကျိုက ကနဦးနတ်ဘုရား အဆင့် ၈ အရုပ်ကို လက်သီးတစ်လုံးတည်းဖြင့် သုတ်သင်လိုက်သည်။ နောက်ထပ် မီတာအနည်းငယ် လမ်းလျှောက်လိုက်ပြီးသည့်နောက် နောက်ထပ် အရုပ်တစ်ခုက ပြေးထွက်လာပြန်သည်။

ဤအရပ်တွင် သူ့စွမ်းအားစက်ကွင်းနှင့် တူသော ဝဲကတော့စွမ်းအားစက်ကွင်း ရှိကာ မီးခတ်အမျိုးအစား လျို့ဝှက်ပညာရပ်သည်လည်း သူ့ စွမ်းအားစက်ကွင်းချေဖျက် လက်သီးနှင့် တူနေလေသည်။

မိုဝူကျိုက မရှောင်တိမ်းဘဲ လက်သီးတစ်လုံးကိုသာ ပစ်ခွင်းလိုက်၏။ သူ့လက်သီးနှင့် အရပ်၏ လက်သီးတို့ ထိပ်တိုက်ထိတွေ့သွားသည်။ "ဝုန်း" ခနဲဖြင့် ထိုအရပ်သည် အမှုန့်များအဖြစ် ပြောင်းသွားသည်။

သူက အချိန်စည်းမျဉ်းနှင့်ပင် ထိတွေ့နိုင်ခဲ့ပြီ ဖြစ်သည်။ ဤအခိုက်အတန့်၌ မိုဝူကျိုသည် အနှောင့်အယှက်ကင်းသော လွတ်လပ်ပေါ့ပါးသည့် ခံစားချက်မျိုး ခံစားမိလိုက်သည်။

အပြင်ဘက်တွင်ကား စစ်ဆေးဆုံးဖြတ်မှုကြီးက ပြီးတော့မည့်ဆဲဆဲ အချိန်စက္ကန့်များကို ရေတွက်နေသည့်အခိုက်သို့ ရောက်နေလေပြီ။ ချီခွန်းကောယွီလောပါ စိုးရိမ်ကြောင့်ကြနေကြသည်။ မိုဝူကျို၏ နာမည်သည် ကျသွားပြီးကတည်းက တစ်ခါမှ ပြန်မတက်လာတော့ချေ။ ဤအချိန်တွင် မိုဝူကျို အပယ်မခံရသေးဖို့သာ သူတို့က မျှော်လင့်နိုင်လေသည်။ မိုဝူကျိုသာ အပယ်မခံရသရွေ့ သူသည်

ထိပ်ဆုံး ၁၀ ယောက်ထဲ မပါနိုင်ခဲ့လျှင်တောင်မှ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲသို့ ဝင်နိုင်လိမ့်မည်ဖြစ်သည်။ သို့သော် ထိုသို့ ဖြစ်နိုင်ချေအခွင့်အရေးမှာ အရမ်းကို နည်းပါးကြောင်းလည်း သူတို့ သိသည်။

## အခန်း(၉၉၆) : စစ်ဆေးဆုံးဖြတ်မှုကြီး ပြီးဆုံးပြီ

နောက်ထပ် ပေါ်လာမည့်အရုပ်မှာ ကောင်းကင်နတ်ဘုရား အဆင့် ၁ ကျင့်ကြံဆင့်ရှိလိမ့်မည်ဟု မိုဝူကျိုက တွေးနေစဉ်အခိုက် ကျောက်စာတိုင် နှစ်တိုင်ရှေ့သို့ ရောက်ရှိသွားသည်။ အဖြူရောင် ကျောက်စာတိုင်နှင့် အနီရောင် ကျောက်စာတိုင်တို့ ဖြစ်သည်။

ကျောက်စိမ်းဖြူ ကျောက်စာတိုင်အကြောင်းကို မိုဝူကျိုသိသည်။ အကယ်၍ သူ့နာမည်ချရေးလိုက်ပါက သူ စစ်ဆေးမှုကို အောင်မြင်သွားမည် ဖြစ်သည်။ မိုဝူကျိုက တွေးလိုက်သည်။

“ဒီစစ်ဆေးဆုံးဖြတ်မှုက လွယ်လွန်းမနေဘူးလား”

သို့သော် အနီရောင်ကျောက်စာတိုင် အထက်မှ မိတ်ဆက်အညွှန်းကို မြင်ပြီးနောက် သူက နားလည်သွားသည်။

ထိုတွင် ဤကဲ့သို့ ရေးထိုးထားသည်။

"စစ်ဆေးဆုံးဖြတ်မှုကို ဆက်လက်လုပ်လိုပါက အနီရောင်ကျောက်စာတိုင်ကို ဖိပါ။ နောက်ထပ် တိုက်ခိုက်ပွဲတွင် ကောင်းကင် နတ်ဘုရားအဆင့် ၁ နှင့် ရင်ဆိုင်ရမည် ဖြစ်သည်။ အနိုင်မရခဲ့ပါက အပယ်ခံရမည်။ ဆက်လက်တိုက်ရန် မရွေးချယ်လိုသူများသည် အဖြူရောင် ကျောက်စာတိုင်ပေါ်တွင် သင့်နာမည်အား ရေးထွင်းကာ စစ်ဆေးဆုံးဖြတ်မှုကို အောင်မြင်နိုင်၏"

မိုဝူကျိုက နားလည်သွားသည်။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ စစ်ဆေးဆုံးဖြတ်မှုမှာ လူများများကို စစ်ဆေးမှုအောင်မြင်ခြင်းမှ တားဆီးရန် မဟုတ်ပေ။ ထိုအစား ဘက်စုံပို၍ ထူးချွန်သောလူများကို ရွေးချယ်ရန် ဖြစ်သည်။ သို့သော် သူ ယခု ထွက်သွားဖို့ ရွေးချယ်လိုက်ပါက သူ့စုစုပေါင်းရမှတ်မှာ သိပ်များမည် မဟုတ်ကြောင်းလည်း သိသာလေသည်။

အကယ်၍ သူ ဆက်လက် တိုက်ခိုက်ဦးမယ်ဆိုပါက သူ့အမှတ်များမှာ ဖြည်းဖြည်းချင်း ဟိုးအမြင့်ကြီးထိ ရောက်သွားပေလိမ့်မည်။ သိသာလှစွာပင် နိဗ္ဗာန်အသိပညာရပ်

ကျောင်းတော်သည် ဘက်စုံထူးချွန်သူကို ရွေးချယ်ချင်သော်လည်း တိုက်ခိုက်စွမ်းရည်မှာ အဓိက ကျနေသေးကြောင်း မြင်နိုင်လေ၏။ အကယ်၍ တိုက်ခိုက်စွမ်းရည်သာ ရှိပါက ရှေ့ပိုင်း စစ်ဆေးမှုများတွင် အမှတ်များများ မရထားလျှင်ပင် တိုက်ခိုက်ခြင်းဖြင့် အမှတ်များ ပြန်ယူနိုင်လေသည်။

မိုဝူကျိုက တစ်ခဏမျှ တွေဝေသွားသည်။ ရှေ့ပိုင်းတွင် သူ ရထားသော အမှတ်များအရ ဤစစ်ဆေးမှု၌ အမှတ်တစ်မှတ်ပင် မရလျှင်တောင်မှ သူ့အတွက် ထိပ်ဆုံး အယောက် ၅၀၀ ထဲဝင်ဖို့ရာ ဖြစ်နိုင်ချေ ရှိသေးသည်။ ဆိုလိုသည်မှာ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲသို့ သူ သေချာပေါက် ဝင်ခွင့်ရမည် ဖြစ်သည်။

အကယ်၍ သူ အမှတ်များ ဆက်ယူချင်ပါက အနီရောင် ကျောက်စာတိုင်ကို ဖိလိုက်ပြီး ဆက်တိုက်ခိုက်နိုင်လေ၏။ သူ့တိုက်ခိုက်စွမ်းရည်ဖြင့် ထိပ်ဆုံး ၁၀ ယောက်... မဟုတ်သေးပေ... ထိပ်ဆုံး ၃ ယောက်ထဲဝင်ဖို့ရာမှာ မဖြစ်နိုင်သည့်ကိစ္စ မဟုတ်ပေ။

**သို့သော် သူ ဆက်တိုက်ဖို့ ဆက်အမှတ်ယူဖို့ လိုအပ်သေးသလား...**

ထိပ်ဆုံး ၁၀ ယောက်အတွက် ဆုလာဘ်မှာ နတ်ဘုရားဝိညာဉ်စွမ်းအား နယ်မြေထဲတွင် တစ်နှစ်နေခွင့်

ဖြစ်သည်။ သူ ဤနေရာသို့ လာခဲ့သည်မှာ နတ်ဘုရားဝိညာဉ်စွမ်းအား နယ်မြေကြောင့် မဟုတ်ဘဲ သေမျိုးနယ်မြေကြောင့် ဖြစ်သည်။ နတ်ဘုရားဘုရင်များအား သဟဇာတ နတ်ဘုရားအဆင့်အပေါ် ချင့်ချိန်တွေးဆနိုင်အောင် ခွင့်ပြုပေးနိုင်သော နိဗ္ဗာန်မြစ်အတွက်မူကား ထိုအရာမှာ သူနှင့် မည်သို့မျှ သက်ဆိုင်နေသနည်း။ ချီပင်းမှာ နတ်ဘုရားဘုရင်အဆင့် ၁ တွင်သာ ရှိသေးကာ သူမ၏ ကျင့်ကြံဆင့်ကိုပင် အခြေတည်အောင် မလုပ်ရသေးပေ။ သို့ဖြစ်ရာ နတ်ဘုရားဘုရင်အဆင့်ထက်မှ အဆင့်အတွက် ရှာဖွေရန် မလိုအပ်သေးပေ။

နတ်တာအိုသစ်သီးအတွက်မူကား ထိုအရာအား ရခဲ့လျှင်ပင် သူ့လက်စွပ်ထဲ သိမ်းလျှင်သိမ်း၊ မသိမ်းလျှင် လေလံပွဲတွင် ရောင်းရလိမ့်မည်ဟု မိုဝူကျိက ခံစားမိသည်။ ထို့အတူ ထိုဆုလာဘ်များအား နတ်ဘုရားကျောက် ပမာဏအများကြီးအတွက် ရောင်းယူနိုင်သည်မှာ မှန်သော်လည်း သူ အရမ်းကျော်ကြားသွားမည့် အဖြစ်ကိုလည်း စိုးရိမ်မိသည်။ အကယ်၍ သူသာ ၁၀ ယောက်မြောက် နေရာကို ရခဲ့ပါက သူသည် ၁၁ ယောက်မြောက် နေရာမှ လူကို အမျက်ထွက်စေလိမ့်မည်။ အကယ်၍ သူသာ ၅ ယောက်မြောက်နေရာကို ရခဲ့ပါက ၆

ယောက်မြောက်မှ ၁၁ ယောက်မြောက်အထိ ထိုနေရာများရှိလူများကို အမျက်ထွက်စေလိမ့်ဦးမည် ဖြစ်သည်။

သူ မိုဂူကျိသည် လူများအား အပြစ်ပြုအမျက်ထွက်စေမည်အား ဘယ်တုန်းကမှ မကြောက်ဖူးပေ။ အကယ်၍ ဤသည်မှာ သူ့ပုဂ္ဂိုလ်ရေးရာ အကျိုးကိစ္စနှင့် သူတန်ဖိုးထားသည့် အရာများနှင့် ပတ်သက်နေပါက သူသည် နတ်ဘုရားဘုရင်များနှင့် ဂိုဏ်းကြီးများအား အပြစ်ပြုရန် ဝန်မလေးပေ။ ယခင် စုရှီကို ကယ်ရန်အတွက် သူက များစွာသော ထိပ်သီးဂိုဏ်းများကို အပြစ်ပြုခဲ့သည်။ အင်မော်တယ်လောက၏ ကံကြမ္မာကို ကယ်ရန်အတွက် သူသည် သူနှင့်အလွှာခြားနေသည့် ပညာရှင်တစ်ယောက်အား အပြစ်ပြုရန်ပင် မကြောက်ခဲ့ပေ။ ကောင်းကင်လူသားဂိုဏ်းအတွက် သူသည် နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းနှင့် ဓာမဏီနတ်ဝိညာဉ်ပရဝဏ်မှ ဂိုဏ်းသား ၄၅ ယောက်ကို သတ်ဖြတ်ခဲ့သည်။ အဆုံးတွင် သူသည် နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ကို ဖြတ်ကျော်ကာ နတ်ဘုရားကုန်းမြေသို့ ထွက်ပြေးရန် ဖိအားအပေးခံခဲ့ရသည်။

ဤအရာအားလုံးမှာ သူ၏ တာအိုအတွက် ဖြစ်၏။

အကယ်၍ အင်မတန် ရှားပါးထူးခြားသော ရတနာတချို့အတွက်ဆိုပါက သူသည် ယခုအခြေအနေတွင် လုံးဝလက်လျှော့မည် မဟုတ်ပေ။ သို့သော် နတ်ဘုရားကျောက် အနည်းငယ်အတွက် ဂိုဏ်းများစွာ၊ အင်အားစုများစွာအား အပြစ်ပြုရမည်ဆိုလျှင်ကား ဤသည်မှာ တကယ် မထိုက်တန်လှပေ။ သူသည် အဆင့် ၅ နတ်ဆေးလုံးဘုရင် ဖြစ်သည်။ နတ်ဘုရားကျောက်များအား သူလိုချင်သည့်အချိန် ဘယ်ချိန်မဆို ရရှိနိုင်ပေသည်။ အဘယ်ကြောင့်များ သူများတွေကို အပြစ်ပြု အမျက်ထွက်စေကာ ပြဿနာတက်ရန် လိုသနည်း။ ကျော်ကြားမှုနှင့် ဂုဏ်သတင်းများအတွက်မူကား သူသည် ထိုအရာများအား ပို၍ပင် မလိုချင်သေးသည်။ သူ ကျင့်ကြံနေသည်မှာ လူသားတာအိုဖြစ်ကာ ကျော်ကြားမှုဆိုသည်မှာ မျောလွင့်နေသော တိမ်တစ်ခုလောက်သာ ကောင်းလေသည်။

မိုဝူကျိုက အဖြူရောင် ကျောက်စိမ်းကျောက်စာတိုင်ပေါ်တွင် သူ့နာမည် နယ်လှည့်ကျင့်ကြံသူ၂၇ဝ၅ ကို ရေးထွင်းရန် တွေဝေမနေတော့ပေ။ ဝဲဂယက် အစီအရင်တံခါးတစ်ချပ် ပေါ်လာသည်။ မိုဝူကျိုသည် ထိုတံခါးကို ဖြတ်၍ ရင်ပြင်ကျယ်ကြီးတစ်ခုဆီသို့ ရောက်ရှိသွားသည်။

သူ့ခြေထောက်နှင့် မြေကြီးနှင့် ထိမိသည့်အခိုက်၌ ပြတ်သားကျယ်လောင်သော အသံတစ်သံကို မိုဝူကျိုက ကြားလိုက်ရသည်။

"စစ်ဆေးဆုံးဖြတ်မှုအချိန် ပြီးသွားပါပြီ။ မအောင်တဲ့သူတွေအားလုံးနဲ့ အထဲမှာရှိနေသေးတဲ့သူတွေအားလုံး အပယ်ခံရသည်"

**စစ်ဆေးဆုံးဖြတ်မှုအချိန်က ပြီးသွားပြီတဲ့လား...**

မိုဝူကျိုရင်ထဲ အေးခဲသွားသည်။ အကယ်၍ သူသာ ဆက်လက်တိုက်ခိုက်ဖို့ ရွေးချယ်ခဲ့ပါက သူ့အား စောင့်ကြိုနေမည်မှာ အမှတ်များမဟုတ်ဘဲ အပယ်ချခံရခြင်းဖြစ်မည့် အကြောင်းကို သူ ရုတ်တရက် တွေးမိသည်။

**တကယ့်ကို ကပ်သီးလေးပါလား...**

"မင်းရဲ့ကံက မဆိုးဘူးပဲ။ စစ်ဆေးဆုံးဖြတ်မှု မပြီးခင်လေးတင် မင်းက ၇ ခုမြောက် စစ်ဆေးမှုကို အောင်ခဲ့တယ်။ ဘယ်လိုလဲ... နောက်ဆုံးစစ်ဆေးမှုမှာ မင်း ဘယ်နှယောက်လောက် သုတ်သင်နိုင်ခဲ့လဲ"

ပျော်ရွှင်မြူးတူးနေသော အသံတစ်သံအား မိုဝူကျိ၏ နားတွင် ကြားလိုက်ရသည်။

စကားပြောနေသည့်တစ်ယောက်မှာ အသန့် အရမ်းကြိုက်ပုံပေါ်သော မျက်နှာဖြူဖြူနှင့်လူငယ်လေး ဖြစ်သည်။ သူ့ဆီမှ အမွှေးနံ့ခပ်ရေးရေးပင် ရနိုင်လေသည်။ အကယ်၍ ဤသည်မှာ ကမ္ဘာမြေပေါ်တွင်သာ ဖြစ်နေပါက ဤလူငယ်အား သူ့တစ်ကိုယ်လုံးအနံ့ ရေမွှေးစွတ်ရသည်ကို ကြိုက်သော အလိုလိုက်ခံ သူဌေးသားတစ်ယောက်ဟု မိုဝူကျိက တွေးမိမည်ဖြစ်သည်။

မိုဝူကျိက ရယ်လိုက်ကာ

"ကျုပ် ၂ ရုပ်ပဲ သုတ်သင်ခဲ့တယ်။ ကျုပ် တကယ့်ကို ကပ်သီးလေး အောင်နိုင်ခဲ့တာဗျ။ တကယ်လို့ ကျုပ်သာ ဒီထက် နောက်ကျနေမယ်ဆို အပယ်ချခံရလောက်တယ်"

"ကြည့်ရတာ မင်းက ကံကောင်းတတ်တဲ့ပုံပဲ။ ငါ့နာမည်က လျန်လင်းယွင်၊ ဟဲကျန့်နတ်ဘုရားမြို့ကနေ လာခဲ့တာ"

မျက်နှာဖြူနှင့်လူငယ်က မိုဝူကျိ၏ ပုခုံးကို ပုတ်ကာ သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

"ကျုပ်နာမည်က မိုဝူကျို... နယ်လှည့်ကျင့်ကြံသူ တစ်ယောက်ပါ။ ဒီလိုပဲ နေရာအနှံ့ လျှောက်သွားနေရင်းက ဒီမှာ ကျုပ်ရဲ့ကံကို လာစမ်းကြည့်တာပါ"

မိုဝူကျိုက တုံ့ပြန်လိုက်သည်။

ဟဲကျန့်မြို့ကို သူသိသည်။ အကယ်၍ ချီပင်းကသာ လေပွေတောအုပ်ကို မပြောပြခဲ့ပါက သူက ဟဲကျန့်မြို့ဆီ သွားဖြစ်မည် ဖြစ်သည်။

လျန်လင်းယွင် ရင်ပြင်အလယ်မှ အစီအရင်ပိတ်ကားကို ညွှန်ပြကာ ပြောလိုက်သည်။

"ငါတို့ရဲ့ အဆင့်နေရာတွေကို လောလောဆယ် မမြင်နိုင်သေးဘူး။ အခုမှ အမှတ်တွေ တွက်နေတုန်းရယ်။ နည်းနည်းလောက် ကြာပြီးရင် ထိပ်ဆုံး အယောက် ၅၀၀ ကို ထုတ်ဖော်ပြလိမ့်မယ်။ မင်းက ဒီရင်ပြင်ဆီ ရောက်လာနိုင်တယ်ဆိုတော့ မဆိုးဘူးလို့ ပြောရမယ်။ စစ်ဆေးဆုံးဖြတ်မှုထဲမှာ ပါဝင်ယှဉ်ပြိုင်တဲ့သူတွေက အယောက် တစ်သောင်း သုံးထောင်ကျော်ရှိတာကို ဒီမှာတော့ လူအယောက် နှစ်ထောင် တောင်မရှိဘူး"

မိုဝူကျိုကလည်း ဤနေရာတွင် ခန့်မှန်းချေ လူအယောက် ၂၀၀၀ လောက်သာ ရှိမည်ဖြစ်ကြောင်း သတိပြုမိသည်။

နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်သည် တပည့် ၅၀၀ လက်ခံမည် ဖြစ်လေရာ သူတွင် အရွေးချယ်ရခံနိုင်ချေ ၂၅ ရာခိုင်နှုန်းရှိသည်ဟု ဆိုလိုပေသည်။

လျှန်လင်းယွင်မှာ သိသိသာသာပင် အလွန်စကားများသူ ဖြစ်၏။ သူက အရှေ့မှ လူတစ်စုအား လက်ညိုးထိုးညွှန်ပြပြီး ပြောလိုက်သည်။

“ဟိုမှာ ကြည့်လိုက်... အဲ့ဒီလူတွေက လက်ရွေးစင်ပြိုင်ပွဲဝင်တွေလေ။ အကျော်ကြားဆုံးကတော့ ကြယ်ဖုံးတောင်ရဲ့ ကျီဖေးယန်ပဲ။ အဲ့ကောင်က ထိပ်တန်း ပါရမီရှင်လေ။ ကောလာဟာလတွေ ကြားရတာတော့ သူက အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာလည်း ဖြစ်၊ အဆင့် ၃ နတ်ဆေးလုံးဆရာလည်း ဖြစ်တဲ့အပြင် အလယ်အလတ်အဆင့် နတ်လက်နက် တန်ဆာကိုလည်း ပြုလုပ်နိုင်တယ်ဆိုပဲ။ တိုက်ခိုက်ရေး လမ်းကြောင်းမှာ ကောင်းကင်နတ်ဘုရားအဆင့် ၄ အရုပ်ကို သုတ်သင်ခဲ့တယ်လို့တောင် ပြောကြတယ်။

တကယ်လို့ ထူးထူးခြားခြား ဘာမှမဖြစ်သွားဘူးဆိုရင် သူက သေချာပေါက် အဆင့်(၁)နေရာကို ရလိမ့်မယ်။ သူ့ဘေးကလူက

အောင်းမျိုးနွယ်ရဲ့ အောင်းရုံ… သူကလည်း တော်တော်လေး အထင်ကြီးစရာ ကောင်းတယ်…”

လျှန်လင်းယွင်၏ မိတ်ဆက်မှုများဖြင့် မိုဂူကျိသည် လက်ရွေးစင် ပြိုင်ပွဲသူတချို့ကို သိလိုက်ရသည်။

**ကြယ်ဖုံးတောင်၏ ကျီဖေးယန်၊ အောင်းမျိုးနွယ်၏ အောင်းရုံ၊ အစစ်အမှန် နတ်ဘုရားလမ်းစဉ်၏ လော့ရှန်းကျောင်း၊ ကျင့်ကြံသူများ အစုအရုံးအဖွဲ့၏ ရှူကျယ်နှင့် ကျီမျိုးနွယ်၏ ကျီကျိုးလင်…**

…………………

ဤရင်ပြင်ပေါ်ရှိ လူ၂၀၀၀ နှင့်ယှဉ်လျှင် နိဗ္ဗာန်တာအိုမြို့ရင်ပြင်တွင် လူများ ပို၍ပြည့်ကျပ်နေလေသည်။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်၏ စစ်ဆေးဆုံးဖြတ်မှုက ပြီးသွားလေပြီ။ မကြာမီ ရလဒ်များကို ထုတ်ဖော် ကြေညာတော့မည် ဖြစ်သည်။

နဂိုမူလတုန်းက အဆင့်နေရာများကို ပြသနေသော အစီအရင်ပိတ်ကားမှာ ဗလာ မဟုတ်ပေ။ တရားဝင်အဆင့် နေရာများကို အတည်ပြုမည် ဖြစ်သည်။ အတည်ပြုပြီးနောက် ရလဒ်အမှန်များကို ပြသမည် ဖြစ်သည်။

လူတိုင်းက အစီအရင်ပိတ်ကားအား မျှော်လင့်တကြီး ကြည့်နေကြသည်။ သူတို့အားလုံးသည် မည်သူတွေက ထိပ်ဆုံး ၃ ယောက်ထဲပါကာ မည်သူတွေက ထိပ်ဆုံး ၁၀ ယောက်ထဲ ပါမည်ကို သိချင်နေကြသည်။

ထိပ်ဆုံး ၃ ယောက်၊ ၅ ယောက်နှင့် ၁၀ ယောက်ထဲတွင် ပါနိုင်ချေရှိသော ဂိုဏ်းများသည်ကား ပိတ်ကားကို စိတ်အားထက်သန်မှု အပြည့်ဖြင့် ကြည့်နေကြသည်။ အစောပိုင်း၌ အဆင့်မြင့်မြင့်နေရာများတွင် ရောက်နေသော တပည့်တချို့ရှိသော်လည်း တကယ့် အဆင့်နေရာများနှင့် အလွန်ခြားနားနေလိမ့်မည် ဖြစ်သည်။ အကြောင်းမှာ ခုနှစ်ခုမြောက်စစ်ဆေးမှု၏ရလဒ်များ မပါသေးသောကြောင့်ဖြစ်သည်။

နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်၏ စစ်ဆေးဆုံးဖြတ်မှုထဲတွင် စွယ်စုံရ အရည်အချင်းများ လိုအပ်သော်လည်း တိုက်ခိုက်စွမ်းရည်မှာ အများဆုံး အသိအမှတ်ပြုဆုံး ခံရဆဲသာ ဖြစ်သည်။

တိုက်ခိုက်ရေး စစ်ဆေးမှုကိုလည်း နောက်ဆုံးစစ်ဆေးမှုအဖြစ် ထားထားသည်မှာ ယှဉ်ပြိုင်သူများက အရုပ်များများ ပို၍ သုတ်သင်နိုင်သည့်အခါ အမှတ်များ ပိုရနိုင်စေရန် ဖြစ်သည်။

ဆိုလိုသည်မှာ အစောပိုင်းစစ်ဆေးမှုများတွင် အပယ်ချမခံရသရွေ့ အရမ်းသာ အစွမ်းထက် အားကောင်းနေပါက အဆင့်(၁)နေရာသို့ ရောက်ရန် အခွင့်အရေး ရှိသေးသည့် သဘောပင် ဖြစ်သည်။

မိုးကောင်းကင် နတ်ဘုရားဂိုဏ်း၏ တောင်သခင် လောင်ယုကလည်း အဖြူရောင်ပိတ်ကားကြီးအား စူးစူးစိုက်စိုက် ကြည့်နေသည်။ သူက မိုဝူကျိ တစ်ယောက် ထိပ်ဆုံး ၁၀ ယောက်ထဲဝင်ကာ နိဗ္ဗာန်မြစ်ထဲ ဝင်ရောက်ဖို့ အခွင့်အရေးကို ရရှိနိုင်ရန် စိတ်အားထက်သန်စွာ မျှော်လင့်မိသည်။

မိုးကောင်းကင် နတ်ဘုရားဂိုဏ်း၌ ပြီးပြည့်စုံခြင်းအဆင့် နတ်ဘုရား ဘုရင်တစ်ယောက် ရှိသည်။ ထိုသူမှာ ထိုအဆင့်ကို ကျော်လွှားရန်အတွက် တစ်လှမ်းလေးသာ လိုတော့သည်။ သို့သော် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်အပြင် နတ်ဘုရားဘုရင်အဆင့်အထက်ရှိ စည်းမျဉ်းများအပေါ် ဆင်ခြင်တွေးတောနိုင်သည့် တခြားနေရာ ရှိပုံမပေါ်ချေ။

ထို့အပြင် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်မှာ ဝင်ရောက်ရန် လွယ်ကူသောနေရာ မဟုတ်ပေ။ မိုးကောင်းကင် နတ်ဘုရားဂိုဏ်းက ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်နေသည့်အချက်ကိုသာ မကြည့်လေနှင့်။ နတ်ဘုရားကုန်းမြေမှ ထိပ်သီးဂိုဏ်းများပင်လျှင် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်နှင့် ထိပ်တိုက် ရင်ဆိုင်မတွေ့ရဲပေ။

နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်သည် သဟာဇာတအဆင့် နတ်ဘုရားပညာရှင်များနှင့် အင်အားစုတစ်ခု ဖြစ်သည်။ သဟာဇာတနတ်ဘုရား တစ်ယောက်တည်းနှင့်ပင် ထိပ်သီးဂိုဏ်းတစ်ဂိုဏ်းလုံးကို အပြတ်ရှင်း အစဖျောက်ပစ်နိုင်လေ၏။

လောင်ယုဘေး၌ ရှိနေသည်မှာ မိုးကောင်းကင်နတ်ဘုရားဂိုဏ်း၏ ဂိုဏ်းချုပ်ရှင်းဝမ် ဖြစ်သည်။ ရှင်းဝမ်၏ မျက်နှာပေါ်တွင် ကြည့်ရဆိုးသော အမူအယာ ရှိနေသည်။ သူ သာမန်ကာလျှံကာချခဲ့သော ဆုံးဖြတ်ချက်တစ်ခုက ထိပ်တန်းပါရမီရှင်တစ်ယောက်အား ဆုံးရှုံးစေလိမ့်မည်ဟု လုံးဝမထင်မိခဲ့ပေ။ ယခုအချိန်မှ နောင်တရနေဖို့ အလွန်နောက်ကျသွားပြီ ဖြစ်သည်။ သူ မျှော်လင့်မိသည့် တစ်ခုတည်းသောအရာမှာ မိုဝူကျို ထိပ်ဆုံး ၁၀ ယောက်ထဲဝင်ပြီး

ချီခွန်းဖြစ်ဖြစ် ယွီလောဖြစ်ဖြစ်ကို မိုဝူကျိုနှင့်သူတို့ဂိုဏ်းကြားမှ ဆက်ဆံရေးအား ပြန်ပြီးပြေလည်အောင် လုပ်ခိုင်းဖို့သာ ဖြစ်သည်။

တရားဝင်နေရာအဆင့်များ ထွက်မလာသေးသော်လည်း ရှင်းဝမ်သည် မိုးကောင်းကင်နတ်ဘုရားဂိုဏ်းမှ မည်သူမျှ ထိပ်ဆုံး ၁၀ ယောက်ထဲ မဝင်လောက်မှန်း အတပ်သိသည်။ သူတို့၏ အတော်ဆုံးတပည့် ဖြစ်သည့် ချန်ဟောင်ကျီသည် ထိပ်ဆုံး အယောက် ၆၀ ထဲသို့သာ ရောက်အောင် လုပ်နိုင်ခဲ့သည်။ အကယ်၍ ချန်ဟောင်ကျီသည် တိုက်ခိုက်ရာတွင် အင်မတန် လက်ရည်ထက်နေလျှင်ပင် ထိပ်ဆုံး ၁၀ ယောက်ထဲ ဝင်နိုင်လောက်ဦးမည် မဟုတ်ချေ။

ဤအချိန်၌ စုံစမ်းရန် ထွက်သွားသော ချီခွန်းက ပြန်ရောက်လာသည်။ သူက ရှင်းဝမ်နှင့်လောင်ယုတို့၏ ဘေးတွင် ဆင်းသက်လိုက်သည်။

ချီခွန်း ဘာမှမပြောနိုင်ခင် ရှင်းဝမ်က စိတ်ပူစွာ မေးလိုက်သည်။

“မိုဝူကျို အပယ်ခံလိုက်ရပြီလား”

ချီခွန်းက သုန်မှုန်သောအမူအယာဖြင့် ခေါင်းခါလိုက်သည်။

"သူ အပြင်ထွက်မလာဘူး။ အစောပိုင်းတုန်းက မိုဝူကျိရဲ့အမှတ်က(၄၁၂.၅)ဖြစ်နေတာ... အဲ့ဒါမှာလည်း ဘာမှ ပြောင်းလဲသွားတာ မရှိဘူး"

"(၄၁၂.၅)မှတ်... သူ့အမှတ်က ပြောင်းမသွားဘူး... ဒါပေမဲ့ အပြင်ကျတော့လည်း ထွက်မလာဘူး..."

ရှင်းဝမ်က သူ့ဘာသာသူ တိုးတိုးရေရွတ်လိုက်ကာ ဘာမှဆက်မပြောတော့ချေ။

ချီခွန်း ဘာတွေးနေသည်ကို သူသိသည်။ ချီခွန်းက မိုဝူကျိ သေသွားလောက်ပြီဟု တွေးနေခြင်း ဖြစ်မည်။ အမှန်တကယ်၌ သူလည်း ထိုသို့ တွေးမိသည်။ သို့မဟုတ်ပါက မိုဝူကျိသည် ခြောက်ခုမြောက်စစ်ဆေးမှုတွင် အမှတ်မရဘဲနေလိမ့်မည် မဟုတ်ချေ။

"ဟူး... ထားလိုက်ပါတော့။ အဲ့ဒီမိုဝူကျိက လျို့ဝှက်ပညာရပ်တစ်ခုပဲ သိတာလေ။ တိုက်ပွဲမှာ သူ အသတ်ခံရနိုင်တာ ပုံမှန်ပါပဲ"

မိုးကောင်းကင်နတ်ဘုရား၏ တခြားအကြီးအကဲတစ်ယောက်က ပြောလိုက်သည်။

လက်ဝဲ မိုးကောင်းကင်တောင်သခင် လောင်ယုကို ခေါင်းခါလိုက်ကာ

"တိုက်ခိုက်ရေး စစ်ဆေးမှုမှာ မဟုတ်ဘူး။ မိုဝူကျိရဲ့အမှတ်မပြောင်းတော့တာ လျို့ဝှက်ပညာရပ် စစ်ဆေးမှုကတည်းက။ ဒါပေမဲ့ နည်းလမ်းကျကျပြောရရင် လျို့ဝှက်ပညာရပ် စစ်ဆေးမှုက အသက်အန္တရာယ် စိုးရိမ်စရာ မရှိဘူး မဟုတ်လား"

ရှင်းဝမ်က လေးလေးနက်နက် ပြောလိုက်သည်။

"အဲ့လိုတော့လည်း ပြောလို့မရဘူး။ ဒီတစ်ခေါက် စစ်ဆေးဆုံးဖြတ်မှုမှာ ပြောင်းလဲထားတာတွေ အများကြီးရှိတယ်။ ကိစ္စတော်တော်များများက ကျုပ်တို့သိထားတာနဲ့ မတူတော့ဘူး"

"အဆင့်တွေ ထွက်လာပြီ။ မြန်မြန်... ကြည့်ကြည့်လိုက်"

စူးရှရှအော်သံက ရင်ပြင်တစ်ခွင်လုံး ပျံ့လွင့်သွားသည်။

**အမှန်ပင်... အဆင့်(၁)နေရာက အစီအရင် ပိတ်ကားကြီးပေါ်တွင် ပေါ်လာလေပြီ။**

## အခန်း (၉၉၇) : နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်သို့ ဝင်ရောက်ခြင်း

"ကျီဖေးယန်၊ ကြယ်ဖုံးတောင် တပည့်၊ စုစုပေါင်း ရမှတ် (၅၉၉)၊ အဆင့်(၁)"

လူတစ်ယောက်က ပိတ်ကားပေါ်မှ စာသားများကို ဖတ်ပြလိုက်သည်။

"(၅၉၉)မှတ်လား။ ကျုပ် မှတ်မိသလောက်တော့ ခြောက်ခုမြောက် စစ်ဆေးမှုအပြီးမှာ သူ့အမှတ်က (၄၇၉)ပါ။ ဒါဆို သူက တိုက်ခိုက်ရေး စစ်ဆေးမှုမှာ (၁၂၀)မှတ်ရတယ်ဆိုတဲ့ သဘောလား။ (၁၂၀)မှတ်တောင်... ဒါက..."

"မင်း မြင်တာ မမှားဘူး။ ကျီဖေးယန်မှာ ဒီလိုအရည်အချင်း တကယ်ရှိတယ်ကွ။ ခုနှစ်ခုမြောက် စစ်ဆေးမှုအတွက် စည်းကမ်းချက်တွေအရဆို ကနဦးနတ်ဘုရားအဆင့် ၈ အရုပ်ကို နိုင်ရင်(၆၀)မှတ်၊ ကနဦးနတ်ဘုရားအဆင့် ၉ အရုပ်ကို နိုင်ရင်(၇၀)မှတ်၊ ကောင်းကင်နတ်ဘုရားအဆင့် ၁ အရုပ်ဆို (၈၀)မှတ်၊ ကောင်းကင် နတ်ဘုရားအဆင့် ၂ အရုပ်ဆို (၉၀)မှတ်၊ ကောင်းကင်နတ်ဘုရားအဆင့် ၃ အရုပ်ဆို (၁၀၀)မှတ်၊ ကောင်းကင်နတ်ဘုရားအဆင့် ၄ အရုပ်ဆို (၁၂၀)မှတ်... အဲ့လို ရမှာတဲ့။ ဆိုလိုတာက ကျီဖေးယန်က

ကောင်းကင်နတ်ဘုရားအဆင့် ၄ အရုပ်ကို အနိုင်တိုက်နိုင်ခဲ့တယ်လို့ ပြောရမှာပေါ့”

“ပြီးပြည့်စုံခြင်းအဆင့် ကနဦးနတ်ဘုရားတစ်ယောက်က ကောင်းကင်နတ်ဘုရားအဆင့် ၄ ကို အနိုင်တိုက်နိုင်တယ်... ဒါက...”

ဤအချိန်တွင် ကျင့်ကြံဆင့်နိမ့်သည့် တပည့်များ မဆိုနှင့် ဂိုဏ်းကြီးများ၏ နတ်ဘုရားဘုရင် ပညာရှင်များပင် ဆွံ့အသွားရသည်။ ကျိုဖေးယန်သည် ဖြစ်နိုင်စရာ မရှိလောက်သည်အထိကို အားကောင်းနေသည်။ အကယ်၍ ကျိုဖေးယန်သာ နတ်ဘုရားဘုရင်အဆင့် ရောက်သွားပါက သူသည် နတ်ဘုရားဘုရင်များအနက် ပြိုင်ဘက်ကင်း ဖြစ်လာလိမ့်မည်အား စိတ်ကူးကြည့်၍ ရပေသည်။

ပြီးပြည့်စုံခြင်းအဆင့် ကနဦးနတ်ဘုရားနှင့် ကောင်းကင်နတ်ဘုရားအဆင့် ၄ ပင်ဖြစ်လင့်ကစား ကနဦးနတ်ဘုရားနှင့် ကောင်းကင်နတ်ဘုရားအကြားတွင် ကွာခြားချက်အကြီးကြီး ရှိသည်။

ကံမကောင်းစွာပင် သူသည် ကြယ်ဖုံးတောင် ဂိုဏ်းသား ဖြစ်နေသည်။ နတ်ဘုရားကုန်းမြေတစ်ခုလုံးတွင်

ကြယ်ဖုံးတောင်သည် ထိပ်တန်း တည်ရှိမှုမျိုးတစ်ခု ဖြစ်သည်။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ကသာ ဦးမဆောင်သရွေ့ မည်သူမျှ ကြယ်ဖုံးတောင်အား အပြစ်ပြုရန် ဆန္ဒရှိမည် မဟုတ်ပေ။ ကျောင်းတော်ထဲရှိ ကြယ်ဖုံးတောင်အခွဲကပင် အင်မတန် အားကောင်းလေ၏။

"ရှုကျယ်၊ ကျင့်ကြံသူများ အစုံအရုံးအဖွဲ့တပည့်၊ စုစုပေါင်းရမှတ်(၅၇၁.၅)၊ အဆင့်(၂)"

"စစ်ခုန်းမြောင်၊ နတ်ဓားသွား နန်းတော်တပည့်၊ စုစုပေါင်းရမှတ်(၅၆၁)၊ အဆင့်(၃)"

"ပိုင်ယွဲ့၊ နယ်လှည့်ကျင့်ကြံသူ၊ စုစုပေါင်း ရမှတ်(၅၅၃.၂)၊ အဆင့်(၄) "

.......................

"နောက်ထပ် နယ်လှည့်ကျင့်ကြံသူ တစ်ယောက်လား"

"နောက်ထပ် နယ်လှည့်လေလွင့်ကျင့်ကြံသူ မလား။ အစောပိုင်းတုန်းကလည်း နယ်လှည့်ကျင့်ကြံသူ၂၇၀၅ ပါလာတယ်လေ"

"အဲ့ဒီနယ်လှည့်ကျင့်ကြံသူ၂၇၀၅ က တိုက်ခိုက်ရေး စစ်ဆေးမှုမှာ သေသွားလောက်ပြီနေမှာ။ တိုက်ခိုက်ရေး စစ်ဆေးမှုက

နှင်းစက်စိမ်းဆန် စိုက်တာနဲ့ မတူဘူး။ တကယ်လို့ မနိုင်ခဲ့ဘူးဆိုရင် အပြင် ပြန်ပို့ခံရမှာ မဟုတ်ဘူး။ အဲ့ဒီအစား အဲ့နားတင် အသတ်ခံရမှာလေ”

“လေ့ရှန်းကျောင်း၊ အစစ်အမှန် နတ်ဘုရားလမ်းစဉ် တပည့်၊ စုစုပေါင်းရမှတ်(၅၃၀)၊ အဆင့်(၇)”

……………………

“ကိုင်ဟွားဟောင်၊ ပြန်လည်မွေးဖွားခြင်း နတ်ဘုရားတာအိုတပည့်၊ စုစုပေါင်းရမှတ်(၅၁၅)၊ အဆင့်(၁၀)”

အဆင့်နေရာလွတ်များစွာ ကျန်သေးသော်လည်း ဂိုဏ်းအများစုမှာ တော်တော်လေး စိတ်ပျက်နေပြီ ဖြစ်သည်။ အကြောင်းမှာ သူတို့ဂိုဏ်းနာမည်ကို ထိပ်ဆုံး ၁၀ ယောက်ထဲတွင် မတွေ့ရသောကြောင့် ဖြစ်သည်။ သူတို့တွေ ထိပ်ဆုံး ၁၀ ယောက်ထဲ မဝင်သရွေ့ ထိပ်ဆုံး ၅၀၀ ယောက်ထဲ ပါခဲ့လျှင်ပင် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲသို့ လက်ရွေးစင်မျိုးဆက် တစ်ယောက်လောက်သာ ထားရှိပျိုးထောင်နိုင်မည် ဖြစ်သည်။

“မိုဝူကျိ ပါမလာဘူး”

ရန်ဖေးက စိတ်သက်သာသွားကာ သက်ပြင်းချလိုက်၏။ ယခင်က သူ မိုဝူကျိအား နိဗ္ဗာန်တာအိုမြို့ထဲတွင် မရှာနိုင်ခဲ့သဖြင့် မိုဝူကျိ ထိပ်ဆုံး ၁၀ ယောက်ထဲ ဝင်သွားမည်ကို စိုးရိမ်နေမိသည်။

"ဟိုမှာ… ဟိုမှာ… သူ့နာမည် ပါလာပြီ"

ယွီလောက ရုတ်တရက် အံ့သြဝမ်းသာစွာ ပြောလိုက်သည်။ သူမက စိတ်ရင်းနှင့် မိုဝူကျိအတွက် ဝမ်းသာမိလေသည်။

ဤအခိုက်အတန့်တွင် လူတိုင်း၏ အကြည့်တို့မှာ ပိတ်ကားပေါ်သို့ ရောက်နေသည်။ နယ်လှည့်ကျင့်ကြံသူ၂၇၀၅ ဟူသည့်နာမည်က ပိတ်ကားပေါ်တွင် ပေါ်လာသည်။

"နယ်လှည့်ကျင့်ကြံသူ၂၇၀၅၊ လေလွင့်ကျင့်ကြံသူ၊ စုစုပေါင်းရမှတ်(၄၈၂.၅)၊ အဆင့်(၂၂)"

ရှင်းဝမ်၏ မျက်နှာပေါ်မှ အမူအယာမှာ ပြေလျော့သွားသည်။ သူက ချီခွန်းကို ပြောလိုက်သည်။

"ဒီလူက မဆိုးဘူး… တိုက်ခိုက်ရေး စစ်ဆေးမှုမှာ အမှတ်(၇၀)တောင် ရလိုက်တယ်။ သူ့ဝိညာဉ်ကြော အရည်အသွေးက ဘာပဲဖြစ်နေနေ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲ ဝင်နိုင်လိုက်တယ်ဆိုတာက သူမှာ အလားအလာကောင်းတဲ့ အနာဂတ် ရှိလာမယ်ဆိုတဲ့ သဘောပဲ။

ချီခွန်း… မင်း အားတဲ့အချိန်ကျရင် သူနဲ့ ပုံမှန်အဆက်အသွယ်ရအောင်လုပ်။ တောင်သခင် လောင်၊ အကြီးအကဲစု၊ အကြီးအကဲရန်… ကျုပ် သွားနှင့်ပြီ”

ထိုသို့ပြောကာ ရှင်းဝမ်၏ ပုံရုပ်က ဖျက်ခနဲ ဖြစ်သွားပြီး နိဗ္ဗာန်တာအိုမြို့ရင်ပြင်မှ ပျောက်ကွယ်သွားသည်။

မိုဝူကျို၏ အဆင့်(၂၂)နေရာသည် အဆင့်(၅၀၀)နေရာနှင့် ထူးမခြားနားပေ။ အနည်းဆုံးတော့ မိုးကောင်းကင်နတ်ဘုရားဂိုဏ်းအတွက် မိုဝူကျိုသည် အဖိုးမတန်တော့ပေ။

…………………

နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်၏ရင်ပြင်တွင် သူ့နာမည်ကို အဆင့်(၂၂)နေရာ၌ မြင်လိုက်ရချိန်တွင် မိုဝူကျိုက သက်ပြင်းချလိုက်သည်။ သူ့အတွက်မူ သူ၏ ရည်မှန်းချက်ကို အောင်မြင်ရရှိသွားပြီ ဖြစ်သည်။

“ဝူကျို… ရှေ့နားက နာမည်တွေကို လိုက်ဂရုစိုက်မနေနဲ့။ ငါတို့တွေ ဝင်နိုင်ခဲ့ရင်တောင် ငါတို့နာမည်တွေက နောက်နားမှာပဲ ရှိလောက်တယ်။ တကယ်လို့ ငါ ကျောင်းတော်ထဲ ဝင်ခဲ့ရင် မင်းအတွက် အစေခံဂိုဏ်းထဲမှာ နေရာတစ်နေရာ ရအောင်

ကူညီပေးမယ်။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ရဲ့ အစေခံဂိုဏ်းထဲကို ဝင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူးကွ”

မိုဝူကျိုက အစီအရင်ပိတ်ကားအပေါ် အာရုံစိုက်နေသည်ကို တွေ့၍ လျှန်လင်းယွင်က သူ့အား ဖျောင်းဖျအားပေးလိုက်သည်။

သူ့အမြင်တွင် မိုဝူကျို ခုနှစ်ခုမြောက်စစ်ဆေးမှုကို အောင်သွားသည်ကပင် အလွန်ကံကောင်းနေပြီ ဖြစ်သည်။ သို့သော် ထိပ်ဆုံး အယောက် ၅၀၀ ထဲဝင်ဖို့ ဆိုသည်မှာကား ထိုအကြောင်း စဉ်းစားရင်း မိုဝူကျို၏ ဦးနှောက်ဆဲလ်တွေ ကုန်သွားဖို့သာ ရှိသည်။

မိုဝူကျိုက ဘာမှမပြောတော့ဘဲ ရယ်သာရယ်လိုက်သည်။ သူတွေ့ရသလောက် လျှန်လင်းယွင်သည် သူ့မျက်နှာကို ဂရုစိုက်သော ငတိ ဖြစ်သည်။ အကယ်၍ မိုဝူကျိုက နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲ ဝင်နိုင်ပြီး ထိုငတိသာ မဝင်နိုင်ခဲ့လျှင် လျှန်လင်းယွင်သည် သေချာပေါက် ရှက်သွားမည် ဖြစ်သည်။

“ငါ့နာမည် ပါလာပြီ။ အဆင့်(၄၈၉)... ဟားဟားဟား... ငါ သိသားပဲ။ ငါ လျှန်လင်းယွင်က နိဗ္ဗာန်အသိပညာရပ်

ကျောင်းတော်ထဲကို ဘယ်လိုလုပ် မဝင်ဘဲနေပါ့မလဲလို့... ဟားဟားဟား...”

လျှန်လင်းယွှင်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။ သူက ပြောမပြနိုင်လောက်အောင်ကို စိတ်လှုပ်ရှားမိသည်။

လျှန်လင်းယွှင်၏ စိတ်လှုပ်ရှားမှုကို မိုဝူကျိုက နားလည်ပေးနိုင်သည်။ အဆင့်(၄၈၉)... ထို့ထက် နည်းနည်းလောက်သာ နည်းသွားမည်ဆိုပါက သူ အပယ်ခံရတော့မည် ဖြစ်သည်။ ထို့အပြင် စိတ်လှုပ်ရှားနေသည်မှာ သူတစ်ယောက်တည်း မဟုတ်ပေ။ လျှန်လင်းယွှင်ထက်ပင် ပို၍ စိတ်လှုပ်ရှားနေကြသော အခြား ထိပ်ဆုံးအယောက် ၅၀၀ ဝင်များလည်း ရှိသည်။

သို့သော် စိတ်လှုပ်ရှားနေသူများနှင့် ယှဉ်ပါက စိတ်ပျက်သွားသူများက ပိုများနေလေသည်။

နာမည် ၅၀၀ လုံးကို ထုတ်ပေးပြီးသည့်နောက် ရင်ပြင်အလယ်မှ အသံနက်တစ်ခု ထွက်လာသည်။

“အစီအရင်ပိတ်ကားပေါ်မှာ နာမည်ပါမလာတဲ့ ကျင့်ကြံသူများ... ကျေးဇူးပြု၍ ကူးပြောင်းအစီအရင်ထဲ ဝင်ပြီး ထွက်သွားပေးကြပါ”

ကူးပြောင်းအစီအရင် တံခါးပေါက်တစ်ခုက ရင်ပြင်ထောင့်တွင် ပေါ်လာသည်။ ခုနှစ်ခုမြောက်စစ်ဆေးမှုကို အောင်သော်လည်း ထိပ်ဆုံး ၅၀၀ ထဲမပါသော ကျင့်ကြံသူများသည် ကူးပြောင်းအစီအရင်တံခါးထဲသို့ ဝင်ပြီး ထွက်သွားရုံသာ တတ်နိုင်သည်။

သူတို့အားလုံးထွက်သွားပြီးနောက် ရွှေရောင်လမ်းကြောင်းတစ်ခုက တိမ်များဆီမှ ရင်ပြင်ဆီသို့ တဖြည်းဖြည်းလှေကားအဖြစ် ဆင်းသက်လာလေသည်။

ထိုအသံက ဆက်ပြောလိုက်သည်။

"စစ်ဆေးမှုကို အောင်ပြီး ထိပ်ဆုံး ၅၀၀ ထဲဝင်တဲ့သူတွေ… ကျေးဇူးပြု၍ ရွှေရောင်လမ်းကြောင်းပေါ် တက်သွားပြီး နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲ ဝင်ကြပါ"

မိုဝူကျိသည် လျန်လင်းယွင်ကို ခေါ်ချင်သော်လည်း ထိုကောင်လေးမှာ အရမ်းကို စိတ်လှုပ်ရှားနေပြီး ဤစကားပြောဖော်ပြောဖက်ကို မေ့သွားလေပြီ။ လျန်လင်းယွင်က လူအုပ်ထဲ တိုးဝင်နေနှင့်ပြီး သူ့အပျော်တွေအား အဆက်မပြတ် လိုက်လံပြောပြနေလေ၏။ ဤအချိန်တွင် စစ်ဆေးမှု အောင်သွားသည်မှာ လူ ၅၀၀ မဟုတ်ဘဲ

သူတစ်ယောက်တည်းသာ ဖြစ်နေပုံ ပေါ်နေသည်။ ကျန်လူအားလုံးအား မမြင်တော့ပေ။

ပျော်ရွှင်မှုဆိုသည်မှာကား သိသိသာသာပင် ကူးစက်ပျံ့ပွားတတ်သည့် အမျိုးဖြစ်လေ၏။ လူများစွာမှာ လျှန်လင်းယွင်ကဲ့သို့ လူတကာအား လိုက်ပြောပြမနေသော်လည်း အများစုမှာ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်၌ သူတို့၏တောက်ပနေသော အနာဂတ်အကြောင်း တွေးမိသောအခါ ဂုဏ်ယူသည့် ခံစားချက်လေးတစ်ခုအား မခံစားမိဘဲ မနေနိုင်ကြပေ။

နတ်ဘုရားကုန်းမြေ၌ လောကနတ်ဘုရားများ အများဆုံးရှိသည့်နေရာမှာ ဘယ်နေရာနည်း။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ပင်တည်း။

နတ်ဘုရားကုန်းမြေ၌ နတ်ဆေးလုံးဘုရင်များ၊ နတ်ဘုရားအစီအရင်ဆရာများ၊ နတ်အဆောင်ဆရာများနှင့် နတ်ပန်းပဲဆရာများ အများဆုံးရှိသည့်နေရာမှာ ဘယ်နေရာနည်း။ **နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ပင်တည်း။**

နတ်ဘုရားကုန်းမြေ၌ နတ်ဘုရားဘုရင်အဆင့်ကို ကျော်လွန်သည့်ပညာရှင်များ ရှိသည့်နေရာမှာ ဘယ်နေရာနည်း။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်သာ ဖြစ်၏။

ယခု သူတို့အားလုံးသည် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲသို့ ဝင်ရောက်နိုင်ခဲ့ပြီ။ ဤအရာထက် ပျော်စရာကောင်းသည့်အရာ မရှိပေ။

ရွှေရောင်လမ်းကြောင်းပေါ်တွင် လမ်းလျှောက်လိုက်သည့်အခါ မိုဝူကျိသည် သူ့ပတ်လည်ရှိ မိုးမြေစည်းမျဉ်းများ ပိုမိုကြည်လင်လာသည်ကို သိသိသာသာ ခံစားမိလိုက်သည်။

သူက သူများနှင့် မတူချေ။ သူ ကောင်းကင်အင်မော်တယ်ဖြစ်ကတည်းက သူက သူ့ကိုယ်ပိုင်ကမ္ဘာကို တည်ဆောက်ပြီးပြီ ဖြစ်သည်။ တခြားကျင့်ကြံသူတို့သည် သူတို့၏ ကိုယ်ပိုင်ကမ္ဘာကို လောကနတ်ဘုရားအဆင့်တွင်မှ ဖန်တီးနိုင်လေသည်။

ထို့ကြောင့် တခြားကနဦးနတ်ဘုရားများသည် မိုးမြေစည်းမျဉ်းများထဲမှ ကွာခြားချက်ကို သတိမထားမိပေ။ မိုဝူကျိက ရှင်းရှင်းလင်းလင်း ခံစားမိသည်။

ဤအချက်မှ မိုဝူကျိုက နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်သည် တာအိုကျင့်ကြံရန် သေချာပေါက် နံပါတ်တစ်နေရာ ဖြစ်ကြောင်း သိလိုက်၏။

ရွှေရောင်လမ်းကြောင်းအား ဖြတ်လျှောက်လာပြီးနောက် သူတို့ ၅၀၀ လုံးသည် ရှေးဟောင်းခန်းမ အကျယ်ကြီးတစ်ခုဆီသို့ ရောက်သွားကြသည်။ ခန်းမသည် အလွန်ကျယ်ကာ ခန်းမရှေ့တွင် အသက်ခပ်လတ်လတ် အမျိုးသား တစ်ယောက်က ရပ်နေ၏။ ထိုအမျိုးသားဘေးတွင် ကူးပြောင်း အစီအရင်တံခါးပေါက်တစ်ခု ရှိသည်။

"အယ်… ဝူကျို… မင်းက ဘာလို့ဒီမှာရှိနေတာလဲ"

လျန်လင်းယွင်သည် နောက်ဆုံးတွင်တော့ မိုဝူကျိုအား သတိပြုမိသွား၏။ သူက ချက်ချင်း တအံ့တဩ မေးလိုက်သည်။

မိုဝူကျို ပြန်မဖြေနိုင်ခင်ပင် လျန်လင်းယွင်က သဘောပေါက်သွားဟန်ရှိကာ အားနာစွာ ပြောလိုက်သည်။

"အိုး… အားနာလိုက်တာ ဝူကျိုရာ။ ငါ (၄၈၉)နောက်ပိုင်းက နာမည်တွေကို သတိမထားမိလိုက်ဘူး။ မင်းကို နောက်ဆုံးနားလေးကနေ ကပ်ပါလိမ့်ဦးမယ်လို့ မထင်ထားဘူး။ မင်းရဲ့ကံက ငါတွေ့ဖူးသမျှထဲမှာ တကယ့်ကို အကောင်းဆုံးပဲ။

ဝူကျိ... မင်းက လေလွင့်ကျင့်ကြံသူဆိုတော့ ငါတို့ ဟဲကျန့်နတ်ဘုရားမြို့ဆီ ဝင်ပါလား”

လျန်လင်းယွင်သည် မိုဝူကျိ၏ နေရာအဆင့်မှာ သူ့နောက်တွင် ရှိသည်ဟု ထင်သောကြောင့် မိုဝူကျိ၏ ကံမှာ ကောင်းသည်ဟု တွေးနေခြင်းဖြစ်သည်။ ဤသည်မှာ စစ်ဆေးဆုံးဖြတ်မှု မပြီးခင်လေးတင် မိုဝူကျိက ခုနှစ်ခုမြောက်စစ်ဆေးမှုကို အောင်သွားသည့် အချက်နှင့် တူနေလေသည်။

တစ်ခုသော ရှုထောင့်မှ ကြည့်မည်ဆိုပါက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်သည် နတ်ဘုရားကုန်းမြေ၏ ပိုကောင်းသော အင်အားနှင့် အသေးစား ပုံစံငယ်တစ်ခု ဖြစ်နိုင်ပေသည်။ နတ်ဘုရားကုန်းမြေထဲ၌ ဟဲကျန့်နတ်ဘုရားမြို့ ရှိသည်။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲ၌ ဟဲကျန့်နတ်ဘုရားမြို့အခွဲ ရှိလေသည်။

မိုဝူကျိက ရယ်ကာ ပြောလိုက်သည်။

“ကျေးဇူးအများကြီးတင်ပါတယ်... ဒါပေမဲ့ ကျုပ်မှာ ကျုပ်သွားချင်တဲ့နေရာ ရှိပြီးသားပါ”

“မင်းက နယ်လှည့်ကျင့်ကြံသူ တစ်ယောက်လား”

သူတို့နှင့် သိပ်မဝေးသည့်နေရာတွင် ရပ်နေသော အောင်းရုံက သူတို့၏စကားများကို ကြားသောအခါ ရောက်ချလာသည်။

မိုဝူကျိုက ခေါင်းငြိမ့်ကာ

"ဟုတ်ပါတယ်... ကျုပ်က နယ်လှည့်ကျင့်ကြံသူ တစ်ယောက် အမှန်ပါပဲ"

အောင်းရုံက လက်နှစ်ဖက်ယှက်ကာ ပြောလိုက်သည်။

"ငါက အောင်းမျိုးနွယ်က အောင်းရုံပါ။ မင်း ငါ့အောင်းမျိုးနွယ်ကို ဝင်ပါ့လား။ ငါ့အောင်းမျိုးနွယ်က နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲမှာ ထိပ်တန်းအင်အားစု တစ်ခုလို့ သေချာပေါက် ပြောလို့ရတယ်"

အောင်းရုံက မိုဝူကျိုအား လာရောက် ဖိတ်ခေါ်သည်ကို မြင်သောအခါ လျန်လင်းယွင် မြန်မြန် ပါးစပ်ပိတ်လိုက်သည်။ အောင်းမျိုးနွယ်နှင့် ယှဉ်ပါက ဟဲကျန့်နတ်ဘုရားမြို့မှာ အလွန့်အလွန်ကို နိမ့်ပါးပေသည်။

အောင်းမျိုးနွယ်သည် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲတွင်သာမက များစွာသော ထိပ်သီးဂိုဏ်းများတွင်လည်း အင်အားစုများ ရှိသည်။ နတ်ဘုရားကုန်းမြေရှိ မျိုးနွယ်မိသားစုများအနက်

အောင်းမျိုးနွယ်မှာ သချာပေါက် ထိပ်တကာ့ထိပ်ခေါင် ဖြစ်လေသည်။

အောင်းရုံ၏ နာမည်ကို ကြားလိုက်သောအခါ မိုဝူကျိကသဘောမကျ ဖြစ်သွားသည်။ သူ ဤင်တိကို သိသည်။ ဤင်တိသည် စုစုပေါင်းရမှတ်(၅၂၂)ဖြင့် ရလဒ်ကောင်းကောင်းရကာ အဆင့်(၈)နေရာကို ချိတ်ခဲ့သည်။

သို့သော် နတ်ဘုရားကုန်းမြေတစ်ခုလုံးတွင် သူ ကြည့်မရဆုံး မျိုးနွယ်စုမှာ အောင်းမျိုးနွယ် ဖြစ်သည်။ အကယ်၍ ချီခွန်း၏ အကူအညီကြောင့်သာ မဟုတ်လျှင် မိုးကောင်းကင်နတ်ဘုရားမြို့ထဲ၌ အောင်းမျိုးနွယ် သတ်၍ သူ သေနေလောက်ပြီ။

"ကျုပ် ခုလောလောဆယ် တခြားဘယ်နေရာကိုမှ သွားဖို့ စိတ်ကူးမရှိဘူး"

မိုဝူကျိက စိတ်မဝင်စားသော အမူအယာဖြင့် အောင်းရုံအား ငြင်းလိုက်၏။

နယ်လှည့်ကျင့်ကြံသူတစ်ယောက်က သူ့အား ငြင်းဆိုသည်ကို ကြားသောအခါ အောင်းရုံ၏ မျက်နှာမှာ မည်းမှောင်သွားသည်။

သူက တစ်ချက်ရယ်လိုက်ပြီး လှည့်ပြန်သွားသည်။ မိုဝူကျိအား ဘာမှဆက်မပြောတော့ချေ။

ဤအခိုက်တွင် အရှေ့၌ရှိနေသော လူလတ်ပိုင်းကျင့်ကြံသူက ကျယ်လောင်စွာ ပြောလိုက်သည်။

“ဒီမှာရပ်နေတယ်ဆိုတော့ မင်းတို့တွေဟာ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ရဲ့ တပည့်တွေ ဖြစ်သွားပြီလို့ ဆိုလိုတာပဲ။ ငါ့နာမည်က ယွီနိုသဲ။ မင်းတို့သွားချင်တဲ့နေရာကို ငါ ပို့ပေးမယ်။ မင်းတို့အားလုံးကို မပို့ခင် ကျောင်းတော်ရဲ့စည်းကမ်းတွေကို ပြောပြဖို့ လိုတယ်”

ယွီနိုသဲက ခဏရပ်လိုက်သည်။ ခန်းမထဲရှိ လူအားလုံး ငြိမ်ကျသွားပြီးနောက်မှ သူက ဆက်ပြောလိုက်သည်။

“နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ရဲ့ စည်းကမ်းတွေက အရမ်းရှင်းပါတယ်။ တကယ်တော့ တစ်ခုပဲရှိတယ်။ အနာဂတ်မှာ မင်းတို့ ဘယ်နေရာပဲ ရောက်နေပါစေ မင်းတို့တွေဟာ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်က လာခဲ့တယ်ဆိုတာ အမြဲ သတိရနေရမယ်။ မင်းတို့ဟာ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ရဲ့ တပည့်ဖြစ်ပါတယ်ဆိုပြီး အကျယ်ကြီး ထုတ်ပြောပြရမယ်”

သိသာစွာပင် ဤနေရာ၌ ရှိနေသော ကျင့်ကြံသူ အများစုက ဤစည်းကမ်းကို သိကြသည်။ သို့သော် မိုဝူကျိကား နည်းနည်း အံ့သြသွား၏။ ထိုမျှလောက် လွယ်သည်လား။ စည်းကမ်းတစ်ခုပဲ ရှိတယ်လား။ ဆိုလိုတာက နောင်အနာဂတ်မှာ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ကို သစ္စာဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ သူတို့တွေက ကျောင်းတော်မှ လာခဲ့ကြောင်း ပြောပြသရွေ့ ကိစ္စမရှိဘူးလား။

## အခန်း(၉၉၈) : ကျုပ် စီနီယာအစ်ကိုတစ်ယောက် အသိအမှတ်ပြုဖို့ စိတ်ကူးမရှိဘူး

ယွီနိုသဲသည် ထိုစည်းကမ်းကို ပြောပြပြီးနောက် သူက ခဏလောက် စောင့်ပြီးမှ ဆက်ပြောလိုက်သည်။

"အဲ့ဒီစည်းကမ်းအပြင် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲကို ဝင်လာတဲ့သူတွေက အထူးတာဝန်တွေ ထမ်းဆောင်ပြီးမြောက်ဖို့ လိုတယ်။ ဘယ်နေရာကိုပဲ သွားသွား အလုပ်တာဝန် ဒါမှမဟုတ် အထူးတာဝန်တွေကို ပြီးမြောက်အောင် ဆောင်ရွက်ဖို့အတွက် ကျောင်းတော်ရဲ့အထူးတာဝန်ခန်းမဆီကို သွားဖို့လိုတယ်။

အလုပ်တာဝန် အရေအတွက်တွေနဲ့ ရှင်းပြချက်တွေကို မင်းတို့ရဲ့ ကျောက်စိမ်းတံဆိပ်ပြားထဲမှာ ရှာကြည့်နိုင်တယ်။

နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်က အယူအစွဲ မရှိဘူး။ ကြိုက်တဲ့နေရာမှာ နေဖို့နဲ့ ကြိုက်တဲ့အင်အားစုကို ဝင်ဖို့ကို မင်းတို့တွေ ရွေးချယ်နိုင်တယ်။ ဒါပေါ့ ဘယ်နေရာကိုမှ မဝင်ဘဲ အပြင်တပည့်ပဲ လုပ်ချင်ရင်လည်း လုပ်လို့ရတယ်။ အားလုံးပဲ မှတ်ထားကြပါ။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲ ဝင်ပြီးသွားရင်တော့ မင်းတို့ နတ်ဘုရားအုပ်စိုးသူအဆင့်ကို ရောက်မှပဲ အတွင်းတပည့် ဖြစ်လာမှာ ဖြစ်တယ်။ ကဲ… အဆင့်(၁)ကျီဖေးယန် ရှေ့ထွက်လာခဲ့ပါ”

ကျီဖေးယန်သည် အရှေ့ဆုံး၌ ရပ်နေပြီးသား ဖြစ်သည်။ သူ့နာမည်ကို ကြားသောအခါ သူက ယွီနိုသဲဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားလိုက်သည်။

ယွီနိုသဲက ကျီဖေးယန်ကို သိုလှောင်လက်စွပ် တစ်ကွင်း ပေးလိုက်သည်။

“လက်စွပ်ထဲမှာ မင်းရဲ့ သက်သေခံ တံဆိပ်ပြားကို တွေ့လိမ့်မယ်။ အထဲမှာ နိဗာနအမှတ် ၅၀၀ ပါတယ်။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ နိဗာနအမှတ်တွေကို ကျောင်းတော်ထဲမှာကော နိဗ္ဗာန်တာအိုမြို့ထဲမှာပါ သုံးလို့ရတယ်။

မင်းက အဆင့်(၁)နေရာရထားတာဆိုတော့ နတ်ဘုရားဝိညာဉ်စွမ်းအားနယ်မြေကို တစ်နှစ် ဝင်ခွင့်ရှိတယ်။ ပြီးတော့ တာအိုသစ်သီးတစ်လုံး၊ နိဗ္ဗာန်မြစ်ကို ဝင်ဖို့နေရာလွတ် ၃ နေရာစာ၊ သဟဇာတနတ်ဘုရားတစ်ယောက်ရဲ့ တာအိုဆွေးနွေးပွဲကို တစ်ကြိမ် နားကြားခွင့်နဲ့ စာကြည့်တိုက်ထဲကနေ လျှို့ဝှက်ပညာရပ်တစ်ခု ရယူခွင့်တို့ကိုလည်း ရမယ်။ အခု မင်း ဘယ်နေရာကို သွားဖို့ ရွေးချယ်မလဲ”

ကျီဖေးယန်သည် သိုလှောင်လက်စွပ်ကို လက်ခံလိုက်ပြီး တလေးတစား ဦးညွှတ်လိုက်ကာ ပြောလိုက်သည်။

“ဒီတပည့်က ကြယ်ဖုံးတောင်ကပါ… ဒါကြောင့် ကျွန်တော် ကြယ်ဖုံးတောင်ကို ဝင်ဖို့ ရွေးချယ်ပါတယ်”

“ကောင်းပြီ။ ကြယ်ဖုံးတောင်ကို ဝင်ချင်တဲ့ နောက်ထပ် တခြားတပည့်တွေ ရှိရင် ထွက်လာပြီး မင်းတို့ရဲ့ သက်သေခံ တံဆိပ်ပြားကို ယူပြီး အစီအရင်တံခါးထဲ ဝင်လိုက်ကြပါ”

ယွီနိုသဲက အစီအရင်တံခါးပေါက်၏ ဘေးမှ ခလုတ်အား နှိပ်လိုက်သည်။ ကူးပြောင်းအစီအရင်အထက်တွင် "ကြယ်ဖုံးတောင်" ဟူသည့် စကားလုံး ၃ လုံးပေါ်လာသည်။

ကြယ်ဖုံးတောင်ကို ဝင်မည့် နောက်ထပ် ဒုတိယလူ ထွက်မလာချေ။ ကြယ်ဖုံးတောင်သည် အားကောင်းသော်လည်း ထိပ်ဆုံး ၅၀၀ ထဲတွင်ပါသည့် တစ်ဦးတည်းသောသူမှာ ကျိဖေးယန် ဖြစ်သည်။

ကျိဖေးယန်က အစီအရင်တံခါးဆီသို့ ဝင်သွားလိုက်ပြီးနောက် ကူးပြောင်းအစီအရင်သည် လျှင်မြန်စွာ ပြိုးပျက်ဝင်းလက်သွားသည်။ မကြာမီပင် ကျိဖေးယန် ပျောက်ကွယ်သွားသည်။

မိုဝူကျိက ရင်ထဲ တွေးလိုက်၏။

"ဒီနိဗ္ဗာန်အသိပညာရပ်ကျောင်းတော်က တကယ့်ကို အယူအစွဲ မရှိတာပဲ။ ဒါကလည်း ကျောင်းတော်က ခပ်ပေါ့ပေါ့ သဘောထားတယ်ဆိုတာ ပြနေတာပဲ။ ဒါပေမဲ့ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်က နတ်ဘုရားကုန်းမြေမှာ နှစ်တွေအကြာကြီး မားမားမတ်မတ် ရပ်တည်နေနိုင်ပြီး နတ်ဘုရားကုန်းမြေထဲက ထူးချွန်အဆင့်အတန်း

တစ်ခုအဖြစ်လည်း နေနိုင်ခဲ့တယ်။ မြင်ရသလောက် မရိုးရှင်းတာတော့ အမှန်ပဲ။ တကယ်လို့ ယွီနိုသဲ ပြောတဲ့အတိုင်းသာ အမှန်ဆိုရင် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်မှာ သဟဇာတနတ်ဘုရားတွေ ဘယ်လောက်အများကြီးပဲ ရှိရှိ နောက်ဆုံးကျ မလွဲမသေ ပျောက်ကွယ်တိမ်ကောမှုကြီးကို တွေ့ကြုံရလိမ့်မယ်”

“အဆင့်(၂)နေရာ… ရှုကျယ်… ထွက်လာပြီး ဆုလာယူပါ။ တစ်လက်စတည်း မင်း ဘယ်နေရာကို ဝင်ချင်လဲဆိုတာ ပြောပြပါလား”

ကျီဖေးယန် ထွက်သွားပြီးနောက် ယွီနိုသဲက ဆက်ပြောလိုက်၏။

ရှုကျယ်သည် ကျင့်ကြံသူများအစုအရုံးအဖွဲ့မှ လာသည်။ သူ့ဆုများကို လက်ခံပြီးနောက် သူကလည်း ကျင့်ကြံသူများအစုအရုံး အဖွဲ့ကို ဝင်ရန် တစ်ယောက်တည်း ထွက်သွားသည်။

လူအယောက် ၅၀၀ သည် ကြည့်ရသည်မှာ များပုံပေါ်သော်လည်း အများစုမှာ နတ်ဘုရားကုန်းမြေ၏ နတ်ဘုရားမြေမြင့် အနှံ့အပြားမှ အရွေးခံထားရခြင်း ဖြစ်သည်။ နတ်ဘုရားမြေမြင့်တွင် ဂိုဏ်းကြီးများနှင့် အင်အားစုများ၏

အရေအတွက်မှာ သေချာပေါက် ၅၀၀ ထက် ကျော်လေသည်။ သို့ဖြစ်ရာ ဂိုဏ်းများစွာနှင့် အင်အားစုများစွာတွင် အများဆုံး ကိုယ်စားပြု တပည့်တစ်ယောက်သာ ပါလေသည်။ နှစ်ယောက်ဆိုပါက မှုမမှန်မှုတစ်ခုဟု ယူဆ၍ရနေလေပြီ။

**အဆင့်(၃)နေရာ... နတ်ခေးသွားနန်းတော်မှ စစ်ခုန်းမြောင်**

သူက သူ့ဆုများကို လက်ခံရယူပြီးနောက် တစ်ယောက်တည်း ထွက်သွားသည်။

ကျီဖေးယန်သည် နိဗ္ဗာနအမှတ် ၅၀၀ မှတ်နှင့် ရှုကျယ်သည် နိဗ္ဗာနအမှတ် ၄၉၉ မှတ်ရကာ စစ်ခုန်းမြောင်သည် နိဗ္ဗာနအမှတ် ၄၉၈ မှတ်ရကြောင်း မိုဝူကျိက ရှာဖွေတွေ့ရှိသည်။ ဤအချက်များအပေါ်မူတည်၍ တွက်ချက်ကြည့်ပါက သူသည် နိဗ္ဗာနအမှတ် ၄၇၉ မှတ်ရမည့်ပုံပေါ်သည်။ နိဗ္ဗာနအမှတ်၏ အသုံးဝင်မှုအား သူ မသိပေ။ အထူးတာဝန်ခန်းမဆီ သွားမေးကြည့်ရပေလိမ့်မည်။

“အဆင့်(၄)နေရာ...ပိုင်ယွဲ့... ရှေ့ထွက်ပြီး ဆုလာယူပါ။ ပြောပါဦး... မင်းကော ဘယ်နေရာကို ဝင်ချင်လဲ”

ယွီနိုသဲ၏ စကားများသည် တစ်ပုံစံတည်း ဖြစ်နေသည်မှာ သိသာလှ၏။

လျှော်ချည် အဝတ်အစားနှင့် ကျင့်ကြံသူ လူငယ်တစ်ယောက်က ရှေ့ထွက်လာသည်။ ဤလူငယ်ကို ကြည့်ရသည်မှာ သာမန်ဖြစ်ပုံပေါ်ကာ ဘာမှထူးထူးခြားခြား ရှိပုံလည်း မပေါ်ပေ။

မိုဝူကျိက အဆင့်နေရာပြ ပိတ်ကားကို မြင်ပြီးပြီဖြစ်ကာ ဤပိုင်ယွဲ့သည် သူ့လို နယ်လှည့်ကျင့်ကြံသူဖြစ်ကြောင်း သိသည်။ သူ့ရင်ထဲတွင် ပိုင်ယွဲ့က နယ်လှည့်ကျင့်ကြံသူ အစည်းအရုံးဆီမှ ကျောက်စိမ်းတံဆိပ်ပြားကို မည်ကဲ့သို့ ရယူနိုင်ခဲ့တာလဲဟု သိချင်နေမိသည်။

ပိုင်ယွဲ့က သိုလှောင်လက်စွပ်အား လက်ခံရယူလိုက်ပြီးနောက် သူက လေးစားစွာ တုံ့ပြန်လိုက်သည်။

"ဒီတပည့်က သေမျိုးနယ်မြေကို သွားချင်ပါတယ်"

ယွီနိုသဲ၏ မျက်နှာပေါ်တွင် မည်သည့် ခံစားချက်မှမရှိသော အမူအယာတစ်ခုက အမြဲနေရာ ယူထားသည်။ သို့သော် ပိုင်ယွဲ့က သေမျိုးနယ်မြေကို ဝင်ချင်သည်ဟု ကြားလိုက်ရသည့်အချိန်တွင် သူက မသိမသာလေး ဆတ်ခနဲ တုန်သွားသည်။ သူတစ်ဦးတည်းသာ မဟုတ်ပေ။ ခန်းမရှိ လူအားလုံးက အံ့သြသွားကြသည်။

အဘယ်ကြောင့် သေမျိုးနယ်မြေကို ဝင်ချင်သောသူ ရှိနေသနည်း။ ဤသည်မှာ အရမ်းကို ရယ်စရာကောင်းမနေဘူးလား။

ပိုင်ယွဲ့က သူ့လိုပင် သေမျိုးနယ်မြေကို ဝင်ချင်လိမ့်မည်ဟု မိုဝူကျိုက မထင်ထားပေ။ ဤငတိသည်လည်း အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံသည်များလော။ သို့သော် ဤသို့လည်း ဖြစ်ပုံမပေါ်ပေ။ ဤငတိ၏ ဝိညာဉ်အရှိန်အဝါက သူ့ဘေးပတ်လည်တွင် လှည့်လည် ဝန်းရံနေသည်။ သိသာစွာပင် သူ့ဝိညာဉ်ကြောများ၏ အရည်အသွေးမှာ မဆိုးလှပေ။

“မင်းက သေမျိုးနယ်မြေကို ဝင်ချင်တာလား”

ယွီနိုသဲက သူ နားကြားမှားသည်ဟု တွေးကာ နောက်တစ်ကြိမ် ထပ်မေးလိုက်သည်။

ပိုင်ယွဲ့က ဦးညွှတ်ကာ ပြောလိုက်သည်။

“ဟုတ်ကဲ့… ဒီတပည့်က သေမျိုးနယ်မြေကို ဝင်ချင်ပါတယ်”

ယွီနိုသဲက သူ့ပုံမှန်မျက်နှာထား ပြန်ဖြစ်သွားပြီဖြစ်သည်။ သူက ရှင်းပြလိုက်သည်။

“သေမျိုးနယ်မြေမှာ ဘယ်သူမှမရှိဘူး။ ဒါ့အပြင် အဲ့ဒီက နတ်ဘုရားဝိညာဉ် စွမ်းအားတွေက နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်တစ်ခုလုံးမှာ အဆိုးဆုံးပဲ။ တကယ်လို့ မင်း အဲ့ဒီကို

သွားမယ်ဆိုရင် အဲဒီမှာ မင်းကို လျို့ဝှက်ပညာရပ်တို့ ကျင့်စဉ်တို့တွေ ပေးမယ့်သူ ဘယ်သူမှမရှိဘူး။ သေမျိုးနယ်မြေကို သွားချင်တာ သေချာပြီလား”

ပိုင်ယွဲ့က ဦးညွှတ်နေဆဲဖြစ်ကာ

“ဟုတ်ကဲ့... ဒီတပည့်က သေမျိုးနယ်မြေကို သွားချင်တာ သေချာပါတယ်”

ယွီနိုသဲက ခေါင်းငြိမ့်လိုက်ကာ

“ဒါက မင်းရဲ့ရွေးချယ်မှုပဲ။ ကူးပြောင်းအစီအရင်ထဲ ဝင်နိုင်ပြီ။ အော် ဟုတ်သားပဲ... သေမျိုးနယ်မြေကို သွားချင်တဲ့သူ နောက်ထပ်ရှိသေးလား”

ယွီနိုသဲအနေနှင့် သေမျိုးနယ်မြေသို့ သွားမည့်သူ တစ်ယောက်ရှိနေခြင်းကပင် နှစ်ပေါင်းများစွာနေမှ ဖြစ်သော ထူးကဲမှုတစ်ခု ဖြစ်နေပြီ ဖြစ်သည်။ သွားချင်သည့်သူ ဒုတိယတစ်ယောက် ထပ်ရှိဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်ချေ။ သို့သော် သူက သူ့တာဝန်အရ ကြေညာမှုကို ပြုလိုက်သည်။

တခြားသူများကလည်း သေမျိုးနယ်မြေကို ဝင်ချင်သည့်သူ ရှိလိမ့်မည် မဟုတ်ဟု တွေးထားကြသည်။ ဤအချိန်၌ပင်

နောက်ထပ်လူတစ်ယောက်က မတ်တပ်ထရပ်လိုက်ကာ ပြောလိုက်သည်။

"ဒီတပည့်က သေမျိုးနယ်မြေကို သွားချင်ပါတယ်"

ယွီနိုသဲ၏ မျက်နှာမှာ တင်းမာသွားသည်။ တခြားလူအားလုံးကလည်း ဘာတွေ ဖြစ်ပျက်နေသည်ကို နားမလည်နိုင်တော့ချေ။ သေမျိုးနယ်မြေထဲတွင် ရတနာတွေ ဘာတွေများ ရှိနေသည်လော။ အဘယ်ကြောင့် ထိုနေရာသို့ သွားချင်သည့်လူ နောက်တစ်ယောက် ရှိနေရသနည်း။

မတ်တပ်ထရပ်လိုက်သည့်သူမှာ မိုဝူကျို ဖြစ်သည်။ သူ၏ အစိက ရည်ရွယ်ချက်မှာ သေမျိုးနယ်မြေသို့ သွားရန်ဖြစ်လေရာ ထိုနေရာသို့ သွားရန် ရွေးချယ်မည်သာ ဖြစ်၏။

တစ်ခုပဲရှိသည်မှာ သေမျိုးနယ်မြေတွင် လူမရှိတော့သည့်အဖြစ်အား မိုဝူကျိုက မသိပေ။ မိုဝူကျိုအား သေမျိုးနယ်မြေအကြောင်း ပြောပြသော ချီခွန်းက ထိုအကြောင်းကို သိပ်အများကြီး မရှင်းပြခဲ့ချေ။ ချီခွန်း ပြောပြစဉ်က အချိန်ဖြုန်းရုံ သက်သက်သာ ဖြစ်သည်။

ပထမအချက်... မိုဝူကျိုသည် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲသို့ ဝင်နိုင်လိမ့်မည်

မဟုတ်မှန်း သူက သေချာသိသည်ဖြစ်ရာ ကြုံရာကျပန်း ပြောပြလိုက်ခြင်းသာ ဖြစ်သည်။ ဒုတိယအချက်... အကယ်၍ ကျောင်းတော်ထဲသို့ မိုဝူကျိက ဝင်နိုင်ခဲ့လျှင်ပင် သေမျိုးနယ်မြေသို့ တကယ်ကြီး သွားရန်မှာ မိုဝူကျိ၏ ခေါင်း ရွဲ့စောင်းနေမှသာ ဖြစ်ပေလိမ့်မည်။

"မင်းကလည်း သေမျိုးနယ်မြေကို ဝင်ချင်တာလား"

အချိန်နည်းနည်းကြာပြီးမှ ယွီနိုသဲက မေးလိုက်သည်။

ပိုင်ယွဲ့က မိုဝူကျိအား တအံ့တသြ ကြည့်လိုက်သည်။ မိုဝူကျိက အဘယ်ကြောင့် သေမျိုးနယ်မြေကို ဝင်ချင်မှန်း သူ နားမလည်ပေ။ မိုဝူကျိက သူ့ကိုများ လေးစားအားကျနေသည်လော။ သို့သော် သူက မိုဝူကျိအား သိပင်မသိပေ။

"ဟုတ်ကဲ့... ဒီတပည့်က သေမျိုးနယ်မြေကို ဝင်ချင်ပါတယ်"

မိုဝူကျိက ပြတ်ပြတ်သားသား ပြောလိုက်သည်။

"ကောင်းပြီလေ... မင်းရဲ့နာမည်က..."

ယွီနိုသဲက ထို့ထက်ပို မမေးတော့ချေ။ တပည့်တစ်ယောက်က နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲသို့ ဝင်ရောက်နိုင်သရွေ့ ဘယ်နေရာ၊ ဘယ်အဖွဲ့သို့ဝင်မည့်ကိစ္စမှာ ထိုတပည့်၏ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ဖြစ်သည်။

မိုဝူကျိုက ဦးညွှတ်လိုက်ကာ

“ဒီတပည့်က နယ်လှည့်ကျင့်ကြံသူ၂၇၀၅ ပါ”

နယ်လှည့်ကျင့်ကြံသူ၂၇၀၅ သည် နိဗ္ဗာနတာအိုမြို့ထဲတွင် အလွန်ကျော်ကြား လူသိများသော်လည်း ဤနေရာတွင်တော့ မည်သူမျှ သူ့ကို မသိချေ။ သူတို့သိသည့် တစ်ခုတည်းသောအရာမှာ နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ ၏ ရလဒ်မှာ သိပ်မဆိုးကြောင်းနှင့် သူက ထိပ်ဆုံး ၃၀ အတွင်း ဝင်သည့် အကြောင်းသာ ဖြစ်သည်။

သို့ဖြစ်၍ မိုဝူကျိုက သူ့နာမည်ကို ပြောပြသည့်အချိန်တွင် မည်သူကမျှ ထူးဆန်းသည်ဟု မတွေးမိပေ။ အားလုံးက သိချင်စိတ်သာ ရှိကြသည်။ နယ်လှည့်ကျင့်ကြံသူ တစ်ယောက်အနေနှင့် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲ ဝင်ရောက်နိုင်ဖို့မှာ အလွန်ခက်ခဲလေသည်။ အဘယ်ကြောင့်များ သူက သေမျိုးနယ်မြေသို့ သွားချင်ရသနည်း။

**မိုဝူကျိုက နယ်လှည့်ကျင့်ကြံသူ၂၇၀၅ လား....**

လျန်လင်းယွင်မှာ အလန့်တကြား ထအော်မိတော့မလို ဖြစ်သွားသည်။ အချိန်တစ်ခုကြာပြီးမှ သူက တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်သွားသည်။ မိုဝူကျိုအကြောင်း မကြားဖူးသော်လည်း

နယ်လှည့်ကျင့်ကြံသူ၂၇၀၅ အကြောင်းအား သူ သိသည်။ နယ်လှည့်ကျင့်ကြံသူ၂၇၀၅ သည် အဆင့်(၂၂)နေရာကို ရထားသည်။ သူက သူ့ခေါင်းကို မချင့်မရဲဖြင့် ရိုက်ပစ်လိုက်သည်။ သူက မိုဝူကျိအား အဆင့်(၅၀၀)နေရာနားတွင် ရှိသည်ဟု ထင်မိသည်။ ထိပ်ဆုံး ၃၀ ထဲဝင်သည့်သူ ဖြစ်နေမည်ဟု လုံးလုံး မထင်ထားမိပေ။

စစ်ဆေးဆုံးဖြတ်မှုတွင် ထိပ်ဆုံး ၃၀ ယောက်ထဲ ဝင်သူများမှာ သေချာပေါက် ကျွမ်းကျင်သူများထဲမှ ကျွမ်းကျင်သူများ ဖြစ်၏။

ယွီနိုသဲက သူ့လက်ထဲရှိ ကျောက်စိမ်းစာရွက်အား ကြည့်လိုက်သည်။ သူက အံ့အားတကြီး ပြောလိုက်သည်။

"နယ်လှည့်ကျင့်ကြံသူ၂၇၀၅... မင်းက အဆင့်(၂၂)လား"

မိုဝူကျိက တလေးတစား ပြောလိုက်သည်။

"ဟုတ်ပါတယ်... ဒီတပည့်က အဆင့်(၂၂)နေရာကပါ"

ယွီနိုသဲက ပိုင်ယွဲ့အား လှည့်ကြည့်လိုက်သည်။ သူ့

**စိတ်ထဲတွင် သူက တွေးနေသည်မှာ...**

**ဘယ်တုန်းကများ အစွမ်းထက်တဲ့ နယ်လှည့်ကျင့်ကြံသူတွေ အများကြီး ရှိသွားတာလဲ...**

သူက မိုဝူကျိအား သိုလှောင်လက်စွပ်တစ်ကွင်း ပေးကာ ပြောလိုက်သည်။

“ဒါတွေက မင်းဟာတွေ။ အထဲမှာ မင်းရဲ့ ဂိုဏ်းဝတ်စုံ၊ သက်သေခံတံဆိပ်ပြားနဲ့ နိဗ္ဗာနအမှတ်တွေ ရှိတယ်။ မင်းနဲ့ ပိုင်ယွဲ့နဲ့ ကူးပြောင်းအစီအရင်ထဲ အတူတူဝင်ပြီး သေမျိုးနယ်မြေဆီ သွားရမယ်”

မိုဝူကျိက ကူးပြောင်းအစီအရင်ဆီ လျှောက်သွားလိုက်ပြီးနောက် ယွီနိုသဲက ဘေးမှ ခလုတ်ကို ဖိနှိပ်လိုက်သည်။ “သေမျိုးနယ်မြေ” ဟူသော စာလုံးများက သူတို့အပေါ်၌ ပေါ်လာသည်။ အလင်းဖျော့ဖျော့လေးက မိုဝူကျိနှင့် ပိုင်ယွဲ့တို့၏ ဘေးပတ်လည်တွင် ဝန်းရံလွှမ်းမိုးလာပြီးနောက် သူတို့နှစ်ယောက်စလုံး ပျောက်ကွယ်သွား၏။

..........................

တစ်ခဏချက်ချင်းပင် မိုဝူကျိနှင့်ပိုင်ယွဲ့တို့သည် မာကျောသော မြေကြီးပေါ်သို့ ရောက်ရှိသွားသည်။ သူတို့နှစ်ယောက်အား ဆွံ့အသွားစေသည်မှာ သူတို့သည် ကျတ်တီးနယ်မြေ သဲကန္တာရတစ်ခုထဲ ရောက်ရှိနေသည့်အချက် ဖြစ်သည်။ ကန္တာရအလယ်၌ မိုးဒဏ်လေဒဏ်ကြောင့် လွင့်ပြယ်နေပြီ

ဖြစ်သော ကျောက်စာတိုင် တစ်တိုင်ရှိ၏။ ကျောက်စာတိုင်ပေါ်တွင် "သေမျိုးနယ်မြေ" ဟူသော စကားလုံးတချို့ကို ရေးရေးလေး မြင်နိုင်လေသည်။

ဤကျောက်စာတိုင်မှလွဲ၍ ပျက်စီးယိုယွင်းနေသော အိမ်အချို့လည်း ရှိလေသည်။ သူတို့နှစ်ယောက် မြေပေါ် ဆင်းသက်လိုက်သည့်အခိုက် ထိုအိမ်များသည် အာကာပြင်လှိုင်းများအောက်တွင် ပျက်စီးပြိုလဲကုန်လေ၏။

ယခင် သေမျိုးနယ်မြေတွင် လူ နှစ်ယောက် သုံးယောက်လောက် ရှိသည်ဟု မိုဝူကျိက ချီခွန်းဆီမှ ကြားခဲ့သည်။ ကိုယ်တိုင်လာကြည့်မိကာမှသာ ချီခွန်းသည် ဤနေရာတွင် ဘယ်လိုအခြေအနေရှိနေခြင်းပင် မသိကြောင်း မိုဝူကျိက သဘောပေါက်သွားသည်။

သေမျိုးနယ်မြေ၏ အလွန်ကို ကြည့်လိုက်ပါက တောင်တန်းများနှင့် မြစ်များကို မြင်ရလေသည်။ သို့သော် ထိုတောင်တန်းများနှင့် မြစ်များသည် သေမျိုးနယ်မြေနှင့် ဘာမှမသက်ဆိုင်ပေ။ ထို့အပြင် ယွီနိုသဲ ပြောပြသည့်အတိုင်း ဤနေရာရှိ နတ်ဘုရားဝိညာဉ်စွမ်းအားမှာ အလွန်အားနည်းလေသည်။

ပိုင်ယွဲ့၏အကြည့်က မိုဝူကျိဆီ ရောက်သွားသည်။ သူက ဖြည်းဖြည်းချင်း ပြောလိုက်သည်။

"ကျုပ်တို့တွေ အချင်းချင်း မိတ်ဆက်ကြရအောင်။ ကျုပ်နာမည်က ပိုင်ယွဲ့... ကျုပ်က လေလွင့်ကျင့်ကြံသူ စစ်စစ်ပါ။ ခင်ဗျားမှာ နာမည်တစ်ခုတော့ ရှိမှာပေါ့... နယ်လှည့်ကျင့်ကြံသူ၂၇၀၅ ပဲ မဟုတ်ဘူးမလား"

မိုဝူကျိက ခေါင်းငြိမ်ကာ ပြောလိုက်သည်။

"ကျုပ်က မိုဝူကျိပါ။ ကျုပ်လည်းပဲ နယ်လှည့်ကျင့်ကြံသူ တစ်ယောက် စစ်စစ်ပါဗျာ"

ပိုင်ယွဲ့သည် အနည်းငယ် လေးနက်သွားကာ တုံ့ပြန်လိုက်သည်။

"သေမျိုးနယ်မြေမှာ ကျုပ်တို့နှစ်ယောက်တည်းပဲ ဆိုတော့... ဒီလိုဆိုရင် ဘယ်လိုလဲ... ကျုပ်က စီနီယာအစ်ကို လုပ်ပြီး မင်းက ဂျူနီယာညီလေး လုပ်ပေါ့။ ဒါပေါ့... တကယ်လို့ မင်း မသိတာရှိရင် ကျုပ်ကို ဘယ်ချိန်မဆို လာမေးလို့ရတယ်"

မိုဝူကျိက ဂရုမစိုက်စွာ ပြောလိုက်သည်။

"ကျုပ် မသိတာ ဘာမှမရှိသလို စီနီယာအစ်ကိုတစ်ယောက်လည်း အသိအမှတ်ပြုဖို့ စိတ်ကူးမရှိဘူး။ သေမျိုးနယ်မြေက

အကြီးကြီးပဲလေ။ ခင်ဗျားလည်း ခင်ဗျားလမ်း ခင်ဗျားလျှောက်... ကျုပ်လည်း ကျုပ်လမ်း ကျုပ်လျှောက်မယ်”

မိုဝူကျိသည် စိုက်ပျိုးရေးကေရာဇ်၏ သဲလွန်စကို ရှာဖွေရန် ဤနေရာသို့ လာခဲ့သည်။ အကြောင်းမှာ သူ၏ အမွေအနှစ်သည် အင်မော်တယ် မော်တယ်ကျင့်စဉ် ဖြစ်သောကြောင့်ဖြစ်သည်။ အကယ်၍ ပိုင်ယွဲ့သည် သေမျိုးနယ်မြေ၏ မူလနေထိုင်သူ တစ်ယောက်သာ ဖြစ်ခဲ့ပါက ပိုင်ယွဲ့အား စီနီယာအစ်ကိုဟု ခေါ်ရလည်း ကိစ္စမရှိပေ။ သို့သော် ပိုင်ယွဲ့သည် သူ့လိုပင် ဤနေရာသို့ စရောက်ခါစ ဖြစ်သည်။ ထို့အပြင် မိုဝူကျိသည် ပိုင်ယွဲ့ ဤနေရာသို့လာရသည့် ရည်ရွယ်ချက်အား မသိပေ။ ထို့ကြောင့် မိုဝူကျိသည် တွေ့ကရာလူကို သူ့စီနီယာအစ်ကိုအဖြစ် အသိအမှတ်ပြုမည် မဟုတ်ပေ။

## အခန်း(၉၉၉) : ဘယ်သူက စီနီယာအစ်ကိုလဲ

ပိုင်ယွဲ့က အေးစက်စွာ မဲ့လိုက်ကာ

“တကယ်လို့ ကျုပ်တို့ အခြေခံမှုတွေ မချမှတ်ဘူးဆိုရင် သေမျိုးနယ်မြေကို ပြန်လည်အသက်ဝင်လာစေဖို့

ဘယ်လိုလုပ်ကြမလဲ။ မင်းက ဆန္ဒမရှိဘူးဆိုမှတော့ တိုက်ပွဲတစ်ပွဲ တိုက်ကြရအောင်။ နိုင်တဲ့သူက စီနီယာအစ်ကို ဖြစ်ပြီး ရှုံးတဲ့သူက ဂျူနီယာညီလေး လုပ်ရမယ်။ ဒီလိုလုပ်ဖို့ ဆန္ဒမရှိဘူးဆိုရင်တော့ သေမျိုးနယ်မြေကနေ ထွက်သွားပေးပါ”

“ခင်ဗျားက သေမျိုးနယ်မြေကို ပြန်လည် အသက်သွင်းချင်တာလား”

မိုဝူကျိုက သံသယမကင်းစွာ မေးလိုက်သည်။

“ဒါပေါ့။ တကယ်လို့ ကျုပ်က သေမျိုးနယ်မြေကို ပြန်အသက်သွင်းဖို့ မရည်ရွယ်ထားရင် ငှက်တွေတောင် ချီးပါ မချချင်တဲ့ ဒီလိုနေရာကို ဘာဖြစ်လို့ လာနေမှာတုန်း”

ပိုင်ယွဲ့က စိတ်ရှုပ်စွာ ပြောလိုက်သည်။

ဤအခြေအနေသို့ ရောက်သည့်အချိန်မှသာ ပိုင်ယွဲ့၏ ကျင့်စဉ်သည် အင်မော်တယ် မော်တယ်ကျင့်စဉ်နှင့် ဆက်စပ်နေမှန်း မိုဝူကျိုက သေချာသွားသည်။ သို့မဟုတ်ပါက သေမျိုးနယ်မြေသို့ လာစရာအကြောင်းလည်း မရှိသလို၊ ဤမြေကို ပြန်လည် အသက်သွင်းချင်စရာ အကြောင်းလည်း မရှိပေ။ အကယ်၍ ပိုင်ယွဲ့က အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံသည်သာ အမှန်ဖြစ်ကာ ထိုအတွက်ကြောင့် ဤမြေကို

ပြန်အသက်သွင်းရန် လာခဲ့ပါက ပိုင်ယွဲ့သည် ကျေးဇူးသိတတ်သူ တစ်ယောက် ဖြစ်ပေလိမ့်မည်။ အင်မော်တယ် မော်တယ်ကျင့်စဉ်အစစ်ကို ရှာဖွေရန်အတွက် ရောက်လာခြင်းလည်း ဖြစ်နိုင်လေသည်။

ဤသို့ တွေးမိကာ မိုဝူကျိက ခေါင်းငြိမ့်ကာ

"ကောင်းပြီလေ"

မိုဝူကျိက သူနှင့်တိုက်ရန် ဆန္ဒရှိကြောင်း ကြားသောအခါ ပိုင်ယွဲ့သည် မိုဝူကျိအား တအံ့တဩ ကြည့်လိုက်သည်။ ခဏလောက်ကြာပြီးမှ သူက ပြောလိုက်သည်။

"မင်းက တကယ်ပဲ ကျုပ်နဲ့ တိုက်ဖို့ ဆန္ဒရှိတယ်လား"

"ခင်ဗျား ကြားတာ မမှားပါဘူး။ ကျုပ် တိုက်ခိုက်ဖို့ ဆန္ဒရှိပါတယ်ဗျ"

မိုဝူကျိက သေချာမှုအပြည့်ဖြင့် ပြောလိုက်သည်။

ပိုင်ယွဲ့က တိုက်ကွက်မထုတ်ပေ။ သူက မိုဝူကျိအား စိုက်ကြည့်လျက် ပြောလိုက်သည်။

"မိုဝူကျိ... ခုနစ်ခုမြောက်စစ်ဆေးမှုမှာ အရုပ်ဘယ်နရုပ်ကို သုတ်သင်နိုင်ခဲ့တာလဲ"

"၂ ရုပ်"

မိုဝူကျိုသည် တစ်ဖက်လူ ဘာတွေးနေသလဲ သိသည်။ သူက တည်ငြိမ်စွာ ပြန်ဖြေလိုက်၏။

ပိုင်ယွဲ့က စကားကို ဖြည်းဖြည်းချင်း ပြောလိုက်သည်။

"ကျုပ် ဘယ်နရုပ် သုတ်သင်နိုင်ခဲ့လဲ သိလား"

သူက မိုဝူကျို ပြန်ဖြေသည်ကို မစောင့်ဘဲ

"နတ်ရုပ် ၆ ရုပ်ကို နိုင်ခဲ့တာ။ တကယ်လို့ ကျုပ်သာ အစွမ်းကုန်ထုတ်သုံးခဲ့ရင် ၇ ရုပ်မြောက်ကိုတောင် သုတ်သင်နိုင်ပြီး စစ်ဆေးဆုံးဖြတ်မှုမှာ အဆင့်(၂)နေရာတောင် ရရင်ရလောက်တယ်ဗျ။ ဒါလဲ မင်းက ကျုပ်နဲ့ တိုက်ခိုက်ချင်သေးတုန်းလား"

ပိုင်ယွဲ့သည် ကြွားဝါပြီး ပြောနေခြင်း မဟုတ်ပေ။ အကယ်၍ သူ အစွမ်းကုန် ထုတ်သုံးခဲ့ပါက သူသည် ကောင်းကင်နတ်ဘုရား အဆင့် ၅ ကျင့်ကြံဆင့်နှင့် နတ်အရုပ်ကိုပင် သုတ်သင်နိုင်လေသည်။ သို့သော် တိုက်ပွဲအပြီးတွင်ကား သူ ဒဏ်ရာအကြီးအကျယ် သေချာပေါက် ရလိမ့်မည် ဖြစ်သည်။

သို့ပေသည့်တိုင် ကောင်းကင်နတ်ဘုရား အဆင့် ၅ နတ်အရုပ်ကို နိုင်လိုက်ခြင်းက သူ့အား နောက်ထပ် အမှတ် (၃၀) ထပ်ရစေလိမ့်မည် ဖြစ်သည်။

"အဲ့ဒါကြောင့်နဲ့ ပြောင်းလဲသွားတာ ဘာရှိလို့လဲ။ ခင်ဗျား အောင်ခဲ့တယ်။ ကျုပ်လည်း အောင်ခဲ့တယ်။ တကယ်လို့ ကျုပ် အစွမ်းကုန် ထုတ်သုံးခဲ့ရင် နတ်အရုပ် ၁၀ လောက်တော့ သုတ်သင်နိုင်တယ်ဗျ"

မိုဝူကျိက တည်ငြိမ်စွာ ပြောလိုက်သည်။ သူလည်းပဲ ကြွားဝါနေခြင်း မဟုတ်ပေ။ သူ၏ လျို့ဝှက်ပညာရပ်များဖြင့် ကောင်းကင်နတ်ဘုရား နောက်ပိုင်းအဆင့် အရုပ်အား အနိုင်ရယူရန်မှာ သူ့အတွက် မဖြစ်နိုင်သည့်အရာ မဟုတ်ပေ။

ထို့အပြင် နတ်အရုပ်များသည် ကျင့်ကြံသူများနှင့် မယှဉ်နိုင်ချေ။ သူတို့တွင် ကျင့်ကြံသူတစ်ယောက်၏ ပြောင်းလွယ်၊ ပြင်လွယ်မှု မရှိပေ။ အဆုံးတွင်တော့ အရုပ်တိုင်းသည် တာဟွမ်ကဲ့သို့ ဝိညာဉ်အသိဉာဏ် ရှိမနေပေ။

ပိုင်ယွဲ့သည် စိတ်ဆိုးစွာ ဒေါသထွက်သွားသော်လည်း သူက စိတ်ပြန်လျှော့လိုက်သည်။ သူက သူ့ဆင်ခြင်တုံတရားကို ထိန်းသိမ်းကာ ပြောလိုက်သည်။

"ကောင်းပြီလေ။ ကြည့်ရတာ မင်းရဲ့ဘဝက အရမ်းကို လွယ်ကူချောမွေ့ခဲ့ပုံပဲ။ မင်းကို သင်ခန်းစာပေးမယ့်သူနဲ့ မတွေ့ရသေးဘူးထင်တယ်။ ဒီလိုဆိုမှတော့ တိုက်ကွက် စထုတ်ပါတော့"

မိုဝူကျိုက ခေါင်းခါလိုက်ကာ

"မဟုတ်ဘူး... ခင်ဗျား အရင် တိုက်ပါ။ ကျုပ် စတိုက်လိုက်တာနဲ့ ခင်ဗျား ပြန်ခုခံဖို့တောင် အခွင့်အရေးရလိုက်မှာ မဟုတ်ဘူး"

"ဟားဟား... မင်းက ကျုပ်စကားနဲ့ ကျုပ်ကို ပြန်ပြောနေတာပဲ..."

ပိုင်ယွဲ့က ကျယ်လောင်စွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။ သူသည် ယုံကြည်ချက် ပြင်းထန်သောသူများကို တွေ့ဖူးသော်လည်း မိုဝူကျိုလောက် ပြင်းထန် အရိုင်းဆန်သူကို တစ်ခါမှ မတွေ့ဖူးပေ။ ရယ်မောပြီးသည့်နောက်တွင် သူ့မှာ တခြားဘာမှပြောစရာ မရှိတော့ပေ။ ခြေတစ်လှမ်းတည်းနှင့် သူက သူနှင့်မိုဝူကျိုကြားမှ အကွာအဝေးကို ချုံ့ပစ်လိုက်သည်။ လေထဲတွင် ရှိနေစဉ် သူက လက်သီးတစ်လုံး ပစ်ခွင်းလိုက်၏။

မိုဝူကျိုကဲ့သို့ ကနဦးနတ်ဘုရား အလယ်အလတ်အဆင့်တွင်ရှိသော ကလေးတစ်ယောက်နှင့် ရင်ဆိုင်ရာတွင် သူ့မှော်ရတနာကို

ထုတ်သုံးစရာ မလိုပေ။ လက်သီးတစ်လုံးသာ လိုသည်။ ဤလက်သီးတစ်လုံးက မိုဂူကျိအား သင်ခန်းစာအချို့ သင်ပေးရန် လုံလောက်နေလေပြီ။

အားကောင်းသော စွမ်းအားစက်ကွင်းတစ်ခုက လွှမ်းမိုးလာသည်။ မိုဂူကျိက စိတ်ထဲတွင် ခေါင်းငြိမ့်လိုက်သည်။ ဤပိုင်ယွဲ့သည် အလွန်အားကောင်းသည်မှာ အမှန်ပင်။ သူ့စွမ်းအားစက်ကွင်းတွင် အာကာပြင်ကန့်သတ်ချက် ပုံစံတချို့ ပါဝင်နေလေသည်။ ဤသည်မှာ သာမန်ကနဦး နတ်ဘုရားတစ်ယောက်က လုပ်နိုင်သည့်အရာမျိုး လုံးဝ မဟုတ်ပေ။

ထွက်ပေါ်ခါစ နတ်ဘုရား သိုက်မြုံထဲတွင် သူသတ်ခဲ့သော ကနဦးနတ်ဘုရား ဆယ်ကျော်မကအနက် မည်သူမျှ ပိုင်ယွဲ့ကို မယှဉ်နိုင်ချေ။

မိုဂူကျိက လှုပ်ပင်မလှုပ်ပေ။ သူက သူ၏ ဝဲကတော့စွမ်းအားစက်ကွင်းကို အပြင်ဘက်သို့ လွှမ်းခြုံစေလိုက်သည်။ ပိုင်ယွဲ့၏ စွမ်းအားစက်ကွင်းသည် ချက်ချင်း လျော့တိလျော့ရဲ ဖြစ်သွားကာ မိုဂူကျိအား ဆက်လက် မထိန်းချုပ်နိုင်တော့ချေ။

မိုဂူကျိက တုန့်ဆိုင်းမနေဘဲ လက်သီးတစ်လုံး ပစ်ခွင်းလိုက်သည်။

# လျို့ဝှက်ပညာရပ် - စွမ်းအားစက်ကွင်းချေဖျက် လက်သီးချက်

အာကာပြင်ကို ဆုတ်ဖြဲနိုင်သော နေမင်းကြီးတစ်လုံးဖြင့် အထုခံလိုက်ရသကဲ့သို့ ပိုင်ယွဲ့၏ စွမ်းအားစက်ကွင်းမှာ ရေခဲပါးသဖွယ် အစိတ်စိတ်အပိုင်းပိုင်း ကြေမွကွဲထွက်သွားသည်။

အရာအားလုံးကို လောင်ကျွမ်းနိုင်စွမ်း ရှိပုံပေါ်သည့် ကြောက်မက်စရာ မီးလုံးကြီးက သူ့ဆီသို့ တရှိန်ထိုးပြေးဝင်လာသည်။ ပိုင်ယွဲ့ရင်ထဲတွင် အံ့သြမှုတို့ဖြင့် ပြည့်နှက်သွားသည်။ အစက ပိုင်ယွဲ့သည် သူ့လက်သီးတွင် အင်အားတစ်ဝက်သာ သုံးထားသည်။ သို့သော် ယခုမူ သူက ဆက်လက် ထိန်ချန်မထားတော့ပေ။ သူ့သဘာဝ စွမ်းအားအကုန်လုံးကို လက်သီးထဲသို့ ပို့လွှတ်လိုက်သည်။

"ဝုန်း"

နတ်သဘာဝ စွမ်းအားထုကြီးနှစ်ခု တိုက်သွားကြသည်။ ပိုင်ယွဲ့သည် ထိုကြောက်မက်ဖွယ် နေလုံးအောက်တွင် သူ့ကိုယ်သူ စက္ကူပါးလေးတစ်ရွက်သဖွယ် ခံစားလိုက်ရသည်။ ပူလောင်လှသော အပူသဘာဝ စွမ်းအားက သူ့ရင်ဘတ်ကို လာရိုက်ခတ်၏။ သူ၏တစ်ကိုယ်လုံးမှာ

သူ့ထိန်းချုပ်မှုအောက်တွင် မရှိတော့ဘဲ သူလည်း လေထဲသို့ လွင့်စင်သွားသည်။

သေခြင်းတရား၏ဖိအားက သူ့အပေါ် ကြီးစိုးလာသည်။ ပိုင်ယွဲ့ရင်ထဲ အေးခဲသွား၏။ သူက ဤနေရာတွင် သေရလိမ့်မည်ဟု လုံးဝ မထင်မှတ်ထားချေ။

သူ့ခန္ဓာကိုယ် တစ်စစီ စုတ်ပြဲထွက်သွားတော့မည့်ဆဲဆဲတွင် ထိုကြောက်မက်ဖွယ် မီးတောက်နှင့် နတ်ဘုရားသဘာဝစွမ်းအားတို့သည် ရုတ်တရက် ပျောက်သွားသည်။

ပိုင်ယွဲ့သည် စွန်ပျက်တစ်ခုနှယ် မြေပေါ်သို့ ကျသွားသည်။ သူက မီးကျွမ်းထားသော သူ့ရင်ဘတ်ကို ငေးကြောင်စွာ စိုက်ကြည့်လိုက်၏။ အကယ်၍ မိုဝူကျိုကသာ ထိုလက်သီးကို ပြန်မရုတ်သိမ်းခဲ့ပါက ဤမီးလောင်ကျွမ်းမှုမှာ သူ့အရေပြားပေါ်တွင်လောက်သာ မဟုတ်ဘဲ သူ့တစ်ကိုယ်လုံးအနှံ့ ဖြစ်သွားပေလိမ့်မည်။

**အားကောင်းလိုက်တာ...**

ပိုင်ယွဲ့ရင်ထဲ ကျောချမ်းသွားသည်။ အကယ်၍ သူသာ ကျီဖေးယန်နှင့် တိုက်ခိုက်မည်ဆိုပါက ကျီဖေးယန်သည်

သချောပေါက် သူ့ပြိုင်ဖက်မဟုတ်မှန်း သူက သချောသည်။ သို့သော် မိုဝူကျိသည် လက်သီးတစ်လုံးတည်းနှင့် သူ့ကို အပြတ်ရှင်းပစ်နိုင်လုနီးနီး ဖြစ်ခဲ့သည်။

**မဟုတ်သေးပေ… မိုဝူကျိသည် လက်သီးတစ်လုံးတည်းနှင့် သူ့ကို အပြတ်ရှင်းပစ်နိုင်သော်လည်း မိုဝူကျိက သက်ညှာပေးခဲ့ခြင်းဖြစ်သည်။**

ပိုင်ယွဲ့ကဲ့သို့ ထိပ်တန်း ပါရမီရှင်တစ်ယောက်အတွက် မိုဝူကျိ၏ လက်သီးတွင် ကြောက်စရာ အကောင်းဆုံးအချက်မှာ သူ့အစွမ်းအင်အား မဟုတ်ပေ။ ထိုအစား လက်သီးအား စိတ်ရှိတိုင်း ပြန်ရုတ်သိမ်းနိုင်သည့် အချက် ဖြစ်သည်။

ဤသည်မှာ လူသားတို့ သုံးသည့် လက်နက် မဟုတ်ပေ။ လျို့ဝှက်ပညာရပ် ဖြစ်သည်။ အကယ်၍ မိုဝူကျိသည် သူ့စိတ်နှင့် ဤလက်သီးကို ပြန်ရုတ်သိမ်းနိုင်ခဲ့ပါက ဤသည်က အကြောင်းအရာတစ်ခုကို ဆိုလိုနေလေသည်။ ဆိုလိုနေသည့်အကြောင်းအရာမှာ မိုဝူကျိ၏ မိုးမြေစည်းမျဉ်းအပေါ် နားလည်နိုင်မှုသည် သူ့ထက် အဆပေါင်းများစွာ သာလွန်နေကြောင်း ဖြစ်သည်။

"မိုဝူကျိ… စီနီယာအစ်ကိုမို… ခင်ဗျားက ဘာဖြစ်လို့ အဆင့်(၂၂) ပဲ ရတာလဲ။ ပြီးတော့ ခုနှစ်ခုမြောက် စစ်ဆေးမှုမှာ ဘာလို့ နတ်အရုပ် ၂ ရုပ်ပဲ နိုင်ခဲ့တာလဲ"

အချိန်တစ်ခုကြာပြီးနောက် ပိုင်ယွဲ့က အသိပြန်ဝင်လာသည်။ သူက အံ့သြသည့်အမူအယာဖြင့် မိုဝူကျိအား မေးလိုက်သည်။

မိုဝူကျိက ရယ်ကာ ပြောလိုက်သည်။

"ကျုပ်က သေမျိုးနယ်မြေကြောင့်မို့လို့သာ လာခဲ့တာ။ ထိပ်ဆုံး ၅၀၀ ထဲဝင်ရင် ကျုပ်အတွက် လုံလောက်နေပြီလေ။ ဘာဖြစ်လို့ ဟိုးထိပ်ဆုံးကို ရောက်ဖို့ လိုဦးမှာတုန်း"

ပိုင်ယွဲ့က ကုန်းထလာပြီး မိုဝူကျိဆီ ဦးညွှတ်လိုက်ကာ

"သက်ညှာပေးတဲ့အတွက် စီနီယာအစ်ကိုမိုကို ကျေးဇူးအများကြီးတင်ပါတယ်။ ပိုင်ယွဲ့က ရေတွင်းထဲက ဖားသူငယ်လို ဖြစ်ခဲ့ရပါတယ်။ အခုအချိန်ကျမှ စီနီယာအစ်ကိုက စစ်ဆေးဆုံးဖြတ်မှု တစ်ခုလုံးမှာ အားအကောင်းဆုံး ပညာရှင်မှန်း သတိပြုမိတယ်ဗျာ"

ဤအချိန်တိုလေးအတွင်း ပိုင်ယွဲ့က အပြည့်အဝ နားလည်သဘောပေါက်သွားသည်။

**ဘာကျီဖေးယန်လဲ… သူ၏အသစ်စက်စက် စီနီယာအစ်ကိုရှေ့မှာ ထိုကျီဖေးယန်သည်လည်း လက်သီးတစ်လုံးကိုပင် ရင်ဆိုင်နိုင်လိမ့်မည် မဟုတ်ပေ။**

မိုဝူကျိက သက်ပြင်းချကာ ပြောလိုက်သည်။

"အဲ့ဒါက ခဏပါပဲ။ အဲ့ဒီကျီဖေးယန်က ကြယ်ဖုံးတောင်က လာတာ။ ကြယ်ဖုံးတောင်အကြောင်း သိပ်မသိပေမဲ့ အဲ့ဒါက ထိပ်သီးဂိုဏ်း တစ်ဂိုဏ်းဆိုတာကိုတော့ ကျုပ် သေချာသိသည်။ အဲ့လူ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲ ဝင်လာပြီးတဲ့နောက် သူက သိပ်မကြာခင် ကောင်းကင်နတ်ဘုရားအဆင့်ဆီ တက်လှမ်းနိုင်သွားလိမ့်မယ်ဆိုတာ တွေးကြည့်လို့ရတယ်။ တကယ်လို့ ကျုပ်တို့တွေ တိုးတက်မလာဘူးဆိုရင် သူနဲ့ကျုပ်တို့နဲ့ကြားက ကွာဟချက်က တဖြည်းဖြည်း ကြီးလာလိမ့်မယ်"

နတ်ဘုရားလောကကို ရောက်လာပြီးသည့်နောက် သူ၏ ကျင့်ကြံနှုန်းသည် တဖြည်းဖြည်းချင်း နှေးနှေးလာသည်ကို မိုဝူကျိက သတိထားမိသည်။ ထို့အပြင် ဤသည်မှာ လူသားတာအို၏ အဓိပ္ပာယ်အစစ်အမှန်ကို သူ နားလည်သဘောပေါက်ပြီးသည့်နောက်တွင် ဖြစ်သည်။

ထိုသို့မဟုတ်ပါက သူက ယခုအထိ ကနဦးနတ်ဘုရား အစောပိုင်းအဆင့်နားတွင်သာ တဝဲလည်လည် ကြာနေဦးမည် ဖြစ်သည်။

"စီနီယာအစ်ကို... ခင်ဗျားကကော အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံတာပဲလား"

ပိုင်ယွဲ့က ရုတ်တရက် မေးလိုက်သည်။

မိုဝူကျိသည် ခဏမျှ တုန့်ဆိုင်းသွားသော်လည်း ခေါင်းငြိမ့်လိုက်ကာ

"ဟုတ်တယ်... ကျုပ်ရဲ့ကျင့်စဉ်ကို အင်မော်တယ် မော်တယ်ကျင့်စဉ်လို့ ပြောလို့ရတယ်"

မိုဝူကျိအနေနှင့် သူ့လက်ရှိအင်မော်တယ် မော်တယ်ကျင့်စဉ်သည် စိုက်ပျိုးရေးဧကရာဇ် ချန်ထားခဲ့သောကျင့်စဉ်နှင့် လုံးဝ မတူကွဲပြားနေပြီ ဖြစ်သည်။ သို့သော်လည်း သူ့အား ကျင့်ကြံရေးလမ်းကြောင်းသို့ ဆွဲခေါ်ခဲ့သည်မှာ စိုက်ပျိုးရေးဧကရာဇ်၏ အင်မော်တယ် မော်တယ်ကျင့်စဉ် ဖြစ်၏။ ထိုကြောင့်လည်း သူက သေမျိုးနယ်မြေသို့ လာခြင်း ဖြစ်သည်။

"စီနီယာအစ်ကို... ကျုပ်လည်း အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်တာ။ ဒါပေမဲ့ ကျုပ်

ကနဦးနတ်ဘုရားအဆင့်ထဲ ရောက်လာပြီးတဲ့နောက် ကျုပ်ရဲ့ကျင့်ကြံနှုန်းက အရမ်းကို နှေးလာတယ်ဗျ။ ကျုပ် ကနဦးနတ်ဘုရားအဆင့် ၉ မှာ တစ်နေတာ နှစ်ထောင်ချီနေပြီ။ အခုထိ တိုးတက်မလာသေးဘူးဗျာ။ ဒီကာလတွေထဲမှာ ကျုပ် နတ်ဘုရားဝင်ရိုး ကျောက်တုံးတွေ အများကြီး ရှာတွေ့ထားတယ်... ကြယ်လေးပွင့်တစ်ခုတောင် ပါသေးတယ်။ ဒါပေမဲ့ ကောင်းကင်နတ်ဘုရားအဆင့်ကို တက်လှမ်းဖို့ နတ်ဘုရားအသွင်သဏ္ဌာန် သွင်းယူလို့ မရနိုင်ဘူး ဖြစ်နေတယ်...”

ပိုင်ယွဲ့သည် အလွန်အမင်းကို စိတ်ခံစားလွယ်နေသည်။

ပိုင်ယွဲ့၏ ဝိညာဉ်ကြော အရည်အသွေးမှာ မဆိုးကြောင်း မိုဝူကျိုက သိသည်။ အဘယ်ကြောင့် ပိုင်ယွဲ့က အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံရန် ရွေးချယ်ခဲ့မှန်း သူ မသိသော်လည်း အဘယ်ကြောင့် ပိုင်ယွဲ့ ရှေ့သို့ မတက်လှမ်းနိုင်ကြောင်း အကြောင်းအရင်းကိုကား သူ သိသည်။

အင်မော်တယ် မော်တယ်ကျင့်စဉ်အစစ်မှာ သူ့ပေါ်တွင် ရှိသည်။ ပိုင်ယွဲ့အသုံးပြုနေသည်မှာ မပြည့်စုံသည့် ကျင့်စဉ် ဖြစ်နိုင်သည်။

မိုဝူကျိုက အနည်းငယ် တုန့်ဆိုင်းနေပြီးမှ ပြောလိုက်သည်။

"ဖြစ်နိုင်တာက အင်မော်တယ် မော်တယ်ကျင့်စဉ်က နတ်ဘုရားအသွင်သဏ္ဍာန်တစ်ခု သွင်းစရာ မလိုဘူးနေမှာပေါ့"

"နတ်ဘုရား အသွင်သဏ္ဍာန်တစ်ခု သွင်းစရာ မလိုဘူးတဲ့လား... အဲ့ဒါဆို ကျုပ် ကောင်းကင် နတ်ဘုရားအဆင့်ကို ဘယ်လို တက်လှမ်းရမှာလဲ..."

သူ၏ကျင့်ကြံရေးလမ်းကြောင်းတွင် မျှော်လင့်ချက်အရောင်ကင်းမဲ့မှုအား ခံစားမိပုံပေါ်ကာ ပိုင်ယွဲ့က သူ့ဘာသာသူ တီးတိုးရေရွတ်လိုက်သည်။

နတ်ဘုရား အသွင်သဏ္ဍာန်တစ်ခု သွင်းယူခြင်းသည်ကသာ သူ့ကျင့်ကြံခြင်းတွင် နောက်ထပ် ခြေတစ်လှမ်း ထပ်တိုးနိုင်သည့် နည်းလမ်းဖြစ်သည်။ ပိုင်ယွဲ့က ဤသဘောတရားကို နားလည်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ သို့သော် ယခုမူ နတ်ဘုရားအသွင်သဏ္ဍာန် သွင်းစရာမလိုဘူးဟု မိုဝူကျိုက သူ့အား ရုတ်တရက်ကြီး ပြောပြလာသည်။ ဤသည်က သူ၏ ယခင်ယုံကြည်မှုနှင့် ရှာဖွေမှုများအား ပြောင်းပြန်လှန်သွားစေကာ သူ့အား ရုတ်တရက် ဦးတည်ရာ မဲ့သွားစေလေ၏။

မိုဝူကျိုလည်း ဘာပြောပေးရမှန်း မသိချေ။ စိုက်ပျိုးရေးကောရာဇ်၏ အင်မော်တယ် မော်တယ်ကျင့်စဉ်က နတ်ဘုရားအသွင်သဏ္ဍာန်

သွင်းစရာ လိုမလိုအား သူ မသေချာပေ။ သူ့ကျင့်စဉ်က နတ်ဘုရားအသွင်သဏ္ဌာန် သွင်းစရာ မလိုကြောင်းသာ သူ သိသည်။

အကယ်၍ သူသာ ပိုင်ယွဲ့အား အင်မော်တယ် မော်တယ်ကျင့်စဉ်အစစ်ကို ပေးလိုက်ပါက ပိုင်ယွဲ့သည် ဤပြဿနာအား ဖြေရှင်းနိုင်လိမ့်မည်ဟု သူ ခန့်မှန်းမိသည်။ သို့သော် မိုဝူကျိုက ပိုင်ယွဲ့အား ပေးရန် စိတ်ကူးမရှိပေ။ ထိုအင်မော်တယ် မော်တယ်ကျင့်စဉ်မှာ စိုက်ပျိုးရေးဧကရာဇ်ကိုယ်တိုင် လက်ဆင့်ကမ်း ချန်ရစ်ခဲ့သောအရာ ဖြစ်သည်။ သူက ပိုင်ယွဲ့အား သိပင် မသိသေးချေ။ ထို့ကြောင့် ထိုမျှအဖိုးတန်သည့်အရာအား သူက သာမန်ကာလျှံကာ ပေးပစ်မည် မဟုတ်ပေ။

တစ်နေ့ ပိုင်ယွဲ့က သူ့အသိအမှတ်ပြုမှုကို ရရှိသွားသည့် အချိန်အထိ ဖြစ်သည်။ ထိုအချိန်မှသာ သူက စိုက်ပျိုးရေးဧကရာဇ်၏ အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ပိုင်ယွဲ့အား လက်ဆင့်ကမ်း ပေးအပ်မည် ဖြစ်သည်။

ပိုင်ယွဲ့သည် သူ့ကိုယ်ပိုင် ကျင့်ကြံဆင့်ထက် အဆင့်များစွာ သာလွန်နိုင်သည်။ ဤသည်မှာ အင်မော်တယ်

မော်တယ်ကျင့်စဉ်နှင့် သက်ဆိုင်နေသော်လည်း သူ၏ စိတ်ဓာတ်သည် အလွန်ခိုင်မာအားကောင်းကြောင်းကိုလည်း ပြသနေလေသည်။

အချိန်ခဏ ကြာပြီးနောက် သူက သူ့စိတ်သူ ငြိမ်အောင် ထိန်းနိုင်သွား၏။ သူက နတ်ဘုရားအသွင်သဏ္ဍာန်နှင့် ပတ်သက်သည့်ကိစ္စကို ခဏခေါက်ထားလိုက်ပြီး မိုဝူကျိအား မေးလိုက်သည်။

"စီနီယာအစ်ကို... အခု ကျုပ်တို့ ဘာလုပ်ကြရင်ကောင်းမလဲ"

မိုဝူကျိ၏ ဝိညာဉ်သိလှောင်လမ်းကြောင်းသည် ပတ်ဝန်းကျင် ပတ်ပတ်လည်အနှံ့ ပျံ့နှံ့လွှမ်းခြုံပြီးသား ဖြစ်သည်။ သေမျိုးနယ်မြေထဲရှိ အခြေအနေကို အကဲဖြတ်ပြီးသည့်နောက် ပြောလိုက်သည်။

"သေမျိုးနယ်မြေက သဘာဝစွမ်းအားတွေ လုံးဝ မရှိတဲ့နေရာတော့ မဟုတ်ဘူး။ ဒီနေရာမှာ ဝိညာဉ်စွမ်းအား စုစည်းရေးအစီအရင် မရှိတာပဲ ရှိတယ်။ နောက်ကျရင် ကျုပ် စွမ်းအားစုစည်းရေး အစီအရင် တစ်ခု ခင်းကျင်းလိုက်မယ်။ ဒါဆို ဒီနေရာက ကျင့်ကြံခြင်းနယ်မြေ ဖြစ်လာနိုင်လိမ့်မယ်"

နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲတွင် မိုဂူကျိသည် နတ်ဘုရားဝိညာဉ်စွမ်းအားများကို မယုံနိုင်လောက်သည့်နှုန်းဖြင့် စုပ်ယူပါက သူ့တံခါးကို လူများလာခေါက်မည့်ကိစ္စအား စိတ်မပူပေ။

"စီနီယာအစ်ကိုမို... ကျုပ်က သိပ်မကြာသေးခင်ကမှ အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာအဖြစ် တက်လှမ်းထားတာ။ ကျုပ်တို့ အတူတူ နှစ်ယောက်ပေါင်းပြီး ကာကွယ်ရေးအစီအရင်နဲ့ စွမ်းအား စုစည်းရေးအစီအရင် တစ်ခုစီ ခင်းကျင်းကြရအောင်ပါလား"

ပိုင်ယွဲ့သည် သူ၏ အစီအရင်တာအိုတွင် အလွန်ယုံကြည်မှုရှိသည်။

မိုဂူကျိက ပိုင်ယွဲ့၏ပုခုံးကို ဆုပ်ကိုင်ကာ ပြောလိုက်သည်။

"အစီအရင်ခင်းကျင်းတာတွေကို ကျုပ် ကိုင်တွယ်နိုင်တယ်။ မင်းက ကျုပ်ကို တခြားဟာ ကူညီပေး။ နိဗာနတာအိုမြို့ထဲမှာ ကျုပ်ရဲ့သူငယ်ချင်းတချို့ ရှိတယ်။ သူတို့ကို ဒီခေါ်လာဖို့ ကူညီပေးပါကွာ... ပြီးရင်တော့ မင်း ကျင့်ကြံလို့ရပြီ"

သေမျိုးနယ်မြေမှာ တခြားနေရာများနှင့် မတူပေ။ အကယ်၍ မိုဂူကျိသည် တခြားနေရာများသို့ ဝင်ခဲ့ပါက လူခေါ်သွင်းရန်အတွက် ခွင့်ပြုချက်တောင်းဖို့ လိုလိမ့်မည်ဖြစ်သည်။ သို့သော် သေမျိုးနယ်မြေတွင်မူ

သူတို့နှစ်ယောက်တည်းသာ ရှိသည်။ ထို့အပြင် ပိုင်ယွဲ့ကလည်း သူ့အား စီနီယာအစ်ကိုအဖြစ် အသိအမှတ်ပြုပြီးပြီ ဖြစ်သည်။ သို့ဖြစ်ရာ ဤနေရာတွင် သူ သဘောကျပြုမူနိုင်လေသည်။

"စီနီယာအစ်ကိုကလည်း အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာ မလား"

ပိုင်ယွဲ့က မဆိုင်သောမေးခွန်းတစ်ခုကို မေးလိုက်သည်။

မိုဝူကျိုက ခေါင်းငြိမ့်ကာ

"ဟုတ်တယ်... ကျုပ်က အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာ"

ပိုင်ယွဲ့က လေသံတိုးတိုးလေးဖြင့် ပြောလိုက်သည်။

"စီနီယာအစ်ကို... ကျုပ်တို့နှစ်ယောက်စလုံးက အဆင့် ၄ နတ်ဘုရား အစီအရင်ဆရာတွေဆိုတော့ ကျုပ်မှာ အဆင့် ၅ နတ်ဘုရားအစီအရင် ခင်းကျင်းတဲ့ နည်းလမ်း ရှိတယ်ဗျ"

**အခန်း(၁၀၀၀) : စိုက်ပျိုးရေးကောရာဇ်၏ အင်မော်တယ် မော်တယ် စာအုပ်အစစ်**

"အဆင့် ၄ နတ်ဘုရားအစီအရင် ဆရာတွေက အဆင့် ၅ နတ်ဘုရားအစီအရင်ကို ခင်းကျင်းနိုင်တယ်လား"

မိုဝူကျိသည် ပိုင်ယွဲ့အား မယုံနိုင်စွာ ကြည့်လိုက်သည်။ အကယ်၍ သူ့အား အဆင့် ၅ နတ်ဘုရား အစီအရင်ကို ချိုးဖောက်ခိုင်းပါက သူ လုပ်နိုင်သည်။ သို့သော် အဆင့် ၄ တွင်ရှိနေစဉ် အဆင့် ၅ နတ်ဘုရား အစီအရင်ကို ခင်းကျင်းခိုင်းပါက သူ လုပ်နိုင်မည်မဟုတ်ပေ။

ဤသည်မှာ စွမ်းဆောင်နိုင်ရည်နှင့် မဆိုင်ပေ။ အသိပညာဗဟုသုတနှင့် သက်ဆိုင်လေ၏။ ထိုသို့သော ကိစ္စမျိုးအား သူ တစ်ခါမျှ မသင်ကြားဖူးသည့်တိုင် သူ့အား လုပ်ရန် လာပြောနေသည်လား... သူ့အစီအရင်တာအို ရုတ်တရက် အဆင့်တတ်သွားသည့် အဖြစ်မှလွဲ၍ သူ မည်ကဲ့သို့များ လုပ်ရပါ့မည်နည်း။

"ဟုတ်တယ်။ ကျုပ်လည်းပဲ အဆင့် ၄ နတ်ဘုရား အစီအရင်ဆရာပါ။ ဒါပေမဲ့ ကျုပ် အဆင့် ၅ နတ်ဘုရားအစီအရင်တွေ ခင်းကျင်းနိုင်တယ်။ စီနီယာအစ်ကို... နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ရဲ့ စစ်ဆေးဆုံးဖြတ်မှုမှာ ကျုပ် ဘယ်လိုလုပ်ပြီး ပါဝင်နိုင်ခဲ့တာလဲ သိလား"

ပိုင်ယွဲ့က လေးနက်စွာ မေးလိုက်သည်။

မိုဝူကျိုက ဖြေလိုက်သည်။

“ခင်ဗျား ကောင်းကင် နတ်ဘုရားအဆင့် ၄ အရုပ်ကို သုတ်သင်နိုင်ခဲ့တယ်လို့ ပြောတော့ နှစ်ဦးချင်းယှဉ်ပြိုင်ပွဲကနေ စစ်ဆေးဆုံးဖြတ်မှုထဲ ခင်ဗျား ဝင်နိုင်ခဲ့တာ ဖြစ်မယ်လို့ ကျုပ်က ခန့်မှန်းထားတာ။ စိတ်ထဲသိပ်မရှင်းတာလေး နည်းနည်း ရှိမိတာ တစ်ခုပဲ…”

ပိုင်ယွဲ့တစ်ယောက် သူ့နေရာလွတ် ကျောက်စိမ်းတံဆိပ်ပြားကို ဘယ်လိုရယူနိုင်ခဲ့သနည်းအား မိုဝူကျိုက မရှင်းဘူးဖြစ်နေသည်။ လေလွင့်ကျင့်ကြံသူမဟာမိတ်၏ အလွန်သမာသမတ်မကျပုံနှင့် သူတို့သည် ပိုင်ယွဲ့အား သေချာပေါက် ကျောက်စိမ်းတံဆိပ်ပြား ပေးလိမ့်မည်မဟုတ်ပေ။

ပိုင်ယွဲ့က ရယ်ကာ

“စီနီယာအစ်ကို မှန်းတာ မှားသွားပြီ။ ကျုပ်က ပန်းပဲဆရာ တစ်ယောက်ပါ။ ကျုပ်က လက်နက်တန်ဆာ တာအိုဂုဏ်ထူးဆောင် မျှော်စင်မှာ ပန်းပဲဆရာ ဂုဏ်ထူးဆောင် တံဆိပ်ပြား ရခဲ့တယ်။ အဲ့ဒီနောက်မှာတော့ စစ်ဆေးဆုံးဖြတ်မှုမှာ ပါဝင်ခွင့် တိုက်ရိုက်ရသွားတယ်ပဲ ဆိုပါတော့”

“ခင်ဗျားက အလယ်အလတ်အဆင့် နတ်လက်နက်တန်ဆာကို လုပ်နိုင်တယ်ပေါ့”

မိုဝူကျိသည် ပိုင်ယွဲ့အား အံ့သြစွာ ကြည့်လိုက်သည်။ ယခုအချိန်ထိတိုင် သူသည် အလယ်အလတ်အဆင့် နတ်လက်နက်တန်ဆာကို မလုပ်နိုင်သေးချေ။ သို့သော် ပိုင်ယွဲ့ကတော့ လုပ်နိုင်လေသည်။

လက်နက်တန်ဆာတာအိုတွင် ပန်းပဲဘုရင်များ မရှိပေ။ အဆင့်နိမ့် နတ်လက်နက်တန်ဆာကို လုပ်နိုင်သူများမှာ နတ်ပန်းပဲသမားများဖြစ်ကာ အလယ်အလတ်အဆင့် နတ်လက်နက်တန်ဆာများကို လုပ်နိုင်သူများမှာ ပန်းပဲဆရာများ ဖြစ်သည်။

ဟိုးယခင်တုန်းက နတ်လက်နက်တန်ဆာများကို အဆင့် ၁ မှ အဆင့် ၉ အထိ ခွဲခြားသတ်မှတ်လေ့ရှိသည်။ သို့သော် ထိပ်တန်းအဆင့်နတ်လက်နက်များနှင့် ထိုထိပ်တန်းအဆင့်ကိုကျော်လွန်သည့် နတ်လက်နက်များအား ရှာဖွေတွေ့ရှိသွားကြပြီးနောက် နတ်လက်နက်တန်ဆာများကို အဆင့်နိမ့်၊ အလယ်အလတ်အဆင့်၊ အဆင့်မြင့်နှင့်

ထိပ်တန်းအဆင့် ဟူ၍ ခွဲခြားသတ်မှတ်ရန် ဆုံးဖြတ်လိုက်ကြသည်။

ပိုင်ယွဲ့က ခေါင်းငြိမ့်ကာ

"ဟုတ်တယ်။ ကျုပ်က အလယ်အလတ်အဆင့် နတ်လက်နက်တွေကို လုပ်နိုင်ရုံတင် မကဘူး... ကျုပ် လုပ်လိုက်တဲ့ လက်နက်တွေက အဆင့်မြင့်နား တော်တော်လေးကို နီးကပ်တယ်ဗျ။ တကယ်လို့ ကျုပ်မှာသာ ပိုကောင်းတဲ့ ကုန်ကြမ်းပစ္စည်းတွေ ရှိပြီး ကျုပ်ရဲ့ကံလည်း တော်တော်လေး ကောင်းမယ်ဆိုရင် အဆင့်မြင့်တစ်ပိုင်း နတ်လက်နက်တန်ဆာကို လုပ်ရင်လုပ်နိုင်မှာဗျ။

စီနီယာအစ်ကို... အစ်ကို့ကို ကျုပ်ပြောပြမယ်။ တကယ်လို့ အဆင့် ၄ နတ်ဘုရားအစီအရင်ထဲက အစီအရင်အလံအားလုံးက အလယ်အလတ်အဆင့်ဖြစ်နေပြီး အစီအရင်ဗဟို ပတ်လည်မှာ စွမ်းအားလှည့်ပတ်ရေး အစီအရင်တစ်ခုကိုသာ ခင်းကျင်းထားမယ်ဆိုရင် အဆင့် ၄ နတ်ဘုရားအစီအရင်က အဆင့်တစ်ဆင့် ထပ်တက်နိုင်တယ်။ ဒါက စမ်းသပ်မှုပေါင်းများစွာကနေ ကျုပ်ရရှိခဲ့တာပဲ"

"အိုး...ဒီလို နည်းလမ်းမျိုး ရှိတယ်လား"

မိုဝူကျိက သူ့ဘာသာသူ တိုးတိုးရေရွတ်လိုက်သည်။ ထိုနည်းလမ်းမျိုးကို သူ ယခင်က လုပ်ကြည့်ဖူးသည်။

သို့သော် သူက အစီအရင်အလံများကို မှော်ရတနာများအဖြစ် မလုပ်ခဲ့ချေ။ ထိုအစား အားကောင်းသော မှော်ရတနာများကို အစီအရင်ဗဟိုနှင့် အစီအရင်အုတ်မြစ်အဖြစ် သူက သုံးခဲ့သည်။ ထိုနည်းဖြင့် အစီအရင်အား ပိုမိုခိုင်မာသွားစေသည်။

ဖြစ်နိုင်ချေအား မိုဝူကျိ စဉ်းစားနေသည်ကို မြင်သောအခါ ပိုင်ယွဲ့က မှော်ရတနာအဆင့်ရှိသည့် အစီအရင်အလံတစ်ပုံကို တိုက်ရိုက်ထုတ်ယူလိုက်ပြီး အစီအရင်တစ်ခု စတင်ခင်းကျင်းလိုက်သည်။ အချိန်တိုလေးအတွင်း ပိုင်ယွဲ့က စွမ်းအားလှည့်ပတ်ရေးအစီအရင်တစ်ခုကို ခင်းကျင်းပြီးသွားသည်။

အစီအရင်အား ခင်းကျင်းပြီးသည့်နောက်တွင် ပိုင်ယွဲ့က ပြောလိုက်သည်။

"စီနီယာအစ်ကို... တစ်ချက် ကြည့်ကြည့်ပါဦး။ ဒါက စွမ်းအားလှည့်ပတ်ရေး အစီအရင်ပါ"

မိုဝူကျိက သဘောပေါက်သွားပြီ ဖြစ်သည်။ ပိုင်ယွဲ့၏ နည်းလမ်းမှာ အရမ်းကို တီထွင်မှု ကောင်းလေသည်။ ပိုင်ယွဲ့၏ အစီအရင်အလံများ အားလုံးမှာ အဆင့်မြင့် အရည်အသွေးများ

ရှိကြောင်းကိုကား ပြောနေစရာပင် မလိုပေ။ ဤစွမ်းအားလှည့်ပတ်ရေး အစီအရင် တစ်ခုတည်းဖြင့်ပင် အစီအရင်၏ အဆင့်ကို မြှင့်တင်ရန် လုံလောက်နေလေပြီ။

အမှန်ပင်… လူတိုင်းဆီမှ သင်ယူစရာ တစ်ခုခု ရှိနေစမြဲ ဖြစ်သည်။ ပိုင်ယွဲ့သည် သူ့အား အစီအရင်တာအိုတွင် နောက်ထပ်တစ်လှမ်း ရှေ့တက်နိုင်စေလိုက်သည့် သင်ကြားမှုတစ်ခုကို ပေးလိုက်ခြင်း ဖြစ်သည်။ ဤနည်းမှာ အလွန် ဖြူန်းတီးရာကျသော်လည်း အင်မတန် အဖိုးတန်ဆဲ ဖြစ်သည်။

"ကျေးဇူးပဲကွာ… ပိုင်ယွဲ့။ ဒီလိုဆိုမှတော့ ကျုပ်တို့ အစီအရင်ကို စခင်းကျင်းကြတာပေါ့"

မိုဝူကျိကပိုင်ယွဲ့၏ ပုခုံးကို တရင်းတနှီး ပုတ်လိုက်သည်။ သူက ဤဂျူနီယာညီလေးကို အသိအမှတ်ပြုလိုက်ပြီ ဖြစ်သည်။

သူတို့တွေ အစီအရင်များကို ခင်းကျင်းပြီးသွားသောအခါတွင် မိုဝူကျိက အင်မော်တယ် မော်တယ်ကျင့်စဉ်အား ပိုင်ယွဲ့ကို လက်ဆင့်ကမ်းမည် ဖြစ်သည်။ ဤကဲ့သို့ အစီအရင် အသိပညာမှာ မရေတွက်နိုင်သော စမ်းသပ်မှုနှစ်များစွာမှ စုဆောင်းရရှိလာသော ပညာမျိုးဖြစ်သည်မှာ ထင်ရှား၏။ အထူးသဖြင့် ထိုစွမ်းအားလှည့်ပတ်ရေး အစီအရင်မှာ အင်မတန် အသုံးဝင်သည်။

အကြောင်းမှာ ထိုအစီအရင်သည် ဝိညာဉ်စွမ်းအားစုစည်းရေး အစီအရင်၏ သက်ရောက်မှုကို တိုးတက်စေနိုင်သောကြောင့် ဖြစ်သည်။

**အဖိုးမဖြတ်နိုင်သော အရာမှာ မည်သည့်အရာနည်း… အသိပညာဗဟုသုတ ပင်တည်း။**

ပိုင်ယွဲ့၏ အရည်အချင်းဖြင့် အကယ်၍ သူသာ ကနဦးနတ်ဘုရားအဆင့် ၉ တွင် တစ်မနေပါက နတ်ဘုရားအုပ်စိုးသူအဆင့်သို့ပင် ရောက်နေလောက်လေပြီ။ သူ တစ်နေသော ဤနှစ်တွေအတွင်း သူက လက်နက်တန်ဆာတာအိုနှင့် အစီအရင်တာအိုတို့ကို လေ့လာနေလိုက်သည်။ ဤသည်မှာလည်း ပိုင်ယွဲ့ အဆင့် ၄ နေရာ ရရှိနိုင်လိုက်သည့် အကြောင်းအရင်း ဖြစ်လေသည်။

……………………..

မိုဝူကျိနှင့် ပိုင်ယွဲ့တို့သည် သေမျိုးနယ်မြေတစ်ဝိုက် ပတ်ပတ်လည်တွင် ကာကွယ်ရေး အစီအရင်ကို ခင်းကျင်းရန် အတူတူ လုပ်လိုက်ကြသည်။ ပိုင်ယွဲ့က အလယ်အလတ်အဆင့် အစီအရင်အလံများကို ပြုလုပ်ကာ မိုဝူကျိက ထိုအလံများကို အစီအရင်ထဲ ပို့ပေးသည်။

သူတို့နှစ်ယောက်သား အတူတူ ပူးပေါင်း လုပ်လိုက်ကြခြင်းဖြင့် အစီအရင်မှာ တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ကြည့်ကောင်းလာလေသည်။

၁၀ ရက်ကြာပြီးနောက် ကာကွယ်ရေး အစီအရင်နှင့် စွမ်းအားစုစည်းရေး အစီအရင်တို့မှာ ခင်းကျင်းပြီးသွားလေပြီ။ သိပ်သည်းသော နတ်ဝိညာဉ်စွမ်းအားတို့က တရှိန်ထိုး စုပြုံတိုးဝင်လာသည်။ တစ်ခဏလေးအတွင်း သေမျိုးနယ်မြေသည် အသက်ဓာတ်နှင့် ဖျတ်လတ်မှုတို့ဖြင့် ပြည့်နှက်လာသည်။

"စီနီယာအစ်ကို... ကျုပ်တို့ အောင်မြင်သွားပြီ။ ဒီကာကွယ်ရေးအစီအရင်နဲ့ဆို နတ်ဘုရားဘုရင်ကိုတောင် နေ့ဝက်လောက်တော့ ခုခံထားနိုင်မှာဗျ"

ပိုင်ယွဲ့က မတ်တပ်ရပ်လိုက်ပြီး ကာကွယ်ရေးအစီအရင်ကို ကြည့်လိုက်သည်။

သို့သော် နတ်ဘုရားဘုရင်က သေမျိုးနယ်မြေကို လာတိုက်ခိုက်မည့် အကြောင်းမှာ ပိုင်ယွဲ့က ဟာသတစ်ခု အဖြစ်သာ ပြောလိုက်ခြင်း ဖြစ်သည်။

နှစ်ယောက်သား သူတို့၏ ကာကွယ်ရေးအစီအရင်ကို လာတိုက်မည့်သူ မရှိလောက်ပါဘူးဟု တွေးနေစဉ် လာအတိုက်ခံလိုက်ရလေသည်။

မိုဂူကျိုကော ပိုင်ယွဲ့ပါ သူတို့၏ ကာကွယ်ရေးအစီအရင် ဝင်ပေါက်တွင် တစ်ပြိုင်နက်တည်း ပေါ်လာသည်။ အစီအရင်ကို ဖွင့်ပေးလိုက်သောအခါ လောကနတ်ဘုရား ကျင့်ကြံသူ တစ်ယောက်ကို သူတို့ မြင်လိုက်ရသည်။ ထိုလောကနတ်ဘုရားသည် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်၏ စည်းကမ်းထိန်းဝတ်စုံကို ဝတ်ထားသည်။ သိသာစွာပင် သူက ကျောင်းတော်၏ စည်းကမ်းထိန်းတစ်ယောက် ဖြစ်သည်။

“စီနီယာ... ကျုပ်တို့ သေမျိုးနယ်မြေရဲ့ ကာကွယ်ရေးအစီအရင်ကို ဘာဖြစ်လို့များ လာတိုက်ခိုက်တာပါလဲ”

မိုဂူကျိုက လက်နှစ်ဖက်ကို ယှက်ကာ ယှဉ်ကျေးစွာ မေးလိုက်သည်။

စည်းကမ်းထိန်းသည် မိုဂူကျိုနှင့်ပိုင်ယွဲ့တို့ကို ဖိအားပေးရန် သူ့ကျင့်ကြံဆင့်ကို မသုံးပေ။ သူကလည်း လက်နှစ်ဖက်ကို ယှက်ကာ

"ခင်ဗျားတို့နှစ်ယောက်က အခုမှ ကျောင်းတော်ကို စရောက်တာဆိုတော့ ကျောင်းတော်ရဲ့ သက်သေခံ တံဆိပ်ပြားပေါ်က အသေးစိတ် စည်းကမ်းတွေကို မကြည့်ရသေးဘူး ထင်တယ်"

မိုဝူကျိုက သံသယ မကင်းစွာ မေးလိုက်သည်။

"စည်းကမ်းက တစ်ခုတည်းရှိတာ မဟုတ်ဘူးလား"

စည်းကမ်းထိန်းက တစ်ချက်ရယ်ကာ

"အဲ့ဒါက ကျောင်းတော်က တပည့်တွေအားလုံးအပေါ်ထားတဲ့ သဘောထား သက်သက်ပါ။ ဒါပေမဲ့ ကျောင်းတော်ထဲမှာ လူတိုင်းလိုက်နာရမယ့် စည်းကမ်းချက်တွေ ရှိသေးတယ်။ အဲ့ဒီထဲက တစ်ခုက ကျောင်းတော်ထဲမှာ ခင်ဗျားတို့သဘောနဲ့ခင်ဗျားတို့ စွမ်းအားစုစည်းရေးအစီအရင် ခင်းကျင်းလို့မရဘူး ဆိုတဲ့ဟာ"

ပိုင်ယွဲ့က နားမလည်စွာ မေးလိုက်သည်။

"စွမ်းအားစုစည်းရေးအစီအရင်မရှိရင် ကျုပ်တို့တွေ ဒီမှာ ကျင့်ကြံလို့ မရဘူးဖြစ်သွားမှာပေါ့"

စည်းကမ်းထိန်းက တည်ငြိမ်စွာ ပြောလိုက်သည်။

"ခင်ဗျားတို့တွေ နတ်ဝိညာဉ် သွေးကြောတွေ ယူပြီး ဒီမှာ စိုက်လို့ရတယ်။ နောက်တစ်နည်းက နှစ်အနည်းငယ်ကြာတိုင်း တစ်ခါကျင်းပလေ့ရှိတဲ့ ကျင့်ကြံရေးအရင်းအမြစ် ပြိုင်ပွဲကြီးမှာ ခင်ဗျားတို့ ဝင်ပြိုင်နိုင်တယ်။ အဲ့ဒီမှာ ထိပ်တန်းအဆင့် နတ်ဝိညာဉ် သွေးကြောတွေတင်မကဘူး... နတ်ဝိညာဉ်စွမ်းအားနယ်မြေ၊ လျို့ဝှက်နယ်မြေတွေ... အဲ့ဒီနယ်မြေတွေမှာ ကျင့်ကြံခွင့်နဲ့ အဆင့်မြင့်နတ်ဆေးလုံးတွေပါ ရရှိနိုင်တယ်"

မိုဝူကျိုက သဘောပေါက်သွားသည်။

"ကျုပ်တို့နှစ်ယောက်က ကနဦးနတ်ဘုရားအဆင့်မှာပဲ ရှိသေးတယ်။ ဒီပြိုင်ပွဲကြီးမှာ ကျုပ်တို့ ဘယ်လိုဝင်ပြိုင်ရမလဲ"

စည်းကမ်းထိန်းက အသာရယ်ကာ

"ဒါဆိုရင်တော့ ခင်ဗျားတို့နှစ်ယောက် ကောင်းကင်နတ်ဘုရားအဆင့်ကို တက်လှမ်းနိုင်အောင် မြန်မြန်ကျင့်ကြံဖို့ လိုမယ်ဗျ။ ကျောင်းတော်ရဲ့ ကျင့်ကြံရေးအရင်းအမြစ်ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်တွေက ကောင်းကင်နတ်ဘုရားအဆင့်ကို မကျော်ရဘူး"

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ စစ်ဆေးဆုံးဖြတ်မှုကို အောင်မြင်သွားသော တပည့်များသည် သူတို့

သွားကြမည့်နေရာများအတွက် စိတ်မပူကြသည်မှာ မဆန်းပေ။ ကြည့်ရသည်မှာ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲရှိ အင်အားစုအမျိုးမျိုးသည် ကျင့်ကြံရေး အရင်းအမြစ်များအတွက် အသစ်ဝင်လာသည့်တပည့်များအပေါ် မှီခိုနေရခြင်း ဖြစ်မည်။

"နောက်လာမည့် ကျင့်ကြံရေး အရင်းအမြစ်ပြိုင်ပွဲက ဘယ်တော့လောက်ဖြစ်မလဲ မေးပါရစေ"

ပိုင်ယွဲ့က သူ့လက်သီးများကို စိတ်အားထက်သန်စွာ ပွတ်နေနှင့်လေပြီ။

"နောက်ထပ် ၁၀ နှစ်နဲ့ ၃ လ လိုသေးတယ်"

စည်းကမ်းထိန်းက ပိုင်ယွဲ့အား ဖြေကြားပေးပြီးနောက် သူက တင်းတင်းကျပ်ကျပ် ပြောလိုက်သည်။

"ခင်ဗျားတို့ရဲ့ ဝိညာဉ်စွမ်းအားစုစည်းရေးအစီအရင်က အဆင့် ၄ နတ်ဘုရား အစီအရင်အဆင့်ကို ရောက်နေပြီ။ အဲ့ဒါကို အခုချက်ချင်း ပြန်ဖြုတ်ပစ်မှ ရမယ်။ ခင်ဗျားတို့နှစ်ယောက်က ကျောင်းတော်ထဲ ဝင်ခါစဆိုတော့ ဒီတစ်ခေါက်က သတိပေးတဲ့ သဘောပါ။ ဒါပေမဲ့ ဒီလိုမျိုး နောက်တစ်ကြိမ် ထပ်ဖြစ်လာရင်တော့ ခင်ဗျားတို့နှစ်ယောက်စလုံး ကျောင်းတော်ကနေ ချက်ချင်း ထုတ်ပယ်ခံရလိမ့်မည်"

……………………………

စည်းကမ်းထိန်း ပြန်သွားပြီးနောက်တွင် မိုဝူကျိုနှင့်ပိုင်ယွဲ့တို့ နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်သည် လုံခြုံသော်လည်း ကျင့်ကြံရေး နိဗ္ဗာန်တော့ လုံး၀ မဟုတ်ချေ။

မိုဝူကျိုက နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်သည် နတ်ဘုရားကုန်းမြေတွင် အကြာကြီး ရပ်တည်နေနိုင်ခဲ့သည့်အကြောင်းရင်းကို ယခုတော့ ရေးရေးလေး နားလည်သွားလေပြီ။ ဤကဲ့သို့ ပြိုင်ပွဲမျိုးသည် ကျောင်းတော်အတွင်းရှိ အင်အားစုအမျိုးမျိုးကြား အင်အားပြိုင်ဆိုင်ခြင်းများကို ဖြစ်ပေါ်စေသည်။ အကယ်၍ အင်အားစုတစ်ခုသည် ဆုတ်ယုတ်လာပါက တခြားအင်အားစုများ၏ အောက်တွင် နင်းခြေခံရပေလိမ့်မည်။

သေမျိုးနယ်မြေကဲ့သို့ နေရာတစ်ခုသည်ကား ကျောင်းတော်အတွင်းရှိ အင်အားစုအားလုံး၏ နောက်ဆုံးပိတ်တွင် ရှိနေလိမ့်မည်သာတည်း။

လက်တွေ့၌ စိုက်ပျိုးရေးကေရာဇ်သာ တာအိုလမ်းစဉ်သစ် တစ်ခုအဖြစ် လူသားတာအိုနှင့် အလွန်နီးကပ်သော

တာအိုလမ်းစဉ်တစ်ခုကိုသာ မဖန်တီးခဲ့ပါက ဤကန္တာရမြေများကို ကျောင်းတော်က ပြန်ယူသွားပြီးလောက်လေပြီ။

"စီနီယာအစ်ကို... နဂိုက ကျုပ် ဒီကိုလာခဲ့တာ ကောင်းကင်နတ်ဘုရားအဆင့်ကို တက်လှမ်းနိုင်မယ့် အခွင့်အရေးကို ရှာဖွေဖို့ပဲ။ အဲ့ဒါပြီးမှ သေမျိုးနယ်မြေကို ပြန်လည်တည်ထောင် အသက်ဝင်စေမယ်ပေါ့။ အခု ကြည့်ရတာ သေမျိုးနယ်မြေမှာ အဲ့လိုအခွင့်အရေး မရှိဘူး ထင်တယ်ဗျာ။ ကျုပ်အဲ့ဒီအခွင့်အရေးကို ထွက်ရှာပြီးမှ ပြန်လာဖို့ စဉ်းစားထားတယ်"

ပိုင်ယွဲ့က အနည်းငယ် စိတ်ပျက်သွားသည်။

ထိုသို့ပြောပြီးမှ ပိုင်ယွဲ့က တစ်ခုခုကို သတိရသွားပုံ ပေါ်သည်။ သူက ကျောက်စိမ်းတံဆိပ်ပြား ၃ ခုကို ထုတ်ယူလိုက်ပြီး မိုဝူကျိအား ပြောလိုက်သည်။

"ဒီကျောက်စိမ်းတံဆိပ်ပြားတွေက နိဗ္ဗာန်မြစ်ထဲမှာ နတ်ဘုရားဘုရင်တွေ ကျင့်ကြံဖို့နဲ့ သဟာဇာတနတ်ဘုရားရဲ့ တာအိုဆွေးနွေးပွဲကို နားထောင်ဖို့။ ခင်ဗျား ဒီဟာတွေကို လေလံတင်ရောင်းပြီး ရလာတဲ့ နတ်ဘုရားကျောက်တွေကို ကျုပ်တို့သေမျိုးနယ်မြေအတွက်
နတ်ဘုရားဝိညာဉ်သွေးကြောတွေ ဝယ်ဖို့ သုံးလိုက်ပါ"

မိုဝူကျိုက မငြင်းပေ။ သူက ကျောက်စိမ်းတံဆိပ်ပြားများကို လက်ခံယူလိုက်ပြီး သူ့သိုလှောင်လက်စွပ်ထဲ ထည့်လိုက်သည်။ သူက ရယ်ကာ ပြောလိုက်သည်။

"မင်းမှာ ဒါတွေ သွားရောင်းဖို့အတွက် အချိန်မရှိတာမို့လို့ ကျုပ် ဒီကျောက်စိမ်းတံဆိပ်ပြားတွေ လက်ခံလိုက်မယ်။ ပြီးတော့ ကောင်းကင်နတ်ဘုရားအဆင့်ကို တက်လှမ်းနိုင်ဖို့ အခွင့်အရေးကို မင်း အပြင်ထွက်ပြီး သွားရှာနေစရာမလိုဘူး။ ဒီမှာတင် တစ်ခု ရှိတယ်ကွ"

ပိုင်ယွဲ့၏ အံ့အားသင့်နေသည့် ပုံစံကို ကြည့်ကာ မိုဝူကျိုက သစ်သားဘူးလေး တစ်ဘူးကို ထုတ်ယူကာ ပိုင်ယွဲ့အား ကမ်းလိုက်သည်။

"ဒါကို ကြည့်ကြည့်လိုက်"

ပိုင်ယွဲ့က မရေမရာဖြင့် ဘူးကို ဖွင့်လိုက်သည်။ ချက်ချင်းပင် သူ့လက်များ စတင်တုန်လာကာ သူက သစ်သားဘူးကို ကြမ်းပြင်ပေါ်သို့ လွတ်ကျလုနီးနီး ဖြစ်သွားသည်။ ဘူးထဲမှ စာအုပ်ကို သူက တင်းတင်းကျပ်ကျပ် ကောက်ကိုင်လိုက်ပြီး

"ဒါက စိုက်ပျိုးရေးကေရာ၏ ချန်ထားခဲ့တဲ့ အင်မော်တယ် မော်တယ်ကျင့်စဉ် အစစ်ပဲ..."

ပိုင်ယွဲ့သည်ပင် သူ့လက်များ တုန်နေသည်ကို သူ့ဘာသာ ခံစားနိုင်သည်။ သူ အင်မော်တယ် မော်တယ်ကျင့်စဉ်ကို စကျင့်ကြံပါပြီဆိုကတည်းက ဤစာအုပ်အစစ်ကို ရရှိသည့် အိမ်မက်ကို အမြဲမက်ခဲ့ရသည်။ သို့သော် သူ နိုးလာပြီး အိမ်မက်တစ်ခုသာဖြစ်ကြောင်း သိခဲ့ရသည်သာ ဖြစ်သည်။

မိုဂူကျိက ပိုင်ယွဲ့၏ ပုခုံးကို ပုတ်လိုက်ကာ

"ဟုတ်တယ်။ ဒါက အင်မော်တယ် မော်တယ်ကျင့်စဉ်ရဲ့ စာအုပ်အစစ်ပဲ။ မင်းမှာ နတ်ဝိညာဉ်စွမ်းအား နယ်မြေထဲမှာ တစ်နှစ် ကျင့်စရာ ရှိတယ်မလား။ သွားပြီး ကျင့်ကြံချည်။ မင်း ကောင်းကင်နတ်ဘုရားအဆင့်ကို တက်လှမ်းပြီးသွားရင် သေမျိုးနယ်မြေအတွက် ကျင့်ကြံရေး အရင်းအမြစ်တွေ ရဖို့ မင်း ဝင်ပြိုင်လို့ ရပြီ"

ပိုင်ယွဲ့သည် သူ့ဘာသာသူ အတင်း စိတ်ငြိမ်အောင် လုပ်နိုင်လိုက်ပြီ ဖြစ်သည်။ သူက အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျောက်စိမ်းဘူးထဲ သေချာထည့်ကာ သိမ်းထားလိုက်ပြီး မိုဂူကျိအား ပြောလိုက်သည်။

"စီနီယာအစ်ကို... မဟုတ်သေးဘူး... အခုကစပြီး ဂူကျိက ငါ့ရဲ့ အရင်းနှီးရဆုံး ညီအစ်ကိုပဲ။ အင်မော်တယ် မော်တယ်ကျင့်စဉ်ကို

ငါတစ်ချက် ကြည့်ကြည့်လိုက်မယ်။ ငါ ကောင်းကင်နတ်ဘုရားအဆင့်ကို တက်လှမ်းပြီးသွားရင် စာအုပ်ကို ဝူကျိဆီ ပြန်ပေးမယ်ကွာ"

မိုဝူကျိက ရယ်ကာ

"ကျုပ်ဆီကို ပြန်ပေးစရာ မလိုပါဘူးဗျာ။ ကျုပ် မင်းကို ဒီစာအုပ် အပြီးပေးနေတာဗျ"

ပိုင်ယွဲ့ ဘာမှမမေးနိုင်သေးခင် မိုဝူကျိက ဆက်ပြောလိုက်သည်။

"ကျုပ်လည်း အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံပေမဲ့ ကျုပ် ကျင့်တာက စိုက်ပျိုးရေးကေရာဇ်ရဲ့ အင်မော်တယ် မော်တယ်ကျင့်စဉ် မဟုတ်ဘူး"

မိုဝူကျိသည် စိုက်ပျိုးရေးကေရာဇ်၏ ကျင့်စဉ်ကို ကျင့်ကြံနေသည်မဟုတ်ကြောင်း ကြားသောအခါ ပိုင်ယွဲ့က စိုးရိမ်လာပြီး မြန်မြန်ပြောလိုက်သည်။

"ဝူကျိ... အင်မော်တယ် မော်တယ်ကျင့်စဉ်ကို စိုက်ပျိုးရေးကေရာဇ်က တီထွင်ဖန်တီးခဲ့တာ။ တကယ်လို့ မင်း သူ့ရဲ့ကျင့်စဉ်ကို မကျင့်ကြံဘူးဆိုရင် မင်းရဲ့ကျင့်စဉ်မှာ သေချာပေါက် လိုအပ်ချက်တွေ ရှိနေလိမ့်မယ်..."

ပိုင်ယွဲ့သည် မိုဝူကျိအား “စီနီယာအစ်ကို” ဟု မခေါ်တော့ဘဲ သူ့နာမည်ကိုသာ တပ်ခေါ်တော့သည်။ မိုဝူကျိက သူ့ကို အင်မော်တယ် မော်တယ်ကျင့်စဉ်ပေးလိုက်သည့် အခိုက်တွင် သူက မိုဝူကျိအား သူ၏ အကောင်းဆုံးသော ညီအစ်ကိုအဖြစ် သတ်မှတ်လိုက်ပြီ ဖြစ်သည်။

## အခန်း(၁၀၀၁) : နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်

မိုဝူကျိက လေးနက်စွာ ပြောလိုက်သည်။

“ပိုင်ယွဲ့... မင်းရဲ့ဝိညာဉ်ကြော အရည်အသွေးက အရမ်းကောင်းတယ်။ ဒါကြောင့် ငါ မင်းကို ဖျောင်းဖျမနေတော့ဘူး။ ဒါပေမဲ့ တကယ်တမ်းကျ စိုက်ပျိုးရေးကျေရာဇ်ရဲ့ အင်မော်တယ် မော်တယ်ကျင့်စဉ်မှာလည်း လိုအပ်ချက်တွေ ရှိတယ်။ ငါ မသိတာတစ်ခုက အဲ့ဒီလိုအပ်ချက်တွေက မင်းအပေါ် ဘယ်လိုမျိုး သက်ရောက်မှု ရှိနေမလဲ ဆိုတာပဲ။ တကယ်လို့ မင်းသာ ဆန္ဒရှိရင် မင်း ငါ့ရဲ့အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ပြောင်းကျင့်ကြံလို့ ရတယ်”

"ဝူကျိ... ငါလည်း မင်းကို ဖျောင်းဖျလို့ မရမှန်း သိတယ်။ ဒါပေမဲ့ ငါက စိုက်ပျိုးရေးဧကရာဇ်ရဲ့ ကျင့်စဉ်ကို ကျင့်ကြံဖို့ ဆုံးဖြတ်ထားပြီးသား။ ငါ ကနဦးနတ်ဘုရားအဆင့် ၉ မှာ တစ်နေတာ တော်တော်လေးကို ကြာနေပြီ။ ဒါကြောင့် ငါ ကောင်းကင်နတ်ဘုရားအဆင့်ကို အရမ်းကို တက်လှမ်းချင်နေပြီကွာ။ သေမျိုးနယ်မြေက ကိစ္စတွေကို မင်းဆီ အပ်ခဲ့လိုက်မယ်။ ငါ ကျင့်ကြံဖို့ နတ်ဝိညာဉ်စွမ်းအင် နယ်မြေဆီကို မြန်မြန်သွားမှ ဖြစ်မယ်"

ပိုင်ယွဲ့က တုန့်ဆိုင်းမနေဘဲ မိုဝူကျိ၏ ကမ်းလှမ်းမှုကို ငြင်းဆိုလိုက်သည်။

မိုဝူကျိ၏ ကျင့်ကြံဆင့်သည် သူ့ထက် နိမ့်နေသည့်ကိစ္စကို ပြောနေစရာ မလိုပေ။ အကယ်၍ မိုဝူကျိတွင် ပိုမြင့်သော ကျင့်ကြံဆင့်ရှိနေလျှင်ပင် ပါရမီရှင် ဘယ်နှယောက်လောက်ကများ စိုက်ပျိုးရေးဧကရာဇ်လိုမျိုး ဖြစ်နိုင်မည်နည်း။ မိုဝူကျိက သူ့ထက် တော်သည်မှာ မှန်၏။ သို့သော် ထိုအရာက မိုဝူကျိသည် စိုက်ပျိုးရေးဧကရာဇ်ကဲ့သို့ ပါရမီရှင်တစ်ယောက်ထက် တော်လိမ့်မည်ဟု မဆိုလိုပေ။

"တာအိုရောင်းရင်းပိုင်ယွဲ့ ရှိပါလား ခင်ဗျ"

နောက်ထပ် အသံတစ်သံက ကာကွယ်ရေးအစီအရင် အပြင်ဘက်မှ ထွက်ပေါ်လာပြန်သည်။

ဝိညာဉ်စွမ်းအားစုစည်းရေး အစီအရင်အား ပိတ်ထားလိုက်ပြီးပြီဖြစ်ရာ အဘယ်ကြောင့်များ နောက်တစ်ယောက် ထပ်ရောက်လာရပြန်သနည်း။ မိုဝူကျိုက မယုံသင်္ကာသည့်ဟန်ဖြင့် ကာကွယ်ရေး အစီအရင်ကို ဖွင့်ပေးလိုက်သည်။ အပြင်ဘက်တွင် ရပ်နေသည်မှာ မိုဝူကျို ရွံ့ရှာမုန်းတီးသော အောင်းရုံ ဖြစ်နေ၏။

မိုဝူကျိုက အောင်းရုံ၏ ဘေးမှလူကိုလည်း သိသည်။ ထိုလူ့ကိုလည်း ညီတူမျှတူ ရွံ့ရှာမုန်းတီးသည်။ ထိုလူမှာ အောင်းမျိုးနွယ်၏ နတ်ဘုရားဘုရင် ကွမ်းမိ ဖြစ်သည်။

အောင်းရုံက မိုဝူကျိုကို မမြင်သည့်ပုံစံ လုပ်နေသည်။ သူက ပိုင်ယွဲ့အား ပြုံးပြလိုက်ပြီး ပြောလိုက်သည်။

“တာအိုရောင်းရင်း ပိုင်ယွဲ့... ကျွန်တော် ခင်ဗျားကို အကျိုးအမြတ်တွေနဲ့ ကမ်းလှမ်းဖို့ လာခဲ့တာပါ”

ပိုင်ယွဲ့က မျက်ခုံး အနည်းငယ် ကျုံ့လိုက်ပြီး တည်ငြိမ်စွာ ပြောလိုက်သည်။

“တာအိုရောင်းရင်းအောင်း... ကျုပ် သေမျိုးနယ်မြေကို ဝင်ဖို့ ဆုံးဖြတ်ပြီးသွားပြီ။ ကျုပ် တစ်နှစ်လောက် ဂူပိတ်ကျင့်ကြံမလို့ လုပ်နေတာ။ ဒါကြောင့် တာအိုရောင်းရင်းအောင်းရဲ့ စေတနာကောင်းတွေကို စိတ်ပျက်စေမိပြီဗျာ”

အောင်းရုံက လက်ခါကာ အမျက်မထွက်ဘဲ ပြောလိုက်သည်။

“ဒီတစ်ကြိမ်က ကျွန်တော် ခင်ဗျားကို အောင်းမျိုးနွယ်ထဲဝင်ဖို့ လာဖိတ်ခေါ်တာ မဟုတ်ပါဘူး။ ခင်ဗျားဆီမှာ နိဗ္ဗာန်မြစ်ထဲမှာ နတ်ဘုရားဘုရင်တွေ ကျင့်ကြံဖို့အတွက် ၃ နေရာစာ ရှိတယ်မလား။ ကျွန်တော်က အဲ့ဒါတွေကို ဈေးကောင်းကောင်း ပေးဝယ်ဖို့ လာခဲ့တာပါ။ အဲ့ဒီကျောက်စိမ်း တံဆိပ်ပြားတွေက ခင်ဗျားအတွက် ဘာမှအသုံးမဝင်တာ ခင်ဗျား သိမှာပါ။ ကျွန်တော့်ကို ဈေးကောင်းကောင်းနဲ့ ရောင်းလိုက်ပါ။ အဲ့ဒါဆို ကျွန်တော် ခင်ဗျားအပေါ် ကျေးဇူးကြွေးတစ်ခု တင်နေမှာပါ ”

ပိုင်ယွဲ့က တည်ငြိမ်စွာ ပြောလိုက်သည်။

“စိတ်မကောင်းပါဘူး။ ဒီကိစ္စကို ကျုပ်ရဲ့ စီနီယာအစ်ကိုဆီ လွှဲအပ်ထားတာ။ ကျုပ်က သိပ်မကြာခင် ဂူပိတ်ကျင့်ကြံတော့မှာ။ ရောင်းရင်းနှစ်ယောက် ပြန်လိုက်ကြပါတော့ဗျာ”

“ခင်ဗျားရဲ့ စီနီယာအစ်ကိုက...”

အောင်းရုံက နားမလည်စွာ မေးလိုက်သည်။ သို့သော် ပိုင်ယွဲ့က ဆက်လက်ဖြေကြားရန် ရည်ရွယ်ချက်မရှိချေ။

မိုဝူကျိုက လက်ကို ဝှေ့ကာ ပြောလိုက်သည်။

"ခင်ဗျားတို့ နှစ်ယောက်လုံး ပြန်လိုက်ကြပါတော့။ ကျုပ် အစီအရင်ကို ပိတ်တော့မယ်"

"မင်းက ပိုင်ယွဲ့ရဲ့ စီနီယာအစ်ကိုလား"

နတ်ဘုရားဘုရင် ကွမ်းမိ၏ အတွေ့အကြုံမှာ အောင်းရုံထက် ပိုများမှန်း သိသာလေသည်။ မိုဝူကျို၏ စကားများကို ကြားလိုက်သည့်အခိုက် သူက မိုဝူကျိုသည် ပိုင်ယွဲ့၏ စီနီယာအစ်ကို ဖြစ်လောက်မည်ဟု သိလိုက်သည်။

"အမှန်ပဲ။ ဒါပေမဲ့ ကျုပ်က ဒီကျောက်စိမ်း တံဆိပ်ပြား ၂ ခုကို ရောင်းဖို့ စိတ်ကူးမရှိဘူး။ တကယ်လို့ ခင်ဗျားတို့နှစ်ယောက် စိတ်ဝင်စားရင်တော့ နိဗ္ဗာနတာအိုမြို့ရဲ့ လေလံပွဲမှာ လာကြည့်လို့ရတယ်"

မိုဝူကျိုသည် အောင်းမျိုးနွယ်အား ဆက်လက် အပြစ်မပြုချင်သော်လည်း သူတို့အား နိဗ္ဗာန်မြစ်အတွက် ကျောက်စိမ်းတံဆိပ်ပြားကို မရောင်းပါက သေချာပေါက် အပြစ်ပြုမိမည်မှန်း သိသည်။

သို့သော် ကျောက်စိမ်းတံဆိပ်ပြားများကို အောင်းမျိုးနွယ်အား ပိုင်ဆိုင်စေမည့်အစား သူက ဖျက်သာ ဖျက်ဆီးပစ်လိုက်မည် ဖြစ်သည်။

"မင်းတို့နှစ်ယောက်က တသက်လုံး ဒီထဲမှာပဲ တွင်းအောင်းနေဖို့ စိတ်ကူးထားတာလား"

နတ်ဘုရားဘုရင် ကွမ်းမိ၏ အသံမှာ အေးခဲနေသည်။ သူ့လိုမျိုး နတ်ဘုရားဘုရင်တစ်ယောက်က ကနဦးနတ်ဘုရား ငတိကောင်ဆီမှ ကျောက်စိမ်းတံဆိပ်ပြား ဝယ်ယူရန် ကိုယ်တိုင်ကိုယ်ကျ လာခဲ့ရသည်။ ဤသည်ကား ဤပုရွက်ဆိတ်အား အခွင့်ထူးကြီး ပေးထားခြင်း ဖြစ်သည်။ သို့သော် ဤပုရွက်ဆိတ်နှစ်ကောင်သည် သူတို့အား အထဲ မဖိတ်ခေါ်သည့်အပြင် ဤကဲ့သို့စကားမျိုးကိုပင် ပြောသေးသည်။

နတ်ဘုရားဘုရင် ကွမ်းမိ၏ စိတ်ထဲတွင် သူ ဤနေရာသို့ ရောက်လာခြင်းသည် အောင်းမျိုးနွယ်က ဤကနဦးနတ်ဘုရားအား သူတို့လက်အောက်သို့ ဝင်ရောက်စေလိုကြောင်းကို ကိုယ်စားပြုနေသည်။ ထိုအခါ ပိုင်ယွဲ့က ကျောက်စိမ်း တံဆိပ်ပြားများကို စေတနာဖြင့် ပေးအပ်သင့်လေသည်။ သူက နတ်ဘုရားကျောက်များ

ပေးလျှင်ပင် ပိုင်ယွဲ့က လေးစားစွာဖြင့် လိမ်မာပါးနပ်စွာ ငြင်းဆိုရမည်။

နတ်ဘုရားဘုရင်တစ်ယောက်နှင့် ကနဦးနတ်ဘုရားတစ်ယောက်တို့ကြားမှ ကွာခြားမှုမှာ အောင်းမျိုးနွယ်နှင့် နယ်လှည့်ကျင့်ကြံသူတစ်ယောက်တို့ကြားမှ ကွာခြားမှုနှင့် တူညီလေသည်။ ရိုးရိုးလေး တိုင်းတာ၍ပင် မရနိုင်အောင် ကွာခြားလွန်း၏။

ဤကနဦးနတ်ဘုရားသည် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲ ဝင်လိုက်သည်နှင့် သူ ပူပင်စရာ မရှိတော့ဘူးဟုများ ထင်နေသလော... ထိုအရာမှာ အရူးတစ်ယောက်၏ တွေးခေါ်နည်းတစ်ခုသာ ဖြစ်၏။

မိုဝူကျိုက တည်ငြိမ်စွာ ပြောလိုက်သည်။

"ဒါ ကျုပ်တို့ကြားထဲက ကိစ္စပါ။ ခင်ဗျားတို့နှစ်ယောက်ကို ကျုပ်တို့အတွက် စိတ်ပူပေးဖို့ ဒုက္ခမပေးရဲပါဘူးဗျာ"

"သိပ်ကောင်းတာပေါ့ကွာ"

နတ်ဘုရားဘုရင် ကွမ်းမိက မိုဝူကျိုအား အေးစက်စက် စိုက်ကြည့်ပြီးနောက် လှည့်ပြန်သွားသည်။

အောင်းရုံကလည်း မိုဝူကျိအား အေးစက်စက် အကြည့်တစ်ချက် ပစ်လွှတ်လိုက်ပြီး ဂရုမစိုက်စွာ ပြောလိုက်သည်။

“မင်း မကြာခင် မင်းတို့နှစ်ယောက် ကျောင်းတော်ထဲမှာ အသက်ဆက်ရှင်ရုံလေးပဲ တတ်နိုင်တယ်ဆိုတာ သဘောပေါက်လာလိမ့်မယ်”

“ဝူကျိ… မင်း အရင်က အောင်းရုံကို အပြစ်ပြုထားသေးလား”

ပိုင်ယွဲ့သည် နယ်လှည့်ကျင့်ကြံသူတစ်ယောက်အနေနှင့် ဤအခြေအနေထိ ရောက်လာနိုင်ခဲ့သည်။ သူက သာမန်လူတစ်ယောက် မဟုတ်သည်မှာ ပုံမှန်ပင်။ သူက အောင်းရုံနှင့် မိုဝူကျိတို့ကြားမှ တင်းမာမှုတချို့ ရှိနေသည်ကို မြင်နိုင်၏။

မိုဝူကျိက လျောင်ရယ် ရယ်ပြီး အဝေးသို့ ကြည့်လိုက်ရင်း

“အောင်းမျိုးနွယ်က ငါ့ကို သတ်ဖို့ ကြိုးစားခဲ့တယ်။ ငါ့ရဲ့မိတ်ဆွေကြောင့်သာ မဟုတ်ခဲ့ရင် အခုအချိန် ငါ အရိုး ဖြစ်နေလောက်ပြီ”

ပိုင်ယွဲ့က အသက်ပြင်းပြင်း ရှူလိုက်ကာ ဖြည်းဖြည်းချင်း ပြောလိုက်သည်။

"ဝူကျိ... ငါ ကျင့်ကြံဖို့ နတ်ဝိညာဉ်စွမ်းအား နယ်မြေဆီ အခုပဲ သွားတော့မယ်။ ကောင်းကင်နတ်ဘုရား အဆင့်ထဲ မတက်လှမ်းနိုင်ရင် ပြန်ထွက်မလာဘူးကွာ"

မိုဝူကျိက ခေါင်းငြိမ့်ကာ

"မင်း သွားပြီး ကျင့်ကြံလိုက်လေ။ ငါလည်း နိဗ္ဗာန်တာအိုမြို့ဆီ ခရီးတစ်ခေါက် ထွက်စရာ ရှိတယ်"

........................

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှာ တကယ့်ကို မတင်းကျပ်ပေ။ ကျောင်းတော်မှ သူ ထွက်လာစဉ် မေးခွန်း တစ်ခွန်းတောင် အမေးမခံရချေ။ သို့သော် သူ့ကိုယ်ပေါ်တွင် စိတ်စွမ်းအားအမျှင်တချို့ ရှိနေကြောင်းကိုတော့ မိုဝူကျိက အလွန်သေချာသည်။ ဤသည်မှာ ကျောင်းတော်သည် မတင်းကျပ်သယောင် ထင်ရသော်လည်း တကယ်တမ်းတွင် ကျောင်းတော်၏ အတွင်းအပြင်ရှိ လှုပ်ရှားမှုအားလုံးကို စောင့်ကြည့်နေသည်ဟု ဆိုလိုနေသည်။

ဤအချက်က မိုဝူကျိအား နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်အပေါ် အထင်ပိုကြီးသွားစေသည်။ သူ သေမျိုးနယ်မြေထဲတွင် ရှိစဉ်က မည်သည့်ဖိအားမှလည်း

မခံစားရသလို သူ့အား စောင့်ကြည့်နေသည့် ခံစားချက်မျိုးလည်း မရပေ။ သိသာစွာပင် ကျောင်းတော်ထဲ၌ အင်အားစု အမျိုးမျိုး၏ ကိုယ်ရေးကိုယ်တာ သီးသန့်လုံခြုံမှုကို ကာကွယ်ပေးထားလေသည်။

ယခင် မိုဝူကျိသည် ရင်ပြင်ကို ဖြတ်၍ ရွှေရောင်လမ်းကြောင်းဖြင့် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်သို့ ဝင်ခဲ့သည်။

ယခု သူ ထွက်သွားသည့်အခါတွင်မှ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်သည် မည်မျှကျယ်ဝန်းကာ မည်မျှခမ်းနားကြောင်းကို သိရတော့သည်။

ကျောင်းတော်၏ အပေါ်တည့်တည့်တွင် "နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်" ဟူသော ရွှေရောင်စာလုံးကြီး ၃ ခုက လေထဲတွင် လွင့်မျောနေသည်။ အနည်းဆုံး မီတာ ၃၀ ကျယ်သော ရွှေရောင်ဖျော့ဖျော့ လှေကားအိမ်တစ်ခုက ကျောင်း၏ အပြင်ဘက်ဆုံးနေရာမှ အတွင်းဘက်ထိ ဆန့်တန်းနေသည်။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ အပြင်ဘက်ဆုံး အစွန်အဖျားနားတွင် မီတာရာကျော် ကျယ်သော မြစ်ကြီးတစ်စင်း ရှိသည်။ မိုဝူကျိအား အံ့သြသွားစေသည်မှာ မြစ်၏အထက်ပေါ်တွင်

လွှင့်မျှောနေသော “နိဗ္ဗာန်မြစ်” ဟူသည့် စကားလုံးများကြောင့် ဖြစ်သည်။

နိဗ္ဗာန်မြစ်မှာ မိုဝူကျို လတ်တလော အများဆုံးကြားနေရသော နာမည် ဖြစ်သည်။

**ထိုမြစ်သည် တာအိုမြစ်တစ်စင်း မဟုတ်ဘူးလော...**

အဘယ်ကြောင့် ကျောင်းတော်၏ အစွန်အဖျား ပတ်ပတ်လည်အား ပတ်ထားသော ကျုံးမြစ်တစ်စင်းကဲ့သို့ ဖြစ်နေရသနည်း။

ထိုမျှ ရိုးရှင်းလောက်မည် မဟုတ်ပေ။ မိုဝူကျိုသည် ထိုအကြောင်းအား ထို့ထက်ပို၍ မတွေးတော့ပေ။ ဤသည်မှာ သူနှင့် မဆိုင်ပေ။ နိဗ္ဗာန်မြစ်၏အပေါ်တွင် ကျောက်ပေါင်းကူး တံတား တစ်ခုရှိသည်။ ပေါင်းကူးတံတားကို ဖြတ်ကျော်ပြီးသည့်နောက် မီတာ ၃၀ ရှည်သော ကျောက်စိမ်းဖြူလမ်းမကြီး တစ်ခုရှိသည်။

မိုဝူကျိုသည် ဤလမ်းမနှင့် ရင်းနှီးသည်။ ဤလမ်းမသည် နိဗ္ဗာန်တာအိုမြို့သို့ ဦးတည်နေသည်။

ကျောင်းတော်နှင့် နိဗ္ဗာန်တာအိုမြို့တို့ကြားမှ အကွာအဝေးသည် လုံး၀ လုံခြုံစိတ်ချရလေသည်။ ယခင် လော့ယွီက မိုဝူကျိုအား

သတ်ချင်သည့်အချိန်ကပင် သူက နိဗ္ဗာန်တာအိုမြို့၏ အပြင်ဘက်တွင် စောင့်ရုံသာ တတ်နိုင်ခဲ့သည်။

မိုဝူကျိုက လေလွင့်ကျင့်ကြံသူ အစည်းအရုံး၏ လော့ယွီနှင့် အောင်းမျိုးနွယ်၏နတ်ဘုရားဘုရင် ကွမ်းမိ တို့ကို အပြစ်ပြုထားပြီး ပြဿနာတက်ထားသော်လည်း သူက နိဗ္ဗာန်တာအိုမြို့သို့ ဘေးကင်းလုံခြုံစွာ ရောက်ရှိနိုင်လေသည်။

"ဝူကျို... ကျွန်တော် ခင်ဗျားကို စောင့်နေတာ ကြာပြီဗျ"

ပျော်ရွှင်မှု ရိပ်သာထဲသို့ မိုဝူကျို ခြေချလိုက်သည့်အခိုက် ချီခွန်းက သူ့ကို လာနှုတ်ဆက်ကြိုဆိုလေသည်။ ချီခွန်းနောက်တွင် မျက်နှာဖုံးပဝါနှင့် ယွီလော့ ရှိသည်။

ချီခွန်းနှင့် ယွီလော့တို့ကို မြင်သောအခါ မိုဝူကျိုသည်လည်း ပျော်မိသည်။ ပြောရမည်ဆိုလျှင် သူတို့နှစ်ယောက်ကို သူ့မိတ်ဆွေများဟု သတ်မှတ်နိုင်ကာ သူတို့က သူ့ကို ယခင်က ကူညီဖူးသည်။ သူက သူတို့ကို အဆင့်မြင့် နှင်းစက်စိမ်းဆန်တချို့ ပြန်ပေးခဲ့သော်လည်း ထိုဆန်မှာ တကယ်တမ်း အများကြီး အဖိုးမတန်ပေ။

"အစ်ကိုချီ... စီနီယာအစ်မ ယွီလော့... အထဲ အရင်ဝင်ကြရအောင်"

ချီခွန်းနှင့်ယွီလော့တို့ အဘယ်ကြောင့် ဤနေရာတွင်ရှိနေမှန်း မိုဝူကျိုက မသိပေ။ သူ့တွင် နိဗ္ဗာန်မြစ်အတွက် ကျောက်စိမ်း တံဆိပ်ပြားများ ရှိနေသည့် အကြောင်းကို သူတို့ မသိမှန်း မိုဝူကျိုက သေချာသည်။

……………………..

မိုဝူကျို ပြန်ရောက်လာသည့်အချိန်တွင် ချီပင်းက ဂူပိတ်ကျင့်ကြံရာမှ ပြန်ထွက်လာပြီ ဖြစ်သည်။ မိုဝူကျို ဝင်လာသည်ကို မြင်သောအခါ သူမက ပြုံးကာ ပြောလိုက်သည်။

"ဂုဏ်ပြုပါတယ် ဝူကျို။ ရှင် စီစဥ်ထားတဲ့အတိုင်း နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲကို ဝင်ရောက်နိုင်ခဲ့ပြီပေါ့"

ချီချွမ်၊ ရှိုက်ကောနှင့် တာ့ဟွမ်တို့သည်လည်း သူတို့၏ အခန်းများမှ အလျှင်အမြန်ထွက်လာကြသည်။

မိုဝူကျိုက ပြောလိုက်သည်။

"ဒီတစ်ခေါက် ကျုပ် အစ်မတို့ အားလုံးကို နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ဆီ ခေါ်ဖို့ ပြန်လာတာ။ အနည်းဆုံးတော့ ကျောင်းတော်ထဲမှာ ကျုပ်တို့ကို ဘယ်သူမှ လာနှောင့်ယှက်မှာ မဟုတ်ဘူးလေ"

ချီပင်းက ခေါင်းငြိမ့်ကာ

“အဲ့ဒါတော့ အမှန်ပဲ။ ဒီနှစ်တွေမှာ နယ်လှည့်ကျင့်ကြံသူ တစ်ယောက် အနေနဲ့ ကျွန်မရဲ့စွမ်းရည်ကို ဆက်တိုက် တိုးမြှင့်နိုင်ခဲ့ပေမဲ့ ကိုယ်ပိုင်တာအိုပညာရပ်တွေကို လေ့လာဖို့ ဘယ်တော့မှ အေးအေးချမ်းချမ်း မရှိခဲ့ဖူးဘူး။ ဒီတစ်ခေါက်တော့ ရှင့်ရဲ့ရက်ရောမှုကို မှီပြီး နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲမှာ လုံခြုံအေးချမ်းတဲ့ နှစ်နည်းနည်းလောက် ရတော့မယ်ပေါ့”

ချီခွန်းသည် ယခုမှ မိုဝူကျိအနားတွင် နတ်ဘုရားဘုရင် ပညာရှင်တစ်ယောက် တကယ်ကြီး ရှိနေကြောင်း သတိထားမိသွားသည်။ သူက မနေနိုင်ဘဲ ရှက်ရွံ့မှုဖြင့် မျက်နှာရဲ သွားရသည်။ ဟိုယခင် သူ မိုဝူကျိနှင့် မိတ်ဆွေဖွဲ့ရန် ကြိုးစားစဉ်က နှင်းစက်စိမ်းဆန် စိုက်ပျိုးနိုင်သော မိုဝူကျိ၏ အရည်အချင်းကြောင့်သာ မိတ်ဆွေဖွဲ့ခဲ့ခြင်း ဖြစ်သည်။ တဖြည်းဖြည်းနှင့် သူတို့တွေ စကားပြောကြဆိုကြရင်းမှ တကယ့် မိတ်ဆွေသူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။

ထို့အပြင် ချီပင်း နတ်ဘုရားဘုရင် ဖြစ်လာနိုင်သည်မှာ မိုဝူကျိက နတ်ဘုရား ကျောက်စိမ်းဆေးလုံးဖြစ်သည့် အဆင့် ၅ နတ်ဆေးလုံးကို ဖော်စပ်ပေးခဲ့သောကြောင့်သာ ဖြစ်မှန်း သူ မသိချေ။ အကယ်၍ သူသိခဲ့ပါက သေချာပေါက် ယခုလို တည်ငြိမ်နေနိုင်မည် မဟုတ်ပေ။

ချီပင်းကို စိတ်အားထက်သန်စွာ နှုတ်ဆက်လိုက်ပြီးနောက် ချီခွန်းက အနေခက်စွာ ပြောလိုက်သည်။

“ဝူကျိ… မိုးကောင်းကင် နတ်ဘုရားဂိုဏ်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်ရဲ့ ပြောစကားကို အလေးထားအောင် မလုပ်နိုင်ခဲ့တဲ့အပြင် ခင်ဗျားကိုတောင် အဖမ်းခံရပြီး ဂိုဏ်းဆီ အတင်းအခေါ် ခံရစေမလို ဖြစ်စေခဲ့တယ်။ တကယ့်ကို တောင်းပန်ပါတယ်ဗျာ”

မိုဝူကျိက ထိုကိစ္စအား အရေးမကြီးသည့်ဟန်ဖြင့် ပြုံးကာ ပြောလိုက်သည်။

“အစ်ကိုချီက ကျုပ် ရုပ်ဖျက်ထားတာကို မဖော်ထုတ်ခဲ့ဘူးလေ။ အဲ့ဒါနဲ့တင် လုံလောက်နေပါပြီ။ တခြားကိစ္စတွေက အရေးမကြီးပါဘူး။ အဲ့ဒီအပြင် မိုးကောင်းကင်မြို့ထဲမှာတုန်းက စီနီယာအစ်မယွီလော့နဲ့ အစ်ကိုချီတို့ကြောင့်သာ မဟုတ်ရင် အောင်းမျိုးနွယ် သတ်လို့ ကျုပ် သေနေလောက်ပြီဗျ”

မိုဝူကျိသည် သူ ရုပ်ဖျက်ထားသည့်အကြောင်းကို ထုတ်မပြောပြခဲ့သည့်အတွက် ချီခွန်းအပေါ် အမှန်တကယ် ကျေးဇူးတင်မိလေသည်။ သို့မဟုတ်ပါက ရန်ဖေးသည် ဆေးလုံးတာအို ဂုဏ်ထူးဆောင်မျှော်စင်မှာကတည်းက သူ့ကို

သတိပြုမိသွားလောက်ပြီ ဖြစ်သည်။ ထိုမျှသာမက မိုးကောင်းကင်မြို့တွင် သူတို့နှစ်ယောက်က သူ့အား အကူအညီပေးရန် ကမ်းလှမ်းခဲ့သည်ကို သူ့ရင်ထဲ၌ သေချာစွဲမှတ်ထားသည်။

"ဂျူနီယာမောင်လေးမို... ရှင်က အခု နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲ ဝင်သွားပြီဆိုတော့ ကောင်းကင်နတ်ဘုရားအဆင့်ကို တက်လှမ်းပြီးမှပဲ အပြင်ပြန်ထွက်လာတော့မှာလား"

ယွီလော့က မိုဝူကျိသည် သာမန်မဟုတ်ဘူးဟု အမြဲခံစားမိခဲ့သည်။ သူမ၏ အလိုလိုသိစိတ်က မှန်သွားခဲ့၏။

ယခင်က မိုဝူကျိကို ကြည့်ရသည်မှာ အလွန်သာမန်ဖြစ်ပုံ ပေါ်သည်။ သို့သော် သူက နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်၏ စစ်ဆေးဆုံးဖြတ်မှုကို အောင်မြင်နိုင်ခဲ့ပြီး အဆင့်(၂၂) နေရာကိုပင် ရရှိခဲ့လေ၏။

မိုဝူကျိက ပြုံးကာ

"ကျုပ်လက်ထဲမှာ နတ်ဘုရားဘုရင်တွေ နိဗ္ဗာန်မြစ်ထဲ ဝင်ဖို့နဲ့ သဟာဇာတနတ်ဘုရားရဲ့ တာအိုဆွေးနွေးပွဲကို နားထောင်ဖို့ နေရာ ၃ နေရာစာ ရှိတယ်။ ကျုပ် အဲ့ဒါတွေကို နိဗာနတာအိုမြို့မှာ

လေလံတင် ရောင်းပြီး နတ်ဝိညာဉ်သွေးကြောတချို့ ဝယ်မယ်လို့ စဉ်းစားထားတယ်”

ဤအခိုက်၌ ဤနေရာလွတ်စာများသည် နတ်ဘုရားကုန်းမြေမှ နတ်ဘုရားဘုရင်များအတွက် မည်မျှထိ အဖိုးတန်ကြောင်း မိုဝူကျိုက အထူးသဖြင့် ကောင်းကောင်းသိသည်။ သူက ဤနေရာလွတ်များကို လေလံတင် ရောင်းပြီးသည့်နောက် များစွာသော နတ်ဝိညာဉ်သွေးကြောများကို သေချာပေါက် ရရှိနိုင်လိမ့်မည်ဟု ယုံကြည်သည်။ အကယ်၍ သူ့တွင် နတ်ဝိညာဉ်သွေးကြော မရှိပါက သေမျိုးနယ်မြေတွင် ကျင့်ကြံ၍ပင် ရမည်မဟုတ်ပေ။

“ဘာရယ်”

ချီခွန်းနှင့်ယွီလော့ နှစ်ယောက်စလုံးက စိတ်လှုပ်ရှားစွာ မတ်တပ်ထရပ်လိုက်ကြသည်။

ယွီလော့သည် အံ့သြလွန်းသဖြင့် သူမ၏ မျက်နှာဖုံးပဝါကိုပင် လျှောကျလုနီးနီး ဖြစ်သွားသည်။

“ဂျူနီယာမောင်လေးမို... ရှင်ပြောတာက ရှင့်မှာ နတ်ဘုရားဘုရင်တွေ နိဗ္ဗာန်မြစ်ထဲဝင်ဖို့ နေရာလွတ်တွေ ရှိနေတယ်ပေါ့ ဟုတ်လား”

သူမ၏အသံ တုန်ယင်နေပုံကို ကြည့်ခြင်းအားဖြင့် နေရာလွတ်မှာ သူမအတွက် မည်မျှအရေးကြီးကြောင်း မြင်နိုင်ပေသည်။

## အခန်း(၁၀၀၂) : ထာဝရကမ္ဘာငယ်မှ သဘာဝအမြုတေများကို ပြန်ထုတ်ယူခြင်း

"ဟုတ်ပါတယ်"

မိုဝူကျိသည် ထိုအချက်ကို ချီခွန်းနှင့်ယွီလော့တို့ဆီမှ ဖုံးကွယ်ထားရန် မရည်ရွယ်ပေ။ အကယ်၍ နိဗ္ဗာန်တာအိုမြို့ထဲတွင် နိဗ္ဗာန်မြစ် နေရာလွတ်များကို လေလံတင်မည်ဆိုပါက ချီခွန်းနှင့်ယွီလော့တို့သည် နောက်ဆုံးတွင် ထိုအကြောင်းကို သိသွားမည်သာ ဖြစ်သည်။

ယွီလော့နှင့်ချီခွန်းတို့၏ တုံ့ပြန်မှုများမှာ မိုဝူကျိ ခန့်မှန်းထားသည့်အတိုင်း ဖြစ်သည်။ အကယ်၍ မိုးကောင်းကင် နတ်ဘုရားဂိုဏ်းက နေရာလွတ်ကို မလိုချင်ပါက သူတို့သည် ကျောင်းတော်၏ စစ်ဆေးဆုံးဖြတ်မှုအပေါ် ထိုမျှလောက် အလေးထားနေမည် မဟုတ်ပေ။

"ဂျူနီယာမောင်လေးမို… ကျွန်မ ဒီလိုစကားမျိုး မပြောသင့်မှန်း သိပါတယ်… ဒါပေမဲ့လေ နိဗ္ဗာန်မြစ်ထဲ ဝင်ဖို့အတွက် နေရာလွတ်တစ်ခု ကျွန်မ အရမ်းကို လိုချင်နေလို့ပါ။ ဒီနေရာလွတ်က ကျွန်မအတွက် မဟုတ်ပါဘူး။ ကျွန်မရဲ့ အဘိုးရဲ့အဖေ အတွက်ပါ"

ထိုသို့ပြောနေရင်းဖြင့် ယွီလော့က မိုဝူကျိဘက်သို့ ဦးညွတ်လိုက်၏။ သူမက ဆက်ပြောလိုက်သည်။

"လွန်ခဲ့တဲ့နှစ်တွေတုန်းက ကျွန်မရဲ့ယွီမျိုးနွယ်က ဘေးအန္တရာယ်ကြီးတစ်ခုနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ကျွန်မအမေကို ကယ်ဖို့အတွက် အဘိုးရဲ့အဖေက သူ့တာအိုအုတ်မြစ်ကို အထိခိုက်ခံခဲ့ရတယ်။ နိဗ္ဗာန်မြစ်က သဟာဇာတနတ်ဘုရားအဆင့်ကို တက်လှမ်းဖို့ အသိဉာဏ်ပွင့်မှုတွေကို ရရှိစေရုံတင်မကဘဲ ပျက်စီးနေတဲ့ တာအိုအုတ်မြစ်တွေကိုပါ ပြန်လည် ကောင်းမွန်လာနိုင်စေတယ်…"

သူမ ပြောလို့မပြီးသေးခင်ပင် ယွီလော့က သိုလှောင်လက်စွပ်တစ်ကွင်းကို အမြန်ထုတ်ယူကာ မိုဝူကျိဆီ ပေးလိုက်သည်။

"ဂျူနီယာမောင်လေးမို... ကျွန်မမှာ အဖိုးတန်ဆုံးပစ္စည်းဆိုလို့ ဟောဒီ ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြောပဲ ရှိတယ်။ ဒါက ကျွန်မအတွက် အဘိုးရဲ့အဖေ ချန်ထားခဲ့တဲ့ဟာပါ။ ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြောတစ်ခုက နေရာလွတ်တစ်ခုနဲ့ နှိုင်းယှဉ်လို့ မရမှန်း သိပါတယ်။ ဒါပေမဲ့ ကျွန်မမှာ ဒီ့ထက်ပိုပြီး တန်ဖိုးရှိတာ ဘာမှမရှိလို့ပါ"

မိုဝူကျိုက သိုလှောင်လက်စွပ်ကို လက်ခံယူလိုက်သည်။ ထို့နောက် သူက ယွီလော့ဆီ ကျောက်စိမ်း တံဆိပ်ပြားတစ်ခုကို ကမ်းပေးလိုက်ကာ ပြောလိုက်သည်။

"စီနီယာအစ်မယွီ... အစ်မဆီကနေ ကျုပ် ဘာမှယူဖို့ စိတ်ကူးမရှိပါဘူး။ ဒါပေမဲ့ ကျုပ်ရဲ့သေမျိုးနယ်မြေမှာ ဘာနတ်ဝိညာဉ်စွမ်းအားမှ မရှိဘူး ဖြစ်နေတယ်။ ဒါကြောင့် ကျုပ် အဲ့ဒီမှာ စိုက်ဖို့ နတ်ဝိညာဉ်သွေးကြောတချို့ လိုအပ်နေလို့ပါ။ မဟုတ်ရင် ကျုပ်ရဲ့သေမျိုးနယ်မြေက သဲကန္တာရနဲ့ ဘာမှမခြားတော့ဘူးဗျ"

ချီခွန်းက မိုဝူကျိုဆီတွင် နိဗ္ဗာန်မြစ် နေရာလွတ်များ ရှိသည်ဟု ကြားသောအခါ သူကလည်း မိုဝူကျိုဆီမှ တစ်ခုလောက်

တောင်းချင်ခဲ့သည်။ သို့သော် ယင်္ခလော့ မေးလိုက်ပြီးသည့်နောက်တွင် သူက ငြိမ်ကျသွားသည်။

မိုးကောင်းကင်နတ်ဘုရားဂိုဏ်းသည် ကျောက်စိမ်းတံဆိပ်ပြားကို လိုအပ်သည်မှာ မှန်သည်။ သို့သော် သူ့မိုးကောင်းကင် နတ်ဘုရားဂိုဏ်းနှင့် မိုဝူကျိတို့ကြားတွင် ပဋိပက္ခရှိခဲ့ဖူးသည်။ ထို့အပြင် ထိုပဋိပက္ခမှာ သေးသေးကွေးကွေးလည်း မဟုတ်ပေ။ ဝမ်းသာစရာတစ်ခုမှာ ထိုပဋိပက္ခသည် တကယ့် ရန်ငြိုးအစစ်အထိ မကြီးထွားသေးသည့် အချက်ပင် ဖြစ်သည်။

သို့သော် ချီခွန်းသည် မိုဝူကျိဆီမှ နောက်ထပ် ကျောက်စိမ်းတံဆိပ်ပြားတစ်ခု တကယ့်ကို မတောင်းဆိုနိုင်ပေ။

"ဝူကျိ… ကျန်တဲ့ ကျောက်စိမ်းတံဆိပ်ပြား နှစ်ခုကို လေလံတင် ရောင်းတော့မလို့လား"

ချီခွန်းက ခဏတွေဝေနေပြီးမှ မေးလိုက်သည်။

မိုဝူကျိက ခေါင်းငြိမ့်ကာ

"ဟုတ်တယ်ဗျ။ တကယ်လို့ အစ်ကိုချီက အစ်ကို့အတွက် လိုနေတယ်ဆိုရင် ကျုပ်က အစ်ကို့ကို ပေးဖို့ တွေဝေနေမှာ မဟုတ်ဘူး။ တစ်ခုပဲ… ဒီကျောက်စိမ်းတံဆိပ်ပြားက ကျုပ်တစ်ယောက်တည်း ပိုင်တာ မဟုတ်ဘဲ သေမျိုးနယ်မြေက

ကျုပ်ရဲ့ဂျူနီယာညီလေးလည်း ပိုင်နေတယ်ဗျ။ တကယ်လို့ အစ်ကိုချီက ကျောက်စိမ်းတံဆိပ်ပြားကို မိုးကောင်းကင်နတ်ဘုရားဂိုဏ်းဆီ ပေးဖို့ စိတ်ကူးထားတယ်ဆိုရင်တော့ ကျုပ်လည်း ခင်ဗျားကို ကူညီဖို့ တကယ်ပဲ မတတ်နိုင်ပါဘူး”

ညှာတာ ထောက်ထားနေစရာ မလိုပေ။

ချီခွန်းမှာ သူ့မိတ်ဆွေ ဖြစ်သော်လည်း မိုးကောင်းကင်နတ်ဘုရားဂိုဏ်းမှာကား မိတ်ဆွေဖြစ်ရန် အဝေးကြီးလိုသေးသည်။ အကယ်၍ သူသာ သတိကြီးကြီး မထားခဲ့ပါက စစ်ဆေးဆုံးဖြတ်မှုထဲတွင် ပါဝင်နိုင်လောက်မည် မဟုတ်ပေ။ ထိုအစား အဖမ်းခံရပြီး မိုးကောင်းကင်နတ်ဘုရားဂိုဏ်းဆီသို့ ဆွဲအခေါ်ခံသွားရလောက်လေပြီ။ အကယ်၍ သူသည် မိုးကောင်းကင် နတ်ဘုရားဂိုဏ်း၏ အဖမ်းကို တကယ်ခံခဲ့ရပါက အကျိုးဆက်မှာ မတွေးရဲစရာပင်။

“ဒါဆို ကျွန်တော့်ဂိုဏ်းကလူတွေကို လေလံပွဲမှာ ပါဝင်ဖို့ ဖိတ်လိုက်မယ်။ အဲ့လိုဆိုရင်ကော…”

ချီခွန်းက မေးလိုက်သည်။

မိုဝူကျိုက အသာရယ်ကာ

"ဒါပေါ့ အဲ့လိုက ရပါတယ်။ ကျုပ်အတွက်တော့ ပါဝင်သူများလေလေ ပိုကောင်းလေလေပဲ"

ကျောက်စိမ်း တံဆိပ်ပြား ရရှိလိုက်သဖြင့် အင်မတန် စိတ်လှုပ်ရှားမိသွားသော ယွီလော့မှာလည်း စိတ်ပြန်တည်ငြိမ်သွားပြီ ဖြစ်သည်။ သူမက ကျောက်စိမ်းတံဆိပ်ပြားကို သိမ်းကာ ပြောလိုက်သည်။

"ဂျူနီယာမောင်လေးမို... ရှင် သေမျိုးနယ်မြေထဲမှာ ဝိညာဉ်သွေးကြောတွေ စိုက်ဖို့လိုတယ်လို့ ပြောတာ ကျွန်မကြားလိုက်သလားလို့။ အဲ့ဒါက ကျင့်ကြံဖို့ နတ်ဝိညာဉ်စွမ်းအားတွေ တိုးလာအောင်လား"

မိုဝူကျိုက ဖြေလိုက်သည်။

"ဟုတ်တယ်။ ဘာလို့လဲဆိုတော့ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ရဲ့ စည်းကမ်းချက်တွေနဲ့ အကန့်သတ်ခံထားရလို့ပါ။ အခုလောလောဆယ် သေမျိုးနယ်မြေမှာ နတ်ဝိညာဉ်စွမ်းအား လုံးဝမရှိဘူး။ ကျုပ်တို့ ကျင့်ကြံလို့ မရဘူး ဖြစ်နေတယ်ဗျာ"

ယွီလောက ခေါင်းယမ်းကာ ပြောလိုက်သည်။

"ဂျူနီယာမောင်လေးမို... ရှင်တော့ အလိမ်ခံလိုက်ရပြီရှင့်။ တကယ်လို့ ကျွန်မသာ မမှားဘူးဆိုရင် ရှင့်ကို သေမျိုးနယ်မြေမှာ

ကျင့်ကြံဖို့ ရှင့်ကိုယ်ပိုင် နတ်ဝိညာဉ်သွေးကြောတွေ စိုက်ဖို့လိုတယ်လို့ ပြောတဲ့သူက စည်းကမ်းထိန်း တစ်ယောက်ပဲ ဖြစ်ရမယ်”

“အဲ့ဒါ ဟုတ်တယ်”

မိုဝူကျိုက နားမလည်စွာ ခေါင်းငြိမ့်လိုက်၏။

ယွီလော့ကို သက်ပြင်းချကာ

“အဲ့နည်းက နတ်ဝိညာဉ်စွမ်းအားတွေ တိုးလာစေမှာတော့ မှန်ပါရဲ့။ ဒါပေမဲ့ တစ်နှစ်မရှိခင် ရှင်တို့ရဲ့ နတ်ဝိညာဉ်သွေးကြောတွေ ကုန်ခန်းသွားလိမ့်မယ်လို့ ကျွန်မ သေချာပြောရဲတယ်။ ရှင်တို့ နတ်ဝိညာဉ်သွေးကြောတွေ ဘယ်လောက်များများ စိုက်ထားပါစေ ရလဒ်ကတော့ အတူတူပဲ ဖြစ်နေမှာ။

ဘာဖြစ်လို့လဲဆိုတော့ ရှင်တို့ရဲ့ နတ်ဝိညာဉ်စွမ်းအားတွေကို ဘေးနားက ဝိညာဉ်စွမ်းအားစုစည်းရေး အစီအရင်တွေက အကုန်စုပ်ယူသွားမှာမလို့ပဲ။ ရှင် အဲ့ဒါကို ရပ်ပစ်ဖို့ နည်းလမ်းလည်း လုံးဝမရှိဘူး။

အရင်တုန်းက လူတစ်ယောက်ကလည်း ရှင့်လို အကြံ ရှိခဲ့ဖူးတယ်။ သေမျိုးနယ်မြေထဲ သူဝင်ပြီးတဲ့နောက် သူက

နတ်ဝိညာဉ်သွေးကြောတွေ ပမာဏအများကြီးကို စတင်စုဆောင်းတော့တာပဲ။ နောက်တော့ သူက ကျင့်ကြံဖို့အတွက် ကျောင်းတော်ထဲကို လူတွေ ခေါ်သွားတယ်။ ဒါပေမဲ့ အဲ့ဒီလူက တစ်နှစ်တောင် မခံလိုက်ဘူး။ အကြောင်းကတော့ တစ်နှစ်ကြာတဲ့အခါမှာ နတ်ဝိညာဉ်သွေးကြောတွေရဲ့ စွမ်းအားတွေကို ကျောင်းတော်ရဲ့ ဝိညာဉ်စုစည်းရေးအစီအရင်က အကုန်စုပ်ယူသွားလို့ သူတို့တွေ ကုန်ခမ်းကုန်တာကြောင့်ပဲ”

“ဘယ်လိုဖြစ်ပြီး အဲ့ဒီလိုကိစ္စမျိုး ရှိနေရတာလဲ”

မိုဝူကျိုက အနည်းငယ် ဆွံ့အသွားသည်။ အကယ်၍ ထိုသို့ ကိစ္စမျိုး ရှိခဲ့ပါက သူ မည်ကဲ့သို့ ချီပင်းတို့တွေကို ကျောင်းတော်ထဲသို့ ကျင့်ကြံရန် ခေါ်ဆောင်သွားရမည်နည်း။

ယွီလော့က ဆက်ပြောလိုက်သည်။

“တကယ်တော့ သေမျိုးနယ်မြေက သဘာဝခေတ် ပျယ်မြေလည်း ဖြစ်နေသေးတယ်။ ရှင်က ဝိညာဉ်စွမ်းအားစုစည်းရေး အစီအရင် ခင်းကျင်းထားတယ်ဆိုရင်တောင်မှ ရှင် စုစည်းလိုက်တဲ့ ဝိညာဉ်စွမ်းအားတွေကို ကျင့်ကြံတဲ့နေရာမှာ သုံးလို့ ရမှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ဝိညာဉ်စွမ်းအားထဲမှာ မိုးမြေစည်းမျဉ်းတစ်ခု လိုအပ်နေလို့ပဲ။ ဒါပေါ့... ဒီလို

မဖြစ်တဲ့လူတွေတော့ ရှိတယ်... အဲ့ဒါကတော့ အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံတဲ့သူတွေပေါ့။ သေမျိုးနယ်မြေက ကျောင်းတော်ထဲမှာ မြေနေရာ အကျယ်ကြီး ပိုင်ဆိုင်ထားတာ ဘာဖြစ်လို့လဲ ရှင်သိလား။ အဲ့ဒီမြေနေရာတွေက သဘာဝဓာတ် ပျယ်မြေတွေ ဖြစ်နေလို့ပဲ။

အဲ့ဒီတုန်းက စိုက်ပျိုးရေးဧကရာဇ်က သေမျိုးနယ်မြေကို ပိတ်လိုက်ပြီးတဲ့နောက်မှာ သူက ဝိညာဉ်စွမ်းအားစုစည်းရေး အစီအရင် မခင်းကျင်းဘူး။ ဒါပေမဲ့ သူ ကျင့်ကြံတဲ့အခါတိုင်း သူက နတ်ဝိညာဉ်စွမ်းအား အများကြီးကို စုပ်ယူနိုင်တုန်းပဲ။ ဒီအချက်ကြောင့်မို့လို့ပဲ ကျောင်းတော်ထဲမှာ စိုက်ပျိုးရေးဧကရာဇ်က တခြားသူတွေနဲ့ ဘာအနှောင်အဖွဲ့မှ မရှိတာပဲ”

မိုဝူကျိုက ငြိမ်ကျသွားသည်။ အကယ်၍ စိုက်ပျိုးရေးဧကရာဇ်သည် သေမျိုးနယ်မြေထဲတွင် ကျင့်ကြံနိုင်သည်ဆိုပါက သူလည်းပဲ ကျင့်ကြံနိုင်မှာ သေချာသည်။ သို့သော် ချီပင်းနှင့် ချီချွမ်တို့အတွက်မူ မဖြစ်နိုင်ချေ။

မိုဝူကျို ငြိမ်ကျသွားသည်ကို မြင်သောအခါ ယွီလောက ဆက်ပြောလိုက်သည်။

"တဖြည်းဖြည်းနဲ့ သေမျိုးနယ်မြေမှာ တပည့်တွေ များလာခဲ့တယ်။ တစ်ချိန်တည်းမှာပဲ ဘေးနားက အင်အားစုတွေက သူတို့ရဲ့နတ်ဝိညာဉ်စွမ်းအားတွေ သေမျိုးနယ်မြေထဲကို စီးဝင်သွားတာကို တားဆီးဖို့အတွက် ကာကွယ်ရေး အစီအရင်တွေ ခင်းကျင်းလိုက်ကြတယ်။

စိုက်ပျိုးရေးကောရာဇ်က အစီအရင်တာအိုမှာ အရမ်းကို ထူးချွန်အောင်မြင်ခဲ့တယ်။ ပြောကြတာတော့ သူက အဆင့် ၆ နတ်ဘုရားအစီအရင်ဘုရင် ဖြစ်ပြီး အဆင့် ၇ တစ်ပိုင်း နတ်ဘုရားအစီအရင်ကိုတောင် ခင်းကျင်းနိုင်တယ်ဆိုပဲ။ သူက နည်းလမ်းတစ်ခုကို စဉ်းစားမိပြီး အကန့်အသတ်မဲ့ သဘာဝဓာတ်ကိုးမျိုး နတ်ဘုရားအစီအရင်တစ်ခုကို ခင်းကျင်းချင်ခဲ့တယ်။

တကယ်လို့ သူသာ အဲ့ဒီအစီအရင်ကို အောင်အောင်မြင်မြင် ခင်းကျင်းနိုင်ခဲ့မယ်ဆိုရင် သေမျိုးနယ်မြေမှာ နတ်ဝိညာဉ်စွမ်းအားတွေ ပေါများလာမယ့်အပြင် ဘယ်သူမဆို အကန့်အသတ်မရှိဘဲ ကျင့်ကြံနိုင်ပြီပေါ့။ ဒီနတ်ဘုရားအစီအရင်က ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြော ၉ ခုကို အစီအရင်အုတ်မြစ်အဖြစ် လိုအပ်တယ်။ နောက်ဆုံးမှာတော့ စိုက်ပျိုးရေးကောရာဇ်က ထိပ်တန်းအဆင့်

နတ်ဝိညာဉ်သွေးကြောတွေကို ရှာပုံတော် ထွက်နေရင်းမှာပဲ သေသွားခဲ့တယ်”

မိုဝူကျိုက မရှင်းမလင်း ဖြစ်နေ၍ မေးလိုက်သည်။

“စိုက်ပျိုးရေးကောရာဇ်လိုမျိုး ပညာရှင်တစ်ယောက်အတွက် ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြော ၉ ခုကို ရဖို့ ဘာလို့ ခက်ခဲနေရတာလဲ”

ယွီလေ့က မချိတင်ကဲ ပြုံးကာ

“စိုက်ပျိုးရေးကောရာဇ် ရှာနေတဲ့ အဲ့ဒီထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြော ၉ ခုက တကယ့် ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြော စစ်စစ်တွေ။ ကျွန်မတို့ရဲ့ ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြောတွေကို ထိပ်တန်းအဆင့်တစ်ပိုင်း နတ်ဝိညာဉ်သွေးကြောလို့ပဲ သတ်မှတ်နိုင်တာရယ်။

တကယ်တော့ ထိပ်တန်းအဆင့် တစ်ပိုင်းတောင် မဟုတ်လောက်ဘူး။ အကြောင်းရင်းက နတ်ဘုရားကုန်းမြေအနှံ့က မိုးမြေစည်းမျဉ်းတွေက ပျက်စီးနေတာကြောင့်မို့ပါ။ တကယ့် ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြော စစ်စစ်တွေက မရှိတော့ဘူး။ ကံကောင်းထောက်မလို့ ရှေးဦးပညာရှင်တွေ ချန်ထားခဲ့တဲ့ တစ်ခု

နှစ်ခုလောက်တော့ ကျန်ရင် ကျန်နေနိုင်တယ်။ ကျွန်မ ရှင့်ကို စောစောကတင် ပေးလိုက်တဲ့ဟာက ထိပ်တန်းအဆင့် တစ်ပိုင်း နတ်ဝိညာဉ်သွေးကြောလို့ပဲ ယူဆလို့ရတယ် ”

မိုဝူကျိသည် ရုတ်တရက် သူ့နှုတ်ခမ်းများ လှုပ်လာသည်ဟု ခံစားလိုက်ရသည်။ စောစောလေးကတင် သူသည် ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြောတစ်ခု ရရှိလိုက်သည်ကို ပျော်နေမိသည်။ ယခု ထိုအရာမှာ အတုမှန်း သူ သိလိုက်ရ၏။

**ဘာထိပ်တန်းအဆင့် တစ်ပိုင်းလဲ… ဒါက သာမန်ထက် ပိုကောင်းနေတဲ့ အဆင့်မြင့် နတ်ဝိညာဉ်သွေးကြော တစ်ခုသာသာပဲဟာ…**

ချီပင်းက ရုတ်တရက် ထပြောလိုက်သည်။

“ဝူကျိ… ဒီလိုဆိုမှတော့ ကျွန်မ သေမျိုးနယ်မြေကို မသွားတော့ဘူး။ ကျွန်မက နတ်ဘုရားဘုရင်အဆင့် ရောက်ခါစလေးတင် ရှိသေးတာမို့ ကိုယ့်ဘာသာကိုယ် အခြေတည်အောင် လုပ်ဖို့ အချိန်လိုတယ်။ ရှင် ချီချွမ်ကို သေမျိုးနယ်မြေဆီကို ခေါ်သွားလိုက်ပါ။ ဖြစ်နိုင်ရင် ချီချွမ်ကို အင်မော်တယ် မော်တယ်ကျင့်စဉ် ပြောင်းကျင့်ကြံခိုင်းလိုက်ပါ။ သူ့ဝိညာဉ်ကြော အရည်အသွေးက အရမ်းကို ညံ့လွန်းတယ်။

တခြားကျင့်စဉ်တွေကိုသာ ကျင့်နေမယ်ဆို သူ့အတွက် ဘာမှထူးလာမှာ မဟုတ်ဘူး”

မိုဝူကျိသည် ချီပင်း၏ စကားများမှာ မတတ်သာ၍ ပြောလိုက်ရမှန်း သိသည်။ သူ ပြောနိုင်လိုက်သည်မှာ

“စီနီယာအစ်မပင်း... သေမျိုးနယ်မြေမှာ ကျင့်ကြံလို့ ရနိုင်လာအောင် ကျုပ် နည်းလမ်းရှာကြည့်လိုက်ပါ့မယ်”

ဝိညာဉ်စွမ်းအားစုစည်းရေး အစီအရင်တစ်ခုကို သေမျိုးနယ်မြေတွင် ခင်းကျင်းလိုက်လျှင်ပင် အင်မော်တယ် မော်တယ်ကျင့်စဉ်ကို မကျင့်ကြံသူများက စွမ်းအားကို စုပ်ယူနိုင်မည် မဟုတ်ပေ။ ယခုမူ ကျောင်းတော်၏ စည်းကမ်းကိုင်က သူ့အား ဝိညာဉ်စွမ်းအား စုစည်းရေးအစီအရင်ကို ခင်းကျင်းခွင့်ပင် မပေးချေ။ ဘဝကြီးက တကယ်ခါးလှ၏။

“အများကြီး လျှောက်စဉ်းစား မနေပါနဲ့။ အရင်ဆုံး နိဗ္ဗာန်မြစ်အတွက် ကျောက်စိမ်း တံဆိပ်ပြားတွေကို လေလံတင် ရောင်းကြရအောင်”

ချီပင်းက မိုဝူကျိအား နှစ်သိမ့်ဖျောင်းဖျလိုက်သည်။

..............................

နိဗ္ဗာန်တာအိုမြို့တွင် နိဗ္ဗာန်မြစ် ကျောက်စိမ်းတံဆိပ်ပြားနှစ်ခု လေလံတင်မည့်သတင်းသည် နတ်ဘုရားကုန်းမြေတစ်လျှောက် တောမီးသဖွယ် ပျံ့နှံ့သွားသည်။

တစ်ညတည်းဖြင့် ဂိုဏ်းမျိုးစုံမှ နတ်ဘုရားဘုရင်များနှင့် ဂိုဏ်းချုပ်များသည် နိဗ္ဗာန်တာအိုမြို့သို့ အပြေးရောက်လာကြသည်။ သူတို့အားလုံးက နိဗ္ဗာန်မြစ်ထဲဝင်ရန်အတွက် နေရာလွတ်တစ်နေရာစာကို ရရှိဖို့ဟူသော တူညီသည့် ရည်ရွယ်ချက်ကို ပိုင်ဆိုင်ထားကြသည်။

ဤအခွင့်အရေးမှာ အိမ်မက်များ အမှန်တကယ်ဖြစ်လာသည်နှင့် တူနေလေသည်။ ထိုနေရာလွတ်စာများကို ရရှိပြီးနောက် မည်သည့်အင်အားစုကမျှ လေလံတင်ချင်လိမ့်မည် မဟုတ်ပေ။ ယခင် နှင်းစက်ကျမြို့၌ ရွှေရောင်နိဗ္ဗာနတာအိုသဲ ပေါ်ထွက်လာစဉ်က များစွာသော နတ်ဘုရားဘုရင်တို့သည် ထိုအခွင့်အရေးကို လက်လွတ်ခဲ့ကြသည်။ သူတို့သည် ဤတစ်ခုကိုကား အလွတ်မခံချင်ကြပေ။

မိုးကောင်းကင်နတ်ဘုရားဂိုဏ်း၏ အကြီးအကဲရန်ဖေးသည် မိုဝူကျိဆီ ရောက်ရန် ချီခွန်းကို အသုံးချချင်သော်လည်း မိုဝူကျိက သူ့အား စိတ်ထဲပင် မထားချေ။

နေရာလွတ် နှစ်ခုစာမှာ မျက်စိတစ်မှိတ်စာလောက်အတွင်း လေလံတင် ရောင်းထွက်သွားသည်။ ယွှီလော့ ပေးထားသည့် တစ်ခုကိုပါ ထည့်တွက်ပါက မိုဝူကျိုသည် စုစုပေါင်း ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြော ၅ ခု ရရှိလိုက်သည်။ တစ်ချိန်တည်းမှာပင် သူက အဆင့်မြင့် နတ်ဝိညာဉ်သွေးကြော ၆ ခုနှင့် အဆင့်မြင့် နတ်ဘုရားကျောက် အတုံး ၂၄ သန်း ရရှိသေးသည်။

ထိုထိပ်တန်းအဆင့် သွေးကြောများမှာ တကယ့် ထိပ်တန်းအဆင့်စစ်စစ် မဟုတ်သော်လည်း သူတို့အား အများကြီး လိုအပ်ဆဲ ဖြစ်သည်။

ကျောက်စိမ်း တံဆိပ်ပြားနှစ်ခု ရောင်းထွက်သွားပြီးနောက် မိုဝူကျိုက ချီပင်းကို နှုတ်ဆက်ကာ ချီချွမ်၊ ရှို့ကျက်ကောနှင့် တာ့ဟွမ်တို့ကို သေမျိုးနယ်မြေဆီသို့ ခေါ်လာလိုက်သည်။

သေမျိုးနယ်မြေအား ပြန်လည်တည်ဆောက်မည့် ကိစ္စကို သူတို့ ၃ ယောက်စီ လွှဲထားလိုက်ပြီး မိုဝူကျိုက ဂူပိတ်ကျင့်ကြံရန် ဆုံးဖြတ်လိုက်သည်။

သူ့အတွက် သူ လုပ်ကို လုပ်ရမည့် အရေးကြီး ကိစ္စတစ်ခု ရှိနေသည်။ ယခင်က တည်ငြိမ်လုံခြုံသည့် နေရာတစ်ခုကို

ဘယ်တုန်းကမှ ရှာမတွေ့ခဲ့ပေ။ ယခုမူ လုံခြုံသည့် နေရာတစ်ခု သူ နောက်ဆုံး ရှာတွေ့ခဲ့လေပြီဖြစ်ရာ သူ၏ထာဝရ ကမ္ဘာငယ်မှ မူလ သဘာဝအမြုတေ ၃ လုံးကို မြန်မြန် ပြန်ထုတ်ယူကာ သူ၏ ကိုယ်ပိုင်ကမ္ဘာကို တည်ဆောက်ဖို့ လိုလေသည်။

ဤကိစ္စမှာ အင်မတန် အန္တရာယ်များ၏။ အကယ်၍ သူ ဂရုမစိုက်မိပါက သူ့ကမ္ဘာလမ်းကြောင်းအား ဖျက်ဆီးမိသွားနိုင်လေသည်။ ထိုအခါ သူ့ကမ္ဘာမှာ ပျောက်ကွယ်သွားလိမ့်မည်။ ထို့အပြင် သူ့ဘဝတစ်လျှောက်လုံး ကနဦးနတ်ဘုရား အဆင့် ၆ တွင်သာ နေသွားရလိမ့်မည်ဟုပင် မိုဝူကျိုက ထင်မိသည်။

သေမျိုးနယ်မြေ၏ အလယ်ဗဟိုတည့်တည့်တွင် မိုဝူကျိုက သူ၏ပတ်ပတ်လည်၌ များစွာသော ကာကွယ်ရေးအစီအရင် အဆင့်ဆင့်ကို ခင်းကျင်းလိုက်သည်။ ရွှိုက်ကောနှင့် တာ့ဟွမ်တို့အား အထပ်ထပ် အခါခါ ညွှန်ကြားလိုက်ပြီးနောက် မိုဝူကျိုက ဂူပိတ်ကျင့်ကြံခြင်းကို စတင်လိုက်သည်။

........................

ထိုနှစ်တွေတုန်းက သူ၏ ထာဝရကမ္ဘာငယ်ကို စတင် ပုံဖော်တည်ဆောက်သည့်အချိန်သည် သူက

မိုးကြိုးစမ်းသပ်ခြင်းကို ခံနေရစဥ် ဖြစ်သည်။ ထာဝရကမ္ဘာငယ်က မြေကြီးသဘာဝ အမြုတေကို စုပ်ယူလိုက်ပြီးနောက်တွင်မှ မိုဝူကျိသည် တခြားအမြုတေများကို စတင်စုဆောင်းကာ သူ၏ ထာဝရကမ္ဘာငယ်ကို ပြီးပြည့်စုံလာဖို့ရာ ၎င်းတို့ကို အသုံးပြုရန် ကြိုးစားခဲ့သည်။

သို့သော် သူ၏ လူသားတာအိုအပေါ် အသိဉာဏ်ပွင့်မှုအသစ်ကို ရရှိပြီးသည့်နောက် မိုဝူကျိသည် သူ၏နည်းလမ်းမှာ မည်မျှအထိ မှားယွင်းနေကြောင်း သိလိုက်ရသည်။ သူက သူ့ကိုယ်ပိုင်ကမ္ဘာကို ဖျက်စီးပစ်မိလုနီးပါး ဖြစ်ခဲ့ရသည်။

ထာဝရကမ္ဘာငယ်မှ ပစ္စည်းအားလုံးကို ထုတ်ပြီးသွားသည့်အခါ မိုဝူကျိ၏ ၁၀၇ ခုသော ချီသွေးကြောများသည် သူ၏ ကမ္ဘာလမ်းကြောင်း ပတ်လည်တွင် လှည့်ပတ်လိုက်သည်။ သူ၏အသိစိတ်မှာ သူ့ထာဝရကမ္ဘာငယ်ထဲသို့ နှစ်ဝင်သွားကာ မြေသဘာဝ အမြုတေကို ပြန်ထုတ်ယူရန် ကြိုးစားလိုက်သည်။

ယခုမှသာ မိုဝူကျိသည် သူ၏အမှားမှာ မည်မျှအထိ စိုးရိမ်ရမှန်း သိလိုက်သည်။ သူ၏ကိုယ်ပိုင်ကမ္ဘာထဲတွင် သူက မြေသဘာဝ အမြုတေ၏ အရင်းအမြစ်အား ရှာမတွေ့နိုင်ဘဲ ဖြစ်နေ၏။ ထိုအရာ အရင်းအမြစ် ရှိနေသည်ကိုသာ သူ ခံစား၍ရသည်။

ဤအဖြစ်က မိုဝူကျို၏ ကျောပေါ်တွင် ကြက်သီးများ ထသွားစေ၏။ အကယ်၍ သူ သဘာဝအမြုတေ ၅ မျိုးလုံးသာ တကယ်စုဆောင်းနိုင်ခဲ့ပါက ထာဝရကမ္ဘာငယ်မှာ သူ့အပိုင် ဖြစ်ပါဦးမည်လော…

ဤသို့တွေးမိကာ မိုဝူကျိုသည် သူ့အသက်ခေတ်နှင့် စွမ်းအားတို့ကို ဂရုစိုက်မနေနိုင်တော့ပေ။ သူက ထာဝရကမ္ဘာငယ်အတွင်းမှ အသက်ခေတ်ကို အပြင်းအထန် စုပ်ယူ ဆွဲထုတ်ပစ်လိုက်သည်။ သူ၏ကမ္ဘာလမ်းကြောင်းအတွင်းမှ သဘာဝ စွမ်းအားများကိုလည်း စုပ်ထုတ်ပစ်လိုက်တော့သည်။

## အခန်း(၁၀၀၃) : လူသားကမ္ဘာ

ဤသို့ ပြုလုပ်ခြင်းက သူ၏ အသက်ခေတ် ၉၀ ရာခိုင်နှုန်းကို ကုန်ဆုံးစေခဲ့လျှင်တောင် သူက ထိုအမြုတေ သုံးလုံးကို ထုတ်ယူမည် ဖြစ်သည်။ ရေခန်းနေသည့်အိုင်ထဲတွင် ငါးရှာမရ ဖြစ်လိမ့်မည်ဟု သူက မယုံကြည်ပေ။

သူ၏ကမ္ဘာငယ်နှင့် ကမ္ဘာလမ်းကြောင်းအတွင်းမှ အသက်ခေတ်ကို စုပ်ယူမည့် မိုဂူကျို၏ ဆုံးဖြတ်မှုအရ သူ၏ အရေပြားမှာ စတင်အိုမင်းရင့်ရော်လာသည်။

မိုဂူကျို၏ ထာဝရကမ္ဘာငယ်ကို သူ့ကမ္ဘာလမ်းကြောင်းဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ သူ့ကမ္ဘာလမ်းကြောင်းသည် သူ၏ ၁၀၈ ခုသော ချီသွေးကြောတွေထဲမှ တစ်ခု ဖြစ်သည်။ သို့ဖြစ်ရာ ထာဝရကမ္ဘာငယ်အတွင်းမှ အသက်ခေတ်များသည်လည်း အစုပ်ယူခံလိုက်ရလေသည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာကို ဖွဲ့စည်းတည်ဆောက်ထားသော စွမ်းအားမှာလည်း အစုပ်ယူခံလိုက်ရသည်။ မိုဂူကျိုတစ်ယောက် မည်မျှပင် အစွမ်းထက်နေပါစေ သူ့အသက်သွေးတို့ ဆုံးရှုံးမှုမရှိပါဘဲ ဤသို့ ပြုလုပ်နိုင်လိမ့်မည် မဟုတ်ပေ။

သူ၏အရေပြားတို့ ရင့်ရော် ညှိုးနွမ်းလာသည်။ သူ၏အသက်သွေးတို့ အငွေ့ပြန်ကုန်သည်။ သူ၏အရိုးတို့ မီးခိုးရောင် ပြောင်းကာ မွဲခြောက်လာသည်။

မည်သို့ပင် ဖြစ်စေကာမူ မိုဂူကျိုသည် သူ၏အသိစိတ် မပျောက်အောင် ထိန်းသိမ်းထားသည်။ သူက လုံးဝ သတိအလစ်ခံလိမ့်မည် မဟုတ်ချေ။

အချိန်ကာလတို့ မည်မျှ ကြာပြီးမှန်း မသိသည့်အချိန်ရောက်ပြီးနောက် မိုဝူကျိသည် သူ ဘယ်လိုမှ ဆက်လက် ထိန်းမထားနိုင်တော့ကြောင်း ခံစားမိလိုက်သည်။ သို့သော် တစ်ချိန်တည်းတွင် ထာဝရကမ္ဘာငယ်အတွင်းမှ မြေသဘာဝ အမြုတေစွမ်းအားသည် ကမ္ဘာငယ်တစ်လျှောက် ဆက်လက် လွင့်ပါးမနေနိုင်တော့ဘဲ အမြုတေအလုံးအဖြစ် ပြန်လည် သိပ်သည်းစုပုံလာသည်။ ဤမြေသဘာဝ အမြုတေလုံး မြေပြင်ပေါ်သို့ ကျမသွားခင် မိုဝူကျိက ကျောက်စိမ်းဘူး တစ်ဘူးထဲ ထည့်သိမ်းကာ ဘူးအပေါ်တွင် စည်းတစ်ခု ချလိုက်သည်။

မြေသဘာဝ အမြုတေအလုံးအား ပြန်လည်ထုတ်ယူပြီးသည့်နောက် သတ္တုသဘာဝ အမြုတေအလုံးနှင့် ရေသဘာဝ အမြုတေအလုံးတို့အား ထုတ်ယူရသည်မှာ တော်တော်လေး ပို၍ လွယ်ကူသွားသည်။

သဘာဝ အမြုတေ ၃ လုံးစလုံးကို အကုန် ပြန်ထုတ်ယူပြီးသွားကာ သူတို့အား ကျောက်စိမ်းဘူးတွေထဲ ထည့်ပြီးသွားသည့်အချိန်တွင်ကား မိုဝူကျိ၏ အသက်ခေတ်မှာ မီးစာကုန်ခါနီး ဖယောင်းတိုင် တစ်တိုင်နှယ်သာ ရှိတော့၏။

ထာဝရကမ္ဘာငယ်အတွင်းမှ အစိမ်းရောင် မြက်ခင်းပြင်တို့သည် လျင်မြန်စွာ ခြောက်သွေ့ကုန်ကြသည်။ ထာဝရကမ္ဘာအတွင်းမှ သဘာဝစွမ်းအား အကုန်လုံးမှာ ဆွဲထုတ်ခံလိုက်ရသဖြင့် ကမ္ဘာငယ်သည် ကြည့်ရဆိုးသော မီးခိုးရောင် ပုလဲတစ်လုံးအဖြစ်သို့ ပြန်လည်ရောက်ရှိသွားသည်။ ပုလဲအတွင်းမှ ကမ္ဘာငယ်မှာ အင်မတန် ကျဉ်းမြောင်းမှောင်မဲနေ၏။

သို့သော် မိုဝူကျိုက စိတ်သက်သာစွာ သက်ပြင်းချလိုက်သည်။ အနည်းဆုံးတော့ ထာဝရကမ္ဘာမှာ မပြိုလဲသွားပေ။ သူက မီးခိုးရောင် ကမ္ဘာငယ်ထဲသို့ အရေးကြီးသော ပစ္စည်းတချို့ကို မြန်မြန် ပစ်ထည့်လိုက်သည်။ ထို့နောက် သူက အင်မော်တယ် မော်တယ်ကျင့်စဉ်ကို အပြင်းအထန် လှည့်ပတ်လိုက်သည်။

ဝိညာဉ်စွမ်းအားစုစည်းရေး အစီအရင် ခင်းကျင်းခွင့်မရှိသော်လည်း ဤသည်မှာ တခြားနေရာမှ နတ်ဝိညာဉ်စွမ်းအားတို့ကို သူ မစုပ်ယူနိုင်ဘူးဟု မဆိုလိုပေ။

မိုဝူကျို၏ အင်မော်တယ် မော်တယ်ကျင့်စဉ်၏ ကျင့်ကြံနှုန်းသည် စိုက်ပျိုးရေးကေရာဇ်၏ အင်မော်တယ် မော်တယ်ကျင့်စဉ်၏ ကျင့်ကြံနှုန်းထက် ပို၍ပင် ထူးခြားနေသေးသည်။

အချိန်တိုလေးအတွင်း နတ်ဝိညာဉ်စွမ်းအား ဝဲကတော့တစ်ခုသည် မိုဝူကျို၏ အပေါ်၌ ဖြစ်တည်လာသည်။

အတိုင်းအဆမရှိသော နတ်ဝိညာဉ်စွမ်းအားများက မိုဝူကျို၏အပေါ်၌ လွှမ်းခြုံစုဝေးလာကြသည်။

ဤနေရာသည်ကား နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ဖြစ်၏။ နတ်ဝိညာဉ်စွမ်းအားတို့ ချို့တဲ့နေသော နေရာမျိုး မဟုတ်ပေ။ ကျောင်းတော်ထဲတွင် သေမျိုးနယ်မြေ တစ်ခုတည်းကသာ နတ်ဝိညာဉ်စွမ်းအားချို့တဲ့နေသည်။ ကျောင်းတော်ထဲမှ တခြားနေရာတိုင်းသည် နတ်ဘုရားကုန်းမြေတစ်ခုလုံး၏ ထိပ်ဆုံးကျင့်ကြံရေး နေရာများအနက် ပါဝင်ကြသည်။

မိုဝူကျို စုပ်ယူခြင်းကို စတင်လိုက်သည့်အခိုက် နတ်ဝိညာဉ်စွမ်းအားတို့သည် ရပ်တန့်၍ မရနိုင်လောက်အောင်ထိ တရဟော တိုးဝင်လာသည်။

ဤအချက်သည် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်သို့ မိုဝူကျို လာချင်ရသည့် အကြောင်းအရင်း တစ်ခုလည်း ဖြစ်သည်။ သူ ဤနေရာတွင် ရုတ်ရုတ်သည်းသည်း တစ်ခုခု လုပ်လျှင်ပင် မည်သူမျှ သူ့ကာကွယ်ရေးအစီအရင်ကို တိုက်ခိုက်ရဲမည် မဟုတ်ပေ။

မိုဝ္ဂူကျို၏ ကာကွယ်ရေးအစီအရင်ကို မည်သူမျှ လာမထိသော်လည်း သူ၏ သေမျိုးနယ်မြေမှာ ဂရုစိုက်ခံရသည့် နေရာတစ်ခု ဖြစ်လာသည်။ ကျောင်းတော်မှ စည်းကမ်းထိန်းက လာကြည့်သေးသည်။ မိုဝ္ဂူကျိုက တခြားနေရာများမှ စုပ်ယူလိုက်သော စွမ်းအားများအား ကျင့်ကြံနေသည့် အဖြစ်ကို သတိပြုမိသောအခါ၌ သူက ပြန်လှည့်ထွက်သွားရုံသာ တတ်နိုင်သည်။

အကယ်၍ လူတစ်ယောက်က ကျင့်ကြံရင်းဖြင့် နတ်ဝိညာဉ်စွမ်းအား အကုန်လုံးကို စုပ်ယူသွားလျှင်ပင် ထိုအရာမှာ သူ့ကိစ္စ မဟုတ်ပေ။

ချီချွမ်၊ တဲ့ဟွမ်နှင့် ရှိုက်ကောတို့အားလုံးက စိတ်သက်သာစွာ သက်ပြင်းချလိုက်ကြသည်။ မိုဝ္ဂူကျို ဂူပိတ်ကျင့်ကြံရန် ဝင်သွားကတည်းက သူဆီမှ ဘာသတင်းမှမရသည်မှာ သုံးနှစ်တိတိ ရှိလေပြီ။ ထိုသုံးနှစ်အတွင်း သူတို့သည် မိုဝ္ဂူကျို စီစဉ်ထားသည့်အတိုင်း သေမျိုးနယ်မြေကို ပြန်လည် တည်ဆောက်ပြီးနှင့်ပြီ ဖြစ်သည်။

ယခု နောက်ဆုံးတွင်တော့ မိုဝူကျီ၏ နေရာမှ လှုပ်ရှားမှုတစ်ခုကို တွေ့ရလေပြီ။ သို့ဖြစ်ရာ မိုဝူကျီအတွက် သူတို့ ဆက်ပြီး စိတ်ပူနေစရာ မလိုတော့ပေ။

သေမျိုးနယ်မြေကို လာကြည့်ကြသော ကျင့်ကြံသူများကိုကား ချီချွမ်က တားဆီးထားသည်။ ဤသည်မှာ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော် ဖြစ်သည်။ သူက မည်သူ့ကိုမျှ အထဲ မခေါ်သရွေ့ မည်သူမျှ သူတို့၏ကာကွယ်ရေး အစီအရင်ကို တိုက်ခိုက်ရန် ကြိုးစားလိမ့်မည် မဟုတ်ပေ။

သေမျိုးနယ်မြေ၏ ကာကွယ်ရေးအစီအရင်မှာ ပိတ်မြဲပိတ်ထားသဖြင့် လာကြည့်သူများ တဖြည်းဖြည်း နည်းသွားကြသည်။

မိုဝူကျီ၏ စွမ်းအားစုပ်ယူနှုန်းမှာ မြန်သည်ထက် ပိုမြန်လာသည်။ အစပိုင်း၌ စွမ်းအားမှာ သူနှင့်ထိစပ်နေသည့် ပတ်ဝန်းကျင် နေရာများမှသာ လာသည်။ နောက်ပိုင်းတွင်ကား ပေါ်ကြွယ်လှသော နတ်ဝိညာဉ်စွမ်းအားတို့သည် မီတာရာကျော် ဝေးသည့်နေရာများမှပင် လာကြသည်။

ချီချွမ်က မြန်မြန်ပြောလိုက်သည်။

"တဲ့ဟွမ်... ရှိုက်ကော... မြန်မြန် ကျင့်ကြံကြ။ ဒီနေရာက အရမ်းလုံခြုံတယ်။ ကျွန်တော် တစ်ယောက်တည်း စောင့်တာနဲ့တင် လုံလောက်နေပါပြီ"

ချီချွမ် မကျင့်ကြံရသည့် အကြောင်းအရင်းမှာ မိုဝူကျိ သူ့ကို အင်မော်တယ် မော်တယ်ကျင့်စဉ် ပေးရန် စောင့်နေခြင်း ဖြစ်သည်။ သူ၏လက်ရှိ ကျင့်ကြံနှုန်းမှာ အလွန် နှေးလွန်းသည်။

မိုဝူကျိတွင် ဤကဲ့သို့ လွတ်လွတ်လပ်လပ် အပူအပင်မရှိ ကျင့်ကြံရန် အခွင့်အရေးမှာ ရခဲလှ၏။ အင်မော်တယ် မော်တယ်ကျင့်စဉ် လှည့်ပတ်ခြင်းဖြင့် သူ၏အသက်ခေတ်မှာ လျင်မြန်စွာ ပြန်လည် အားပြည့်လာသည်။ သူ၏ မီးခိုးရောင် အရိုးများမှာ သူတို့၏အသက်ခေတ်များကို စတင်၍ ပြန်လည်ရရှိလာသည်။

၂ နှစ် ကြာပြီးနောက် မိုဝူကျိအနား ပတ်ပတ်လည်မှ အရှိန်အဝါသည် ရုတ်တရက် ကျယ်ပြန့်လာသည်။ သူ၏ ချီသွေးကြော အားလုံးမှာ ပိုကျယ်လာပြီး သူ၏စွမ်းအား စုပ်ယူနှုန်းမှာ ပို၍ပင် မြန်လာလေသည်။ သူ၏ထာဝရ ကမ္ဘာငယ်သည်လည်း စတင် ကျယ်ပြန့်လာသည်။ ၎င်းတွင်

သဘာဝစွမ်းအားများ မရှိတော့သော်လည်း မိုဝူကျို၏ လူသားတာအိုစည်းမျဉ်း အငွေ့အသက်များ ပါဝင်နေလေသည်။

**ကနဦးနတ်ဘုရားအဆင့် ၇...**

မိုဝူကျိုက နောက်ဆုံးတွင် တည်ငြိမ်သွားသည်။ ထာဝရကမ္ဘာငယ်မှ သဘာဝအမြုတေများကို ထုတ်ယူလိုက်ပြီးသည့်နောက်တွင် သူ၏ကျင့်ကြံနိုင်မှုမှာ သိသိသာသာ တိုးတက်လာကြောင်း မိုဝူကျိုက ရှာတွေ့လိုက်သည်။ နဂိုမူလတုန်းက သူစုပ်ယူလိုက်သည့် စွမ်းအား၏ တစ်ပိုင်းတစ်စသည် ထာဝရကမ္ဘာငယ်ထဲသို့ စိမ့်ဝင်သွား၏။ ယခုမူ သူ့ထာဝရကမ္ဘာငယ်သည် သူ့ကိုယ်ပိုင်တာအိုစည်းမျဉ်းများနှင့်အတူသာ တိုးတက် ဖွံ့ဖြိုးလေတော့သည်။ သူ အသိဉာဏ်ပွင့်မှု ရရှိလိုက်သည့် အရာတိုင်းက သူ၏ထာဝရကမ္ဘာအတွင်း၌ ဖြစ်တည် ပေါ်ပေါက်လာလိမ့်မည် ဖြစ်သည်။

ထာဝရကမ္ဘာငယ်လေး တိုးချဲ့ကျယ်ပြောလာသည်နှင့်အမျှ လူသားတာအိုအပေါ် သူ၏နားလည်သဘောပေါက်မှုမှာ ပို၍နက်နဲလာလေသည်။

သူ၏ကမ္ဘာမှာ ယခု သူ၏ လူသားတာအိုနှင့် ချိတ်ဆက်နေ၏။ ထာဝရကမ္ဘာဟု ဆက်လက် ခေါ်ဝေါ်မနေသင့်တော့ပေ။ ယခုအချိန်မှစ၍ သူ၏ကမ္ဘာကို လူသားကမ္ဘာဟု ခေါ်ဝေါ်တော့မည်။

ဤအခိုက်အတန့်လေးတွင်ပင် မိုဝူကျိသည် လူသားကမ္ဘာ၏ အကျိုးသက်ရောက်မှုများကို သိသိသာသာ ခံစားနိုင်လေသည်။ သူ အသိရှိလျက်နှင့် စွမ်းအားများကို စတင် လှည့်ပတ်သောအခါ ထိုစွမ်းအားသည် သူ့လူသားကမ္ဘာနှင့် ဆက်သွယ်သည့်အခါ ဆက်သွယ်လိုက်၊ ဖြတ်ကျော်သွားသည့်အခါ ဖြတ်ကျော်သွားလိုက်နှင့် ဖြစ်နေသည်။

သိပ်မကြာခင် မိုဝူကျိက ဝမ်းသာ အံ့သြသွားသည်။ လူသားကမ္ဘာသည် သူနှင့်အတူ ကြီးထွားတိုးတက်လာသည်မှာ သိသာလှသည်။ ထိုသို့ဖြစ်ရန် သူကျင့်ကြံတိုင်း သူ့လူသားကမ္ဘာအား သူ၏ တာအိုလှည့်ပတ်လမ်းကြောင်းအတွင်း ထည့်ထားရန် လိုအပ်ပေမည်။

ဂူပိတ်ကျင့်ကြံသည့် ၆ နှစ်တာအတွင်း မိုဝူကျိသည် ကနဦးနတ်ဘုရား အဆင့် ၈ ထဲသို့ အောင်မြင်စွာ

တက်လှမ်းနိုင်လိုက်သည်။ ၈ နှစ်မြောက်တွင် သူက ကနဦးနတ်ဘုရား အဆင့် ၉ ထဲသို့ တက်လှမ်းသွားသည်။

ဤအခိုက်အတန့်၌ သူ့လူသားကမ္ဘာမှာ ပြီးပြည့်စုံသော ကမ္ဘာတစ်ခု ဖြစ်လာရန် တိုးချဲ့ကျယ်ပြန့်လာလေသည်။ ၎င်းမှာ မီးခိုးရောင် နယ်မြေတစ်ခု ဖြစ်နေသေးသော်လည်း မိုဝူကျိသည် ဤကမ္ဘာသည် သူ၏ ယခင် ထာဝရကမ္ဘာငယ်ထက် များစွာပို၍ ပြီးပြည့်စုံသည်ဟု ခံစားမိသည်။

အနည်းဆုံးတော့ ဤပျင်းစရာကောင်းအောင် မှုန်မှိုင်းနေသော လူသားကမ္ဘာထဲတွင် စည်းမျဉ်းအမျိုးမျိုး ရှိနေသည်။ ထိုစည်းမျဉ်းများအားလုံးမှာ သူ့ကိုယ်ပိုင်တာအိုစည်းမျဉ်းများမှ ဖြစ်တည်လာခြင်းဖြစ်သည်။

၎င်းတို့အနက် သဘာဝဓာတ်ငါးမျိုး၏ စည်းမျဉ်းများ ပါသည်။ လေ၊ လျှပ်စီး၊ ရေခဲနှင့် အမှောင်စည်းမျဉ်းများပင် ပါသေး၏။ ထိုစည်းမျဉ်းများမှာ အားနည်းနေသော်လည်း သိသိသာသာ ကြီးထွားတိုးတက်နေလေသည်။

တစ်နေ့... သူ့တာအိုအား အောင်မြင်ရရှိနိုင်သည့်တစ်နေ့ရောက်လျှင် သူ၏လူသားကမ္ဘာသည် စကြဝဠာထဲတွင် အကောင်းဆုံး၊

အသာလွန်ဆုံးသော အထွတ်အထိပ်ကမ္ဘာတစ်ခု ဖြစ်လာပေလိမ့်မည်။

၉ နှစ်မြောက်တွင် မိုဝူကျိသည် ကနဦးနတ်ဘုရား အဆင့် ၉ ၌ ရှိနေသေးသည်။ သူ၏လူသားကမ္ဘာမှာ ဆက်လက်ကြီးထွားလာကာ ယခု မိုင် ၉၀ ပင် ရှည်နေလေပြီ။

၁၀ နှစ်မြောက်တွင်ကား မိုဝူကျိသည် တစ်ခါထပ်၍ တက်လှမ်းနိုင်လိုက်ပြန်သည်။ သူ့အား အံ့သြစေသည်မှာ သူက ကောင်းကင်နတ်ဘုရားအဆင့်သို့ မတက်လှမ်းဘဲ ထိုအစား ကနဦးနတ်ဘုရား အဆင့် ၁၀ သို့ တက်လှမ်းသွားသည်။

**ကနဦးနတ်ဘုရား ထိပ်သီးအဆင့် ဆိုပြီး ရှိတယ်လား... ဘာလို့ ဒါကို အရင်က မကြားဖူးရတာလဲ...**

မိုဝူကျိသည် တစ်စုံတစ်ရာကို ရပ်တန့်လိုက်ကာ လေထဲမှ ထိုတစ်စုံတစ်ရာဆီသို့ လက်လှမ်းလိုက်သည်။ သူက သူ့လက်ဖဝါးထဲမှ ပဟေဠိဆန်သော ခံစားချက်တစ်မျိုးကို ဖမ်းဆုပ်မိလိုက်သည်။ သာမန်ဒီတိုင်းလေး လက်ဖြင့် ဖမ်းဆုပ်လိုက်ခြင်းတစ်ခုသာ ဖြစ်သော်လည်း သူက သူ့လက်များအတွင်း အာကာပြင်တစ်ခုလုံးကို ဖမ်းမိလိုက်သည့်အလား ခံစားလိုက်ရသည်။

မိုဝူကျိုက အသက်ပြင်းပြင်း ရှူက်ထုတ်လိုက်သည်။ ကနဦးနတ်ဘုရား အဆင့် ၆ နှင့်ယှဉ်ပါက သူ့အင်အားမှာ အဆများစွာ တိုးတက်လာသည်လော…

ကနဦးနတ်ဘုရား အဆင့် ၁၀ တွင် ရှိနေသော သူ့အင်အားဖြင့် ကောင်းကင်နတ်ဘုရားအဆင့် ၀ တွင် ရှိနေသော ကျင့်ကြံသူကို သူ ကြောက်စရာမလိုပေ။

ဤသည်မှာ သူ၏ အင်မော်တယ်မော်တယ်ကျင့်စဉ်တစ်ခုတည်းကြောင့်သာ မဟုတ်သည်မှာ သေချာသည်။ သူ၏လူသားကမ္ဘာကလည်း ကူညီခဲ့သည်။ ယခု လူသားကမ္ဘာသည် အချင်းဝက်အားဖြင့် မိုင်ပေါင်းရာကျော်ပင် ရှိနေလေပြီ။ စည်းမျဉ်းများမှာ အားနည်းသော်လည်း ပြီးပြည့်စုံနေသည်။

မိုဝူကျို၏ ဝိညာဉ်ကမ္ဘာသည် အပြင်ဘက်သို့ လွှမ်းခြုံလိုက်သည်။ ထို့နောက် သူ့ပုံရိပ်သည် ဖျက်ခနဲဖြစ်ကာ နေရာမှ ပျောက်ကွယ်သွားလေသည်။

……………………..

ပိုင်ယွဲ့က သေမျိုးနယ်မြေဆီသို့ စိတ်လှုပ်ရှားမှုအပြည့်ဖြင့် ပြန်လာသည်။ မိုဝူကျိုက သူ့ကို စိုက်ပျိုးရေးဇကေရာဇ်၏

အင်မော်တယ်မော်တယ်ကျင့်စဉ် ပေးလိုက်သည့်နှစ်တွင် သူက ကျောင်းတော်၏ နတ်ဝိဉာဉ်စွမ်းအားနယ်မြေအတွင်း၌ ကောင်းကင်နတ်ဘုရားအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ထိုနောက် သူက အင်မော်တယ်ဂူတစ်လုံး ငှားလိုက်ကာ ၉ နှစ်တိတိ ဂူပိတ်ကျင့်ကြံခဲ့သည်။

ထို ၉ နှစ်တာကာလအတွင်း သူ၏ကျင့်ကြံဆင့်ကို အခြေတည်နိုင်ခဲ့သည်သာမက ကောင်းကင်နတ်ဘုရား အဆင့် ၂ သို့ပင် တက်လှမ်းနိုင်ခဲ့သည်။

သူသည် သူ ကုန်ဆုံးခဲ့သော နှစ်များကို တဖြည်းဖြည်း ပြန်ထေမိစေမည် ဖြစ်သည်။

ဤတစ်ခေါက် သူ ပြန်လာရခြင်းမှာ မကြာမီ စတင်ကျင်းပတော့မည့် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ ကျင့်ကြံရေး အရင်းအမြစ် ပြိုင်ပွဲကြောင့် ဖြစ်သည်။ သူက ကောင်းကင်နတ်ဘုရားအဆင့်သို့ တက်လှမ်းပြီးပြီဖြစ်သော်လည်း မိုဝူကျိုမှာ ကနဦးနတ်ဘုရားအဆင့်တွင်ပင် ရှိနေဦးမည်ဖြစ်ကြောင်း သူသိသည်။ ထို့ကြောင့် သေမျိုးနယ်မြေအတွက် ကျင့်ကြံရေး အရင်းအမြစ် တချို့ရရန် သူ တိုက်ခိုက်မှရမည်။

သို့သော် သေမျိုးနယ်မြေ၏ ကာကွယ်ရေးအစီအရင်ကို ဖွင့်လိုက်သည့်အခိုက် သူက အနည်းငယ် ဆွံ့အသွားသည်။

ဤနေရာကား သေမျိုးနယ်မြေလော...

သိပ်သည်းသော နတ်ဝိညာဉ်စွမ်းအားတို့က သေမျိုးနယ်မြေ၏ အလယ်ဗဟိုပတ်ပတ်လည်တွင် လှည့်ပတ်ဝန်းရံထားသည်။ တစ်ချိန်တည်းမှာပင် သစ်သားလမ်းကျယ်တစ်ခုက ဝင်ပေါက်မှ အလယ်ဗဟိုအထိ သွယ်တန်းထားသည်။

အစိမ်းရောင်မြက်ခင်းတို့က စိမ်းစိုနုဖတ်စွာ ကြီးထွားနေကြသည်။ တစ်ချိန်တည်းမှာပင် မြစ်တစ်စင်းက ထိုစိုက်ခင်းတို့ကို ရစ်ပတ်ခွေထားကာ ချမ်းမြေ့စေသော ခံစားချက်တစ်မျိုးကို ပေးလေသည်။ အရှေ့တိုင်းပုံစံ အဆောက်အဦး ၁၀ ခုအား သေမျိုးနယ်မြေပတ်လည်တွင် မားမားမတ်မတ် တည်ဆောက်ထားသည်။ ဤသည်မှာ ယခင်သဲကန္တာရမြေနှင့် မည်ကဲ့သို့မျှား တစ်ခုတည်း အတူတူ ဖြစ်နိုင်ပါ့မည်နည်း။

"ခင်ဗျား ဘယ်သူလဲ"

ချီချွမ်က ပိုင်ယွဲ့အား မယုံသင်္ကာဟန်ဖြင့် စိုက်ကြည့်လိုက်သည်။ သူက ကာကွယ်ရေးအစီအရင်ကို ဖွင့်မပေးချေ။

"သူက ပိုင်ယွဲ့ပဲ။ နောက်နောင်ကျ သူက မင်းရဲ့စီနီယာအစ်ကို ဖြစ်လာလိမ့်မယ်"

မိုဝူကျိ၏ အသံက အချိန်ကိုက် ရောက်ရှိလာသည်။

"ချီချွမ် စီနီယာအစ်ကိုပိုင်ယွဲ့ကို နှုတ်ဆက်ဂါရဝပြုပါတယ်"

ချီချွမ်က လျင်မြန်စွာ ပိုင်ယွဲ့ဘက်သို့ ဦးညွှတ်လိုက်သည်။ သူက မိုဝူကျိဆီမှ ပိုင်ယွဲ့အကြောင်း ကြားဖူးထားသည်။

မိုဝူကျိက ပြုံးလိုက်ကာ

"ပိုင်ယွဲ့... ဒါက ချီချွမ်။ နောင်ကျရင် သူလည်းပဲ ကျုပ်တို့ သေမျိုးနယ်မြေကလူ ဖြစ်လာမှာ။ ပြီးတော့ ကောင်းကင်နတ်ဘုရားအဆင့်ထဲ ဝင်နိုင်တာရယ်၊ အဆင့် ၂ အထိ ရောက်နိုင်တာရယ်အတွက် ဂုဏ်ပြုပါတယ်ကွာ"

"ဝူကျိ... ငါ မရှိလိုက်တဲ့ ဒီတစ်ခေါက်မှာ မင်းက သေမျိုးနယ်မြေကို အရမ်းလှပသွားအောင် တကယ်လုပ်ထားနိုင်တာပဲ"

ပိုင်ယွဲ့က ပျော်ရွှင်စွာ ပြောလိုက်သည်။

မိုဝူကျိက ရယ်ကာ

"ဒါတွေ အကုန်လုံးက ချီချွမ်ရဲ့အားထုတ်မှုတွေကြောင့်ပါ"

“ဒါနဲ့ ငါ ဘာဖြစ်လို့ မင်းရဲ့ကျင့်ကြံဆင့်ကို မသိနိုင်ရတာလဲ”

ဤသည်က ပိုင်ယွဲ့ အမှန်တကယ် သိချင်နေသည့်အရာ ဖြစ်သည်။ ယခု သူက ကောင်းကင်နတ်ဘုရားအဆင့် ၂ တွင် ရှိနေပြီဖြစ်ရာ မိုဝူကျို၏ ကျင့်ကြံဆင့်ကို တစ်ချက်ကြည့်ရုံဖြင့် ပြောနိုင်ရမည် ဖြစ်သည်။ သို့သော် တကယ့်လက်တွေ့တွင် မိုဝူကျို၏ ကျင့်ကြံဆင့်မှာ သူ့အတွက် အလွန်ဇဝေဇဝါ ဖြစ်နေသည်။ သူက ထိုးဖောက်မမြင်နိုင်ပေ။

မိုဝူကျို၏ အရှိန်အဝါက ရိပ်ခနဲ လှုပ်သွားသည်။ ထို့နောက် သူက ရယ်ကာ

“အခုဆိုရင်ကော ဘယ်လိုလဲ”

“မင်းက ကနဦးနတ်ဘုရား အဆင့် ၉ မှာလား”

ပိုင်ယွဲ့သည် ယခုမှ မိုဝူကျို၏ ကျင့်ကြံဆင့်ကို သိမြင်နိုင်လေသည်။ သူက ကနဦးနတ်ဘုရားအဆင့်တွင် အဆင့် ၁၀ ရှိနေလိမ့်မည်ဟု ဘယ်တော့မှ နားလည်နိုင်လိမ့်မည် မဟုတ်ပေ။

မိုဝူကျိုက ခေါင်းငြိမ့်ကာ

“အဲ့လိုပဲ ပြောရမှာပေါ့”

“ဒါ တကယ့်ကို မယုံကြည်နိုင်စရာပဲ။ ငါ့ထက် မင်းရဲ့တိုးတက်မှုတွေက ပိုလိမ့်မယ်လို့ လုံးဝ မထင်ထားဘူးကွ။ ကျောင်းတော်ရဲ့ ပြိုင်ပွဲရောက်ဖို့ လနည်းနည်း လိုသေးတယ်။ မင်းက ကနဦးနတ်ဘုရားအဆင့် ၉။ ငါက ကောင်းကင်နတ်ဘုရား အဆင့် ၂။ ငါတို့တွေ အကောင်းဆုံးအရင်းအမြစ်တွေကို မရယူနိုင်ရင်တောင်မှ ဝိညာဉ်စုစည်းရေးအစီအရင်တစ်ခုစာတော့ ရနိုင်လောက်တယ်… ဟုတ်တယ်မလား”

ပိုင်ယွဲ့က စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

“ဟုတ်တာပေါ့… ချီချွမ်ကို အင်မော်တယ် မော်တယ်ကျင့်စဉ် ပေးပြီးတာနဲ့ ပြိုင်ပွဲအတွက် ငါတို့တွေ သွားပြင်ဆင်ကြမယ်”

မိုဝူကျိုက ဖြေလိုက်သည်။ ဤနေရာတွင် ကျင့်ကြံရန် သူ့အတွက် စွမ်းအားစုစည်းရေး အစီအရင် ရှိစရာ မလိုပေ။ သို့သော် ဤနေရာတွင် တခြားသူများ ရှိသေးသည်။ ထို့အပြင် သေမျိုးနယ်မြေထဲမှ နတ်ဝိညာဉ်အပင်များသည် ပမာဏများစွာသော နတ်ဝိညာဉ်စွမ်းအားတို့ကို လိုအပ်လေသည်။

## အခန်း(၁၀၀၄) : နိဗ္ဗာနတိတ်ဆိတ်မှုပင်လယ်၏ ကူးပြောင်းအစီအရင်

နတ်ဘုရားကုန်းမြေတွင် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ကဲ့သို့ အင်အားစုကြီးတစ်ခု ရှိသဖြင့် ကိစ္စရပ် ကြီးကြီးမားမား ဖြစ်ပွားခဲသည်။ အကြီးမားဆုံးကိစ္စမှာ လွန်ခဲ့သော ၁၀ နှစ်လောက်က ကျောင်းတော်ထဲသို့ တပည့်များခေါ်ယူရန် စစ်ဆေးဆုံးဖြတ်မှု ဖြစ်သည်။

ထို့ကြောင့် နတ်ဘုရားကုန်းမြေတွင် မည်သည့်ကိစ္စကြီးမျှ မရှိသော်လည်း နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်တွင်မူ လက်တလော၌ ကိစ္စသေးသေးလေး တစ်ခု ဖြစ်ပွားခဲ့သည်။ ထိုအရာမှာ ရာစုနှစ်တစ်ခုတွင် တစ်ကြိမ်သာဖြစ်ပွားသော ကျောင်းတော်ထဲမှ အရင်းအမြစ် တိုက်ပွဲပင် ဖြစ်သည်။

နတ်ဘုရားကုန်းမြေထဲတွင် ကျင့်ကြံရေး အရင်းအမြစ်များအရ ကျောင်းတော်ကို ကျော်လွန်နိုင်သည့်နေရာဟူ၍ မရှိပေ။ ကျောင်းတော်သည် မိုးမြေစည်းမျဉ်းတို့ အပြီးပြည့်စုံဆုံးသော တစ်ခုတည်းသော နေရာလည်း ဖြစ်နေသည်။

ဤအရင်းအမြစ်တိုက်ပွဲမှာ ရာစုနှစ်တိုင်းမှ တစ်ကြိမ် ဖြစ်ပွားသည်ဖြစ်ရာ နတ်ဘုရားကုန်းမြေမှ နတ်ဘုရားဘုရင်များ အားလုံးနီးပါးက ဤကိစ္စအပေါ် အာရုံစိုက်ကြမည် ဖြစ်သည်။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်သည်

နတ်ဘုရားကုန်းမြေတစ်ခုလုံး၏ အသေးစား ပုံစံဖြစ်သည်။ ဂိုဏ်းကြီးများ အားလုံးနီးပါးက ကျောင်းတော်ထဲတွင် သူတို့ကိုယ်ပိုင် အင်အားစုများ ရှိကြသည်။ ယခုကဲ့သို့တိုက်ပွဲမျိုးတွင် ရလဒ်များက မည်သည့် အင်အားစုများ ပို၍ တိုးချဲ့ကြီးမားလာမည်နည်းအား ညွှန်ပြပေလိမ့်မည်။

အမှန်တကယ်၌ ကျောင်းတော်ထဲတွင် ကျောင်းတော်၏ ဂိုဏ်းသားများ မဟုတ်သော်လည်း ကျောင်းတော်ထဲ လာရောက်ကျင့်ကြံနေကြသော ကျင့်ကြံသူများမှာလည်း အရေအတွက် တော်တော်များများ ရှိနေသည်။ ထိုကျင့်ကြံသူများမှာ အင်အားစုအမျိုးမျိုး၏ အစိက ပျိုးထောင်ပေးကြမည့်သူများ ဖြစ်၏။ ထိုကျင့်ကြံသူများသည် ကျောင်းတော်၏အဖွဲ့ဝင် မဟုတ်သဖြင့် သူတို့ ကျင့်ကြံကြစဉ် သူတို့အား ပြင်းပြင်းထန်ထန် ထိန်းချုပ်ကန့်သတ်ခြင်း ခံကြရသည်။ ကျောင်းတော်က ထောက်ပံ့ပေးသော အများသုံး အရင်းအမြစ်များကိုလည်း အသုံးပြုခွင့် မရှိကြပေ။ သို့ပေသည့်တိုင် ကျောင်းတော်အပြင်ဘက်တွင် ကျင့်ကြံသည်ထက် အထဲ၌ လာရောက်ကျင့်ကြံသည်က များစွာ ပိုကောင်းနေဆဲ ဖြစ်သည်။

ပိုင်နက်အကျယ်ကြီး ပိုင်သော သေမျိုးနယ်မြေအပြင် ကျောင်းတော်ထဲရှိ တခြားအင်အားစုအားလုံးမှာ နေရာအနည်းအကျဉ်းနှင့် နတ်ဝိညာဉ်စွမ်းအား အရင်းအမြစ် အနည်းအကျဉ်းသာ ရှိကြသည်။ မည်သည့် အင်အားစုပင် ဖြစ်ပါစေ ကျောင်းတော်ထဲသို့ ကျင့်ကြံရန် လူအများကြီး ခေါ်ယူခွင့် မရှိပေ။ လူအများကြီးကိုသာ ဝင်ခွင့်ပြုလိုက်ပါက ကျင့်ကြံရေး အရင်းအမြစ်များကို ပိုများသောလူတို့နှင့် ခွဲဝေယူကြရလိမ့်မည် ဖြစ်သည်။ တဖြည်းဖြည်းနှင့် ကျောင်းတော်ထဲထက် တခြားနေရာများတွင် ကျင့်ကြံသည်က ပိုကောင်းမည့်အဖြစ်သို့ ရောက်ရှိလာလိမ့်မည်။

ပြောရမည်ဆိုလျှင် နတ်ဘုရားဘုရင် ဖြစ်မလာသေးခင်အထိ ကျောင်းတော်ထဲမှ ပြီးပြည့်စုံသော မိုးမြေစည်းမျဉ်း၏ အားသာချက်တို့ကို အပြည့်အဝ နားလည်အသုံးချနိုင်ကြဦးမည် မဟုတ်ပေ။ ကျောင်းတော်ထဲတွင် တာအိုအကြောင်း ဆွေးနွေးပေးမည့် ပညာရှင်အနည်းငယ် ရှိသည်မှာ မှန်၏။ သို့သော် ကျောင်းတော်၏ တပည့်မဟုတ်ပါက မိမိ၏ ကိုယ်ပိုင်နေရာတွင်သာ ကျင့်ကြံနိုင်ကာ တာအိုဆွေးနွေးပွဲများကို နားကြားခွင့် မရှိပေ။

ကျောင်းတော်၏ ကန့်သတ်မထားသော ဖွဲ့စည်းပုံကြောင့် အင်အားစုတိုင်းက ဤတိုက်ပွဲအတွင်း တတ်နိုင်သမျှ များများ ကျင့်ကြံရေး အရင်းအမြစ်များ လုယူနိုင်ရန် အစွမ်းကုန် လုပ်ကြမည် ဖြစ်သည်။

ကျောင်းတော်က ဤရာစုနှစ် တစ်စုတွင်မှ တစ်ကြိမ်လုပ်သော အရင်းအမြစ်တိုက်ပွဲအပေါ် အကြီးအကျယ်ကို အလေးထားထားသည်။ ကျောင်းတော်၏ အင်အားစု အမျိုးမျိုးက အရင်းအမြစ် တိုက်ပွဲအတွင်း အားလုံးကျေနပ်နိုင်ရန် မည်သို့မည်ပုံ လုပ်ကြမည့်အကြောင်းအတွက် မရေတွက်နိုင်သော ဆွေးနွေးပွဲများနှင့် တွေ့ဆုံပွဲများ လုပ်နေကြသည်။

ထိုပွဲများတွင် မပါဝင်သည့် တစ်ခုတည်းသော အင်အားစုမှာ သေမျိုးနယ်မြေ ဖြစ်သည်။ သေမျိုးနယ်မြေတွင် ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူတစ်ယောက်ပင် မရှိလေရာ ဤအရင်းအမြစ်တိုက်ပွဲတွင် ဝင်ပြိုင်ရဲလိမ့်မည် မဟုတ်ပေ။ သေမျိုးနယ်မြေမှ မည်သူကမျှ တိုက်ပွဲတွင် ပါဝင်ချင်သည့် ပုံစံမျိုး မပြပေ။ ထို့ကြောင့် ကျောင်းတော်၏ အရင်းအမြစ်တိုက်ပွဲအတွက် သေမျိုးနယ်မြေအား အလိုလို ထည့်မတွက်ဘဲ ထားထားလိုက်သည်။

……………………..

မိုဝူကျိက ကျင့်ကြံသည်ကို ရပ်လိုက်ပြီးနောက် သေမျိုးနယ်မြေ၏ နတ်ဝိညာဉ်စွမ်းအားတို့မှာ ပို၍အားနည်းလာသည်။ ကံကောင်းစွာပင် တာ့ဟွမ်က သူ၏ချီသွေးကြော ၁၀၈ ခုဖြင့် ကျင့်ကြံနေဆဲ ဖြစ်သည်။ မိုဝူကျိနှင့် တာ့ဟွမ်တို့၏ ခြားနားချက်မှာ တာ့ဟွမ်တွင် အထူးချီသွေးကြောများ မရှိဘဲ မိုဝူကျိတွင် ရှိနေခြင်း ဖြစ်သည်။ သို့ဖြစ်ရာ တာ့ဟွမ်၏ စွမ်းအားစုပ်ယူနှုန်းမှာ မိုဝူကျိလောက် အားမပြင်းပေ။

သို့သော် ထိုအရာမှာ မိုဝူကျိနှင့် ယှဉ်လျှင်သာ ဖြစ်သည်။ တခြားသူများနှင့် ယှဉ်ပါက တာ့ဟွမ်၏ နှုန်းမှာ ကြောက်စရာကောင်းသည်ဟု သတ်မှတ်နိုင်နေပြီ ဖြစ်သည်။ တာ့ဟွမ်ကလည်း သူ့ပတ်ဝန်းကျင်မှ နတ်ဝိညာဉ်စွမ်းအားတို့ကို သူနှင့်ရှိုက်ကော နှစ်ယောက်စလုံး ကျင့်ကြံရန်အတွက် စုပ်ယူနိုင်လေသည်။

ပိုင်ယွဲ့က အရင်းအမြစ်တိုက်ပွဲအတွက် စာရင်းသွင်းရန် ကျောင်းတော်သို့ သွားသည့်အချိန်တွင် မိုဝူကျိက ချီချွမ်အား အင်မော်တယ် မော်တယ်ကျင့်စဉ် လက်ဆင့်ကမ်းပေးခြင်း အပေါ်ကိုသာ အာရုံအပြည့် စိုက်ထားလိုက်သည်။ သူက ချီချွမ်ကို

ချီသွေးကြောများ ဖွင့်ပုံဖွင့်နည်းနှင့် ဝိညာဉ်ကြောများနှင့် ကျင့်ကြံခြင်းအပေါ် စွန့်လွှတ်ပုံ၊ စွန့်လွှတ်နည်းတို့ကို သင်ကြားပေးသည်။

ချီဍွန်က ဂူပိတ်ကျင့်ကြံခြင်းကို စတင်သည့်အချိန်၊ အားနေသောမိုဝူကျိက ကျောင်းတော်၏ တာဝန်ခန်းမသို့ သွားရန် ပြင်ဆင်နေချိန်၊ ထိုအချိန်တွင် ပိုင်ယွဲ့ ပြန်ရောက်လာ၏။

“မင်း ဒဏ်ရာရလာတာလား”

ပိုင်ယွဲ့၏ ဒဏ်ရာများကို သတိထားမိကာ မိုဝူကျိက မျက်မှောင်ကျုံ့လိုက်သည်။

နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်သည် အလုံခြုံဆုံးနေရာများမှ တစ်နေရာဖြစ်၏။ တိုက်ခိုက်စင်ပေါ်တွင် တိုက်ခိုက်ရန် နှစ်ဖက်စလုံး၏ သဘောတူညီမှု မရှိပါဘဲနှင့် ထိုနေရာတွင် လူများ ပုံမှန်အားဖြင့် ဒဏ်ရာရလေ့မရှိကြပေ။

ပိုင်ယွဲ့က ခေါင်းငြိမ့်ကာ

“ငါ့ကို တိုက်ခိုက်စင်မှာ တိုက်ဖို့ လာစိန်ခေါ်တဲ့ ရွှံ့စရာ ငတိတစ်ကောင်နဲ့ တွေ့ခဲ့လို့။ တကယ်လို့ ဝင်တားပေးခဲ့တဲ့ တိုက်ခိုက်စင်က အကြီးအကဲကြောင့်သာ မဟုတ်ရင် အဲ့ဒီခွေးကောင်သတ်လို့ ငါ သေသွားလောက်ပြီ”

"သူက အောင်းမျိုးနွယ်ကလား"

မိုဝူကျိုသည် ချက်ချင်းပင် အောင်းမျိုးနွယ်မှ ရွှံ့မုန်းစရာ နတ်ဘုရားဘုရင်ကို ပြန်အမှတ်ရမိလိုက်သည်။

အောင်းမျိုးနွယ်သည် သူကိုရော ပိုင်ယွဲ့ကိုပါ လွယ်လွယ်နှင့် အလွတ်ပေးမည်မဟုတ်မှန်း သူက ကောင်းကောင်းသိသည်။

ပိုင်ယွဲ့က ခေါင်းခါလိုက်သည်။

"အောင်းမျိုးနွယ် မဟုတ်ဘူး။ အပြန်သီးသန့် နတ်ဘုရားဂိုဏ်းက ပါရမီရှင် ကိုင်ကျို။ သူက ကောင်းကင်နတ်ဘုရား အဆင့် ၈ မှာ ရှိနေတာ။ ငါ့ထက်လည်း တော်တော်ကြီးကို အားပိုကောင်းတယ်"

"မင်း ကနဦးနတ်ဘုရားအဆင့် ၉ မှာ ရှိနေတုန်းက ကောင်းကင်နတ်ဘုရားအဆင့် ၄ အရုပ်ကို အနိုင်တိုက်နိုင်တယ်လေ။ အခု မင်း ကောင်းကင်နတ်ဘုရား အဆင့် ၂ မှာရှိနေတဲ့ဟာ ကိုင်ကျိုကို မနိုင်ဘူးလား။ မင်းက ပြဿနာရှာတတ်ပုံလည်း မပေါ်ပါဘူး။ အဲ့ဒါကို ဘာဖြစ်လို့ ကိုင်ကျိုက မင်းကို စိန်ခေါ်ချင်ရတာလဲ"

မိုဝူကျိုက မေးလိုက်သည်။

ပိုင်ယွဲ့နှင့် မိုဝူကျိုတို့သည် တချို့နေရာများတွင် အနည်းငယ် တူညီကြသည်။ နယ်လှည့်ကျင့်ကြံသူ တစ်ယောက် အနေနှင့်

တခြားသူက ရန်လာမစပါက သူတို့ကစ၍ ပြဿနာလေ့ မရှိကြပေ။ သို့သော် တချို့ကိစ္စများမှာ ချွင်းချက်ဖြစ်ကာ ထိုသို့ကိစ္စမျိုး ကြုံလာပါက တိုက်ခိုက်မှုတချို့ကို ရှောင်လွှဲ၍မရပေ။

“အဲ့ဒါက အဆင့်နေရာနဲ့ ပတ်သက်ပြီး ဖြစ်တဲ့ ပြဿနာ”

ပိုင်ယွဲ့က ဆက်ပြောလိုက်သည်။

“လွန်ခဲ့တဲ့ ၁၀ နှစ်တုန်းက ရန်ဟွေက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ စစ်ဆေးဆုံးဖြတ်မှုမှာ ပါဝင်ဖို့ အပြန်သီးသန့် နတ်ဘုရားဂိုဏ်းကို ကိုယ်စားပြုပြီး သူက အဆင့် ၆ ရခဲ့တယ်။ ထိပ်ဆုံး ၅ ယောက်ထဲ သူမပါတဲ့အတွက်ကြောင့်မို့လို့ တာအိုသစ်သီးတစ်လုံးကို မရလိုက်ဘူး။ ထိပ်ဆုံး ၅ ယောက်ထဲမှာ ငါ တစ်ယောက်ပဲ နောက်ခံအင်အားမရှိတဲ့ နယ်လှည့်ကျင့်ကြံသူလေ။ အပြန်သီးသန့် နတ်ဘုရားဂိုဏ်းက ကိုင်ကျိက သူ့ဒေါသတွေကို ငါ့အပေါ် လာပုံချပြီး ငါစာရင်းသွင်းနေတုန်း ငါ့ကို ရန်လာစတာ။

ကိုင်ကျိက ကောင်းကင်နတ်ဘုရား အဆင့် ၈ မှာပဲ ရှိတယ်ဆိုပေမဲ့ သူ့စွမ်းအားက အထွတ်တကာ့ ထိပ်ခေါင်မှာ ရှိတယ်ကွ။ ကျောင်းတော်ထဲက “ မဟာ ကောင်းကင်နတ်ဘုရား ၁၀ ယောက်”

ထဲမှာ ကိုင်ကျိုက နံပတ် ၆ ချိတ်တယ်။ ကောင်းကင်နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့်မှာ ရှိတဲ့ သာမန်ကျင့်ကြံသူတွေ မပြောနဲ့ နတ်ဘုရားအုပ်စိုးသူတစ်ပိုင်း ဖြစ်နေတဲ့သူတွေတောင် သူ့ပြိုင်ဖက်မဖြစ်နိုင်ဘူး။

သူက အရမ်းရက်စက်ယုတ်မာတဲ့အပြင် အင်အားစုလေးတွေဆီက ပါရမီရှင် တပည့်တော်တော်များများကို သတ်ခဲ့ဖူးတယ်။ အခု ငါ့ကို စည်းကမ်းထိန်းက ကယ်လိုက်တယ်ဆိုတော့ သူ ငါ့ကို လွယ်လွယ်နဲ့ အလွတ်ပေးလိမ့်မယ် မထင်ဘူး။ ကျောင်းတော်က ကျင်းပတဲ့ အရင်းအမြစ်တိုက်ပွဲကျရင် သေချာပေါက် သူ နောက်တစ်ခေါက် လာတိုက်ဦးမှာပဲ”

“ဒီလိုဆိုမှတော့ အဲ့ဒီအချိန်ကျရင် သူ့ကို ငါရင်ဆိုင်လိုက်မယ်”

မိုဝူကျိုသည် ရုတ်တရက် သူ့လို ကနဦးနတ်ဘုရား အဆင့် ၁၀ ကျင့်ကြံသူက ထိပ်သီး ကောင်းကင်နတ်ဘုရားအဆင့်နှင့် တွေ့ပါက မည်မျှထိ ရင်ဆိုင်နိုင်မည်နည်းအား စမ်းသပ်ကြည့်ချင်သွားသည်။

ပိုင်ယွဲ့က လေးနက်စွာ ပြောလိုက်သည်။

“မင်းက သူ့ပြိုင်ဖက် မဖြစ်လောက်ဘူး။ သူက ငါတွေ့ဖူးသမျှထဲမှာ အားအကောင်းဆုံး ကောင်းကင်နတ်ဘုရားပဲ။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ကို တည်ထောင်ထားတာ နှစ်တွေ အများကြီးရှိနေပြီ။ ပြီးတော့ အဲ့ဒီနှစ်တွေတစ်လျှောက် စုဆောင်းထားတဲ့ ကျင့်ကြံရေး အရင်းအမြစ်တွေကလည်း အများကြီးပဲ။ ကိုင်ကျိက ထိပ်ဆုံး ၁၀ ယောက်ထဲ ဝင်နိုင်တာ ကံကောင်းလို့ချည်းတော့ မဖြစ်နိုင်တာ သေချာတယ်”

မိုဝူကျိက ခပ်ရေးရေး ပြုံးလိုက်သည်။

“စိတ်မပူပါနဲ့... ငါ သူ့ကို ကိုင်တွယ်နိုင်မှာပါ။ ငါ့ကိုလည်း နည်းနည်း ထူးခြားကွဲထွက်နေတဲ့ ကျင့်စဉ်နဲ့ ကောင်းကင်နတ်ဘုရားတစ်ယောက်လို့ သတ်မှတ်လို့ရတယ်ကွ”

မိုဝူကျိက တစ်ဖက်ပိတ် ပြောနေခြင်း မဟုတ်ပေ။ အကယ်၍ အဆင့်များအတိုင်း လိုက်စဉ်ကြည့်မည်ဆိုပါက မိုဝူကျိ၏ ကနဦးနတ်ဘုရားအဆင့် ၁၀ သည် သာမန် ကောင်းကင်နတ်ဘုရားအဆင့် ၁ နှင့် တူညီနေသည်။

သို့သော် သူ၏ မဟာတာအိုမှာ လူသားတာအို ဖြစ်နေသောကြောင့် ကောင်းကင်နတ်ဘုရားအဆင့်တွင် ရှိနေစဉ်၌ လောကနတ်ဘုရား တစ်ယောက်မှသာ တည်ဆောက်နိုင်သည့် ကမ္ဘာတစ်ခုကို သူက တည်ဆောက်နိုင်သည်။ သာမန်ကျင့်ကြံသူတစ်ယောက်နှင့် ယှဉ်ပါက သူက အတွေ့အကြုံပိုများသည်ဟုပင် ယူဆနိုင်သည်။

အကယ်၍ သူသာ လမ်းရှည်ကို မလိုက်ချင်ပါက သူ၏ လူသားကမ္ဘာမှာ ခမ်းနားအံ့ဩဖွယ်ကောင်းသော ကမ္ဘာတစ်ခု ဖြစ်နေလောက်လေပြီ။

ပိုင်ယွဲ့သည် မိုဝူကျိက မည်မျှလောက်ထိ ကြောက်စရာကောင်းမှန်း သိသော်လည်း သူက မိုဝူကျိ၏စကားတို့ကို မယုံကြည်သေးပေ။ မိုဝူကျိ ပြောသလိုပင် အကယ်၍ ပိုင်ယွဲ့သာ မိုဝူကျိအား တိုက်ကွက်အရင် ထုတ်ခိုင်းလိုက်ပါက သူသည် ပြန်ခုခံခွင့်တောင် ရလိုက်မည် မဟုတ်ပေ။

သူက မိုဝူကျိ၏ တကယ့် အင်အားအစွမ်းအကြောင်း သိပ်မသိသေးပေ။ မည်သို့ပင် ဆိုစေကာမူ အရင်းအမြစ်များ လုယူမည့်အချိန်တွင် မိုဝူကျိ၏ ဘေးတွင် သူ ရှိနေပေးကာ မိုဝူကျိ၏ နောက်ကျောကို စောင့်ကြည့်ကာကွယ်ပေးရုံသာ ရှိသည်။

ထိုသို့တွေးလိုက်ကာ ပိုင်ယွဲ့သည် ကိုင်ကျိအကြောင်း မိုဝူကျိနှင့် ဆက်လက် စကားများမနေတော့ချေ။

"ဝူကျိ... ငါ တာဝန်တစ်ခု လက်ခံထားတယ်။ ဒါကြောင့် ငါ အဲ့ဒီကနေ ပြန်လာတာနဲ့ အရင်းအမြစ်တိုက်ပွဲမှာ ဝင်ပြိုင်ဖို့

အတူတူသွားကြမယ်။ တကယ်လို့ ငါ ပြန်မရောက်သေးခင် အရင်းအမြစ်တိုက်ပွဲက စနေနှင့်ပြီဆိုရင် မင်းတစ်ယောက်တည်း အရင် ဝင်မပြိုင်နဲ့ဦး။ အင်မော်တယ် မော်တယ်ကျင့်စဉ်က တခြားကျင့်စဉ်တွေနဲ့ မတူဘူး။ စွမ်းအားစုစည်းရေး အစီအရင် မခင်းကျင်းဘဲနဲ့တောင် ကျင့်ကြံဖို့အတွက် စွမ်းအားတွေကို ငါတို့တွေ စုပ်ယူလို့ ရနေသေးတာပဲဟာ”

ဂိုဏ်းတာဝန်အကြောင်း ကြားလိုက်ပါမှ မိုဝူကျိသည် ထိုအရာအား သူ လုံးလုံး မေ့နေကြောင်း သတိရသွား၏။

မိုဝူကျိက ပိုင်ယွဲ့အား မည်သည့်တာဝန်မျိုး လက်ခံထားသနည်းအား မေးရန် လုပ်နေစဉ်၌ အသံနက်တစ်သံကို ကြားလိုက်ရသည်။

“နောက် ၃ လနေရင် ကျင်းပမယ့် အရင်းအမြစ်တိုက်ပွဲမှာ ဝင်ပြိုင်မဲ့ တပည့်တွေ… နိဗ္ဗာန်အသိပညာရပ် စင်မြင့်ဆီကို မင်းတို့ရဲ့တပည့်တံဆိပ်ပြားတွေ အပါယူပြီး လာစုဝေးကြပါ”

နိဗ္ဗာန်အသိပညာရပ် စင်မြင့်ကို မိုဝူကျိသိသည်။ ထိုအရာမှာ ကျောင်းတော်အထဲရှိ မျှော်လွင့် ရင်ပြင်တွင် တည်ရှိကာ အချင်းဝက် မီတာ ၅၀၀၀ ကျော် ရှိသည်။

“မင်း ဘယ်တာဝန်ကို လက်ခံထားတာလဲ”

မိုဝူကျိသည် ကြေညာချက်အား ခေါင်းထဲမထည့်ဘဲ ပိုင်ယွဲ့ လက်ခံလိုက်သည့် တာဝန်ကိုသာ ပို၍ သိချင်နေမိသည်။

ပိုင်ယွဲ့သည် အပြန်သီးသန့်နတ်ဘုရားဂိုဏ်းအပြင် အောင်းမျိုးနွယ်နှင့်ပါ ပြဿနာတက်ထားသည်။ ယခုအခြေအနေတွင် ကျောင်းတော်မှ ထွက်သွားခြင်းသည် သေချာပေါက် ပြဿနာများကို ဖိတ်ခေါ်နေပေလိမ့်မည်။

"နိဗ္ဗာနတိတ်ဆိတ်မှုပင်လယ်ဆီကို..."

"နိဗ္ဗာနတိတ်ဆိတ်မှုပင်လယ်လား... နိဗ္ဗာနတာအိုသဲ ရှာဖို့လား..."

မိုဝူကျိဆီမှာ နိဗ္ဗာနတာအိုသဲ အပုံလိုက်ကြီး ရှိလေရာ သဲရှာရန်အတွက်ဆိုပါက ထိုနေရာသို့ ပိုင်ယွဲ့ သွားနေစရာ မလိုပေ။

ပိုင်ယွဲ့က ခေါင်းခါလိုက်ကာ

"အဲ့ဒီနှစ်တွေတုန်းက နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ထဲမှာ ဆေးလုံးဘုရင် ဝတ်ရုံစိမ်း ပျောက်သွားတော့ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်က နိဗ္ဗာနပင်လယ်မှာ ကူးပြောင်းအစီအရင်တစ်ခု တည်ဆောက်ချင်ခဲ့တယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ နတ်ဘုရားနယ်မြေနဲ့ တိုက်ရိုက် ဆက်သွယ်ဖို့ပေါ့။

အခုလောလောဆယ် ဒီကူးပြောင်းအစီအရင်ကို ဆောက်နေကြတယ်။ ငါက အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာဆိုတော့ ဒီတာဝန်ကို ငါ လုပ်ပြီးသွားတာနဲ့ နောက်ထပ် နှစ် ၅၀ လောက် ဘယ်တာဝန်မှ ထပ်ယူစရာ မလိုတော့ဘူး။"

"နတ်ဘုရားကုန်းမြေနဲ့ နတ်ဘုရားနယ်မြေက ကူးပြောင်းအစီအရင် ဆောက်ချင်နေတာလား"

မိုဝူကျိုက ရင်တစ်ချက် ထိတ်သွားသည်။ သူက နတ်ဘုရားနယ်မြေတွင် နတ်ဘုရားဘုရင် တစ်ယောက်နှင့် ပြဿနာတက်ကာ နတ်ဘုရားကုန်းမြေဆီသို့ ထွက်ပြေးလာရသည်။ အကယ်၍ ဤကူးပြောင်းအစီအရင်သာ အောင်မြင်စွာ တည်ဆောက်ပြီးသွားပါက နတ်ဘုရားနယ်မြေမှ နတ်ဘုရားဘုရင်သည် ဤနေရာတွင် သူ့အား ရှာရန် ရောက်လာမည်လော...

နောက်တစ်ခဏချင်းပင် မိုဝူကျိုက အသိပြန်ဝင်လာသည်။ သူသည် လောလောဆယ် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲတွင် ရောက်နေသည်။ နတ်ဘုရားနယ်မြေမှ နတ်ဘုရားဘုရင် ရောက်လာလျှင်ပင် သူက ကျောင်းတော်ထဲသို့ အတင်း ဝင်လာရဲပါ့မည်လော...

ထို့ကြောင့် သူ့အနေနှင့် မည်သည်ကိုများ စိုးရိမ်နေရမည်နည်း။ သူ၏လက်ရှိ ကျင့်ကြံနှုန်းအရ နတ်ဘုရားဘုရင်တစ်ယောက်ကို ရှင်းပစ်နိုင်ရန် သိပ်လိုတော့မည် မဟုတ်ပေ။

“ဟုတ်တယ်... ဒီကူးပြောင်းအစီအရင်ကို ဆောက်နေတာ နှစ်ရာချီပြီးတော့တောင် ကြာနေပြီ။ ပြီးခါနီးပြီလို့ ကြားတယ်။ ဒါပေါ့... ဒါက ပထမခြေတစ်လှမ်းပဲ ရှိသေးတယ်။ ကူးပြောင်းအစီအရင် ပြီးသွားရင် ဟိုဘက်ပေါ်က ကူးပြောင်းနေရာ အတိအကျကို ဆုံးဖြတ်နိုင်မှာ မဟုတ်သေးဘူး။ ငါတို့လူတွေ ဟိုပို့ပြီးရင် နတ်ဘုရားနယ်မြေထဲမှာ နောက်ထပ် နေရာတိကျတဲ့ ကူးပြောင်း အစီအရင်တစ်ခု ထပ်ဆောက်ဖို့ လိုသေးတယ်။ နတ်ဘုရားနယ်မြေထဲက ကူးပြောင်းအစီအရင်ကို ပြီးဖို့ဆို နောက်ထပ် တစ်နှစ် ထပ်လိုဦးမှာ”

ပိုင်ယွဲ့က ရှင်းပြလိုက်သည်။

**ငါ မြန်မြန် ကျင့်ကြံမှ ရမယ်...**

ဤသို့တွေးမိကာ မို့ဝူကျိုက ပိုင်ယွဲ့အား ပြောလိုက်သည်။

“အဲ့ဒါဆို နိဗ္ဗာန တိတ်ဆိတ်မှုပင်လယ်က တာဝန်ကို ငါ သွားလုပ်လိုက်မယ်။ မင်းထက် စာရင် နိဗ္ဗာနတိတ်ဆိတ်မှုပင်လယ်နဲ့ ငါက ပိုရင်းနှီးတယ်”

ထိုသို့ပြောကာ မိုဂူကျိုက နိဗာနတာအိုသဲ လက်တစ်ဆုပ်စာကို ထုတ်ယူလိုက်သည်။

“ဒီနိဗာနတာအိုသဲတွေက နိဗာနတိတ်ဆိတ်မှုပင်လယ်ကနေ ငါ ရလာခဲ့တာတွေ။ နိဗာနပင်လယ်နဲ့ ငါရင်းနှီးတယ်ဆိုတာ မင်း တွေ့နိုင်တယ်”

“အဲ့လောက်များတဲ့ နိဗာနတာအိုသဲတွေ…”

ပိုင်ယွဲ့သည် မိုဂူကျိုအား တအံ့တဩ ကြည့်လိုက်သည်။

“ဟုတ်တယ်… ဒါတွေအားလုံးက နိဗာနတိတ်ဆိတ်မှု ပင်လယ်က ရတာ။ ငါက အမြဲ သူများလိုက်တာ ခံနေရလို့ အဲ့ဒီက အန္တရာယ်တွေနဲ့ တော်တော်တောင် ကျင့်သားရနေပြီ”

မိုဂူကျိုက တစ်ချက်ရယ်လိုက်သည်။

သူသည် ပိုင်ယွဲ့လောက် အတွေ့အကြုံ များချင်မှ များပေလိမ့်မည်။ သို့သော် သူ၏ လေလွတ်မြောက်ရေး နည်းစနစ်မှာ ပိုင်ယွဲ့ ယှဉ်နိုင်သည့်အရာ မဟုတ်ကြောင်း သူက ယုံကြည်မှုရှိသည်။

“ကောင်းပြီလေ… အဲ့ဒါဆို ငါ့အစား မင်း သွားလိုက်ပေါ့”

ပိုင်ယွဲ့က လုံးဝ တွေဝေမနေပေ။

"ငါ ငါ့အင်အား တိုးတက်ဖို့ ဆက်ပြီး ကျင့်ကြံဖို့ လိုတယ်။ ပြီးတော့ နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်မှာ ဘာအန္တရာယ်မှ မရှိတာမို့ မင်း နတ်ဘုရားကုန်းမြေတစ်ခုလုံးက ပညာရှင်အကုန်လုံးနဲ့ ပြဿနာ တက်ထားရင်တောင်မှ ကိစ္စမရှိဘူး။ မင်းက ကျောင်းတော်ရဲ့ တပည့်ဖြစ်နေတာမို့ ကျောင်းတော်အတွက် တာဝန်ထမ်းဆောင်နေချိန်မှာ ဘယ်သူကမှ မင်းကို မသတ်ရဲဘူး။ အဲ့လိုဖြစ်အောင် မင်း နိဗ္ဗာန်တာအိုမြို့ကို သွားဖို့တော့ လိုတယ်ကွ။ အဆင့် ၄ နတ်ဘုရား အစီအရင်ဆရာ ဂုဏ်ထူးဆောင် ကျောက်စိမ်းတံဆိပ်ပြားကို မင်း သွားလုပ်ဖို့ လိုတယ်"

## အခန်း(၁၀၀၅) : နတ်ဘုရားဘုရင် တစ်ယောက်၏ အလိုက်ခံရခြင်း

၃ ရက်ကြာပြီးနောက် မိုဝူကျိသည် အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာ ဂုဏ်ထူးဆောင် တံဆိပ်ပြားတစ်ခုကို အောင်မြင်စွာ ပြုလုပ်ပြီးသွားသည်။ ထိုအရာကို လုပ်ပြီးသည်နှင့် သူက နိဗ္ဗာနတိတ်ဆိတ်မှုပင်လယ်ဆီ သွားရန် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှ ထွက်လာခဲ့သည်။

ဤသည်မှာ တာအိုအမျိုးမျိုးကို ကျင့်ကြံခြင်း၏ အားသာချက်ဖြစ်သည်။ အကယ်၍ မိုဝူကျိ ဖြစ်စေ ပိုင်ယွဲ့ဖြစ်စေ တစ်ယောက်ယောက်ကသာ အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာ မဟုတ်ခဲ့ပါက တာဝန်ပြီးမြောက်ဖို့အတွက်ကိုပင် တစ်နှစ်လောက် လိုအပ်ကောင်း လိုအပ်နိုင်၏။ သို့သော် သူတို့သည် အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာများ ဖြစ်နေသောကြောင့် နှစ်ယောက်ထဲမှ တစ်ယောက်က နိဗ္ဗာနပင်လယ်သို့ သွားကူရန် အများဆုံး တစ်လလောက်သာ လိုအပ်လေသည်။

ပိုင်ယွဲ့အတွက် စိတ်ပူခြင်းအပြင် ဤတာဝန်ကို မိုဝူကျိ လက်ခံရန် ရွေးချယ်လိုက်သည့် အကြောင်းရင်းမှာ သူက ဤအင်မတန် ကွာဝေးလှသည့် နေရာကူးပြောင်း အစီအရင်အား မည်သို့ မည်ပုံ တည်ဆောက်နေကြသနည်းအား ကြည့်ချင်မိသောကြောင့် ဖြစ်သည်။ အနာဂတ်၌ နတ်ဘုရားကုန်းမြေနှင့် နတ်ဘုရားနယ်မြေတို့ကြားတွင် သူက ကူးချည်သန်းချည် ပုံမှန်လုပ်ရန် လိုအပ်ကောင်း လိုအပ်လာနိုင်သည်။ သို့ဖြစ်ရာ အကယ်၍ သူသာ တစ်နည်းနည်းဖြင့် ဤကူးပြောင်းအစီအရင်အား အသုံးပြုခွင့်ကို ရရှိနိုင်ခဲ့မည်ဆိုပါက ကောင်းပေလိမ့်မည်။

နတ်ဘုရားနယ်မြေထဲတွင် သူ စိုးရိမ်ဂရုစိုက်စရာ လူတချို့ရှိနေသေးသည်။ ဥပမာတစ်ခုမှာ ကူချိုက် ဖြစ်သည်။ ထို့အပြင် ဖန်းကျဲ တကယ် အသတ်ခံရ မခံရကိုလည်း သိချင်မိသည်။ အကယ်၍ အသတ်ခံလိုက်ရပါက သတ်လိုက်သည့်သူကို သိချင်သည်။ ဖန်းကျဲအတွက် လက်တုန့်ပြန် ကလဲ့စားကို ယခု မလုပ်နိုင်သေးလျှင်ပင် အနာဂတ်တွင် သေချာပေါက် လက်တုန့်ပြန် ကလဲ့စားချေပေးမည် ဖြစ်သည်။

ပိုင်ယွဲ့ ပြောပြထားသည့်အတိုင်း သူ နိဗ္ဗာန်တာအိုမြို့သို့ ရောက်သည့်အချိန်၌ သူ့အား စောင့်ကြည့်နေသော စိတ်စွမ်းအားအနည်းငယ် ရှိနေသော်လည်း မည်သူကမျှ သူ့ကို မထိရဲပေ။ နိဗ္ဗာန်တာအိုမြို့အတွင်းမှ နိဗာနတိတ်ဆိတ်မှု ပင်လယ်အစွန်းရှိ တိတ်ဆိတ်မှုနတ်ဘုရားမြို့ဟုခေါ်သော နတ်ဘုရားမြို့ဆီသို့ ကူးပြောင်း အစီအရင်တစ်ခု ရှိသည်။ ထို့ကြောင့် နိဗ္ဗာန်တာအိုမြို့အပြင်ကို ထွက်စရာမလိုဘဲနှင့် မိုဝူကျိုသည် နိဗာနတိတ်ဆိတ်မှုပင်လယ်၏ အစွန်အဖျား ကမ်းစပ်နားသို့ ဦးတည်သွားနိုင်လိုက်သည်။

နတ်ဝိညာဉ်စွမ်းအား၏ သိပ်သည်းမှုနှင့် မိုးမြေစည်းမျဉ်း၏ ပြီးပြည့်စုံမှုအရ နတ်ဘုရားကုန်းမြေအား နတ်ဘုရားမြေ ၃ ခုအဖြစ်

ခွဲခြားသတ်မှတ်ထားသည်။ ထိုနတ်ဘုရားမြေ ၃ ခုမှာ အလွန်ကျယ်ပြောလွန်း၍ သာမန်လူတွေအနေနှင့် သူတို့၏ အလယ်အလတ်အဆင့် ယာဉ်ပျံများပေါ်တွင် နှစ်အနည်းငယ်ကြာအောင် ပျံသန်းခရီးသွားရန် လိုအပ်ပေလိမ့်မည်။ ထိုသို့ဆိုလျှင်ပင် နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်သည် နတ်ဘုရားကုန်းမြေတစ်ခုလုံး တစ်လျှောက် စီးဆင်းနေသည်။ သို့ဖြစ်ရာ နိဗ္ဗာနတိတ်ဆိတ်မှုပင်လယ် ကြီးမားကျယ်ပြောပုံကို ပုံဖော်ကြည့်နိုင်ပေသည်။

တိတ်ဆိတ်မှုနတ်ဘုရားမြို့သည် နိဗ္ဗာနတိတ်ဆိတ်မှုပင်လယ်အတွက် တည်ဆောက်ထားသော နတ်ဘုရားမြို့တစ်မြို့ ဖြစ်သည်။ အစောပိုင်းတွင် ဤနတ်ဘုရားမြို့သည် နိဗ္ဗာနတာအိုသဲ အရောင်းအဝယ်အား အဓိက စီးပွားရေးအဖြစ် အာရုံစိုက် ပြုလုပ်ချင်ခဲ့သည်။ သို့သော် ပင်လယ်ရှင်းလမ်းကြောင်း ပေါ်ပေါက်မှု နှစ်ခုကြားမှ အချိန်ကာလမှာ အလွန်ကြာလွန်းသည်။ ထို့အပြင် နိဗ္ဗာနတာအိုသဲကို ရရှိသည့်လူများသည် အများစုမှာ အလွယ်တကူ မရောင်းလိုကြပေ။

ထိုအကြောင်းအရင်းများကြောင့် တိတ်ဆိတ်မှု နတ်ဘုရားမြို့မှာ အနည်းငယ် လူခြေပျက်လပ်နေသည်မှာ

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်က အဖွဲ့များ ဤမြို့သို့ မရောက်လာခင်အထိ ဖြစ်သည်။ အဖွဲ့များသည် နတ်ဘုရားကုန်းမြေနှင့် နတ်ဘုရားနယ်မြေတို့ကြား ကူးပြောင်းအစီအရင် ခင်းကျင်းမှုအတွက် ပြင်ဆင်ရန် ရောက်လာခြင်း ဖြစ်သည်။ သို့ဖြစ်ရာ တိတ်ဆိတ်မှုနတ်ဘုရားမြို့မှာ တစ်ဖန် အသုံးဝင်လာကာ စည်ကားသိုက်မြိုက်လာပြန်၏။ ထို့အပြင် ကူးပြောင်းအစီအရင် တည်ဆောက်မှုမှာ စီမံကိန်းအကြီးကြီး ဖြစ်သောကြောင့် နတ်ဘုရားအစီအရင်ဆရာများနှင့် လက်နက်တန်ဆာ ဆရာများ အမြောက်အများ လိုအပ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ဤမြို့သည် ကူးပြောင်းအစီအရင် တည်ဆောက်ရန် ကူညီနေကြသော ကျွင့်ကြဲသူများ၏ အနားယူရာနေရာ ဖြစ်လာလေသည်။

ကူးပြောင်းအစီအရင်မှ မိုဝူကျို ထွက်လာသည့်အခိုက် သူက ရွှေရောင်စာတန်းကြီးတစ်ခုကို မြင်လိုက်ရသည်။

**"နိဗ္ဗာနပင်လယ် ကူးပြောင်းအစီအရင် မှော်အကွန့်ရာ ဖွဲ့စည်းတည်ဆောက်ရေး အဆောက်အဦး"**

မိုဝူကျိုက သတင်းပို့ရန် အဆောက်အဦးထဲသို့ ဝင်မသွားရသေးခင် ကြောက်မက်စရာကောင်းသော နတ်ဘုရားဘုရင် တစ်ယောက်၏ ဖိအားတစ်ခုကို သူ ခံစားမိလိုက်သည်။ ထိုအခိုက်အတန့်၌ မိုဝူကျိုသည် သေစေလောက်သည့် ဖိအားတစ်ခုကို အမှန်တကယ် ခံစားလိုက်ရသည်။

“ငါက မင်း နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ထဲမှာပဲ တစ်သက်လုံးပုန်းနေတော့မယ် ထင်နေတာ…”

စက်ဆုပ်ဖွယ် အသံတစ်သံကို ကြားလိုက်ရကာ မိုဝူကျိုက သူ့အပေါ် ဖိအားပေးနေသော ဘိုးတော်ကို တွေ့လိုက်ရသည်။ နယ်လှည့်ကျင့်ကြံသူအစည်းအရုံးမှ လော့ယွီ ဖြစ်နေသည်။

မိုဝူကျိုက အံ့ဩလွန်းသဖြင့် ထအော်မိမလိုတောင် ဖြစ်သွားသည်။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ကို ကိုယ်စားပြုနေသရွေ့ ဘယ်သူမှ သူ့ကို မထိရဲဘူးဟု ပိုင်ယွဲ့က ပြောထားသည် မဟုတ်ပါလော…

အဘယ်ကြောင့် တိတ်ဆိတ်မှု နတ်ဘုရားမြို့သို့ သူ ရောက်ရောက်ချင်း တာဝန်အကြောင်း သတင်းပင် မပို့ရသေးခင် သူ့အား တစ်စုံတစ်ယောက်က သတ်ရန် ကြံနေနှင့်ရသနည်း။

ဤနေရာမှာ နိဗ္ဗာန်တာအိုမြို့ မဟုတ်သောကြောင့် အကယ်၍ လော့ယွီက သူ့အား ဤနေရာတွင် သတ်လိုက်ပါက လော့ယွီ ထွက်ပြေး လွတ်မြောက်နိုင်မှန်း မိုဝူကျိုက သိသည်။

မိုဝူကျိုက အကူအညီ အော်တောင်းရန်အတွက် သိုလှောင်လက်စွပ်မှ သူ၏ တာဝန်တံဆိပ်ပြားကို အမြန် ထုတ်ယူလိုက်သည်။ မိုဝူကျို မထင်မှတ်ထားသည်မှာ မိုဝူကျို၏ လက်ထဲမှ ကျောက်စိမ်းတံဆိပ်ပြားကို မြင်သောအခါ လော့ယွီ၏ မျက်နှာအမူအယာမှာ ပြောင်းလဲသွားကာ သူ၏ သတ်ဖြတ်ငွေ့တို့အား ပြန်ရုတ်သိမ်းလိုက်ခြင်းပင် ဖြစ်သည်။

လော့ယွီ ဘာမှမပြောနိုင်ခင် ကြီးမားသော လက်ဖဝါးအရာကြီးတစ်ခုက ရိုက်ချလာသည်။

"နားလည်မှု လွဲတာပါ..."

လော့ယွီ၏ ရင်ထဲတွင် အလွန်စိုးရိမ်မိသွားသည်။ အကယ်၍ မိုဝူကျိုသည် နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်၏ အပြင်တပည့်တစ်ယောက် ဆိုပါက သူက သတ်ပြီး ထွက်ပြေး၍ ရနိုင်သည်။ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်က သူ့နောက် လိုက်ဖမ်းမည် ဖြစ်သော်လည်း အချိန်အကြာကြီး လိုက်ဖမ်းရန် နတ်ဘုရားဘုရင် တစ်ယောက်ကို လုံးဝစေလွှတ်လိမ့်မည်

မဟုတ်ပေ။ အကြောင်းမှာ တိတ်ဆိတ်မှု နတ်ဘုရားမြို့ထဲတွင် ရှိနေသော ကျောင်းတော်မှ ကျင့်ကြံသူများသည် ကူးပြောင်းအစီအရင် ကူညီတည်ဆောက်ရန်သာ ဤမြို့သို့ ရောက်နေကြခြင်း ဖြစ်သည်။ သူ့အား ဖမ်းဆီးရန်အတွက် ကျောင်းတော်သို့ ပြဿနာအကြောင်း သတင်းပို့ပြီးမှ သူ့အတွက် ဖမ်းဝရမ်းကို ထုတ်နိုင်မည် ဖြစ်သည်။

သူ မထင်မှတ်ထားသည်မှာ မိုဝူကျိက ဤမြို့သို့ တာဝန်ဖြင့် ရောက်လာသည့်အချက် ဖြစ်သည်။ ထို့အပြင် ဤခွေးကောင်က တာဝန်တံဆိပ်ပြားကို သိုလှောင်လက်စွပ်ထဲ ထည့်သိမ်းထားသည်။ သူက သေချာ စုံစမ်းထားပြီးပြီဖြစ်ကာ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ သေမျိုးနယ်မြေမှ လူတစ်ယောက်က တာဝန်ကို လက်ခံထားမှန်း အတည်ပြုပြီးပြီ ဖြစ်သည်။ သို့သော် သူ့စုံစမ်းချက်အရ တာဝန်လက်ခံထားသည်မှာ ပိုင်ယွဲ့ဟု ခေါ်သော တခြားတပည့်တစ်ယောက်ဖြစ်ကာ ဤနယ်လှည့်ကျင့်ကြံသူ၂၇၀၅ မဟုတ်ပေ။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှ တပည့်များသည် သူတို့၏ တာဝန် ထမ်းဆောင်ရန် အပြင်ထွက်လာသည့်အခါ သူတို့သည် ခါးတွင် တာဝန်တံဆိပ်ပြားကို ချိတ်ဆွဲထားလေ့ ရှိကြသည်။ ထိုတပည့်ကို မည်သူမျှ သွားရန်မစရဲသည်သာမက

ထိုတပည့်သည် အနီးဝန်းကျင်မှာရှိနေသော အင်အားစုများစွာ၏ ကာကွယ်ခြင်းကိုလည်း လက်ခံရရှိဦးမည် ဖြစ်သည်။ မိုဝူကျိုကဲ့သို့ တာဝန်တံဆိပ်ပြားကို သိုလှောင်လက်စွပ်ထဲ ထည့်ဖွက်ထားသည့်သူဟူ၍ တစ်ယောက်မျှ မရှိပေ။

သို့သော် မိုဝူကျိုအပေါ် အပြင်းအထန် မုန်းတီးနေသောကြောင့် သူက နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်၏ အလိုက်ဖမ်းခံရမည်ကို သိလျက်နှင့်ပင် မိုဝူကျိုအား သတ်ရန် ဆန္ဒရှိနေသည်။

"အား"

မိုဝူကျိုအား သတ်ချင်နေသော လေ့ယွီသည် တစ်ခဏချင်းပင် အစိတ်စိတ်အမြွှာမြွှာ ကွဲကာ ပျောက်ကွယ်သွားသည်။

"ကောင်လေး... နောက်တစ်ခါဆို မင်းရဲ့တာဝန်တံဆိပ်ပြားကို ခါးနားမှာ ချိတ်ထားဖို့ သတိရပါ"

ပြတ်သားသော အသံတစ်သံ ထွက်ပေါ်လာကာ ထိုအသံနှင့်အတူ အာကာပြင် လက်ဖဝါးအရာက ပျောက်ကွယ်သွားသည်။

မိုဝူကျိုက ပျောက်ကွယ်နေသော လက်ဖဝါးအရာကို အံ့သြစွာ စိုက်ကြည့်လိုက်သည်။ ဤအခိုက်အတန့် ရောက်မှသာ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှာ မည်မျှ အားကောင်း

အစွမ်းထက်ကြောင်းကို သေချာနားလည်သွားတော့သည်။ နတ်ဘုရားဘုရင် အဆင့် ၃ တွင် ရှိနေသည့် ကျင့်ကြံသူတစ်ယောက်သည် ဤသို့ လွယ်လွယ်ကူကူ သုတ်သင်ခံလိုက်ရသည်။ လက်ဖဝါးအရာ၏ ပိုင်ရှင်မှာ နတ်ဘုရားဘုရင်အဆင့်ကို ကျော်လွန်သော တည်ရှိမှုမျိုး ဖြစ်မည်မှာ မလွဲပေ။

ခဏကြာပြီးနောက် မိုဝူကျိသည် စိတ်ကို ငြိမ်အောင် လုပ်လိုက်ကာ သူ့ခါးတွင် တာဝန်တံဆိပ်ပြားကို ချိတ်ဆွဲလိုက်သည်။ သူက ကူးပြောင်းအစီအရင် မော်အက္ခရာဖွဲ့စည်း တည်ဆောက်ရေး အဆောက်အဦးဆီသို့ သွားရန်လုပ်လိုက်သည်။

မည်သို့ပင် ဆိုစေကာမူ လော့ယွီ အသတ်ခံလိုက်ရခြင်းမှာ သူ့အတွက်တော့ ကောင်းသော အရာဖြစ်သည်။ နတ်ဘုရားကုန်းမြေတွင် သူက နတ်ဘုရားဘုရင်နှစ်ယောက်နှင့် ပြဿနာ ဖြစ်ဖူးသည်။ ထိုသူတို့မှာ နတ်ဘုရားဘုရင်လော့ယွီနှင့် အောင်းမျိုးနွယ်၏နတ်ဘုရားဘုရင် ကွမ်းမိ ဖြစ်သည်။

မိုဝူကျိသည် အဆင့် ၅ နတ်ဘုရား အစီအရင်ဘုရင် ဖြစ်ရန် ရှေ့မတက်နိုင်သေးသော်လည်း သူ့ကိုယ်ပိုင်အစီအရင် တာအို

မှော်အကွခရာများမှာ အသင့်အတင့် အဆင့်သာ ရှိကြောင်း သူက သိသည်။ ဓားမြစ်ထဲတွင် ရှိစဉ်က အာကာပြင် မှော်အကွခရာ အသိဉာဏ်ပွင့်မှုကို ရရှိခဲ့ပြီးနောက် အစီအရင် အကွခရာအပေါ် သူ၏ နားလည်သဘောပေါက်မှုမှာ တစ်ဆင့်ထပ်မြင့်သွားသည်။

ယခု သူက နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်၏ ကူးပြောင်းအစီအရင် မှော်အကွခရာဖွဲ့စည်းတည်ဆောက်ရေး အဆောက်အဦး အရှေ့၌ တွေတွေကြီး ရပ်နေလေသည်။

အစပိုင်း ဤအဆောက်အဦးကို သူ ပထမဆုံးအကြိမ် စမြင်မိချိန်တွင် သူက အဆောက်အဦးမှာ စီမံအုပ်ချုပ်ပိုင်းဆိုင်ရာကိစ္စများအတွက် နေရာတစ်ခုသာ ဖြစ်မည်ဟု တွေးမိသည်။ ယခု အဆောက်အဦးအရှေ့တည့်တည့်ကို ရောက်သွားလိုက်မှသာ ဤအဆောက်အဦးသည် အစီအရင် မှော်အကွခရာများဖြင့်သာ အပြည့်အဝ တည်ဆောက်ထားမှန်း သူက သိရှိသွားသည်။

အဆုံးမရှိသော အစီအရင် မှော်အကွခရာတို့က ဤအဆောက်အဦး တစ်ခုလုံးကို ဖွဲ့စည်း တည်ဆောက်ထားသည်။ ဝင်ပေါက်ဝကျယ်ကြီးမှာ မည်သူမဆို ဝင်ထွက်နိုင်သယောင် ထင်ရသော်လည်း အကယ်၍ ကြံ့ရာလူတချို့

အကြောင်းအရင်းမရှိဘဲ ဝင်ဖို့ကြိုးစားပါက မမြင်ရသည့် အစီအရင်ဖြင့် ချက်ချင်း အသတ်ခံရလိမ့်မည်ဟု မိုဝူကျိက သေချာသိသည်။ မိုဝူကျိ ကြည့်ရသည်မှာ ဝင်ပေါက်ဝတွင် ထားထားသော အစီအရင် မှော်အက္ခရာများ အားလုံးအနက် မည်သည့် တစ်ခုကိုမျှ နားလည်ဟန် မပေါ်ပေ။ သိသာစွာပင် နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ရှိ ကူးပြောင်းအစီအရင်၏ အစီအရင် မှော်အက္ခရာများသည် အနည်းဆုံးတော့ ဤမျှရှုပ်ထွေးခက်ခဲပေလိမ့်မည်။

ဤသည်က မိုဝူကျိအား အလွန်အမင်း သံသယဝင်စေသည်။ သူ့ကို အဆင့် ၄ နတ်ဘုရား အစီအရင်ဆရာ ဟု သတ်မှတ်၍ရသည်။ အကယ်၍ သူက ပိုင်ယွဲ့၏ ခင်းကျင်းနည်းကို သုံးလိုက်ပါက အဆင့် ၅ နတ်ဘုရားအစီအရင်ကိုပင် ခင်းကျင်းကောင်း ခင်းကျင်းနိုင်လိမ့်မည်။ နတ်ဘုရားကုန်းမြေတွင် အဆင့်အမြင့်ဆုံး အစီအရင်ဆရာမှာ အဆင့် ၆ နတ်ဘုရား အစီအရင်ဘုရင်ဟု ပြောကြသည်မဟုတ်ပါလော... ဖြစ်နိုင်သည်မှာ အဆင့် ၄ နှင့် အဆင့် ၆ တို့ကြားမှ ကွာခြားချက်မှာ ကြီးလွန်းသဖြင့် အဆင့် ၆ နတ်ဘုရားအစီအရင်ဘုရင် ခင်းကျင်းထားသည့် အစီအရင်တစ်ခုကို သူက မှတ်ပင်မမှတ်မိနိုင်ဘဲ ဖြစ်နေရသည်လော....

"ကောင်လေး... အထဲ ဝင်ခဲ့လေ"

မိုဝူကျိုက အစီအရင် မှော်အက္ခရာများကို လေ့လာကြည့်ရှုနေဆဲတွင် တစ်စုံတစ်ယောက်က သူ့အား အထဲလှမ်းခေါ်လေသည်။

မိုဝူကျိုက မြန်မြန် ဝင်သွားလိုက်သည်။ အပြင်ဘက်မှ ကြည့်ပါက ဤသည်မှာ အင်မတန်မြင့်မားသော အဆောက်အဦး တစ်ခုနှင့်တူသည်။ အထဲဝင်သွားပြီးနောက်တွင် အင်မတန်ကျယ်ဝန်းသော ခန်းမကြီးတစ်ခုထဲ သူရောက်နေကြောင်း မိုဝူကျိုက သတိပြုမိသည်။ အပေါ်သို့ တက်ရန် လှေကားအိမ်တစ်ခုမျှပင် မတွေ့မိသော်လည်း ခန်းမ၏ အဆုံးနားတွင် တံခါးပေါက်တစ်ပေါက်ကို တွေ့မိသည်။

ခန်းမတွင် အပြည့်အသိပ် သိမ်းဆည်းထားသော အစီအရင် မှော်အက္ခရာများ ပါဝင်သည်။ ထိုအစီအရင် မှော်အက္ခရာ၏ဘေးတွင် မတ်တပ်ရပ်နေသော ကျင့်ကြံသူ ဆယ်ကျော်လောက် ရှိသည်။ သူတို့သည် နောက်ထပ်အစီအရင် မှော်အက္ခရာများ ရေးထွင်းခြင်းတွင်သာ အပြည့်အဝ အာရုံစူးစိုက်ထားကြသည်။ မိုဝူကျို ရောက်လာသည်ကိုပင် သူတို့က သတိပြုမိဟန် မတူပေ။

**ဤသည်က နတ်ဘုရားကုန်းမြေမှ နတ်ဘုရားနယ်မြေသို့ ကူးပြောင်းအစီအရင် များလော…**

“မင်း ဘာမှထပ်ပြီး လျှောက်ကြည့်နေစရာ မလိုတော့ဘူး။ အထဲ အရင် ဝင်လာခဲ့လိုက်”

နူးနူးညံ့ညံ့ အသံတစ်သံကို ထပ်ကြားလိုက်ရပြန်၏။

မိုဝူကျိသည် အသံမှာ ခန်းမအဆုံးရှိ တံခါးမှ လာကြောင်း အာရုံခံနိုင်သည်။ တွေဝေမနေဘဲ မိုဝူကျိသည် ထိုအလုပ်များနေသော ကျင့်ကြံသူများကို အမြန်ကျော်ဖြတ်ကာ တံခါးကိုဖြတ်၍ ဝင်သွားလိုက်သည်။

တံခါးအလွန်နေရာတွင် လူ ၅ ယောက် ၆ ယောက်လောက်သာ ရှိသည်။ ရှေ့ဆုံးခုံတွင် ထိုင်နေသောလူမှာ အသက်ကြီးပုံပေါ်သော လူတစ်ယောက် ဖြစ်ကာ သူ၏ကျင့်ကြံဆင့်နှင့် အသက်ကို မိုဝူကျိ မခန့်မှန်းနိုင်ဘဲ ဖြစ်နေသည်။

မိုဝူကျိက ဤလူမှာ လော့ယွီလက်မှ သူ့ကို ကယ်လိုက်သောလူ ဖြစ်မည်ဟူသော ခံစားချက်ရေးရေးလေး ရသည်။ မိုဝူကျိက ဦးညွှတ်ကာ နှုတ်ဆက်လိုက်သည်။

“သေမျိုးနယ်မြေက မိုဂူကျို သတင်းပို့ဖို့ ဒီရောက်လာပါတယ်။ အသက်ကယ်ပေးတဲ့အတွက် စီနီယာ့ကို ကျေးဇူးအများကြီး တင်ပါတယ်”

“မင်းက ပိုင်ယွဲ့ မဟုတ်ဘူးလား”

အသက်ကြီးပုံပေါ်သောလူ၏ နံဘေးရှိ လူလတ်ပိုင်းတစ်ယောက်က မျက်မှောင်ကျုံ့ကာ မေးလိုက်သည်။ သိသာစွာပင် သူက မိုဂူကျိုကို ပိုင်ယွဲ့ဟု တွေးထားသည်။

မိုဂူကျိုက မဆိုင်းမတွ ဖြေကြားလိုက်သည်။

“ပိုင်ယွဲ့က ကျွန်တော့်ရဲ့ ဂျူနီယာညီလေးပါ။ ကျွန်တော်လည်းပဲ သေမျိုးနယ်မြေက အဆင့် ၄ နတ်ဘုရား အစီအရင်ဆရာ တစ်ယောက်ပါ”

မိုဂူကျိုသည် သေမျိုးနယ်မြေမှ အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာ ဖြစ်ကြောင်း ကြားသောအခါ လူလတ်ပိုင်းကျင့်ကြံသူက ဘာမှထပ်မပြောတော့ချေ။

အသက်ကြီးပုံပေါ်သောလူက မိုဂူကျိုအား နွေးထွေးစွာ ခေါင်းငြိမ့်ပြလိုက်သည်။

“မဆိုးဘူး… မင်းက သေခါနီးလေးကို မင်းရဲ့တာဝန်တံဆိပ်ပြားကို ထုတ်ယူနိုင်ခဲ့တယ်။ တော်တော်လေး တည်ငြိမ်ပြီး

စိတ်ချုပ်တည်းနိုင်တယ်။ မင်း သိထားရမှာက မင်းရဲ့တာဝန်တံဆိပ်ပြားကိုသာ မမြင်ရဘူးဆိုရင် အဲ့ဒီနတ်ဘုရားဘုရင်က မင်းကို သတ်လိုက်ရင် အဲ့ဒီနောက် တစ်ယောက်ယောက်ကို သူ့နောက် လိုက်ခိုင်းမှာ မှန်ပေမယ့် မင်းသေသွားတဲ့ ကိစ္စကိုတော့ ပြောင်းရမှာ မဟုတ်ဘူး”

“ကျွန်တော့်ကိုယ်ပေါ်မှာ တံဆိပ်ပြားကို ချိတ်ထားရမယ်ဆိုတာကို ကျွန်တော် တကယ် မသိတာပါ”

မိုဝူကျိုက တုံ့ပြန်လိုက်သည်။

အသက်ကြီးပုံပေါ်သည့် လူက စိတ်ထဲမထည့်ဘဲ လက်သာယမ်းပြကာ

“ငါကိုယ်ငါနဲ့ ငါတို့လူအနည်းငယ်ကို မိတ်ဆက်ပေးရဦးမယ်။ ငါ့နာမည်က စန်းကျန့်ရှင်း။ နတ်ဘုရားကုန်းမြေတစ်ခုလုံးမှာ အဆင့် ၇ နတ်ဘုရားအစီအရင်ကို ခင်းကျင်းနိုင်တဲ့ တစ်ဦးတည်းသောသူလို့ ပြောရမှာပေါ့။ ငါ့ဘေးကလူက ထန်ဟယ်။ သူက အဆင့် ၆ နတ်ဘုရား အစီအရင်ဘုရင်။ ဟိုတုန်းက ငါနဲ့ စိုက်ပျိုးရေးကောရာဇ်က ရင်းနှီးတယ်လို့ ပြောလို့ရတယ်။ သူက တခြားသူတွေနဲ့ ပတ်သက်ဆက်ဆံရတာ မကြိုက်ဘူး။

ငါက သူ့အစီအရင် တာအိုကို အမြဲ လေးစားနေခဲ့တာ။ ဒီလောက် အသက်ငယ်ငယ်လေးနဲ့ မင်းက အစီအရင် ဆရာတစ်ယောက် ဖြစ်လာနိုင်ခဲ့တယ်။ မင်းလည်းပဲ အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံတာပဲ ဖြစ်ရမယ်လို့ ငါ ယုံတယ်... ဟုတ်တယ်မလား"

မိုဝူကျိုက စိတ်ထဲတွင် အံ့သြသွားသည်။ အကြောင်းမှာ နတ်ဘုရားကုန်းမြေထဲတွင် အဆင့် ၇ နတ်ဘုရားအစီအရင်ကို ခင်းကျင်းနိုင်သည့် ပညာရှင်တစ်ယောက် ရှိနေလိမ့်မည်ဟု သူက လုံး၀ မတွေးဖူးပေ။ ထို့အပြင် ဤနေရာ၌ အဆင့် ၆ နတ်ဘုရား အစီအရင်ဘုရင် တစ်ယောက်မက ရှိနေသည်မှာ သေချာသည်။ မိုဝူကျိုက စတင် စိတ်လှုပ်ရှားလာသည်။ ဤနေရာ၌ ၂ လတာ အလုပ်ကာလအတွင်း သူသည် များစွာ သင်ယူနိုင်ပေလိမ့်မည်။

"ဟုတ်ပါတယ်... ကျွန်တော် အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံတာ မှန်ပါတယ်"

မိုဝူကျိုက သူ၏ အင်မော်တယ် မော်တယ်ကျင့်စဉ်နှင့် စိုက်ပျိုးရေးကေရာဇ်၏ အင်မော်တယ် မော်တယ်ကျင့်စဉ်တို့ကြားမှ ခြားနားချက်ကို သေချာ ရှင်းပြမနေတော့ချေ။

စန်းကျန့်ရှင်းက အသာပြုံးကာ

“အင်မော်တယ် မော်တယ်ကျင့်စဉ်မှာ လိုအပ်ချက်တွေ အများကြီးရှိနေပေမဲ့ အဲ့ဒါက မူလကျင့်စဉ်တစ်ခု ဖြစ်တယ်ဆိုတာကတော့ အမှန်ပဲ။ အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံနိုင်ပြီး အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာ ဖြစ်လာနိုင်တာ မင်းကို ပါရမီရှင်လို့ ပြောရမှာပဲ။ မင်းသိထားတဲ့ အရာတွေကို ငါ့လည်း ပြောပြပါဦး။ အစီအရင်တာအိုနဲ့ ဆိုင်တာတွေကို ဆိုလိုတာ”

မိုဝူကျိုက တုံ့ပြန်လိုက်သည်။

“ကျွန်တော် အာကာပြင် မှော်အက္ခရာတွေ အကြောင်း သိထားတာရှိပေမဲ့ အပြင်ဘက်က အာကာပြင် မှော်အက္ခရာတွေကို ကြည့်ကြည့်ပြီးတဲ့နောက် ကျွန်တော်သိထားတာ အရမ်းနည်းနေသေးမှန်း သိလိုက်ရပါတယ်”

“အို… မင်းက အာကာပြင် မှော်အက္ခရာတွေကို တကယ် နားလည်တယ်လား”

စန်းကျန့်ရှင်းက အံ့သြသွားသည်။ အကြောင်းမှာ အာကာပြင် မှော်အက္ခရာတွင် ကျွမ်းကျင်သော အစီအရင်ဆရာ

များများစားစား မရှိသောကြောင့် ဖြစ်သည်။ ဤနေရာမှ အာကာပြင် မော်အကွခရာများ အားလုံးမှာ သူ၏ ဦးဆောင်မှုအောက်တွင် သူ၏ တပည့်တချို့က ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်သည်။

## လူသားသစ္စာ 73

## အခန်း (၁၀၀၆) : အာကာပြင် မော်အကွခရာ သင်္ကေတများ

“ မင်းက ဒီနေရာက အာကာပြင် မော်အကွခရာတွေကို မြင်ရတယ်လား ” စန်းကျန့်ရှင်းက ထရပ်ရင်း မေးလိုက်သည်။

**အာကာပြင် မော်အကွခရာဆိုတာ ဘာလဲ ...**

အာကာပြင် မော်အကွခရာလို့ ခေါ်ဝေါ်ခြင်းမှာ တခြားလူများ မမြင်တွေ့နိုင်၍ ဖြစ်သည်။ အရိုးသားဆုံး ပြောရလျှင် စန်းကျန့်ရှန်းသည် သူ့အာကာပြင် မော်အကွခရာများတွင် ပြဿနာတစ်ချို့ ရှိနေကြောင်း အမြဲတမ်း သိနေခဲ့၏။ သူ ခင်းကျင်းလိုက်သော မော်အကွခရာများမှာ လူအများစု

မသိနိုင်သော်လည်း သူနှင့် အဆင့်အတန်းတူသည့် လူများက တချို့တစ်လေကို မြင်တွေ့နိုင်ပေသည်။

မိုဝူကျိုက အဆင့် ၄ နတ်ဘုရား အစီအရင်ဆရာတစ်ယောက်မျှ ဖြစ်ပြီး သူ့တပည့် ခင်းကျင်းထားသည့် အာကာပြင် အက္ခရာကို မြင်တွေ့နိုင်နေသည်။ ဤအရာက အရမ်းအံ့ဩဖို့ မကောင်းပေဘူးလား။

သူ့အားအနည်းဆုံး တပည့်ပင် အဆင့် ၅ နတ်ဘုရား အစီအရင်ဆရာ ဖြစ်ကြောင်း သိသင့်ပေ၏။

မိုဝူကျိုက အဝင်ဝရှိ မှော်အက္ခရာတစ်ခုကိုမှ နားမလည်ကြောင်း တွေးမိလိုက်သောအခါ ရှက်ရွံ့စွာဖြင့် " လွန်ခဲ့တဲ့နှစ်တွေတုန်းက ကျုပ် အာကာပြင် မှော်အက္ခရာ ကူးသန်းရေးဂိတ်ပေါက်ကို မတော်တဆ မြင်ဖူးလိုက်တယ်။ အဲဒီမှာ အချိန်တချို့ ကြာပြီးတော့ အဲဒီအပေါ်ကနေ အသိအမြင်တချို့ ရလာတာ။ ဒါပေမဲ့ ကျုပ်ရဲ့ ဉာဏ်အလင်းပွင့်မှုက အသုံးဝင်လိမ့်မယ်လို့ မထင်ဘူး။ ကျုပ်တော့ ဒီနေရာက မှော်အက္ခရာတွေကို ကြည့်ပြီး တစ်ခုမှ နားမလည်ဘူး "

“ မင်း ဒီနေရာက အာကာပြင် မှော်အက္ခရာတွေကို မြင်နိုင်တာ သေချာလား။ မင်းအလိုလိုသိနေတာ မဟုတ်တာရော သေချာလား ” စန်းကျန့်ရှန်းက အတင်းအကျပ် မေးလိုက်သည်။

စန်းကျန့်ရှန်းက သူ့တပည့်များ ခင်းကျင်းထားသည့် အာကာပြင် မှော်အက္ခရာများတွင် အရိပ်အယောင်တချို့ ကျန်ရှိနေပြီး ဤနေရာရှိ မှော်အက္ခရာများမှာ အလွန်သာမာန် ဖြစ်နေကြောင်း ခံစားမိပေသည်။ သို့သော်လည်း အာကာပြင် မှော်အက္ခရာကို မြင်နိုင်ပြီး အထဲရှိ အသေးစိတ်အထိ သတိပြုမိဖို့ရာကား သာမာန် မဟုတ်တော့ချေ။

“ ဟုတ်ပါတယ်။ ကျုပ် ဒီနေရာက မှော်အက္ခရာတွေကို မြင်နိုင်ပါတယ် ” မိုဝူကျိက ဖြေကြားလိုက်သည်။

သူ့စိတ်ထဲ၌လည်း အံ့သြနေမိသည်။ အစီအရင်တာအို သင်ယူသည့်သူတိုင်း မြင်နိုင်သည် မဟုတ်ပါလော။ တံခါးရှေ့ရှိ အာကာပြင် မငြိမ်မသက်မှုများက အစီအရင်တာအို၏ စည်းမျည်းအရသာ ဖြစ်၏။

**မဟုတ်သေးပါဘူး ….**

နောက်ဆုံးတွင် မိုဝူကျိက အသိပြန်ကပ်လာသည်။ အာကာပြင် မှော်အကွခရာဟု ခေါ်ဆိုခြင်းမှာ တခြားသူများ မမြင်တွေ့နိုင်၍ ဖြစ်ပေသည်။ အကယ်၍ လူအားလုံးက မြင်တွေ့နိုင်လျှင် အဘယ်ကြောင့်များ အာကာပြင် မှော်အကွခရာဟု ခေါ်ဆိုနေဦးမည်နည်း။ အစီအရင်အလံကို အသုံးပြုတာက ပို၍ ရိုးရှင်းနေမည် မဟုတ်ပါလော။

စန်းကျန့်ရှန်းက မိုဝူကျိ မျက်နှာပေါ်မှ အမူအယာ အပြောင်းအလဲကို မြင်လိုက်ပြီး မိုဝူကျိ အသိပြန်ကပ်လာကြောင်း သိလိုက်သည်။ ထို့နောက် သူက ပြောလိုက်သည်

“ မင်း အခု နားလည်သွားပြီမလား။ အာကာပြင် မှော်အကွခရာရဲ့ အမွေအနှစ် ချန်ခဲ့တာ ဘယ်သူမှန်း မသိပေမဲ့ မင်းကို ပြောနိုင်တာက ဒီနတ်ဘုရားကုန်းမြေ တစ်ခုလုံးမှာ အာကာပြင် မှော်အကွခရာ အစစ်အမှန် ကျွမ်းကျင်တဲ့သူ မရှိဘူးဆိုတာပဲ … အရင်တုန်းက ငါ စကြဝဠာကြီးထဲမှာ မပြီးပြည့်စုံတဲ့ အာကာပြင် မှော်အကွခရာတချို့ကို တွေ့လိုက်ရတာ။ နှစ်များစွာ အသိဉာဏ် ပွင့်လာတဲ့ နောက်မှာတောင် ငါ ရေးထွင်းလိုက်တဲ့ မှော်အကွခရာတွေမှာ ဟာကွက်တွေ အခုထိ ရှိနေတုန်းပဲ ”

နောက်ဆုံးတွင် မိုဝူကျိုက သူ ထိုအာကာပြင် မှော်အက္ခရာများကို နားမလည်သည့် အကြောင်းအရင်းအား သိသွားသည်။ ထိုအာကာပြင် မှော်အက္ခရာများက အာကာပြင် (ဗလာ) အကြောင်းအရင်းများအပေါ် မူတည်နေခြင်း မဟုတ်ပေ။

“ မိုဝူကျို … ငါ့အတွက် မင်း ရိုးရှင်းတဲ့ အာကာပြင် မှော်အက္ခရာတချို့ကို ရေးထွင်းပေးနိုင်မလား ” စန်းကျန့်ရှန်းက သင်ယူဖို့ရာ အဆင်သင့်ဖြစ်နေသည့်အလား ပြောလိုက်သည်။

မိုဝူကျိုက မှော်လင့်တကြီး ဖြစ်နေသည့် အစီအရင်ဘုရင်များကို ကြည့်လိုက်ပြီးနောက် သူ့ကိုယ်သူ တွေးလိုက်သည်။ ဤသည်က သူ့ဆုလာဘ် ရရှိထားသည့် ပိုင်ဆိုင်မှုအား တခြားသူထံ လက်ဆောင်ပေးလိုက်ခြင်းနှင့် ညီမျှပေသည်။ သို့သော်လည်း သူက စိတ်ထဲ မထားပေ။ အကြောင်းမှာ သူသည်လည်း တခြားနေရာမှ အာကာပြင် မှော်အက္ခရာများကို လေ့လာခဲ့ခြင်း မဟုတ်ပါလော။ ထို့အပြင် အစောပိုင်းလေးက စန်းကျန့်ရှန်းသည် သူ့အသက်ကို ကယ်တင်ပေးခဲ့ပေရာ အားလုံးအတွက် ရိုးရှင်းသည့် မှော်အက္ခရာတချို့ ရေးထွင်းပြခြင်းက ဘာမှမဟုတ်ပေ။

ထို့အပြင် မိုဝူကျိုက သူ့ကိုယ်ပိုင် အာကာပြင် မှော်အကွခရာများကို အတော်လေး ယုံကြည်ချက် ရှိ၏။ ဤနေရာရှိ လူများသည် သူ့ အာကာပြင် မှော်အကွခရာများကို တစ်ချက်ကြည့်ရုံဖြင့် တန်း၍ သင်ယူတတ်မြောက်လိမ့်မည်ဟု မထင်မိပေ။

ဤလူများက အတွေ့အကြုံများကြသူများ မဟုတ်ပါလော။ စန်းကျုန့်ရှန်းတို့က မိုဝူကျို၏ အတွေးများအား သူ့အပြုအမူကို ကြည့်ရုံဖြင့် သိလိုက်သည်။

စန်းကျုန့်ရှန်းက ဘာမှဝင်မပြောခင် အအဆင့် ၆ အစီအရင်ဘုရင်က လက်နှစ်ဖက်ယှက်ကာ ပြောလိုက်လေ၏ “ ဝူကျို … ငါတို့ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှာ တတ်စွမ်းတဲ့သူတွေကို ဆရာအဖြစ် အလေးပေးကြပါတယ်။ မင်းရဲ့ အာကာပြင် မှော်အကွခရာက ငါတို့ကို ကျော်လွန်နေတာ။ ပြီးတော့ အဲဒါက မင်းရဲ့ အသိပညာပဲလေ။ မင်းဘာသာ စိတ်ကြိုက် ရေးထွင်းပါ။ ငါတို့တွေ မကြည့်ခင် မင်း ပြီးအောင် စောင့်နေပါ့မယ် ”

မိုဝူကျိုက မြန်မြန် ပြောလိုက်သည် “ ကျုပ်ရဲ့ မသိတတ်မှုအတွက် အားနာပါတယ်ဗျာ။ ကျုပ်က စီနီယာတွေဆီကနေ သင်ယူရမှာပါ။

ကျုပ် အာကာပြင် မှော်အက္ခရာ ရေးထွင်းနေတုန်း စီနီယာတို့က လှေ့လာပြီး ကျုပ် အမှားကို ထောက်ပြပေးလို့ ရမလားဗျ ”

ထန်ဟယ်က ခေါင်းညိတ်ကာ

“ ရတာပေါ့ … မင်းက အပြုအမူကောင်းရှိတာပဲ။ ငါတို့နဲ့ အတူတူ ရှိတဲ့ တစ်လကျော်မှာ မင်းဆီမှာ မေးမြန်းစရာရှိရင် စိတ်ကြိုက် မေးလို့ ရတာပေါ့ ”

မိုဝူကျိုက ထိုအရာကို ကြားမိပြီး စိတ်ထဲ ကျေနပ်မိသွားသည်။ သူက အာကာပြင် မှော်အက္ခရာကို တစ်ကြိမ်မျှ ရေးထွင်းပေးဖို့သာ လိုအပ်ပြီး အစီအရင်ပညာရှင်များစွာ၏ ကတိကဝတ်ကိုလည်း ရရှိလိုက်သည်။ ဤသည်က အဆင့် ၅ အစီအရင်ဘုရင်အဆင့် တက်လှမ်းဖို့ရာ အကူအညီ အထောက်အပံ့ကောင်း ဖြစ်လာလိမ့်မည်။

စန်းကျန့်ရှန်းကလည်း ကျေနပ်စွာ ခေါင်းညိတ်ပြလိုက်သည်။ မိုဝူကျိုက အားလုံးကို သူ့ အာကာပြင် မှော်အက္ခရာများ မပြသလိုလျှင်ပင် မည်သူကမှ ဝင်ပြောကြမည် မဟုတ်ပေ။ ယခု မိုဝူကျိုက သူ့ပညာများကို လျှို့ဝှက်မထားဘဲ အားလုံးကို ကြည့်ရှုရင်း ထောက်ပြပေးဖို့ပင် တောင်းဆိုနေလေသည်။

မိုဝူကျိုက လက်များကို မြှောက်လိုက်ရင် လက်ဟန်တချို့ ထုတ်ဖော်လိုက်သည့်အခါ အာကာပြင် မှော်အကွခရာများက တစ်ခုပြီး တစ်ခု လေထဲ ဖြစ်ပေါ်လာသည်။ ထို့နောက် သူတို့က အစအနမရှိ ပျောက်ကွယ်သွားကြ၏။

ဤနေရာတွင် အဆင့် ၅ နှင့် အဆင့် ၆ အစီအရင်ဘုရင်များ ရှိနေသော်လည်း မည်သူကမှ မိုဝူကျို၏ ပညာရပ်ကို မခွဲခြမ်းနိုင်လိုက်ပေ။ စန်းကျန့်ရှန်း တစ်ယောက်တည်းသာ မိုဝူကျို ရေးထွင်းလိုက်သည့် အာကာပြင် မှော်အကွခရာ၏ ကျန်ရှိခဲ့သော အရိပ်အယောင်ကို မြင်လိုက်ရသည်။ ထိုသို့ဆိုလျှင်ပင် သူက အာကာပြင် မှော်အကွခရာ လမ်းကြောင်းအများစုကို နားလည်နိုင်စွမ်း မရှိပေ။

သို့သော်လည်း စန်းကျန့်ရှန်းက စွဲလမ်းသွားသည့်အလား အလွန် စိတ်လှုပ်ရှားမိလာသည်။ ဤသည်မှာ အစစ်အမှန် အာကာပြင် မှော်အကွခရာ ဖြစ်၏။ သူ မသိလိုက်သည်က မိုဝူကျိုတွင် အာကာပြင် မှော်အကွခရာများ ရေးထွင်းရာ၌ သူ့စိတ်ဝိညာဉ်သိုလှောင်ရေး လမ်းကြောင်းကို အသုံးပြုမှု

ပါဝင်နေသည့် နည်းလမ်း ရှိနေသေးကြောင်း ဖြစ်၏။ ဤသည်က ယခုအထက် ပို၍ အသက်ရှူမှားဖွယ် ဖြစ်သွားစေလိမ့်မည်။

အဆင့် ၄ အစီအရင်ဆရာနှင့် အဆင့် ၅ သို့မဟုတ် အဆင့် ၆ အစီအရင်ဘုရင်များကြားရှိ ကွာခြားချက်သည် အရမ်းမကျယ်ပြောလွန်းပေ။ သို့သော် အဆင့် ၇ အစီအရင် ခင်းကျင်းနိုင်သော အစီအရင်ပညာရှင်တစ်ယောက်အား အဆင့် ၄ အစီအရင်ဆရာနှင့် နှိုင်းယှဉ်မည်ဆိုလျှင် ကွာခြားချက်မှာ ဧရာမကြီး ဖြစ်နေပေမည်။

မိုဝူကျိုက စန်းကျန့်ရှန်းမှလွဲ၍ တခြားသော အစီအရင်ဘုရင်များက သူ့ပညာရပ်ကို မခွဲခြမ်းနိုင်ကြောင်း အာရုံခံမိသောအခါ သက်ပြင်းချလိုက်မိ၏။ သူက ဤနေရာရှိ အာကာပြင် မော်အကွခရာများကို နားမလည်နိုင်သောကြောင့် တခြားသူများအနေနှင့် သူ့ အာကာပြင် မော်အကွခရာများကို မခွဲခြားနိုင်မှသာ မှန်ပေလိမ့်မည်။ သူ အာကာပြင် မော်အကွခရာများအပေါ် အသိဉာဏ်ပွင့်လာစဉ်အခါက သူ့အား ကူညီပေးမည့် ခေးစွမ်းအင်မြစ်ရှိ ခေးစွမ်းအင်များနှင့် သူ့တာအိုအသိဉာဏ်ပွင့် လမ်းကြောင်းလည်း ရှိခဲ့သည်။

မိုဝူကျိုက ထိုအတွေးဖြင့် ဆက်လက် ရေးထွင်းရင်း ဆက်တိုက်ဆိုသလို ရှင်းပြလိုက်သည်။

မိုဝူကျိုက ထိုသို့လုပ်ပေးနေစဉ် အစီအရင်ဘုရင်အားလုံးက အပြည့်အဝ အာရုံစိုက်ထားကြသည်။ မိုဝူကျိုက စာရွက်ဖြူပေါ်တွင် ရေးဆွဲလိုက်သည့်အလား မည်သည့်အရာက ပင်လယ်၊ မည်သည့်အရာက တောင်တန်း ဖြစ်ကြောင်း အသေးစိတ် ရှင်းပြနေသည်။ သူ့ရှင်းပြချက်များက ရိုးရှင်းကာ တည့်တိုးဆန်ပေ၏။

စန်းကျန့်ရှန်းက မိုဝူကျို ရှင်းပြချက်ကို နားထောင်ရင်း ပို၍ စိတ်လှုပ်ရှားမိလာသည်။ ယခင် သူ့သံသယများ အားလုံးကို မိုဝူကျိုက ဖယ်ရှားလိုက်သလို ဖြစ်သွား၏။

မိုဝူကျိုက နောက်ဆုံးသော မှော်အက္ခရာကို ရေးထွင်းပြီးနောက် ရှင်းပြချက် အဆုံးသတ်လိုက်သည့်အခါ စန်းကျန့်ရှန်းက အားရပါးရ ဝင်ပြောလိုက်တော့သည်

“ ပြီးပြည့်စုံလှတဲ့ အာကာပြင် စွမ်းအားစုစည်းရေး အစီအရင်ပါ့လား ”

တချို့သော အစီအရင်ဘုရင်များလည်း စိတ်လှုပ်ရှားနေကြသည်။ မိုဝူကျိုက ရှင်းမပြလျှင် သူတို့အနေနှင့် ဤ အာကာပြင် မှော်အကျွရာများအား နားလည်မည် မဟုတ်ပေ။ မိုဝူကျို၏ ရှင်းပြချက်က သူ့အားအကောင်းဆုံး တိုက်ကွက်အား အားလုံးကို လက်ဆင့်ကမ်းပေးသည်နှင့် ညီမျှပေသည်။

“ မိုဝူကျို … အာကာပြင် မှော်အကျွရာ ဂိတ်တံခါးတစ်ခုနေ ဒီလောက် အသိဉာဏ်ပွင့်လာတာဆိုတော့ မင်းက တကယ်ကို ပါရမီရှိတာပဲ။ အရင် ငါ အဲဒီ မပြီးပြည့်စုံတဲ့ အာကာပြင် မှော်အကျွရာတွေကို မြင်တုန်းက ဒီလောက်နှစ်တွေအများကြီး ကြာတာတောင် ငါ့ကနိသတ်ချက်ကို မချိုးဖောက်နိုင်ခဲ့ဘူး။ ငါ အာကာပြင် မှော်အကျွရာ ခင်းကျင်းလိုက်သည့်အချိန်တိုင်း နောက်မှာ အရိပ်အယောင် ကျန်နေခဲ့တယ်။ ဒီနေ့ မင်းရဲ့ သင်ခန်းစာကနေ ငါ ဘယ်နေရာ မှားနေတာကို သိလိုက်ရပြီ ” စန်းကျုန်ရှန်းက လေးလေးနက်နက် ပြောလိုက်သည်။

ထိုသို့ပြောပြီးနောက် မိုဝူကျို ပြန်ဖြေမှုကိုပင် စောင့်မနေဘဲ စန်းကျုန့်ရှန်းက ဆက်ပြောလိုက်သည်

“ ဝူကျိ … ငါတို့က နိဗ္ဗာနတိတ်ဆိတ်မှုပင်လယ်ကို ဖြတ်ပြီး နတ်ဘုရားကုန်းမြေနဲ့ နတ်ဘုရားနယ်မြေကို ဆက်သွယ်ပေးဖို့ ဆောက်လုပ်နေတဲ့ ကူးသန်းရေး အစီအရင်မှာ ဖြတ်ကျော်မရတဲ့ ပြဿနာကြီး ရှိနေတယ်။ အမှန်အတိုင်း ပြောရရင် ငါက သေမျိုးနယ်မြေရဲ့ အစီအရင်အမွေအနှစ် ဆရာတွေဆီကနေ အကူအညီ သီးသန့်တောင်းထားတာ … အရင်တုန်းက စိုက်ပျိုးရေး ဧကရာဇ်က သေမျိုးနယ်မြေကို တည်ထောင်ခဲ့တုန်းက မူလအကြံအစည်တွေ ရှိခဲ့တယ် …

အခု မင်းက ရောက်လာပြီး ပြဿနာကို ဖြေရှင်းပေးလိုက်ပြီဆိုတော့ ငါ ပင်မအစီအရင်မှာ အာကာပြင် မှော်အက္ခရာကို သုံးနိုင်ပြီ။ ဝူကျိ …. အာကာပြင် မှော်အက္ခရာ ရေးထွင်းဖို့ တာဝန်ကိုတော့ မင်းကိုပဲ ပေးအပ်လိုက်တော့မယ်။ မင်းရော ဘယ်လိုထင်လဲ ”

မိုဝူကျိက ကူးသန်းရေး အစီအရင်သည် အနည်းဆုံး အဆင့် ၇ အစီအရင် ဖြစ်ကြောင်း သေချာသိနေသော်လည်း သူက အဆင့် ၄ အစီအရင်ဆရာမျှသာ ရှိနေသေး၏။ သူက ဘယ်လိုလုပ် ဤတာဝန်ကို ပြီးမြောက်အောင် ထမ်းဆောင်နိုင်မည်နည်း။ သူက

စိုးရိမ်စွာဖြင့် "စီနီယာစန်း ... ကျုပ်ရဲ့ အစီအရင်တာအိုက အရမ်းနိမ့်ပါသေးတယ်။ ဒီတာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါ့မလား စိုးရိမ်မိတယ် "

သူ့စိတ်ထဲ၌ ဤ အာကာပြင် မှော်အက္ခရာများကို အမှန်တကယ် ရေးထွင်းချင်မိသည်။ သို့သော်လည်း ဤကူးသန်းရေး အစီအရင်မှာ အားလုံး၏ ကြိုးစားအားထုတ်မှုတို့ ပေါင်းစပ်ထားခြင်း ဖြစ်ရာ မိုဝူကျိအနေနှင့် သူတို့ အသုံးပြုရမည့် အချိန်ကိုလည်း ထည့်စဉ်းစားရန် လိုအပ်ပေသည်။ အကယ်၍ သူ့ အာကာပြင် မှော်အက္ခရာများက ဆိုးရွားနေပြီး ပြဿနာ ဖြစ်လာလျှင် တခြားသူများကို စိတ်အနှောင့်အယှက် ပေးသလို ဖြစ်သွားပေမည်။

စန်းကျန့်ရှန်းက ပြန်ဖြေပေးလိုက်၏ " မင်းက သေချာပေါက် အောင်မြင်မှာပါကွာ။ စိတ်မပူပါနဲ့ ... ငါက အရင်ဆုံး အက္ခရာတွေကို ပုံစံချပေးပြီးတော့ မင်း ဘယ်နေရာမှာ ရေးထွင်းရမယ်ဆိုတာကို ပြောပြမှာ .... မင်းအနေနဲ့ ရေးထွင်းပေးဖို့ပဲ လိုတယ်။ မင်းဆီမှာ မေးစရာရှိရင်လည်း ငါ့ကို မေးလို့ ရတယ် "

မိုဝူကျိက စန်းကျန့်ရှန်းသည် သူ့အား ဆုချနေကြောင်း ချက်ချင်း နားလည်သွားသည်။ သူ ဤကူးသန်းရေးအစီအရင်၏ ပင်မ အကခရာများ ရေးထွင်းသည့်အခါ သေချာပေါက် ပြဿနာ အခက်အခဲများနှင့် ရင်ဆိုင်ရပြီး မေးမြန်းစရာများ ရှိလာလိမ့်မည်။ စန်းကျန့်ရှန်းနှင့် တခြားသော အစီအရင်ဘုရင်များက ဘေးကနေ သူ့အား ကူညီပေးလျှင် ဤအစီအရင်ကြီး ပြီးဆုံးသွားသည့်အခါ သူ့အနေနှင့် အဆင့် ၅ အစီအရင်ဘုရင် ဖြစ်လာဖို့ ခက်ခဲမည် မဟုတ်ချေ။ ထို့အပြင် ဤသည်က သူ့အနေနှင့် အစီအရင်ဘုရင် ဖြစ်လာဖို့ အမြန်ဆုံး နည်း ဖြစ်သလို အဆင့် ၇ အစီအရင်အား ခင်းကျင်းပေးနိုင်မည့် အကူပညာရှင် ဖြစ်လာလိမ့်မည်။

မိုဝူကျိက ထိုအတွေးဖြင့် လေးလေးစားစား ဦးညွှတ်လိုက်ရင်း " စီနီယာရဲ့ ချစ်ခင်မှုအတွက် ကျေးဇူးတင်ပါတယ် ... ကျုပ် အကောင်းဆုံး ကြိုးစားပြီး လုပ်ပါ့မယ် "

စန်းကျန့်ရှန်းက မိုဝူကျိအား ပုတ်ပေးလိုက်ပြီး " စိတ်ကြိုက်သာ ရေးထွင်းလိုက် ... ဒီတာဝန် ပြီးဆုံးသွားတဲ့အခါ မင်း အံ့ဩသွားအောင် လုပ်ပေးမယ် "

မိုဝူကျိုက စန်းကျန့်ရှန်း ဆိုလိုသည့် အံ့သြမှုကို မသိသော်လည်း မိုဝူကျိုက လက်ရှိ အနေအထားကို ကျေနပ်နေမိသည်။ အဆုံးမဲ့ကာ ဆန်းကြယ်လှသော အက္ခရာများကြား စန်းကျန့်ရှန်းအား သူ့အား ပင်မအက္ခရာများ မည်သို့ ရေးထွင်းရသည်ကို လမ်းညွှန်ပေးနေသည်။ လက်ရှိ သူက စန်းကျန့်ရှန်းသည် ပင်မဗဟိုချက်၌ အာကာပြင် မော်အက္ခရာများ ရေးထွင်းလိုသည့် အကြောင်းအား နားလည်သွားလေပြီ။ ထို အာကာပြင် မော်အက္ခရာများ ပြီးဆုံးသွားသည်နှင့် သူတို့လို တချို့သော အဓိက ပညာရှင်များမှလွဲ၍ ကျန်သူများက ဤကူးသန်းရေး အစီအရင်အား အသုံးပြုဖို့ ကြိုးစားကြမည် မဟုတ်ပေ။

မိုဝူကျိုက အက္ခရာများကို ရေးထွင်းရင်း မေးခွန်းများကိုလည်း ထုတ်မေးလိုက်သည်။

ဘေးရှိ အစီအရင်ဘုရင်များက မိုဝူကျိုထက်ပင် ပို၍ အံ့အားသင့်နေကြသေး၏။ သူတို့က နတ်ဘုရားကုန်းမြေတစ်ခုလုံး၌ အားအကောင်းဆုံး အစီအရင်တာအို ပညာရှင်များ ဖြစ်ကြကြောင်း သိသင့်ပေသည်။

မိုဝူကျို ရောက်ရှိလာစဉ်အခါက အားလုံးက မိုဝူကျိုသည် ထောင့်တစ်နေရာမှ အက္ခရာတချို့ ရေးထွင်းပေးရန် ကူညီပေးဖို့ ရောက်လာသည့် သူတို့လို ဖြစ်လိမ့်မည်ဟု တွေးထင်ခဲ့ကြသည်။

သို့သော် မိုဝူကျိုက ပင်မဗဟိုချက်ရှိ အက္ခရာများကို ရေးထွင်းသည့်အခါ အားလုံးက သူတို့သည် မိုဝူကျိုနှင့် မယှဉ်နိုင်ကြောင်း သိလိုက်ရသည်။ ဤလူသစ်လေးက ထိပ်တန်းအဆင့် အစီအရင်တာအိုပညာရှင် ဖြစ်ကြောင်း သိသာလှသည်။ နှမြောဖို့ကောင်းသည်က မိုဝူကျို ရေးထွင်းသည့် အက္ခရာများကို သူတို့ နားမလည်ကြပေ။ သူတို့က သူ့အစီအရင်တာအို၏ အဆင့်ကိုပင် မခွဲခြားနိုင်ကြပေ။

ရက်ပိုင်းလေးအတွင်း မိုဝူကျို၏ အစီအရင်တာအိုက သိသိသာသာ တိုးတက်လာသည်။ တစ်လအတွင်း မိုဝူကျိုက အဆင့် ၅ အစီအရင်ဘုရင်အဆင့်သို့ အောင်အောင်မြင်မြင် ရောက်ရှိသွားတော့သည်။

## အခန်း (၁၀၀၇) : အစီအရင် စည်းမျည်း

သူက အဆင့် ၅ အစီအရင်ကို မခင်းကျင်းရသေးသော်လည်း စန်းကျန့်ရှန်းက ပြောနိုင်လေ၏

“ ဝူကျိ … မင်းတော့ အဆင့် ၅ အစီအရင်ဘုရင် အဆင့်ထဲ ရောက်နေပြီ။ ကြည့်ရတာ သေမျိုးနယ်မြေက လူတွေက လျို့ဝှက်ပညာရပ်တွေမှာတင် တော်တာ မဟုတ်ဘဲ တခြားတာအိုတွေကိုလည်း ကျွမ်းကျင်ပုံပဲ … ”

မိုဝူကျိုက အတော်လေး ကျေနပ်နေမိသည်။ သူက ဤနေရာသို့ အစီအရင်တာအိုအား သင်ယူရန် ရောက်လာခြင်းသာ ဖြစ်၏။ အချိန်တိုလေးအတွင်း သူ့ဆုလာဘ်မှာ အဆင့် ၅ အစီအရင်ဘုရင်အဖြစ် တိုးတက်သွားရုံသွားမက အစီအရင်တာအိုနှင့် ပတ်သတ်၍လည်း နက်နက်ရှိုင်းရှိုင်း နားလည်လာပေသည်။

အစီအရင်တာအိုအပေါ် စန်းကျန့်ရှန်း၏ နားလည်နိုင်စွမ်းနှင့် တွေးခေါ်မြော်မြင်မှုတို့မှာ မိုဝူကျိုအနေနှင့် လိုက်မမှီနိုင်သည့်အရာဖြစ်ကြောင်း ခံစားမိစေသည်။

တစ်လတာ ကုန်လွန်သွားကာ ကူးသန်းရေး အစီအရင်၏ ပင်မ မှော်အကွခ္ခရာတို့ကိုလည်း မိုဝူကျိုက အောင်အောင်မြင်မြင် ရေးထွင်းပြီးလေပြီ။

မိုဝူကျိုက တာဝန်ပြီးမြောက်စေရန် ရောက်ရှိလာသော်လည်း ဤတာဝန်ကို အမြန် ပြီးဆုံးသွားလိုက်သည်ဟု ခံစားမိလိုက်သည်။ အကြောင်းမှာ မိုဝူကျိုက သူ မသင်ယူရသေးသည့် များစွာ ကျန်ရှိနေသေးသည်ဟု ခံစားနေရလောက်အောင် အချိန်က အကုန်မြန်နေခြင်း ဖြစ်၏။

ဤသို့သောနေရာ၌ အဆင့် ၅ အစီအရင်ဘုရင်အဆင့်သို့ တက်လှမ်းနိုင်ခြင်းမှာ အစီအရင်ပညာရှင်များက ဘာအတားအဆီးမှ မရှိဘဲ သူ့အား လမ်းညွှန်ပေး၍ ဖြစ်ပေသည်။ ဤနေရာ၌ ကြာကြာထပ်နေလိုသော်လည်း မိုဝူကျိုက ပြန်ရမည် ဖြစ်ကြောင်း သိထားသည်။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်အတွင်း အရင်းအမြစ် တိုက်ပွဲများ စတင်ဖို့ရာ တစ်လတာမျှသာ လိုတော့သည်။ ထို့ကြောင့် သူ့အနေနှင့် ပြင်ဆင်ဖို့ အချိန်မှီ ပြန်ရမည် ဖြစ်၏။

“ မင်းက ဂိုဏ်းဆီ ပြန်တော့မှာလား ” စန်းကျန့်ရှန်းက မိုဝူကျိ၏ ရည်ရွယ်ချက်ကို သဘောပေါက်ပေသည်။

မိုဝူကျိက သူ့အား လမ်းညွှန်သင်ပြပေးသည့် အစီအရင်ဘုရင်များအား ဦးညွတ်၍ “ ဒီတစ်လအတွင်းမှာ စီနီယာတွေဆီကနေ အများကြီး သင်ယူခဲ့ရပါတယ်။ ကျုပ် ဒီမှာ ဆက်နေပြီး သင်ယူချင်ပေမဲ့ ဂိုဏ်းရဲ့ အရင်းအမြစ် တိုက်ပွဲ စတင်တော့မှာဆိုတော့ ကိုယ့်ဘာသာ ပြင်ဆင်စရာလေးတွေ ရှိသေးလို့ပါ ”

ထန်ဟယ်က ရယ်မောလိုက်ရင်း

“ ဝူကျိ … မင်းက အခု အစီအရင်ဘုရင် ဖြစ်နေပြီလေ။ ငါတို့က မင်းကို သင်ပေးလိုက်တယ်လို့တော့ မပြောရဲပါဘူး။ ပြီးတော့ ငါလည်း မင်းဆီကနေ အာကာပြင် မှော်အက္ခရာတွေအကြောင်း သင်ယူလိုက်ရသေးတယ်လေ။ တကယ်လို့ ငါသာ ဒီနေရာက မိုးမြေစည်းမျဉ်း ကန့်သတ်ချက် ရှိမနေရင် ငါတော့ အဆင့် ၇ အစီအရင်ဘုရင်အဆင့် ရောက်လောက်ပြီ ”

စန်းကျန့်ရှန်းက မိုဝူကျိအား လေးလေးနက်နက် ပြောလိုက်သည်

“ ဝူကျိ ... မင်းရဲ့ အစီအရင်တာအိုက အားကောင်းပေမဲ့ မင်းရဲ့ ကျင့်ကြံဆင့်က နိမ့်နေသေးတယ်။ မင်းအနေနဲ့ ဂူပိတ်ကျင့်ကြံဖို့ လိုလိမ့်မယ်။ သေမျိုးနယ်မြေမှာ အဆင့်မြင့် စွမ်းအားစုစည်းရေး အစီအရင် ခင်းကျင်းမရတဲ့ ပြဿနာကိုတော့ ငါ့မျက်နှာကိုတော့ ထောက်ထားပေးကြမှာပါ .... အဲဒီအခါကျ ငါ ... ”

မိုဝူကျိက စန်းကျန့်ရှန်း၏ စကားများကို ကျေးဇူးတင်မိသော်လည်း စန်းကျန့်ရှန်း စကားမဆုံးခင် မိုဝူကျိက နောက်တစ်ဖန် ဦးညွှတ်၍ “ စီနီယာရဲ့ ဂရုစိုက်ပေးမှုအတွက် ကျေးဇူးတင်ပါတယ်။ ကျုပ် ပြန်ပြီးတော့ ကြိုးစားကြည့်လိုက်ပါဦးမယ်။ တကယ်လို့ အလုပ်မဖြစ်တော့မှ စီနီယာဆီ အကူအညီလာတောင်းပါ့မယ်ခင်ဗျ ”

စန်းကျန့်ရှန်းက ခေါင်းညိတ်လိုက်ပြီးနောက် ဘာမှဆက်မပြောတော့ပေ။ သူက မိုဝူကျိ၏ အတွေးကို မည်သို့ မသိဘဲ နေမည်နည်း။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်သည် နတ်ဘုရားကုန်းမြေရှိ စည်းမျည်းအတင်းကျပ်ဆုံး နေရာတစ်ခု ဖြစ်ပေရာ စန်းကျန့်ရှန်းက ဂိုဏ်း၌ အဆင့်မြင့် ပညာရှင်တစ်ဦး ဖြစ်သော်လည်း စည်းမျည်းများကို ချိုးဖောက်ခြင်းက

မသင့်တော်ချေ။ မိုဝူကျိုက ထိုအချက်ကို ကောင်းစွာ သိသောကြောင့် စန်းကျန့်ရှန်းအား အနေခက်သည့် အနေအထားသို့ မရောက်စေလိုပေ။

မိုဝူကျို စကားများကြောင့် စန်းကျန့်ရှန်းက သူ့ကို ပို၍ လေးစားမိသွားသည်။ သူက မိုဝူကျိုသည် ကျင့်ကြံရေး အရင်းအမြစ် မရရှိလျှင်ပင် မိုဝူကျိုက သူ့ဆီမှ အကူအညီတောင်းမည် မဟုတ်ကြောင်း အသေအချာ သိလိုက်သည် “ ကောင်းပြီလေ … မင်း ဒီကျောက်စိမ်းပြားနဲ့ ထိုက်တန်ပါတယ်ကွာ ”

စန်းကျန့်ရှန်းက ထိုသို့ပြောပြီးနောက် နှင်းလို ဖြူဖွေးနေသည့် လက်တစ်ဖဝါးစာအရွယ်ရှိ ကျောက်စိမ်းပြားလေးကို မေးလိုက်သည်။

မိုဝူကျိုက ကျောက်စိမ်းပြားလေးကို အသေအချာ ကြည့်လိုက်သည်။ ကျောက်စိမ်းပြားလေး သူ့လက်ထဲ ရောက်လာသည်နှင့် အေးစက်စက် သက်တောင့်သက်သာ စွမ်းအင်တမျိုး သူ့ခန္ဓာထဲ စီးဝင်လာသည်ကို ခံစားမိလိုက်၏။ သူ့စိတ်ခံစားချက်အင်အားပင် ချက်ချင်းဆိုသလို မြင့်တက်လာသည်။

မိုဝူကျိုက မမေးခင် စန်းကျန့်ရှန်းက ပြောလိုက်သည် “ဒါက နတ်ဘုရားကုန်းမြေ တစ်ခုလုံးမှာ အဖိုးတန်ဆုံး ကျောက်စိမ်းပြားလေ။ နာမည်က အစီအရင်စည်းမျည်းတဲ့ ”

ဘေးတွင် ရပ်နေသည့် ထန်ဟယ်က ပြုံးကာ ဆက်ပြောပြလိုက်သည် “ ဝူကျို … ဒီကျောက်စိမ်းပြားက မရိုးရှင်းဘူး။ နတ်ဘုရားကုန်းမြေတစ်ခုလုံးမှာ မင်းအပါအဝင် လူငါးယောက်ထဲ ဒီဟာကို ရှိတာ။ စီနီယာစန်းနဲ့ အဆင့် ၆ အစီအရင်ဘုရင် သုံးယောက်ကလွဲရင် မင်းက ငါးယောက်မြောက်လူပဲ။ မင်း နတ်ဘုရားကုန်းမြေထဲ ရှိနေသရွေ့ ဒီကျောက်စိမ်းပြားကို ပြလိုက်ရင် မင်း ဘယ်နေရာသွားသွား နတ်ဘုရားကျောက်လည်း ပေးစရာ မလိုသလို ဘာမှပေးစရာလည်း မလိုတော့ဘဲနဲ့ သွားလာခွင့် ပြုထားတယ် ”

စန်းကျန့်ရှန်းက မိုဝူကျို၏ တအံ့တဩ အမူအယာကို ကြည့်လိုက်ပြီး ရယ်ရယ်မောမောဖြင့် “ ထန်ဟယ် ပြောတာ မှန်တယ်။ အခု ငါတို့ ဆောက်နေတဲ့ ကူးသန်းရေး အစီအရင်တောင် မင်းအနေနဲ့ အစီအရင်စည်းမျည်း ကျောက်စိမ်းပြားနဲ့ အလကား သုံးလို့ ရတယ် ”

မိုဝူကျိုက နတ်ဘုရားနယ်မြေဆီ အလွယ်တကူ သွားနိုင်ကြောင်း ကြားလိုက်ရသည့်အခါ သူ့နှလုံးသားထဲအထိ ပျော်ရွှင်မိသွားသည်။ သို့သော်လည်း သူက ထိုကျောက်စိမ်းပြား မည်မျှ အဖိုးတန်ကြောင်းကို တွေးမိသည့်အခါ သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းလိုက်နိုင်၏။

သူ့အပေါင်းအဝင် အားလုံးက ဤကျောက်စိမ်းပြားကို သိမ်းထားဖို့ရာ စိတ်ဝင်စားကြလိမ့်မည်။ သို့သော်လည်း သူ့မှော်အကွခရာများမှလွဲ၍ သူက ဤကျောက်စိမ်းပြား ရရှိစေဖို့ရာ ဘာများ လုပ်ပေးခဲ့သနည်း။ အကယ်၍ သူက ဤကျောက်စိမ်းပြားကို လက်ခံလိုက်ပါက အနည်းငယ် လောဘကြီးသလို ဖြစ်မနေဘူးလား။

“စီနီယာတို့ ဒီမှာ ကျုပ်က ဘာမှ လုပ်မပေးလိုက်ရပါဘူးဗျာ… ဒီကျောက်စိမ်းပြားကို လက်ခံဖို့က .... ”

စန်းကျန့်ရှန်းက လက်ခါပြရင်း မိုဝူကျို စကားကို ဖြတ်ပြောလိုက်သည်။ ထို့နောက် သူက အပေါ်ရှိ ဟင်းလင်းပြင်ကို မော့ကြည့်လိုက်ရင်း “ ဝူကျို … မင်းက အာကာပြင် မှော်အကွခရာတွေကို အထင်သေးနေတာပဲ။ နောင်ကျ မင်းရဲ့

မှော်အကျွရာတွေက နတ်ဘုရားကုန်းမြေ မဟုတ်သေးဘူး နတ်ဘုရားလောက တစ်ခုလုံးမှာ ဘယ်လောက် အရေးကြီးလဲဆိုတာ သိလာလိမ့်မယ်။ ဒီကျောက်စိမ်းပြားက အဖိုးတန်တယ်ဆိုပေမဲ့ မင်းရဲ့ ဆောင်ရွက်ချက်နဲ့စာရင် ဘာမှမဟုတ်တော့ဘူး။ မင်းကို ဆုလာဘ်ကောင်းကောင်း မပေးနိုင်တာ နှမြောစရာပဲ ... အစီအရင်ဘုရင်တစ်ယောက်အနေနဲ့ နောင်ကျရင် မင်း နတ်ဘုရားကျောက်တွေနဲ့ နတ်သွေးကြောတွေ လိုလာလိမ့်မယ် ”

မိုဝူကျိက သူ့အာကာပြင် မှော်အကျွရာများသည် နတ်ဘုရားကုန်းမြေအပေါ် မည်သို့ အကျိုးပြုကြောင်း နားမလည်သော်လည်း သူက လေးလေးစားစား ဦးညွှတ်၍ “ အဲဆို ဒီကျောက်စိမ်းပြားကို လက်ခံထားလိုက်ပါ့မယ်။ စီနီယာတို့ ဂရုစိုက်ပေးမှုအတွက် ကျေးဇူးအများကြီး တင်ပါတယ် ”

မိုဝူကျိအတွက် ဤခရီးစဉ်၏ အကောင်းဆုံး ဆုလာဘ်မှာ အစီအရင်တာအိုအပေါ် ဗဟုသုတများ တိုးပွားလာရုံသာမက နတ်ဘုရားကုန်းမြေရှိ အတော်ဆုံး အစီအရင်ပညာရှင်နှင့်လည်း မိတ်ဆွေဖွဲ့ခွင့် ရခဲ့ခြင်း ဖြစ်ပေသည်။

မိုဂူကျိက ကျောက်စိမ်းပြားကို လက်ခံလိုက်မှ စန်းကျန့်ရှန်းက ပြုံးကာ “ အဲဆိုလည်း သွားတော့လေ။ တခြားအသေးအမွှား ကိစ္စလေးတွေကိုတော့ စိတ်မပူနဲ့။ ငါ ကိုင်တွယ်ဖြေရှင်းလိုက်မယ် ”

“ ဟုတ်ကဲ့ .... စီနီယာအားလုံးကို နှုတ်ဆက်ခဲ့ပါတယ် ” မိုဂူကျိက စန်းကျန့်ရှန်း ဆိုလိုသည့် ကိစ္စအသေးအမွှား ဆိုသည့် အဓိပ္ပါယ်ကို နားမလည်သော်လည်း များများစားစား တွေးမနေတော့ပေ။

...............

မိုဂူကျိ တစ်ယောက် သေမျိုးနယ်မြေဆီ ပြန်ရောက်လာသည့်အခါ တစ်စုံတစ်ခု လွဲမှားနေကြောင်း သတိထားမိလိုက်သည်။

သေမျိုးနယ်မြေတွင် နတ်ဝိညာဉ်စွမ်းအား မကျန်ရှိတော့ပေ။ သဘောတရားဆိုရလျှင် သူ မကျင့်ကြံလျှင်ပင် တာ့ဟွမ်က ကျင့်ကြံလျက် ရှိနေဦးမည် ဖြစ်၏။ တာ့ဟွမ်တွင်လည်း ချီသွေးကြော ၁၀၈ ခု ရှိပြီး အင်မော်တယ် မော်တယ် ကျင့်စဉ်ကိုသာ ကျင့်ကြံပေသည်။ သူသာ အင်မော်တယ် မော်တယ်ကျင့်စဉ်ကို ကျင့်ကြံနေသရွေ့ တခြားနေရာမှ နတ်ဝိညာဉ်စွမ်းအားများကို စုပ်ယူနိုင်ဦးမည် ဖြစ်ပေသည်။

တာ့ဟွမ်အပြင် ချီချွမ်းလည်း ရှိနေသေး၏။ ချီချွမ်းသည်လည်း သူ့ချီသွေးကြော ကျင့်စဉ်ကို ပြောင်းလဲကျင့်ကြံထားသည့်အတွက် သူ့ကိုယ်ပိုင် အင်အားကို ပြောင်းလဲထားမှုတစ်ခု ဖြစ်သော်လည်း နတ်ဝိညာဉ်စွမ်းအား ထောက်ပံ့မှုကို လိုအပ်ပေသည်။

“ သခင်ကြီး ပြန်လာပြီ ” မိုဝူကျိ ကာကွယ်ရေး အစီအရင်ထဲ ဝင်လာသည်နှင့် တာ့ဟွမ်နှင့် ရှိုက်ကောတို့က အပြေးအလွှား ရောက်လာကြသည်။

မိုဝူကျိက စိတ်စွမ်းအားဖြင့် ချီချွမ်းတစ်ယောက် တံခါးပိတ် ကျင့်ကြံလျက် ရှိနေပြီး သူ့ချီသွေးကြော ဖွင့်ခြင်းက ချောချောမွေ့မွေ့ ဖြစ်နေကြောင်း အာရုံခံမိလိုက်သည်။ သူ့ကမ္ဘာဦး စိတ်ဝိညာဉ်သည်လည်း ကောင်းကောင်းမွန်မွန် ပြောင်းလဲနေသည်။ သို့သော်လည်း ပိုင်ယွဲ့က သေမျိုးနယ်မြေထဲ မရှိနေပေ။ မိုဝူကျိအနေနှင့် သူ ဘယ်နေရာ သွားကြောင်း မသိပေ။

“သခင်ကြီး ထွက်သွားပြီးတော့ ရက်အနည်းငယ်အထိ ကျွန်တော်တို့တွေ ကျင့်ကြံရတာ ချောမွေ့နေသေးတယ်။ ဒါပေမဲ့ သခင်ကြီး မရှိတော့ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ဝိညာဉ်စွမ်းအား အတားအဆီး အစီအရင်တွေကို

လာခင်းကျင်းသွားကြတယ်။ ကျွန်တော်ရဲ့ အင်အားကန့်သတ်ချက်ကြောင့် နတ်ဝိညာဉ်စွမ်းအားကို ဆက်လက် မစုပ်ယူနိုင်တော့ဘူး ” တာ့ဟွမ်က ရှက်ရွံ့စွာဖြင့် ပြောလိုက်သည်။

“ ပိုင်ယွဲ့ရော ဘယ်မှာလဲ ” မိုဝူကျိက မေးလိုက်သည်။ သူ့ခန့်မှန်းချက်အရ တစ်ဖက်လူသည် မိုဝူကျိ ရှိနေစဉ်အခါက ဝိညာဉ်စွမ်းအား အတားအဆီး အစီအရင် မခင်းကျင်းနိုင်သည်မှာ ခင်းကျင်းလိုက်သည်နှင့် မိုဝူကျိက တန်းဖျက်စီးပစ်၍ ဖြစ်သည်။ ယခု သူ ထွက်သွားပြီ ဖြစ်သောကြောင့် ဝိညာဉ်စွမ်းအား အတားအဆီး အစီအရင်များ တစ်ခုပြီး တစ်ခု ခင်းကျင်းနေကြခြင်း ဖြစ်၏။

“ သူက တာဝန်ရေးရာ ခန်းမဆီ သွားတယ်။ အခု အရင်းအမြစ်တိုက်ပွဲအတွက် လိုအပ်တဲ့ ပစ္စည်းလေးတွေ သွားလဲမလို့ဆိုလားပဲ ” တာ့ဟွမ်က ပြန်ဖြေပေးလိုက်သည်။

မိုဝူကျိက သူ့တွင် အမှတ်ရာချီ ရှိနေသေးကြောင်း သတိရလိုက်ပြီး တာ့ဟွမ်နှင့် ရွိုက်ကော ပခုံးကို ပုတ်ကာ “ ငါလည်း တစ်ချက် သွားကြည့်လိုက်ဦးမယ်။ မင်းတို့နှစ်ယောက်

အချိန်တစ်ခုအထိတော့ မကျင့်ကြံသေးနဲ့ဦး။ ငါတို့တွေ ကျင့်ကြံရေး အရင်းအမြစ် တိုက်ပွဲပြီးမှ ဆက်လုပ်ကြတာပေါ့ ”

မည်သို့ပင်ဆိုစေကာမူ မိုဝူကျိုက ဤတိုက်ပွဲမှ အရင်းအမြစ်အများကြီး ရချင်မိသည်။ အနည်းဆုံးတော့ သူ့အနေနှင့် သေမျိုးနယ်မြေသည် ယခုကဲ့သို့ သူတို့ မကျင့်ကြံနိုင်သည့် အခြေအနေသို့ ကျဆင်းမသွားစေဖို့ အသေအချာ လုပ်ဆောင်ရမည်။

…………………..

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ တာဝန်ရေးရာ ခန်းမသည် နတ်ဘုရားကုန်းမြေ၌ လူအရှုပ်ဆုံး ခန်းမ တစ်ခု ဖြစ်ပေသည်။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၌ ကြွယ်ဝသည့် ကျင့်ကြံရေး အရင်းအမြစ်များ ရှိနေခြင်းကြောင့်သာ မဟုတ်ပေ။ ပို၍ အရေးကြီးသည်က နတ်ဘုရားကုန်းမြေရှိ မပြီးမြောက်သည့် တာဝန်များကို နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ဆီ လွှဲပေး၍ ဖြစ်သည်။

ထိုမှလွဲ၍ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ နိဗ္ဗာနအမှတ်များသည် ပို၍ အဖိုးတန်ပြီး အခြားအရာများထက်

ပို၍ အသုံးဝင်ပေသည်။ နတ်ဘုရားကျောက် ဖြစ်စေ သို့မဟုတ် ဆေးလုံးပင် ဖြစ်စေ နိဗ္ဗာနအမှတ်လောက် အသုံးဝင်မည် မဟုတ်ပေ။

တာဝန်ရေးရာခန်းမကို ဝင်ပြီးနောက် မိုဝူကျိုက ကျင့်ကြံသူများ ဝင်ချည်၊ ထွက်ချည် ဖြစ်နေသည့် လူအတန်းလိုက်ကြီးကို မြင်လိုက်ရသည်။ ခန်းမမှာ ကျယ်ဝန်းသော်လည်း ဤနေရာ၌ တာဝန် လက်ခံရန် သို့မဟုတ် အမှတ်လဲလှယ်ရန် ရောက်လာသော ကျင့်ကြံသူများစွာကြောင့် ငါးပိငါးချဉ် သိပ်ထားသလို ဖြစ်နေသည်။

တာဝန်ရေးရာခန်းမ၌ အာရုံအဖမ်းစားနိုင်ဆုံးအရာမှာ ရောမ ပြသရေး အစီအရင် ပိတ်ကားချပ် ဆယ်ချပ် ဖြစ်လိမ့်မည်။ ထိုပိတ်ကားချပ်များတွင် အကြောင်းအရာမျိုးစုံ ရှိနေသည်။

ထိုအကြောင်းအရာများတွင် တာဝန်များ ပါဝင်ရုံသာမက အမျိုးမျိုးသော အလဲအလှယ်များအကြောင်းလည်း ပါဝင်သည်။

သိပ်မကြာခင် မိုဝူကျိုက သူသာ နိဗ္ဗာနအမှတ် ရှိနေသရွေ့ နတ်ကျောက်စိမ်း ဆေးလုံးကိုပင် လဲလှယ်နိုင်ကြောင်း သိလိုက်ရသည်။ သို့သော်လည်း ဈေးနှုန်းမှာ အမှတ်ပေါင်း

တစ်သိန်းကျော် ဖြစ်သည့်အတွက် ဤနေရာတွင် မည်သူကမျှ ဤမျှ အမှတ်များကို ပိုင်ဆိုင်ထားမည်နည်း။

မိုဝူကျိုက သူ့တွင် အမှတ်လေးရာကျော် ကျန်နေသေးကြောင်း သတိရလိုက်သော်လည်း နတ်ကျောက်စိမ်း ဆေးလုံး တစ်ပုလင်း ရှိနေသေး၏။ မိုဝူကျိုက သူသည် ဤနေရာရှိ အချမ်းသာဆုံး ပုဂ္ဂိုလ်ဟု ကိုယ့်ဘာသာ ခံစားမိလိုက်သည်။ သူ့တွင် နတ်ကျောက်စိမ်း ဆေးလုံး ရှိရုံသာမက နတ်ကျောက်စိမ်း ဆေးလုံးအတွက် အဓိကပါဝင်ပစ္စည်းဖြစ်သည့် ကြည်လင်ကျောက်စိမ်း ပန်းပွင့်လည်း ရှိနေသေး၏။ ထိုအရာများမှာ သာမာန်လူများ တတ်နိုင်မည့်အရာ မဟုတ်ပေ။

မိုဝူကျို၏ စိတ်စွမ်းအား၌ ပိုင်ယွဲ့ကို အာရုံမခံမိသေးပေ။ သူက အလဲအလှယ် လုပ်နိုင်မည့် ပစ္စည်းတချို့သာ ရှာနေလိုက်သည်။

မိုဝူကျိုက သူ့အမှတ်လေးရာကျော်သည် တစ်စုံတစ်ခုတော့ ထိုက်တန်သေးကြောင်း သတိပြုမိလိုက်၏။ အနည်းဆုံးတော့ အဆင့်နိမ့် မှော်ရတနာနှင့် လဲလှယ်နိုင်ပေမည်။

အစပိုင်းတွင် မိုဝူကျိုက ဘေးပတ်လည်ကို လျှောက်ကြည့်နေပြီးနောက် ဆေးဖော်စပ်နည်းတစ်ခုအပေါ် အကြည့်ရောက်သွားသည်။

ဤသည်မှာ ယုံယွမ်နတ်ဆေးလုံးဟု ခေါ်သည့် ရှေးဟောင်း အဆင့် ၂ နတ်ဆေးဖော်စပ်နည်း ဖြစ်၏။

အဆင့် ၂ ဆေးလုံးက သိပ်မတန်သော်လည်း ဤဆေးဖော်စပ်နည်းကား မိုဝူကျိုကို စိတ်လှုပ်ရှားစေလာသည်။

ဤအဆင့် ၂ နတ်ဆေးလုံးသည် ကနဦး နတ်ဘုရားအသီးကို အဓိက ပါဝင်ပစ္စည်းအဖြစ် လိုအပ်သော ဆေးလုံး ဖြစ်ပြီး ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူအား တစ်ဆင့် တက်လာစေသည်။ ဤတစ်ခုတည်းကပင် အံ့ဖွယ် ဖြစ်နေလေပြီ။

မိုဝူကျို သိထားသရ အဆင့် ၁ နတ်သစ်သီးများထဲ ဈေးအမြင့်ဆုံး သစ်သီးမှာ ကနဦး နတ်ဘုရားအသီးသာ ဖြစ်ပေလိမ့်မည်။ အကြောင်းမှာ အသီးတစ်လုံးက အဆင့်တစ်ဆင့် တက်လှမ်းနိုင်ရန် ကူညီပေး၍ ဖြစ်သည်။

ကနဦး နတ်ဘုရားအသီးသည် စျေးကြီးသော်လည်း မိုဝူကျိုက တတ်နိုင်သေး၏။ သူက ကနဦး နတ်ဘုရားအသီးကို မဝယ်ယူခြင်းမှာ သူ့အတွက် အသုံးမဝင်မှန်း သိ၍ ဖြစ်ပေသည်။

ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူအား ကနဦး နတ်ဘုရားအသီးမှတဆင့် အဆင့်တက်လှမ်းလိုခြင်းမှာ ရာနှုန်းပြည့် မဟုတ်ပေ။ ထို့အပြင် အလယ်အလတ်အဆင့်နှင့် အစောပိုင်းအဆင့်အတွက်သာ အလုပ်ဖြစ်ပေသည်။ ကျင့်ကြံသူတစ်ဦးက နောက်ပိုင်းအဆင့်ထဲ ရောက်ရှိသွားသည်နှင့် တုတ်ခိုင်သော ကမ္ဘာဦး စိတ်ဝိညာဉ်များနှင့်လူများက ဤအသီးကို သုံး၍ အဆင့်တက်ဖို့ ခက်ခဲပေမည်။ မိုဝူကျိုက ကနဦး နတ်ဘုရားအဆင့် ၁၀ ဖြစ်သောကြောင့် ကနဦး နတ်ဘုရားအသီးကို အသုံးပြု၍ အဆင့်တက်မည့်အကြောင်း မေ့ထားသင့်ပေသည်။

ယခု ကနဦး နတ်ဘုရားအသီးကို အဓိက အသုံးပြုထားသော ယုံယွမ် နတ်ဆေးလုံး ပေါ်လာပြီ ဖြစ်ရာ မိုဝူကျိုက အတော်လေး စိတ်လှုပ်ရှားမိနေသည်။ အရင်းအမြစ်တိုက်ပွဲမှာ စတင်တော့မည် ဖြစ်ရာ သူ့ကျင့်ကြံဆင့်မှာ အရမ်းနိမ့်ကျနေသေး၏။

တစ်ခုတည်းသော ပြဿနာမှာ ဤယုံယွမ် နတ်ဆေးလုံး၏ ဈေးနှုန်းမှာ မတော်တရား ဖြစ်နေပေသည်။ သူက အမှတ်ပေါင်း တစ်သောင်းနှစ်ထောင်ကို ဘယ်နေရာက သွားရှာရမည်နည်း။

## အခန်း (၁၀၀၈) : ငါ မယုံဘူး

မိုဝူကျိုက သူ့အမှတ်အသားပြား ထုတ်လိုက်ရင်း သူ့တွင် ခရမ်းနိဗ္ဗာန တာအိုသဲများ ကျန်ရှိနေသေးကြောင်း တွေးလိုက်မိသည်။ အစောပိုင်းလေးက သူသည် ခရမ်း နိဗ္ဗာနတာအိုသဲသည် နိဗ္ဗာနအမှတ် တစ်သောင်းခွဲ တန်ကြောင်း သတိပြုမိလိုက်၏။ သူ့အနေနှင့် နိဗ္ဗာနတာအိုသဲ အပါအဝင် တာဝန်များများကို လက်ခံသင့်ကြောင်း ခံစားမိလိုက်သည်။

သူ ဘာမှလုပ်စရာ မရှိသည့်အတွက် သူ့အမှတ်အသားပြားကိုသာ တအံ့တဩ ကြည့်လိုက်မိတော့သည်။ သူ့အမှတ်အသားပြားပေါ်တွင် စုစုပေါင်း နိဗ္ဗာနအမှတ်ပေါင်း တစ်သိန်း လေးရာကျော် ရှိနေလေ၏။

မိုဝူကျိုက ထိုအမှတ်များ မည်သည့်နေရာမှ ရောက်လာသည်ကို ခန့်မှန်းကြည့်ဖို့ပင် မလိုတော့ပေ။ သူ့နိဗ္ဗာန တိတ်ဆိတ်မှုပင်လယ် ကူးသန်းရေး အစီအရင်၏ တာဝန်ပြီးမြောက်မှု ဆုလာဘ်သာ ဖြစ်ပေမည်။

မိုဝူကျိုက မေးမကြည့်ဘဲဖြင့် ယခု သူ လက်ရှိ ရရှိထားသော ဆုလာဘ်၏ ၁ ရာခိုင်နှုန်းလောက်သာ လက်ခံရမည်ဆိုလျှင်ပင် အတော်လေး အံ့သြဖို့ ကောင်းနေပြီ ဖြစ်ကြောင်း သိလိုက်သည်။ မိုဝူကျို အမှတ်အများကြီး ရရှိလာသည်မှာ စန်းကျန့်ရှန်းနှင့် ပတ်သတ်နေကြောင်း တန်းသိလိုက်၏။ စန်းကျန့်ရှန်းက မိုဝူကျို၏ အာကာပြင် မှော်အက္ခရာအတွက် နိဗ္ဗာနအမှတ်များကို ဆုလာဘ် ချီးမြှင့်လိုက်ခြင်း ဖြစ်၏။

မိုဝူကျိုက စန်းကျန့်ရှန်းအား ကျေးဇူးတင်နေမိသည်။ သူ့အာကာပြင် မှော်အက္ခရာများက အတော်လေး အဖိုးတန်လျှင်ပင် စန်းကျန့်ရှန်းက ဘာမှအရေးမပါကြောင်း ဟန်ဆောင်နေ၍ ရပေသည်။ သို့သော်လည်း စန်းကျန့်ရှန်းက မိုဝူကျိုသည် အဆင့် ၅ အစီအရင်ဘုရင်မှန်း သိထားသည့်အတွက်

မိုဝူကျိအား နတ်ဘုရားကျောက်များ မပေးလိုက်ဘဲ နိဗ္ဗာနအမှတ်ပေါင်း တစ်သိန်း ဆုချီးမြှင့်လိုက်ခြင်း ဖြစ်ပေသည်။

ထိုနိဗ္ဗာနအမှတ်များသည် မိုဝူကျိ လိုအပ်နေသည့်အချိန် စန်းကျန့်ရှန်း ကူညီပေးလိုက်ခြင်းနှင့် ညီမျှ၏။

မိုဝူကျိက ထိုအမှတ်များနှင့် လဲလှယ်ဖို့ တုံ့ဆိုင်းမနေပေ။ သူ့ကျောက်စိမ်းပြားမှ အမှတ်ပေါင်း တစ်သောင်းနှစ်ထောင် နှုတ်သွားပြီးနောက် အတားအဆီး ချထားသည့် ကျောက်စိမ်းသေတ္တာတစ်လုံးက အမှတ်အသားပြားထိပ်၌ ပေါ်လော ပေါ်လာသည်။

မိုဝူကျိက ကျောက်စိမ်းသေတ္တာကို သိမ်းလိုက်ပြီးနောက် စိတ်စွမ်းအားဖြင့် စစ်ဆေးကြည့်လိုက်သည်။ ဤသည်မှာ ယုံယွမ် နတ်ဆေးလုံး ဖော်စပ်နည်း အမှန်ပင် ဖြစ်၏။

ကမ္ဘာမြေရှိ နည်းပညာများနှင့် နှိုင်းယှဉ်လျှင် မိုဝူကျိက ဤအစီအရင်တာအိုနည်းလမ်းသည် ပို၍ သက်တောင့်သက်သာ ဖြစ်ကြောင်း ခံစားမိလိုက်သည်။ ယခု သူ့တွင် အမှတ်ပေါင်း တစ်သိန်းကျော် ရှိနေသည့်အတွက် ကနဦး နတ်ဘုရားအသီး ခြောက်လုံးအား ဆက်တိုက် ဝယ်ယူလိုက်သည်။

ကနဦး နတ်ဘုရားအသီး တစ်လုံးသည် နိဗ္ဗာန်အမှတ် ရှစ်ရာနှင့် ညီမျှပြီး ခြောက်လုံးမှာ ၄၈၀၀ ကျသင့်သွားသည်။

ပိုင်ယွဲ့ထံ အကြောင်းကြားပြီးနောက် မိုဝူကျိုက သူ့ယုံယွမ် နတ်ဆေးလုံး ဖော်စပ်ဖို့ ပြန်ရန် ပြင်လိုက်သည်။ သူက တခြားအရာများထက် သူ့ကျင့်ကြံဆင့်ကို တိုးမြှင့်စေလိုသည်။

“ အာ … ယုံယွမ် နတ်ဆေးလုံး ဖော်စပ်နည်းက ရောင်းထွက်သွားပြီလား ” တအံ့တသြ ရေရွတ်သံက မိုဝူကျို နားထဲ ကြားလိုက်ရသည်။

မိုဝူကျိုက ခေါင်းလှည့်ကြည့်လိုက်သည့်အခါ ပိန်ပါးပါး ဝတ်စုံနီနှင့် အမျိုးသမီးတစ်ဦးကို မြင်လိုက်ရသည်။ ထိုဝတ်စုံနီ အမျိုးသမီးတွင် ဆံနွယ်ရှည်ရှည်ပိုင်ဆိုင်ထားပြီး သူမ ဝိညာဉ်စွမ်းအားတို့မှာ မတည်မငြိမ် ဖြစ်နေသည်။ သူမ ပင်ကိုယ်ပါရမီမှာ မဆိုးလှမှန်း သိသာလှသည်။ သူမက ကောင်းကင်နတ်ဘုရားအဆင့် ၆ ရောက်နေလေပြီ။

ယုံယွမ် နတ်ဆေးလုံးကို မိုဝူကျိုက ဝယ်ယူထားပြီးပြီ ဖြစ်ရာ သူ့အနေနှင့် ထိုအမျိုးသမီးအကြောင်း အာရုံမရှိတော့ပေ။ သူ ထွက်သွားတော့မည့်ဆဲဆဲတွင် ထိုအမျိုးသမီးက မိုဝူကျိုကို

ရုတ်တရက် တားလိုက်ပြီး မေးလိုက်သည် “ဟေး … ရှင် စောစောလေးက ပစ္စည်းတချို့ ဝယ်နေတာ သတိထားမိလိုက်တယ်။ ရှင် ယုံယွမ် နတ်ဆေးလုံး ဖော်စပ်နည်းကို ဝယ်သွားသေးလား ”

မိုဝူကျိုက ပြန်မဖြေခင် နောက်ထပ် အမျိုးသားနှစ်ဦးက တာဝန်ရေးရာခန်းမထဲ စိုးရိမ်တကြီး ရောက်ရှိလာကြသည်။ တစ်ယောက်မှာ ကောင်းကင်နတ်ဘုရား အဆင့် ၈ ဖြစ်ပြီး နောက်တစ်ယောက်မှာ ကနဦး နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့် ဖြစ်၏။ မိုဝူကျိုက ကနဦး နတ်ဘုရားအဆင့်ရှိ ကျင့်ကြံသူအား သတိထားမိလိုက်သည်။

သူသည် အပြန်သီးသန့် နတ်ဘုရားဂိုဏ်းမှ ရန်ဟွေ့ ဖြစ်ပြီး လွန်ခဲ့သည့် ဆယ်နှစ်ခန့် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် စစ်ဆေးမှုအတွင်း အဆင့် ၆ ရရှိခဲ့သူလည်း ဖြစ်ပေသည်။ အဆုံးသတ်၌ သူက အဆင့် ၄ ရရှိထားသည့် ပိုင်ယွဲ့အပေါ် ဒေါသပုံချခဲ့သည်။ ရလဒ်အနေနှင့် ပိုင်ယွဲ့မှာ အပြန်သီးသန့် နတ်ဘုရားဂိုဏ်း၏ ကိုင်ကျိုဆီမှ သင်ခန်းစာ ပေးခံခဲ့ရသည်။

ပိုင်ယွဲ့ ပြောစကားအရ ဂိုဏ်းအကြီးအကဲသာ ဝင်မပါလျှင် ကိုင်ကျိုက သူ့အား သတ်ပစ်လောက်လေ၏။

မိုဝူကျိုက ရန်ဟွေ့ဘေားရှိ ကောင်းကင်နတ်ဘုရား အဆင့် ၈ ကျင့်ကြံသူမှာ ကိုင်ကျို လားဟု တွေးမိလိုက်သည်။

“ဝမ်ရှီ … မင်းအတွက် နိဗ္ဗာနအမှတ်တချို့ ချေးခဲ့တယ် ” ရန်ဟွေ့ဘေားက လူသည် ကျေကျေနပ်နပ် ပြောလိုက်သည်။

ဝတ်စုံနီ အမျိုးသမီးနာမည်မှာ ဝမ်ရှီ ဖြစ်၏။ မိုဝူကျို၏ ခန့်မှန်းချက်အရ ဤယုံယွမ် နတ်ဆေးလုံးကို ဝမ်ရှီသည် သူမအတွက် လိုအပ်ခြင်း မဖြစ်နိုင်လောက်ပေ။

ဝမ်ရှီက ရှုက်ငင်စွာဖြင့် “စီနီယာအစ်ကိုကြီး ကိုင်ကျို … ညီမ လိုချင်နေတဲ့ ယုံယွမ် နတ်ဆေးလုံးကို တစ်ယောက်ယောက် ဝယ်သွားလိုက်ပြီ … ”

ကောင်းကင်နတ်ဘုရားအဆင့် ၈ ရှိသည့် ဤလူက အမှန်ပင် ကိုင်ကျို ဖြစ်၏။ မိုဝူကျို စိတ်ထဲ သတ်ဖြတ်လိုစိတ်မှာ ရုတ်ချည်း အားကောင်းလာခဲ့သည်။ အကယ်၍ ဤလူသာ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် အရင်းအမြစ်တိုက်ပွဲအတွင်း ပိုင်ယွဲ့နှင့် တွေ့ဆုံခဲ့လျှင် သူက ပိုင်ယွဲ့ကို အလွတ်ပေးမည်

မဟုတ်ချေ။ ယခု မိုဂူကျိုက ကိုင်ကျိုကို မြင်လိုက်ပြီ ဖြစ်ရာ ဤအမှိုက်အား ရှင်းထုတ်ပစ်ရမည်။

အပြန်သီးသန့် နတ်ဘုရားဂိုဏ်းအပေါ် ရန်စမိခြင်းကား နောင်အခါ ပြဿနာတစ်ရပ်သာ ဖြစ်ပေသည်။

အပြန်သီးသန့် နတ်ဘုရားဂိုဏ်း၏ ကိုင်ကျိုသည် ပိုင်ယွဲ့အား သတ်ဖြတ်ရန် ရည်ရွယ်ထားသည့်အတွက် သူက အဘယ်ကြောင့်များ သက်ညှာပေးနေရမည်နည်း။

လူတစ်ယောက်က မည်မျှပင် အားကောင်းစေကာမူ ထိုလူက သူ့ဘေးရှိ လူများကို သတ်ရန် ကြိုးစားနေသရွေ့ သူ့အနေနှင့် ဘယ်သောအခါမှ ထိုလူနှင့် ညှိနှိုင်းနေမည် မဟုတ်ပေ။ တစ်ဖက်လူက ကိုယ့်ကို လာသတ်ပြီ ဖြစ်ရာ အဘယ်ကြောင့်များ သက်ညှာပြနေရဦးမည်နည်း။

“ဘယ်သူ ဝယ်လိုက်တာလဲ ” ကိုင်ကျို၏ စိတ်ထဲ လေးလံသွားကာ ချက်ချင်းဆိုသလို စိတ်ပူလာမိသည်။

သူ မျက်စိကျနေသည့်သူမှာ ဝမ်ရှီ၏ အစ်မဖြစ်သူ ဝမ်ရု ဖြစ်၏။ ကိုင်ကျိုက ဝမ်ရုအား မြတ်မြတ်နိုးနိုး နက်နက်ရှိုင်းရှိုင်း ချစ်ကျွမ်းဝင်နေသည်ဟုပင် ယူဆ၍ ရပေသည်။ သို့သော်လည်း

ဝမ်ရုက ဝမ်ရှီ၏ အစ်မကြီး ဖြစ်သော်လည်း ဝမ်ရုက ကနဦး နတ်ဘုရားအဆင့် ၆ ၌ နှစ်များစွာ တန့်ကြာနေပေသည်။

ကိုင်ကျိုက ဦးနှောက်ပေါက်မထွက် စဉ်းစားပြီး ဝမ်ရုအား နောက်တဆင့် တက်လှမ်းဖို့ ကူညီပေးနိုင်ဖို့ရာ ဆုတောင်းမိပေသည်။ သို့သော်လည်း သူ့အားထုတ်မှုမှာ အသုံးမဝင်ခဲ့ပေ။

ဝမ်ရု၏ ညီမ ဝမ်ရှီသည်လည်း ကိုင်ကျိုလိုမျိုး စိတ်ပူပင်နေမိသည်။ သူမက ကမ္ဘာဦး နတ်ဆေးလုံးကို မြင်လိုက်ခါစ ဖြစ်သော်လည်း သူမ ချမ်းသာမှု၌ ကန့်သတ်ချက် ရှိသောကြောင့် သူမအနေနှင့် နိဗ္ဗာနအမှတ်ပေါင်း တစ်သောင်းနှစ်ထောင် ထုတ်မပေးနိုင်ပေ။ ကံကောင်းစွာဖြင့် သူမက သူမအစ်မဖြစ်သူအပေါ် ကိုင်ကျို၏ ချစ်မြတ်နိုးမှုကို သတိထားမိပြီး ချက်ချင်း အကြောင်းကြားလိုက်ခြင်း ဖြစ်၏။

ကိုင်ကျိုက သိရှိပြီးနောက် ချက်ချင်းဆိုသလို နိဗ္ဗာနအမှတ်များ စုဆောင်းခဲ့သည်။ နေ့တစ်ဝက်အတွင်း သူက နိဗ္ဗာနအမှတ် တစ်သောင်းနှစ်ထောင် ရရှိလာခဲ့သည်။

နှမြောစရာကောင်းသည်က သူ နောက်ကျမှ ရောက်ရှိလာခြင်း ဖြစ်ပြီး သူ ရောက်ရှိလာသည့်အခါ ပစ္စည်းမှာ ရောင်းထွက်သွားလေပြီ။

ကိုင်ကျို၏ မေးခွန်းကို ကြားပြီး ဝမ်ရှီက အသိပြန်ကပ်လာကာ မိုဂူကျိုအား ကြည့်လိုက်ပြီး “ယုံယွမ်နတ်ဆေးလုံးကို ဝယ်လိုက်တာ ရှင် မလား။ ရှင် စောစောလေးကတည်းက ပစ္စည်းတွေ ဝယ်နေတာ မြင်လိုက်တယ် ”

အစပိုင်းတွင် မိုဂူကျိုက ဝမ်ရှီ စကားပြော ရိုင်းစိုင်းမှုကြောင့် မပျော်မရွှင် ဖြစ်နေပြီးသား ဖြစ်၏။ ယခု ဤကိစ္စမှာ ကိုင်ကျိုနှင့် ဆက်နွယ်လာပြီ ဖြစ်ရာ သူ့အနေနှင့် ဤမေးခွန်းအား မဖြေဖို့ရာသာ ပို၍ ဆုံးဖြတ်ချက် ခိုင်မာသွားသည်။ အကယ်၍ တစ်ဖက်လူက ယဉ်ကျေးစွာဖြင့် တောင်းဆိုပြီး ကိုင်ကျိုနှင့် မပတ်သတ်နေလျှင် မိုဂူကျိုက သူမအတွက် မိတ္တူ ကူးပေးလိုက်မည် ဖြစ်၏။ သူက အများဆုံး နိဗ္ဗာနအမှတ်တချို့ကိုသာ ပြန်တောင်းမိပေမည်။

“ ငါ ဝယ်သမျှကို အကုန်လိုက်ပြီး အစီအရင်ခံနေဖို့ မလိုဘူး ထင်တယ် ဟုတ်တယ်မလား ....” ထိုသို့ပြောပြီးနောက် မိုဝူကျိုက လှည့်ထွက်သွားတော့သည်။

“ ခဏ ” ကိုင်ကျိုက မိုဝူကျိုလမ်းမှာ ပိတ်ရပ်လိုက်သည်။ သူက အေးစက်စွာဖြင့် “ မင်း စောစောက ဝယ်ထားတဲ့ ပစ္စည်းတွေကို ထုတ်လိုက်စမ်း ... မဟုတ်ရင်တော့ .... ”

“ မဟုတ်ရင်တော့ ဘာဖြစ်လဲ ... ဘာလဲ။ ဒူးထောက်ပြီးတော့ ငါ့ဖိနပ်ကို လာလျက်မလို့လား ” မိုဝူကျိုက အကြောက်တရားမရှိ ပြောလိုက်သည်။

တာဝန်ရေးရာခန်းမသည် အမြဲတမ်း လူရှုပ်နေလေရာ ယခု ပဋိပက္ခတစ်ခု ဖြစ်လာသောကြောင့် လူအများစုက စုရုံးလာကြသည်။

သူတို့က ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူသည် ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူအား ပြန်ပြောသည်ကို မြင်သောအခါ အားလုံးက စိတ်အတွင်း၌ ကြောင်အမ်းကုန်ကြသည်။

**ယခုခေတ် ကနဦး နတ်ဘုရားတွေက ဒီလောက်တောင် မောက်မာနေကြတာလား ....**

**သူတို့က နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲ တစ်သက်လုံး နေဖို့ ကြံစည်ထားကြတာများလား ....**

သူတို့က ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူသည် ကိုင်ကျို ဖြစ်ကြောင်း သတိထားမိသည့်အခါ အားလုံးက သက်ပြင်းသာ ချလိုက်ကြသည်။

**ကိုင်ကျိုက ဘယ်သူလဲ ....**

ကိုင်ကျိုသည် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ မဟာကောင်းကင်နတ်ဘုရား ဆယ်ဦးထဲမှ တစ်ဦး ဖြစ်ပြီး အဆင့် ၆ ချိတ်ဆွဲထား၏။ ကိုင်ကျိုက နှစ်တစ်ထောင်တည်းဖြင့် ကောင်းကင်အဆင့် ၁ မှ ကောင်းကင်နတ်ဘုရား အဆင့် ၈ သို့ တက်လှမ်းနိုင်ခဲ့သည်။ သူ မည်မျှ ပါရမီ ရှိကြောင်း သိနိုင်ပေသည်။

ထို့အပြင် ကိုင်ကျိုက အပြန်သီးသန့် နတ်ဘုရားဂိုဏ်းမှ ဖြစ်ပေသည်။

**ကြည့်ရတာ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူက လူမှားပြီးတော့ စိမ်ခေါ်နေတာလား ....**

"ဟားဟား " ကိုင်ကျိုက မိုဝူကျို စကားများ ကြားသည့်အခါ စတင် ရယ်မောလိုက်တော့သည်။

ကိုင်ကျိုက ရယ်မောနေသော်လည်း ရယ်စရာကောင်းသည်ဟု မထင်ရပေ။ သူ့မျက်ဝန်း၌ သတ်ဖြတ်ငွေ့များ အပြည့် ဖြစ်နေလေ၏။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲမှာသာ မဟုတ်လျှင် မိုဝူကျိုအား ရိုက်နှက်ပြီးလောက်လေပြီ။

" မင်းလိုမျိုး သတ္တိကောင်းတဲ့သူကို ပထမဆုံး မြင်ဖူးတာပဲ။ ငါတို့က နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲမှာမလို့ မင်းကို မထိရဲဘူး ထင်နေလား။ အရင်တစ်လတုန်းက ငါ့ရှေ့မှာ မောက်မာပြတဲ့ ကောင်တော့ ဂိုဏ်းအကြီးအကဲကြောင့်သာ မဟုတ်ရင် သူ့ကို သတ်ပြီးလောက်ပြီ။ တကယ်လို့ မင်း မယုံရင် မင်းကို ချက်ချင်း သတ်ပြမယ်။ အများဆုံး ငါ ကျောင်းထုတ်ခံရရုံပေါ့ " ကိုင်ကျိုက အေးစက်စက် သတ်ဖြတ်ငွေ့အပြည့်နှင့် ပြောလိုက်သည်။

မိုဝူကျိက ကိုင်ကျိအား အေးစက်စက် ပြန်ကြည့်လိုက်ပြီး “ ငါ မယုံဘူး။ ပြီးတော့ ဘာမှမလုပ်ရဲဘဲနဲ့ လေလုံးထွားတဲ့ အမှိုက်တွေကို ရွံ့တယ် ”

ကိုင်ကျိက ဒေါသူပုန်ထလာသည်။ အကယ်၍ ကိုင်ကျိက မိုဝူကျိလို လူသစ်လေးအား ခြိမ်းခြောက်ရန် တမင်ပြောခဲ့သည်ဆိုလျှင် မိုဝူကျိ၏ နောက်ဆုံးစကားက သူ့အား အမှန်တကယ် ဒေါသထွက်သွားစေသည်။

ပုံမှန်အားဖြင့် သူ ဒေါသထွက်နေလျှင်ပင် အရူး မဟုတ်ပေ။ သူ မည်မျှ ဒေါသထွက်စေကာမူ ဤနေရာတွင် မတိုက်ခိုက်သင့်ပေ။ သူ မျှော်လင့်မထားသည်က မိုဝူကျိသည် အမှန်တကယ် တိုက်ခိုက်ရန် သူ့အား လှုံ့ဆော်နေလေ၏။ အကယ်၍ ကိုင်ကျိသာ လှုပ်ရှားလိုက်လျှင် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ အရင်းအမြစ် တိုက်ပွဲမတိုင်ခင် ပိုင်ယွဲ့အတွက် လက်စားချေပေးနိုင်လိမ့်မည်။

“ ပြီးတော့ မင်း ဒီနေရာမှာ လုပ်ရဲမယ်တော့ မထင်ဘူး။ မင်းက အပြန်သီးသန့် နတ်ဘုရားဂိုဏ်းချုပ် ဖန်းချီလင်ရဲ့ ဘိုးဘေး ဖြစ်နေရင်တောင် ငါ မင်းကို ဒီနေရာမှာ သေအောင် ရိုက်ပစ်မယ်”

တည်တည်ငြိမ်ငြိမ် အသံတစ်သံကို ကြားလိုက်ရပြီး ဝတ်ရုံညို ဝတ်ဆင်ထားသည့် တာဝန်ရှိသူတစ်ဦးက မိုဝူကျိုနှင့် ကိုင်ကျိ ရှေ့ ရောက်လာသည်။

ကိုင်ကျိက မြန်မြန် ဦးညွတ်ကာ “ စည်ကမ်းထိန်း ဆရာကြီး … ကျွန်တော် စောစောလေးက စနောက်နေတာပါ ”

“ တကယ်လို့ မင်း နောက်တစ်ခါ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ထဲ ဒီလို စနောက်ရဲရင် မင်း သေချာပေါက် ကျောင်းကနေ ထုတ်ခံရမယ် ” ဝတ်ရုံညို စည်းကမ်းထိန်းက ကိုင်ကျိအား မျက်နှာသာ မပေးပေ။

“ ဟုတ်ကဲ့ ဟုတ်ကဲ့ … နားလည်ပါပြီ ” ကိုင်ကျိက စိုးရိမ်စွာ ပြန်ဖြေလိုက်သည်။

ဝတ်ရုံညို စည်ကမ်းထိန်းက ဖြတ်ခနဲ ပျောက်သွားပြီး အစအနမကျန် ပျောက်ကွယ်သွားသည်။

သူက ကိုင်ကျိအား တိုက်ခိုက်ရန် မလှုံ့ဆော်နိုင်ခဲ့သော်လည်း မိုဝူကျိုက အတော်လေး ကျေနပ်နေမိသေး၏။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်သည် ဂိုဏ်းကြီးများပင် လွှမ်းမိုးနိုင်စွမ်း မရှိသည့် တည်ရှိမှုမျိုး ဖြစ်ပေသည်။

စည်းကမ်းထိန်း၏ စကားများကို ကြားပြီးနောက် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်သည် အပြန်သီးသန့် နတ်ဘုရားဂိုဏ်းအား မျက်လုံးထဲပင် မထည့်ကြောင်း သိလိုက်ရသည်။

ဝတ်ရုံညို စည်းကမ်းထိန်း ထွက်သွားပြီးနောက် ကိုင်ကျိုက စိတ်သက်သာရာ သက်ပြင်းချလိုက်သည်။ သူက မိုဝူကျိအား ခက်ထန်စွာ ကြည့်လိုက်ပြီးနောက် “ အခုချက်ချင်း ပစ္စည်း ထုတ်လိုက် … မင်းဆီမှာ အခွင့်အရေးတစ်ခါက်ပဲ ရှိတယ်။ မဟုတ်ရင် မင်း နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်က ထွက်သွားတာနဲ့ အသက်ရှုဖို့ စိတ်မကူးနဲ့တော့ ”

“ ထွက်သွားစမ်း ” ဤတစ်ကြိမ်၌ မိုဝူကျိက တစ်ဖက်လူအား လှုံ့ဆော်ပေးရန် စိတ်ထဲ မရှိတော့ပေ။ ဤလူက မည်မျှ ဒေါသထွက်နေစေကာမူ တိုက်ခိုက်မည် မဟုတ်ကြောင်း သိ၍ မိုဝူကျိက အချိန်ကုန်မခံလိုတော့ပေ။

မိုဝူကျိ၏ ပြတ်သားမှုနှင့် တစ်ခွန်းတည်းသော စကားကြောင့် ကိုင်ကျိအား ဒေါသပုန်ထလာစေသည်။ ဤလိုမျိုး ငတိက သူ့အား ထွက်သွားရန် ပြောရဲနေသေးသည်။

မိုဝူကျိုက ကိုင်ကျိုသည့် သူ့မာန အထိခိုက်မခံနိုင်လောက်အောင် မည်မျှ အလိုလိုက်ခံထားရမှန်း သိလိုက်၍ ခေါင်းခါလိုက်တော့သည်။ သူက ကောင်းကင်နတ်ဘုရား အဆင့်၈ တွင်သာ ရှိနေသေးပေသည်။

“ မမ ဘယ်လိုလုပ် ဒီရောက်လာတာလဲ ” ဝမ်ရှီ၏ ရုတ်ချည်း ထွက်ပေါ်လာသည့် စကားသံက ဒေါသူပုန်ထနေသော ကိုင်ကျိုကို ဝင်နှောင့်ယှက်လိုက်၏။

ပွင့်ချပ်ပုံစံ အစိမ်းဖျော့ဖျော့ ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ဦးက လျှောက်လှမ်းလာသည်။ မိုဝူကျို ဘဝတွင် အလှပဂေးလေးများစွာ မြင်ဖူးသော်လည်း ဤအမျိုးသမီး၏ သေသပ်ကြော့ရှင်းသည့် အလှတရားကို မချီးကျူးဘဲ မနေနိုင်ချေ။ ခပ်သွယ်သွယ် မျက်ခုံးတစ်စုံနှင့် တောက်ပနေသည့် မျက်ဝန်းအစုံတို့က သူမအား ပန်းချီကားတစ်ချပ်အလား သေသေသပ်သပ် ထင်ဟပ်လာစေသည်။ သူမက သူ့ရှေ့ ရပ်နေစဉ် သူက သူမနှင့် အလှမ်းကွာလွန်းလှသည့် ခံစားနေမိစေသည်။

“ ဝမ်ရု ဘယ်လိုလုပ် ဒီရောက်လာတာလဲ ” ထိုစဉ် ကိုင်ကျိသည် ဆက်လက ဒေါသထွက်မနေနိုင်တော့ပေ။ သူ့လေသံမှာ လုံးဝ ပြောင်းလဲသွားပြီ ဖြစ်၏။

ဤအမျိုးသမီးက ဝမ်ရှီ၏ အစ်မကြီး ဝမ်ရုသာ ဖြစ်ရမည်။ သူမက တကယ်ကို အလှလေး တစ်ဦး ဖြစ်၏။

## အခန်း (၁၀၀၉) : ယုံယွမ် နတ်ဆေးလုံး

“ စီနီယာအစ်ကိုကြီး ကိုင်ကျိကို ဂါရဝပြုပါတယ်ရှင် ” ဝမ်ရုက အနည်းငယ် ကိုင်းညွှတ်၍ နှုတ်ဆက်ပြီးနောက် ဝမ်ရှီဘက် လှည့်ကာ “ ညီမလေး ... တခြားသူတွေနဲ့ စကားမများပါနဲ့တော့ .... ဒါက မမရဲ့ ကိစ္စတွေလေ။ လာလာ .... အရင်ဆုံး ပြန်ကြရအောင် ”

“ဒါပေမဲ့ မမ အဲဒါက မမအတွက် တိုးတက်လာမဲ့ မျှော်လင့်ချက်လေ ” ဝမ်ရှီက မြန်မြန် ပြောလိုက်သည်။

" ကိုင်ကျို ... မင်းက ကောင်းကင်နတ်ဘုရားအဆင့် ၈ ဖြစ်ပြီးတော့ ကနဦး နတ်ဘုရားအဆင့်ကို သွားရန်စနေသေးတယ်ပေါ့။ မင်းကိုယ်မင်း မရှက်ဘူးလား " ပိုင်ယွဲ့၏ လေသံက ဝမ်ရု ယူဆောင်လာသည့် နွေးနွေးထွေးထွေး လေထုကို ဝင်နှောင့်ယှက်လိုက်သည်။

အကယ်၍ ဝမ်ရုသာ ရှိမနေလျှင် ကိုင်ကျိုက ပိုင်ယွဲ့ကို အသက်ဆက်ရှင်ဖို့ တခြားသူဆီ မှီခိုရသည့် အရှုံးသမား ဖြစ်ကြောင်း လှောင်ပြောင်ပေလိမ့်မည်။ ယခု ဝမ်ရုက ရှိနေသည့်အတွက် ကိုင်ကျို၏ အာရုံအပြည့်အဝက ဝမ်ရုအပေါ်မှာသာ ရှိနေပြီး သူ့တစ်ခုတည်းသော ဆန္ဒမှာ မိုဝူကျိုဆီမှ ဆေးဖော်စပ်နည်း ရရှိရန်သာ ဖြစ်ပေသည်။

မိုဝူကျိုက ထိုဆေးဖော်စပ်နည်း ဝယ်ယူသွားကြောင်း ဝန်ခံမထားသော်လည်း သူက မိုဝူကျိုသည် ထိုယုံယွမ် နတ်ဆေးလုံး ဖော်စပ်နည်းကို ဝယ်ယူသွားသူ ဖြစ်ကြောင်း သေချာသိနေသည်။

မိုဝူကျိုက ပိုင်ယွဲ့အား ပုတ်ပေးလိုက်ပြီး ရယ်ရယ်မောမောဖြင့်

“ အဲဒီလူက တကယ်ကို အရှက်မရှိတာပါကွာ။ ဒါပေမဲ့ စည်းကမ်းထိန်းကလည်း သူ့ကို မျက်နှာသာ မပေးဘူး။ အခုတော့ သူက မိန်းမတစ်ယောက် ကျေနပ်စေဖို့ အသည်းအသန် ကြိုးစားနေရရှာတယ်။ လာလာ ငါတို့ အရင်သွားကြတာပေါ့ ”

“ စီနီယာအစ်ကို ခဏနေပါဦး ... တကယ်လို့ ရှင်က ယုံယွမ် နတ်ဆေးလုံး ဖော်စပ်နည်းကို ဝယ်ထားတယ်ဆိုရင် ကျွန်မကို ပြန်ရောင်းပေးဖို့ တောင်းဆိုပါတယ်။ ကျွန်မ ရှင့်အတွက် နိဗ္ဗာနအမှတ် ပိုပေးပါ့မယ်။ ဒီဆေးလုံးရဲ့ အဓိက ပါဝင်ပစ္စည်းက ကနဦး နတ်ဘုရားအသီးဆိုတာ ရှင်လဲ သိမှာပါ။

ကနဦး နတ်ဘုရားအသီးက အဆင့် ၁ နတ်သစ်သီးဆိုပေမဲ့ အဆီအနှစ်ရအောင် သန့်စင်ဖို့ အတော်လေး ခက်ပါတယ်။ အဲဒါက အဆင့် ၅ ဆေးလုံးဘုရင်ရဲ့ အရည်အချင်းလည်း လိုအပ်နေသေးတယ်။ အဲဒါကြောင့် စီနီယာအစ်ကိုအတွက် ဒီဆေးဖော်စပ်နည်းက အသုံးဝင်မှာ မဟုတ်လောက်ပါဘူး ” ဝမ်ရှီက မျိုသိပ်မထားတော့ဘဲ လက်နှစ်ဖက်ယှက်လျက် မိုဝူကျိအား ပြောလိုက်သည်။

မိုဝူကျိက အေးစက်စက် သရော်မိလိုက်သည်။ သူက ဤလို မိန်းမမျိုးကို အရွံ့ရှာဆုံး ဖြစ်ပေသည်။ အစပိုင်းတွင် သူ့အား "ဟေး" ဟု ခေါ်ဆိုခဲ့ပြီး ယခုအခါ သူမက ဆေးဖော်စပ်နည်း မရနိုင်မှန်း သိသည့်အခါမှ "စီနီယာအစ်ကို" ဟု ပြောင်းလဲခေါ်ဆိုနေလေသည်။ အကယ်၍ ဤအမျိုးသမီးသာ ယခင်လေသံအတိုင်း ဆက်လက် ပြောဆိုခဲ့လျှင် မိုဝူကျိက သူမတွင် ယဉ်ကျေးမှု မရှိကြောင်းသာ တွေးမိပေလိမ့်မည်။ ယခု သူမက အစမှ အဆုံးအထိ မဆီလျော်လေရာ မိုဝူကျိအနေနှင့် သူမအား မျက်နှာကြီးရာ ဟင်းဖတ်ပါ သည့် လူစားမျိုးအဖြစ်သာ မြင်တော့သည်။

" ငါ ဝယ်ထားတဲ့ ပစ္စည်းကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာကို ကောင်းကောင်း သိပါတယ်။ တကယ်လို့ ငါ မသိရင်တောင် ဒါက ငါ့ပြဿနာပါ။ မင်း လိုက်ပြီး စိတ်ပူနေဖို့ မလိုဘူး " မိုဝူကျိက အကြောက်တရား ကင်းမဲ့စွာဖြင့် ပြောလိုက်ပြီး လှည့်ထွက်သွားတော့သည်။

ကိုင်ကျိက မိုဝူကျိအား အမှန်တကယ် သတ်လိုသော်လည်း ပွင့်လင်းမြင်သာ မတားဆီးရဲပေ။ စည်းကမ်းထိန်းက သူ့အား

နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်၌ သတ်ဖြတ်ဖို့ ထပ်မံခြိမ်းခြောက်ရဲလျှင် ချက်ချင်း ပျောက်ကွယ်သွားရမည် ဖြစ်ကြောင်း သတိပေးထားခဲ့၏။

“ နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ .... ကျုပ် ရန်ဟွေ့က မင်းကို စိမ်ခေါ်တယ်။ မင်း နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ ပြိုင်ပွဲစင်မြင့်ဆီ လာရဲလား ” သူ့စီနီယာအစ်ကို စိုးရိမ်ပူပင်သောကရောက်နေသည်ကို မြင်၍ ရန်ဟွေ့က မထိန်းချုပ်နိုင်ဘဲ အော်ပြောလိုက်သည်။

မိုဝူကျိက ရုတ်ချည်း ရပ်လိုက်ပြီး ရန်ဟွေ့အား လှည့်ကြည့်ကာ “ မင်းက ဘယ်သူလဲ ... မင်းဆီမှာ ငါ့ကို စိမ်ခေါ်ပိုင်ခွင့် ရှိလို့လား ”

ရန်ဟွေ့အား မှတ်မိသူအားလုံးက အံ့သြကုန်ကြသည်။ ရန်ဟွေ့သည် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ စစ်ဆေးမှု၌ အဆင့် ၆ ရရှိခဲ့လေရာ မိုဝူကျိက ဤသို့ မေးခွန်းမျိုး ထုတ်မေးနေသည်လား။ ပြီးတော့ မိုဝူကျိကို စိမ်ခေါ်ပိုင်ခွင့်နှင့် ပတ်သတ်ပြီး သံသယဖြစ်နေသေး၏။

အကယ်၍ သူတို့သာ ရန်ဟွေ့၏ နောက်ခံကို မသိထားလျှင် မိုဝူကျိ ပြောဆိုပုံအရ ရန်ဟွေ့သည် မိုဝူကျိအား စိမ်ခေါ်ဖို့ရာ အရည်အချင်း မပြည့်မီကြောင်း တွေးမိသွားနိုင်သည်။

အမှန်တော့ မိုဝူကျိက ရန်ဟွေ့သည် သူ့အား စိမ်ခေါ်ဖို့ရာ မတတ်စွမ်းကြောင်း သိထားသည်။ သူက အဆင့် ၅ ဆေးလုံးဘုရင် ဖြစ်ပြီး အဆင့် ၅ အစီအရင်ဘုရင်လည်း ဖြစ်သလို အစီအရင်စည်းမျည်း ကျောက်စိမ်းပြား ကိုင်ဆောင်ထားသူ ငါးယောက်အနက်မှ တစ်ယောက် ဖြစ်သည့်အပြင် ဂိုဏ်းချုပ်လည်း ဖြစ်နေသေး၏။ ရန်ဟွေ့က သူ့အား မည်သို့ စိမ်ခေါ်နိုင်မည်နည်း။

ငြင်းခုံရလျှင် ရန်ဟွေ့နှင့် ကိုင်ကျိပင် မိုဝူကျိအတွက် ပြိုင်ဖက် ဖြစ်မည် မဟုတ်ပေ။ မိုဝူကျိ၏ စကားတစ်ခွန်းက သူ့အား ဆွံ့အသွားစေဖို့ရာ လုံလောက်ပေသည်။ အကယ်၍ တစ်ယောက်ယောက်သာ မည်သို့ စကားပြောရမည်ကို သိထားလျှင် ချက်ချင်းဆိုသလို “ မင်းကရော ဘယ်သူလဲ … အနည်းဆုံးတော့ ငါက စစ်ဆေးမှုထဲ အဆင့် ၁၀ ဝင်သေးတယ်” ဟု ပြန်လည် ချေပပေလိမ့်မည်။

နတ်မိမယ်လေး ဝမ်ရုက ရုတ်တရက် လှည့်လာကာ မိုဝူကျိအား ဦးညွှတ်လိုက်ပြီးနောက် နူးနူးညံ့ညံ့ ညင်ညင်သာသာ ပြောလိုက်သည်

" ကျွန်မ ညီမလေးက မပြောတတ် မဆိုတတ်လို့ပါရှင် .... သူမက စီနီယာအစ်ကိုကို စိတ်အနှောင့်အယှက် ဖြစ်သွားစေတယ်ဆိုရင် ကျွန်မကပဲ တောင်းပန်ပါတယ်။ ဆေးဖော်စပ်နည်းကိုတော့ ကျွန်မတို့ မလိုတော့ပါဘူး။ စီနီယာအစ်ကိုပဲ စိတ်ကြိုက်လုပ်ပါရှင် "

" ဒီလိုဆိုမှတော့ ကျုပ်လည်း သူမနဲ့ တုပြီး ပြောမနေတော့ဘူး။ ပိုင်ယွဲ့ လာ သွားကြစို့ " မိုဝူကျိက ပြောဆိုပြီးနောက် ပိုင်ယွဲ့နှင့်အတူ ချက်ချင်း ထွက်သွားလိုက်သည်။

ကိုင်ကျိက ဒေါသထွက်လွန်း၍ တုန်တုန်ယင်ယင် ဖြစ်နေမိသည်။ သူ့နတ်ဘုရားမလေးရှေ့၌ သူ့အား ဉာဏ်နည်းသူအဖြစ် ထင်မြင်သွားစေသည်။ သူ့စိတ်ထဲမှ သတ်ဖြတ်ငွေ့များက ပေါက်ထွက်လုမတတ် ဖြစ်နေလေပြီ။

ဘေးမှ စောင့်ကြည့်သူများကလည်း မိုဝူကျိသည် အမှန်ကို စည်းကျော်သွားကြောင်း ခံစားမိလိုက်ကြသည်။ ဤနေရာရှိ

လူများက ကိုင်ကျိုအား လူတစ်ယောက်အဖြစ် သဘောမကျကြသော်လည်း ဝမ်ရှသည် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ နံပါတ်တစ် အလှလေး ဖြစ်ပေသည်။ သူမနှင့် စကားပြောစဉ် မိုဝူကျို၏ ပုံမှန်လေသံမှာ လက်ခံနိုင်ဖွယ် မရှိပေ။

…………………………..

“ ဝူကျို …. ကိုင်ကျိုနဲ့ ဘာဖြစ်တာလဲ ” သူတို့တွေ တာဝန်ရေးရာခန်းမမှ ထွက်လာသည်နှင့် ပိုင်ယွဲ့က စိုးရိမ်တကြီး မေးလိုက်သည်။

“ ကိစ္စအသေးလေးပါကွာ … မင်း စိတ်ပူဖို့ မလိုပါဘူး။ မကြာခင် ငါ တံခါးပိတ် လေ့ကျင့်လိုက်ဦးမယ်။ ဒါနဲ့ မင်း ဘာတွေဝယ်နေလို့ အဲလောက် ကြာနေရတာလဲ ” မိုဝူကျိုက မေးခွန်း ထုတ်လိုက်သည်။

ပိုင်ယွဲ့က မိုဝူကျို မေးခွန်းကို ကြားသည့်အခါ စိတ်ပျက်လက်ပျက်ဖြင့် “ ငါ သဘောကျနေတဲ့

လျို့ဝှက်တိုက်ကွက် ကျင့်စဉ် ရှိနေတာ .... ငါ့ဆီမှာ နိဗ္ဗာနအမှတ် မလုံလောက်တာနဲ့ ”

“ မင်းက ဘယ်လောက် လိုနေတာလဲ ” မိုဝူကျိုက မေးလိုက်၏။

“ အမှတ် ၁၇၀၀ ”

“ မင်းရဲ့ အမှတ်အသားပြား ပေး ” မိုဝူကျိုက လက်ဖြန့်တောင်းလိုက်သည်။

ပိုင်ယွဲ့က သူ့အမှတ်အသားပြားကို မိုဝူကျိုဆီ ယောင်တောင်တောင်နှင့် ပေးလိုက်သည်။

ပိုင်ယွဲ့၏ အမှတ်အသားပြားပေါ်ကို မှတ်သားပြီးနောက် မိုဝူကျိုက ပိုင်ယွဲ့ထံ အမှတ်ပေါင်း နှစ်ထောင် လွှဲပေးလိုက်သည်။

“ မင်း အမှတ်တွေ ဘယ်လိုလုပ် အများကြီး ရလာတာလဲ ” ပိုင်ယွဲ့က သူ့တွင် အမှတ်ပို နှစ်ထောင် ရလာကြောင်း မြင်လိုက်ရသည့်အခါ ကြောင်တောင်တောင် မေးလိုက်တော့သည်။

မိုဝ့ူကျိက ရယ်မောကာ “ မင်း လိုအပ်တာ မြန်မြန် သွားဝယ်လိုက်တော့ … ငါလည်း ပြန်ပြီး ကျင့်ကြံလိုက်ဦးမယ်။ ငါ့ကျင့်ကြံဆင့်က အတော်လေး နိမ့်နေသေးတယ်ကွာ ”

ပိုင်ယွဲ့က သူ လိုချင်သော ပစ္စည်းကို အမှတ်ရသွားကာ မြင်ကွင်းမှ ဖြတ်ခနဲ တန်းပျောက်သွားတော့သည်။

“ မင်းနာမည်က မိုဝ့ူကျိလား ” ပိုင်ယွဲ့ ထွက်သွားပြီးနောက် မိုဝ့ူကျိက အသံတစ်သံကို ကြားလိုက်ရသည်။ မိုဝ့ူကျိ၏ စိတ်စွမ်းအားကို ဖြန့်ကျက်ထားသော်လည်း သူ့အား အံ့အားသင့်သွားစေသည်က သူ့စိတ်စွမ်းအား၌ မည်သူကိုမှ အာရုံမခံမိပေ။

ထိုအသံက နောက်တစ်ဖန် ပြန်လည် ထွက်ပေါ်လာပြန်သည် “ မင်း ငါ့ကို လိုက်ရှာနေလို့ မလိုပါဘူး။ စန်းကျန့်ရှန်းက မင်းအကြောင်းကို ပြောပြထားတာ …. ကြည့်ရတာ မင်းက အတော်လေး ကံကောင်းပုံပဲ။ မင်း အရင်တုန်းက ဟုန်မုန့်စွမ်းအင်ကိုတောင် မြင်ဖူးတယ်ဆိုတော့လေ …. ”

မိုဝ့ူကျိက ရုတ်ချည်းဆိုသလို ခေါင်းထဲ တဝီဝီ မြည်လာသလို ခံစားလိုက်ရသည်။ သူက အပြန်သီးသန့် နတ်ဘုရားဂိုဏ်းကို

မကြောက်သော်လည်း သူ့အနေနှင့် ဟုန်မုန့်စွမ်းအင်အကြောင်း ထုတ်ဖော်ခံရမည်ကိုတော့ မကြောက်ရွံ့ဘဲ မနေနိုင်ပေ။

တဲ့ဟွမ်နှင့် ရှိုက်ကောသော သူ့ဟုန်မုန့်စွမ်းအင်အကြောင်းကို သိပေသည်။ မိုဝူကျိုက သူတို့သည် သူ့အား သစ္စာဖောက်မည် မဟုတ်ကြောင်း သေချာသိနေသည်။ တစ်ဖက်လူက သူ့ဟုန်မုန့်စွမ်းအင်အကြောင်း မည်သို့ သိသွားရသနည်း။ အမှောင်ထုထဲမှ ထိုလူကလွဲ၍ တခြားသူက သူ့ဟုန်မုန့်စွမ်းအင်အကြောင်း သိနေသေးသနည်း။

" စီနီယာ " မိုဝူကျို၏ လည်ချောင်းပင် ခြောက်ကပ်လာသည်။ အကယ်၍ သူ့ဟုန်မုန့်စွမ်းအင်အကြောင်းသာ သိသွားကြလျှင် နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ပြင်ဆီသို့သာ ထွက်ပြေးနိုင်လိမ့်မည်။

အကယ်၍ သူ့ဟုန်မုန့်စွမ်းအင်ကို ပေးလိုက်လျှင်ပင် သူ့အနေနှင့် စိတ်အေးမည် မဟုတ်ပေ။

" မင်း စိုးရိမ်နေဖို့ မလိုပါဘူး။ အခုအချိန်အထိ မင်း ဟုန်မုန့်စွမ်းအင်ကို မြင်ဖူးတယ်ဆိုတာ လူနှစ်ယောက်ပဲ သိသေးတာ .... ငါက စန်းကျန့်ရှန်းကို ပြောပြလိုက်တော့ သူက မင်းကို စောင့်ရှောက်ပေးစေချင်တယ်တဲ့လေ။ ဒါပေမဲ့ ငါက မင်းကို

စောင့်ရှောက်ပေးနိုင်မှာ မဟုတ်လောက်ဘူး။ ဟုန်မုန့်စွမ်းအင်က အဖိုးတန်တယ်ဆိုပေမဲ့ ငါ့အတွက် ကန့်သတ်ချက် ရှိတယ် ” ထိုအသံပိုင်ရှင်က ထပ်ပြောလိုက်သည်။

မိုဝူကျို၏ နှလုံးခုန်နှုန်းပင် မြန်ဆန်လာမိသည်။ သူက ရုတ်တရက် တစ်ခုခုကို အမှတ်ရသွားမိ၏။ သူ့ဟုန်မုန့်စွမ်းအင် ပေါက်ကြားသွားသည့်အကြောင်းမှာ သူ သဘာဝအမြုတေများကို ဖယ်ရှားစဉ်အခါက ဖြစ်လိမ့်မည်။ ယခင် သူက ခရမ်းဘူးသီးခြောက်ကို ထုတ်ကာ အဝင်ဝကို အတားအဆီးများစွာ ချကာ ပိတ်ထားပြီး လေ့ကျမ်းစာရွက်နှင့်ပင် ရစ်ပတ်ထားသေး၏။ သို့သော် ဟုန်မုန့်စွမ်းအင်၏ စွမ်းအင်ကို အာရုံမခံမိသည့် သူ မရှိကြောင်း အာမခံချက်တော့ မရှိပေ။

တစ်ဖက်လူက မိုဝူကျိုသည် ဟုန်မုန့်စွမ်းအင်ကို မြင်ဖူးကြောင်းသာ ပြောဆိုခဲ့ပြီး ပိုင်ဆိုင်ထားသည်ဟု မသုံးနှုန်းခဲ့ပေ။ ဤသည်က တစ်ဖက်လူသည် ဟုန်မုန့်စွမ်းအင် ကပ်ညှိနေသော ပစ္စည်းတချို့မှ အာရုံခံမိခြင်းသာ ဖြစ်ပေမည်။ သို့သော်လည်း တစ်ဖက်လူက ထိုအရာကို မိုဝူကျို ပိုင်ဆိုင်ထားလျှင်ပင် သူ့အနေနှင့်

သိမ်းထားနိုင်မည် မဟုတ်ကြောင်း လက်ခံယုံကြည်ထားခြင်းလည်း ဖြစ်နိုင်သည်။

မိုဝူကျိက ထိုအတွေးဖြင့် ဖြည်းဖြည်းချင်း တည်ငြိမ်လာကာ စန်းကျန့်ရှန်းကိုလည်း ကျေးဇူးတင်လိုက်မိသည်။ ယခင် စန်းကျန့်ရှန်းက သူ့အတွက် ကိစ္စအသေးအမွှား ဖြေရှင်းပေးမည်ဟု ပြောဆိုခဲ့စဉ်အခါက မိုဝူကျိ အာရုံအပြည့်အဝ မစိုက်မိခဲ့ပေ။ ယခု သူ သတိပြုမိသွားပြီ ဖြစ်ရာ ဤသည်က မည်သို့ ကိစ္စအသေးလေး ဖြစ်မည်နည်း။ အကယ်၍ စန်းကျန့်ရှန်း၏ ဦးစွာ ချည်းကပ်မှုကြောင့်သာ မဟုတ်လျှင် တစ်ဖက်လူက အနည်းဆုံးတော့ ဟုန်မုန့်စွမ်းအင် တည်နေရာအကြောင်း မေးပေလိမ့်မည်။

မိုဝူကျိက တည်ငြိမ်အောင် ထိန်းပြီးနောက် မတ်မတ်ရပ်လိုက်သည်။

အသံက ခဏတာ ရပ်တန့်သွားပြီး ဆက်ပြောလေသည် “ စန်းကျန့်ရှန်းဆီက မင်းရဲ့ အစီအရင်တာအိုက အတော်လေး ထူးချွန်ပြောင်မြောက်တယ်ဆိုတာ ကြားထားတယ်။ မင်းက

အဆင့် ၅ အစီအရင်ဘုရင်ဆိုတော့ ငါ မင်းအကူအညီ တစ်ခု လိုတယ် ”

မိုဝူကျိုက သက်ပြင်းချကာ ပြန်ဖြေလိုက်၏ “ စီနီယာ ပြောပါ .... ကျုပ်သာ လုပ်နိုင်တယ်ဆိုရင် အကောင်းဆုံး ကြိုးစားပြီး လုပ်ပေးပါ့မယ် ”

“အွန်း ... မင်း အရင်ဆုံး ပြန်သွားလိုက်ပါ။ အရင်းအမြစ် တိုက်ပွဲပြီးတော့မှ မင်းကို ထပ်လာရှာမယ်။ အရင်းအမြစ်တိုက်ပွဲက အန္တရာယ်များတယ်ဆိုပေမဲ့ မင်းရဲ့ ကံတရားအရ မင်းအသက်တော့ ဆုံးရှုံးလောက်အောင်အထိ ဖြစ်မှာ မဟုတ်ပါဘူး ”

မိုဝူကျိုက နှုတ်ဆက်ပြီးနောက် သေမျိုးနယ်မြေဆီ ပြန်လာလိုက်သည်။

.........................

သူ သေမျိုးနယ်မြေဆီ ပြန်လာပြီးနောက် ပထမဆုံး လုပ်သည့်အရာမှာ ယုံယွမ် နတ်ဆေးလုံး ဖော်စပ်ရန် အခန်းအောင်းသွားခြင်း ဖြစ်ပေသည်။

ဆေးလုံးတွင် ရှေးဟောင်းဆေးဖော်စပ်နည်း ပါရှိပြီး ဝမ်ရှီ ပြောသည့်အတိုင်း ကနဦး နတ်ဘုရားအသီးကို သန့်စင်ဖို့ အင်မတန် ခက်ခဲပေသည်။ ပုံမှန်အားဖြင့် လူများက ကနဦး နတ်ဘုရားအသီး ရရှိလာလျှင် တိုက်ရိုက်သာ စားသုံးလိုက်ကြ၏။ အဆီအနှစ် ရလာအောင် သန့်စင်ရန် ကိစ္စကား အဆင့် ၅ ဆေးလုံးဘုရင်ကို လိုအပ်ပေသည်။

တိုက်တိုက်ဆိုင်ဆိုင် မိုဝူကျိက အဆင့် ၅ ဆေးလုံးဘုရင် ဖြစ်နေပြီး ယခင်က နတ်ကျောက်စိမ်းဆေးလုံးကိုပင် ဖော်စပ်ဖူးလေသည်။ ကနဦး နတ်ဘုရားအသီးကို သန့်စင်ဖို့ရာ အဘယ်ကြောင့် ခက်ခဲနေဦးမည်နည်း။ အမှန်တော့ မိုဝူကျိက အဆင့် ၅ ဆေးလုံးဘုရင်အဆင့် မတက်လှမ်းရသေးလျှင်ပင် သူ့စိတ်ဝိညာဉ် သိုလှောင်ရေး လမ်းကြောင်း ပိုင်ဆိုင်ထားမှုက ကနဦး နတ်ဘုရားအသီးအား အလွယ်လေး သန့်စင်နိုင်ဖို့ လုံလောက်ပေသည်။

ကနဦး နတ်ဘုရားအသီးကို ဆေးမီးဖိုထဲ ထည့်လိုက်ပြီးနောက် မိုဝူကျိုက အညစ်အကြေးများကို ဖယ်ထုတ်ပစ်လိုက်သည်။ သူက အဆီအနှစ်များကို ဆက်လက် ပေါင်းစပ်ရင်း နတ်ဆေးလုံးအဖြစ် ဖွဲ့စည်းလိုက်သည်။

မိုဝူကျိုက သတိကြီးကြီး ထားထားသော်လည်း သူ့အနေနှင့် ယုံယွမ် နတ်ဆေးလုံး ကိုးလုံး ထွက်လာဖို့ရာ တစ်နာရီမျှသာ လိုအပ်လိုက်သည်။ ထို့အပြင် သူတို့ တစ်လုံးချင်းစီက ပြိုင်ဖက်ကင်းအဆင့် ဖြစ်ကြသည်။

ယုံယွမ် နတ်ဆေးလုံးကား ရှေးဟောင်းဆေးဖော်စပ်နည်း ဖြစ်သော်လည်း ဆေးမီးဖိုက ဆေးလုံး ၁၈ လုံး ထွက်မလာဘဲ အဆင့် ၃ အောက်ရှိ ဆေးလုံးများနှင့် မတူညီစွာ ကိုးလုံးသာ ထွက်လာခဲ့သည်။ မိုဝူကျို၏ ဆေးကိုးလုံးမှာ တစ်သုတ်စာအပြည့်နှင့် ညီမျှပေသည်။

ကနဦး နတ်ဘုရားအသီးသည် သာမာန် ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူများကို တဆင့်တိုးတက်လာစေသော်လည်း အသီးအတွင်းမှ အဆီအနှစ် စုပ်ယူခြင်းမှ ထိုမျှ မကောင်းပေ။ အားကောင်းသော ကျင့်ကြံသူများအနေနှင့် ၁၀ ရာခိုင်နှုန်းမှ ၂၀

ရခိုင်နှုန်းအတွင်းသာ စုပ်ယူနိုင်ကြပြီး ကနဦး နတ်ဘုရားအသီးမှ ထုတ်ဖော်ထားသော ယုံယွမ်နတ်ဆေးလုံးမှာ ရာနှုန်းပြည့် အကျိုးရှိလေသည်။

ပို၍ အရေးကြီးသည်က ယုံယွမ် နတ်ဆေးလုံးတွင် မိုးမြေစည်းမျည်းများ စိမ့်ဝင်နေသည်။ ကနဦး နတ်ဘုရားကျင့်ကြံသူများက မိုးမြေစည်းမျည်းများမှ အသိအမြင်များ ရလာပြီး နောက်တဆင့် တက်လှမ်းရခြင်းသာ ဖြစ်ပေသည်။

## အခန်း (၁၀၁၀) : အရင်းအမြစ် တိုက်ပွဲ

မိုဝူကျိုက ယုံယွမ် နတ်ဆေးလုံး ဒုတိယအသုတ်ကို မဖော်စပ်သေးပေ။ သူက နေရာကို သန့်သန့်ရှင်းရှင်း ပြင်လိုက်ပြီး ယုံယွမ် နတ်ဆေးလုံး တစ်လုံးကို သောက်သုံးလိုက်သည်။ လက်ရှိ သူက နတ်ဝိညာဉ်စွမ်းအား စုပ်ယူဖို့ရာ သူ့ချီသွေးကြော ၁၀၈

ခုလုံးဖြင့် အင်မော်တယ် မော်တယ်ကျင့်စဉ်ကို အားအပြည့် လှည့်ပတ်ထားလေသည်။

တခြားသူများက ဝိညာဉ်စွမ်းအား အတားအဆီး အစီအရင်များ ခင်းကျင်းထားကြသော်လည်း မိုဝူကျို၏ ကျင့်ကြံခြင်းက ထိုအစီအရင်အားလုံးကို တစစီ ဖြစ်သွားစေသည်။ အဆုံးမဲ့ နတ်ဝိညာဉ်စွမ်းအားများက သေမျိုးနယ်မြေအတွင်း ပြန်ရောက်ရှိလာပြီး နတ်ဝိညာဉ်စွမ်းအား ဝဲကယက်အဖြစ် ပြောင်းလဲသွားသည်။

ယခင် သူတို့ဘေးပတ်လည်ရှိ အင်အားစုများက သေမျိုးနယ်မြေဆီ နတ်ဝိညာဉ်စွမ်းအား ရောက်လာခြင်းအား တားဆီးရန် အတားအဆီးများ ချထားခဲ့နိုင်သည်မှာ မိုဝူကျိုက မကျင့်ကြံနေ၍ ဖြစ်သည်။ ယခု မိုဝူကျိုက ကျင့်ကြံလိုက်သည့်အခါ အတားအဆီး အစီအရင်အားလုံးက အသုံးမဝင်တော့ပေ။

နတ်ဝိညာဉ်စွမ်းအားများက အပြေးအလွှား ဝင်ရောက်လာကြပြီး မိုဝူကျိုက သူ့ခန္ဓာကိုယ်အတွင်းမှ စွမ်းအားတစ်ခု ပေါက်ထွက်လာဖို့ လိုအပ်နေကြောင်း ခံစားမိလိုက်သည်။

ယုံယွမ် နတ်ဆေးလုံး၏ အစွမ်းအာနိသင်က ချက်ချင်းလက်ငင်း ပြလာသည်။ အစပိုင်းတွင် မိုဝူကျိုက ကနဦး နတ်ဘုရားအဆင့် ၁၁ သို့ တက်လှမ်းရန် နှစ်နှစ်တာမျှ အချိန်ယူရန် ကြံစည်ထားပေသည်။ ယုံယွမ် နတ်ဆေးလုံးမှ ထွက်ပေါ်လာသော သဘာဝစွမ်းအားလှိုင်းကြောင့် မိုဝူကျိုက သက်သက်သာသာဖြင့် ကနဦး နတ်ဘုရားအဆင့် ၁၁ သို့ ရောက်ရှိသွားတော့သည်။

ဆယ်ရက်တာ အနေအထားပြုပြင်ပြီးနောက် သဘာဝစွမ်းအားနှင့်အတူ ပေါင်းစပ်နေသော မြောက်များစွာသော နတ်ဝိညာဉ်စွမ်းအားတို့မှာ မိုဝူကျို၏ စုပ်ယူခြင်းကို ခံလိုက်ရတော့သည်။

မိုဝူကျိုက သူ့ကျင့်ကြံဆင့်မှာ ဆက်တိုက် မြင့်နေကြောင်း အာရုံခံမိလိုက်ပြီး ရက်များစွာ ကြာပြီးသည့်တိုင် သူသည် ဆေးတစ်လုံးတည်းဖြင့် ကနဦး နတ်ဘုရားအဆင့် ၁၂၏ အတားအဆီးအထိ မရောက်သေးကြောင်း သိသည့်အခါ မအံ့သြသွားမိပေ။

**ဒုတိယ ယုံယွမ် နတ်ဆေးလုံး၊ တတိယ ဆေးလုံး .....**

မိုဝူကျိုက ခြောက်လုံးမြောက် ယုံယွမ်နတ်ဆေးလုံးကို မျိုချလိုက်သည့်အခါ သူ့ကျင့်ကြံဆင့်မှာ ကနဦး နတ်ဘုရားအဆင့် ၁၁ ၌ ဝေ့လည်လည် ဖြစ်နေသည်။ သူက ဤသို့မျိုး ဆေးလုံးမှာ သူ့အတွက် တစ်ကြိမ်တစ်ခါသာ အလုပ်ဖြစ်မည်မှန်း သိလိုက်တော့သည်။

ဆေးခြောက်လုံးကို ဖြုန်းပြီးနောက် သူက ကနဦး နတ်ဘုရားအဆင့် ၁၁ မှ အဆင့် ၁၁ အထွတ်အထိပ်သို့ ရောက်ရှိသွားရုံသာ ဖြစ်၏။

ဤသို့မျိုး ဆေးလုံးများမှာ အကူမျှသာ အသုံးဝင်ပြီး အပြည့်အဝ မှီခိုထား၍ မဖြစ်ပေ။

မိုဝူကျို စိတ်မှာ တည်ငြိမ်နေသည်။ တစ်လအတွင်း ကနဦး နတ်ဘုရားအဆင့် ၁၁ သို့ တက်လှမ်းသွားနိုင်ရန်အတွက် သူ့ဆေးလုံး ဖော်စပ်နည်း ဝယ်ယူလိုက်ခြင်းမှာ တန်ပေသည်။ ဤသို့ အဆင့်ငယ်လေးကလည်း သူ့အသက်ကို ကယ်တင်ပေးနိုင်သည်။

နောက်ထပ် ဆယ်ရက်တာ ကျင့်ကြံပြီးနောက် မိုဝူကျိုက ပိုင်ယွဲ့ထံမှ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ အရင်းအမြစ်

တိုက်ပွဲ စတင်တော့မည် ဖြစ်ကြောင်း အကြောင်းကြားစာ ရောက်လာသည်။

မိုဝူကျိက ချက်ချင်းဆိုသလို သန့်ရှင်းရေး လုပ်ပြီးနောက် ကျင့်ကြံရေး နေရာမှ ထွက်လာလိုက်သည်။ ချီချွမ်းကလည်း အသည်းအသန် ကျင့်ကြံနေဆဲ ဖြစ်၏။ ရှိုက်ကောသည်လည်း တိုးတက်လာကာ ကနဦး နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့်ဆီ ရောက်လုနီးပါး ဖြစ်နေလေပြီ။ တာ့ဟွမ်၏ တိုးတက်နှုန်းက ပို၍ ပြင်းထန်ပေသည်။ သူက ကနဦး နတ်ဘုရားအဆင့် ၈ သို့ ရောက်ရှိနေပြီ ဖြစ်၏။

တာ့ဟွမ်က အသိဉာဏ်နှင့် ချီသွေးကြော ပိုင်ဆိုင်ထားသော်ငြား ယုံယွမ်နတ်ဆေးလုံးသည် သူ့အတွက် များစွာ အကျိုးမရှိပေ။

မိုဝူကျိက ကြာကြာ မစောင့်လိုက်ရဘဲ ပိုင်ယွဲ့ ရောက်ရှိလာသည်။ ပိုင်ယွဲ့ တက်ကြွနေသည်ကို မြင်၍ မိုဝူကျိက သူ လိုချင်နေသည့် လျို့ဝှက်တိုက်ကွက် ကျင့်စဉ် ရခဲ့ကြောင်း သိလိုက်သည်။

“ ဝူကျိ … ကျေးဇူးပါကွာ။ တကယ်လို့ ငါ ကိုင်ကျိကို အနိုင်မတိုက်နိုင်ရင်တောင် သူ ငါ့ကို အလွယ်လေး သတ်နိုင်မှာ မဟုတ်တော့ဘူး ” ပိုင်ယွဲ့က ယုံကြည်ချက်ရှိရှိ ပြောလိုက်သည်။

“ မင်းက ရည်မှန်းချက် နည်းတာကွာ။ တကယ်လို့ မင်းအနေနဲ့ သူက မင်းကို အလွယ်လေး မသတ်နိုင်ပါဘူးလို့ ဆက်တွေးနေရင် မင်း တိုးတက်လာမှာ မဟုတ်ဘူး။ မင်း သူ့ကို ဘယ်လိုဖယ်ရှားရမလဲဆိုတာ တွေးထားသင့်တယ်” မိုဝူကျိုက ပိုင်ယွဲ့ နောက်ကျောအား ပုတ်ပေးလိုက်ရင်း ပြောလိုက်သည်။

သူက မိုဝူကျို စနောက်နေမှန်း သိသော်လည်း ပိုင်ယွဲ့က လေးလေးနက်နက် မျက်နှာထားဖြင့် “ စီနီယာအစ်ကိုကြီးရဲ့ စကားတွေက မှန်တယ်။ သေချာမှတ်သားထားပါ့မယ် ”

“ မင်း ဒီလောက်ကြီး အလေးအနက် ထားနေစရာလည်း မလိုပါဘူး။ ငါ စွမ်းအားစုစည်းရေး အစီအရင် ခင်းကျင်းပေးလိုက်ဦးမယ်။ ပြီးတာနဲ့ နိဗ္ဗာန်အသိပညာရပ် စင်မြင့်ဆီ အတူတူ သွားကြမယ် ” မိုဝူကျိုက ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြော အသုံးပြုပြီး ချီချွမ်း၊ တာ့ဟွမ်နှင့် ရှိုက်ကောတို့အတွက် အတွင်းပိုင်း စွမ်းအားစုစည်းရေး အစီအရင် ခင်းကျင်းပေးဖို့ ရည်ရွယ်ထားသည်။ ထိုစွမ်းအားစုစည်းရေး အစီအရင်က သူ ထုတ်ယူထားသော နတ်ဝိညာဉ်သွေးကြောမှ

စွမ်းအားများကိုသာ စုပ်ယူပေလိမ့်မည်။ ဂိုဏ်းရှိ နတ်ဝိညာဉ်စွမ်းအားများနှင့် ပတ်သတ်မှု ရှိမနေပေ။

မိုဝူကျိုက နိဗ္ဗာန်အသိပညာရပ် စင်မြင့်ကို ယခင်က ကြားဖူးပေသည်။ သူက ဤသည်မှာ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၌ အလှပဆုံးနေရာများအနက် တစ်ခု ဖြစ်ပြီး အရေးကြီး ပွဲများ ကျင်းပရာ နေရာဖြစ်ကြောင်းလည်း သိထားသည်။

သူနှင့် ပိုင်ယွဲ့တို့ နိဗ္ဗာန်အသိပညာရပ်စင်မြင့်ဆီ ရောက်ရှိလာပြီးနောက် ဤနေရာသည် မည်မျှ ကြီးကျယ်ထည်ဝါကြောင်း သတိပြုမိလိုက်တော့သည်။

အလယ်တွင် လွှင့်မျှောနေသော ရောမကျောက်တုံးကြီးကို စိမ်းစိုလှပသော နွယ်ပင်များနှင့် ဝန်းရံထားသည်။ ထိုကျောက်တုံးပေါ်မှ အထက်အောက် စီးဆင်းနေသည့် မြစ်များလည်း ရှိနေသလို ရေစီးကြောင်းကို ဆန်တက်၍ ကူးခတ်နေသည့် ငါးများလည်း ရှိနေသည်။

လွှင့်မျှောနေသော ကျောက်တုံးကြီးနှင့် မျက်နှာချင်းဆိုင်ဘက်တွင် ရောမ ပန်းအနီကြီး ရှိသည်။

မိုဝူကျိုက ထိုပန်းကို မှတ်မိပေသည်။ နာမည်မှာ မန်ဂျူဆာဝါ လို့ ခေါ်ပြီး တရုတ်နာမည်အရ ပင့်ကူနီ လီလီပန်း ဖြစ်ပေသည်။ တချို့တလေက နိဗ္ဗာနပန်းလို့ပင် ခေါ်ဆိုကြ၏။

ထိုကျောက်စင်မြင့်ကြီးပေါ်တွင် အနည်းဆုံး လူ တစ်သောင်းမှ နှစ်သောင်းကြား စုဝေးနေကြသည်။ ထို့အပြင် ဆက်တိုက် ရောက်ရှိလာနေသည့် ကောင်းကင်နတ်ဘုရားများလည်း ရှိနေသေး၏။

ပိုင်ယွဲ့နှင့် မိုဝူကျိုတို့ ရောက်ရှိလာသည့်အခါ သတ်ဖြတ်ငွေ့ကို ခံစားမိလိုက်ကြသည်။ ထိုနောက်ကွယ်၌ သူတို့ကို စိုက်ကြည့်နေသည့် ကိုင်ကျို ရှိနေသည်။ ထိုသတ်ဖြတ်ငွေ့များမှာ ကိုင်ကျိုဆီမှ ဖြစ်ပြီး ဖုံးကွယ်ထားဖို့ပင် ရည်ရွယ်ချက် ရှိသည့်ပုံ မပေါ်ပေ။

ကိုင်ကျို၏ သတ်ဖြတ်ငွေ့များကို မိုဝူကျိုက လျစ်လျူရှုထားလိုက်သည်။ သူ့အား အံ့အားသင့်သွားစေသည်က ကိုင်ကျိုဘေးတွင် အမျိုးသမီး နှစ်ဦး ရှိနေသည်။ ဝမ်ရှီက ကိုင်ကျိုဘေး ရပ်နေသည်မှာ မထူးဆန်းပေ။ ထိုအမျိုးသမီးက

ကောင်းကင်နတ်ဘုရား အဆင့် ၆ မဟုတ်ပါလော။ ထို့ကြောင့် သူမအနေနှင့် တိုက်ပွဲ ပြိုင်ဖို့ရာ အရည်အချင်း ပြည့်မှီပေသည်။

**နတ်မိမယ်လေး မိန်းမလှလေး ဝမ်ရု လည်း ဝင်ပြိုင်မည်တဲ့လား ...**

**သူမက ကနဦး နတ်ဘုရားအဆင့် ၆ သာ ရှိသေးလေရာ သူမက ကိုယ့်သေတွင်းကို တူးနေသလို ဖြစ်မနေဘူးလား ...**

ပိုင်ယွဲ့က မိုဝူကျိဘေး ရပ်နေရင်း မိုဝူကျိက ဝမ်ရုကို စိုက်ကြည့်နေကြောင်း သတိပြုမိလိုက်သည့်အခါ တီးတိုးပြောလိုက်သည် " ဝူကျိ ... အဲဒီ ကောင်မလေးကို ကြည့်မနေနဲ့။ သူမက အကျင့်လေး မဆိုးပေမဲ့ လူအများကြီးက သူမကို စိုက်ကြည့်နေကြတာ။ အရင်းအမြစ်တိုက်ပွဲကတော့ သူမနဲ့ လုမဲ့သူ ရှိပါ့မလားတောင် မသိဘူး။ အားလုံးက သူမ အဆင့်တက်လှမ်းဖို့ အခွင့်အရေးရှာချင်လို့ ဝင်ပြိုင်တယ်ဆိုတာ သိနေကြတာပဲလေ "

မိုဝူကျိက ခေါင်းညိတ်လိုက်သော်လည်း ဘာမှမပြောပေ။

အချိန်တော်တော်ကြာကြာ စောင့်ဆိုင်းပြီးနောက် ပုံရိပ်တစ်ခု ဆင်းသက်လာသည်။

အသားညိုညို ရှိပြီး အဝါရောင်ဝတ်ရုံ ဝတ်ဆင်ထားသည့် လူလတ်အမျိုးသားတစ်ဦး ဖြစ်၏။ သူက ဆံပင်ကို ထုံးထားလေသည်။ မိုဝူကျို ခံစားလိုက်ရသော ကြီးကြီးကျယ်ကျယ် စွမ်းအားအရ ထိုသူသည် သေချာပေါက် နတ်ဘုရားဘုရင် ထိပ်တန်းအဆင့်သာ ဖြစ်ပေလိမ့်မည်။

ဝတ်ရုံဝါနှင့် အမျိုးသားက လူအုပ်ကြီးကို ဝေ့ကြည့်လိုက်သည့်အခါ မိုဝူကျို တစ်ယောက် ရေခဲရေနှင့် အလောင်းခံရသလို ခံစားမိသွားသည်။ မိုဝူကျို၏ ခန့်မှန်းချက်အရ ထိုသူသည် ယခင်က မြောက်များစွာသော လူများကို သတ်ဖြတ်ခဲ့၍သာ ဤကဲ့သို့ အေးစက်စက် သတ်ဖြတ်ငွေ့များ ရှိနေခြင်း ဖြစ်ပေလိမ့်မည်။

“ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ တစ်ရာစုမှာ တစ်ကြိမ် ကျင်းပလေ့ရှိတဲ့ အရင်းအမြစ်တိုက်ပွဲ ပြန်လည် ရောက်ရှိလာပါပြီ။ အားလုံးက စည်းမျည်းတွေကို သိကြမယ်ဆိုပေမဲ့ နောက်တစ်ခေါက် ထပ်ရှင်းပြမယ် ”

မိုဝူကျိုက သူ့ဘာသာ တွေးလိုက်မိ၏ “ ငါလေး စည်းမျည်းတွေ မသိဘူးလေ ”

ဝတ်ရုံဝါနှင့် အမျိုးသားက နွေးနွေးထွေးထွေး ပြောလိုက်သည် “ ကနဦး နတ်ဘုရားအဆင့်နဲ့ ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူတွေပဲ ဝင်ပြိုင်ခွင့် ရှိတယ်။ ထိပ်ဆုံး အယောက် တစ်ထောင်က ဆုတွေ ရလိမ့်မယ်။ ပထမနေရာက အဆင့် ၆ စွမ်းအားစုစည်းရေး အစီအရင် ခင်းကျင်းခွင့်၊ နိဗ္ဗာနအမှတ်ပေါင်း တစ်သိန်းနဲ့ တစ်နှစ်တာ နတ်ဝိညာဉ်ကျင့်ကြံရေး နယ်မြေမှာ ကျင့်ကြံဖို့ နေရာ တစ်ရာစာ အခွင့်အရေး ရရှိမယ်။ ပြီးတော့ ကျောင်းတော်ရဲ့ ဆေးပင်လျှို့ဝှက်နယ်မြေမှာ တစ်လတာ ဝင်ခွင့် ၁၀၀စာလည်း ရရှိမယ် ....

ဒုတိယနေရာကနေ ဆယ်ယောက်မြောက်အထိက အဆင့် ၅ စွမ်းအားစုစည်းရေး အစီအရင်နဲ့ နိဗ္ဗာန အမှတ်ပေါင်း သုံးသောင်းစီ ရမယ်။ ပြီးတော့ ကျင့်ကြံရေး နယ်မြေမှာ ဝင်ခွင့် ဆယ်ခုစာ အခွင့်အရေး ရရှိပြီးတော့ ဆေးပင်လျှို့ဝှက်နယ်မြေထဲ တစ်လတာ ဝင်ခွင့် ဆယ်ခုစာ အခွင့်အရေး ရမယ် .....

၁၁ ယောက်မြောက်ကနေ ၁၀၀ အထိက အဆင့် ၄ စွမ်းအားစုစည်းရေး အစီအရင် ခင်းကျင်းခွင့် ရပြီးတော့ နိဗ္ဗာန အမှတ် သုံးထောင်စီ ရမယ် ”

မိုဂူကျိုက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်သည် မည်မျှ ချမ်းသာကြွယ်ဝကြောင်းကို ကြားပြီး အတော်လေး အံ့အားသင့်သွားသည်။ ကျင့်ကြံရေး အရင်းအမြစ်များကို ပြောပြီးနောက် သူက မှော်ရတနာ အရင်းအမြစ်များအကြောင်းကိုလည်း ပြောခဲ့သည်။ မိုဂူကျိုက ထိုအရင်းအမြစ်အများစုမှာ ပထမနေရာကိုသာ ဆုချီးမြှင့်ခြင်း ဖြစ်ကြောင်း သတိပြုမိလိုက်၏။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်သည် အင်အားစုတစ်ခုကို ပြုစုပျိုးထောင်ပေးပြီး ယခင်ထက် အားကောင်းအောင် လုပ်ပေးဖို့ ကြိုးစားနေခြင်းသာ ဖြစ်ပေသည်။

တစ်နာရီကျော်ကြာ ပြောပြီးနောက် ဝတ်ရုံဝါနှင့် နတ်ဘုရားဘုရင်က သူ့ရှင်းပြချက်အား အဆုံးသတ်လိုက်တော့သည်။

ထို့နောက် ဝတ်ရုံဝါနှင့် အမျိုးသားက ဆက်မပြောခင် ခဏတာ ရပ်လိုက်ပြီး “ ဒီတစ်ခါ အရင်းအမြစ်တိုက်ပွဲအတွက် မတူညီတဲ့ စစ်ဆေးမှု နှစ်မျိုး ရှိတယ်။ ပထမဆုံးက ကျောင်းတော်ရဲ့

ကျင့်ကြံရေး လျို့ဝှက်နယ်မြေဆီ ဝင်ပြီး အရင်းအမြစ် ကျောက်ပြား လိုက်ရှာရမယ် ”

ထိုသို့ပြောပြီးနောက် ဝတ်ရုံဝါနှင့် နတ်ဘုရားဘုရင်က လက်ဝါးအရွယ်ရှိ အနက်ရောင်ကျောက်ပြားကို ထုတ်ကာ ပြောလိုက်သည် “ ဒါက အရင်းအမြစ် ကျောက်ပြားပဲ … အရင်းအမြစ် ကျောက်ပြားရဲ့ အရေအတွက်က ပါဝင်မဲ့ ကျင့်ကြံသူအရေအတွက်ပေါ် မူတည်နေတယ်။ ဒါက တစ်ယောက်ကို တစ်ခုနှုန်းနဲ့ဆိုတော့ ကျောက်ပြားတစ်ခုချင်းစီက တစ်မှတ်တန်တယ်။ ကျောက်ပြား များများ စုဆောင်းမိတာက အမှတ်များများ စုဆောင်းမိတာနဲ့ အတူတူပဲ

ပါဝင်မဲ့ တပည့်တွေကို တစ်ခု သတိပေးစရာ ရှိသေးတယ်။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ အရင်းအမြစ် လျို့ဝှက်နယ်မြေက အမြဲတမ်း နယ်မြေအသစ်ပဲ။ ဘယ်သူကမှ အဲဒီနေရာကို မရှာဖူးဘူး။ ဒါကြောင့်မလို့ မင်းတို့တွေ လျို့ဝှက်နယ်မြေထဲ ဝင်သွားတာနဲ့ ပြိုင်ပွဲက စတင်ပြီ။ လျို့ဝှက်နယ်မြေက ရတနာအများကြီး ရှိနေတာဆိုတော့ ဘယ်သူပဲ ရရ သိမ်ထားခွင့် ရှိတယ်။ မင်းတို့တွေ

ဘာရလာတယ်ဆိုတာ ကျောင်းတော်ကို ပြန်ပြီး တင်ပြစရာ မလိုဘူး။ အရင်းအမြစ်တိုက်ပွဲထဲ ဝင်ပြီးသွားရင် မင်းတို့ရဲ့ သေခြင်းရှင်ခြင်းက မင်းတို့အပေါ်မှာပဲ တာဝန်ရှိတယ်။ တကယ်လို့ ကြောက်နေရင် အခု နောက်ပြန်ဆုတ်လို့ ရသေးတယ် ”

မည်သူကမှ နောက်ပြန်မဆုတ်ကြပေ။ လူဘယ်လောက်ကများ သေခြင်းတရားကို ကြောက်ရွံ့နေမည်နည်း။ လူအားလုံးက သေမင်းနှုတ်ခမ်းဝ ဖြတ်ကျော်ခဲ့ကြသူများသာ ဖြစ်ကြသည်။ ကြောက်ရွံ့နေသူများသည် ဤနေရာအထိပင် ရောက်လာမည် မဟုတ်ပေ။

ဝတ်ရုံဝါနှင့် နတ်ဘုရားဘုရင်သည် မည်သူမှ နောက်ဆုတ်မည် မဟုတ်ကြောင်း သိပြီး သူက ခေါင်းတစ်ချက် ညိတ်ကာ ဆက်ပြောလိုက်သည် “ ဒုတိယ စစ်ဆေးမှုက ပထမစစ်ဆေးမှုပြီးမှ စလိမ့်မယ်။ အရင်းအမြစ် ကျောက်ပြားရှာဖို့ လျို့ဝှက်နယ်မြေထဲ မဝင်ခင် အားလုံးကို အရင်ဆုံး အသိပေးရဦးမယ်။ မင်းတို့က ဘယ်နေရာက ဖြစ်ဖြစ် မင်းတို့ ရလာတဲ့ ဆုလာဘ်က မင်းတို့တစ်ဦးတည်း အပိုင်ပဲ။ ဒါပေမဲ့ စွမ်းအားစုစည်းရေး အစီအရင်လိုမျိုး ဆုလာဘ်က တခြားသူတွေနဲ့

စုလို့ ရတယ်။ အဆင့် ၃ စွမ်းအားစုစည်းရေး အစီအရင် နေရာတစ်ရာစာကို ပေါင်းလိုက်ရင် အဆင့် ၄ စွမ်းအားစုစည်းရေး အစီအရင်ကို ခင်းကျင်းနိုင်ခွင့် ရမယ်။ အဆင့် ၄ စွမ်းအားစုစည်းရေး အစီအရင် ဆယ်နေရာစာကို ပေါင်းလိုက်ရင် အဆင့် ၅ စွမ်းအားစုစည်းရေး အစီအရင်ကို ခင်းကျင်းခွင့် ရလိမ့်မယ် ... ”

ဝတ်ရုံဝါနှင့် နတ်ဘုရားဘုရင်က ခဏတာ တမင်သပ်သပ် ရပ်ထားလိုက်သည်။ မည်သူကမှ မဆန့်ကျင်ကြောင်း မြင်ပြီးနောက် သူက အစီအရင်အလံ ဆယ်ခုကို ထုတ်လိုက်သည်။

ကျောက်တုံးပေါ်၌ အာကာပြင် အစီအရင်ဂိတ်ပေါက်တစ်ခု ရုတ်ချည်း ပေါ်လာသည်။

“ ကောင်းပြီ ... ပါဝင်ယှဉ်ပြိုင်မဲ့ တပည့်တို့ အာကာပြင် ကူးသန်းရေး အစီအရင်ကနေ ဖြတ်ပြီး ဝင်လို့ ရပြီ။ ဒါက မင်းတို့ကို အရင်းအမြစ်ကျောက်ပြား ရှာဖို့ လျှို့ဝှက်နယ်မြေဆီ ခေါ်သွားပေးလိမ့်မယ်။ အချိန်ကာလက တစ်နှစ်ဖြစ်ပြီးတော့ တစ်နှစ်ပြည့်တာနဲ့ အားလုံးက နိဗ္ဗာန်အသိပညာရပ် စင်မြင့်ဆီ

ပြန်ရောက်လာလိမ့်မယ် ” နတ်ဘုရားဘုရင်က ဂိတ်ပေါက်ကို ညွှန်ပြကာ ပြောလိုက်သည်။

မိုဝူကျိက ပထမစစ်ဆေးမှုသည် တစ်နှစ်ကြာမြင့်လိမ့်မည်ဟု မထင်ထားပေ။ အကယ်၍ သူသာ သိခဲ့လျှင် ရှိုက်ကောနှင့် တာ့ဟွမ်ကိုလည်း သူနှင့်အတူ ခေါ်လာပေမည်။

“ ဝူကျိ … ငါတို့တွေ အာကာပြင် အစီအရင်ထဲ ဝင်သွားရင် သေချာပေါက် အတူတူ ရှိမှာ မဟုတ်တော့ဘူး။ လျို့ဝှက်နယ်မြေရဲ့ စည်းမျည်းတွေကြောင့် ငါတို့တွေ ကောင်းကောင်း ဆက်သွယ်လို့လည်း ရမှာ မဟုတ်ဘူး။ အဲဒါကြောင့် မင်း ဂရုစိုက်နော် ” ပိုင်ယွဲ့က စိုးရိမ်စွာ ပြောလိုက်သည်။

မိုဝူကျိက မည်သို့ပင် အားကောင်းစေကာမူ ကနဦး နတ်ဘုရားအဆင့်သာ ရှိနေသေး၏။

**အခန်း (၁၀၁၁) : အရင်းအမြစ် ကျောက်ပြားအတွက် တိုက်ပွဲ**

“ မင်းလည်း ကိုယ့်ဘာသာ ဂရုစိုက်ဦး ... ငါ့အတွက်တော့ စိတ်မပူနေနဲ့ ” မိုဝူကျိုက ရယ်မောရင်း ပြောလိုက်သည်။

သူ့စိတ်စွမ်းအားက ကိုင်ကျိဆီ ရောက်ရှိသွားသည်။ အကယ်၍ ဖြစ်နိုင်ပါက မိုဝူကျိုက ကိုင်ကျိအပေါ်တွင် စိတ်ဝိညာဉ်အမှတ်အသား ချန်ထားမိချင်သည်။ သို့သော်လည်း ထိုအရာက အတွေးတစ်ခုအဖြစ်သာ အဆုံးသတ်သွားလေ၏။ မိုဝူကျိုက သူ့အင်အားသည် ကန့်သတ်ချက် ရှိကြောင်း သိပေသည်။ ဝတ်ရုံဝါနှင့် နတ်ဘုရားဘုရင်က မိုဝူကျို၏ အပြုအမူကို တန်းသတိထားမိပေလိမ့်မည်။

“ အဲဆို ငါ အရင်သွားနှင့်ပြီ။ မင်းလည်း မြန်မြန် သွားတော့ ... မင်း စောစော ဝင်လေလေ ရတနာ ပိုရလေလေပဲ ” ထိုသို့ပြောပြီးနောက် ပိုင်ယွဲ့က လူအုပ်ကြားထဲ တိုးဝှေ့ရင်း မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

မိုဝူကျိုက ပိုင်ယွဲ့နောက် လိုက်တော့မည့်ဆဲဆဲတွင် ကိုင်ကျိက အရှိန်ပြင်းပြင်းဖြင့် သူ့နောက် ရောက်လာကြောင်း အာရုံခံလိုက်မိ၏။

သိပ်မကြာခင် မိုဝူကျိုက ကိုင်ကျို ဘာလုပ်ဖို့ ကြိုးစားနေသည်ကို သဘောပေါက်သွားသည်။ ဤလူ၏ လက်က အနည်းငယ် လှုပ်ခါသွားကာ မိုဝူကျိုအပေါ် လျို့ဝှက် စိတ်ဝိညာဉ် အမှတ်အသားကို ချန်ထားဖို့ ကြိုးစားနေခြင်း ဖြစ်ပေသည်။

မိုဝူကျိုပင် ဆွံ့အမိသွား၏။ မိုဝူကျို၏ အားကြီးလှသော စိတ်စွမ်းအားနှင့် စိတ်ဝိညာဉ် သိုလှောင်ရေး လမ်းကြောင်းမှ စိတ်စွမ်းအားတို့ဖြင့် ကိုင်ကျိုက လောကနတ်ဘုရား ဖြစ်နေလျှင်ပင် သူ့အနေနှင့် မိုဝူကျိုအား သတိမပြုမိစေဘဲ စိတ်ဝိညာဉ် အမှတ်အသား ချန်ထားခဲ့နိုင်မည် မဟုတ်ပေ။ ယခုမှာမူ သူကား ကောင်းကင်နတ်ဘုရားအဆင့်သာ ရှိနေသေး၏။

မိုဝူကျိုက ကိုင်ကျို၏ အပြုအမူကို နတ်ဘုရားဘုရင် သတိမထားမိလောက်ဟု မထင်မိပေ။ သို့သော်လည်း ကိုင်ကျို လှုပ်ရှားပြီးနောက် နတ်ဘုရားဘုရင်က ဘာမှမမြင်သည့်အလား မတုန်မလှုပ် ကျန်ရှိနေသေးသည်။

ထိုစဉ် မိုဝူကျိုက ထိုနတ်ဘုရားဘုရင်သည် အပြန်သီးသန့် နတ်ဘုရားဂိုဏ်းမှ မဖြစ်လျှင်ပင် သူတို့နှင့် အလွန်နီးကပ်သည့်သူ ဖြစ်မည်မှန်း သိလိုက်သည်။

မိုဝူကျိ၏ အကျင့်စရိုက်အရ ကိုင်ကျိအပေါ်တွင်လည်း စိတ်ဝိညာဉ် အမှတ်အသား ပြန်၍ ချန်ထားမိပေလိမ့်မည်။

သို့သော် ယခုတွင် နတ်ဘုရားဘုရင်၏ အပြုအမူကို မြင်တွေ့ပြီးနောက် မိုဝူကျိက ပြန်လည် မတုံ့ပြန်ဖို့ရာသာ ရွေးချယ်လိုက်သည်။ အကယ်၍ သူ လုပ်လိုက်ပါက သူ လျို့ဝှက်နယ်မြေထဲ မဝင်နိုင်ခင် နတ်ဘုရားဘုရင်က သူ့အား သေသည့်အထိ ရိုက်သတ်ပေလိမ့်မည်။ ထိုနတ်ဘုရားဘုရင်က ကိုင်ကျိ၏ အပြုအမူကို မသိချင်ယောင်ဆောင်နေသော်လည်း မိုဝူကျိသာ အတူတူ လုပ်မည်ဆိုပါက သူက ချက်ချင်း မိသွားပေလိမ့်မည်။

မိုဝူကျိက စိတ်ဝိညာဉ် အမှတ်အသားကို သတိမပြုမိသည့်အလား ဟန်ဆောင်နေရင်း အာကာပြင် ဂိတ်ပေါက်ဆီသာ တည်တည်ငြိမ်ငြိမ် သွားလိုက်သည်။

ပြင်းထန်သော အာကာပြင် မတည်ငြိမ်မှုများကို ခံစားမိသော်လည်း သူ့အားကောင်းလှသော စိတ်စွမ်းအားတို့ကြောင့် မိုဝူကျိက သတိနိုးကြားလျက် နေနိုင်ခဲ့သည်။

မိုဝူကျိုက စန်းကျန့်ရှန်း တစ်ယောက်သာ ဤသို့မျိုး အာကာပြင် ကူးသန်းရေး အစီအရင်ကို ခင်းကျင်းနိုင်လိမ့်မည်ဟု မရေမရာ ဖြစ်မိသွားသည်။

ထိုအစီအရင်အတွင်း မိုဝူကျိုက အချိန် အပြောင်းအလဲကို မခံစားမိပေ။ သူက အာကာပြင် မငြိမ်မသက်မှုများသည့် ကျောက်တုံးကြီးအား မြေဆွဲအား၏ ဆွဲငင်ခြင်း ခံလိုက်ရသလို ဟင်းလင်းပြင်ထဲ ရောက်ရှိသွားသည့်အလား ဖြစ်၏။

မိုဝူကျိုတွင် စိတ်ဝိညာဉ် သိုလှောင်ရေး အစီအရင် ရှိနေသော်လည်း မိုဝူကျိုက မြေပြင်ပေါ် ရောက်လာသည့်အခါ ချိုင့်ကြီးတစ်ခု ဖြစ်သွားသည်။

“ ဝုန်း ” ဘေးပတ်လည်ရှိ မြေကြီးများက လွင့်စင်သွားပြီး မိုဝူကျိုက ဤသည်မှာ ကူးသန်းရေး အစီအရင်၏ တမင်သပ်သပ် လုပ်ဆောင်ချက်လားဟုပင် စဉ်းစားမိသွားသည်။

မိုဝူကျိုက မတ်မတ် ရပ်လိုက်နိုင်သည်နှင့် စိတ်စွမ်းအားကို အသုံးပြု၍ စစ်ဆေးကြည့်လိုက်သည်။ သူ့အား အံ့အားသင့်သွားစေသည်က ဤသည်မှာ နတ်ဝိညာဉ်စွမ်းအား

ပါးလွှာလွှာသာ ရှိပြီး စည်းမျည်းအပျက်များနှင့် ဂြိုလ်တစ်လုံး ဖြစ်နေသည်။

ထို့အပြင် ဤနေရာရှိ မြေဆွဲအားမှာ အတော်လေး အားကောင်းလှသည်။ အနည်းဆုံးတော့ ကမ္ဘာမြေရှိ မြေဆွဲအားထက် ဆယ်ဆမက အားကောင်းပေသည်။

မိုဂူကျိုက စိတ်ထဲ မထားပေ။ အကြောင်းမှာ နတ်ဘုရားကုန်းမြေနှင့် နတ်ဘုရားနယ်မြေတို့က အရမ်းကို ကျယ်ဝန်းပေသည်။ သို့သော်လည်း ထိုနေရာရှိ မြေဆွဲအားမှာ အားမကောင်းဘဲ ကမ္ဘာမြေထက်ပင် အားလျော့နေနိုင်သေး၏။ နတ်ဘုရားကုန်းမြေနှင့် နတ်ဘုရားနယ်မြေတွင် မိုးမြေစည်းမျည်းများ ရှိသည့်အပြင် သိပ်သည်းလှသော နတ်ဝိညာဉ်စွမ်းအားများလည်း ရှိပေသည်။ အကယ်၍ နတ်ဘုရားကုန်းမြေနှင့် နတ်ဘုရားနယ်မြေတို့၏ စည်းမျည်းများက တစ်ရက်ကျ ပျက်စီးသွားခဲ့လျှင် မြေဆွဲအားရှိနေဖို့ မလိုတော့ပေ။ ထိုမျက်နှာပြင်ကြီး နှစ်ခုနှင့်ပင် ထိုနေရာ နှစ်ခုလုံးအား ပြိုလဲပျက်စီးသွားဖို့ရာ လုံလောက်၏။

အာကာပြင်ထဲ၌ ဥက္ကာခဲများစွာ ရှိနေသည်မှာ ဂြိုလ်ပျက်များမှ ဖြစ်တည်လာခြင်းသာ ဖြစ်၏။

မိုဝူကျိုက ဝတ်စုံတစ်ခုလုံး မလဲခင် တိတ်ဆိတ်ငြိမ်သက်သည့် နေရာတစ်ခုကို ရှာတွေ့သွားသည်။ ထို့နောက် သူက မျက်နှာဖုံး တပ်ဆင်လိုက်ရင်း မြန်မြန် ထွက်သွားလိုက်သည်။

ဤနေရာကို ဝင်လိုက်ခြင်းက သတ်ဖြတ်ရေးအိမ်ထဲ ဝင်လိုက်ခြင်းနှင့် အတူတူ ဖြစ်ပေသည်။

ဤနေရာတွင် အရင်းအမြစ်ကျောက်ပြားများစွာ ရှိနေကောင်း ရှိနေနိုင်သော်လည်း လူတစ်ယောက်တည်းဖြင့် ကောင်းကောင်း လုပ်ဆောင်နိုင်မည် မဟုတ်ချေ။ လုယက်ခြင်းနှင့် ပူးပေါင်းခြင်းတို့ကသာ အရင်းအမြစ်ကျောက်ပြား များစွာ ရလာနိုင်သည်။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်က သူတို့ တပည့်များကို ကာကွယ်ပေးဖို့ မလုပ်ဆောင်ထားပေ။ အရင်းအမြစ်တိုက်ပွဲ ကျင်းပခြင်းအားဖြင့် သူတို့သည် တစ်ယောက်နှင့် တစ်ယောက် သတ်ဖြတ်ရန် အားပေးအားမြှောက် လုပ်ပေးသလို ဖြစ်နေ၏။

ဤသည်က အားကောင်းလှသော အဖွဲ့အစည်းတိုင်းနောက်ကွယ်တွင် အကောင်းဆုံး၊ အတော်ဆုံးကို ရွေးထုတ်ဖို့ရာအတွက် သွေးသံရဲရဲ တိုက်ပွဲများ ရှိနေတတ်ကြောင်း သက်သေပြနေခြင်းသာ ဖြစ်၏။

မိုဝူကျိက စိတ်ရှုပ်မခံတော့ပေ။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်က ညင်သာနွေးထွေးပြီး အချစ်များနှင့် လွှမ်းခြုံနေသည့် နေရာတစ်ခု ဖြစ်နေလျှင် သူတို့တွင် ပညာရှင်များ မည်မျှ ရှိစေကာမူ ဤမျှကြာရှည်သည့်အထိ မည်သို့ ဆက်လက်တည်ရှိနေနိုင်မည်နည်း။

မိုဝူကျိက မျက်နှာဖုံး တပ်ထားသော်လည်း သူ မဖယ်ရှားပစ်သည့် တစ်ခုတည်းသောအရာမှာ ကိုင်ကျိ၏ စိတ်ဝိညာဉ် အမှတ်အသား ဖြစ်၏။ ကိုင်ကျိက သူ့အား ရှာဖွေနေလောက်မည် ဖြစ်သလို သူကလည်း ကိုင်ကျိအား တွေ့ချင်မိသည်။

သူက စိတ်ဝိညာဉ်အမှတ်အသားကို ကိုင်ကျိအား မျှားခေါ်ဖို့ရာအတွက် မဖယ်ရှားပစ်ခြင်း ဖြစ်၏။ ကိုင်ကျိက မိုဝူကျိ

မျက်နှာဖုံး တပ်ထားမှန်း သိလျှင် မည်သို့ ဖြစ်သွားမည်နည်း။ သူ့အမြင်၌ ကိုင်ကျိုက သေလူ ဖြစ်နေပြီးသား ဖြစ်၏။

သူက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ မဟာကောင်းကင်နတ်ဘုရား ဆယ်ဦးအနက် အဆင့် ၆ ချိတ်သည်မှာ ဘာလုပ်ရမည်နည်း။ အကယ်၍ သူက မိုဝူကျိုကို သတ်လိုလျှင် သူ့အနေနှင့် မိုဝူကျိုဆီမှ သနားညှာတာမှုအား မမျှော်လင့်ထားသင့်ပေ။ အကယ်၍ ကျောင်းအုပ်၏ သားဖြစ်သူက မိုဝူကျိုကို သတ်ချင်လျှင်ပင် မိုဝူကျိုက ထပ်တူ ပြန်လည် ပေးဆပ်ခိုင်းမည် ဖြစ်ပေရာ အပြန်သီးသန့် နတ်ဘုရားဂိုဏ်းလောက်ကို စာဖွဲ့ ပြောနေစရာ မလိုချေ။

ဤဂြိုလ်ပေါ်ရှိ ချိန်နေသည့် စည်းမျဉ်းများကြောင့် မိုဝူကျို၏ အသိစိတ်ပင်လယ်မှ စိတ်စွမ်းအားမှာ မီတာ နှစ်ရာအထိသာ ဖြန့်ကျက်နိုင်ပေသည်။ သူ့အတွက် ကံကောင်းသွားသည်က သူ့စိတ်ဝိညာဉ် သိုလှောင်ရေး လမ်းကြောင်းမှ စိတ်စွမ်းအားမှာ မီတာထောင်ချီ ဖြန့်ကျက်၍ ရ၏။

ဤသည်က မိုဝူကျိုအတွက် အရင်းအမြစ်ကျောက်ပြားများ ရှာဖို့ရာ ပိုမိုလွယ်ကူသွားစေသည်။ သူ့စိတ်ဝိညာဉ် သိုလှောင်ရေး

လမ်းကြောင်းမှ စိတ်စွမ်းအားဖြင့် တခြားသူများထက် ဆယ်ဆမက ပိုမို လွယ်ကူပေလိမ့်မည်။

သိပ်မကြာခင် မိုဝူကျိုက သူ့ပထမဆုံး အရင်းအမြစ်ကျောက်ပြားကို ကျောက်တုံးတစ်တုံးအောက်တွင် တွေ့လိုက်ရသည်။ သူက တွေ့လိုက်ရခြင်း ဆိုတာထက် သူ့စိတ်စွမ်းအားဖြင့် အာရုံခံစားမိလိုက်ခြင်း ဖြစ်ပြီး အလွယ်တကူ ကောက်ယူနိုင်လိုက်သည်။

**ပထမ ကျောက်ပြားအပြီးတွင် ဒုတိယတစ်ခု … တတိယတစ်ခု …..**

နောက်ငါးရက်တာ ကြာပြီးနောက် မိုဝူကျိုက သူ့စိတ်စွမ်းအား အကျိုးကျေးဇူးဖြင့် အရင်းအမြစ်ကျောက်ပြား ၁၉၂ ပြားကို ရှာတွေ့ခဲ့သည်။

ထိုစဉ် မိုဝူကျို၏ အရင်းအမြစ် ကျောက်ပြား ရှာဖွေနှုန်းမှာ ထပ်မံမြင့်တက်လာပြန်သည်။ သူက အတွေ့အကြုံ ကြွယ်ဝသွားပြီ မဟုတ်ပါလော။ ထိုအရင်းအမြစ် ကျောက်ပြားများ နေရာချထားပုံမှာ အတော်လေး ထူးဆန်းလှပေသည်။ တချို့က ခမ်းခြောက်နေပြီးသား မြစ်အောက်ခြေတွင် ရှိပြီး တချို့ကား

ကျောက်တုံးထဲတွင် ရှိနေ၏။ မိုဝူကျိအား ဆွံ့အသွားစေဆုံးသော အရာမှာ ဟင်းလင်းပြင်ထဲ မျှော်လွှင့်နေသည့် အရင်းအမြစ်ကျောက်ပြားကို ရှာတွေ့စဉ်က ဖြစ်သည်။

ဆယ်ရက်တာ ကြာမြင့်ပြီးနောက် မိုဝူကျိက အရင်းအမြစ်ကျောက်ပြားများကို သည်းကြီးမည်းကြီး လိုက်ရှာနေသေး၏။ သူက အစပိုင်းတွင်သာ အရင်းအမြစ်ကျောက်ပြားများကို အကြောက်အလန့်ကင်းစွာဖြင့် အများကြီး ရှာနိုင်လိမ့်မည်မှန်း သေချာသိနေသည်။ ဤအချိန်ကာလလေး ပြီးဆုံးသွားပြီး ကျင့်ကြံသူများ ပြန့်နှံ့လာပါက သူ့စိတ်ဝိညာဉ် သိုလှောင်ရေး လမ်းကြောင်းရှိ စိတ်စွမ်းအား အသုံးပြုမှုမှာ သိသိသာသာ ကျဆင်းသွားလိမ့်မည်။ သူက တခြားကျင့်ကြံသူများကဲ့သို့ ဖြစ်သွားပြီး ဘာမှထူးခြားချက် ရှိတော့မည် မဟုတ်ပေ။

၂၅ ရက်မြောက်၌ မိုဝူကျိက အရင်းအမြစ်ကျောက်ပြားပေါင်း ၁၀၃၁ ကို စုဆောင်းပြီးပြီ ဖြစ်၏။ ထိုအချိန်၌ သူ အရင်းအမြစ်ကျောက်ပြား ရှာဖွေနှုန်းမှာ သိသိသာသာ နှေးကျသွားတော့သည်။

အစပိုင်းတွင် မိုဂူကျိုက တစ်ရက်တည်းဖြင့် အရင်းအမြစ်ကျောက်ပြား တစ်ရာကျော် ရှာနိုင်ခဲ့သည်။ လက်ရှိ၌ တစ်ရက်လျှင် ခြောက်ခု၊ ခုနှစ်ခု တွေ့သည်က အတော်လေး အံ့ဖွယ် ဖြစ်နေပြီ ဖြစ်၏။

မိုဂူကျိုက နောက်ထပ် အရင်းအမြစ် ကျောက်ပြားတစ်ခုကို တွေ့လိုက်သည်။ ထိုအရာက ခြောက်သွေ့နေသည့် သစ်ပင်အမြစ်အောက်တွင် ရှိနေသည်။ မိုဂူကျိုနှင့် မိုင်ထောင်ချီ ကွာဝေးနေသေးသော်လည်း မိုဂူကျို၏ လေလွှတ်မြောက်ရေး နည်းစနစ်ဖြင့် အသက်ရှူကိစ္စ အနည်းငယ်အတွင်း အနီးအနားသို့ ရောက်ရှိသွားသည်။ သူက လက်ကို ဆန့်တန်း၍ ကျောက်ပြားကို ကောက်ယူလိုက်သည်။

“ အရင်းအမြစ် ကျောက်ပြားနဲ့ သိုလှောင်လက်စွပ်ကို ချထားလိုက်စမ်း … ပြီးရင် ထွက်သွား ” မိုဂူကျိုက ကျောက်ပြားကို သိုလှောင်လက်စွပ်ထဲ ထည့်မသိမ်းခင် မှုန်မှိုင်းမှိုင်း အသံတစ်သံကို ကြားလိုက်ရသည်။

နောက်အခိုက်အတန့်လေး၌ အညိုရောင် ဝတ်စုံနှင့် ကျင့်ကြံသူတစ်ယောက် ရောက်ရှိလာသည်။

မိုဝူကျို၏ ခန့်မှန်းချက်အရ ထိုသူသည် ကောင်းကင်နတ်ဘုရား အဆင့် ၇ မှန်း ပြောနိုင်ပေသည်။ ကြည့်ရသည်မှာ ထိုသူက မိုဝူကျိုအား မသတ်ခင် ကျင့်ကြံဆင့်နိမ့်နေသည့်အတွက် အနိုင်ကျင့်လိုခြင်းသာ ဖြစ်ပေမည်။

ဤရက်များ၌ မိုဝူကျိုက ကျင့်ကြံသူတချို့ သွားလာနေသည်ကို သတိပြုမိလိုက်သည်။ မိုဝူကျိုက ကျောက်ပြား ကောက်ယူသည်မှာ မြန်ဆန်လွန်းသောကြောင့် တခြားသော ကျင့်ကြံသူများနှင့် အငြင်းအခုံ မလုပ်လိုပေ။ အကယ်၍ သူက တခြားသူများကို သတိပြုမိပါက တခြားတည်နေရာသို့သာ ရွှေးချယ်လိုက်၏။

ယခု တစ်ယောက်ယောက်က သူ့အား တားဆီးပြီး အရင်းအမြစ်ကျောက်ပြားများနှင့် လက်စွပ်ပင် ထုတ်ပေးခိုင်းနေလေရာ မိုဝူကျိုက သူနှင့် စကားပြောဖို့ပင် စိတ်မပါပေ။ မိုဝူကျိုက ဝဲကတော့ စွမ်းအားစက်ကွင်းကို ထုတ်ဖော်လိုက်ပြီးနောက် စွမ်းအားစက်ကွင်း ချေဖျက်လက်သီးချက်ကိုသာ ထုတ်လိုက်သည်။ တိုက်ခိုက်မှုထက် ပို၍ တည့်တိုးဆန်သည့် စကားလုံး မရှိချေ။

ဤကောင်းကင်နတ်ဘုရား အဆင့် ၇ ကျင့်ကြံသူက နတ်ဝိညာဉ်စွမ်းအား အငွေ့အသက် မရှိနေသည့် ကနဦး နတ်ဘုရားကျင့်ကြံသူလေးသည် သူ့အား အရင်ဦးစွာ တိုက်ခိုက်ရဲလိမ့်မည်ဟု မထင်ထားပေ။

သူက ရယ်မောလိုက်ရင်း မိုဝူကျိအား သေသည့်အထိ ရိုက်နှက်ရန် ပြင်ဆင်လိုက်သည့်အချိန် သူ့စိတ်ထဲ လေးလံမိသွားသည်။

မိုဝူကျိ၏ ဝဲကတော့ စွမ်းအားစက်ကွင်းက နတ်ဘုရားအုပ်စိုးသူ တစ်ယောက်အပိုင် အလား သူ့စွမ်းအားစက်ကွင်းကို ချက်ချင်း ဖိနှိပ်သွားသည်။ ထို့နောက် သူ့ဘေးပတ်လည်ရှိ အာကာပြင်မှာ လေးကန်လာသည်။

ဤသူက သူ့ထက် အားကောင်းနေမှန်း သိပြီးနောက် ကောင်းကင်နတ်ဘုရား အဆင့် ကျင့်ကြံသူက တုန်လှုပ်မိသွားသည်။ သူက ပြန်လည် မတိုက်ခိုက်နိုင်တော့ဘဲ အော်ပြောလိုက်သည် " ငါက ပြန်လည်မွေးဖွားခြင်း နတ်ဘုရားလမ်းစဉ်ဂိုဏ်းက ဟယ်ချန်းပဲ ... မင်း ... "

" ဖူး " သွေးမြူများက ပေါ်လာပြီး ဟယ်ချန်း၏ ခန္ဓာကိုယ်မှာ အပိုင်းပိုင်း အစစ ဖြစ်သွားတော့သည်။

မိုဝ္ဂူကျိုက သူ့လက်သီးတစ်ချက်ဖြင့် ကောင်းကင်နတ်ဘုရား အဆင့် ၇ အား အဆုံးသတ်လိုက်နိုင်ပုံကို တအံ့တသြ ဖြစ်နေမိသည်။ ဟယ်ချန်းက ပြန်လည် မတိုက်ခိုက်နိုင်တော့လျှင်ပင် ညှိမျှ လွယ်လွယ်ကူကူ သေမသွားသင့်ပေ။

**မိုဝ္ဂူကျိုက အရမ်းအားကောင်းလာတာလား ....**

သူက ခေါင်းကို ခါလိုက်ပြီး ဆက်တွေးမနေတော့ပေ။ သူက ဟယ်ချန်း၏ လက်စွပ်ကို ကောက်ယူကာ သူ့ကိုယ်သူ ရေရွတ်လိုက်၏ “ တကယ်လို့ ငါသာ မင်းနေရာ ဖြစ်နေရင် ငါတော့ ငါ့ဂိုဏ်းနာမည်ကို အောင်နေမဲ့အစား ကိုယ့်ဘာသာ ကာကွယ်ဖို့ပဲ လုပ်လိုက်မယ် ”

အကယ်၍ ဟယ်ချန်းသာ သူ့ကိုယ်သူ ကာကွယ်ဖို့ ကြိုးစားခဲ့လျှင် မိုဝ္ဂူကျိုက သူ့အား လက်သီးတစ်ချက်တည်းဖြင့် အဆုံးသတ်နိုင်မည် မဟုတ်ပေ။

**ပြန်လည် မွေးဖွားခြင်း နတ်ဘုရားလမ်းစဉ်ဂိုဏ်းက ဖြစ်တော့လည်း ဘာအရေးလဲ ....**

**ဤသည်က သတ်ဖြတ်ရေး နယ်မြေထဲ ရောက်နေလေရာ သူက ဂိုဏ်းကြီးမှ ဖြစ်နေရုံနှင့် မိုဝူကျိဆီက သက်ညှာမှုကို တောင့်တနေတာလား ....**

မိုဝူကျိက အားလုံးကို သိမ်းဆည်းပြီးနောက် နေရာမှ ထွက်သွားလိုက်သည်။

နောက်ထပ် ဆယ်ရက်တာ ကြာမြင့်ပြီးနောက် မိုဝူကျိက နောက်ထပ် ကျောက်ပြားဆယ်ခု ထပ်ရှာတွေ့ခဲ့သည်။ သူ့ဆီမှ လုယက်ဖို့ ကြိုးစားသည့် သုံးယောက်လောက် ရှိသော်ငြား အားလုံးမှာ အဆုံးသတ်သို့ ရောက်သွားရသည်။ သူသည် ထိုလူများထံမှ အရင်းအမြစ်ကျောက်ပြားပေါင်း ၄၀ ကျော် ရရှိခဲ့သည်။

မိုဝူကျိက အရင်းအမြစ်ကျောက်ပြားများ ရရှိမည့် နည်းလမ်းကို သိသွားပြီ ဖြစ်၏။ အလွယ်ကူဆုံးနည်းလမ်းမှာ တခြားသူများဆီမှ လုယက်ရန် ဖြစ်ပေသည်။ သို့သော်လည်း မိုဝူကျိက ထိုသို့ မလုပ်ချင်ပေ။

တခြားသူများ သူ့ဆီမှ လုယက်ရန် ကြိုးစားခြင်းက အဆင်ပြေပေသည်။ သူက တခြားသူများထံမှ မလုယက်လိုပေ။

ဤသည်က သူ့တာအိုနှလုံးသားကို ဆန့်ကျင်နေရုံသာမက သူ့အသိစိတ်နှင့် ကျင့်ဝတ်များနှင့်လည်း မကိုက်ညီပေ။ သူက ကမ္ဘာမြေမှ လာသူ ဖြစ်၍ သူ့ကိုယ်ပိုင် မာနနှင့် တန်ဖိုး ရှိပေသည်။

ဤနေရာရှိ ကျင့်ကြံသူတိုင်းက လုယက်နေကြခြင်းတော့ မဟုတ်ပေ။ မိုဝူကျိက တချို့ ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူများသည် အားကောင်းနေသော်လည်း တခြားသူဆီက လုယက်ရန် ရည်ရွယ်ချက် မရှိကြကြောင်း မြင်လိုက်ရသည်။

မိုဝူကျိအား စိတ်ပျက်သွားစေသည်က ကိုင်ကျိကို ယခုအချိန်အထိ မတွေ့ရသေးခြင်း ဖြစ်၏။ သဘောတရားအရပြောရလျှင် ကိုင်ကျိက သူ့အပေါ် စိတ်ဝိညာဉ်အမှတ်အသား ထားထားခဲ့လျှင် သူ ပထမဆုံး လုပ်မည့်အရာမှာ မိုဝူကျိကို ရှာရန်သာ ဖြစ်လိမ့်မည်။

မိုဝူကျိ စိတ်ထဲ၌ ကိုင်ကျိသည် မိုဝူကျိထံ သူ့ကိုယ်တိုင် ရောက်ရှိလာမည့် သိုးငယ်လေး ဖြစ်၏။ ကိုင်ကျိလို ရက်စက်သည့်သူမျိုး ပုံစံဖြင့် သူ့တွင် အရင်းအမြစ်ကျောက်ပြားများစွာ ရှိပေလိမ့်မည်။

ရက်အနည်းငယ် စောင့်ဆိုင်းပြီးနောက် ကိုင်ကျိက ပေါ်မလာသေးပေ။ ထို့ကြောင့် မိုဝူကျိက

အရင်းအမြစ်ကျောက်ပြားများ ရှာဖို့ရာ ဂြိုလ်အတွင်းပိုင်းအထိ သွားဖို့ရာ ဆုံးဖြတ်လိုက်သည်။

## အခန်း (၁၀၁၂) : ပင်းထန်းဝါး

လေးရက်တာ သွားလာပြီးနောက် မိုဝူကျိက ဘေးပတ်လည်ရှိ အေးစက်မှု၏ ဆွဲဆောင်မှုကို ခံလိုက်ရပြီး ရပ်တန့်လိုက်တော့သည်။ သူက အေးစက်မှု အရင်းအမြစ်ဆီ ချည်းကပ်သွားသည့်အခါ ရေခဲ ရေတံခွန်တစ်ခု ရှိနေကြောင်း သတိပြုမိလိုက်သည်။

သဘောတရားအရပြောရလျှင် ရေသည် လုံလုံလောက်လောက် အပူချိန်နိမ့်ကျသွားလျှင် ရေခဲအဖြစ် ပြောင်းလဲသွားမည် ဖြစ်၏။ သူ့ရှေ့တွင် ရှိနေသော ရေခဲရေတံခွန်က ရေခဲမဟုတ်သေးဘဲ ရေအဆင့်သာ ဖြစ်နေသေး၏။ ထိုသို့ဆိုလျှင်ပင် ထိုမှ ထွက်ပေါ်နေသော အေးစက်မှုမှာ မိုဝူကျိ၏ ရုပ်ခန္ဓာအဆင့်နှင့်ပင် တောင့်ခံထားနိုင်ရုံမျှလေး ဖြစ်၏။

မိုဂူကျိုက ထိုသို့မျိုး အစွန်းရောက်နေသည့် အခြေအနေမျိုးအောက်တွင် သာမာန် ကောင်းကင်နတ်ဘုရားပင် မှော်ရတနာ ကာကွယ်မှု မရှိဘဲ တောင့်ခံနိုင်လိမ့်မည် မဟုတ်မှန်း သေချာသိနေသည်။

ရေခဲအဖြစ် မပြောင်းလဲသွားသည့် ရေတံခွန်က သန့်စင်သော ရေခဲသဘာဝ ရတနာတစ်မျိုးမှ ဖြစ်တည်လာခြင်းသာ ဖြစ်ပေမည်။ စည်းမျည်းများကြောင့် မည်မျှပင် အေးစက်နေစေကာမူ အေးခဲမသွားပေ။

မိုဂူကျိုက သူ့စိတ်စွမ်းအားဖြင့် အာရုံခံကြည့်လိုက်ပြီး ရေခဲရေတံခွန်ဆီ သွားလိုက်သည်။

သူ့အနေနှင့် ဤကဲ့သို့ ရတနာမျိုး လက်လွှတ်မပေးချင်သည်မှာ ပုံမှန်ကိစ္စရပ် ဖြစ်၏။

မိုဂူကျိုက ရေခဲ ရေတံခွန်ဆီ ရောက်လာသည်နှင့် တစ်ယောက်ယောက် ရှိနှင့်နေပြီးသား ဖြစ်ကြောင်း သိလိုက်သည်။ ဤနေရာ၌ တစ်ယောက်မက အနည်းဆုံး သုံးယောက်လောက် ရှိနေခဲ့သည်။ အမှတ်အသားများကို ကြည့်ခြင်းဖြင့် သူတို့သည်

ရောက်ခါစ ဖြစ်ပြီး ရေတံခွန် အတွင်းပိုင်း ဝင်သွားခြင်းသာ ဖြစ်ပေမည်။

ရေခဲ ရေတံခွန်သည် ရေတံခွန် ပါသည့် ဂူတစ်ခုလိုမျိုး ဖြစ်နေပြီး အတွင်းပိုင်းအထိ ရှည်လျားလျက် တည်ရှိသည်။ ရေခဲ သဘာဝ စည်းမျည်းများက အရမ်းအားကောင်းလွန်းသည့်အတွက် မိုဝူကျို၏ စိတ်စွမ်းအားပင် ဟန့်တားခံထားရသည်။ သူ မြင်သမျှ အရာအားလုံးမှာ ခပ်ဝါးဝါးသာ ဖြစ်၏။

မိုဝူကျိုက သူ့ကိုယ်ပိုင် အငွေ့အသက်နှင့် ခန္ဓာကိုယ်ကို သေချာဖုံးကွယ်ထားလိုက်ပြီး လေလွှတ်မြောက်ရေး နည်းစနစ်ကို ထုတ်သုံးလိုက်သည်။ သူက လေတစ်ချက် အငွေ့ဖြင့် ဂူအတွင်းပိုင်းသို့ ဝင်ရောက်လိုက်သည်။

သူက ဂူအတွင်းရှိ ရတနာများကို လက်လွှတ်ခံမည် မဟုတ်ပေ။

အမွေးတိုင်ဝက်စာ အချိန်လေးအတွင်း မိုဝူကျိုက ရောမ ရေကန်ကြီးရှေ့ ရပ်တန့်သွားသည်။ အပြင်ဘက်ရှိ ရေခဲ ရေတံခွန် စွမ်းအားက အားကောင်းသော်လည်း ဤရေကန်ကား ကြေးမုံတစ်ချပ်အလား ငြိမ်သက်နေသည်။

ရေကန်ဆီ ဦးတည်သွားနေကြသည့် လူသုံးယောက် ရှိပြီး မိုဝူကျိုကို အံ့အားသင့်သွားစေသည်က သူ့အနေနှင့် ထိုသုံးယောက်ထဲမှ တစ်ယောက်ကို မှတ်မိပေသည်။

ထိုသူမှာ ကနဦး နတ်ဘုရား အဆင့် ၆ ဖြစ်သည့် ဝမ်ရု ဖြစ်၏။ သူမက ကနဦး နတ်ဘုရားအဆင့်သာ ရှိသေးသော်လည်း ဤသို့အစွန်းရောက် အေးစက်သည့် နေရာမျိုး၌ အမှန်တကယ် ရပ်နေနိုင်သည်။ သို့သော် မိုဝူကျိုက ဝမ်ရုသည် ဤနေရာ၌ မည်သို့ ရပ်နေနိုင်ကြောင်း နားလည်သွားသည်။ ဝမ်ရု ဖြစ်စေ သို့မဟုတ် သူမဘေးရှိ တခြားအမျိုးသားနှစ်ယောက် ဖြစ်စေ သူတို့ကို အဆောင်တမျိုးမျိုးက ကူညီပေးထား၏။

မိုဝူကျိုက အဆင့် ၃ အဆောင်ဆရာ တစ်ယောက် ဖြစ်ကာ သူ့အနေနှင့် ဤအဆောင်ကို မမှတ်မိသော်လည်း အနည်းဆုံး အဆင့် ၄ အဆောင် ဖြစ်ကြောင်း သိပေသည်။

ဝမ်ရုဘေးတွင် ရပ်နေသည့် အမျိုးသားတစ်ယောက်မှာ အသားဖြူဖြူနှင့် ဝတ်စုံနီ ဝတ်ဆင်ထား၏။ သူက ကောင်းကင်နတ်ဘုရားအဆင့် ၉ ဖြစ်လေသည်။ နောက်တစ်ယောက်မှာ အစိမ်းရောင် ဝတ်စုံ ဝတ်ဆင်ထားပြီး

အရပ်ရှည်ရှည် ပိန်ပါးပါး ဖြစ်ကာ သူလည်း ကောင်းကင်နတ်ဘုရားအဆင့် ၉ ဖြစ်ပေသည်။

မိုဝူကျိက ဝတ်စုံနီနှင့် အမျိုးသားဆီမှ သိပ်သည်းလှသော ဝိညာဉ်စွမ်းအားများကို ခံစားမိနေသည်။ ကြည့်ရသည်မှာ ထိုသူက ကိုင်ကျိထက် ပို၍ အားကောင်းဟန် ပေါ်၏။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်အတွင်း ကောင်းကင်နတ်ဘုရား စစ်ဆေးမှုအရ ကိုင်ကျိ၏ ရလဒ်ကို ကိုးကားကြည့်လိုက်လျှင် ထိုဝတ်စုံနီ အမျိုးသားကား သေချာပေါက် ထိပ်တန်း ငါးယောက်ထဲတွင် ပါပေလိမ့်မည်။ ဝမ်ရုကဲ့သို့သော အလှလေးကို လိုက်နိုင်သူမှာ အရည်အချင်း ရှိသူသာ ဖြစ်ပေလိမ့်မည်။

“ စီနီယာအစ်ကိုဖေး … ကျွန်တော်ကြားတာတော့ ဒီပင်းထန်းဝါးကနေ ရေခဲရေကန် ထွက်ပေါ်တဲ့အခါ ဘေးပတ်လည်က ပိုပြီး အေးစက်လာလိမ့်မယ်တဲ့။ ကျွန်တော်တို့ အဆောင်က အဆင့် ၄ ပဲ ရှိတာဆိုတော့ ကျွန်တော်တို့ကို ကာကွယ်ပေးနိုင်ပါ့မလား ” ပိန်ပါးပါး အရပ်ရှည်ရှည် အမျိုးသားက မေးလိုက်သည်။

သူ့လေသံအရ ဝတ်စုံနီ အမျိုးသားအား စီနီယာအစ်ကိုဟု ခေါ်မှန်း သိလိုက်သည်။

သို့သော်လည်း မိုဝူကျိ စိတ်ထဲ တုန်လှုပ်မိသွားသည်။

**ပင်းထန်းဝါးတဲ့လား ....**

**ဒီရေကန်ထဲမှာ ပင်းထန်းဝါးက ဘယ်လိုလုပ် ရှိနေမှာလဲ ...**

မိုဝူကျိက ယခင် မမြင်ဖူးသော်လည်း နှစ်ကြိမ်နှစ်ခါ ကြားဖူးပေသည်။ ပထမတစ်ကြိမ်မှာ နတ်ဘုရားဘုရင် ဝတ်ရုံစိမ်း ချန်ထားခဲ့သော အမွေအနှစ်ဆီမှ ဖြစ်ပြီး ဒုတိယအကြိမ်မှာ ချီပင်းထံမှ ဖြစ်၏။

ဤသည်မှာ ထိပ်တန်းအဆင့် ပြိုင်ဖက်ကင်း ရတနာ ဖြစ်ပြီး အဆင့်မဲ့ဟုလည်း ကောလဟာလများလည်း ထွက်ပေါ်နေသည်။ တခြားနည်းဖြင့်ဆိုရလျှင် ဤဆေးပင်၏ အဆင့်နိမ့်ဆုံးမှာ အနည်းဆုံး အဆင့် ၇ ဖြစ်၏။ အဆင့် ၇ ကျော်လွန်သွားသော ဆေးပင်များအနေနှင့် နတ်ဘုရားကုန်းမြေ၌ မှတ်တမ်းအနည်းငယ်သာ ရှိပေသည်။

ပင်းထန်းဝါးက များစွာ အသုံးဝင်ပေသည်။ အသွေးအသား ခန္ဓာကိုယ်နှင့် ကမ္ဘာဦး စိတ်ဝိညာဉ်ကို ဖွဲ့စည်းခြင်းမှာ ပင်းထန်းဝါး၏ သာမာန်အကျဆုံး အသုံးပြုမှု တစ်ခု ဖြစ်၏။

ကောလဟာလများအရ ဝိညာဉ်ကြော သန့်စင်ပေးသည့် ရတနာများအနက် နံပါတ်တစ်အဖြစ် သိကြပေသည်။ ဝိညာဉ်သန့်စင် တာအိုအသီးက ပင်းထန်းဝါးနှင့် ယှဉ်လိုက်လျှင် အမှိုက်သာသာ ဖြစ်သွားတော့သည်။

ရေခဲ သဘာဝ ဝိညာဉ်ကြောနှင့် ကျင့်ကြံသူများက ပင်းထန်းဝါးကို အချိန်တစ်ခုအထိ အသုံးပြုပေးသည့်အခါ ဝိညာဉ်ကြောများက ပြစ်ချက်ကင်း ဝိညာဉ်ကြောအဖြစ်ပင် ပြောင်းလဲသွားနိုင်သည်။

ထိုသို့ဆိုလျှင်ပင် ပင်းထန်းဝါး၏ အဓိက အသုံးဝင်ဆုံးအရာ မဟုတ်သေးပေ။ အသုံးဝင်ဆုံးအရာမှာ သန့်စင်နိုင်စွမ်း ဖြစ်၏။ ဤပင်းထန်းဝါး ရှိထားခြင်းက ကျင့်ကြံနေစဉ်အတွင်း စိတ်ကယောက်ကယက် အတွေးများကို ဖယ်ရှားပစ်ပေးပြီး မတည်မငြိမ် ဖြစ်နေသည့် စည်းမျည်းများဆီမှ သန့်စင်သည့် နတ်ဝိညာဉ်စွမ်းအားများကို စုပ်ယူပေးနိုင်သည်။

ဤတစ်ခုတည်းက ကြောက်ဖို့ ကောင်းနေလေပြီ။ မိုဝူကျိုက အားလုံးထက် အဘယ်ကြောင့် မြန်မြန်ဆန်ဆန် ကျင့်ကြံနိုင်သနည်း။ သူ့ချီသွေးကြော ၁၀၈ ခုအပြင် သူ့လူသားတာအိုက ရှုပ်ထွေးလှသော တာအိုစည်းမျဉ်းများကို ဖယ်ရှားပေးပြီး အသန့်စင်ဆုံး ဖြစ်သည့် နတ်ဝိညာဉ်စွမ်းအားများကို စုပ်ယူနိုင်သည်။ ပင်းထန်းဝါးက အတော်လေး အဖိုးတန်သည်မှာ သိသာလှပေသည်။

ယခင် မိုဝူကျိုက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှ ပညာရှင်များသည် အရင်းအမြစ် ကျောက်ပြားများကို မချထားခင် နေရာအနှံ့ ရှာဖွေပြီးလောက်ပြီဟု ထင်မှတ်မိခဲ့သည်။ ယခု သူက ကိုယ်ပိုင် ခန့်မှန်းချက်ကို မေးခွန်းပြန်ထုတ်လာမိတော့သည်။ အကယ်၍ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ ပညာရှင်များသာ အမှန်တကယ် ရောက်ရှိခဲ့လျှင် သူတို့က ပင်းထန်းဝါးကို လျစ်လျူရှုထားမည် မဟုတ်ပေ။ ထို့အပြင် သူတို့က ပင်းထန်းဝါးကို အရင်းအမြစ်တိုက်ပွဲတွင် ပါဝင်သည့် တပည့်များအတွက် ချန်ထားပေးခဲ့မည် မဟုတ်ချေ။ တခြားအမြင်မှ ကြည့်လျှင် ပင်းထန်းဝါးသည် ဟုန်မုန့်စွမ်းအင်ထက်ပင် ပို၍ အဖိုးတန်ပေသည်။

“ ကျွန်မတို့ကို ကာကွယ်ပေးနိုင်လောက်မှာပါ။ ကျွန်မ သိသလောက်တော့ ပင်းထန်းဝါးက အချိန်ကန့်သတ်ချက်နဲ့ ပေါ်လာတာတဲ့။ ပြီးတော့ ဆယ်ရှိုက်စာခန့်လေးပဲ ပေါ်လာမှာ …. ကျွန်မတို့အဆောင်က အဆင့် ၄ ထိပ်တန်းဆိုတော့ အအေးဓာတ် နောက်တဆ မြင့်လာရင်တောင် ကျွန်မတို့ကို ကာကွယ်ပေးနိုင်လောက်မှာပါ။ ပြီးတော့ ကျွန်မတို့အဆောင်က အမွေးတိုင်ငယ်စာ တစ်တိုင်စာတော့ ကာကွယ်ပေးနိုင်တယ်။ ကျွန်မတို့ ရသမျှ အဲဒီအချိန်လေးအတွင်းမှာ အစ်ကိုကြီးဖေးက ပင်းထန်းဝါးကို သိမ်းပြီးလောက်ပါပြီ ” မိုဝူကျိုကို အံ့ဩသွားစေသည်က ပြောလိုက်သူမှာ ဝမ်ရု ဖြစ်နေ၏။

ပိန်ပါးပါး အမျိုးသားက ခေါင်းညိတ်ပြကာ “ အမှန်ပဲ …. စီနီယာအစ်ကိုဖေးက မဟာကောင်းကင်နတ်ဘုရားထဲ အဆင့် ၅ ဆိုတော့ ပင်းထန်းဝါးကို ရဖို့ ဆယ်ရှိုက်စာတောင် မလိုလောက်ဘူး ”

ဝမ်ရု၏ ကျင့်ကြံဆင့်မှာ အချိန်အတော်ကြာ တန့်နေသော်လည်း သူမ အသိပညာမှာ အမျိုးသားနှစ်ယောက်ထက် အောက်ကျခြင်း မရှိပေ။ အကြောင်းမှာ သူမက ကျောက်စိမ်းပေလွှာ အမျိုးမျိုးနှင့်

ရှေးဟောင်းစာလိပ်အမျိုးမျိုးကို ဖတ်ရှုရတာ နှစ်သက်၍ ဖြစ်သည်။ နတ်ဘုရား အုပ်စိုးသူများ သို့မဟုတ် လောကနတ်ဘုရားများပင် သူတို့ နားမလည်သည့်အရာများ ဝမ်ရကို လာမေးကြသည်။

မိုဝူကျိုက သူတို့စကားဝိုင်း မည်မျှ အဓိပ္ပါယ်မရှိကြောင်း နှာခေါင်းရှုံ့လိုက်မိသည်။

နတ်ဘုရားဘုရင် ဝတ်ရုံစိမ်းဆီမှ မိတ်ဆက်စာအုပ်အရ ပင်းထန်းဝါးသည် ရေခဲကန်ထဲသာ ပေါက်လေ့ ရှိသည်။ ၄၈ နာရီတိုင်း တစ်ခါ ပေါ်လာလေ့ ရှိပြီး ထွက်ပေါ်လာသည့်အခါတိုင်း ၄၉ ရှိုက်စာ ကြာမြင့်ပေသည်။ ထို့အပြင် ဘေးပတ်လည်ရှိ အေးစက်မှုမှာ ဆယ်ဆမက တိုးမြင့်သွားပြီး တစ်ဆ မဟုတ်သည်မှာ သေချာလှသည်။

ယခု အပူချိန်ကို ကြည့်လိုက်ပါက ဆယ်ဆမက တိုးမြင့်သွားလျှင် အဆင့် ၅ အဆောင်နှင့်ပင် အအေးဒဏ်ကို ကာကွယ်ပေးဖို့ရာ မဖြစ်နိုင်လောက်ပေ။

ပင်းထန်းဝါးကို အရယူဖို့ရာကား ပေါ်ထွက်လာသည့်အချိန် တစ်ခုတည်းသာ ဖြစ်နိုင်ပေသည်။ မဟုတ်လျှင် ပင်းထန်းဝါးက နှောင့်ယှက်ခံလိုက်ရသည်နှင့် ပြန်လည်

ပျောက်ကွယ်သွားလိမ့်မည်။ ပင်းထန်းဝါး ပြန်လည်ပျောက်ကွယ်သွားပုံ ဖြစ်စဉ်ကို နတ်ဘုရားဘုရင် ဝတ်ရုံစိမ်းက ထိုအရာသည် ဤလောကမှ သူ့ဘာသာ ဖယ်ရှားလိုက်သလို ပျောက်သွားမည် ဖြစ်ကြောင်း မှတ်တမ်းတင်ထားသည်။ သို့သော်လည်း ကြည့်ရသည်မှာ ပင်းထန်းဝါးသည် ပင်ကိုယ်အာကာပြင် ရွေ့ပြောင်းစွမ်းရည် ပါရှိနေခြင်း ဖြစ်နေနိုင်သည်။

အကယ်၍ ဝမ်ရုသာ လျှောက်ပြောနေခြင်း မဟုတ်လျှင် သူမတွင်လည်း သူမဘာသာ ရည်ရွယ်ချက်များ ရှိနေခြင်းသာ ဖြစ်ပေမည်။

မိုဝူကျိုက လော့ကျမ်းစာရွက်ကို ထုတ်ဖို့ သတိထားကာ အဆင်သင့် ပြင်ထားလိုက်သည်။ သူ့ရုပ်ခန္ဓာ ဝိဇ္ဇာတပိုင်းအဆင့်ဖြင့် သာမာန် အအေးဓာတ်ကို မကြောက်ပေ။ သို့သော်လည်း အကယ်၍ အအေးစက်မှုက ဆယ်ဆမက ဖြစ်လာခဲ့လျှင် သူ့ဝိဇ္ဇာတပိုင်း ရုပ်ခန္ဓာပင် သေသည့်အထိ အေးခဲသွားလိမ့်မည်။

ဝတ်စုံနီနှင့် အမျိုးသားက ခေါင်းညိတ်ကာ “ ဝမ်ရု ပြောတာ မှန်တယ်။ ငါ ပင်းထန်းဝါးကို တန်း ယူနိုင်လိမ့်မယ် ”

အချိန်ကျော်လွန်လာသည်နှင့် မိုဝူကျို၏ အာရုံတစ်ဝက်လောက် ဝမ်ရုဆီတွင် ရှိနေသည်။ မိုဝူကျိုက ထိုအမျိုးသမီးသည် မရိုးရှင်းကြောင်း ခံစားမိနေ၏။

လေးနာရီကြာမြင့်ပြီးနောက် ငြိမ်သက်နေသည့် ရေပြင်၌ လှိုင်းတွန့်လေးများ ပေါ်လာသည်။

မိုဝူကျိုက ပင်းထန်းဝါး ထွက်ပေါ်လာတော့မည်မှန်း သိလိုက်သည်။

တခြားသုံးယောက်လည်း ပင်းထန်းဝါး ထွက်ပေါ်လာတော့မည်မှန်း သိပုံပေါ်လေသည်။ သူတို့ကလည်း ရေပြင်ကို စိုက်ကြည့်နေကြ၏။ ဖေးမျိုးရိုးနှင့် ကျင့်ကြံသူက ဝင်ယူဖို့ အဆင်သင့် ပြင်ထားလိုက်သည်။

“ ဘန်း ” ရေကန်မှ ရေမွှားများ စင်ထွက်လာသော်လည်း ရေခဲကွဲသို့ အသံထွက်ပေါ်နေသည်။

တောက်ပကြည်လင်နေသည့် ရေခဲဝါးလေးက ဖြည်းဖြည်းချင်း ရေကန်ထဲမှ ထွက်ပေါ်လာသည်။ ရေခဲဝါးပင်၏ အတက်လေးများက ဖြူဆွတ်နေပြီး နှင်းနှင့် တူသည်။ စုစုပေါင်း ပွင့်ချပ် ခြောက်ခု ရှိ၏။ ဘေးပတ်လည်ရှိ အပူချိန်က သိသိသာသာ

လျှော့ဆင်းသွားသော်လည်း ရနံ့သင်းသင်းလေးကို တားဆီးထားနိုင်စွမ်း မရှိပေ။

ဝတ်စုံနီနှင့် အမျိုးသားက ကြောင်အမ်းသွားလေ၏။ ဝမ်ရုပြောစကားအရ ဆယ်ရှိုက်စာမျှ ကြာမည် ဖြစ်ကာ ယခုအခါ လုံးဝ အကုန်လုံး ပေါ်ထွက်လာသင့်ပေသည်။ ယခု ထွက်ပေါ်လာသောနှုန်းဖြင့် ဆယ်ရှိုက်စာ ကမည် မဟုတ်ပေ။

အေးစက်မှုက သိသိသာသာ တိုးလာပြီးနောက် ဝတ်စုံနီနှင့် အမျိုးသားက သူ့ကာကွယ်ရေး အဆောင် အက်ကွဲလာသံကို ကြားလိုက်ရသည်။ ထိုအခါက သူက ဝမ်ရုအား စိုးရိမ်တကြီး လှည့်ကြည့်လိုက်၏။

“ စီနီယာအစ်ကိုဖေး ... ဒီအအေးဒဏ်က တစ်ဆမကဘူး။ တကယ်လို့ ဆက်တက်နေဦးမယ်ဆိုရင် မြန်မြန် ထွက်သွားတာ ကောင်းလိမ့်မယ် ” ဝတ်စုံနီ အမျိုးသား၏ ညွှန်ကြားချက်ကိုပင် မစောင့်တော့ဘဲ ပိန်ပါးပါး ကျင့်ကြံသူက စိုးရိမ်စွာ အော်ပြောလိုက်သည် “ တစ်ခုခုတော့ မှားနေပြီ ”

ဝတ်စုံနီနှင့် အမျိုးသားက တစ်ခုခု မှားယွင်းကြောင်း သတိပြုမိလိုက်သည့်အချိန် သူ့ခန္ဓာကိုယ်မှာ ဖြတ်ခနဲ ဖြစ်သွားသည်။ သူ အရင်ဆုံး ဤနေရာမှ ထွက်သွားရမည်။

သူက မလှုပ်ရှားလိုက်နိုင်ခင် သတ်ဖြတ်ရေး အလင်းတန်းနှစ်ချက်က သူ့ကို ပိတ်လှောင်ထားပြီး ဝင်ရောက်လာသည်။

“ ဝုန်း ” ထိုစဉ် ဝတ်စုံနီ အမျိုးသားကို ကာကွယ်ပေးထားသော အဆောင်က ပျက်စီးသွားတော့သည်။

“ ဝမ်ရု … မင်း …” ဝတ်စုံနီ အမျိုးသားက ဝမ်ရုအား မချိတင်ကဲ ကြည့်လိုက်သည်။ သူ့အား လုပ်ကြံသည့်သူက ကနဦး နတ်ဘုရားအဆင့် ၆ ဖြစ်လိမ့်မည်ဟု မျှော်လင့်မထားမိပေ။ ပို၍ ဆိုးရွားသည်မှာ သူမက အမြဲလိုလို ညင်သာ နူးညံ့နေတတ်သူ ဖြစ်နေသေး၏။

ဝမ်ရုက သိမ်သိမ်မွေ့မွေ့ ပြောလိုက်သည် “ ကျွန်မရဲ့ ဘေးမှာ သေသွားတာ ရှင့်အတွက် ဂုဏ်ယူစရာပဲလေ။ ကောင်းကောင်း အနားယူပါ”

ထိုသို့ပြောပြီးနောက် ပိန်ပါးပါး အမျိုးသားကလည်း ဝမ်ရှဆီမှ လုပ်ကြံခြင်း ခံရပြီးနောက် ရေခဲအဖြစ် ပြောင်းလဲသွားပြီ ဖြစ်၏။ သူက အအေးဓာတ်ကို ရုန်းကန်တွန်းလှန်နေပြီးသား ဖြစ်ရာ ဝမ်ရှသာ သူ့အား မလုပ်ကြံခဲ့လျှင် သူ့အနေနှင့် ထွက်ပြေးသွားနိုင်လောက်၏။ ယခု ဝမ်ရှက သူ့အား လုပ်ကြံလိုက်သည် ဖြစ်ရာ မည်သို့ အသက်ဆက်ရှင်နိုင်မည်နည်း။

“ ဝမ်ရှ … ငါ ဖေးယီတောက် သေရမယ်ဆိုရင်တောင် မင်းလိုမျိုး စက်ဆုပ်ဖို့ ကောင်းတဲ့သူကိုပါ အတူတူ ဆွဲခေါ်သွားမယ် ” ဝတ်စုံနီ အမျိုးသားက အော်ပြောလိုက်ရင်း သူ့ခန္ဓာကိုယ်က အပိုင်းပိုင်း အစစ ဖြစ်သွားသည်။ သို့သော်လည်း သူ့ပျက်စီးလာသည့် ခန္ဓာကိုယ်မှ ထွက်ပေါ်လာသော အနီရောင် အလင်းတန်းက ဝမ်ရှအား ချိန်ရွယ်ထားပေသည်။

ဖေးယီတောက် ပြောသကဲ့သို့ သူ သေဆုံးသွားလျှင်ပင် ဝမ်ရှကိုပါ အပါဆွဲခေါ်သွားမည် ဖြစ်၏။

သူ့တိုက်ခိုက်မှုကို မှားယွင်းတွက်ချက်မိသည်က နှမြောစရာ ကောင်းလှပေသည်။ အနီရောင်အလင်းတန်းက ဝမ်ရှဆီ ကျရောက်လာသော်လည်း အဖြူရောင်အလင်းတန်းအဖြစ်သာ

အဆုံးသတ်သွားသည်။ ကြည့်ရသည်မှာ ဝမ်ရုဘေးပတ်လည်ရှိ အဆောင်တစ်ခုခု ပျက်စီးသွားသည်နှင့် ပေါ်နေသည်။ ဝမ်ရုက ဖေးယီတောက်ကဲ့သို့ ပေါက်ကွဲမထွက်သွားပေ။ သူမက မျက်လုံးပိတ်လျက် ထိုင်လိုက်ပြီး သူမ ခန္ဓာကိုယ်မှ အအေးဓာတ်ကို ဖယ်ရှားဖို့ လုပ်လိုက်သည်။ ထိုစဉ် သူမက ပင်းထန်းဝါးကို အာရုံမစိုက်နိုင်တော့ပေ။ အများဆုံး သူမအနေနှင့် နောက်ထပ် ၄၈ နာရီမျှ စောင့်ဆိုင်းရမည် ဖြစ်၏။

မိုဝူကျိက အံ့သြမိသွားသည်။ အကြောင်းမှာ ဤအမျိုးသမီးက သေချာပေါက် ကနဦး နတ်ဘုရားအဆင့် ၆ မဟုတ်ပေ။ မိုဝူကျိက ဖေးယီတောက်သည် ဝမ်ရုနှင့် တစ်ယောက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်လျှင်ပင် ဝမ်ရုအတွက် ပြိုင်ဖက် မဟုတ်သေးပေ။

**ဒီအမျိုးသမီး သူမကိုယ်သူမ ဖုံးကွယ်ထားတဲ့ ရည်ရွယ်ချက်က ဘာများလဲ ….**

သူမက ဘာလုပ်ဖို့ ကြိုးစားကြိုးစား မိုဝူကျိနှင့် မသက်ဆိုင်ပေ။ ဝမ်ရုက သူမဘာသာ ကုသနေစဉ် မိုဝူကျိ၏ တစ်ကိုယ်လုံးမှာ

လေအလား ပြောင်းလဲသွားပြီး ပင်းထန်းဝါးဆီ ဦးတည်လိုက်တော့သည်။

## အခန်း (၁၀၁၃) ： ငွေရောင်မြစ် ဆင်းသက်လာခြင်း

သူမဘာသာ ကုသနေဆဲ ဖြစ်သည့် ဝမ်ရုက တစ်ခုခုကို အာရုံခံလိုက်မိသည့်အလား သူမ မျက်လုံးများက အနည်းငယ် လှုပ်ရှားသွားသော်လည်း ပွင့်မလာချေ။ အပေါ်ယံ၌ သူမ ဒဏ်ရာများက ပြင်းထန်ပုံမပေါ်သော်လည်း သူမဘာသာ အခြေအနေကို ကောင်းကောင်း သိပေသည်။ ဖေးယီတောက်၏ အလင်းတန်းသည် အရမ်းအားကောင်းလွန်းပေသည်။ အကယ်၍ သူမက ဖေးယီတောက်၏ တိုက်ခိုက်မှုမှ နာကျင်မှုကို တောင့်ခံနိုင်သည်ဆိုလျှင် ဤနေရာ၌ ဒဏ်ရာကုနေရလောက်အထိ စွန့်စားမည် မဟုတ်ပေ။

မိုဝူကျိုက သူ့အမြန်ဆုံးနှုန်းဖြင့် ပင်းထန်းဝါးကို ဆုပ်ကိုင်ကာ အတားအဆီးများ ဖယ်ရှားပြီးနောက် လူသားကမ္ဘာထဲ

တန်းပစ်ထည့်လိုက်သည်။ ထို့နောက် သူက လေလွတ်မြောက်ရေး နည်းစနစ်ကို သုံးကာ ပျောက်ကွယ်သွားတော့သည်။

ပင်းထန်းဝါးတွင် ပင်ပွားအမြစ် မရှိပေ။ ရေခဲကန်မှ ထွက်လာသည်နှင့် သာမာန် ရေခဲကျောက်စိမ်းကဲ့သို့ ဖြစ်သွားကာ လွန်ကဲသည့် အအေးဓာတ် ထုတ်လွှင့်နေခြင်းလည်း မရှိတော့ပေ။

ဘေးပတ်လည်ရှိ အအေးဓာတ်များ ပျောက်ကွယ်သွားသောကြောင့် ဝမ်ရုက အာရုံခံမိလိုက်သည်။ သူမက မျက်လုံးဖွင့်ကြည့်လိုက်ပြီးနောက် သူမ မျက်ဝန်း၌ ရေခဲတမျှ အေးစက်နေသည့် သတ်ဖြတ်ငွေ့တို့ ဖြတ်ပြေးသွားသည်။

တစ်ယောက်ယောက်က သူမ ကုသနေစဉ်အတွင်း သူမ အိမ်မက်ကို ယူဆောင်သွားခဲ့လေပြီ။ မည်သူပင် ဖြစ်နေစေကာမူ သူမအပေါ် အခွင့်ကောင်းယူသွား၍ မရပေ။

နှစ်နာရီကြာမြင့်ပြီးနောက် မိုဝူကျိုက သူ့လူသားကမ္ဘာထဲ ဝင်ဖို့ တိတ်ဆိတ်ငြိမ်သက်သည့်နေရာ တစ်ခုကို ရွေးချယ်လိုက်သည်။

လူသားကမ္ဘာမှာ အတော်လေး ကြီးမားနေပြီ ဖြစ်ရာ အနည်းငယ် မှုန်ဝါးဝါး ခပ်မှိုင်းမှိုင်း ဖြစ်နေသော်လည်း အတွင်းရှိ

စည်းမျည်းများက အရမ်းကို သိသာထင်ရှားပေ၏။ စည်းမျည်းများအားလုံးက မိုဝူကျိဘာသာ ဉာဏ်အလင်းပွင့်ထားခြင်း ဖြစ်ပြီး သူ့တာအိုစည်းမျည်းအတွင်း ရှိပေသည်။

လက်ရှိ လူသားကမ္ဘာက မိုဝူကျိအား ယခင် ထာဝရကမ္ဘာနှင့် မတူကွဲပြားသည့် ခံစားချက်ကို ပေးစွမ်း၏။ ယခင်က သူ့ထာဝရကမ္ဘာငယ်လေးသည် မည်မျှ ကြီးကျယ်သည်ကိုလည်း အသေအချာ မသိသလို၊ တိုက်ခိုက်မှုများ ခံယူနိုင်သည်၊ မခံယူနိုင်သည်ကိုလည်း မသိပေ။ သို့သော်လည်း မိုဝူကျိက သူ့လူသားကမ္ဘာရှိ အရာအားလုံးကို ရှင်းရှင်းလင်းလင်း သိနေပြီ ဖြစ်၏။

သူ့လူသားကမ္ဘာအတွင်း အလယ်အလတ်အဆင့်နှင့် အဆင့်မြင့် နတ်ဝိညာဉ်သွေးကြောများ ရှိနေသောကြောင့် နတ်ဝိညာဉ်စွမ်းအားမှာ သိပ်သည်းလှ၏။

အဆင့်နိမ့် ဆေးပင်တချို့ကို ထောင့်တစ်နေရာ၌ စိုက်ပျိုးထားသည်။ နေရောင် အစီအရင်တစ်ခုမျှသာ ရှိသော်လည်း ကောင်းကောင်းမွန်မွန် ကြီးထွားနေကြသည်။

မိုဝူကျိုက သူ့ထက် အဆင့်နိမ့်သည့် ကျင့်ကြံသူတိုင်း မိုးမြေစည်းမျည်း အတားအဆီးမရှိ ကောင်းစွာ ကျင့်ကြံနိုင်လိမ့်မည်မှန်း အသေအချာ သိနေသည်။

လူသားကမ္ဘာထဲ ဝင်ရောက်ပြီးနောက် မိုဝူကျိုက ပင်းထန်းဝါးကို မြန်မြန် ထုတ်ယူလိုက်သည်။

ပင်းထန်းဝါးသည် စင်တီမီတာ သုံးဆယ်လောက်သာ အရွယ်ရှိပြီး ကိုးမြောင့်သဏ္ဌာန် ဝါးရွက်လေးများ ပါရှိပေသည်။ သူက လက်ထဲ ကိုင်ထားရင်း နွေးနွေးထွေးထွေး သက်တောင့်သက်သာ ခံစားချက်လေး ရလာသည်။ သူ့စိတ်တစ်ခုလုံးမှာ ကြည်လင်သွားပြီး ယခင် ရေခဲကန်မှ အေးစက်သည့် အရိပ်အယောင်များလည်း ရှိမနေတော့ပေ။

ဤသည်မှာ အမှန်တကယ်ကို ပစ္စည်းကောင်းလေး ဖြစ်နေ၍ မိုဝူကျိုက အတော်လေး ကျေနပ်မိသွားသည်။ သူက နေရာဝင်ခွင့် မရလျှင်ပင် ဤပင်းထန်းဝါး ရရှိခဲ့သည့်အတွက် ကျေနပ်နေမိပြီ ဖြစ်၏။

သို့သော် သူက ဤနေရာ ရောက်နေပြီ ဖြစ်၍ ပထမနေရာကို လက်လျှော့ရန် အစီအစဉ်တော့ မရှိပေ။ သူက

ကျောက်စိမ်းသေတ္တာလေး ထုတ်ပြီးနောက် ပင်းထန်းဝါးကို သိမ်းထားလိုက်သည်။ အတားအဆီးများ ပြန်ချထားပြီးနောက် မိုဝူကျိက လူသားကမ္ဘာမှ ထွက်လာလိုက်သည်။

ရက်များစွာ ကြာမြင့်ပြီးနောက် မိုဝူကျိက အရင်းအမြစ် ကျောက်ပြားနှင့် တခြားပစ္စည်းများကိုလည်း ဆက်တိုက် ရှာဖွေခဲ့သည်။

ကိုင်ကျိတစ်ယောက် သူ့ကို လိုက်ရှာခြင်း၊ မရှာခြင်းအား မိုဝူကျိက အာရုံမရှိတော့ပေ။

မိုဝူကျိက ကိုင်ကျိကို စိတ်မဝင်စားတော့သည့်အချိန်လေးတွင် ကိုင်ကျိကို အာရုံခံလိုက်မိ၏။ မိုဝူကျိက ကိုင်ကျိသည်လည်း သူ့ကိုယ်ပိုင် စိတ်ဝိညာဉ် အမှတ်အသားကို အာရုံခံမိမည်မှန်း အသေအချာ ပြောနိုင်ပေသည်။ သို့သော်လည်း ထိုလူက သူ့အား ခဏသာ ကြည့်ပြီးနောက် သူ့ဆီ မလာခဲ့ပေ။ ထို့အစား သူက တခြားဦးတည်ရာသို့ ခပ်သုတ်သုတ် ထွက်ခွာသွားသည်။

ကိုင်ကျိက သူ့အား မတွေ့ကောင်း မတွေ့ချင်သေးလောက်သော်လည်း မိုဝူကျိက လက်လွှတ်ပေးဖို့

ရည်ရွယ်ချက် မရှိပေ။ မိုဝူကျိက များများစားစား မတွေးတော့ဘဲ လိုက်သွားလိုက်သည်။

ကိုင်ကျိက နောက်မှ မိုဝူကျိ လိုက်လာမှုကို သတိထားမိသည့်အလား အရှိန်နှုန်း မြင့်လိုက်သည်။ မိုဝူကျိ၏ လေလွတ်မြောက်ရေး နည်းစနစ်သည် ကိုင်ကျိအား ဟန့်တားနိုင်သော်လည်း မိုဝူကျိက ထိုလူ လုပ်မည့်ကိစ္စအား သိချင်သည့်အတွက် နောက်မှသာ ကျန်ရစ်ခဲ့သည်။

နေ့တစ်ဝက်တာ ကြာမြင့်ပြီးနောက် ကိုင်ကျိက ရပ်တန့်လိုက်၍ မိုဝူကျိလည်း ရပ်လိုက်တော့သည်။ နောက်ဆုံးတွင် မိုဝူကျိက ကိုင်ကျိ တစ်ယောက် ဤနေရာသို့ ဦးတည်လာသည့် အကြောင်းအား နားလည်သွားသည်။

ဤနေရာတွင် သဘာဝ ကာကွယ်ရေး အစီအရင်တစ်ခု ရှိနေပြီး အနည်းဆုံ လူရာကျော်လောက်က ထိုအစီအရင်အား တိုက်နေကြသည်။ ကာကွယ်ရေး အစီအရင် အတိုက်ခံရသည့်အချိန်တိုင်း သိပ်သည်းလွန်းသော နတ်ဝိညာဉ်စွမ်းအားများ ထုတ်လွှင့်လေ့ ရှိ၏။ ဤနတ်ဝိညာဉ်စွမ်းအားတို့တွင် သန့်စင်လှသော ရှေးဦးစွမ်းအားပါ

ပါရှိနေသည်။ ဤကာကွယ်ရေး အစီအရင်အတွင်း၌ မည်သည့်အရာများ ရှိနေသည်ကို စိတ်ကူးကြည့်၍ ရပေသည်။ ကောင်းကင်ကို ထက်ခြမ်း ခြမ်းပစ်နိုင်မည့် ရတနာမျိုးသာ ဖြစ်ရမည်။

အစပိုင်းတွင် မိုဝူကျိက လေ့လာနေရင်း နောက်တွင်သာ ပုန်းအောင်းနေသည်။ သူက တခြားသူများကဲ့သို့ ကာကွယ်ရေး အစီအရင်ဆီ အဘယ်ကြောင့် ဝင်တိုက်နေရမည်နည်း သူက ဂိုဏ်းကြီးများ၏ စွမ်းရည်ကို အတော်လေး အံ့အားသင့်မိသွားသည်။ သူ အထဲရောက်စဉ်ကတည်းက ပိုင်ယွဲ့နှင့်ပင် အဆက်အသွယ် မရခဲ့ချေ။ ကိုင်ကျိတစ်ယောက် ဤနေရာကို သိနေခြင်းမှာ သူ့၌ အကြောင်းကြားစာ ရလာ၍သာ ဖြစ်ရမည်။

အကွာအဝေးကြီးကြီးမားမား မဟုတ်သော်လည်း ဤဂြိုလ်ပျက်ကြီး၌ လှမ်း၍ အကြောင်းကြားရသည်မှာ ရိုးရှင်းသည့် ကိစ္စရပ်လေး မဟုတ်ချေ။

“ မင်းက တော်တော် သတ္တိရှိနေတာပဲ … ငါ့တွေးထားတာထက်တောင် ပိုသေးတယ် ” ကိုင်ကျိက

မိုဝူကျိသည် အမှန်တကယ် ရှေ့ထွက်လာရဲကြောင်း သတိပြုမိသောအခါ ဝင်ပြောလိုက်သည်။ လက်ရှိ သူ့လက်တစ်ချက် အဝှေ့ဖြင့် သူ့ဦးခေါင်းအထက်၌ ရှေးဟောင်း ကြေးမုံတစ်ချပ် ပေါ်လာသည်။

မိုဝူကျိ ထင်ထားသည့်အတိုင်း ကိုင်ကျိသည်လည်း မိုဝူကျိ လိုက်လာမှုအား ကောင်းစွာ သိပေသည်။ သူ မိုဝူကျိနှင့် မရင်ဆိုင်သည့် တစ်ခုတည်းသော အကြောင်းအရင်းမှာ သူက ရှေးဦးမူလ ရတနာအကြောင်းကြားပြီးနောက် ဤနေရာသို့ လာဖို့ရာ စိတ်အားထက်သန်နေ၍သာ ဖြစ်၏။ ရှေးဦးမူလ ရတနာနှင့် ယှဉ်လျှင် မိုဝူကျိအပေါ် သူ့အမုန်းတရားများက ဘေးဖယ်ထား၍ ရသေး၏။

ယခု ကာကွယ်ရေး အစီအရင်က မပွင့်သေးသည့်အတွက် အရင်ဦးစွာ မိုဝူကျိကို သတ်ပစ်ရမည်။

“ ဝုန်း ” ပေါက်ကွဲသံများကို ကြားလိုက်ရပြီးနောက် သဘာဝ ကာကွယ်ရေး အစီအရင်မှာ ကျင့်ကြံသူ ရာကျော် ပူးပေါင်းတိုက်ခိုက်မှုအောက်တွင် ပျက်စီးသွားတော့သည်။

ဆန်းကြယ်သိပ်သည်းလှသော နတ်ဝိညာဉ်စွမ်းအားများက အရှုးအမူး ထွက်ပေါ်လာသည်။ အားလုံးက မကျင့်ကြံနေကြသော်လည်း အားလုံးက သူတို့ ကျင့်ကြံဆင့်သည် ဆက်လက် မြင့်တက်နေကြောင်း ခံစားမိကြ၏။

မိုဝူကျိုက အသက်ပြင်းပြင်း ရှူလိုက်မိသည်။ သူက ဟုန်မုန့်စွမ်းအင် ပိုင်ဆိုင်ထားသောကြောင့် ဤရတနာနယ်မြေအသစ်မှာ မည်သူမှ ခြေမချဖူးသေးသည့် နေရာဖြစ်ကြောင်း သိလိုက်တော့သည်။ ဤစွမ်းအားများတွင် ရှေးဦးမူလ စွမ်းအင်များ ပါဝင်နေရုံသာမက မိုးမြေစည်းမျည်းများကလည်း ပို၍ ထင်ရှားလာသည်။ အသစ်မွေးဖွားလာသော တာအိုစည်းမျည်းတို့က အရှင်းလင်းဆုံးနှင့် ဖမ်းဆုပ်ဖို့ရာ အလွယ်ကူဆုံး ဖြစ်ပေသည်။

တခြားစကားဖြင့် ပြောရလျှင် ဤနေရာတွင် ကျင့်ကြံသူများက ကျင့်ကြံဖို့ လွယ်ကူရုံသာမက နတ်ဘုရားကုန်းမြေအတွင်း အဆင့်မြင့်လည်း ရောက်ရှိနိုင်ပေမည်။

အတားအဆီးမရှိသည့်အတွက် အားလုံးက ပြေးဝင်သွားကြသည်။ မိုဝူကျိုအား တိုက်ဖို့ ပြင်ဆင်နေသည့် ကိုင်ကျိုပင် တိုက်ခိုက်မည့် စိတ်ကူးအား လက်လျှော့လိုက်ပြီး အထဲ ပြေးဝင်သွားတော့သည်။

မိုဂူကျို၏ စိတ်ဝိညာဉ် သိုလှောင်ရေး လမ်းကြောင်းရှိ စိတ်စွမ်းအားက အတွင်းရှိ အခြေအနေများကို အာရုံခံနိုင်ပေသည်။ ကြည့်ရသည်မှာ ဧရာမ ချိုင့်ဝှမ်းကြီးနှင့် တူနေသည်။ ထိုချိုင့်ဝှမ်းအတွင်း ပျားလဘို့ တစ်ရာကျော် ရှိနေသည်။ ရှေးဦးမူလ စွမ်းအင်နှင့် နတ်ဝိညာဉ်စွမ်းအားတို့က ထိုမှ ထွက်ပေါ်နေခြင်း ဖြစ်၏။

ချိုင့်ဝှမ်းအလယ်တွင် ဧရာမ ရှေးဦးမူလ ပျားလဘို့ကြီး ရှိနေပြီး ဘေးပတ်လည် ပျားလဘို့များထက် ဆယ်ဆမက ပိုကြီးမားပေသည်။ ထိုနေရာမှ ထွက်ပေါ်နေသော နတ်ဝိညာဉ်စွမ်းအားများက သိပ်သည်းလွန်းသောကြောင့် ရှေးဦးမူလ စည်းမျည်းများက ဘေးပတ်ဝန်းကျင်ထက် ပို၍ ရှင်းလင်းသည်။

အလယ်ရှိ ပျားလဘို့ကြီးထံ ဦးတည်နေကြသော အနည်းဆုံး လူခုနှစ်ဦး၊ ရှစ်ဦးမျှသာ ရှိ၏။ ယှဉ်ပြိုင်လောက်အောင် အားမကောင်းသည့် တခြားသော ကျင့်ကြံသူများက ပျားလဘို့ အသေးလေးများထံသာ သွားလိုက်ကြသည်။

မိုဝူကျိက လေရွှေ့ပြောင်းစွမ်းရည် တစ်ချက်ဖြင့် ရှေးဦးမူလ ပျားလဘို့ကြီးထံ ရောက်ရှိသွားသည်။ သူက အေးစက်စွာဖြင့် “ ငါ ဒီနေရာကို သုံးမယ်။ အားလုံး ကျန်တဲ့ဆီ သွားလိုက်ကြပါ။ ငါနဲ့ ဆယ်ပေအတွင်းမှာ ရှိနေတဲ့ ဘယ်သူမဆို ချွင်းချက်မရှိ သတ်ပစ်မယ် ”

“ ဟားဟား ” အေးစက်စက် ရယ်မောသံကို ကြားလိုက်ရပြီး “ ငါ ကိုင်ကျိက မင်းပြောတဲ့ ချွင်းချက်မရှိ သတ်ပစ်မယ်ဆိုတာကို မြင်ချင်မိသား … ငါက မင်းကို သတ်ချင်နေခဲ့တာ။ မင်းကံက ဒီလောက် ကောင်းမယ်လို့ မထင်ထားမိဘူး။ အခု ထွက်သွားချင်ရင် နောက်ထပ် ရက်နည်းနည်း အသက်ရှင်ခွင့် ရမယ်။ တကယ်လို့ သေချင်နေတယ်ဆိုရင်တော့ မင်းဘိုးအေ ငါ့ကို အပြစ်လာမတင်နဲ့ …. သေလိုက်တော့ ”

ထိုအသံပြီးဆုံးသွားသည်နှင့် ကိုင်ကျိ၏ ရှေးဟောင်းကြေးမုံက မိုဝူကျိဆီ ဦးတည်ဝင်လာသည်။ ကောင်းကင်နတ်ဘုရား၏ စွမ်းအားစက်ကွင်းကလည်း အတားအဆီးမရှိ မိုဝူကျိဆီ ဝင်ရောက်လာသည်။

ကျင့်ကြံသူများက ကိုင်ကျို တိုက်ခိုက်တော့မည်ကို မြင်၍ မြန်မြန် ဘေးဖယ်ပေးလိုက်ကြသည်။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ မဟာကောင်းကင်နတ်ဘုရား၌ အဆင့် ၆ ချိတ်ဆွဲထားသော ကိုင်ကျိုကို မည်သူက မသိဘဲ နေမည်နည်း။ နတ်ဘုရားအုပ်စိုးသူ တပိုင်းအဆင့်များပင် ရန်မစရဲကြချေ။ ရှေးဦးမူလ ပျားလဘို့က ကောင်းနေလျှင်ပင် သူတို့က ကိုင်ကျိုအား အတိုက်အခံ လုပ်မည် မဟုတ်ပေ။

သူတို့က လုယူနိုင်လျှင်ပင် ဤနေရာမှ ထွက်သွားပြီးနောက် ကိုင်ကျိုက သူတို့အသက်များကို ယူဦးမည် ဖြစ်၏။

အားပြင်းပြင်း စွမ်းအားစက်ကွင်းက မိုဝူကျို၏ ဝဲကတော့ စွမ်းအားစက်ကွင်း အဖျားနားဆီ ရောက်ရှိလာသည်။ စွမ်းအားစက်ကွင်း အချင်းချင်း တွေ့ဆုံသွားသည့်အခါ ပေါက်ကွဲသံများက ထွက်ပေါ်လာလေ၏။

စွမ်းအားစက်ကွင်း ထိပ်တိုက်တွေ့မှုဖြင့် မိုဝူကျိုက ကိုင်ကျိုသည် သူ့လက်သီးတစ်ချက်နှင့် တန်းသေဆုံးသွားသည့် ဟယ်ချန်းနှင့် ယှဉ်လျှင် ပို၍ အားကောင်းကြောင်း သိလိုက်သည်။

ရှေးဟောင်းကြေးမုံမှ အလင်းတန်းများ ထွက်ပေါ်နေကာ မိုဝူကျီအား သူ့ဘေးပတ်လည်ရှိ အာကာပြင်မှာ ပျော်ဝင်သွားတော့မည့်အလား ခံစားလာမိစေသည်။

မိုဝူကျီက သက်ပြင်းအရှည်ကြီး တစ်ချက် ချကာ လက်ကို မြှောက်လိုက်သည်။ သူ့လက်ထဲ၌ မီးခိုးရောင် ပုဆိန်လှံရှည် တစ်လက် ပေါ်လာသည်။ ထိုအရာမှာ မိုဝူကျီ ကိုယ်တိုင် ဖျင်ရွှေနှင့် အမြစ်မဲ့သံမဏိတို့ဖြင့် ပြုလုပ်ထားသော မှော်ရတနာ ဖြစ်ပေသည်။ နယ်လှည့်ကျင့်ကြံသူ တိုက်ပွဲစင်မြင့်၌ ဖြစ်စေ ဟယ်ချန်းကို သတ်ခဲ့သည့်အခါက ဖြစ်စေ မိုဝူကျီက သူ့မှော်ရတနာကို ထုတ်ဖို့ အခွင့်အရေး မရခဲ့ပေ။ ဤသည်က အမြစ်မဲ့သံမဏိနှင့် လက်နက် ထုလုပ်ပြီးနောက် ပထမဆုံးအကြိမ် အသုံးပြုခြင်း ဖြစ်သည်။

လခြမ်းကွေး ပုဆိန်လှံရှည် သူ့လက်ထဲ ကျရောက်လာသည်နှင့် မိုဝူကျီ၏ ခန္ဓာကိုယ်အား ကြီးကျယ်ခမ်းနားမှုနှင့် ယုံကြည်ချက်တို့ လွှမ်းခြုံသွားသလို ခံစားလိုက်ရသည်။

ပုဆိန်လှံရှည်မှ စက်ဝန်းပြတ်တစ်ခု ထွက်ပေါ်လာပြီးနောက် ကိုင်ကျီဆီ လေဟုန်ဆန်မြစ် ခေါ်ဆောင်လာသည်။

ကိုင်ကျိုက မိုဝူကျိအား မျက်လုံးထဲပင် မထည့်ပေ။ မိုဝူကျိ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူ ဖြစ်နေသည့်အချက်ကို မဆိုထားနှင့် ကောင်းကင်နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့် ဖြစ်နေလျှင်ပင် ကိုင်ကျိုက မိုဝူကျိအား ယင်ကောင် တစ်ကောင်အဖြစ် မြင်နေဦးမည် ဖြစ်သည်။

သူ့စွမ်းအားစက်ကွင်းက မိုဝူကျိနှင့် ထိတွေ့သွားပြီးနောက် သူ့နှလုံးခုန်နှုန်း တစ်ချက် ရပ်တန့်သွားသည်။ မိုဝူကျိ၏ စွမ်းအားစက်ကွင်းက ကနဦး နတ်ဘုရားအဆင့် မည်သို့ ဖြစ်နိုင်မည်နည်း။ သူ နတ်ဘုရားအုပ်စိုးသူ တပိုင်းအဆင့်အား သတ်ဖြတ်စဉ်အခါကပင် သူ့စွမ်းအားစက်ကွင်းမှာ ဤလောက် အားမကောင်းခဲ့ပေ။

“ ဝုန်း ” ဤသည်မှာ ကိုင်ကျိုအတွက် သူ့စွမ်းအားစက်ကွင်းကား တခြားသူကြောင့် ပျက်စီးသွားသည့် ပထမဆုံးအကြိမ် ဖြစ်၏။ သူတို့က မတိုက်ခိုက်ရသေးသော်လည်း သူ့စိတ်ထဲ အကြောက်တရား အနည်းငယ် ဖြစ်လာမိသည်။

သူ့စိတ်စွမ်းအားကို ရှေးဟောင်းကြေးမုံဆီ ပို့လွှတ်လိုက်သည့်အခါ ခြစ်ခြစ်တောက် ပူလာသည့် နေတစ်စင်းအလား အလင်းတန်း

ဖြာထွက်လာသည်။ ဤသည်မှာ သူ့ထိပ်တန်းအဆင့် အလင်းသဘာဝ လျို့ဝှက်တိုက်ကွက် ခြစ်ခြစ်တောက်အလင်းတန်း ဖြစ်ပေသည်။

သူ့ခြစ်ခြစ်တောက် အလင်းတန်းက တစ်ဖက်လူအပေါ် ကျရောက်သွားသည့်အခါ တစ်ဖက်လူ၏ စွမ်းအားစက်ကွင်းက မည်မျှပင် အားကောင်းစေကာမူ ချက်ချင်း ပျက်စီးသွားမည် ဖြစ်၏။ တူညီလှစွာ သူ့ဘေးပတ်လည်ရှိ ကာကွယ်ရေး ချပ်ဝတ်များကလည်း ဗလာနတ္ထိအဖြစ် ပြောင်းလဲသွားပေမည်။

ဤနေရာမှာ ကျင့်ကြံဖို့ အကောင်းဆုံးနေရာ ဖြစ်သည်မှာ သိသာလှသည်။ ကိုင်ကျိုက ဤနယ်လှည့်ကျင့်ကြံသူကို မြန်မြန် ဖယ်ရှားပစ်ပြီး ကျင့်ကြံဖို့ စတင်ရန် လိုအပ်နေကြောင်း ခံစားမိပေသည်။ နတ်ဝိညာဉ်စွမ်းအားများက အမြဲတမ်း ကန့်သတ်ထားသည့်အတွက် နည်းနည်း နောက်ကျသွားသည်နှင့် နောက်ကောက်ကျ ကျန်နေနိုင်သည်။

ခြစ်ခြစ်တောက် အလင်းတန်းက ဖြစ်တည်လာမည့်ဆဲဆဲတွင် ကိုင်ကျိုက စိတ်စွမ်းအား ပိတ်ဆို့မှုအား ရုတ်ချည်း

ခံစားမိလိုက်သည်။ တစ်စုံတစ်ခုက သူ့လျို့ဝှက်တိုက်ကွက် ထုတ်ဖော်မှုအား ဖြတ်တောက်ပစ်လိုက်သကဲ့သို့ ဖြစ်၏။

သူက ဘာဖြစ်နေမှန်း သတိမထားမိခင် ငွေရောင်မြစ် တစ်စင်းက ဆင်းသက်လာသည်။

မီတာသုံးထောင်အထက်မှ ငွေရောင်မြစ်ကြီးသည် အားပြင်းပြင်းနှင့် ကျဆင်းလာသည်။

လေဟုန်ဆန်မြစ်က ခြစ်ခြစ်တောက် နေပေါ် ကျရောက်သွားသည့်အခါ အလင်းတန်းများ ဖြာထွက်လာသည်။ အာရုံဖမ်းစားနိုင်လွန်းသည့် အလင်းတန်းက ကောင်းကင်တစ်ခုလုံး ဖုံးလွှမ်းသွားသည်။ ကိုင်ကျို ဖြစ်စေ၊ မိုဝူကျို ဖြစ်စေ နှစ်ယောက်လုံးက ထိုအလင်းတန်းအတွင်း ရှိနေသည်။

## အခန်း (၁၀၁၄) : မင်း လုပ်ရဲရင် လုပ်ကြည့်စမ်း

သူ့စိတ်နှင့် နှလုံးသားတို့၌ အကြောက်တရားတို့ဖြင့် ပြည့်နှက်နေလေ၏။ ကိုင်ကျို စတင်ကျင့်ကြံစဉ်ကတည်းက

ယနေ့ကဲ့သို့ ကူကယ်ရာမဲ့ ဖြစ်သည့် အဖြစ်မျိုး မခံစားဖူးပေ။ သူ့စိတ်စွမ်းအားက ဟန့်တားခံထားရပြီး သူ့လျို့ဝှက်တိုက်ကွက်မှာ ကြားဖြတ်ခံလိုက်ရစဉ် သူ့အနေနှင့် အမျိုးအမည်မသိ တုန်လှုပ်မှုနှင့် အကြောက်တရားတို့ကို ခံစားမိလိုက်သည်။

ကိုင်ကျိုက သူ့သွေးအဆီအနှစ်ကို နှိုးဆွ၍ မိုဝူကျိ၏ လေဟုန်ဆန်မြစ်နှင့် ဝဲကတော့ စွမ်းအားစက်ကွင်းကို ချိုးဖောက်ဖို့ ကြိုးစားလိုက်သည်။

“ ရှပ် ” သွေးများက ဖြာထွက်လာပြီးနောက် ကိုင်ကျိုက ထိုအလင်းတန်းကြားမှ ထွက်လာနိုင်လိုက်သည်။ သို့သော်လည်း သူက ဆက်လက် မလွတ်မြောက်နိုင်သေးဘဲ ဟင်းလင်းပြင်မှ ပြုတ်ကျလာသည်။

အပေါ်ယံ၌ ကိုင်ကျိုသည် အောင်အောင်မြင်မြင် လွတ်မြောက်သွားဟန် ပေါ်သော်လည်း သေချာကြည့်နေသူများသာ ကိုင်ကျိုရင်ဘတ်ပေါ်က ဒဏ်ရာကို သတိပြုမိကြလိမ့်မည်။

ထိုသွေးဒဏ်ရာမှာ ကိုင်ကျိ၏ စွမ်းအင်ဇဟိုချက်နှင့် ဝိညာဉ်လမ်းကြောင်းများကို ဖျက်စီးပစ်သည့်အရာ ဖြစ်နေသည်။

“ မင်း .... ” ကိုင်ကျိက မိုဝူကျိအား အားကောင်းနေသည့် အကြောင်းအရင်းကို မေးချင်သော်လည်း သူ့ပါးစပ်ထဲမှ သွေးများဖြင့် သူ့စကားဆုံးအောင် မပြောနိုင်လိုက်ပေ။

ထိုစဉ် သူ့စိတ်ထဲ၌ နောင်တတရားမှလွဲ၍ ကျန်သည့်အရာ မရှိတော့ပေ။

ကိုင်ကျိက သူ့ကိုယ်ပိုင် စွမ်းအားနှင့် ပတ်သတ်၍ အတွေးပေါင်းစုံ ဝင်နေမိသည်။ သူက ဤနယ်လှည့်ကျင့်ကြံသူကို အတော်လေး အထင်သေးမိသွားသည်။ ယခု သူက ထိုအကြောင်း တွေးမိလိုက်သည့်အခါ တစ်ဖက်လူမှာ အားမကောင်းလျှင် မိုင်ပေါင်းထောင်ချီ ကွာဝေးနေသည့် သူ့တည်ရှိမှုကို မည်သို့ ခံစားမိမည်နည်း။ မိုဝူကျိက သူ့ထက်အရင် ရှေးဦးမူလ ပျားလဘို့ဆီ မည်သို့ ရောက်လာနိုင်မည်နည်း။ မိုဝူကျိက သူ ချန်ထားခဲ့သည့် စိတ်ဝိညာဉ်အမှတ်အသားအကြောင်းကို ရှာတွေ့ပြီးလောက်ပြီး သူ လှုပ်ရှားဖို့ရာ စောင့်ဆိုင်းနေခြင်းသာ ဖြစ်ရမည်။

နှမြောစရာကောင်းသည်က သူသည် ဤကြင်တိကို အထင်သေးမိသွားသည်။ သူက ဤနယ်လှည့်ကျင့်ကြံသူသည် သူ့လမ်း၌ ချနင်းရမည့် ကျောက်တုံးဖြစ်ဖို့ရာပင် အရည်အချင်း မပြည့်မှီကြောင်း အမြဲ ယုံကြည်ထားသည်။

ယနေ့တွင် သူက ဤကြင်တိ၏ တိုက်ကွက်တစ်ခုတည်းဖြင့် ရှုံးနိမ့်သွားလေ၏။ ပို၍ ဆိုးဆိုးရွားရွား ပြောရလျှင် ဤကြင်တိ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူက သူ့တိုက်ကွက်ကိုပင် ရပ်တန့်နိုင်ခဲ့သေး၏။

ကိုင်ကျိုက သက်ညှာဖို့ မတောင်းဆိုချင်တော့သည့်အတွက် ဖြည်းဖြည်းချင်း မျက်လုံး ပိတ်လိုက်တော့သည်။ တစ်ဖက်လူက သူ့အသက်ကို ချမ်းသာပေးမည် မဟုတ်ကြောင်း အသေအချာ သိနေသည်။ သူက ဤအဆုံးမဲ့ အမုန်းတရားများနှင့် ဒေါသတရားများက သေခြင်းတရားရှေ့တွင် ဘာဆိုဘာမှ မဟုတ်တော့ကြောင်း သတိပြုမိသွားသည်။ အမျိုးသမီးတစ်ယောက်က မည်မျှ လှပစေကာမူ သေဆုံးပြီးနောက်တွင် သူနှင့် ပတ်သတ်မှု ရှိတော့မည် မဟုတ်ပေ။

နယ်လှည့်ကျင့်ကြံသူ ၂၇၀၅ ကို အပြန်သီးသန့် နတ်ဘုရားဂိုဏ်း၏ သတ်ဖြတ်ခြင်း ခံရခြင်း၊ မခံရခြင်းကား သူနှင့် မဆက်စပ်တော့ပေ။

နောက်ဆုံး သေခြင်းတရား ရှေ့မှောက်၌ ထိုသဘောတရားကို နားလည်သဘောပေါက်သွားခဲ့သည်။

ပုဆိန်လုံ့ရှည် အလင်းတန်း ထွက်ပေါ်လာသည်နှင့် သူ့စိတ်နန်းတော်မှာ ပျက်စီးသွားတော့သည်။ သူ့ကမ္ဘာဦး စိတ်ဝိညာဉ်ပင် ချက်ချင်း ဖျက်စီးခံလိုက်ရ၏။

မိုဝူကျိထံ သိုလှောင်လက်စွပ်တစ်ကွင်း ရောက်ရှိလာသည့်အခါ မီးတောက်တစ်ခုက ကိုင်ကျိ ခန္ဓာကိုယ်အပေါ် ကျရောက်လာသည်။

ကောင်းစွာ လေ့ကျင့်ထားသော လှုပ်ရှားမှုက မြင်ကွင်းကို မြင်လိုက်ရသူအပေါင်းကို ဆွံ့အတိတ်ဆိတ်သွားစေသည်။ မူလ ပျားလဘို့ဆီ ဦးတည်နေကြသူများကလည်း သူတို့အပြုအမူများကို သတိချပ်လိုက်ကြသည်။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် ကောင်းကင်နတ်ဘုရား ကျင့်ကြံသူများကြား အဆင့် ၆ ချိတ်ဆွဲထားသော ကိုင်ကျိကား အမည်မသိ လူတစ်ယောက်၏ တိုက်ကွက်တစ်ကွက်တည်းဖြင့်

အဆုံးသတ်သွားခဲ့ရသည်။ မည်သူကများ လှူပ်ရှားရဲမည်နည်း။ လူများစွာက မိုဝူကျိုသည် ထိပ်ဆုံး ငါးယောက်အတွင်း ပါဝင်နေသူများလားဟု စဉ်းစားမိကြသော်လည်း မည်သူကမှ ထွက်မမေးရဲပေ။

မိုဝူကျိုက လခြမ်းကွေး ပုဆိန်လှံရှည်ကို သိမ်းထားလိုက်ပြီးနောက် စိတ်ထဲ၌ ပျော်ရွှင်မိနေသည်။ သူက ကိုင်ကျိုကို သတ်နိုင်ခဲ့၍ မဟုတ်ဘဲ ဖျင်ရွှေ၏ အရေးပါပုံကို သတိပြုမိသွား၍ ဖြစ်ပေသည်။

အကယ်၍ သူသာ ဖျင်ရွှေကို လခြမ်းကွေး ပုဆိန်လှံရှည်ထဲ ထပ်မထည့်ခဲ့လျှင် သူ့အနေနှင့် ကိုင်ကျိုအား တစ်ခါတည်းဖြင့် အဆုံးသတ်နိုင်မည် မဟုတ်ပေ။ သူက ကိုင်ကျိုကို မကြောက်သော်လည်း သူ့အနေနှင့် ကိုင်ကျိုအား ဖယ်ရှားပစ်ဖို့ရာ အာကာပြင် လျို့ဝှက်ပညာရပ် သို့မဟုတ် သတ္တကမ္ဘာလက်ချောင်း တိုက်ကွက်တို့ လိုအပ်လောက်၏။

သူက ဖျင်ရွှေကို ထပ်ထည့်လိုက်သည့်အတွက် သူ့အနေနှင့် တိုက်ခိုက်မှုတစ်ခု၌ တိုက်ကွက်နှစ်မျိုး ပေါင်းထားသလို ဖြစ်နေသည်။ ကိုင်ကျိုက ကောင်းကင်နတ်ဘုရား အဆင့် ၈ မျှသာ

ဖြစ်သည့်အတွက် သူ့ကိုယ်သူ တိုက်ကွက်နှစ်ခု ပါနေသည့် တိုက်ခိုက်မှုကို မည်သို့ ကာကွယ်နိုင်မည်နည်း။

မိုဝူကျိက မူလ ပျားလဘို့ဆီ ပြန်ရောက်လာကာ အသံခပ်ဩဩဖြင့် ကြေညာလိုက်သည် “ ဒီမူလ ပျားလဘို့နဲ့ ဆယ်ပေအတွင်းမှာ ခြေချမိတဲ့ ဘယ်သူမဆို ဒီလူလိုမျိုး အဆုံးသတ်သွားရမယ် ”

မိုဝူကျိ၏ ပိုင်နက်ကြေညာချက်ကို ကြားပြီး အနီးရှိ တချို့သော ကျင့်ကြံသူများက မသိမသာ နောက်ပြန်ဆုတ်လိုက်ကြ၏။ အကယ်၍ သူတို့သာ ဆယ်ပေအတွင်း ရှိမနေလျှင်ပင် သူတို့က သူတို့ရှေ့တွင် ရှိနေသော ဤအားကောင်းလှသည့် ကျင့်ကြံသူအား ကြောက်ရွံ့မိကြပေသည်။ ထို့အပြင် သူက ကိုင်ကျိကိုပင် သတ်ရဲသည့် တည်ရှိမှုမျိုး ဖြစ်လေရာ မည်သူကများ သူ့အား ရန်စရဲမည်နည်း။

ကျင့်ကြံသူများက အပြင်ပိုင်း ပျားလဘို့များအတွက် စတင်တိုက်ခိုက်ကြတော့သည်။ မည်သူကမှ မိုဝူကျိအနီးရှိ ပျားလဘို့ အသေးလေးများဆီပင် မသွားရဲကြပေ။

မိုဝူကျိုက ဗိုလ်ကျသလို ဖြစ်မည်ကိုလည်း ဂရုမစိုက်တော့ပေ။ ကျင့်ကြံရေး အရင်းအမြစ်များနှင့် ပတ်သတ်လာလျှင် သူက သဘောကောင်းပြမနေနိုင်ပေ။

အကြီးဆုံး ပျားလဘို့ပေါ် မတ်မတ်ရပ်ပြီးနောက် မိုဝူကျိုက သူ့ဘေးပတ်လည် နေရာဆီ အစီအရင်အလံများကို ပစ်လွှတ်လိုက်သည်။ လက်ရှိ သူက အဆင့် ၃ သတ်ဖြတ်ရေး အစီအရင်ကို ခင်းကျင်းနေခြင်း ဖြစ်၏။

မိုဝူကျိုက ထိုသို့ လုပ်ဆောင်ပြီးနောက် ပျားလဘို့ပေါ် ထိုင်ကာ ချီသွေးကြော ၁၀၈ ခုလုံးအား စတင် လှည့်ပတ်လိုက်သည်။

ဤနေရာ၌ သူက စွမ်းအားစုစည်းရေး အစီအရင် ခင်းကျင်းဖို့ရာပင် စိတ်ထဲ မရှိပေ။ အကြောင်းမှာ သိပ်သည်းလွန်းသော ရေးဦး နတ်ဝိညာဉ်စွမ်းအားများက သူ့ဆီ အရှူးအမူး ပြေးဝင်နေ၍ ဖြစ်သည်။ ဤသို့သော သန့်စင်သိပ်သည်းလှသော စွမ်းအားများဖြင့် မိုဝူကျို ခေါင်းအထက်တွင် ရောမ ဝဲကယက်တစ်ခု ဖြစ်ပေါ်လာတော့သည်။

တခြားသူများက သူ့ကျင့်ကြံဆင့်မှတဆင့် မိုဂူကျိ ဖြစ်ကြောင်း သတိထားမိကောင်း သတိထားမိနိုင်သော်လည်း မိုဂူကျိက ဂရုမစိုက်ပေ။

ဘေးပတ်လည်ရှိ ကျင့်ကြံသူများက မိုဂူကျိ၏ ကြောက်ခမန်းလိလိ စုပ်ယူနိုင်စွမ်းကို တွေ့ကာ အားလုံးလည်း စတင်ကျင့်ကြံကြတော့သည်။ ဤနေရာကို ယခင်က ပိတ်လှောင်ထားသောကြောင့် နတ်ဝိညာဉ်စွမ်းအားများကား ကန့်သတ်ချက် ရှိရပေမည်။ မိုဂူကျိ၏ ကျင့်ကြံနှုန်းကို ကြည့်ကာ သူတို့ ခြေတစ်လှမ်း နှေးကွေးနေပါက အခွင့်အရေးကို လက်လွှတ်လိုက်ရမည်သာ ဖြစ်၏။

ဤသည်မှာ မိုဂူကျိအနေနှင့် သန့်စင်လွန်းသည့် နတ်ဝိညာဉ်စွမ်းအားအောက် ကျင့်ကြံခြင်းက မည်မျှ ကြီးကျယ်ကာ သက်တောင့်သက်သာ ဖြစ်သည်ကို ပထမဆုံးအကြိမ် သတိပြုမိခြင်း ဖြစ်၏။ မိုးမြေရှိ အဆုံးမဲ့စွမ်းအားများက သူ့ချီသွေးကြောထံ စီးဝင်လာသည့်အခါ လှည့်ပတ်ခြင်း တစ်ပတ်ဖြင့် အညစ်အကြေးအားလုံးကို ဖယ်ရှားပစ်နိုင်ပေသည်။ သူ့လူသားတာအို၏ စည်းမျည်းက

ကြည်လင်လာကာ စာရွက်ဖြူပေါ် မှင်စက်ကျသည့်အလား ပိုမို ထင်ရှားလာသည်။

“ ဝုန်း ” အတားအဆီး အဟန့်အတားမရှိ မိုဝူကျိုက ကနဦး နတ်ဘုရားအဆင့် ၁၁ မှ အဆင့် ၁၂ သို့ တက်လှမ်းသွားတော့သည်။

လက်ရှိ သူ့နတ်ဝိညာဉ်စွမ်းအား စုပ်ယူနှုန်းမှာ ပိုမို ပြင်းလာသည့်အတွက် သူ့ခေါင်းအထက်ရှိ ဝဲကယက်မှာလည်း ပိုမို ကြီးမားလာသည်။

အချိန်ကုန်လွန်သွားသည်နှင့် နောက်ကျမှ ရောက်လာသူများလည်း တဖွဲဖွဲ ရောက်ရှိလာကြသည်။ သူတို့က ပျားလဘို့ပေါ် မရောက်သေးလျှင်ပင် အစွန်းအဖျားၖ ကျင့်ကြံခြင်းကပင် တခြားနေရာထက် အဆထောင်ပေါင်းများစွာ ပို၍ ကောင်းပေသည်။

မိုဝူကျို၏ ဆယ်ပေ ဘေးပတ်လည်ကိုကား မည်သူကမှ ခြေမချရဲကြပေ။

ဉာဏ်နည်းနေသူ မဟုတ်ပါက မိုဝူကျိုသည် သွားနှောင့်ယှက်ရမည့်သူ မဟုတ်မှန်း တန်းသိပေလိမ့်မည်။

ဤနေရာတစ်ခုလုံးမှာ ဤမျှအကျယ်သာ ကျယ်ဝန်းသော်လည်း မိုဝူကျိက သူ တစ်ယောက်တည်း အကြီးဆုံး ပျားလဘို့ကို နေရာယူထားသည်။ ထိုမျှတင် မကသေးဘဲ သူက ကာကွယ်ရေး အစီအရင်ကိုလည်း ခင်းကျင်းထားသည့်အတွက် မည်သူကမှ သူ့အား မဆန့်ကျင်ရဲကြပေ။ သူတို့ ရောက်လာသည်နှင့် မည်သူကများ မိုဝူကျိဆီ သွား၍ နှောင့်ယှက်ကြမည်နည်း။

မိုဝူကျိက သူ့ကျင့်ကြံဆင့် ဆက်တိုက် တက်လာသည်ကို ခံစားမိသည်။ သူက တစ်လတာအတွင်း ကနဦး နတ်ဘုရားအဆင့်ကိုပင် ကျော်လွန်ကာ ကောင်းကင်နတ်ဘုရားအဆင့် ရောက်သွားလိမ့်မည်ဟု သံသယဝင်လာမိသည်။

လဝက်တာ ကြာမြင့်သွားပြီးနောက် သက်ပြင်းအရှည်ကြီးကို ကြားလိုက်ရသည်။ ခရမ်းဝတ်ရုံဖြင့် ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူက သူ့မှော်ရတနာကို ဆွဲထုတ်ရင်း မတ်တတ်ထရပ်လိုက်သည်။

အားကောင်းသော နတ်စွမ်းအားများက သူ့ခန္ဓာကိုယ်ပတ်လည် ဖြစ်တည်နေသည်။ သူ့အရှိန်အဝါမှာလည်း အချိန်ကြာလာသည်နှင့် ပို၍ အားကောင်းလာသည်။

ထိုကောင်းကင်နတ်ဘုရားအဆင့်နှင့် နီးကပ်နေသည့် ကျင့်ကြံသူတချို့က မြန်မြန် နောက်ဆုတ်လိုက်ကြသည်။

လူအုပ်ကြီးက ထိုခရမ်းဝတ်ရုံနှင့် ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူအား အားကျစွာ ကြည့်လိုက်ကြသည်။ ထိုသူက နတ်ဘုရား အုပ်စိုးသူအဆင့် တက်လှမ်းတော့မည် ဖြစ်၏။ ရှေးဦးမူလ စွမ်းအင်များ ရှိရာ ဤနေရာတစ်ခုတည်း၌ အပြင်အကူအညီ မပါရှိဘဲ နတ်ဘုရားအုပ်စိုးသူအဆင့် တက်လှမ်းနိုင်လိမ့်မည်။ ဤနည်းဖြင့် အဆင့်တက်လှမ်းခြင်းက အုပ်စိုးသူဖြစ်တည် ဆေးလုံးကို အသုံးပြုခြင်းထက် ပို၍ ကောင်းမွန်ပေသည်။

နတ်ဘုရားအုပ်စိုးသူများကို ဝင်ခွင့် မပြုထားသောကြောင့် ဤလူသာ နတ်ဘုရားအုပ်စိုးသူအဆင့် ဖြစ်သွားလျှင် မည်သူကများ သူ့အတွက် ခြိမ်းခြောက်မှု ဖြစ်မည်နည်း။ ပထမနေရာမှာ ထိုလူအပိုင်သာ ဖြစ်သွားလိမ့်မည်။

ထိုခရမ်းဝတ်ရုံနှင့် အမျိုးသား ထရပ်လိုက်ပြီးနောက် မိုးကြိုးချက်များက ဆက်တိုက် ကျရောက်လာသည်။

မိုးကြိုးချက်များ ကျရောက်လာသည့်အချိန်တိုင်း သူ့ခန္ဓာကိုယ်မှ သွေးမြူများ ထွက်လာသော်ငြား ရှေးဦးမူလ နတ်ဝိညာဉ်စွမ်းအားက သူ့ခန္ဓာကိုယ်အား အချိန်တိုအတွင်း ပြန်လည် ကုသပေးနေသည်။

တချို့သော ကောင်းကင်နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့်ရှိ ကျင့်ကြံသူများက သူတို့လည်း အဆင့်တက်လိုတက်ငြား မျှော်လင့်ချက်ဖြင့် အတားအဆီးမရှိ နတ်ဝိညာဉ်စွမ်းအားများအား အသည်းအသန် စုပ်ယူနေကြသည်။ ဤနေရာနှင့် ယှဉ်လျှင် တခြားနေရာများက နတ်ဘုရားအုပ်စိုးသူအဆင့် တက်လှမ်းရန်အတွက် မည်သို့ ပို၍ သင့်တော်မည်နည်း။

“ ဝုန်း ဝုန်း ” မိုးကြိုးချက်များက ပိုမို ကျရောက်လာကာ သွေးမြူများလည်း ဆက်တိုက် ဖြစ်ပေါ်လာသည်။ သို့သော်လည်း မိုးကြိုးစမ်းသပ်ချက် ခံယူနေသော ထိုကောင်းကင်နတ်ဘုရား ကျင့်ကြံသူ၏ စွမ်းအားများက ပို၍ အားကောင်းလာသည်။

နောက်ဆုံး မိုးကြိုးချက် ကျဆင်းလာပြီး ဝိညာဉ်တိမ်တိုက် တစ်ခု ဖြစ်ပေါ်လာသည့်အခါ ထိုလူက လေအေးများ မှုတ်ထုတ်လိုက်တော့သည်။

ယခင် သူက မိုဝူကျိကို ကြောက်ရွံ့ခဲ့သော်လည်း ယခုအခါ နတ်ဘုရား အုပ်စိုးသူအဆင့် တက်လှမ်းသွားပြီ ဖြစ်ရာ မိုဝူကျိအား အာရုံစိုက်စရာ မလိုတော့ပေ။

တစ်ရက်အတွင်း ထိုနတ်ဘုရားအုပ်စိုးသူက သူ့ကျင့်ကြံဆင့် အခြေတည်ဖို့ရာပင် မစောင့်နိုင်တော့ဘဲ မိုဝူကျိ၏ ကာကွယ်ရေး အစီအရင် အပြင်ဘက်သို့ သွားလိုက်သည်။

လက်တစ်ချက် အဝှေ့ဖြင့် သူက မှော်ရတနာကို ဆွဲထုတ်လိုက်သည်။ မိုဝူကျိ၏ အဆင့် ၃ သတ်ဖြတ်ရေး အစီအရင်မှာ သူ့တိုက်ခိုက်မှုအား ကာကွယ်မပေးနိုင်သောကြောင့် ချက်ချင်း ပျက်စီးသွားသည်။

အားလုံးက မိုဝူကျိကို ကြည့်လိုက်ကြသည်။ အားလုံးက မျှော်လင့်ထားမိပြီးသား ဖြစ်၏။ ထိုကောင်းကင်နတ်ဘုရား မိုးကြိုးစမ်းသပ်ချက် ခံယူပြီး နတ်ဘုရားအုပ်စိုးသူအဆင့်

တက်လှမ်းနိုင်သည်နှင့် မိုဝူကျို၏ နေရာကို လုမည်မှာ ကျိန်းသေလှသည်။

လူအများအပြားက မိုဝူကျို၏ ဉာဏ်ရည်ကို သံသယဝင်လာမိကြသည်။ အကယ်၍ သူတို့သာ မိုဝူကျို ဖြစ်နေလျှင် ဤနေရာ၌ နတ်ဘုရားအုပ်စိုးသူအဆင့် တက်လှမ်းမည်ကို ခွင့်ပြုထားမည် မဟုတ်ပေ။ တစ်စုံတစ်ယောက်က တက်လှမ်းနိုင်သည်နှင့် အလယ်တည့်တည့် နေရာမှာ မိုဝူကျိုနှင့် သက်ဆိုင်တော့မည် မဟုတ်ချေ။

မိုဝူကျိုက မျက်လုံးကို ဖွင့်လိုက်ရင်း ဖြည်းဖြည်းချင်း ထရပ်လိုက်သည်။ သူ့ရှေ့ လခြမ်းကွေး ပုဆိန်လုံ့ရှည် အလိုလို ပေါ်လာသည်။

ကနဦး နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့်ရှိ နတ်စွမ်းအားများက သူ့ချီသွေးကြောအတွင်း ထွက်ပေါ်လာသည်။ သူက နတ်ဘုရား အသွင်သဏ္ဍာန် မရှိသော်လည်း သူက ကောင်းကင်နတ်ဘုရားအဆင့်ကို အာရုံခံမိနေပြီ ဖြစ်၏။ သူသာ အလိုရှိလျှင် ကောင်းကင်နတ်ဘုရားအဆင့်သို့ တက်လှမ်းနိုင်လိမ့်မည်။

မိုဝူကျိုက ခရမ်းဝတ်ရုံနှင့် ကျင့်ကြံသူမှာ မိုးကြိုးစမ်းသပ်ချက် ခံယူထားသည်မှန်း ကောင်းကောင်း သိပေသည်။ တစ်ဖက်လူက သူ့အား မနှောင့်ယှက်သောကြောင့် သူ့ အဆင့်တက်နေစဉ်အတွင်း တားဆီးရန် စိတ်ကူး မရှိပေ။

သို့သော်လည်း သူက ခရမ်းဝတ်ရုံနှင့် ကျင့်ကြံသူ အဆင့်တက်ပြီးသည်နှင့် သူ့နေရာ လာလုမည်ကို စိုးရိမ်မိသောကြောင့် မိုဝူကျိုက အဆင့်မတက်သေးဖို့ ရွေးချယ်လိုက်ခြင်း ဖြစ်သည်။ သူက တစ်ဖက်လူ ရောက်ရှိလာဖို့ စောင့်ဆိုင်းနေမိသည်။ အကယ်၍ ထိုလူသာ သူ့နေရာကို လာလုခဲ့လျှင် မိုဝူကျို၏ မိုးကြိုးစမ်းသပ်ချက်နှင့် ယှဉ်လျှင် သူ့နတ်ဘုရားအုပ်စိုးသူအဆင့် မိုးကြိုးစမ်းသပ်ချက်သည် ဘာမှမဟုတ်သေးကြောင့် သိသွားလိမ့်မည်။

“ ငါက ကျင့်ကြံသူများ အစုအရုံး အဖွဲ့က လီဝူကျန့်ပဲ ” ခရမ်းဝတ်ရုံနှင့် အမျိုးသားက မိုဝူကျိုအား စိုက်ကြည့်ရင်း ပြောလိုက်သည်။

မိုဂူကျိုက အေးအေးဆေးဆေး ပြန်ပြောလိုက်သည် “ မင်းက ငါ့ကာကွယ်ရေး အစီအရင်ကို ဖျက်စီးပစ်ပြီးတော့ ငါ့ပိုင်နက်ထဲ ရောက်နေပြီ ”

လီဂူကျန့်က ကျယ်လောင်စွာ အော်ရယ်မောလိုက်ပြီး “ ဟုတ်တာပေါ့ …မင်း မှန်တယ်။ ငါ အခု ဒီပျားလဘို့ကို သုံးတော့မယ်ဆိုတာ မင်း သိရအောင်လို့။ မင်း ကိုင်ကျိုဆီက ရထားတဲ့ ပစ္စည်းနဲ့ မင်းရဲ့ သိုလှောင်လက်စွပ်ကို ပေးပြီး ထွက်သွားစမ်း ”

အားကောင်းကောင်း စွမ်းအားကို ခံစားမိလေရာ မိုဂူကျိုက သူ့သာ ပစ္စည်းများကို ပေးပြီးသည်နှင့် တစ်ဖက်လူက တန်းတိုက်ခိုက်မည်မှန်း မည်သို့ မသိဘဲ နေမည်နည်း။

လီဂူကျန့် လှုပ်ရှားဖို့ပင် စောင့်ဆိုင်းမနေဘဲ မိုဂူကျိုက သူ့ဝဲကတော့ စွမ်းအားစက်ကွင်းကို အရင်ဦးစွာ ထုတ်လိုက်သည်။ လခြမ်းကွေး ပုဆိန်လုံ့ရှည်မှ နှောက်ထပ် အလင်းတန်းတစ်ချက် ထွက်ပေါ်လာသည်။

“ မင်းက တိုက်ရဲတယ်လား ” လီဂူကျန့် တစ်ယောက်တည်း အံ့ဩသွားခြင်း မဟုတ်ပေ။ တခြားသော ကျင့်ကြံသူအားလုံးလည်း

အတူတူ အံ့သြကုန်ကြသည်။ မိုဝူကျိုက ကောင်းကင်နတ်ဘုရားအဆင့် ဖြစ်နေလျှင်ပင် ကောင်းကင်နတ်ဘုရား တစ်ယောက်က နတ်ဘုရားအုပ်စိုးသူနှင့် ယှဉ်၍ ရမည်လား။ ကောင်းကင်နတ်ဘုရားအဆင့်က နတ်ဘုရားအုပ်စိုးသူကို အဘယ်ကြောင့် ဦးဆုံး တိုက်ခိုက်နေရသနည်း။

**သူက သေချင်နေတာလား ....**

## အခန်း (၁၀၁၅) : ကောင်းကင်နတ်ဘုရားအဆင့်

လီဝူကျန့်က ဒေါ်တာသကြီးဖြင့် မှော်ရတနာပင် အသုံးမပြုဘဲ မိုဝူကျိုဆီ ပြေးဝင်သွားသည်။ သူက မိုဝူကျိုအား ကောင်းကင်နတ်ဘုရားနှင့် နတ်ဘုရားအုပ်စိုးသူအဆင့်ကြားရှိ ခြားနားချက်ကြီးကို ကြုံတွေ့ခံစားစေလိုနေမိသည်။

“ ဝုန်း ” လီဝူကျန့်က လှုပ်ရှားလိုက်သည်နှင့် ဝေဟင်ထက်မှ မိုးခြိမ်းသံများ ထွက်ပေါ်လာသည်။

လီဝူကျန့်က တစ်ဖက်လူသည် မိုးကြိုးချက်များအား အသုံးချ၍ သူ့အား ရင်ဆိုင်ရန် ကြံစည်နေကြောင်း သတိပြုမိသွားသည်။

လီဝူကျန့်က နတ်ဘုရားအုပ်စိုးသူ မိုးကြိုးစမ်းသပ်ချက် ခံယူပြီးခါစ ဖြစ်ကာ မိုးကြိုးချက်များကို အနည်းငယ် ထိတ်လန့်နေမိသေး၏။ သူက မှော်ရတနာ စိတ်ကူးယဉ် ဓားသွားကို ကိုင်ဆွဲလိုက်သည်။ ဆက်တိုက်ဆိုသလို သူက နောက်ဆုတ်ရန် ပြင်လိုက်သည်။

သူက နတ်ဘုရားအုပ်စိုးသူအဆင့် ဖြစ်နေသော်လည်း မိုဝူကျိ တစ်ယောက် နတ်ဘုရားအုပ်စိုးသူအဆင့် မိုးကြိုးစမ်းသပ်ချက် ခံယူနေစဉ် ဝင်မပါလိုပေ။

မိုဝူကျိက တစ်ဖက်လူကို အဘယ်ကြောင့် အလွှတ်ပေးမည်နည်း။ သူက တိုက်ခိုက်တော့မည့်ဆဲဆဲတွင် လီဝူကျန့်က ရုတ်ချည်း ရပ်ကာ မိုဝူကျိအား မယုံကြည်နိုင်စွာ ကြည့်လိုက်ရင်း “ မင်းက ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူလား။ ကနဦး နတ်ဘုရားအဆင့်လေးက ကိုင်ကျိကို ဖယ်ရှားပစ်နိုင်တယ်ပေါ့ ”

လက်ရှိ ကောင်းကင်နတ်ဘုရား မိုးကြိုးစမ်းသပ်ချက်၏ စည်းမျဉ်းများကို လီဝူကျန့်က ဖမ်းဆုပ်မိလိုက်၏။ သူ့ရှေ့တွင် ရှိနေသော ဤကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူ

ပေါက်စလေးက ကောင်းကင်နတ်ဘုရားအဆင့် မိုးကြိုးစမ်းသပ်ချက်ကို ခံယူမည် ဖြစ်၏။

ပြောရမည်ဆိုလျှင် မိုဝူကျိုက သူ့ကျင့်ကြံဆင့်ကို မဖုံးကွယ်ထားပေ။ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူ အမှန် ဖြစ်ပေသည်။ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူတစ်ယောက်က နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ မဟာကောင်းကင်နတ်ဘုရားအဆင့် ၆ ဖြစ်သည့် ကိုင်ကျိအား အဆုံးသတ်ပစ်လိုက်သည့် ကိစ္စကား တခြားသူများအား ပြန်ပြောပြလျှင်ပင် ယုတ္တိမတန်ချေ။

လီဝူကျန့်က နတ်ဘုရားအုပ်စိုးသူအဆင့် ရောက်နေပြီ ဖြစ်၏။ အကယ်၍ သူက ကောင်းကင်နတ်ဘုရားအဆင့် မိုးကြိုးစမ်းသပ်ချက်လောက်ကို ကြောက်ရွံ့နေလျှင် သူ့နှစ်များစွာ ကျင့်ကြံလာရသော ကျင့်ကြံခြင်းများက အလကား ဖြစ်သွားပေလိမ့်မည်။

လီဝူကျန့်က နောင်တ မရမည့် ဆုံးဖြတ်ချက်ကို ချလိုက်သည်။ သူက နောက်မဆုတ်ရုံသာမက သူ့စိတ်ကူးယဉ် ဓားသွားကို နှိုးဆွကာ မိုဝူကျိုဆီ ပြေးဝင်သွားသည်။

ကောင်းကင်နတ်ဘုရားအဆင့် မိုးကြိုးချက်များ သူ့အပေါ် ကျရောက်လျှင်ပင် ဘာမှ ဖြစ်မည် မဟုတ်ပေ။

“ ဘန်း ” မိုးကြိုးချက် ကိုးချက် ဆက်တိုက် ကျရောက်ပြီးနောက် မိုဝူကျိုက မိုးကြိုးချက်မှ တိုက်ခိုက်မှုများအား လျစ်လျူရှုထားလိုက်တော့သည်။ သူ့လခြမ်းကွေး ပုဆိန်လှံရှည်ကို လီဝူကျန့်၏ ခေါင်းသွားဖြင့် ဟန့်တားခံရပြီးနောက် သူက လက်ဟန်တချို့ကို ထုတ်ဖော်လိုက်သည်။ အာကာပြင် နှစ်ခုမှာ နှစ်မျိုး ကွဲသွားကာ တစ်ဖက်မှာ မီးခိုး ဖြစ်ကာ တစ်ဖက်တွင် အဖြူရောင် ဖြစ်၏။

မျက်စိဖြင့် မမြင်နိုင်သည့် ယင်ယန် စက်ဝန်း ဖြစ်တည်လာသည်။

သေခြင်းတရား စွမ်းအားများ ပြန့်လာပြီး အသက်ခေတ်များက ဆက်တိုက် စုပ်ယူခံနေရသည်။

**လျို့ဝှက်တိုက်ကွက်ဆိုတာ ဘာလဲ ...**

လီဝူကျန့်က အားပြင်းပြင်း သေခြင်းတရား အငွေ့အသက်များကို ခံစားမိလိုက်သည်။ ထိုစဉ် သူ့စိတ်ကူးယဉ် ခေါင်းအလင်းတန်းက ပုဆိန်လှံရှည် အလင်းတန်းကို ဖြတ်ကာ မိုဝူကျို ခန္ဓာဆီ ကျရောက်လာသည်။

မိုဝူကျို၏ လခြမ်းကွေး ပုဆိန်လှံရှည်က လီဝူကျန့်အပေါ်တွင်လည်း သက်ရောက်မှု ရှိ၏။ ကိုင်ကျိုနှင့် နှိုင်းယှဉ်လျှင် သူ့ပုဆိန်လှံရှည်မှာ လီဝူကျန့်၏ စိတ်ကူးယဉ် ဓားအလင်းတန်းအား မဖျက်စီးပစ်နိုင်ပေ။

စိတ်ကူးယဉ် ဓားသွားကို လခြမ်းကွေး ပုဆိန်လှံရှည်မှ ကာဆီးနိုင်လိုက်သော်လည်း ဓားအလင်းတန်းက မိုဝူကျို ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာတချို့ ချန်ထားနိုင်လိုက်သည်။

အကယ်၍ မိုဝူကျိုက ဦးဆုံးတိုက်ခိုက်သူ မဖြစ်ခဲ့လျှင် စိတ်ကူးယဉ် ဓားသွား၏ အလင်းအများစုကို တားဆီးလိုက်နိုင်မည် မဟုတ်ချေ။

အကယ်၍ သူ့မိုးကြိုးစမ်းသပ်ချက် ခံယူနေစဉ်အတွင်း မဟုတ်လျှင် မိုဝူကျို၏ ဝိဇ္ဇာတပိုင်း ရုပ်ခန္ဓာအဆင့်ဖြင့်ပင် ထိုဓားအလင်းတန်းချက်အောက်တွင် နှစ်ပိုင်း ပြတ်သွားနိုင်သည်။ နတ်ဘုရားအုပ်စိုးသူနှင့် နှိုင်းယှဉ်လျှင် ကနဦးနတ်ဘုရားအဆင့် ဖြစ်သည့် သူက အမှန်ပင် အားနည်းလှသည်။ သူက အားအကောင်းဆုံး ကနဦး နတ်ဘုရားအဆင့် ဖြစ်သော်လည်း သူနှင့် နတ်ဘုရားအုပ်စိုးသူကြားတွင် ကမ္ဘာခြားလောက်အောင် ကွာဟနေသေး၏။

လီဝူကျန့်က မိုဝူကျိအား ခေါ်တစ်ချက်ဖြင့် ထိခိုက်ဒဏ်ရာ လုပ်နိုင်ခဲ့သည်။ အကယ်၍ သူတို့ ဆက်တိုက်လျှင် လီဝူကျန့်က သူ့အားအကောင်းဆုံး လျို့ဝှက်တိုက်ကွက်များ ထုတ်သုံးပေလိမ့်မည်။ အကယ်၍ ထိုသို့သာ လုပ်ဆောင်ခဲ့လျှင် မိုဝူကျိအနေနှင့် မိုးကြိုးစမ်းသပ်ချက် ခံယူဖို့ရာ အခွင့်အရေး ရှိတော့မည် မဟုတ်ချေ။

သို့သော်လည်း သူတို့က ဆက်လက် မလုပ်နိုင်လောက်တော့ပေ။

မိုးကြိုးကိုးချက် ခံယူပြီးနောက် လီဝူကျန့် ခန္ဓာကိုယ်မှာ မိုဝူကျိထက် အဆင့်များစွာ နိမ့်ကျကြောင်း သံသယ ဖြစ်ဖွယ် မရှိပေ။ ထို့အပြင် မိုဝူကျိက ကျင့်ကြံဖို့ရာအတွက် လျှပ်စီးအဆီအနှစ်များကို စုပ်ယူနိုင်သေး၏။ တစ်ဖက်တွင် လီဝူကျန့်က မိုးကြိုးချက်များကို ကာကွယ်ရုံသာ တတ်နိုင်ပေသည်။

ထိုအခိုက်အတန့်လေး၌ လီဝူကျန့်က မိုဝူကျိသည် သူနှင့် ရင်ဆိုင်ရန် မိုးကြိုးစမ်းသပ်ချက် ခံယူသည့် အကြောင်းအရင်းကို သဘောပေါက်သွားတော့သည်။

**ဒါက ဘယ်လိုလုပ် ကောင်းကင်နတ်ဘုရားအဆင့် ဖြစ်နိုင်မှာလဲ .... နတ်ဘုရားအုပ်စိုးသူအဆင့် မိုးကြိုးစမ်းသပ်ချက်ထက်ပင် သုံးဆမက အားကောင်းနေသည် မဟုတ်ပါလော။**

မိုးကြိုးချက် ဒုတိယအသုတ် ကျရောက်လာသည့်အခါ လီဝူကျန့်က အမှန်ပင် ကြောင်အမ်းသွားတော့သည်။ မိုးကြိုး ၁၈ ချက်လုံး၌ သေစေလောက်သည့် စွမ်းအားများ ယူဆောင်ကာ ဆင်းသက်လာသည်။ ဤသည်က ကောင်းကင်နတ်ဘုရားအဆင့် ရောက်ရန် ခံယူရမည့် မိုးကြိုးစမ်းသပ်ချက်မျိုး မဟုတ်ပေ။ နတ်ဘုရားအုပ်စိုးသူတစ်ယောက် လောကနတ်ဘုရားအဆင့် တက်လှမ်းရာ၌ ခံယူရမည့် မိုးကြိုးစမ်းသပ်ချက်ပင် ဤမျှလောက် ကြောက်ဖို့ ကောင်းမည် မဟုတ်လောက်ချေ။

သူ့အပြုအမူများကို နောင်တရရန် နောက်ကျသွားလေပြီ။ ယခု သူ လုပ်ချင်သည်က ထိုမိုးကြိုးချက်များကို ကာကွယ်ရင်း ဝေးဝေးသို့ မြန်မြန် ထွက်ပြေးဖို့ရာသာ ဖြစ်၏။ သူ့ရှေ့တွင် ရှိနေသောသူက စိတ်ရောဂါ ဖြစ်နေခြင်းသာ ဖြစ်လိမ့်မည်။ သူ့မိုးကြိုးစမ်းသပ်ချက်များက ဤမျှ ကြောက်မက်ဖွယ်

ကောင်းနေလေရာ သူက လျစ်လျူရှုထားရင်း လက်ဟန်များပင် ထုတ်ဖော်နေသေး၏။

လီဝူကျန့်က မိုးကြိုးချက်များ၌ ရုန်းကန်လှုပ်ရှားနေစဉ် မိုဝူကျိ၏ ကျင့်ကြံဆင့်မှာ ဆက်တိုက် မြင့်တက်နေသည်။

လက်ရှိ မိုဝူကျိက ကောင်းကင်နတ်ဘုရားအဆင့်သို့ တတ်နိုင်သမျှ မြန်မြန် တက်လှမ်းလိုမိသည်။ မဟုတ်လျှင် ဤမိုးကြိုးစမ်းသပ်ချက်၌ သူ့အသက်လေးပင် ပျောက်ဆုံးသွားနိုင်၏။

“ ဝုန်း ဝုန်း ဝုန်း ” မိုးကြိုး တတိယအသုတ်တွင် တုတ်ခိုင်ကြမ်းတမ်းသော မိုးကြိုးချက် ၃၆ ချက် ပါဝင်သည်။ လီဝူကျန့်က နောက်ဆုတ်ဖို့ရာ မတွေးနိုင်တော့သည့်အချိန်လည်း ဖြစ်ပေသည်။ ဤမိုးကြိုးစမ်းသပ်ချက်အောက်၌ သူ ပိတ်မိသွားသည်နှင့် မည်သို့ လွတ်မြောက်အောင် သွားနိုင်တော့မည်နည်း။

ထိုစဉ် မိုဝူကျိကို သတ်ဖို့ရာ မဆိုထားနှင့်။ ဤမိုးကြိုးစမ်းသပ်ချက်၌ အသက်ရှင်ကျန်ရစ်နေလျှင်ပင် အံ့ဖွယ် ဖြစ်နေလောက်ပြီ။

“ ရွှပ် ” မိုဝူကျို၏ ခန္ဓာကိုယ်သည်လည်း သွေးများ ထွက်နေသည်။ သူ့ခန္ဓာကိုယ်မှာ ဝိဇ္ဇာတပိုင်းအဆင့် ဖြစ်ကာ လျှပ်စီးအဆီအနှစ်များကို စုပ်ယူနိုင်သော်လည်း သူက အသက်ရှင်ရုံမျှသာ ဖြစ်၏။

ကံကောင်းစွာဖြင့် မိုးကြိုးချက်တိုင်းက သူ့အင်အားကို နောက်တဆင့် တိုးလာစေသည်။ ထို့အပြင် ရှေးဦးမူလ စွမ်းအင်များက သူ့အား သူ့ချီသွေးကြော အပြည့်အဝ လှည့်ပတ်နိုင်စေရန် ထောက်ပံ့ပေးထားသည်။

အသက်ဓာတ် လမ်းကြောင်းကလည်း သူ့အသက်ရှင်နိုင်ခြေအား လီဝူကျန့်ထက် ပိုများအောင် ပံ့ပိုးပေးနေသည်။

မိုဝူကျို၏ အင်အား တိုးလာမှုနှင့် ယှဉ်လျှင် လီဝူကျန့်အပေါ် ကျရောက်နေသည့် မိုးကြိုးချက်တိုင်းက သူ့အား မျှော်လင့်ချက် ကုန်ခမ်းသွားစေသည်။ လီဝူကျန့်အနေနှင့် နောင်တ ရနေ၍ မဖြစ်သောကြောင့် စိတ်ထဲ၌ အသက်ဆက်ရှင်ဖို့ရာသာ အာရုံစိုက်ထားပေသည်။

သူက တတိယအသုတ် မပြီးဆုံးခင် စတုတ္ထမြောက် မိုးကြိုး ၄၈ ချက်ကား ကျရောက်လာနေပြီ ဖြစ်၏။

**ဒါက ဘယ်လို မိုးကြိုးစမ်းသပ်ချက်မျိုးလဲ .... ဒီလူက မိုးကြိုးနတ်ဘုရား “ သော” ကိုများ ရန်စထားလို့လား ....**

**မဟုတ်ရင် မိုးကြိုးစမ်းသပ်ချက်မှာ ဒီလောက် ကြောက်စရာကောင်းတဲ့ မိုးကြိုးချက်တွေ ကျရောက်လာဖို့ လိုလို့လား ....**

လီဝူကျန့်က ထိုမိုးကြိုးချက်များကိုသာ ကူကယ်ရာမဲ့စွာ ကြည့်လိုက်တော့သည်။ သူက နတ်ဘုရားအုပ်စိုးသူအဆင့် တက်လှမ်းခါစ ဖြစ်ကာ သူ့အနေနှင့် ဤမိုးကြိုးစမ်းသပ်ချက်၌ သေဆုံးရတော့မည် ဖြစ်၏။ သူက နတ်ဘုရားအုပ်စိုးသူအဆင့် မိုးကြိုးစမ်းသပ်ချက်၌ အသက်ရှင်ကျန်ရစ်ပြီး ကောင်းကင်နတ်ဘုရား မိုးကြိုးစမ်းသပ်ချက်၌ သေဆုံးရမည့် ပထမဆုံးသူ ဖြစ်လာလောက်သည်။

မိုဝူကျိုက ချီသွေးကြော ၁၀၈ ခုအား အသည်းအသန် လှည့်ပတ်နေသည်။ သူ့ခန္ဓာကိုယ်မှာ မိုးကြိုးချက်များကြောင့် ဒဏ်ရာပလပ္ပ ဖြစ်နေသော်လည်း သူက အင်အား တိုးလာစေရန် နတ်ဝိညာဉ်စွမ်းအားကို စုပ်ယူနိုင်သေး၏။

“ ဝုန်း ” စတုတ္ထမြောက် မိုးကြိုးချက် ကျဆင်းလာသည်နှင့် ကောင်းကင်နတ်ဘုရား အတားအဆီးများအားလုံးက ကြေပျက်သွားလေသည်။ အဆုံးမဲ့ နတ်ဝိညာဉ်စွမ်းအားများ စီးဝင်လာကာ နတ်သဘာဝ စွမ်းအားများအဖြစ် ပြောင်းလဲသွားသည်။

မိုဝူကျို ကောင်းကင်နတ်ဘုရားအဆင့် ရောက်သည်နှင့် သူ့ရုပ်ခန္ဓာကိုယ် ကျင့်စဉ်ကို ကျင့်ကြံလိုက်သည်။

“ ဝုန်း ” မိုဝူကျိုက ရုပ်ခန္ဓာကျင့်စဉ် လှည့်ပတ်နေစဉ် အင်မတန် သန့်စင်လှသည့် ရှေးဦးမူလ စွမ်းအင်များက မိုဝူကျို၏ အရိုးနှင့်အသားများကို အစိုဓာတ် ဖြည့်ပေးနေသည်။

မိုဝူကျို၏ ကျိုးနေသော အရိုးများက ချက်ချင်း ပြန်ကောင်းလာကာ ပျက်စီးသွားသော အသားများကလည်း နဂိုအခြေအနေအတိုင်း ပြန်ဖြစ်လာသည်။

မိုဝူကျိုက သက်ပြင်းအရှည်ကြီး ချလိုက်သည်။ သူက မိုးကြိုးချက်များကြား ရုန်းကန်နေရသည့် လီဝူကျန့်ကို မေ့သွားလေပြီ။ သူက ကောင်းကင်နတ်ဘုရားအဆင့်ထဲ

ရောက်သည်နှင့် ဝိဇ္ဇာရုပ်ခန္ဓာအဆင့်အား တပြိုင်နက် တက်လှမ်းနိုင်လိမ့်မည်ဟု မထင်ထားပေ။

အမှန်တော့ မိုဝူကျိတစ်ယောက် ရုပ်ခန္ဓာကျင့်စဉ်ကို ကျင့်ကြံလိုက်ချိန် နတ်ဘုရားကုန်းမြေ သို့မဟုတ် နတ်ဘုရားနယ်မြေလို နေရာမျိုး၌ ဝိဇ္ဇာအဆင့် တက်လှမ်းနိုင်လိမ့်မည်ဟု မထင်ထားမိပေ။ ဤနေရာရှိ စည်းမျဉ်းများက မပြီးပြည့်စုံသောကြောင့် သဟာဇာတ နတ်ဘုရားအဆင့် တက်လှမ်းဖို့ရာပင် အင်မတန် ခက်ခဲလှသည်။ သူက ဝိဇ္ဇာ ရုပ်ခန္ဓာအဆင့် မည်သို့ ရောက်သွားနိုင်မည်နည်း။

ဤနေရာရှိ နတ်ဝိညာဉ်စွမ်းအားများတွင် ရှေးဦးမူလ စွမ်းအင်များ ပါဝင်နေရုံသာမက ကောင်းကင်ကို ထပ်ခြမ်း ခြမ်းပစ်နိုင်သည့် စည်းမျဉ်းများလည်း ရှိနေသည်။ ထိုစည်းမျဉ်းများက သူ မြင်ဖူးသမျှအထဲ အရှင်းလင်းဆုံး ဖြစ်၏။

ထိုစည်းမျဉ်းများအောက်တွင် ဝိဇ္ဇာ ရုပ်ခန္ဓာအဆင့် တက်လှမ်းသွားနိုင်ခဲ့သည်။ ဤသည်မှာ သူ့အတွက် ကံကောင်းမှုကြီး ဖြစ်၏။

စတုတ္ထမြောက် မိုးကြိုးချက်များ ကျဆင်းလာပြီးနောက် လီဝူကျန့်မှာ အသက် မျှော့မျှော့သာ ကျန်ရှိတော့သည်။ သူက စတုတ္ထမြောက် မိုးကြိုးချက်များကို ကြည့်ပြီး အသက်ရှင်ဖို့ရာ လက်လျှော့လိုက်ပြီ ဖြစ်၏။ ငါးကြိမ်မြောက်နှင့် ခြောက်ကြိမ်မြောက် မိုးကြိုးချက်များက သူ့အား အကြောက်တရား ပိုတိုးလာစေမည်သာ ဖြစ်ပေသည်။

သူ့အား အံ့သြသွားစေသည်က ငါးကြိမ်မြောက် မိုးကြိုးချက်များသည် တတိယအကြိမ်လောက်ပင် အားမပြင်းတော့ပေ။ ထို့နောက် ခြောက်ကြိမ်မြောက်နှင့် ခုနှစ်ကြိမ်မြောက်လည်း ကျဆင်းလာသည်။

ပို၍ အားနည်းနည်းလာပြီး နောက်ဆုံးတွင် အဆုံးသတ်သွားလေသည်။

မိုးကြိုးစမ်းသပ်ချက် ဆက်တိုက် ကျဆင်းပြီးနောက် အားနည်းလာသည့် မိုးကြိုးချက်ဟူ၍ ရှိသည်လား။ မည်သို့ပင် ဆိုစေကာမူ သူက မျက်မြင်ကိုယ်တွေ့ ကြုံလိုက်ရပေသည်။

လီဝူကျန့်က ဒူးဒရွတ်ဆွဲ ထွက်လာသည်။ သူက ဤနေရာမှ မြန်မြန် ထွက်သွားချင်မိသည်။

သူ့လက်ရှိ အနေအထားဖြင့် ထွက်ပြေးလိုလျှင် တွားသွားပြီးတော့သာ လုပ်နိုင်တော့သည်။

“ ခင်ဗျားက ထွက်သွားဖို့ ကြိုးစားနေသေးတာလား ” မိုဝူကျိုက လီဝူကျန့်ရှေ့တွင် ပေါ်လာသည်။ သူ့ဘေးတွင် မီးခိုးရောင် ပုဆိန်လှံရှည် တစ်လက် ရှိနေသည်။

“ တာအိုရောင်းရင်း ကျုပ် တောင်းပန်ပါတယ်။ ကျုပ် လီဝူကျန့် စောစောလေးက အမှားလုပ်မိသွားပါတယ်။ ကျုပ် သိုလှောင်လက်စွပ်ကိုလည်း ပေးပါ့မယ်။ ကျုပ်အသက်လေးကိုပဲ ချမ်းသာပေးပါ ” လီဝူကျန့်က မြန်မြန် ဖြေလိုက်သည်။

မိုဝူကျိုအား ဖိအားပေးရန် ကျင့်ကြံသူများအစုအရုံး အဖွဲ့အား သုံးဖို့ရာ သူက တွေးပင် မတွေးမိပေ။ ဤလူက အပြန်သီးသန့် နတ်ဘုရားဂိုဏ်း၏ ကိုင်ကျိုကိုပင် သတ်ရဲလေရာ ကျင့်ကြံသူများ အစုအရုံးအဖွဲ့အား အဘယ်ကြောင့် ကြောက်နေမည်နည်း။

“ အရမ်းကောင်းတယ် … ခင်ဗျားရဲ့ တောင်းပန်မှုကို လက်ခံလိုက်မယ် ” မိုဝူကျိုက ခေါင်းညိတ်ပြလိုက်သည်။

လီဝူကျန့်က စိတ်သက်သာရာ သက်ပြင်းသာ ချလိုက်တော့သည်။ သူ့အသက်လေး ရှိနေသရွေ့ အဆင်ပြေပေသည်။ သူက

သိုလှောင်လက်စွပ်ကို ချွတ်ပေးတော့မည့်ဆဲဆဲတွင် သူ့နဖူးအထက်၌ အေးစက်စက် ဖြစ်သွားပြီး သူ့ကမ္ဘာဦး စိတ်ဝိညာဉ်ပင် အမှုန့်ဖြစ်သွားတော့သည်။ သူ့ဘဝတွင် နောက်ဆုံးသော စကားကို ကြားလိုက်ရသေး၏

“ သိုလှောင်လက်စွပ်ကို ငါ့ဘာသာ ယူလိုက်မယ်။ မင်း အလုပ်ရှုပ်ခံစရာ မလိုပါဘူး ”

မိုဝူကျိုက မိုးကြိုးစမ်းသပ်ချက်အား အသုံးချကာ လီဝူကျန့်အား ဖယ်ရှားလိုက်ပြီး ကောင်းကင်နတ်ဘုရားအဆင့် တက်လှမ်းသွားသည်ကို မြင်သည့်အခါ ဘေးမှလူအားလုံးက ဆွံ့အကုန်ကြသည်။ မိုဝူကျိုသည် ကောင်းကင်နတ်ဘုရားအဆင့် တက်လှမ်းလိမ့်မည်ဟု မည်သူကမှ မထင်ထားမိပေ။ အားလုံးနီးပါးက မိုဝူကျိုသည် နတ်ဘုရားအုပ်စိုးသူအဆင့် မိုးကြိုးစမ်းသပ်ချက် ခံယူပြီး နတ်ဘုရားအုပ်စိုးသူ ဖြစ်လာလိမ့်မည်ဟု ထင်မှတ်ထားကြသည်။

## မဟုတ်လျှင် ဒါက ဘယ်လို မိုးကြိုးစမ်းသပ်ချက်မျိုးလဲ ....

သူတို့က နတ်ဘုရားအုပ်စိုးသူ မဟုတ်သောကြောင့် မိုဝူကျို၏ မိုးကြိုးစမ်းသပ်ချက် နယ်နမိတ်အတွင်း မဝင်ရောက်ကြပေ။

ထို့ကြောင့် သူတို့က မိုးကြိုးစမ်းသပ်ချက်မှ မိုးမြေစည်းမျည်းများကို အာရုံမခံမိကြခြင်း ဖြစ်၏။

ထိုစဉ် မိုဝူကျိုက လီဝူကျန့်ကို သတ်လိုက်ပြီးနောက် အားလုံးကို လှည့်ကြည့်လိုက်သည့်အခါ အားလုံးက အကြည့်ကို ရှောင်လိုက်ကြပြီး ဆက်လက် ကျင့်ကြံနေကြတော့သည်။

အနည်းဆုံးတော့ သူတို့က ထိုလူသည် သူ့အား ရန်မစမချင်း စ၍ မတိုက်ခိုက်မှန်း သိလိုက်ရသည်။

လူအုပ်ကြီးကို တစ်ချက်ကြည့်လိုက်ပြီးနောက် မိုဝူကျိုက အစီအရင်အလံများကို ထုတ်လိုက်သည်။ သူက သတ်ဖြတ်ရေး အစီအရင်ကို ပြုပြင်ပြီးနောက် သူ့ကျင့်ကြံရေးကို အခြေကျအောင် ကြိုးစားလိုက်သည်။

သူက ကောင်းကင်နတ်ဘုရားအဆင့် ရောက်ရှိခါစ ဖြစ်ကာ အခြေအတည်တကျ မဖြစ်သေးသည့် စည်းမျည်းများ ရှိနေသေး၏။ သူ့လူသားကမ္ဘာသည်လည်း ကီလိုမီတာ ငါးထောင် ဝန်းကျင် ကျယ်ပြန့်လာလေပြီ။ အကယ်၍ သူ့ကျင့်ကြံဆင့်သာ အခြေမကျသေးလျှင် သူ့လူသားတာအိုသည်လည်း မတည်မငြိမ် ဖြစ်လာနိုင်သည်။

# အခန်း (၁၀၁၆)

ကောင်းကင်နတ်ဘုရား နယ်ပယ်အတွက် လိုအပ်နေသည့် မိုးမြေသဘာဝစွမ်းအား ပမာဏကား အတော်လေး များပြားပေသည်။ မိုဝူကျို၏ ကြောက်ခမန်းလိလိ နတ်ဝိညာဉ်စွမ်းအား စုပ်ယူနှုန်းဖြင့် ဤနေရာရှိ ထိပ်တန်းအဆင့် ရှေးဦးမူလ စွမ်းအင်များကိုပါ ထည့်တွက်လိုက်လျှင်ပင် သူ့ကျင့်ကြံဆင့်မှာ သိသိသာသာ မြင့်တက်မလာပေ။ ထို့အစား တည်တည်ငြိမ်ငြိမ် မြင့်တက်နေဆဲဖြစ်ကာ သူ့အင်အားသည်လည်း အတူတူသာ ဖြစ်၏။

ထိုသို့ဆိုလျှင်ပင် မိုဝူကျိုက မစိုးရိမ်မိပေ။ အကြောင်းမှာ သူက ကျင့်ကြံရေးသည် ရှည်လျားကြာရှည်သော ဖြစ်စဉ်မှန်း သိထား၍ ဖြစ်သည်။ သူ့ကျင့်ကြံနှုန်းသည် တခြားသူများထက် သာလွန်းကြောင်း အသေအချာ သိထားသည်။ ထို့အပြင် သူက အစီအရင်ကြီးတစ်ခု မခင်းကျင်းသရွေ့ သူ့အမြန်နှုန်းကို ထပ်မြင့်နိုင်မည် မဟုတ်ကြောင်းလည်း သိထားသည်။

လူသားတာအိုတွင် အခြေခံအုတ်မြစ်အတွက် မိုးမြေ သဘာဝစွမ်းအား အများအပြား လိုအပ်ပေသည်။ အကယ်၍ သူ့ချီသွေးကြော ၁၀၈ ခုနှင့် လောကလမ်းကြောင်းမှ ဖြစ်တည်လာသော လူသားကမ္ဘာတို့ကြောင့်သာ မဟုတ်လျှင် သူ့အမြန်နှုန်းက အဆသန်းပေါင်းမက နှေးကွေးနေလိမ့်မည်။

မျက်စိတစ်မှိတ်အတွင်း ခုနှစ်လ ကုန်လွန်သွားလေသည်။ မိုဝူကျိကလည်း ကောင်းကင်နတ်ဘုရား အဆင့် ၁ ပြီးပြည့်စုံခြင်း အခြေအနေအထိ ရောက်ရှိနေလေပြီ။

မိုဝူကျိက ဘေးပတ်ဝန်းကျင်ရှိ ရှေးဦးမူလ နတ်ဝိညာဉ်စွမ်းအားများက တဖြည်းဖြည်း အားနည်းလာကြောင်း အာရုံခံမိလာသည်။ ဤနေရာမှာ နောက်ထပ် ရက်အနည်းငယ်မျှသာ ခံတော့မည် ဖြစ်ကြောင်း သိလိုက်သည်။ ထိုစဉ် မိုဝူကျိက ရှေးဦးမူလ နတ်ဝိညာဉ်စွမ်းအား စုပ်ယူနှုန်းအား တိုးမြင့်လိုက်သည်။ သူက ဤနေရာမှ ထွက်မသွားခင် ကောင်းကင်နတ်ဘုရားအဆင့် ၂ သို့ ရောက်စေလိုသည်။

ဤသို့သော အခွင့်အရေးများက မကြာခဏ ရောက်မလာတတ်ပေ။ အခြားနေရာဆိုလျှင် သူ့အနေနှင့်

ကောင်းကင်နတ်ဘုရားအဆင့် ၁ မှ အဆင့် ၂ သို့ ရောက်ရှိဖို့ အနည်းဆုံး နှစ်တစ်ရာလောက် လိုအပ်ပေလောက်သည်။ နှစ်တစ်ရာကား သာမာန်ကျင့်ကြံသူများအတွက် မြန်ဆန်နေသည်ဟုပင် ယူဆ၍ ရပေသည်။

“ ဝုန်း ” မိုဝူကျိုက အတားအဆီးများကို ချိုးဖောက်ပြီး ကောင်းကင်နတ်ဘုရား အဆင့် ၂ ရောက်သွားသည့်အချိန် နောက်ထပ် မိုးခြိမ်းသံများကို ကြားလိုက်ရသည်။

ကောင်းကင်နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့်ရှိ နောက်ထပ် ကျင့်ကြံသူတစ်ဦးက မိုးကြိုးစမ်းသပ်ချက် ခံယူတော့မည် ဖြစ်သည်။ ဤတစ်ကြိမ်၌ အရပ်ရှည်ရှည် ဆံပင်ရှည်ရှည်နှင့် အမျိုးသားတစ်ဦး ဖြစ်သည်။ သူ့အရှိန်အဝါကို ကြည့်ခြင်းအားဖြင့် သူက လီဝူကျန့်ထက် ပိုအားကောင်းနေဟန် ပေါ်သည်။

တချို့သော အားနည်းလှသည့် ကျင့်ကြံသူတချို့က နောက်ဆုတ်လိုက်ကြသည်။ အကြောင်းမှာ ဤနေရာရှိ နတ်ဝိညာဉ်စွမ်းအားများက ကုန်ခမ်းလာပြီ ဖြစ်၏။ သူတို့က ဤကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူ နတ်ဘုရားအုပ်စိုးသူအဆင့် ရောက်ရှိသွားသည်နှင့် သူတို့၏

အရင်းအမြစ်ကျောက်ပြား အားလုံးကို လုယူလိမ့်မည်ကို စိုးရိမ်နေကြသည်။

မိုဝူကျိက အာရုံရှုပ်မခံပေ။ ရှေးဦးမူလ နတ်ဝိညာဉ်စွမ်းအား မကုန်ခင်လေးတွင် သူက ကောင်းကင်နတ်ဘုရား အဆင့် ၂ သို့ တက်လှမ်းနိုင်ခဲ့သည့်အတွက် ကျင့်ကြံဆင့် အခြေကျအောင် လုပ်ဖို့ လိုအပ်နေသည်။

တစ်ရက်ကြာပြီးနောက် ရှေးဦးမူလ နတ်ဝိညာဉ်စွမ်းအားများ ကုန်ခမ်းသွားစဉ် မိုဝူကျိက သူ့ကျင့်ကြံဆင့်ကို အခြေတည်အောင် လုပ်နိုင်ခဲ့သည်။ ပျားလဘို့ အသေးလေးများက ပျောက်ကွယ်သွားလေပြီ။

မိုဝူကျိက ဖုန်ခါလိုက်ရင်း ကျေနပ်စွာ ထရပ်လိုက်သည်။ ပင်းထန်းဝါးကို အရယူနိုင်ခြင်းက ကံကောင်းနေပြီ ဖြစ်ရာ ဤနေရာ၌လည်း ရှေးဦးမူလ နတ်ဝိညာဉ်စွမ်းအားများကို စုပ်ယူနိုင်ခဲ့သည်။ သူက ကောင်းကင်နတ်ဘုရားအဆင့် ရောက်ရှိသွားရုံသာမက ကောင်းကင်နတ်ဘုရားအဆင့် ၂ ထိ ရောက်အောင် ကျင့်ကြံနိုင်ခဲ့သည်။

လက်ရှိ နေရာတစ်ခုလုံး၌ မိုဝူကျိုနှင့် ဆံပင်ရှည်ရှည် အမျိုးသားကလွဲ၍ ကျန်သူများ မရှိကြတော့ပေ။ သူက မိုဝူကျိုသည် ကိုင်ကျိုနှင့် နတ်ဘုရား အုပ်စိုးသူ အသစ်လေး လီဝူကျန့်တို့အား သတ်လိုက်ပုံကို မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရသည်။ သူက မိုဝူကျိုသည် သူ့အား ရုတ်တရက် လာရောက်တိုက်ခိုက်မည်ကို စိုးရိမ်အမိဆုံး ဖြစ်သည်။

မိုဝူကျိုက ထိုလူအား တိုက်ဖို့ အာရုံမရှိပေ။ မိုဝူကျိုက သူ့အား ခေါင်းတစ်ချက် ညိတ်ပြပြီးနောက် ထွက်သွားတော့သည်။

ဤလူက မိုဝူကျို ထွက်သွားသည်ကို မြင်မှ သက်ပြင်းချနိုင်တော့သည်။ မတိုင်ခင်အချိန်လေးအထိ သူက မိုဝူကျိုသည် သူ့စိတ်ထဲ၌ အကြောက်တရားကို ချန်ထားနိုင်ခဲ့ကြောင်း သတိထားမိလိုက်သည်။

ထိုသို့သိနေသော်လည်း သူက ကူကယ်ရာမဲ့စွာ ခေါင်းကိုသာ ခေါင်းလိုက်သည်။

ထိုနေရာမှ ထွက်လာပြီးနောက် မိုဝူကျို လုပ်သည့် ပထမဆုံးအရာမှာ ကိုင်ကျိုနှင့် လီဝူကျန့်တို့၏ လက်စွပ်များကို

ထုတ်ကြည့်ဖို့ တိတ်ဆိတ်ငြိမ်သက်သည့် နေရာတစ်ခု ရှာလိုက်ခြင်း ဖြစ်သည်။

မိုဝူကျိုက ပျားလဘို့အကြီးဆုံးအထက်တွင် ခုနှစ်လ၊ ရှစ်လနီးပါး ကျင့်ကြံခဲ့သော်လည်း အရင်းအမြစ်ကျောက်ပြားများစွာမှာ တခြားသူများထံ ပါကုန်ပြီ ဖြစ်ကြောင်း သိလိုက်သည်။ ယခုမှစ၍ အရင်းအမြစ်ကျောက်ပြားကား တခြားသူများနှင့် တိုက်ခြင်းမှသာ ရရှိပေလိမ့်မည်။ ထို့ကြောင့် သူက ကိုင်ကျိုနှင့် လီဝူကျန့်တို့အပေါ် မျှော်လင့်ထားမိသည်။

မိုဝူကျိုက ကိုင်ကျို လက်စွပ်ကို ဖွင့်လိုက်သည့်အချိန် အရင်းအမြစ်ကျောက်ပြား အရေအတွက်က မိုဝူကျိုအား စိတ်ပျက်မသွားစေပေ။ အထဲ၌ အရင်းအမြစ်ကျောက်ပြားပေါင်း ၇၃၁ ခု ရှိနေ၏။ လီဝူကျန့်တွင် ၁၇၂ ခုသာ ရှိပေသည်။ ထိုလူနှစ်ယောက်က ဤမျှအရင်းအမြစ်ကျောက်ပြားများ ရအောင် တခြားသောသူများစွာကို သတ်ခဲ့ကြောင်း သိသာလှသည်။

သူ့အရင်းအမြစ်ကျောက်ပြားများပါ ထည့်တွက်လိုက်လျှင် မိုဝူကျိုတွင် အရင်းအမြစ်ကျောက်ပြားပေါင်း ၂၀၀၄ ခု ရှိနေလေပြီ။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ အရင်းအမြစ်တိုက်ပွဲ ပထမစစ်ဆေးမှုကား ပြီးဆုံးဖို့ နီးကပ်လာပြီ ဖြစ်၏။ မိုဝူကျိုက စိတ်ဝိညာဉ်သိုလှောင်ရေး လမ်းကြောင်းမှ စိတ်စွမ်းအားကို ဖြန့်ကျက်ထားသော်လည်း အရင်းအမြစ်ကျောက်ပြားများကို ရှာမတွေ့ပေ။

မိုဝူကျိုက အရင်းအမြစ်ကျောက်ပြားများ ရှာရန် အာရုံမထားတော့ပေ။ အကြောင်းမှာ တခြားသူများက အကုန်ယူသွားလောက်ပြီ ဖြစ်ကြောင်း သိလိုက်သည်။ လက်ရှိသူက ပန်းပဲပစ္စည်းအတွက် အသုံးပြုဖို့ သတ္တုအမျိုးမျိုးသာ ရှာဖို့ အာရုံစိုက်ထားသည်။

ပြီးဆုံးဖို့ ရက်အနည်းငယ်မျှသာ လိုအပ်တော့သည့် အချိန် မိုဝူကျိုက ကြယ်တံခွန်သံမဏိကို သန့်စင်နေလေသည်။ သူ့စိတ်စွမ်းအား၌ လူပုံရိပ်တချို့ကို အာရုံခံလိုက်မိပြီး ဦးတည်ရာတစ်ခုတည်းသို့ သွားနေကြောင်း သိလိုက်ရသည်။

**နောက်ထပ် ရှေးဦးမူလ စွမ်းအားများလား ....**

မိုဝူကျိက ဘာမှန်းသေချာမသိသေးခင် သူ့စိတ်စွမ်းအားထဲ၌ ပိုင်ယွဲ့သည် နောက်ထပ် ကျင့်ကြံသူနှင့် တူညီသည့် ဦးတည်ရာသို့ သွားနေကြောင်း အာရုံခံမိသွားသည်။

ဤတစ်ကြိမ် မိုဝူကျိက တုံ့ဆိုင်းမနေတော့ဘဲ ကြယ်တံခွန်သံမဏိအား ဘေးဖယ်ကာ နောက်မှ လိုက်ပါသွားတော့သည်။

လေးနာရီကြာမြင့်ပြီးနောက် မိုဝူကျိက ရပ်တန့်လိုက်သည်။ သူက လူအုပ်ကြီးကို မြင်လိုက်သော်လည်း နတ်ဝိညာဉ်စွမ်းအားများ သိပ်သည်းနေသည့် နေရာတော့ မဟုတ်ချေ။ ဤနေရာကား အရင်းအမြစ်တိုက်ပွဲအတွက် နေရာတစ်ခု ဖြစ်နေသည်။

လက်ရှိ ဤနေရာ၌ လူအုပ်ကြီး စုစည်းနေသည်မှာ ရည်ရွယ်ချက်တစ်ခုသာ ရှိ၏။ ဤသည်မှာ အရင်းအမြစ်ကျောက်ပြားများကို ပြိုင်ဆင် ခွဲဝေဖို့ ဖြစ်ပေသည်။

လူအုပ်အလယ်တွင် ရင်ပြင်နှင့်တူသည့် နေရာလွတ်တစ်ခု ရှိနေသည်။ မိုဝူကျိအား သိချင်စိတ်ဝင်သွားစေသည်က ဤနေရာလွတ်အတွင်းရှိ ထောင်ထားသော ကျောက်တုံးကြီး

ဖြစ်၏။ ကျောက်တုံးအပေါ်တွင် အရင်းအမြစ်ကျောက်ပြား အနည်းဆုံး သုံး၊ လေးထောင် ရှိနေသည်။

လူငါးယောက်က ထိုကျောက်တုံးအစွန်းတွင် မတ်မတ်ရပ်နေကြသည်။

ကျောက်တုံးအနီးတွင် ကာကွယ်ရေး အစီအရင်ဖြင့် ကာကွယ်ထားသည့် တိုက်ပွဲစင်မြင့် ရှိနေသည်။ တိုက်ပွဲစင်မြင့်အထက်တွင် သွေးများ ပေစွန်းနေကာ လူမည်မျှ သေဆုံးပြီးပြီလဲဆိုတာ မသိနိုင်ချေ။

ကျောက်တုံးအနီးအနား ရပ်နေသော လူငါးယောက်အနက် ဝတ်စုံညိုနှင့် ခပ်ပုပုတစ်ယောက်က စင်မြင့်အရှေ့ ထွက်လာကာ " ဒီနေရာမှာ အရင်းအမြစ်ကျောက်ပြားပေါင်း ၃၉၀၀ ရှိပါတယ်။ ဒီတိုက်ပွဲက ကျုပ် ဟာလျန့်ရဲ့ အလှည့် .... ကျုပ်ကို စိမ်ခေါ်ပြီးတော့ အနိုင်ရမယ်ဆိုရင် မင်းတို့ လောင်းတဲ့ အရင်းအမြစ်ကျောက်ပြားတွေ ရလိမ့်မယ် "

" ကျုပ် ကျင်းထောင်က အရင်းအမြစ်ကျောက်ပြား နှစ်ထောင် လောင်းမယ် " ကောင်းကင်နတ်ဘုရားအဆင့် ၉ ရှိ

ခပ်တောင့်တောင့် အမျိုးသားတစ်ဦးက စင်မြင့်ပေါ် တက်လာသည်။

ကျောင်းထောင် စင်မြင့်ပေါ် ရောက်လာသည်နှင့် သူက ကျောက်တုံးအပေါ် အရင်းအမြစ် ကျောက်ပြား ၂၀ ကို ပစ်တင်လိုက်သည်။ လက်ရှိ ကျောက်တုံးပေါ်ရှိ အရင်းအမြစ်ကျောက်ပြား စုစုပေါင်း အရေအတွက်မှာ ၃၉၂၀ ဖြစ်သွားလေပြီ။

မိုဝူကျိက ဤနေရာရှိ စည်းမျဉ်းကို နားလည်သွားသည်။ ဤနေရာရှိ အားလုံးက ကျောက်တုံးဘေးပတ်လည်ရှိ လူငါးယောက်ကို စိမ်ခေါ်နိုင်သည်။ ထို့အပြင် အရင်းအမြစ်ကျောက်ပြား တစ်ပြားဖြင့် အရင်းအမြစ်ကျောက်ပြား တစ်ရာကို လောင်းနိုင်ပေသည်။ ကျောင်းထောင်အမည်ရှိ ကျင့်ကြံသူက သူ့အိတ်ထဲမှ အရင်းအမြစ်ကျောက်ပြား ၂၀ ကို ပေးလိုက်သည့်အတွက် သူသာ ဟာလျန့်ကို အနိုင်ရလာလျှင် သူက အရင်းအမြစ်ကျောက်ပြား နှစ်ထောင် ဆုရမည် ဖြစ်၏။

ဤအကြံအစည်ကား ကျောက်တုံးဘေးပတ်လည်ရှိ လူငါးယောက်ဆီမှ ဖြစ်တည်လာခြင်းသာ ဖြစ်ရမည်။

ထိုငါးယောက်လုံးက စိမ်ခေါ်မှုကို ပွင့်လင်းမြင်သာ လုပ်ရဲကြသည့်အတွက် ရိုးရှင်းကြမည် မဟုတ်ပေ။

မိုဝူကျိက ပိုင်ယွဲ့ကို မြင်လိုက်သော်လည်း သွားမနှုတ်ဆက်လိုက်ပေ။ အားလုံးက ဤနေရာမှ ထွက်သွားပြီးနောက် သူက မိုဝူကျိ ဖြစ်ကြောင်း မှန်းဆနိုင်သည်ဆိုလျှင်ပင် မိုဝူကျိက စောစောစီးစီး ထုတ်ဖော်ပြဖို့ မရည်ရွယ်ပေ။ ခန့်မှန်းခြင်းနှင့် မှတ်မိခြင်းကား မတူညီသော ကိစ္စရပ်များ ဖြစ်ပေသည်။

" ဟာလျန့်က မဟာကောင်းကင်နတ်ဘုရားထဲ အဆင့် ၇ ဆိုတော့ ကျုပ်တော့ ကျင်းထောင် ယှဉ်နိုင်မယ် မထင်ဘူး " လူအုပ်ကြားထဲမှ တစ်ယောက်ယောက်က စတင် ဆွေးနွေးလိုက်သည်။

"သူက ဟာလျန့်ရဲ့ ပြိုင်ဖက် မဟုတ်ရင်တောင် ကိစ္စမရှိဘူးလေ။ ကျင်းထောင်ရဲ့ လက်ရှိအင်အားနဲ့ သူ့အသက်လေး ထိန်းထားဖို့က ပြဿနာ မဟုတ်လောက်ပါဘူး။ အရင်းအမြစ် ကျောက်ပြား နှစ်ဆယ်က ဘာမှ မပြောပလောက်ဘူးလေ။ တကယ်လို့ ကျင်းထောင် အနိုင်ရရင်တော့ .... ဒီလျို့ဝှက်နယ်မြေထဲမှာ

ကျင့်ကြံရေးတော်ဝင်နယ်မြေတွေ အများကြီး ရှိနေတာဆိုတော့ ကျင်းထောင် တစ်ခုခု ထူးခြားတာ ရလာမလားဆိုတာ မပြောတတ်ဘူးလေ ”

ဆွေးနွေးသံများကား ဆက်လက် ထွက်ပေါ်နေစဉ် ကျင်းထောင်နှင့် ဟာလျန့်တို့က တိုက်ပွဲ စတိုက်နေကြပြီ ဖြစ်၏။

မိုဝူကျိုက ကောင်းကင်နတ်ဘုရား အဆင့် ၂ ဖြစ်သောကြောင့် ကျင်းထောင်သည် ဟာလျန့်အတွက် ပြိုင်ဖက် မဟုတ်ကြောင်း အသေအချာ ပြောနိုင်ပေသည်။ သူတို့နှစ်ယောက် တိုက်ကွက်များ၌ ခြားနားချက် အကြီးကြီး ရှိနေသည်။ ဟာလျန့်၏ တိုက်ကွက်များက ကိုင်ကျို၏ လျို့ဝှက်တိုက်ကွက်များကဲ့သို့ မိုးမြေစည်းမျည်း အနှစ်သာရကို ထိထိမိမိ ရှိပေသည်။ ကျင်းထောင်၏ တိုက်ကွက်များက တခြားသူ၏ မိုးမြေစည်းမျည်းများကို လိုက်လံအတုခိုးထားခြင်းမျှသာ ဖြစ်နေသည်။

အမွေးတိုင်ဝက်ခန့်အတွင်း ကျင်းထောင်၏ ဦးခေါင်းမှ ဟာလျန့် လက်ချက်ဖြင့် နှစ်ပိုင်း ပွင့်ထွက်သွားပြီး ကမ္ဘာဦး စိတ်ဝိညာဉ်ပင် မလွတ်မြောက်နိုင်လိုက်ပေ။ ကျင်းထောင်၏ လက်စွပ်ကိုတော့

ဟာလျန့်က သိမ်းဆည်းထားလိုက်သည်။ သူ့အလောင်း မြေပေါ် ပြန်မကျခင် ကျင်းထောင်၏ ရုပ်အလောင်းပပေါ် မီးတောက်တစ်ခု ရောက်ရှိလာပြီး ပြာအဖြစ် ပြောင်းလဲလိုက်လေသည်။

မိုဝူကျိုက သက်ပြင်းချလိုက်သည်။

**အားကောင်းသူက အားနည်းသူကို နိုင်စားခြင်းသာ ဖြစ်ပေသည်။**

ဟာလျန့်က စင်မြင့်အောက်သို့ မဆင်းလိုက်ရပေ။ နောက်တစ်ယောက်က သူ့အား စိမ်ခေါ်ချင်၍ ဖြစ်သည်။ ဤတစ်ကြိမ်၌ ကောင်းကင်နတ်ဘုရားအဆင့်၉ ရှိ ပိန်ပါးပါး အမျိုးသား တစ်ဦး ဖြစ်၏။

မိုဝူကျိုအား အံ့သြသွားစေသည်က ဤကောင်းကင်နတ်ဘုရား အဆင့် ၉ ကျင့်ကြံသူသည် ဟာလျန့်ထက် များစွာ အားနည်းနေခြင်း မရှိပေ။ နှစ်နာရီကြာ တိုက်ခိုက်ပြီးနောက် ဟာလျန့်က တစ်ဖက်လူကို အနိုင်ရရုံမျှသာ ဖြစ်၏။ သို့သော်လည်း တစ်ဖက်လူကို သတ်ဖို့ မဖြစ်နိုင်ချေ။

ဤတိုက်ပွဲအပြီးတွင် ဟာလျန့်က တိုက်ပွဲစင်မြင့်မှ ဆင်းသွားသည်။ စင်ပေါ် တက်လာသူမှာ ပညာရှင်ရုပ်ရည်နှင့် အမျိုးသားတစ်ဦး ဖြစ်ကာ လက်နှစ်ဖက် ယှက်လိုက်ရင်း

“ ကျူရှန်းက ဒီကို အတွေ့အကြုံအတွက် ရောက်လာတာပါ။ ကျုပ်ကို ရင်ဆိုင်ရင် အရင်းအမြစ်ကျောက်ပြား တစ်ခုကို အရင်းအမြစ်ကျောက်ပြား ၂၀၀ နှုန်းနဲ့ နိုင်နိုင်တယ်။ အနည်းဆုံး လောင်းကြေးက အရင်းအမြစ် ကျောက်ပြား ဆယ်ခု ဖြစ်ရမယ် ”

“ အဲဒီ ကျူရှန်းက ဘယ်သူလဲ ” မိုဝူကျိုက သူ့ဘေးရှိ ကျင့်ကြံသူကို မေးလိုက်သည်။

ဤကျင့်ကြံသူအား မိုဝူကျိုအား ခြုံငုံကြည့်လိုက်ပြီးနောက် “ ကျူရှန်းက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ မဟာကောင်းကင်နတ်ဘုရားထဲက အဆင့် ၁ လေ။ ခင်ဗျား ဘယ်လိုလုပ် မသိရတာလဲ ”

မိုဝူကျိုက ပြုံးကာ ပြန်ဖြေလိုက်၏ “ ကျုပ်က စနေတာပါ ”

ဤကျင့်ကြံသူက မိုဝူကျိုအား နှာခေါင်းရှုံ့ကာ မိုဝူကျို၏ ဟာသပြက်လုံးအား အာရုံမထားတော့ချေ။

ကျူရှန်း၏ ကမ်းလှမ်းမှုက (၁ : ၂၀ ) အချိုး ဖြစ်နေသော်လည်း မည်သူကမှ အချိန်တော်တော်ကြာသည့်အထိ မတက်လာကြချေ။ ဤသည်က ကျူရှန်းအား ကူကယ်ရာမဲ့သွားစေသည်။ သူ ထွက်လာသည့်အခါတိုင်း သူ့အပေါင်းအပါများကို အနားယူချိန်

ပေးသလိုသာ ဖြစ်နေသည်။ သူ့အနေနှင့် တိုက်ခိုက်ဖို့ မလိုပေ။ အကြောင်းမှာ သူ့အား တိုက်ချင်သည့်သူ အလွန်နည်းပါးလွန်း၍ ဖြစ်၏။ ယခုအချိန်အထိ သူက တိုက်ပွဲ ၇ ပွဲသာ တိုက်ရသေးသည်။

အားလုံးက မည်သူကမှ စင်ပေါ်တက်လာမည် မဟုတ်ကြောင်း တွေးလိုက်စဉ် အေးအေးဆေးဆေး အသံတစ်သံ ထွက်ပေါ်လာသည် “ မင်းရဲ့ တိုက်ကွက်လေး အတွေ့အကြုံ ယူပါရစေ ”

ထို့နောက် အရပ်ရှည်ရှည် ဆံပင်ရှည်ရှည်နှင့် အမျိုးသားက စင်မြင့်ပေါ် တက်လာသည်။ သူ့က စင်ပေါ်သို့ ရောက်လာဖို့ရာ ခြေတစ်လှမ်းမျှသာ လှမ်းလိုက်ရဟန် ပေါ်သည်။

သူ့ဘေးပတ်လည်တွင် အားကောင်းကောင်း အရှိန်အဝါများ ထွက်ပေါ်နေသည့်အတွက် အားလုံးက အံ့သြကုန်ကြသည်။ ဤနေရာ၌ နတ်ဘုရားအုပ်စိုးသူ မည်သို့ ရောက်လာသနည်း။ ဤအရှိန်အဝါက ကောင်းကင်နတ်ဘုရားအဆင့် မည်သို့ ဖြစ်နိုင်မည်နည်း။

“ ခင်ဗျားကနတ်ဘုရားအုပ်စိုးသူအဆင့် ရောက်နေပြီလား ” ကျူးရှန်း၏ အမူအယာမှာ ပြောင်းလဲသွားလေ၏။ အကြောင်းမှာ

သူ ကောင်းကင်နတ်ဘုရားအဆင့်နှင့် နတ်ဘုရားအုပ်စိုးသူကြားရှိ အင်အားခြားနားချက်ကို သိနေ၍ ဖြစ်သည်။ အနည်းဆုံးတော့ သူက နတ်ဘုရားအုပ်စိုးသူကို အနိုင်တိုက်နိုင်သည့် ကောင်းကင်နတ်ဘုရားအကြောင်း မကြားဖူးသေးပေ။

ကိုင်ကျို၏ နတ်ဘုရားအုပ်စိုးသူအဆင့်အား သတ်လိုက်သည့်အကြောင်း လေလုံးထွားနေခြင်းမှာ တစ်ဖက်လူမှာ နတ်ဘုရားအုပ်စိုးသူ တစ်ပိုင်းအဆင့်ဟု ယူဆရသော ကောင်းကင်နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့်မျှသာ ဖြစ်ပေသည်။ ထိုသူက ကောင်းကင်နတ်ဘုရားအဆင့်ကို ချိုးဖောက်တော့ရန် မည်မျှပင် နီးကပ်နေစေကာမူ ကောင်းကင်နတ်ဘုရားသာ ဖြစ်နေသေး၏။

## အခန်း (၁၀၁၇) : ကျုပ် ကြိုးစားကြည့်ပါရစေဦး

" ဟုတ်တယ် .... ကျုပ်က ပေသို့ နတ်လမ်းစဉ်ဂိုဏ်းက နတ်ဘုရားအုပ်စိုးသူ ဖူဖန်းပါ။ ခင်ဗျား အရင်စတိုက်ပါ "

အရပ်ရှည်ရှည် အမျိုးသားက သူ့အရှိန်အဝါကို ထုတ်လွှင့်လိုက်ရင်း

ပြောလိုက်သည်။ ထိုစဉ် ယာယီတိုက်ပွဲစင်မြင့်ရှိ ကာကွယ်ရေး အစီအရင်က စတင် အက်ကွဲလာသည်။

“ ဒီလိုဆိုမှတော့ ကျူရှန်းက ခင်ဗျားဆီက သင်ယူရမှာပါပဲ ” တစ်ဖက်လူက နတ်ဘုရားအုပ်စိုးသူ ဖြစ်နေသော်လည်း ကျူရှန်းက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ ကောင်းကင်နတ်ဘုရားထဲ အဆင့် ၁ ဖြစ်ပေသည်။ ပုံမှန်အားဖြင့် သူက လူကြောက်တစ်ယောက်လိုမျိုး နောက်ဆုတ်နေမည် မဟုတ်ပေ။

ကျူရှန်းက နတ်ဘုရားအုပ်စိုးသူ အစစ်နှင့် တိုက်ခိုက်တော့မည်ကို တွေ့၍ ကြည့်ရှုသူများက ပို၍ စိတ်ဝင်စားလာကြသည်။ ကျူရှန်းက ကောင်းကင်နတ်ဘုရားများထဲတွင် အဆင့် ၁ ဖြစ်ပြီး နတ်ဘုရားအုပ်စိုးသူကိုသာ အနိုင်ရနိုင်လျှင် ကောင်းကင်နတ်ဘုရားအဆင့်များအတွက် စိတ်ဓာတ်ခွန်အားကြီးကြီး ဖြစ်လာစေလိမ့်မည်။

ကျူရှန်း၏ တံခွန်အောက်တွင် တိုက်ပွဲစင်မြင့် ဘေးပတ်လည် နေရာမှာ တစစီ ဖြစ်သွားပြီး အပူစွမ်းအားအဖြစ် ပြောင်းလဲသွားတော့သည်။

အနီးအနားရှိ ကျင့်ကြံသူများက အလျှင်အမြန် နောက်ဆုတ်လိုက်ကြရသည်။

ဖူဖန်း၏ အားပြင်းပြင်း စွမ်းအားစက်ကွင်း ထွက်ပေါ်လာသည့်အခါ အားလုံး ခန့်မှန်းထားသည့်အတိုင်း ကျူးရှန်းသည် အံ့သြဖို့ ကောင်းသော်လည်း ကောင်းကင်နတ်ဘုရားအဆင့်မျှသာ ရှိနေသေးသည်။

သူ့စွမ်းအားစက်ကွင်းမှာ ဖူဖန်း၏ စက်ကွင်းကြောင့် ပျက်စီးသွားကာ ကျူးရှန်းသည် ချက်ချင်းဆိုသလို ဖြူဖျော့သွားလေ၏။

“ ဘန်း ” စင်မြင့်ကား အသံများ ထွက်လာကာ စကွန့်ပိုင်းလေးအတွင်း ဗလာနတ္ထိအဖြစ် ပြောင်းလဲသွားတော့သည်။ ကျူးရှန်းနှင့် ဖူဖန်းတို့ နှစ်ယောက်လုံး မြေကြီးပေါ် ရောက်လာကြသည်။

ကျူးရှန်း၏ မီးတောက်ပူ တံခွန်က သူ့ကိုယ်သူ ကာကွယ်ဖို့ ရစ်ပတ်ထားလိုက်သည်။ ကျူးရှန်းက ဆက်လက် မတိုက်တော့ဘဲ လက်နှစ်ဖက် ယှက်ကာ “ တာအိုရောင်းရင်း ဖူ … ကျုပ်က ခင်ဗျားအတွက် ပြိုင်ဖက် မဟုတ်ပါဘူး။ ဒီလိုဆိုရင်တောင်

အရင်းအမြစ်ကျောက်ပြား လေးထောင်ထဲမှာ ကျုပ်က တစ်ထောင် ပိုင်တာဆိုတော့ ကျုပ်ရဲ့ အရင်းအမြစ် ကျောက်ပြား တစ်ထောင် ပြန်ယူပါရစေ ”

ဖူဖန်းက စိတ်ခံစားချက် ကင်းမဲ့စွာဖြင့် လက်နှစ်ဖက် ယှက်ကာ “ ကောင်းပြီ”

မိုဝူကျို တစ်ယောက်သာ ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။ ဖူဖန်းက ကျူရှန်းကို ဖိနှိပ်ထားနိုင်သော်လည်း ကျူရှန်းက ပြန်လည် တိုက်ခိုက်နိုင်စွမ်း ရှိနေသေး၏။ ဖူဖန်းလည်း ထိုအချက်ကို ကောင်းကောင်း သိပေသည်။ ထို့ကြောင့် ဖူဖန်းအား အရင်းအမြစ် ကျောက်ပြား တစ်ထောင် ပြန်ပေးလိုက်ခြင်း ဖြစ်၏။ အကယ်၍ သူသာ သဘောမတူလျှင် နှစ်ဖက်လုံးက ဒဏ်ရာအပြင်းအထန်ဖြင့် အဆုံးသတ်သွားလိမ့်မည်။

ကျူရှန်းက နောက်ဆုတ်ပြီးနောက် ဖူဖန်း၏ စွမ်းအားစက်ကွင်းမှာ အပြင်းအထန် ထွက်ပေါ်နေဆဲ ဖြစ်သည်။ နတ်ဘုရားအုပ်စိုးသူအဖြစ် သူ့အရှိန်အဝါမှာလည်း အဆုံးအစွန်အထိ ရောက်ရှိသွားသည်။

“ ဘယ်သူမှ စိမ်မခေါ်တော့ရင် ကျုပ် အရင်းအမြစ်ကျောက်ပြား အားလုံးကို သိမ်းလိုက်ပြီ ” ဖူဖန်းက ကြမ်းကြမ်းတမ်းတမ်း ပြောလိုက်သည်။

ကျူးရှန်းက ရှုံးသွားပြီ ဖြစ်ရာ မည်သူကများ ဆက်လက် စိမ်ခေါ်ရဲဦးမည်နည်း။ အားလုံးကလည်း မဟာကောင်းကင်နတ်ဘုရားထဲရှိ အဆင့် ၂ ကား ကျူးရှန်းထက် အားနည်းကြောင်း သိကြပေသည်။

ကျူးရှန်းက သူ့အသက်လေး ထိန်းထားနိုင်လိုက်သော်လည်း ကောင်းကင်နတ်ဘုရားအဆင့်ထဲရှိ အဆင့် ၂ ကား အတူတူ လုပ်နိုင်မည် မဟုတ်လောက်ပေ။

“ ကျုပ် ကြိုးစားကြည့်တာပေါ့ ” ခပ်သြသြ အသံတစ်သံ ထွက်ပေါ်လာသည့်အခါ မိုဝူကျိုက လူအုပ်ကြားမှ ထွက်လာသည်။

ဖူဖန်း၏ အမူအယာသည်လည်း ရုတ်ချည်း ပြောင်းလဲသွားတော့သည်။ သူက မိုဝူကျိုကို မြင်တွေ့ပြီးသား ဖြစ်၏။ ရေးဦးမူလ နတ်ဝိညာဉ်စွမ်းအားရှိ နေရာထဲမှ ထွက်လာပြီးနောက် မိုဝူကျိုသည် နတ်ဘုရားအုပ်စိုးသူ မဟုတ်ကြောင်း သံသယ ဝင်လာမိသည်။ မိုဝူကျိုက လီဝူကျန့်အား

သတ်နိုင်လိုက်သည်မှာ သူ့မိုးကြိုးစမ်းသပ်ချက်ကြောင့်သာ ဖြစ်ပေသည်။ သူက ထိုအကြောင်း တွေးမိလိုက်သည့်အခါ မိုဝူကျိုက နတ်ဘုရားအုပ်စိုးသူအဆင့် မိုးကြိုးစမ်းသပ်ချက် မခံယူနေလျှင် သူ့မိုးကြိုးစမ်းသပ်ချက် တစ်ခုတည်းဖြင့် လီဝူကျန့်အား မည်သို့ သတ်ပစ်နိုင်မည်နည်း။

တစ်ခုတည်းသော ဖြစ်နိုင်ခြေကား မိုဝူကျို၏ မိုးကြိုးစမ်းသပ်ချက် အားကောင်းလာခြင်းမှာ လီဝူကျန့် အထဲဝင်လိုက်ခြင်းကြောင့်သာ ဖြစ်ရမည်။ သို့သော်လည်း ဤရှင်းပြချက်က အနည်းငယ် ယုတ္တိမတန်ချေ။ မိုဝူကျိုက မိုးကြိုးစမ်းသပ်ချက်အတွင်း အထိအခိုက်မရှိ ကျန်ရှိနေသည် မဟုတ်ပါလော။

ဖူဖန်းက ကျူရှန်းကို အနိုင်ရပြီးနောက် အရင်းအမြစ်ကျောက်ပြားများကို တန်းမယူသည့် အကြောင်းအရင်းမှာ မိုဝူကျို ရှေ့ထွက်လာမလား သိချင်၍ ဖြစ်သည်။ အကယ်၍ မိုဝူကျိုသာ ရှေ့ထွက်မလာရဲလျှင် မိုဝူကျိုသည် နတ်ဘုရားအုပ်စိုးသူ မဟုတ်ဘဲ သူ့မိုးကြိုးစမ်းသပ်ချက် အောင်မြင်သွားသည်မှာ ရတနာတချို့ကြောင့်သာ ဖြစ်လိမ့်မည်။ အကယ်၍ မိုဝူကျို

ရှေ့ထွက်လာရဲလျှင် မိုဝူကျိသည် နတ်ဘုရားအုပ်စိုးသူ ဖြစ်စေ၊ မဖြစ်စေကာမူ မိုဝူကျိက သူ့အား မကြောက်ကြောင်း သက်သေပြနေခြင်းသာ ဖြစ်၏။

လူအုပ်တစ်အုပ်လုံးက ကြောင်အမ်းကုန်ကြသည်။ ဖူဖန်းသည် နတ်ဘုရားအုပ်စိုးသူအဆင့် ဖြစ်မှန်း သိလျက်နှင့် မည်သူကများ စိမ်ခေါ်ရဲဦးမည်နည်း။

ကျူရှန်းက မည်မျှ အားကောင်းလိုက်သနည်း။ ကျူရှန်းပင် ဖူဖန်းထံ ရှုံးနိမ့်သွားရသည်။

**ဒီမောက်မာတဲ့သူက ဘယ်သူလဲ … သူက သေခြင်းတရားကို မကြောက်ဘူးလား …**

ကျူရှန်းနှင့် အဆင့် ၁၀ အတွင်းရှိ တခြားသော ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူများလည်း အံ့သြကုန်ကြသည်။

**ဒီလူက ဘယ်သူလဲ …**

မိုဝူကျိက အလောင်းအစားအတွက် အရင်းအမြစ်ကျောက်ပြားများကို မထုတ်ဘဲ ပြောလိုက်သည်

“ တာအိုရောင်းရင်း ဖူဖန်း … ကျုပ်ဆီမှာ အရင်းအမြစ်ကျောက်ပြားအများကြီး ရှိတာ ခင်ဗျားလည်း သိမှာဆိုတော့ ထုတ်မနေတော့ဘူး။ တကယ်လို့ ခင်ဗျား ကျုပ်ကို အနိုင်တိုက်နိုင်ရင် ကျုပ်ရဲ့ လက်စွပ်က ခင်ဗျားအပိုင်ပဲ ”

ရိုးရိုးရှင်းရှင်း စကားတစ်ခွန်းက ဖူဖန်းအား ပို၍ အံ့သြသွားစေသည်။

မိုဝူကျိတစ်ယောက် ကိုင်ကျိနှင့် လီဝူကျန့်တို့အား သတ်ခဲ့ပုံမှာ ဖူဖန်း စိတ်ထဲ လတ်လတ်ဆတ်ဆတ် စွဲကျန်နေသေးသောကြောင့် မိုဝူကျိအပေါ် အကြောက်တရား တချို့ ရှိနေမိသည်။ ယခု မိုဝူကျိက ထုတ်ပြောလိုက်သည့်အခါ ဆိုလိုသည်က သူတို့နှစ်ယောက်လုံး သေသည့်အထိ တိုက်ခိုက်ရမည်သာ ဖြစ်၏။ သေဆုံးသူ ပစ္စည်းများမှာ ရှင်ကျန်သူ၏ အပိုင် ဖြစ်လာလိမ့်မည်။

သူက နတ်ဘုရားအုပ်စိုးသူအဆင့် ဝင်ရောက်ခါစ ဖြစ်၍ လီဝူကျန့်လိုမျိုး အဆုံးသတ်မသွားလိုပေ။

ထိုစဉ် ကြည်လင်ကျယ်လောင်သော အသံတစ်သံ ထွက်ပေါ်လာသည် “ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်ရဲ့ အရင်းအမြစ်တိုက်ပွဲ ပထမစစ်ဆေးမှုက အဆုံးသတ်သွားပါပြီ။

တပည့်အားလုံး အမွေးတိုင်တစ်တိုင်စာအတွင်း အပြင်ပြန်ထွက်ဖို့ ပြင်ဆင်ထားကြပါ ”

ထို့နောက် အားလုံးနှင့် ခပ်လှမ်းလှမ်းတွင် ခပ်ဖျော့ဖျော့ အလင်းတန်းလေး ကျရောက်လာသည်။ မပီမပြင် ကူးသန်းရေး အစီအရင် တစ်ခု ပေါ်လာသည်။

ဖူဖန်းက မိုဝူကျိနှင့် တိုက်ခိုက်ရန် ရည်ရွယ်ချက် မရှိသောကြောင့် ထိုကြေညာချက်အား အသုံးချကာ “ တာအိုရောင်းရင်း အချိန်ကလည်း ပြည့်တော့မှာဆိုတော့ ဒီအရင်းအမြစ်ကျောက်ပြားတွေကို ကျုပ်တို့ နှစ်ယောက် ခွဲယူကြတာပေါ့ ”

ဖူဖန်းက ကျူးရှန်းတို့ ချမှတ်ထားသည့် စည်းမျည်းများကို လိုက်နာနေခြင်း မရှိသော်လည်း မည်သူမှ ဝင်မပြောရဲကြပေ။ နတ်ဘုရားအုပ်စိုးသူတစ်ယောက်က ဤနေရာရှိ သူတို့အားလုံးကို သတ်ပစ်နိုင်စွမ်း ရှိပေသည်။

မိုဝူကျိက ခေါင်းညိတ်ကာ “ အဲလိုလဲ အဆင်ပြေတာပဲ။ ဒါပေမဲ့ အရေအတွက်က ခွဲဖို့ ခက်လိမ့်မယ်။ ကျုပ်ရဲ့ ဝေစုကို အရင်ယူလိုက်မယ် ”

မိုဝူကျိုက ပြောပြီးပြီးချင်း ကျန်ရှိနေသော အရင်းအမြစ်ကျောက်ပြား ၂၉၀၀ ၌ တစ်ဝက်ကျော်လောက်ကို သိမ်းယူပစ်လိုက်သည်။

မိုဝူကျိုက တစ်ခါတည်းဖြင့် အရင်းအမြစ်ကျောက်ပြား ၂၀၀၀ ကို ယူသွားသောကြောင့် ဖူဖန်း၏ အမူအယာမှာ ပျက်ယွင်းသွားသည်။

သူက ဝင်ပြောတော့မည့်ဆဲဆဲတွင် မိုဝူကျိုက ရယ်မောလိုက်ရင်း “ တာအိုရောင်းရင်းဖူက ရက်ရက်ရောရော အရင်းအမြစ်ကျောက်ပြား တစ်ထောင်ကို ပေးပစ်နိုင်ပေမဲ့ ကျုပ်ကတော့ အဲလောက် မရက်ရောဘူး ”

ဖူဖန်းက မိုဝူကျို ဆိုလိုရင်းကို နားလည်လိုက်သည်။ ဤလူက သူ့အား ကျူးရှန်းကို အရင်းအမြစ်ကျောက်ပြား တစ်ထောင် ပေးလိုက်သည့်အတွက် ထည့်ပြောနေခြင်း ဖြစ်၏။

သို့သော်လည်း ထိုသို့ဆိုလျှင်ပင် သူက အရင်းအမြစ်ကျောက်ပြား ၉၂၀ ကျော် ရလိုက်သေးသည် မဟုတ်ပါလော။ မိုဝူကျိုကား လှည့်ထွက်သွားလေပြီ။ ဖူဖန်းက သူသည် မိုဝူကျိုအား

ဆွဲထားလျှင် မိုဝူကျိနှင့် တိုက်ခိုက်ရမည် ဖြစ်ကြောင်း သိထားသည်။

မိုဝူကျိက ကိုင်ကျိနှင့် လီဝူကျန့်တို့အား သတ်ပစ်လိုက်ခြင်းနှင့် ဤနေရာတွင် အချိန်သိပ်မကျန်တော့သည့်အချက်အား ထည့်တွက်လျှင် မိုဝူကျိသည် သူ့အား သက်ညှာနေမည် မဟုတ်ကြောင်း သိသာလှသည်။

မိုဝူကျိက အရင်းအမြစ်ကျောက်ပြား များစွာ ယူသွားသော်လည်း ဖူဖန်းက ဘာမှမပြောဘဲ သူ့လက်ကျန် အရင်းအမြစ်ကျောက်ပြားများကိုသာ သိမ်းဆည်းလိုက်တော့သည်။ ဘေးမှ ကြည့်ရှုနေသူများက အချင်းချင်း နားမလည်ဟန် ကြည့်လိုက်ကြပြီး ဘာဖြစ်သွားမှန်း နားမလည်လိုက်ကြပေ။

နတ်ဘုရားအုပ်စိုးသူ တစ်ယောက်က ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူကို အဘယ်ကြောင့် ကြောက်ရွံ့နေသနည်း။ ဤလူက ကျူးရှန်းထက် ပိုအားကောင်းနေသည်လား။

မိုဝူကျိုက ကျေကျေနပ်နပ်ဖြင့် လှည့်ထွက်သွားတော့သည်။ ထိုစဉ် သူက နောက်ထပ် အရင်းအမြစ်ကျောက်ပြားပေါင်း နှစ်ထောင်ကို ရရှိလိုက်သည်။ ယခု သူ့တွင် အရင်းအမြစ်ကျောက်ပြားပေါင်း လေးထောင်ကျော်နေပြီ ဖြစ်ရာ ပထမနေရာ ရရှိဖို့က မခက်ခဲတော့ပေ။

ကူးသန်းရေး အစီအရင် ဖြစ်တည်လာပြီးနောက် မိုဝူကျိုက သူ့နဂိုသွင်ပြင်ကို ပြန်ပြောင်းလိုက်ပြီး အားလုံးနှင့်အတူတူ ကူးသန်းရေး အစီအရင်သို့ လိုက်သွားလိုက်သည်။

“ ဝူကျို ...” ပိုင်ယွဲ့က မိုဝူကျိုကို မြင်မိသည်နှင့် တန်းရောက်လာသည် “ မင်း အဆင်ပြေရတာ မြင်ရလို့ ငါတော့ ဝမ်းသာတယ် ”

ပိုင်ယွဲ့က အမှန်တကယ် ပျော်ရွှင်မိနေသည်။ ဤနေရာသို့ အနည်းဆုံး လူပေါင်း နှစ်သောင်း ဝင်ရောက်ခဲ့သော်လည်း တစ်သောင်းခွဲမျှသာ ပြန်ထွက်လာနိုင်ခဲ့သည်။ ကျင့်ကြံသူ ငါးသောင်း ဝန်းကျင်လောက်က ထိုဂြိုလ်ပျက်ပေါ်တွင် ကျဆုံးသွားကြသည်မှာ သိသာလှသည်။

“ မင်းရဲ့ ဆုလာဘ်က မဆိုးလောက်ဘူးမလား ” မိုဝူကျိုက ပြုံးကာ ပြောလိုက်သည်။ ပိုင်ယွဲ့သည်လည်း ကောင်းကင်နတ်ဘုရား အဆင့် ၂ ရောက်ရှိနေပြီ ဖြစ်၏။ သူက ဆုလာဘ်ကောင်းကောင်း သို့မဟုတ် ရတနာကောင်းကောင်း ရရှိလာခြင်းမှာ သိသာပေသည်။

မိုဝူကျိုက စကားပြောနေစဉ် သူ့စိတ်စွမ်းအားမှာ ဝမ်ရုဆီ ရောက်ရှိသွားသည်။ ထိုအမျိုးသမီးက နူးနူးညံ့ညံ့ပုံစံလေး ပြန်ဖြစ်သွားပြီး သူမ ညီမဖြစ်သူ ဝမ်ရှီနောက်မှ လိုက်လာသည်။

ဝမ်ရှီနှင့် ယှဉ်လျှင် ဝမ်ရုက ပို၍ လှပပေသည်။ ထိုသို့ဆိုလျှင်ပင် မိုဝူကျိုက ဝမ်ရုအား ရွံ့ရှာစက်ဆုပ်မိ၏။

ကိုင်ကျိုက သူ့လက်ချက်အောက်တွင် သေဆုံးသွားခဲ့သည်။ မဟုတ်ပါက ထိုလူသည် ဝမ်ရုအမည်ရှိ အမျိုးသမီးတစ်ယောက် လက်ချက်ဖြင့် ဇီဝန်ချုပ်သွားရပေလိမ့်မည်။ ကိုင်ကျိုထက် အဆင့်မြင့်သော ဖေးယီတောက်ပင် သူမ လက်ချက်ဖြင့် သေဆုံးသွားခဲ့ရသည် မဟုတ်ပါလော။

မိုဝူကျိုက ဖေးယီတောက်သည် ဝမ်ရုလက်ချက်ဖြင့် သေဆုံးသွားကြောင်း ထုတ်ပြောလျှင်ပင် မည်သူကမျှ သူ့အား ယုံကြည်ကြမည် မဟုတ်ပေ။

ဝမ်ရု ရောက်ရှိလာမှုကြောင့် အတော်အတန် ကြည့်ကောင်းသည့် ကျင့်ကြံသူတချို့၏ နှုတ်ဆက်မှုများ တန်းစီ၍ ထွက်ပေါ်လာသည်။ ကောင်းကင်နတ်ဘုရားအဆင့်ထဲမှ အဆင့် ၁ ကျူးရှန်းပင် သူမနှင့် စကားသွားပြောနေသေး၏။

“ ကူးသန်းရေး အစီအရင် ရပြီ ” ကူးသန်းရေး အစီအရင် အပြည့်အဝ ပုံပေါ်လာသည့်အခါ ကျင့်ကြံသူများက ပြုံတိုးလာကြသည်။

အသိစိတ်ပင်လယ်ရှိ စိတ်စွမ်းအားကို အသုံးမပြုထားသော်လည်း သူ့စိတ်ဝိညာဉ် သိုလှောင်ရေးလမ်းကြောင်းရှိ စိတ်စွမ်းအားမှတဆင့် ဝမ်ရုသည် သူ့ဆီ ချည်းကပ်လာကြောင်း သတိထားမိလိုက်သည်။ ဝမ်ရု နီးကပ်လာသည့်အထိ မစောင့်နေတော့ဘဲ မိုဝူကျိုက ပိုင်ယွဲ့အား ဆွဲခေါ်ကာ “ ပိုင်ယွဲ့ .. လာ သွားကြစို့ … ”

“ ကောင်းပြီလေ ” ပိုင်ယွဲ့ကလည်း မြန်မြန် ထွက်သွားလိုနေသည်။ သူ့ဆုလာဘ်များက မဆိုးလှသောကြောင့် သေခြင်းတရား နှုတ်ခမ်းဝအထိ သွားလာပြီးမှ ရရှိလာခြင်း ဖြစ်ပေသည်။ ယခင် လူတစ်ယောက်၏ လုပ်ကြံမှုကြောင့် သေဆုံးလုနီးပါး ဖြစ်ခဲ့ရသည်။ အကယ်၍ နယ်လှည့်ကျင့်ကြံသူ တစ်ယောက်အနေနှင့် ကြွယ်ဝလှသည့် သူ့အတွေ့အကြုံများကြောင့်သာ မဟုတ်လျှင် ဤနေရာအတွင်း ပျောက်ကွယ်သွားလောက်လေပြီ။ ဤအရင်းအမြစ် ကျောက်ပြား လျို့ဝှက်နယ်မြေအတွင်း ပိုင်ယွဲ့က ကြာကြာ မနေလိုပေ။

မိုဝူကျိုနှင့် ပိုင်ယွဲ့တို့ ကူးသန်းရေး အစီအရင်ထဲ ဝင်သွားသောကြောင့် ဆက်တိုက်ဆိုသလို ပျောက်ကွယ်သွားကြသည်။ မိုဝူကျိုဆီ လျှောက်လှမ်းလာသည့် ဝမ်ရုပင် အနည်းငယ် အံ့အားသင့်မိသွားသည်။

သူမက မိုဝူကျိုသည် စိတ်စွမ်းအား အသုံးမပြုထားသည်ကို သေချာသိထားသည်။ တခြားနည်းဖြင့်ဆိုရလျှင် မိုဝူကျိုက သူမ သူ့ဆီ ချည်းကပ်လာသည့်အခါ မတော်တဆ ထွက်သွားခြင်းသာ ဖြစ်၏။

အရိုးဆုံးပြောရလျှင် ဝမ်ရုက မိုဝူကျိဆီ ချည်းကပ်လာသည်မှာ မိုဝူကျိက ပင်းထန်းဝါးကို လုယူသွားသည့်သူဟု တွေးမိနေ၍ မဟုတ်ပေ။ သူမက သတိကြီးကြီးထားတတ်သူ ဖြစ်နေ၍ အားလုံးကို သံသယဝင်မိနေခြင်းသာ ဖြစ်၏။ ထို့ကြောင့် သူမက ယုံယွမ်နတ်ဆေးလုံးကို စကားအစပြုကာ မိုဝူကျိအား စစ်ဆေးလိုကြည့်ခြင်း ဖြစ်သည်။ တခြားသောကျင့်ကြံသူများအတွက်မူ သူမက နောက်မှ စုံစမ်းကြည့်မည် ဖြစ်သည်။

နှစ်နာရီအတွင်း နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ အရင်းအမြစ်တိုက်ပွဲ ပထမစစ်ဆေးမှုတွင် ပါဝင်ယှဉ်ပြိုင်သော တပည့်များအားလုံးက နိဗ္ဗာန်အသိပညာရပ်စင်မြင့်ဆီ ပြန်ရောက်ရှိလာသည်။

မိုဝူကျိ ပထမဆုံး မြင်လိုက်သည့်အရာမှာ ဝတ်ရုံဝါနှင့် နတ်ဘုရားဘုရင် ဖြစ်၏။ မိုဝူကျိက ထိုနတ်ဘုရားဘုရင်ကို ကြည့်လိုက်မိချိန် ထိုသူကလည်း သူ့အား ပြန်ကြည့်လာသည်။

သူက မိုဝူကျိသည် အသက်ရှင်လျက် ထွက်လာလိမ့်မည်ဟု မယုံကြည်နိုင်ပေ။ သူ့သဘောတရားအရ ကိုင်ကျိ၏

အငြိုးထားခံရသူများမှာ အသက်ရှင်လျက် ထွက်လာနိုင်လျှင် အတော်လေး ထူးဆန်းနေပြီ ဖြစ်၏။ တပည့်များအားလုံး နိဗ္ဗာန်အသိပညာ စင်မြင့်ဆီ ပြန်လည် ရောက်ရှိလာသည့်အခါ ဝတ်ရုံဝါနှင့် နတ်ဘုရားဘုရင်၏ အမူအယာမှာ ပျက်ယွင်းသွားတော့သည်။

မိုဝူကျိုက အသက်ရှင်လျက် ထွက်လာသော်လည်း ကိုင်ကျိုကား ရှာ၍ မတွေ့လေပြီ။ ကိုင်ကျိုက ထိုလျို့ဝှက်နယ်မြေအတွင်း ပျောက်ကွယ်သွားသည်မှာ သိသာလှ၏။

ကိုင်ကျို တစ်ယောက်တည်း ပျောက်ကွယ်သွားခြင်း မဟုတ်ပေ။ အကြောင်းမှာ အထဲဝင်သွားကြသည့် တပည့် နှစ်သောင်းအနက် အရေအတွက် ၁၄၀၀၀ မှ ၁၅၀၀၀ ကြားသာ ပြန်ထွက်လာနိုင်သည်။

**အခန်း (၁၀၁၈) : နတ်ဘုရားနယ်မြေရှိ ကိစ္စရပ်ကြီး**

ဝတ်ရုံဝါနှင့် နတ်ဘုရားဘုရင်က သိသိသာသာ သတ်ဖြတ်ငွေ့များ ထုတ်လွှင့်မနေသော်လည်း မိုဝူကျို၏ တစ်ကိုယ်လုံးမှာ

မသက်မသာ ဖြစ်နေမိသည်။ ကြည့်ရသည်မှာ ယခုကစ၍ သူ့အနေနှင့် သတိကြီးကြီး ထားရမည်။

အားလုံးက ဝတ်ရုံဝါနှင့် နတ်ဘုရားဘုရင် စကားပြောရန် စောင့်ဆိုင်းနေကြစဉ် နောက်ထပ် မီးခိုးရောင် ပုံရိပ်တစ်ခုက နိဗ္ဗာန်အသိပညာရပ် စင်မြင့်ဆီ ဆင်းသက်လာသည်။

နောက်ထပ် နတ်ဘုရားဘုရင် တစ်ယောက် ဖြစ်နေသော်လည်း မိုဝူကျိုက ထိုမီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်ကို ကြည့်ရတာ ဝတ်ရုံဝါနှင့် နတ်ဘုရားဘုရင်ထက် ပို၍ သက်တောင့်သက်သာ ဖြစ်ပေသည်။

မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်က ဝတ်ရုံဝါနှင် နတ်ဘုရားဘုရင်အား လက်နှစ်ဖက်ယှက်ကာ နှုတ်ဆက်လိုက်သည်။ ထို့နောက် သူက တပည့်များဘက် လှည့်လာကာ “ အစတုန်းက ကျုပ်က အရင်းအမြစ်တိုက်ပွဲအတွက် ဒုတိယစစ်ဆေးမှုကို တာဝန်ကြီးကြပ်ပေးရမဲ့သူပါ။ ဒါပေမဲ့ ကျုပ်တို့ ပထမစစ်ဆေးမှုမှာ ဖြစ်လာတဲ့ ပြဿနာအပြင် နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ရဲ့ ကူးသန်းရေး အစီအရင် အပြီးသတ်မှုကြောင့်ရော၊ နောက်ထပ်

ပြဿနာတွေကြောင့်ရော ဒုတိယစစ်ဆေးမှုကို ဂိုဏ်းရဲ့ တာဝန်အဖြစ် ပြောင်းလဲလိုက်ပါတယ်။ အရင်းအမြစ် ဝေခွဲပေးရေးက ပထမစစ်ဆေးမှု ရလဒ်အပေါ်မှာ ခွဲဝေဆုံးဖြတ်သွားမှာပါ ... မေးခွန်း မေးချင်တဲ့သူ ရှိသေးလား ”

ဒုတိယ စစ်ဆေးမှုသည် ဂိုဏ်း၏ တာဝန်းရေးရာအဖြစ် ပြောင်းလဲသွားကြောင်း ကြားသောအခါ မိုဝူကျိက ပျော်ရွှင်မိသွားသည်။ ပထမစစ်ဆေးမှု၌ သူက အရင်းအမြစ်ကျောက်ပြား လေးထောင်ကျော် ရရှိခဲ့လေရာ ပထမနေရာ ရဖို့ လုံလောက်သင့်သည် မဟုတ်ပါလော။

ကောင်းကင်နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့် တစ်ယောက်က လေးလေးစားစား ဦးညွှတ်ကာ “ ဒုတိယ စစ်ဆေးမှု ဘာလို့ ပယ်ဖျက်လိုက်တာလဲဆိုတာ သိပါရစေ။ တကယ်လို့ အဲလိုဆိုရင် ပါဝင်ယှဉ်ပြိုင်တဲ့ တပည့်တွေအတွက် မတရားသလို ဖြစ်မသွားဘူးလား ”

မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်က ဒေါသမထွက်ဘဲ အေးအေးဆေးဆေး ရှင်းပြလိုက်သည် “ ပထမစစ်ဆေးမှုမှာ အားလုံးကို စည်းမျည်း မပြီးပြည့်စုံတဲ့ ဂြိုလ်ဆီ ပို့ပေးခဲ့တယ်။

အမှန်တော့ အဲဒီကို ဘယ်သူမှ မရောက်ဖူးသေးဘူး။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ သဟာဇာတနတ်ဘုရားတွေက အစီအရင်တာအိုကို အသုံးပြုပြီး အရင်းအမြစ်ကျောက်ပြားတွေကို နေရာချပေးခဲ့ကြတာ ... အဲဒါကြောင့်မလို့ ငါတို့တွေ အဲဒီဂြိုလ်ပေါ်မှာ ဘာရတနာတွေ ရှိနေမလဲဆိုတာ အသေအချာ မသိကြဘူး ”

မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်က ခဏတာ ရပ်လိုက်ပြီး မေးခွန်း မေးသည့် ကျင့်ကြံသူအား ကြည့်လိုက်ကာ “ ဒါပေမဲ့ အဲဒီဂြိုလ်က တကယ်တော့ ထူးခြားတဲ့ ဇာစ်မြစ် ရှိနေပြီးတော့ ရှေးဦးမူလ နတ်ဝိညာဉ်စွမ်းအားရှိတဲ့ နေရာလေးနေရာတောင် ရှိနေခဲ့တယ်။ အဲဒီနေရာတွေကို သဘာဝကာကွယ်ရေး အစီအရင်တွေက ကာကွယ်ပေးထားတယ်။ တကယ်လို့ အဲဒီဂြိုလ်ရဲ့ စည်းမျဉ်းတွေကြောင့်သာ မဟုတ်ရင် ဒီနေရာမှာ ရှိတဲ့ အားလုံးက အဲဒီနေရာတွေကို တွေ့ကြမှာ မဟုတ်ဘူး ”

ထိုစကားများကို ကြားပြီး ရှေးဦးမူလ နတ်ဝိညာဉ်စွမ်းအားနှင့် မတွေ့ခဲ့ကြရသည့် ကျင့်ကြံသူများက အသက်ပြင်းပြင်း ရှူထုတ်လိုက်မိကြသည်။ မိုဝူကျိုက အားလုံးထက်ပင် ပို၍

အံ့သြနေမိသေး၏။ အစပိုင်းတွင် မိုဂူကျိုက ရှေးဦးမူလ နတ်ဝိညာဉ်စွမ်းအားများရှိသည့် နေရာ၌ ကျင့်ကြံနိုင်ခဲ့သော ကံတရားမှာ မယုံကြည်နိုင်ဖွယ် ဖြစ်နေကြောင်း ယုံကြည်မိသည်။ သူက ဤသို့မျိုး နေရာလေးခု ရှိနေလိမ့်မည်ဟု မထင်ထားပေ။

မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်က အားလုံး၏ တအံ့တသြ အမူအယာများကို အာရုံမစိုက်ဘဲ ဆက်ပြောလိုက်သည် " ရှေးဦးမူလ နတ်ဝိညာဉ်စွမ်းအားနဲ့ နေရာလေးခုက အနည်းဆုံး ရှန်းထျန်း ရတနာတစ်ခုတော့ ထုတ်ပေးလိမ့်မယ်။ ရှန်းထျန်း ရတနာ အရယူနိုင်တာကတော့ အဲဒီ တပည့်ရဲ့ ကိစ္စဆိုတော့ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်က ဝင်မပါတော့ဘူး "

မိုဂူကျိုက သူ တစ်ယောက်တည်း ကံကောင်းလာခြင်း မဟုတ်ကြောင်းကို သိ၍ အံ့အားသင့်မိနေဆဲ ဖြစ်၏။ တခြားသူများက သူ့ထက် ပို၍ ကံကောင်းလာကြသေးသည်။ သူက ပင်းထန်းဝါးကို ရလာသော်လည်း တခြားသူက ပင်းထန်းဝါးထက် ပို၍ အဖိုးတန်နေသည့် ရတနာ ရလာမည်ကို မည်သူက သိမည်နည်း။

" အစတုန်းက ဒုတိယစစ်ဆေးမှုက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ တိုက်ပွဲမျှော်စင် ဖြစ်လိမ့်မယ်။ အားလုံးက အဲဒီတိုက်ပွဲမျှော်စင်မှာ ၄၉ ထပ် ရှိတာကို သိကြမှာပါ။ အရင်က ပြဿနာ မဟုတ်ပေမဲ့ ပထမစစ်ဆေးမှု ပြီးသွားတော့ အနည်းဆုံး တပည့်ခြောက်ယောက်လောက်က နတ်ဘုရားအုပ်စိုးသူအဆင့် တက်လှမ်းနိုင်ခဲ့ကြတယ် "

မိုဝူကျိုက ထိုအရာကို ကြားသောအခါ နှလုံးခုန်မြန်ဆန်မိလာသည်။ သူက လီဝူကျန့်နှင့် ဖူဖန်းတို့ နှစ်ယောက်တည်း နတ်ဘုရားအုပ်စိုးသူအဖြစ် အဆင့်တက်ခဲ့သူဟု တွေးမိခဲ့သည်။ သူက နတ်ဘုရားအုပ်စိုးသူအဆင့် တက်လှမ်းမည့် တခြားသူများ ရှိနေလိမ့်မည်ဟု မထင်ထားမိပေ။ ထို့အပြင် ထိုကျင့်ကြံသူ ခြောက်ယောက်တွင် သူ သတ်လိုက်သည့် လီဝူကျန့် ပါမည် မဟုတ်ချေ။

မိုဝူကျို တစ်ယောက်တည်း အံ့အားသင့်နေခြင်း မဟုတ်ပေ။ တပည့်အများအပြားကလည်း သူတို့ကြားလိုက်ရသည့် ကိစ္စအား ကြောင်အမ်းကုန်ကြသည်။ ထိုမျှ နတ်ဘုရားအုပ်စိုးသူအဆင့်များ

ရှိနေလျှင် သူတို့က အဘယ်ကြောင့် တိုက်ခိုက်နေရတော့မည်နည်း။

မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်က လူအုပ်ကြီးထံမှ ထိုတုံ့ပြန်မှုများအား မျှော်လင့်ထားသည့်အလား ဆက်ပြောလိုက်သည် “ ဒီ နတ်ဘုရားအုပ်စိုးသူ ခြောက်ယောက်ထဲမှာ တစ်ယောက်က နတ်ဘုရား အုပ်စိုးသူအဆင့် ၂ အထိ တက်လှမ်းနိုင်ခဲ့တယ်။ မင်းတို့တွေ တိုက်ပွဲစင်မြင့်မှာ နတ်ဘုရားအုပ်စိုးသူ အဆင့် ၂ နဲ့တော့ တိုက်ချင်ကြမှာ မဟုတ်လောက်ဘူး မလား ”

ဤ၊တစ်ကြိမ်၌ အားလုံးက တိတ်ဆိတ်ကုန်ကြသည်။ အကြောင်းမှာ အရှူးတစ်ယောက်သာ နတ်ဘုရားအုပ်စိုးသူအဆင့် ၂ နှင့် တိုက်ခိုက်ပေလိမ့်မည်။ မိုဂူကျိပင် နတ်ဘုရားအုပ်စိုးသူအဆင့် အခြေတည်ထားသည့် လူနှင့် မတိုက်ခိုက်လိုပေ။

ထိုနတ်ဘုရားအုပ်စိုးသူ အဆင့် ခြောက်ယောက်အား နောက်ဆုတ်ရန် မည်သူကများ ထွက်ပြောရဲမည်နည်း။ သူတို့က အဘယ်ကြောင့် နောက်ဆုတ်ပေးမည်နည်း။ သူတို့တွေ တိုက်ပွဲထဲ ဝင်စဉ်အခါက ကောင်းကင်နတ်ဘုရားအဆင့်သာ ရှိသေးပြီး

နတ်ဘုရားအုပ်စိုးသူအဆင့် တက်လှမ်းနိုင်ခဲ့သည်မှာ သူတို့၏ စွမ်းရည်နှင့် ကံကောင်းမှုကြောင့်သာ ဖြစ်ပေသည်။

မည်သူကမှ ဝင်မပြောသည်ကို တွေ့သည့်အခါ မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်က ဆက်ပြောလိုက်သည် “ ပထမစစ်ဆေးမှုရဲ့ တည်နေရာ ရွေးချယ်မှု အမှားလေးတစ်ခုကြောင့် ဒုတိယ စစ်ဆေးမှု ပယ်ဖျက်တဲ့အထိ ဖြစ်သွားတာပဲ … လက်ရှိ နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ရဲ့ ကူးသန်းရေး အစီအရင် ခင်းကျင်းတာ ပြီးဆုံးသွားပြီဆိုတော့ ငါတို့တွေ ဒုတိယ စစ်ဆေးမှုကို တာဝန်အဖြစ် ပြောင်းလဲပစ်လိုက်တယ်။ စစ်ဆေးမှု ကောင်းကောင်း ပြီးဆုံးသွားတဲ့သူတွေက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ကနေ ကျင့်ကြံရေး အရင်းအမြစ်တွေ ရမယ်။ ပြီးတော့ ဒီစစ်ဆေးမှုက ရေရှည်စစ်ဆေးမှုဆိုတော့ ဘယ်အခြေအနေမဆို ရပ်တန့်ပစ်လို့ မရဘူး ”

“ ဘာတာဝန်လဲ” တစ်ယောက်ယောက်က အသံနိမ့်နိမ့်ဖြင့် ပြောလိုက်သည်။

မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်က ပြန်ဖြေလိုက်သည် “ ဒီစစ်ဆေးမှုက နတ်ဘုရားကုန်းမြေတစ်ခုလုံးအတွက် အကျုံးဝင်တယ်။ အရင်းအမြစ်ကျောက်ပြား ပြိုင်ပွဲမှာ ပါတဲ့ တပည့်တွေကလွဲရင် အားလုံး သိပြီးလောက်ပြီ။ အဲဒါကြောင့်မလို့ အားလုံးကို ပြန်ရှင်းပြမယ်။ နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ကို ဖြတ်လိုက်ရင် နတ်ဘုရားနယ်မြေဆီ ရောက်သွားမယ်ဆိုတာ အားလုံးလည်း သိကြမှာပါ။ ကျင့်ကြံရေး အရင်းအမြစ်တွေအရ ငါတို့ နတ်ဘုရားကုန်းမြေက နတ်ဘုရားနယ်မြေနဲ့ ယှဉ်လို့ မရဘူး ”

မိုဝူကျိုက ထိုအချက်ကို သဘောတူမိသည်။ နတ်ဘုရားနယ်မြေတွင် နတ်ဘုရားဘုရင်များစွာ မရှိခြင်း သို့မဟုတ် သဟဇာတ နတ်ဘုရား တစ်ယောက်မှ မရှိသည့် အကြောင်းအရင်းတို့မှာ ကျင့်ကြံရေး အရင်းအမြစ် လိုအပ်နေ၍ မဟုတ်ပေ။ အကြောင်းမှာ မိုးမြေစည်းမျည်းများက နတ်ဘုရားကုန်းမြေလောက် မပြီးပြည့်စုံ၍ ဖြစ်ပေသည်။

“ အများစုက နားမလည်လောက်ဘူးဆိုပေမဲ့ သဘောတရားအရပြောရရင် ငါတို့ နတ်ဘုရားကုန်းမြေမှာ

နှင်းစက်စိမ်း ရှိပြီးတော့ ဆေးပင်နယ်မြေတွေ အများကြီးလည်း ရှိနေတယ်။ ငါတို့က ဘယ်လိုလုပ် နတ်ဘုရားနယ်မြေနဲ့ ယှဉ်လို့ မရတာလဲလို့ တွေးနေမိလောက်တယ်။ ဒါပေမဲ့ ဒါက အမှန်တရားပဲ ... နတ်ဘုရားနယ်မြေမှာ ငါတို့ နတ်ဘုရားကုန်းမြေမှာ မရှိတဲ့ အရာ ရှိနေတယ်။ အဲဒါက နတ်ဘုရားသိုက်မြို့ပဲ .... ”

လူများစွာက သူ့အား မရေမရာ ကြည့်နေကြသောကြောင့် မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်က ခဏတာ ရပ်လိုက်သည်။ နတ်ဘုရားနယ်မြေရှိ အားလုံးသည် နတ်ဘုရားသိုက်မြို့အကြောင်း သိထားကြသော်လည်း နတ်ဘုရားကုန်းမြေ၌ လူနည်းစုသာ ကြားဖူးကြသည်။ နတ်ဘုရားနယ်မြေရှိ လူများကလည်း နှင်းစက်စိမ်းဆန်အကြောင်း သိကြမည် မဟုတ်ပေ။

မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်၏ လေသံမှာ ပို၍ လေးနက်လာပြီး “ နတ်ဘုရားနယ်မြေအလွန်မှာ ငါတို့ နတ်ဘုရားကုန်းမြေထက် ပိုပြီးပြည့်စုံတဲ့ စည်းမျဉ်းတွေ ရှိတဲ့ အဆုံးမဲ့ အလှမ်းဝေးတဲ့ အာကာပြင်ကြီး ရှိနေတယ်။ မင်းတို့တွေက

အဲလို အာကာပြင်ကြီး ရှိနေရက်နဲ့ နတ်ဘုရားဘုရင်တွေ၊ သဟာဇာတ နတ်ဘုရားတွေ မများတဲ့အကြောင်း မေးချင်နေလိမ့်မယ်။ အဲဒါက အဲဒီ လက်လှမ်းမမှီတဲ့ နယ်မြေအသစ် ဖြစ်နေလို့ပဲ

အဲဒီနယ်မြေကို နတ်ဘုရားသိုက်မြုံလို့ ခေါ်ပြီးတော့ နယ်မြေအသစ်ပေါ်မလာခင်တိုင်း အဲဒီနေရာကို ဝင်လို့ မရကြဘူး။ ဒီနယ်မြေအသစ်တွေ ပေါ်လာပြီးမှ လူတွေ ဝင်လို့ ရကြတာလေ။ နတ်ဘုရားသိုက်မြုံ နယ်မြေအသစ်နဲ့ တည်ရှိနေပြီးသား နတ်ဘုရားနယ်မြေ ပေါင်းသွားရင် နယ်မြေအကြီးကြီး ဖြစ်လာစေတယ်။ အဲဒီ နယ်မြေအသစ်ထဲက စည်းမျည်းတွေက အတော်လေးကို ရှင်းရှင်းလင်းလင်း ရှိတယ်။ ပြောရရင် အဖိုးမဖြတ်နိုင်တဲ့ ရတနာတွေလည်း ရှိတယ် ...

နှမြောစရာကောင်းတာက အဲဒီ ရတနာတွေက မပြောင်းလဲသွားပေမဲ့ စည်းမျည်းတွေကတော့ အချိန်တိုလေးအတွင်း ပျောက်ကွယ်သွားကြတယ်။ အဲဒါတွေကြောင့် နတ်ဘုရားနယ်မြေရဲ့ နတ်ဘုရားဘုရင်တွေက နတ်ဘုရားသိုက်မြုံ နယ်မြေအသစ်ကို ကောင်းကောင်း

အသုံးမချနိုင်ကြဘူး။ ဒါပေမဲ့လည်း အဲဒီနေရာမှာ ရှိနေတဲ့ ကျင့်ကြံသူအများစုက နတ်ဘုရားသိုက်မြုံ နယ်မြေအသစ်ထဲ ဝင်နိုင်တယ်လေ။ သူတို့က အထဲမှာ ရတနာတွေနဲ့ အခွင့်အရေးတွေကို ရှာကြရတာပေါ့။ ပြီးတော့ အချိန်ကြာလာရင် နတ်ဘုရားသိုက်မြုံ နယ်မြေအသစ်က ကျယ်ပြန့်လာလိမ့်မယ် ”

ထိုအရာကို ကြားပြီး မိုဝူကျိမှလွဲ၍ ကျန်သူအားလုံးက မျှော်လင့်စောင့်စားသည့် အမူအယာများ ထွက်ပေါ်လာကြသည်။ ဤသို့နေရာမျိုး သွားကြရမည်ကို မည်သူက စိတ်မဝင်စားဘဲ နေမည်နည်း။ တကယ်တော့ လူတချို့က နတ်ဘုရားနယ်မြေသို့ ဝင်ရန် ကူးသန်းရေး အစီအရင်ကို မည်သို့ အသုံးပြုရမည်ကို စဉ်းစားနေကြလေပြီ။ ထို့နောက် သူတို့က နတ်ဘုရားကုန်းမြေသို့ ပြန်လာပြီး နတ်ဘုရားဘုရင် သို့မဟုတ် သဟဇာတ နတ်ဘုရား ဖြစ်မလာခင် ရတနာ အမြောက်အများ စုဆောင်းနိုင်မည် မဟုတ်ပါလော။

သို့သော်လည်း မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်က လေးနက်စွာ ထပ်ပြောလိုက်သည် “ ဒီလောကကြီးထဲမှာ အရာအားလုံးက ကောင်းကျိုး၊ ဆိုးကျိုးရှိကြတာပဲ။ အစတုန်းက

နတ်ဘုရားသိုက်မြုံ နယ်မြေအသစ် နောက်တစ်ခါက် ပေါ်ထွက်လာဖို့က အရမ်းကို ကြာတယ်။ အခုလတ်တလော နယ်မြေအသစ် ပေါ်ထွက်လာတဲ့ အချိန်တစ်ခုနဲ့ တစ်ခုကြား ပိုပြီး မြန်လာတယ်။ လတ်တလော နယ်မြေအသစ် ပေါ်ထွက်လာမှုအရ နတ်ဘုရားနယ်မြေက လောကနယ်မြေအသစ်နဲ့ ထိစပ်မိသွားပြီတဲ့ … ”

မိုဝူကျိုက စိတ်ထဲမှ အံ့အားသင့်နေမိသည်။ သူ ထွက်သွားစဉ်က နတ်ဘုရားသိုက်မြုံသည် အသစ်ပေါ်ထွက်လာခါစ ဖြစ်၏။ သိပ်မကြာခင် နယ်မြေအသစ် ထပ်မံ ပေါ်ထွက်လာလိမ့်မည်ဟု မည်သူက ထင်ထားမည်နည်း။ လောကနယ်မြေအသစ် အကြောင်းကိုတော့ မိုဝူကျို ယခင်က ကြားဖူးထားသည်။ နတ်ဘုရားနယ်မြေရှိ နတ်ဘုရားဘုရင်များက ဘာမှမသိသည့် အရူးများ မဟုတ်ပေ။

“ နတ်ဘုရားနယ်မြေက အသစ်ထိစပ်သွားတဲ့ လောကနယ်မြေအသစ်နဲ့ ပတ်သတ်ပြီးတော့ ပျော်မယ်လို့ ထင်ကြလား ” မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်က ခပ်ရေးရေး ထုတ်မေးလိုက်သည် “ တကယ်လို့ အားလုံးက

အဲလိုတွေးနေတယ်ဆိုရင်တော့ မင်းတို့ မှားနေပြီ။ လောကနယ်မြေအသစ်က သတ်ဖြတ်ခြင်းကို စွဲလမ်းနေတဲ့ ကျင့်ကြံသူတွေနဲ့ ပြည့်နှက်နေတာ .... အဲဒီ ကျင့်ကြံသူတွေက နတ်ဘုရားနယ်မြေမှာ ရှိနေတဲ့ ကျင့်ကြံသူတွေနဲ့ တွေ့ဆုံသွားရင် နတ်ဘုရားနယ်မြေမှာ ရှိနေတဲ့ ကျင့်ကြံသူတွေက အကြောင်းအရင်းမရှိ အကုန် အသတ်ခံရလိမ့်မယ် ”

မိုဝူကျိုက ထိုအကြောင်းကြားလိုက်သည့်အခါ ကူချိုက်အကြောင်း တွေးမိသွားသည်။ သူက ကျူချိုက်ကို ရှာမတွေ့သေးလေရာ ကူချိုက်က နတ်ဘုရားနယ်မြေအတွင်း ပုန်းအောင်းနေခြင်းသာ ဖြစ်လိမ့်မည်။

မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်၏ လေသံက ယခင်ထက်ပို၍ လေးနက်လာကာ “ တကယ်လို့ ငါတို့ နတ်ဘုရားနယ်မြေဆီ ကူးသန်းရေး အစီအရင်ကို အချိန်မီ ပြီးဆုံးသွားတာသာ မဟုတ်ရင် နတ်ဘုရားနယ်မြေက အလောင်းသာ ကျန်တော့တဲ့အထိ အသတ်ခံနေရလောက်ပြီ။ နယ်ခြားကျင့်ကြံသူတွေ လက်အောက်လည်း ကျရောက်နေလောက်ပြီ။ ငါတို့တွေ အဆင့် ၇ ကာကွယ်ရေး အစီအရင်ကို ကူခင်းကျင်းပေးမဲ့ အဲဒီ

အရိုင်းအစိုင်းတွေ ကျူးကျော်ဝင်ရောက်လာတာကို တားဆီးပေးနိုင်ရုံလောက်ပဲ ... ”

မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်က သက်ပြင်းချလိုက်ပြီးနောက် ဆက်ပြောလိုက်သည် “ နတ်ဘုရားနယ်မြေနဲ့ နတ်ဘုရားကုန်းမြေတို့က မူလကတည်းက ကုန်းမြေတစ်ခုတည်းပဲ ... တကယ်လို့ အရိုင်းအစိုင်း ကျင့်ကြံသူတွေ နတ်ဘုရားနယ်မြေဆီ ကျူးကျော်လာရင် သူတို့က ပိုကောင်းတဲ့ ကျင့်ကြံရေး နယ်မြေကို ရသွားလိမ့်မယ်။ အဲဒီနည်းနဲ့ ငါတို့ နတ်ဘုရားကုန်းမြေက သိပ်မကြာခင် အဆုံးသတ်သွားမှာပဲ .... နတ်ဘုရားနယ်မြေနဲ့ ကျူးကျော် ကျင့်ကြံသူတို့ တိုက်ပွဲက ဖြစ်နေတုန်းဆိုတော့ ဒီဟာက နတ်ဘုရားကုန်းမြေနဲ့ နတ်ဘုရားနယ်မြေရဲ့ အကြီးဆုံး တာဝန် ဖြစ်လာလိမ့်မယ်။ ဒီတာဝန်ကို ယူမဲ့သူတွေက အဲဒီ ကျူးကျော် ကျင့်ကြံသူတွေကို သွားသတ်ပေးရမယ်။ နိဗ္ဗာနအမှတ်နဲ့ ကျင့်ကြံရေး အရင်းအမြစ်တွေက တော်တော်လေး မက်ဖို့ကောင်းတယ် ”

မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်၏ စကားများကို ကြားပြီး တပည့်များက သူတို့အချင်းချင်းကြား တီးတိုးပြောကုန်ကြသည်။

မိုဝူကျိုက ပို၍ ဆွံ့အမိသွားသည်။ သူက ဤတာဝန်ကို အမှန်တကယ် လက်ခံလိုသော်လည်း နတ်ဘုရားနယ်မြေ၌ သူ ရန်စမိထားသော နတ်ဘုရားဘုရင်များကို အမှတ်ရသွားသည်။ ထိုကြောင့် သူက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၌ လိမ်လိမ်မာမာ ကျင့်ကြံဖို့သာ စိတ်ကူးရှိပေသည်။

အားလုံးက ဆွေးနွေးနေခြင်းကို ရပ်လိုက်ပြီးနောက် မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်က ထပ်ပြောလိုက်သည် “ အားလုံးကို အသိပေးချင်တာက ဒီတာဝန်က ကျူးကျော် ကျင့်ကြံသူတွေကို သတ်ပြီးတော့ ဒုတိယ စစ်ဆေးမှု ပယ်ဖျက်လိုက်ရတဲ့ အကြောင်းကိုပါ … အခု ပထမစစ်ဆေးမှုရဲ့ ရလဒ်ကို ကြည့်လိုက်ရအောင်။ ငါ့ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ အမှတ်အသားပြားက ပစ္စည်းတွေကို ရွှေ့ပြောင်းပေးလို့ ရတယ်။ အခု ပထမစစ်ဆေးမှုမှာ ပါဝင်တဲ့ တပည့်အားလုံး သူတို့ ရလာတဲ့ အရင်းအမြစ်ကျောက်ပြားတွေကို သူတို့အမှတ်အသားပြားတွေက တဆင့် လွှဲပေးလို့ ရပါပြီ … ”

# အခန်း (၁၀၁၉)

“ ဝူကျို .. ငါတို့ အရင်းအမြစ်ကျောက်ပြားတွေ အတူတူထားမလား။ ငါ့ဆီမှာ အရင်းအမြစ်ကျောက်ပြား ၂၇ ခု ရှိတယ် ” ပိုင်ယွဲ့က အသံတိုးတိုးဖြင့် ပြောလိုက်ရင်း မိုဝူကျိုထံ ကျောက်ပြားများ လွှဲပေးလိုက်သည်။

မိုဝူကျိုက ပိုင်ယွဲ့ကို အတော်လေး အံ့အားသင့်မိသွားသည်။ သူက ကောင်းကင်နတ်ဘုရား အဆင့် ၂ မျှ ဖြစ်ကာ အရင်းအမြစ်ကျောက်ပြား ၂၇ ခု ရရှိခဲ့သည်။ သူက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ စစ်ဆေးမှု၌ အဆင့် ၄ ရခဲ့သည်မှာ မထူးဆန်းတော့ပေ။

မိုဝူကျိုက ပိုင်ယွဲ့ကို မငြင်းပယ်လိုက်ပေ။ အကယ်၍ အားလုံးက သူတို့အရင်းအမြစ်ကျောက်ပြားများ မပေါင်းလျှင် မိုဝူကျိုက ပထမနေရာ ရလိမ့်မည်ဟု အသေအချာ သိနေသည်။ ယခု အားလုံးက အရင်းအမြစ်ကျောက်ပြားများစွာ

စုပေါင်းလိုက်သည့်အခါ မိုဝူကျိုက သူ့အနေနှင့် ပထမနေရာ ရနိုင်ပါ့မလား မသေချာတော့ပေ။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ သဘောထားကို ကြည့်ခြင်းအားဖြင့် လူများကို အရင်းအမြစ်ကျောက်ပြားများ စုစည်းရန် အားပေးအားမြှောက် လုပ်နေမှန်း သိသာလှသည်။

ပိုင်ယွဲ့၏ အရင်းအမြစ်ကျောက်ပြားများ ထည့်ပေါင်းလိုက်သည့်အခါ မိုဝူကျိုတွင် စုစုပေါင်း ၄၀၃၁ ခု ရှိသွားလေ၏။ သူက သူ့ကိုယ်ပိုင် အမှတ်အသားပြား၏ ကူးသန်းရေး ဝဲကယက်ကို နှိုးဆွလိုက်ပြီးနောက် အရင်းအမြစ်ကျောက်ပြားများကို ထုတ်ယူလိုက်သည်။

မိုဝူကျိုက အရင်းအမြစ်ကျောက်ပြားများစွာ လွှဲပေးလိုက်ကြောင်း တွေ့သောအခါ ပိုင်ယွဲ့က တအံ့တဩ မေးလိုက်သည် “ ဝူကျို … မင်း အရင်းအမြစ်ကျောက်ပြား ဘယ်လောက်တောင် ရလာတာလဲ ”

မိုဝူကျိုက ရယ်မောလိုက်ရင်း ပြန်ဖြေတော့မည့်ဆဲဆဲတွင် ဝမ်ရုက နောက်တစ်ဖန် လျှောက်လှမ်းလာကြောင်း သတိပြုမိလိုက်၏။

ဝမ်ရု ရောက်ရှိလာမှုကြောင့် မိုဝူကျိုက ပြန်မဖြေဘဲ ချုပ်ထိန်းထားလိုက်သည်။

“ အစ်ကိုကြီး ဝူကျို … အစ်ကိုကြီး ပိုင်ယွဲ့ … ” ဝမ်ရုက အနည်းငယ် ဦးညွှတ်ကာ နှုတ်ဆက်လိုက်၏။ သူမ ခန္ဓာကိုယ် ပြန်မတ်မလာခင် အမျိုးသမီးတစ်ယောက်၏ ရနံ့သင်းသင်းလေးကို ရလိုက်၏။

မိုဝူကျိုနှင့် ပိုင်ယွဲ့တို့က သူမ အပြုအမူတစ်ခုတည်းဖြင့် အမျိုးသမီးတစ်ယောက်၏ နူးညံ့လှသည့် သဘောတရားကို ပြသသွားခဲ့နိုင်သောကြောင့် ချီးကျူးမိလိုက်ကြသည်။

“ အရင်တုန်းက ကျွန်မ ညီမလေးရဲ့ အပြုအမူက အလွန်ဆိုးသွားခဲ့ပါတယ်။ အဲဒါကြောင့် ကျွန်မ အပြစ်ရှိသလို ခံစားနေလို့ … ”

ဝမ်ရု စကားဆုံးအောင်အထိ မစောင့်ဆိုင်းဘဲ မိုဝူကျိုက လက်ခါကာ “ ဒီကိစ္စက ပြီးသွားပါပြီ။ ပြီးတော့ မင်းကလည်း တောင်းပန်ပြီးပြီဆိုတော့ ငါတို့ အဆုံးသတ်ပြီးပြီလေ ”

မိုဝူကျိုက ထိုအမျိုးသမီးကို နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ အမျိုးသမီးတစ်ယောက်အဖြစ် မဆက်ဆံသင့်ကြောင်း ကောင်းစွာ သိထားသည်။

“ မင်းက ဂူကျိုရဲ့ နာမည်ကို သိတယ်လား ” ဘေးတွင် ရပ်နေသည့် ပိုင်ယွဲ့က မရေမရာ မေးလိုက်သည်။

မိုဝူကျိုက ရယ်မောကာ “ ကြည့်ရတာ မိန်းမကလေး ဝမ်ရုက နားပါးပုံပဲ။ ကျုပ်တို့တွေ စောစောက အတော်လေး လှမ်းတဲ့နေရာမှာ ရှိနေတာ သေချာပါတယ် ”

ထိုစဉ် မိုဝူကျိုက ဘာမှဖုံးကွယ်ထားဖို့ စိတ်ကူးမရှိချေ။ ဝမ်ရု သူ့ဆီ ချည်းကပ်လာသည့် ရည်ရွယ်ချက်မှာ သူ့အား စမ်းသပ်ရန်သာ ဖြစ်၏။ မည်သို့ပင်ဆိုစေကာမူ သူ ရရှိလာသည့် အရင်းအမြစ်ကျောက်ပြား အရေအတွက်ကို ကြေညာတော့မည် ဖြစ်ရာ သူ့အနေနှင့် ဤအမျိုးသမီးဖြင့် အချိန်ဆက်ဖြုန်းနေစရာ မလိုတော့ပေ။

ဝမ်ရု၏ မျက်နှာထားမှာ အနည်းငယ် နီသွားလေ၏။ နေရခက်သည့် အမူအယာကြောင့် ပိုင်ယွဲ့က သူ့စကားကိုပင် နောင်တရမိသွားသည်။ သူက ဝမ်ရု၏ တုံ့ပြန်မှုအား မည်သို့ ပြန်လည် တုံ့ပြန်ရမည်မှန်း မသိတော့ပေ။

လက်ရှိ မီးခိုးရောင် ဝတ်ရုံနှင့် နတ်ဘုရားဘုရင်၏ အသံက ထပ်မံ ထွက်ပေါ်လာသည် “ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့

အရင်းအမြစ်တိုက်ပွဲ ရလဒ် ထွက်ပေါ်လာပါပြီ။ နံပါတ်တစ်က အရင်းအမြစ်ကျောက်ပြားပေါင်း ၄၀၃၁ ခုနဲ့ သေမျိုးနယ်မြေရဲ့ မိုဝူကျိပါ ... ”

အဆင့်များ ထွက်ပေါ်လာသည့်အခါ နိဗ္ဗာန်အသိပညာရပ် စင်မြင့်ပေါ်တွင် အသက်ရှူသံပင် ကြားရလောက်အောင်အထိ တိတ်ဆိတ်သွားသည်။

**ဤသည်က မှားယွင်းနေတာလား ...**

**သေမျိုးနယ်မြေတွင် လူတချို့သာ ရှိလေရာ အရင်းအမြစ်ကျောက်ပြား လေးထောင်ကျော် ဘယ်လိုလုပ် ရလာတာလဲ ....**

**သေမျိုးနယ်မြေမှာ စစ်ဆေးမှုတုန်းက ဝင်သွားတဲ့ လူနှစ်ယောက်တည်း ရှိတာ မဟုတ်ဘူးလား ...**

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ စစ်ဆေးမှု ပြီးဆုံးသွားသည်မှာ ၁၁ နှစ် ရှိပြီ ဖြစ်သော်လည်း ထို ၁၁ နှစ်လေးအတွင်း ကောင်းကင်နတ်ဘုရားအဆင့် မည်မျှအထိ တက်လှမ်းနိုင်မည်နည်း။ ကောင်းကင်နတ်ဘုရားများက ဤမျှပင် အံ့ဖွယ် ဖြစ်နေပြီလား။

လူများစွာက မိုဝူကျိကို မသိကြသော်လည်း သူ့နာမည် ပေါ်ထွက်လာသည်နှင့် အားလုံး၏ အကြည့်များက မိုဝူကျိနှင့် ပိုင်ယွဲ့ဆီ ကျရောက်လာသည်။ သူတို့က မိုဝူကျိကို မသိလျှင်ပင် အားလုံး ကြည့်နေသည့်သူက မိုဝူကျိ ဖြစ်မည်မှန်း မှန်းဆမိလိုက်ကြ၏။

ဖူဖန်း၏ ပထမဆုံး အမူအယာမှာ သေမျိုးနယ်မြေမှ မိုဝူကျိနှင့် ပိုင်ယွဲ့အား ကြည့်လိုက်ခြင်း ဖြစ်၏။ သိပ်မကြာခင် သူက မိုဝူကျိ ခန္ဓာကိုယ်ဆီ အကြည့်ရောက်သွားသည့်အခါ မိုဝူကျိက လီဝူကျန့်ကို သတ်လိုက်သူမှန်း သေချာသိသွားသည်။

အကယ်၍ ကြေညာချက်ကြောင့်သာ မဟုတ်လျှင် ဖူဖန်းအနေနှင့် မိုဝူကျိအား လမ်းပေါ်တွေ့လျှင်ပင် မိုဝူကျိသည် နတ်ဘုရားအုပ်စိုးသူအဆင့် တစ်ယောက်ကို သတ်နိုင်လိမ့်မည်ဟု ယုံကြည်မိမည် မဟုတ်ပေ။ မိုဝူကျိက ကိုင်ကျိကို အလွယ်လေး သတ်ပစ်နိုင်လိမ့်မည်ဟုလည်း ယုံကြည်နိုင်မည် မဟုတ်ပေ။

“ အစ်ကိုကြီးမိုက ဒီလောက်တောင် အရင်းအမြစ်ကျောက်ပြား အများကြီး ရလာတာလား ” ဝမ်ရုက မိုဝူကျိအား တအံ့တသြ ကြည့်လိုက်သည်။ သူမက မိုဝူကျိသည် သူမ၏ ပင်းထန်းဝါးကို

ယူသွားသည့်သူ ဖြစ်လိမ့်မည်ဟု သံသယ ဝင်လာမိတော့သည်။ ယခုအခါမှ သူမက မိုဝ္ဂူကျိ၏ နာမည်အပြည့်အစုံကို သိလိုက်ခြင်း ဖြစ်၏။

မိုဝ္ဂူကျိက ရယ်ရယ်မောမောဖြင့် ရိုးရိုးရှင်းရှင်း တည့်တိုးသာ ဖြေလိုက်တော့သည် “ ကျုပ်က ကံတော့ နည်းနည်းကောင်းတယ်လေ။ ကျုပ် ကျင့်ကြံသူနှစ်ယောက် တိုက်နေတာကို တွေ့လိုက်ရတာ။ နှစ်ယောက်လုံးကလည်း အသေအကြေဖြစ်သွားတာဆိုတော့ ကျုပ်က ကြားကနေ အခွင့်ကောင်း ယူလိုက်တာပေါ့ ”

အကယ်၍ ဝမ်ရုသာ ဤသို့ အခြေအနေမျိုး တစ်ခါမှ မဖြစ်ဖူးကြောင်း မသိလျှင် မိုဝ္ဂူကျိသည် အမှန်အတိုင်း ပြောနေခြင်းလားဟု သံသယ ဝင်လာမိနိုင်သည်။

ပိုင်ယွဲ့က မိုဝ္ဂူကျိ လက်မောင်းအား စိတ်လှုပ်ရှားစွာ ကိုင်ဆွဲထားလိုက်ရင်း “ ဝူကျိ … မင်း တကယ်ကြီး ပထမနေရာ ရခဲ့တာပဲ။ ငါတို့ သေမျိုးနယ်မြေက ပထမရတာကွ … ဟားဟား ”

သူက မိုဝူကျိုသည် အရင်းအမြစ်ကျောက်ပြားများစွာ ရခဲ့မှန်း သိသော်လည်း အရေအတွက် အတိအကျကို ယခုမှ သိလိုက်ရခြင်း ဖြစ်၏။

တစ်ချိန်တည်းဆိုသလို နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ ရင်ပြင်တွင် ရှိနေသော ရလဒ်အား စောင့်ဆိုင်းနေကြသည့် အားလုံးက ဆူဆူညံညံ ဖြစ်လာကြသည်။

**သေမျိုးနယ်မြေကဲ့သို့သော နေရာက ပထမနေရာ ရသွားတာလား ....**

**ဘာတွေ ဖြစ်နေတာလဲ ... ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူနှစ်ယောက်နှင့် မွဲတေနေသည့် နယ်မြေက ပထမနေရာ ရသွားတာလား ...**

အားလုံးရှေ့တွင် ရှိနေသော ရောမ ပိတ်ကားချပ်ကြီး၌ သေမျိုးနယ်မြေသည် ပထမ ရသွားကြောင်း ရှင်းရှင်းလင်းလင်း ရေးသားထားသည်။ မိုဝူကျိုက ပထမနေရာ ရသွားခြင်း ဖြစ်၏။

အားလုံး၏ အာရုံက သေမျိုးနယ်မြေဆီသာ ရောက်ရှိနေကြပြီး မည်သူကမှ ဒုတိယနေရာကို ဂရုမစိုက်ကြပေ။

မိုဝူကျိုက အဆင့် ၂ ရသွားသူမှာ အရင်းအမြစ်ကျောက်ပြားပေါင်း ၂၇၂၆ ဖြင့် ကျူးရှန်း ဖြစ်နေ၏။ ထိုသူမှာ ကြယ်ဖုံးတောင်မှ ဖြစ်ပေသည်။

ကြယ်ဖုံးတောင်အကြောင်းကို မိုဝူကျိုက တော်တော်များများ ကြားဖူးထားသည်။ ယခင် နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ စစ်ဆေးမှုအတွင်း ကြယ်ဖုံးတောင်သည် ပထမနေရာ ချိတ်ခဲ့သည်။ ယခင် ပါရမီရှင် တပည့် ကျီဖေးယန်သည်လည်း ပထမနေရာ ရရှိခဲ့သည်။ ယခုအခါ ကျူးရှန်းကလည်း ကြယ်ဖုံးတောင်က ဖြစ်နေသည်။

ထိုစဉ် မိုဝူကျိုက ကျူးရှန်းအား အရင်းအမြစ်ကျောက်ပြား ပြိုင်ပွဲ လုပ်ပေးသည့်အတွက် ကျေးဇူးတင်မိသွားသည်။ မဟုတ်လျှင် မိုဝူကျိုက နံပါတ် ၂ သို့မဟုတ် နံပါတ် ၃ သာ ဖြစ်လောက်သည်။ မည်သို့ပင်ဆိုစေကာမူ နံပါတ် ၂ ဖြစ်စေ၊ နံပါတ် ၃ ဖြစ်စေ မသက်ာ ဖြစ်ခံရမည့်အတူတူ ပထမနေရာကိုသာ အရယူပစ်လိုက်မည်။

နာမည်များက တစ်ခုပြီး တစ်ခု ထွက်လာသောကြောင့် မိုဝူကျိုက အာရုံမစိုက်ထားတော့ပေ။

အဆင့်ကြေညာချက် ထုတ်ပြီးသည့်နောက်တွင် သူက အရင်းအမြစ်များစွာကို စုဆောင်းပြီး ပိုင်ယွဲ့နှင့်အတူ သေမျိုးနယ်မြေသို့ မြန်မြန် ပြန်လာလိုက်ကြသည်။ သူနှင့် ပိုင်ယွဲ့အတွက် အရေးကြီးဆုံးအရာမှာ သေမျိုးနယ်မြေ၌ ထိပ်တန်းအဆင့် စွမ်းအားစုစည်းရေး အစီအရင် ခင်းကျင်းရန် လိုအပ်နေခြင်း ဖြစ်၏။

မိုဝူကျိက အဆင့် ၅ အစီအရင်ဘုရင် ဖြစ်နေပြီ ဖြစ်ရာ ပိုင်ယွဲ့၏ အကူအညီဖြင့် သူတို့က ထိပ်တန်း အဆင့် ၅ နတ်စွမ်းအားစုစည်းရေး အစီအရင်ကို လဝက်အတွင်း ခင်းကျင်းနိုင်ခဲ့သည်။

သိပ်သည်းလွန်းသော နတ်ဝိညာဉ်စွမ်းအားများက သေမျိုးနယ်မြေဆီ စီးဆင်းလာကြသည်။ ထိုစဉ် တခြားသူများက မည်မျှ စိတ်မပျော်စေကာမူ မည်သူကမှ သေမျိုးနယ်မြေ၏ စွမ်းအားစုစည်းရေး အစီအရင်အား ထောက်ပြပြောဆို၍ မရတော့ပေ။

“ ဝူကျိ … ဒီတစ်ခေါက် အရင်းအမြစ်တိုက်ပွဲမှာတုန်းက ငါ ရှေးဦးမူလ နတ်ဝိညာဉ်စွမ်းအားနဲ့ မကျင့်ကြံနိုင်ခဲ့ဘူး။

ငါ့အင်အားက အရမ်းကို အားနည်းနေသေးတယ်။ အခု စွမ်းအား စုစည်းရေး အစီအရင် ခင်းကျင်းပြီးရင် ငါ သေမျိုးနယ်မြေမှာ တံခါးပိတ် ကျင့်ကြံမလို့ ဆုံးဖြတ်ထားတယ်။ ပြီးတော့ မင်းလည်း အပြင်မထွက်တာ ပိုကောင်းတယ်။ ကိုင်ကျိနဲ့ လီဝူကျန့်တို့ကို သတ်ထားတာဆိုတော့ အပြန်သီးသန့် နတ်ဘုရားဂိုဏ်းရော၊ ကျင့်ကြံသူများ အစုအရုံးအဖွဲ့ရော မင်း ထွက်လာတာနဲ့ ပြဿနာ ရှာကြလိမ့်မယ်။ မင်းကို လွယ်လွယ်နဲ့ လွှတ်ပေးမှာ မဟုတ်လောက်ဘူး ” ပိုင်ယွဲ့က သူ့အင်အားအကြောင်း ကောင်းကောင်း သိပေသည်။ သူက အဆင့်တူအတွင်းရှိ ကျင့်ကြံသူအများစုကို မကြောက်သော်လည်း သူ့ကျင့်ကြံဆင့်မှာ အလွန်နိမ့်ကျနေသည်ဟု ခံစားမိနေသည်။

ပိုင်ယွဲ့က မိုဝူကျိအား ဆက်ပြောစရာ မရှိတော့ပေ။ ကိုင်ကျိကို သတ်ပြီးနောက် အဆင့်တက်လာသည့် လီဝူကျန့်ကို သတ်ပစ်နိုင်ခြင်းကား မိုဝူကျိသည် သေမျိုးနယ်မြေမှ ဖြစ်နေ၍ သူ ဝမ်းသာမိကြောင်းသာ ပြောမိလိမ့်မည်။

“ ငါ သိပါပြီ ” မိုဝူကျိကလည်း ဆက်လက် ကျင့်ကြံဖို့သာ ရည်ရွယ်ထားသည်။ ချီရွှမ်း၏ ချီသွေးကြောများက ပွင့်နေပြီ

ဖြစ်ရာ သူ့ကမ္ဘာဦး စိတ်ဝိညာဉ် တစ်ဝက်လောက်က လူသားတာအို၏ ကမ္ဘာဦး စိတ်ဝိညာဉ်အဖြစ် ပြောင်းလဲပြီးလေပြီ။ တာ့ဟွမ်နှင့် ရှိုက်ကောတို့၏ ကျင့်ကြံဆင့်မှာလည်း အလျှင်အမြန် တိုးတက်နေသောကြောင့် မိုဝူကျိုက တံခါးပိတ် လေ့ကျင့်ရန် ဆုံးဖြတ်ထားသည်။ သူက နတ်ဘုရားအုပ်စိုးသူအဆင့် တက်လှမ်းဖို့ အခွင့်အရေး ထွက်မရှာခင် ကောင်းကင်နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့်အထိ ရောက်လိုမိသည်။

မိုဝူကျိုက ထိုစကားကို ရေရွတ်ပြီးနောက် သတင်းပို့ ခေးပုံတစ်ချောင်းက သူ့ရှေ့ ကျရောက်လာသည်။

မိုဝူကျိုက သတင်းပို့ ခေးပုံကို ဆုပ်ကိုင်ထားပြီးနောက် သူ့အမူအယာမှာ ပျက်ယွင်းလာသည်။

“ ဘာလို့လဲ ” ပိုင်ယွဲ့က မြန်မြန် မေးလိုက်သည်။

“ ကျောင်းတော်ရဲ့ စီနီယာတစ်ယောက်က ငါ့ကို တာဝန်တစ်ခု ပေးလို့။ ငါ သူ့ကို ကတိပေးထားတာ ကြာပြီဆိုတော့လေ သေမျိုးနယ်မြေကနေ ခဏ ထွက်သွားရဦးမယ် ထင်တယ် ” မိုဝူကျိုက ပြန်ဖြေလိုက်သည်။

သူ့အား တောင်းဆိုထားသူမှာ ဟုန်မုန့်စွမ်းအင်အကြောင်း ထုတ်ပြောသူ ဖြစ်ပြီး တာဝန်တစ်ခု ပြီးစီးရန် ပြောထားခြင်း ဖြစ်၏။ ဤလူက စန်းကျန့်ရှန်း၏ မိတ်ဆွေ ဖြစ်နေသောကြောင့် နိဗ္ဗာနကုန်းမြေ၌ ထိပ်တန်း ပညာရှင်တစ်ယောက် ဖြစ်မည်မှာ ယုံမှားဖွယ် မရှိပေ။

မိုဝူကျိုက အပြင်ထွက်ရန် လိုအပ်ကြောင်း ကြားသောအခါ ပိုင်ယွဲ့၏ အမူအယာမှာ ပျက်ယွင်းသွားသည်။ ဤအချိန်မျိုး၌ မိုဝူကျိုအား တာဝန်တစ်ခု ပေးအပ်ခြင်းမှာ သေတွင်းဆီ ပို့နေသလို မဟုတ်ပါလော။

သိပ်မကြာခင် မိုဝူကျိုက တည်ငြိမ်သွားပြီး “ ပိုင်ယွဲ့ … အဲဒီ စီနီယာက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ ပညာရှင်ထဲက တစ်ယောက်ဆိုတော့ ငါ့ကိုတော့ သေတွင်း မပို့လောက်ပါဘူးကွာ။ ပြီးတော့ ငါက သူ့ကို ငြင်းဖို့ အကြောင်းပြချက် မရှိဘူးကွ … ငါ ရှိုက်ကောနဲ့ တာ့ဟွမ်ကို ခေါ်သွားလိုက်မယ်။ ဒီနေရာကို မင်းနဲ့ ချီချွမ်းဆီ အပ်ခဲ့ပါတယ်ကွာ … တကယ်လို့ ငါ တော်တော်ကြာတဲ့အထိ ပြန်ရောက်မလာခဲ့ရင် မင်း

သေမျိုးနယ်မြေဆီ တခြားသူတွေကို ဝင်ဖို့ လူရွေးထားလိုက်တော့ ”

မိုဝူကျိ ရရှိလာသော ပထမနေရာအတွက် ဆုလာဘ်များကြား တပည့်များ လက်ခံနိုင်ခွင့်လည်း ပါပေသည်။ တခြားနည်းဖြင့်ဆိုရလျှင် သူက သေမျိုးနယ်မြေကို ထိန်းချုပ်ခွင့် ရထားသည်။

ပိုင်ယွဲ့လည်း ကူကယ်ရာမဲ့သလို ခံစားမိနေသည်။ သူက ဤတာဝန်ကို ဝင်မကူညီနိုင်သလို၊ နှောင့်လည်း မနှောင့်ယှက်နိုင်သည့်အတွက် ပြန်သာ ပြောလိုက်ရသည် “ မင်းဘာသာ ကောင်းကောင်း ဂရုစိုက်ဦး၊ ချီချွမ်းနဲ့ငါက တံခါးပိတ်လေ့ကျင့်နေဦးမှာဆိုတော့ တပည့်တွေ လက်ခံတာက မင်းရောက်တဲ့အထိ စောင့်လို့ ရတယ် ”

ပိုင်ယွဲ့က အဆင့် ၃ ဆေးလုံးဆရာ ဖြစ်သော်လည်း မိုဝူကျိက ပိုင်ယွဲ့အတွက် ဆေးလုံးတချို့ ပေးကာ ညွှန်ကြားလိုက်သည် “ ပိုင်ယွဲ့ ... မင်း ဝမ်ရှလို့ ခေါ်တဲ့ အမျိုးသမီးကို အတော်လေး သတိထားရမယ်။ သူမက မင်းထင်သလောက် မရိုးရှင်းဘူး။ သူမက ကျင့်ကြံဆင့်ကိုပါ ကောင်းကောင်း ဖုံးကွယ်ထားတာ ... သူမရဲ့

တကယ့်ကျင့်ကြံဆင့်နဲ့ မင်းကို အလွယ်လေး သတ်သွားလို့ ရတယ် ”

“ ဝမ်ရှုရဲ့ အင်အားက ငါ့ထက် ကျော်နေတာလား ” ပိုင်ယွဲ့က မိုဝူကျို၏ စကားများကြောင့် မျက်လုံးပြူးသွားသည်။

“ ငါ့ကို ယုံစမ်းပါ … မင်း နတ်ဘုရားအုပ်စိုးသူအဆင့် မရောက်ခင် အဲဒီ မိန်းမနဲ့ တစ်ယောက်တည်း မတွေ့နဲ့။ ငါ အရင်သွားနှင့်မယ် ” မိုဝူကျိုက နောက်တစ်ခါ သတိပေးပြီးနောက် ရှိုက်ကောနှင့် တာ့ဟွမ်တို့အား ခေါ်သွားလိုက်သည်။

သဟာဇာတ နတ်ဘုရား ဖြစ်နေနိုင်သည့် ပညာရှင်တစ်ဦးက သူ့အား တာဝန်ပြီးမြောက်ရန် စေခိုင်းလာသည်။ မိုဝူကျိုက သူ့အား ငြင်းဆန်ရန် အခွင့်အရေးပင် မရှိပေ။

ကံကောင်းစွာဖြင့် သူ့လူသားကမ္ဘာသည် လက်ရှိ ကီလိုမီတာငါးထောင် အကျယ်အဝန်း ရှိနေပြီ ဖြစ်ရာ စည်းမျည်းများမှာလည်း ရှိုက်ကောနှင့် တာ့ဟွမ်တို့၏ ကျင့်ကြံရေး စည်းမျည်းများထက် ပို၍ မြင့်ပေသည်။ ရှိုက်ကောနှင့် တာ့ဟွမ်တို့က သူ့လူသားကမ္ဘာထဲ ယခင်ထက် မြန်မြန်ဆန်ဆန် ဆက်လက်၍ ကျင့်ကြံနိုင်လိမ့်မည်။

မိုဝူကျိုက သူ့ခန္ဓာကိုယ်အား သေချာဖုံးကွယ်ကာ လူသားကမ္ဘာမှ ထွက်လာလိုက်သည်။ သူက သဟဇာတ နတ်ဘုရားတစ်ဦးနှင့် တွေ့ဆုံပြီး တာဝန် လက်ခံမည် ဖြစ်ရာ သူ မိုဝူကျိုက သေမျိုးနယ်မြေမှ ထွက်သွားပြီ ဖြစ်ကြောင်း တစ်လောကလုံးကို အသိပေးနေ၍ မဖြစ်ပေ။

မိုဝူကျို မျှော်လင့်မထားသည်က သူ သေမျိုးနယ်မြေ၏ ကာကွယ်ရေး အစီအရင်အပြင်ဘက် ထွက်လိုက်သည်နှင့် အားကောင်းသော ကမ္ဘာဦး စိတ်ဝိညာဉ်တစ်ခုက သူ့အား ခေါ်ဆောင်သွားတော့သည်။

သူ ကြမ်းပြင်ပေါ် ရောက်လာပြီးနောက် ကျောက်အိမ်တစ်လုံးရှေ့ ရပ်နေသည်ကို တွေ့လိုက်ရသည်။ အိမ်အတွင်း၌ ကျောက်ထိုင်ခုံပေါ်တွင် ဆံဖြူအဘိုးအိုတစ်ယောက် ထိုင်နေသည်။ သူက မကြာခင် သေဆုံးတော့မည့်ဟန် ပေါ်နေ၏။

မိုဝူကျိုက ဤလူသည် မရိုးရှင်းကြောင်း အသေအချာ သိထား၏။ ဤနေရာတွင် ထိုင်နေရုံဖြင့် သူ့အား သေမျိုးနယ်မြေမှ ခေါ်ဆောင်လာဖို့ ကမ္ဘာဦး စိတ်ဝိညာဉ်ကို အသုံးပြုခြင်းက သာမာန်လူများ လုပ်နိုင်သည့်အရာ သေချာပေါက် မဟုတ်ပေ။

“ မိုဝူကျိုက စီနီယာကို ဂါရဝပြုပါတယ်ခင်ဗျ ... စီနီယာက ကျုပ်ကို ဘာများညွှန်ကြားပေးချင်တာပါလဲ ” မိုဝူကျိုက လက်နှစ်ဖက် ယှက်ကာ မေးလိုက်သည်။

## အခန်း(၁၀၂၀) : နတ်ဘုရားကုန်းမြေ၏ ယုမျိုးနွယ်

“ငါ့နာမည်က ရှင်းမူ”

ဆံဖြူအကြီးအကဲသည် မိုဝူကျို၏ မေးခွန်းကို မဖြေဘဲ ထိုအစားသူက သူ့နာမည်ကို မိုဝူကျိုအား ပြောပြလိုက်သည်။

မိုဝူကျိုက စိတ်ထဲတွင် ထိုသူ့နာမည်မှာ ထိုသူနှင့် မည်မျှလိုက်ဖက်သင့်တော်ကြောင်း အံ့သြစွာ ရေရွတ်မိသည်။

ရှင်းမူက ဆက်ပြောလိုက်သည်။

“နောက်ဆုံး ထွက်ပေါ်ထားတဲ့ နတ်ဘုရားသိုက်မြို့မှာ ဘာတွေဖြစ်ပျက်သွားလဲဆိုတာ မင်းသိတယ်မလား”

မိုဂူကျိုက သတိထားရင်း ခေါင်းငြိမ့်လိုက်သည်။

"ဟုတ်ကဲ့… ကျုပ် ပြန်ရောက်လာတော့ ကြားမိပါတယ်"

ရှင်းမူက ခေါင်းငြိမ့်ကာ မေးလိုက်သည်။

"သူတို့ပြောပြတဲ့ အဲ့ဒီကျူးကျော်ကျင့်ကြံသူတွေကို မင်း ဘယ်လိုထင်လဲ။ နတ်ဘုရားနယ်မြေနဲ့ နတ်ဘုရားကုန်းမြေတို့က အဲ့လောက် တာဝန်အကြီးစားတွေ ထမ်းဆောင်ဖို့ လွှတ်လိုက်တာ… အဲ့ဒီကျူးကျော်ကျင့်ကြံသူတွေက ငါတို့ နတ်ဘုရားကမ္ဘာအပေါ် အထင်သေးရဲလိမ့်မယ်လို့ မင်းထင်လား"

ထိုကိစ္စများအကြောင်း ဘာမှမသိသော်လည်း မိုဂူကျိုက ထိုအပေါ် ထင်မြင်ချက်ရှိသည့်ပုံ ဟန်ဆောင်ကာ

"ကျူးကျော်ကျင့်ကြံသူတွေက ကျူးကျော်ကျင့်ကြံသူတွေအနေနဲ့ပဲ ဆက်လက်တည်ရှိနေမယ်လို့ ကျုပ်ယုံကြည်တယ်။ တဖြည်းဖြည်းနဲ့ နောက်ဆုံးမှာ ကျုပ်တို့ နတ်ဘုရားကမ္ဘာကပဲ အနိုင်ရရှိမှာ အသေအချာပါပဲ"

ရှင်းမူက မဲ့ကာ

"သူတို့မျက်လုံးထဲမှာ ငါတို့တွေက ဘာတွေလဲ ဆိုတာ မင်းသိလား"

မိုဝူကျိုက ခေါင်းခါလိုက်သည်။

ရှင်းမူက အေးစက်စက် အသံဖြင့် ပြောလိုက်သည်။

"သူတို့မျက်လုံးထဲမှာ နတ်ဘုရားနယ်မြေနဲ့ နတ်ဘုရားကုန်းမြေက ကျင့်ကြံသူတွေက ကျူးကျော်ကျင့်ကြံသူတွေတဲ့။ သူတို့ကမှ တာအိုကျင့်ကြံခြင်းရဲ့ နတ်ဘုရားအစစ်တွေလို့ သူတို့က ယုံကြည်ထားကြတယ်"

မိုဝူကျိုက မတုန်လှုပ်ပေ။ အားလုံးသည် တစ်ဖက်နှင့်တစ်ဖက် ဆန့်ကျင်ပြိုင်ဆိုင်နေကြသည်ဖြစ်ရာ တစ်ဖက်ကို မှိုချိုးမှျစ်ချိုးပြောရန် တစ်ဖက်က အကောင်းဆုံးကြိုးစားကြမည်သာ ဖြစ်သည်။ သူတို့သည် နဂိုမူလ မဟုတ်ဘဲ တစ်ဖက်က နဂိုမူလဖြစ်သည်ဟု မည်သူကမျှ ယုံကြည်လိမ့်မည် မဟုတ်ပေ။

ရှင်းမူက အသာ တုံ့ပြန်လိုက်သည်။

"မင်း ကြည့်ရတာ သဘောမတူတဲ့ပုံပါလား"

မိုဝူကျို၏တုံ့ပြန်မှုကို မစောင့်ဘဲ ရှင်းမူက ဆက်ပြောလိုက်သည်။

"အရိုးသားဆုံး ဝန်ခံရရင် သူတို့တွေဟာ တကယ်ပဲ တာအိုကျင့်ကြံခြင်းနတ်ဘုရားအစစ်တွေမို့လို့ သူတို့ပြောတာက မှန်တယ်။ သူတို့က ကောင်းကင်စည်းမျဉ်းတွေရဲ့ ဂရုစိုက်မှုနဲ့ ပူပန်မှုတွေကို တကယ်ရရှိထားတဲ့ မျိုးနွယ်ပဲ။

အသိဉာဏ်ပညာအရဖြစ်စေ ခန္ဓာကိုယ်အရဖြစ်စေ သူတို့တွေက ငါတို့တွေထက် သာလွန်နေတယ်။ သူတို့ရဲ့မောက်မာဂုဏ်မောက်မှုကြောင့် တခြားမျိုးနွယ်တွေအကုန်လုံးကို သူတို့သတ်ချင်တိုင်းသတ်၊ ဖြတ်ချင်တိုင်းဖြတ်လို့ရတဲ့ ပုရွက်ဆိတ်လို တည်ရှိမှုမျိုးအဖြစ် သတ်မှတ်ထားတာကွ"

"စီနီယာ…"

ရှင်းမူက ဟိုဘက်လူတွေ မှန်ကြောင်း ပြောဆိုနေသည်ကို ကြားသောအခါ မိုဝူကျိုသည် ချက်ချင်း မပျော်မရွှင် စိတ်မသက်မသာဖြစ်သွားသည်။

သူ စကားတစ်ခွန်း ရေရွတ်ရသေးစဉ် ရှင်းမူက သူ့ကို တားလိုက်သည်။

“မင်း ဘာပြောချင်လဲ ငါသိတယ်။ ဒါပေမဲ့ ငါ မင်းကို လိမ်နေတာ မဟုတ်ဘူး။ နတ်ဘုရားကမ္ဘာမှာရှိတဲ့ ကျင့်ကြံသူတိုင်းက သူတို့နဲ့ တကယ့်ကို မယှဉ်နိုင်တာ။

ဘာနေရာမှာပဲဖြစ်ဖြစ် ငါတို့တွေက သူတို့တွေကို မယှဉ်နိုင်ဘူးကွ။ နတ်ဘုရားမျိုးနွယ်လို့ခေါ်တဲ့ မျိုးနွယ်တစ်ခုကို မင်း ကြားဖူးမလား မသိဘူး”

**နတ်ဘုရားမျိုးနွယ်...**

မိုဝူကျီ၏ ရင်ထဲ အံ့သြသွားသည်။

နတ်ဘုရားမျိုးနွယ်အား ဘယ်လိုလုပ် သူ မသိဘဲ နေပါ့မည်နည်း။ စကြာဝဠာအစွန်းရှိ နတ်ဘုရားမျိုးနွယ်မှာ သူ၏ ဦးဆောင်မှုအောက်တွင် အဖျက်ဆီးခံခဲ့ရသည်။ ထို့အပြင် နတ်ဘုရား ချောက်ကမ်းပါးကုန်းမြေကိုလည်း မျိုးနွယ်စုအမျိုးမျိုးအနက် နယ်မြေများကို အသီးသီး ခွဲခြားကန့်သတ်ထားလေသည်။

သူက နတ်ဘုရားချောက်ကမ်းပါးကုန်းမြေ၏ ရှေးဟောင်းကျိန်စာ မှော်အက္ခရာများကို ပြန်စဉ်းစားမိသွားသည်။ ထိုစဉ်တုန်းက သူသည် မှော်အက္ခရာများအကြောင်း ဘာမှမသိသေးသဖြင့်

ထိုအရာများကို မမှတ်သား မရေးထွင်းခဲ့ပေ။ ယခု ပြန်စဉ်းစားကြည့်ပါမှ ထိုကျိန်စာမှော်အကွခရာများသည် အာကာပြင်လမ်းကြောင်း၏ စွမ်းအားတစ်ခုကို အတူခေါ်ဆောင်လာဟန် ရှိလေသည်။ ထိုအာကာပြင်လမ်းကြောင်းမှာ နတ်ဘုရားမျိုးနွယ်ဆီသို့ ဦးတည်နေသည့်လမ်းကြောင်းများလေလားဟု သူက တွေးလိုက်သည်။

“သူတို့က နတ်ဘုရားမျိုးနွယ်လား”

မိုဝူကျိက တအံ့တသြ ရေရွတ်လိုက်သည်။

ရှင်းမူက ခေါင်းငြိမ့်ကာ

“ကြည့်ရတာ နတ်ဘုရားမျိုးနွယ်ကို မင်း ကြားဖူးပုံပဲ။ အရိုးသားဆုံးပြောရရင် နတ်ဘုရားကမ္ဘာရဲ့ ကျင့်စဉ်တစ်ဝက်လောက်က နတ်ဘုရားမျိုးနွယ်ရဲ့ပညာရှင်တွေ ချန်ရစ်ထားခဲ့တဲ့ဟာတွေရယ်။ ဒါကြောင့် ရှုထောင့်တစ်ခုကနေကြည့်ကြည့်ရင် သူတို့ရဲ့စကားတွေက မမှားဘူး။ သူတို့တွေဟာ အခမ်းနား အကြီးမြတ်ဆုံး

သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားတဲ့သူတွေဆိုတာ အမှန်ပဲ။ တာအိုကျင့်ကြံခြင်းမှာ မျက်နှာသာအပေးခံရသူတွေပေါ့”

မိုဝူကျိက လက်နှစ်ဖက်ကို ယှက်လိုက်ရင်း တုံ့ပြန်လိုက်သည်။

“စီနီယာ... သူတို့တွေက တာအိုကျင့်ကြံခြင်းမှာ မျက်နှာသာအပေးခံရသူတွေ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သူတို့တွေက အခမ်းနား အကြီးမြတ်ဆုံး သွေးမျိုးဆက်ဖြစ်တယ် ဆိုတဲ့အချက်ကိုတော့ ကျုပ် လက်မခံဘူး”

ရှင်းမူသည် မိုဝူကျိ၏ ငြင်းခုံမှုကို သိပ်အလေးထား မနေဘဲ ဆက်ပြောလိုက်သည်။

“နတ်ဘုရားမျိုးနွယ်က အမြဲတမ်း သူတို့ကသာလျှင် နတ်ဘုရားကမ္ဘာရဲ့ နတ်ဘုရားအစစ်တွေလို့ ယုံကြည်ထားကြတာ။ နတ်ဘုရားကမ္ဘာကို ဘယ်လိုနည်း ဘယ်လိုပုံစံနဲ့ပဲ ရောက်လာခဲ့ ရောက်လာခဲ့... ရောက်လာသမျှ ကျင့်ကြံသူတွေ၊ ပညာရှင်တွေ၊ ဘယ်သူမဆို အားလုံးဟာ သူတို့နတ်ဘုရားမျိုးနွယ်အတွက် အနစ်နာခံ၊ အသုံးခံဖို့ ပူဇော်ဆက်သခံရမယ်တဲ့။

ငါ မင်းကို သေချာအနီးကပ် စောင့်ကြည့်နေရတဲ့ အကြောင်းအရင်းက မင်းရဲ့မွေးရာပါ

အစီအရင်တာအိုစွမ်းရည်ကြောင့်ပဲ။ နတ်ဘုရားနယ်မြေပဲဖြစ်ဖြစ် နတ်ဘုရားကုန်းမြေပဲဖြစ်ဖြစ်၊ အစီအရင်တာအို တစ်ခုတည်းကပဲ နတ်ဘုရားမျိုးနွယ်တွေကို အချိန်ခဏလောက် ထိန်းထားနိုင်လိမ့်မယ်”

“စီနီယာ… စီနီယာက ကျုပ်ကို နတ်ဘုရားမျိုးနွယ်ရဲ့ ပညာရှင်တွေကို ခုခံတားဆီးဖို့ နတ်ဘုရားသိုက်မြုံဆီကို သွားစေချင်တာလား”

မိုဝူကျိုက ချက်ချင်း မေးလိုက်သည်။

အကယ်၍ ထိုသို့ဖြစ်နေလျှင် မိုဝူကျိုသည် ရှောင်သာသွားလိုက်မည် ဖြစ်သည်။ သူ့အား ကာကွယ်ပေးမည့် နတ်ဘုရားဘုရင် အနည်းငယ်လောက် ရှိမည့်အခြေအနေမှလွဲ၍ ထိုနေရာသို့သွားခြင်းသည် သူ့ကိုယ်သူ သွားသေသကဲ့သို့သာ ဖြစ်နေလိမ့်မည်။

ရှင်းမူက အကျယ်ကြီး အော်ရယ်လိုက်ပြီး

“ငါက ရှေ့ဖြစ်မယ့်ဟာတွေကို ကြိုမသိနိုင်ပါဘူးကွာ။ ငါ မင်းကို ငါ့အတွက် ကိစ္စတစ်ခုလုပ်ပေးဖို့ တောင်းဆိုတုန်းက

နတ်ဘုရားနယ်မြေနဲ့ နတ်ဘုရားကုန်းမြေတို့က အချိတ်အဆက်မှ မမိသေးတာ။ ဒီကိစ္စတွေကို ငါ ဘယ်လိုလုပ် သိမှာတုန်းကွ။

ဟိုး နှစ်များစွာတုန်းက ငါ လူတစ်ယောက်ဆီမှာ ကျေးဇူးကြွေးတစ်ခု တင်ဖူးတယ်။ အခု အဲ့ဒီလူရဲ့မျိုးဆက်က အကူအညီတံဆိပ်ပြားကို ထုတ်ပြီး သူက ငါ့ကို သူ့အတွက် ကာကွယ်ရေးအစီအရင်တစ်ခု ကူညီခင်းကျင်းပေးဖို့ တောင်းဆိုလာတယ်။

ငါက အခုလို လူအိုကြီးတစ်ယောက် ဖြစ်နေပြီလေ... ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး ငါ့ကို ကူညီပေးဖို့ မင်းဆီ လာတောင်းဆိုရတာပဲ”

**လက်စသတ်တော့ ထိုအကြောင်းကြောင့် ရှင်းမူက မိုဝူကျီအား လာရှာသည်ကိုး....**

ရှင်းမူက စောစောတုန်းက နတ်ဘုရားမျိုးနွယ်အကြောင်း မိုဝူကျီကို ပြောပြရသည့် အကြောင်းအရင်းအား မိုဝူကျီ နားလည်သည်။ ရှင်းမူက သူ့ကို ဆုတစ်ခု ပေးလိုက်ခြင်းသာ ဖြစ်သည်။ မိုဝူကျီသည် ရှင်းမူအား မရွံမုန်းဘဲ မနေနိုင် ဖြစ်မိသည်။ စန်းကျန့်ရှင်းနှင့် နှိုင်းယှဥ်ပါက ရှင်းမူသည် အင်မတန်

တွန့်တိုလွန်းသည်။ သူက သူတင်နေသည့်အကြွေးကို ဆပ်ရန် မိုဝူကျိအား အကူအညီတောင်းသည်။ အပြန်အလှန်အနေဖြင့် သူက သတင်းတချို့ကိုသာ ဆုအဖြစ် မိုဝူကျိအား ပေးသည်။

မိုဝူကျိသည် နတ်ဘုရားကုန်းမြေကိုကော နတ်ဘုရားနယ်မြေကိုပါ စိတ်မဝင်စားပေ။ ဤနေရာကို သူ မကြိုက်ပါက ဤနေရာမှ ထွက်သွားလိုက်ရုံသာ ရှိသည်။

“ကျုပ် စီနီယာကို ကူညီပြီး ကျေးဇူးကြွေးပြန်ဆပ်ပေးဖို့ ဆန္ဒရှိပါတယ်။ ဒါပေမဲ့ ကျုပ် လူအများကြီးနဲ့ ပြဿနာတက်ထားတယ်။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ကနေ ထွက်လိုက်တာနဲ့ ကျုပ်ရဲ့ခေါင်းအတွက် လူတချို့က ကျုပ်နောက်ကို လိုက်လာကြမှာကိုပဲ စိုးရိမ်မိပါတယ်”

မိုဝူကျိက ပွင့်ပွင့်လင်းလင်း ပြောပြလိုက်သည်။

ရှင်းမူက ခေါင်းငြိမ့်ကာ

“မင်းတို့ သေမျိုးနယ်မြေက လူတွေက အရမ်းအားကောင်းကြတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတုန်းက စိုက်ပျိုးရေးကေရာဇ်ကလည်း ပါရမီရှင်တပည့်တချို့ကို

သတ်ပစ်ခဲ့တာတောင်မှ ကောင်းကောင်းမွန်မွန် အသက်ဆက်ရှင်နိုင်သေးတဲ့အပြင် သေမျိုးနယ်မြေကိုပါ ထူထောင်လိုက်သေးတယ်”

မိုဝူကျိုက စိတ်ထဲတွင် အေးစက်စွာ လှောင်ရယ်လိုက်သည်။

**ကောင်းကောင်း အသက်ရှင်တယ် ဟုတ်လား…**

ထိုသို့ဆိုလျှင် အဘယ်ကြောင့် စိုက်ပျိုးရေးကေရာဇ်သည် သူများ အသတ်ခံလိုက်ရသည်ဟူသော ကောလာဟလများ ထွက်နေရသနည်း။

ရှင်းမူသည် မိုဝူကျိုအား ကူးပြောင်းအစီအရင်အဆောင်နှစ်ခု ပေးလိုက်သည်။

“ဒီအဝါရောင်ကူးပြောင်းအဆောင်က မင်းကို ယုမျိုးနွယ်ပရဝဏ်အနား တစ်နေရာရာထိ ချက်ချင်း ပို့ပေးလိမ့်မယ်။ ယုမျိုးနွယ်က ငါ့ကျေးဇူးရှင်ရဲ့မျိုးနွယ်ပဲ။ အစိမ်းရောင်အဆောင်က မင်းကို နိဗ္ဗာနတာအိုမြို့အပြင်ကို ပို့ပေးလိမ့်မယ်။ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်အပြင်ကို ရောက်ပြီးရင်တော့ မင်းမှာ မင်းရဲ့ဝှက်ဖဲတွေ အများကြီးရှိသေးတယ်လို့ ငါ ယုံကြည်တယ်။

အိုး ဟုတ်သားပဲ... ဒီမှာ ဒါလေးက တံဆိပ်ခတ်စာစောင် အဆောင်ပဲ။ ဒါကို ယုမျိုးနွယ်ဝင် တစ်ယောက်ယောက်ကို ပြလိုက်တာနဲ့ ဘာလုပ်ရမယ်ဆိုတာ သူတို့သိလိမ့်မယ်။ ဒါပါပဲ... မင်း အခုပဲ သွားလို့ရပြီ”

ပြောရင်းဖြင့် ရှင်းမူက တံဆိပ်ခတ်စာစောင် အဆောင်တစ်ခုကို ထုတ်ယူလိုက်သည်။

မိုဝူကျိသည် ဤဘိုးတော် ကပ်စေးနှဲပုံကို စိတ်ထဲတွင် သက်ပြင်းချမိသည်။ သူ့လို အားကောင်းသော ပညာရှင်တစ်ယောက်က မိုဝူကျိအား အဆင့်မြင့် မျက်နှာဖုံးတစ်ခုလောက် လက်ဆောင်ပေးလိုက်လျှင် သေသွားမှာမို့လို့လား...

ယခု ရှင်းမူက သူ့အား ထွက်ခွာရန် စိုက်ကြည့်နေလေရာ အဝါရောင်အဆောင်ကို ချိုးလိုက်ပြီး ထွက်သွားရုံသာ သူ တတ်နိုင်တော့သည်။

အဝါရောင်အလင်းတန်းတစ်ခုက လွှမ်းခြုံလာပြီး မိုဝူကျိအား ခေါ်ဆောင်သွားလေသည်။

ပြင်းထန်သော အာကာပြင်လှုပ်ခတ်မှုတစ်ခုကို ခံစားလိုက်ရကာ မိုဝူကျို၏ စိတ်စွမ်းအားမှာလည်း စတင်ဝေဝါးလာသည်။ သူ့စိတ်ထဲတွင် ထိုနေရာမှာ မည်မျှတောင် ဝေးသနည်းဟု တွေးနေမိသည်။

ကံကောင်းထောက်မစွာပင် ကူးပြောင်းအဆောင်မှာ အာကာပြင်စွမ်းအားများ ကုန်ခန်းသွားပြီဖြစ်ကာ မိုဝူကျိုသည် အာကာပြင်မှ ပြုတ်ကျသွားသည်။

"ဘုန်း"

မိုဝူကျို ဆင်းသက်လိုက်သည့်အခါ ရောမရွံ့တွင်းကြီးတစ်ခု ဖြစ်ပေါ်သွားသည်။ မိုဝူကျိုသည် ဝိဇ္ဇာကိုယ်ထည်အဆင့်ထဲ ရောက်နှင့်နေပြီးသား ဖြစ်၍သာ ကံကောင်းသွားသည်။ ပင်ပန်းသည့်ပုံစံ ပေါက်နေသည်မှလွဲ၍ တခြားမည်သည့် ဒဏ်ရာမှ မရရှိလိုက်ချေ။

ဤအခိုက်အတန့်၌ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ အရင်းအမြစ်တိုက်ပွဲအတွက် သုံးခဲ့သော ကူးပြောင်းအစီအရင်တံခါးပေါက်မှာ ရှင်းမှု

တည်ဆောက်ထားခြင်းဖြစ်မည်ဟု မိုဝူကျိုက သဘောပေါက်လိုက်သည်။

ရှုံ့တွင်းထဲမှ ထွက်လာလိုက်ပြီးသည့်နောက် မိုဝူကျိုသည် တံဆိပ်ခတ်စာစောင် အဆောင်ကို ထုတ်ယူလိုက်သည်။ အဆောင်ပေါ်တွင် ဦးတည်ရာများကို ရှင်းရှင်းလင်းလင်း ပြသထားသည်။ ၎င်းသည် ယုမျိုးနွယ်ဆီသို့ ညွှန်ပြနေခြင်း ဖြစ်မည်။

မိုဝူကျိုက သူ့ပစ္စည်းများကို ကောက်ယူပြီးနောက် မျက်နှာဖုံးတပ်လိုက်သည်။ သူက သူ့ကိုယ်သူ မျက်နှာဝါ ပညာရှင်ဆန်ဆန် ကျင့်ကြံသူတစ်ယောက်အဖြစ် ပြောင်းလိုက်ပြီး ယုမျိုးနွယ်ဆီသို့ ဦးတည်သွားလိုက်သည်။

ဤမျက်နှာဖုံးကို ချူယို့က သူ့အား လက်ဆောင်ပေးထားခြင်း ဖြစ်ကာ ၎င်းသည် သူ့အား အကြိမ်ကြိမ် အခါခါ ကူညီခဲ့သည်။ ရှင်းမူက အရမ်းကပ်စေးနဲ့သဖြင့် မိုဝူကျိုမှာ မတတ်သာဘဲ သူ့ကိုယ်ပိုင်မျက်နှာဖုံးကို နောက်တစ်ခါ ထပ်သုံးလိုက်ရပြန်သည်။

ရှင်းမူ၏စကားများမှာ မမှားချေ။ အကြောင်းဟူကား တံဆိပ်ခတ်စာစောင်အဆောင်နှင့် လမ်းရှာသည်မှာ တစ်နာရီပင်

မရှိသောသေးခင် မိုဝူကျိသည် "နတ်ဘုရားကုန်းမြေ၏ ယုမျိုးနွယ်" ဟူသည့် စာလုံးများနှင့် ရေးပောင်းဆိုင်းဘုတ်တစ်ခုကို မြင်လိုက်ရသည်။

ဤဆိုင်းဘုတ်အား မိုဝူကျိက ငေးကြည့်နေစဉ် အရိပ်တချို့က မိုဝူကျိအနား ဆင်းသက်လာသည်။

"ခင်ဗျား ဘယ်သူလဲ။ ဘာဖြစ်လို့ ဒီနေရာနားမှာ ခိုးကြောင်ခိုးဝှက် လုပ်နေရတာလဲ"

စကားပြောသောလူကို ကြည့်ရသည်မှာ ချမ်းသာသည့်မိသားစုတစ်စု၏ အလိုလိုက်ခံသားတစ်ယောက် ဖြစ်ဟန်ရှိသည်။ ဤလူနှင့် သူ့ဘေးမှလူများ၏ သွေးစသွေးနများကို ကြည့်ခြင်းအားဖြင့် ဤငတိသည် ပြင်းပြင်းထန်ထန်တိုက်ပွဲတစ်ခုကို ရှုံးလာမှန်း မိုဝူကျိက သိလိုက်သည်။ ထိုသည်က သူတို့တွေ ဤနေရာအထိ ထွက်ပြေးလာရသည့်အကြောင်းအရင်း ဖြစ်ပေလိမ့်မည်။

မိုဝူကျိက ညင်သာစွာ ပြောလိုက်သည်။

"ကျုပ်က ယုမျိုးနွယ်ရဲ့ဧည့်သည့်ပါ။ ပြီးတော့ ကျုပ် သူတို့ကို သွားတွေ့မလို့ လုပ်နေတာပါဗျာ"

“ခင်ဗျားက ယုမျိုးနွယ်ရဲ့ညွှေ့သည်လား”

အလိုလိုက်ခံ မျက်နှာဖြူနှင့်လူက မိုဝူကျိအား မသက်သာဟန်ဖြင့် အကဲဖြတ်လိုက်သည်။ ခဏကြာပြီးနောက် သူက ဆက်ပြောလိုက်သည်။

“ကျွန်တော်က ယုမျိုးနွယ်ရဲ့ ယုချီပါ။ ယုမျိုးနွယ်မှာ ခင်ဗျားလိုညွှေ့သည်မျိုး ရှိသေးမှန်း ကျွန်တော် ဘာဖြစ်လို့မကြားဖူးရတာလဲ”

လက်စသတ်တော့ ဤလူသည် ယုမျိုးနွယ်ဝင်တစ်ယောက် ဖြစ်နေသည်ကိုး။ ဤသည်က ကိစ္စများကို ပိုမိုအဆင်ချောသွားစေသည်။ မိုဝူကျိက တံဆိပ်ခတ်စာစောင်အဆောင်ကို ထုတ်ယူကာ ယုချီကို ပေးလိုက်သည်။

“ဒါက စာစောင်အဆောင်ပါ”

ဘာမှထပ်မမေးတော့ဘဲနှင့် မိုဝူကျိက ယုချီကို စာစောင်အဆောင် ပေးလိုက်သည်။ တကယ်တမ်းတွင် မိုဝူကျိသည် ဤငတိအား အတုအယောင်ဖြစ်နေဖို့ မျှော်လင့်နေလေသည်။ ထိုမှသာ သူ လမ်းပျောက်သွားသည်ဟူ၍ ဆင်ခြေပေးကာ ဤနေရာမှ သူ

ထွက်သွားနိုင်ပေလိမ့်မည်။ ဤသို့ဆိုပါက ရှင်းမူသည် သူ့အား အပြစ်တင်နိုင်လိမ့်မည် မဟုတ်ပေ။ ယုချီနှင့်သူ့လူများအတွက်မူကား မိုဝူကျိသည် သူတို့အား စိတ်ထဲ သိပ်မထည့်ထားပေ။ သူတို့ထဲမှ အားအကောင်းဆုံးမှာ ကောင်းကင်နတ်ဘုရား အဆင့် ၆ တွင်သာ ရှိ၏။

ယုချီသည် စာစောင်အဆောင်ကို ယူလိုက်ကာ စိတ်လှုပ်ရှားစွာ တုံ့ပြန်လိုက်သည်။

"ဒါဆို ခင်ဗျားက ကျွန်တော်တို့ကို ကာကွယ်ရေးအစီအရင် ကူညီခင်းကျင်းပေးဖို့ ဒီကိုရောက်လာတဲ့ အစီအရင်ဆရာကိုး။ ဆရာ ဘယ်ကလာတာလဲ မေးပါရစေ"

"ကျုပ်ဘယ်ကမှန်း မင်းမသိဘူးလား"

မိုဝူကျိက မေးလိုက်သည်။

ယုချီက ခေါင်းခါလိုက်ကာ

"ကျွန်တော် မသိဘူးခင်ဗျ။ ကျွန်တော် သိတာဆိုလို့ လွန်ခဲ့တဲ့ ၂ နှစ်တုန်းက ကျွန်တော့်ယုမျိုးနွယ်က ကာကွယ်ရေးအစီအရင် ခင်းကျင်းဖို့အတွက် အဓိကရည်ရွယ်ချက်နဲ့

အကူအညီတံဆိပ်ပြားကို စေလွှတ်ခဲ့တယ်ဆိုတာပဲ။ အဲ့ဒီနောက်မှာတော့ ဘာသတင်းမှ ထပ်မကြားရတော့ဘူး…”

မိုဝူကျိသည် ယုချီ၏စကားများကို နားလည်သော်လည်း သူ့စိတ်ထဲတွင်မူ သေသေချာချာ ရှင်းမပြသည့်အတွက် ရှင်းမူအား ကျိန်ဆဲနေလိုက်သည်။

“ကျုပ်နာမည်က မိုရှင်းဟယ်ပါ။ လမ်းပြပေးပါဦး”

မိုဝူကျိသည် ယုချီ၏ အမေးကို ဖြေမနေတော့ဘဲ အသာ ပြောလိုက်သည်။

“အစီအရင်ဆရာမို… ကျွန်တော့်နောက်က လိုက်ခဲ့ပါဗျာ”

ယုချီသည် ယခုအထိ စိတ်လှုပ်ရှားနေဆဲဖြစ်သည်။

အကြောင်းမှာ သူ၏ မျိုးနွယ် ပင့်ဖိတ်ထားသော အစီအရင်ဆရာကို သူက ခေါ်ဆောင်လာသောကြောင့် ဖြစ်သည်။ သူ့အတွက်မူ ဤကိစ္စမှာ ကောင်းသောအရာဖြစ်သည်။ ဤကိစ္စကြောင့် ယုမျိုးနွယ်ထဲရှိ သူ၏ရာထူးမှာ မြင့်သွားမည့်အပြင် ပိုများသော ကျင့်ကြံရေးအရင်းအမြစ်များကိုပင် ရရှိတော့မည် ဖြစ်သည်။

.................

ယုမျိုးနွယ်၏ ကာကွယ်ရေးအစီအရင်ကို ကြည့်ရသည်မှာ အချိန်တော်တော်ကြာကတည်းက တည်ရှိခဲ့ပုံပေါ်သည်။ မိုဝူကျိ၏ ခန့်မှန်းချက်အရ ၎င်းသည် အဆင့် ၅ ကာကွယ်ရေးအစီအရင် ဖြစ်သည်မှာ လုံးဝသေချာသည်။

ယုချီ၏ လမ်းပြမှုအောက်တွင် မိုဝူကျိက ကာကွယ်ရေးအစီအရင်ထဲ ဝင်လိုက်သည်။ အစီအရင်ထဲသို့ ခြေချလိုက်သည်နှင့်တစ်ပြိုင်နက် သိပ်သည်းသော နတ်ဝိညာဉ်စွမ်းအားတို့က မိုဝူကျိဆီ တိုးဝှေ့ဝင်လာသည်။ မိုဝူကျိက စိတ်ထဲတွင် အံ့သြသွားသည်။ အကြောင်းမှာ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ပင်လျှင် ဤမျှသိပ်သည်းသော နတ်ဝိညာဉ်စွမ်းအားတို့ မရှိချေ။ ဤယုမျိုးနွယ်တွင် ကြီးမားသော သမိုင်းတစ်ခုခု ရှိကိုရှိရမည်။

သိပ်မကြာခင်ပင် မိုဝူကျိသည် ယုမျိုးနွယ်၏ ကာကွယ်ရေးအစီအရင် အတွင်း၌ များစွာသော အဆင့်နိမ့် ဝိညာဉ်ပိတ်လှောင်ရေး နတ်ဘုရားအစီအရင်များ ရှိနေကြောင်း သိလိုက်သည်။ သို့သော် နတ်ဝိညာဉ်စွမ်းအားများသည်

အလွန်သိပ်သည်းလွန်းသဖြင့် အဆင့်နိမ့် ဝိညာဉ်ပိတ်လှောင်ရေး နတ်ဘုရားအစီအရင်များသည် စွမ်းအားများကို ပိတ်လှောင်၍ မရနိုင်ဘဲ ဖြစ်နေသည်။ မိုဝူကျိအား ပို၍ အံ့သြသွားစေသည်မှာ ဤနေရာ၌ အဆင့်နိမ့် ဝိညာဉ်ပိတ်လှောင်ရေး အစီအရင်များသာ လုံးဝရှိမနေပါက ဤနေရာတွင်ရှိနေမည့် နတ်ဝိညာဉ်စွမ်းအားတို့သည် မည်မျှထိ သိပ်သည်းသွားနိုင်မည်နည်း ဟူသည့် အချက်ပင် ဖြစ်၏။

## အခန်း(၁၀၂၁) : ယုမျိုးနွယ်၏လျို့ဝှက်ချက်

"ယုချီ... မင်း ဘာဖြစ်လို့ အပြင်လူတစ်ယောက်ကို ယုမျိုးနွယ်ထဲ ခေါ်လာတာလဲ"

ယုမျိုးနွယ်တွင် အဘယ်ကြောင့် ဤမျှသိပ်သည်းသော နတ်ဝိညာဉ်စွမ်းအား ရှိနေရသနည်းဟု မိုဝူကျိက စဉ်းစားနေစဉ် အေးခဲနေသောအသံတစ်သံက သူ၏အတွေးစဉ်တို့ကို နှောင့်ယှက်လိုက်သည်။

ရုတ်တရက် မကောင်းသောခံစားချက်တစ်မျိုးကို ရလိုက်သဖြင့် မိုဝူကျို၏ရင်ထဲ ထိတ်သွားသည်။

ယုချီက မြန်မြန် ဦးညွှတ်ကာ

"အကြီးအကဲ... ဒါက အစီအရင်ဆရာမိုပါ။ အစီအရင်ဆရာမိုက ကျွန်တော်တို့ ယုမျိုးနွယ်ရဲ့ အကူအညီတံဆိပ်ပြားကို လက်ခံရရှိထားပြီးတော့ ကာကွယ်ရေးအစီအရင်ကို ကူညီခင်းကျင်းပေးဖို့ ဒီကို ရောက်လာခဲ့တာပါ"

"အကူအညီတံဆိပ်ပြားကို လက်ခံရရှိထားတာလား"

အေးစက်စက်အသံက နွေးထွေးသွားကာ သူက တစ်ဖန် ထပ်မေးလိုက်သည်။

"အကူအညီတံဆိပ်ပြားက ဘယ်မှာလဲ"

မိုဝူကျိုက သူ့ဘာသာသူ တွေးလိုက်သည်။

**ဒီကို ကူညီဖို့ ရောက်လာတယ်ဟုတ်လား... ကျုပ်မှာ ရွေးချယ်စရာမှ မရှိတဲ့ဟာ...**

သူက ရှင်းမူကို ကတိပေးထားမိသဖြင့် ရွေးချယ်စရာမရှိဘဲ အကူအညီတံဆိပ်ပြားကို ထုတ်ပြလိုက်ရသည်။

နတ်သဘာဝစွမ်းအားတစ်ခုက လွှမ်းခြုံလာပြီး မိုဝူကျို၏ အကူအညီတံဆိပ်ပြားကို ဆွဲယူသွားသည်။ ခဏကြာပြီးနောက် ထိုအသံကိုပဲ ထပ်ကြားလိုက်ရသည်။

"ယုချီ... အစီအရင်ဆရာမိုကို ညှော့ခန်းမထဲကို ခေါ်လာခဲ့"

"ဟုတ်ကဲ့"

ယုချီက ဖြေကြားလိုက်ပြီး သူက မိုဝူကျိုဘက်သို့ လှည့်ကာ

"အစီအရင်ဆရာမို... ကျေးဇူးပြုပြီး ကျွန်တော့်နောက်ကနေ ညှော့ခန်းမထဲ လိုက်ခဲ့ပါ။ အဲ့ဒါက အကြီးအကဲလေ။ သူက တကယ်တော့ အရမ်း သဘောကောင်းတဲ့သူ တစ်ယောက်ပါ"

မိုဝူကျိုက ခေါင်းငြိမ့်ရင်း အသာပြုံးလိုက်သည်။ ထိုသို့ဆိုလျှင်ပင် သူ့ရင်ထဲတွင် သူက မဲ့ရွဲ့သရော်နေသည်။ အရမ်း သဘောကောင်းတဲ့သူ တစ်ယောက်တဲ့လား... မိုဝူကျိုသည် ကူညီရန် ရောက်လာခြင်းဖြစ်ရာ သူ့ကို ဆိုးဆိုးဝါးဝါး ဆက်ဆံလိမ့်မည်ဟု မမျှော်လင့်ထားပေ။

မိုဝူကျို ရောက်လာရသည့်အကြောင်းအရင်းကို သိပါလျက်နှင့် မိုဝူကျိုအား ကြိုဆိုဖို့ ဤအကြီးအကဲခါက ထွက်လာရန်

စိတ်ကူးမရှိသည့်ပုံကို ထောက်လျှင် သူ့အကူအညီမှာ ယုမျိုးနွယ်အတွက် ပြောပလောက်သည်အထိ အရေးမကြီးမှန်း မိုဝှူကျိုက သိလိုက်သည်။ သို့သော် ယုချီသည် သူ့ကို မြင်သောအခါ အဘယ်ကြောင့် ဝမ်းသာသွားသည့်ပုံ ပေါက်သွားရသနည်းအား မိုဝှူကျိုက သိချင်မိသည်။

မည်သို့ပင်ဆိုစေကာမူ သတိကြီးသော မိုဝှူကျိုသည် ဧည့်ခန်းမသို့ သွားရာလမ်းတစ်လျှောက်၌ အာကာပြင်မှော်အကွခရာများကို စတင်ခင်းကျင်းထားလိုက်သည်။ သူတစ်ပါးအား ဒုက္ခပေးလိုစိတ် မရှိသင့်သော်လည်း မိမိအား သူတစ်ပါးက ဒုက္ခမပေးနိုင်ရန် အမြဲသတိထားသင့်လေ၏။

ယုချီ၏ လမ်းပြမှုအောက်တွင် ယုမျိုးနွယ်၏ဧည့်ခန်းမသို့ အလွန်လျင်မြန်စွာ ရောက်ရှိသွားသည်။ ယုမျိုးနွယ်၏ ဧည့်ခန်းမမှာ သေးငယ်သည်ဟု သတ်မှတ်၍မရပေ။ အနည်းငယ် ကျယ်ဝန်းသည့်ပုံစံရှိသည်။ သို့သော် ဤဧည့်ခန်းမသည် အလွန်သေးငယ်လွန်းကာ အပြင်ဘက်ရှိ အင်မတန်သိပ်သည်းသော နတ်ဝိညာဉ်စွမ်းအားနှင့် မလိုက်ဖက်ဘူးဟု မိုဝှူကျိုက ခံစားမိဆဲဖြစ်သည်။

ယုမျိုးနွယ်ထဲရှိ နတ်ဘုရားဝိညာဉ်စွမ်းအား၏ သိပ်သည်းမှုကြောင့် ယုမျိုးနွယ်ထဲတွင် အဆင့်မြင့်ကျင့်ကြံသူများ မရေမတွက်နိုင်လောက်အောင်ထိ များပြားစွာ ရှိကိုရှိနေရမည်။ ထို့အကြောင်းကြောင့်ပင် ယုမျိုးနွယ်၏ဧည့်ခန်းမသည် ယုမျိုးနွယ်၏ နတ်ဝိညာဉ်စွမ်းအား သိပ်သည်းမှုနှင့် မလိုက်ဖက်သည့်ပုံ ပေါ်နေလေသည်။

ယုမျိုးနွယ်၏ဧည့်ခန်းမထဲတွင် လူ ၄ ယောက် ထိုင်နေကြသည်။ ၃ ယောက်မှာ အမျိုးသားများ ဖြစ်ကာ အမျိုးသမီး ၁ ယောက် ပါသည်။ ထိပ်ဆုံးတွင် ထိုင်နေသည်မှာ မုတ်ဆိတ်မွေးမပါသော မျက်နှာဖြူနှင့်လူတစ်ယောက် ဖြစ်သည်။ ဤလူမှာ လောကနတ်ဘုရား အဆင့် ၁ တွင် ရှိကာ အားအကောင်းဆုံးဖြစ်ရမည်ဟု မိုဝူကျိုက အာရုံခံမိသည်။

ဤမျက်ခုံးမွေး မပါသောလူ၏ တစ်ဖက်တစ်ချက်စီတွင် ထိုင်နေကြသည့် လူ ၃ ယောက်မှာ အားလုံးက နတ်ဘုရားအုပ်စိုးသူအဆင့်တွင် ရှိနေကြသည်။ မိုဝူကျိုသည် သက်ပြင်း တစ်ချက်ချလိုက်သည်။ အကြောင်းမှာ ဤလူများ၏

အစွမ်းကို ကြည့်ခြင်းဖြင့် သူတို့သည် သူ၏လေလွတ်မြောက်ရေး နည်းစနစ်ကို တားဆီးရန် မလုံလောက်သောကြောင့်ဖြစ်သည်။

“ဟားဟား... အစီအရင်ဆရာမိုက အဝေးကြီးကနေလာခဲ့ရတာပဲ။ ခက်ခဲခဲ့မှာပဲနော်... ထိုင်ပါဦးဗျာ”

မိုဝူကျို ရောက်ရှိပြီးသည့်နောက်တွင် ထိပ်ဆုံး၌ထိုင်နေသော မုတ်ဆိတ်မွေးမပါသည့်လူက ထရပ်လိုက်သည်။ သူက မိုဝူကျိုကို ညွှန်ခန်းမထဲသို့ ဖိတ်ခေါ်ရာတွင် အင်မတန် ဖော်ရွေကြိုဆိုသည့်ပုံစံ လုပ်ပြနေသည်။

မိုဝူကျိုသည် လူတွေ၏စကားလုံးများအပေါ် အလွန် သိရှိခံစားလွယ်သောကြောင့် ထိုစကားများမှာ မည်မျှ ဟန်ဆောင်နေကြောင်းကို အာရုံခံနိုင်လေသည်။ သူက ဤနေရာသို့ ကူညီရန်သက်သက်သာ ရောက်လာခဲ့သည်ဖြစ်သောကြောင့် ယုမျိုးနွယ်၏ ဆက်ဆံပုံကို စိတ်ထဲထားမနေပေ။

“ကျုပ်က ယုမျိုးနွယ်ရဲ့ ယုဖုန်းယွိပါ။ အစီအရင်ဆရာမိုက ဘယ်ကနေ လာတာလဲ မေးပါရစေ”

မုတ်ဆိတ်မွေးမပါသည့်လူက ပြုံးပြလိုက်သည်။ သူက မိုဝူကျိသည် အရမ်းကြီး အားမကောင်းကြောင်း ပြောနိုင်သည်။

မိုဝူကျိက လက်နှစ်ဖက်ကို ယှက်ကာ

"ကျုပ်က ကောင်းကင်လူသားတောင်က လာတာပါ။ အမှန်က ဒီအကူအညီတံဆိပ်ပြားကို လွှန်ခဲ့တဲ့ ၂ နှစ်ကတည်းက လက်ခံရရှိထားတာ။ အဲ့ဒီအချိန်တုန်းက ကျုပ်က ဂူပိတ်ကျင့်ကြံနေတာမို့လို့ ဒီကိုလာဖို့ရာ အခုအချိန်ထိ ရွှေ့ဆိုင်းထားလိုက်ရတာပါ။ ခွင့်လွှတ်ပေးဖို့ တောင်းဆိုပါရစေဗျာ"

"ကောင်းကင်လူသားတောင်တဲ့လား"

ယုဖုန်းယွိသည် တစ်ကြိမ်ထပ်မံ၍ ရေရွတ်လိုက်သည်။ သူသည် အတွေ့အကြုံကြွယ်ဝသည်ဟု ပြော၍ရသည်။ သို့ဖြစ်ရာ အဘယ်ကြောင့် ဤနေရာကို သူ ယခင်က တစ်ခါမှ မကြားဖူးရသနည်း။

မိုဝူကျိက အနည်းငယ် ရှက်သွားပုံပေါ်ကာ အနေခက်စွာ တုံ့ပြန်လိုက်သည်။

"ကျုပ်တို့တောင်က သိသိသာသာ အားနည်းတယ်ပဲ ပြောရမှာပဲ။ ကျုပ်တို့က အစီအရင်တာအိုရဲ့ စမ်းသပ်မှုတွေကိုပဲ အဓိက အားစိုက်ထားလို့ပါ။ ဒါကြောင့် ကျုပ်တို့ရဲ့ ကျင့်ကြံရေးစွမ်းရည်တွေက အကောင်းဆုံးမဟုတ်ဘူးဗျ။ ကျုပ်ရဲ့မျိုးဆက်ကို ရောက်တဲ့အချိန်မှာကျ အရင်ကလိုတောင် မဟုတ်တော့ဘူး။ လွန်ခဲ့တဲ့ ၂ နှစ်တုန်းက အကူအညီတံဆိပ်ပြား ကျုပ်ဆရာရဲ့တံခါးဆီ ရောက်လာခဲ့တယ်။ ဒါကြောင့်မို့လို့ ကျုပ်ရဲ့အစီအရင်တာအိုနဲ့ ကျင့်ကြံဆင့်က နိမ့်နေရင်တောင်မှ ကျုပ်တို့ရဲ့ ကျေးဇူးရှင်ဆီက အကူအညီတောင်းတာကို မငြင်းပယ်နိုင်ပါဘူးဗျာ။ ဒီလိုနဲ့ ကျုပ် ဒီကို ရောက်လာတာပဲ"

မိုဝူကျိသည် တစ်ယောက်တည်း လာခဲ့ကြောင်း ကြားသောအခါ ယုဖုန်းယွိက သက်ပြင်းချလိုက်သည်။ အကူအညီတံဆိပ်ပြား၏ ပိုင်ရှင်မှာ နတ်ဘုရားအစီအရင်ဆရာတစ်ယောက် ဖြစ်မှန်း သူသိသည်။ နှစ်ပေါင်းများစွာ ကြာပြီးသည့်နောက်တွင် ထိုဆရာတွင် မျိုးဆက်သစ်ရှိမရှိ မသိသော်လည်း သူက ကံစမ်းသည့်သဘောဖြင့်သာ အကူအညီတံဆိပ်ပြားကို စေလွှတ်လိုက်ခြင်း ဖြစ်သည်။ နှစ်ပေါင်းများစွာ ကြာပြီးသည့်နောက်တွင်ပင် ထိုနတ်ဘုရားအစီအရင်ဆရာဆီမှာ

အစီအရင်ပညာ၌ မျိုးဆက်သစ်တွေ အမှန်တကယ်ရှိနေလိမ့်ဦးမည်ဟု သူက မထင်ထားမိပေ။

သူသည် အကူအညီတံဆိပ်ပြားပိုင်ရှင်မှာ ယခုအချိန်အထိ အသက်ရှင်နေသေးကာ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ ထိပ်သီးပညာရှင်တစ်ယောက်ဖြစ်နေပြီး သဟာဇာတနတ်ဘုရားအဆင့်တွင်ပင် ရှိနေကြောင်းကို မသိချေ။ အကူအညီတံဆိပ်ပြားသည် ရှင်းမူလိုလူ၏ လက်ထဲတွင် ရှိနေမှန်းသာ သူသိခဲ့ပါက သူ သည့်ထက် အဆတစ်ထောင်မက ပို၍သတ္တိရှိနေလျှင်ပင် ယုမျိုးနွယ်၏ အကူအညီတံဆိပ်ပြားကို စေလွှတ်လိမ့်မည် မဟုတ်ပေ။

“ဒါဆို အစီအရင်ဆရာမိုက နတ်ဘုရားအစီအရင်ဆရာရဲ့ ဘယ်အဆင့်မှာ ရှိနေတာလဲဆိုတာ မေးပါရစေ”

ယုဖုန်းယွိက အမြန်မေးလိုက်သည်။ အကယ်၍ မိုဝူကျို၏ အစီအရင်တာအိုမှာ အဆင့် ၃ ထက် နိမ့်နေပါက မိုဝူကျိုသည် ဤနေရာတွင် သိပ်အသုံးဝင်လိမ့်မည် မဟုတ်ပေ။

မိုဝူကျိုက အင်မတန်ယုံကြည်မှု ရှိသည့်ပုံစံ ဖမ်းလိုက်ကာ တုံ့ပြန်လိုက်သည်။

"အစီအရင်တာအို အမွေအနှစ်မှာတော့ ကျုပ်ရဲ့ ကောင်းကင်လူသားတောင်က ဘယ်သူကိုမှ မရှုံးပါဘူး။ ကျုပ်က အရမ်းပါရမီမရှိပေမဲ့ ကျုပ်ရဲ့ အစီအရင်တာအိုက အဆင့် ၄ ထဲတော့ ဝင်ပါသေးတယ်"

မိုဝူကျိသည် ဤနှစ်များတွင် အတွေ့အကြုံများစွာ ကြုံတွေ့လာပြီးသား ဖြစ်သောကြောင့် ယုဖုန်းယွိ၏ စကားတချို့ကို ကြားပြီးသည့်နောက် ဤဘိုးတော်သည် သူ့အပေါ် မကောင်းကြံနေမှန်း သူက သိလိုက်သည်။

မိုဝူကျိသည် တစ်ဖက်လူက အဘယ်ကြောင့် ဤသို့လုပ်ရသနည်းအား မသိချေ။ သို့သော် ကြိုတင်ကာကွယ်ထားခြင်းက သူ့အတွက် ဘေးကင်းပေလိမ့်မည်။ မိုဝူကျိသည် တရားဝင် အဆင့် ၅ နတ်ဘုရားအစီအရင်ဆရာတစ်ယောက် ဖြစ်နေပြီးသား ဖြစ်သော်လည်း သူက အဆင့် ၄ ထိသာ ရောက်သေးကြောင်း ပြောပြလိုက်သည်။

"ခင်ဗျားက တကယ် နတ်ဘုရားအစီအရင်ဆရာတစ်ယောက် ဖြစ်နေတာပဲ"

ယုဖုန်းယွိသည် ယုမျိုးနွယ်၏လိုအပ်ချက်အတွက် မိုဝူကျိက အလွန်သင့်တော်နေသဖြင့် အလွန်အမင်း စိတ်လှုပ်ရှားသွားသည်။ ကျင့်ကြံဆင့်နိမ့်ကာ နာမည်မရှိသည့်နေရာမှလာသော အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာလည်းဖြစ်နေသည့် လူတစ်ယောက်သည် တကယ့်ကို ကောင်းကင်မှချီးမြှောက်သော လက်ဆောင်တစ်ခုပင်တည်း။

မိုဝူကျိသည် ဆက်လက် အချိန်ကုန်မခံချင်သဖြင့် တည့်တိုးသာ မေးလိုက်သည်။

"ယုမျိုးနွယ်ရဲ့ ကာကွယ်ရေးအစီအရင်ကို ခင်းကျင်းဖို့ ကျုပ် ဘယ်လိုကူညီပေးရမလဲဆိုတာ တာအိုရောင်းရင်းယုကို မေးပါရစေ"

ယုဖုန်းယွိက တစ်ချက်ရယ်ကာ ဖြေလိုက်သည်။

"ကျုပ် အခုပဲ အစီအရင်ဆရာမိုကို ခေါ်သွားပေးပါ့မယ်"

ထိုသို့ပြောပြီးနောက် သူက ယုချီဘက် လှည့်ကာ "ယုချီ... အစီအရင်ဆရာမိုကို ခေါ်လာခဲ့တဲ့အတွက် မင်း အများကြီး အကျိုးပြုလိုက်တာပဲ။ ယုမျိုးနွယ်ရဲ့ အစီအရင်ကို

ခင်းကျင်းပြီးသွားရင် မင်းကို ထိုက်သင့်သလို ဆုချမယ်။ အခု ပြန်လို့ရပြီ"

ယုချီသည် အလွန်ဝမ်းသာကာ မြန်မြန် ဦးညွှတ်လိုက်ပြီး ပြန်ဆုတ်သွားသည်။

ယုချီ ပြန်ဆုတ်သွားပြီးနောက် ယုဖုန်းယွိက မိုဝူကျိဘက်သို့ စိတ်အားထက်သန်စွာ လှည့်လိုက်သည်။

"အစ်ီအရင်ဆရာမို… ကျုပ်နောက်က လာခဲ့ပါဗျာ"

မိုဝူကျိ သတိထားမိသည်မှာ သူ ယုဖုန်းယွိနောက် စတင်လိုက်သွားသည့်အခါ၌ ဧည့်ခန်းမထဲရှိ တခြားနတ်ဘုရားအုပ်စိုးသူ အနည်းငယ်သည်လည်း သူ့နောက် လိုက်လာသည့်အဖြစ်ကို ဖြစ်သည်။ မိုဝူကျိသည် ထိုလူများအား စိတ်ထဲထားမနေချေ။ သူက ယုမျိုးနွယ်ထဲရှိ ဝိညာဉ်စွမ်းအားမှာ အရမ်းသိပ်သည်းသော်လည်း အဘယ်ကြောင့် ယုဖုန်းယွိကသာ သူ မြင်ရသည့် တစ်ဦးတည်းသော လောကနတ်ဘုရား ဖြစ်နေရသည့် အကြောင်းကို အတွေးနက်နေသည်။ ယုဖုန်းယွိ၏ ကမ္ဘာဦးဝိညာဉ်လှိုင်းများကို ကြည့်ပါက သူသည် မကြာသေးမီကမှ လောကနတ်ဘုရားအဆင့်သို့ တက်လှမ်းထားပုံ ပေါ်နေသည်။

ယုမျိုးနွယ် ပိုင်နက်မှာ မနည်းလှချေ။ ၅ ကီလိုမီတာကျော် လမ်းလျှောက်လာပြီးသည့်နောက် ကျောက်တုံးဖြင့် ပြုလုပ်ထားသော တံခါးပေါက်တစ်ခုရှေ့၌ ရပ်လိုက်ကြသည်။

ဤနားလေးသို့ ရောက်လာသည်နှင့် မိုဝူကျိုသည် ထိုသိပ်သည်းသော နတ်ဘုရားဝိညာဉ်စွမ်းအားကို ခံစားနိုင်လိုက်သည်။

တံခါးပေါက်ကို အဆင့် ၂ ဝိညာဉ်ပိတ်လှောင်ရေးအစီအရင်များဖြင့် အထပ်ထပ် ဖုံးဖိပိတ်ပင်ထားသော်လည်း အဆင့်နိမ့်အစီအရင်များ ဖြစ်သောကြောင့် သိပ်သည်းသော ဝိညာဉ်စွမ်းအားမှာ စိမ့်ထွက်နေဆဲ ဖြစ်သည်။

ဘယ်လိုတောင် ကောင်းတဲ့ နေရာလဲ...

မိုဝူကျိုက စိတ်ထဲတွင် တအံ့တသြ ရေရွတ်လိုက်သည်။ ဤနေရာတွင် မည်သို့သော ထိပ်တန်းအဆင့် နတ်ဘုရားဝိညာဉ်သွေးကြောမျိုးကို ဖုံးကွယ်ထားသနည်း။ မိုဝူကျိုသည် အံ့သြတကြီး ဖြစ်မိနေစဉ်တွင်ပင် သူ၏ဝိညာဉ်သိုလှောင်လမ်းကြောင်းက ဤနေရာ၌ အာကာပြင်မှော်အကွဲရာ ထောင်ချီကို ရေးထွင်းနေဆဲဖြစ်သည်။

ယုဖုန်းယွိက ကျောက်တံခါးကို ဖွင့်ရန်အတွက် အစီအရင်တံဆိပ်ပြားတစ်ခုကို ထုတ်ယူလိုက်ပြီး သူက အလျင်စလို ပြောလိုက်သည်။

"အစီအရင်ဆရာမို… မြန်မြန် အထဲဝင်လိုက်ပါ"

ထိုသို့ပြောပြီးနောက် ယုဖုန်းယွိက အရင်ဝင်သွားလိုက်သည်။ မိုဝူကျိုက ယုဖုန်းယွိနောက် လိုက်ဝင်သွားသည်နှင့်တစ်ပြိုင်နက် သူက အံ့သြမှင်သက်သွားကာ အရာအားလုံးကိုလည်း ချက်ချင်း သဘောပေါက်သွားသည်။

ဤသည်မှာ ထိပ်တန်းအဆင့်နတ်ဝိညာဉ်သွေးကြောများမှ ထွက်ပေါ်လာသည့် နတ်ဝိညာဉ်စွမ်းအားမျိုး မဟုတ်ချေ။ ကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအားမှ ထွက်လာသည့် စွမ်းအားမျိုး ဖြစ်နေသည်။

ယခင်က သူ၏ တစ်နှစ်တာကျင့်ကြံရန် ကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအားကို အသုံးပြုခဲ့ခြင်းသာ မရှိခဲ့ပါက ကောင်းကင်နတ်ဘုရားအဆင့် ၂ သို့ သူ မည်သို့များ တက်လှမ်းနိုင်ပါ့မည်နည်း။

ယခုတွင်မူ ယုဖုန်းယွိသည် လောကနတ်ဘုရားအဖြစ် တက်လှမ်းပြီးသော်လည်း သူ၏ကျင့်ကြံဆင့်မှာ အခြေတည်ရုံသာ ရှိသေးရသည့် အကြောင်းရင်းကို မိုဝူကျိက နားလည်သွားသည်။ ဤဘိုးတော်သည် ဤနေရာကို ရှာတွေ့သွားခြင်း ဖြစ်ကိုဖြစ်ရမည်။ ထိုကြောင့်သာ သူ့ကျင့်ကြံဆင့် တိုးတက်သွားခြင်းဖြစ်မည်။

စိတ်ထဲတွင် အံ့သြနေသော်လည်း မိုဝူကျိက တည်ငြိမ်ဟန်ပေါ်ကာ သူက အံ့အားသင့်ဟန် ရေရွတ်လိုက်သည်။

“ယုမျိုးနွယ်ရဲ့ နတ်ဝိညာဉ်စွမ်းအားက တကယ့်ကို သိပ်သည်းလိုက်တာ”

“အိုး... အစီအရင်ဆရာမိုက အရင်တုန်းက ဒီလိုသိပ်သည်းတဲ့ နတ်ဝိညာဉ်စွမ်းအားရှိတဲ့ နေရာမျိုးကို မြင်ဖူးလား”

ယုဖုန်းယွိက မမေးခင် “အိုး”ဟု ရေရွတ်လိုက်သည်။

မိုဝူကျိက ရယ်ကာ

“လွန်ခဲ့တဲ့ နှစ်တွေတုန်းက ကျုပ်ရဲ့ဆရာက သူ အဆင့်မြင့်အင်မော်တယ်နေအိမ် ငှားထားတဲ့

နတ်ဘုရားမြို့ကြီးတစ်မြို့ဆီကို ကျုပ်ကို ခေါ်သွားဖူးတယ်။ အဲ့ဒီက နတ်ဝိညာဉ်စွမ်းအားတွေ သိပ်သည်းတာက …”

ပြောနေရင်းဖြင့်ပင် မိုဝူကျိုက ပို၍ အံ့အားသင့်ဆွံ့အသွားရသည်။ အကြောင်းမှာ ထိပ်တန်းအဆင့် နှင်းစက်စိမ်းဆန် ရာကျော်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

မှန်သည်… အားလုံးမှာ ထိပ်တန်းအဆင့်ကို အရမ်းရောက်နေသည့် နှင်းစက်စိမ်းဆန်များ ဖြစ်နေသည်။

ဤယုမျိုးနွယ်သည် အမှန်တကယ် မည်မျှအထင်ကြီးစရာကောင်းကြောင်းအား မိုဝူကျိုက စိတ်ထဲတွင် သက်ပြင်းချမိသည်။ ကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအားကို နှင်းစက်စိမ်းဆန်အား ပျိုးထောင်ရန် အသုံးပြုခြင်းသည် ယုမျိုးနွယ်အား နောင်နှစ်အနည်းငယ်ကြာလျှင် နတ်ကုန်းမြေထဲတွင် ထိပ်သီးအဆင့်မျိုးနွယ်တစ်ခု ဖြစ်လာစေရန် တိုးမြင့်ပေးပေလိမ့်မည်။

ဤအချိန်ရောက်မှသာ မိုဝူကျိုသည် ယုမျိုးနွယ်က အဘယ်ကြောင့် သူ့အား သတ်ချင်ရသနည်းကို နားလည်သွားတော့သည်။ ယုမျိုးနွယ် သူ့ကို ဖိတ်ခေါ်ရသည့်အကြောင်းရင်းမှာ သေချာပေါက်

နတ်ဝိညာဉ်ပိတ်လှောင်ရေးအစီအရင်များကို ခင်းကျင်းရန်ဖြစ်ရမည်။ ထိုကဲ့သို့သော နတ်ဝိညာဉ်စွမ်းအားကို ဖုံးကွယ်ရန်အစီအရင်များ ခင်းကျင်းပြီးပါက သူ ဤနေရာမှ အသက်ရှင်လျှက်ထွက်သွားနိုင်ပါ့မည်လော။

မိုဝူကျို သိချင်နေသည့်မှာ အဘယ်ကြောင့်ကျောက်တံခါးအပြင်ဘက်တွင် ကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအားကိုအာရုံခံ၍ မရဘဲ အထဲဝင်လာပြီးမှသာ ကမ္ဘာဦးစွမ်းအားမှန်းအာရုံခံ၍ ရသနည်းကို ဖြစ်သည်။

မိုဝူကျိုသည် သူ၏ဝိညာဉ်သိုလှောင်လမ်းကြောင်းမှစိတ်စွမ်းအားကို အကြောက်အလန့်မရှိ ဖြန့်ကျက်လိုက်သည်။ သိပ်မကြာမီပင် သူက ပြဿနာကို ရှာတွေ့သွားသည်။

ဤနေရာတွင် ကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအားကို စုပ်ယူရန်စစ်ထုတ်ရေးနတ်အစီအရင်တစ်ခု ခင်းကျင်းထားပြီးသားဖြစ်သည်။ ဤနတ်ဘုရားအစီအရင်၏ အဆင့်မှာ မနိမ့်ပေ။ အဆင့် ၅ လောက် ရှိမည်။ နတ်ဝိညာဉ်စွမ်းအားမှာ စစ်ထုတ်ရေးနတ်ဘုရားအစီအရင်ဖြင့် ပိတ်ဆို့အစစ်ခံထားရသည်ကိုပင်မိုဝူကျိုသည် ထိုစွမ်းအား၏ အစအနတို့ကို ခြေရာခံနိုင်သေးသည်။

အကြောင်းမှာ သူက ယခင် ကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအားထဲတွင် ကျင့်ကြံဖူးသောကြောင့် ဖြစ်သည်။

ယုမျိုးနွယ်တွင် အဆင့် ၅ အစီအရင် ခင်းကျင်းနိုင်သည့် နတ်ဘုရားအစီအရင်ဆရာ ရှိနေပြီးသား ဖြစ်ပါလျှက်နှင့် အဘယ်ကြောင့် အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာကို လိုအပ်နေသေးသနည်း။ မိုဝူကျိက အနည်းငယ် စဉ်းစားလိုက်ပြီးနောက် ချက်ချင်းပင် သဘောပေါက်သွားသည်။ ထိုအဆင့် ၅ နတ်ဘုရားအစီအရင်ဆရာမှာ ထိုအစီအရင်ကို ခင်းကျင်းပြီးသည့်နောက်တွင် နှုတ်ပိတ်ခံလိုက်ရပေလိမ့်မည်။

မိုဝူကျိ၏ စကားကို ကြားသောအခါ ယုဖုန်းယွိက သူ့စိတ်ထဲတွင် အေးစက်စက် သရော်လိုက်သည်။ ဘယ်လိုနတ်မြို့ကများ ကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအား ရှိမည်နည်း။

အစစ်ခံထားရသည့်တိုင် ဤနေရာမှ နတ်ဝိညာဉ်စွမ်းအားသည် တခြားနတ်ဘုရားမြို့များက နှိုင်းယှဉ်၍ရနိုင်သည့် အရာမျိုးမဟုတ်ပေ။

“အစီအရင်ဆရာမိုက တကယ့်ကို အတွေ့အကြုံများတာပဲ။ ယုမျိုးနွယ်က မျိုးနွယ်စုအသေးလေးတစ်ခုပါ။ ဒီက

နတ်ဝိညာဉ်စွမ်းအားက တခြားမျိုးနွယ်တွေနဲ့ ယှဉ်ပြိုင်တုပလောက်တဲ့အထိ မရှိပေမဲ့ ဒါက ယုမျိုးနွယ်ရဲ့အုတ်မြစ် ဖြစ်နေတယ်။ ဒါကြောင့်မို့ ဒီကနေ စွမ်းအားတွေ စိမ့်ထွက်နေတာကို တားဆီးပိတ်ပင်ဖို့အတွက် ဝိညာဉ်ပိတ်လှောင်ရေးအစီအရင်တစ်ခု ကူညီခင်းကျင်းပေးဖို့ အစီအရင်ဆရာမိုကို ကျုပ် တောင်းဆိုချင်ပါတယ်ဗျာ”

ယုဖုန်းယွီက ခပ်ပေါ့ပေါ့သာ ပြောလိုက်သည်။

မိုဝူကျိသည် သူ၏အာကာပြင်မှော်အကွခရာများကို ဆက်လက်ရေးထွင်းနေလိုက်ရင်း လက်ခါပြလိုက်သည်။

“ကိစ္စမရှိပါဘူးဗျာ... ရှေ့ကနေသာ လမ်းပြပေးပါ”

“ကောင်းပါပြီဗျာ”

ယုဖုန်းယွီက မိုဝူကျိကို အစိမ်းရောင် ကျောက်ပြားခင်း လမ်းကြောင်းငယ်တစ်ခုအတိုင်း ခေါ်ဆောင်သွားကာ သူတို့သည် ဝဲကတော့ပုံမှော်အကွခရာတို့နှင့်အစီအရင်တံခါး တစ်ခုဆီသို့ ရောက်ရှိသွားကြသည်။

သိပ်သည်းသော နတ်ဝိညာဉ်စွမ်းအားတို့က ဤနေရာမှ စိမ့်ထွက်နေခြင်း ဖြစ်သည်။ အဆင့် ၅ စစ်ထုတ်ရေးနတ်ဘုရားအစီအရင်ပင်လျှင် နတ်ဝိညာဉ်စွမ်းအားကို အပြည့်အဝ မစစ်ထုတ်နိုင်ချေ။

ဝဲကတော့ပုံအစီအရင်တံခါးထဲသို့ ဝင်ကာ အထဲ၌ မည်သည့်အရာများ ရှိနေသနည်းအား ကြည့်ကြည့်ချင်စိတ်က မိုဝူကျိဆီတွင် ရုတ်တရက် အပြင်းအထန် ဖြစ်ပေါ်လာ၏။

## အခန်း(၁၀၂၂) : ယုမျိုးနွယ်က ဖမ်းထားသောလူ

"အစီအရင်ဆရာမို… ဘယ်လိုနေလဲ"

မိုဝူကျိက ဝဲကတော့နတ်ဝိညာဉ်စွမ်းအားကို စိုက်ကြည့်နေမှန်း သတိထားမိကာ ယုဖုန်းယွိက အမြန် မေးလိုက်သည်။ သူက အနည်းငယ် သံသယဝင်နေကာ ဤနေရာရှိ ကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအားကို မိုဝူကျိက အာရုံခံနိုင်လိုက်မည်ကို စိုးရိမ်နေသည်။

သို့သော် သူသည် မိုဝူကျိအား ဤနေရာသို့ ခေါ်လာခဲ့ပြီးပြီဖြစ်ရာ မိုဝူကျိသည် ဤနေရာရှိ ကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအားကို အာရုံခံမိခဲ့လျှင်ပင် ဤနေရာမှ မိုဝူကျိ ဘယ်လိုနည်းနှင့်မှ ပြန်ထွက်သွားနိုင်မည် မဟုတ်ပေ။ သို့မဟုတ်ပါက သူသည် မိုဝူကျိအား ဤနေရာသို့ ခေါ်လာဖို့ကို စဉ်းပင်စဉ်းစားမည် မဟုတ်ချေ။

ဤကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအားကြောင့် ယုဖုန်းယွိ၏ လက်ထဲတွင် အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာ ၇ ယောက် ၈ ယောက်လောက် အသက်ပျောက်သွားပြီးလေပြီ။ ထိုကြောင့် ထိုကိစ္စအား သူက စိတ်ထဲထားမနေချေ။ အဆင့် ၅ နတ်ဘုရားအစီအရင်ဘုရင်တစ်ယောက်ပင် ဤနေရာ၌ သေခဲ့ဖူးသေးသည်။

မိုဝူကျိက အသာပြုံးကာ

“ကျုပ်ရဲ့ဂိုဏ်းမှာ ဝိညာဉ်ပိတ်လှောင်ရေး နတ်ဘုရားအစီအရင်တွေအတွက် တမူထူးတဲ့နည်းလမ်း ရှိတယ်။ တကယ်တော့ ဒီနေရာမှာရှိတဲ့ နတ်ဘုရားဝိညာဉ်စွမ်းအားတွေ အကုန်လုံးကို အပြီးအပိုင် ပိတ်လှောင်နိုင်မယ်လို့ ကျုပ်မှာ

ယုံကြည်ချက်ရှိတယ်။ အဲ့လိုလုပ်ဖို့ဆိုရင် ဒီနတ်ဘုရားဝိညာဉ်စွမ်းအားရဲ့ မူလဇာစ်မြစ်ကို သိဖို့လိုအပ်တယ်။ ဒါကြောင့် ကျုပ် အထဲကို ဝင်ကြည့်ဖို့ လိုလိမ့်မယ်ဗျ”

“နတ်ဘုရားအစီအရင်ဆရာမို... ဒီနည်းလမ်းကို မစဉ်းစားနေပါနဲ့လား။ ကျုပ်ရဲ့ယုမျိုးနွယ်က အထဲကို လူတွေ လွှတ်ကြည့်ပြီးပြီ။ ဒါပေမဲ့ တစ်ယောက်မှ အသက်ရှင်လျက် ပြန်မထွက်လာနိုင်ကြဘူး”

ယုဖုန်းယွိက မိုဝူကျိ၏ အကြံကို ငြင်းပယ်လိုက်၏။

မိုဝူကျိက တွေးလိုက်သည်။

ခင်ဗျားကြီးက ဘယ်သူ့ကို လာနောက်ဖို့ ကြိုးစားနေတာလဲ...

မိုဝူကျိက ခေါင်းခါရင်း ဆက်ပြောလိုက်သည်မှာ

“တကယ်လို့ အဲ့ဒါ ဘယ်ကလာတာလဲသာ ကျုပ် မသိဘူးဆိုရင် ပြီးပြည့်စုံတဲ့ ဝိညာဉ်ပိတ်လှောင်ရေး နတ်ဘုရားအစီအရင်ကို ခင်းကျင်းဖို့ရာ ကျုပ်အတွက် ခက်ခဲနေမှာပဲ စိုးရတယ်။ အစီအရင်ကို ခင်းကျင်းနိုင်ခဲ့ရင်တောင်မှ သိပ်သည်းတဲ့ နတ်ဝိညာဉ်စွမ်းအားတွေက အချိန်တစ်ခုကြာတဲ့အခါမှာ

စိမ့်ထွက်လာပြီးတော့ နောက်တစ်ကြိမ် ပြန်လည်ခင်းကျင်းဖို့ လိုအပ်လာဦးမှာပဲ။ ဒီမှာရှိနေတဲ့ နတ်ဝိညာဉ်စွမ်းအားတွေကို သုံးပြီး ဝိညာဉ်သိုလှောင်ရေးအစီအရင်ကို လည်ပတ်စေမှသာ အချိန်အကြာကြီး တာရှည်ခံနိုင်လိမ့်မယ်ဗျ။ အဲ့လို ဝိညာဉ်သိုလှောင်ရေးအစီအရင် ရဖို့ဆို နတ်ဝိညာဉ်စွမ်းအားရဲ့ ဇာစ်မြစ်ကို ကျုပ် သိဖို့ လိုတယ်”

မိုဝူကျိက အလကား သက်သက်မဲ့ ပြောနေခြင်း မဟုတ်ပေ။ ဤနေရာသည် ကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအားရှိသည့် နေရာတစ်ခု ဖြစ်နေသည်။ ထို့ကြောင့် ဝိညာဉ်ပိတ်လှောင်ရေး အစီအရင်ကို အသုံးချနိုင်ဖို့ရာအတွက် တစ်ခုတည်းသောနည်းလမ်းမှာ အရင်းအမြစ်ကို အသုံးပြုရန် ဖြစ်၏။ အမှန်တွင် အစီအရင် ခင်းကျင်းနိုင်ရန် အထဲသို့ မိုဝူကျိ ဝင်စရာတော့ မလိုချေ။။

မိုဝူကျိ၏ နောက်ဆုံး စကားအနည်းငယ်မှာ သူ့အပေါ် သက်ရောက်မှုရှိသောကြောင့် အံ့သြမှုဖြင့် ယုဖုန်းယွိ၏ ရင် အစုံမှာ ခုန်သွားသည်။ အချိန်ကာလတစ်ခုကြာပြီးနောက် ယုမျိုးနွယ်က အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာ ၁ ယောက် ၂ ယောက်လောက်ကို ရှာရန်လိုသည်မှာလည်း

ဤအချက်ကြောင့်ပင် ဖြစ်သည်။ အဆင့် ၄ နတ်ဘုရားဝိညာဉ် အစီအရင်တစ်ခု ခင်းကျင်းရန် ယုမျိုးနွယ်က ကြိုးစားသည့်အခါတိုင်း ၎င်းသည် ဖြည်းဖြည်းချင်း ကျိုးပေါက်လာမြဲဖြစ်သည်။

အစီအရင်တာအိုပညာရှင်၏ အမွေဆက်ခံသူတစ်ယောက် အနေဖြင့် မိုဝူကျိတွင် သူ၏ တမူထူးသည့် ပညာစွမ်းရည် တကယ်ရှိ၏။

ထိုသို့တွေးမိကာ ယုဖုန်းယွိက တုံ့ပြန်လိုက်သည်မှာ

"ဒီနေရာ စတင်ပေါ်ထွက်လာတုန်းက လူတစ်ယောက်လည်း ဒီမှာ ပေါ်လာခဲ့တယ်။ ကျုပ် အဲ့ဒီလူကို ဒီခေါ်လာပေးပြီးတော့ ခင်ဗျားက သူ့ကို အထဲကအခြေအနေတွေကို မေးမြန်းကြည့်ရင်ကော"

**ကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအား ပေါ်လာသော နေရာတွင် တစ်စုံတစ်ယောက်က တကယ်ပေါ်လာသည်လော... ချက်ချင်းပင် မိုဝူကျိက စိတ်ဝင်စားသွားကာ**

"ကောင်းသားပဲ... တာအိုရောင်းရင်းယုကို အဲ့ဒီလူကို ဒီခေါ်လာပေးဖို့ တောင်းဆိုပါရစေ"

ယုဖုန်းယွိ လှုပ်ရှားသည်မှာ မြန်၏။ အမှာစကားတစ်ခွန်းတည်းဖြင့် ငေးငိုင်နေသော အရုပ်ရှည်ရှည်နှင့် ပုခုံးသာသာဆံပင်ရှိသည့် လူတစ်ယောက်ကို ခေါ်လာစေလိုက်သည်။

ယွမ်မိုလား...

မိုဝူကျိသည် ဤ မျက်နှာမည်းမည်း အရုပ်ရှည်ရှည်နှင့်လူကို ကြည့်ကာ သူ့ရင်ထဲတွင် အံ့ဩတုန်လှုပ်သွားသည်။ ဤလူမှာ သေချာပေါက် ယွမ်မို ဖြစ်နေသည်။ အဘယ်ကြောင့်များ သူက နတ်ဘုရားကုန်းမြေတွင် ရောက်နေရသနည်း။ ထို့ထက် အဘယ်ကြောင့်များ ယုမျိုးနွယ်၏ လက်ထဲတွင် ရောက်နေရသနည်း။ ဤကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအား၏ မူလဇာစ်မြစ်နှင့် သူက ဘယ်လိုများ သက်ဆိုင်နေသနည်း။

"ဒီအစီအရင်ဆရာကို အထဲက အခြေအနေအကုန်လုံးကို သေချာသိအောင် ပြောပြလိုက်"

ယုဖုန်းယွိက အခြေအနေကိုပြောပြရန် ယွမ်မိုအား အသံပြတ်ပြတ်ဖြင့် ခပ်အုပ်အုပ် ညွှန်ကြားလိုက်သည်။

ယွမ်မိုက မိန်းမောတွေဝေလျက် သူ့ခေါင်းကို မော့လိုက်သည်။ သူ့ကို ကြည့်ရသည်မှာ စိတ်ဓာတ်ကျနေပုံ ပေါ်သည်။ သူ၏

ကျောင့်ကြံဆင့်မှာ ပရမ်းပတာဖြစ်နေသော်လည်း ယွမ်မိုမှာ ကနဦးနတ်ဘုရားအဆင့် ၁ တွင် ရောက်နေပြီဖြစ်ကြောင်း မိုဝူကျိက ပြောနိုင်သည်။

မိုဝူကျိသည် စိတ်ထဲတွင် ဒေါသမီးတောက်နေပြီ ဖြစ်သည်။ ဤအခိုက်အတန့်၌ သူလုပ်ချင်နေသည်မှာ ဤယုမျိုးနွယ်ကို အမြစ်ပြတ်သုတ်သင် ရှင်းလင်းပစ်ရန်သာ ဖြစ်သည်။ နမြောစရာကောင်းသည်မှာ ထိုသို့လုပ်ရန် သူက အရမ်းကို အားနည်းနေသေးလွန်းသည်။

ဤသို့ တွေးရင်းဖြင့် မိုဝူကျိက လက်ခါကာ

"တာအိုရောင်းရင်းယု... သူက အစီအရင်တာအိုအကြောင်း မသိတော့ အဲ့လိုက အသုံးဝင်လိမ့်မယ်လို့ ကျုပ်တော့ မထင်ဘူး။ သူ့ကို ကျုပ်ကို အောက်ထဲ ခေါ်သွားခိုင်းလိုက်ပါ။ ကျုပ် ကိုယ်တိုင် သွားစစ်ဆေးကြည့်မယ်"

ဤနေရာတွင် သူ့ဘာသာသူ ကိုယ်လွတ်ရုန်းပြေးဖို့အထိ သူက တတ်နိုင်သေးသည်။ သူနှင့်အတူ ယွမ်မိုကိုပါ ခေါ်သွားဖို့ရန်မှာကား မဖြစ်နိုင်သည့် အိမ်မက်တစ်ခုသာ ဖြစ်ပေလိမ့်မည်။ သူက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ တပည့်ဖြစ်ကြောင်း

ထောက်ပြဖို့ရန်မှာလည်း ထိုသို့လုပ်ခြင်းက စောစောသေသွားဖို့သာ ဖြစ်စေလိမ့်မည်။ ဤမျှ ကြီးမားသော လျို့ဝှက်ချက်ကြီးတစ်ခုကို ရှာတွေ့လိုက်ပါက နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်၏ ကျောင်းတော်သခင်လောင်းပင်လျှင် နှုတ်ပိတ်ခံရမည် ဖြစ်လေရာ သူ့လို တပည့်လေး တစ်ယောက်ဆိုလျှင်ကား ပြောစရာပင် မလိုတော့ချေ။

မိုဝူကျိုက အောက်ထဲဆင်းချင်သေးသည်ကို ကြားသောအခါ သူက မျက်မှောင်ကျုံ့လိုက်သည်။ သို့သော် မိုဝူကျို၏ စောစောတုန်းက စကားများကို ငြင်းဆိုရန်မှာလည်း သူ့အတွက် ခက်နေပြန်သည်။ ဤနေရာအား ထာဝရပိတ်လှောင်ထားနိုင်မည့် ဝိညာဉ်ပိတ်လှောင်ရေး နတ်ဘုရားအစီအရင်တစ်ခု... ထိုအရာမှာ ယုမျိုးနွယ်အတွက် အလွန်အရေးကြီးနေလေ၏။

သို့မဟုတ်ပါက ယုမျိုးနွယ်သည် အစီအရင်ဆရာများကို ခဏခဏ ဆက်လက် ဖိတ်ခေါ်နေရပေလိမ့်မည်။ ရေရှည်တွင် ထိုအရာသည် သူတို့အတွက် ပြဿနာတစ်ခု ဖြစ်လာလိမ့်မည်။

ပြောရမည်ဆိုလျှင် ယုမျိုးနွယ်၏ တောင်ထဲတွင် နာမည်ကျော် အဆင့် ၄ နတ်ဘုရားအစီအရင်ဆရာများ ဆက်တိုက် ပျောက်ဆုံးနေပါက တခြားသူများက အဘယ်ကြောင့် သံသယမဝင်ဘဲ နေပါ့မည်နည်း။

အများကြီး စဉ်းစားပြီးသည့်နောက်တွင် ယုဖုန်းယွိက ခေါင်းငြိမ့်လိုက်၏။

“ကောင်းပြီလေ... ကျုပ် ယုနန်ကိုပါ ခင်ဗျားနောက် လိုက်ဆင်းခိုင်းလိုက်မယ်။ ယုနန်...”

“ရှိပါတယ်ခင်ဗျ”

လိမ္မာပါးနပ်ပုံပေါ်သော လူတစ်ယောက်က လမ်းလျှောက်လာသည်။ ဤလူကို ကြည့်ကာ မိုဝူကျိက သက်ပြင်းချလိုက်သည်။ အကြောင်းမှာ ထိုလူသည် နတ်ဘုရားအုပ်စိုးသူ အဆင့် ၁ တွင်ရှိသော ကျင့်ကြံသူတစ်ယောက် ဖြစ်နေသောကြောင့်ဖြစ်သည်။ သူက ယခင် နတ်ဘုရားအုပ်စိုးသူတစ်ယောက်ကို သတ်ဖူးသော်လည်း ထိုစဉ်က ပုံမှန်အခြေအနေမျိုး မဟုတ်ခဲ့ချေ။

"အစီအရင်ဆရာမို... ကျုပ်တို့ အရင်တုန်းက အခေါက်ရေအနည်းငယ်စာ ဆင်းကြည့်ဖူးတယ်။ ကျုပ်တို့မြင်ရတဲ့ တစ်ခုတည်းသောအရာက တစ်ခြမ်းဖြူ တစ်ခြမ်းမီးခိုးရောင် ဖြစ်နေတဲ့ ကျောက်တုံးတစ်ခုပဲ..."

ယုဖုန်းယွီသည် မိုဝူကျိအား အောက်မဆင်းရန် သိမ်းသွင်းဖို့ရာအတွက် အကောင်းဆုံး ဆက်လက်ကြိုးစားကြည့်နေသေးသည်။

မည်သူမျှ အသက်ရှင်လျက် ပြန်မထွက်လာဘူး ဟူသော သူ့အလိမ်အညာကိုကား ယုဖုန်းယွီမှာ လုံးလုံး မေ့နေပြီ ဖြစ်သည်။

မိုဝူကျိကလည်း မသိချင်ယောင်ဆောင်နေသဖြင့် သူ့အား အလိမ်ဖော် မနေတော့ပေ။

"တာအိုရောင်းရင်းယုက အစီအရင်တာအိုမှာမှ မကျွမ်းကျင်တဲ့ဟာ။ တစ်ခါတစ်လေမှာ နတ်ဝိညာဉ်စွမ်းအားက မျက်စိရှေ့မှာ ရှိနေရင်တောင် မမြင်ဘဲလွဲတတ်တယ်ဗျ။ ဒီလိုဆိုရင်ကော ဘယ်လိုလဲ... တာအိုရောင်းရင်းယုနန်ကို ကျုပ်နဲ့ ပုခုံးထိ ဆံပင်ဖားလျားချထားတဲ့ဒီလူကို အောက်ချခိုင်းလိုက်ပါ။

ဒီလူ့ဆီကနေ အသေးစိတ် အချက်အလက်တချို့ကို မေးမြန်းရှာဖွေဖို့ လိုရင်လိုနေဦးမှာ”

မိုဝူကျဲက သူ့ကို အစီအရင်တာအိုတွင် မကျွမ်းကျင်သဖြင့် လွတ်သွားသည့်ကိစ္စမျိုးရှိနေလိမ့်မည်ဟု ပြောသည်ကို ကြားသောအခါ ယုဖုန်းယွိမှာ ဒေါသပွနေသည်။ ထို့နောက်တွင် မိုဝူကျဲတွင် နောက်ထပ်ရက်အနည်းငယ်သာ အသက်ရှင်နိုင်တော့မည့်အကြောင်း တွေးမိကာ သူက သူ့စိတ်သူ ပြန်ထိန်းလိုက်သည်။

“ကဲ ဒါဆို သွားကြရအောင်”

ထိုသို့ပြောပြီးနောက် မိုဝူကျဲက အရင်ခုန်ချလိုက်သည်။ သူက ယုနန်သည် ယွမ်မိုအား သူနှင့်အတူ ခေါ်လာလိမ့်မည်ဟု ယုံကြည်သည်။

မိုဝူကျဲ၏ ခန့်မှန်းချက်အတိုင်းပင် ယုနန်သည် ယွမ်မိုကို ဆွဲခေါ်ကာ မိုဝူကျဲနောက် ထပ်ကျပ်မကွာ နတ်ဘုရားဝိညာဉ်စွမ်းအား ဝဲကတော့ထဲသို့ ခုန်ဆင်းလိုက်သည်။

သူ့တာဝန်မှာ အလွန်ရိုးရှင်းသည်။ မိုဝူကျဲအား စောင့်ကြည့်ရန်သာ ဖြစ်သည်။

ကြီးမားသော ဝဲကတော့စွမ်းအားတစ်ခုကို ခံစားလိုက်ရပြီး သူ၏စိတ်စွမ်းအားသည် နေးကွေးလေးကန်လာကာ မိုဝူကျိ၏ ဝိဇ္ဇာကိုယ်ထည်ပင်လျှင် မသက်မသာခံစားလိုက်ရသည်။

ကံကောင်းစွာပင် မိုဝူကျိ၏ ဝိညာဉ်သိုလှောင်ရေးလမ်းကြောင်းသည် အချိန်မှီ စတင်လည်ပတ်လာကာ တစ်လျှောက်လုံး အသိမလွတ်ဘဲ နေနိုင်လိုက်လေသည်။

မိနစ်အနည်းငယ် ကြာပြီးနောက် မိုဝူကျိသည် ခြေအစုံဖြင့် မြေကြီးပေါ်သို့ ဆင်းသက်လိုက်သည်။ အင်မတန်ကြီးမားသော တစ်ခြမ်းဖြူ တစ်ခြမ်းမီးခိုးရောင် ဖြစ်နေသော ကျောက်တုံးရင်ပြင်ကြီးတစ်ခုက တကယ် တည်ရှိနေလေသည်။

ရင်ပြင်ပေါ်သို့ မိုဝူကျိ ဆင်းသက်လိုက်သည့်အခိုက် သူက အစီအရင်အလံ ဆယ်ခုကျော်ကို ချက်ချင်း ပစ်လွှတ်လိုက်ပြီး သူ၏လခြမ်းကွေး ပုဆိန်လှံရှည်ကို ဆွဲထုတ်လိုက်သည်။

သူ ဤသို့ လုပ်ပြီးသည်နှင့် ယုနန်က ယွမ်မိုနှင့် ဆင်းသက်လာ၏။ ယုနန် မြေပေါ်ရောက်သည်အထိ မစောင့်တော့ဘဲ မိုဝူကျိက လှံချက်တစ်ချက်ကို ယုနန်ဆီ လှမ်းရိုက်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူက ယုနန်၏ ရင်ဘက်ဆီသို့ မမြင်နိုင်သည့် လက်သကော်တတစ်ခုကို ရိုက်ထုတ်လိုက်၏။

သေရေးရှင်ရေး ကံကြမ္မာစက်ဝန်းသည် မိုဝူကျို၏ အကောင်းဆုံး အလစ်ဖမ်းတိုက်ကွက်အဖြစ် သတ်မှတ်နိုင်သည့် သဏ္ဍာန်မဲ့ အချိန်စည်းမျဉ်းတစ်ခုကိုပါ ခေါ်ဆောင်လာလေသည်။

ယွမ်မိုကို ဆွဲချုပ်ထားသော ယုနန်သည် ရင်ပြင်ပေါ်သို့ ဆင်းပင် မဆင်းသက်ရသေးခင် သေစေလောက်သည့်စွမ်းအားကြီးတစ်ခုက သူ့ဆီ တရှိန်ထိုးရောက်ရှိလာမှန်း ခံစားနိုင်လိုက်သည်။ သူက မိုဝူကျိုသည် သူ့အား အလစ်ဖမ်းတိုက်ခိုက်လိမ့်မည်ဟု မထင်ထားချေ။ အကြောင်းမှာ ကောင်းကင်နတ်ဘုရားတစ်ယောက်က နတ်ဘုရားအုပ်စိုးသူ တစ်ယောက်အား ဘယ်လိုလုပ်များ အလစ်ဖမ်း တိုက်ခိုက်ရဲပါလိမ့်မည်နည်း။

အလွန်တိုတောင်းလှသော စက္ကန့်လေးအတွင်း ယုနန်သည် မိုဝူကျိုက သူ့အတွက် အလစ်ချောင်းတိုက်ခိုက်ရန် စောင့်နေမှန်း အတည်ပြုလိုက်သည်။ ဤအခြေအနေ အချိန်အခါတွင် သူ၏ ကမ္ဘာဦးဝိညာဉ်မှာ နေ့းကွေးလေးကန်နေသည့်အနေအထား၌

ရှိနေသည်။ ဤကဲ့သို့အခြေအနေမျိုးတွင် ကောင်းကင်နတ်ဘုရားတစ်ယောက်က သူ့အား အောင်မြင်စွာ အလစ်ဖမ်းတိုက်ခိုက်ရန် လုံးဝမဖြစ်နိုင်သည်တော့ မဟုတ်ချေ။

ယုနန်သည် ယွမ်မို၏ သေခြင်း၊ ရှင်ခြင်းကို ဂရုစိုက်မနေအားဘဲ သူက သူ့အား တစ်ဖက်သို့ ပစ်လွှတ်ပစ်လိုက်သည်။ ထို့နောက် သူက သူ၏နတ်သဘာဝစွမ်းအားကို အရှိန်ပြင်းပြင်း လောင်ကျွမ်းစေလိုက်ကာ ဝဲကတော့စိတ်စွမ်းအား၏ အချုပ်အနှောင်မှ လွတ်မြောက်ရန် ကြိုးစားလိုက်သည်။

သိပ်မကြာခင်ပင် သူ၏ ပတ်ဝန်းကျင်ရှိ အာကာပြင်မှာ စတင်စေးပျစ်လာသဖြင့် ယုနန်သည် တစ်စုံတစ်ခု မှားယွင်းနေကြောင်း ခံစားလိုက်ရသည်။ အချိန်တွေ နှေးကွေးနေသယောင် ထင်ရကာ တစ်စက္ကန့်လေးကိုပင် တစ်ရာစုလောက် ကြာနေသည်ဟု ခံစားလိုက်ရသည်။

ထိုတိုတောင်းလွန်းသောစက္ကန့်လေးသည် သေရေးရှင်ရေး ကံကြမ္မာစက်ဝန်းအတွက် လုံလောက်နေလေပြီ။ မီးခိုးနှင့်အဖြူ စက်ဝန်းရာက ယုနန်၏ကိုယ်ပေါ်သို့ ကျရောက်သွားသည်။ မရဏစွမ်းအားက ယုနန်၏ ကိုယ်အနှံ့ ရစ်ပတ်လွှမ်းခြုံကာ သူ၏

အသက်ခေတ်မှာ သေရေးရှင်ရေး ကံကြမ္မာ စက်ဝန်း၏ စုပ်ယူခြင်းကို ခံနေရလေသည်။ မိုဝူကျိဆီမှ လှုပ်ရှားမှုတစ်စုံတစ်ရာ မရှိပါဘဲနှင့် သေရေးရှင်ရေး ကံကြမ္မာ စက်ဝန်းသည် ယုနန်၏ အသက်ခေတ်ကို အရှိန်ပြင်းစွာ စုပ်ယူနေပြီ ဖြစ်သည်။

"မင်းကများ ငါ့ကို အလစ်တိုက်ရဲတယ်ပေါ့"

ယုနန်က မိုဝူကျိအား ဒေါသတကြီး စိုက်ကြည့်လိုက်သည်။

ယုနန်က ထိုစကားများကို ပြောလိုက်ရုံရှိသေးစဉ် မိုဝူကျိ၏ လခြမ်းကွေးပုဆိန်လှံရှည်က ပက်ခနဲ သွေးမြူတစ်ကွက်ကို ထွက်သွားစေလိုက်သည်။ ယုနန်၏ စွမ်းအားဗဟိုချက်နှင့် ဝိညာဉ်လမ်းကြောင်းများမှာ အပြီးအပိုင် ဖျက်ဆီးခံလိုက်ရသည်။

"ကျုပ် မင်းကို တကယ့်ကို ပိုတွက်မိသွားတာပဲ။ နတ်ဘုရားအုပ်စိုးသူတစ်ယောက်က လုံးဝကို ပြန်မခုခံနိုင်ပါလား"

မိုဝူကျိက ယုနန်အား အဆုံးသတ်လိုက်ပြီးနောက် အထင်သေးစွာ ပြောလိုက်သည်။

နောက်ဆုံးထွက်သက်လေးသာ ကျန်တော့သော ယုနန်မှာ အလွန်အမင်း ဒေါသထွက်နေသည်။ သူ၏ စိတ်စွမ်းအားနှင့် သဘာဝစွမ်းအားတို့မှာ အစောပိုင်းဝဲကတော့၏ အထိန်းအချုပ်ကို ခံထားရသည်။ မိုဝူကျိသည် သူ့အား စက်ဆုပ်ဖွယ်ကောင်းစွာ အလစ်ဖမ်းတိုက်သည့်အပြင် အာကာပြင်အချုပ်အနှောင် အစီအရင်ကိုပင် ခင်းကျင်းထားသေးသည်။ ဤအချိန်တွင် သူက သူ့အား အားနည်းသည်ဟုပင် ကဲ့ရဲ့ပြောဆိုနေသေးသည်။ လူတစ်ယောက်က ဘယ်လိုလုပ် ဤမျှစက်ဆုပ်စရာ ကောင်းနေရသနည်း။

မိုဝူကျိသည် ယုနန်အား စကားဆက်ပြောရန် စောင့်မနေဘဲ သူက အစီအရင်အလံအနည်းငယ်ကို ထပ်ပြီး ပစ်လွှတ်လိုက်၏။ သူက ထိုနောက်ဆုံးအသက်ခတ်လေးကို သူစောစောက ခင်းကျင်းထားသော အစီအရင်အတွင်း ပိတ်လှောင်နိုင်လိုက်သည်။

ဘေးတွင် ကျရောက်နေသော ယွမ်မိုက မိုဝူကျိအား တအံ့တဩ ကြည့်လိုက်သည်။ သူက မိုဝူကျိသည် အဘယ်ကြောင့် ယုနန်အား သတ်ချင်ရသနည်းကို လုံးလုံး မစဉ်းစားတတ်ချေ။

မိုဝူကျိက သူ့မျက်နှာဖုံးကို ချွတ်ကာ ယွမ်မို၏ ပါးစပ်ထဲသို့ ကုသဆေးလုံးတစ်လုံး ထည့်လိုက်ပြီးမှ စကားပြောလိုက်သည်။

“ ယွမ်မို… မင်း ဘယ်လိုလုပ်ပြီး ဒီလိုအခြေအနေမျိုးကို ရောက်သွားရတာလဲ”

“ ဝူကျိ… မင်း ဘယ်လိုလုပ် ဒီရောက်နေတာလဲ”

ယွမ်မိုက အလွန်အံ့အားသင့်သွားပုံ ပေါ်ကာ သူက ယုနန် အဘယ်ကြောင့် လုပ်ကြံခံရသနည်းကို နောက်ဆုံးတွင် သဘောပေါက်သွားတော့သည်။

နောက်ခဏအကြာတွင် သူ၏ နတ်သဘာဝစွမ်းအား ပြန်လည် စတင်လည်ပတ်လာပုံနှင့် သူ၏ ဒဏ်ရာများ လျင်မြန်စွာ ပျောက်ကွယ်သွားပုံတို့ကိုကြည့်ကာ သူက အံ့ဩသွားသည်။

အမွှေးတိုင်တစ်ဝက်စာ ကြာပြီးနောက် ယွမ်မိုက မျက်လုံးများကို ဖွင့်လိုက်သည်။ သူ့ဒဏ်ရာများမှာ လုံးဝ အရှင်းပျောက်သွားပြီဖြစ်ကာ သူ့ကျင့်ကြံဆင့်မှာ အနည်းငယ်ပင် ပို၍ သန့်စင်သွားလေသည်။ ဤကဲ့သို့ ကမ္ဘာဦးနတ်ဝိညာဉ်စွမ်းအားရှိသော နေရာမျိုးတွင် ပြန်လည်ကုစားခြင်းသည် ကျင့်ကြံဆင့်တွင် သိသိသာသာ

တိုးတက်လာစေလေ၏။ အကယ်၍ ယုမျိုးနွယ်တွင် ယွမ်မို၏ ဝိညာဉ်ကို ထုတ်ယူနိုင်သည့် နတ်ဘုရားဘုရင်တစ်ယောက် ရှိမနေသည့်အချက်ကြောင့်သာ မဟုတ်ပါက ယွမ်မိုသည် ယနေ့အထိပင် အသက်ရှင်ချင်မှ ရှင်နိုင်ပေလိမ့်မည်။

ယွမ်မိုက မေးခွန်းများ ဆက်လက်မေးချင်သေးသည်ကို သတိပြုမိသဖြင့် မိုဝူကျိုက ယွမ်မိုအား ဆက်မမေးရန် သူ့လက်ကို အမြန်ထုတ်တားလိုက်သည်။

“အရင်ဆုံး မင်း ဘယ်လိုလုပ် ဒီရောက်နေရတာလဲနဲ့ စကြဝဠာအစွန်းမှာ အခု ဘယ်လို အခြေအနေရှိနေလဲဆိုတာ ကျုပ်ကို ပြောပြ”

ယွမ်မိုက ယုနန်အား လက်ညိုးထိုးပြကာ ပြောလိုက်သည်။

“ဒီကောင့်ကို အရင် ရှင်းပစ်လိုက်ရအောင်။ တော်ကြာ ကျုပ်တို့ပြောတာတွေ သူကြားသွားဦးမယ်”

ထိုသို့ဆိုသဖြင့် မိုဝူကျိုက အသံလုံ ကန့်သတ်ချက်တစ်ခုကို ကန့်သတ်လိုက်သည်။

“အခု ပြောလို့ရပြီ။ ဒီကောင့်ကိုတော့ အခု သတ်လို့မရသေးဘူး။ သူ့ကို သတ်လိုက်ရင် ယုဖုန်းယွိဆိုတဲ့ဘိုးတော်ကို အသိပေးသလို ဖြစ်သွားလိမ့်မယ်”

ယုနန်သည် ယုမျိုးနွယ်၏ နတ်ဘုရားအုပ်စိုးသူ ကျင့်ကြံသူ ဖြစ်ရာ သူ၏ ဝိညာဉ်ကျောက်ပြား မရှိဘူးဟု ပြောလျှင်ပင် မိုဝူကျိက ယုံလိမ့်မည်မဟုတ်ပေ။

ယွမ်မို၏ မျက်လုံးများမှာ နီရဲလာကာ သူက ပြောလိုက်သည်။

“ဝူကျိ… ငါ မင်းကို စိတ်ပျက်စေမိတဲ့အတွက် တောင်းပန်ပါတယ်ကွာ။ စကြေဝဠာအစွန်းလည်း သွားပြီ ထင်တယ်”

“ ယွမ်မို… ဖြည်းဖြည်းချင်း ပြောပြကွာ”

ယွမ်မိုမှာ မည်သို့သောသူမျိုးမှန်း သိသဖြင့် မိုဝူကျိ၏ ရင်ထဲ လေးသွားသည်။ အကယ်၍ အရေးကြီးသည့်ကိစ္စ သို့မဟုတ် လေးနက်သည့်ကိစ္စ မဟုတ်ပါက သူက မိုဝူကျိအား စိတ်ပျက်စေမိပြီဟု ပြောလိမ့်မည်မဟုတ်ပေ။ ယွမ်မိုသည် သူ့အား စိတ်ပျက်စေသည့်ကိစ္စမျိုး လုပ်လိမ့်မည်မဟုတ်ကြောင်း သူက

ယုံကြည်သည်။ ထို့ကြောင့် မိုဂူကျိက သူ့အား ယုံကြည်ကြောင်း သက်သေပြရန် ယွမ်မိုအား မိုကြီးဟု ပြောင်းခေါ်လိုက်သည်။

ယွမ်မိုက ခေါင်းငြိမ့်ကာ အသက်ပြင်းပြင်း ရှူလိုက်၏။

"မင်းထွက်သွားပြီးတဲ့နောက် နှစ်နည်းနည်းကြာတော့ မင်းရဲ့မိန်းမ စုယင်ရယ် လင်းဂူရယ် စကြဝဠာအစွန်းကို ရောက်လာတယ်..."

"စုယင်နဲ့ လင်းဂူတို့က စကြဝဠာအစွန်းကို သွားခဲ့တာလား"

မိုဂူကျိက အံ့အားလွန်းစွာ မေးလိုက်သည်။ သူ စုယင်ကို စိတ်အပူဆုံးဖြစ်သော်လည်း သူမအကြောင်း မည်သည့်သတင်းမျှ ကြားခွင့် မရခဲ့ချေ။

## အခန်း(၁၀၂၃) : မထွက်ခွာမီ

ယွမ်မိုက ခေါင်းငြိမ့်ကာ

"စကြဝဠာအစွန်းမှာ ငါ ရှိနေတဲ့အပြင် ဂျူနီယာညီမလေး ဝမ်လန်လည်း ရှိနေတော့ စုယင်နဲ့လင်းဂူတို့က စကြဝဠာအစွန်းမှာပဲ ကျင့်ကြံနေကြတာ .. ဘယ်သူကမှ

ဘာမှမပြောရဲပါဘူး။ စုယင်နဲ့လင်းဂူတို့ရဲ့ ပါရမီက အရမ်းကောင်းတဲ့အပြင် အစိမ်းရောင်ကျောက်တွေလည်း အများကြီးရှိတော့ သူတို့နှစ်ယောက်စလုံးရဲ့ ကျင့်ကြံဆင့်တွေက မြန်မြန်ဆန်ဆန်ကြီးကို တိုးတက်သွားတယ်။ ဒါပေမဲ့ နည်းနည်းကြာလာတဲ့အခါမှာ စုယင်က မင်းကို အရမ်းလွမ်းလာတာနဲ့ မင်းကို ရှာဖို့ဆိုပြီး အင်မော်တယ်ကမ္ဘာဆီ သွားဖို့ ဆုံးဖြတ်လိုက်တယ်။ အဲ့ဒီအချိန်မှာပဲ စကြဝဠာနံရံရဲ့ အာကာပြင်လမ်းကြောင်းက ပွင့်လာတယ်လေ”

“ကောင်းကင်ဘုံအလွှန် စကြဝဠာနံရံရဲ့ အာကာပြင်လမ်းကြောင်းလား”

**နတ်ဘုရားကမ္ဘာက လူတွေက စကြဝဠာအစွန်းထဲကိုဝင်ဖို့ စကြဝဠာနံရံလမ်းကြောင်းကို အသုံးပြုခဲ့သည်များလား…**

ယွမ်မိုက ခေါင်းငြိမ့်ကာ

“ဟုတ်တယ်… စကြဝဠာအစွန်းက အဆင့်မြင့်ကျင့်ကြံသူ တော်တော်များများက စကြဝဠာနံရံလမ်းကြောင်းထဲ ဝင်ခဲ့ကြတယ်။ အဲ့ဒီနေရာကနေ ပြန်ထွက်လာတဲ့ အဆင့်မြင့် ကျင့်ကြံသူတွေက နတ်ဘုရားသလင်းကျောက်အစစ်တွေ

အများကြီးပဲ ရလာကြတယ်။ အဲ့ဒါကြောင့်မို့လို့ ကျင့်ကြံရေးအရင်းအမြစ်တွေ တိုးပွားလာပြီး ကျင့်ကြံဆင့်တွေ မြန်မြန် တိုးတက်လာကြတယ်။ စုယင်နဲ့လင်းဂူတို့က အင်မော်တယ်ကမ္ဘာကို ပြန်သွားချင်ကြတာဆိုတော့ သူတို့ကလည်း သူတို့ရဲ့ကျင့်ကြံဆင့်ကို အရမ်းကို တိုးတက်ချင်နေကြတယ်လေ။ သူတို့ရဲ့ကျင့်ကြံနှုန်းကို မြန်တယ်လို့ ပြောလို့ ရနေပြီဆိုပေမဲ့ သူတို့က အဲ့ဒါကို နှေးလွန်းတယ် ထင်နေကြတုန်းပဲ"

"သူတို့ကပါ စကြဝဠာနံရံလမ်းကြောင်းထဲကို ဝင်သွားလိုက်တာလား"

မိုဝူကျို၏ ရင်ထဲတွင် အံ့သြတုန်လှုပ်သွားသည်။ ထိုနေရာမှာ သွားလည်၍ ကောင်းသော နေရာမဟုတ်ပေ။ ထိုနှစ်တွေတုန်းက မိုဝူကျိုသည် ထိုနေရာသို့ တစ်ခါ သွားဖူးသည်။

ယွမ်မိုက သက်ပြင်းချကာ

"ဟုတ်တယ်... ဂျူနီယာညီမလေးဝမ်လန်က သူတို့ကို စိတ်ပူလို့ အတူလိုက်သွားတယ်။ နောက်ဆုံးမှာတော့ အဲ့ကိုသွားပြီးနောက် သူတို့ ၃ ယောက်ထဲက ဘယ်သူမှ ပြန်မထွက်လာတော့ဘူး။

နောက်ကျတော့ လူတစ်ယောက်က လမ်းကြောင်းထဲကို ထပ်သွားခဲ့ပြီး ပျောက်သွားတယ်လို့ သိကြရပြန်တယ်။ ငါကိုယ်တိုင် လမ်းကြောင်းထဲ ဝင်မို့လို့ လုပ်နေတဲ့အချိန်မှာပဲ စကြဝဠာအစွန်းမှာ ကိစ္စတစ်ခု ဖြစ်ပျက်သွားခဲ့တယ်”

“ဘာဖြစ်ခဲ့တာလဲ”

မိုဝူကျိမှာ ပို၍ ပို၍ စိတ်ပူလာလေသည်။ စကြဝဠာအစွန်းတွင် မကောင်းတာ တစ်ခုခုများ ဖြစ်ပျက်ခဲ့ပါက အင်မော်တယ်ကမ္ဘာတွင်လည်း တစ်ခုခု ဖြစ်ပျက်လိမ့်မည်ဟု ဆိုလိုနေသည် မဟုတ်ပါလော။ ထိုနှစ်တွေတုန်းက သူသည် အရမ်းအားနည်းနေသေးကာ စကြဝဠာအစွန်းမှ အင်မော်တယ်ကမ္ဘာသို့ ဝင်ရန် တားဆီးထားသည့် အဟန့်အတားကို ထိုးဖောက် မဝင်ရောက်နိုင်ခဲ့ပေ။ သူ့ထက်များစွာ အားပိုကောင်းသော တစ်စုံတစ်ယောက်ကသာ ထိုနေရာတွင် ပေါ်လာခဲ့ပါက မည်သို့ ဖြစ်သွားမည်နည်း။

“နတ်ဘုရားမျိုးနွယ်ရဲ့ ထိပ်တန်း အဆင့်မြင့်ကျင့်ကြံသူတွေ နတ်ဘုရားချောက်ကမ်းပါး ကုန်းမြေထဲမှာ ရုတ်တရက်ကြီး ပေါ်လာကြတယ်။ အဲ့ဒီလူတွေက နတ်ဘုရားချောက်ကမ်းပါး

ကုန်းမြေထဲက တခြားကျင့်ကြံသူတိုင်းကို သတ်ဖြတ်ခဲ့ကြတယ်။ သူတို့က သတ်ရင်းဖြတ်ရင်းနဲ့ စကြဝဠာအစွန်းထိ ရောက်လာကြတယ်။ စကြဝဠာအစွန်းက နတ်ဘုရားမျိုးနွယ်နဲ့ တိုက်ခိုက်ဖို့ထိ အားမကောင်းဘူး ဖြစ်နေတယ်။

အားလုံးက သူတို့ရဲ့အင်မော်တယ်နယ်မြေဆီကို ပြန်ဆုတ်လာကြပြီး သူတို့ရဲ့ကမ္ဘာကို ပိတ်ပစ်လိုက်ဖို့ နည်းလမ်းတွေကို စဉ်းစားခဲ့ကြတယ်။ အဲ့ဒီတုန်းက ငါက ကောင်းကင်ဘုံအလွန်မှာ စကြဝဠာနံရံပေါ်လာဖို့အတွက် စောင့်နေတာ။ အဲ့ဒီနတ်ဘုရားမျိုးနွယ်က ထိပ်တန်းအဆင့်မြင့်ကျင့်ကြံသူတွေ ရောက်လာကြောင်း သိလိုက်ရတော့ ငါ စကြဝဠာအစွန်းကို ကူညီဖို့ အမြန်သွားခဲ့တယ်…”

ယွမ်မိုက ပြောနေရင်းဖြင့်ပင် သူ့လေသံမှာ တဖြည်းဖြည်း ပိုပိုလေးနက်လာပြီး

“ငါ မထင်မှတ်ထားတာက စကြဝဠာအစွန်းကို မပြန်နိုင်ခင်မှာပဲ နတ်ဘုရားမျိုးနွယ်စုဝင်တွေက ကောင်းကင်ဘုံအလွန်အထိ သတ်ရင်းဖြတ်ရင်း ရောက်လာကြတာကိုပဲ။ ငါ

ရင်ဆိုင်တိုက်ခိုက်ခဲ့ရတဲ့သူက ရုပ်ရည်သန့်သန့် ခပ်ချောချော တစ်ယောက် .... ပြောရမယ်ဆို ငါက အင်မော်တယ်ကမ္ဘာအရ ပြောရမယ်ဆိုရင် ထိပ်တန်းအဆင့် အင်မော်တယ်ဧကရာဇ်တစ်ယောက် ဖြစ်သလို ထိပ်တန်းအဆင့် တာအိုဧကရာဇ်တစ်ယောက် ဆိုပေမဲ့လည်း ဒီခပ်ချောချောကောင်ရဲ့ ရှေ့လည်းရောက်ရော ငါ သူ့ရဲ့ ရိုက်ချက်တစ်ကွက်ကိုတောင် မခုခံနိုင်လိုက်ဘူး။ ကံကောင်းတာက အဲ့ဒီအချိန်မှာပဲ စကြဝဠာနံရံက ပွင့်လာတယ်... အဲ့ကောင် စကြဝဠာနံရံကနေ ရတနာတွေ အများကြီးပြုတ်ကျလာတာကို အံ့သြနေတုန်း အခွင့်အရေးကို အသုံးချပြီး ငါထွက်ပြေးလာခဲ့တာ.... ”

“ပြီးတော့ရော မင်း ဘယ်လိုလုပ် ဒီရောက်လာတာလဲ”

မိုဝူကျိုက သိချင်ဇောနှင့် မေးလိုက်သည်။

ယွမ်မိုက ဖြေလိုက်သည် “အစောပိုင်းမှာ အဲကောင်က ငါ့နောက်ကို လိုက်လာလိမ့်မယ်လို့ ထင်ထားတာ။ ဒါပေမဲ့ သူက လိုက်မလာဘူး။ အဲ့ဒီအခြေအနေမှာပဲ အာကာပြင် အစီအရင်တံခါးပေါက်တစ်ခုက ရုတ်တရက်ကြီး ရှေ့တည့်တည့်မှာ

ပေါ်လာတယ်။ သိပ်စဉ်းစားမနေဘဲ ငါ အဲ့ဒီအာကာပြင်အစီအရင်တံခါးထဲ ချက်ချင်း တိုးဝင်လိုက်တာပဲကွာ ...”

“ပြီးတော့ ဒီရောက်လာတာလား”

ယွမ်မိုက ခေါင်းခါကာ

“မဟုတ်ဘူး... သတ္တကမ္ဘာကျောက်တုံး လို့ ရေးထွင်းထားတဲ့ ရောမကျောက်တုံးကြီးတစ်ခုပေါ် ရောက်သွားတယ်”

“သတ္တကမ္ဘာကျောက်တုံးကို မြင်ခဲ့တယ်လား”

မိုဝူကျိုက အလွန်အမင်း အံ့ဩစွာ မေးလိုက်သည်။ သတ္တကမ္ဘာကျောက်တုံးကို ရောက်သွားသည်နှင့် အင်မော်တယ်ကမ္ဘာသို့ ပြန်လို့ရနိုင်လိမ့်မည်ဖြစ်ကြောင်း မိုဝူကျိုက သိထားသည်။

ယွမ်မိုက ခေါင်းငြိမ့်ကာ

“ဟုတ်တယ်... အဲ့ဒါက သတ္တကမ္ဘာကျောက်တုံးပဲ။ သတ္တကမ္ဘာကျောက်တုံးပေါ်မှာ မည်းမှောင်နေတဲ့ အာကာပြင်ဝင်ပေါက် ၇ ခုကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရတယ်။

ငါလဲ ခဏလောက် တွေဝေနေပြီးမှ နောက်ကနေ ဟိုကောင် လိုက်လာမှာစိုးတာနဲ့ လမ်းကြောင်းတစ်ခုကို ရွေးပြီး ဝင်လာလိုက်တာ။ အဲ့လိုနဲ့ ဒီကို ရောက်လာတာပဲ”

မိုဝူကျိက ယခုမှ အဖြစ်အပျက်များကို သဘောပေါက်သွားသည်။ သတ္တကမ္ဘာကျောက်တုံးတွင် ကောင်းကင်ဘုံအလွှန်ဆီသို့ ဦးတည်နေသော အာကာပြင်လမ်းကြောင်းတစ်ခု ရှိသည်မှာ တကယ် ဖြစ်သည်။ ထိုနှစ်တွေတုန်းက ကောင်းကင်ဘုံအလွှန်သို့ ရောက်အောင် သတ္တကမ္ဘာကျောက်တုံးကို သူ အမြဲအသုံးပြုခဲ့ရသည်။ ယွမ်မို၏ ရှင်းပြချက်အရဆိုပါက သတ္တကမ္ဘာကျောက်တုံးမှ ကောင်းကင်ဘုံအလွှန်သို့ သွားသည့် လမ်းကြောင်းမှာ ပုံသေဖြစ်သွားပြီဟု မိုဝူကျိက သံသယဝင်မိသည်။

ဆိုလိုသည်မှာ အာကာပြင်အစီအရင်တံခါး ပေါ်လာပါမှသာ ကောင်းကင်ဘုံအလွှန်၏ မှော်အကွာရာမှ သတ္တကမ္ဘာကျောက်တုံးဆီသို့ ဦးတည်သွားနိုင်လိမ့်မည်ဟူ၍ ဖြစ်သည်။ ဤသို့ဖြစ်နိုင်ချေမှာ အရမ်းကို နည်းလွန်းသည်။ ကောင်းကင်ဘုံအလွှန်ဆီသို့ ပြန်သွားသော

အာကာပြင်လမ်းကြောင်းကို မရွေးမိသဖြင့် ယွမ်မို၏ ကံမှာ မဆိုးလှချေ။

ယွမ်မိုက ဆက်ပြောလိုက်သည်မှာ

"ဒီရောက်ပြီးတော့ ဒီမှာရှိနေတဲ့ သိပ်သည်းတဲ့ နတ်ဝိညာဉ်စွမ်းအားကြောင့် အံ့သြသွားရတယ်။ အဲ့ဒါအပြင်ကို ဒီ နတ်ဝိညာဉ်စွမ်းအားက ကမ္ဘာဦးစွမ်းအားတစ်မျိုးကိုပါ ရှိနေသေးတယ်။ အဲ့ဒါနဲ့ ဒီမှာ မြန်မြန် စတင်ကျင့်ကြံလိုက်တယ်။ ရက်နည်းနည်းလေးနဲ့တင် ငါရဲ့အိမ်မက်နယ်ပယ်ကို အာရုံခံနိုင်လိုက်တယ်။ အဲ့ဒါက တာအိုကေရာဇ်ထက် သေချာပေါက် အများကြီး ပိုပြီးမြင့်တယ်လေ။ ဒါနဲ့ပဲ ငါလည်း တွေဝေမနေဘဲ တက်လှမ်းဖို့ ဆုံးဖြတ်လိုက်တယ်"

မိုဝူကျိသည် ယွမ်မို၏ ကနဦးနတ်ဘုရားအဆင့်သို့ တက်လှမ်းရန် ဆုံးဖြတ်ချက်က ယုမျိုးနွယ်အား သတိပေးသလို ဖြစ်သွားမည်မှန်း တွက်ဆကာ သက်ပြင်းသာ ချလိုက်၏။

**အမှန်ပင်...**

ယွမ်မိုက သက်ပြင်းချရင်း တုံ့ပြန်လိုက်သည်မှာ

“ ငါ ရုတ်တရက် အဆင့်တက်သွားတာက ဒီကာကွယ်ရေးအစီအရင်ကို ဖျက်ဆီးပစ်မယ့် မိုးကြိုးစမ်းသပ်ချက်ကို ဖြစ်စေလိုက်မယ်လို့ ထင်မထားမိဘူး။ ဒီနေရာက နတ်ဝိညာဉ်စွမ်းအားတွေ ချက်ချင်း စိမ့်ထွက်လာပြီး ငါ့ကို သူတို့ တွေ့သွားကြတယ်”

မိုဝူကျိုက အံ့သြမနေတော့ပေ။ မိုဝူကျိုသည် သတ္တကမ္ဘာကျောက်တုံးအား ထိုနေရာတွင် မည်သူလာထားသွားမှန်း မတွေးတတ်ချေ။ နှစ်တွေအများကြီး ကြာပြီးသည့်နောက်တွင် ကာကွယ်ရေးအစီအရင်မှာ အားနည်းနေလောက်ပြီ ဖြစ်သည်။ ထို့ကြောင့်သာ ယွမ်မို၏ မိုးကြိုးစမ်းသပ်ချက်က ထိုအစီအရင်ကို ဖျက်ဆီးပစ်နိုင်လိုက်ခြင်း ဖြစ်သည်။

“ဝူကျို… ငါတို့ ဒီနေရာမှာ အကြာကြီး နေလို့ မဖြစ်ဘူး။ ဒီမှာ ဆက်နေနေမယ်ဆိုရင် ယုမျိုးနွယ်က သေချာပေါက် ရိပ်မိသွားလိမ့်မယ်”

ယွမ်မိုက ထပ်ပြောလိုက်သည်။

“ခဏလောက် စောင့်ဦး… တစ်ချက် ကြည့်ကြည့်လိုက်ဦးမယ်”

မိုဝူကျိုက တုံ့ပြန်လိုက်၏။

မိုဝူကျို ယခု ဖြစ်ချင်နေသည်မှာ ယုမျိုးနွယ်အား သူတို့၏ ဝိညာဉ်ပိတ်လှောင်ရေး အစီအရင် ခင်းကျင်းပေးရန်မဟုတ်ဘဲ စကြဝဠာအစွန်းသို့ ပြန်သွားပြီး ထိုမှတဆင့် စကြဝဠာနံရံသို့ ပြန်ရန် ဖြစ်သည်။ ထို့အပြင် နတ်ဘုရားမျိုးနွယ်မှ အဆင့်မြင့်ကျင့်ကြံသူများ စကြဝဠာအစွန်းသို့ ရောက်လာနိုင်သည့် နည်းလမ်းအား သူက တကယ် အဖြေရှာချင်မိသည်။

မိုဝူကျိုက ဝိညာဉ်သိုလှောင်ရေး လမ်းကြောင်းကို သုံးကာ ပတ်ဝန်းကျင်ကို စစ်ဆေးကြည့်လိုက်ပြီး ဤနေရာတွင် တခြားထူးထူးခြားခြား ဘာမှမရှိကြောင်း သိလိုက်သည်။ အမှန်ပင် မီးခိုးရောင်နှင့်အဖြူရောင် ရောနေသော ရောမကျောက်တုံးကြီးတစ်ခုသာ ရှိနေကာ တခြားဘယ်အရာကိုမျှ သဲလွန်စရှာမတွေ့ချေ။

ဝိညာဉ်သိုလှောင်ရေး လမ်းကြောင်းက မည်သည့်အရာကိုမှ သတိမပြုမိသော်လည်း မိုဝူကျိုတွင် စိတ်ဝိညာဉ်မျက်လုံး ရှိသေးသည်။ သူ၏ ကျင့်ကြံဆင့်နှင့် အစီအရင် တာအိုအဆင့်မှာ

နိမ့်ကောင်းနိမ့်နိုင်သော်လည်း သူ့တွင် နည်းလမ်းများ လုံးဝမရှားပါးပေ။

ကောင်းကင်နတ်ဘုံရားအဆင့် ၂ ထိ ကျင့်ကြံပြီးပြီဖြစ်ရာ မိုဝူကျို၏ စိတ်ဝိညာဉ်မျက်လုံးမှာ ပို၍ပင် အစွမ်းထက်လာလေသည်။ သူ၏ စိတ်ဝိညာဉ်မျက်လုံးကို အသက်သွင်းလိုက်သည့်နှင့် တစ်ပြိုင်နက် ရောမကျောက်တုံးကြီး ပတ်ပတ်လည်ရှိ အရာအားလုံးနှင့် ၎င်း၏ အစွန်အဖျားနားတွေထိပါ အသေးစိတ် ပေါ်လာလေသည်။

သိပ်မကြာခင်ပင် မိုဝူကျိုသည် ကျောက်တုံး၏ အောက်ခြေ၌ သိသာသော အမှတ်အသားတစ်ခုကို တွေ့သွားသည်။ ထိုနေရာမှာ သိပ်သည်းသော နတ်ဝိညာဉ်စွမ်းအားတို့ စိမ့်ထွက်နေသော နေရာ ဖြစ်နေ၏။

မိုဝူကျိုက ချက်ချင်းပင် အစီအရင်အလံ ဆယ်ခုကျော်ကို ပစ်လွှတ်လိုက်သည်။ သူက အဆင့် ၅ နတ်ဘုရားအစီအရင်ဘုရင် ဖြစ်လေရာ ထိုအလံများကို ပစ်လွှတ်လိုက်သည့်အချိန်တွင် မိုဝူကျို၏ရှေ့၌ သိသာထင်ရှားသော နတ်ဝိညာဉ်သွေးကြော အရင်းအမြစ်တစ်ခု ပေါ်လာလေ၏။

“ဒါက နတ်ဝိညာဉ်သွေးကြောလား”

ယွမ်မိုသည် နတ်ဘုရားကုန်းမြေသို့ ရောက်ရောက်ချင်း အဖမ်းခံခဲ့ရသော်လည်း နတ်ဝိညာဉ်သွေးကြောကိုတော့ သိသေးသည်။

မိုဝူကျိုက လေးနက်စွာ ဖြေလိုက်သည်မှာ

“ဒါက နတ်ဝိညာဉ်သွေးကြောတစ်ခု ဖြစ်ရုံတင် မကဘူး… နတ်ဘုရားကမ္ဘာထဲမှာ အဖိုးအတန်ဆုံး နတ်ဝိညာဉ်သွေးကြောပဲ ”

မိုဝူကျိုဆီတွင် သူ့ထာဝရကမ္ဘာထဲတွင် တည်ရှိနေသည့် ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြော အနည်းငယ် ရှိသေး၏။ သို့သော် သူ့သိုလှောင်လက်စွပ်ထဲမှ နတ်ဝိညာဉ်သွေးကြောတချို့မှာ တကယ့်ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြော၏ တစ်ဝက်လောက်ပင် မကောင်းကြောင်း သူက သေချာသည်။ ယခု သူ၏ မျက်စိရှေ့မှောက်တွင် ရှိနေသည့် နတ်ဝိညာဉ်သွေးကြောနှင့် နှိုင်းယှဉ်ကြည့်ပါက ၎င်းတို့မှာ နတ်ဝိညာဉ်သွေးကြောများဟု ခေါ်ဖို့ပင် မထိုက်တန်တော့ပေ။

ဤသည်မှာ ကမ္ဘာဦး နတ်ဝိညာဉ်သွေးကြောတစ်ခု ဆိုသည်မှာ လွဲစရာမရှိချေ။ နှစ်ပေါင်းများစွာ ကုန်ဆုံးခမ်းခြောက်လာသည့်တိုင်

ဤကမ္ဘာဦးနတ်ဝိညာဉ်သွေးကြောသည် အင်မတန် သိပ်သည်းသော နတ်ဝိညာဉ်စွမ်းအားကို ထုတ်လွှတ်နေဆဲ ဖြစ်၏။

“အဲ… အာကာပြင်အစီအရင်တံခါး ပေါ်လာပြီ”

ယွမ်မိုက အံ့သြဝမ်းသာစွာ ရေရွတ်လိုက်သည်။

ယွမ်မို ပြောသည်မှာ မှန်လေသည်။ မိုဝူကျိုက ဤကမ္ဘာဦးနတ်ဝိညာဉ်သွေးကြောကို ဖော်ယူလိုက်သည့်အချိန်တွင် ဝိုးတိုးဝါးတားအစီအရင်တံခါးတစ်ခုက မီးခိုးနှင့်အဖြူရောင် ရောမကျောက်တုံး၏ ဘေးတွင် ပေါ်လာလေသည်။

ဘေးမှ ကြည့်နေသော ယုနန်သည် ဤအစီအရင်တံခါးကို မြင်လိုက်သောအခါ အားကုန်သုံး၍ စတင် ရုန်းကန်လေတော့သည်။ အစီအရင်တံခါး ပေါ်လာမှုသည် မိုဝူကျိုက ခဏနေ သူ့ကို သတ်တော့မည်ဟု ဆိုလိုနေလေ၏။

“ဝူကျို… ဒီအာကာပြင်အစီအရင်တံခါးကနေ ငါတို့တွေ ထွက်ပြေးကြမှာလား”

ယွမ်မိုက စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

မိုဝူကျိုက ထိုကမ္ဘာဦးနတ်ဝိညာဉ်သွေးကြောကို လက်ညှိုးထိုးပြလိုက်သည်။

“ဒါပေါ့ ကျုပ်တို့တွေ ထွက်သွားကြမယ်… ဒါပေမဲ့ ကျုပ်က ယုမျိုးနွယ်ကို ဒီနတ်ဝိညာဉ်သွေးကြောကို လွယ်လွယ်လေးနဲ့ ပိုင်ဆိုင်ခွင့်မပြုနိုင်ဘူး ”

ထိုသို့ပြောကာ မိုဝူကျိုသည် ပိုများသော အစီအရင်အလံများကို ဆက်တိုက်ပစ်လွှတ်လိုက်သည်။ နတ်ဝိညာဉ်သွေးကြောမှာ ပိုမိုထင်ရှားလာကာ ပို၍သိပ်သည်းသော နတ်ဝိညာဉ်စွမ်းအားက အရပ်လေးမျက်နှာလုံးတွင် တရဟော တိုးပွားလာလေသည်။

မိုဝူကျိုက ယွမ်မိုဘက်လှည့်ကာ

“ ယွမ်မို… ဒီအာကာပြင်အစီအရင်တံခါးကနေ အရင်ထွက်သွားလိုက်။ ဒီနတ်ဝိညာဉ်သွေးကြောကို သိမ်းပြီးတာနဲ့ ကျုပ် နောက်ကနေ လိုက်လာခဲ့မယ်”

“ကောင်းပြီလေ”

ယွမ်မိုက တုန့်ဆိုင်းမနေဘဲ အာကာပြင်အစီအရင်တံခါးဆီသို့ ပြေးဝင်သွားပြီးနောက် ပျောက်ကွယ်သွားသည်။

……………………

တစ်ချိန်တည်းမှာပဲ ယုဖုန်းယွိသည် ကမ္ဘာဦးစွမ်းအားမှာ ယခင်ကထက် ပိုမိုသိပ်သည်းလာသဖြင့် နတ်ဝိညာဉ်စွမ်းအား ဝဲကတောဲ့ကို သိချင်စိတ်ဖြင့် စိုက်ကြည့်လိုက်၏။

ဤသို့သော ဆက်လက်ဖြစ်နေပါက ဝိညာဉ်ပိတ်လှောင်ရေး အစီအရင်ကို ယုမျိုးနွယ်က ခင်းကျင်းနိုင်ခဲ့လျှင်ပင် အဓိပ္ပာယ်ရှိတော့မည် မဟုတ်ပေ။ ကမ္ဘာဦးစွမ်းအားကို ပညာရှင်များက တွေ့ရှိသွားသည်နှင့်တစ်ပြိုင်နက် ယုမျိုးနွယ်မှာ ပုရွက်ဆိတ်တစ်ကောင်လိုမျိုး တည်ရှိမှုအဖြစ်သာ ကျန်ရှိပေလိမ့်မည်။

ယုမျိုးနွယ်သည် နတ်ဘုရားအစီအရင်ဆရာတချို့ကို သတ်ဖြတ်နေခဲ့စဉ် ထိုလူများမှာ အားကောင်းသော နောက်ခံမရှိသည့်သူတွေသာ ဖြစ်သည်။ တကယ့်ပညာရှင်များသာ ဤအရာကို သိရှိသွားပါက ယုမျိုးနွယ်သည် စကြာနန့်ပိုင်းအတွင်း အမြစ်ပြတ်သုတ်သင်ရှင်းလင်းခြင်းကို ခံရပေလိမ့်မည်။

"အဲ့ခွေးကောင်က ဘာတွေလုပ်နေတာလဲ။ ယုနန်ဆီက အမှာစကား ရောက်လာသေးလား"

ယုဖုန်းယွိက ထိတ်လန့်ခြောက်ခြားစွာ အံကို ကျိတ်လိုက်၏။

“မရောက်သေးပါဘူး။ ကျွန်တော် ယုနန်ကို တတ်နိုင်သမျှ မြန်မြန်အမှာစကား ပို့ဖို့ သတိပေးပြီးပါပြီ။ ဟင်…”

ယုဖုန်းယွိ၏ ဘေးတွင် ရပ်နေသော နတ်ဘုရားအုပ်စိုးသူက သူ့စကားကို ဆုံးအောင်မပြောရသေးခင် သူက “ဟင်” ခနဲ ဖြစ်သွားသည်။

“ဘာဖြစ်တာလဲ”

ယုဖုန်းယွိက စိုးရိမ်တကြီး မေးလိုက်သည်။

“ယုနန်ရဲ့ဝိညာဉ် အဖျက်ဆီးခံလိုက်ရပြီ”

နတ်ဘုရားအုပ်စိုးသူက ဆက်ပြောလိုက်သည်မှာ

“ဒါ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ယုနန်က နတ်ဘုရားအုပ်စိုးသူတစ်ယောက်ပဲဟာ။ အဲ့ဒီပုရွက်ဆိတ်က ကောင်းကင်နတ်ဘုရားအဆင့် အစောပိုင်းမှာပဲ ရှိသေးတာလေ…”

“သေချင်းဆိုး ပုရွက်ဆိတ်ကောင်ကများ ငါ့ရဲ့ယုမျိုးနွယ် အမိုးအောက်မှာ လှုပ်ရှားရဲတယ်လား… ယုမင်ရီနဲ့ ယုယီ… မင်းတို့နှစ်ယောက် ငါနောက်လိုက်ခဲ့…”

ကမ္ဘာဦးနတ်စွမ်းအား ဝဲကတော့သည် ရုတ်ချည်း ကမောက်ကမ အခြေအနေသို့ ရောက်ရှိသဖြင့် ယုဖုန်းယွိက ဆက်မပြောတော့ပေ။ ကြောက်မက်ဖွယ် အက်ကြောင်းကြီးတစ်ခုက သူတို့၏ အရှေ့ရှိ အာကာပြင်ထဲတွင် ပေါ်လာလေသည်။

"မကောင်းတော့ဘူး... ဒီနေရာက အာကာပြင်က ပြိုလဲပျက်စီးကုန်တော့မယ်။ မြန်မြန် ထွက်ပြေးကြ..."

ယုဖုန်းယွိက ပြီးအောင်ပင် မပြောရသေးခင် သူတို့အရှေ့မှ ပြင်းထန်သော အာကာပြင်ပြိုလဲမှုကြီးက နေရာအနှံ့ကို လွှမ်းခြုံအုပ်မိုးသွားသည်။ ကြောက်မက်ဖွယ် အာကာပြင် ဝဲကတော့အောက်တွင် ယုဖုန်းယွိပင် ပြေးမလွတ်နိုင်ချေ။ အချိန်တိုလေးအတောအတွင်း ယုမျိုးနွယ်မှာ အစအနပါမကျန် ပျောက်ဆုံးသွားလေတော့သည်။

## အခန်း(၁၀၂၄) :  စကြဝဠာအစွန်းမှ ပြောင်းလဲမှုကြီး

ပြင်းထန်သော မူးဝေမှု တစ်ခုကို ခံစားလိုက်ရ၏။ မိုဝူကျိ၏ စိတ်စွမ်းအားမှာ အားကောင်းသော်လည်း သူက သတိရှိသေးရုံသာ ထိန်းထားနိုင်လေသည်။ သူ့ပတ်ဝန်းကျင်ရှိ အခြေအနေကို အာရုံမခံနိုင်တော့ပေ။ သူ အာရုံခံစားမိသည့် တစ်ခုတည်းသောအရာမှာ အာကာပြင် လျင်မြန်စွာ ကူးပြောင်းနေခြင်းပင် ဖြစ်သည်။

မရေတွက်နိုင်သော အာကာပြင် ကူးပြောင်းမှုများနောက် ရောမကျောက်တုံးကြီး၏ အပိုင်းအစတစ်ခုပေါ်သို့ သူဆင်းသက်သည့်အချိန်၌ မိုဝူကျိ၏ ခြေထောက်တို့မှာ တုန်ရီနေသည်။

ဘေးပတ်ဝန်းကျင်ကို မကြည့်နိုင်သေးခင်ပင် မိုဝူကျိသည် အင်မတန် ဝေးကွာသောနေရာတစ်ခုဆီသို့ သူ ကူးပြောင်းလာမှန်း သိပြီးလေပြီ။

သူ့ခြေထောက်အောက်ရှိ ရောမကျောက်တုံးကြီးကို ကြည့်လိုက်သောအခါ သတ္တကမ္ဘာကျောက်တုံး အမှန်ပင် ဖြစ်နေလေ၏။ ယွမ်မိုမှာ ဘေးနားတွင် သတိလစ်ကာ

လဲကျနေသည်။ အာကာပြင်ကူး ပြောင်းခြင်းကြောင့် သူ၏ အသိ ပြန်လည် မလာသေးချေ။

သတ္တကမ္ဘာကျောက်တုံး၏ အရှေ့တွင် အဆုံးမဲ့မည်းမှောင်နေသော အာကာပြင်ဝဲကတော့ ၇ ခု ရှိနေဆဲ ဖြစ်သည်။ ယခင်က ဘယ်ဘက်အစွန်ဆုံးတစ်ခုထဲသို့ မိုဝူကျိ ဝင်ဖူးသည်။ ထိုအရာမှာ ကောင်းကင်ဘုံအလွန်သို့ ဦးတည်နေမှန်း သူသိသည်။

"ဝူကျိ… မင်းရဲ့ကျင့်ကြံဆင့်က ဘယ်အဆင့်လဲ။ ဘာဖြစ်လို့ မင်းကျ ဘာမှမခံစားရတာတုန်း"

ယွမ်မိုသည် နောက်ဆုံးတွင်တော့ နိုးလာကာ သူက တအံ့တသြ မေးလိုက်၏။

"ကျုပ်က ကောင်းကင်နတ်ဘုရား အစောပိုင်းအဆင့်မှာပဲ ရှိသေးတာပါ။ ကျုပ် သိပ်မခံစားလိုက်ရတာက ကျုပ်ရဲ့စိတ်စွမ်းအားက နည်းနည်းလေးပိုပြီး အားကောင်းနေလို့ရယ်"

မိုဝူကျိက ဖြေလိုက်သည်။

ယွမ်မိုက ထို့ထက်ပို၍ မမေးတော့ချေ။ အကြောင်းမှာ ထိုနှစ်တွေတုန်းက မိုဝူကျိသည် အင်မော်တယ်ကေရာဇ် အစောပိုင်းအဆင့်တွင်သာ ရှိသော်လည်း သွေ့စောင်းအာကာပြင်ပင်လယ်ကျွန်းကို ဖြတ်ကျော်နိုင်ခဲ့ပြီး အရှင်မဟာကေရာဇ်ရှစ်ပါးဆီမှာ ငြိမ်းချမ်းမှုကို ရယူနိုင်ခဲ့သည်။ ယခု မိုဝူကျိသည် နတ်ဘုရားကုန်းမြေသို့ ရောက်နေသည်မှာ နှစ်ပေါင်းများစွာ ကြာနေပြီဖြစ်ရာ ယခင်ကထက် အဆများစွာ ပို၍ အားကောင်းလာမည်သာ ဖြစ်သည်။

"ယွမ်မို ... အရင်တုန်းက ကျုပ် ဘယ်ဘက်အစွန်ဆုံး ဝဲကတော့ထဲ ဝင်သွားလိုက်တော့ ကောင်းကင်ဘုံအလွန်ကို ရောက်သွားခဲ့တယ်။ မင်းကို နတ်ဘုရားကုန်းမြေရဲ့ ယုမျိုးနွယ်ဆီ ခေါ်သွားတဲ့ ဝဲကတော့က ဘယ်တစ်ခုလဲ"

မိုဝူကျိက အဆုံးမရှိ မည်းမှောင်နေသော ဝဲကတော့ ၇ ခုကို ညွှန်ပြလိုက်သည်။

ယွမ်မိုက ဘယ်ဘက်မှ စရေတွက်လျှင် ၅ ခုမြောက် ဝဲကတော့ကို ညွှန်ပြကာ

"ငါက ဒီတစ်ခုကနေ ဝင်ခဲ့တာ"

မိုဝူကျိသည် နားမလည်နိုင်ဘဲ ဖြစ်နေသည်။ ယခင် သူက အနီးဆုံးတွင် ရှိနေသည့် အာကာပြင်ဝဲကတော့ထဲ ဝင်ခဲ့ကာ စကြဝဠာအစွန်းဆီ ရောက်သွားခဲ့သည်။ စကြဝဠာအစွန်းနှင့် အင်မော်တယ်ကမ္ဘာမှာ နီးကပ်သည်မှာ အမှန်ပင် ဖြစ်၏။ ၎င်းတို့အား မဟာစည်းမျဉ်းတူ ဘုံပေါ်မှ တည်ရှိမှုများဟုပင် ခေါ်ဆိုကြလေသည်။ ယခု ယွမ်မိုက ၅ ခုမြောက်တစ်ခုမှ ဝင်ကာ နတ်ဘုရားကုန်းမြေဆီသို့ ရောက်လာခဲ့သည်။ ၆ ခုမြောက်နှင့် ၇ ခုမြောက်တို့သည် နတ်ဘုရားကုန်းမြေထက် ပိုဝေးသော နေရာတစ်ခုဆီသို့ ခေါ်ဆောင်သွားမည်လော။

"ဝူကျိ... ငါတို့ ဒီနေရာက မြန်မြန်ထွက်မှဖြစ်မယ်။ ယုမျိုးနွယ်ကလူတွေ ဒီနေရာထိ လိုက်လာနိုင်တယ်"

မိုဝူကျိသည် ဝဲကတော့များကို ငေးစိုက်ကြည့်နေသေးသည်ကို သတိပြုမိကာ ယွမ်မိုက စိုးရိမ်တကြီး ပြောလိုက်သည်။

မိုဝူကျိက ခေါင်းခါလိုက်သည်။

"ကျုပ်တို့တွေက ပြန်သွားလို့ ရပေမဲ့ ယုမျိုးနွယ်ကတော့ ဒီနေရာကို လုံးဝလာနိုင်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

ယွမ်မိုက မေးလိုက်သည်။

“ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က အဲ့ဒီကမ္ဘာဦး နတ်ဝိညာဉ်သွေးကြောကို ထုတ်ယူလိုက်တော့ ယုမျိုးနွယ်က ဘယ်လိုနည်းနဲ့ ဒီကို လာတော့မှာလဲ။ ကျုပ်တို့ ပြန်သွားမယ်ဆိုရင်တောင် ဒီနည်းလမ်းကို သုံးပြီး နောက်တစ်ကြိမ် ပြန်လာလို့ ရချင်မှ ရတော့မှာ”

မိုဝူကျိုက ရှင်းပြလိုက်၏။

အကယ်၍ မိုဝူကျိုကသာ ထိုကမ္ဘာဦးနတ်ဝိညာဉ်သွေးကြောကို ဆွဲမထုတ်ယူခဲ့ပါက နတ်ဘုရားကုန်းမြေကို ဤနေရာမှ သူစိတ်တိုင်းကျ ဝင်နိုင်မည်ဟု မိုဝူကျိုက ယုံကြည်သည်။ သို့သော် ထိုနတ်ဝိညာဉ်သွေးကြောကို ဆွဲထုတ်လိုက်သည်နှင့် နတ်ဘုရားကုန်းမြေသို့ ပြန်သွားရန် အခွင့်အရေးတစ်ကြိမ်သာ ရှိလေတော့သည်။ မည်သည့်နေရာ၌ ပြန်လည် နေရာချထားရမှန်း သိနေလျှင်ပင် သူ၏ အင်အားဖြင့် နတ်ဝိညာဉ်သွေးကြောကို ထိုနေရာသို့ ပြန်ထားနိုင်လိမ့်မည် မဟုတ်ပေ။

ယွမ်မိုက စိတ်သက်သာသွားကာ သက်ပြင်းချလိုက်ပြီး

“ဒါဆို အခု ငါတို့ ဘယ်သွားကြမှာလဲ”

“စကြဝဠာအစွန်းကိုလေ။ ကျုပ်နောက်က လိုက်ခဲ့... ကျုပ်တို့ အတူတူ ဝင်ကြမယ်”

သူ မဟာကင်းမဲ့ပင်လယ်နယ်မြေမှ သတ္တကမ္ဘာကျောက်တုံးသို့ ရောက်ခဲ့လျှင်ပင် သတ္တကမ္ဘာကျောက်တုံးမှ မဟာကင်းမဲ့ ပင်လယ်နယ်မြေသို့ ပြန်သွားရန်မှာ မဖြစ်နိုင်လောက်မှန်း မိုဝူကျိုက အလွန်သေချာသည်။

မိုဝူကျိုက ထိုသို့ပြောလိုက်ပြီးနောက် ဘယ်ဘက်အစွန်ဆုံးရှိ ဝဲကတော့ထဲကို တွေဝေခြင်းမရှိဘဲ ဝင်သွားလိုက်၏။

နောက်တစ်ဖန် အာကာပြင်က ဆက်တိုက် ကူးပြောင်းသွားပြန်သည်။ မိုဝူကျို၏ စိတ်စွမ်းအားမှာ အင်မတန် အားကောင်းသော်လည်း အာကာပြင်ထဲမှ ကူးပြောင်းခြင်း သဘောတရားအား နားလည်သဘောပေါက်နိုင်စွမ်း မရှိချေ။

မြေပြင်ပေါ်သို့ ဆင်းသက်လိုက်သည်နှင့်တစ်ပြိုင်နက် မိုဝူကျိုသည် ဤနေရာမှာ ကောင်းကင်ဘုံအလွန်မှန်း သိလိုက်သည်။

ဤနေရာမှာ အဆုံးအစမဲ့ ကျတ်တီးနယ်မြေတစ်ခု ဖြစ်နေသေးသည့်အပြင် စိတ်ပျက်စရာကောင်းစွာ မည်းမှောင်နေသေးသည်။ ကျိုးပဲ့ပျက်စီးနေသည့်

မှော်ရတနာအမျိုးမျိုးနှင့် မရေတွက်လောက်အောင် များပြားသော အလောင်းများက မြေပြင်အနှံ့ ပြန့်ကျဲလဲကျနေလေသည်။

“ဝူကျိ… ငါက ဒီမှာ ဘာဖြစ်လို့ ဘယ်မိုးမြေစည်းမျဉ်းရဲ့ အထိန်းအချုပ်ကို မခံရတာလဲ။ ပြောရမယ်ဆိုရင် ငါက တာအိုကျေးရာဇ်အဆင့်ကို ကျော်လွန်ပြီးသားဖြစ်တဲ့အပြင် ကနဦးနတ်ဘုရားအဆင့်ကို ရောက်နေပြီလေ။ အင်မော်တယ်ကမ္ဘာက ပိုင်ဆိုင်တဲ့ လောကနယ်မြေထဲမှာဆို ငါ နည်းနည်းလောက်တော့ အထိန်းအချုပ် ခံရမှာ မဟုတ်ဘူးလား”

မိုဝူကျိနောက်မှ ဆင်းသက်လိုက်ပြီးနောက် ယွမ်မိုက အံ့အားသင့်စွာ မေးလိုက်သည်။

မိုဝူကျိက ပြန်ဖြေလိုက်သည်မှာ

“ကျုပ်ကတော့ ဒီနေရာကို အင်မော်တယ်ကမ္ဘာစစ်စစ် မဟုတ်ဘူးထင်တာပဲ။ နတ်ဘုရားကမ္ဘာက အဆင့်မြင့် ကျင့်ကြံသူတွေ တိုက်ခိုက်ကြရင်းနဲ့ နတ်ဘုရားမျှော်စင်ကို ပေါ်ပေါက်လာစေတဲ့အချိန်တုန်းက ဒီနေရာဟာ တမူထူးတဲ့ အာကာပြင် လောကနယ်မြေ ဖြစ်နိုင်တယ်”

မိုဝူကျိုက စကားပြောရင်းနှင့် စိတ်စွမ်းအားကို အပြင်ဘက်သို့ အတောမသတ် ဖြန့်ကျက်လိုက်သည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာက သူ၏ စိတ်စွမ်းအားမှာ ဤနေရာတွင် အနည်းငယ် ထိန်းချုပ်ခံခဲ့ရသော်လည်း ယခုမူ စိတ်စွမ်းအားကို အထိန်းအချုပ်မရှိ ပေါ့ပေါ့ပါးပါး ဖြန့်ကျက်နိုင်လေသည်။

မိုဝူကျိုက ကောင်းကင်ဘုံအလွန် မြို့ရင်ပြင်အနှံ့ အလွန်လျင်မြန်စွာ စေ့စေ့စပ်စပ် ကြည့်နိုင်လိုက်သည်။ ဟိုးယခင် အင်မတန် စည်ကားသိုက်မြိုက်ခဲ့သော ကောင်းကင်ဘုံအလွန် မြို့ရင်ပြင်မှာ လက်ရှိတွင် ဝိညာဉ် တစိုးတစိမျှပင် မကျန်တော့ဘဲ နှိုင်းမရလောက်အောင် ပျက်စီးသွားလေပြီ။ လူသားမျိုးနွယ်နှင့် မိစ္ဆာမျိုးနွယ်တို့လည်း မရှိတော့ချေ။

ကောင်းကင်ဘုံအလွန် လူသားပိုင်နက်ကော ကောင်းကင်ဘုံအလွန် မိစ္ဆာပိုင်နက်ပါ လူသူကင်းမဲ့သော ကျတ်တီးနယ်မြေအလား ခြောက်ကပ်ကာ ဟာလာဟင်းလင်း ဖြစ်နေလေ၏။

"စကြဝဠာအစွန်းကို တစ်ချက် သွားကြည့်ကြည့်ရအောင်... နေဦး... ဒီကို လူလာနေတယ်"

မိုဝူကျိသည် စကြဝဠာအစွန်းသို့ သွားချင်ပါက စောင့်ဖို့ လိုအပ်ကြောင်း သိသည်။

ခပ်လှမ်းလှမ်း တစ်နေရာမှ အာကာပြင်စွမ်းအား လှုပ်ခတ်မှု သေးသေးလေးကို မိုဝူကျိက ချက်ချင်း ဖမ်းဆုပ်နိုင်လိုက်သည်။ သူက ထိုနေရာသို့ မသွားပေ။ အကြောင်းမှာ ထိုနေရာမှ လူ ၂ ယောက်က ဤနေရာသို့ အမြန်လာနေသောကြောင့် ဖြစ်သည်။ သူတို့၏စွမ်းအားများအရ သူတို့သည် နတ်ဘုရားမျိုးနွယ်၏ ကျင့်ကြံသူများ သေချာပေါက် မဟုတ်ချေ။

အချိန်ခဏလေး ကြာပြီးနောက် အလွန်အမင်း အိုမင်းနေပုံပေါ်သော အကြီးအကဲ ၂ ယောက်က မိုဝူကျိ၏ အရှေ့တွင် ပေါ်လာသည်။

"ဂိုဏ်းချုပ်မို... ခင်ဗျား ပြန်လာတယ်လား"

စကားပြောလိုက်သည့်တစ်ယောက်မှာ တစ်ကိုယ်လုံး မီးခိုးနက်ရောင် ဝတ်ဆင်ထားသောအမျိုးသား ဖြစ်သည်။

မရဏစွမ်းအားက သူ့အား ဝန်းရံနေကာ သူ၏အသံမှာ တုန်ယင်နေသည်။

“တာအိုသခင်မို… တကယ်ပဲ ခင်ဗျား ဖြစ်နေတာကိုး…”

နောက်ထပ် အကြီးအကဲတစ်ယောက်ကလည်း စိတ်လှုပ်ရှားစွာ တအံ့တသြ ရေရွတ်လိုက်လေ၏။

မိုဝူကျိုက သူ့မျက်လုံးများကို သူမယုံနိုင်ဖြစ်ကာ မေးလိုက်သည်မှာ

“ခင်ဗျားတို့က လုကျီတင်းနဲ့ နီးကိုင်လား”

မီးခိုးရောင်ဝတ်စုံနှင့်လူက အမြန် ပြန်ဖြေလိုက်သည်မှာ

“ကျုပ်တို့ပါပဲ။ ကျုပ်က ဝိညာဉ်လှည့်ပတ်တာအိုက လုကျီတင်းပါ။ ကျုပ်တို့တွေ ကောင်းကင်ဘုံအလွန်မှာ အသက်ရှင်ဖို့အတွက် တိုက်ခိုက်နေကြရင်း ဒီက မရဏစွမ်းအားရဲ့နှိပ်စက်တာကို ခံနေရတယ်ဗျာ”

မိုဝူကျို၏ ရင်ထဲတွင် ဝမ်းနည်းမှုက လွှမ်းမိုးသွားသည်။ ဝိညာဉ်လှည့်ပတ်တာအိုမှ လုကျီတင်းအပေါ် သူ၏ထင်မြင်ချက်မှာ အင်မတန် နက်ရှိုင်းလွန်းသည်။ လုကျီတင်းသည် တာဝန်သိတတ်သည့် လူတစ်ဦးလည်း ဖြစ်ပေသည်။

ယခင်အချိန်က လုကျီတင်း၊ ကေရိဝမ်လန်နှင့် တခြားသူအချို့ကြောင့်သာ မဟုတ်ပါက လူသားမျိုးနွယ်မှာ စကြဝဠာအစွန်း၌ နတ်ဘုရားမျိုးနွယ်၏ လက်ထဲတွင် ပျက်စီးပျောက်ကွယ်သွားပေလိမ့်မည်။ ထိုနှစ်တွေတုန်းက လုကျီတင်းသည် အဖြူစွတ်စွတ် ဝတ်စားဆင်ယင်ထားကာ အင်မတန် ရည်မွန်ကြည့်ကောင်းသော ကျင့်ကြံသူတစ်ယောက် ဖြစ်သည်။ ယနေ့ လုကျီတင်းမှာမူ မရဏာစွမ်းအားတို့ဖြင့် ပြည့်နေသည့် ခန္ဓာကိုယ်နှင့် အခေါင်းတလားထဲမှ တွားသွားတက်လာကာစ ပုံစံပေါက်နေလေ၏။

"တာအိုသခင်မို… ကျုပ်က သွေးမျိုးနွယ်က နီကိုင်ပါ"

နောက်ထပ် အကြီးအကဲတစ်ယောက်က သူ့ကိုယ်သူ စိတ်ပြန်ထိန်းလိုက်ကာ သူက မိုဝူကျိဆီသို့ ဦးညွှတ်လိုက်၏။

လွန်ခဲ့သောနှစ်များတွင် နီကိုင်မှာ အရပ်ရှည်ရှည်၊ ဗလတောင့်တောင့်၊ တစ်ခေါင်းလုံး ဆံပင်အနီရောင်နှင့် အထင်ကြီးလောက်စေသည့် အရှိန်အဝါရှိသည်။ ယခုမူ သူသည်လည်း လုကျီတင်းလိုပင် ညှိုးငယ် ထိုင်းမှိုင်းနေလေသည်။

“ကျုပ်တို့တွေ ကျတ်တီးနယ်မြေထဲမှာ ပုန်းအောင်းနေကြတာ။ ဒီနေ့အထိ အသက်ရှင်နိုင်နေသေးတာ နတ်ဘုရားမျိုးနွယ်က ကျတ်တီးနယ်မြေထဲထိ လိုက်မရှာချင်ကြလို့ပါ။ စောစောတုန်းက လူသားမျိုးနွယ်ရဲ့စွမ်းအားကို အာရုံခံမိလိုက်တာနဲ့ ကျုပ်တို့တွေ အမြန်လာကြည့်တာဗျ။ ကျုပ်တို့ ဒီနေရာမှာ ဂိုဏ်းချုပ်မိုကို တွေ့ရလိမ့်မယ်လို့ လုံးဝမထင်ထားဘူးဗျာ… ဒါတကယ့်ကို…”

လုကျီတင်းမှာ အရမ်းကို စိတ်ခံစားချက် ပြင်းထန်နေဆဲ ဖြစ်သည်။

သူသည် သေဖို့ အလွန်နီးကပ်နေလေပြီ။ သို့သော်လည်း ဝိညာဉ်လှည့်ပတ်တာအိုအကြောင်းကို စိုးရိမ်ပူပန်မိနေဆဲ ဖြစ်၏။ သူ အင်မော်တယ်ကမ္ဘာမှ အထက်ဘုံကနေတစ်ဆင့် ထွက်လာပြီးကတည်းက သူ့တွင် ပြန်သွားရန် အခွင့်အရေး မရခဲ့ချေ။

မိုဝူကျိက လုကျီတင်းနှင့် နီကိုင်အတွက် ဆေးလုံး ၂ လုံးကို ထုတ်ယူလိုက်ကာ

“ခင်ဗျားတို့နှစ်ယောက်စလုံး ဒဏ်ရာတွေ အရင်ကုလိုက်ပါဦး။ ပြန်ကောင်းသွားမှ ကျုပ်တို့တွေ စကားဆက်ပြောကြတာပေါ့”

လုကျီတင်းသည် မိုဝူကျိမှာ ထိပ်တန်းအဆင့် ဆေးလုံးဧကရာဇ်တစ်ယောက် ဖြစ်ကြောင်း သိသည်။ မိုဝူကျိ၏ ဆေးလုံးများအပေါ် သိပ်များများစားစား မမျှော်လင့်ထားသော်လည်း သူက တွေဝေခြင်းမရှိဘဲ ဆေးလုံးကို မျိုချပစ်သည်။

အချိန်တိုလေးအတွင်းမှာပင် လုကျီတင်းသည် ပတ်ဝန်းကျင်၏ သဘာဝစွမ်းအားကို စုပ်ယူလို့ရနိုင်သည့်အဖြစ်အား ဝမ်းသာအံ့သြစွာ တွေ့ရှိလိုက်ရသည်။ ထို့အပြင် သူ၏ အသက်ဓာတ်မှာ လျင်မြန်စွာ ပြန်လည်ကောင်းမွန်အားပြည့်လာကာ ဤအချိန်ရောက်သည့်အခိုက်တွင် မရဏစွမ်းအားမှာလည်း ပျောက်ကွယ်သွားလေပြီ။

အမွေးတိုင်တစ်တိုင်စာ အချိန်လေးအတွင်း၌ပင် လုကျီတင်း၏ ပုံပန်းသဏ္ဌာန်မှာ သိသိသာသာ နဂိုပုံစံအခြေအနေသို့ ပြန်ကောင်းသွားလေ၏။ အနည်းငယ် အံ့ဝင်ခွင်ကျ မဖြစ်ပုံပေါ်နေသည့် မီးခိုးရောင် အင်မော်တယ်ဝတ်ရုံမှအပ သူ့ထံမှ အသေကောင်လို ခံစားချက်မျိုး ဆက်မပေးတော့ချေ။

“ဂိုဏ်းချုပ်မို… ဒါ ဘယ်လိုဆေးလုံးလဲ။ စွမ်းလှချည်လားဗျ”

လုကျီတင်းက သူ၏ ပြန်လည်ကောင်းမွန်လာသော ကျင့်ကြံဆင့်၊ အသက်ခေတ်နှင့် ပတ်ဝန်းကျင်ထဲတွင် လွှမ်းမိုးထားသော အင်မော်တယ်စွမ်းအားကို အာရုံခံလိုက်သည်။

နီကိုင်မှာလည်း ထိုနည်းတူပင် အံ့သြသွားသည်။ သူက အနီရောင်ဆံပင်နှင့် ဗလတောင့်တောင့် လူတစ်ယောက် ပြန်ဖြစ်သွား၏။ သူက အင်မော်တယ်ကေရာဇ် ပြီးပြည့်စုံခြင်းအဆင့်၏ စွမ်းအားကိုလည်း ပြန်လည်ရရှိသွားသည်။

ယွမ်မိုက ပြုံးကာ

"အင်မော်တယ်ကမ္ဘာမှာ မတွေ့နိုင်တဲ့ ဝူကျိရဲ့အထင်ကြီးစရာဆေးလုံးတွေကို ကျုပ်က ကိုယ်တွေ့ ကြုံဖူးပြီးသားဗျ"

မိုဝူကျိက သူ နတ်ဘုရားကုန်းမြေသို့ မည်သို့မည်ဖုံ ဝင်ရောက်နိုင်ခဲ့သည့်အကြောင်းကို မပြောပြသော်လည်း မိုဝူကျိ၏ဆေးလုံးများမှာ နတ်ဘုရားအဆင့်ဆေးလုံးများ ဖြစ်မည်ဟု ယွမ်မိုက ခန့်မှန်းပြီးသားဖြစ်သည်။

"တာအိုသခင်မို... ခင်ဗျားရဲ့ဆေးလုံးတွေက တကယ်ကို အရမ်းအစွမ်းထက်တာပဲဗျာ။ ကျုပ်ရဲ့ဒဏ်ရာတွေ အကုန်လုံး

သက်သာသွားရုံတင်မကဘူး၊ ကျုပ်ရဲ့ကျင့်ကြံဆင့်လည်း နည်းနည်း တိုးတက်သွားတယ်ဗျ။ ဒါက အင်မော်တယ်ဆေးလုံး လုံးဝမဟုတ်ဘူးပဲ။ အသက်ကယ်ပေးတဲ့အတွက် နီကိုင် တာအိုသခင်မိုကို ကျေးဇူးတင်ပါတယ်”

နီကိုင်က မိုဝူကျိဘက်လှည့်ကာ နောက်တစ်ကြိမ် ထပ်မံ ဦးညွတ်လိုက်ပြန်သည်။

မိုဝူကျိက ခေါင်းခါလိုက်ပြီး

“ဆေးလုံးတွေက အရေးကြီးတဲ့ ကိစ္စ မဟုတ်ပါဘူးဗျာ။ ဂိုဏ်းချုပ်လု… ကျုပ် မိန်းမ စုယင်အကြောင်း သတင်းလေး ဘာလေးများ ရထားသေးလား”

ဤဆေးလုံးများမှာ နတ်ဘုရားကမ္ဘာထဲတွင်ပင် လူတိုင်းတတ်နိုင်သည့် အရာမျိုး မဟုတ်ပေ။ ဤသည်မှာ မိုဝူကျိ ကိုယ်တိုင် ဖော်စပ်ထားသော အဆင့် ၅ နတ်ဆေးလုံးဖြစ်သည့် အသက်ခေတ် နတ်ဆေးလုံး ဖြစ်သည်။ ဤနတ်ဆေးလုံး၏ ဆေးဖော်နည်းအတွက် အောင်းမျိုးနွယ်ကို ကျေးဇူးတင်ရပေမည်။ ဟိုယခင် အောင်းမျိုးနွယ်က သူ့အား အသက်ခေတ်စွတ်ပြုတ် ဖော်စပ်ခိုင်းခဲ့လေရာ သူတို့က သူ့ကို စွတ်ပြုတ်အတွက် သုံးရမည့်

ပါဝင်ပစ္စည်းများကို ပြောပြခဲ့သည်။ ထို့နောက်ပိုင်းတွင်ကား သူ အဆင့် ၅ နတ်ဆေးလုံးဘုရင် ဖြစ်လာသည့်နောက် သူက စွတ်ပြုတ်အား စတင် စိတ်ဖြာပိုင်းခြားကြည့်ကာ သူ့ကိုယ်ပိုင် အသက်ခေတ်ဆေးလုံးကို ဖော်စပ်နိုင်ခဲ့သည်။ ဆေးလုံး၏ အမည်အတွက်ကား မိုဝူကျိက အသက်ခေတ်နတ်ဆေးလုံးဟုသာ စွတ်ပြုတ်နာမည်ကို ပြန်ယူသုံးထားလိုက်၏။

မိုဝူကျိတွင် သူ့ကိုယ်ပိုင် အသက်ခေတ်ချီသွေးကြော ရှိလေရာ ဤကဲ့သို့ဆေးလုံးမျိုးမှာ သူ့အတွက် သိပ်အသုံးမဝင်ချေ။ လုကျီတင်းနှင့် နီကိုင်တို့အား ကုသရန် ဤအဆင့် ၅ နတ်ဆေးလုံးများကို သုံးခြင်းမှာ ခြင်တစ်ကောင်ကို သတ်ရန် အမြောက်ကို သုံးလိုက်ခြင်းနှင့်သာ တူနေလေတော့၏။

လုကျီတင်းက ခေါင်းခါလိုက်ပြီး

"နတ်ဘုရားချောက်ကမ်းပါး ကုန်းမြေထဲမှာ နတ်ဘုရားမျိုးနွယ်တွေက ရုတ်တရက်ကြီး ပေါ်လာကြပြီး တခြားမျိုးနွယ်အားလုံးကို သတ်ဖြတ်ရင်း စကြဝဠာအစွန်းထိ ရောက်လာကြတယ်။ အဲ့ဒီတုန်းက ကျုပ်က ကျိုးပျက်နယ်မြေထဲမှာ ရှိနေတာကြောင့်မို့လို့ ပထမဆုံးအကြိမ်

အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီးကနေ လွတ်မြောက်သွားခဲ့တယ်။ အဲဒီနောက်ကျ ကျုပ် ကူးပြောင်းအစီအရင်ကို သုံးပြီး ထွက်ပြေးနိုင်ခဲ့တယ်။ ပြီးတော့ နတ်ဘုရားမျိုးနွယ်တွေ မီမလာခင် ကောင်းကင်ဘုံအလွှန်ကို ကျုပ် ရောက်လာခဲ့ပြီး ကောင်းကင်ဘုံအလွှန်မှာ ကျုပ် တာအိုရှောင်းရင်းနီကိုင်နဲ့ တွေ့နိုင်ခဲ့ပြီးတော့ ကျုပ်တို့တွေ အတူတူ ထွက်ပြေးတိမ်းရှောင်နေကြတာ။ တခြားကိစ္စကိုတော့ ကျုပ်လည်း သေချာမသိဘူး”

နီကိုင်က သက်ပြင်းချကာ

“အဲ့ဒီလူတွေက အရမ်းကို ကြောက်စရာကောင်းလွန်းတယ်။ မိစ္ဆာမျိုးနွယ်က ကျီကူဆိုလည်း ထိပ်တန်းအဆင့် တာအိုကေရာဇ်တစ်ယောက်ပါပဲ။ ဒါပေမဲ့ သူတောင် ပြန်ခုခံဖို့ ဘာအင်အား ဘာအခွင့်အရေးမှ မရလိုက်ဘဲ အသတ်ခံလိုက်ရတာကို ကျုပ်မျက်စိနဲ့ အတပ်မြင်ခဲ့ရတာဗျ။ ကျုပ်လည်း ပြန်မတိုက်ရဲတာနဲ့ ချက်ချင်းပဲ ကျုပ်ရဲ့အသက်ခေတ်ကို လောင်ကျွမ်းစေပြီး ကောင်းကင်ဘုံအလွှန်ထဲကို ထွက်ပြေးခဲ့ရတယ် ”

မိုဝူကျိသည် ယခုတွင်ကား အင်မော်တယ်ကေရာဇ် အဆင့်နယ်ပယ်ကို ကျော်လွန်နေသော အဆင့်မြင့်ကျင့်ကြံသူများက စကြဝဠာအစွန်းသို့ ရောက်လာကြပြီမှန်း သေချာသွားလေသည်။ သို့မဟုတ်ပါက မဟာကေရာဇ် တစ်ယောက်သည် တိုက်ကွက်တစ်ကွက်တည်းနှင့်ပင် အသက်ရှင်ကျန်ရစ်နိုင်စွမ်း မရှိဘူးဆိုသည်မှာ တော်တော်ကြီးကြီး မဖြစ်နိုင်သည့်အရာ ဖြစ်သည်။ မိုဝူကျိက ကျီကူကို ကောင်းကောင်းသိသည်။ ကျီကူမှာ အကြီးအကဲတစ်ယောက်သာ ဖြစ်သော်လည်း မိစ္ဆာမျိုးနွယ်၏ ထိပ်တန်းအဆင့် ပညာရှင်တစ်ယောက် ဖြစ်နေဆဲပင်။

“တာအိုသခင်မို… ဒီလူတွေ ဘယ်ကနေ လာကြတာလဲဆိုတာ ခင်ဗျား သိသလား”

နီကိုင်က ရုတ်တရက် ထမေးလိုက်သည်။

မိုဝူကျိက ပြန်မေးလိုက်သည်။

“တာအိုရောင်းရင်းနီကိုင်… သူတို့တွေ ဘယ်ကနေ လာမှန်း ခင်ဗျားသိနေတာများလား”

နီကိုင်က ခေါင်းငြိမ့်ပြသည်။

"မှန်ပါတယ်... သူတို့ ဘယ်က လာမှန်း ကျုပ် သိတယ်ဗျ"

## အခန်း(၁၀၂၅) : ငါက စကြဝဠာအစွန်းရဲ့ မြို့သခင်ပဲ

"သူတို့က ဘယ်က ရောက်လာတာလဲ"

မိုဝူကျိုက အလောတကြီး မေးလိုက်သည်။

နီကိုင်က သက်ပြင်းမောတစ်ချက် ချပြီးမှာ ဆက်ပြောလိုက်သည်။

"တကယ်တော့ သူတို့က ကျုပ်တို့ဘက်ကလူတွေနဲ့ ပတ်သက်နေပုံပဲဗျ။ သူတို့ ဒီကို ရောက်လာကြတာက မိစ္ဆာမျိုးနွယ်ရဲ့ တာအိုသခင်စီဟုန်နဲ့ ပင်လယ်မျိုးနွယ်ရဲ့ ကျောင်းလွှမ့်တို့ကြောင့်ပဲ"

မိစ္ဆာမျိုးနွယ် စီဟုန်၏ နာမည်ကို ကြားသောအခါ မိုဝူကျိုသည် မျက်ခုံးမပါသည့် ကျင့်ကြံသူအား ချက်ချင်း ပြေးမြင်မိသည်။ ထိုငတိသည် ယခင် ရှိုက်ကောကိုပင် လိုချင်မျက်စိကျနေခဲ့သေးသည်။ သို့သော် မိုဝူကျို၏ အငြင်းခံရပြီးသည့်နောက်တွင် တိုက်ခိုက် မယူရဲခဲ့ပေ။

"အဲ့ဒီ စီဟုန်နဲ့ ကျောင်လွှမ့်ဆိုတဲ့ ခွေးကောင်နှစ်ကောင်က နတ်ဘုရားချောက်ကမ်းပါးကုန်းမြေရဲ့ အာကာပြင်ကျိန်စာ မှော်အကွရာတွေအပေါ် လက်လျှော့ဖို့ အမြဲတမ်း မလိုလားခဲ့တာလေ..."

မိုဝူကျိက ဤစကားကို ကြားသောအခါ ချက်ချင်း နားလည်သွားသည်။ ဟိုယခင် သူ နတ်ဘုရားချောက်ကမ်းပါး ကုန်းမြေထဲတွင် နတ်ဘုရားမျိုးနွယ်ကို ချေမှုန်းရန် လူတွေခေါ်သွားစဉ်က သူတို့တတွေသည် နတ်ဘုရားမျိုးနွယ် ပိုင်နက်ထဲတွင် ရှောမအာကာပြင် မှော်အကွရာအစီအရင် တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ထိုအရာကို သူတို့တွေ သွားကြည့်စဉ်က သူတို့အားလုံး မူးဝေသွားခဲ့ကြကာ သူတို့၏ အသိစိတ်ပင်လယ်မှာ နောက်ကျိသွားခဲ့ကြသည်။

"သူတို့က ကျုပ်ရဲ့အတားအဆီးကို ဖွင့်ပစ်လိုက်ကြတာလား"

မိုဝူကျိ၏ အသံမှာ မကျေနပ်ပုံပေါ်ကာ ခက်ထန်တင်းမာသွားသည်။

ပြောရမည်ဆိုလျှင် သူက စကြဝဠာအစွန်း၏ မြို့သခင်နှင့်တာအိုသခင် ဖြစ်သည်။ သို့ဖြစ်ပါလျက်နှင့် စီဟုန်နှင့်

ကျောင်းလွှမ့်တို့က သူ စကြာဝဠာအစွန်း၌ မရှိနေစဉ်တွင် သူ၏အတားအဆီးကို တကယ် ဖျက်ဆီးပစ်ရဲသည်လား။ မိုဂူကျိသည် ရိုးရိုးသာမန်အတားအဆီးတချို့ ဖြစ်နေပါက စိတ်ထဲထားနေမည် မဟုတ်ပေ။ သို့သော် ထိုအတားအဆီး အမှတ်အသားမှာ ကျိန်စာ မှော်အက္ခရာတချို့အကြောင်း ယူဆောင်လာနိုင်ချေ ရှိနေသည်။ ထိုသို့ဖြစ်နေပါလျှက်နှင့် စီဟုန်နှင့်ကျောင်းလွှမ့်တို့သည် ထိုအရာကို ပြောင်ပြောင်တင်းတင်း ပေါ်ပေါ်ထင်ထင် ဖွင့်ရဲလေသည်။ သူတို့သည်ကား စိတ်မချစရာကောင်းကာ ကြောက်စရာကောင်းသော သူများပေတည်း။

နီကိုင်က ခေါင်းငြိမ့်ပြသည်။

"သူတို့က ဖွင့်လိုက်ရုံတင်မကဘူး... လူ တစ်သိန်းကိုတောင် အဲ့ဒီအတားအဆီးကို ဖွင့်ဖို့ သွေးစတေးမှုအဖြစ် အသုံးပြုခဲ့ကြသေးတယ်"

"သူတို့က သွေးစတေးမှုအတွက် နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူ တစ်သိန်းကို သုံးခဲ့တာလား"

မိုဂူကျိက အံ့သြတကြီး မေးလိုက်သည်။

နီကိုင်က ခေါင်းခါကာ

“နတ်ဘုရားချောက်ကမ်းပါးကုန်းမြေထဲမှာ အစကတည်းက နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူတွေ အများကြီးမှ မရှိတဲ့ဟာ။ စီဟုန်နဲ့ကျောင်းလွှမ့်တို့က ကျုပ်ရဲ့သွေးမျိုးနွယ်နဲ့ လူသားမျိုးနွယ်အပါအဝင် မျိုးနွယ်အမျိုးမျိုးဆီကနေ ကျင့်ကြံသူတွေကို တိတ်တိတ်လေး လိုက်ဖမ်းကြတယ်။ သူတို့က ဒီလူတွေကို ပုန်းအောင်းစရာ နေရာတစ်ခုမှာ အသာလေး ဖမ်းချုပ်ထားကြပြီး အဲ့ဒီရှေ့ဓမ္မအာကာပြင်အကန္ခရာကို ဖွင့်ဖို့ နတ်ဘုရားမျိုးနွယ်ရဲ့ နည်းလမ်းအတိုင်း လိုက်လုပ်ကြတယ်လေ”

ပြင်းထန်သော သက်ဖြတ်ငွေ့က မိုဝူကျို၏ရင်ထဲ တလိပ်လိပ် တက်လာသည်။ သူ ယခုချက်ချင်း လုပ်ချင်နေသည့်အရာမှာ ထိုခွေးနှစ်ကောင်ကို သတ်ပစ်ရန်သာ ဖြစ်၏။

နီကိုင်က ဆက်ပြောလိုက်သည်။

“ကျုပ်အထင်တော့ အဲ့ဒီရှေ့ဓမ္မအာကာပြင် အကန္ခရာကြီးကို ဖွင့်ပြီးတဲ့နောက်မှာ သူတို့တွေ အကျိုးအမြတ် တော်တော်လေး ရလိုက်တယ် ထင်တယ်။ ထပ်ပြီးတော့ သူတို့နှစ်ယောက်က အသေးစား ကျိန်စာပညာရပ်တွေကို သင်ယူစပြုလာကြတယ်။

နောက်ပိုင်းကိစ္စတွေက အဖြစ်ဆိုးကြီး တစ်ခုပါပဲဗျာ။ အဲ့ဒီအကန္တရာတွေထဲမှာ အင်မတန်ဝေးကွာတဲ့ ကူးပြောင်းဝဲကတော့တစ်ခု ရှိနေလေရဲ့။ နောက်ဆုံးမှာတော့ ကူးပြောင်းဝဲကတော့ကနေ နတ်ဘုရားမျိုးနွယ် အဆင့်မြင့် ကျင့်ကြံသူတွေ အများကြီး ကူးပြောင်း ရောက်ရှိလာကြတယ်။ ရောက်ရောက်ချင်းပဲ သူတို့က ကျောင်းလွှမ့်ကို သတ်ပစ်ကြတယ်။ စီဟုန်က အသေးစားကျိန်စာပညာရပ်တချို့ကို သိတယ်ဆိုပြီး ပြောလို့ရယ်၊ နတ်ဘုရားမျိုးနွယ်ရဲ့ လက်ပါးစေ လုပ်ဖို့ ဆန္ဒရှိတာရယ်ကြောင့်သာ သူ့အသက်ကို ဆက်ထိန်းထားနိုင်တာဗျ။

နတ်ဘုရားမျိုးနွယ်က စကြဝဠာအစွန်းထိ အရမ်းမြန်မြန်ကြီး တောက်လျှောက် သတ်ဖြတ်နိုင်ခဲ့တာ စီဟုန်နဲ့ ဆိုင်ရမယ်လို့ ကျုပ် သံသယရှိတယ်”

မိုဝူကျိ၏ သတ်ဖြတ်ငွေ့မှာ စက္ကန့်နှင့်အမျှ ပိုမိုကြီးထွားလာကာ နီကိုင်ကို ပြောလိုက်သည်။

“ကျုပ် စကြဝဠာအစွန်းကို သွားချင်တယ်။ ခင်ဗျားတို့ ကျုပ်နဲ့ လိုက်ခဲ့မလား... ဒါမှမဟုတ် ဒီမှာ နေခဲ့မလား”

နီကိုင်သည် ချက်ချင်းဆိုသလို တွေဝေ တုန့်ဆိုင်းသွားလေသည်။ မိုဝူကျိုက မည်မျှ အားကောင်းနေပါစေ စကြဝဠာအစွန်းမှ ထိုနတ်ဘုရားမျိုးနွယ် အဆင့်မြင့်ကျင့်ကြံသူများနှင့် ရင်ဆိုင်နိုင်လောက်အောင်ထိ မစွမ်းဆောင်နိုင်ဟု နီကိုင်က ယုံကြည်သည်။

နီကိုင် ပြန်မဖြေနိုင်ခင်ပင် လုကျီတင်းက တုံ့ပြန်ရန် မတတ်တပ်ထရပ်လိုက်သည်။

"ဂိုဏ်းချုပ်မို… ကျုပ် ခင်ဗျားနဲ့အတူ လိုက်ခဲ့မယ်။ ကျုပ် နတ်ဘုရားမျိုးနွယ်ရဲ့ ပုရွက်ဆိတ်တစ်ကောင်ကိုပဲ သတ်နိုင်ပါစေဦး အကြွေးတချို့တော့ ပြန်ယူချင်တယ်ဗျာ"

ယွမ်မိုက မိုဝူကျိုနောက် သေချာပေါက် လိုက်မည်ဖြစ်သောကြောင့် ဘာမှမပြောချေ။

မိုဝူကျိုက နီကိုင်အား ပြောလိုက်သည်မှာ

"တာအိုရောင်းရင်းနီကိုင်… ကျုပ်အတွက် စကြဝဠာနံရံကို ကူညီစောင့်ကြည့်ပေးဖို့ ခင်ဗျား ဒီမှာ နေခဲ့ပါ့လား။ စကြဝဠာနံရံ ပေါ်လာတာနဲ့ ချက်ချင်း ကျုပ်ကို အမှာစကား လှမ်းပို့ပေးဖို့ တာအိုရောင်းရင်းကို တောင်းဆိုပါရစေဗျာ"

ပြောနေရင်းဖြင့်ပင် မိုဂူကျိုက ဆက်သွယ်ရေး ပုတီးစေ့တစ်ခုကို နီကိုင်အတွက် ထုတ်ပေးလိုက်သည်။

နီကိုင်က ဆက်သွယ်ရေးပုတီးစေ့ကို ယူလိုက်ပြီးမှ တုံ့ပြန်လိုက်သည်။

"တာအိုသခင်မို... ကျုပ်လည်း ခင်ဗျားတို့နဲ့အတူ လိုက်ခဲ့မယ်ဗျာ။ ကျုပ် နီကိုင်က သေရမှာ နည်းနည်းကြောက်တာ မှန်ပါတယ်။ ဒါပေမဲ့ နတ်ဘုရားမျိုးနွယ်တွေက ကျုပ်ရဲ့သွေးမျိုးနွယ် အကုန်လုံးနီးပါးကို အမြစ်ပြတ်သုတ်သင်ခဲ့တာဗျ။ ကျုပ် ဒီမှာ ပုန်းအောင်းနေဖို့ ရွေးချယ်ခဲ့မယ်ဆိုရင် ကျုပ်ဟာ သွေးမျိုးနွယ်ဝင်တစ်ယောက် ဖြစ်ဖို့ မထိုက်တန်တော့ဘူး။ စကြဝဠာနံ့ရဲ့ ပွင့်ပေါ်လာမည့်ကိစ္စအတွက်ကိုတော့ ကျုပ်တို့တွေ စကြဝဠာအစွန်းကနေလည်း သိနိုင်မှာပါ။ ဒီမှာ စောင့်နေစရာ မလိုပါဘူး"

"ကောင်းပါပြီဗျာ... ဒီလိုဆိုမှတော့ စကြဝဠာအစွန်းကို အတူတူ သွားကြတာပေါ့"

မိုဂူကျိုသည် ကောင်းကင်ဘုံအလွန် လူသားပိုင်နက်၏ ကူးပြောင်းအစီအရင်ဆီသို့ စတင်ဦးတည်သွားလိုက်၏။

သူက ဤနေရာသို့ တစ်ခါရောက်ဖူးသည်ဖြစ်ရာ ဤနေရာနှင့် အကျွမ်းတဝင်ရှိသည်ဟု ပြောလို့ရသည်။

စကြဝဠာအစွန်းမှ ကောင်းကင်ဘုံအလွန်သို့ သွားရန်သုံးသော ကူးပြောင်းအစီအရင်မှာ အကောင်းဆုံး အခြေအနေတွင် ရှိနေသည်။ သိသာစွာပင် နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူတို့သည် ဤနေရာသို့ မကြာခဏ ရောက်လာတတ်ကြကာ ဤကူးပြောင်းအစီအရင်ကို ဖျက်စီးပစ်ရန် ရည်ရွယ်ချက်လည်း မရှိကြပေ။ မိုဝူကျိုက ဤကူးပြောင်းအစီအရင်ကို ကာကွယ်ရန် အစီအရင်အလံ တစ်ပုံကြီးကို ပစ်လွှတ်လိုက်၏။ သူသည် အဆင့် ၅ နတ်ဘုရား အစီအရင်ဘုရင် ဖြစ်နေပြီ ဖြစ်ရာ အချိန်တိုလေးအတွင်း၌ပင် အဆင့် ၄ နတ်ဘုရားအစီအရင်တစ်ခုကို ခင်းကျင်းနိုင်လိုက်သည်။

နတ်ဘုရားအုပ်စိုးသူသာ ရောက်မလာသ၍ အဆင့် ၄ နတ်ဘုရားအစီအရင်တစ်ခုသည် ကောင်းကင်နတ်ဘုရား အဆင့်မြင့် ကျင့်ကြံသူတစ်ယောက်ကို တားဆီးနိုင်လိမ့်မည်ဟု မိုဝူကျိုက ယုံကြည်သည်။

ကူးပြောင်းအစီအရင်ကို ကာကွယ်ထားလိုက်ပြီးနောက် မိုဂူကျိုနှင့် ယွမ်မိုတို့သည် ကူးပြောင်းအစီအရင်ပေါ်သို့ တက်လိုက်ကြသည်။

စကြဝဠာအစွန်းနှင့် ကောင်းကင်ဘုံအလွန်တို့သည် အရမ်းကြီး မဝေးကွာနေသဖြင့် အချိန်တိုလေး သွားလာပြီးသည့်နောက်တွင် သူတို့လေးယောက်သား နောက်ထပ်ရောမကျောက်တုံးအပိုင်းအစကြီးပေါ်သို့ ဆင်းသက်ရောက်ရှိသွားလေသည်။

ယခင်ကလိုပင် တူညီသည့် ရောမကျောက်တုံးကြီး ဖြစ်နေသေး၏။ ထိုအရာ၏ အရှေ့တွင် အာကာပြင် ကျောက်တုံးလမ်းကြောင်း နှစ်ခုရှိသည်။

ဟိုယခင် မိုဂူကျို ဤနေရာသို့ ရောက်ခဲ့စဉ်က လမ်း၏ဘေးပေါ်မှ ဆိုင်းဘုတ်ပေါ်တွင် "ကောင်းကင်ဘုံအလွန် ကူးပြောင်းအစီအရင်" ဟူသော စာလုံးများကို ရေးထွင်းထားသည်။ ယခုမူ "နတ်ဘုရားမျိုးနွယ်၏ ကောင်းကင်ဘုံအလွန် ကူးပြောင်းအစီအရင်" ဟူ၍ ရေးထားလေ၏။ ယခင်ကနှင့် မတူသည့် တစ်ခုတည်းသော ခြားနားချက်မှာ ထိုလမ်းကို စောင့်ကြပ်ရန် မည်သူမျှ ရှိမနေခြင်းသာ ဖြစ်သည်။

နတ်ဘုရားမျိုးနွယ်သည် ဤကူးပြောင်းအစီအရင်ကို သိပ်ပြီး စိတ်မဝင်စားသည်မှာ ထင်ရှားသည်။

မိုဝူကျိုက သူ့လက်ကို ဆန့်ထုတ်လိုက်ပြီး ဆိုင်းဘုတ်ကို တစ်ခဏချက်ချင်းပင် ဖျက်ဆီးပစ်လိုက်သည်။ သူက အရှေ့ဆုံးမှ “နတ်ဘုရားမျိုးနွယ်” ဟူသည့် စာလုံးမပါသော နောက်ထပ် ဆိုင်းဘုတ်တစ်ခု ပြန်တည်ဆောက်လိုက်သည်။

ဤကိစ္စများကို ပြုလုပ်ပြီးသည်နှင့် မိုဝူကျိုသည် အစီအရင်တစ်ခုကို ရောမကျောက်တုံးကြီး တစ်ခုလုံး၏ ပတ်ပတ်လည်တွင် ချက်ချင်း ခင်းကျင်းလိုက်၏။ သူက ကာကွယ်ရေးအစီအရင်များသာမက သေမင်းထောင်ချောက်အစီအရင်နှင့် တချို့သတ်ဖြတ်ရေးအစီအရင်များကိုပါ ထည့်သွင်း ခင်းကျင်းလိုက်သည်။

ထို့အပြင် မိုဝူကျိုသည် အဆင့် ၄ သေမင်းထောင်ချောက် အစီအရင်များကိုသာ မခင်းကျင်းဘဲ အချိန်နှင့်အင်အားကို နည်းနည်းလေးပိုသုံးကာ အဆင့် ၅ သေမင်းထောင်ချောက် အစီအရင်တစ်ခုကိုပါ ခင်းကျင်းလိုက်သည်။ ဤကဲ့သို့

ကျဉ်းမြောင်းလှသည့် နေရာတစ်ခုထဲတွင် အဆင့် ၅ သေမင်းထောင်ချောက်အစီအရင်ကို ခင်းကျင်းရန် မို၀ူကျိအတွက် နေ့၀က်သာ လိုအပ်သည်။

ထိုသို့ ပြုလုပ်ပြီးသည်နှင့်တစ်ပြိုင်နက် သူတို့လေးယောက်သည် စကြ၀ဠာအစွန်းသို့ ရောက်ရှိသွားသည်။ သို့တိုင် မည်သူကိုမျှ မတွေ့ရသေးချေ။

လွန်ခဲ့သောနှစ်ပေါင်းများစွာက လူစည်ကား သိုက်မြိုက်ခဲ့ဖူးသော စကြ၀ဠာအစွန်းမှာ ယခုမူ မြို့ပျက်တစ်ခုလိုသာ ဖြစ်နေတော့သည်။

"ဒီမှာရှိတဲ့လူတွေအားလုံး နတ်ဘုရားမျိုးနွယ်ရဲ့ သတ်ဖြတ်ဖျက်ဆီးတာကို ခံလိုက်ရကြတာများလား။ သတ်ပွဲလည်း ပြီးရော နတ်ဘုရားမျိုးနွယ်ကလူတွေက ပြန်သွားကြတာလား။ အဲ့လိုတော့ မဖြစ်နိုင်လောက်ဘူး ထင်တယ်... ဟုတ်တယ်မလား"

ယွမ်မိုက သူ့ဘာသာသူ ရေရွတ်လိုက်သည်။

သူက တစ်မျိုးကြီးပဲဟု တွေးမိသည်။

**အကြောင်းမှာ နတ်ဘုရားမျိုးနွယ်သာ ပြန်ထွက်သွားမည်ဆိုပါက ဤနေရာကို ဖျက်ဆီးပစ်ခဲ့လိမ့်မည် မဟုတ်ပါလော...**

မိုဝူကျို၏ စိတ်စွမ်းအားကို စကြဝဠာအစွန်းအတွင်းထိတိုင် ဖြန့်ကျက်ပြီးလေပြီ။ စကြဝဠာအစွန်း၌ မရဏစွမ်းအားနှင့် လူသေအလောင်းတို့ဖြင့်သာ ပြည့်နေကာ တခြားဘာမှမရှိပေ။ သို့သော် နတ်ဘုရားဝိညာဉ်စွမ်းအား လှုပ်ခတ်မှုလှိုင်းများ ရှိနေသဖြင့် တစ်စုံတစ်ယောက်က ဤနေရာတွင် ကျင့်ကြံနေမှန်း မိုဝူကျိုက သိလိုက်သည်။

စကြဝဠာအစွန်း၏ ကာကွယ်ရေးအစီအရင်ကို ထိုနှစ်တွေတုန်းက သူ ခင်းကျင်းထားခဲ့သည်။ ထိုကာကွယ်ရေးအစီအရင်တွင် ပြောင်းလဲမှု များများစားစား မရှိချေ။ နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူများသည် ဤနေရာမှ ကျင့်ကြံသူများကို ဒုက္ခအန္တရာယ်ပေးနိုင်သည့် အရာဟူ၍ မယူဆသောကြောင့် ထိုအစီအရင်ကို ခိုင်ခံ့အောင် လုပ်မနေတော့ခြင်းသာ ဖြစ်ရမည်။

မိုဝူကျိုက လက်များကို မြှောက်လိုက်သည်။ ထို့နောက် ထောင်ချီသော အစီအရင်အလံများ ပျံထွက်သွားသည်။ ဟိုယခင် ကာကွယ်ရေးအစီအရင်ပေါ်တွင် သူက လှည့်ကွက်တချို့

ချန်ထားခဲ့သည်။ ယခု သူ၏ အစီအရင်အလံများကို ထုတ်လွှတ်လိုက်သောအခါ စကြဝဠာအစွန်း တစ်ခုလုံးက သူတို့၏ အရှေ့တည့်တည့်တွင် ပေါ်လာလေသည်။ ကာကွယ်ရေးအစီအရင်အပြင် ရုတ်တရက်ကြီး တခြားနောက်ထပ် ထောင်ချောက်အစီအရင်တစ်ခုပါ ထပ်ရှိလာသည်။ ဤထောင်ချောက်အစီအရင်မှာ စောစောတုန်းက ကာကွယ်ရေးအစီအရင်ထက် များစွာပို၍ ကြောက်စရာကောင်းလေ၏။ စက္ကန့်အနည်းငယ်အတွင်း မိုဝူကျိက အဆင့် ၃ နတ်ဘုရားသေမင်းထောင်ချောက် အစီအရင်တစ်ခုကို ပေါ့ပေါ့ပါးပါး ခင်းကျင်းနိုင်လိုက်သည်။

…………………………

မရေတွက်နိုင်သော ကျင့်ကြံသူတို့၏ ဦးခေါင်းခွံများကို သုံးကာ စာလုံးတချို့ကို ပုံဖော်ထားသည်။ "နတ်ဘုရားမျိုးနွယ်၏ စကြဝဠာအစွန်း" ဟု ရေးထားသည်။

အသက်ရှင်ကျန်ရစ်သူတချို့မှာ မြေပြင်ပေါ်တွင် အရုပ်များသဖွယ် ထိုင်နေကြသည်။ မကြာခဏဆိုသလို တစ်စုံတစ်ယောက်၏ ခန္ဓာကိုယ်မှာ သွေးမြူအဖြစ်သို့ ပြောင်းလဲသွား၏။

လုကျီတင်းပင်လျှင် နတ်ဘုရားမျိုးနွယ်သည် မှော်နက်ပညာရပ်တချို့ကို ကျင့်ကြံနေခြင်း ဖြစ်မည်ဟု သတိထားမိသည်။

မိုဝူကျို၏ စိတ်စွမ်းအားက ထူးဆန်းသည့် စည်းမျဉ်းလှုပ်ခတ်မှုတစ်ခုကို ရှာတွေ့လိုက်သည်။ ဤထူးဆန်းသည့် စည်းမျဉ်းမှာ သဘာဝဓာတ် ၅ မျိုးထဲမှာ မပါသလို သူရင်းနှီးပြီးသား အရာလည်း မဟုတ်ချေ။

နီကိုင်က ခပ်အုပ်အုပ်ပြောလိုက်သည်။

“ဒီခွေးကောင်တွေက တကယ်ကြီးကို ကျိန်စာပညာရပ်တွေကို ကျင့်ကြံနေတာပဲ။ ဒါက ကျိန်စာပညာရပ်တွေ ကျင့်ကြံဖို့အတွက် အသက်ရှင်ကျန်နေသေးတဲ့ ကျင့်ကြံသူတွေကို အသုံးချနေတာပဲ”

“နတ်ဘုရားမျိုးနွယ်ပိုင်နက်ထဲမှာ ဘယ်သူက စိတ်စွမ်းအားကို မျက်နှာပြောင်ပြောင်နဲ့ လာဖြန့်ကျက်ရဲတာလဲကွ... သေလိုက်စမ်း”

ခက်ထန်သော အသံတစ်သံကို ကြားလိုက်ရကာ ထိုအသံနောက်တွင် ရောမလက်ဝါးအရာကြီးတစ်ခုအား မိုဝူကျိုတို့ဆီသို့ ရိုက်ထုတ်ခံလိုက်ရသည်။

ဤင်္ဂါတိသည့် မျက်နှာပြရန်ပင် လုပ်မနေတော့ချေ။ သူက မိုဝူကျိတို့ကို ပုရွက်ဆိတ်သာသာလောက် ဆက်ဆံနေခြင်းဖြစ်သည်မှာ သိသာလှ၏။

မိုဝူကျိက နှာတစ်ချက်မှုတ်ကာ နောက်ထပ် အစီအရင်အလံ ဆယ်ခုကျော်ကို ပစ်လွှတ်လိုက်သည်။ တစ်ပြိုင်နက်တည်း လက်ဝါးရာတစ်ခုကလည်း လွင့်တက်ပျံဝဲသွားသည်။

စူးစူးဝါးဝါး အော်သံတစ်ခုကို ကြားလိုက်ရပြီးနောက် ထိုသူ့လည်ပင်းကို ဆွဲညှစ်ဆုပ်ကိုင်ထားသော မိုဝူကျိ၏ လက်ဝါးရာက အရပ်ရှည်ရှည်နှင့် မျက်နှာဖြူလူတစ်ယောက်အား မြေကြီးပေါ်သို့ ကိုင်ပေါက်ပစ်လိုက်လေ၏။ မိုဝူကျိက သူ့အား မြေကြီးပေါ်သို့ ကိုင်ပေါက်လိုက်သည့်အခိုက် ဤလူ၏ ဝိညာဉ်လမ်းကြောင်းများမှာ ချက်ချင်း အဖျက်ဆီးခံလိုက်ရလေသည်။

"ဝှစ်"

အလင်းတန်း ၇ ခုက တရှိန်ထိုး ရောက်ရှိလာပြီး စကြဝဠာအစွန်း၏ ကာကွယ်ရေးအစီအရင် အဝင်ဝ တည့်တည့်သို့ ဆင်းသက်လိုက်ကြသည်။ ရှေ့ဆုံးတွင် ရပ်နေသည့်လူမှာ

အစိမ်းရောင် အသားအရေရှိသည့် ယောကျ်ားတစ်ယောက် ဖြစ်သည်။ သူက မိုဝူကျိအား ကြောက်ကြောက်ရွံ့ရွံ့ စိုက်ကြည့်လေ၏။

“ခင်ဗျား ဘယ်သူလဲ။ ဘာဖြစ်လို့ ဒီနေရာကို လာနိုင်ရတာလဲ”

လူ ၇ ယောက်အနက် ၄ ယောက်မှာ ကနဦးနတ်ဘုရားများ ဖြစ်ကာ ၃ ယောက်မှာ ကောင်းကင်နတ်ဘုရားများ ဖြစ်သည်။ မိုဝူကျိသည် ဤလူများမှာ ဤလောကနယ်မြေမှ လုံးဝမ ဟုတ်ကြောင်း ပြောနိုင်သည်။

ထိုကောင်းကင်နတ်ဘုရား ၃ ယောက်တွင် မိုးမြေအဆောင်၏ အကူအညီ ရှိနေသောကြောင့်သာ သူတို့၏အင်အားကို ကနဦးနတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့်၌ ထိန်းချုပ်ကန့်သတ်နိုင်ခြင်း ဖြစ်သည်။ ကနဦးနတ်ဘုရား ကျင့်ကြံသူများတွင် မည်သည့်အဆောင် အကူအညီမှ မရှိနေချေ။

ယခုမူ မိုဝူကျိက သဘောပေါက်သွား၏။ ဤနေရာမှာ မိုးမြေစည်းမျဉ်းကန့်သတ်ချက် လုံးဝမရှိသည့်နေရာ ဟုတ်ပုံ မပေါ်ပေ။ အနည်းဆုံးတော့ ဤနေရာသို့ ကနဦးနတ်ဘုရားများသာ လာနိုင်ပြီး

ကောင်းကင်နတ်ဘုရားများမှာ မလာနိုင်ချေ။ အကယ်၍ ကောင်းကင်နတ်ဘုရားများသာ လာမည်ဆိုပါက သူတို့သည် သူတို့၏ ကျင့်ကြံဆင့်ကို ထိန်းချုပ်ကန့်သတ်ရန် မှုခြေအဆောင်ကို သုံးကိုသုံးရမည် ဖြစ်သည်။

မိုဝူကျိသည် လူသားတာအိုကို ကျင့်ကြံသည်ဖြစ်ရာ ထိုမိုးမြေစည်းမျဉ်းတို့က သူ့အပေါ် မည်သည့်အကျိုးသက်ရောက်မှုမှ ရှိလိမ့်မည် မဟုတ်ပေ။

"ဝူကျိ... ဒီလူက ဟိုအရင်နှစ်တွေတုန်းက ကျုပ်နောက်ကို လိုက်ဖမ်းတဲ့လူပဲ..."

ယွမ်မိုသည် မြေကြီးပေါ်တွင် လဲကျနေသော မျက်နှာဖြူလူကို လက်ညှိုးထိုးပြလိုက်ရင်း သူသည် နောက်ဆုံးတွင်တော့ အခြေအနေအား တုံ့ပြန်လိုက်၏။

ယခင် မိုဝူကျိက ယုနန်အား အလစ်ဖမ်း တိုက်ခိုက်နိုင်ခဲ့စဉ်ကတည်းက ယွမ်မိုမှာ အလွန် အံ့သြမှင်သက်နေမိပြီးသား ဖြစ်သည်။ ယုနန်သည် သူ၏ရှေ့ရှိ ဤမဆိုစလောက် ကနဦးနတ်ဘုရားထက် အဆများစွာ အားကောင်းသည့် နတ်ဘုရားအုပ်စိုးသူတစ်ယောက်

ဖြစ်သော်လည်း ယွမ်မိုသည် နတ်ဘုရားအုပ်စိုးသူတစ်ယောက်သည် မည်မျှအထိ အားကောင်းကြောင်း လုံးဝ မသိပေ။ ယခုမူ သူယခင်က ခုခံရန်ပင် မတတ်နိုင်ခဲ့သော အဆင့်မြင့် ကျင့်ကြံသူတစ်ယောက်အား သတ်ရန် မိုဝူကျိက နတ်သဘာဝစွမ်းအား လက်ဝါးကို ထိပ်တိုက်သုံးလိုက်သည်။ သို့ဖြစ်ရာ ယွမ်မိုသည် မိုဝူကျိ၏ အင်အားမှာ သူထင်ထားသည်ထက် များစွာကျော်လွန်နေကြောင်း သဘောပေါက်သွားသည်။

နီကိုင်နှင့် လုကျီတင်းတို့သည် လေအေးများကို အသက်ပြင်းပြင်း ရှူလိုက်ကြသည်။ သူတို့က မိုဝူကျိ အားကောင်းမည်မှန်း သိသော်လည်း ဤမျှ အားကောင်းလိမ့်မည်ဟု မထင်ထားကြပေ။

သူတို့ ထိပ်တိုက်ပင် မခုခံနိုင်ခဲ့သော အဆင့်မြင့် ကျင့်ကြံသူတစ်ယောက်သည် မိုဝူကျိရှေ့တွင် ပုရွက်ဆိတ်ဟုပင် ခေါ်ဖို့မထိုက်တန်ချေ။ မိုဝူကျိ မည်မျှလောက်တောင် အားကောင်းပါသနည်း။

**“ငါက စကြဝဠာအစွန်းရဲ့ မြို့သခင်ပဲ”**

မိုဝူကျို၏ အားကောင်းသော ဝဲကတော့စွမ်းအားစက်ကွင်းက အပြင်ဘက်သို့ ဖြန့်ကျက်လွှမ်းခြုံသွားသည်။ စကားပြောနေရင်း သူ၏နတ်သဘာဝလက်ဝါးအား ဒုတိယအကြိမ် ထုတ်လွှတ်လိုက်သည်။ စောစောလေးက စကားပြောနေသော ကနဦးနတ်ဘုရားမှာလည်း ပြန်လည်တိုက်ခိုက်ရန် အင်အားမရှိသဖြင့် မိုဝူကျို၏ ဆွဲဆုပ်ဖမ်းယူခြင်းကို ခံလိုက်ရလေ၏။ နောက်တစ်ခဏတွင်ကား မိုဝူကျိုက သူ့တစ်ကိုယ်လုံးကို သွေးမြူအဖြစ်သို့ ဖိချေပစ်လိုက်သည်။

## အခန်း(၁၀၂၆) : ပြင်းထန်လွန်းသော နည်းလမ်းများ

"မင်း ဟွမ်ဟွမ်ကို သတ်ပစ်လိုက်တယ်..."

ထိုကနဦးနတ်ဘုရားသည် မိုဝူကျို၏ သဘာဝစွမ်းအားလက်ဝါးဖြင့် သေသည်အထိ ဖိချေခံလိုက်ရသည်ကို မြင်သောအခါ ကျန်နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူတို့သည် သွေးဆုတ်ဖြူဖျော့သွားလေ၏။ အသက်အကြီးဆုံး

ကောင်းကင်နတ်ဘုရားကျင့်ကြံသူက အလွန်ပျာယာခတ်သွားကာ တစ်ကိုယ်တည်း ပွစိပွစိပြောနေလေသည်။

အသက်ရှိုက်စာ အနည်းလောက် ကြာပြီးမှ ဤအသက်အကြီးဆုံး ကျင့်ကြံသူသည် ပြန်လည် တည်တည်ငြိမ်ငြိမ် ဖြစ်သွားသည်။ သူက မိုဝူကျိအား တအံ့တဩ စိုက်ကြည့်လိုက်ရင်း

“မင်းက ကနဦးနတ်ဘုရား မဟုတ်ဘူး… ပြီးတော့ မင်းရဲ့ကျင့်ကြံဆင့်ကို မထိန်းချုပ်ထားဘူး…”

စကားပြောနေရင်းဖြင့် ဤကျင့်ကြံသူသည် သူ၏ စိတ်စွမ်းအားဖြင့် ထွက်ပြေးစရာလမ်းကြောင်းကို နေရာအနှံ့ စေ့စေ့ ကြည့်နေလေ၏။ သူက ဟွမ်ဟွမ်၏ သေဆုံးမှုကို စိတ်ပူနေရမည့်အစား သူ့အသက်အတွက် စိတ်ပူသင့်မှန်း သဘောပေါက်သွားလေသည်။

စကြဝဠာအစွန်း၏ ကာကွယ်ရေးအစီအရင်ကို မိုဝူကျိက ခင်းကျင်းထားသည်။ ဤနတ်ဘုရားမျိုးနွယ်ကျင့်ကြံသူက သူ၏စိတ်စွမ်းအားကို အပြင်ဘက်သို့ ပို့လွှတ်လိုက်သည့်အခိုက် မိုဝူကျိက ထိုအရာကို ရှာတွေ့နိုင်လေသည်။

အမှန်ပင် ဤအသက်အကြီးဆုံး ကောင်းကင်နတ်ဘုရားကျင့်ကြံသူသည် ပြေးပေါက်ကို ရှာတွေ့သည်နှင့် အလျင်အမြန် နောက်ပြန်လှည့်ကာ စတင်ဆုတ်ခွာလိုက်သည်။ တစ်ချိန်တည်းမှာပင် နောက်ထပ် နတ်ဘုရားမျိုးနွယ် ကောင်းကင်နတ်ဘုရားကျင့်ကြံသူကလည်း သူ့နောက်မှလိုက်ကာ ဆုတ်ခွာလိုက်လေသည်။

မိုဝူကျိုက နေရာမှ မရွေ့ပေ။ သူက လက်သီး ၂ လုံးကိုသာ ပစ်ခွင်းလိုက်၏။

**စွမ်းအားစက်ကွင်း ချေဖျက်လက်သီးချက် ၂ ချက်**

ဤလက်သီးချက်များသည် အာကာပြင်ကို ဆုတ်ဖြဲပစ်နိုင်စွမ်းရှိသော ပူပြင်းလှသည့် နေလုံးကြီး ၂ လုံး သကဲ့သို့ ရှိသည်။ လက်သီး ၂ လုံးသည် လေထဲတွင် ဝိုးခနဲဖြင့် အလွန်လျင်မြန်စွာ ဖြတ်သန်းကာ ထွက်ပြေးသွားသော ကောင်းကင်နတ်ဘုရား ၂ ယောက်ဆီ ရောက်သွားလေသည်။

ဤကောင်းကင်နတ်ဘုရား ၂ ယောက်၏ ကျင့်ကြံဆင့်မှာ သူတို့၏ မျှခြေအဆောင်ကြောင့် ကနဦးနတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့်သို့ ထိန်းချုပ်ကန့်သတ်ခံထားရသည်။ မိုဝူကျို၏ စွမ်းအားစက်ကွင်း

ချေဖျက်လက်သီးချက်ကို အာရုံခံမိသောအခါ သူတို့သည် ထိုလက်သီးကို ခုခံရန် မစဉ်းစားချေ။ ထိုအစား သူတို့က ပို၍ သဲသဲမဲမဲ ဆုတ်ခွာရန် ကြိုးစားလိုက်သည်။ သူတို့ကြည့်ရသည်မှာ သူတို့၏ လွတ်မြောက်ရေး နည်းစနစ်များကို တော်တော် ယုံကြည်ချက် ရှိပုံပေါ်သည်။

မိုဝူကျိုက သူတို့နောက်သို့ လိုက်မသွားချေ။ သူက သူ၏မှော်ရတနာကို ခေါ်ယူရန်ပင် ကရိုကထများ၍ လုပ်မနေတော့ပေ။။

“ဘန်း… ဘန်း”

ထွက်ပြေးသွားသော ကောင်းကင်နတ်ဘုရား ၂ ယောက်သည် မမြင်နိုင်သည့် နံရံတစ်ခုကို ဝင်တိုက်မိဟန် ရှိကာ သူတို့သည် ထို့ထက်ပို၍ ဆက်မရွေ့နိုင်တော့ပေ။ ဤကောင်းကင်နတ်ဘုရား ၂ ယောက်သည် မိုဝူကျို၏ အာကာပြင်အစီအရင် မှော်အကန့်အရာများကို ဘယ်တော့မှ သတိပြုမိနိုင်လိမ့်မည် မဟုတ်ပေ။

နောက်ခဏချက်ချင်းပင် စွမ်းအားစက်ကွင်း ချေဖျက်လက်သီးချက် ၂ ချက်က ကောင်းကင်နတ်ဘုရား ကျင့်ကြံသူ ၂ ယောက်ပေါ်သို့ ကျရောက်သွားလေသည်။

“ဘုန်း... ဘုန်း”

သွေးမြူ ၂ ခု ပေါက်ကွဲထွက်သွား၏။

မိုဝူကျို၏ သဘာဝစွမ်းအား လက်ဝါးဖြင့် အဖမ်းခံထားရသော မျက်နှာဖြူ ကျင့်ကြံသူမှလွဲ၍ နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူ ၇ ယောက်အနက် ၃ ယောက်မှာ မျက်စိတစ်မှိတ်အတွင်း သုတ်သင်ခံလိုက်ရသည်။

ကျန်ရှိနေသော ကောင်းကင်နတ်ဘုရားနှင့် ကနဦးနတ်ဘုရား ၃ ယောက်သည် မိုဝူကျိုအား ဖြူဖတ်ဖြူရော် မျက်နှာများနှင့် ကြည့်လိုက်ကြသည်။ သူတို့သည် တခြားမျိုးနွယ်များမှ မရေမတွက်နိုင်သော လူများစွာကို သတ်ဖြတ်ခဲ့ဖူးသည်။ အသတ်ခံရမည့် အချိန်သို့ ရောက်သည့်အချိန်ကျမှသာ သူတို့သည် အကြောက်တရားကို ခံစားမိကြလေတော့၏။

“မင်း ငါတို့ကို သတ်လို့မရဘူး။ ငါတို့က တကယ့် နတ်ဘုရားမျိုးနွယ်စစ်စစ်ကနေ လာတာကွ။

ငါတို့နတ်ဘုရားမျိုးနွယ်မှာ ကြီးမြတ်တဲ့ နတ်ဘုရားဘုရင်တွေ အမြောက်အများ ရှိရုံတင်မကဘူး၊ သဟဇာတနတ်ဘုရားတွေလည်း အများကြီး ရှိတယ်… တကယ်လို့ မင်း ငါတို့ကို အပြတ်ရှင်းပစ်မယ်ဆိုရင် ငါတို့နတ်ဘုရားမျိုးနွယ်က ပညာရှင်တွေက ကမ္ဘာလောကတွေ အများကြီး ကွာဝေးနေရင်တောင်မှ မင်းနောက်ကို လိုက်ဖမ်းနေဦးမှာကွ။ မင်းသာ ငါတို့ကို မသတ်သရွေ့ ငါတို့ ဝိညာဉ်သစ္စာ ဆိုနိုင်…”

ထိုကျန်သည့် ကောင်းကင်နတ်ဘုရားက စိုးရိမ်တကြီး အော်ဟစ်ပြောဆိုလိုက်သည်။

မိုဝူကျိ ဘာမှ မပြောနိုင်သေးခင်မှာပင် အသံတစ်သံက လေထုကို စူးရှရှ ဖြတ်ခွင်းလာကာ

“အစ်ကိုမို… သူပြောတာ နားမထောင်နဲ့။ သူ့စကားတွေက ဘယ်ဟာကမှ အမှန်တွေ မဟုတ်ဘူး…”

“စီဟုန်… မင်းခွေးသူတောင်းစား… မင်းက မျက်နှာလာပြရဲသေးတယ်”

နီကိုင်က စကားပြောလိုက်သည့်သူမှာ မည်သူမှန်း မြင်လိုက်ရသည့်အခါ၌ ကြမ်းကြမ်းတမ်းတမ်း အော်ငေါက်ပစ်လိုက်သည်။

အသက်ရှင်နေသေးသည့် ထိုနတ်ဘုရားမျိုးနွယ် အဆင့်မြင့် ကျင့်ကြံသူများကြောင့်သာ မဟုတ်ပါက နီကိုင်သည် စီဟုန်ကို သတ်ရန် အရှေ့သို့ တစ်ဟုန်ထိုး ပြေးဝင်၍ တိုက်ခိုက်နေလောက်ပြီ ဖြစ်သည်။

မိုဝူကျိုက သူ၏ စိတ်စွမ်းအားနှင့် စီဟုန်အား ရှာတွေ့ထားသည်မှာ ကြာလှပြီ ဖြစ်သည်။ သူ့မျက်လုံးထဲတွင် စီဟုန်သည် သေလူဖြစ်နေပြီးသား ဖြစ်သည်။

"အစ်ကိုမို... အဲ့ဒီအချိန်တုန်းက ကျောင်းလွှမ့်က ကျိန်စာပညာရပ်တွေကို လိုချင်မျက်စိကျနေတာလေ။ အဲ့ဒါကြောင့်မို့လို့ပဲ သူက အစ်ကိုမို ချထားခဲ့တဲ့ အဲ့ဒီကာကွယ်ရေးအစီအရင်ကို ချိုးဖောက်ချင်ခဲ့တာပေါ့ဗျာ။ သူ့စကားတွေကို နားယောင်မိလို့ အစ်ကိုရဲ့အတားအဆီးကို ချိုးဖောက်ဖို့ သူနဲ့အတူ လိုက်သွားခဲ့ပြီး နတ်ဘုရားမျိုးနွယ်ရဲ့

ကျိန်စာမှော်အက္ခရာတွေကို ထုတ်လွှတ်မိခဲ့တာ... တကယ်မုန်းစရာကြီးပါဗျာ... ”

စီဟုန် ကြည့်ရသည်မှာ အလွန် စိတ်လှုပ်ရှားနေပုံ ပေါ်သည်။ သူက ဤစကားအကုန်လုံးကို အသက်တစ်ရှိုက်စာအတွင်း ပြောချလိုက်၏။

မိုဝူကျို၏ မျက်နှာပေါ်တွင် ခံစားချက်တစ်စုံတစ်ရာမှ ရှိမနေကာ တိုက်ခိုက်မည့် ပုံစံလည်း မပေါ်သည်ကို သတိပြုမိသဖြင့် စီဟုန်က သက်ပြင်းချလိုက်လေသည်။ မိုဝူကျိုကဲ့သို့ အဆင့်မြင့် ကျင့်ကြံသူတစ်ယောက်သည် ထိပ်တန်းအဆင့် လျို့ဝှက်ပညာရပ်များကို သေချာပေါက် လိုချင်မက်မောလိမ့်မည်မှန်း သူ သိသည်။ ကျိန်စာပညာရပ်အကြောင်းကိုသာ ပြောပြလိုက်သရွေ့ သူ့တွင် အသက်ရှင်ရန် အခွင့်အရေး ရှိပေလိမ့်မည်။

ထိုစကားများကို ပြောပြီးနောက်တွင် စီဟုန်က အသက်ရှူလိုက်ပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောလိုက်သည်မှာ

“နောင်တရဖို့က အရမ်းကို နောက်ကျနေပါပြီ။ ကံကောင်းသွားတာက ကျုပ်တို့တွေ ကျိန်စာပညာရပ်ကို

ရရှိလိုက်ပြီးတော့ အဲ့ဒါကို ကျုပ်က အကုန် အလွတ်ကျက်မှတ်ပြီးသွားတာပဲ။ နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူတွေ ကျုပ်ကို မသတ်သေးတာက ကျုပ်ရဲ့ကျိန်စာပညာရပ်ကို လိုချင်လို့ပဲဗျ။ ဒီခွေးကောင်တွေကို သတ်ဖို့ နည်းလမ်းတွေကို ကျုပ် အမြဲလိုက်ရှာနေတာ။ ဒါပေမဲ့ ကျုပ်ရဲ့ ကျင့်ကြံဆင့် နိမ့်နိမ့်လေးနဲ့ ကျုပ်မှာ ခိုကားရာမဲ့ နေရတယ်။ အချိန်နည်းနည်းပိုရအောင် ကျုပ်ရဲ့ကျိန်စာပညာရပ်နှင့် လဲလှယ်ဖို့ပဲ ကျုပ်တတ်နိုင်ခဲ့တယ်ဗျာ…”

“ပြောလို့ပြီးပြီလား”

မိုဝူကျိုက စီဟုန်ဘက်သို့ ခံစားချက်မဲ့စွာ လှည့်ကြည့်လိုက်သည်။

“ဟို…”

စီဟုန်က မိုဝူကျိုစကားများ၏ နောက်ကွယ်မှ ဆိုလိုရင်းကို သဘောမပေါက်ချေ။ သူက မဆိုင်းမတွ ထပ်ထည့်လိုက်သည်မှာ

“ကျိန်စာပညာရပ်လိုမျိုး အရာကို နတ်ဘုရားမျိုးနွယ်တွေဆီ လုံးဝ ပေးလို့ မဖြစ်ဘူးလေ။ အဲ့ဒါက တကယ် အရမ်းအစွမ်းထက်တာဗျ။ ကျိန်စာပညာရပ်ကို အစ်ကိုမိုဆီ လွှဲပေးဖို့ ကျုပ် ဆုံးဖြတ်ပြီးပြီ…”

“ပြောလို့ပြီးပြီဆိုရင် မင်းသွားသေလို့ ရပြီ”

မိုဝူကျိက သူ့လက်ကို ဖြန့်လိုက်ပြီးနောက် သဘာဝစွမ်းအား လက်ဝါးတစ်ခုက စီဟုန်အား ဖမ်းဆုပ်ယူလိုက်သည်။ ထို့နောက်တွင် သူက နောက်ထပ် အာကာပြင်မှော်အက္ခရာ ၁၀ ခုကို ထပ်ဖွဲ့စည်းလိုက်ပြီး မီးတောက်တစ်ခုကို ထိုအက္ခရာများအထဲသို့ ပစ်ထည့်လိုက်သည်။

စီဟုန်က စိတ်မချမ်းမြေ့ဖွယ် အော်သံကြီးဖြင့်

“မိုဝူကျိ... ကျိန်စာပညာရပ်က စကြဝဠာတစ်ခွင်လုံးမှာ ထိပ်ဆုံးလျို့ဝှက်ပညာရပ်ဆိုတာ လုံးဝသေချာတယ်ကွ။ မင်း အဲ့လိုလျို့ဝှက်ပညာရပ်မျိုး မလိုချင်ဘူးလား...”

မိုဝူကျိက စီဟုန်၏ စကားများကို ဂရုပင် မစိုက်ချေ။ ဤကောင်က နတ်ဘုရားမျိုးနွယ်ကို ခေါ်ဆောင်လာပြီး သိန်းထောင်ချီသည့်လူတို့အား သေစေခဲ့သည်။ ဤကဲ့သို့လူမျိုးကို အသက်ချမ်းသာပေးလိုက်ပါမှသာ ထူးဆန်းနေပေလိမ့်မည်။

မီးတောက်များကြားတွင် စီဟုန်၏ အော်သံများက ဖြည်းဖြည်းချင်း ပို၍ပို၍ စူးစူးဝါးဝါးဖြစ်လာကာ ပို၍ စိတ်ချောက်ချားဖွယ် ကောင်းလာလေသည်။ နီကိုင်က အလိုလို

ကြက်သီးထမိသွားသည်။ ထိုနှစ်တွေတုန်းက စကြဝဠာအစွန်းတွင် မိုဝူကျိသည် များစွာသော တာအိုကျောင်းဖွဲ့နှင့် မဟာကျောင်းဖွဲ့တို့ကို သတ်ဖြတ်ခဲ့သည်။ ထိုကတည်းက မိုဝူကျိသည် နှလုံးသားနုသည့်လူမျိုး လုံးဝမဟုတ်မှန်း နီကိုင်က သိထားသည်။

မိုဝူကျိ စီဟုန်အား ရက်ရက်စက်စက် သတ်နေသည့်နည်းကို ကြည့်ကာ သူက မဟာကျိန်စာပညာရပ်ကို မမက်မောခဲ့မိသည်ကို တိတ်တိတ်လေး ဝမ်းသာမိသွားသည်။ သို့မဟုတ်ပါက နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူများ လက်မှ အသက်ရှင်ကျန်ရစ်နိုင်ခဲ့လျှင်ပင် ယခုအချိန်လောက်ဆို ထိုမီးတောက်များကြားတွင် သူမီးမြှိုက်ခံနေရလောက်လေပြီ။

အသက်ရှင်ကျန်နေသေးသော နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူများသည် ရင်ထဲတွင် တုန်လှုပ်ခြောက်ခြားမှုများနှင့် ဤအဖြစ်အပျက်ကို ကြည့်လိုက်ကြသည်။ မိုဝူကျိအား ခြိမ်းခြောက်ဖို့ နတ်ဘုရားမျိုးနွယ်ကို အသုံးပြုရန် ကြိုးစားခဲ့သော ငတိပင်လျှင် စကားဆက်မပြောတော့ချေ။

မိုဝူကျိ၏ အကြည့်က သူတို့အုပ်စုအား လွှမ်းမိုးသွားပြီး

“ဒီတစ်ခါက် နတ်ဘုရားမျိုးနွယ်ကနေ ရောက်လာတဲ့လူတွေ အများကြီး ရှိတယ်။ မင်းတို့အုပ်စုအပြင် တခြားသူတွေ ရှိသေးလား”

ကောင်းကင်နတ်ဘုရားက မိုဝူကျိဘက်သို့ လက်နှစ်ဖက် ယှက်ကာ ပြောလိုက်သည်မှာ

“ဒီက တာအိုရောင်းရင်က နတ်ဘုရားကမ္ဘာကနေ လာခဲ့တာဖြစ်မယ်။ အရာအားလုံးကို ဖွင့်ပြောပြဖို့ ကျုပ်မှာ ဆန္ဒရှိပါတယ်။ ကျုပ် တောင်းဆိုချင်တဲ့ တစ်ခုတည်းသောအရာက…”

မိုဝူကျိက အေးစက်စွာ ပြောလိုက်သည်။

“မင်းရဲ့လက်တွေက အပြစ်မဲ့သူရဲ့ သွေးတွေနဲ့ စွန်းထင်းနေပြီးသား။ မင်းမှာ ဘာမှတောင်းဆိုခွင့် မရှိဘူး။ မင်းပြောမှာလား မပြောဘူးလား”

ကောင်းကင်နတ်ဘုရား ကျင့်ကြံသူ၏ နှလုံးမှာ တဆတ်ဆတ်တုန်သွားသည်။ ထို့နောက် သူက ပါးစပ်ပိတ်ပြီး တိတ်တိတ်လေး နေရန်သာ ဆုံးဖြတ်လိုက်လေ၏။

မိုဝူကျိက သူ့လက်ကို နောက်တစ်ကြိမ် ထပ်ဖြန့်လိုက်သည်။ အားကောင်းသော ဝဲကတော့စွမ်းအားစက်ကွင်းက ကောင်းကင်နတ်ဘုရားကျင့်ကြံသူအား ရစ်ပတ်လွှမ်းခြုံသွားကာ သူ့အား အဆက်မပြတ်အော်ငိုနေသော စီဟုန်၏ ဘေးသို့ ပစ်ပေါက်လိုက်လေသည်။

ကြောက်မက်ဖွယ်မီးတောက်များက သူ့ဆီသို့ တဟုန်ထိုးပြေးဝင်လာသည်။ နာနာကျင်ကျင် အော်ညည်းငိုကြွေးသံများတွင် နောက်ထပ်အသံတစ်သံ ထပ်ပေါင်းသွားလေ၏။ ကောင်းကင်နတ်ဘုရားက သူ၏ မှုခြေအဆောင်ကို ချက်ချင်း ဆုတ်ဖြဲပစ်လိုက်သည်။ မိုးမြေစည်းမျဉ်းများ၏ ဖိအားများက သူ့အပေါ် ကျရောက်ဖိနှိပ်လာသည်။ သူ၏ ကိုယ်မှာ အပိုင်းအစများအဖြစ် တန်းကြေမွသွားသည်။ သူ၏ကမ္ဘာဦးဝိညာဉ် ထွက်ပေါ်မလာနိုင်ခင်ပင် မီးတောက်များကို လွှမ်းခြုံလာပြီး သူ့အား ဗလာနတ္ထိအဖြစ် လောင်ကျွမ်းပစ်လေ၏။

ကြောက်လန့်ကုန်သော နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူများကို စိုက်ကြည့်လိုက်ရင်း မိုဝူကျိက အေးစက်စွာ ပြောလိုက်သည်မှာ

"ကျုပ်ကို ရိုးရိုးသားသား ဖြေဖို့ဆန္ဒရှိတဲ့သူကို ကျုပ်က လျှော့လျှော့ရှုရှု သေခွင့်ပေးမယ်။ တစ်ဆက်တည်းမှာပဲ ပြန်လည်ဝင်စားခွင့်ပါ ရရှိနိုင်မယ်..."

"စီနီယာ... ကျွန်တော် ဖြေပါ့မယ်..."

မိုဝူကျိ၏ အဖမ်းအဆီးကို ပထမဆုံးခံလိုက်ရသော နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူက ထိုစကားများကို ကြားသောအခါ အားတက်သရော ပြောလိုက်သည်။

"စီနီယာ... ကျွန်တော်လည်း ဖြေပါ့မယ်..."

နောက်ထပ် နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူက အလောတကြီး အော်ပြောလိုက်သည်။

ကျန်နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့က တွေဝေနေစဉ်မှာပင် မိုဝူကျိ၏ သဘာဝစွမ်းအားလက်ဝါးက သူတို့အား ဖမ်းဆုပ်လိုက်လေပြီ။

"ခဏနေပါဦး... စီနီယာ... ကျွန်တော်လည်း ဖြေပါ့မယ်..."

ကနဦးနတ်ဘုရားတစ်ယောက်က ထိတ်လန့်တကြား အော်ပြောလိုက်သည်။

“အရမ်းနောက်ကျသွားပြီ”

ပြောနေစဉ်၌ပင် မိုဝူကျိုက သူတို့နှစ်ယောက်အား မီးတောက်များထဲသို့ ပစ်ထည့်ပြီးနှင့်လေပြီ။

မိုဝူကျို စိတ်မရှည်တော့မှန်း သိပုံပေါ်ကာ ထိုမျက်နှာဖြူနတ်ဘုရားမျိုးနွယ် ကျင့်ကြံသူက မြန်မြန် ပြောလိုက်သည်။

“စီနီယာ... ကျုပ်တို့အားလုံး စုစုပေါင်း ၁၀ ယောက် ရောက်လာတာပါ။ အဲ့ဒီထဲမှာမှ တစ်ယောက်က ကျိန်စာပညာရပ်ကို ကျင့်ကြံတဲ့အချိန်မှာ အလွန်အကျွံအားပါသွားပြီး သူ့ဝိညာဉ် ပျက်စီးသွားခဲ့တယ်။ နောက်တစ်ယောက်က သေွစောင်းအာကာပြင်ပင်လယ်ကျွန်းမှာ အာကာပြင်နက်အသီးတွေ ရှိတယ်ကြားတာနဲ့ အဲ့ဒီကို သွားပါတယ်”

မိုဝူကျို၏ ရင်ထဲ တစ်ချက် ခုန်သွားသည်။ သေွစောင်းအာကာပြင်ပင်လယ်ကျွန်းမှ အာကာပြင်နက်အသီးများသည် မည်မျှအဖိုးတန်ကြောင်း သူသိ၏။ အာကာပြင်နက် အသီးများကို တာအိုအသီးများဟု

ခေါ်လို့ရသည်မှာ ကြိမ်းသေသည်။ အကြောင်းမှာ အသီးတစ်လုံးစီတွင် အာကာပြင်စည်းမျဉ်း တစ်မျှင် ပါရှိနေသောကြောင့်ပေတည်း။

ယွမ်မိုက အထင်အမြင်သေးစွာ ပြောလိုက်သည်။

"သူ့ကျင့်ကြံဆင့်က ပိုပြီး အားကောင်းနေရင်တောင် သွေစောင်းအာကာပြင်ပင်လယ်ကျွန်းထဲကို သူ ဖောက်ဝင်နိုင်မှာ မဟုတ်ဘူး"

မိုဝူကျိက ခေါင်းငြိမ့်လိုက်သည်။ သူက ယွမ်မို၏ စကားများကို သဘောတူသည်။ သွေစောင်းအာကာပြင်ပင်လယ်ကျွန်းက သူ့ဘာသာသူ ပွင့်မလာပါက အပြင်ဘက်မှ အားသုံးပြီး ဖွင့်ဖို့ကြိုးစားရန်မှာ သေချာပေါက် ခက်ခဲလိမ့်မည် ဖြစ်သည်။ အနည်းဆုံးတော့ ကောင်းကင်နတ်ဘုရားတစ်ယောက်က ဖွင့်ရန် တတ်နိုင်လိမ့်မည် မဟုတ်ချေ။ ထို့ထက် မျှခြေအဆောင်နှင့် အကန့်သတ် အထိန်းချုပ်ခံထားရသော ကောင်းကင်နတ်ဘုရား တစ်ယောက်ဆိုလျှင်ကား ဘာတွေများ တတ်နိုင်ဦးမည်နည်း။

"ကျုပ် စိုးရိမ်တာက ဒီလူက ဘာတွေဖြစ်ပျက်နေမှန်း သိသွားပြီး ထွက်ပြေးသွားမှာကိုပဲ။ ဂိုဏ်းချုပ်မို ပြန်သွားတဲ့အချိန်ရောက်မှ

ဒီနတ်ဘုရားမျိုးနွယ် ကျင့်ကြံသူက တစ်ခါပြန်ပေါ်လာပြီး ပြောင်းဆန်စေလိမ့်မယ်”

လုကျီတင်းက စိုးရိမ်စွာ ပြောလိုက်၏။

ဤအချိန်တွင်ကား အော်ဟာစ်ငိုယိုနေသော စီဟုန်နှင့် နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူ ၂ ယောက်သည် ပြာမှုန်များအဖြစ်သို့ ရောက်ရှိသွားလေပြီ။ မိုဝူကျိုက လက်ဝါးကို ဖြန့်ကာ ကျန်နေသေးသည့် ကနဦးနတ်ဘုရား ၂ ယောက်အား သတ်ပစ်လိုက်သည်။ ထို့နောက် သူက ပြောလိုက်သည်မှာ

“ဘာမှ စိတ်ပူနေစရာ မလိုဘူး။ ယွမ်မို... မင်းရယ် ဂိုဏ်းချုပ်လုနဲ့ တာအိုရောင်းရင်းနီကိုင်ရယ်က စကြဝဠာအစွန်းမှာရှိတဲ့ ကျုပ်တို့ရဲ့ ဒီက လူအင်အားကို တစ်စုတည်းဖြစ်အောင် ပေါင်းစည်းလိုက်ပါ။ ဒီမှာ အသက်ရှင်ကျန်နေသေးတဲ့ ကျင့်ကြံသူတွေ အများကြီးပဲ ရှိနေသေးတယ်။ ကျိန်စာပညာရပ်ကို သုံးနေတဲ့ နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူကို ကျုပ် သတ်လိုက်ပြီးပြီဆိုတော့ အဲ့ဒီကျင့်ကြံသူတွေ ကျိန်စာကနေ ပြန်ကောင်းလာနိုင်မှာပါ။ ကျုပ်ကတော့ နတ်ဘုရားချောက်ကမ်းပါးကုန်းမြေက

ကျိန်စာမှော်အက္ခရာတွေဆီ ပြန်ပြန်သွားဖို့ လိုတယ်။ ပြီးရင် အဲ့ဒါကို ပိတ်ဖို့ နည်းလမ်းလည်း ရှာရဦးမယ်”

မိုဝူကျိက အမှုမထားဘဲ ပြောလိုက်၏။

နီကိုင်က စိုးရိမ်တကြီး ပြောလိုက်သည်မှာ

“အစ်ကိုမို… သွေ့စောင်းအာကာပြင်ပင်လယ်ကျွန်းကို သွားတဲ့ နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူ ပြန်လာရင်ကော… ကျုပ်တို့ ဘယ်လိုလုပ်မလဲ”

“တာ့ဟွမ်… မင်းနဲ့ ရှိုက်ကောက ဒီမှာနေခဲ့လိုက်။ အဲ့ဒီနတ်ဘုရားမျိုးနွယ်ကျင့်ကြံသူ ပြန်လာခဲ့ရင် မင်းတို့နှစ်ယောက်က သူ့ကို ချုပ်ထားလိုက်ကြ ”

မိုဝူကျိက တာ့ဟွမ်နှင့် ရှိုက်ကောတို့ကို အပြင်သို့ ခေါ်ထုတ်လိုက်၏။

တာ့ဟွမ်သည် ကနဦးနတ်ဘုရားအဆင့် ၉ သို့ ရောက်နေပြီဖြစ်ကာ ရှိုက်ကောသည် ကနဦးနတ်ဘုရားအဆင့် ၅ တွင် ရှိနေသည်။ သူတို့နှစ်ယောက်သည် ကနဦးနတ်ဘုရား ကျင့်ကြံသူတစ်ယောက်အား သေချာပေါက် ခုခံနိုင်ပေလိမ့်မည်။

“သခင်ကြီး... စိတ်သာချလိုက်ပါ။ အဲ့ဒီနတ်ဘုရားမျိုးနွယ် ပုရွက်ဆိတ်သာ ရောက်လာခဲ့ရင် ကျွန်တော် သူ့ကို ထွက်ပြေးခွင့် လုံးဝပေးမှာ မဟုတ်ဘူး”

ရှိုက်ကောက သူ့ရင်ဘက်ကို ပုတ်ပြလိုက်သည်။

မိုဝူကျို ဤကောင်လေးကို ဂရုစိုက်မနေတော့ချေ။ သူက ယွမ်မိုတို့ကို ခပ်မြန်မြန်ပင် ညွှန်ကြားချက်တချို့ ပေးလိုက်သည်။ ထို့နောက် လေလွတ်မြောက်ရေးနည်းစနစ်ဖြင့် သူက ပျောက်ကွယ်သွားလေ၏။

နီကိုင်က စိုးရိမ်မိသော်လည်း ရှိုက်ကောနှင့် တာ့ဟွမ်တို့၏ စွမ်းဆောင်ရည်ကို သံသယဝင်၍လည်း မကောင်းဘူးဟု ခံစားမိပြန်သည်။ တခြားတစ်ဖက်တွင် လုကျီတင်းကမူ များများစားစား စဉ်းစားမနေချေ။ သူက စကြဝဠာအစွန်းဆီသို့ အလျင်စလိုသွားနှင့်လေပြီ။ ထိုနေရာတွင် လူသားမျိုးနွယ် အသက်ရှင်ကျန်ရစ်သူများ အများကြီး ရှိနေသေးသည်။

......................

မိုဝူကျို ထွက်သွားပြီး သိပ်မကြာခင် ငွေရောင်အလင်းတန်းတစ်ခုက စကြဝဠာအစွန်းထဲသို့ အရှိန်နှင့်

ရောက်ရှိလာသည်။ ဤအချိန်တွင် နီကိုင်တို့ကလည်း စကြဝဠာအစွန်းထဲသို့ ရောက်ခါစလေးတင် ရှိသေးသည်။ လုကျီတင်းမှာ အသက်ရှင်ကျန်နေသော ကျင့်ကြံသူများကို စတင်စုရုံးရန် အချိန်ပင် မရှိလိုက်ချေ။

"ဘာတွေဖြစ်နေတာလဲ"

ငွေရောင်အလင်းတန်းက ဆင်းသက်လာသည်။ ဆံပင်အရှည်ကြီးနှင့် အရပ်ရှည်ရှည် အမျိုးသားကျင့်ကြံသူတစ်ဦး ပေါ်လာသည်။ သူက လုကျီတင်းတို့ကို သက်ာမကင်း စိုက်ကြည့်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူက စိတ်စွမ်းအားကို အပြင်ဘက်သို့ ပို့လွှတ်လိုက်သည်။ ကျိန်စာပညာရပ်မှ လာသောစွမ်းအားမှာ ဘာဖြစ်သွားသနည်း။ သူ၏ နတ်ဘုရားမျိုးနွယ် အပေါင်းအပါများကော ဘယ်ရောက်သွားသနည်း။

နီကိုင်က စိုးရိမ်တကြီး ပြောလိုက်သည်။

"သွေစောင်းအာကာပြင်ပင်လယ်ကျွန်းကို သွားတဲ့ကောင်က ဒီကောင်ပဲ။ တာအိုရောင်းရင်းယွမ်မို... မြန်မြန်...မြို့သခင်မိုဆီ အမှာစကား ပို့...."

## အခန်း(၁၀၂၇) : မင်းက မိုဝူကျိုလား

"မလိုပါဘူးဗျာ။ ကျုပ် တာဟွမ့် တစ်ယောက်လုံး ဒီမှာရှိနေတဲ့ဟာ ဘာလုပ်ဖို့ သခင်ကြီးကိုယ်တိုင် လာရှင်းစရာ လိုမှာတုန်းဗျ"

တာ့ဟွမ်က ရှေ့သို့ ပြေးထွက်သွားနှင့်ကာ နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူဆီသို့ လက်သီးတစ်လုံး ပစ်ခွင်းလိုက်လေပြီ။

တာ့ဟွမ်လည်း အင်မော်တယ်မော်တယ်ကျင့်စဉ်ကို ကျင့်ကြံသည်။ သူ့တွင် တိုက်ခိုက်ရန် အခွင့်အရေး သိပ်မရခဲ့သော်လည်း သူ၏ ကိုယ်ထည်မှာ ဖီကာရွှံ့စေးမှ ပြုလုပ်ထားခြင်း ဖြစ်သည်။ သို့ဖြစ်ရာ သူ့တွင် ယှဉ်ပြိုင်တိုက်ခိုက်ရန်အတွက် ပင်ကိုယ်စွမ်းရည်များ ပါရှိလေသည်။

တဲ့ဟွမ်၏ ကနဦးနတ်ဘုရားနောက်ပိုင်းအဆင့် စွမ်းအားစက်ကွင်း၏ အင်အားကို ခံစားမိသောအခါ နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူက တအံ့တသြ ထအော်လိုက်သည်။

"မင်းက ကနဦးနတ်ဘုရားပဲ။ ဘယ်လိုလုပ်ပြီး မင်းက ကနဦးနတ်ဘုရား ဖြစ်နေရတာလဲ"

နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူ၏ စွမ်းအားစက်ကွင်းမှာ တစ်ခဏအတွင်း ဆုတ်ပြဲသွားသည်။ တဲ့ဟွမ်၏ စွမ်းအားစက်ကွင်း ချေဖျက်လက်သီးချက်မှာ မိုဝူကျိနှင့် မယှဉ်နိုင်သော်လည်း မိုဝူကျိ၏ လမ်းညွှန်မှုဖြင့် သူ့လက်သီးမှာ တကယ့်လျို့ဝှက်ပညာရပ်စစ်စစ် ဖြစ်နေသည်မှာကား အသေအချာပင်။

နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူက မှော်ရတနာကို ထုတ်ယူလိုက်ပြီ ဖြစ်သည်။ တဲ့ဟွမ်၏ စွမ်းအားစက်ကွင်း ချေဖျက်လက်သီးချက်ကို ခုခံတားဆီးရန် သူ၏အင်အားအကုန်လုံးကို လှုံ့ဆော်လိုက်သည့်အခိုက် ဘေးမှ ရှိုက်ကာက ထအော်လိုက်သည်။

"ငါလည်း ရှိသေးတယ်ကွ..."

ရှိုက်ကောက သူ့ပတ်ဝန်းကျင်အကြောင်း ဂရုပင် မစိုက်ချေ။ သူက တိုက်ပွဲထဲသို့ တန်းတန်းမတ်မတ် ခုန်ဝင်သွားလိုက်၏။ သူ၏ ချွန်ထက်နေသော နှုတ်သီးကို အကျယ်ကြီး ဖွင့်ဟလိုက်ပြီး စုပ်ယူခြင်းကို စတင်လိုက်လေ၏။

နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူအား အံ့သြသွားစေသည်မှာ သူ၏ စွမ်းအားစက်ကွင်း၏ ကြီးမားသော အစိတ်အပိုင်းတစ်ခုမှာ ရှိုက်ကော၏ အစုပ်ယူခံလိုက်ရသည်ကို တကယ် မြင်တွေ့လိုက်ရခြင်းပင် ဖြစ်သည်။ နဂိုကတည်းက တာ့ဟွမ်၏ လက်သီးချက်ကြောင့် ပြိုလဲစပြုနေပြီဖြစ်သော သူ၏ စွမ်းအားစက်ကွင်းသည် ယခုအခါ၌ ပို၍ပင် အားနည်းသွားလေ၏။

**ဤစကြဝဠာထဲတွင် စွမ်းအားစက်ကွင်းများကို စားသုံးနိုင်သော သားရဲ တစ်ကောင် အမှန်တကယ်ကြီး ရှိနေသည်လား...**

ထိုအကောင်မှာ မည်သို့သော အရာမျိုး ဖြစ်ပါသနည်း။

“ဝုန်း”

တာ့ဟွမ်၏ ဒုတိယလက်သီးချက်က ရောက်လာနှင့်လေပြီ။

နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူ၏ စွမ်းအားစက်ကွင်းမှာ ဆက်လက်တောင့်မခံနိုင်တော့ပေ။ တာ့ဟွမ်အား ကြိုးစားပြီး ခုခံရန် သူ၏မှော်ရတနာကိုသာ သုံးနိုင်လေတော့သည်။ ဤအခိုက်အတန့်၌ ရှိုက်ကော၏ နှုတ်သီးချွန်က သူ၏ ချပ်ဝတ်တန်ဆာကို ဖြတ်ဖောက်ထွက်ကာ သူ၏ အရေပြားထဲသို့ စိုက်ဝင်သွားသည်။

ရုတ်တရက် နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူသည် သူ၏ အသက်ခါတ်မှာ လျင်မြန်စွာ ပျောက်ဆုံးနေသည်ဟု ခံစားမိလိုက်၏။ သူက ကြောက်လွန်းသဖြင့် ဝိညာဉ်ပင်လျှင် သိမ့်သိမ့်တုန်စ ပြုလာလေသည်။

ဤသည်မှာ ဘယ်လိုသားရဲကြီးနည်း။ အဘယ်ကြောင့် ခြင်တစ်ကောင်နှင့် တူနေရသနည်း။

...........................

ဤသည်မှာ မိုဝူကျို၏ နတ်ဘုရားချောက်ကမ်းပါးသို့ ဒုတိယအကြိမ် ရောက်ရှိခြင်း ဖြစ်သည်။ ဟိုယခင် မှော်အကန္ခရာများကို သူတားဆီးပိတ်လှောင်ခဲ့စဉ်က ပုပ်သိုးခြင်းနှင့်

သေဆုံးခြင်းတို့၏ ပြင်းထန်သော ခံစားချက်တစ်မျိုးတည်းကိုသာ ခံစားမိခဲ့သည်။

ယခုမူ သူ၏အတားအဆီးမှာ ပျောက်ကွယ်သွားပြီဖြစ်ကာ မှော်အကွခရာများ၏အလယ်တည့်တည့်တွင် အပေါက်အကြီးကြီး တစ်ပေါက် ဖြစ်ပေါ်သွားလေပြီ။

မရေတွက်နိုင်သော လူသေလောင်းများက ဘေးတွင် လဲကျနေသည်။ အလောင်းတော်တော်များများမှာ ဖုန်မှုန့်များအဖြစ်သို့ ရောက်ရှိသွားပြီ ဖြစ်သော်လည်း မိုဝူကျိသည် သူတို့ဆီမှ မကောင်းသည့်အငွေ့အသက်တစ်ခုကို ခံစားလို့ရဆဲ ဖြစ်၏။

သိသာလှစွာပင် ဤနေရာ၌ ကျိန်စာစွမ်းအားများ ကျန်ရှိနေဆဲ ဖြစ်သည်။ ကြည့်ရသည်မှာ သူ၏ ယခင်ခန့်မှန်းချက်မှာ မှန်နေပုံပေါ်သည်။ ဤအရာများမှာ ကျိန်စာမှော်အကွခရာများ တကယ်ဖြစ်နေလေ၏။

ကျိုးပဲ့မှော်အကွခရာများ ပတ်ပတ်လည်တွင် မိုဝူကျိက များစွာသော အာကာပြင်အစီအရင် မှော်အကွခရာများကို မြင်လိုက်ရသည်။

ဤအစီအရင်မှော်အကွခရာများမှာ ရှုပ်ထွေးကာ ပဟေဠိဆန်လေ၏။ တစ်ချိန်တည်းမှာပင် သူတို့သည် အင်မတန် ပြီးပြည့်စုံနေပြန်သည်။ မိုဂူကျိသည် အဆင့် ၇ နတ်ဘုရားကူးပြောင်းအစီအရင်ကို ခင်းကျင်းရာတွင် ပါဝင်ခဲ့သူတစ်ယောက် ဖြစ်သည်။ ထို့အပြင် သူက အာကာပြင် အစီအရင်မှော်အကွခရာများကို ဘယ်လိုရေးထွင်းရမလဲဆိုတာကိုလည်း သိသည်။

ဤအစီအရင်မှော်အကွခရာများကို သူနားမလည်သော်လည်း ၎င်းတို့သည် သေချာပေါက် ကူးပြောင်းအစီအရင်မှော်အကွခရာများ ဖြစ်ကြောင်းကို သူပြောနိုင်၏။ ထိုစဉ်က သူ့ခန့်မှန်းချက်မှာ မှန်နေသည်။ ဤနေရာ၌ ဝေးကွာလှမ်းလွန်းသောခရီး ကူးပြောင်းအစီအရင်တစ်ခု ရှိနေလေသည်။ ဤအစီအရင်မှော်အကွခရာများ ချည်းသက်သက်ကနေပင် ကူးပြောင်းခရီးအကွာအဝေးမှာ လုံးဝတိုတောင်းလိမ့်မည် မဟုတ်ကြောင်း သူပြောနိုင်သည်။

ဤအစီအရင်မှော်အကွခရာများ၏ ဟိုးအတွင်းထဲ၌ မိုဂူကျိ၏ ရင်ကိုပင် တဆတ်ဆတ်တုန်စေသည့် စွမ်းအားတချို့

ရှိနေလေသည်။ သူက ထိုအရာကို ထို့ထက်ပို၍ လေ့လာရန် စိတ်ကူးမရှိပေ။ ဤနေရာသို့ သူရောက်လာပြီ ဖြစ်ရာ ပထမဆုံးအနေနှင့် သူလုပ်ရမည်မှာ ဤကူးပြောင်းအစီအရင် မှော်အကွခရာများကို အစဖျောက်ပစ်ရန် ဖြစ်သည်။ ထို့နောက်တွင်မှ ဤနေရာကို ပိတ်လှောင်တားဆီးရမည်။

သူ၏လက်ရှိစွမ်းဆောင်ရည်များဖြင့် ဤကဲ့သို့ ကူးပြောင်းအစီအရင်မှော်အကွခရာများကို သူ မပြင်ဆင်နိုင်ပေ။ သို့သော် ဖျက်ဆီးပစ်ရန်အတွက်မူကား သူ့အတွက် တတ်နိုင်သေး၏။

မိုဝူကျိက တိုက်ခိုက်ဖို့ ပြင်လိုက်စဉ်အခိုက် ကူးပြောင်းအစီအရင်မှော်အကွခရာများသည် ရုတ်တရက်ကြီး အဖြူရောင်အလင်းတို့ဖြင့် တဖျပ်ဖျပ် လှုပ်စပြုလာလေသည်။ မိုဝူကျိက ချက်ချင်းပင် တစ်ယောက်ယောက် လာနေမှန်း သိလိုက်ကာ အစီအရင်မှော်အကွခရာများကို ဖျက်ဆီးရန် သူ့ကိုယ်သူ ချက်ချင်း ပြင်ဆင်ထားလိုက်သည်။ ဤနေရာမှ ကူးပြောင်းအစီအရင် မှော်အကွခရာများကို ဖျက်ဆီးပစ်လိုက်သရွေ့ ကူးပြောင်းမှုတွင် ပြဿနာတတ်သွားလိမ့်မည် ဖြစ်သည်။

ကူးပြောင်းနေသည့်လူသည် ကြားထဲမှ အာကာပြင်အတွင်း၌ သေပင် သေသွားနိုင်လေ၏။

သို့သော် မိုဝူကျို က သူ့ကိုယ်သူ ချက်ချင်း တားနိုင်လိုက်သည်။ အကယ်၍ ကူးပြောင်းနေစဉ်အတွင်း ကူးပြောင်းအစီအရင် မှော်အကွခ်ရာများကို ဖျက်ဆီးပစ်လိုက်ပါက ဟိုဖက်က ဤနေရာတွင် တစ်ခုခု မှားယွင်းနေပြီမှန်း သိသွားလိမ့်မည်မှာ ကြိမ်းသေသည်။ ပို၍ အရေးကြီးသည်မှာ သူ့ကျင့်ကြံဆင့်နှင့် ရောက်လာမည့် မည်သည့်နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူကိုမှ ကြောက်စရာ မလိုဘူးဟု မိုဝူကျို ယုံကြည်သည်။

သူ့ကို ကူညီနေသည့် မိုးမြေစည်းမျဉ်းများနှင့် သူကြောက်စရာ ဘာမှမရှိချေ။

အဖြူရောင်အလင်းတို့ လက်ခနဲဖြစ်သွားကာ သွေးသံရဲရဲဖြစ်နေသည့် ကျင့်ကြံသူတစ်ယောက်က ကူးပြောင်းအစီအရင် မှော်အကွခ်ရာများအတွင်း ရုတ်တရက် ပေါ်လာသည်။

မိုဝူကျို ဘာမှမလုပ်နိုင်လိုက်ခင်ပင် ဤသွေးသံရဲရဲနှင့်ကျင့်ကြံသူက အဆောင် ၂ ခုကို

နှိုးဆွပြီးနှင့်လေပြီ။ လောလောဆယ်တွင် မိုဂူကျိသည် အဆင့် ၃ နတ်ဘုရားအဆောင်ဆရာ တစ်ယောက် ဖြစ်သည်။ ထို့အပြင် သူ့ဆီမှာ ပညာရှိတာအိုအဆောင်ကိုလည်း ပိုင်ဆိုင်ထားသည်။ သို့ဖြစ်ရာ အဆောင်များထဲမှ တစ်ခုသည် မှုခြေအဆောင်ဖြစ်ပြီး ကျန်တစ်ခုမှာ ဖောက်ခွဲရေးအဆောင် ဖြစ်ကြောင်း မိုဂူကျိက တန်းပြောနိုင်သည်။

ထိုမှုခြေအဆောင်မှာ အဆင့် ၅ နတ်ဘုရားအဆောင် ဖြစ်ပေသည်။ ဤအဆောင်တွင် တိုက်ခိုက်ရေးနိုင်စွမ်းကော ခုခံနိုင်စွမ်းပါ မရှိသော်လည်း ၎င်းမှာ အင်မတန်အဖိုးတန်၏။ ထိပ်တန်းအဆင့် အဆင့် ၅ နတ်ဘုရားအဆောင်ဘုရင်များသာ ထိုအရာများကို ပြုလုပ်နိုင်လေသည်။

ဤကျင့်ကြံသူက လျင်မြန်စွာ လှုပ်ရှားလိုက်သော်လည်း မိုးမြေစည်းမျဉ်းများက သူ၏ အရိုးများကို ဆွဲဖြဲလိုက်သေးကာ သူ့အား ကြမ်းပေါ်တွင် မလှုပ်မယှက် တောင့်တောင့်ကြီး ဖြစ်သွားစေလိုက်သည်။ ကံကောင်းစွာပင် သူ၏ကိုယ်ခန္ဓာ ပြိုကွဲစမပြုခင်ပင် သူ၏ အဆောင်က အချိန်မှီ အစွမ်းထုတ်နိုင်လိုက်သည်။

ဖောက်ကွဲရေးအဆောင်ကား ချက်ချင်း မပေါက်ကွဲချေ။ ဤကျောင်းကြံသူက ကုသဆေးလုံး အနည်းငယ်ကို ခက်ခက်ခဲခဲ မြိုချလိုက်သည်။ ထို့နောက် သူက ကွဲအက်အက်အသံဖြင့် မိုဝူကျိအား အော်ပြောလိုက်သည်။

"မင်း ဘာလို့ မဆုတ်ခွာဘဲ နေနေတာလဲ။ ဒီနေရာက ပေါက်ကွဲတော့မှာကွ"

မိုဝူကျိက မလှုပ်ပေ။ ဤအာကာပြင် အစီအရင်မှော်အကွခ်ရာများကို အဆင့် ၄ ဖောက်ခွဲရေးအစီအရင်လေး တစ်ခုလောက်ဖြင့် သေချာပေါက် ဖျက်ဆီးလို့ရမည် မဟုတ်ပေ။ အကယ်၍ သူသာ အာကာပြင် အစီအရင်မှော်အကွခ်ရာများကို နားမလည်ပါက သူ၏ခွန်းဝူခေးဖြင့်ပင် သူက ထိုအကွခ်ရာများကို ဖျက်ဆီးနိုင်လိမ့်မည် မဟုတ်ပေ။

မိုဝူကျိက သူ့ကို အဖက်မလုပ်သည်ကို မြင်သောအခါ ဤကျောင်းကြံသူက မိုဝူကျိအား ဆက်ဂရုစိုက်မနေတော့ချေ။ သူက လုံခြုံဘေးကင်းရာသို့ မြန်မြန်ဆုတ်ခွာလိုက်သည်။

တစ်ချိန်တည်းမှာပင် သူက ကာကွယ်ရေးအမျိုးအစား ရတနာတစ်ခုကို ဆတ်ခနဲ ဆွဲထုတ်လိုက်သည်။

“ဝုန်း”

ဖောက်ခွဲရေးအဆောင်က ပေါက်ကွဲသွား၏။ မိုဝူကျိ ခန့်မှန်းထားသည့်အတိုင်း ဖြစ်နေလေ၏။ ဖောက်ခွဲရေးအဆောင် ပေါက်ကွဲသည့်အခိုက်၌ ချက်ချင်းပင် ခပ်ဖျော့ဖျော့အကာအရံတစ်ခုက အာကာပြင်အစီအရင်မှော်အက္ခရာများ ပတ်ပတ်လည်တွင် ပေါ်လာကာ ပျက်စီးစေသောအား အကုန်လုံးကို အဆောင်ဆီ မရောက်အောင် တားဆီးလိုက်လေ၏။

အာကာပြင် အစီအရင်မှော်အက္ခရာများပေါ်တွင် သက်ရောက်မှုတစ်စက်ကလေးမျှပင် မရှိချေ။

ဤအချိန်၌ မိုဝူကျိ၏ ဝိညာဉ်သိုလှောင်ရေး လမ်းကြောင်းက အာကာပြင်ဖောက်ခွဲရေး အစီအရင်မှော်အက္ခရာများကို ထိုအာကာပြင်ကူးပြောင်းရေး အစီအရင်မှော်အက္ခရာများ ပတ်ပတ်လည်တွင် စတင်ရေးထွင်းလိုက်သည်။

အစီအရင်တစ်ခုကို ခင်းကျင်းရသည်မှာ ခက်ခဲသော်လည်း ဖျက်ဆီးပစ်ရန်မှာကား လွယ်ကူလေ၏။

မိုဝူကျို၏ ဖောက်ခွဲရေး အစီအရင်မှော်အကွခရာများသည် ကူးပြောင်းအစီအရင် မှော်အကွခရာများထဲမှ တစ်ခုကို ဖျက်ဆီးပစ်လိုက်သည်။ ဤသည်က ကူးပြောင်းအစီအရင် တစ်ခုလုံးကို ဖျက်ဆီးပစ်လိုက်သည်နှင့် အတူတူပင် ဖြစ်သည်။ အင်မတန်တော်သော အစီအရင်ပညာရှင် တစ်ယောက်ကသာ ထိုပျက်စီးသွားသော အာကာပြင် ကူးပြောင်း အစီအရင် မှော်အကွခရာကို ပြင်ရန်မလာပါက ဤကူးပြောင်းအစီအရင်ကို အသုံးပြုနိုင်တော့မည် မဟုတ်ပေ။

“အဲ့ဒီလိုပဲလား”

ဒဏ်ရာများနှင့်ကျင့်ကြံသူသည် ပြေးလက်စကို ရပ်ကာ စောစောကတင် သူ၏ ဖောက်ခွဲရေးအဆောင်အား နှိုးဆွလိုက်သည့်နေရာကို ငူငူငိုင်ငိုင်ဖြင့် စိုက်ကြည့်လိုက်သည်။

အချိန်အနည်းငယ်ကြာပြီးနောက်တွင် သူက သူ့ကိုယ်သူ နှစ်သိမ့်လိုက်သည်။

"အဲ့ဒီကူးပြောင်းအစီအရင်က ဖျက်ဆီးပစ်သင့်တယ်။ မဟုတ်ရင် သူတို့တွေ အခုချိန်လောက်ဆို လိုက်လာလို့ မှီနေလောက်ပြီ"

ကူးပြောင်းအစီအရင် ပျက်စီးသွားသည်မှာ မှန်၏။ သို့သော် ထိုအရာမှာ ဤငတိ၏ ဖောက်ခွဲရေးအဆောင်ကြောင့် မဟုတ်ဘဲ သူ့ကိုယ်ပိုင်အာကာပြင် အစီအရင် မှော်အကွက်ရာများကြောင့် ဖြစ်မှန်း မိုဝူကျိုက သိသည်။

မိုဝူကျိုက ဤဒဏ်ရာများနှင့် ငတိအား စေ့စေ့စပ်စပ် ကြည့်ရှုလိုက်၏။ ဤလူ၏ မျှခြေအဆောင် မနိုးထခင်၌ မိုဝူကျိုက သူ၏ကျင့်ကြံဆင့်ကို အာရုံခံပြီးသား ဖြစ်သည်။ သူသည် နတ်ဘုရားအုပ်စိုးသူ အစောပိုင်းအဆင့်တွင် ရှိရမည်။ လောလောဆယ်၌ သူ၏ ကျင့်ကြံဆင့်ကို ကနဦးနတ်ဘုရားအဆင့်သို့ ထိန်းချုပ်ကန့်သတ်ထားလေသည်။

မိုဝူကျိုက များစွာသော နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူများကို သတ်ဖြတ်ဖူးသည်။ နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူများတွင် သူတို့တွင်သာရှိသည့် သီးခြားအရှိန်အဝါတစ်ခု ရှိကြသည်။ ဤငတိမှာ နတ်ဘုရားမျိုးနွယ်ကျင့်ကြံသူ မဟုတ်ပေ။

"ငါ့ဒဏ်ရာတွေကိုပဲ ကြည့်မနေနဲ့။ တကယ်တော့ ငါ မင်းကို သတ်ချင်ရင် လက်တစ်ချောင်းပဲ လိုတယ်ကွ။ အဲ့ဒါကြောင့် တခြား မဟုတ်ကဟုတ်ကအကြံတွေ မရှိစမ်းနဲ့"

စကားပြောနေရင်းဖြင့် ဤဒဏ်ရာများနှင့်ကျင့်ကြံသူက ဖုန်ဖယ်ရှားခြင်း နည်းစနစ်ကို သုံးပြီး သူ့ကိုယ်ပေါ်မှ သွေးနှင့် အညစ်အကြေးများကို ဖယ်ရှားပစ်လိုက်သည်။

မျက်ခုံးထူထူ၊ နားရွက်ကြီးကြီး၊ တမူထူးသည့် မျက်နှာနှင့် လူတစ်ယောက်က မိုဝူကျိရှေ့ ပေါ်လာသည်။

"ခင်ဗျား ဘယ်ကလာတာလဲ"

မိုဝူကျိက သာမန်ကာလျှံကာ မေးလိုက်သည်။ ဤလူသည် သိသာလှစွာပင် သွေးဆာတတ်သည့် လူစားမျိုး မဟုတ်ချေ။ ထို့အပြင် သူက သွေးဆာတတ်သည့်လူတစ်ယောက် ဖြစ်နေလျှင်ပင် သူက တစ်ဖက်ပိတ် ပြောနေခြင်း မဟုတ်ပေ။ အကယ်၍ သူက မိုဝူကျိအား အင်မော်တယ်ဧကရာဇ် တစ်ယောက်ဟု မြင်နေပါက သူသည် မိုဝူကျိအား စက္ကန့်ပိုင်းအတွင်း သတ်နိုင်မည်မှာ အမှန်ပင် ဖြစ်သည်။

"ချေးကောင်တွေနေတဲ့ ဆိုးဆိုးရွားရွားနေရာကနေ လာခဲ့တာ။ အဲ့ဒီချေးကောင်တွေအကုန်လုံးက သူတို့ကိုယ်သူတို့ စကြဝဠာရဲ့ အထွတ်အထိပ်မှာ ရှိပြီး ကမ္ဘာဦး ရှန်းရင်းဆန်ခတ်ကာလကို ထိန်းချုပ်နိုင်တယ် ထင်နေကြတာ။ ဘယ်လိုတောင် ယုတ်ညံ့တဲ့နေရာလဲ...

အော် ... ငါ့ကိုယ်ငါ မိတ်ဆက်ပါရစေ... ငါ့နာမည်က ကျင့်ရှင်းကြွယ်။ ငါက နတ်ဘုရားနယ်မြေလို့ခေါ်တဲ့ နေရာကနေ လာတာ။ အထင်မလွဲနဲ့ဦးနော်... နတ်ဘုရားနယ်မြေက ငါပြောတဲ့ အဲ့ဒီဆိုးဆိုးရွားရွားနေရာ မဟုတ်ဘူး"

ဤဒဏ်ရာများနှင့်ကျင့်ကြံသူက သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။ သိသာစွာပင် သူက မိုဝူကျိအား အန္တရာယ်တစ်ခုအဖြစ် မယူဆထားပေ။

ကျင့်ရှင်းကြွယ်က ထိုဆိုးရွားသည့်နေရာမှာ မည်သည့်နေရာပါဟု မပြောပြသော်လည်း ထိုနေရာမှာ နတ်ဘုရားမျိုးနွယ်တွေ နေသည့်နေရာမှန်း မိုဝူကျိက ခန့်မှန်းနိုင်သည်။ ဤကျင့်ရှင်းကြွယ်သည်ကား မဆိုးလှချေ။ သူက

နတ်ဘုရားမျိုးနွယ် နယ်မြေထဲသို့ တကယ် ဝင်ရောက်နိုင်ခဲ့ပြီး သူတို့၏ ကူးပြောင်းအစီအရင်ကို သုံး၍ပင် ထွက်ပြေးခဲ့သေးသည်။

"ကျုပ်က မိုဝူကျိပါ"

မိုဝူကျိ အသာ ပြောလိုက်သည်။

ကုသဆေးတို့က အစွမ်းပြလာသည်ကြောင့်လား မသိပေ။ ဤကျင့်ရှင်းကြွယ်၏ ဒဏ်ရာတို့မှာ ပိုကောင်းလာပုံ ပေါ်သည်။ သူက မတ်တပ်ထရပ်ကာ ပြောလိုက်သည်။

"ငါ မင်းကို ပြောပြရဦးမယ်... ခုနလေးတင် ငါ မင်းကို ကူညီလိုက်တာကွ။ အဲ့ဒီနတ်ဘုရားမျိုးနွယ်ခွေးကောင်တွေဆီက ကြားတာတော့ ဒီနေရာက အဆင့်နိမ့် လောကတစ်ခုဆို... အဲ့ဒီခွေးကောင်တွေအကုန်လုံးက သွေးအေး အမှိုက်ကောင်တွေကွ။ သူတို့က စကြဝဠာထဲမှာ ရှိနေတဲ့ တခြားမျိုးနွယ်စုတွေ အားလုံးကို ပိုးစိုးပက်စက် သတ်ပစ်ချင်နေကြတာ။ ငါသာ အဲ့ဒီကူးပြောင်းအစီအရင်ကို မဖျက်ဆီးပစ်လိုက်ဘူးဆိုရင် မင်းတို့ကောင်တွေတော့ သွားပြီပဲ။ ဒီလောကနယ်မြေတစ်ခုလုံးကို သူတို့က အပြောင်ရှင်းပစ်လိမ့်မယ်ကွ"

ကျင့်ရှင်းကွြယ်က မိုဝူကျိုသည် သူ၏ စကားများကို အလေးမထားမှန်း သတိပြုမိပုံပေါ်သည်။ သူက ဟွန့်ခနဲ မဲ့ရွဲ့ကာ

“တကယ့်ကို ကြင်နာတဲ့သူအပေါ် ကြင်နာမှု ပြန်မပေးတာပဲ။ ထားလိုက်ပါတော့... ငါ မင်းကို ပြောပြလည်း မင်း နားလည်မှာ မဟုတ်ပါဘူး... အဲ့... မင်းကိုယ်မင်း ဘယ်လိုခေါ်လိုက်တယ်... မိုဝူကျို ဟုတ်လား”

မိုဝူကျိုက ခေါင်းငြိမ့်ကာ

“ဟုတ်တယ်။ ကျုပ်က မိုဝူကျိုပါ”

မိုဝူကျိုသည် ကျင့်ရှင်းကွြယ်က သူ့နာမည်ကို ကြားဖူးနေသည့်အတွက် ထူးဆန်းသည်ဟု လုံးဝမထင်မိပေ။ သူသည်လည်း နတ်ဘုရားနယ်မြေမှ လာခဲ့သည်။ ထို့အပြင် ဟိုယခင် အသစ်ထွက်ပေါ်ကာစ နတ်ဘုရားသိုက်မြုံထဲတွင် သူက ပါရမီရှင်တပည့် တစ်အုပ်လိုက်ကြီးကို သတ်ဖြတ်ခဲ့ဖူးသည်။

ကျင့်ရှင်းကွြယ်ကို ကြည့်ရသည်မှာ သိပ်မကြာသေးခင်အချိန်အထိ သူ ထွက်ပြေးနေရသည်ကိုကော သူ့တွင် ဒဏ်ရာအပြင်းအထန် ရှိနေသေးသည်ကိုပါ မေ့သွားပုံပေါ်သည်။ သူက မရပ်မနား ဗလုံးဗထွေး စပြောလေတော့သည်။

“နတ်ဘုရားနယ်မြေမှာလည်း မိုဂူကျိုလို့ ခေါ်တဲ့ ပါရမီရှင်တစ်ယောက် ရှိတယ်ကွ။ အဲ့ကောင်က ကနဦးနတ်ဘုရား အစောပိုင်းအဆင့် ရောက်တဲ့အချိန်မှာ ကနဦးနတ်ဘုရား ၄၉ ယောက်နဲ့ ကောင်းကင်နတ်ဘုရား တော်တော်များများရဲ့ ဝိုင်းတိုက်ခိုက်တာကို ရင်ဆိုင်ခဲ့ရတယ်။

နောက်ဆုံးမှာတော့ သူက သူတို့အားလုံးကို သတ်ပစ်လိုက်တယ်။ အော်... တစ်ယောက်တော့ လွတ်သွားတယ် ထင်တာပဲ။ တော်တော်လေး အထင်ကြီးစရာကောင်းတယ်... ဟုတ်တယ်မလား... ဒါတင်ဘယ်ကမလဲ... နတ်ဘုရားဘုရင်တွေ အများကြီးက သူ့ကို လိုက်ဖမ်းဖို့ ကြိုးစားခဲ့ပေမဲ့ သူတို့လည်း လက်ဗလာနဲ့ပဲ ပြန်လာရတယ်လေ။ သူ ဘယ်ထွက်ပြေးသွားမှန်းတောင် သူတို့က မသိကြဘူးကွ။

အော် ဟုတ်သားပဲ... မင်း ကနဦးနတ်ဘုရားအဆင့်ကို သိလား။ မင်းရဲ့ကျင့်ကြံဆင့်က အင်မော်တယ်ဧကရာဇ်အဆင့်ပဲ ဖြစ်ရမယ်... ဟုတ်တယ်မလား... ဒီနေရာ ပတ်ပတ်လည်က မိုးမြေစည်းမျဉ်းတွေက ကျိုးပဲ့နေတယ်။

ဒါကြောင့် မင်း ကနဦးနတ်ဘုရားအဆင့်ဆီကို တက်လှမ်းနိုင်ဖို့ အခွင့်အရေးမရှိလောက်ဘူးကွ။ ငါ မင်းကို ပြောပြမယ်... ကနဦး နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့်ပြီးရင် ကောင်းကင်နတ်ဘုရားအဆင့်ပေါ့ကွာ ဒါပေမဲ့ ပြီးပြည့်စုံခြင်း ကနဦးနတ်ဘုရားတွေက သူတို့ရဲ့ နတ်ဘုရားသဏ္ဍာန်ကို ပုံသွင်းသိပ်သည်းလိုက်မှ ကောင်းကင်နတ်ဘုရားအဆင့်ဆီကို တက်လှမ်းနိုင်တာ။

အခုဆို နားလည်ပြီလား... ငါ့မှာ ချူယို့လို့ခေါ်တဲ့ ဂျူနီယာညီမလေး တစ်ယောက်ရှိတယ်။ သူမက နတ်ဘုရားနယ်မြေတစ်ခွင်လုံးမှာ နံပတ်တစ် အလှပဂေးလေး အဖြစ် အသတ်မှတ်ခံထားရတဲ့သူ တစ်ယောက်ကွာ။ အဲဒီမိုဝူကျိုက သူမရဲ့ တာအိုလက်တွဲဖော်ပဲ...”

မိုဝူကျိုက ကျင့်ရှင်းကြွယ်အား ငေးကြောင်ကြောင် စိုက်ကြည့်လိုက်၏။ မြောက်များစွာသော ကနဦးနတ်ဘုရားများနှင့် ကောင်းကင်နတ်ဘုရားများကို သူ သတ်ဖြတ်ခဲ့ဖူးသည်မှာ မှန်ပါသည်။ သို့သော် ဘယ်အချိန်ကများ ချူယို့သည် သူ၏ တာအိုလက်တွဲဖော် ဖြစ်သွားရသနည်း။

သို့သော် ဤကျောင့်ရှင်းကြွယ်သည် ဝမ်ချမ်းတာအိုကျောင်းမှ ဖြစ်ကြောင်းကိုကား သူ သိရှိလိုက်၏။ ထိုကျောင်းမှလူများကသာ ချူယို့အား ဂျူနီယာညီမလေးဟု ခေါ်ဝေါ်ကြလေသည်။

"တာအိုရောင်းရင်းကျင့်... ခင်ဗျား ဒီကို လာလို့ရပေမဲ့ မဟုတ်တမ်းတရားတွေတော့ ပြောလို့မရဘူး။ ကျုပ်က အဲ့ဒီချူယို့နဲ့ တာအိုလက်တွဲဖော်တွေ မဟုတ်ဘူးဗျ"

မိုဝူကျိုက မှင်သက်ဆွံ့အစွာ ပြောပြလိုက်သည်။

မိုဝူကျို၏ စကားများကို ကြားသောအခါ ကျင့်ရှင်းကြွယ်က ငြိမ်ကျသွားသည်။ ချက်ချင်းပင် သူက မိုဝူကျိုအား လက်ညိုးထိုးကာ တုန်ယင်နေသောအသံဖြင့် ပြောလိုက်သည်။

"မင်း... မင်းက...မင်းက အဲဒီ မိုဝူကျိုလား"

မိုဝူကျိုက ဘာသံမှမထွက်ပေ။ သူက သူ့ကိုယ်သူ မိုဝူကျိုပါဟု မိတ်ဆက်ပြီးသွားပြီ ဖြစ်သည်။

## အခန်း(၁၀၂၈) : စကြဝဠာနံရံထဲသို့ ပြန်လည်ဝင်ရောက်ခြင်း

“ဟုတ်တယ်… ဟုတ်တယ်… မင်းက မိုဝူကျိပဲ”

မိုဝူကျိ မတုံ့ပြန်ရသေးခင် ကျင့်ရှင်းကြွယ်က သူ့လက်ကို မျက်နှာပူစွာ ဖွေ့ယမ်းလိုက်သည်။

“ဂျူနီယာညီလေးမို… ချူယို့က ငါ့ကို စီနီယာအစ်ကိုလို့ ခေါ်တာဆိုတော့ ငါမင်းကို ငါ့ရဲ့ဂျူနီယာညီလေးလို့ ခေါ်မယ်ကွာ။ ဟိုဟာလေ… ငါမင်းကို ဟိုဟာဖြစ်တယ်ကွာ… ဟိုဟာကွာ… ငါမင်းကို အရမ်းမနာလို ဖြစ်တယ်ကွာ…”

မိုဝူကျိက ပြောနိုင်လိုက်သည်မှာ

“ခင်ဗျားပြောချင်တာ “လေးစားတယ်” ဆိုပြီး ပြောချင်တာမလား”

“အင်း ဟုတ်တယ်… ပြီးတော့ မနာလိုတာa&mပဲ။ ငါလည်း ဂျူနီယာညီမလေးချူယို့ကို သဘောကျတယ်ကွ။ ဒါပေမဲ့ မင်းနဲ့ ချူယို့တို့ကြားက ဇာတ်လမ်းကို ကြားပြီးတဲ့အချိန်မှာ ငါ ချက်ချင်းပဲ တခြားဂျူနီယာညီမလေးတစ်ယောက်အပေါ် ငါ့မေတ္တာတွေ ပေးလိုက်တော့တယ်…”

မိုဝူကျိက ကျင့်ရှင်းကြွယ်အား ထို့ထက် ထပ်ပြီး ဆက်မပြောအောင် အမြန်တားလိုက်သည်။ ဤငတိမှာ

တကယ့်ကို အရမ်းစကားများနိုင်မှန်း သူ မသိခဲ့ချေ။ ထို့အပြင် ဤငတိသည် နတ်ဘုရားအုပ်စိုးသူအဆင့်သို့ တက်လှမ်းပြီးပြီဖြစ်သော အဆင့်မြင့်ကျင့်ကြံသူတစ်ယောက် ဖြစ်နေသေး၏။။။

"အစ်ကိုကျင့်... ကျုပ် စောစောကလည်း ပြောပြီးပြီ။ ချူယို့နဲ့ကျုပ်က အသိမိတ်ဆွေ သက်သက်ပါ။ အဲ့ဒီအပြင် ကျုပ်မှာ တာအိုလက်တွဲဖော်တစ်ယောက် ရှိပြီးသားဗျ"

ဤမျှလောက် စကားများသော လူတစ်ယောက်ကို အကျိုးအကြောင်းရှင်းပြရန် ခက်ခဲလိမ့်မည်ဟု မိုဝူကျိက ခံစားမိသည်။

ကျင့်ရှင်းကွယ်က မိုဝူကျိ၏ တံတောင်ဆစ်ကို ရိုက်ကာ အသာရယ်လိုက်ပြီး

"ဂျူနီယာညီလေးမို... မင်း ဘယ်သူ့ကို လာနောက်နေတာတုန်း။ သူက မင်းရဲ့တာအိုလက်တွဲဖော် မဟုတ်ဘူးဆိုရင် မင်း ဘာဖြစ်လို့ သူ့ကို ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် ပေးလိုက်တာလဲ။ နောက်ပြီး မင်းလိုလူမျိုးက

အဆင့်နိမ့်လောကတွေထဲမှာ တာအိုလက်တွဲဖော် တစ်ယောက် နှစ်ယောက်လောက် ရှိမနေဘူးဆိုတာကမှ ထူးဆန်းနေမှာကွ”

ကျင့်ရှင်းကြွယ်သည် ထိုသို့သော အတွေးမျိုးရှိသည့် တစ်ဦးတည်းသောလူ မဟုတ်ပေ။ အမှန်တကယ်၌ တခြားမည်သူမဆို ထိုနည်းတူစွာ တွေးလိမ့်မည်သာ ဖြစ်သည်။ ထိုအရာမှာ ရှေးဦးမူလ နတ်ဘုရား အသွင်သဏ္ဍာန်ကျောက် ဖြစ်သည်။ မိုဝူကျိကသာ ချူယို့အား အရိုးစွဲသည်အထိ ကြိုက်မနေပါက သူက သူမအား ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် ပေးပါ့မည်လော။

မိုဝူကျိသည် အကြောင်းအရာကိုသာ ပြောင်းနိုင်လေတော့ကာ

“ဒီအကြောင်း မပြောဘဲ နေကြရအောင်ပါဗျာ။ ခင်ဗျား ဘယ်လိုလုပ် ဒီရောက်လာတာတုန်းဗျ”

မိုဝူကျိက မည်ကဲ့သို့ နတ်ဘုရားမျိုးနွယ်သို့ ရောက်သွားသနည်းဟု မေးနေသည်ကို ကြားသောအခါ ကျင့်ရှင်းကြွယ်က ချက်ချင်းပင် မရပ်မနား ဗလုံးဗထွေးတွေ စပြောပြန်လေ၏။

“ဝူကျိ... မင်း အဆင့်နိမ့်လောကဆီကို ထွက်ပြေးပုန်းရှောင်နေလိမ့်မယ်လို့ ငါ တကယ် မထင်ထားဘူး။

နတ်ဘုရားဘုရင်ယန်ထင်းက မင်းကို ရှာမတွေ့နိုင်တာ မဆန်းပါဘူး။ ငါ မင်းကို ပြောပြရဦးမယ်... မင်းထွက်သွားပြီးတဲ့နောက်မှာ နတ်ဘုရားနယ်မြေရဲ့ နတ်ဘုရားသိုက်မြုံတွေ အများကြီးပဲ ပေါ်ထွက်လာတယ်ကွ။ သိပ်မကြာသေးခင်ကမှ နောက်ဆုံးပေါ်ထွက်လာတဲ့ နတ်ဘုရားသိုက်မြုံထဲမှာ ငါတို့တွေ အဲ့ဒီနတ်ဘုရားမျိုးနွယ် ခွေးကောင်တွေနဲ့ စတွေ့တာပဲ။

အဲ့ဒီခွေးကောင်တွေက သူတို့ကသာ စကြဝဠာတစ်ခုလုံးမှာ အမြင့်မြတ်ဆုံး ပုရွက်ဆိတ်တွေလို့ ထင်နေတာ။ သူတို့က သူတို့မျက်စိကျတဲ့သူတိုင်းကို သတ်တယ်။ ဒီတစ်ခေါက်မှာ ထွက်ပေါ်ကာစ နတ်ဘုရားသိုက်မြုံထဲကို သွားတဲ့ ပါရမီရှင်တပည့်တွေ အကုန်လုံးနီးပါးလောက် အသတ်ခံလိုက်ရတယ်။ ငါလည်း နတ်ဘုရားသိုက်မြုံသွားတဲ့အထဲ ပါတယ်။ ကံကောင်းတာက ငါ့မှာ ငါ့ရဲ့အရှိန်အဝါကို ပြောင်းလို့ရတဲ့ တမူထူးတဲ့ လျို့ဝှက်ပညာရပ်တစ်ခု ရှိနေတာပဲ။ ငါက ငါ့အရှိန်အဝါကို နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူရဲ့ အရှိန်အဝါလို ပြောင်းလိုက်ပြီးတော့ သူတို့ရဲ့ အဆင့်နိမ့် ကျင့်ကြံသူတွေကြားထဲ ရောယောင်ဝင်နေနိုင်လိုက်တယ်ကွာ...”

ဤငတိသည်ကား တကယ့် သဘာဝကျကျ ပေါင်းသင်းနေထိုင်တတ်သူ တစ်ယောက် ဖြစ်လေသည်။ သူက ဂျူနီယာညီလေးမိုဟုခေါ်နေရာမှ မိုဝူကျိုဟူ၍ သူ့အား နာမည်ပင်တပ်ကာ အလွယ်တကူ ပြောင်းလဲခေါ်ဝေါ်လိုက်လေ၏။

“ဒါဆို အဲ့ဒီနတ်ဘုရားမျိုးနွယ် ကျင့်ကြံသူတွေကို တားဆီးနိုင်လိုက်လား”

မိုဝူကျိုက အဖြေကို သိနေသော်လည်း သေချာအောင် ထပ်မေးချင်သေးသည်။

ကျင့်ရှင်းကြွယ်၏ ပါးစပ်မှ တံတွေးများ လွင့်စင်လာကာ ဆက်ပြောလိုက်သည်။

“အဲ့ဒီနတ်ဘုရားမျိုးနွယ်ခွေးကောင်တွေက ကျင့်ကြံတဲ့နေရာမှာတော့ တကယ် ပါရမီထူးတယ်ကွ။ သူတို့နယ်မြေပေါ်က မိုးမြေစည်းမျဉ်းတွေက ငါတို့နတ်ဘုရားနယ်မြေကလောက် မပြီးပြည့်စုံဘူး။ ဒါကိုတောင် သူတို့က နတ်ဘုရားဘုရင်အဆင့်ကို ကျော်လွန်တဲ့ ပညာရှင်တွေ အများကြီး ရှိနေတုန်းပဲ။ ဒါပေမဲ့ မိုးနတ်မင်းကြီးက နတ်ဘုရားနယ်မြေကို အဖျက်ဆီးခံရစေဖို့ မလိုလားဘူး။

ဒီလိုအချိန်မှာပဲ နတ်ဘုရားနယ်မြေနဲ့ နိဗ္ဗာနပင်လယ်ရဲ့ဟိုဘက်ကမ်းက နတ်ဘုရားကုန်းမြေတို့ကြားက ကူးပြောင်းအစီအရင်ကြီးက တည်ဆောက်လို့ ပြီးသွားလေရဲ့။ နတ်ဘုရားကုန်းမြေက သဟဇာတနတ်ဘုရားတွေက ရောက်ချလာပြီး နတ်ဘုရားမျိုးနွယ်တွေကို နတ်ဘုရားနယ်မြေကနေ မောင်းထုတ်လိုက်ကြတယ်။ အခုတော့ ထွက်ပေါက်ကာစ နတ်ဘုရားသိုက်မြုံရဲ့ အစွန်အဖျားနားမှာ နှစ်ဖက်သား ထိပ်တိုက်ရင်ဆိုင်နေကြတယ်။ နေ့တိုင်း နတ်ဘုရားနယ်မြေနဲ့ နတ်ဘုရားကုန်းမြေက မရေတွက်နိုင်တဲ့ ကျင့်ကြံသူပေါင်းများစွာဟာ အသတ်ခံနေကြရတယ်။ ဒါပေါ့… ငါတို့ကလည်း နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူ အများကြီးကို နေ့တိုင်း သတ်တာပဲလေ”

“ဒါဆို ခင်ဗျား ဘယ်လိုလုပ် ဒီကို ရောက်လာတာလဲ”

မိုဝူကျိုက မေးလိုက်သည်။

ကျင့်ရှင်းကြွယ်ကြည့်ရသည်မှာ မမေ့ပျောက်နိုင်သည့် အကြောက်တရားတို့ ရှိနေပုံပေါ်သည်။ သူက ပြောသည်။

“ငါက အဆင့်နိမ့် နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူတွေကြားမှာ တိတ်တိတ်ကလေး ပုန်းအောင်းနေရင်း နတ်ဘုရားနယ်မြေဆီ ပြန်သွားလို့ရမယ့် အခွင့်အရေးကို အမြဲရှာနေခဲ့တာ။ ငါ မထင်ထားမိတာက ငါထွက်မပြေးနိုင်ခင် ကောင်မစုတ်တချို့က ငါ့ကို ရှာတွေ့သွားတာကိုပဲ။ အဲ့မိန်းမကြည့်ရတာ မြေခွေးမ တစ်ကောင်နဲ့တူတယ်။ သူက ငါ့ကို လာပြီး အနံ့ခံကြည့်တယ်လေ။ ကောင်မက ငါ့ကို ကြိုက်နေတဲ့ပုံကွ။ ဒါပေမဲ့ ငါက နတ်ဘုရားနယ်မြေက ကျင့်ကြံသူမှန်းလည်း သိသွားတော့ … ချက်ချင်းကို ထအော်တော့တာပဲ…”

သူ့အသက်လေးနှင့် ထွက်ပြေးလွတ်လာသည်ကို ဂုဏ်ယူနေပုံပေါ်ကာ ကျင့်ရှင်းကွယ်က နေ့းသွားပြီးမှ ဆက်ပြောလိုက်သည်။

“အဲ့ဒီတုန်းက ဘယ်သူမှ ငါ့ကို သတိမထားမိကြဘူး။ အဲ့ဒီအပြင် သိပ်မကြာခင်ကမှ ငါက နတ်ဘုရားအုပ်စိုးသူအဆင့်ကို တက်လှမ်းထားတာလေ။ ဒီလိုနဲ့ ငါ ကသုတ်ကရက် ပြေးလွတ်လာတာကွ။ လမ်းမှာ ဒဏ်ရာရပြီး ထွက်မပြေးနိုင်တော့လုနီးနီးပဲ။

ကံကောင်းလို့ ထိပ်တန်းအဆင့် လွတ်မြောက်ရေးအဆောင်ကို ပြင်ဆင်ထားဖို့ ငါ ကြိုသိခဲ့လို့ပေါ့ကွာ။ ငါ့အဆောင်က ငါ့ကို တချို့နတ်ဘုရားမျိုးနွယ်တွေရဲ့ လျို့ဝှက်နယ်မြေဆီကို ခေါ်သွားပါလေရော။ အဲ့ဒီမှာ ဒီကူးပြောင်းအစီအရင်ကို ငါတွေ့လိုက်တာပဲ။ အဲ့ဒီအချိန်တုန်းက နတ်ဘုရားမျိုးနွယ် ကျင့်ကြံသူတစ်ယောက်က ကူးပြောင်းအစီအရင်ကို သုံးမလို့လုပ်နေတာ။ ငါ ချက်ချင်းပဲ သူ့ကို ပိတ်ကန်ပစ်လိုက်တယ်။ ကူးပြောင်းအစီအရင်ပေါ် ငါ တက်လိုက်ရုံပဲ ရှိသေးတယ်… အဲ့ဒါက အသက် ဝင်လာပါလေရော။ ကျန်တာတွေကတော့ မင်း သိတဲ့အတိုင်းပဲ ”

“ကျုပ်ကို ခဏစောင့်။ ဆက်မပြောခင် ကျုပ် ဒီကူးပြောင်းအစီအရင်ကို အပြီးအပိုင် ဖျက်ဆီးပစ်လိုက်ဦးမယ်”

မိုဝူကျိုက ကျင့်ရှင်းကြွယ်၏ ကံကောင်းမှုကို စိတ်ထဲတွင် ကျိတ်ချီးကျူးလိုက်သည်။ ပြောနေရင်းဖြင့်ပင် သူက ကူးပြောင်းအစီအရင် မှော်အကွခ်ရာများဆီသို့ လမ်းလျှောက်သွားလိုက်ကာ သူ့ကိုယ်ပိုင်အာကာပြင်အစီအရင် မှော်အကွခ်ရာများကို စတင်ရေးထွင်းလိုက်လေ၏။

"အဲ့လိုလုပ်နေစရာ မလိုပါဘူး။ ငါ ငါ့ရဲ့ဖောက်ခွဲရေးအဆောင်နဲ့ ဒီကူးပြောင်းအစီအရင်ကို ဖျက်ဆီးပြီးသွားပြီ"

မိုဝူကျို လမ်းလျှောက်ထွက်သွားသည်ကို မြင်သောအခါ ကျင့်ရှင်းကွြယ်က လက်ကို အသာ ခါပြလိုက်သည်။

မိုဝူကျိုက အမှန်တရားကိုသာ ရှင်းပြလိုက်ရတော့သည်။

"ခင်ဗျားရဲ့ အဲ့ဒီအဆင့် ၄ ဖောက်ခွဲရေးအဆောင်က အဲ့ဒီကူးပြောင်းအစီအရင်ကို မဖျက်ဆီးနိုင်ဘူးဗျ။ ဒီကူးပြောင်းအစီအရင်က ရိုးရိုးသာမန် ကူးပြောင်းအစီအရင်တစ်ခု မဟုတ်ဘူး။ အာကာပြင်အစီအရင် မှော်အက္ခရာတွေနဲ့ လုပ်ထားတဲ့ဟာ။ ပုံမှန်လုပ်ရိုးလုပ်စဉ်နည်းလမ်းတွေက ဒါကို ဖျက်ဆီးပစ်ဖို့ မလုံလောက်ဘူး"

"အဲ့ဒါဆို ဆိုလိုတာက စောစောတုန်းက တစ်ခုခု လုပ်လိုက်တာ မင်းပေါ့"

မိုဝူကျို ပြောပြနေသည်ကို နောက်ဆုံးတွင်တော့ ကျင့်ရှင်းကွြယ်က သဘောပေါက်သွားလေ၏။

"ဟုတ်တယ်"

မိုဝူကျိုက အာကာပြင် အစီအရင် မှော်အက္ခရာများကို ဆက်လက်ရေးဆွဲနေလိုက်သည်။ သူက အာကာပြင်ကူးပြောင်း အစီအရင်မှော်အက္ခရာများကို အာရုံခံလို့သာ ရသည်။ ၎င်းတို့မှာ ပဟေဋ္ဌိဆန်လွန်းသဖြင့် သူတို့အား နားလည်သဘောပေါက်ရန် သူ့မှာ မစွမ်းနိုင်ချေ။ မည်သို့ပင်ဖြစ်စေကာမူ အာရုံခံနိုင်သည့်ကပင် မှော်အက္ခရာများကို ဖျက်ဆီးရန် သူ့အတွက် လုံလောက်နေပြီမှန်း မိုဝူကျိုက သိသည်။

သူ သတိပင်မပြုမိနိုင်သည့် မှော်အက္ခရာများကို အဆက်မပြတ် ရေးဆွဲနေသော မိုဝူကျိုကို ကြည့်ရင်း ပေါက်ကွဲသံများကို နားထောင်ရင်းဖြင့် ကျင့်ရှင်းကြွယ်သည် စောစောတုန်းက သူတကယ်ပင် အတွေးလွန်သွားကြောင်းကို သိလိုက်သည်။

ကံကောင်းသည်မှာ သူက သဘောထားပွင့်လင်းသူဖြစ်သည့်အပြင် ဤကဲ့သို့သောကိစ္စများအား သိပ်ဂရုမစိုက်ပေ။

မြောက်များစွာသော အာကာပြင် ကူးပြောင်းအစီအရင် မှော်အက္ခရာများကို ဖျက်ဆီးပြီးသည့်နောက် မိုဝူကျိုက အတားအဆီးတစ်ခုကို ပြင်ဆင်ရန် စတင်လိုက်သည်။

ဤ၊တစ်ကြိမ်တွင်ကား မိုဝှူကျိုက အဆင့် ၅ ပိတ်လှောင်ရေး အစီအရင်ကို ခင်းကျင်းရန် တစ်ရက်စာလုံး အချိန်ယူလိုက်ရသည်။ သူက နတ်ဘုရားဝိညာဉ်စွမ်းအား ထောက်ပံ့ရန် အဆင့်မြင့် နတ်ဝိညာဉ်သွေးကြောတစ်ခုကိုပင် စိုက်ထူလိုက်သေးသည်။

ဤကဲ့သို့သော အတားအဆီးတစ်ခုနှင့်ဆို နတ်ဘုရားဘုရင်တစ်ယောက်ပင်လျှင် အချိန်အကြာကြီး အဆွဲထားခံရပေလိမ့်မည်။ အကယ်၍ ဤ၊နတ်ဘုရားဘုရင်သာ ဂရုမစိုက်မိပါက အသတ်ပင် ခံရကောင်း ခံရနိုင်ပေသည်။

ကျင့်ရှင်းကြွယ်က အစီအရင်တာအိုကို နားမလည်ချေ။ သို့သော် ဤ၊သည်က သူသည် အတွေ့အကြုံမရှိဘူးဟု မဆိုလိုပေ။ မိုဝှူကျို ပိတ်လှောင်ရေးအစီအရင်ကို ခင်းကျင်းနေသည့်အခိုက် သူက သက်ပြင်းချကာ

"ဝှူကျို… မင်းရဲ့အစီအရင်တာအိုက အရမ်းအားကောင်းနေလိမ့်မယ်လို့ ငါမထင်ထားဘူး။ မင်းဒီနေရာကို ထွက်ပြေးလာနိုင်တာ မဆန်းပါဘူး။ ဂျူနီယာညီမလေး ချူယို့လို အင်မတန်

အံ့သြချီးကျူးစရာကောင်းတဲ့သူက မင်းကို သဘောကျတာလည်း မထူးဆန်းပါဘူးကွာ”

ယခုတွင်မူ မိုဝူကျိသည် ကျင့်ရှင်းကြွယ်၏ စရိုက်ကို အကြမ်းဖျင်းနားလည်သွားလေပြီ။ သူက ကျင့်ရှင်းကြွယ်၏ စကားများကို မတုံ့ပြန်ချေ။ ပိတ်လှောင်ရေးအစီအရင်ကို ခင်းကျင်းပြီးသွားသည့်အခါမှသာ မိုဝူကျိက မေးလိုက်သည်။

“အစ်ကိုကျင့်… ခင်ဗျား အခု ဘာလုပ်မယ် စိတ်ကူးလဲ”

ကျင့်ရှင်းကြွယ်က သူ့လက်များကို ဖြန့်ကာ မတတ်နိုင်သည့်ပုံစံဖြင့် ပြောလိုက်သည်။

“ငါလည်း ငါဘာလုပ်သင့်သလဲ ဆိုတာကို မသိဘူး။ ငါ့မျိုးခြေအဆောင်က သေချာပေါက် တစ်သက်လုံး တာရှည်ခံနေမှာ မဟုတ်ဘူး။ ငါ့မျိုးခြေအဆောင် ကြေမွသွားတဲ့နေ့… ငါလည်း အဲ့ဒါနဲ့အတူ ကြေမွသွားမှာပဲ…”

ဤသို့ပြောနေရင်း ကျင့်ရှင်းကြွယ်က တစ်ခုခုကို ရုတ်တရက် စဉ်းစားမိလိုက်သည်။ သူက မိုဝူကျိအား ဝမ်းသာအားရစွာ ကြည့်ကာ ပြောလိုက်သည်။

"ဝူကျိ... မင်းလည်း နတ်ဘုရားနယ်မြေကနေ လာခဲ့တာပဲ။ မင်းမှာ သေချာပေါက် နတ်ဘုရားနယ်မြေကို ပြန်ဖို့ နည်းလမ်းတစ်ခုခုတော့ ရှိမှာပါ... ဟုတ်တယ်မလား။ ငါ မင်းနောက် လိုက်ခဲ့မယ်ကွာ"

"အစ်ကိုကျင့်..."

"ငါ့ကို အစ်ကိုကျင့်ဆိုပြီး ခေါ်နေစရာမလိုပါဘူး။ ရှင်းကြွယ်လို့ပဲ ခေါ်ကွာ။ မင်းက ချူယို့ရဲ့ တာအိုလက်တွဲဖော်၊ ငါက ချူယို့ရဲ့ စီနီယာအစ်ကို။ ငါတို့တွေက ပြောရရင် တစ်မိသားစုတည်းပဲဟာ။ ဂျူနီယာညီမလေးချူယို့အတွက် မင်းငါ့ကို ကူညီမှရမယ်"

မိုဝူကျိမှာ နှုတ်ဆိတ်နေရုံသာ တတ်နိုင်လေသည်။ ကျင့်ရှင်းကြွယ်ကဲ့သို့လူမျိုးကို ရှင်းပြနေခြင်းသည် ရှင်းလေ ရှုပ်လေသာ ဖြစ်လာပေလိမ့်မည်။

............................

မိုဝူကျိက ကျင့်ရှင်းကြွယ်အား ခေါ်ပြီး စကြဝဠာအစွန်းသို့ ပြန်ရောက်လာသည့်အချိန်တွင်ကား အသက်ရှင်ကျန်ရစ်သော ကျင့်ကြံသူအားလုံးသည် အဖြစ်အပျက်များကို သိသွားကြလေပြီ။ ထို့ကြောင့် သူတို့အားလုံးက မိုဝူကျိအား အရမ်းကို

ကျေးဇူးတင်နေလေ၏။ မိုဝူကျိုက ရင်းနှီးသည့် မျက်နှာများကို မမြင်မိပေ။ သူက စကြဝဠာအစွန်း၌ နေနေဖို့ စိတ်ကူးလည်း မရှိချေ။

တခြားတစ်ဖက်တွင် နတ်ဘုရားမျိုးနွယ် ပြီးပြည့်စုံခြင်းအဆင့် ကနဦးနတ်ဘုရားအား ခြောက်ကပ်သွားသည်အထိ သွေးစုပ်ယူလိုက်သည့် ရှိုက်ကော၏ လုပ်ဆောင်ချက်က မိုဝူကျိုအား အံ့အားဝမ်းသာစေ၏။ နတ်မိစ္ဆာသားရဲတစ်ကောင် ဖြစ်လာပြီးသည့်နောက်ပိုင်း ရှိုက်ကောသည် မည်သည့်တိုက်ပွဲတွင်မှ ကိုယ်တိုင် ဝင်မတိုက်ခိုက်ဖူးချေ။ ဤတိုက်ပွဲတွင်မှ ဤရက်စက်သော ပိုးကောင်၏ ကြမ်းကြုတ်ရက်စက်မှုကို မိုဝူကျိုက မြင်နိုင်လိုက်သည်။ အမှန်ပင် သွေးဆာခြင်နက်၏ သွေးမျိုးဆက်သည်ကား အံ့မခန်းပင်တည်း။

ရှိုက်ကောသည် ကနဦးနတ်ဘုရားအဆင့် ၅ တွင်သာ ရှိသေးသော်လည်း သူက ပြီးပြည့်စုံခြင်း ကနဦးနတ်ဘုရားတစ်ယောက်အား အလွယ်တကူ စုပ်ယူနိုင်လေသည်။ သွေးဆာခြင်နက် တစ်ကောင်သည် ရှင်းထျန်းရတနာတစ်ခုကိုပင် ဝါးမြို့နိုင်သည်မှာ မထူးဆန်းပေ။

"ဂိုဏ်းချုပ်မို... ခင်ဗျား အင်မော်တယ်ကမ္ဘာဆီကို ပြန်တော့မလို့လား"

လုကျီတင်းက စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

သူ အင်မော်တယ်ကမ္ဘာက ထွက်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာနေလေပြီ။ သူ၏ ရင်ထဲတွင် ဝိညာဉ်လှည့်ပတ်တာအိုအတွက် မျှော်လင့်တောင့်တမှု တချို့ရှိနေသည်။ မိုဝူကျို၏ လက်ရှိအင်အားဖြင့် စကြဝဠာအစွန်းနှင့် အထက်ဘုံတို့ကြားမှ အရံအတားကို ဆုတ်ဖြဲနိုင်လောက်မည် ဖြစ်သည်။

မိုဝူကျိုသည် အင်မော်တယ်ကမ္ဘာဆီသို့ သွားချင်သည်မှာ အမှန်ပင် ဖြစ်သည်။ သို့သော် သူ ပိုသွားချင်သည့်နေရာမှာ စကြဝဠာနံရံ ဖြစ်သည်။ သူက နီကိုင်ဘက်သို့ မျက်နှာမူကာ

"တာအိုရောင်းရင်းနီကိုင်... စကြဝဠာနံရံ ပွင့်ဖို့ နောက်ထပ် အချိန်ဘယ်လောက်လောက် လိုဦးမလဲ"

မိုဝူကျို၏ မေးခွန်းကို ကြားသောအခါ နီကိုင်က ခဏလေးစဉ်းစားနေပြီးမှ ပြောလိုက်သည်။

“အရင် တာအိုရောင်းရင်းလုနဲ့ ကျုပ်နဲ့ ကောင်းကင်ဘုံအလွန်မှာ ရှိနေတုန်းက စကြဝဠာနံရံက ၂ ခါ ပွင့်ဖူးတယ်။ ကျုပ်တို့နှစ်ယောက်က အရမ်းအားနည်းနေတော့ ထိပ်ဆုံးထိ ရောက်အောင် လုံးဝမတတ်နိုင်ခဲ့ဘူးဗျာ။ ကျုပ်ရဲ့အတွေ့အကြုံအရဆို စကြဝဠာနံရံ နောက်တစ်ခေါက် ထပ်ပွင့်ဖို့ လိုတဲ့အချိန်က ၃ ရက်ထက် ပိုမှာမဟုတ်ဘူး”

စကြဝဠာနံရံ နောက်တစ်ခေါက် ပွင့်လာရန် ၃ ရက်သာ လိုတော့ကြောင်း ကြားသောအခါ မိုဝူကျိက အင်မော်တယ်ကမ္ဘာသို့ ပြန်မည့် သူ၏အကြံကို ချက်ချင်း လက်လျှော့လိုက်သည်။ သူက ကမ္ဘာကူးအဆောင်တစ်ခုကို ထုတ်ယူလိုက်ပြီးနောက် ထိုအဆောင်ကို လုကျီတင်းအား ပေးကာ

“ဂိုဏ်းချုပ်လု… ကျုပ် စကြဝဠာနံရံကို တစ်ချက်သွားကြည့်ဖို့ လိုတယ်။ ခင်ဗျား အင်မော်တယ်ကမ္ဘာကို ပြန်ဖို့ ဒီကမ္ဘာကူးအဆောင်ကို သုံးလို့ ရတယ်။ တကယ်လို့ ကျုပ်ရဲ့ ဖင်းဖန်အင်မော်တယ်ကျောင်းမှာ ပြဿနာတစ်ခုခု ရှိခဲ့မယ်ဆိုရင် သူတို့တွေကို ကူညီဖြေရှင်းပေးဖို့ ဂိုဏ်းချုပ်လုကို ကျုပ်တောင်းဆိုပါတယ်”

မိုဝူကျိဆီတွင် နတ်ဘုရားကမ္ဘာမှ အင်မော်တယ်ကမ္ဘာသို့ သွားသည့် ကမ္ဘာကူးအဆောင် မရှိချေ။ သို့သော် သူ့တွင် စကြဝဠာအစွန်းမှ အင်မော်တယ်ကမ္ဘာသို့ သွားသည့် ကမ္ဘာကူးအဆောင်များ တစ်ပုံတစ်ပင်ကြီး ရှိလေသည်။

ချိန်စုယင်ကိစ္စအတွက်မူ လုကျီတင်းက နည်းနည်း ကြားဖူးထားသည်။ သူက မိုဝူကျိ၏အတွေးကို နားလည်သည်။ ကမ္ဘာကူးအဆောင်ကို လက်ခံယူလိုက်ပြီးနောက် လုကျီတင်းက ပြောလိုက်သည်မှာ

“ဂိုဏ်းချုပ်မို… စိတ်ချနေပါဗျာ။ ကျုပ် အင်မော်တယ်ကမ္ဘာကို ပြန်ရောက်သွားသရွေ့ ဖင်းဖန်အင်မော်တယ်ကျောင်းရဲ့ ကိစ္စတွေက ကျုပ်လုကျီတင်းရဲ့ ကိစ္စတွေပါပဲ”

မိုဝူကျိသည် အင်မော်တယ်ကမ္ဘာနှင့် ကျန်းရှင်းကို အမှန်တကယ် ပြန်သွားချင်သော်လည်း သူက သူ့အတွေးတို့ကို ထိန်းချုပ်လိုက်ဆဲ ဖြစ်သည်။ လုကျီတင်းအား နှုတ်ဆက်စကားဆိုပြီးနောက် သူက ရှိုက်ကောနှင့် တာ့ဟွမ်တို့ကို လူသားကမ္ဘာထဲသို့ ပြန်ထည့်လိုက်ကာ ကောင်းကင်ဘုံအလွန်ဆီသို့ ကျင့်ရှင်းကြွယ်ကို မြန်မြန် ခေါ်ဆောင်သွားလိုက်သည်။

ဤစကြဝဠာနံရံသည် နှစ်ကာလကြိမ်ရေဖြင့် ပွင့်လေ့ ရှိသည်။ တစ်ခါတစ်ရံတွင် ဆယ်စုနှစ်ကျော် ကြာမှ တစ်ကြိမ်သာ ပွင့်သည်။ မိုဝူကျိုက ဤအခွင့်အရေးကို မလွဲချော်ချင်ပေ။

နီကိုင်က စကြဝဠာအစွန်းတွင် မရေတွက်နိုင်သော နှစ်ကာလများစွာ နေထိုင်ခဲ့ဖူးလေသည်။ သူ၏ ဆုံးဖြတ်ချက်မှာ မှန်နေသည်။ ၂ ရက်အတွင်း ကောင်းကင်ဘုံအလွန် အနီးအနားတွင် ကြီးမားသော ဝဲကတော့နက်ကြီး တစ်ခု ပေါ်လာလေသည်။

များစွာသော နတ်ဆေးဖက်ဝင်အပင် အတိုအစများနှင့် အဆင့်နိမ့် နတ်ဘုရားကျောက်ရွေပေါ်စာများက အပေါက်ထဲမှ ပြုတ်ကျလာသည်။ မိုဝူကျိုက ခံစားချက်ပြင်းထန်စွာ သက်ပြင်းချလိုက်၏။ ထိုနှစ်တွေတုန်းက ဤနေရာတွင် ဤပစ္စည်းများအတွက် လူဘယ်လောက်များများတောင် တိုက်ခိုက်နေကြသနည်း။ ယခုမူ ကျင့်ရှင်းကြွယ်နှင့် သူသာ ရှိသည်။ ထို့အပြင် သူတို့နှစ်ယောက်သည် ဤကဲ့သို့ အဆင့်နိမ့် အရင်းအမြစ်များကို ကောက်ယူရန်ပင် ပျင်းလွန်းနေသည်။

"ဒါက စကြဝဠာနံရံလား။ စကြဝဠာကြီးက တကယ့်ကို အထူးအဆန်းတွေနဲ့ ပြည့်နှက်နေတာပဲ..."

ဤစကြဝဠာနံရံကို မြင်သောအခါ ကျင့်ရှင်းကွယ်က သက်ပြင်းချလိုက်၏။

မိုဝူကျိက တွင်းနက်ကြီးကို ကြည့်ကာ ပြောလိုက်သည်မှာ

"ကျုပ်က ဒီစကြဝဠာနံရံထဲကို ဝင်မလို့။ ဒီစကြဝဠာနံရံက ဘယ်ကိုဦးတည်နေမှန်း ကျုပ်မသိဘူး။ ဒါကြောင့် အန္တရာယ်ရှိရင် ရှိနေနိုင်တယ်။ တကယ်လို့..."

မိုဝူကျိက စကားပြောလို့ မပြီးသေးခင် ကျင့်ရှင်းကွယ်က ဖြတ်ပြောလိုက်သည်။

"ဝူကျိ... ငါကျင့်ရှင်းကွယ်က သေမှာကြောက်တဲ့ပုံ ပေါက်နေလို့လား။ နောက်ပြီး ဒီစကြဝဠာအစွန်းမှာ မျှော်လင့်ချက်လေး တစ်မျှင် ရှိပါသေးတယ်ကွ။ တကယ်လို့ ငါ လိုက်မဝင်ဘူးဆိုရင် ငါ ဒီမှာ သေဖို့ စောင့်နေရုံပဲ ရှိတယ်လေ"

## အခန်း(၁၀၂၉) : မိုးမြေမီးပြင်းဖို

"ကောင်းပါပြီ... ဒါဆိုလည်း အစ်ကိုကျင့် ကျုပ်နောက်ကို လိုက်ခဲ့ပေါ့ဗျာ"

ထိုသို့ပြောပြီး မိုဝူကျိ၏ ပုံရိပ်က ဖျက်ခနဲဖြစ်သွားကာ သူက တွင်းနက်ကြီး ထဲသို့ တန်းတန်းမတ်မတ် ပြေးဝင်သွားသည်။

ကျင့်ရှင်းကြွယ်က နောက်ချန်မနေခဲ့ပေ။ သူက မိုဝူကျိနောက်မှ လိုက်ကာ စကြဝဠာနံရံထဲသို့ ပြေးဝင်သွားလိုက်သည်။

မိုဝူကျိသည် ယခင်က စကြဝဠာနံရံထဲ ဝင်ဖူးသည်။ ဤသည်မှာ အဆုံးအစမရှိ ကျယ်ပြောကာ ထိတွေ့စမ်းသပ်၍ ရနိုင်သည့် လမ်းကြောင်း ဖြစ်ကြောင်း သူ သိသည်။ သူ အထဲဝင်လိုက်သည့်အချိန်တွင် ပြင်းထန်သော တွန်းကန်အားတစ်ခုကို ရင်ဆိုင်ခဲ့ရသည်။ ယခင် သူက အတော်အသင့်မြင့်သည့်အထိ ရောက်နိုင်ခဲ့သော်လည်း နောက်ဆုံးတွင် စကြဝဠာနံရံထဲမှ တွန်းထုတ်ခံခဲ့ရသည်။

ဤတစ်ခေါက်သည် မိုဝူကျိ၏ စကြဝဠာနံရံသို့ ဒုတိယမြောက်အကြိမ် ရောက်ရှိခြင်း ဖြစ်သည်။ အမှန်ပင် ပထမတစ်ခေါက်နှင့် နှိုင်းယှဉ်ပါက ခြားနားချက်လေးများ

အနည်းငယ် ရှိလေသည်။ ပထမဆုံးအနေဖြင့် အဆင့်နိမ့် နတ်ဆေးဖက်ဝင်အပင်များနှင့် အစိမ်းရောင်ကျောက်များ ပိုနည်းသွားသည်။ ဒုတိယအနေဖြင့် တွန်းကန်အားသည် ပို၍ အားပျော့လာသည်။ သူက ကောင်းကင်နတ်ဘုရားအဆင့် ၂ တွင် ရှိနေပြီးသားကို ပြောစရာမလိုပေ။ အကယ်၍ သူက မဟာလေ့ရှုန်းတစ်ယောက် ဖြစ်နေလျှင်ပင် ဤတွန်းကန်အားကို အလွယ်တကူ ဖြတ်ကျော်နိုင်လိမ့်ဦးမည် ဖြစ်သည်။

ဤတွန်းကန်အားမှာ မိုဝူကျိနှင့် ကျင့်ရှင်းကြွယ်တို့အတွက် ဘာမှပြောပစရာ မဟုတ်ချေ။ သူတို့နှစ်ယောက်သည် အင်မတန် လျင်မြန်စွာ ရွေ့လျားနေကြသဖြင့် သူတို့က သာမန်အာကာပြင်ကို ဖြတ်ပျံနေသယောင် ခံစားလိုက်ရသည်။

သို့သော် ဤစကြဝဠာနံရံကို ကြည့်ရသည်မှာ အဆုံးရှိပုံ မပေါ်ပေ။ မိုဝူကျိနှင့် ကျင့်ရှင်းကြွယ်တို့သည် ရက်ပေါင်းများစွာ ပျံသန်းနေရသည်ဟု ခံစားရသည်။ သို့သော် သူတို့၏ စိတ်စွမ်းအားများက လမ်းဆုံးကို ရှာမတွေ့နိုင်သေးပေ။

အစောပိုင်းတွင် မိုဝူကျိက အနည်းငယ် စိုးရိမ်မိသည်။ ၁၀ ရက်ကြာပြီးသည့်နောက်တွင်ကား မိုဝူကျိက ပြန်လည်

စိတ်တည်ငြိမ်သွားသည်။ ကျင့်ရှင်းကြွယ်အား လက်ပြန္နတ်ဆက်ပြီးနောက် သူက သူ၏ လေလွှတ်မြောက်ရေး နည်းစနစ်ကို သုံးကာ လေဟာနယ်အတွင်း ပျောက်ကွယ်သွားလေ၏။

မိုဝူကျိက ပိုမိုလျင်မြန်စွာ သွားနိုင်သည်ကို မြင်သောအခါ ကျင့်ရှင်းကြွယ်၏ မျက်လုံးတို့မှာ အရောင်လက်သွားသည်။ တစ်ချိန်တည်းမှာပင် သူက နှိုးဆွအဆောင်တစ်ခုကို ဖျက်ခနဲ ဆုတ်ဖြဲပစ်လိုက်သည်။ သူ၏ ပုံရိပ်မှာ လက်ခနဲဖြစ်သွားကာ သူ၏အမြန်နှုန်းမှာလည်း မိုဝူကျိနီးပါး မြန်လာလေသည်။

နောက်ထပ် ၁၀ ရက် ကုန်သွားသည်။ သူ၏ ကိုယ်က နတ်ဘုရားဝိညာဉ်စွမ်းအား ဝဲကတော့ထဲမှ ထွက်သွားသည်နှင့် မိုဝူကျိ၏ မျက်လုံးများမှာ အရောင်တောက်သွားသည်။

မြေပြင်ပေါ်သို့ သူ ဆင်းသက်လိုက်သည့်အခိုက် မိုဝူကျိသည် နတ်ဘုရားနယ်မြေ သို့မဟုတ် နတ်ဘုရားကုန်းမြေဆီသို့ ပြန်ရောက်လာမှန်း သိလိုက်သည်။ ဤနေရာမှ မိုးမြေစည်းမျဉ်းများသည် အဆင့်နိမ့်လောကမှ မိုးမြေစည်းမျဉ်းများ လုံးဝမဟုတ်ပေ။ ဤစကြဝဠာနံရံသည်ကား

အမှန်တကယ်ကို ထူးခြားဆန်းပြားလှပေသည်။ ဤအရာအား မည်သူကများ တည်ဆောက်ခဲ့သနည်းဟု မိုဝူကျိုက တွေးလိုက်သည်။

မိုဝူကျိုက သူ၏ တည်နေရာကို အတိအကျ မဆုံးဖြတ်နိုင်သေးခင် ကြီးမားသော ဆေးမီးပြင်းဖိုကြီးတစ်ခုကြောင့် သူက ဆွံ့အသွားလေသည်။

ဤဆေးလုံးဖိုမှာ အနည်းဆုံး မီတာ သုံးသောင်း မြင့်ကာ မီတာထောင်ချီ ကျယ်လေသည်။ ဖိုတွင် ထောက်တိုင် ၃ ခုရှိကာ ဖို၏ ကိုင်းကွင်း ၂ ကွင်းမှာ ကွေ့ကောက်ရစ်ပတ်နေသော မြစ်များနှင့် တူနေလေ၏။

ဤကြီးမားသည့် သတ္တဝါကြီးနှင့် တူနေသည့် ဆေးလုံးမီးပြင်းဖို၏ အောက်တွင် မိုဝူကျိုသည် သူ့ကိုယ်သူ ပုရွက်ဆိတ်တစ်ကောင်လိုသာ ခံစားမိသည်။ သူ၏ စိတ်စွမ်းအားကြောင့်သာ မဟုတ်ပါက ဤဆေးလံးမီးပြင်းဖိုအား တစ်ခုလုံး ခြုံငုံ မြင်နိုင်လိမ့်မည် မဟုတ်ပေ။

ဆေးလုံးမီးပြင်းဖို၏ အပြင်ဘက်ခြမ်းတွင် မြောက်များစွာသော ရှေးဟောင်းစကားလုံးများကို ရေးထွင်းထားသည်။

“မိုးမြေကို ဆေးမီးပြင်းဖိုအဖြစ်… ကံကြမ္မာကို လုပ်အားအဖြစ်… အဖိုအမခတ်ကို လောင်စာအဖြစ်… အရာဝတ္ထုအားလုံးကို ကြေးနီအဖြစ်” ဟူ၍ ရေးထွင်းထားလေသည်။

“ရေးထွင်းထားသည်” ဟု ဆိုလိုက်သော်လည်း ထိုစကားလုံးများအား ဆေးလုံးမီးပြင်းဖိုနှင့်အတူ မွေးဖွားပေါ်ပေါက်လာသည်ဟု ဆိုပါက ပို၍သင့်တော်ပေလိမ့်မည်။ ရေးထွင်းရာများ မရှိဘဲ စကားလုံးများမှာ ဆေးလုံးမီးပြင်းဖိုနှင့် တစ်သားတည်းဖြစ်နေသည်ဟု ထင်ရလေ၏။

“မိုးမြေမီးပြင်းဖိုပဲ…”

ကျင့်ရှင်းကြွယ်၏ အံ့အားသင့်သံကြီး ထွက်လာသည်။ သူက မိုဝူကျိ၏ ဘေးတွင် ဆင်းသက်လိုက်သည်။

“မိုးမြေမီးပြင်းဖိုဆိုတာ ဘာကြီးလဲ”

မိုဝူကျိက နားမလည်စွာ မေးလိုက်သည်။

စကားပြောနေရင်းပင် စကြဝဠာအစွန်းမှ အဆင့်နိမ့် နတ်ဆေးဖက်ဝင်အပင်များ အဘယ်ကြောင့် အဆက်မပြတ် လွင့်ထွက်လာသနည်းကို သူက သဘောပေါက်သွားလေသည်။

အကြောင်းအရင်းသည်ကား မိုးမြေမီးပြင်းဖို၏ ပတ်ပတ်လည်တွင် နတ်ဆေးဖက်ဝင် အပင်စိုက်ခင်းကြီး ၁၀ ကွက်ရှိနေသောကြောင့်ပင်တည်း။ စိုက်ခင်းများ၏ ပတ်ပတ်လည်တွင် အစီအရင်အမျိုးမျိုးကို ခင်းကျင်းထားသည်။ အချိန်တစ်ခုကြာလျှင် ဤစိုက်ခင်းများမှ နတ်ဆေးဖက်ဝင်အပင်များကို ဤအစီအရင်များက သိမ်းကျုံးယူသွားကာ မီးပြင်းဖိုထဲသို့ ထည့်လိုက်သည်။ ထို့နောက် မီးပြင်းဖိုက အညစ်အကြေးများကို စွန့်ထုတ်လိမ့်မည်။

ထို့နောက် ထိုစွန့်ထုတ်ခံရသော အညစ်အကြေးများမှာ အစီအရင်လမ်းကြောင်းထဲသို့ အပို့ခံရသည်။ ဤလမ်းကြောင်းသည်ကား ကောင်းကင်ဘုံအလွန်သို့ ရောက်မည့် လမ်းကြောင်း ဖြစ်၏။ မိုဝူကျိနှင့် ကျင့်ရှင်းကြွယ်တို့ စောစောလေးကတင် ထွက်လာသော လမ်းကြောင်းနှင့် အတူတူပင် ဖြစ်သည်။

သိသာစွာပင် လမ်းကြောင်းကို ဖြတ်၍ လာလို့သာ ရလေသည်။ တခြားတစ်ဖက်သို့ ပြန်သွားရန်မှာ မဖြစ်နိုင်ချေ။ အကြောင်းမှာ သူတို့တွေ ထွက်လာခဲ့ပြီးနောက် မိုဝူကျိသည် စကြဝဠာနံရံကို အာရုံခံ၍ မရတော့သောကြောင့် ဖြစ်သည်။ အစိမ်းရောင်ကျောက်အပိုင်းအစများအတွက်မူ ကြည့်ရသည်မှာ ၎င်းတို့သည် မိုးမြေမီးပြင်းဖိုက ပတ်ဝန်းကျင်ရှိ နတ်ဘုရားကျောက်များမှ နတ်ဝိညာဉ်စွမ်းအားနှင့် စည်းမျဉ်းတို့ကို စုပ်ယူပြီးနောက် စွန့်ပစ်လိုက်သော အညစ်အကြေးများ ဖြစ်ပုံပေါ်သည်။

မိုဝူကျိအား နည်းနည်းနှမြောစရာကောင်းသည်ဟု ခံစားမိစေသည်မှာ ထိုစိုက်ခင်းများထဲမှ နတ်ဆေးဖက်ဝင်အပင်များမှာ အင်မတန်နိမ့်သော အဆင့်များ ဖြစ်နေခြင်းကို ဖြစ်သည်။ ကောင်းကောင်းကန်းကန်းဟူ၍ ကိုင်းတစ်ဝက်လေးပင် မရှိတော့ချေ။

"ဒဏ္ဍာရီလာ မိုးမြေမီးပြင်းဖိုကို အပြင်မှာ ငါ တကယ် မြင်တွေ့ရလိမ့်မယ်လို့ မထင်ထားဘူး။ ဒါ တကယ့်ကို ကံကောင်းမှုကြီးပဲ... ကံကောင်းမှုကြီးပဲကွ..."

ကျင့်ရှင်းကြွယ်သည်ကား အပျော်လုံးစို့ကာ တတွတ်တွတ် ပြောနေလေ၏။ သူက မိုဝူကျို၏ မေးခွန်းကိုပင် သတိမပြုမိချေ။

မိုဝူကျို၏ စိတ်စွမ်းအားက အပြင်ဘက်သို့ လွှမ်းခြုံသွားသည်။ ဤနေရာ၌ တခြားမည်သူမျှ မရှိချေ။

သူ့ရှေ့တွင် ကြီးမားသော ရေကန်တစ်ကန်လည်း ရှိနေသည်။ ဤရေကန်မှာ လုံးဝခမ်းခြောက်နေ၏။

ဤရေကန်အထဲ၌ ပေါကြွယ်သော ဆေးနံ့တစ်ခုက ရှိနေဆဲဖြစ်သည်ကို အာရုံခံမိသောကြောင့် မိုဝူကျိုက အထဲသို့ ဝင်သွားလိုက်သည်။ သူ၏ စိတ်စွမ်းအားနှင့် ဂရုတစိုက် စေ့စေ့စပ်စပ် လိုက်ကြည့်လိုက်ပြီးနောက် သူက ရေကန်ထောင့်တစ်ခုမှ ဆေးလုံးအစအနတစ်ခုကို ကောက်ယူလိုက်သည်။

“ဒါက မိုးမြေမီးပြင်းဖိုကနေ ဖော်စပ်လိုက်တဲ့ ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးပဲ။ ဘယ်လိုတောင် ကြီးမားကျယ်ပြန့်တဲ့ ရေကန်တစ်ခုလဲ… အကျယ်ကြီးပါလား…”

ကျင့်ရှင်းကြွယ်ကလည်း ဆေးလုံးကန်ထဲသို့ ခုန်ဆင်းလိုက်သည်။ သို့သော် သူက စကားတစ်ခွန်းတည်းကိုသာ ပြည့်ပြည့်စုံစုံ

ပြောလိုက်ပြီးနောက် သူ့ဘာသာသူ တတွတ်တွတ် ရေရွတ်နေသည်မှာ

"ကန်က အကျယ်ကြီးပဲ"

"ဘာကို ကန်ကအကျယ်ကြီးပဲ လဲဗျ"

မိုဝူကျိုက အနည်းငယ်မကျေမချမ်း မေးလိုက်သည်။ ဤငတိ၏ စကားများသည်ကား တစ်ကြိမ်လျှင် တစ်တုံးသာပါသည့် ဆိတ်ချေးများလိုပင် ဖြစ်၏။

ကျင့်ရှင်းကြွယ်က ယခုမှ သူ့ကခြေ သူပြန်ထိန်းလိုက်သည်။ သူက မိုဝူကျိုအား ကြည့်ကာ တရှုံ့ရှုံ့လုပ်ပြီးပြောလိုက်သည်မှာ

"ဝူကျို... ဒီဟာက ကောင်းကင်စည်းမျဥ်းသဘာဝဆေးလုံးတွေရဲ့ ဆေးလုံးကန်ကြီးကွ။ အရင်ဆုံးလာသွားတဲ့ ခွေးကောင်တွေက အဲ့ဒါတွေ အကုန်လုံးကို ယူသွားရတယ်လို့။ သူတို့က ဒီသခင်ကြီးကျင့်အတွက် တစ်ခုလေးတောင် ချန်မထားခဲ့ကြဘူးကွာ..."

မိုဝူကျို သူ့အား ကြည့်နေသည့်ပုံစံကို သတိထားမိသောအခါမှ ကျင့်ရှင်းကြွယ်သည်

ကောင်းကင်စည်းမျဉ်းသဘာဝဆေးလုံးများကို ယူသွားသည့်သူများအပေါ် သူ့စိတ်ထဲမှ စိတ်ပျက်မှုနှင့် မနှာလိုမှုတို့အား အတင်း မြိုသိပ်လိုက်သည်။ သူက ရှင်းပြသည်။

“ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးကို မိုးမြေမီးပြင်းဖိုကပဲ ဖော်စပ်နိုင်တယ်။ ဒီဆေးလုံးမျိုးက မရေတွက်နိုင်တဲ့ နတ်ဆေးဖက်ဝင်အပင်တွေကို စုစည်းပြီး ဖြစ်တည်လာတာမျိုး။ အဲ့ဒီနတ်ဆေးဖက်ဝင်အပင်တွေက မတူညီတဲ့ အမျိုးအစားအမျိုးမျိုးကနေ လာတာ... အဆင့်မြင့်အပင်လည်း ပါနိုင်သလို အဆင့်နိမ့်အပင်လည်း ပါနိုင်တယ်... ဟိုစိုက်ခင်းတွေ မင်း မြင်တယ်မလား...

အဲ့ဒီစိုက်ခင်းတွေထဲက ဆေးဖက်ဝင်အပင်တွေက မိုးမြေမီးပြင်းဖိုရဲ့ ဆွဲသိမ်းယူသွားတာကို ခံရလိမ့်မယ်။ ပြီးရင် ဆေးလုံးဖော်ဖို့ အသန့်စင်ဆုံး ဝိညာဉ်စွမ်းအားနဲ့ မိုးမြေစည်းမျဉ်းတွေကို အဲ့ဒီအပင်တွေထဲ ရောနှောပေါင်းထည့်လိမ့်မယ်။

ငါတို့ စောစောတုန်းက စကြဝဠာနံရံထဲမှာ တွေ့ခဲ့ရတဲ့ သလင်းကျောက်အပိုင်းအစတွေက တကယ့်

သလင်းကျောက်အပိုင်းအစတွေ မဟုတ်ဘူး။ အဲ့ဒီအစား အဲ့ဒါတွေက ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးတွေ ဖော်စပ်ပြီးတဲ့နောက် မိုးမြေမီးပြင်ဖိုထဲကနေ စွန့်ထုတ်ခံလိုက်ရတဲ့ အဖိုးမတန်တဲ့ သလင်းကျောက်တွေ။ အဲ့ဒီအပိုင်းအစတွေထဲမှာ မသန့်ရှင်းတာတွေ ပါတယ်။ ပြီးတော့ အဲ့ဒါတွေမှာ ပြီးပြည့်စုံတဲ့ စည်းမျဉ်းတွေ မပါဘူး။ မိုးမြေမီးပြင်းဖိုက စည်းမျဉ်းတွေကို သန့်စင်နိုင်တဲ့ တစ်ခုတည်းသော မီးပြင်းဖိုပဲကွ”

ကျင့်ရှင်းကွယ်၏ စကားများကို ကြားပြီးသည့်နောက်မှ မိုဝူူကျိသည် သူ တိုက်ခိုက်ယူခဲ့ရဖူးသော အစိမ်းရောင်ကျောက်များမှာ မိုးမြေမီးပြင်းဖို၏ အသုံးမဝင်သော အညစ်အကြေးများသာ ဖြစ်ကြောင်း နားလည်သွားလေတော့သည်။ သိသာစွာပင် လွှင့်ပစ်ခံလိုက်ရသော ဆေးဖက်ဝင်အပင်များမှာလည်း ဤမိုးမြေမီးပြင်းဖိုအတွက် အမှိုက်သရိုက်များ ဖြစ်နေလေသည်။

မိုဝူကျိက ထိုဆေးလုံးအစအနလေးကို သူ့ပါးစပ်ထဲသို့ ထည့်လိုက်သည်။ တစ်ခဏအတွင်း မိုးမြေစည်းမျဉ်းများအပေါ် ကြည်လင်ပြတ်သားသည့်ခံစားမှုက သူ့အား ထိတွေ့သွားသည်။

ထိုဆေးလုံးအစအနလေး တစ်ခုတည်းနှင့်ပင် မိုဂူကျိုသည် သူ၏ ကျင့်ကြံဆင့်မှာ အနည်းငယ် အခြေတည်ငြိမ်သွားသည်ဟု ခံစားလိုက်ရသည်။

ဤအရာကား တကယ့် ပစ္စည်းကောင်း ဖြစ်သည်။ သူ၏ရှေ့မှ ကန်အလွတ်ကြီးကို ကြည့်ကာ ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံး အကုန်လုံးကို ယူသွားသည့် ငတိ၏ ကံကောင်းပုံကို မိုဂူကျိုက တွေးကြည့်နိုင်ပေသည်။ နတ်ဘုရားဘုရင်အဆင့်ကို ရောက်ရှိရန် သေချာပေါက် ခက်ခဲမည် မဟုတ်ပေ။ တကယ်တော့ ဤကန်ထဲမှ ဆေးလုံးများအတွက် ထိုငတိအား သဟဇာတနတ်ဘုရားအဆင့်ကို ကျော်လွန်စေရန် ပြုလုပ်ပေးနိုင်မည်မှာ မထူးဆန်းပေ။

"မိုးမြေမီးပြင်းဖိုက အဲ့ဒီနတ်ဆေးဖက်ဝင်အပင်တွေကို ဆွဲစုပ်ယူပြီးသွားတဲ့နောက် အချိန်တစ်ခုကြာပြီးရင် နတ်ဝိညာဉ်သွေးကြောကြောင့် သူတို့က နောက်တစ်ခါ ပြန်လည် ရှင်သန်ကြီးထွားလာတယ်လေ။ ဒါပေမဲ့ အချိန်တွေ ကြာလာတာနဲ့အမျှ နတ်ဆေးဖက်ဝင်အပင်တွေရဲ့ အဆင့်တွေဟာလည်း တဖြည်းဖြည်းချင်း နိမ့်နိမ့်လာတယ်။

ကောင်းကင်စည်းမျဉ်း သဘာ၀ဆေးလုံးတွေကို ယူသွားတဲ့ကောင်တွေက တကယ့် အကောင်းဆုံးဆိုတဲ့ဟာကို ယူသွားတာကွ။ အဲ့ကောင်တွေရဲ့ ရှေ့ရေးကတော့ တိုင်းတာလို့တောင်ရမှာ မဟုတ်ဘူး”

ကျင့်ရှင်းကွြယ်၏ စကားများကို ကြားသောအခါ မိုဝူကျိုက ချိန်စုယင်အတွက် မစိုးရိမ်ဘဲ မနေနိုင် ဖြစ်သွားသည်။ ချိန်စုယင်ကလည်း ဤနေရာသို့ ရောက်ခဲ့ဖူးသည်။ အကယ်၍ ဤကဲ့သို့ စည်းမျဉ်းဆေးလုံးများကို မြင်မိပါက သူမသည် သေချာပေါက် ထိုအရာများအတွက် တိုက်ခိုက်မည် ဖြစ်သည်။ သို့သော် သူမ၏ လက်ရှိ ကျင့်ကြံဆင့်မှာ အရမ်းနိမ့်လွန်းသည်။ အဆင့်မြင့် ကျင့်ကြံသူတစ်ယောက်ယောက်နှင့်သာ တွေ့လိုက်ပါက သူမ အန္တရာယ်ထဲ ရောက်သွားပေလိမ့်မည်။

မိုဝူကျို၏ သောကကို မရိပ်မိဘဲ ကျင့်ရှင်းကွြယ်က ဆက်ပြောလိုက်သည်။

“အဲ့ဒီကောင်တွေက ကောင်းကင်စည်းမျဉ်း သဘာ၀ဆေးလုံးတွေကို ယူသွားတာတောင် တော်တော်လွန်လှပြီ။ သူတို့က ဒီက

နတ်ဘုရားဝိညာဉ်သွေးကြောတွေ အကုန်လုံးကိုပါ ဆွဲနှုတ်ယူသွားလိုက်သေးတယ်။ ဒါတော့ အရမ်းလွန်လွန်းအားကြီးသွားပြီ။ ဒင်းတို့က နောက်မှရောက်လာတဲ့ ငါတို့အတွက် တစ်ဇွန်းစာလေးတောင် မချန်ထားခဲ့ဘူးကွာ”

ကျင့်ရှင်းကြွယ်က ဒေါသပုန်ထလို့ ဝသွားသည့်အချိန်မှ သူက သူ၏ မျှခြေအဆောင်ကို ပြန်ဖယ်လိုက်သည်။ မည်သို့ပင်ဆိုစေကာမူ သူက နောက်ဆုံးတွင် နတ်ဘုရားကမ္ဘာသို့ ပြန်ရောက်လာသည့်အတွက် နည်းနည်းတော့ ပျော်မိဆဲ ဖြစ်၏။

“ဒါဆို ဒီမိုးမြေမီးပြင်းဖိုက ဘာဖြစ်လို့ ဒီမှာ ရှိနေသေးတာတုန်း”

မိုဝူကျိုက ဤကြီးမားသည့် မီးပြင်းဖိုကြီးကို ကြည့်ကာ မရေရာစွာ မေးလိုက်သည်။

ကျင့်ရှင်းကြွယ်က အေးစက်စွာ မဲ့ရွဲ့လိုက်ပြီး

“ဒါကို ယူသွားဖို့ဆိုရင် သူတို့မှာ အစွမ်းအစ နည်းနည်းတော့ ရှိမှရမယ်လေ။ ဘယ်သိုလှောင်လက်စွပ်ကမှ မိုးမြေမီးပြင်းဖိုကို မသိမ်းနိုင်ဘူး။ ရှင်းထျန်းရတနာတွေတောင်မှ မီးပြင်းဖိုကို အပြည့်အဝ ဖုံးအုပ်ဖို့ မမျှော်လင့်နိုင်ဘူး။ ဒီဟာက မိုးမြေကနေ မွေးဖွားလာတဲ့အရာလေ။

မင်းရဲ့မျက်လုံးထဲမှာတော့ ဒီမီးပြင်းဖိုက မီတာထောင်ချီပဲ မြင့်တယ်လို့ မြင်ရတယ်မလား။ ဒါပေမဲ့ တကယ်တမ်းကျ မီးပြင်းဖိုကို တဆုံးဆွဲထုတ်လိုက်မယ်ဆိုရင် ဖိုက ကမ္ဘာတစ်ခုစာလောက်ကို ကြီးသွားမှာကွ။ ဒီဟာက မီးပြင်းဖိုရဲ့ အသေးစားပုံစံပဲ ရှိသေးတယ်လေ။ အရင်တုန်းက မိုးမြေမီးပြင်းဖိုဆိုတာ ဒဏ္ဍာရီတစ်ခုလို့ပဲ ငါ ထင်ထားခဲ့တာ။ ဒီနေ့ မျက်ဝါးထင်ထင် တွေ့နိုင်လိုက်တယ်ဆိုတာ ငါ တကယ်ကို မယုံကြည်နိုင်ဘူးကွာ။ ကံဆိုးတာက မီးပြင်းဖိုထဲကို ငါ မဝင်နိုင်တာပဲ။ မဟုတ်ရင် သေချာပေါက် အထဲဝင်ပြီး တစ်ချက်လောက် ကြည့်ကြည့်ဦးမို့ဟာ။

ဒီဟာတစ်စုံလုံးကို လူတစ်ယောက်က ပြင်ဆင်ထားတယ်ဆိုတာ သေချာတယ်။ အဲ့ဒီလူကလည်း မီးပြင်းဖိုကို ယူမသွားနိုင်လို့ ဒီနေရာမှာပဲ အကုန်လုံး ပြင်ဆင်ထားခဲ့တာ ဖြစ်မယ်။ ဒီလူ သက်တမ်းကုန်သွားပြီး ပြန်လည်ဝင်စားခြင်း စက်ဝန်းထဲကိုတောင် ဝင်သွားပြီလား မသိဘူးနော်”

မိုဝူကျိုက ဝိညာဉ်သိုလှောင်ရေး လမ်းကြောင်း၏ စိတ်စွမ်းအားသည် မိုးမြေမီးပြင်းဖိုထဲသို့ ဝင်နိုင်ကောင်း

ဝင်နိုင်လိမ့်မည်ဟု သံသယဝင်မိသည်။ သို့သော် သူက ထိုသို့မလုပ်ချေ။ ထိုအစား သူက အစီအရင်အလံများကို အဆက်မပြတ် ပစ်လွှတ်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူက မြောက်များစွာသော ရွှေ့ပြောင်းခြင်းအမျိုးအစား အစီအရင် မှော်အက္ခရာများကို စတင်ရေးဆွဲလိုက်လေသည်။

"ခဏ... ခဏလေးနေပါဦး..."

မိုဝူကျို၏ လုပ်ရပ်များကို မြင်သောအခါ ကျင့်ရှင်းကြွယ်က အမြန်တားလိုက်ကာ

"မဟုတ်မှလွဲရော မင်း မိုးမြေမီးပြင်းဖိုကို ဆွဲထုတ်ယူမလို့ စဉ်းစားနေတာလား"

မိုဝူကျိုက ကျင့်ရှင်းကြွယ်ကို ကြည့်ကာ

"ခင်ဗျား မယူဘူးဆိုမှတော့ ကျုပ်ယူမယ်လေဗျာ။ ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးတွေကို တခြားတစ်ယောက်က ယူသွားပြီ။ ဒီမိုးမြေမီးပြင်းဖိုကိုလည်း တခြားတစ်ယောက်အတွက် ချန်ထားခဲ့ရဦးမှာလားဗျ။ ခင်ဗျား သဘောကောင်းချင်ရင် ကောင်းဗျာ... ကျုပ်ကတော့ မကောင်းနိုင်ဘူး"

ကျောင်းရှင်းကြွယ်က စကားကို အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြောလိုက်သည်။

"ငါ ငါက သဘောကောင်းတယ် ဟုတ်လား... ဟာသပဲ။ ငါ မယူနိုင်လို့ မယူတာကွ။ ငါသာ အဲ့ဒါကို သိမ်းနိုင်ရင်လေ မင်းနဲ့တောင် အချိန်ကုန်ခံပြီး လေပန်းနေမှာ မဟုတ်ဘူး။ ဒီမီးပြင်းဖိုကို အစောကြီးကတည်းက ယူပြီးနေလောက်ပြီ။ သူများတွေ ဒါကို မယူနိုင်ခဲ့သလို ငါတို့လည်း အတူတူပဲ ယူနိုင်မှာ မဟုတ်ဘူးကွ"

"အဲ့ဒါ ကောင်းသားပဲ။ ကျုပ်အတွက် ပြိုင်ဖက်တစ်ယောက် လျော့သွားတာပေါ့"

ပြောနေရင်းဖြင့်ပင် မိုဝူကျိက အစီအရင်အလံများကို ဆက်လက်ပစ်လွှတ်လိုက်၏။

ကျောင်းရှင်းကြွယ်က အံ့အားသင့်မှင်သက်စွာ ပြောလိုက်သည်။

"ဝူကျိရာ... အဓိပ္ပာယ်မရှိတာတွေ လုပ်မနေစမ်းနဲ့ကွာ။ မင်းရဲ့ အစီအရင်တာအိုက အရမ်းအားကောင်းမှန်း ငါသိပါတယ်။ ဒါပေမဲ့ မိုးမြေမီးပြင်းဖိုကို မင်း ရွှေ့နိုင်တော့ကော ဘာထူးမှာလဲ။ ဒီဖိုကြီးက အထွတ်အထိပ် ကောင်းချီးရတနာတစ်ခုကွ။

သူရှေ့ရောက်ရင် ရှင်းထျန်းရတနာတွေကိုတောင် အမှိုက်သရိုက်တွေလို့ပဲ သတ်မှတ်နိုင်တော့တယ်။ မင်း ဒီမီးပြင်းဖိုကို ရွှေ့လိုက်တယ်ဆိုပါတော့... မင်း ဒါကို ယူသွားနိုင်မှာမို့လား ပြော”

မိုဝူကျိက ကျင့်ရှင်းကြွယ်အား ဂရုပင်မစိုက်ချေ။ သူ၏ လူသားကမ္ဘာသည် မိုးမြေမီးပြင်းဖိုအား သိုလှောင်သိမ်းဆည်းထားနိုင်ခြင်း ရှိ၊ မရှိကိုလည်း သေချာမသိပေ။ သို့သော် မကြိုးစားကြည့်ပါက သူ ဘယ်လိုလုပ် သိနိုင်ပါ့မည်နည်း။ ယခု လူသားကမ္ဘာသည် သူ၏ ကိုယ်ပိုင်တာအိုစည်းမျဉ်းများနှင့် ပြည့်လျှမ်းနေလေရာ အမျိုးမျိုးသော စည်းမျဉ်းများနှင့် ပြီးပြည့်စုံနေသည်။ စည်းမျဉ်းများမှာ နည်းနည်းအားနည်းသော်လည်း ပြီးပြည့်စုံသော ကမ္ဘာတစ်ခု ဖြစ်နေဆဲ ဖြစ်သည်။ အကယ်၍ ဟိုယခင်က ထာဝရကမ္ဘာသာ ဖြစ်နေပါက ဤမီးပြင်းဖိုကို သိုလှောင်ခွင့်ပင် သူ့တွင် ရှိလိမ့်မည် မဟုတ်ချေ။

၂ ရက်ကြာပြီးနောက် မိုဝူကျိုက ရွှေ့ပြောင်းရေး အစီအရင်ကို တည်ဆောက်ပြီးသွားကာ မရေတွက်နိုင်သော အစီအရင်မှော်အက္ခရာများကိုလည်း ပြင်ဆင်ပြီးသွားလေပြီ။

နောက်ဆုံးတွင် မိုဝူကျိုက မဟာအစီအရင် အလံကို ပစ်လွှတ်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူ့လက်များက လက်သင်္ကေတများကို အဆက်မပြတ် ပုံဖော်နေလိုက်သည်။

ကျယ်လောင်သော မြည်ဟည်းသံကြီးကို ကြားလိုက်ရသည်။ ကျင့်ရှင်းကွယ်က တုန်ခါစပြုလာသော မီးပြင်းဖိုကြီးအား အံ့ဩတကြီး စိုက်ကြည့်လိုက်၏။

## အခန်း(၁၀၃၀) : အရိုးဖြူကန်

အသက်ရှိုက်စာ အနည်းငယ်ကြာပြီးနောက် မိုးမြေမီးပြင်းဖိုသည် ရုတ်တရက်ကြီး မမြင်နိုင်သည့် အာကာပြင်တစ်ခုအတွင်းသို့ အဆွဲယူခံလိုက်ရသည်။ မီးပြင်းဖိုကြီးက နေရာမှ ပျောက်သွားလေ၏။

မိုဝူကျိသည် သူ၏ လူသားကမ္ဘာထဲ၌ မီးပြင်းဖိုကို မြင်၍ ရင်ထဲ၌ စိတ်လှုပ်ရှားမှုတို့ဖြင့် ပြည့်နှက်သွားသည်။ သူအစမ်းကြိုးစားကြည့်လိုက်သည်က နောက်ဆုံးတွင် တကယ်ကြီး အောင်မြင်သွားလိမ့်မည်ဟု သူက မထင်ထားချေ။

"မင်း မိုးမြေမီးပြင်းဖိုကို တကယ် သိမ်းလိုက်တာလား။ ဒါမှမဟုတ် အဝေးတစ်နေရာ ရောက်သွားတာလား"

မီးပြင်းဖို ပျောက်ကွယ်သွားသည့်တိုင် ကျင့်ရှင်းကြွယ်က မိုဝူကျိဆီတွင် ထိုအရာကို ဆွဲထုတ်ယူပြီး သိမ်းဆည်းနိုင်သည့် အစွမ်းအစရှိသည်ဟု မယုံကြည်နိုင်သေးဘဲ ဖြစ်နေသည်။

"လျှောက်ပြောမနေနဲ့တော့ဗျာ။ သွားကြရအောင်"

မိုဝူကျိ၏ ပုံရိပ်က ဖျက်ခနဲဖြစ်သွားပြီး သူက အရှိန်မြင့်လျက် ထွက်သွားလိုက်သည်။

ကျင့်ရှင်းကြွယ်က မိုဝူကျိနောက်မှ အမြန်လိုက်သွားလိုက်သည်။ ဤနေရာ၌ မိုးမြေမီးပြင်းဖို ပေါ်လာသည့်သတင်းမှာ သေချာပေါက် ပျံ့နှံ့သွားမည် ဖြစ်သည်။ တစ်နေ့တွင် အဆင့်မြင့် ကျင့်ကြံသူတစ်ယောက်က မီးပြင်ဖိုးကို ရှာရန် သေချာပေါက် ဤနေရာသို့ ရောက်လာပေလိမ့်မည်။

မိုဝူကျိုက အရှိန်မြန်မြန်နှင့် သွားနေရင်း စိတ်စွမ်းအားဖြင့် အပြင်ဘက်ပတ်ဝန်းကျင်အား မှန်မှန်လေး စေ့စေ့စပ်စပ် လိုက်ကြည့်နေလေ၏။ အမွေးတိုင်တစ်ဝက်စာ အချိန်အတွင်း၌ သူက ရပ်လိုက်သည်။ သူက ကြီးမားနက်ရှိုင်းသော ချောက်ကြီးတစ်ခုအတွင်းတွင် ရှိနေပုံ ပေါ်သည်။ အဆိပ်ငွေ့များက လေထုထဲတွင် ပြည့်နှက်နေကာ အရေပြားမှတဆင့် အရိုးများနှင့် ချီသွေးကြောများအတွင်းသို့ ထိုးဖောက်စိမ့်ဝင်နေသည်။

မိုဝူကျိုဆီတွင် အဆိပ်ဖြေလမ်းကြောင်း ရှိသည်။ သို့ဖြစ်ရာ သူက အဆိပ်မိမည်ကို သိပ်ဂရုမစိုက်ချေ။ တခြားတစ်ဖက်တွင်ကား ကျင့်ရှင်းကြွယ်သည် ဆေးလုံးအမျိုးမျိုးကို အဆက်မပြတ် သုံးစွဲနေလေ၏။

“ကြည့်ရတာ ချောက်ကြီးတစ်ခုလို့ ထင်တာပဲ”

ခြေလှမ်းအနည်းငယ်ဖြင့် မိုဝူကျိုက ချောက်နံဘေးသို့ ရောက်ရှိသွားသည်။ သူက ကျင့်ရှင်းကြွယ်အား သာမန်ကာလျှံကာ စကား ပြောလိုက်သည်။

"ငါတို့တော့ သွားပြီ။ ငါတို့တွေ ဘယ်လိုလုပ်ပြီး အရိုးဖြူကုန်ထဲကို ရောက်လာရတာတုန်း"

ကျင့်ရှင်းကြွယ်ကို ကြည့်ရသည်မှာ သူတို့ရောက်နေသည့်နေရာကို သိပုံပေါ်ကာ သူက ဒေါသတကြီး အော်ဟစ်လိုက်သည်။

မိုဝူကျိုက ကျင့်ရှင်းကြွယ်အား နားမလည်စွာ ကြည့်လိုက်ကာ

"အရိုးဖြူကုန်ဆိုတာက ဘာကြီးတုန်းဗျ"

ကျင့်ရှင်းကြွယ်က ကုသဆေးလုံးတွေ အများကြီးကို ထုတ်ယူကာ သူ့ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။ ထို့နောက် သူက ပြောပြသည်မှာ

"ဒီနေရာကို အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့လူတစ်ယောက်က တည်ဆောက်ခဲ့တယ်ဆိုတဲ့ ကောလာဟာလတွေ ကြားဖူးတယ်။ ဒီလူက နတ်ဘုရားနယ်မြေကလူ မဟုတ်ဘူးတဲ့။ ငါ့ကျောင်းကနေ ကြားဖူးတာတော့ ဒီဘိုးတော်က အမှောင်စည်းမျဉ်းကို ကျင့်ကြံတဲ့ အောက်လမ်း ကျင့်ကြံသူတစ်ယောက်တဲ့။ သူက နတ်ဘုရားမျိုးနွယ်က ခွေးကောင် ဖြစ်ရမယ်လို့ ငါ ထင်တယ်ကွ"

**အမှောင်ထုစည်းမျဉ်း...**

မိုဝူကျို၏ ရင်ထဲ နားမလည်ခြင်းတို့ဖြင့် ပြည့်နှက်သွားသည်။ သူ ဤအကြောင်းအရာကို ယခင်က ကြားဖူးသည်။ ကူချိုက်၏ ဘိုးဘေးက နတ်ဘုရားနယ်မြေကို ရောက်လာခဲ့သည်။ သို့သော် အမှောင်ထုစည်းမျဉ်းကို ကျင့်ကြံသူများအား အောက်လမ်းသမားများဟု သတ်မှတ်ထားကြသောကြောင့် ကူချိုက်၏ ဘိုးဘေးမှာ နတ်ဘုရားနယ်မြေမှ ကျန်လူများ၏ လိုက်လံဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ဖြစ်နိုင်သည်မှာ သူ အသတ်ခံလိုက်ရလောက်လေပြီ။ သို့သော် ကူချိုက်၏ ဘိုးဘေးက သွေးမျိုးဆက်တစ်ခုကို ချန်ထားခဲ့သည်။ ထို့အပြင် ယခု ထိုသွေးမျိုးဆက်ကို ဆက်ခံထားရသည့် တစ်ဦးတည်းသောသူမှာ ကူချိုက် ဖြစ်ပေသည်။

မိုဝူကျိုက ယခင် ကူချိုက်နှင့် ပတ်သက်ဆက်ဆံဖူးသည်။ အမှောင်ထုစည်းမျဉ်းကိုလည်း ယခင်က သူလေ့လာဖူးသည်။ ပြောရမည်ဆိုလျှင် သူက အမှောင်ထုစည်းမျဉ်းကိုပင် မြင်ဖူးကာ သူ့ဆီတွင် အမှောင်ထုသဘာဝ အမြုတေလည်း ပိုင်ဆိုင်ထားသည်။ ဤကန်ကို ကူချိုက်၏ ဘိုးဘေးက တည်ဆောက်ထားသည်ဟု ကျင့်ရှင်းကွဲယ်ပြောသည်ကို

ကြားသောအခါ မိုဂူကျိကအနည်းငယ် မသက်သာသလို ခံစားလိုက်ရသည်။

အကယ်၍ ကူချိုက်သည် ဤနေရာမှ ထွက်ပြေးလာခဲ့သည်ဆိုပါက သူတို့၏ ဆက်ဆံရေးအရ သူမက သူ့ကို ထိုကိစ္စအား သေချာပေါက် ဖုံးကွယ်ထားလိမ့်မည် မဟုတ်ပေ။

ကျင့်ရှင်းကြွယ်က မိုဂူကျိ၏မျက်နှာအမူအယာ ပြောင်းသွားသည်ကို သတိပြုမိဟန် မပေါ်ပေ။ သူက ဆက်ပြောလိုက်သည်။

"အမှောင်ထုစည်းမျဉ်းကို ကျင့်ကြံတဲ့ဘိုးတော်က ဒီနေရာကို ထွက်ပြေးလာတယ်။ ဒီနေရာမှာ အမှောင်ထုစည်းမျဉ်းတွေ မရှိတာနဲ့ သူက လူသန်းပေါင်းများစွာကို ဖမ်းဆီးပြီး သူတို့ရဲ့ အသက်ဓာတ်တွေကို နှုတ်ယူပစ်လိုက်တယ်။ အားလုံးဟာ သူကျင့်ကြံဖို့ ယင်ရေကန်တစ်ကန်ကို တည်ဆောက်ဖို့အတွက်ပဲပေါ့။

နောက်ဆုံးတော့ အဲ့ဒီအောက်လမ်းကျင့်ကြံသူက အသတ်ခံလိုက်ရတယ်လို့ ပြောကြတာပဲ။ ဒါပေမဲ့ အားပြင်းလွန်းတဲ့ မရဏစွမ်းအားကြောင့် ဒီနေရာကို ဘယ်သူမှ

မလာနိုင်ကြဘူး။ လာတဲ့လူတိုင်း သေခြင်းတရားနဲ့ ရင်ဆိုင်လိုက်ရတာချည်းပဲ။ ငါ့မှာ ဆေးလုံးတွေ အများကြီးကျန်သေးပေမဲ့လည်း ငါ ကြာကြာ မတောင့်ခံနိုင်လောက်ဘူး။ အဲ့ဒါအပြင်ကို ငါတို့တွေ အပြင် ပြန်မထွက်နိုင်... ဟင်... ဂူကျိ... မင်းက ဘာလို့ အဆင်ပြေတဲ့ပုံစံ ပေါက်နေရတာလဲ”

မိုဂူကျိသည် ကျင့်ရှင်းကြွယ်၏ စကားများမှာ လုံးဝ အခြေအမြစ်မရှိသော စကားများဖြစ်မှန်း သေချာသည်။ ဤဇာတ်လမ်းသည် ပါဝင်ပတ်သက်ခဲ့သူများက ပြောပြခဲ့သည့်အရာ မဟုတ်ဘဲ အလုပ်မရှိ အကိုင်မရှိများက စိတ်ကူးယဉ် လုပ်ကြံပြောဆိုခဲ့သည့် အရာသာ ဖြစ်သည်။

အမှောင်ထုစည်းမျဉ်းသည် ကောင်းမွန်သော မိုးမြေစည်းမျဉ်းစစ်စစ်များထဲမှ တစ်ခုဖြစ်သည်။ ၎င်းသည် ယင်ရေကန်နှင့်လည်း ဆက်စပ်မှုမရှိသလို မရဏစွမ်းအား ကျင့်ကြံခြင်းနှင့်လည်း ဆက်စပ်မှု မရှိချေ။

အလင်းရှိလျှင် အမှောင် ရှိ၏။ ဤသည်မှာ တာအိုအစစ်ဖြစ်ပြီး ကမ္ဘာကြီး၏ ဖွဲ့စည်းပုံစနစ် ဖြစ်သည်။ ထိုစဉ်တုန်းက

ထိုအဆင့်မြင့် ကျင့်ကြံသူများက ထိုလူအား လိုက်လံဖမ်းဆီးရသည့် အကြောင်းအရင်းမှာ သူတို့က ထိုလူ၏ အမှောင်ထု စည်းမျဉ်းကျင့်စဉ်ကို လိုချင်သောကြောင့် ဖြစ်နိုင်သည်။

ပွင့်ပွင့်လင်းလင်းဆိုရလျှင် ထိုလုပ်ရပ်သည် အမှောင်ထုစည်းမျဉ်းကို ကျင့်ကြံခြင်းထက်ပင် ပို၍ ယုတ်မာအောက်တန်းကျလေသည်။

“မဟုတ်သေးဘူး။ ဘာဖြစ်လို့ ငါ ပျံလို့ ရနေသေးတယ်လို့ ခံစားနေရတာလဲ”

ဤစကားများကို သူ့ဘာသာသူ ရေရွတ်လိုက်ပြီးနောက် ကျင့်ရှင်းကြွယ်၏ ပုံရိပ်က ဖျက်ခနဲဖြစ်သွားကာ သူက အမှန်တကယ်ပင် ပျံသန်းလို့ ရနေလေသည်။ ဒဏ္ဍာရီအရဆိုလျှင် အရိုးဖြူကန်ထဲသို့ ဆင်းလို့သာရပြီး ထိုနေရာမှ ဘယ်နည်းနှင့်မျှ ပျံသန်းမတက်လာနိုင်ပေ။ ကြည့်ရသည်မှာ ထိုဒဏ္ဍာရီများမှာ အကုန် အမှားတွေချည်းသာ ဖြစ်ပေလိမ့်မည်။

မိုဝူကျို၏ ပုံရိပ်သည်လည်း ဖျက်ခနဲဖြစ်သွားကာ သူက အရိုးဖြူကန်၏ အစွန်း၌ ဆင်းသက်လိုက်သည်။

ချက်ချင်းပင် နတ်ဘုရားချောက်ကမ်းပါး ကုန်းမြေ၏ ကျိုန်စာမှော်အကွခရာများထဲတွင် သူ မြင်ခဲ့ရသည်များနှင့် တူညီသည့် မြင်ကွင်းက သူ့အား ဆီးကြိုနေလေ၏။ နေရာတစ်ခုလုံး အရိုးခြောက်ဖြူများနှင့် ပြည့်နေလေ၏။

မိုဝူကျိုနှင့် ကျင့်ရှင်းကြွယ်တို့သည် စောစောလေးကတင် အောက်ခြေမှ တက်လာခဲ့သည်ဖြစ်သော်လည်း အောက်သို့ ငုံ့ကြည့်လိုက်သည့်အချိန်တွင် သိပ်သည်းသော မြူခိုးများကိုသာ သူတို့မြင်နိုင်လေသည်။ အောက်ခြေအား လုံးဝမမြင်နိုင်တော့ချေ။

မိုဝူကျိုက မျက်မှောင်ကျုံ့လိုက်သည်။ သူနှင့် ကျင့်ရှင်းကြွယ်တို့ ပျံသန်းပြီး ထွက်လာခဲ့နိုင်သဖြင့် ဤသည်က အစီအရင်ပေါ်မှ မှော်အစီအရင်မှာ အချိန်နှင့်အမျှ အားနည်းလာကြောင်း ပြသနေသည်ဟု မိုဝူကျိုက တွေးလိုက်သည်။ အစီအရင်မှာ အားနည်းနေပြီဖြစ်လေရာ သူတို့က ပျံထွက်လာနိုင်ခဲ့သည်။ သို့သော် ဤသို့ တွေးမည်ဆိုပါကလည်း အရိုးဖြူကန်တစ်ခုလုံးကို တစ်ချက်ကြည့်ရုံဖြင့် သူတို့ မြင်နိုင်ရမည် ဖြစ်သည်။

“ဝုန်း… ဝုန်း”

နားကွဲမတတ် မြည်ဟည်းသံကြီးများကို ကြားလိုက်ရသည်။ ကျောင့်ရှင်းကြွယ်က ပုံသန်းရတနာတစ်ခုကို အမြန်ထုတ်ယူလိုက်ပြီး

"ဝူကျိ… လာမြန်မြန် သွားရအောင်။ ဒီနေရာက ပြာမှုန်တွေ ဖြစ်ကုန်တော့မယ်…"

ဤနေရာက ကျောင့်ရှင်းကြွယ် ပြောသည့်အတိုင်း ပြာမှုန်များ ဖြစ်သွား မသွားမှာ မသေချာသေးပေ။ သို့သော် မိုဝူကျိသည် တတ်နိုင်သမျှ မြန်မြန်ထွက်သွားဖို့ လိုမှန်းတော့ သေချာသိသည်။ သူ့ခြေဖဝါးအောက်မှ မြေကြီးသည် တသိမ့်သိမ့် တုန်ခါလာပြီး ပြိုလဲတော့မယောင် ဖြစ်နေသည်။

မိုဝူကျိကလည်း ပုံသန်းရတနာတစ်ခုကို ထုတ်ယူလိုက်သည်။ ကျောင့်ရှင်ကြွယ်နောက်မှ လိုက်ကာ သူက မြူခိုးတွေထဲ တိုးဝင်လိုက်သည်။

တစ်နေ့လုံး ပုံသန်းပြီးသည့်နောက်တွင်မှ သူတို့နှစ်ယောက်သား တောင်တန်းတစ်ခု၏ အစွန်အဖျားနားတွင် ဆင်းသက်လိုက်ကြသည်။

သူတို့၏ အကြည့်များ တောင်တန်းဆီသို့ ရောက်သွားသောအခါ ဝိုးတိုးဝါးတားပုံရိပ်များကိုသာ မြင်နိုင်လေသည်။ တောင်တန်းတစ်ခုလုံးမှာ မြူဆိုင်းနေလေ၏။

“ဝူကျိ… ဒါက အရိုးဖြူ တောင်တန်းပဲ။ ငါတို့ရောက်ခဲ့တဲ့ အရိုးဖြူကန်က အရိုးဖြူတောင်တန်းရဲ့ အနက်ဆုံး နေရာမှာ ရှိတာကွ။ အထဲမှာ နတ်ဝိညာဉ်စွမ်းအားလည်း မရှိသလို ဘာရတနာမှလည်း မရှိဘူး။ ဒါကြောင့် ဘယ်သူမှ ဒီကို လာလေ့မရှိကြဘူး။ ငါ အရိုးဖြူကန်ကို ဖြတ်ပြီး နတ်ဘုရားနယ်မြေဆီကို ပြန်ဖြစ်လိမ့်မယ်လို့ တကယ် မတွေးဖူးဘူးကွာ။ ငါ သူများတွေကိုသာ ဒီအကြောင်း ပြောပြရင် သူတို့ သေချာပေါက် ယုံမှာမဟုတ်ဘူး။ ကံပဲ…ကံပဲပေါ့ကွာ”

ကျင့်ရှင်းကြွယ်က မိုဝူကျိအား ရှင်းပြနေရင်း ကျိတ်ဝမ်းသာနေမိသည်။

မိုဝူကျိက အနည်းငယ် စိတ်ပူမိသည်။ ချိန်စုယင်က ပြန်ထွက်လာနိုင်ပါ့မလားကို သူ မသိပေ။

“ရှင်းကြွယ်… ခင်ဗျားဆီမှာ နတ်ဘုရားနယ်မြေရဲ့မြေပုံ ရှိလား”

မိုဝူကျိက သာမန်ကာလျှံကာ မေးလိုက်သည်။

“ရှိတယ်လေ”

ကျင့်ရှင်းကြွယ်က မိုဝူကျိဆီသို့ ကျောက်စိမ်းစာရွက်တစ်ခုကို အသာကမ်းလိုက်သည်။ ထို့နောက် သူက ဆက်ပြောလိုက်သည်။

“ငါတို့တွေ ငါ့ရဲ့ဝမ်ချွမ်းတာအိုကျောင်းနဲ့ သိပ်မဝေးတော့ဘူး။ မင်း ငါနဲ့အတူ လိုက်လာခဲ့ပါ့လား။ မင်းကို မြင်ရင် ဂျူနီယာညီမလေးချူယို့က အရမ်းဝမ်းသာသွားမှာ သေချာတယ်”

မိုဝူကျိက ခေါင်းခါကာ

“မလိုက်တော့ပါဘူးဗျာ။ ခင်ဗျား အရင် ပြန်ချင်ပြန်လေ”

ကျင့်ရှင်းကြွယ်က သူ့နဖူးကို သူရိုက်လိုက်ကာ

“အိုး… ငါ့နှယ့် အရူးပဲ။ မင်းကို နတ်ဘုရားဘုရင်တွေ အများကြီးက လိုက်ဖမ်းနေတာကို ငါ မေ့သွားတယ်ကွာ။ စိတ်ချနေ… ငါ မင်းအကြောင်း ဘာတစ်ခုမှ ထုတ်မပြောပြပါဘူး။ အော် ပြီးတော့… တကယ်လို့ ဂျူနီယာညီမလေးချူယို့ကို တွေ့ရင်ကော မင်းနဲ့တွေ့ခဲ့တယ်ဆိုတာ ငါ သူ့ကို ပြောပြလိုက်ရမလား”

မိုဝူကျိက သူ့နားထင်ကြောများကို ဖိနှိပ်လိုက်ကာ

"ကျုပ်နဲ့ ဂျူနီယာညီမချူယို့နဲ့က တကယ့်ကို ဘာပတ်သက်မှုမှ မရှိပါဘူးဆိုဗျာ။ မဟုတ်တာတွေ လျှောက်မပြောစမ်းပါနဲ့ဗျာ"

"အေးပါ အေးပါ... ငါသိပါပြီ။ ကဲ ဒါဆိုလည်း နှုတ်ဆက်ခဲ့ပါတယ်"

ကျင့်ရှင်းကြွယ်က ခပ်ဖွဖွရယ်ကာ သူ၏ ပျံသန်းရတနာဖြင့် စတင်ထွက်ခွာသွားလိုက်သည်။ တစ်ခဏချက်ချင်းပင် သူက မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။ သူက ဂိုဏ်းသို့ အသည်းအသန်ကို ပြန်ချင်နေလေသည်။ မိုဝူကျိဆီမှ မိုဝူကျိနှင့်ချူယို့တို့၏ ပတ်သက်မှုအကြောင်း စကားများကိုကား သူက တစ်ခုမျှ မယုံပေ။

မိုဝူကျိက ကျင့်ရှင်းကြွယ် ပေးသော ကျောက်စိမ်းစာရွက်ကို တစ်ချက်လောက် အကြမ်းဖျင်း ကြည့်ကြည့်လိုက်သည်။ သိပ်မကြာခင်၌ သူက တစ်နေရာရာတွင် အချိန်ကာလတစ်ခုလောက် နေပြီးမှ အရိုးဖြူတောင်တန်း၏ တောနက်ပိုင်းထဲသို့ ပြန်သွားရန် ဆုံးဖြတ်လိုက်သည်။

ဤကျင့်ရှင်းကြွယ်မှာ အင်မတန် စကားများသော်လည်း မိုဝူကျိက သူ့အား ငပေါတစ်ယောက်အဖြစ် သတ်မှတ်ဆက်ဆံမည် မဟုတ်ပေ။ သူ၏ စကားများကာ ဘွင်းဘွင်းရှင်းရှင်း ပြုမူပုံကိုသာ

မကြည့်လေနှင့်။ တကယ်တမ်းတွင် ဤငတိတွင် စဉ်းစားဉာဏ်ရှိသည်။ မိုဝူကျို ကြည့်ကြည့်ရသလောက် ပြောရမည်ဆိုပါက ကျင့်ရှင်းကြွယ်သည် မိုဝူကျိုက မိုးမြေမီးပြင်းဖိုအား သိမ်းလိုက်နိုင်သည်ကို သေချာပေါက် မသက်သာ ဖြစ်နေလေသည်။ သို့သော် ကျင့်ရှင်းကြွယ်က ထိုအချိန်မှစပြီး ထိုအကြောင်းကို တစ်ခွန်းမျှပင် မဟချေ။

သို့ပေသည့်တိုင် မိုဝူကျိုက ကျင့်ရှင်းကြွယ်မှာ ကောက်ကျစ်စဉ်းလဲသည့်သူဟု မယုံကြည်ပေ။ ကျင့်ရှင်းကြွယ်မှာ မိတ်ဆွေဖွဲ့ထိုက်သောသူတစ်ယောက် ဖြစ်သည်ဟု မိုဝူကျိုက ယုံကြည်သည်။ ထို့အပြင် ကျင့်ရှင်းကြွယ်က သူ၏ တည်နေရာအား လုံးဝမထုတ်ဖော်ဘူးဟု မိုဝူကျိုက ယုံသည်။ ထိုသို့ဆိုလျှင်ပင် ဂရုစိုက်သည်က ပိုကောင်းမည်ဟု မိုဝူကျိုက ဆုံးဖြတ်လိုက်ဆဲ ဖြစ်သည်။

အရိုးဖြူတောင်တန်း၏ အဝင်ဝနားတွင် သူက အဆင့် ၅ စောင့်ကြည့်ရေး အစီအရင်တစ်ခုကို ခင်းကျင်းလိုက်သည်။ ထို့နောက် သူက တိတ်တဆိတ် ထွက်သွားသည်။

နောက်တစ်ရက်နေသော် မိုဝူကျိုက သာမန်အဆင့် နတ်ဘုရားစွမ်းအား ရှိသည့် တောအုပ်ထူတစ်ခုဆီသို့ ရောက်ရှိသွားသည်။ ထိုနေရာတွင် သူက လုံလုံခြုံခြုံ ပုန်းအောင်းနိုင်မည့် နေရာတစ်ခု ရှာလိုက်သည်။

မိုဝူကျိုက တာ့ဟွမ်ကို သူ၏ စောင့်ကြည့်ရေးအစီအရင်အား စောင့်ကြည့်ခိုင်းထားပြီးနောက် ထာဝရကမ္ဘာငယ်ထဲသို့ ဝင်လိုက်သည်။ နောက်ဆုံးတွင် သူက မိုးမြေမီးပြင်းဖိုဆီသို့ ရောက်သွားသည်။

မိုဝူကျိုက မီးပြင်းဖိုအပေါ် မျှော်လင့်ချက် အကြီးကြီး ထားထားလေသည်။ ကျင့်ရှင်းကြွယ် ပြောပြသည်မှာ ဤအရာသည် အထွတ်အထိပ် ကောင်းချီးရတနာ တစ်ခု ဖြစ်ပေမည်။ မည်သို့သော အထွတ်အထိပ် ကောင်းချီးရတနာမျိုး ဖြစ်သည်ဆိုသည်ကိုကား ကျင့်ရှင်းကြွယ် ကိုယ်တိုင်ပင် သိပ်မရှင်းချေ။

သူ၏ လူသားကမ္ဘာအတွင်း၌ မိုးမြေမီးပြင်းဖိုသည် မီတာ ၃၀၀၀၀ မြင့်နေဆဲ ဖြစ်သည်။ လူသားကမ္ဘာ၏ မြေပြန့်များအတွင်း

ထိုအရာက မားမားမတ်မတ် ရပ်တည်နေလေရာ မီးပြင်းဖိုမှာ လူသားကမ္ဘာ၏ အလယ်ဗဟိုနှင့် တူနေလေသည်။

မိုဝူကျို၏ ပုံရိပ်က ဖျက်ခနဲဖြစ်သွားပြီး သူက မီးပြင်းဖို၏ ထိပ်ဝသို့ အလွယ်တကူပင် ရောက်ရှိသွားသည်။

ဆေးလုံးငွေ့က မိုးမြေမီးပြင်းဖိုအတွင်း၌ လှည့်ပတ်နေသည်။ မိုဝူကျိုက အသက်မျှင်မျှင်လေး ရှူလိုက်သည်။ ထို့နောက် သူ့ဝိညာဉ်တစ်ခုလုံးသည် လေထဲလွင့်နေသယောင် ခံစားလိုက်ရသည်။ ဤသည်မှာကား စကားလုံးများဖြင့် မဖော်ပြနိုင်သော ခံစားချက်မျိုး ဖြစ်လေသည်။

မိုဝူကျို၏ စိတ်စွမ်းအားက မီးပြင်းဖို၏ အတွင်းပိုင်းများကို စေ့စေ့စပ်စပ် ကြည့်ရှုလိုက်သည်။ သူက ပေါကြွယ်သော ဆေးလုံးငွေ့နှင့် သန့်စင်ပြီးသား မိုးမြေစည်းမျဉ်းများ၏ စွမ်းအားအမျိုးမျိုးကိုသာ အာရုံခံလို့ရသည်။ မီးပြင်းဖို၏ ထောင့်များအတွက်မူကား သူ၏စိတ်စွမ်းအားသည် ထိုနေရာများထိ အမှန်တကယ် မရောက်နိုင်ဘဲ ရှိနေလေသည်။

မီးပြင်းဖိုအစွန်းတွင် အသက်ရှူကျစ်စာ အနည်းငယ်မျှ မတ်တပ်ရပ်နေပြီးနောက် မိုဝူကျိက တုန့်နှေးမနေတော့ဘဲ ဆေးလုံးဖိုထဲသို့ ခုန်ချလိုက်လေ၏။

ဤနေရာကား သူ၏ လူသားကမ္ဘာဖြစ်သည်။ သူပိုင်သည့် လူသားကမ္ဘာထဲတွင် သူ့အသက်ကို သူ မကာကွယ်နိုင်ဘူးဆိုသည့်အဖြစ်အား သူမယုံပေ။

မီးပြင်းဖိုထဲကို သူ ဝင်လိုက်သည့်အခိုက် ဆေးလုံးငွေ့တို့က သူ့အား ဝန်းရံလာသည်။ ဤသည်မှာ ဆေးလုံးအဆိပ်များနှင့် အညစ်အကြေးများ ကင်းသော ဆေးလုံးငွေ့ပေတည်း။ သူ ဤအထဲ၌ ကျင့်ကြံမည်ဆိုပါက သူ၏ ကျင့်ကြံဆင့်သည် လျင်မြန်စွာ တိုးတက်လာလိမ့်မည်ဟူသည့် ခံစားချက်မျိုးကို မိုဝူကျိက ရရှိလိုက်သည်။

မိုဝူကျိက ကျင့်ကြံချင်သည့် သူ၏ စိတ်ဆန္ဒကို ထိန်းချုပ်လိုက်သည်။ ယခု သူလုပ်ရမည့်ကိစ္စမှာ မီးပြင်းဖိုကို သန့်စင်ရန် ဖြစ်သည်။

မီးပြင်းဖိုသည် အဆုံးအစမရှိ ကျယ်ပြောသော ကမ္ဘာတစ်ခုနှင့် တူသည်။ ဤမီးပြင်းဖိုအတွင်း၌ မိုဝူကျိသည်

ဖုန်လေးတစ်စက်နှင့်သာ တူနေသည်။ မီးပြင်းဖိုထဲတွင် မိုဝူကျိုက လေလွှတ်မြောက်ရေး နည်းစနစ်ကို သုံး၍ သွားလာလိုက်သည်။ အမွေးတိုင်တစ်တိုင်စာ ကြာပြီးသည့်အချိန်၌ မိုဝူကျိုက မီးပြင်းဖို၏ အလယ်တည့်တည့်ရှိ အစီအရင် မှော်အကွက်ရာဆီသို့ ရောက်ရှိသွားသည်။

မီးပြင်းဖို၏ ဗဟိုချက်ကို သူ ရှာမတွေ့ပေ။ တစ်ချိန်တည်းမှာပင် ဤမီးပြင်းဖိုအား သန့်စင်ဖို့ရာမှာ သိပ်မလွယ်လောက်ဘူး ဟူသည့် ခံစားချက်ရေးရေးလေးကို သူက ရရှိလိုက်သည်။ ဤဆေးလုံးမီးပြင်းဖိုအား သူ၏ ထာဝရကမ္ဘာငယ်ထဲသို့ ပို့လို့ရနိုင်သည့် အကြောင်းအရင်းမှာ ဤဆေးလုံးမီးပြင်းဖိုတွင် ဝိညာဉ်တစ်ခု ရှိနေ၍ ဖြစ်မည်။ ထိုဝိညာဉ်က ဤကမ္ဘာ၏ ပြီးပြည့်စုံသည့် စည်းမျဉ်းများကို အာရုံခံမိသောကြောင့် သူ့သဘောနှင့်သူ ဝင်လာခဲ့ခြင်း ဖြစ်မည်။

ဤအစီအရင်မှော်အကွက်ရာ ပတ်ပတ်လည်တွင် ခြောက်ကပ်နေသော အလောင်းများစွာကို တွေ့လိုက်ရခြင်းက မိုဝူကျို၏ ဦးခေါင်းအား ထုံသွားစေလေ၏။ အတွင်းပိုင်းအာကာပြင်

စည်းမျဉ်းများ ပျက်စီးနေသော သိုလှောင်လက်စွပ်များပင် ရှိနေလေသည်။

ဤသည်က မိုးမြေမီးပြင်းဖိုသည် နတ်ဆေးဖက်ဝင် အပင်များကိုသာ မစုပ်ယူကြောင်း ဖော်ပြနေသည်။ ထိုဖိုသည် ကျင့်ကြံသူများကိုပါ စုပ်ယူနိုင်ပြီး သူတို့၏ ဝိညာဉ်စွမ်းအားကိုပါ ဆွဲထုတ်ယူနိုင်လေသည်။ ထို့နောက် အလောင်းများနှင့် အကြွင်းအကျန်များ အားလုံးကို ထုတ်ပစ်ထားလေသည်။

အချိန်တချို့ကြာပြီးနောက် မိုဝူကျိက တဖြည်းဖြည်း ပြန်လည် စိတ်တည်ငြိမ်သွားကာ အဖြစ်မှန်ကို လက်ခံလိုက်၏။ မိုးမြေမီးပြင်းဖိုသည်ကား ဝိညာဉ်စွမ်းအား ပါနေသည့် မည်သည့်အရာကိုမဆို သန့်စင်နိုင်ချေ ရှိလေသည်။

## အခန်း(၁၀၃၁) : ဆေးလုံးသန့်စင်ခြင်း

မိုဝူကျိတွင် မီးပြင်းဖိုအတွင်း၌ ကျင့်ကြံချင်စိတ် ရှိနေဆဲဖြစ်သော်လည်း အလောင်းအရေအတွက်နှင့်တင် သူက

အနည်းငယ် မသိုးမသန့် ခံစားနေရသည်။ မိုးမြေမီးပြင်းဖိုသည် ကျင့်ကြံသူများ၏ ဝိညာဉ်စွမ်းအားကိုသာ စုပ်ယူမှန်း သူသိသော်လည်း သူက မသက်မသာ ခံစားမိဆဲ ဖြစ်သည်။ သူက သိုလှောင်လက်စွပ်တစ်ကွင်းကို အသာထုတ်ယူပြီး ထိုရှုပ်ပွနေသည့် အမှိုက်များကို လက်စွပ်ထဲ ပို့လိုက်၏။ သူ လူသားကမ္ဘာက ထွက်သွားသည်နှင့် ဤလက်စွပ်ကို လွှင့်ပစ်လိုက်မည် ဖြစ်သည်။

ထို့နောက်တွင်ကား မိုဝူကျိုက တခြားအစီအရင်တစ်ခုတွင် များစွာသော ဆေးဖက်ဝင်အပင်များ၏ အညစ်အကြေးများကို ရှာတွေ့သည်။ ဖြစ်နိုင်သည်မှာ မီးပြင်းဖိုက ထိုအမှိုက်သရိုက်များကို လွှင့်ထုတ်ပစ်ခွင့် မရခဲ့ဟန်တူသည်။

ဆေးလုံးမီးပြင်းဖို တစ်ခုလုံးအား သန့်ရှင်းပြီးသွားသည့်နောက် မိုဝူကျိုက ထိပ်တန်းအဆင့်ဟု ဆိုရမည့် နတ်ဝိညာဉ်သွေးကြော ၂ ခုကို ဆွဲထည့်လိုက်ပြီး ကျင့်ကြံဖို့ ပြင်ဆင်လိုက်သည်။

ဆေးလုံးမီးပြင်းဖို အတွင်းရှိ ဆေးလုံးငွေ့မှာ အညစ်အကြေးများ ကင်းစင်နေသည်။ မီးပြင်းဖိုသည် မိုးမြေစည်းမျဉ်းများကိုပင် ဆေးလုံးငွေ့အဖြစ် ပေါင်းစပ်ပစ်နိုင်သည်။ ဤကဲ့သို့

ပတ်ဝန်းကျင်အနေအထားမျိုးတွင် ကျင့်ကြံဖို့ရာမှာ အိမ်မက်သာမက်လို့ရခဲ့သည်။

ကျင့်ရှင်းကြွယ် ပြောသည်မှာ မှန်၏။ ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးများနှင့် ပြည့်နေသည့် ထိုကန်မှာ တကယ့် ပစ္စည်းကောင်းပင်တည်း။ ထိုဆေးလုံးများကို သူ မရရှိနိုင်လိုက်သော်လည်း မိုးမြေမီးပြင်းဖိုကို ရရှိနိုင်လိုက်သည်ကတင် တော်တော် ကံကောင်းနေလေသည်။ နှိုင်းယှဉ်ကြည့်ပါက သူရရှိလိုက်သည်က ပို၍ပင် တန်ဖိုးမြင့်နေလေသည်။

ချီသွေးကြော ၁၀၈ ခုတို့က တစ်ပြိုင်နက်တည်း ပြောင်းပြန်လှည့်ပတ်လိုက်ကြသည်။ ဝိညာဉ်သွေးကြောများဆီမှ နတ်ဝိညာဉ်စွမ်းအားနှင့် အဆုံးအစမရှိ ပေါ်ကြွယ်လှသော ဆေးလုံးငွေ့တို့သည် ပေါင်းစပ်သွားကြပြီး မိုဝူကျို၏ ပတ်ပတ်လည်တွင် ကြီးမားသော ဝဲကတော့တစ်ခု ဖြစ်ပေါ်လာသည်။

မိုဝူကျိုက သူ့မျက်စိရှေ့တွင် မတူညီသော မိုးမြေစည်းမျဉ်းတို့ ပြောင်းလဲနေခြင်းကိုကော စည်းမျဉ်းအမျိုးမျိုး၏ တစ်စတစ်စ

ပြောင်းလဲတိုးတက်လာခြင်းကိုပါ ရှင်းရှင်းလင်းလင်း အာရုံခံနိုင်သည်။ မီးပြင်းဖိုအတွင်း၌ သူ့အား အသိဉာဏ်ပွင့်မှု ရယူနိုင်ရန် လက်တစ်စုံက စည်းမျဉ်းများကို အဆက်မပြတ် ပုံသွင်းပြနေသကဲ့သို့ ခံစားလိုက်ရသည်။

ဤကဲ့သို့ စုစည်းပျစ်နှစ်နေသည့် စည်းမျဉ်းနှင့်ပြည့်နေသည့် ဆေးလုံးငွေ့အတွင်း၌ မိုဝူကျို၏ ကျင့်ကြံဆင့်မှာ လျင်မြန်စွာ တိုးတက်လာသည်။ သူ၏ စိတ်စွမ်းအားမှာလည်း စကြဝဠာစည်းမျဉ်းများ၏ အသန့်စင်ခြင်းကို ခံရသဖြင့် ပိုမိုနက်နဲသိမ်မွေ့လာလေသည်။

သူ၏ ချီသွေးကြောများ ချဲ့နေသည့် အသံတိုးတိုးကို မိုဝူကျို၏ ခန္ဓာကိုယ် ပတ်ပတ်လည်တွင် အဆက်မပြတ် ကြားနေရလေသည်။ မည်သည့်အတားအဆီးမျှ မရှိဘဲ မိုဝူကျိုက ကောင်းကင်နတ်ဘုရားအဆင့် ၃ သို့ တက်လှမ်းသွားသည်။

သူ ကောင်းကင်နတ်ဘုရားအဆင့် ၃ သို့ တက်လှမ်းလိုက်သည့်အခိုက် သူက သူ၏ လက်ချောင်းကို ရုတ်တရက် ရှေ့သို့ ထိုးချလိုက်သည်။

သူက မီးပြင်းဖိုအတွင်း၌ ရှိနေသော်လည်း သူ၏ လက်ချောင်း ဖြတ်သွားသည့် အာကာပြင်နေရာကို ကြည့်ရသည်မှာ အရည်ပျော်နေသည့်အိုးတစ်လုံး ဖြစ်လာပုံ ပေါ်နေလေသည်။ ထိုအရည်ပျော်နေသော အိုးအတွင်းရှိ အရာအားလုံးမှာ စတင် အရည်ပျော်စပြုလာကာ အဆုံးအစမဲ့သော လောကကံကြမ္မာထဲတွင် ပျောက်ကွယ်သွားလေ၏။

သူ ကောင်းကင်နတ်ဘုရား အဆင့် ၃ သို့ တက်လှမ်းသွားသည့်အခိုက် တစ်ပြိုင်နက်တည်း သူက သူ၏ ခုနစ်လောကနိမ်နင်းရေးတိုက်ကွက်၏ တတိယမြောက် လက်ချောင်းတိုက်ကွက်ဖြစ်သည့် ကံကြမ္မာတိုက်ကွက်အပေါ် အသိဉာဏ်ပွင့်မှု ရရှိလိုက်လေ၏။

ကောင်းကင်နတ်ဘုရား အဆင့် ၃ သို့ ရောက်ရှိသွားပြီးသည့်နောက်တွင် မိုဝူကျိသည် ဤဆေးလုံးငွေ့၏ အသုံးဝင်မှုကို ပိုမိုသတိထားမိသွားကာ သူက ပို၍အင်တိုက်အားတိုက် စတင်ကျင့်ကြံလေတော့သည်။

မီးပြင်းဖိုအတွင်းရှိ ဆေးလုံးငွေ့မှာ အဆင်းမရှိသည့် ရေသန့်ရေကြည်နှင့် တူ၏။ မိုဝူကျိ၏ ချီသွေးကြောများထဲသို့

စုပ်ယူခြင်း ခံလိုက်ရပြီးနောက် ဆေးလုံးငွေ့က မိုဝူကျို၏ ကိုယ်ထဲမှ မကောင်းသည့် အညစ်အကြေးများကို ဆေးကြောသန့်စင်ပေးသည်။ နတ်ဝိညာဉ်သွေးကြော၏ ဝိညာဉ်စွမ်းအားနှင့် ပေါင်းလိုက်သောအခါတွင်ကား မိုဝူကျို၏ ကျင့်ကြံဆင့်မှာ တရှိန်ထိုး ဆက်လက်တိုးတက်လာလေ၏။

အမျိုးမျိုးသော စည်းမျဉ်းများက မိုဝူကျို၏ တာအိုစိတ်စွမ်းအားအတွင်း၌ ရောထွေးလိမ်ယှက်ကာ ရွေ့လျားနေကြသည်။ တစ်ချိန်တည်းမှာပင် မိုဝူကျိုက သူ၏ အမျိုးမျိုးသော လျို့ဝှက်ပညာရပ်များအပေါ်တွင် အသိဥာဏ်ပွင့်မှုကို ရရှိစပြုလာလေသည်။ အချိန်ကာလမည်မျှ ကြာသွားမှန်းမသိအောင်ထိ ကျင့်ကြံလိုက်ပြီးနောက် မိုဝူကျိုသည် သူ၏ချီသွေးကြောများအတွင်း၌ တံတားတစ်ခုအဖြစ် ဖွဲ့စည်းဖြစ်တည်လာသော အဆုံးမဲ့သဘာဝစွမ်းအားများကို ရုတ်တရက်ကြီး ခံစားမိလိုက်သည်။ ဤတံတား ဖြစ်တည်လာသည့်အခိုက် နှောင်ကြိုးတစ်မျှင်က ပြတ်သွားလေသည်။

အားကောင်းသော နတ်သဘာဝစွမ်းအားက သူ့တစ်ကိုယ်လုံး အပြည့်ဖြစ်သွားသည်။ ဤအခိုက်အတန့်တွင် မိုဝူကျိသည် ကောင်းကင်သို့ တရှိန်ထိုး ပျံတက်သွားကာ အော်ဟစ်န်းလိုက်ချင်မိသည်။ သူ၏ ကျင့်ကြံဆင့်သည် နောက်ထပ်နှောင်ကြိုးတစ်ကြိုးကို ဖြတ်တောက်ပြီးသွားလေပြီ။ ဆိုလိုသည်မှာ သူက ကောင်းကင်နတ်ဘုရား အဆင့် ၄ သို့ ရောက်ရှိသွားလေပြီ။

လျို့ဝှက်ပညာရပ် စည်းမျဉ်းအသစ်တို့က မိုဝူကျိ၏ စိတ်ထဲတွင် တဖြည်းဖြည်းနှင့် ပိုမိုသိသာရှင်းလင်းစပြုလာ၏။ မိုဝူူကျိက ရုတ်တရက် မရေတွက်နိုင်သော လက်သင်္ကေတများကို စတင်ပုံဖော်လိုက်သည်။ မဆုံးနိုင်သော လက်သင်္ကေတများ ပုံပေါ်လာသည်။ အားပြင်းသော မုန်တိုင်းများနှင့် တလိပ်လိပ်ထနေသော လေလှိုင်းများက သိသိသာသာ တိုက်ခတ်နေသည်။ သို့ထိတိုင် လက်သင်္ကေတများ၏ အဆုံးတွင်ကား ထိုအရာအားလုံးသည် လေပြေလေညင်းများနှင့် မိုးဖွဲဖွဲလေးများအဖြစ်သို့ ပြောင်းလဲသွားပြီးနောက် နောက်ဆုံးတွင် အစအနမကျန် ပျောက်သွားလေသည်။

မိုဝူကျိုက လျို့ဝှက်ပညာရပ် အသစ်တစ်ခုကို သူနားလည်သဘောပေါက်လိုက်မှန်း သိလိုက်သည်။ သို့သော် ဤလျို့ဝှက်ပညာရပ်အတွက် လက်သင်္ကေတများကို တစ်ခေါက်ပြန်ပုံဖော်လိုက်သောအခါတွင်ကား သူက အနည်းငယ်အံ့သြမှင်သက်သွား၏။

ဤသည်မှာ ဆေးလုံးတာအို လျို့ဝှက်ပညာရပ်တစ်ခုဖြစ်နေလေသည်။ မိုဝူကျို ကျင့်ကြံခြင်းကို စတင်ပါပြီဆိုကတည်းက သူက အမျိုးအစားမတူကွဲပြားသော လျို့ဝှက်ပညာရပ်များကို လေ့လာခဲ့ဖူးသည်။ သူ့ူ၏ အင်မော်တယ်မော်တယ် ကျင့်စဉ်ကြောင့် သူ၏ ဆေးလုံးတာအိုသည် သူမတူသည့် အရှိန်ဖြင့် တိုးတက်လာခဲ့သည်။ သို့သော် ဆေးလုံးတာအိုအတွက် လျို့ဝှက်ပညာရပ်တစ်ခု အမှန်တကယ်ကြီး ရှိနေသည်လော။ သူ၏ဆေးလုံးတာအိုတွင် သူ၏ လက်ဟာန်နည်းစနစ် နှင့် ဆေးလုံးအမျိုးမျိုးကို ဖော်စပ်ရာတွင် သူ၏နားလည်သဘောပေါက်ခြင်းအား မည်သို့တိုးတက်အောင် လုပ်ရမည်နည်းကိုသာ သူက သိခဲ့သည်။

သို့သော် ယနေ့တွင် သူက ဆေးလုံးတာအိုလျို့ဝှက်ပညာရပ်တစ်ခုကို အသိဉာဏ်ပွင့်မှု ရရှိလိုက်လေပြီ။

ဤလျို့ဝှက်ပညာရပ်တွင် မည်သည့်တိုက်ခိုက်စွမ်းအားမျှ မပါရှိသော်လည်း ၎င်းက သူဖော်စပ်လိုက်သည့် ဆေးလုံးများဆီမှ ဆေးလုံးအဆိပ်ကို ဖယ်ရှားပေးနိုင်သည်။ တစ်ချိန်တည်းမှာပင် ၎င်းက သူ့ကိုယ်ပိုင်စည်းမျဥ်းများကို ဆေးလုံးများထဲသို့ ပေါင်းစပ်ပေးကာ အသန့်စင်ဆုံးသော စည်းမျဥ်းဆေးလုံးများကို ဖြစ်ပေါ်လာစေလိမ့်မည်။

အသက်ရှုက်စာ အနည်းငယ်အတွင်း မိုဝူကျိုက အံ့မြှုးစပြုလာလေသည်။ ဤလျို့ဝှက်ပညာရပ်သည် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးမြင့်သည်မှာ မလွဲကေန်ပင်။ ၎င်းသည်ကား ရိုးရှင်းလွယ်ကူအောင် လုပ်ထားသော မိုးမြေမီးပြင်းဖိုပုံစံနှင့် တူညီနေလေ၏။

ဆေးလုံးများသည် ကျင့်ကြံရေးကို ကူညီထောက်ပံ့ရန် အကောင်းဆုံးသော နံပတ်တစ်နည်းလမ်း ဖြစ်သည်။ သို့သော် လက်တွေ့၌ အချမ်းသာဆုံးသူများပင်လျှင် သူတို့၏

ကျင့်ကြံဆင့်ကို တိုးမြှင့်ရန်အတွက် ဆေးလုံးများကို ထမင်းစားသကဲ့သို့ မစားရဲကြပေ။

အဓိကအကြောင်းအရင်းမှာ ဆေးလုံးအဆိပ်ကြောင့် ဖြစ်သည်။ ဆေးလုံးအဆိပ်အပြင် တခြားအကြောင်းအရင်းတစ်ခုသည်ကား ဆေးလုံးများမှတဆင့် ကျင့်ကြံဆင့်ကို အလျင်အမြန် မြှင့်တင်ထားသော ကျင့်ကြံသူများသည် တိုက်ခိုက်ရာတွင် ပို၍အားနည်းလိမ့်မည် ဖြစ်သောကြောင့်ပင်တည်း။

အကယ်၍ ဆေးလုံးများမှ ဆေးလုံးအဆိပ်ကိုသာ ဖယ်ရှားနိုင်ပါက ထိုကဲ့သို့သော ဆေးလုံးမျိုးကို ဖော်စပ်နိုင်သည့် ဆေးလုံးဖော်သူမှာ စကြဝဠာတစ်ခုလုံးက ငမ်းငမ်းတက် ဖိတ်ခေါ်ချင်သည့် ဆေးလုံးဖော်သူတစ်ယောက် သေချာပေါက် ဖြစ်လာပေလိမ့်မည်။

မိုဝူကျိုက အသက်ပြင်းပြင်း ရှူလိုက်ပြီး ဆေးလုံးတာအိုလျို့ဝှက်ပညာရပ်အတွက် လက်ဟန်များကို နောက်တစ်ကြိမ် ထပ်မံလေ့ကျင့်လိုက်၏။ ထိုသို့လုပ်ပြီးမှသာ သူ့ဘာသာသူ တီးတိုးရေရွတ်လိုက်သည်။

“ဒီလျို့ဝှက်ပညာရပ်ကို ဆေးလုံးသန့်စင်ခြင်းလို့ ခေါ်မယ်”

ဤအခိုက်အတန့်၌ မိုဝူကျိုက သဘောပေါက်သွားသည်။ ဤစည်းမျဉ်းများနှင့်ပြည့်နေသည့် ဆေးလုံးငွေ့အတွင်း၌ သူ ကျင့်ကြံသည့်အခါ ကျင့်ကြံရေးတွင် တစ်ဆင့်တက်တိုင်း သူက လျို့ဝှက်ပညာရပ်တစ်ခုပေါ်တွင် အသိဉာဏ်ပွင့်မှု တစ်ခါရရှိလေသည်။ သူ ကောင်းကင်နတ်ဘုရားအဆင့် ၂ မှ အဆင့် ၃ သို့ တက်သွားသည့်အချိန်တွင် သတ္တကမ္ဘာလက်ချောင်း၏ တတိယမြောက် လက်ချောင်းတိုက်ကွက်ဖြစ်သည့် ကံကြမ္မာတိုက်ကွက်ကို သူက နားလည်သွားသည်။ သူ အဆင့် ၃ မှ အဆင့် ၄ သို့ တက်သွားသည့်အချိန်တွင် သူက ဆေးလုံးတာအို လျို့ဝှက်ပညာရပ်ဖြစ်သည့် ဆေးလုံးသန့်စင်ခြင်းအပေါ် အသိဉာဏ်ပွင့်မှုကို ရရှိလိုက်သည်။

သူက ဆေးလုံးသန့်စင်ခြင်းအပေါ် အသိဉာဏ်ပွင့်မှုကို ရရှိနိုင်လိုက်သည့် အကြောင်းရင်းကိုလည်း မိုဝူကျိုက ကောင်းကောင်းနားလည်သည်။ သူ၏ တာအိုဖွင့်ဆေးလုံးကြောင့် ဖြစ်သည့်အပြင် သူက မိုးမြေမီးပြင်းဖို၏ အထဲတွင် ရှိနေသောကြောင့်လည်း ပါပေသည်။ မီးပြင်းဖိုအတွင်းရှိ ဆေးလုံးငွေ့သည် ဆေးလုံးအဆိပ် မပြောနှင့်

အညစ်အကြေးများပင် မရှိချေ။ အကယ်၍ လေထုထဲတွင် အညစ်အကြေးတစ်စုံတစ်ရာ ရှိနေပါက ထိုအရာမှာ သူ ထည့်ထားသော ထိပ်တန်းအဆင့် နတ်ဝိညာဉ်သွေးကြောများဆီမှ လာခြင်းသာ ဖြစ်ရမည်။

မီးပြင်းဖိုအတွင်းရှိ သန့်စင်သော ဆေးလုံးငွေ့ကြောင့် သူက မီးပြင်းဖိုပိုင် နည်းလမ်းများထဲမှ တစ်ခုအပေါ် အသိဉာဏ်ပွင့်မှုကို ရရှိသွားလေသည်။ ဤသည်ကား ဆေးလုံးအဆိပ်မပါသည့် ဆေးလုံးဖော်စပ်နည်းပင်တည်း။

မီးပြင်းဖိုအတွင်းရှိ ဆေးလုံးငွေ့မှာ အလွန်ပျစ်နှစ်သိပ်သည်းနေသေးမှန်း အာရုံခံမိသဖြင့် မိုဝူကျိုက သူကောင်းကင်နတ်ဘုရား အဆင့် ၅ သို့ တက်လှမ်းသည့်အချိန်တွင် မည်သည့် လျို့ဝှက်ပညာရပ်အသစ်ကိုများ သင်ယူတတ်မြောက်လိမ့်မည်နည်းအား ဆက်လက်မြင်ချင်မိသည်။

မိုဝူကျိုက ကျင့်ကြံရန် အသင့်ပြင်နေစဉ်၌ တဲ့ဟွမ်က အမှာစကား လှမ်းပို့လိုက်လေ၏။

မိုဝူကျိသည် ချက်ချင်းပဲ မီးပြင်းဖိုထဲမှ ထွက်လာလိုက်ပြီး တာ့ဟွမ်ဘေးတွင် ဆင်းသက်လိုက်သည်။

"တာ့ဟွမ်… တစ်ခုခု ရှာတွေ့လို့လား"

တာ့ဟွမ်က စောင့်ကြည့်ရေးအစီအရင်ကို လက်ညှိုးထိုးပြကာ ပြောလိုက်သည်။

"ခုနလေးတင် လူနှစ်ယောက် ဝင်သွားတာကို ကျွန်တော် တွေ့လိုက်တယ်။ သူတို့ထဲက တစ်ယောက်ကို ကြည့်ရတာ တခြားတစ်ယောက်ရဲ့ ထိန်းချုပ်တာကို ခံထားရပုံပဲ"

"ငါ ဘယ်လောက်ကြာကြာ ကျင့်ကြံလိုက်တာလဲ"

"၇ လပါ"

"ငါ သိပြီ"

မိုဝူကျိက လူသားကမ္ဘာထဲမှ အလောတကြီး ထွက်သွားလိုက်သည်။ တစ်ချိန်တည်းမှာပင် သူက ကူးပြောင်းအစီအရင်တစ်ခုကို နှိုးဆွလိုက်သည်။

အရိုးဖြူတောင်တန်းမှ ဉာဏ်နေရာသို့ ရောက်ရန် အချိန်တစ်ရက် ပေးရသည်။ သို့သော် အရိုးဖြူတောင်တန်းမှ မထွက်ခွာခင် သူက

ကူးပြောင်းအစီအရင် မော်အက္ခရာတစ်ခုကို ထိုနေရာ၌ ရေးဆွဲထားခဲ့သည်ဖြစ်ရာ ထိုနေရာသို့ ပြန်ရန် အသက်ရှူကိုစာ အနည်းငယ်သာ လိုအပ်လေ၏။

အရိုးဖြူတောင်တန်း၏ အဝင်ဝနားသို့ သူ ဆင်းသက်လိုက်သည့်အခိုက် မိုဝူကျိုက ထောင်ချောက် အစီအရင်တစ်ခုကို စတင်ခင်းကျင်းလိုက်သည်။

ကောင်းကင်နတ်ဘုရားအဆင့် ၄ တွင်ရှိနေသည့် သူ၏ လက်ရှိကျင့်ကြံဆင့်နှင့် အသေးစားထောင်ချောက်အစီအရင်ကို ရေးဆွဲရန် အချိန် ၂ နာရီသာ လိုအပ်တော့သည်။

ထောင်ချောက်အစီအရင်ကို ခင်းကျင်းပြီးနောက် မိုဝူကျိုက တုန့်ဆိုင်းမနေဘဲ အရိုးဖြူတောင်တန်း၏ တောနက်ပိုင်းထဲသို့ ပြေးဝင်သွားလိုက်သည်။

လေလုံသည့် နံရံဟူ၍ မရှိကြောင်း သူက သေချာသိသည်။ ဤနေရာမှ လူများသည် ရိုးရိုးတန်းတန်း ထွက်ပြေးနိုင်ခဲ့ရုံတင်မကဘဲ များစွာသော ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးများနှင့်ပင် ထွက်ပြေးနိုင်ခဲ့သဖြင့် တစ်နေ့နေ့တွင် ဤနေရာကို တစ်ယောက်ယောက်က လာရှာလိမ့်မည်ဟု

မိုဝူကျိုက ခန့်မှန်းမိသည်။ ကြည့်ရသည်မှာ တကယ်ပင် တစ်စုံတစ်ယောက်က ဤနေရာကို ရှာတွေ့သွားလေပြီ။

ထိုလူက ဤနေရာသို့ ရောက်လာနိုင်သဖြင့် ထိုလူ့ဆီတွင် ထိုသတင်း၏ အရင်းအမြစ် ရှိကို ရှိရမည်။

**ထိုသတင်းဇာစ်မြစ်က မိုဝူကျို အလေးထားသော အရာပေတည်း။**

မိုဝူကျိုက လေလွတ်မြောက်ရေး နည်းစနစ်ကို ထုတ်သုံးလိုက်သည်။ လေရွေ့ပြောင်းစွမ်းရည် တစ်ခုပြီးတစ်ခုဖြင့် သူက နေ့တစ်ဝက် ကြာမှသာ ရပ်လိုက်လေ၏။

သူ၏ စိတ်စွမ်းအားအတွင်း၌ သူက အမျိုးသားကျင့်ကြံသူနှစ်ယောက်ကို တွေ့လိုက်သည်။ တစ်ယောက်မှာ မုတ်ဆိတ်မွေးအကြီးကြီးနှင့် အင်မတန်အရုပ်ပုသည်။ သူ့မျက်လုံးကို ကြည့်ရသည်မှာ အင်မတန် ရက်စက်ပုံ ပေါ်သည်။ မိုဝူကျိုအား အနည်းငယ် စိုးရိမ်သွားစေသည်မှာ ဤဂျပုသည် နတ်ဘုရားအုပ်စိုးသူ ပြီးပြည့်စုံခြင်းအဆင့်တွင် ရောက်နေပြီ ဖြစ်သောကြောင့် ဖြစ်သည်။ သူက လောကနတ်ဘုရားအဆင့်သို့ ဝင်ရန် ခြေတစ်လှမ်းသာ လိုတော့သည်။

တခြားတစ်ယောက်ကမူ မိုဝူကျိအား အံ့သြသွားစေသည်။ အကြောင်းမှာ ထိုလူ့အား မိုဝူကျိ သိသောကြောင့် ဖြစ်သည်။ ထိုလူကား ကွမ်ကျင်း ဖြစ်နေ၏။

ကွမ်ကျင်းသည် အင်မော်တယ် ကေရာဇ်အဆင့်တွင် ရှိနေဆဲ ဖြစ်သည်။ ထို့အပြင် ကွမ်ကျင်းအား အင်မော်တယ်ကေရာဇ်အဆင့်သို့ တက်လှမ်းနိုင်ရန် အစစ်အမှန် ကေရာဇ်ဆေးလုံး ပေးခဲ့သည့်သူမှာ မိုဝူကျိ ဖြစ်၏။။ တစ်ခုရှိသည်မှာ ကွမ်ကျင်းသည် အလွန်တရာ အရှက်မရှိချေ။ သူ၏ ကေရာဇ်အစစ်ဆေးလုံးကို သုံးပြီး အင်မော်တယ်ကေရာဇ်အဆင့်သို့ တက်လှမ်းပြီးသည့်နောက်တွင် သူအကူအညီတောင်းသည့်အချိန်၌ ကွမ်ကျင်းက မကူညီခဲ့ပေ။ မကူညီရုံတင်မကဘဲ ကွမ်ကျင်းက ထိုအခွင့်အရေးကို အသုံးချပြီး သူ့ဆီမှ အစိမ်းရောင်ကျောက်များကို တောင်းချင်ခဲ့သေးသည်။

ထိုအင်မော်တယ်ကေရာဇ်များ

သူ့ဆီရောက်လာသည့်အချိန်တွင်ကား ကွမ်ကျင်းသည် တစ်ချက်ကလေးပင် မတိုက်ခိုက်ဘဲ ထွက်ပြေးသွားခဲ့သည်။ ကံကောင်းထောက်မစွာ မိုဝူကျိက ပြင်ဆင်မှုများ

လုပ်ထားပြီးသားဖြစ်ခဲ့၏။ ကွမ်ကျင်းက သူ့အား နည်းနည်းလေးသာ ကူညီလိုက်မည်ဆိုပါက ထိုအင်မော်တယ်ကေရာဇ်များ၏ လက်ထဲတွင် သူ သေလိမ့်မည် မဟုတ်ပေ။ နောက်ဆုံး၌ သူက ကောင်းကင်ဘုံအလွန်၏ အတွင်းပိုင်းထဲထိ မတတ်သာဘဲ ထွက်ပြေးခဲ့ရကာ နှစ်ပေါင်းများစွာ ပုန်းအောင်းကျင့်ကြံပြီးမှသာ တစ်ဖန် လူလုံး ပြန်ထွက်ပြနိုင်ခဲ့သည်။

ဤအခိုက်အတန့်၌ ကွမ်ကျင်းမှာ အခြေအနေမကောင်းမှန်း သိသာလှ၏။ ဖြစ်နိုင်သည်မှာ ကွမ်ကျင်းသည် ထိုဂျပု၏ ထိန်းချုပ်ခြင်းကို ခံနေရသည် ဖြစ်မည်။

ကြည့်ရသည်မှာ ကွမ်ကျင်းသည်လည်း စကြဝဠာနံရံမှ လာခဲ့ပုံဖြစ်ရမည်။ မိုဝူကျိက အရိုးဖြူကန်ရှိခဲ့ဖူးသည့် ယခင်နေရာအား လှည့်ကြည့်လိုက်သည်။ ဤအခိုက်အတန့်၌ ထိုနေရာမှာ တကယ် ပျောက်ကွယ်နေလေသည်။

ထိုဂျပုသည် မိုးမြေမီးပြင်းဖို အတွက်ကြောင့်သော်လည်းကောင်း ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံး အတွက်ကြောင့်သော်လည်းကောင်း ဤနေရာသို့ လာရန်

ကွမ်ကျင်းအား အတင်းအကျပ်ဖိအားပေးနေသည် ဖြစ်ရမည်။ သို့သော် ဤနေရာသို့ ရောက်ပြီးသည့်အချိန်တွင် ကွမ်ကျင်းက အရိုးဖြူကန်၏တည်နေရာကို မရှာနိုင်ဘဲ ဖြစ်နေသည်။

ကွမ်ကျင်းသည် မိုဝူကျို၏ မေးခွန်းမေးရန် ပစ်မှတ်ထားထားသည့်သူ တစ်ယောက်လည်း ဖြစ်နေသည်။ ကွမ်ကျင်းက စုယင်နှင့်အတူ လာခဲ့သည်။ သူက စုယင်၏ လက်ရှိတည်နေရာကို သိကောင်းသိပေလိမ့်မည်။

မိုဝူကျိုက ထိုဂျပုအား သတိပြုမိသည့်အချိန်၌ ထိုဂျပုကလည်း မိုဝူကျိုအား သတိပြုမိသွားသည်။

ထိုဂျပုက စကားတစ်ခွန်းပင် မပြောချေ။ သူက ကွမ်ကျင်းအား ချုပ်ကိုင်လိုက်ကာ သူ၏ပုံရိပ်မှာ ဖျက်ခနဲဖြစ်သွားပြီးနောက် သူက မိုဝူကျိုဆီသို့ အရှိန်မြှင့်လျက် ပြေးလာလိုက်သည်။

မိုဝူကျိုက တုန့်ဆိုင်းမနေဘဲ လေလွတ်မြောက်ရေး နည်းစနစ်ကို သုံး၍ ထွက်ပြေးလိုက်၏။ အကယ်၍ သူသာ လေရွှေ့ပြောင်းစွမ်းရည်ကို ဆက်တိုက်သုံးမည်ဆိုပါက ထိုဂျပုသည် ပြီးပြည့်စုံခြင်း နတ်ဘုရားအုပ်စိုးသူတစ်ယောက် ဖြစ်နေသည့်တိုင်အောင် သူ့အား အမီလိုက်နိုင်မည် မဟုတ်ပေ။

သို့သော် မိုဝူကျို၏ ရည်ရွယ်ချက်မှာ ထွက်ပြေးရန် မဟုတ်ချေ။ ကောင်းကင်နတ်ဘုရားအဆင့်သို့ ရောက်ကာစအချိန်တွင် သူက နတ်ဘုရားအုပ်စိုးသူအဆင့် ၁ ကို ထိပ်တိုက် ရင်ဆိုင်တိုက်ခိုက်မှုတစ်ခု၌ အနိုင်ရနိုင်နေပြီးသား ဖြစ်သည်။ ယခု သူက ကောင်းကင်နတ်ဘုရား အဆင့် ၄ တွင် ရောက်နေပြီဖြစ်ကာ အဆင့် ၅ ထောင်ချောက်အစီအရင်လည်း ပြင်ဆင်ထားသေးသည်ဖြစ်ရာ အဘယ်ကြောင့် ပြီးပြည့်စုံခြင်း နတ်ဘုရားအုပ်စိုးသူ တစ်ယောက်အား ကြောက်နေဖို့ လိုပါသနည်း။

"မိုဝူကျို လား"

မိုဝူကျို ထွက်ပြေးသွားသည်နှင့်ချက်ချင်း ကွမ်ကျင်းက သူ့ကို မှတ်မိသွားသည်။ ကွမ်ကျင်းက ရုတ်တရက်ချက်ချင်း အလန့်တကြား ထအော်လိုက်၏။

အမှန်တွင် ကွမ်ကျင်းက တမင်သက်သက် အော်လိုက်ခြင်း ဖြစ်သည်။ မိုဝူကျိုသည်လည်း စကြဝဠာနံရံမှ လာခဲ့ခြင်း ဖြစ်မည်ဟု သူက ယုံကြည်သည်။ အကယ်၍ မိုဝူကျိုပါ

သူနှင့်အတူတူ အဖမ်းခံလိုက်ရပါက သူ့အပေါ်မှ ဖိအားသည် တစ်ဝက်လျော့သွားပေလိမ့်မည်။

"မင်းက ဒီလူကို သိတယ်ပေါ့"

ဂျပုက ကွမ်ကျင်းဆီမှ မိုဝူကျိ၏ နာမည်အား အော်ခေါ်သည်ကို ကြားသောအခါ သူက ချက်ချင်းပင် နှာခေါင်းရှုံ့ကာ မေးလိုက်သည်။

ကွမ်ကျင်းက မြန်မြန်ပြောပြလိုက်သည်။

"စီနီယာ... ဒီလူကလည်း ကျွန်တော်နဲ့ နေရာတူက လာခဲ့တာပါ။ သူ ဒီကို ရောက်နေမှတော့ ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးရဲ့ အခြေအနေကို သူ သေချာပေါက် သိမှာပဲ။ အဖြစ်မှန်တစ်ခုလုံးကို ပြောခိုင်းဖို့ဆို စီနီယာ သူ့ကို ဖမ်းလိုက်ရုံပါပဲ"

ဂျပုက ကွမ်ကျင်း၏ စကားများကို ကြားသောအခါ သူ၏ ပုံရိပ်က ပိုမိုလျင်မြန်စွာ ဖျက်ခနဲ ပြေးသွားလိုက်သည်။ တစ်ယောက်က ပြေးစဉ် တစ်ယောက်က လိုက်သည်။ နေ့တစ်ဝက် ကြာပြီးသည့်အချိန်မှ မိုဝူကျိက သူ၏ ထောင်ချောက်အစီအရင်ထဲသို့ တိုးဝင်ရောက်ရှိသွားသည်။

မိုဂူကျိမှာလည်း တော်တော်လေး မသက်မသာ ဖြစ်နေသည်။ သူ တစ်ယောက်တည်းဆိုပါက ပြန်ဖို့ရန် နေ့တစ်ဝက်ပင် လိုလိမ့်မည် မဟုတ်ချေ။

ထိုဂျပုက ပြီးပြည့်စုံခြင်း နတ်ဘုရားအုပ်စိုးသူ တစ်ယောက် ဖြစ်သည်။ သူက မိုဂူကျိအား မျက်လုံးထဲပင် မထည့်ချေ။ သူက တွေဝေမနေဘဲ အဆင့် ၅ ထောင်ချောက်အစီအရင်ထဲသို့ မိုဂူကျို နောက်မှ မျက်စိမှိတ်လိုက်ဝင်သွားလေ၏။

သူ့အား အပြစ်ဆို၍လည်း မရပေ။ အဆင့်နိမ့်လောကမှလာသော မိုဂူကျိသည် ထိုမျှလောက် အချိန်တိုလေးအတွင်း အဆင့် ၅ ထောင်ချောက်အစီအရင်တစ်ခု ခင်းကျင်းနိုင်လိမ့်မည်ဟု မည်သူကမျှ ထင်ထားလိမ့်မည် မဟုတ်ချေ။

## အခန်း(၁၀၃၂) : နာမည်ဆိုးဖြင့် ကျော်ကြားခြင်း

ထိုနတ်ဘုရားအုပ်စိုးသူ ဂျပုက ထောင်ချောက်အစီအရင်ထဲသို့ ဝင်လိုက်သည့်အခိုက် မိုဂူကျိက များစွာသော အစီအရင်

မှော်အကွခရာများကို ရေးဆွဲလိုက်ပြီး အစီအရင်ကို နှိုးဆွလိုက်သည်။

ဖိအားလှိုင်းများနှင့် သတ်ဖြတ်ငွေ့တို့က တဟုန်ထိုး လွှမ်းခြုံသွားကာ နတ်ဘုရားအုပ်စိုးသူ ဂျပု၏ ရင်ထဲ၌ အံ့သြမှုနှင့် အကြောက်တရားတို့ဖြင့် ပြည့်နှက်သွား၏။ လောကနတ်ဘုရားအဆင့်သို့ တက်လှမ်းတော့မည့် ပညာရှင်တစ်ယောက်အနေနှင့် ဤသည်မှာ အနိမ့်ဆုံးတော့ အဆင့် ၅ နတ်ဘုရား အစီအရင်တစ်ခု ဖြစ်နေမှန်း အဘယ်ကြောင့် မသိဘဲနေပါ့မည်နည်း။

ဤအခိုက်အတန့်၌ မိုဝူကျိအား ဖမ်းဖို့ရာ သူက ဘယ်လိုလုပ် ဂရုစိုက်နေနိုင်ပါ့မည်နည်း။ သူက ကွမ်ကျင်းကိုပင် ဘေးသို့ လွှင့်ပစ်လိုက်ကာ မီးတောက်ဓားသွားနှင့် ဓားတစ်လက်ကို ဆတ်ခနဲဆွဲထုတ်လိုက်သည်။ သူက အစီအရင်ကို ချိုးဖောက်ပြီး တတ်နိုင်သမျှ မြန်မြန် အစီအရင်ထဲမှ လွတ်မြောက်ချင်သည်။ အကယ်၍ သူ မလွတ်မြောက်ခဲ့ပါက သာမန်အဖြစ်ဆုံးဖြစ်သည့် ကောင်းကင်နတ်ဘုရား အစောပိုင်းအဆင့်ကပင် သူ့အား အပြတ်ရှင်းနိုင်ပေလိမ့်မည်။

ကံမကောင်းစွာပင် သူက အတွေးလွန်နေလေ၏။ မိုဝူကျို၏ အဆင့် ၅ ထောင်ချောက်အစီအရင်မှာ သိသိသာသာပင် အလွန်လွယ်လင့်တကူ ချိုးဖောက်၍ ရနိုင်လိမ့်မည် မဟုတ်ချေ။

မိုဝူကျိုက အာကာပြင် အစီအရင်မှော်အက္ခရာများကို ဆက်လက်ရေးဆွဲလိုက်သည်။ မိုးကြိုးလျှပ်စီးများ၊ လုံ့ရှည်အလင်းတန်းများ၊ အာကာပြင်ဓားများ စသည်တို့သည် ဂျပုဆီသို့ အကုန်ပစ်ဝင်သွားလေ၏။

မိုဝူကျိုက သူ၏ ပုဆိန်လုံ့ရှည်ကိုပင် ထုတ်ယူမနေတော့ပေ။ သူ၏ လက်ချောင်းဖြင့်သာ ရှေ့သို့ တန်းတန်းထိုးလွှတ်လိုက်သည်။

## လျို့ဝှက်ပညာရပ် - သက်ရှိလောကတိုက်ကွက်

ထောင်ချောက်ထဲ ပိတ်မိနေသော နတ်ဘုရားအုပ်စိုးသူတစ်ယောက်ကို ရင်ဆိုင်ဖြေရှင်းရာတွင် မိုဝူကျိုက သူ့ကို သတ်ဖို့ လျို့ဝှက်ပညာရပ်ပင် သုံးစရာမလိုပေ။ သို့သော် မိုဝူကျိုက ခွမ်းကျင်းအား ဖြစ်နိုင်သမျှ မြန်မြန် ဖမ်းကာ မေးမြန်းချင်လေသည်။

ဂျပုမှာ ထွက်ပင်မပြေးနိုင်လိုက်ချေ။ မိုဂူကျို၏ လက်ချောင်း ပေါ်လာသည့်အခိုက် သူ့ကမ္ဘာတစ်ခုလုံးက ပြောင်းလဲသွားသည်ဟု သူက ခံစားလိုက်ရသည်။

ထို့နောက် တစ်ခဏချက်ချင်းပင် သူသည် မြင့်မားထောင်လွှားသော ပြီးပြည့်စုံခြင်း နတ်ဘုရားအုပ်စိုးသူတစ်ယောက် မဟုတ်တော့ချေ။ သူက တခြားသူများကို ဖိအားပေးနိုင်သည့် အဆင့်မြင့် ကျင့်ကြံသူတစ်ယောက်ပင် မဟုတ်တော့ဘဲ မပြောပလောက်သည့် ဖုန်မှုန့်တစ်မှုန့်သာ ဖြစ်နေ၏။ ခုခံစရာနည်းလမ်း မရှိတော့သည့် လူသားတစ်ယောက်သာ ဖြစ်နေ၏။

သူ့တွင် ကျင့်ကြံဆင့်လည်း မရှိသလို သက်တမ်းအရှည်ကြီးလည်း မရှိတော့ချေ။ သက်ရှိလောကအတွင်း၌ အချိန်များ ကုန်ဆုံးလာသည်နှင့်အမျှ သူက တဖြည်းဖြည်း အိုမင်းရင့်ရော်လာပြီး သေဆုံးခြင်းဆီသို့ တရွေ့ရွေ့ လျှောက်သွားသည်ကို စိတ်ခြောက်ခြားစွာဖြင့်သာ သူ ကြည့်နေနိုင်လေ၏။

"ဝုန်း"

ဂျပု၏ စွမ်းအားစက်ကွင်းက ပေါက်ကွဲထွက်သွားသည်။ သူ့ပတ်ပတ်လည်ရှိ မိုးကြိုးများ၊ လုံအလင်းတန်းများနှင့် အချုပ်အနှောင်အားလုံးသည် ခြေရာတစ်စွန်းတစ်စ မကျန်ဘဲ ပျောက်ကွယ်သွားလေသည်။

တစ်ချိန်တည်းမှာပင် သူ၏ အသိစိတ်ပင်လယ်နှင့် သိဒ္ဓိလုံးတို့သည် အပြီးအပိုင် ချည်နှောင်အပိတ်ခံထားလိုက်ရ၏။

"ဘုတ်"

နတ်ဘုရားအုပ်စိုးသူ ဂျပုသည် ဆက်လက် တောင့်မခံနိုင်တော့ဘဲ ကြမ်းပြင်ပေါ် မလှုပ်နိုင်ဘဲ ထိုင်ကျသွားလေသည်။ သူက သက်ရှိလောကထဲမှ လူသားတစ်ယောက်သာ မဟုတ်တော့ဘဲ တကယ့် လူသားစစ်စစ် ဖြစ်သွားလေပြီ။

"မင်း ဘယ်သူလဲ"

ဂျပုက ကြမ်းပြင်ပေါ်တွင် အားအင်ပျက်လပ်စွာ ထိုင်နေလျက် သူက မိုဝူကျိအား တအံ့တသြ စိုက်ကြည့်လိုက်သည်။ သူ၏ ကျင့်ကြံဆင့်မှာ မိုဝူကျိထက် များစွာပိုမြင့်ရမည် ဖြစ်သည်။

သို့သော် မိုဝူကျိအား ခုခံရန် အခွင့်အရေးပင် သူ့တွင် မရှိဘူးဟု သူက ခံစားမိသည်။ အဆင့် ၅ ထောင်ချောက်အစီအရင်ကို သူ ချက်ချင်း မချိုးဖောက်နိုင်လိုက်သည်မှာ မှန်၏။ သို့တိုင် မိုဝူကျိ၏ သက်ရှိလောကက သူ့အား အကြောက်တရားတို့ဖြင့် ပြည့်သွားစေသည်။ သူက ဤအစီအရင်ထဲတွင် ထောင်ချောက်မမိခဲ့လျှင်ပင် မိုဝူကျိ၏ သက်ရှိလောကကြောင့် သူက အပြင်းအထန် ဒဏ်ရာရဦးမည်သာ ဖြစ်သည်။

"ကွမ်ကျင်းက မပြောပြဘူးလား"

မိုဝူကျိက ခပ်တည်တည် မေးလိုက်သည်။

ကွမ်ကျင်း၏ ကျင့်ကြံဆင့်မှာ ဂျပု၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည်။ မိုဝူကျိက ထိုဂျပုအား မလှုပ်နိုင်အောင် လုပ်နိုင်လိုက်သည့်အခိုက် ကွမ်ကျင်းက သဘောပေါက်သွား၏။ သူက ပါးစပ်အဟောင်းသားဖြင့် မိုဝူကျိအား စိုက်ကြည့်လိုက်သည်။ စကားတစ်ခွန်းမှလည်း မဟရဲချေ။

မည်သည့် အချိန်ကတည်းကများ မိုဝူကျိသည် အင်မတန် အားကောင်းသွားလေသနည်း။ ကြိုတင်ပြင်ဆင်ထားသော နတ်ဘုရား အစီအရင်တစ်ခု ရှိနေလျှင်ပင် ပြီးပြည့်စုံခြင်း

နတ်ဘုရားအုပ်စိုးသူ တစ်ယောက်အား မိုဝူကျိုက အလွယ်တကူ အနိုင်မရနိုင်လောက်ဘူး မဟုတ်ပါလော...

"မိုဝူကျို... မင်းက မိုဝူကျို..."

နတ်ဘုရားအုပ်စိုးသူ ဂျပုက စောစောလေးတုန်းက ကွမ်ကျင်းခေါ်လိုက်သည့် နာမည်ကို ပြန်စဉ်းစားလိုက်သည်။

မိုဝူကျို သူ့အား မဖမ်းခင်အထိ သူက မိုဝူကျို၏ နာမည်ကို ဂရုမစိုက်ခဲ့ပေ။ သူ့အတွက် မိုဝူကျိုသည် နောက်ထပ် သာမန်ပုရွက်ဆိတ် တစ်ကောင်သာ ဖြစ်သည်။ သို့သော် ယခုမူ မိုဝူကျိုက သူ့အား အလွယ်တကူ ဖမ်းချုပ်နိုင်လိုက်သဖြင့် သူက မိုဝူကျို ဘယ်သူလဲဆိုသည်အား သဘောပေါက်သွားလေ၏။

ဟိုးယခင် ထွက်ပေါ်ကာစ နတ်ဘုရားသိုက်မြုံထဲ၌ ကောင်းကင်နတ်ဘုရားပါရမီရှင်များနှင့် ကနဦးနတ်ဘုရား အယောက် ၄၀ ကျော် ၅၀ လောက်၏ ဝန်းရံတိုက်ခိုက်မှုအောက်တွင် ကနဦးနတ်ဘုရားအစောပိုင်းအဆင့်ရှိ မိုဝူကျိုက အကုန်လုံးကို သတ်ပစ်နိုင်ခဲ့သည်။

နေဦး... ကြည့်ရသည်မှာ တစ်ယောက်တော့ လွတ်သွားခဲ့ဟန်တူသည်။

ထိုမျှနှင့် မလုံလောက်သေးဟန် ဉာဏ်လူသည် မီးပြင်းကျောက်တုံး လုယူခဲ့ကာ ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက်ကို ရရှိခဲ့သည်။ ထို့နောက် အရှူးထကာ ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက်ကို မိန်းမတစ်ယောက်အား ပေးလိုက်သေးသည်။

နောက်ဆက်တွဲ ပြဿနာများမှာ သိသာလှ၏။ ဉာဏ်မိုဝူကျိသည် များစွာသော နတ်ဘုရားဘုရင်များကို အမျက်ထွက်စေခဲ့ကာ သူ့ကို လိုက်ဖမ်းဆီးသတ်ဖြတ်ရန်အတွက် ထိုနတ်ဘုရားဘုရင်တို့က ပူးပေါင်းခဲ့ကြသည်။

နည်းလမ်းကျကျပြောရလျှင် နတ်ဘုရားဘုရင်များ၏ အလိုက်ခံရသော ပုရွက်ဆိတ်တစ်ကောင် တတ်နိုင်သည်မှာ သေရုံသာ ဖြစ်သည်။ နတ်ဘုရားနယ်မြေက သည့်ထက် ပိုကျယ်ဝန်းနေလျှင်ပင် ပြေးစရာမြေမှာ ကန့်သတ်ခံထားရဆဲ ဖြစ်သည်။ ထို့အပြင် နတ်ဘုရားဘုရင်များ ချမှတ်သည့် အချက်အလက်များကို လူမည်မျှလောက်ကများ အာခံရဲမည်နည်း။

သို့ဖြစ်ရာ မိုဝူကျိုအတွက် ပုန်းစရာမြေ မရှိဘူးဟုပင် ဆိုနိုင်လေသည်။

သို့သော် မိုဝူကျိုက လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားနေနိုင်သေးကြောင်း အဖြစ်မှန်က သက်သေပြလိုက်လေ၏။ ထိုနတ်ဘုရားဘုရင်များသည်ကား မိုဝူကျိုအား ဘာဆိုဘာမှ မလုပ်နိုင်လိုက်ချေ။

ယနေ့တွင် သူက ထိုမိုဝူကျိုအား မျက်ဝါးထင်ထင် မြင်ဖူးသွားလေပြီ။

နဂိုက သူသည် သူ၏ ဂိုဏ်းနာမည်ကို သုံးပြီး မိုဝူကျိုအား ခြိမ်းခြောက်ရန် စိတ်ကူးထားသည်။ သို့သော် ဤလူမှာ မိုဝူကျို ဖြစ်နေမှန်း သိလိုက်ရပြီးသည့်နောက် သူက ထိုအကြံကို လုံးဝ လက်လျှော့လိုက်တော့၏။

ဤကောင်သည်ကား နတ်ဘုရားဘုရင်များကိုပင် မကြောက်ဘဲ ထိပ်သီးဂိုဏ်းများစွာနှင့်ပင် ပြဿနာတက်ခဲ့ဖူးသည်။ မိုဝူကျိုအား ခြိမ်းခြောက်သည်က အသုံးဝင်မည် မဟုတ်ပေ။ ဤလူမှာ မိုဝူကျို ဖြစ်နေမှန်းသာ သူ သိခဲ့ပါက အစီအစဉ် ကောင်းကောင်းမရှိဘဲ မိုဝူကျိုနောက် သေချာပေါက် လိုက်ခဲ့မည် မဟုတ်ချေ။ သူက

အဆင့် ၅ ထောင်ချောက်အစီအရင်ထဲသို့ မျှားခေါ်ခံရမည်လည်း မဟုတ်ပေ။

အကယ်၍ မိုဝူကျိသည် ရင်ဆိုင်ဖြေရှင်းရ အလွန်လွယ်ကူနေပါက မိုဝူကျိသည် သူနှင့်ရင်ဆိုင်ရမည့်လူ ဖြစ်လိမ့်မည် မဟုတ်ပေ။

တကယ်တော့ ထိုသို့ပြောသည်မှာ မမှန်ပေ။ မိုဝူကျိဟု ခေါ်သည့် လူတစ်ယောက်နှင့် ရင်ဆိုင်နေရမှန်း သူ သိပြီးသား ဖြစ်သည်။ တစ်ခုရှိသည်မှာ ဤကောင်နှင့် ထိုနာမည်ဆိုးနှင့် ကျော်ကြားသည့် မိုဝူကျိအား မဆက်စပ်မိခြင်းသာ ဖြစ်သည်။

မိုဝူကျိက မည်သူမည်ဝါ ဖြစ်ကြောင်း သဘောပေါက်သွားပြီးနောက် နတ်ဘုရားအုပ်စိုးသူ၏ မျက်နှာပေါ်တွင် ပေါ်လာသည့် မျှော်လင့်ချက်မဲ့မှုအား ကြည့်ကာ ကွမ်ကျင်း၏ရင်မှာ ပြင်းထန်စွာ ခုန်စပြုလာ၏။ ဤမိုဝူကျိသည် နတ်ဘုရားနယ်မြေသို့ ရောက်သည်မှာ သိပ်ကြာဦးမည် မဟုတ်ချေ။ ထိုကဲ့သို့သော အချိန်တိုလေးအတွင်း မိုဝူကျိက အရမ်းကျော်ကြားသွားသည်မှာ ဖြစ်နိုင်ပါ့မည်လော။

ကံမကောင်းစွာပင် ထိုကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးများစွာကို သူ ရရှိပြီးသည့်နောက်ပိုင်းတွင် သူက

အမြဲတမ်း ပုန်းအောင်း ပြေးလွှားနေခဲ့ရသည်။ ခက်ခက်ခဲခဲနှင့် ကျင့်ကြံစရာ နေရာတစ်ရာကို သူ ရှာတွေ့နိုင်ခဲ့သော်လည်း တစ်စုံတစ်ယောက်က ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးများ၏ ခြေရာကို ရအောင်ရှာဖွေနိုင်ခဲ့သေးသည်။

“ဆေးလုံးဇကရာဇ်မို…”

ကွမ်ကျင်းက ငိုသံပါကြီးနှင့် မိုဝူကျို၏ နာမည်ကို ခေါ်လိုက်သည်။ အာခေါင်တို့ ခြောက်လာကာ ကွမ်ကျင်းက ပြောလိုက်သည်။

“အဲ့ဒီအချိန်တုန်းက အင်မော်တယ်ဧကရာဇ်အဆင့်ထဲ တက်လှမ်းပြီးကာစပဲ ရှိသေးတော့ ကျွန်တော်က ကိုယ့်ကိုကိုယ် အားကောင်းပြီး လွတ်လပ်တယ်လို့ ခံစားမိခဲ့တယ်။ ဒီတိုင်းကြီးတော့ ကျွန်တော် မသေချင်ခဲ့ဘူး။ အဲ့ဒါကြောင့် ကျွန်တော်တို့ရဲ့ သဘောတူညီချက်ကို ကတိဖျက်ပြီး ထွက်ပြေးမိခဲ့တာပါဗျာ…”

မိုဝူကျိုက ခံစားချက်မဲ့စွာ ပြောလိုက်၏။

“ကျုပ် မင်းလိုမျိုး အရက်မရှိတဲ့ အောက်တန်းစားတွေ အများကြီးပဲ မြင်ဖူးပြီးပြီ။ အခု မင်း ဒီကို ဘယ်လိုနည်းနဲ့ ရောက်လာတာလဲဆိုတာနဲ့ ကျုပ်ဇနီး စုယင်ကို

မြင်မိသေးလားဆိုတာကို ပြောပြ။ အသေးစိတ်ပြောနော်။ မင်းရဲ့အဖြေကို ကျုပ် ကျေနပ်ရင် ကျုပ် မင်းကို ကိုယ်တိုင် မသတ်တော့ဘူး။ ဒီထောင်ချောက်အစီအရင်ထဲမှာပဲ ထားခဲ့ပေးမယ်။ မင်း ထွက်ပြေးနိုင်မလားဆိုတာကတော့ မင်းရဲ့ကံပေါ်ပဲ မူတည်နေတယ်”

ကွမ်ကျင်းက အင်မော်တယ် ဧကရာဇ်အဆင့်တွင်သာ ရှိသေးသည်။ အဆင့် ၅ ထောင်ချောက်အစီအရင်ထဲသို့ အထည့်ခံထားရပါက သူသည် သေချာပေါက် သေသွားပေလိမ့်မည်။ ထိုသို့ဆိုလျှင်ပင်

“ကျုပ် ပြောပြပါ့မယ်” ကွမ်ကျင်းက ပြောလိုက်ဆဲ ဖြစ်သည်။

ကွမ်ကျင်းသည် ထောင်ချောက်အစီအရင်ထဲတွင် သေချာပေါက် သူ သေလိမ့်မည်ဖြစ်ကြောင်း သိသည်။ သို့သော်လည်း ထိုသို့သေသွားလျှင်ပင် သူ့တွင် ပြန်လည်ဝင်စားခွင့် ရှိသေးမှန်း သူသိသည်။ အနည်းဆုံးတော့ သူ၏ ဝိညာဉ်မှာ အလောင်ကျွမ်းခံရလိမ့်မည် မဟုတ်ပေ။

ဟိုးယခင်က သူသည် မိုဝူကျိအပေါ်တွင် ကောက်ကျစ်ကာ အရှက်မဲ့သည့် လုပ်ရပ်ကို ပြုမူခဲ့သည်။ မိုဝူကျိက သူ့အား သတ်ချင်နေသည်မှာ မမှားပေ။

မေးပင်မမေးရသေးဘဲနှင့် ကွမ်ကျင်းက ပြောပြလိုက်သည်မှာ

"ဆေးလုံးဆရာမို၏ လုပ်နည်းလုပ်ဟန်တွေကို သိတာကြောင့်မို့လို့ကို ကျွန်တော်က မျက်နှာမပြရဲခဲ့တာပါ။ ကောင်းကင်ဘုံအလွန် မြို့ရင်ပြင်ထဲမှာ ကျွန်တော်ပုန်းနေခဲ့တယ်။ ပုန်းအောင်းတာအပြင် ရတနာတွေ တိုက်ယူဖို့အတွက် စကြဝဠာနံ့ရုံကိုလည်း သွားခဲ့သေးတယ်။ အချိန်တွေ ကြာလာတာနဲ့အမျှ စကြဝဠာနံ့ရုံရဲ့အတွင်းပိုင်းထဲက တွန်းကန်အားက တဖြည်းဖြည်း ပိုပိုပြီး အားပျော့လာတယ်ဗျ။ တစ်ယောက်ကဆို စကြဝဠာနံ့ရုံရဲ့အတွင်းပိုင်းထဲထိ ရောက်နိုင်ခဲ့ပြီး ပျောက်သွားခဲ့တယ်။ စကြဝဠာအစွန်းမှာ ကျွန်တော့်အတွက် အနာဂတ် ကောင်းကောင်း မရှိနိုင်လောက်ဘူးလို့ တွက်မိတာနဲ့ အရဲစွန့်ပြီး စကြဝဠာနံ့ရုံထဲကို ဝင်ခဲ့တယ်။

စကြဝဠာနံရံထဲမှာ နှစ်ပေါင်းများစွာ ကြာအောင် အဆက်မပြတ် ပျံသန်းနေရင်းကနေ နောက်ဆုံးမှာတော့ ထွက်လာနိုင်ခဲ့ပြီး အရိုးဖြူကန်ရဲ့အစွန်အဖျားကို ရောက်သွားခဲ့တယ်။

ကျွန်တော် ရောက်သွားတဲ့အချိန်မှာ အဲ့ဒီနေရာမှာ ၁၀ ယောက်မကတဲ့ လူတွေက ရောက်နှင့်နေပြီသား။ အဲ့ဒီလူတွေ အကုန်လုံးက စကြဝဠာအစွန်းကနေ လာခဲ့ကြတဲ့သူတွေချည်းပဲ။ ကျွန်တော် ပေါ်လာတာကို ထူးဆန်းတယ်လို့ သူတို့က မတွေးကြဘူးပေါ့ဗျာ။ တကယ်တော့ စကြဝဠာနံရံ ပွင့်တိုင်း လူသစ်တွေ အမြဲရောက်လာတတ်မှန်း သူတို့က သိကြတယ်”

“မင်းပြောချင်တာက အရိုးဖြူကန်ကို အရင်ရောက်နှင့်နေပြီးသား လူတွေက အဲ့ကနေ ထွက်မသွားကြဘူးပေါ့”

မိုဝူကျိုက မယုံကြည်ဟန်ဖြင့် မေးလိုက်သည်။

ဤအချိန်တွင် မိုးမြေမီးပြင်းဖိုက သူတို့၏ ဝိညာဉ်စွမ်းအားအတွက် အဘယ်ကြောင့် သူတို့ကို မစုပ်ယူဘဲ နေနေသနည်းအား သိဖို့ရန်အတွက် မိုဝူကျိုက ပို၍စိတ်ဝင်စားမိသည်။

“ဟုတ်ပါတယ်။ သူတို့တွေအားလုံးက ဆေးလုံးငွေ့ဝန်းရံထားတဲ့ ရေကန်တစ်ကန်ကို တိုက်ခိုက်နေကြတယ်ဗျ။ ဆေးလုံးငွေ့ကို

ကျော်ပြီးကြည့်လိုက်ရင် ကန်တစ်ကန်လုံးက ဆေးလုံးတွေနဲ့ ပြည့်နေတာကို မြင်ရတယ်”

ကွမ်ကျင်းက ရှင်းပြသည်မှာ

“ကျွန်တော်လည်း အုပ်စုနဲ့ပေါင်းပြီး ကန်ကို တိုက်ခိုက်လိုက်တယ်။ ဒါပေမဲ့ ကန်ကို ကာကွယ်နေတဲ့ အစီအရင်ရဲ့ အဆင့်က အရမ်းကို မြင့်လွန်းနေတယ်ဗျာ။ နှစ်တွေကြာလာပြီး နတ်ဝိညာဉ်သွေးကြောက ခမ်းခြောက်သွားတာတောင် ကျွန်တော်တို့တွေ အစီအရင်ကို မချိုးဖောက်နိုင်သေးဘဲ ဖြစ်နေတယ်”

နောက်ဆုံးနား ရောက်ချိန်တွင် ကွမ်ကျင်းမှာ လုံးဝ စိတ်ကိုလျှော့လိုက်ပြီ ဖြစ်ကာ သူ့ကံကို လက်ခံသွားသည့်ပုံစံဖြင့်

“အဲ့ဒီလိုမျိုး နှစ်ပေါင်းများစွာ ကြာအောင် ကျွန်တော်တို့တွေ တိုက်ခိုက်လာလိုက်တာ... ကာကွယ်ရေးအစီအရင် ကျိုးတော့မယ့်အချိန်မှာပဲ ခင်ဗျားရဲ့ဇနီးနဲ့ နောက်ထပ် အမျိုးသမီးနှစ်ယောက် ရောက်လာကြတယ်။ သူတို့ထဲက တစ်ယောက်ကို ကျွန်တော် မှတ်မိတယ်။ အဲ့ဒီသူက အင်မော်တယ်ဂေရှီ ဝမ်လန်ပဲဗျ။ ကန်ကို တိုက်နေတဲ့

လူတော်တော်များများက ခင်ဗျားရဲ့ဇနီးကို သိကြတယ်။ ပြီးတော့ အင်မော်တယ်ကောရီ ဝမ်လန်လည်း ရှိနေတော့ ဘယ်သူကမှ သူတို့ကို ဘာမှမလုပ်ရဲကြဘူး။

သူတို့ ၃ ယောက်ပါ တိုက်တဲ့အထဲ ပါလာတာကြောင့်မို့လို့ ပြိုလဲပျက်စီးလုနီးနီး ဖြစ်နေတဲ့အစီအရင်က နောက်ဆုံးမှာ တစ်စစီ အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားလေရဲ့။ အဲ့ဒီတုန်းက ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံး တစ်ကန်လုံးက ကျွန်တော့်ကို ဆွဲ့အသွားစေခဲ့တယ်ဗျာ။ အားလုံးက အပြေးဝင်သွားပြီး ဆေးလုံးတွေအတွက် အသည်းအသန် တိုက်ခိုက်ကုန်ကြပါလေရော။ ကျွန်တော်လည်းပဲ ချွင်းချက်မရှိ ဝင်တိုက်ခဲ့တာပါပဲ။ လူအယောက် ၂၀ လောက်က ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးတွေ အကုန်လုံးကို ရရှိသွားတဲ့နောက်မှာတော့ သူတို့တွေအားလုံးက ထုပ်ပိုးပြင်ဆင်ပြီး ထွက်သွားကြတယ်။ ကျွန်တော်လည်းပဲ ထွက်ပြေးလာခဲ့တယ်”

မိုဝူကျိုက စိတ်အေးသွားပြီး သက်ပြင်းချလိုက်ကာ

"ဒါဆို မင်းက ကျုပ်ဇနီးနဲ့ အင်မော်တယ်ကောရီ ဝမ်လန်တို့ ဘယ်သွားလိုက်လဲဆိုတာကို မသိဘူးဆိုတဲ့ သဘောလား"

ကွမ်ကျင်းက ခေါင်းခါလိုက်ပြီး

"ကျွန်တော် မသိဘူး။ အားလုံးက မတူတဲ့ ဦးတည်ရာတွေဆီကို သွားခဲ့ကြတာလေ"

ထိုအချိန်တုန်းက သူတို့တွေသည် ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံး မြောက်များစွာကို ရရှိထားကြလေ၏။ မည်သူကများ တခြားသူတွေ ဘယ်သွားသည်ကို ဂရုစိုက်နေပါ့မည်နည်း။ သူတို့က သူတို့၏ အစွမ်းကို တိုးမြှင့်ဖို့ ကျင့်ကြံရန်အတွက် နေရာတစ်နေရာ သွားရှာချင်ကြလေသည်။

မိုဝူကျိုက အင်မော်တယ်ကောရီ ဝမ်လန်ကို အမှန်တကယ်ပင် ကျေးဇူးတင်မိသည်။ သူမကြောင့်သာ မဟုတ်ပါက ချိန်စုယင်နှင့် လင်းဂူတို့၏ အင်အားဖြင့် သူတို့၏ ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးများကို တခြားသူများက လုယူနိုင်ချေ ရှိပေသည်။

"မင်းရဲ့ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးတွေကော"

မိုဝူကျိုက ကွမ်ကျင်းအား စိုက်ကြည့်ကာ အေးစက်စွာ မေးလိုက်၏။

ကွမ်ကျင်းက နတ်ဘုရားအုပ်စိုးသူ ဂျပုကို လက်ညှိုးထိုးပြကာ ပြောလိုက်သည်။

"ကျွန်တော်က တိတ်ဆိတ်တဲ့ နေရာတစ်ခု ရှာပြီး ကျင့်ကြံမလို့ လုပ်နေတာ။ အဲ့ဒီနေရာမှာ တခြားသူတစ်ယောက် ရှိနေနှင့်လိမ့်မယ်လို့ မထင်ထားမိဘူး။ ဒီကောင်ပဲ။ သူက ကျွန်တော့် ဆေးလုံးတွေ အကုန်လုံးကို လုယူပြီး ဒီကိုလာဖို့ ကျွန်တော့်ကို ဖိအားပေး အကျပ်ကိုင်ခဲ့တာဗျ"

မိုဝူကျိုက သူ့လက်ကို ဝှေ့လိုက်ပြီး နတ်ဘုရားအုပ်စိုးသူ ဂျပု၏ သိုလှောင်လက်စွပ်ကို ဆွဲယူလိုက်၏။ ဤကွမ်ကျင်း၏ ကံမှာ တကယ်ဆိုးလှသည်။ သူက နတ်ဘုရားအုပ်စိုးသူ တစ်ယောက် ကျင့်ကြံနေသည့် နေရာတွင် သူ၏ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးများကို ထုတ်ယူခဲ့လေသည်။

"တာအိုရောင်းရင်းမို... ကျုပ်အသက်ကို ချမ်းသာပေးပါဗျာ..."

မိုဝူကျိုက သူ၏ သိုလှောင်လက်စွပ်အား ယူသွားသည်ကို မြင်သောအခါ ဂျပုက စိုးရိမ်တကြီး အော်ငိုလေသည်။

မိုဂူကျိုက လက်ကို ဖော့လိုက်သောအခါ မိုးကြိုးချက်တစ်ချက်က ဝိုးခနဲ ထွက်သွားသည်။ တစ်ချိန်တည်းမှာပင် မီးတောက်တစ်ခုက လွှမ်းခြုံလာသည်။ တစ်ခဏအတွင်း နတ်ဘုရားအုပ်စိုးသူမှာ ပြာပုံအဖြစ် လောင်ကျွမ်းသွားလေ၏။

ဤသို့ ပြုလုပ်ပြီးသည့်နောက်တွင် မိုဂူကျို၏ ပုံရိပ်က ဖျက်ခနဲလက်သွားသည်။ မျက်စိတစ်မှိတ်စာအတွင်း သူက ထောင်ချောက်အစီအရင်ထဲမှ ပျောက်ကွယ်သွားသည်။

မိုဂူကျို ထွက်သွားသည်နှင့် ထောင်ချောက်အစီအရင်က တစ်ဖန်ပြန်လည် နိုးထလာလေ၏။ ကွမ်ကျင်းက သူသည် မလွဲမသွေ သေရတော့မည်မှန်း သိသည်။ သူက ပြန်လည်ဝင်စားဖို့ကိုသာ ရွေးချယ်နိုင်လေသည်။

**အခန်း(၁၀၃၃) : လက်ထပ်ဖို့ ကမ်းလှမ်းခြင်း/ သတို့သမီး တောင်းရမ်းခြင်း**

**ဝမ်ချွမ်းတာအိုကျောင်းတော်**

ဤကျောင်းသည်ကား နတ်ဘုရားနယ်မြေတစ်ခုလုံး၏ ထိပ်သီးဂိုဏ်းများထဲမှ တစ်ခုဖြစ်သည်မှာ မလွဲပေ။

အကယ်၍ တစ်စုံတစ်ယောက်ကသာ လူတစ်ယောက်သည် ဝမ်ချွမ်းတာအိုကျောင်းဆီသို့ အတင်းအကျပ် လက်ထပ်ခွင့် ကမ်းလှမ်းရန် ကြိုးစားလိမ့်မည်ဟု ပြောပြပါက သိသာစွာပင် ထိုစကားအား တစ်စုံတစ်ယောက်က ပျက်လုံးတစ်ခုအဖြစ် ပြောနေခြင်းသာ ဖြစ်သည်။

သို့သော် ယနေ့တွင်ကား ဝမ်ချွမ်းကျောင်း၏ ညှော်ခန်းမထဲ၌ နတ်ဘုရားဘုရင် မော့ဟိုင်နှင့် နတ်ဘုရားဘုရင် ယင်မုတို့သည် မတတ်သာဘဲ မျက်နှာပေါ်တွင် နွေးထွေးသော အပြုံးတို့ဖြင့် မြောက်များစွာသော ညှော်သည်တို့ကို ကြိုဆိုလိုက်ရလေသည်။

ပျက်လုံးတစ်ခုက အဖြစ်မှန် ဖြစ်လာ၏။ ဤညှော်သည်များမှာ သတို့သမီး တောင်းယူရန် ရောက်လာခြင်း ဖြစ်သည်။ အမှန်တကယ်တော့ သူတို့က သတို့သမီးကို အတင်းအကျပ် လာတောင်းရန် ရောက်လာခြင်း ဖြစ်၏။

နတ်ဘုရားဘုရင် မော့ဟိုင်နှင့် နတ်ဘုရားဘုရင် ယင်မုတို့ နှစ်ယောက်စလုံးက ဘယ်ဘက်ခြမ်းတွင် ထိုင်နေကြသည်။

သူတို့၏ မျက်နှာချင်းဆိုင် ညာဘက်ခြမ်းတွင် နတ်ဘုရားဘုရင် အဆင့် ၇ ကျင့်ကြံဆင့်ရှိသည့် ဆင့်ကဲခြင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းချုပ်ထဲလန်ရှန်းက ထိုင်နေသည်။ သူ့ဘေးတွင် ဖျတ်လတ်ရည်မွန်သော လူရွယ်တစ်ယောက်ဖြစ်သည့် ဝမ့်ယွင်ချမ်က ထိုင်နေသည်။

ဝမ်ယွင်ချန်းသည် ဆင့်ကဲခြင်းနတ်ဘုရားဂိုဏ်း၏ နံပတ်တစ် ပါရမီရှင်ဖြစ်ကာ နတ်ဘုရားအုပ်စိုးသူ အဆင့် ၇ ကျင့်ကြံဆင့် ရှိသည်။

အခန်း၏ ညာဘက်တွင် ထိုင်နေသည့် နောက်ထပ်တစ်ယောက်မှာ ပျော်ပျော်နေတတ်ပုံပေါ်သော လူတစ်ယောက် ဖြစ်သည်။ သူက ကြယ်ဖုံးတောင်၏ အကြီးအကဲ နတ်ဘုရားဘုရင်အဆင့် ၇ ယောင်ရှီး ဖြစ်သည်။ သူ့ဘေးတွင်ထိုင်နေသည်မှာလည်း လူရွယ်တစ်ယောက်ဖြစ်၏။ သို့သော် ဤလူရွယ်၏ ကျင့်ကြံဆင့်မှာ နည်းနည်း နိမ့်နေလေသည်။ သူက ကောင်းကင်နတ်ဘုရား အဆင့် ၅ တွင်သာ ရှိသည်။

အကယ်၍ မိုဝူကျိသာ ဤနေရာတွင် ရှိနေပါက ဤကောင်းကင်နတ်ဘုရားကို သူက သေချာပေါက်

သိပေလိမ့်မည်။ ဤလူရွယ်သည်ကား နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ စစ်ဆေးဆုံးဖြတ်မှုတွင် အဆင့်(၁)နေရာကို ရရှိခဲ့သည့် ကျီဖေးယန်ပင်တည်း။ ဤတစ်ယောက်သည် တကယ့်ပါရမီရှင်အစစ် ဖြစ်သည်။

နောက်ထပ်တစ်ယောက်မှာ မုတ်ဆိတ်အပြောင် ရိတ်ထားသော လူလတ်ပိုင်း တစ်ယောက် ဖြစ်သည်။ နတ်ဘုရားနယ်မြေတွင် လူတော်တော်များများက သူ့ကို မသိကြပေ။ သို့သော် နတ်ဘုရားကုန်းမြေတွင်ကား သူ့ကိုသိသည့်သူများမှာ မရေတွက်နိုင်လောက်အောင် များပြားလှသည်။ ဤသည်ကား ကျင့်ကြံသူများ အစုအရုံးအဖွဲ့၏ အဖွဲ့သခင် ရှူဖျင်ဖြစ်သည်။ သူ၏ ကျင့်ကြံဆင့်မှာ နတ်ဘုရားဘုရင် အဆင့် ၉ တွင် ရှိသည်။

ရှူဖျင်၏ ဘေးတွင် ထိုင်နေသည်မှာ သူနှင့်ရုပ်ချင်းဆင်သည့် လူရွယ်တစ်ယောက် ဖြစ်၏။ လူရွယ်၏ ကျင့်ကြံဆင့်မှာ နတ်ဘုရားအုပ်စိုးသူ အဆင့် ၃ တွင် ရှိနေသည်။ ဤသည်ကား ရှူဖျင်၏ အကြီးဆုံးသား ရှူရှာ ဖြစ်သည်။ သူ၏ ရုပ်ရည်မှာ ဝမ်ယွင်ချန်းနှင့် ကျီဖေးယန်တို့ကို မယှဉ်နိုင်သော်လည်း သူ၏ ပင်ကိုယ်စွမ်းရည်ပါရမီကတော့ လုံးဝမနိမ့်ကျပေ။

နတ်ဘုရားဘုရင်မော့ဟိုင်က သူ့နားထင်ကို ဖိပွတ်လိုက်သည်။ သူက ခေါင်းခဲနေရသည်။ အဓိက အကြောင်းအရင်းမှာ ချူယို့က အင်မတန် ထူးချွန်နေလွန်းသောကြောင့် ဖြစ်၏။ သူမက စာမရှိအောင် လှနေသည့်တင်မကပေ။ သူမက ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်ကိုပါ ပုံသွင်းသိပ်သည်းခဲ့သေးသည်။ ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်သည် တာအိုလက်တွဲဖော်တစ်ယောက်အတွက် အကောင်းဆုံးသော ရွေးချယ်မှု ဖြစ်မှန်း မည်သူကများ မသိဘဲ နေပါ့မည်နည်း။

ချူယို့အား တောင်းရမ်းချင်သူများမှာ ရှင်းရှင်းပြောရလျှင် အလွန်များလွန်းလှ၏။ သို့သော် နိဗ္ဗာနတိတ်ဆိတ်မှုပင်လယ်ကို ဖြတ်ကျော်သော ကူးပြောင်းအစီအရင် မဖွင့်လှစ်ခင်တုန်းက မည်သူကမျှ ဝမ်ချွမ်းတာအိုကျောင်းအပေါ် မည်သည့်အရာကိုမျှ ဖိအားမပေးနိုင်ခဲ့ပေ။ သို့သော် ယခုတွင်မူ ကူးပြောင်းအစီအရင်က ပွင့်သွားကာ နတ်ဘုရားကုန်းမြေမှ ပညာရှင်များက ရောက်ချလာလေပြီ။ ဝမ်ချွမ်းတာအိုကျောင်းမှာ ထိပ်သီးဂိုဏ်းတစ်ခုဟု သတ်မှတ်၍ မရတော့ချေ။

နတ်ဘုရားဘုရင် မော့ဟိုင်မှာ ကူကယ်ရာမဲ့သည့်အခြေအနေအထိ ဖိအားပေးခံနေရသည်။ သူက ချူယို့အား တောင်းရမ်းချင်သောသူများကို ဝမ်ချွမ်းတာအိုကျောင်းသို့ ဖိတ်ခေါ်ကာ အကျိုးအကြောင်းကို ပွင့်ပွင့်လင်းလင်း ရှင်းပြရုံသာ တတ်နိုင်တော့သည်။ ထို့နောက်ပိုင်းတွင် သူ၏ ဝမ်ချွမ်းတာအိုကျောင်းမှာ ဤပြဿနာများမှ လွတ်မြောက်သွားပေလိမ့်မည်။

သူတို့၏ တပည့်များကို ခေါ်လာပြီး သတို့သမီးတောင်းယူရန် လာခဲ့သော ၃ ယောက်အနက် ကြယ်ဖုံးတောင်က ယောင်ရှီး၏ ကျင့်ကြံဆင့်မှာ အနိမ့်ဆုံး ဖြစ်သည်။ သို့သော် ကြယ်ဖုံးတောင်၏ ရာထူးအဆင့်အတန်းသည် သေချာပေါက် အမြင့်ဆုံး ဖြစ်လေသည်။ သူက လက်နှစ်ဖက်ကို ယှက်လိုက်သည့် ပထမဆုံး တစ်ယောက် ဖြစ်သည်။ သူ ပြောလိုက်သည်မှာ

"တာအိုရှောင်းရှင်း မော့ဟိုင်၊ တာအိုရှောင်းရှင်း ယင်မု... နတ်ဘုရားကုန်းမြေထဲ မရေတွက်နိုင်တဲ့ နှစ်ကာလတွေတစ်လျှောက်လုံးမှာ ကျုပ်ရဲ့ကြယ်ဖုံးတောင်က ပါရမီရှင်တွေ အများကြီးကို မြေတောင်မြှောက်

ပျိုးထောင်ပေးခဲ့ဖူးတယ်။ ဒီပါရမီရှင်တွေ အားလုံးဟာ နာမည်ဂုဏ်သတင်း ကျော်စောတဲ့ ထင်ရှားတဲ့ တည်ရှိမှုတွေချည်းပဲ။ ဒါပေမဲ့ အဲ့ဒီပါရမီရှင်တွေထဲက တစ်ယောက်ကမှ ကျီဖေးယန်ကို မယှဉ်နိုင်ပါဘူးဗျာ”

ယောင်ရှီးက ထိုသို့ပြောလိုက်သည့်အခါတွင် ကျီဖေးယန်က ရှေ့ထွက်လာပြီး ဦးညွှတ်လိုက်သည်။

ရှုဖျင်က စကားတစ်ခွန်းမျှ မဆိုချေ။ မည်သည့် ရှုထောင့်မှ ကြည့်ကြည့် ကြယ်ဖုံးတောင်သည် ကျင့်ကြံသူများ အစုအရုံးအဖွဲ့ထက် ပိုသာနေလေ၏။ ကျီဖေးယန်က နတ်ဘုရားကုန်းမြေတစ်ခုလုံးတွင် ထိပ်ဆုံးပါရမီရှင်ဖြစ်သည် ဆိုသည်မှာလည်း မှန်နေသည်။ ထိုအကြောင်းကို လူတိုင်းက သိကြ၏။ သို့သော် သူ့မျက်လုံးထဲတွင်မူ သူ့သားရှုရှာသည် ကျီဖေးယန်ထက် လုံးဝမနိမ့်ပေ။ ရှုရှာသည် ကျင့်ကြံခဲ့သည်မှာ နှစ်ကာလအတော်ကြာနေပြီ ဖြစ်သော်လည်း သူက တာအိုလက်တွဲဖော်ရှာရန် ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးပေ။ သို့သော် ချူယို့ကို မြင်ပြီးကတည်းက သူက သူ့နှလုံးသားကိုသူ ဆက်လက် မထိန်းထားနိုင်တော့ချေ။ ထို့အပြင် ချူယို့သည်

ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်ကို သွင်းထားမှန်း သိရပြီးသည့်နောက်တွင် ရှုဖျင်က ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် ရှုမျိုးနွယ်ထဲတွင် ချူယို့အား လိုချင်မိသည်။

ကျီဖေးယန်၏ ကောင်းကင်နတ်ဘုရား အဆင့် ၅ ကျင့်ကြံဆင့်ကို ကြည့်ကာ နတ်ဘုရားဘုရင်မော့ဟိုင်မှာ မနေနိုင်ဘဲ အနည်းငယ် အံ့သြမိသွား၏။

**ကောင်းကင်နတ်ဘုရား အဆင့် ၅ လောက်ကို ပါရမီရှင်တစ်ယောက်ဟု သတ်မှတ်၍ ရပါ့မည်လော...**

ယောင်ရှီးက နတ်ဘုရားဘုရင်မော့ဟိုင် ဘာတွေးနေသလဲအား သိပုံ ပေါ်သည်။ သူက ခပ်ဖွဖွ ရယ်လိုက်ပြီး ပြောလိုက်သည်။

“အရင်တုန်းက ဖေးယန်က သူ့ရဲ့အချိန်တော်တော်များများကို ဆေးလုံးတာအို၊ အဆောင်တာအို၊ အစီအရင်တာအိုနဲ့ လက်နက်တာအိုတို့မှာ သုံးခဲ့တယ်လေ။ ကံကောင်းတာက သူ့မှာ အဲ့လိုလုပ်နိုင်တဲ့ ပါရမီ ပါလာတာပဲ။ ဒီနေ့မှာဆို သူက အဲ့ဒီတာအိုတွေ အကုန်လုံးမှာ အဆင့် ၄ ဆရာ ဖြစ်နေပါပြီ။ လွန်ခဲ့တဲ့ ၁၀ နှစ်တုန်းကမှ ဖေးယန်က သေသေချာချာ စတင် ကျင့်ကြံခဲ့တာပါ။ ဒီ ၁၀ နှစ်အတွင်းမှာ သူက ကနဦးနတ်ဘုရား

အဆင့် ၉ ကနေ ဒီနေ့လို ကောင်းကင်နတ်ဘုရား အဆင့် ၅ အထိ ရောက်လာခဲ့တာပဲ”

နတ်ဘုရားဘုရင် မော့ဟိုင်က လေအေးတစ်ရှိုက်ကို ရှူသွင်းလိုက်၏။

**ဆေးလုံးတာအို၊ လက်နက်တာအို၊ အဆောင်တာအိုနှင့် အစီအရင်တာအိုများတွင် အဆင့် ၄ ဆရာတစ်ယောက်...**

ထို့အပြင် ၁၀ နှစ်အတွင်း၌ ကနဦးနတ်ဘုရားအဆင့် ၉ မှ ကောင်းကင်နတ်ဘုရားအဆင့် ၅ သို့ ရောက်လာခဲ့သည်။ ဤသည်မှာကား ပါရမီရှင်တစ်ယောက် မဟုတ်တော့ပေ။ သဘာဝကို ကျော်လွန်နေသည့် ကြောက်မက်ဖွယ် သတ္တဝါတစ်ကောင်သာ ဖြစ်တော့သည်။

ယောင်ရှီးက သက်ပြင်းချကာ ပြောလိုက်သည်မှာ

“အရင်တုန်းက ဖေးယန်က တာအိုလက်တွဲဖော်ကိစ္စကို လုံးဝ စိတ်မဝင်စားခဲ့ဖူးဘူး။ ဒါပေမဲ့ နတ်ဘုရားနယ်မြေရဲ့ ထွက်ပေါက်ကာစ နတ်ဘုရားသိုက်မြို့ဆီကို သူ ရောက်လာပြီးတဲ့နောက်မှာ ချူယို့ကို တွေ့ခဲ့တယ်။ အဲ့ဒီနေ့ကတည်းက သူက ချူယို့ရဲ့မျက်နှာကို

မမေ့နိုင်တော့ဘူးလေ။ အဲ့ဒါကြောင့် ကျုပ်မှာ အရေထူထူ မျက်နှာပူပူနဲ့ပဲ ဝမ်ချွမ်းတာအိုကျောင်းကို လာပြီး သတို့သမီး လာရောက် တောင်းရမ်းရတာပါဗျာ။ တာအိုရောင်းရင်း မော့ဟိုင်နဲ့ တာအိုရောင်းရင်း ယင်မုကို လူငယ်နှစ်ယောက်ကို ခွင့်ပြုပေးပြီး ကျုပ်တို့ ကြယ်ဖုံးတောင်ရဲ့ မိတ်ဆွေဖွဲ့မှုကိုလည်း လက်ခံပေးဖို့ ကျုပ် တောင်းဆိုပါတယ်ဗျာ”

ဤတစ်ကြိမ်တွင်တော့ နတ်ဘုရားဘုရင် မော့ဟိုင်က ဘာမှပြောစရာ မလိုလိုက်ပေ။ ညာဘက်ခြမ်းမှ ပထမဆုံးလူဖြစ်သည့် ဆင့်ကဲခြင်းနတ်ဘုရားဂိုဏ်းချုပ် ထျဲလန်ရှန်းက မနေနိုင်ဘဲ ပြောလိုက်သည်။

“နတ်ဘုရားကုန်းမြေပေါ်ဆိုရင် အဆုံးအစမရှိ ကျယ်ပြောပြီး အရင်းအမြစ်တွေ ပေါများလှပါတယ်။ ပါရမီရှင်တွေလည်း အများကြီးရှိပြီး ဂျူနီယာ ဖေးယန်ကလည်း အဲ့ထဲက တစ်ယောက်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဖူးစာ ကံကြမ္မာဆိုတာမျိုးက လုပ်ယူလို့ မရဘူးလေဗျာ။ ကျုပ်ရဲ့ ဆင့်ကဲခြင်းနတ်ဘုရားဂိုဏ်းက နံပတ်တစ်ပါရမီရှင် ဝမ့်ယွင်ချန်းနဲ့

ဂျူနီယာချူယို့တို့က နှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက် တန်ဖိုးထား နှစ်သက်နေကြတယ်။

ယွင်ချန်းက ကျင့်ကြံခြင်းတစ်ခုတည်းကိုပဲ လုပ်ခဲ့ပေမဲ့ သူက ကျုပ်တို့ရဲ့ မျှော်လင့်ချက်ကို စိတ်မပျက်စေခဲ့ဘူး။ အခုဆို သူက နတ်ဘုရားအုပ်စိုးသူအဆင့် ၇ ကိုတောင် ရောက်နေပြီလေ။ အရင်တုန်းက ကျုပ်က အမြဲတမ်း ဂူပိတ်ကျင့်ကြံနေတော့ ယွင်ချန်းကို ပစ်ပယ်ထားခဲ့မိတယ်။ ဒါပေမဲ့ အခု ယွင်ချန်းအတွက် သတို့သမီးကို တကယ်စိတ်ရင်းနဲ့ လာရောက်တောင်းရမ်းတာပါဗျာ”

စကားပြော၍ ပြီးသွားသောအခါ ထျဲလန်ရှန်းက နတ်ဘုရားဘုရင် မော့ဟိုင်ဘက်သို့ လက်နှစ်ဖက်ကို ယှက်ကာ ဦးကိုစ္စနှင့်ပတ်သက်၍ ဆင့်ကဲခြင်းနတ်ဘုရားဂိုဏ်း၏ အထူးအလေးထားမှုကို ဖော်ပြလိုက်သည်။

ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်ပိုင်ဆိုင်ထားသည့် ချူယို့အား သူ၏ ရှုမျိုးနွယ်ထဲသို့ ရရှိရန် ရှုဖျင်က အင်မတန် စိတ်အားထက်သန်နေ၏။ ထို့ကြောင့် သူက နောက်ကျ

အကျန်မခံပေ။ သူကလည်း လက်နှစ်ဖက်ကို ယှက်ကာ ပြောလိုက်သည်။

“နတ်ဘုရားဘုရင် မော့ဟိုင်၊ နတ်ဘုရားဘုရင် ယင်မု… ကျုပ်က ကျုပ်ရဲ့ရှုမျိုးနွယ်ကို ကိုယ်စားပြုပြီး လာခဲ့တာပါ။ ရှုရှာက ကျုပ်ရဲ့ သားအကြီးဆုံးပါ။ သူက အမြဲတမ်း ကျင့်ကြံရေးမှာပဲ စိတ်နှစ်ထားခဲ့တာ။ ဒါပေမဲ့ အဲ့ဒီနတ်ဘုရားမျိုးနွယ် ကျူးကျော်သူတွေကို ဂျူနီယာချူယို့နဲ့အတူ တိုက်ခိုက်သတ်ဖြတ်ခဲ့ပြီးတဲ့နောက်မှာ သူက သူမနဲ့ နှစ်ဦးသဘောတူ နားလည်မှုတစ်ခု တည်ဆောက်ခဲ့လေရဲ့။ တာအိုရောင်းရင်း မော့ဟိုင်နဲ့ တာအိုရောင်းရင်းယင်မုတို့က လူငယ်နှစ်ယောက်ကို ခွင့်ပြုပေးဖို့ ကျုပ် မျှော်လင့်ပါတယ်”

ဤအချိန်၌ ရှုရှာက မတ်တပ်ထရပ်ကာ ပြောလိုက်လေသည်။

“ဒီတပည့်က ဂျူနီယာညီမလေးချူယို့ကို ဘယ်တော့မှ စိတ်မပျက်စေရဘူးလို့ ကျိန်ဆိုပါတယ်။ ရှည်လျားလွန်းတဲ့ ကျင့်ကြံခြင်းခရီးလမ်းမှာ ကျွန်တော်တို့တွေက အတူတူ လက်တွဲပြီး ရှေ့ဆက် တက်လှမ်းပါ့မယ်”

နတ်ဘုရားဘုရင် မော့ဟိုင်သည် ဤလူများအနက် မည်သည့်တစ်ဦးတစ်ယောက်ကိုမျှ အမျက်ထွက်စေ၍ မဖြစ်မှန်း သိသည်။ သူတို့တွေ ယှဉ်ကျေးပျူငှာနေပုံကိုသာ မကြည့်လေနှင့်။ ဤသည်မှာ သူက သူတို့အားလုံးကို တစ်ချိန်တည်း တစ်ပြိုင်နက်တည်း ဖိတ်ကြားခဲ့သောကြောင့် ဖြစ်သည်။ အကယ်၍ သူတို့တွေသာ တစ်ဦးချင်းစီ ရောက်လာခဲ့ပါက သူတို့သည် သေချာပေါက် အကျပ်ကိုင် ခြိမ်းခြောက်ပြောဆိုလိမ့်မည်သာ ဖြစ်၏။

ဆင့်ကဲခြင်းနတ်ဘုရားဂိုဏ်းသည် ဝမ်ချွမ်းတာအိုကျောင်းနှင့် အဆင့်တူ ဖြစ်ခဲ့သော်လည်း လတ်တလောတွင် ဆင့်ကဲခြင်းနတ်ဘုရားဂိုဏ်း၌ နတ်ဘုရားဘုရင် ၃ ယောက် အသစ်ထပ် ထွက်လာသည်။ ၂ ယောက်က နိဗ္ဗာနတိတ်ဆိတ်မှုပင်လယ်၏ နိဗ္ဗာနတာအိုသဲကြောင့် တက်လှမ်းသွားကာ တစ်ယောက်က နတ်ဘုရားသိုက်မြုံထဲမှ ကံကောင်းမှုတစ်ခုကြောင့် တက်လှမ်းသွားသည်။

ဤအခိုက်အတန့်၌ ဆင့်ကဲခြင်းနတ်ဘုရားဂိုဏ်းသည် ဝမ်ချွမ်းတာအိုကျောင်းအား ကျော်တက်သွားလေပြီ။ ထိုမျှသာမက

ဆင့်ကဲခြင်းနတ်ဘုရားဂိုဏ်းသည် နတ်ဘုရားကုန်းမြေမှ နိဗ္ဗာန်အသိပညာရပ် ကျောင်းတော်နှင့် ရင်းနှီးမှု ရှိသည်။ ဤသည်မှာ ဝမ်ချွမ်းတာအိုကျောင်းအနေနှင့် အပြိုင်မခံနိုင်သည့် တည်ရှိမှုမျိုး ဖြစ်နေ၏။

နတ်ဘုရားဘုရင် မော့ဟိုင်က မတ်တပ်ရပ်ကာ ပြောနိုင်လိုက်သည်မှာ

"တာအိုရောင်းရင်းအပေါင်းတို့… ခင်ဗျားတို့အားလုံးရဲ့ ဒီကိုရောက်လာပြီး သတို့သမီး တောင်းရမ်းတာကို ခံရတာ ကျုပ်တို့ ဝမ်ချွမ်းတာအိုကျောင်းရဲ့ ဂုဏ်ယူစရာကိစ္စကြီးပါဗျာ။ ချူယို့က ဝမ်ချွမ်းတာအိုကျောင်းရဲ့တပည့်ပါ။ ဒါပေမဲ့ ကျုပ်တို့တွေက သူမရဲ့ တာအိုလက်တွဲဖော်ကိစ္စနဲ့ ပတ်သက်ပြီး သူမကို အတင်း ဖိအားပေးလို့ မရပါဘူး။ ဒီလိုဆိုရင်ကော ဘယ်လိုလဲ… ကျုပ်တို့တွေ ချူယို့ကို သူမကိုယ်တိုင် ရွေးချယ်ခိုင်းလိုက်မယ်။ သူမရွေးချယ်လိုက်တဲ့လူက သူမရဲ့တာအိုလက်တွဲဖော် ဖြစ်လာလိမ့်မယ်"

အကယ်၍ မျိုးနွယ်စုတစ်ခုတည်းသာ ရောက်လာခဲ့ပါက နတ်ဘုရားဘုရင် မော့ဟိုင်၏ အကြံပေးချက်ကို သေချာပေါက်

လက်ခံလိမ့်မည် မဟုတ်ပေ။ သို့သော် ယခုမူ မျိုးနွယ်စု ၃ ခုက အတူတူ ရောက်လာသောကြောင့် မည်သူကမျှ သူ၏ စကားအား အပြစ်လိုက်ရှာမနေတော့ချေ။

သတို့သမီး လာတောင်းသော ပညာရှင် ၃ ယောက်က တစ်ယောက်ကို တစ်ယောက် ကြည့်ပြီးနောက် ခေါင်းငြိမ့်လိုက်ကြသည်။ ယောင်ရှီးက ပထမဆုံး မတ်တပ်ထရပ်ကာ

"ဒီလိုဆိုမှတော့ ဂျူနီယာ ချူယို့ကို ဖိတ်ခေါ်ပေးဖို့ တာအိုရောင်းရင်း မော့ဟိုင်ကိုပဲ ကျုပ်တို့တွေ တောင်းဆိုရတော့မှာပေါ့ဗျာ"

ဤမျိုးနွယ် ၃ စုကို ဝမ်ချွမ်းတာအိုကျောင်းသို့ ဖိတ်ခေါ်လိုက်သည့်အချိန်တွင် နတ်ဘုရားဘုရင်မော့ဟိုင်က ဘာဆက်ဖြစ်မည်ကို သိပြီးသား ဖြစ်သည်။ သူက ချူယို့ကို ခေါ်ထားပြီးပြီ ဖြစ်ကာ သူမက စောင့်နေနှင့်လေပြီ။

သိပ်မကြာခင်တွင် ချူယို့အား ဧည့်ခန်းမထဲသို့ ခေါ်လိုက်သည်။

မည်သူကမျှ သူမအား ဘာမှမပြောပြသော်လည်း ချူယို့က အခြေအနေကို အနည်းငယ် သဘောပေါက်ပြီးသား ဖြစ်သည်။

သူမက နတ်ဘုရားဘုရင် ၅ ယောက်ဘက်သို့ တည်ငြိမ်စွာ ဦးညွှတ်လိုက်ပြီးနောက် နတ်ဘုရားဘုရင်ယင်မု၏ ဘေးတွင် သွားရပ်နေလိုက်သည်။

ချူယို့သည် ကျက်သရေရှိ လှပတင့်တယ်နေဆဲ ဖြစ်သည်။ သူမကို ကြည့်ရသည်မှာ ပန်းချီကားတစ်ချပ်မှ လမ်းလျှောက်ထွက်လာသည့်ပုံနှင့် တူလေသည်။ သို့သော် ထိုနှစ်များစွာတုန်းကနှင့် ယှဉ်လျှင် သူမ၏ မျက်ဝန်းများထဲတွင် ရင့်ကျက်လာမှုနှင့် ပင်ပန်းစိတ်ကုန်နေမှုတို့ ထပ်တိုးလာလေသည်။

လွန်ခဲ့သည့် ထိုနှစ်များစွာတုန်းက နိဗ္ဗာနပင်လယ်မှ သူမ ထွက်လာပြီးသည့်နောက် သူမက မိုဝူကျိုကို ရှာရန် နတ်ဘုရားနယ်မြေတစ်ခုလုံး၏ နယ်မြေတစ်ဝက်အနှံ့ ခရီးထွက်ခဲ့သည်။ နတ်ဘုရားမျိုးနွယ်စုများနှင့် ပြဿနာကြောင့်သာ မဟုတ်ပါက သူမသည် တခြားတစ်ဝက်တွင် ရှာဖွေရန် ဆက်လက် လုပ်ဆောင်ကောင်း လုပ်ဆောင်နေပေလိမ့်မည်။

နတ်ဘုရားနယ်မြေအနှံ့ တစ်ယောက်တည်း လျှောက်သွားရင်းနှင့် သူမ၏ အတွေ့အကြုံများနှင့် ကျင့်ကြံဆင့်တို့ တိုးတက်လာသည်။ ယခုအချိန်တွင် သူမသည် နတ်ဘုရားအုပ်စိုးသူအဆင့် ၄ ဒွိပင် ရှိနေပြီ ဖြစ်သည်။

ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်ကို သိပ်သည်းသွင်းယူပြီးသည့်နောက်တွင် သူမက ကောင်းကင်နတ်ဘုရားအဆင့်မှ နတ်ဘုရားအုပ်စိုးသူအဆင့်သို့ တက်လှမ်းရန် မည်သည့် ဆေးလုံးကိုမျှ သုံးစရာမလိုခဲ့ပေ။ သူမ၏ ကျင့်ကြံရေး ခရီးစဉ်မှာ အဆင်ချောမွေ့ခဲ့လေသည်။

နတ်ဘုရားနယ်မြေတစ်ခုလုံးတွင် ချူယို့လိုမျိုးနှုန်းနှင့် တိုးတက်နိုင်သည့်လူ နောက်တစ်ယောက် မရှိချေ။ ဤတစ်ကြိမ်၌ ဤထိပ်သီးအင်အားစုများ ရောက်လာခြင်းကြောင့်သာ မဟုတ်ပါက နတ်ဘုရားဘုရင် မော့ဟိုင်သည် သေချာပေါက် ချူယို့အား ပြန်ခေါ်လိမ့်မည် မဟုတ်ပေ။

ထိုနေရာတွင် ချူယို့က မတ်တပ်ရပ်လိုက်သောအခါ ယောင်ရှီးပဲဖြစ်စေ၊ ရှုဖျင်ပဲဖြစ်စေ၊ သို့မဟုတ် ထျဲလန်ရှန်းပဲဖြစ်စေ၊ သူတို့အားလုံးက စိတ်ထဲတွင် ကျိတ်၍ သက်ပြင်းချလိုက်သည်။

ဤသည်မှာကား စာပန်းချီများထက်ပင် ပို၍ လှပသော သန့်ရှင်းစင်ကြယ်သည့် မိန်းကလေးပါလား။ သူတို့၏ တပည့်များ သူမအပေါ် ခံစားချက်များ ပြင်းပြင်းထန်ထန် ရှိနေသည်မှာ မထူးဆန်းတော့ချေ။

"ချူယို့... ငါမင်းကို ဒီခေါ်ရတဲ့ အကြောင်းအရင်းကို မင်းသိမှာပါ။ ဒီကပုဂ္ဂိုလ်တွေနဲ့ မင်းကို မိတ်ဆက်ပေးရဦးမယ်။ ဆင့်ကဲခြင်းနတ်ဘုရားဂိုဏ်းရဲ့ ဂိုဏ်းချုပ် ထျဲလန်ရှုန်း၊ ကြယ်ဖုံးတောင်ရဲ့အကြီးအကဲ နတ်ဘုရားဘုရင် ယောင်ရှီး၊ ပြီးတော့ ကျင့်ကြံသူများအစုအရုံးအဖွဲ့ရဲ့ အဖွဲ့သခင် နတ်ဘုရားဘုရင် ရှုဖျင်"

နတ်ဘုရားဘုရင် မော့ဟိုင်က ဖော်ရွေပျူငှာစွာ ပြောပြလိုက်သည်။

စဝင်လာသည့်အချိန်က ဂါရဝပြုနှုတ်ဆက်ပြီးသား ဖြစ်သော်လည်း ချူယို့က နောက်တစ်ကြိမ် ထပ်မံ၍ သူတို့ဘက်သို့ ဦးညွှတ်လိုက်ပြန်၏။

နတ်ဘုရားဘုရင် မော့ဟိုင်က ဆက်ပြောလိုက်သည်။

"နတ်ဘုရားဘုရင်တို့ ဘာကြောင့် ဒီကို ရောက်လာရလဲဆိုတာကို မင်း သိမှာပေါ့။ ဒါပေမဲ့ ငါ နောက်တစ်ခေါက် ထပ်ရှင်းပြမယ်။

ဝမ်ယွင်ချန်းကိုတော့ မင်း သိပြီးသားနေမှာပါ။ ဒီမှာ ကြယ်ဖုံးတောင်ရဲ့ နံပတ်တစ်ပါရမီရှင်လေး ကျီဖေးယန်လည်း ရှိတယ်။ ကျီဖေးယန်က အစီအရင်၊ ဆေးလုံး၊ အဆောင်နဲ့ လက်နက်တာအိုတွေမှာ အဆင့် ၄ ဆရာဖြစ်နေပြီ။ ၁၀ နှစ်တည်းနဲ့ သူက ကနဦးနတ်ဘုရားအဆင့် ၉ ကနေ ကောင်းကင်နတ်ဘုရားအဆင့် ၅ ကို တက်လှမ်းနိုင်ခဲ့တယ်တဲ့။ ကျင့်ကြံသူများ အစုအရုံးအဖွဲ့ရဲ့ ရှုရှာနဲ့လည်း မင်း အလုပ်အတူတူ လုပ်ဖူးမှာပါ။ ဒီတစ်ကြိမ်မှာတော့ မင်းရဲ့တာအိုလက်တွဲဖော်ကို ရွေးချယ်ဖို့လိုတယ်လေ။ ငါတို့က အခြေအနေကို ရှင်းပြရုံပဲ တတ်နိုင်တယ်။ ဒါပေမဲ့ ဆုံးဖြတ်ချက် အတိအကျကို ချရမှာက မင်းပဲ”

ချူယို့၏ မျက်နှာအမူအယာမှာ တည်ငြိမ်အေးချမ်းနေသည်။ သူမက ဤကိစ္စနှင့်ပတ်သက်၍ သိထားပြီးသား ဖြစ်သည်။ သူမက နတ်ဘုရားဘုရင်များဘက်သို့ လှည့်ကာ လေးလေးစားစား ဦးညွှတ်ကာ ပြောလိုက်သည်။

“လေးစားရပါသော စီနီယာတို့… စီနီယာတို့က ဒီတပည့်အတွက်နဲ့ ဝမ်ချွမ်းတာအိုကျောင်းကို ကိုယ်တိုင်ကိုယ်ကျ

ရောက်လာပေးခဲ့တယ်။ ဒီတပည့် တကယ့်ကို ဂုဏ်ယူမိပါတယ်။ ဒါပေမဲ့ တစ်ခုရှိတာက ဒီတပည့်ရဲ့နှလုံးသားကို တစ်ယောက်သောသူက ပိုင်ဆိုင်ထားနှင့်ပါပြီ။ ပြီးတော့ ဒီတပည့်မှာ တာအိုလက်တွဲဖော်တစ်ယောက် ရှိနေပြီးသား ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီတပည့်က စီနီယာတို့ရဲ့ စိတ်ကောင်း စေတနာတွေကို စိတ်ပျက်စေမိပါပြီရှင်”

ယောင်ရှီးက မျက်နှာပျက်သွားသည်။ သူသည်ကား ကြယ်ဖုံးတောင်၏ အကြီးအကဲ ဖြစ်သည်။ သူ့တပည့်အတွက် သတို့သမီးတောင်းရန် သူကိုယ်တိုင် ရောက်လာခဲ့ရသည်။ ဤသည်မှာ လေးစားမှုအကြီးကြီး ပြသထားသည်ဟု သတ်မှတ်နိုင်နေလေပြီ။ သို့သော် ဤချူယို့က သူ့မျက်နှာတည့်တည့်တွင် လာလိမ်ရဲလေ၏။ သူမက အပျိုစင်ဖြစ်သည်မှာ သိသာနေပါလျက်နှင့် သူမက သူမတွင် တာအိုလက်တွဲဖော် ရှိသည်ဟု တကယ့်ကို အခိုင်အမာ ပြောနေလေသည်။

## အခန်း (၁၀၃၄) : မိုဝူကျို၏ သတင်း

နတ်ဘုရားဘုရင် ယင်မုက အခြေအနေ မဟန်ကြောင်း သိ၍ မြန်မြန်ဆန်ဆန် ပြောလိုက်သည် " ချူယို့ ... အဲဒီ နတ်ဘုရားဘုရင်တွေက သီးသန့်လာရောက် တွေ့ဆုံတာလေ။ သူတို့အတွက်လည်း မလွယ်လှဘူး။ မင်း စိတ်ရှုပ်အောင် သွားမလုပ်သင့်ဘူးလေ "

ချူယို့အား အနည်းငယ် ဆူပူပြီးနောက် နတ်ဘုရားဘုရင် ယင်မုက ယောင်ရှီးတို့အဖွဲ့အား လက်နှစ်ဖက် ယှက်ကာ " တာအိုရောင်းရင်းတို့ ... ချူယို့က နယ်လှည့်ကျင့်ကြံသူ တစ်ဦးကို လေးစားသဘောကျခဲ့တာတော့ အမှန်ပါ။ အကြောင်းအရင်းကလည်း အဲဒီသူက သူမအသက်ကို ကယ်ပေးခဲ့လို့ပါပဲ .... ဒါပေမဲ့ အဲဒီသူက နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားထဲမှာ ပျောက်ကွယ်သွားတာ ကြာလှပါပြီ။ ကျုပ်တို့က ချူယို့ရဲ့ စိတ်အခြေအနေအပေါ် သက်ရောက်မှု ရှိမှာကို စိုးရိမ်လို့ သူမဆီကနေ လျှို့ဝှက်ထားကြတာပါ။ ချူယို့ရေ ... "

နတ်ဘုရားဘုရင်က ချူယို့ကို ကြည့်လိုက်သည့်အချိန် သူမက ကြောင်အမ်းအမ်း အမူအယာ ဖြစ်နေလေ၏။ သူမ မျက်ဝန်း၌ ဝမ်းနည်းမှုများနှင့် ဖုံးလွှမ်းနေသည်။

နတ်ဘုရားဘုရင် ယင်မုက သက်ပြင်းချကာ ဆက်ပြောလိုက်သည် " ချူယို့ ... မင်းက ကျေးဇူးတရားကို သိတတ်တဲ့သူမှန်း ငါတို့ သိပါတယ်ကွယ်။ မင်းဆီကနေ ဖုံးကွယ်ထားဖို့ လိုလားတာတော့ မဟုတ်ပါဘူး။ မင်းရဲ့ ပါရမီက အရမ်းကို ထူးချွန်လွန်းတယ်လေ။ တကယ်လို့ မင်းသာ ဒီကိစ္စကို သိသွားခဲ့ရင် မင်း နတ်ဘုရားဘုရင်အဆင့် တက်လှမ်းရာမှာ အခက်အခဲ ဖြစ်မှာ စိုးလို့ပါ "

" ဒီလိုကိုး " ကြယ်ဖုံးတောင်၏ အကြီးအကဲ ယောင်ရှီးက ခေါင်းတညိတ်ညိတ် လုပ်လိုက်သည်။ သူက နားလည်သည့် ဟန်ပန်ဖြင့် " ဒီဂျူနီယာလေးက ကျေးဇူးတရားကို သိတတ်တာက တကယ်လို့ ရှားပါးတဲ့ အရည်အချင်းပဲ။ သူလည်း ပြန်လည် ဝင်စားဖို့ သံသရာစက်ကွင်းဆီ ရောက်နေလောက်ပါပြီ။ မင်းတို့ နှစ်ယောက်လုံး ဆက်ခံစားနေဖို့ မလိုပါဘူး။ ဂျူနီယာလေးအနေနဲ့ ဒီအချက်ကို လက်ခံဖို့ ကြိုးစားသင့်တယ်။

မင်းအနေနဲ့ မင်းကို ကူညီပေးခဲ့တဲ့သူကို စိတ်ပျက်စေလို့ မဖြစ်ဘူးလေ ”

ယောင်ရှီး စိတ်ထဲ၌ ချူယို့ကို ပို၍ သဘောကျမိသွားသည်။ မည်သို့ပင် ဖြစ်စေကာမူ ကျေးဇူးတရားကို သိတတ်သူသည် ဆိုးရွားသည့်သူ မဖြစ်နိုင်ပေ။

သူမက ယောင်ရှီး စကားများကို သဘောတူသလား၊ မတူသလား မသိရပေ။ သို့သော်လည်း ချူယို့ မျက်ဝန်းထဲရှိ ဝမ်းနည်းမှုမှာ ပျောက်ကွယ်သွားလေ၏။ သူမက ပြန်လည် တည်ငြိမ်လာကာ နတ်ဘုရားဘုရင် ယင်မုနှင့် နတ်ဘုရားဘုရင် မော့ဟိုင်တို့အား လှည့်ကြည့်လိုက်ရင်း “ တည်ထောင်သူအရှင်တို့ .... ဒီတပည့်လေးရဲ့ နှလုံးသားက ဝူကျိုကို တောင့်တနေဆဲဆိုတော့ နတ်ဘုရားဂူသင်္ချိုင်းဆီ တစ်ချက် သွားကြည့်ချင်ပါတယ်။ အရှင်တို့ ခွင့်ပြုပေးဖို့ မျှော်လင့်မိပါတယ်ရှင့် ”

နတ်ဘုရားဘုရင် ယင်မုက တုန်လှုပ်သွားကာ ဆူလိုက်သည် “ ချူယို့ ... နတ်ဘုရား ဂူသင်္ချိုင်းထဲ ဝင်သွားတဲ့သူတွေ ဘယ်သူမှ အသက်မရှင်ဘူးဆိုတာ မသိဘူးလား။ အဲဒီ နတ်ဘုရား ဂူသင်္ချိုင်းတောင်ကြားကနေ နတ်ဘုရား

အသွင်သဏ္ဍာန်ကျောက်တွေ ဘယ်လို ထွက်လာတာလဲဆိုတာ မသိဘူးလား။ အထဲဝင်သွားတဲ့သူတွေက ကူးပြောင်းရေး အစီအရင်နဲ့ ပြန်ပို့ပေးတာလေ။ ဟိုအရင်ကတည်းက နတ်ဘုရား ဂူသင်္ချိုင်းတောင်ကြားကနေ ထွက်လာတဲ့သူကို မြင်ဖူးလို့လား။ နတ်ဘုရား ဂူသင်္ချိုင်းတောင်ကြားထဲ ဝင်သွားတဲ့သူတိုင်း သူတို့ အသက်ခဲတတ် ပျက်စီးသွားလိမ့်မယ် ”

ချူယို့၏ အမူအယာမှာ ပြတ်သားလှပေသည်။ သူမက ဦးညွှတ်၍ “ ဒီတပည့်လေးက နတ်ဘုရား ဂူသင်္ချိုင်းကို တစ်ချက် သွားကြည့်ရမှ ဖြစ်ပါမယ်။ မဟုတ်ရင် တပည့်အနေနဲ့ ဆက်လက် ကျင့်ကြံဖို့ ငြိမ်းချမ်းတဲ့ စိတ်နှလုံးသားကို ဘယ်တော့မှ ရှာမတွေ့ဘဲ နေပါလိမ့်မယ် ”

နတ်ဘုရားဘုရင် မော့ဟိုင်က ချူယို့ အတွေးများကို နားလည်သည့်အလား သက်ပြင်းချကာ ဝင်ပြောလိုက်၏ “ သူမကို သွားခွင့်ပေးလိုက်ပါ ”

သူက ကူကယ်ရာမဲ့မှုကိုသာ သက်ပြင်းချရတော့သည်။ သူက နတ်ဘုရားနယ်မြေ၏ မဟာနတ်ဘုရားဘုရင် ဆယ်ဦးအနက်

လေးယောက်မြောက် ဖြစ်သော်လည်း သူ့ဂိုဏ်းမှ တပည့်လေးကို မကူညီပေးနိုင်သေးပေ။

“ ကျုပ်လည်း နတ်ဘုရား ဂူသင်္ချိုင်းတောင်ကြားကို ကြားဖူးပါတယ်။ ဘယ်သူမှ အသက်ရှင်လျက် ထွက်မလာနိုင်ဘူးဆို ... တကယ်လို့ ဂျူနီယာလေးက သူ့ကျေးဇူးရှင်ကို သွားရှာချင်ရင် ကျုပ်လည်း တစ်ချက်လောက် လိုက်ကြည့်ချင်ပါတယ် ” ယောင်ရှီးက သဘောတူစွာ ခေါင်းညိတ်ပြလိုက်သည်။

နတ်ဘုရား ဂူသင်္ချိုင်းတောင်ကြားထဲ၌ ဆယ်ယောက်အနက် ကိုးယောက် သေဆုံးနိုင်သည်ဟု ကောလဟာလ ရှိသော်လည်း လက်တွေ့၌ ဆယ်ယောက်အနက် ဆယ်ယောက်လုံး အသက်မရှင်နိုင်ကြပေ။ ထိုတောင်ကြားမှ လူများ ပြန်ထွက်လာနိုင်သည့် အခိုက်အတန့် ရှိကောင်း ရှိနိုင်သော်လည်း ချွင်းချက်များထဲမှ ချွင်းချက်တစ်ခုအဖြစ်သာ ဖြစ်နေ၏။ လက်တွေ့၌ နတ်ဘုရား ဂူသင်္ချိုင်းတောင်ကြားထဲ ဝင်သည့် ကျင့်ကြံသူတိုင်း သူတို့ အသက်ဓာတ် ပျက်စီးသွားပြီး သေဆုံးကြရသည်။ နတ်ဘုရားဘုရင်များပင် ချွင်းချက်

မဖြစ်နေပေ။ အထဲရှိ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက်များအတွက်မူ ကျင့်ကြံသူများ၏ အသက်နှင့် အလဲအလှယ် လုပ်ထားခြင်းသာ ဖြစ်၏။ တစ်ခါတစ်ရံ၌ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် တစ်ခုအတွက် အသက် ဆယ်သက်လောက် လဲလိုက်ရသည်။

“ နတ်ဘုရား ဂူသင်္ချိုင်းတောင်ကြားက ငါတို့ နတ်ဘုရားနယ်မြေရဲ့ မရဏနယ်မြေအဖြစ် ကျော်ကြားတယ်။ ကျုပ် ထဲ့လန်ရှန်းလည်း သွားကြည့်ရမယ် ” ဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်း၏ ထဲ့လန်ရှန်းကလည်း ထရပ်ကာ ဖြောင့်မတ်သည့် အမူအယာဖြင့် ပြောလိုက်သည်။

သူ့တပည့်လေး ဝမ်ယွင်ချန်းအတွက် သူ့အနေနှင့် အားစိုက်ထုတ်ဖို့ လိုလားပေသည်။

ကျင့်ကြံသူများ အစုအရုံးအဖွဲ့ခေါင်းဆောင် ရှုဖျင်ကလည်း တုံ့ဆိုင်းမနေဘဲ ဝင်ပါလိုက်သည်။ သူက ချူယို့၏ အကျင့်စရိုက်အား ပို၍ ကျေနပ်မိသွားသည်။ အကယ်၍ ချူယို့သာ သူ့ရှုမျိုးနွယ်ထဲ ဝင်ရောက်လာလျှင် ရှုမျိုးနွယ်၌ ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်ရှိသည့် အဖွဲ့ဝင် ပိုင်ဆိုင်ပြီးသား

ဖြစ်သွားပေမည်။ ပို၍ အရေးကြီးသည်က ချူယို့၏ မျိုးဆက်သည်လည်း သေချာပေါက် ထိပ်တန်း ပါရမီရှင်များသာ ဖြစ်နေလိမ့်မည်။

မည်သို့ပင် ဖြစ်စေကာမူ သူက ချူယို့အပေါ် လက်မလျော့လိုပေ။

အကယ်၍ သူ့သားဖြစ်သူ ရှုရှာက ချူယို့အား နှစ်သက်နေခြင်း မဟုတ်လျှင် သူကိုယ်တိုင် ကြိုးစားမိလောက်သည်။ ပုံမှန်အားဖြင့် ချူယို့၏ အလှတရားသည်လည်း အရေးပါပေသည်။ သို့သော် သူမ၏ ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဌာန်သည် ပို၍ အရေးကြီးနေ၏။ အကယ်၍ ချူယို့သာ သူ့ ရှူဖျင်၏ တာအိုလက်တွဲဖော် ဖြစ်လာလျှင် သူ့အနေနှင့် နတ်ဘုရားဘုရင်အဆင့်ကို ကျော်လွန်၍ သဟဇာတ နတ်ဘုရားအဆင့် တက်လှမ်းနိုင်ပေလိမ့်မည်။

သူ့စိတ်ထဲ၌ စိတ်အားထက်သန်နေသော်လည်း ရှူဖျင်က တည်တည်ငြိမ်ငြိမ်သာ ရှိနေသေး၏။ သူက ကျင့်ကြံသူ အစုအရုံးအဖွဲ့၏ ခေါင်းဆောင် ဖြစ်သောကြောင့် အမျိုးသမီးတစ်ယောက်အတွက် သားဖြစ်သူနှင့် ပြန်မလုချင်ပေ။

သူက ချူယို့၏ အကူအညီ လိုအပ်လျှင်ပင် ချူယို့တစ်ယောက် သူ့ရှုမျိုးနွယ်ထဲ ရောက်လာသည့်အထိ စောင့်ဆိုင်းရမည်။

ချူယို့က နတ်ဘုရားဘုရင်များ သူမနောက် လိုက်ပါလိုသည့်အကြောင်းကို ကြားဟန် မပေါ်ပေ။ သူမက နတ်ဘုရားဘုရင် ယင်မုနှင့် မော့ဟိုင်တို့အား ခွင့်တောင်းပြီးနောက် ဝမ်ချူမ်းတာအိုကျောင်းတော် ညွှဲ့ခန်းမမှ လှည့်ထွက်သွားတော့သည်။

နတ်ဘုရားဘုရင် ယင်မုက သူမနောက် မြန်မြန်ဆန်ဆန် လိုက်သွားလိုက်သည်။ သူက သူမအား အဆောင်တစ်ရွက် ထုတ်ပေးကာ " ချူယို့ ... နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားကို သွားရမဲ့ ခရီးက အရမ်းရှည်ကြာလွန်းတယ်။ ငါ့ဆီမှာ မင်းအတွက် ကူးသန်းအဆောင်တစ်ရွက် ရှိတယ်။ အဲဒါက မင်းကို နတ်ဘုရားဂူသင်္ချိုင်းတောင်ကြား အပြင်ဘက်အထိ ပို့ပေးလိမ့်မယ်။ သတင်းတွေအရတော့ မိုဝူကျိုကို မုန်ညှင်းနက်ကုန်သည်အိမ်တော် အဖွဲ့အစည်းက နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားထဲ အတင်းအကျပ် ဝင်ခိုင်းခဲ့တာတဲ့ ... မင်း သွားကြည့်ပြီးရင် လက်စားချေဖို့

မုန်ညှင်းနက် ကုန်သည်အိမ်တော်ဆီ ပြန်လာလို့ရတယ်။ စိတ်ချနေပါ .... ငါတို့ ဝမ်ချွမ်းတာအိုကျောင်းတော်က မင်းကို ထောက်ပံ့ပေးမှာပါ ”

ချူယို့က အဆောင်ကို လက်ခံယူလိုက်ပြီးနောက် နတ်ဘုရားဘုရင် ယင်မုအား ပြန်ကြည့်လိုက်သည်။ သူမ မျက်ဝန်း၌ စိတ်ပျက်မှုနှင့် ယူကျုံးမရ ဖြစ်မှုတို့က ဖြတ်ခနဲ ဖြတ်ပြေးသွားလေ၏။ သူ့ကို နှုတ်ဆက်ပြီးနောက် သူမက ကူးသန်းအဆောင်ကို ချေမွပစ်လိုက်သည်။

မိုဝူကျိ သေဆုံးသွားသည်ဟု ကြားလိုက်ရသည့်အချိန် သူမ ခံစားမိသော ဝမ်းနည်းမှုနှင့် ယှဉ်လျှင် ယခုအခါ လုံးဝကို တည်ငြိမ်နေပြီ ဖြစ်၏။

မိုဝူကျိနှင့် အတူ ကုန်ဆုံးခဲ့သော အချိန်မှာ သိပ်မကြာမြင့်သော်လည်း သူမက သူ့အား ကောင်းကောင်း နားလည်ပေသည်။ အကယ်၍ မိုဝူကျိသာ ကုန်သည်အိမ်တော် လိမ်လည် လှည့်စားခံရကာ အဖမ်းခံခဲ့ရပြီး နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားထဲ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် ရှာဖို့ စေလွှတ်ခံခဲ့ရလျှင်

မိုဝ္ဂူကျိုအနေနှင့် နတ်ဘုရားသိုက်မြို့ နယ်မြေအသစ်မှ အသက်ရှင်လျက် လွတ်မြောက်သွားနိုင်မည် မဟုတ်ပေ။

မိုဝ္ဂူကျိုက နတ်ဘုရားဘုရင်များ လက်မှ လွတ်မြောက်နိုင်ခဲ့သည်မှာ ကံကောင်းမှုကြောင့် မဟုတ်ပေ။ မိုဝ္ဂူကျို၏ စွမ်းရည်အရ သူ့အနေနှင့် ဝမ်ချွမ်းတာအိုကျောင်း၏ အပြစ်ပေးစင်မြင့်အထိ ရောက်အောင် လာခဲ့ပြီး ဘေးကင်းကင်း ထွက်သွားနိုင်ခဲ့သည်။ သူက ကုန်သည်အိမ်တော်တစ်ခုကြောင့် နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားထဲ ပို့လွှတ်ခံရသည်မှာ မည်သို့ ဖြစ်နိုင်မည်နည်း။

အခြားလူများက မိုဝ္ဂူကျိုသည် သူမကို နက်နက်ရှိုင်းရှိုင်း ချစ်မြတ်နိုးသည်ဟု ထင်မှတ်ကြပေသည်။ အကြောင်းမှာ သူက သူမအား ရေးဦးမှုလ နတ်ဘုရားအသွင်သဏ္ဌာန်ကျောက်ကို ပေးခဲ့သည် မဟုတ်ပါလော။ သို့သော်လည်း သူမ တစ်ယောက်တည်းသာ မိုဝ္ဂူကျိုက သူမအပေါ် ကျေးဇူးတင်၍ ပေးကြောင်း သိပေသည်။ အချစ် မပါရှိပေ။ သူ့အသက်ကို စတေး၍ ဝမ်ချွမ်းတာအိုကျောင်းတော်၏ အပြစ်ပေးစင်မြင့်ဆီ လာခဲ့စဉ်အခါကလည်း အချစ် မပါပေ။

စကြဝဠာကြီးထဲ၌ မိုဝူကျို တစ်ယောက်တည်းသာ ကျေးဇူးတရားကြောင့် ဤမျှအထိ ပေးဆပ်ပေလိမ့်မည်။

သူမ မိုဝူကျိုနှင့် အတူ ကုန်ဆုံးခဲ့ရသော အချိန်မှာ တိုတောင်းလွန်းလှပေသည်။ အသက်ရှူက်စာအချိန်တိုင်းကို ရှင်းရှင်းလင်းလင်း မှတ်မိနေလောက်သည့်အထိ တိုတောင်းလွန်းလှသည်။ မိုဝူကျို ထွက်သွားသည့်အခါ သူမက မိုဝူကျိုလိုမျိုး တာအိုလက်တွဲဖော် ရှာတွေ့ဖို့ရာ မဖြစ်နိုင်ကြောင်း သိလိုက်သည်။

သူတို့နှစ်ယောက်ကြား၌ ရုပ်ပိုင်းဆိုင်ရာ ဆက်နွယ်ချက် ရှိသည့်အကြောင်း ထည့်ပြောဖို့ပင် မလိုပေ။ အကယ်၍ သူတို့ကြား၌ တစ်ခုခု မရှိနေလျှင်ပင် သူမအနေနှင့် တာအိုလက်တွဲဖော် လိုအပ်နေပြီး ထိုတာအိုလက်တွဲဖော်က မိုဝူကျို ကဲ့သို့ ဖြစ်ရမည်။ သို့သော်လည်း မိုဝူကျိုက တစ်ယောက်တည်းသာ ရှိပြီး သူမသည်လည်း မိန်းကလေး တစ်ဦး ဖြစ်နေသည်။ သူမအနေနှင့် မိုဝူကျိုအား တာအိုလက်တွဲဖော် ဖြစ်လိုကြောင်း ပွင့်ပွင့်လင်းလင်း မပြောပြနိုင်ပေ။

မိုဝူကျို တစ်ယောက် သူမဂိုဏ်း၏ လုပ်ကြံခြင်း ခံရာမှ စ၍ သူမ၏ ခံစားချက်များကို သတိပြုမိလိုက်ခြင်း ဖြစ်သည်။ သူက ဝမ်ချွမ်းတာအိုကျောင်းတော်သို့ တစ်ယောက်တည်း လာရောက်၍ သူမအား ကယ်တင်ဖို့ ကြိုးစားခဲ့သည်။ သို့သော်လည်း သူမ ညီမဖြစ်သူက နေရာအစားဝင်ထားပြီး မိုဝူကျိုအား လုပ်ကြံခဲ့ပြီး အပြင်းအထန် ဒဏ်ရာ ရစေခဲ့သည်။ ထိုအချိန်မှစ၍ သူမက ခံစားချက်များကို ချိုးနှိမ်ထားနိုင်စွမ်း မရှိတော့ပေ။ သူမက သူမအား လာရောက်တောင်းရမ်းကြသည့် လူအမျိုးမျိုးကို ဂရုမစိုက်ပေ။ သူမက မိုဝူကျို၏ တာအိုလက်တွဲဖော် ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြခဲ့သည်။ မိုဝူကျိုက သူမအား အလိုမရှိလျှင်ပင် သူမက နောင်တမရပေ။ ဤဘဝ၌ သူမက ဒုတိယလူ ရှာမည် မဟုတ်ပေ။

လက်တွေ့၌ ချူယို့က မိုဝူကျို၏ တာအိုလက်တွဲဖော် ဖြစ်ကြောင်း မကြေညာထားလျှင်ပင် တခြားသူများက ယုံကြည်ကြဦးမည် ဖြစ်၏။ မဟုတ်လျှင် မိုဝူကျိုက သူမအား အဘယ်ကြောင့် ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် ပေးမည်နည်း။ တကယ်တော့ လူတော်တော်များများက

သူတို့တာအိုလက်တွဲဖော်များကို ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဌာန်ကျောက် ပေးကြမည် မဟုတ်ပေ။

ထို့ကြောင့် သူမက နတ်ဘုရားနယ်မြေတစ်ဝှက် သွားလာရင်း မိုဝူကျိကို ရှာဖွေခဲ့သည်။ သို့သောလည်း သူမက မိုဝူကျိ၏ ခြေရာလက်ရာကို မတွေ့မိပေ။ သူမက မိုဝူကျိနှင့် ကံမစပ်ကြောင်း သိရှိလိုက်တော့သည်။ အကယ်၍ ကံတရားသာ ရှိနေဦးမည် ဆိုလျှင် မိုဝူကျိက သူမ သူ့ကို ရှာနေမည်ကို သိကာ သူမအား လာရောက်တွေ့ဆုံလိမ့်မည်။

တစ်ဖက်တွင် ချူယို့က ဝမ်ချွမ်းတာအိုကျောင်းတော်အား လုံးဝ စိတ်ပျက်နေမိသည်။

သူတို့က မိုဝူကျိအား ထောင်ချောက်ဆင်ထားရုံသာမက သူမအား ဂိုဏ်းကောင်းကျိုးအတွက် ရောင်းချဖို့ ကြိုးစားနေကြသေး၏။

သူမက နတ်ဘုရားဘုရင် ယင်မုသည် မိုဝူကျိတစ်ယောက် နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားထဲ ရောက်သွားသည့်အကြောင်း သူမအား လိမ်ညာနေကြောင်း သိသော်လည်း သူမက သွားကြည့်ဦးမည်သာ ဖြစ်သည်။

အကြောင်းမှာ သူမတွင် တခြားရွေးချယ်စရာ မရှိ၍ ဖြစ်ပေသည်။

အကယ်၍ သူမက နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားထဲ မသွားလျှင် သူမက ဤမိသားစု သုံးခုထဲမှ တစ်ခုကို ရွေးချယ်ရလိမ့်မည်။ မိသားစု သုံးခုလုံး အတူတူ ရောက်လာသောကြောင့် အကျိုးကျေးဇူးတော့ ရသွားသည်။ သို့သော် ဤအချိန်၌ ဆိုးကျိုးလည်း ရှိပေသည်။ ပြန်နောက်ဆုတ်ရမည့် လမ်း မရှိတော့ချေ။ သူတို့က သူမ တာအိုလက်တွဲဖော် ဖြစ်ဖို့ရာ ယှဉ်ပြိုင်ကြလိမ့်မည်။

နတ်ဘုရားဘုရင် ယင်မုက သူမအား မိုဝူကျိအပေါ် လက်လျော့သွားစေပြီး မိသားစု တစ်ခုခုအား ရွေးချယ်စေဖို့ရာ လိမ်ညာခဲ့သည်။ ထိုသို့ဆိုလျှင်ပင် ချူယို့က နတ်ဘုရားဘုရင် ယင်မုအား ကျေးဇူးတင်မိသေး၏။ အနည်းဆုံးတော့ သူက သူမအား သေဆုံးဖို့ ရွေးချယ်မှုတစ်ခု ပေးခဲ့သေးသည် မဟုတ်ပါလော။ မဟုတ်လျှင် သူမအနေနှင့် ထိုရွေးချယ်မှုကို ရရှိမည် မဟုတ်ပေ။

နတ်ဘုရားဘုရင်များ ခန်းမထဲမှ ထွက်လာသည့်အခါ ချူယို့က ထွက်သွားပြီ ဖြစ်ကြောင်း သတိပြုမိလိုက်သည့်အတွက် တုန်လှုပ်သွားကြသည်။ နတ်ဘုရားဘုရင် ယင်မုက မြန်မြန်

ပြောလိုက်သည် “ ကျုပ်ဆီမှာ အဆင့်မြင့် ကူးသန်းအဆောင် ရှိပါသေးတယ်။ အားလုံး အတူတူ ရပ်လိုက်ကြပါ … ကျုပ် အဆောင်ကို အသက်သွင်းလိုက်မယ် ”

နတ်ဘုရားဘုရင် ယင်မု၏ စကားများက အားလုံးကို နားလည်သွားစေသည်။ ချူယို့သည် မိန်းကလေး တစ်ယောက် ဖြစ်သောကြောင့် ကျန်လူများနှင့် အတူတူ ကူးသန်းအဆောင် သုံးဖို့ မသင့်ချေ။ ယင်မု၏ အပြုအမူက ချူယို့အား ကူညီပေးလိုက်ရုံသာမက အားလုံးကိုလည်း ဂရုစိုက်ပေးလိုက်သလို ဖြစ်၏။ ချူယို့က သူတို့မိသားစုဝင် ဖြစ်လာနိုင်သည် မဟုတ်ပါလော။

အဖြူရောင်အလင်း ထွက်ပေါ်လာပြီးနောက် သူတို့အား ရစ်ပတ်သွားသည်။ ထို့နောက် သူတို့ ဖြတ်ခနဲ ပျောက်ကွယ်သွားလေ၏။

“ ထွက်သွားတဲ့သူက ဂျူနီယာညီမလေး ချူယို့လား ” မျက်ခုံးထူထူ နားရွက်ကြီးကြီး ကျင့်ကြံသူတစ်ဦးက အဖြူရောင်အလင်းကို ကြည့်ကာ မေးခွန်းထုတ်လိုက်သည်။

“ အာ … စီနီယာအစ်ကိုကျင့် ပြန်ရောက်လာပြီလား ” ထိုကျင့်ကြံသူအား ကြည့်ကာ ကျင့်ကြံသူ မိန်းမလှလေးက စိတ်သက်သာရာရစွာဖြင့် အော်ပြောလိုက်သည်။

ထိုမျက်ခုံးထူထူ နားရွက်ကြီးကြီး ကျင့်ကြံသူက မိုဝူကျိနှင့် လမ်းခွဲလာသည့် ကျင့်ရှင်းကွယ် ဖြစ်ပေသည်။ သူ အခုမှ ပြန်ရောက်သည့် အကြောင်းအရင်းမှာ သူက သူ့ကျင့်ကြံဆင့် အခြေတည်စေဖို့ နေရာရှာနေ၍ ဖြစ်၏။ သူ နတ်ဘုရားအုပ်စိုးသူအဆင့်ထဲ ရောက်သွားကတည်းက သူ့တွင် ထိုအခွင့်အရေး မရရှိခဲ့ပေ။ ထိုမျှတင် မကဘဲ သူက အရိုးဖြူရေကန်မှ အဆိပ်များကိုလည်း ပယ်ဖျက်ရဦးမည် ဖြစ်၏။ ထိုအရာအားလုံး လုပ်ဖို့ရာ လများစွာ လိုအပ်ပေသည်။

သူ ပြန်ရောက်လာသည်နှင့် ချူယို့ ထွက်သွားသည်ကို မြင်လိုက်ရသည်။ ထို့နောက် တည်ထောင်သူ ဘိုးဘေး ယင်မုနှင့် မော့ဟိုင်တို့လည်း လူအုပ်စုနှင့်အတူ လိုက်ပါသွားကြသည်။

“ ဂျူနီယာညီမလေး ခုံမန် … မတွေ့ရတာ ကြာပြီနော်။ ဒါနဲ့ ဘာတွေ ဖြစ်နေတာလဲ။ တည်ထောင်သူ နှစ်ယောက်လုံးကို

ဘာလို့ ထွက်သွားကြတာလဲ ” ကျင့်ရှင်းကြွယ်က နားမလည်စွာ မေးလိုက်သည်။

ခုံမန်၏ မျက်ဝန်းများက မှေးမှိန်သွားပြီး “ စီနီယာအစ်မ ချူယို့က မိုဝူကျိတစ်ယောက် နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားထဲ သေဆုံးသွားပြီဆိုတာကို ကြားပြီး သွားကြည့်မလို့တဲ့လေ။ တခြားသူတွေက သူမဆီ လက်ထပ်ခွင့် လာတောင်းကြတဲ့သူတွေ … အဲဒါကြောင့် သူမနောက်က လိုက်သွားကြတာ ”

ခုံမန်က ဝမ်ယွင်ချန်းကို ကြိုက်သော်လည်း ဝမ်ယွင်ချန်း မျက်ဝန်းထဲ၌မူ ချူယို့သာ ရှိနေ၏။ ချူယို့က သူ့အား လျစ်လျူရှုထားသော်လည်း သူ့နှလုံးသားက သဝန်တိုမှုတွေ ရှိနေဆဲ ဖြစ်သည်။ ထို့ကြောင့် သူမအပေါ် လက်မလျှော့လိုခြင်းလည်း ဖြစ်၏။ ခုံမန်က ညော့ခန်းမ၏ တပည့်တစ်ဦး ဖြစ်သောကြောင့် အဖြစ်အပျက်ကို သိလိုက်သည်။

“ ဘာ …” ကျင့်ရှင်းကြွယ်က အံ့သြသွားသည်။

**ဘယ်အရူးက အဲလို ပြောလိုက်တာလဲ …. လွန်ခဲ့တဲ့ လအနည်းငယ်တုန်းက သူက မိုဝူကျိနဲ့ အတူတူ ရှိနေခဲ့တာလေ …**

**မိုဂူကျိုက နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားထဲ သေဆုံးသွားပြီလို့ ဘယ်သူကများ ပြောလိုက်တာလဲ ....**

**မဖြစ်သေးပါဘူး .... ငါ ဂျူနီယာညီမလေး ချူယို့ကို မြန်မြန် ပြောပြရမယ် ....**

ဒါပေမဲ့ ကျင့်ရှင်းကြွယ်က နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားအကြောင်း တွေးမိလိုက်သည့်အခါ သက်ပြင်းသာ ချလိုက်တော့သည်။ သူ့တွင် ကူးသန်းအဆောင် မရှိတော့ပေ။ အကယ်၍ သူ နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားထဲ သွားလိုလျှင် အချိန်တော်တော် ကြာမည် ဖြစ်၏။

## အခန်း (၁၀၃၅) : ကောင်းကင်လူသားဂိုဏ်း၏ ရုပ်တု

ကူးသန်းအဆောင်က ချူယို့အား နတ်ဘုရားဂူသင်္ချိုင်းတောင်ကြား အပြင်ဘက်အထိ ခေါ်ဆောင်လာသည်။ သူမ ဆင်းသက်လိုက်သည့် နေရာမှာ ကျတ်တီးခေါင်မြေ ဖြစ်နေသည်။

ချူယို့က စိတ်စွမ်းအားကို ထုတ်လွှင့်လိုက်သည်။ သူမ ရှေ့ရှိ မိုင်ပေါင်းတစ်ထောင်လောက်မှာ စိတ်စွမ်းအားကို ကန့်သတ်ထားသော တောင်ကြား ဖြစ်နေသည်။ တောင်ကြား အဝင်ဝကို မြူခိုးများဖြင့် ကာရံဖုံးလွှမ်းထားပေသည်။ ထိုမြူခိုးများက မမြင်ရသည့် လက်များဖြင့် နေရာချထားသည့်အလား တည်ရှိနေသည်။ တောင်ကြားအဝင်ဝ၌သာ ဝေ့နေပြီး ပျောက်ကွယ်သွားမည့်ပုံ မပေါ်ပေ။

ချူယို့က သူမသာ တောင်ကြားထဲ ဝင်သွားခဲ့လျှင် နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားထဲ ရောက်သွားမည် ဖြစ်ကြောင်း သိထားသည်။

သူမက ခေါင်းမော့ကာ ကြည်လင်နေသော ကောင်းကင်ပြာကြီးကို ကြည့်လိုက်သည်။ သူမ မျက်ဝန်းများ၌ ငြိမ်သက်မှုများသာ ကြီးစိုးထား၏။ ဤတစ်ကြိမ်၌ သူမတွင် စိတ်ဆန္ဒလည်း မရှိသလို တောင်းဆိုချက်လည်း မရှိတော့ချေ။ သူမက တိတ်ဆိတ်ငြိမ်သက်မှုသာ လိုချင်မိ၏။

သူမက တောင်ကြားအဝင်ဝသို့ ဖြည်းဖြည်းချင်း လျှောက်လှမ်းသွားလိုက်သည်။ သူမ စိတ်အခြေအနေမှာ သူမ၏ ခြေလှမ်းများကဲ့သို့ စိတ်ပူပင်မှု ကင်းမဲ့လျက် ရှိ၏။

“ ချူယို့ .... တောင်ကြားထဲ ဝင်တဲ့သူတိုင်း သေကြရတယ်။ မိုဝူကျိက မင်းဘဝမှာ ဖြတ်သွားဖြတ်လာ သူစိမ်းတစ်ယောက်ပဲလေ။ ပြီးတော့ မင်းက ကောင်းကင်ဘုံရဲ့ ချီးမြင့်မှုကို ခံထားရတဲ့ ကလေး တစ်ယောက် ..... မင်း အဲဒီအချက်ကို နားမလည်နိုင်ရင် မင်း ကျင့်ကြံရေးအပေါ်မှာ အလကားသပ်သပ် အချိန်ဖြုန်းခဲ့မိတာပဲ ” နတ်ဘုရားဘုရင် ယင်မု၏ အသံက ကွက်တိ ထွက်ပေါ်လာကာ ချူယို့အား ရပ်တန့်သွားစေ၏။

ချူယို့က နတ်ဘုရားဘုရင် ယင်မုသည်လည်း အဆောင်ဖြင့် ကူးသန်းရောက်ရှိလာကြောင်း သိပေသည်။ သူမက ဖြည်းဖြည်းချင်း လှည့်ကြည့်ကာ ဦးညွှတ်လိုက်ပြီး “ အရှင်တို့ ... ဒီတပည့်က ဝူကျိဆီ သွားပြီး ဂါရဝပြုချင်ရုံလေးပါ။ မဟုတ်ရင် ဒီတပည့်ရဲ့ စိတ်နှလုံးသားက ငြိမ်းချမ်းမှာ မဟုတ်ဘူး ”

နတ်ဘုရားဘုရင် ယင်မုက ချူယို့၏ စကားများကို ကြားလိုက်သည့်အခါ ခေါင်းညိတ်လိုက်ပြီး ပြောလိုက်သည် " ရတယ်လေ ... အဝင်ဝ မြူတွေထဲကနေ ဆယ်မီတာ မကျော်စေနဲ့နော် "

နတ်ဘုရားဘုရင် ယင်မုက ချူယို့သည် နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားထဲ ဝင်ကာ သတ်သေဖို့ ရွေးချယ်လိမ့်မည်ဟု မထင်ထားမိပေ။ ချူယို့၏ အရည်အချင်းနှင့် သူမ၏ ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်တို့ဖြင့် သူမသည် နတ်ဘုရားဘုရင်အဆင့် သေချာပေါက် ရောက်ရှိလိမ့်မည်။ ဤသို့အလားအလာနှင့် ကျင့်ကြံသူတစ်ယောက်က သူ့အသက်ကို စွန့်လွှတ်ဖို့ ရွေးချယ်လိမ့်မည်ဟု မည်သူကမှ တွေးမိကြမည် မဟုတ်ချေ။

ကျင့်ကြံသူများက မဟာတာအိုကို ကျင့်ကြံကြသည်။ အချစ်မှာ တာအို၏ အစိတ်အပိုင်း အသေးအမွှားလေး တစ်ခုမျှသာ ဖြစ်၏။ အဆင့်တစ်ခုသို့ ရောက်သွားနိုင်သည့် ကျင့်ကြံသူများက အချစ်အကြောင်း ဂရုမစိုက်ကြပေ။ အကယ်၍ သူတို့က ဤသို့ လေးနက်သည့် ခံစားချက်မျိုး မရှိလျှင်ပင် သူတို့အနေနှင့်

နတ်ဘုရားအုပ်စိုးသူအဆင့် ရောက်ရှိဖို့ရာ အလွန်ခက်ခဲလှပေသည်။ တစ်ဖက်တွင် ချူယို့ နတ်ဘုရားအုပ်စိုးသူအဆင့် ရောက်ရှိဖို့ရာ အချိန်များစွာ မလိုအပ်လိုက်ပေ။

ကျန်ရှိနေသော နတ်ဘုရားဘုရင်များကလည်း မတွေးမိကြပေ။ သူတို့အတွေးများကလည်း နတ်ဘုရားဘုရင် ယင်မုနှင့် ထပ်တူညီပေ၏။ ချူယို့သည် ပါရမီရှင် ကျင့်ကြံသူတစ်ဦး ဖြစ်လေရာ ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်ကို ဖွဲ့စည်းထားသေးသည် မဟုတ်ပါလော။ အကယ်၍ သူမက သတ်သေမည်ဟု ပြောလျှင်ပင် အားလုံးက ဟာသပြက်လုံးတစ်ခုအဖြစ်သာ ထင်ကြလိမ့်မည်။

ချူယို့က ပြန်လှည့်သွားပြီး နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားထဲသို့ ဆက်ဝင်သွားတော့သည်။

“ တာအိုရောင်းရင်း ယင်မု ပြောလိုက်တာ သူမရဲ့ တာအိုလက်တွဲဖော်ရဲ့ နာမည်က မိုဝူကျိလားလို့ ” ကျင့်ကြံသူ အစုအရုံးအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ ရှုဖျင်က ရုတ်ချည်း ထမေးလိုက်သည်။

ရှုဖျင်တင် မကာဘဲ ကြယ်ဖိုးတောင်၏ အကြီးအကဲ ယောင်ရှီးကလည်း နတ်ဘုရားဘုရင် ယင်မုအား လှည့်ကြည့်လိုက်သည်။

ထိုစဉ် ချူယို့၏ ခြေလှမ်းများက ပိုမြန်ဆန်လာ၏။ မကြာခင် သူမက တောင်ကြား အဝင်ဝသို့ ရောက်ရှိသွားတော့သည်။ ချူယို့က အဝင်ဝ၌ ရပ်တန့်လိုက်သည်ကို မြင်၍ ယောင်ရှီးနှင့် ရှုဖျင်တို့က သူမအား ဆက်မကြည့်နေတော့ပေ။ ထို့အစား သူတို့နှစ်ယောက်လုံးက နတ်ဘုရားဘုရင် ယင်မုဆီသာ အာရုံစိုက်ထားလိုက်ကြသည်။ ထို " မိုဝူကျိ" ဟူသော နာမည်မှာ သူတို့နှင့် နက်နက်ရှိုင်းရှိုင်း ဆက်နွယ်နေပေသည်။

ထျဲ့လန်ရှန်းပင် နတ်ဘုရားဘုရင် ယင်မုအား လှည့်ကြည့်လိုက်၏။ သူကလည်း မိုဝူကျိ နာမည်ကို အကြိမ်များစွာ ကြားဖူးနေသည်။ သို့သော်လည်း သူက မိုဝူကျိကို များစွာ နားမလည်ပေ။

" ဟုတ်တယ်လေ ... သူ့နာမည်က မိုဝူကျိတဲ့။ တာအိုရောင်းရင်းတို့လည်း သူ့အကြောင်း ကြားဖူးကြမှာပါ။ အဲဒီလူက လုပ်ရဲကိုင်ရဲပြီးတော့ သတ္တိလည်း ကောင်းတယ်။ သူက ထိပ်တန်းဂိုဏ်းရဲ့ တပည့်ဆယ်ချီပြီးတော့ကို သတ်ပစ်ခဲ့တာ ...."

နတ်ဘုရားဘုရင် ယင်မုက ခေါင်းတစ်ညိတ်ညိတ်ဖြင့် ရှင်းပြလိုက်သည်။ မိုဝူကျိက နတ်ဘုရားနယ်မြေ၌ နာမည်ဆိုးဖြင့် ကျော်ကြားပေသည်။ နတ်ဘုရားကုန်းမြေမှ လူများ ကြားဖူးနေသည်မှာ မထူးဆန်းလှပေ။

ယောင်ရှီးက လေထဲတွင် ပုံတူတစ်ခု ရေးဆွဲပြလိုက်ပြီး " တာအိုရှောင်းရင်း ယင်မု ... ဒီလူကို ပြောတာများလား "

ယောင်ရှီးက မိုဝူကျိ၏ ပုံတူ ဆွဲပြပြီးသည့်နောက်တွင် နတ်ဘုရားဘုရင် ယင်မုက သတိပြုမိဟန် မပေါ်ဘဲ ပြောလိုက်သည် " ဟုတ်တယ် အဲဒီလူပဲ "

မိုဝူကျိတွင် ရတနာများစွာ ရှိပေသည်။ နတ်ဘုရားကုန်းမြေရှိ လူများက သူ့အား အာရုံစိုက်နေသည်မှာ ပုံမှန်ကိစ္စသာ ဖြစ်၏။

ယောင်ရှီးက အေးစက်စွာ ပြောလိုက်သည် " အဲလိုဆိုရင် နတ်ဘုရားဘုရင် ယင်မုရဲ့ မိုဝူကျိ သေပြီလို့ ပြောတာ အလိမ်အညာကြီးလား "

နတ်ဘုရားဘုရင် ယင်မုက မြန်မြန် လက်နှစ်ဖက် ယှက်ကာ " တောင်းပန်ပါတယ်ဗျာ ... ကျုပ်တို့ဂိုဏ်းရဲ့ ချူယို့က ခေါင်းမာတယ်လေ။ ကျုပ်သာ မိုဝူကျိ သေပြီလို့ ပြောမထားရင်

သူမက ဆက်တိုက် စောင့်နေဦးမှာ ... အဲဒါကြောင့်မလို့ သူမရဲ့ မျှော်လင့်ချက် ပျက်သွားစေဖို့ ဆုံးဖြတ်ပြီး ပြောလိုက်တာပါ။ ပြီးတော့ မိုဝူကျို အဖမ်းခံရပြီးတော့ ဒီထဲ အပို့ခံရတယ်ဆိုတာလည်း အမှန်ပါ။ အဲကိစ္စက ကြာမြင့်နေတာပဲ ရှိတာပါ ”

တစ်ဖက်တွင် နတ်ဘုရားဘုရင် မော့ဟိုင်က ယောင်ရှီး စကားများကို ထိုးဖောက်မြင်ဟန် ရှိ၏။ သူက မြန်မြန် မေးလိုက်သည် “ တာအိုရောင်းရင်း ယောင်ရှီးက မိုဝူကျိုကို မြင်ဖူးတာလား ”

ကျင့်ကြံသူ အစုအရုံးအဖွဲ့၏ ရှုဖျင်က ဝင်ပြောလိုက်သည် “ မိုဝူကျိုက နတ်ဘုရားကုန်းမြေ ရောက်နေတာ ကြာလှပြီ။ နတ်ဘုရားကုန်းမြေမှာ ပိုတောင်ဆိုးသေးတယ်။ လျို့ဝှက်နယ်မြေထဲမှာ သူက ဂိုဏ်းပေါင်းစုံက တပည့်တွေကို သတ်ပစ်ခဲ့တယ်။ သူက ကျုပ်တို့ဂိုဏ်းရဲ့ နတ်ဘုရားအုပ်စိုးသူအဆင့် တက်ခါစ လီဝူကျန်းကိုတောင် သတ်ပစ်ခဲ့တာ ... ”

“ဘယ်လို ..” ဤ၌တစ်ကြိမ်၌ နတ်ဘုရားဘုရင် ယင်မုနှင့် မော့ဟိုင်တို့ နှစ်ယောက်လုံး တအံ့တသြ ဖြစ်သွားကြသည်။ ယခင် မိုဝူကျို နတ်ဘုရားနယ်မြေမှ ထွက်သွားစဉ်အခါက ကနဦး နတ်ဘုရားအဆင့်သာ ရှိနေသေး၏။ ဤမျှ အချိန်တိုလေးအတွင်း သူက နတ်ဘုရားအုပ်စိုးသူအဆင့်ကို မည်သို့ သတ်နိုင်သွားသနည်း။

“ တာအိုရှောင်းရင်းရှူက အပိုပြောနေတာ မဟုတ်ပါဘူး။ မိုဝူကျိုက ကျင့်ကြံသူအစုအရုံးအဖွဲ့ရဲ့ လီဝူကျန်းကို သတ်ခဲ့ရုံတင် မကဘူး။ အပြန်သီးသန့်နတ်ဘုရားဂိုဏ်းရဲ့ ပါရမီရှင် တပည့် ကိုင်ကျိုကိုလည်း သတ်ပစ်ပြီးတော့ ကျုပ်ရဲ့ ကြယ်ဖုံးတောင်ရဲ့ ကျူရှန်းဆီကနေလည်း အရင်းအမြစ်တွေ လုယူခဲ့သေးတယ်။ သူသာ ဆက်ပုန်းနေမယ်ဆိုရင် ကျုပ်တို့က ဒီအတိုင်း ထားလိုက်ရတော့မယ်ဆိုပေမဲ့ သူ ထွက်လာတာနဲ့ သူ့အသက်က သူ့လက်ထဲမှာ မရှိလောက်တော့ဘူး ”

နတ်ဘုရားဘုရင် ယင်မုနှင့် မော့ဟိုင်လည်း လေအေးများ မှုတ်ထုတ်လိုက်ကြသည်။ ဤ၌မိုဝူကျိုက မည်သို့ ပြဿနာ ရှာရမည်ကို ကောင်းကောင်း သိနေခြင်းများလား။ သူတို့ပင်

ကျင့်ကြံသူအစုအရုံး၊ ကြယ်ဖုံးတောင်တို့ မည်မျှ အားကောင်းသည်ကို သိကြပေသည်။ အပြန်သီးသန့် နတ်ဘုရားဂိုဏ်း၏ ဂိုဏ်းချုပ် ဖန်းချီလင်ကလည်း ထိပ်တန်း ပညာရှင်တစ်ဦး ဖြစ်ပေသည်။

**မိုဝူကျိုက ဘာတွေ စားပြီး ဒီလောက် သတ္တိကောင်းနေရတာလဲ ....**

အပြန်အလှန်အားဖြင့် ပြောရလျှင် သူ ဇာမဏီ ပရဝဏ်နှင့် နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းမှ တပည့်များကို သတ်ခဲ့သည့် ကိစ္စကား သေးငယ်သွားလေ၏။

“ သူက နတ်ဘုရားကုန်းမြေကို ဘယ်လိုလုပ် ရောက်လာတာလဲ။ ကူးသန်းအစီအရင်က ပြီးတာ သိပ်မကြာသေးဘူးလားလို့ ” နတ်ဘုရားဘုရင် ယင်မုက သူ့ဘာသာ ရေရွတ်လိုက်သည်။

ယောင်ရှီးက မျက်မှောင်ကျုတ်ကာ ဖြည်းဖြည်းချင်း ပြောလိုက်၏ “ အဲဒီလူက တခြားနည်းလမ်းကို သုံးလိုက်တာ နေမှာပေါ့။ သူက ကူးသန်းအစီအရင် မပြီးခင်ကတည်းက နတ်ဘုရားကုန်းမြေ ရောက်နေတာ ... ပြီးတော့ အဲဒီ ကူးသန်းအစီအရင် ပြီးတာ ကြာပြီဆိုရင်တောင် သူ့အနေနဲ့ အစီအရင်ကို အသုံးပြုခွင့် ရှိမှာ မဟုတ်ဘူး ”

“ အဲဒီလူက နတ်ဘုရားနယ်မြေထဲက အင်အားကြီးဂိုဏ်းတော်တော်များများကို ရန်စခဲ့တယ်။ အခု သူ့နေရာသိသွားပြီဆိုတော့ အရင်လို လွတ်လွတ်လပ်လပ်မနေနိုင်လောက်တော့ဘူး ” ယင်မုက ပြောလိုက်သည်။

ယောင်ရှီးက ခေါင်းခါကာ “ အဲဒါက စိတ်ကူးသပ်သပ်ပဲဖြစ်နေလိမ့်မယ်ဗျို့ … မိုဝူကျိုက နတ်ဘုရားကုန်းမြေမှာပညာရှင်များစွာကို ရန်စထားတာတောင် အဆင်ပြေပြေနေနေတုန်းပဲ … အားလုံးက သူ့နေရာကို သိကြပေမဲ့ ဘယ်သူမှ မထိရဲကြဘူး ”

“ ဘာလို့လဲ ” ယင်မုက မယုံကြည်နိုင်စွာ မေးလိုက်သည်။

နတ်ဘုရားဘုရင် မော့ဟိုင်ပင် ယောင်ရှီးအား နားမလည်စွာကြည့်လိုက်သည်။ မိုဝူကျို၏ ကျင့်ကြံဆင့်က အားကောင်းနေလျှင်ပင် ကောင်းကင်နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့် သို့မဟုတ် နတ်ဘုရားအုပ်စိုးသူအဆင့်ထက် မပိုနိုင်ချေ။

**ထိုအရာက အလွန်အံ့ဩဖို့ ကောင်းနေပြီလား ... သူက နတ်ဘုရားဘုရင်များကို ရန်စထားပြီး မည်သူကမှ သူ့ကို မထိရဲကြဘူးတဲ့လား ....**

“ သူက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှာ နေနေတာလေ။ သူက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရဲ့ သေမျိုးနယ်မြေရဲ့ တာဝန်ရှိသူလေ ” ယောင်ရှီးက အေးစက်စက် ပြန်ဖြေပေးလိုက်သည်။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်၏ အရင်းအမြစ်တိုက်ပွဲ မတိုင်ခင် မိုဝူကျိက ကျောင်းတော်၏ အပြင်စည်း တပည့်တစ်ယောက်မျှသာ ရှိသေးသည်။ သေမျိုးနယ်မြေတွင် နေထိုင်ခြင်းက သူ့ဘဝသူ ဖြုန်းတီးနေခြင်းနှင့် တူညီပေသည်။ သို့သော်လည်း တိုက်ပွဲအပြီးတွင် မိုဝူကျိက ပထမနေရာ ရရှိသွားပြီး အားလုံး လိုချင်မက်မောနေသည့် ကျင့်ကြံရေး အရင်းအမြစ်များစွာ ရရှိလိုက်သည်။

သေမျိုးနယ်မြေ၏ စည်းမျဉ်းများမှာ မပြီးပြည့်စုံသောကြောင့် ကျင့်ကြံသူအများစုအနေနှင့် ကျင့်ကြံဖို့ရာ မသင့်တော်ပေ။ သို့သော်လည်း အင်မော်တယ် မော်တယ်ကျင့်စဉ်ကို

ကျင့်ကြံကြသော ကျင့်ကြံသူများမှာ သေမျိုးနယ်မြေ၌ ကျင့်ကြံသည့်အခါ ရေထဲက ငါးအလား ဖြစ်၏။

နတ်ဘုရားဘုရင် ယင်မုနှင့် မော့ဟိုင်တို့က တစ်ယောက်နှင့် တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်မိကြသည်။ သူတို့က စိတ်တွင်း၌ သက်ပြင်းသာ ချလိုက်ကြ၏။ ကြည့်ရသည်မှာ မိုဝူကျိက သူ သွားသည့်နေရာတိုင်း၌ ထိပ်ဆုံးသို့ အရောက်သွားနိုင်စွမ်း ရှိဟန် ပေါ်သည်။

မိုဝူကျိ တစ်ယောက် နတ်ဘုရားနယ်မြေ၏ ကောင်းကင်လူသားဂိုဏ်းတွင် ရှိစဉ်အခါက မိုဝူကျိသည် ကျင့်ကြံဆင့် နိမ့်သော်ငြား နေရာဝင်ခွင့်ကို အရယူနိုင်ခဲ့သည်။ ယခု သူ နတ်ဘုရားကုန်းမြေသို့ ရောက်ရှိသွားသည့်အခါတွင်လည်း ထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေသေး၏။ တစ်ခုတည်းသော ခြားနားချက်မှာ ယခုအခါ မည်သည့်ဂိုဏ်းကမှ သူ့အား ဘာမှလုပ်ရဲကြတော့ပေ။

သူတို့က နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်သို့ ကိုယ်တိုင်ကိုယ်ကျ မရောက်ဖူးသော်လည်း ဇာတ်လမ်းများစွာ ကြားဖူးထား၏။

ထိုစဉ် နတ်ဘုရားဘုရင် ယင်မုနှင့် မော့ဟိုင်တို့ နှစ်ယောက်လုံး မိုဝူကျိုသည် ချူယို့ကြောင့် သူတို့ ဝမ်ချွမ်းတာအိုကျောင်းဆီ ရောက်လာမည်လားဟု တွေးမိသွားသည်။

သူတို့က ထိုအကြောင်း တွေးမိသွားသည့်အခါ စိတ်ခံစားချက် အခြေအနေမှာ ချက်ချင်းဆိုသလို မကြည်မသာ ဖြစ်သွားကြတော့သည်။

“ အာ ” ဝမ်ယွင်ချန်း၏ ရုတ်တရက် အော်လိုက်သံအပြီးတွင် မြေပြင်ပေါ်သို့ ဗုန်းခနဲ လဲကျသွားသည်။

ထျဲ့လန်ရှန်းက သက်ပြင်းချလိုက်၏။ သူက ဝမ်ယွင်ချန်းအား ထူပေးပြီးနောက် “ အရမ်းနောက်ကျလွန်းသွားပြီ … လာလာ ဂိုဏ်းကို ပြန်ကြစို့ ”

အားလုံးက ရှင်းရှင်းလင်းလင်း မြင်လိုက်ရကြသည်။ အဝင်ဝ၌ ရပ်နေသည့် ချူယို့က ရုတ်ချည်းဆိုသလို နတ်ဘုရားဂူသချိုင်းထဲ ပြေးဝင်သွားသည်။

ထိုအချိန် နတ်ဘုရားဘုရင်များကို မဆိုထားနှင့် သဟာဇာတ နတ်ဘုရားပင် ချူယို့အား ရပ်တန့်နိုင်မည် မဟုတ်ပေ။

...............

အရိုးဖြူတောင်တန်းအပြီးတွင် ချိန်စုယင်၏ သတင်းကို ထပ်မကြားရတော့ပေ။ ကံကောင်းစွာဖြင့် အင်မော်တယ် ဧကရီ ဝမ်လန်က ချိန်စုယင်ဘေးတွင် ရှိနေသည်။ ဤအချက်က မိုဝူကျိအား အနည်းငယ် စိတ်အေးသွားစေ၏။

မည်သည့်နေရာမှ သွားစရာမရှိသည့်အတွက် မိုဝူကျိက ကောင်းကင်လူသားဂိုဏ်းဆီ ပြန်လာလိုက်သည်။

ထိုနှစ်များဆီက ကောင်းကင်လူသားဂိုဏ်းသည် ကျရှုံးသွားခဲ့သော်လည်း ဆက်လက် ရှင်သန်နေသေး၏။

သို့သော် ယခုတွင် ရေညှိများနှင့် ပေါင်းပင်များက ကောင်းကင်လူသားဂိုဏ်းတစ်ဝှက် ရှိနေပြီး နတ်ဝိညာဉ်စွမ်းအား စိုးစဉ်းမျှ မရှိတော့ပေ။

မိုဝူကျိက ကောင်းကင်လူသားဂိုဏ်း၏ အပြင်ဘက် ရင်ပြင်ဆီ လျှောက်လှမ်းသွားလိုက်သည်။ ပေါင်းပင်များနှင့် ပြည့်နှက်နေပေ၏။ တစ်ချိန်တည်းဆိုသလို ပေါင်းပင်များကြား၌ မြောက်များစွာသော အရိုးစုများလည်း ထွက်ပေါ်နေတတ်သည်။ ဤသည်မှာ စိတ်မချမ်းမြေ့ဖွယ် မြင်ကွင်းတစ်ခု ဖြစ်ပေသည်။

မိုဝူကျိုက မီးခိုးရောင် သစ်သားပြားလေးကို ကောက်ယူလိုက်သည်။ ထိုသစ်သားပြားလေးကို တွေဝေစွာ ကြည့်နေမိသည်။ အကြောင်းမှာ သစ်သားပြားပေါ်ရှိ စားများမှာ ကောင်းကင်လူသားဂိုဏ်းဆီ ဂါရဝပြုထားခြင်း ဖြစ်၏။ သစ်သားပြားက ပျက်စီးနေသော်လည်း စာလုံးများကို မြင်နိုင်သေးသည်။

ကောင်းကင်လူသားဂိုဏ်းမှာ နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းနှင့် ဇာမဏီ ပရဝဏ်တို့ကြောင့် ပျက်သုန်းခဲ့ရသည်။ ထိုဂိုဏ်းများက ဤနေရာတွင် ရှိနေသော လူအားလုံးကို သတ်ပစ်ခဲ့လောက်သည်။

**သို့သော် ဘယ်သူလဲ .... ဘယ်သူက အသက်ရှင်နေပြီးတော့ ဂါရဝပြုထားတာလဲ .....**

မိုဝူကျိုက ထိုသစ်သားပြားလေးကို သိုလှောင်လက်စွပ်အတွင်း ထည့်လိုက်ပြီးနောက် ဂိုဏ်းထဲ မြန်မြန် ဝင်လိုက်သည်။

ယခင် တောင်ခြေ၌ ရောမ ရုပ်တုကြီးကား အနည်းငယ် ရာသီဥတုဒဏ် ခံထားခဲ့ရသည်။ သို့သော် ယခုတွင် လုံးဝ အထီးကျန်လှသည့်နှယ် ပေါ်နေသည်။

ထိုရုပ်တုကို ကြည့်ကာ မိုဂူကျို၏ စိတ်ထဲ၌ အကြောင်းပြချက် ရေရေရာရာ မရှိဘဲ ဝမ်းနည်းလာမိသည်။ သူက အလွန်စိတ်ရှုပ်ထွေးမိသွားသည်။ ယခင် သူကောင်းကင်လူသားဂိုဏ်းဆီ ရောက်လာစဉ်အခါက ယင်းလင်းသည် ထိုရုပ်တုသည် သူနှင့် တူကြောင်း ပြောခဲ့ဖူးသည်။ လက်တွေ့၌ သူသည်လည်း ထိုရုပ်တု၏ မျက်ဝန်းများသည် သူနှင့် တူကြောင်း ခံစားမိ၏။ ထိုစဉ် သူက ရုတ်ချည်း ဝမ်းနည်းလာမိသည်။

**ဒီရုပ်တုနဲ့ သူက တစ်ခုခု ဆက်နွယ်နေသည်များလား ....**

## အခန်း (၁၀၃၆) : ရုပ်တု ပိုင်ရှင်

မိုဂူကျိုက ငုံ့ကာ လက်ကိုဆန့်ထုတ်ရင်း ရုပ်တုကို ထိလိုက်သည်။ မိုဂူကျို၏ အသိစိတ်အတွင်း ထူးဆန်းလှသော အချက်အလက်များ စီးဝင်လာကြသောကြောင့် မိုဂူကျိုက သူ့အသိစိတ်ကို မြန်မြန် ကာကွယ်လိုက်ရသည်။

အချိန်အတော်ကြာပြီးနောက် တအံ့တသြ အမူအယာဖြင့် ရုပ်တုကို လက်လွှတ်လိုက်သည်။ သူ့အသိစိတ်ပင်လယ်က ကြီးမားကျယ်ပြန့်လွန်းသည့်အပြင် အသိစိတ်ပင်လယ်အတွင်း၌ ခရမ်းရေကန် ရှိနေသေး၏။ ထိုသို့ဆိုလျှင်ပင် သူ့စိတ်အတွင်း စီးဝင်လာသော အချက်အလက်များက ရှုပ်ထွေးလှသောကြောင့် သာမာန်လူတစ်ယောက် မေ့မြောသွားနိုင်သည်။ ထိုရှုပ်ထွေးမှုအတွင်း အသုံးဝင်သော အချက်အလက် အနည်းငယ် ပါရှိပေသည်။

နာရီများစွာ ကြာမြင့်ပြီးနောက် မိုဝူကျိုက သူ နားမလည်နိုင်သော အချက်အလက်များမှာ လောင်ကျွမ်းပျက်စီးသွားစဉ် သတင်းအချက်အလက် အနည်းငယ်သာ စုစည်းနိုင်ခဲ့သည်။ ထိုရုပ်တု ပိုင်ရှင်မှာ လျူရှင်း ဖြစ်၏။ ထိုလျူရှင်းက အတော်လေး အံ့သြဖို့ ကောင်းသည့် လူတစ်ဦး ဖြစ်ခဲ့ဟန် ပေါ်သည်။ သူ့တွင် ထူးထူးဆန်းဆန်း အကျင့်စရိုက် ရှိပြီး သူ့ကိုယ်သူ ကမ္ဘာ့ဗဟိုချက်အလား သတ်မှတ်ထားသည်။

ထိုလူက ပညာရှင်တစ်ဦးကို ရန်စမိခဲ့သည်။ သူက အဝိုင်းခံရပြီး ပြန်လည် မကောင်းမွန်သည့် အခြေအနေအထိ ရောက်အောင်

ဒဏ်ရာအကြီးအကျယ် ရရှိခဲ့သည်။ ဤနောက်ဆုံး အခိုက်အတန့်လေး၌ ထိုလျူရှင်းက ကွမ်းဟွမ်ကို ရှာတွေ့ခဲ့သည်။ ကွမ်းဟွမ်၏ ပါရမီမှာ ဆိုးရွားလှသော်လည်း အကောင်းမြင် ဝါဒီတစ်ဦး ဖြစ်ခဲ့၏။ လျူရှင်းက သူ့တာအိုကို ကွမ်းဟွမ်ဆီ အပ်နှံပေးခဲ့သည်။

ကွမ်းဟွမ်ဆီ တာအို ပေးအပ်ပြီးနောက် လျူရှင်းက သူ့စိတ်ဆန္ဒကို အမျှင်ပေါင်း သန်းချီ ခွဲကာ ကျယ်ပြောလှသော စကြဝဠာကြီးထဲ ပို့လွှတ်ခဲ့သည်။ သူအနေနှင့် လူတစ်ဦးဦးက သူ့ကွဲကြေနေသော အသိစိတ်ကို စုစည်းပြီး အသက်ပြန်ဝင်လာလိမ့်မည်ဟု မျှော်လင့်ထားသည်။

ဤသည်က မိုဝူကျို လက်ခံရရှိလိုက်သော အချက်အလက် ဖြစ်ပေသည်။

ထိုစဉ် မိုဝူကျိုက ဆက်လက် မထိုင်နေနိုင်တော့ပေ။ သူက ကွမ်းဟွမ်ကို ရှင်းရှင်းလင်းလင်း သိ၏။

ကွမ်းဟွမ်သည် ကောင်းကင်လူသားဂိုဏ်း၏ တည်ထောင်သူဘိုးဘေး ဖြစ်ပြီး ကောင်းကင်လူသားဂိုဏ်း၏ တည်ရှိမှုမှာ ကွမ်းဟွမ်၏ ကြိုးစားအားထုတ်မှုကြောင့် ဖြစ်ကြောင်း

တွေးမိထားသည်။ သို့သော် ယခုတွင် မိုဝူကျိအနေနှင့် ကွမ်းဟွမ်သည် လျူရှင်းဆိုသော ပညာရှင်တစ်ဦးထံမှ တာအိုကို သင်ကြားခဲ့ရမှန်း သတိပြုမိသွားလေ၏။

ကွမ်းဟွမ်က လျူရှင်း၏ ရုပ်ကလာဘ်အနေနှင့် ရေးထွင်းပေးထားခြင်း ဖြစ်နိုင်ပေသည်။ ကောင်းကင်လူသားဂိုဏ်း၏ မျိုးဆက်များပင် ထိုရုပ်တုက မည်သူဖြစ်ကြောင်း မသိကြလောက်ပေ။ တချို့လူများက ထိုရုပ်တုမှာ ကွမ်းဟွမ်ဟု ထင်မှတ်ကောင်း ထင်မှတ်နေကြလိမ့်မည်။

သို့သော်လည်း မိုဝူကျိက ထိုအရာကို ဂရုမစိုက်ပေ။ မိုဝူကျိ ဂရုစိုက်သည်က လျူရှင်းသည် သူ့စိတ်ဆန္ဒကို သန်းပေါင်းများစွာ ခွဲ၍ စကြဝဠာထဲ ပို့လွှတ်လိုက်သည့် ကိစ္စ ဖြစ်၏။ ထိုလူက တစ်ရက်ရက်ကျ စိတ်ဆန္ဒ ပြန်လည် စုစည်းလာပြီး အသက်ပြန်ဝင်လာဖို့ မျှော်လင့်နေလောက်ပေသည်။ ဤသည်မှာ ကိစ္စအသေးလေး မဟုတ်ချေ။

မိုဝူကျိက ထိုလျှုရှင်း၏ စိတ်ဆန္ဒတစ်မျှင်မှာ သူ့အပေါ်တွင် ရှိကြောင်း သေချာသိနေ၏။ မဟုတ်လျှင် သူက လျှုရှင်း၏ ရုပ်တုကို မြင်ရုံဖြင့် ဝမ်းနည်းမှု ခံစားလာရမည် မဟုတ်ပေ။

သူ့တွင် မိုးမြေ မီးပြင်းဖိုနှင့် ကောင်းကင်စည်းမျည်း သဘာဝဆေးလုံးများ ရှိထားသော်လည်း သူက ကျင့်ကြံဖို့ရာ စိတ်မပါပေ။ သူက ရုပ်တု အကြွင်းအကျန်များကို ကျောက်စိမ်းသေတ္တာထဲ သိမ်းထားလိုက်၏။

ထို့နောက် မိုဝူကျိက ကောင်းကင်လူသားဂိုဏ်း အနက်ပိုင်းသို့ ဆက်သွားပြီး သူ့လူသားကမ္ဘာထဲ ဝင်ရောက်လိုက်သည်။ သူက ထိုစိတ်ဆန္ဒ အမျှင်လေးကို စတင် ရှာဖွေလိုက်၏။

မိုဝူကျိက ဤသည်မှာ ကောက်ရိုးပုံ၌ အပ်ရှာသည်ထက် ပိုခက်ခဲကြောင်း နားလည်ပေသည်။ အကြောင်းမှာ စိတ်ဆန္ဒကား သူ့ဝိညာဉ်၌ ကပ်တွယ်နေလျှင်ပင် အသိစိတ် ရှိနေမည် မဟုတ်ပေ။ သူ့ကျင့်ကြံဆင့် အဆင့်တစ်ခုရောက်သည့်အခါမှသာ ထိုစိတ်ဆန္ဒလေးက လုံလုံလောက်လောက် အားကောင်းလာပြီး စစ်မှန်သည့် အသိစိတ်တစ်ခုအဖြစ် ဖွံ့ဖြိုးလာလိမ့်မည်။

သို့သော်လည်း ဤကိစ္စကို မိုဝူကျိုအနေနှင့် သေချာပေါက် ခွင့်မပြုနိုင်ပေ။ သူက ထိုစိတ်ဆန္ဒလေး မကြီးထွားလာခင် ဖျက်စီးပစ်ဖို့ လိုအပ်၏။

လူသားကမ္ဘာက မိုဝူကျို၏ ကိုယ်ပိုင် ကမ္ဘာ ဖြစ်ပေသည်။ အတွင်း၌ နတ်ဝိညာဉ်ကြောမျှားနှင့် အဆင့်မြင့် နတ်ဘုရားကျောက် အပုံလိုက် ရှိသည်။ ဟုန်မုန့်စွမ်းအင်နှင့်အတူ မိုးမြေ မီးပြင်းဖိုလည်း ရှိနေလေရာ ဤနေရာကား ကျင့်ကြံရေး ကောင်းကင်ဘုံ ဖြစ်နေသည်။ တာ့ဟွမ်အကြောင်း ထည့်ပြောနေဖို့ပင် မလိုပေ။ ရှိုက်ကောပင် ကျင့်ကြံဆင့် မြင့်ရကောင်းမှန်း သိ၍ ဘေး၌ အားကြိုးမာန်တက် ကျင့်ကြံနေသည်။

မိုဝူကျို လူသားကမ္ဘာထဲ ဝင်ရောက်လာပြီးနောက် သူ့အသိစိတ်မှာ ခန္ဓာကိုယ်အစိတ်အပိုင်း အနှံ့ ပြန့်သွားသည်။ သွေး၊ အရိုး၊ ချီသွေးကြောမျှားနှင့် ဝိညာဉ်အထိ ဖြစ်၏။

တစ်လအကြာတွင် မောပန်းနေသော မိုဝူကျိုက မျက်လုံး ပြန်ဖွင့်လိုက်တော့သည်။ သူ့မျက်ဝန်း၌ စိတ်ပျက်မှုအတိ ဖြစ်နေ၏။ သူက ထိုစိတ်ဆန္ဒကို ရှာမတွေ့နိုင်ခဲ့ပေ။ သူ ကျောက်စိမ်းသေတ္တာကို ဖွင့်လိုက်ပြီး ရုပ်တုကို

ထိလိုက်သည့်အချိန် ဝမ်းနည်းသည့် ခံစားချက်က တဖန်ပြန်လည် ကြီးစိုးလာသည်။ ဆိုလိုသည်မှာ ထိုစိတ်ဆန္ဒလေးသည် သူ့ခန္ဓာအတွင်း ရှိနေဆဲ ဖြစ်ကြောင်း ဆိုလိုခြင်း ဖြစ်၏။

မိုဝူကျိုက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ မည်သို့ပင် ဖြစ်စေကာမူ ထိုစိတ်ဆန္ဒကို ရှာဖွေရမည်။

နောက်တစ်လ ကုန်ဆုံးသွားလေသည်။ မိုဝူကျိုက သူ့မျက်နှာ ဖြူဖျော့နေပြီး အရိုးပေါ် အရည်တင် ဖြစ်နေသည့်အထိ မောဟိုက်နေသည်။ သို့သော်လည်း သူက ထိုစိတ်ဆန္ဒကို ရှာမတွေ့သေးပေ။

မိုဝူကျိုက ရှာဖွေမှု ရပ်တန့်လိုက်၏။ သူက ကိုယ့်ဘာသာ တွေးလိုက်သည် “ ငါက လျူရှင်း ပြန်လည် ဝင်စားတာများလား။ ဒီလိုဆိုရင်တော့ ငါ အဲဒီ စိတ်ဆန္ဒကို ရှာတွေ့နိုင်မှာ မဟုတ်လောက်ဘူး ”

လက်တွေ့၌ မိုဝူကျိုက လျူရှင်းလိုမျိုး အတ္တသမားကို သဘောမကျပေ။ သို့သော် သူသာ လျူရှင်း၏ ပြန်လည် ဝင်စားလာခြင်း ဖြစ်နေခဲ့လျှင် သူ မကြိုက်လျှင်ပင် လက်ခံရမည် ဖြစ်၏။

မိုဂူကျိုက သက်ပြင်းချကာ ရှာဖွေမှုကို ရပ်တန့်ဖို့ ဆုံးဖြတ်လိုက်သည်။ သူက ဘာမှမလုပ်ခင် ကောင်းကင်နတ်ဘုရား နောက်ပိုင်းအဆင့်အထိ မြင့်တင်ရမည်။

ဤတစ်ကြိမ်၌ မိုဂူကျိုက ကျိုးပျက်ဂိုဏ်း၏ အမှတ်အသားကို ရုတ်ချည်း တွေးမိသွား၏။ သူ ကျိုးပျက်ဂိုဏ်း၏ အမှတ်အသား မှတ်သားထားခံရစဉ် သူ့အနေနှင့် ရှာမတွေ့ခဲ့ပေ။

စိတ်ဆန္ဒနှင့် စိတ်ဝိညာဉ် အမှတ်အသားမှာ မတူညီသော်လည်း သဘောတရားအားဖြင့် တူညီနေသည်။ သူတို့နှစ်ခုလုံးက စိတ်ဆန္ဒ ဖြစ်စေ သို့မဟုတ် စိတ်စွမ်းအား၌ ဖြစ်စေ ကျင့်ကြံသူအပေါ် ကပ်တွယ်လျက် ရှိတတ်သည်။ အမှတ်အသားက လူတစ်ယောက်ကို ခြေရာခံဖို့ ဖြစ်ပြီး တစ်ဖက်တွင် စိတ်ဆန္ဒမှာ ပို၍ ကြောက်ဖို့ ကောင်းပေသည်။ အကယ်၍ ကြီးထွားလာပါက ကျင့်ကြံသူအား လုံးဝ ပိုင်စိုးသွားနိုင်သည်။

အကယ်၍ နုန်ရှူဝမ်ကြောင့်သာ မဟုတ်လျှင် သူ့အနေနှင့် ကျိုးပျက်ဂိုဏ်း၏ အမှတ်အသားကို ခြေရာခံနိုင်မည် မဟုတ်ပေ။

နုန်ရှူဝမ်သည် နူးနူးညံ့ညံ့ မိန်းကလေး တစ်ဦး ဖြစ်သော်လည်း အဆိပ်နတ်မိမယ် ဟူသော နာမည်တု တစ်ခု ပိုင်ဆိုင်ထား၏။

သူမက ကျိုးပျက်ဂိုဏ်း၏ လုပ်ကြံရေးသမားတစ်ဦး ဖြစ်ကာ ကျိုးပျက်ဂိုဏ်းအား ကူညီ၍ မြောက်များစွာသော ပညာရှင်များစွာ သတ်ပေးခဲ့သည်။ အကယ်၍ သူ့တွင် အဆိပ်ဖြေလမ်းကြောင်း မပိုင်ဆိုင်ထားလျှင် သူလည်း ထိုလူများထဲမှ တစ်ယောက် ဖြစ်နေလောက်၏။

အဆိပ် နတ်မိမယ် နုန်ရှုဝမ်သည် သူ့လိုမျိုး ဝိညာဉ်ကူးပြောင်းလာသူ တစ်ဦး ဖြစ်၏။ သူမ မသေဆုံးခင် သူ့အား ကျိုးပျက်ဂိုဏ်း၏ အမှတ်အသား တည်နေရာအကြောင်း ပြောပြခဲ့သည်။

ကျိုးပျက်ဂိုဏ်း၏ အမှတ်အသားမှာ ကျင့်ကြံသူတစ်ဦး၏ ကျင့်စဉ် လမ်းကြောင်းအတွင်း တည်ရှိပေသည်။

ထိုအမှတ်အသားမှာ သဘာဝစွမ်းအားများ၌ ကပ်ညှိနေပြီး ကျင့်စဉ်လမ်းကြောင်းအတိုင်း စီးဆင်းလျက် ရှိသည်။ အစပိုင်းတွင် ကျင့်ကြံသူက သူ့ကျင့်ကြံရေး၌ ပြဿနာ ရှိသည်ဟုသာ ခံစားမိလိမ့်မည်။ သို့သော်လည်း အများစုက ဝိညာဉ်စွမ်းအား မလုံလောက်မှု သို့မဟုတ် ဉာဏ်အလင်းပွင့်မှု

မရှိခြင်းတို့ကြောင့်သာ ထင်ကြလိမ့်မည်။ အချိန်ကြာလာသည်နှင့် ကျင့်ကြံသူက ဖြည်းဖြည်းချင်း စိတ်ထဲ ထည့်မတွက်မိတော့ပေ။

လက်တွေ့၌ သူက ကျင့်ကြံနေစဉ်အတွင်း သဘာဝစွမ်းအားအပေါ် ကပ်တွယ်နေသည့် အမှတ်အသားအား အရေးမထားမိခဲ့ပေ။

ကျိုးပျက်ဂိုဏ်း၏ အမှတ်အသားမှာ သူ မြင်ဖူးသမျှအထဲ အထူးချွန်ဆုံး စိတ်ဝိညာဉ် အမှတ်အသား နည်းလမ်း ဖြစ်၏။ ယခုပင်လျှင် သူက ထိုသို့အမှတ်အသားမျိုးကို ဖယ်ရှားရုံမျှသာ တတ်နိုင်ပြီး တခြားလူအပေါ် ထိုသို့ အမှတ်အသား မထားနိုင်သေးပေ။

မိုဝူကျိုက ထိုအတွေးဖြင့် သူ့စွမ်းအားများကို စတင် လှည့်ပတ်လိုက်သည်။ ဤတစ်ကြိမ်၌ သူက ချီသွေးကြော ၁၀၈ ခုလုံး၌ စွမ်းအားအမျှင်များကိုပင် ဂရုတစိုက် စစ်ဆေးလိုက်သည်။

မိုဝူကျိုအား စိတ်ပျက်သွားစေသည်က နောက်ထပ် ဆယ်ရက်ကြာပြီးသည့်နောက်တွင် သူ့ကျင့်ကြံရေးနှင့် ပတ်သတ်သည့် နှောင့်နှေးမှုများ သို့မဟုတ် ပြဿနာများကို မတွေ့ရှိခဲ့ခြင်း ဖြစ်၏။

မိုဝူကျိုက ဒုတိယအကြိမ် လက်လျှော့ဖို့ ပြင်ဆင်လိုက်ချိန် သူ့စိတ်ထဲ၌ အလင်းတစ်ချက် လက်သွားသည်။ မိုဝူကျို စိတ်ထဲ ဘာမှားနေကြောင်း တွေးမိလိုက်ပြီးနောက် ရုတ်ချည်း တုန်လှုပ်သွားတော့သည်။

တကယ်တော့ သူက တစ်ခုခု မှားယွင်းနေကြောင်း ခံစားမိနေသည်မှာ ကြာမြင့်လှလေပြီ။ သူက စိတ်ထဲ အလေးမထားခဲ့ခြင်းသာ ဖြစ်၏။ ယနေ့ နောက်ဆုံးတွင် သူက အဖြေကို ရှာတွေ့သွားပေသည်။

ဤသည်မှာ သူ့၏ လျို့ဝှက်တိုက်ကွက် သေခြင်းရှင်ခြင်း ကံကြမ္မာ စက်ဝန်း ဖြစ်၏။

ယခင် သူ အင်မော်တယ် အုပ်စိုးသူအဆင့် ရောက်စဉ်အခါက သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းလည်း အပြောင်းအလဲ ကြုံတွေ့ခဲ့ရသည်။ သူ့မူလ သေခြင်းရှင်ခြင်း ကံကြမ္မာ စက်ဝန်းသည် အသက်ဓာတ်ကို စုပ်ယူပြီး မရဏ စွမ်းအားအဖြစ် ပြောင်းလဲပေးခြင်း ဖြစ်၏။ သူက ထိုတိုက်ကွက်အပေါ် အသိဉာဏ်အသစ် ပွင့်ပြီးသွားသည့်နောက်တွင်

သူ့သေခြင်းရှင်ခြင်း ကံကြမ္မာ စက်ဝန်းသည် စုပ်ယူထားသော အသက်ဓာတ်မှ ဖြစ်တည်လာခြင်း ဖြစ်နေသည်။

ယခင်က မိုဝူကျိသည် ထိုအရာနှင့် ပတ်သတ်၍ နားလည်မှုတချို့သာ ရှိခဲ့သည်။ သူက သူ့ဘာသာ ဆင့်ကဲပြောင်းလဲသွားသည့် လျို့ဝှက်တိုက်ကွက်မျိုး မကြားဖူးပေ။ လျို့ဝှက်တိုက်ကွက်က အားကောင်းလွန်းသွားသည့်အခါ သူ့ပိုင်ရှင်အပေါ် ပြန်လည် သက်ရောက်မှု ပေးနိုင်သည်မှာ မဖြစ်နိုင်ခြင်းတော့ မဟုတ်ပေ။

မိုဝူကျိ၏ လူသားတာအိုက ဖြည်းဖြည်းချင်း နားလည်နိုင်စွမ်း ရရှိလာပြီး အသိဉာဏ်ပွင့်လာခြင်း ဖြစ်ပေသည်။ အဓိက အကြောင်းအရင်းမှာ သူ့တာအို အသိဉာဏ်ပွင့် လမ်းကြောင်း ရှိထားသည့် အတွက် ဖြစ်၏။ ထို့ကြောင့် မိုဝူကျိက သူ့လျို့ဝှက်တိုက်ကွက် ဆင့်ကဲပြောင်းလဲလာသည့်အကြောင်းကို များစွာ မတွေးမိခဲ့ပေ။ သူက တစ်ခုခု လွဲမှားနေကြောင်းသာ သိခဲ့၏။

ယနေ့တွင် သူက သေခြင်းရှင်ခြင်း ကံကြမ္မာ စက်ဝန်းနှင့် ပတ်သတ်၍ မှားယွင်းနေကြောင်း နားလည်သဘောပေါက်သွားတော့သည်။

လျို့ဝှက်တိုက်ကွက်သည် အမြဲတမ်း ကျင့်ကြံသူတစ်ယောက်အတွက် အသုံးချစရာ ဖြစ်၏။ အသုံးချခံအရာတစ်ခုက ဘယ်လိုလုပ် ပိုင်ရှင်၏ အသက်ခေတ်ကို စုပ်ယူနိုင်မည်နည်း။ သဘာဝ စည်းမျည်းအတိုင်း ဖြစ်မနေပေ။

မိုဝူကျိုက သူ့သေခြင်းရှင်ခြင်း ကံကြမ္မာ စက်ဝန်းသည် အလွန်အားကောင်းကြောင်း သိထားသည်။ သူ့သတ္တလောက လက်ချောင်းပညာရပ် ဖြစ်တည်မလာခင်၊ အချိန် စည်းမျည်းနှင့် ပတ်သတ်၍ နက်နက်ရှိုင်းရှိုင်း မသိခင် သူ့သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းသည် သူ့နံပါတ်တစ် တိုက်ကွက် ဖြစ်ပေသည်။

ယခု သူက သေခြင်းရှင်ခြင်း ကံကြမ္မာ စက်ဝန်းနှင့် ပတ်သတ်၍ ပြဿနာကို နားလည်သွားပြီ ဖြစ်၍ လူသားကမ္ဘာအတွင်း နေ၍ မကျင့်ကြံနိုင်တော့ပေ။ သူက လူသားကမ္ဘာမှ ထွက်လိုက်ပြီး ကောင်းကင်လူသားဂိုဏ်း၏ ဂိုဏ်းချုပ်တောင်ထိပ်ဆီ ရောက်ရှိလာသည်။

သူက သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်း တိုက်ကွက်ထဲမှ ပြဿနာကို သေချာပေါက် ဖယ်ထုတ်ဖို့ လိုအပ်နေသည်။ သို့သော် သူ့သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းကို ထိန်းသိမ်းထားလိုလျှင် ဤပြဿနာကို မည်သို့ ဖယ်ရှားပစ်နိုင်မည်နည်း။

သေခြင်းရှင်းခြင်း ကံကြမ္မာစက်ဝန်းကို အသုံးမပြုဘဲ နေရမည်လား။ သို့သော် ပြဿနာက ပြေလည်သွားမည် မဟုတ်ပေ။

သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းသည် မိုဝူကျို သဘောအကျဆုံးတိုက်ကွက်ထဲမှ တစ်ခု ဖြစ်၏။ သူ့အသက်ခုတ်လမ်းကြောင်းကြောင့် သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းကြောင့် အဆင့်တူအတွင်း အရှုံးဟူ၍ မရှိခဲ့ပေ။ သူ့အား အဆင့်များကို ကျော်လွှားကာ အဆင့်မြင့်သူများကိုပင် အနိုင်ရအောင် လုပ်ပေးထား၏။

ကောင်းကင်လူသားဂိုဏ်းသည် သူ့သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းရှိ ပြဿနာအား ဖယ်ရှားပစ်ဖို့ရာ အကောင်းဆုံးနေရာ မဟုတ်ပေ။ သူ့လူသားကမ္ဘာသည်လည်း အကောင်းဆုံး နေရာ မဟုတ်ပေ။ ခဏတာ စဉ်းစားပြီးနောက်

မိုဂူကျိုက နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ဆီ သွားဖို့ ဆုံးဖြတ်လိုက်သည်။ နိဗ္ဗာနတိတ်ဆိတ်မှုပင်လယ်ထဲ၌သာ သူက အနှောင့်အယှက် ကင်းလိမ့်မည်။

သူ ပြဿနာကို မဖယ်ရှားနိုင်ခင်အထိ ချိန်စုယင်ကို ရှာမည် မဟုတ်ပေ။

................

သုံးလကြာမြင့်ပြီးနောက် မိုဂူကျိုက နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်အစွန်းသို့ ရောက်ရှိလာသည်။

သူက ချင်းဟိုင်လမ်းကြောင်းနှင့် ကူးသန်းအစီအရင် ရှိသည့်နေရာနှင့် ခပ်ဝေးဝေး နေရာကို ရွေးချယ်လိုက်သည်။ ဘေးပတ်လည်၌ ကျင့်ကြံသူများ မရှိကြောင်း အတည်ပြုပြီးနောက် မိုဂူကျိုက နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ထဲ ဝင်သွားလိုက်သည်။

လေ့ကျမ်းနှင့် ပညာရှိတာအိုအဆောင်တို့က သူ့အသိစိတ်ပင်လယ်အား ကာကွယ်ပေးထား၏။ သူ့ဝိဉာဉ်ရုပ်ခန္ဓာကြောင့် သူ့ခန္ဓာပျက်စီးမှု ကာကွယ်ရန် ကျင့်စဉ်ပင် လုပ်ဆောင်စရာ မလိုပေ။

မိုဂူကျိုက ပင်လယ်ကြမ်းပြင် ရောက်လာသည့်အခါ ရက်များစွာ ကုန်လွန်သွားပြီ ဖြစ်၏။ ကာကွယ်ရေး အစီအရင်တစ်ခု ခင်းကျင်းပြီးနောက် သူက ထိုင်ချကာ ချီသွေးကြော ၁ဂ၈ ခုလုံးဖြင့် ပြောင်းပြန် လှည့်ပတ်လိုက်သည်။ လှည့်ပတ်မှုတစ်ခုချင်းစီကား သူ့တာအိုအသိဉာဏ်ပွင့် လမ်းကြောင်းတွင် အဆုံးသတ်သွား၏။ သူက တာအိုအသိဉာဏ်ပွင့်လမ်းကြောင်းဖြင့် သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းရှိ ပြဿနာအား ဖြေရှင်းဖို့ နည်းလမ်းရှာချင်မိသည်။

ကျင့်ကြံရာ၌ အချိန်ဟူ၍ မရှိပေ။

ဆယ်နှစ် .... နှစ်တစ်ရာ .... နှစ်တစ်ထောင် ... နှစ်တစ်သောင်းပင် မျက်စိတစ်မှိတ်အတွင်း ကုန်ဆုံးသွားနိုင်သည်။ နတ်ဘုရားနယ်မြေနှင့် နတ်ဘုရားကုန်းမြေကြား ကူးသန်းသွားလာရေးမှာလည်း ပုံမှန်ကိစ္စ ဖြစ်လာသည်။ နတ်ဘုရားသိုက်မြုံနယ်မြေအသစ်က ဆက်လက် ပေါ်ထွက်နေသောကြောင့် နတ်ဘုရားမျိုးနွယ်စုနှင့် ပဋိပက္ခများက ဆက်လက် တည်ရှိနေဆဲ ဖြစ်၏။

ဤနှစ်တစ်သောင်းအတွင်း မြောက်များစွာသော နတ်ဘုရားမျိုးနွယ်ဝင်များ အသတ်ခံခဲ့ရသည်။ တစ်ချိန်တည်းဆိုသလို နတ်ဘုရားနယ်မြေနှင့် နတ်ဘုရားကုန်းမြေရှိ မြောက်များစွာသော ကျင့်ကြံသူများလည်း နတ်ဘုရားမျိုးနွယ်ဝင် လက်ချက်များကြောင့် သေဆုံးခဲ့ရသည်။

နာမည်ဆိုးနှင့် ကျော်ကြားသည့် မိုဝူကျိက အတိတ်မှ ပုဂ္ဂိုလ်တစ်ယောက်သာ ဖြစ်လာသည်။ သူ့အကြောင်း ပြောသူများ ရှိနေသေး၏။ ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက်နှင့် ပတ်သတ်သော ဇာတ်လမ်းများ၌ မိုဝူကျိဟု ခေါ်သည့် ရက်ရောလှသော ကျင့်ကြံသူ တစ်ယောက်အား အမှတ်ရနေကြသေးသည်။ တစ်ချိန်တည်းဆိုသလို နတ်ဘုရားဂူသင်္ချိုင်းတောင်ကြား၌ ကျေးဇူးတရားကို နားလည်ကာ ပျောက်ကွယ်သွားဖို့ ရွေးချယ်သွားသော မိန်းမလှလေး ချူယို့ကိုလည်း သတိရနေကြလိမ့်မည်။

## အခန်း (၁၀၃၇) : ဖယ်ရှားလိုက်

မိုဝူကျိုက နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ကြမ်းပြင်၌ ရုပ်တုတစ်ခုအလား လှုပ်ရှားမှု ကင်းမဲ့စွာ ထိုင်နေလျက် ရှိပြီး သူ့ဘေးပတ်လည်တွင် တာအိုလှိုင်းတွန့်လေးတချို့ ရှိနေသည်။ ဤသည်မှာ သူသည် ရုပ်တု မဟုတ်ကြောင်း ညွှန်ပြနေခြင်းသာ ဖြစ်ပြီး တစ်စုံတစ်ခုကို အဖြေထုတ်နေဟန် ပေါ်သည်။

နှစ်တစ်သောင်းအတွင်း မိုဝူကျိုက လော့ကျမ်းစာရွက်များအား တမင်သပ်သပ် မသန့်စင်ခဲ့ရသော်လည်း သူ့အသိစိတ်ပင်လယ်အား ကာကွယ်ပေးထားသော လော့ကျမ်းစာရွက် ခြောက်ရွက်လုံးက အတားအဆီး ၁၀၆ ခုမြောက်အထိ သန့်စင်ပြီးသွားလေပြီ။

သူ့ချီသွေးကြောများ လှည့်ပတ်ရာ စက်ဝန်းအတွင်း စုဆောင်းထားသော မိုဝူကျို၏ နတ်သဘာဝစွမ်းအားများသည် ထူးထူးကဲကဲ ပမာဏအထိ ဖြစ်လာပြီ ဖြစ်၏။ အကယ်၍ မိုဝူကျိုသာ အဆင့်တက်သွားခဲ့လျှင် အချိန်တိုအတွင်း သူ စိတ်မကူးနိုင်သည့် အဆင့်တစ်ခုသို့ တန်းရောက်သွားပေလိမ့်မည်။ သို့သော်လည်း သူ့သဘာဝစွမ်းအားများက သူ့အသိစိတ်ပင်လယ်၊

စွမ်းအင်ဗဟိုချက်နှင့် ချီသွေးကြောများအတွင်း လှည့်ပတ်လျက်ရှိနေပြီး နောက်တဆင့် ချိုးဖောက်ဖို့ အသုံးပြုမည် မဟုတ်ပေ။

“ ဂျွတ် ” တာအို အသိဉာဏ်ပွင့်လမ်းကြောင်းသည် ပမာဏနည်းနည်းသာ ထုတ်ပေးနိုင်ကာ ချီသွေးကြောအတွင်း နာကျင်မှုကို ခံစားမိလိုက်သည့်အတွက် မိုဝူကျိက ချက်ချင်း မျက်လုံးဖွင့်လိုက်သည်။

သူ့အနေနှင့် ဆက်လက် အဖြေထုတ်ဖို့ နည်းလမ်း မရှိတော့ပေ။ သူ့တာအိုအသိဉာဏ်ပွင့် လမ်းကြောင်းမှာ ကန့်သတ်ချက် ရောက်သွားသည့်အတွက် ဆက်လက် အသုံးပြုနေလျှင် ပျက်စီးသွားနိုင်သည်။

မိုဝူကျိက သူ့သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းအတွက် နောက်တဆင့် အဖြေထုတ်ဖို့ မလိုအပ်တော့ပေ။ ယခင်နှစ်တစ်သောင်းအတွင်းရှိ သူ့ကြိုးစားအားထုတ်မှုများမှ အကြမ်းဖျင်း အတွေးတစ်ခု ရရှိလိုက်သည်။ သူ့လက်ရှိကျင့်ကြံဆင့်ဖြင့် ထိုအကြမ်းဖျင်း အတွေးတစ်ခု ရရှိလာခြင်းက အံ့ဖွယ် ဖြစ်နေလေပြီ။ အကယ်၍ သူသာ ဆက်လက် တွန်းအားပေးနေလျှင် ရလဒ်ပြောင်းပြန် ဖြစ်သွားနိုင်သည်။

မိုဂူကျိုက မတ်တတ်ရပ်လိုက်ပြီးနောက် နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ပြင်အထက်သို့ ပြန်သွားလိုက်သည်။

နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ပြင်ကြီးသည် ကျယ်ပြောလွန်းသောကြောင့် မိုးကုတ်စက်ဝန်း၌ ပုံရိပ်တစ်ခုပင် မမြင်တွေ့နိုင်ပေ။ မိုဂူကျိုမှလွဲ၍ သဟဇာတ နတ်ဘုရားများ ဖြစ်နေလျှင်ပင် မည်သူကမှ တည်ရှိနေနိုင်မည် မဟုတ်ပေ။ သူကား ဝိညာဉ်လမ်းကြောင်းများဖြင့် မကျင့်ကြံရုံသာမက ဝိညာဉ်ကြောလည်း မရှိပေ။

နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ပြင်အထက်၌ လှိုင်းတွန့်မရှိသည့် တည်တည်ငြိမ်ငြိမ် ရေမျက်နှာပြင်ကြီးကို ကြည့်ကာ မိုဂူကျို၏ စိတ်နှလုံးသားကို တစ်ဖက်တစ်ချက်နှင့် မျက်နှာမူကာ အဆုံးအစမဲ့ ဖြန့်ကျက်လိုက်သည်။

**တစ်ရက် … နှစ်ရက် …**

၄၉ ရက်ကြာမြင့်ပြီးနောက် မိုဂူကျိုက သူ့ချီသွေးကြော ၁၀၈ ခုလုံးဖြင့် အသည်းအသန် လှည့်ပတ်ရင်း အားရပါးရ ဟာစ်ကြွေးလိုက်သည်။ သူက ရေမျက်နှာပြင်အထက် ရှေ့တစ်လှမ်းတိုးကာ လက်ဟန်များကို ဆက်တိုက်

ပြုလုပ်လိုက်ရင်း လေထုထဲ၌ ရိုးရှင်းသော လက်အမှတ်အသားတစ်ခု ဖြစ်တည်လာသည်။

အရာအားလုံးက ရိုးရိုးရှင်းရှင်းမှ အစပြုလာခြင်း ဖြစ်၏။ သာမာန်မှ အစပြုခြင်းတစ်ခုတည်းကသာ ဖြည်းဖြည်းချင်းဖြင့် ထူးခြားလာမည် ဖြစ်၏။

အရိုးရှင်းဆုံး လက်အမှတ်အသားက အဆုံးမဲ့သော အချိန်နှင့်အာကာပြင်ကြီးကို ဖြတ်သန်းလာပြီး သာမာန်အကျဆုံးမှ အားအကောင်းဆုံး တာအိုအဖြစ် ပြောင်းလဲသွားဟန် ပေါ်သည်။ သူ့ရှေ့ရှိ မြင်ကွင်းမှာ လက်ဟန်များအောက်၌ အရွယ်ရောက်လာကာ သေဆုံးသွားကြသည့်နှယ် ပေါ်နေသည်။

“ လူသားတာအို .... အသုံးမဝင်တဲ့ အတွေးအားလုံးကို ဖယ်ရှားလိုက် ”

မိုဝူကျိုက အားရပါးရ အော်ဟစ်လိုက်သည့်အခါ လက်ဟန်များက တာအိုသတ်ဖြတ်ရေး တစ်ခုပြီးတစ်ခု ဖော်ထုတ်ကာ သူ့ခန္ဓာကိုယ်ပေါ် ကျရောက်လာစေသည်။

သူ့အသက်ခါတ်မှာ တန့်သွားပြီး မရဏာစွမ်းအားမှာ ဖျက်စီးခံလိုက်ရသည်။ ထိုစဉ် မိုဝူကျိုနှင့် မသက်ဆိုင်သည့်

လျို့ဝှက်တိုက်ကွက် တာအို အားလုံးက သူ့မဟာလူသားတာအိုခဲ့၌ ရှင်းရှင်းလင်းလင်း ပေါ်လာသည်။

သူ့မဟာလူသားတာအို၏ သတ်ဖြတ်ရေး ဖြစ်စဉ်က သူ့အပိုင် မဟုတ်သည့် လျို့ဝှက်တိုက်ကွက်အားလုံးကို တုံ့ဆိုင်းခြင်းမရှိ ခွဲခြမ်းပစ်လိုက်ပြီး အသိစိတ်၏ စွမ်းအားများက မျက်စိနှင့် မြင်နိုင်လောက်သည့်အထိ နိဗ္ဗာနတိတ်ဆိတ်မှုပင်လယ်အတွင်း ကျရောက်သွားရသည်။

“ ဝုန်း ” အေးချမ်းငြိမ်သက်လျက် ရှိနေသည့် နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ကြီးက လေဟုန်ထန်လာကာ လှိုင်းလုံးများ ထွက်ပေါ်လာပြီး မိုဝူကျို ခြေထောက်အောက်တွင် လှိုင်းလုံးနံရံမျာ ဖွဲ့စည်းဖြစ်တည်လာသည်။

မိုဝူကျိုက သွေးတန်း ဆယ်ချက်လောက် အန်ထုတ်လိုက်ရသောကြောင့် မျက်နှာမှာ စာရွက်ဖြူလို ဖြူဖျော့သွားလေ၏။

သို့သော်လည်း မိုဝူကျိုက ဒဏ်ရာအပြင်းအထန် ရထားဟန် မပေါ်ဘဲ အလွန်အမင်း စိတ်လှုပ်ရှားနေဟန် ပေါ်သည်။ ထိုထဲ၌ သက်တောင့်သက်သာ ဖြစ်မှုနှင့် ပျော်ရွှင်မှုတို့လည်း

ပါဝင်နေသည်။ မိုဝူကျိုက အနှောင့်အယှက်မရှိ သက်တောင့်သက်သာ ဖြစ်မှုကို ပထမဆုံးအကြိမ် ခံစားမိခြင်း ဖြစ်၏။

သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းမှ သူ မပိုင်ဆိုင်ထားသော အသိစိတ်အမျှင်လေးကို ဖြတ်တောက်ပြီးနောက် သူ့လူသားတာအိုက တိုးတက်လာလေသည်။

သူ အော်ဟစ်လိုက်သည့်အခါ ဘေးပတ်လည်ရှိ လှိုင်းလုံးများကလည်း သူ့အတွက် ဟစ်ကြွေးနေဟန် ပေါ်ကာ ယခင်ထက် မြင့်တက်လာ၏။

လှိုင်းလုံးများက မည်မျှ မြင့်တက်လာစေကာမူ သူတို့က မိုဝူကျို၏ ခြေထောက်အောက်ခြေသာ ရှိနေပြီး ခန္ဓာကိုယ်အား လုံးဝ မထိနိုင်ပေ။

အစီအရင်အလံ ဆယ်ခုကို ထုတ်လွှင့်ပြီးနောက် အာကာပြင် သင်္ကေတများ ကျဆင်းလာသည်။ ထို့နောက် ထိပ်တန်းတပိုင်းအဆင့် နတ်ဝိညာဉ်သွေးကြောကို ခြေထောက်အောက် ပစ်ထည့်လိုက်သည်။

ထိုစဉ် မိုဂူကျို၏ ချီသွေးကြော ၁၀၈ ခုလုံးကလည်း မြန်မြန်ဆန်ဆန် လှည့်ပတ်လာကာ အသက်ခေတ်လမ်းကြောင်းကလည်း အချိန်တိုလေးအတွင်း သူ့တစ်ကိုယ်လုံးအား ပြန်လည် အားဖြည့်ပေးနေသည်။

**မိုဂူကျို၏ ကျင့်ကြံဆင့်မှာ ရုတ်ချည်းဆိုသလို ကောင်းကင်နတ်ဘုရား အဆင့် ၅ .... အဆင့် ၆ ...**

ထိပ်တန်းတပိုင်းအဆင့် နတ်ဝိညာဉ်သွေးကြောမှာလည်း မျက်စိနှင့် မြင်တွေ့နိုင်လောက်သည့်အထိ လျှော့ပါးပျောက်ကွယ်လာသောကြောင့် မိုးမြေစည်းမျည်း သဘာဝ ဆေးလုံးတစ်လုံးနှင့် နောက်ထပ် ထိပ်တန်းတပိုင်းအဆင့် နတ်ဝိညာဉ်သွေးကြောအား ထပ်အားဖြည့်ပေးလိုက်ရသည်။

**ကောင်းကင်နတ်ဘုရား အဆင့် ၉ ... အဆင့် ၁၀ ....**

“ ဝုန်း .... ဂျွတ် ” မိုဂူကျို၏ ကျင့်ကြံဆင့်က ကောင်းကင်နတ်ဘုရားအဆင့် ၁၂ သို့ ရောက်သွားသည့်အခါ သိပ်သည်းလှသော ကြောက်မက်ဖွယ် မိုးကြိုးချက်ကြီးက သူ့ဆီ ကျဆင်းလာသည်။

နောက်ထပ် အော်သံတစ်သံ ထွက်ပေါ်လာကာ မိုဝူကျိုက ထိုမိုးကြိုးချက်အား လက်သီးဖြင့် ဖြိုခွင်းလိုက်သည်။

ယခင် သူ မိုးကြိုးစမ်းသပ်ချက် ခံယူသည့်အခါ လျှပ်စီးအဆီအနှစ်များကို စုပ်ယူနိုင်သော်လည်း မိုးကြိုးစမ်းသပ်ချက် အရမ်းအားကောင်းလွန်းလာသည်နှင့် သူက တိုက်ခိုက်ဖို့သာ ရွေးချယ်ခဲ့ရသည်။

သို့သော် ယခုတွင် သူက လျှပ်စီးအဆီအနှစ်များကို အလွယ်တကူ အနိုင်ယူနိုင်ပြီ ဖြစ်၍ မိုးကြိုးစမ်းသပ်ချက် အားကောင်းလာလေလေ လျှပ်စီး သဘာဝစွမ်းအားအပေါ် သူ့နားလည်စွမ်း ပိုမို မြင့်တက်လာလေလေ ဖြစ်၏။ ဤသို့ လွယ်ကူသက်တောင့်သက်သာ ဖြစ်သည့် မိုးကြိုးစမ်းသပ်ချက်ကို ဘဝ၌ တစ်ခါမှ မကြုံတွေ့ခဲ့ဖူးပေ။

“ ဝုန်း ဝုန်း ဝုန်း ”

မိုးကြိုးချက်များ ကျဆင်းလာသည့်အခါ လက်သီးချက်နှင့် တွေ့ဆုံသွားသည်။ မိုဝူကျို၏ ကျင့်ကြံဆင့်က အတားအဆီးကို ချိုးဖျက်ကာ နတ်ဘုရားအုပ်စိုးသူအဆင့်သို့ ရောက်ရှိသွားတော့သည်။

ထိုအခါမှ သူက နှစ်တစ်သောင်းအတွင်း စုဆောင်းထားသမျှအရာအားလုံးကို အသုံးပြုလိုက်ရခြင်း ဖြစ်၏။

မိုးသဖွယ် ကျဆင်းနေသော မိုးကြိုးချက်များက တဖြည်းဖြည်း အားနည်းသွားလေသည်။ သူ့ခြေထောက်အောက်ရှိ လှိုင်းလုံးများသြ မာန်ဖီသံကလည်း အားပျော့သွားလေသည်။ မိုဝူကျိုပင် မိုးကြိုးချက်များကို မခုခံတော့ဘဲ သူ့လူသားကမ္ဘာကိုသာ အာရုံအပြည့်အဝ စိုက်ထားလိုက်သည်။

လူသားကမ္ဘာသည် ကီလိုမီတာ တစ်သိန်းလောက်အထိ ကျယ်ပြန့်လာပြီ ဖြစ်ပြီး တောင်ကုန်းများလည်း ပုံသဏ္ဍာန် ပေါ်လာသည်။ ကောင်းကင်ထဲ၌ နေ၊ လနှင့် ကြယ်များပင် ရှိနေသည်။ ဤသည်မှာ စည်းမျည်းတစ်မျိုး၏ အကြိုနိဒါန်းမျှသာ ဖြစ်သောကြောင့် အစစ်အမှန် ပုံရိပ်ရှိပေသည်။ လျှပ်စီး သဘာဝစွမ်းအား ဇာစ်မြစ်အပေါ် အသိအမြင် ရရှိပြီးနောက် သူ့လူသားကမ္ဘာထဲ၌ ပြောင်းလဲမှု အသစ်စွမ်းအား တစ်မျိုး ရှိနေသည်။

ရှိုကျက်ကောနှင့် တာ့ဟွမ်တို့က လူသားကမ္ဘာအတွင်း အပြောင်းအလဲကို ကြည့်ကာ အံ့သြနေကြ၏။

ဤနှစ်တစ်သောင်းအတွင်း တာ့ဟွမ်၏ ကျင့်ကြံဆင့်မှာ ကောင်းကင်နတ်ဘုရား အဆင့် ၇ သို့ ရောက်ရှိနေပြီး ရှိုက်ကောမှာ ကောင်းကင်နတ်ဘုရား အဆင့် ၃ ရောက်နေလေပြီ။

မိုဝူကျို ခန့်မှန်းထားသည့်အတိုင်း ရှိုက်ကောနှင့် တာ့ဟွမ်တို့က လူသားကမ္ဘာအတွင်း ကောင်းကင်နတ်ဘုရားအဆင့် တက်လှမ်းဖို့ရာ နတ်ဘုရားအသွင်သဏ္ဍာန် ဖွဲ့စည်းဖို့ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် မလိုခဲ့ပေ။

မိုဝူကျိုက ကျောက်စိမ်းသေတ္တာတစ်ခုကို ဖွင့်လိုက်သည်။

ထိုသေတ္တာလေးထဲ၌ ကောင်းကင်လူသားဂိုဏ်း၏ ရုပ်တု အကြွင်းအကျန်များကို သိမ်းဆည်းထားခြင်း ဖြစ်၏။ သူက ထိုအကြွင်းအကျန်များကို ကြည့်လိုက်သည့်အခါ အပျက်အစီးကျောက်ပုံနှင့်သာ တူနေပြီး မည်သည့် ခံစားချက်မှ မခံစားရတော့ပေ။

ထိုအကြွင်းအကျန် သေတ္တာကို လွှင့်ပစ်လိုက်ပြီး မီးတောက်တစ်ခု ပစ်လွှတ်ကာ ပြာအဖြစ် ပြောင်းလဲပစ်လိုက်သည်။

မိုဝူကျိုက ထိုအကြွင်းအကျန်များကို ပင်လယ်ထဲ လွှင့်ပစ်လျှင် ပိုကောင်းမည်မှန်း သိထားသော်လည်း သူ့သေခြင်းရှင်ခြင်း

ကံကြမ္မာစက်ဝန်းရှိ အသိစိတ်အမျှင်လေးကို ဖျက်စီးနိုင်မည် မဟုတ်ဘဲ နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ထဲသာ ထုတ်လွှင့်နိုင်လိမ့်မည်။ လျှို့ရှင်း၏ အသိစိတ်အမျှင်လေးက ထိုရုပ်တုအကြွင်းအကျန် အပိုင် ဖြစ်သင့်သောကြောင့် မဖျက်စီးပစ်ခြင်းက အသိစိတ်ကို အကျိုးပြုလိမ့်မည်။

သို့သော်လည်း မိုဝူကျိက ဤသို့ ကြင်နာတတ်သော နှလုံးသား မရှိပေ။ ထိုအသိစိတ်ငွေရောင်အမျှင်လေးက သူ့အား နှစ်တစ်သောင်းကြာ တံခါးပိတ် လေ့ကျင့်စေသည့်အထိ ဖြစ်စေခဲ့ပြီး သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းဖြင့် သူ့အား ပြန်လုပ်ကြံရန် ရည်ရွယ်ထားသေးသည်။ အသိစိတ် မရှိနေစဉ်က သူတို့က တစ်ယောက်နှင့် တစ်ယောက် ကူညီပေးခဲ့ကြ၏။

ထိုလုပ်ဆောင်ချက်များ အဆုံးသတ်ပြီးနောက် မိုဝူကျိက မြောက်များစွာသော လက်ဟန်များကို တဖန် ထုတ်ဖော်လိုက်ပြီး နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ပြင်၌ သေခြင်းရှင်ခြင်း၏ ယင်ယန်စက်ဝန်းအား ဖန်တီးလိုက်သည်။

**သေခြင်းရှင်ခြင်း ကံကြမ္မာ စက်ဝန်း**

သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းသည် အသက်ခေတ်ကို မစုပ်ယူနိုင်တော့သလို မရဏစွမ်းအားကိုလည်း ကြီးထွားခွင့် မပေးတော့ပေ။ ထို့အစား လက်ရှိ အင်အားမှာ သူ့ထိုးထွင်းသိမြင်ဉာဏ်နှင့် ဆုံးဖြတ်နိုင်သည်။ သူ့ကျင့်ကြံဆင့် မြင့်လာပြီး ထိုးထွင်းဉာဏ် ထက်လာလေလေ သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းကလည်း ပိုအားကောင်းလာလေလေ ဖြစ်၏။

မိုဝူကျိုက သန့်ရှင်းရေး နည်းစနစ်ဖြင့် ဖုန်များ ဖယ်ရှားပြီးနောက် အဝတ်အသစ် လဲလှယ်ဝတ်ဆင်လိုက်သည်။ ထို့နောက် နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ပြင်မှ ပျောက်ကွယ်သွားတော့သည်။

မိုဝူကျိုက နတ်ဘုရားအုပ်စိုးသူအဆင့် ရောက်ရှိနေပြီ ဖြစ်၍ လေရွှေ့ပြောင်းစွမ်းရည်မှာ နောက်၌ အရိပ်အယောင် မကျန်ရှိခဲ့ရုံသာမက သူ ရွှေ့ပြောင်းလိုက်သည့်အခါတိုင်း လေသဘာဝ၌ မငြိမ်မသက် ဖြစ်သွားမှုပင် မရှိတော့ပေ။

နတ်ဘုရားဘုရင်ကို မျက်ခြေဖြတ်ရမည်ဆိုလျှင်ပင် သူ့အနေနှင့် လွတ်မြောက်နိုင်ကြောင်း ယုံကြည်ချက် အပြည့်အဝ ရှိ၏။

နှစ်တစ်သောင်း ကြာမြင့်သွားပြီ ဖြစ်ရာ ချိန်စုယင်နှင့် သူ့သေမျိုးနယ်မြေတို့ အဆင်ပြေနေပါ့မလား မသိပေ။

မူလက မိုဝူကျိသည် ခွန်းဝူခေးနှင့် လော့ကျမ်းတို့အား သန့်စင်ရန် အချိန်လိုချင်သော်လည်း သူ့ကျင့်ကြံဆင့်က နတ်ဘုရားအုပ်စိုးသူအဆင့် ရောက်ရှိသွားပြီ ဖြစ်ရာ သူ့အနေနှင့် လျို့ဝှက်တိုက်ကွက်များအား ပြန်လည် သုံးသပ်ဖို့ လိုအပ်ပေသည်။ သို့သော် မိုဝူကျိက ချိန်စုယင်ကို အရမ်းလွမ်းဆွတ်နေပြီ ဖြစ်၍ ထိုကိစ္စများအား သူမကို တွေ့သည့်အထိ ဆိုင်းငံ့ထားရန် ဆုံးဖြတ်လိုက်သည်။

…………………

## နတ်ဘုရားနယ်မြေ မြို့အသစ်

မိုဝူကျိအနေနှင့် ဤနတ်ဘုရားနယ်မြေအသစ်သို့ ရောက်သည်မှာ ပထမဆုံးအကြိမ် ဖြစ်၏။ နတ်ဘုရားနယ်မြေတစ်ခုလုံး၌ နတ်ဘုရားနယ်မြေ မြို့အသစ်သည် အကြီးမားဆုံးသော ကျင့်ကြံရေးမြို့တော် ဖြစ်၏။

မြို့ကို တည်ဆောက်ထားသည်မှာ နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ကို ဖြတ်၍ သွားလာမည့် ကူးသန်းအစီအရင် ရှိနေသောကြောင့် ဖြစ်၏။

ကူးသန်း အစီအရင်က နတ်ဘုရားကုန်းမြေနှင့် ဆက်နွှယ်နေရုံသာမက တခြားသော ကူးသန်းအစီအရင်များမှာလည်း နတ်ဘုရားသိုက်မြို့ နယ်မြေအသစ်သို့ ဦးတည်နေသည်။ နတ်ဘုရားနယ်မြေ မြို့အသစ်နှင့် ဆက်သွယ်ထားသော ကူးသန်းအစီအရင်များမှာ အဓိက မြို့ကြီးများတွင် တည်ရှိပေသည်။

ဤသည်က ဖြည်းဖြည်းချင်း ဖွံ့ဖြိုးတိုးတက်နေသည့် သေမျိုးလောကတွင် ဖြစ်စေ သို့မဟုတ် အဆင့်မြင့် စည်းမျည်းများ ရှိသည့် ကျင့်ကြံရေး လောကတွင် ဖြစ်စေ အချက်အချာ ကျလာသည်။ အရိုးရှင်းဆုံးပြောရလျှင် အားလုံးနှင့် ဆက်သွယ်နေသည့် မြို့တစ်မြို့က အလျှင်အမြန် ဖွံ့ဖြိုးလာမည်သာ ဖြစ်၏။ နတ်ဘုရားလောကတွင်လည်း ထိုသဘောတရားက သက်ရောက်မှု ရှိနေသေး၏။

နတ်ဘုရားနယ်မြေ မြို့အသစ်သည် နှစ်တစ်သောင်းကြာမျှသာ ကြာမြင့်သော တည်ရှိမှုတစ်ခု ဖြစ်သော်လည်း နတ်ဘုရားလောက၏ နံပါတ်တစ် ကျင့်ကြံရေးမြို့တော်တစ်ခု ဖြစ်သည်မှာ မငြင်းဆန်နိုင်ပေ။ မြေတစ်နေရာစီချင်းက

တော်တော်အဖိုးတန်လှသောကြောင့် ငွေကြေးအင်အားနည်းသည့် အဖွဲ့အစည်းများအနေနှင့် မြို့အတွင်း၌ ခြေကုပ်ရဖို့ မဖြစ်နိုင်ပေ။

အိမ်ခြေယာမဲ့ လေလွင့်ကျင့်ကြံသူတစ်ယောက်ဟာန် ပြောင်းလဲလိုက်ပြီးနောက် မိုဝူကျိက နတ်ဘုရားနယ်မြေ မြို့အသစ်သို့ သွားလိုက်သည်။ သူ ခံစားမိသည့် ပထမဆုံးအရာမှာ နတ်ဝိညာဉ်စွမ်းအား သိပ်သည်းမှု ဖြစ်၏။ စွမ်းအားစုစည်းရေး အစီအရင်မှာ သေချာပေါက် အဆင့် ၇ ဖြစ်ပေလိမ့်မည်။ သူ့အနေနှင့် စန်းကျန့်ရှင်းကိုပင် အနည်းငယ် သတိရမိသွားသည်။ စန်းကျန့်ရှင်းသာ အဆင့် ၇ စွမ်းအားစုစည်းရေး အစီအရင်ကို ခင်းကျင်းနိုင်လိမ့်မည်။ ရှင်းမူနှင့် ယှဉ်လျှင် စန်းကျန့်ရှင်းကသာ သူ အမှန်တကယ် လေးစားရသူ ဖြစ်၏။

ထိုကာကွယ်ရေး အစီအရင်ပေါ်ရှိ သင်္ကေတများက မိုဝူကျိနှင့် ရင်းနှီးနေသည်။ သူတို့က သူ့ဆီမှ လက်ဆင့်ကမ်းလာခြင်း ဖြစ်သောကြောင့် နတ်ဘုရားနယ်မြေ မြို့အသစ်က ကာကွယ်ရေး အစီအရင် အသက်သွင်းလျှင်ပင် သူ့အား ရပ်တန့်စေနိုင်မည် မဟုတ်ပေ။

အစိမ်းရောင်ကျောက်လမ်းတိုင်းက မီတာအတော် ကျယ်ဝန်းကာ လမ်းမကြီးသည် မီတာ တစ်ရာကျော် ရှိ၏။ နိဗ္ဗာန်တာအိုမြို့လောက် မကြီးကျယ်သော်လည်း ဤနတ်ဘုရားနယ်မြေ၌ မြို့အသစ်အတွက် နေရာချထားမှုသည် အသင့်တော်ဆုံး ဖြစ်၏။

မိုဝူကျိုက စိတ်စွမ်းအားဖြင့် အတားအဆီးမရှိ လမ်းများကို ဖြန့်ကျက်ထားလိုက်သည်။ သူက "မုန်ညှင်းနက် ကုန်သည်အိမ်တော်" ဟု ဆိုင်းဘုတ်ကို မြင်လိုက်ရသည့်အခါ ဒေါသများ ပေါက်ဖွားလာမိသည်။

ယခင် သူ နတ်ဘုရားနယ်မြေထဲ ရောက်လာခါစအချိန် ဤကုန်သည်အိမ်တော်က သူ့အား ပြန်ပေးဆွဲကာ နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားထဲ စေလွှတ်ခံရတော့မတတ် ဖြစ်ခဲ့ဖူးသည်။ ယခု သူက မုန်ညှင်းနက် ကုန်သည်အိမ်တော်ကို နောက်တစ်ကြိမ် ပြန်တွေ့ရသည့်အခါ မိုဝူကျိုက ချက်ချင်း လျှောက်လှမ်းသွားလိုက်သည်။ အကယ်၍ အနီးအနား၌ နတ်ဘုရားဘုရင် ရှိမနေပါက ကုန်သည်အိမ်တော်ကို အရင်ဆုံး ဖျက်စီးပစ်မည်။ သူ ရန်စမိထားသော အဖွဲ့အစည်းများက တစ်ခု၊

နှစ်ခု မကပေ။ အကယ်၍ သူ့အနေနှင့် နောက်တစ်ခု ထပ်မံ၍ ရန်စမိလျှင်ပင် ဘာမှ ထူးခြားလာမည် မဟုတ်ပေ။ ထို့အပြင် သူက သွင်ပြင်ကို ပြောင်းလဲထားပြီ ဖြစ်ရာ မည်သူကမျှ သူ့အား မှတ်မိမည်နည်း။

## အခန်း (၁၀၃၈) : အသိစိတ်ပင်လယ် နှစ်ခုနှင့် အမျိုးသား

မိုဝူကျိက မုန်ညှင်းနက် ကုန်သည်အိမ်တော်၌ နတ်ဘုရားဘုရင် မရှိကြောင်း ခန့်မှန်းမိပေသည်။ အကယ်၍ တစ်ယောက်ယောက် ရှိနေခဲ့လျှင် ရှီနန်မော့က မုန်ညှင်းနက် ကုန်သည်အိမ်တော်၏ ယင်ချုံချန်းကို သတ်ပစ်ရဲမည် မဟုတ်ပေ။

မုန်ညှင်းနက် ကုန်သည်အိမ်တော်အတွင်း၌ ဆူညံပွက်လောရိုက်နေပြီး အနည်းဆုံး လူတော်တော်များများ ရှိနေသည်။

မိုဝူကျိက နတ်ဘုရားအုပ်စိုးသူအဆင့် ဖြစ်သော်လည်း သူ့လူသားတာအိုမှာ ပြီးပြည့်စုံသည့်အထိ တိုးတက်နေဆဲ ဖြစ်၏။

သူသာ ကျင့်ကြံဆင့် အစစ်အမှန်ကို မဖော်ထုတ်လျှင် တခြားသော သာမာန် ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူနှင့် ကွာခြားမှု မရှိပေ။

မိုဝူကျိုက အတွင်းပိုင်းရှိ ကောင်တာအထိ သွားလိုက်ပြီးနောက် ဒေါက်ဒေါက် ခေါက်လိုက်ကာ ဆိုင်ကူတစ်ဦးကို ပြောလိုက်သည့် “ ငါ အဖိုးတန်တာတချို့ ဝယ်ချင်တယ်။ ဒီမှာ ရှိလား ”

သူက မုန်ညှင်းနက် ကုန်သည်အိမ်တော်သည် နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် စီးပွားရေး ရှိနေသေးလားဟု သိချင်မိသည်။ လူများစွာက နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် ၈၀ ရာခိုင်နှုန်းနှင့်အထက်သည် နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားမှ ထွက်လာကြောင်း သိကြပေသည်။ သူတို့ မည်သို့ စုဆောင်းရသည်ကိုလည်း သိထားကြ၏။ သို့သော် ထိုကိစ္စအား စိတ်ထဲ ထည့်ကြသည့်သူ မရှိပေ။

မုန်ညှင်းနက် ကုန်သည်အိမ်တော်၏ မတော်တရားမှုများကို ကြားပြီး နေရာ၌ ယင်ချိုချုန်းကို တန်းသတ်ပစ်ခဲ့သည့် ရှီနန်မော့လိုမျိုး လူသစ်လေးမျိုးက အလွန်တရာ ရှားပါးလှသည်။ ထို့အပြင် ရှီနန်မော့က ယင်ချိုချုန်းကို သတ်ပစ်ခဲ့သည်မှာ

မုန်ညှင်းနက် ကုန်သည်အိမ်တော်က သူမ၏ စေ့စပ်ထားသူကို ပြန်ပေးဆွဲသွား၍ ဖြစ်ပြီး နတ်ဘုရားအသွင်သဏ္ဌာန်ကျောက် ရယူဖို့ရာ ကနဦး နတ်ဘုရားအဆင့်များကို ရန်မူခဲ့၍ မဟုတ်ပေ။

အရေးကြီးဆုံးအချက်က လျှပ်စီးခါးအိမ်တော်က ကုန်သည်အိမ်တော်ကို မကြောက်ရွံ့ခြင်း ဖြစ်၏။

မိုဝူကျိ၏ စကားကို ကြားကာ ဆိုင်အကူလေးက မိုဝူကျိအား ခြုံငုံကြည့်လိုက်သည်။ တစ်ချက်ကြည့်ရုံဖြင့် မိုဝူကျိသည် ကျင့်ကြံဆင့် နိမ့်ပြီး သာမာန်ပါရမီသာ ရှိကြောင်း တန်းသိလိုက်သည်။ ထို့ကြောင့် သူ့တွင် ပိုက်ဆံများစွာ မရှိလောက်ပေ။

မိုဝူကျိက ရယ်မောပြီးနောက် လက်စွပ်တစ်ကွင်း ထုတ်ကာ " ကျုပ်ဆီမှာ နတ်ဘုရားကျောက်တွေ ရှိပါတယ် ... ကြည့်ကြည့်ပါဦး "

ဆိုင်အကူ၏ စိတ်စွမ်းအားက လက်စွပ်အတွင်းကို စစ်ဆေးကြည့်လိုက်သည့်အခါ မျက်လုံးများ လင်းလက်လာ၏။ သူက လက်သီးအသာဆုပ်ကာ မိုဝူကျိရှေ့ ရောက်လာသည်။ သူက ဆိုင်အကူမျှသာ ဖြစ်ပြီး မုန်ညှင်းနက် ကုန်သည်အိမ်တော်၌

အလုပ်လုပ်နေသည်မှာ ပထမဆုံးနေ့ မဟုတ်သောကြောင့် အခြေအနေမျိုးစုံကို မြင်တွေ့ဖူးလေသည်။

သို့သော်လည်း ဤနည်းလမ်းက သူ့အား ယနေ့အထိ ဖြစ်လာစေခြင်း ဖြစ်၏။ မိုဝူကျိ၏ လက်စွပ်တွင် အဆင့်မြင့် နတ်ဝိညာဉ်သွေးကြော သုံးခု ရှိနေရုံသာမက အဆင့်မြင့် နတ်ဘုရားကျောက် သန်းဆယ်ချီ၍လည်း ရှိနေသေးသည်။

မိုဝူကျိလိုမျိုး ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူ တစ်ယောက်အနေနှင့် ချမ်းသာနေပြီ ဖြစ်၏။ သူသာ ဤအခွင့်အရေးကို လက်လွတ်ခံလိုက်လျှင် မုန်ညှင်းနက်ကုန်သည်အိမ်တော်၏ ဆိုင်အကူ ဖြစ်ဖို့ ထိုက်တန်မည် မဟုတ်ပေ။

“ တာအိုရောင်းရင်း ဘာလိုချင်တာလဲဆိုတာ အထဲဝင်ပြီး ဆွေးနွေးကြတာပေါ့ ” မိုဝူကျိက လက်စွပ် သိမ်းလိုက်သည်ကို မြင်ကာ ဆိုင်အကူက ပျူပျူငှာငှာ ပြောလိုက်သည်။

မိုဝူကျိက ခေါင်းညိတ်ကာ “ ကောင်းတာပေါ့ … ရှေ့ကနေ လမ်းပြပေးပါ ”

ဆိုင်အကူက မိုဝူကျိအား ဆိုင်အတွင်း ခေါ်ဆောင်မလာခင် သတင်းကြိုပို့ထားလိုက်ပြီး ဒုတိယအလွှာသို့ တန်းခေါ်သွားလိုက်သည်။

ထိုအရာက မိုဝူကျိအား လုံး၀ မစိုးရိမ်စေပေ။ သူက ဤနေရာသို့ လက်စားချေရန် ရောက်လာခြင်း မဟုတ်ပါလော။ သူက သွင်ပြင်ကို ပြောင်းလဲထားသောကြောင့် ထိပ်တန်းပညာရှင်သာ ရှိမနေသရွေ့ သူက မုန်ညှင်းနက်ကုန်သည်အိမ်တော်ကို ဖျက်စီးပစ်ပြီးသည်နှင့် နတ်ဘုရားနယ်မြေ မြို့အသစ်မှ ထွက်ပြေးနိုင်လိမ့်မည်။ ထို့နောက် သူက သွင်ပြင်ကို ပြန်လည် ပြောင်းလဲပြီး ရက်အနည်းငယ်ကြာမှ မြို့ထဲ ပြန်ဝင်လာနိုင်၏။

နတ်ဘုရားနယ်မြေ မြို့အသစ်၏ ကာကွယ်ရေး အစီအရင်က မည်မျှပင် အဆင့်မြင့်စေကာမူ သူ့အတွက် မတည်ရှိလုနီးပါး ဖြစ်၏။ ထိုအာကာပြင် သင်္ကေတများကို သူက တခြားသူများအား သင်ကြားပေးခဲ့သည် မဟုတ်ပါလော။

မိုဝူကျိ အခန်းထဲ ဝင်လိုက်သည့်အခါ သူ့စိတ်ဝိညာဉ် သိုလှောင်ရေးလမ်းကြောင်းမှ စိတ်စွမ်းအား ပို့လွှတ်လိုက်သည့်အခါ စိတ်သက်သာရာ ရသွားသည်။ ဆိုင်ထဲ၌

ကောင်းကင်နတ်ဘုရား အဆင့် ကျင့်ကြံသူ ၇ ယောက်၊ နတ်ဘုရား အုပ်စိုးသူ ၃ ယောက်နှင့် ကနဦး နတ်ဘုရားအဆင့်ကျင့်ကြံသူ ဆိုင်အကူ အယောက် ၂၀ ကျော်မျှသာ ရှိသည်။ ကျင့်ကြံဆင့် အမြင့်ဆုံးသူမှာ ခပ်ဝဝ၊ မျက်လုံးမှေးမှေး လူလတ်အရွယ် အမျိုးသားတစ်ဦး ဖြစ်ပြီး နတ်ဘုရားအုပ်စိုးသူ အဆင့် ၄ ကျင့်ကြံသူ ဖြစ်၏။

ဆိုင်အကူက မိုဝူကျိအား သာမာန်အရွယ် အထူးသီးသန့်အခန်း အပြင်ဘက်သို့ ခေါ်သွားလိုက်ပြီး " တာအိုရောင်းရင်း ... အထဲ ဝင်ပါခင်ဗျ။ ကျွန်တော်တို့ စီမံရေးမှူးက တာအိုရောင်းရင်းက အထူးဧည့်သည်ဆိုတာကို သိပြီးတော့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ဧည့်ခံပေးမှာပါ "

" ကျေးဇူးပါ " မိုဝူကျိက ရယ်မောလိုက်ပြီး အထူးသီးသန့်အခန်းထဲ ဝင်သွားလိုက်သည်။

အထဲ၌ သူ့စိတ်စွမ်းအားအတွင်း အာရုံခံမိခဲ့သည့် နတ်ဘုရားအုပ်စိုးသူအဆင့် မျက်လုံးမှေးမှေး လူလတ်အရွယ် အမျိုးသား ရှိနေသည်။

မိုဂူကျိုက အထဲဝင်လိုက်သည်နှင့် လူလတ်အရွယ် ကျင့်ကြံသူက ထရပ်ကာ အတားအဆီး ချလိုက်သည်။ သူက မိုဂူကျိုအား လေးလေးစားစား ဦးညွှတ်ကာ ပြုံးလိုက်ရင်း “ ကျုပ်က မုန်ညှင်းနက် ကုန်သည်အိမ်တော်ရဲ့ စီမံရေးမှူး ဝူကျင်းသဲ့ပါ။ တာအိုရောင်းရင်းက အရည်အချင်း ထူးချွန်တာပဲ … ခင်ဗျားရဲ့ ကျင့်ကြံဆင့် ဖုံးကွယ်ထားတဲ့ နည်းလမ်းက ပြိုင်ဖက်ကင်းတယ်။ ကျုပ်တောင် ခင်ဗျားရဲ့ ကျင့်ကြံဆင့်ကို မမြင်နိုင်ဘူး။ ခင်ဗျားက ဂိုဏ်းကြီးက ဖြစ်လိမ့်မယ် ထင်တယ် ”

ဝူကျင်းသဲ့က မိုဂူကျိုသည် ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူ တစ်ယောက်ဟု မယုံပေ။ အကယ်၍ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူ တစ်ဦး ဖြစ်နေခဲ့လျှင် သိုလှောင်လက်စွပ်အား ဆိုင်အကူ သိအောင် ပြသမည် မဟုတ်ပေ။

သူက မိုဂူကျို၏ ကျင့်ကြံဆင့်သည် နတ်ဘုရားအုပ်စိုးသူအဆင့် ကျော်လွန်နေလိမ့်မည်ဟုလည်း မထင်ပေ။ အကြောင်းမှာ နတ်ဘုရားအုပ်စိုးသူအဆင့်နောက်ရှိ အဆင့်မှာ လောကနတ်ဘုရား ဖြစ်၏။ လောကနတ်ဘုရား

အမည်တွင်နေခြင်းမှာ သူတို့ကိုယ်ပိုင် ကမ္ဘာကို ဖန်တီးနိုင်၍ ဖြစ်သည်။

လောကနတ်ဘုရား ဖန်တီးထားသည့် လောကမှာ မဟာတာအိုဧ၏ အခြေခံအုတ်မြစ်မှ ဖွဲ့စည်းမှုတစ်ခု ဖြစ်ပြီး ပညာရှင်အနေနှင့် များစွာသော တာအိုများကို ကျင့်ကြံမှသာ အစစ်အမှန် လောက၏ စည်းမျည်းများ ဖြစ်တည်လာမည် ဖြစ်၏။ မဟုတ်လျှင် ထိုလောကက မိုဝူကျိ၏ လူသားကမ္ဘာထက် နိမ့်ကျနေမည်သာ ဖြစ်ပေသည်။

သို့သော်လည်း လောကနတ်ဘုရားက မည်သို့သော လောကကို ဖန်တီးစေကာမူ သိုလှောင်လက်စွပ်ကို ထပ်မံ အသုံးမပြုကြတော့ပေ။ သူတို့အသုံးပြုလျှင်ပင် အရေးမပါသည့် အရာများ ထည့်သိမ်းထားဖို့သာ ဖြစ်၏။ အဖိုးတန်ရတနာအားလုံးကို သူတို့တစ်ဦးတည်းသာ ဝင်နိုင်သည့် လောကနတ်ဘုရား၏ ကိုယ်ပိုင်လောကအတွင်းသာ ထည့်သိမ်းထားလိမ့်မည်။

လောကနတ်ဘုရား အသတ်ခံရသည့်အခါ သူ့လောကမှာ ပျောက်ကွယ်သွားမည် ဖြစ်ပြီး တစ်ဖက်လူက သူ့ပိုင်ဆိုင်မှုရှိ ပစ္စည်းများအား ရယူနိုင်မည် မဟုတ်ပေ။

ဝူကျင်းသဲ့ အမြင်၌ မိုဝူကျိသည် သူ့ကျင့်ကြံဆင့်ကို ဖုံးကွယ်ထားလျှင်ပင် သူ့အနေနှင့် အများဆုံး ကောင်းကင်နတ်ဘုရား အဆင့်သာ ဖြစ်ပေလိမ့်မည်။ ထို့အပြင် မိုဝူကျိ၏ ဝိညာဉ်စွမ်းအား အရှိန်အဝါမှာလည်း မသိသာသလို သူ့ဘေးပတ်လည်ရှိ တာအိုအရိပ်အယောင်များကလည်း ရှားပါးသောကြောင့် ပါရမီရှင်တော့ မဖြစ်နိုင်ချေ။

မိုဝူကျိက ရယ်မောကာ “ စီမံရေးမှူး ဝူက ကျုပ်ကို လျှိုရှင်းလို့ ခေါ်လို့ ရပါတယ်။ ကျုပ်က လတ်တလောလေးကမှ ဂွင်ကောင်းမိထားတာလေ။ အဲဒါနဲ့ နတ်ဘုရားနယ်မြေ မြို့အသစ်ဆီ လာပြီး ကျင့်ကြံရေး အရင်းအမြစ်လေး လာအလဲအလှယ် လုပ်တာ .... ကျုပ် မိတ်ဆွေတစ်ယောက်ဆီက ကြားတာတော့ မုန်ညှင်းနက် ကုန်သည်အိမ်တော်မှာ ပစ္စည်းကောင်းလေးတွေ ရှိတယ်တဲ့ ... အဲဒါနဲ့ ကျုပ်လည်း ဒီကို အရင်လာကြည့်လိုက်တာ ”

မိုဝူကျိုက သူ့ကျင့်ကြံဆင့်နှင့် နောက်ခံ မပြောလိုဘဲ အရောင်းအဝယ် လုပ်ရန် ရောက်လာကြောင်း ပြောသည်ကို မြင်သည့်အခါ ဝူကျင်းသဲ့က ဆက်လက် မမေးမြန်းတော့ပေ။ အကယ်၍ မိုဝူကျိုက ဂိုဏ်းအကြီးကြီးမှ ရောက်လာလျှင် သူ့မုန်ညှင်းနက် ကုန်သည်အိမ်တော်က ကိုင်တွယ်ဖြေရှင်းနိုင်မည် မဟုတ်ပေ။ ဤနှစ်ပေါင်းအတွင်း မုန်ညှင်းနက် ကုန်သည်အိမ်တော်က မြန်မြန်ဆန်ဆန် ကြီးထွားလာသော်လည်း ကုန်သည်အိမ်တော် အသေးလေးမှ အစပြုခဲ့ရခြင်း ဖြစ်၏။

မိုဝူကျိုက ဂိုဏ်းကြီးမှ မဟုတ်ကြောင်း သိထားသော်လည်း ဝူကျင်းသဲ့က ရယ်ရယ်မောမောဖြင့် ပျူပျူငှာငှာ ပြောနေသေး၏ " တာအိုရောင်းရင်း လျူရှင်းက ဘာများ ရှာနေတာလဲ "

" ကျင့်ကြံရေး အရင်းအမြစ်တွေပေါ့ ... တကယ်လို့ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် ရှိရင်လည်း စိတ်ဝင်စားတယ် " မိုဝူကျိုက တုံ့ဆိုင်းခြင်းမရှိ ပြောလိုက်သည်။

မိုဝူကျိုက နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် အကြောင်း ထုတ်ပြောလိုက်သည့်အခါ ဝူကျင်းသဲ့က စိတ်စွမ်းအားဖြင့် မိုဝူကျိုအပေါ် စစ်ဆေးတော့လုမတတ် တုန်လှုပ်သွားခဲ့သည်။

ဘယ်သူကများ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက်ကို တောင်းဆိုမည်နည်း။ ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူများသာ ဖြစ်၏။ တစ်ဖက်လူ၏ ကျင့်ကြံဆင့်က ဖုံးကွယ်ထားခြင်း မဟုတ်ဘဲ ကနဦး နတ်ဘုရားအဆင့် အမှန်တကယ် ဖြစ်နေကြောင်း ဆိုလိုနေခြင်း မဟုတ်ပါလော။

ဝူကျင်းသဲ့က ခေါင်းတခါခါဖြင့် “ နတ်ဘုရားကုန်းမြေရဲ့ ထိပ်တန်းပညာရှင် စန့်ကျန်းရှင်းက နတ်ဘုရားဂူသင်္ချိုင်းတောင်ကြားကနေ နတ်ဘုရား အသွင်သဏ္ဍာန်ကျောက်တွေကို စုဆောင်းတဲ့ကိစ္စကို သဘောမကျဘူးလေ။ အဲဒါကြောင့် နတ်ဘုရားအသွင်သဏ္ဍာန်ကျောက်က ပြတ်လပ်နေတာ များတယ်။ တကယ်လို့ ခင်ဗျားအတွက် အရေးမကြီးဘူးဆိုရင် အမှာစာ တင်ခဲ့လို့ ရပါတယ်။ တစ်လအတွင်း ကြယ်နှစ်ပွင့် နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် ရစေရမယ်လို့ ကျုပ် အာမခံတယ်ဗျာ ”

မိုဝူကျိ မျက်ဝန်း၌ စိတ်ပျက်လက်ပျက် အမူအယာ ဖြစ်သွားကာ ထရပ်လိုက်ရင်း “ ဒီလိုဆိုရင်တော့ ကျုပ် တစ်လကြာမှ ပြန်လာခဲ့ပါ့မယ် ”

မိုဝူကျိုက ထွက်သွားတော့မည်ကို မြင်၍ ဝူကျင်းသဲ့က ပျာပျာသလဲ ဖြစ်သွားသည်။ သူက မိုဝူကျို၏ နောက်ခံကို မသိသေးသော်လည်း တစ်ဖက်လူက ထွက်သွားတော့မည် ဖြစ်၏။ မည်သို့ ခွင့်ပြုပေးနိုင်မည်နည်း။

“ တာအိုရောင်းရင်း လျူရှင်း … ကျုပ်တို့ မုန်ညှင်းနက် ကုန်သည်အိမ်တော်က အားလုံး လိုချင်နေကြတဲ့ နောက်ထပ် ကျင့်ကြံရေး အရင်းအမြစ် အမျိုးအစားတွေ ရှိပါသေးတယ်။ တာအိုရောင်းရင်းသာ သိသွားရင် နှိုင်းယှဉ်ကြည့်တဲ့အခါ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက်တောင် မေ့မှိန်သွားပါလိမ့်မယ် ” ဝူကျင်းသဲ့က ရောင်းချဖို့ ကြိုးစားလိုက်သည်။

“ အို …” မိုဝူကျိုက တအံ့တဩ အမူအယာဖြင့် “ ဘယ်လို ကျင့်ကြံရေး အရင်းအမြစ်များလဲ ”

ဝူကျင်းသဲ့က ရယ်မောကာ “ တာအိုရောင်းရင်းလည်း နတ်ဘုရားအသွင်သဏ္ဍာန် ဖွဲ့စည်းတဲ့နေရာ ပြင်ပ အကူအညီ လိုအပ်တယ်လို့ တွေးမိတယ်မလား။ ဒါပေမဲ့ ကျုပ်တို့ မုန်ညှင်းနက် ကုန်သည်အိမ်တော်က ဘာပစ္စည်းမှ မလိုဘဲ

နတ်ဘုရားအသွင်သဏ္ဍာန်ကို ဖွဲ့စည်းနိုင်မဲ့ နည်းလမ်း ရှာတွေ့ထားတယ်။ ပြီးတော့ ဖြစ်ပေါ်လာတဲ့ နတ်ဘုရားအသွင်သဏ္ဍာန်က တခြားပစ္စည်းတွေ အကူအညီရတာထက် ပိုအားကောင်းတယ် ”

ထိုအချက်အလက်က မိုဝူကျိအား အမှန်တကယ် အံ့ဩသွားစေသည်။ သူက လူသားတာအိုသည် နတ်ဘုရားအသွင်သဏ္ဍာန် ဖွဲ့စည်းဖို့ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် မလိုမှန်း သိထားသော်လည်း တခြားနည်းလမ်းများကိုတော့ မသိထားပေ။

ဝူကျင်းသဲ့က မိုဝူကျိ ကြောင်အမ်းသွားသည်ကို မြင်သောအခါ မတွန့်ဆုတ်ဘဲ ဆက်ပြောလိုက်သည် “ ဒီနည်းလမ်းက အတော်လေး အံ့ဩဖို့ ကောင်းတယ်။ ကျုပ်လည်း လျှောက်မပြောရဲပါဘူး။ တကယ်လို့ တာအိုရောင်းရင်းသာ မုန်ညှင်းနက် ကုန်သည်အိမ်တော်နဲ့ ဝန်ခံကတိ လက်မှတ်ထိုးထားတာ မဟုတ်ရင် ကျုပ် ဘာမှပြောပြလို့ မရပါဘူး ”

ယခုတွင် မိုဝူကျိုက တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်သွားပြီး အေးအေးဆေးဆေး မေးလိုက်သည် “ စီမံရေးမှူးဝူက ဘာမှမပြောချင်မှတော့ ဘာမှဆက်ပြောစရာ မရှိတော့တာပေါ့ ”

မိုဝူကျိုက တစ်ဖက်လူအနေနှင့် ဤသို့ လက်လွှတ်ပေးမည် မဟုတ်ကြောင်း အသေအချာ အပိုင်တွက်ထားမိပြီး စကားအဆုံးတွင် လှည့်ထွက်သွားလိုက်သည်။ အကယ်၍ ဤသို့ သွားခွင့်ပြုလိုက်လျှင် ဝူကျင်းသဲ့က နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် မလိုသည့် နည်းလမ်းအကြောင်း ထုတ်ပြောမည် မဟုတ်ပေ။

ဝူကျင်းသဲ့က မိုဝူကျိုသည် ဆုံးဖြတ်ချက် ပြတ်သားလိမ့်မည်ဟု မထင်ထားသည့်အတွက် မိုဝူကျိုအား မြန်မြန် တားလိုက်ရသည် “ တာအိုရောင်းရင်းလျူရှင်း ...ခင်ဗျား စိတ်နန်းတော် နှစ်ခုနဲ့ အသိစိတ်ပင်လယ် နှစ်ခုအကြောင်း ကြားဖူးလား ”

မိုဝူကျိုက ထိုစကားကို ကြားလိုက်သည့်အခါ သူ့နှလုံးခုန်နှုန်းပင် မြန်ဆန်မိလာသည်။ ထို့နောက် သူ့အာရုံထဲ၌ ထျန်းနူအား တွေးမိသွားသည်။

ထျန်းနူက ချက်ချင်း ဖျက်စီးမခံလိုက်ရသည်မှာ သူ့တွင် စိတ်နန်းတော် နှစ်ခုနှင့် အသိစိတ်ပင်လယ် နှစ်ခု ရှိနေ၍ ဖြစ်သည်။ သူက ကပ်ဘေး၌ ထျန်းနူနှင့် တွေ့ပြီး မိတ်ဆွေ ဖြစ်လာခဲ့ကာ တစ်ယောက်နှင့် တစ်ယောက် ကူညီရန် ကတိကဝတ် ပြုထားခဲ့ကြသည်။

ရှီနန်မေ့က ယင်ချုံချန်းအား သတ်လိုက်ပြီး သူ့အား ခေါ်ဆောင်သွားသည့်အတွက် ထျန်းနူ သတင်းအား ဘာမှမကြားမိတော့ပေ။

လက်တွေ့၌ မိုဂူကျိုက ထျန်းနူအား သိပ်မစိတ်မပူမိပေ။ မုန်ညှင်းနက် ကုန်သည်အိမ်တော်ရှိ အဖွဲ့ဝင်အားလုံးကို ရှီနန်မေ့က သတ်ထားပြီးလေပြီ။ သူက ထျန်းနူအတွင်းရှိ အဆိပ်များကို ဖယ်ရှားပေးပြီးပြီ ဖြစ်၍ ထျန်းနူ၏ ပုန်းအောင်းစွမ်းရည်ပေါ် မူတည်၍ လွတ်မြောက်ဖို့ရာ ခက်ခဲမည် မဟုတ်ပေ။

**ဂူကျိုင်းသဲ့ ပြောနေသည့်သူက ထျန်းနူလား ... ထျန်းနူက မလွတ်မြောက်လာနိုင်ခဲ့ဘူးလား ....**

မိုဝူကျိုက ထိုအကြောင်းကို တွေးမိသွားသည့်အခါ လှည့်မေးလိုက်သည် “ စီမံရေးမှူးဝူ … အသိစိတ်ပင်လယ် နှစ်ခု ရှိတဲ့သူအကြောင်း ကြားရတာတော့ အံ့သြစရာ ကောင်းပေမဲ့ အဲဒါက နတ်ဘုရားအသွင်သဏ္ဍာန် ဖွဲ့စည်းတာနဲ့ ဘာများ ပတ်သတ်နေလို့လဲ ”

ဝူကျင်းသဲ့က ရယ်ရယ်မောမောဖြင့် “ တာအိုရောင်းရင်းလျူရှင်း … တကယ်လို့ အသိစိတ်ပင်လယ် နှစ်ခုနဲ့ လူတစ်ယောက်က ဝိညာဉ်ကြောနဲ့ ဝိညာဉ်လမ်းကြောင်းတို့ကို ဆင့်ကဲတိုးတက်စေလိုက်မယ်ဆိုရင် အဲဒီ နတ်ဘုရားအသွင်သဏ္ဍာန် ဖွဲ့စည်းတဲ့ ဖြစ်စဉ်က လူတစ်ယောက်အနေနဲ့ ရှင်းရှင်းလင်းလင်း မြင်နိုင်သွားပြီ မလား။ ဘယ်လို ထင်လဲ ”

မိုဝူကျိုက သူ့လူသားတာအိုကို ကိုယ်တိုင် ဖန်တီးခဲ့သောကြောင့် ဝူကျင်းသဲ့ ဆိုလိုသည့် အဓိပ္ပါယ်ကို မည်သို့ မသိဘဲ နေမည်နည်း။ သူက ချက်ချင်း ပြန်မေးလိုက်သည် “ စီမံရေးမှူးဝူ ဆိုလိုတာက ခင်ဗျားဆီမှာ စိတ်နန်းတော် နှစ်ခု ပိုင်ဆိုင်ထားတဲ့ လူတစ်ယောက် ရှိတယ်။ ကျုပ်သာ နတ်ဘုရားကျောက် လုံလုံလောက်လောက်

ပေးရင် လူတစ်ယောက် ဆင့်ကဲတိုးတက်ပြောင်းလဲလာတာကို ကြည့်ပြီးတော့ အဲဒီနည်းလမ်းအတိုင်း ကိုယ်ပိုင် နတ်ဘုရားအသွင်သဏ္ဍာန် ဖွဲ့စည်းနိုင်မယ်ပေါ့ ”

“ဟုတ်တာပေါ့ ” ဝူကျင်းသဲ့က ခိုင်ခိုင်မာမာ ပြောလိုက်သည် “ အဲဒီနည်းလမ်းက ခင်ဗျား ပါရမီအပေါ်လည်း မူတည်တာပေါ့။ အောင်မြင်လိမ့်မယ်လို့ အာမ မခံပေမဲ့ အောင်မြင်သွားခဲ့ရင်တော့ နတ်ဘုရားအသွင်သဏ္ဍာန်က အနည်းဆုံး ကြယ်ငါးပွင့်နဲ့အထက် အားကောင်းလာလိမ့်မယ် ”

“ ကောင်းပြီလေ … စီမံရေးမှူးဝူ ခင်ဗျား စျေးကို ပြောပါ။ ကျုပ် ခင်ဗျားပြောတဲ့ အသိစိတ်ပင်လယ် နှစ်ခုနဲ့လူကို မြင်ချင်တယ် ” မိုဝူကျိက တွေဝေမနေဘဲ ပြောလိုက်သည်။

## အခန်း (၁၀၃၉) : သွားသေလိုက်တော့

ဝူကျင်းသဲ့က မိုဝူကျိ စကားများ ကြားသောအခါ ကြောင်အမ်းသွားလေ၏။ သူ့အား နမူနာပြဖို့ အခွင့်အရေး

မပေးခင် တစ်ဖက်လူက သဘောတူလိုက်ပြီး ဈေးနှုန်းပင် မေးနေသေး၏။

မူလက ဝူကျင်းသဲ့သည် မိုဝူကျိအား ဆက်နေအောင် လုပ်လိုပြီး မိုဝူကျိ၏ နောက်ခံကို ဖြည်းဖြည်းချင်း တူးဖော်ချင်မိ၏။ သို့သော် ယခု မိုဝူကျိက သူ့အား လိုလိုလားလား ဈေးမေးနေသည် ဖြစ်ရာ သူ့အနေနှင့် ဤအခွင့်အရေးကို လက်လွှတ်မခံနိုင်ပေ “ တာအိုရှောင်းရင်း လျူရှင်း … ရှင်းရှင်းပြောရရင် ခင်ဗျားရဲ့ ချမ်းသာမှုကြောင့် ဒီကိစ္စကို ပြောပြလိုက်တာပါ။ ဒီဟာက ကျုပ်တို့ မုန်ညှင်းနက် ကုန်သည်အိမ်တော်ရဲ့ အကြီးမားဆုံး လျို့ဝှက်ချက်ဆိုတော့ အရင်ဆုံး ခင်ဗျားရဲ့ နောက်ခံကို ပြောဖို့ လိုတယ် ”

မိုဝူကျိက ခေါင်းညိတ်ပြကာ “ ဒီတောင်းဆိုချက်က အကျိုးအကြောင်း သင့်ပါတယ်။ ကျုပ်က နယ်လှည့်ကျင့်ကြံသူ တစ်ယောက်ပါ။ ကျုပ်က အခွင့်ကောင်းနဲ့ ကြုံလို့ ကျင့်ကြံရေး အရင်းအမြစ်တချို့ ရလာတာပါ။ ဒါပေမဲ့ ကျုပ်ရဲ့ ပါရမီနဲ့ နတ်ဘုရားကျောက် တစ်ခုတည်းနဲ့ တိုးတက်လာဖို့ မဖြစ်နိုင်ဘူး။ ကျုပ် လိုအပ်တာက နတ်ဆေးလုံး အရည်အသွေး

ကောင်းကောင်းတွေနဲ့ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် ကောင်းကောင်းပဲ ”

ဤပြောဆိုချက်က ဝူကျင်းသဲ့အား အံ့အားသင့်သွားစေသည်။

**ဟန်ပြသမားလား .....**

**သူက နတ်ဘုရားကျောက်တွေ၊ နတ်ဝိညာဉ်သွေးကြောတွေကို သုံးပြီး နောက်ထပ် ကျင့်ကြံရေး အရင်းအမြစ်ကို ဝယ်ဖို့ တွေးနေတာလား ... မဖြစ်နိုင်လိုက်တာ ...**

သို့သော်လည်း တစ်ဖက်လူက နောက်ခံကောင်းကောင်းမှ လာသည်ဆိုလျှင် ထုတ်ဖော်လိုက်သည်က ပိုမကောင်းပေဘူးလား။ အနည်းဆုံးတော့ မုန်ညှင်းနက်ကုန်သည်အိမ်တော်က သူ့အပေါ် မဟုတ်တမ်း ကြံစည်ရဲမည် မဟုတ်ပေ။

**သို့မဟုတ် အမှန်တကယ် နယ်လှည့်ကျင့်ကြံသူ ဖြစ်နေတာလား ....**

ဝူကျင်းသဲ့က သူ့စိတ်ထဲမှ သံသယများကို ချိုးနှိမ်ကာ ဆက်ပြောလိုက်သည် “ ဒုတိယ သတ်မှတ်ချက်က

တာအိုရောင်းရင်းအနေနဲ့ အရင်ဆုံး အဆင့်မြင့် နတ်ဝိညာဉ်သွေးကြော တစ်ခုနဲ့ အဆင့်မြင့် နတ်ဘုရားကျောက် ငါးသန်းကို စရံအနေနဲ့ ပေးရမယ်။ ကျုပ်တို့ဘက်ကလည်း ခင်ဗျားကို သလင်းကျောက် တစ်ခု ပြမယ်။ ကျုပ်တို့က ဝိညာဉ်ကြောနဲ့ ဝိညာဉ်လမ်းကြောင်းတွေ ဆင့်ကဲပြောင်းလဲသွားတာကို မှတ်တမ်း တင်မထားနိုင်ပေမဲ့ တခြားလူတွေ အဲဒီနည်းလမ်းကို သုံးပြီး သူတို့နတ်ဘုရားအသွင်သဏ္ဌာန် ဖွဲ့စည်းတာကို ပြမယ် ”

“ကောင်းပြီလေ။ ကျုပ် သဘောတူပါတယ် ” မိုဝူကျိုက သိုလှောင်လက်စွပ် တစ်ကွင်းထုတ်ကာ ဝူကျင်းသဲ့အား တုံ့ဆိုင်းခြင်းမရှိ ပေးလိုက်၏ “ ဒီမှာ အဆင့်မြင့် နတ်ဝိညာဉ်သွေးကြော တစ်ခုနဲ့ အဆင့်မြင့် နတ်ဘုရားကျောက် ငါးသန်း ”

ဝူကျင်းသဲ့က ယနေ့တွင် မျှော်မှန်းမထားသည်များနှင့် ဆက်တိုက် ကြုံတွေ့နေရသည်။ သူက မိုဝူကျိုသည် ညှိနှိုင်းဆွေးနွေးဖို့ ဤမျှ လွယ်ကူလိမ့်မည်ဟု မထင်ထားမိပေ။ မိုဝူကျိုက သူ ပြောသမျှ အကုန် သဘောတူနေ၏။ အစပိုင်းတွင် မိုဝူကျိုအား စရံကြေး

ဈေးမြင့်မြင့် တောင်းဆိုသည်မှာ သူ့ရည်ရွယ်ချက် မဟုတ်ပေ။ မိုဝူကျို သဘောမတူလျှင် နောက်တမျိုး ထပ်မံအကြံပြုဖို့ ကြံစည်ထားခြင်း ဖြစ်သည်။

သို့သော်လည်း နောက်အခြေအနေအထိ မသွားနိုင်လိုက်ခင် မိုဝူကျိုက အရင်သဘောတူလိုက်ပေရာ ယခု မည်သို့ လှည့်ကွက် သုံးရမည်နည်း။

"ဘာလဲ … စီမံရေးမှူးဝူက ကျုပ်ကို လာလိမ်နေတာလား။ ကျုပ် နတ်ဘုရားကျောက်တွေ လိုချင်နေတာလား " ဝူကျင်းသဲ့က တုံ့ပြန်ခြင်းမရှိသည်ကို မြင်၍ မိုဝူကျိုက မျက်မှောင်ကျုတ်ကာ အေးစက်စက် ပြောလိုက်သည်။

ဝူကျင်းသဲ့က အမှန်တကယ် အကျပ်ရိုက်နေသည်။ သူက မိုဝူကျိုသည် နယ်လှည့်ကျင့်ကြံသူ ဖြစ်ကြောင်း သေချာမသိသေးသော်လည်း မိုဝူကျိုသာ သလင်းကျောက်ထဲက မှတ်တမ်းထဲ ရောက်သွားသည်နှင့် သူ့အား မုန်ညှင်းနက် ကုန်သည်အိမ်တော်မှ အသက်ရှင်လျက် ထွက်သွားခွင့် မပြုနိုင်ချေ။

မုန်ညှင်းနက် ကုန်သည်အိမ်တော်သည် အလွန်တရာ အားနည်းလှပေသည်။ အကယ်၍ သူတို့တွင် စိတ်နန်းတော် နှစ်ခုနှင့် အသိစိတ်ပင်လယ် နှစ်ခုရှိသည့် လူတစ်ယောက်ကို ပြိုင်ဖက်ကင်း ရတနာအဖြစ် ပိုင်ဆိုင်ထားခြင်း သိသွားလျှင် ကိစ္စအကြီးကြီး ဖြစ်သွားနိုင်သည်။

“ မဟုတ်ရပါဘူးဗျာ ” ဝူကျင်းသဲ့က မိုဝူကျိ စကားကို ကြားလိုက်သည့်အခါ အံ့ကို ကျိတ်လျက် သလင်းကျောက်တစ်ခုကို ထုတ်ကာ အသက်သွင်းလိုက်သည် “ တာအိုရောင်းရင်း လျူရှင်း … ကျေးဇူးပြုပြီး ကြည့်ကြည့်ပါဦး ”

အဆုံးသတ်၌ သူက အလောင်းအစား လုပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ အကယ်၍ တစ်ဖက်လူက ဂိုဏ်းကြီးမှ တပည့် ဖြစ်နေလျှင် နတ်ဘုရားအသွင်သဏ္ဍာန်ကျောက် ရှာရန် မုန်ညှင်းနက် ကုန်သည်အိမ်တော်၌ နတ်ဝိညာဉ်သွေးကြောနှင့် နတ်ဘုရားကျောက်များစွာကို ထုတ်၍ သုံးစွဲမည် မဟုတ်ပေ။ ဂိုဏ်းကြီးများသည် သူတို့ဘာသာ နတ်ဘုရားအသွင်သဏ္ဍာန် မရှိကြောင်း မယုံပေ။

မိုဝူကျိုက တမင်သပ်သပ် သူတို့ဆီ ပြဿနာလာရှာသည့် ဖြစ်နိုင်ခြေကိုတော့ လုံးဝ လျစ်လျူရှုထားလိုက်၏။ မိုဝူကျို၏ ကျင့်ကြံဆင့်က မည်မျှရှိဦးမည်နည်း။ မည်သို့ ပြဿနာ ရှာရဲမည်နည်း။

မိုဝူကျို မျက်ဝန်းရှေ့ မှတ်တမ်းထဲ၌ ပုံရိပ်က ထင်ထင်ရှားရှား ပေါ်လာသည်။ မိုဝူကျိုက ထိုအရာကို မြင်လိုက်သည့်အခါ ဝူကျင်းသဲ့ဆီ လက်သီး ထိုးလုမတတ် ဖြစ်သွားလေ၏။

ဤပုံရိပ်လေးမှာ ထျန်းနူ ဖြစ်နေ၏။ ထျန်းနူကို ပထမဆုံးအကြိမ် မြင်လိုက်စဉ်အခါကတည်းက ထျန်းနူသည် ပိန်ပါးပါး အားနည်းနည်း လူတစ်ယောက် ဖြစ်ပေသည်။ သို့သော်လည်း ဤအခိုက်အတန့်၌ ထျန်းနူသည် ဝါးတုတ်မျှသာ ရှိတော့ပြီး အသက်မပါသည့် မျက်ဝန်းအစုံနှင့် အရိုးပေါ် အရေတင်သာ ဖြစ်နေ၏။

ထျန်းနူ ပေါ်မလာခင် ဈေးကြီးအထည် ဝတ်ဆင်ထားသည့် အမျိုးသားက သူ့အား စိုက်ကြည့်လိုက်၏။ ထျန်းနူတစ်ယောက် ဝိညာဉ်လမ်းကြောင်းနှင့် ဝိညာဉ်ကြော အသစ်တစ်စုံ ဆင့်ကဲပြောင်းလဲလာသည့် ဖြစ်စဉ်ကို သလင်းကျောက်၌

မမြင်ရသော်လည်း မိုဝူကျိုက ထျန်းနူသည် အတင်းကျပ်ဖိအားပေးခံနေရကြောင်း တန်းသိလိုက်၏။

မိုဝူကျို၏ စိတ်ပူပန်နေသည့် အမူအယာကို မြင်သည့်အခါ ဝူကျင်းသဲ့က ရှင်းပြလိုက်သည် “ တာအိုရောင်းရင်း လျူရှင်း … စိတ်နန်းတော် နှစ်ခုနဲ့ အဲဒီလူက နောက်ထပ် ဆင့်ကဲပြောင်းလဲတာကို ခံနိုင်ရည် ရှိဖို့ မသေချာဘူးဆိုတော့ ကျုပ်တို့ ဈေးက နည်းနည်းတော့ မြင့်သွားနိုင်တယ်။ ကျုပ်တို့က နတ်ဝိညာဉ်ကြော လေးခုနဲ့ အဆင့်မြင့် နတ်ဘုရားကျောက် သန်း ၃၀ လိုတယ် …. ”

“ ကောင်းပြီလေ ” သလင်းကျောက် ပျောက်ကွယ်သွားသည့်အခါ မိုဝူကျိုက လေအေးများ မှုတ်ထုတ်လိုက်ပြီး တည်တည်ငြိမ်ငြိမ် ပြောလိုက်သည် “ ကျုပ် ဘယ်အချိန်လောက် တွေ့နိုင်မလဲ ”

မိုဝူကျိုက ဈေးစစ်နေခြင်း မရှိသည့်အတွက် ဝူကျင်းသဲ့သည် မိုဝူကျိုတွင် ရှိနေသော ပိုက်ဆံပမာဏမှာ ထိုထက်များပြားကြောင်း ချက်ချင်း တန်းသလိုက်သည်။ သူ့အနေနှင့် မိုဝူကျိုအား ထျန်းနူ၏ ဆင့်ကဲပြောင်းလဲခြင်းကို လှေ့လာနိုင်ရန် ခွင့်မပြုနိုင်ပေ။ ထျန်းနူက သေမင်းနှုတ်ခမ်းဝ ရောက်နေလေပြီ။

သူ မည်မျှ အသက်ဆက်ရှင်မည်ကို မည်သူမှ မသိနိုင်ပေ။ အကယ်၍ မုန်ညှင်းနက် ကုန်သည်အိမ်တော်က နတ်ဘုရားကျောက် များများစားစား ထပ်မံ ရရှိလို၍ မဟုတ်လျှင် ထျန်းနူအား သတ်ပစ်ပြီးလောက်ပြီ ဖြစ်၏။

ဝူကျင်းသဲ့က မိုဝူကျိအား စာချုပ် လက်မှတ်ထိုးဖို့ရန်ပင် မမေးပေ။ ဤသူက သူ့အလိုလို သူ့ဆီ ရောက်လာခြင်းသာ ဖြစ်၏။

“အသိစိတ်ပင်လယ် နှစ်ခုနဲ့ ကျင့်ကြံသူက နတ်ဘုရားနယ်မြေ မြို့အသစ်မှာ မရှိဘူးလေ။ အဲဒါကြောင့် ခင်ဗျား ကျုပ်နောက်ကို လိုက်လာဖို့ လိုတယ် ” ဝူကျင်းသဲ့က အပြုံးလေးဖြင့် ပြောလိုက်သည်။

မိုဝူကျိ၏ အမူအယာမှာ အံ့မှိုင်းလာပြီး ပြန်ဖြေလိုက်သည် “ ဒီလိုဆိုမှတော့ ကျုပ်ပစ္စည်းတွေ ပြန်ပေးလို့ ရမလား။ ကျုပ် နောက်ထပ် ကုန်သည်အိမ်တော်ဆီပဲ သွားလိုက်တော့မယ် ”

**ဝူကျင်းသဲ့နဲ့ နတ်ဘုရားနယ်မြေ မြို့အသစ်ကနေ ထွက်သွားရမည်လား ....**

မိုဝူကျိက အရူး မဟုတ်ပေ။ နတ်ဘုရားနယ်မြေ မြို့အသစ်ထဲ၌ မိုဝူကျိသည် ပြန်လည် တိုက်ခိုက်နိုင်သည်မှာ ကာကွယ်ရေး

အစီအရင်သည် သူ့အတွက် တည်ရှိနေသလို သူ့အနေနှင့် လေရွှေ့ပြောင်း စွမ်းရည်ကိုလည်း အလွယ်တကူ ထုတ်သုံး၍ ရပေသည်။ မြို့အပြင် ရောက်သွားသည်နှင့် နတ်ဘုရားအုပ်စိုးသူ အဆင့် ၁ ကျင့်ကြံသူ တစ်ယောက်အနေနှင့် နတ်ဘုရားအုပ်စိုးသူ အဆင့် ၄ နှင့် အရောင်းအဝယ် လုပ်ဖို့ အရည်အချင်း ပြည့်မီဦးမည်လား။

သူက ဝူကျင်းသဲ့ကို မကြောက်သော်လည်း သူ တစ်ယောက်တည်း ဝူကျင်းသဲ့ကို ရင်ဆိုင်နိုင်လိမ့်မည်ဟုလည်း မယုံပေ။

“ တာအိုရောင်းရင်း လျူရှင်း ဒါက ဘာအဓိပ္ပါယ်လဲ ” ဝူကျင်းသဲ့က စိတ်မကြည်လင်စွာဖြင့် မျက်မှောင်ကျုတ်ကာ အသံမြင့် ပြောလိုက်သည်။

သူ့ပိုင်ဆိုင်မှုထဲ ရောက်သွားပြီ ဖြစ်၍ ပြန်လည် ထုတ်ပေးဖို့ မဖြစ်နိုင်ပေ။

မိုဝူကျိက ပုံမှန်အတိုင်းသာ ပြောလိုက်သည် “ ကျုပ်က ကနဦး နတ်ဘုရားအဆင့်ပဲ ရှိသေးတာလေ။ ကျုပ် ဒီနတ်ဘုရားနယ်မြေ မြို့အသစ်ထဲမှာ အရောင်းအဝယ် လုပ်ရဲတာက ဒီဟာက နတ်ဘုရားနယ်မြေထဲမှာ အကြီးဆုံးမြို့လေ။ ဒီနေရာကို

စောင့်ကြပ်ပေးနေတဲ့ ပညာရှင်တွေ အများကြီးရှိတော့ ကျုပ်အတွက် စွန့်စားမှု မရှိဘူး။ တကယ်လို့ ကျုပ်တို့သာ မြို့အပြင်ကို ရောက်သွားရင် ကျုပ် ဘေးကင်းနေဦးမယ်ဆိုတာ ဘယ်သူက အာမခံပေးမှာလဲ။ ကျုပ်ဆီမှာ နတ်ဘုရားကျောက် ရှိနေသရွေ့ နတ်ဘုရားအသွင်သဏ္ဌာန်ကျောက် မရဘူးဆိုတာ မယုံဘူး ”

ဝူကျင်းသဲ့က မိုဝူကျိဆီ ပစ္စည်းများ ပြန်ပေးရန် ရည်ရွယ်ချက် မရှိပေ။ ယခု သူက မိုဝူကျိသည် သူနှင့် လာရောက်၍ အရောင်းအဝယ် လုပ်ရဲသည်မှာ နတ်ဘုရားနယ်မြေ မြို့အသစ်ထဲ ဖြစ်နေသည့်အကြောင်း ထုတ်ပြောလာသောအခါ သူ့စိတ်အေးမိသွား၏။ ထို့နောက် သူက ရယ်ရယ်မောမောဖြင့် “ တာအိုရောင်းရင်း လျူရှင်း ... စရံဆိုတာက ကတိသဘောမျိုးပဲလေ။ ခင်ဗျားရဲ့ စကားကို ဘယ်လိုလုပ် ပြန်ရုတ်သိမ်းလို့ ရမှာလဲ ”

မိုဝူကျိက လက်တစ်ချက် အဝှေ့ဖြင့် အသိစိတ်ကျောက်များ ကြမ်းပေါ် ကျလာစေကာ “ စီမံရေးမှူးဝူ ... ဒီတစ်ခါ ကျုပ် အမှားပါ။ ဒါပေမဲ့ အဲဒီ နတ်ဘုရားကျောက်တွေနဲ့

နတ်ဝိညာဉ်သွေးကြောက နတ်ဘုရားအသွင်သဏ္ဍာန်ကျောက်ဝယ်ဖို့ ရည်ရွယ်ထားတာမလို့ပါ။ ကျုပ်ဆီ ပြန်ပေးလို့ ရမလား။ ကျုပ် တောင်းပန်တဲ့အနေနဲ့ ပန်းပဲထုရာမှာ သုံးတဲ့ နတ်ကျောက်တုံးနက်ကို ပေးမယ်လေ။ ဒီကျောက်တုံးနက်တွေက ထိပ်တန်းပစ္စည်းတော့ မဟုတ်ပေမဲ့ အဆင့်နိမ့် နတ်ပစ္စည်း ထုလို့ ရပါတယ်။ အလယ်အလတ်အဆင့်တောင် ထုလုပ်နိုင်လောက်သေးတယ် ”

မိုဝူကျိုက သူ့အပြုအမူများသည် ဝူကျင်းသဲ့ မျက်လုံးအောက်မှ မလွတ်မှန်း သိထားသော်လည်း ပြောနေရင်းဖြင့် လက်ထဲ၌ လွတ်မြောက်ရေး အဆောင်ကို တိတ်တဆိတ် ဝှက်ထားလိုက်သည်။ ဤသည်မှာ ဝူကျင်းသဲ့အား ထျန်းနူအား ဤနေရာသို့ ခေါ်ဆောင်လာစေရန် တွန်းအားပေးလိုက်ခြင်းသာ ဖြစ်၏။ သူ့ဦးဆုံးအစီအစဉ်မှာ မုန်ညှင်းနက်ကုန်သည်အိမ်တော်ကို ဖျက်စီးပစ်ဖို့ ဖြစ်သော်လည်း ထျန်းနူက ကုန်သည်အိမ်တော်လက်ထဲ ရောက်နေသည့်အတွက် ထျန်းနူအား ခေါ်ဆောင်သွားဖို့ အကြံအစည် ပြောင်းလိုက်ခြင်း ဖြစ်သည်။

“ အသိစိတ်ကျောက်တွေလား ” ဝူကျင်းသဲ့က ထိုကျောက်အပုံလိုက်ကို မြင်သည့်အခါ တအံ့တသြ ရေရွတ်လုနီးပါး ဖြစ်သွားသည်။ ကံကောင်းသွားသည်က သူ့အနေနှင့် အချိန်မီ ထိန်းထားလိုက်နိုင်၏။

ထိုစဉ် သူ့စိတ်နှလုံးသားကား သူ့သွင်ပြင်လောက် တည်ငြိမ်နေခြင်း မရှိတော့ပေ။

**ပန်းပဲထုရာမှာ သုံးတဲ့ ကျောက်တုံးနက်တဲ့လား ...**

**ဒါက အသိစိတ်ကျောက်တွေလေ ... နတ်ဘုရားအသွင်သဏ္ဍာန်ကို ဖွဲ့စည်းဖို့ သုံးနိုင်တဲ့ ရတနာလေ။ ဒီလိုအပုံလိုက်ဆိုရင် ဘယ်လောက်တန် တန်ကြေးရှိလိုက်မလဲ ...**

“ ဟားဟား ... တာအိုရှောင်းရင်း လျူရှင်းက အတွေးလွန်နေပါပြီဗျာ။ ကျုပ်တို့ မုန်ညှင်းနက် ကုန်သည်အိမ်တော်က ယုံကြည်မှုကို ဦးစားပေးတဲ့ ကုန်သည်အိမ်တော်ပါ။ အဲဒါကြောင့်မလို့ တာအိုရှောင်းရင်းက ကျုပ်နဲ့ မသွားချင်ဘူးဆိုရင် ကျုပ် ခင်ဗျားရဲ့ စရံကို သိမ်းမထားပါဘူး။ ဒီမှာ ခဏလောက် ထိုင်စောင့်နေပေးပါ။ ကျုပ် အဲဒီ အသိစိတ်ပင်လယ် နှစ်ခုနဲ့လူကို သွားခေါ်ခိုင်းလိုက်ပါ့မယ် ”

ဝူကျင်းသဲ့က မြန်မြန် ပြောလိုက်သည်။ သူက မိုဝူကျို၏ လွတ်မြောက်ရေး အဆောင်ကို မြင်လိုက်သောကြောင့် မိုဝူကျိုသည် ထွက်သွားဖို့ရာ အလျှင်လိုနေကြောင်း အာရုံခံလိုက်မိ၏။

ထို့ကြောင့် လက်ရှိ အရေးကြီးဆုံးအလုပ်မှာ မိုဝူကျို၏ စိတ်အခြေအနေအား တည်ငြိမ်သွားစေရန် ဖြစ်၏။ သူက မိုဝူကျိုအား ဖယ်ရှားလိုလျှင်ပင် သူ့အနေနှင့် မြို့အတွင်း ရုတ်ရုတ်သည်းသည်း ဖြစ်စေ၍ မဖြစ်ပေ။ ယခု သူ မတိုက်ခိုက်ရဲသည့် တစ်ခုတည်းသော အကြောင်းအရင်းမှာ မိုဝူကျို၏ ကျင့်ကြံဆင့် အစစ်အမှန်ကို မသိရသေး၍ ဖြစ်သည်။ သူက ကျင့်ကြံဆင့် ဖုံးကွယ်ထားသော မိုဝူကျိုအား တစ်ချက်တည်းဖြင့် ပွဲမသိမ်းနိုင်ခဲ့လျှင် ရုတ်ရုတ်သည်းသည်း ဖြစ်သွားပေလိမ့်မည်။

“ ရတာပေါ့ .... ကျုပ် ဒီမှာ စောင့်နေပါ့မယ်။ မစိုးရိမ်ပါနဲ့။ ကျုပ်ဆီမှာ နတ်ဘုရားကျောက်နဲ့ လဲဖို့ ကျောက်တုံးနက် ဆယ်သန်းကျော်လောက် ပါပါသေးတယ်” ဝူကျင်းသဲ့က

အသိစိတ်ကျောက်များကို မထိနိုင်လိုက်ခင် မိုဝူကျိုက ကျောက်တုံးနက် တစ်ပုံလုံးကို သိမ်းလိုက်သည်။

ထိုစကားက ဝူကျင်းသဲ့အား အတော်လေး တုန်လှုပ်သွားစေကာ ပို၍ စိုးရိမ်လာစေ၏။

**မိုဝူကျိုက တမင် ပြောလိုက်တာလား ... ဒါမှမဟုတ် မိုဝူကျိုက အသိစိတ်ကျောက်များကို နတ်ဘုရားအသွင်သဏ္ဌာန် ဖွဲ့စည်းဖို့ သုံးနိုင်တယ်ဆိုတာကို မသိသေးဘူးလား ....**

ဝူကျင်းသဲ့က ထိုအတွေး တွေးမိပြီးသည့်နောက်တွင် မေ့မေ့ပျောက်ပျောက်သာ နေလိုက်သည်။ မည်သို့ပင်ဆိုစေကာမူ သူက မိုဝူကျိုအား ထိုအသိစိတ်ကျောက်များ ယူဆောင်သွားခွင့် မပြုနိုင်ပေ။ လျူရှင်းက မည်မျှ အားကောင်းစေကာမူ ဝူကျင်းသဲ့ အမြင်၌ ပုရွက်ဆိတ်တစ်ကောင်မျှသာ ဖြစ်၏။ အခြေအနေကို ပြန်တွေးကြည့်ပါက သူ့အနေနှင့် ဂိုဏ်းကြီးမှ တပည့်တစ်ယောက်အား အမှန်တကယ် သတ်ပစ်ခဲ့သည်ဆိုလျှင်ပင် ထွက်ပြေးသွားရုံသာ ဖြစ်၏။ အသိစိတ်ကျောက် ဆယ်သန်းကျောက်ဖြင့် မုန်ညှင်းနက် ကုန်သည်အိမ်တော်၌ အဘယ်ကြောင့် ဆက်နေနေရမည်နည်း။

မုန်ညှင်းနက် ကုန်သည်အိမ်တော် ဆက်လက် ရှင်သန်ရေးက သူနှင့် ဘာဆိုင်မည်နည်း။

“ခင်ဗျားကို ယုံပါတယ် ” ဝူကျင်းသဲ့က ပြောလိုက်ရင်း သတင်းလှမ်းပို့လိုက်သည်။

ယခု မိုဝူကျိက မျက်လုံးမှိတ်ကာ ဘာမှမပြောဘဲ အတွေးနက်နေလေသည်။ လက်တွေ့၌ သူ့စိတ်ဝိညာဉ် သိုလှောင်ရေး လမ်းကြောင်းမှတဆင့် ကုန်သည်အိမ်တော်အတွင်း ထောင်ချောက် ခင်းကျင်းနေခြင်း ဖြစ်ပေသည်။

မိုဝူကျိက ဘာမှဆက်မပြောသည်ကို မြင်ကာ ဝူကျင်းသဲ့က အသိစိတ်ကျောက်အကြောင်း ဆက်လက် မေးမြန်းလိုသော်လည်း မိုဝူကျိက တစ်ခုခု သံသယဝင်သွားမည်ကို စိုးရိမ်မိပေသည်။ ထို့ကြောင့် သူက မိုဝူကျိနှင့်အတူ ထိုင်နေလိုက်တော့သည်။

ထျန်းနူအား ခေါ်ဆောင်လာဖို့ရာ ဝူကျင်းသဲ့က လုံးဝ မစိုးရိမ်မိပေ။ ထျန်းနူက သေလုနီးပါး ဖြစ်နေပြီး သူ့လူများက ထျန်းနူအား စောင့်ကြပ်ထားသည်။ သူ လုပ်ဖို့လိုသည့်အရာမှာ သူ့လက်အောက်ခံလူများကို ထျန်းနူအား နတ်ဘုရားနယ်မြေ

မြို့အသစ်ဆီ ခေါ်ဆောင်လာခိုင်းဖို့သာ ဖြစ်၏။ မုန်ညှင်းနက်ကုန်သည်အိမ်တော်လည်း သူ့အား မတားဆီးနိုင်ချေ။

နေ့တစ်ဝက် ကြာမြင့်သွားလေသည်။ ထို့နောက် တံခါးပေါ်ရှိ အတားအဆီးမှာ လှုပ်ခတ်သွားပြီးနောက် ဆံဝါ လူငယ်လေးက အထူးသီးသန့် အခန်းဝ၌ ပေါ်လာသည်။

မိုဝူကျိုက မျက်လုံးကျယ်ကျယ် ပြန်ပွင့်လာသည်။ ထို့နောက် ဝူကျင်းသဲ့က သားရဲအိတ်ကို ယူကာ ပြောလိုက်သည် “ တာအိုရောင်းရင်း လျူရှင်းရဲ့ စိတ်စွမ်းအားနဲ့ အထဲကို စစ်ဆေးကြည့်လိုက်ပါဦး။ ပြီးရင် ကျုပ်တို့တွေ ဆက်ဆွေးနွေးဖို့ ကျင့်ကြံရေး အခန်းဆီ သွားကြတာပေါ့ ”

မိုဝူကျိုကို သတ်ဖို့ရာ အထူးသီးသန့်အခန်းအတွင်း လုပ်ဆောင်ရန် မဖြစ်ပေ။ ထို့ကြောင့် သူက မိုဝူကျိုအား အခန်းမှ ထွက်သွားဖို့ လှည့်စားရမည်။

ထိုစဉ် မိုဝူကျို၏ စိတ်စွမ်းအားက ထျန်းနူနှင့် တူသည့် အလောင်းတစ်လောင်းဆီ ရောက်ရှိသွားသည်။ ထိုစဉ် ထျန်းနူ၏ တစ်ကိုယ်လုံးမှာ ပြာနှမ်းနေပြီး မှတ်တမ်းတင်ထားသည့်ထက် ပို၍ ဆိုးရွားနေပေသည်။ သူ့အရေပြားပေါ်တွင်လည်း

အနက်ရောင်အလွှာ ဖြစ်နေပြီး ပြာနှမ်းနေသော အရိုးများကိုပင် ရှင်းရှင်းလင်းလင်း မြင်နေရသည်။

ထိုမြင်ကွင်းကြောင့် သူ့စိတ်ထဲမှ သတ်ဖြတ်ငွေ့များ ကြီးစိုးလာသည်။ မိုဝူကျိုက လက်တစ်ချက် အဝှေ့ဖြင့် ထောင်ချောက်အစီအရင်ကို အသက်သွင်းလိုက်ပြီး ဝူကျင်းသဲ့ဆီ လက်ချောင်းတစ်ချောင်း ရွယ်ကာ အော်ပြီး ပြောလိုက်သည် “ သွားသေလိုက်တော့ ”

**အခန်း (၁၀၄၀) : မိုဝူကျို ကြောက်သည့်သူ**

ဝူကျင်းသဲ့က မိုဝူကျိုသည် ဤနေရာတွင် လှုပ်ရှားရဲလိမ့်မည်ဟု မတွေးထားမိသော်လည်း လုံးလုံး စိတ်ပူပန်ခြင်း မရှိပေ။

**မိုဝူကျိုက နတ်ဘုရားအုပ်စိုးသူအဆင့် ဖြစ်နေတော့လည်း ဘာအရေးလဲ ...**

နတ်ဘုရားနယ်မြေ မြို့အသစ်ထဲ၌ သူပင် မတိုက်ခိုက်ရဲလေရာ မိုဝူကျိုလိုမျိုး အပြင်လူတစ်ယောက်က တိုက်ခိုက်ရဲသည်မှာ ကိုယ့်သေတွင်းကို တူးနေခြင်းသာ ဖြစ်၏။

မိုဝူကျိုက လှုပ်ရှားပြီးပြီ ဖြစ်၍ ဝူကျင်းသဲ့က ထိန်းမထားတော့ဘဲ သူ့မှော်ရတနာကို ဒေါသတကြီး ဆွဲယူဖို့ ကြိုးစားလိုက်သည်။

သို့သော် မကြာခင် သူ့မျက်ဝန်း၌ အကြောက်တရားများ ပြည့်နှက်လာသည်။ သူ့ဘေးပတ်ဝန်းကျင်ရှိ အာကာပြင်က သူ့အား အားပြင်းပြင်း ချုပ်နှောင်ထားသလို ခံစားမိလိုက်ရသည်။ ဤသည်မှာ ထောင်ချောက် အစီအရင် ဖြစ်၏။ ဤအခိုက်အတန့်လေး၌ သူ မှားယွင်းသွားကြောင်း သိလိုက်သည်။ မိုဝူကျိုက သူ ဂုတ်သွေးစုပ်လို့ရမည့်လူ မဟုတ်ပေ။ တစ်ဖက်လူက မည်သို့ ဖြစ်သွားစေကာမူ ယခုတွင် သူက သေရတော့မည် ဖြစ်၏။

သူ့အမြင်အရ မိုဝူကျိုသည် နတ်ဘုရားအုပ်စိုးသူ ပြီးပြည့်စုံခြင်းအဆင့် ရောက်နေလျှင်ပင် သူ့အား အချိန်တိုလေးအတွင်း သတ်နိုင်စွမ်း မရှိလောက်ကြောင်း ယုံကြည်မိခဲ့သည်။ ထို့အပြင် သူ့အတွက် မိုဝူကျိုက နတ်ဘုရားအုပ်စိုးသူအဆင့်ပင် မရောက်သေးပေ။ သို့သော်လည်း

ယခု မိုဝူကျိ တိုက်ခိုက်လိုက်သည်နှင့် သူ့အား ပြန်လည် တိုက်ခိုက်နိုင်စွမ်း မရှိလောက်အောင် ဖြစ်သွားစေသည်။ သူက တစ်ချက်ပင် မခုခံနိုင်ပေ။

“ ဝုန်း ” ဝူကျင်းသဲ့ မျက်ဝန်း၌ ကူကယ်ရာမဲ့မှုတို့ မကြီးစိုးလာခင် သူ့ခန္ဓာကိုယ်မှာ တစစီ ဖြစ်သွားတော့သည်။ စိတ်ဝိညာဉ် သားရဲအိတ်လေးကို မိုဝူကျိ၏ လူသားကမ္ဘာအတွင်း သိမ်းဆည်းထားလိုက်သည်။

ဝူကျင်းသဲ့အား သတ်ပစ်လိုက်သည့် သတ္တကမ္ဘာ လက်ချောင်းပညာရပ်၏ ပထမဆုံးတိုက်ကွက်သည် အစပင် ရှိနေသေး၏။ ထိုစဉ် မုန်ညှင်းနက် ကုန်သည်အိမ်တော် တစ်ခုလုံးက သက်ရှိလောကအလား ပျက်စီးသွားသည်။

အချိန်များက ကုန်ဆုံးသွားပြီး အသက်ခေတ်များက မျက်စိတစ်မှိတ်အတွင်း ပျောက်ကွယ်သွားကြသည်။

“ ဝုန်း ဝုန်း ဝုန်း ” မုန်ညှင်းနက် ကုန်သည်အိမ်တော်အတွင်း ပေါက်ကွဲသံများ ဆက်တိုက် ထွက်ပေါ်နေသည်။ သက်ရှိလောကအတွင်းရှိ အရာအားလုံးက ဖုန်မှုန့်အဖြစ် ပြောင်းလဲသွားလေ၏။

အခြား နတ်ဘုရားအုပ်စိုးသူအဆင့် ကျင့်ကြံသူ နှစ်ယောက်မှာ ပြန်လည် ခုခံခွင့်ပင် မရရှိလိုက်ဘဲ သက်ရှိလောက တိုက်ကွက်အောက်တွင် သေဆုံးသွားကြသည်။

ကုန်သည်အိမ်တော် ဝန်းကျင်ရှိ ကျင့်ကြံသူအားလုံးက ကြောင်အမ်းကုန်ကြသည်။ နတ်ဘုရားနယ်မြေနှင့် နတ်ဘုရားကုန်းမြေ ပူးပေါင်းလိုက်ပြီး နတ်ဘုရားနယ်မြေ မြို့အသစ်ကို တည်ထောင်လိုက်စဉ်ကတည်းက ကုန်သည်အိမ်တော် တစ်ခုလုံးကို ဖျက်စီးဖို့ မဆိုထားနှင့် မည်သူကမှ မတိုက်ခိုက်ရဲကြပေ။

အကယ်၍ နတ်ဘုရားနယ်မြေ မြို့အသစ်ထဲ ကုန်သည်အိမ်တော်က ဤသို့ ဖျက်စီးခံလိုက်ရသည်ဆိုလျှင် မြို့က ယနေ့အထိ တိုးတက်လာနိုင်မည် မဟုတ်ပေ။

မုန်ညှင်းနက် ကုန်သည်အိမ်တော်ဆီ အလင်းတန်း တစ်ချက် ကျရောက်လာသည်။ မိုဝူကျိက မည်မျှ မြန်ဆန်စေကာမူ မြို့တာဝန်ခံများလက်မှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။

“ ဟားဟား .. ဝူကျိ မင်း နတ်ဘုရားနယ်မြေ မြို့အသစ်ထဲ ရောက်လာပြီး ဘာလို့ ဒီလောက်တောင် ဒေါသကြီးနေရတာလဲ ”

နွေးထွေးပျူငှာသည့် အသံတစ်သံက မိုဝ္ဂူကျိုနားထဲ ရောက်လာသည်။

မိုဝ္ဂူကျိုက လမ်းတွင် ရပ်ကာ စိတ်လှုပ်ရှားစွာဖြင့် “ စီနီယာစန်းလား …”

မိုဝ္ဂူကျိုက ထောင်ချောက်အစီအရင်ကို အာကာပြင် သင်္ကေတများဖြင့် အသုံးပြုခဲ့ခြင်း ဖြစ်ရာ စန်းကျန့်ရှင်းသာ နတ်ဘုရားနယ်မြေ မြို့အသစ်ထဲ ရှိနေလျှင် သေချာပေါက် သတိထားမိမည်သာ ဖြစ်၏။ သူ့သွင်ပြင်ကို မည်သို့ ပြောင်းလဲထားစေကာမူ လှုပ်ရှားလိုက်သည်နှင့် စန်းကျန့်ရှင်းလိုမျိုး အဆင့်မြင့် ပညာရှင်က တန်းမှတ်မိမည်သာ ဖြစ်ပေသည်။

“ ဟုတ်တယ် … ငါလည်း တိုက်တိုက်ဆိုင်ဆိုင် နတ်ဘုရားနယ်မြေ မြို့အသစ်ထဲ ရောက်နေတာ ” စန်းကျန့်ရှင်းက ခဏရပ်သွားပြီးနောက် မိုဝ္ဂူကျိုရှေ့ အစီအရင်အလံတစ်ခု ကျလာသည် “ ဝ္ဂူကျို … ဒါက နတ်ဘုရားနယ်မြေ မြို့အသစ်အတွက် ထောင်ချောက်အစီအရင်အလံပဲ။ မင်း ငါ့ကို အခုလာတွေ့မလား ဒါမှမဟုတ် တခြားကို အရင်သွားမလား ”

“ စီနီယာကို ကျေးဇူးတင်ပါတယ်။ ဂျူနီယာလေး အရင်ဆုံး တခြားနေရာကို သွားလိုက်ပါ့မယ် ” မိုဝူကျိုက စန်းကျန့်ရှင်းသည် သူ့အား မုန်ညှင်းနက် ကုန်သည်အိမ်တော် ဖျက်စီးလိုက်သည့် အကြောင်းအရင်းအား မမေးသည့်အတွက် အလွန်ကျေးဇူးတင်မိနေသည်။ စန်းကျန့်ရှင်းက သူ့အား အစီအရင်အလံကိုပင် တိုက်ရိုက်ပေးလိုက်သေး၏။

အစီအရင်အလံက သူ့အပိုင် ဖြစ်သွားသည်နှင့် မိုဝူကျိုက ဤနေရာတွင် အဆင့် ၇ သေမင်းထောင်ချောက် အစီအရင် ရှိနေကြောင်း သိလိုက်ရသည်။

ဆိုလိုသည်မှာ သူ့တွင် အစီအရင်အလံ ရှိနေသရွေ့ ဤမြို့ထဲ နတ်ဘုရားဘုရင်များ အုပ်စုလိုက်ဖွဲ့ပြီး သူ့နောက် လိုက်လာလျှင်ပင် သူ့အနေနှင့် အလွယ်တကူ အခြေအနေကို ထိန်းချုပ်နိုင်လိမ့်မည်။

မိုဝူကျိုက စန်းကျန့်ရှင်းကို ယခုအချိန် သွားတွေ့လိုက်လျှင် နတ်ဘုရားနယ်မြေ မြို့အသစ်ရှိ မည်သူကမှ သူ့အား ထိရဲမည် မဟုတ်ကြောင်း သိသော်လည်း သူ့အနေနှင့် တခြားလူများက စန်းကျန့်ရှင်အား နောက်ကွယ်၌ မကောင်းကြောင်း

ပြောကြမည်ကို မလိုလားပေ။ သူက မုန်ညှင်းနက်ကုန်သည်အိမ်တော်ကို ဖျက်စီးပြီး ထွက်လာခဲ့သည် မဟုတ်ပါလော။

အစီအရင်အလံကို သိမ်းဆည်းပြီးနောက် မိုဝူကျိုက မြို့မှ ဖြတ်ခနဲ ထွက်သွားတော့သည်။

မြို့တာဝန်ခံများ ရောက်ရှိလာသည့်အခါ မိုဝူကျိုက မြို့အပြင်သို့ ရောက်ရှိနေပြီ ဖြစ်၏။

မိုဝူကျိုက မြို့အပြင်သို့ ရောက်သည်နှင့် ထျန်းနူအား စိတ်ဝိညာဉ်သားရဲအိတ်မှ ထုတ်ကာ တဲ့ဟွမ်အား အသက်ဓာတ်ဆေးလုံးပေးပြီး ထျန်းနူအား ကယ်တင်ခိုင်းထားလိုက်သည်။ ထို့နောက် သူက ဝတ်စုံအသစ် လဲဝတ်ကာ မျက်နှာဖုံးကို ဖယ်လိုက်ပြီး မြို့အတွင်း နောက်တစ်ဖန် ဝင်သွားလိုက်သည်။

“ မိုဝူကျိုလား ” မိုဝူကျို တစ်ယောက် နတ်ဘုရားနယ်မြေမြို့အသစ်ထဲ ရောက်လာသည်နှင့် ပိန်ပါးပါး အမျိုးသားက သူ့အား တအံ့တသြ ကြည့်လိုက်သည်။

နှစ်တစ်သောင်း ကုန်လွန်သွားပြီ ဖြစ်ရာ မိုဝူကျိကို အများစုက မေ့လျော့နေပြီ ဖြစ်၏။ သို့သော် သူ ပြန်ပေါ်လာသည့်အခါ လူများက ချက်ချင်း မှတ်မိလိုက်ကြသည်။

မိုဝူကျိအား မှတ်မိသွားသောသူမှာ လုရှင်းထန် ဖြစ်ပြီး နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းမှ တပည့် ဖြစ်၏။ ယခင် မိုဝူကျိက လျူရုတင်းအား သူမ ဂိုဏ်းဆီ ပြန်လည် ပို့ဆောင်ပေးပြီးနောက် လျူရုတင်းက လုရှင်းထန်အား မိုဝူကျိအတွက် နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်း၏ အပြင်စည်းတပည့်အဖြစ် စီစဉ်ပေးရန် မှာကြားခဲ့သည်။ အဆုံးသတ်၌ လုရှင်းထန်က လျူရုတင်း၏ ညွှန်ကြားချက်များကို မိုဝူကျိအား လျစ်လျူရှုကာ ထွက်သွားလေသည်။

တကယ်တော့ လျူရုတင်းလည်း ဂရုမစိုက်ခဲ့ပေ။ သူမအတွက် မိုဝူကျိသည် သူမ အသုံးချရခဲ့သည့် ဖြတ်သွားဖြတ်လာတစ်ယောက်သာ ဖြစ်၏။

မိုဝူကျိအား မြင်သွားပြီးသည့်နောက်တွင် လုရှင်းထန်က တုန်တုန်ယင်ယင် ဖြစ်လာသည့်အထိ တုန်လှုပ်လာမိသည်။ သူ့ကျင့်ကြံရေး ပါရမီမှာ အတော်လေး ကောင်းမွန်သောကြောင့်

နှစ်တစ်သောင်းအတွင်း သူက ကောင်းကင်နတ်ဘုရား အဆင့် ၃ မှ အဆင့် ၅ သို့ တက်လှမ်းနိုင်ခဲ့သည်။ သို့သော်လည်း သူက မိုဝူကျိနှင့် ယှဉ်လိုက်သည့်အခါ မဖြစ်စလောက်မျှသာ ဖြစ်နေသေး၏။

ကောင်းကင်လူသားဂိုဏ်းနှင့် နဝမဆင့်ကဲခြင်းဂိုဏ်းကြားရှိ ရန်ငြိုးမှာ မိုဝူကျိကြောင့်လည်း တပိုင်းတစ ပါဝင်သလို ပင်လယ်ကြီးလောက်လည်း နက်ရှိုင်းလှသောကြောင့် မိုဝူကျိ ပေါ်လာသည်နှင့် လုရှင်းထန်က အခွင့်အရေးကို အဘယ်ကြောင့် လက်လွှတ်ခံရမည်နည်း။

မိုဝူကျိ မြို့ထဲ ဝင်လာသည့်အခါ လုရှင်းထန်က ချက်ချင်း လှမ်းအကြောင်းကြားလိုက်သည်။ ဤတစ်ကြိမ်၌ သူတို့က မိုဝူကျိအား သေချာပေါက် လွှတ်ပေးမည် မဟုတ်ပေ။ အကယ်၍ ကန့်သတ်ချက် ရှိနေသည့် သူ့အင်အားကြောင့်သာ မဟုတ်လျှင် သူ့ဘာသာ လှုပ်ရှားပြီးလောက်လေပြီ။ မိုဝူကျိတွင် ရတနာများစွာ ရှိနေသည်ဟု ကောလဟာလ ထွက်နေသည် မဟုတ်ပါလော။ အထူးသဖြင့် မီးပြင်းကျောက်တုံး ဖြစ်၏။

...............

စန်းကျန့်ရှင်း၏ အိမ်က နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ် ကူးသန်းအစီအရင် ဌာနချုပ်နှင့် နီးနီးကပ်ကပ် တည်ရှိပေသည်။

မိုဂူကျိ ရောက်ရှိလာသည့်အခါ စန်းကျန့်ရှင်းက မတ်တတ်ရပ်၍ " နှစ်တစ်သောင်းတောင် ကြာသွားပြီ။ မင်းရဲ့ ကျင့်ကြံဆင့်လည်း တိုးတက်လာပြီပေါ့။ သေမျိုးနယ်မြေကတော့ တကယ်ကို ထူးချွန်တာပဲ ... "

" မိုဂူကျိက စီနီယာကို ဂါရဝပြုပါတယ်။ စီနီယာကို ဒီနေရာမှာ တွေ့ရတာ အရမ်းဝမ်းသာတာပဲ " မိုဂူကျိက လေးလေးစားစား ဦးညွှတ်လိုက်သည်။

ထိုစကားများက နှလုံးသားအတွင်းမှ ထွက်ပေါ်လာခြင်း ဖြစ်၏။ ရှင်းမူနှင့် ယှဉ်လျှင် စန်းကျန့်ရှင်းက မိုဂူကျိ အမှန်တကယ် လေးစားရသည့် စီနီယာတစ်ဦး ဖြစ်ပေသည်။

စန်းကျန့်ရှင်းက မိုဂူကျိအား ထိုင်ဖို့ရာ ညွှန်ပြလိုက်ပြီး " မင်း ယူမျိုးနွယ်နဲ့ တစ်ခုခု ဖြစ်ပြီလို့ ထင်ထားတာ။ ငါ အဲဒီ မြေခွေးအိုကြီး ရှင်းမူနဲ့ ဖြေရှင်းဖို့ သွားလိုက်သေးတယ်။ ဒါပေမဲ့ ယူမျိုးနွယ်က အာကာပြင်အဖြစ် ပြောင်းလဲသွားတယ်။ ငါလည်း လက်ရှိအင်အားနဲ့ အထဲကို မဝင်နိုင်တာနဲ့ ဘာမှတတ်နိုင်တာ

မရှိဘူး။ အခု မင်း အဆင်ပြေတာ သိရတော့ ငါ စိတ်အေးသွားပါပြီ ”

မိုဝူကျိုက စန်းကျန့်ရှင်းသည် သူ့အား အမှန်တကယ် ဂရုစိုက်မှန်း သိ၍ မြန်မြန် ပြန်ဖြေလိုက်သည် “ အဲဒီ ယူမျိုးနွယ်အောက်မှာ ကမ္ဘာဦး နတ်ဝိညာဉ်ကြော ရှိနေတာ ... သူတို့က ကျွန်တော်ကို ကာကွယ်ရေး အစီအရင် ခင်းကျင်းခင်းတာ ကျွန်တော်လည်း အခွင့်အရေးကို အသုံးချပြီး ကမ္ဘာဦး နတ်ဝိညာဉ်သွေးကြောကို ဖယ်ရှားပစ်လိုက်တယ်။ အဲဒါနဲ့ နေရာတစ်ခုလုံး အာကာပြင်လို ဖြစ်သွားတာ နေမယ်။ ကျွန်တော်က သတ္တကမ္ဘာကျောက်တုံးဆီ ပို့ဆောင်ခံလိုက်ရတယ် ”

“ သတ္တကမ္ဘာ ကျောက်တုံးလား ” စန်းကျန့်ရှင်းက မိုဝူကျိုဆီမှ ထိုစကားကို ကြားလိုက်သည့်အခါ တအံ့တဩဖြင့် ခဏခဏ ရေရွတ်လိုက်သည်။

“ စီနီယာက သတ္တကမ္ဘာကျောက်တုံးကို သိနေတာလား ” မိုဝူကျိုက မေးလိုက်၏။

စန်းကျန့်ရှင်းက ခေါင်းခါကာ “ ငါ့ဆရာဖိုးဖိုးက သတ္တကမ္ဘာကျောက်တုံးအကြောင်း ပြောပြဖူးတယ်။ အဲဒါက

ခုနှစ်လောက ဆက်နွယ်နေတဲ့ နေရာတစ်ခုတဲ့ ... ငါ့ကိုတော့ အဲဒီ ခုနှစ်လောက အကြောင်း လာမမေးနဲ့။ ငါလည်း မသိဘူး။ ဒါနဲ့ ဝူကျို မင်း သတ္တကမ္ဘာကျောက်တုံးဆီ သွားဖို့ နည်းလမ်း ရှိလား ”

မိုဝူကျိုက ဘာမှသိုဝှက်မထားဘဲ ပြန်ဖြေပေးလိုက်သည် “ ကျွန်တော်တို့ အင်မော်တယ်လောကထဲမှာ ရှိတယ်ဆိုရင်တော့ နည်းလမ်းကို သိတယ်။ အင်မော်တယ်လောကမှာ မဟာကင်းမဲ့ ပင်လယ်နယ်မြေဆိုတဲ့ နေရာတစ်ခု ရှိတယ်။ အဲဒါက သတ္တကမ္ဘာကျောက်တုံးနဲ့ ဆက်သွယ်ထားတဲ့ နေရာတစ်ခုပဲ။ ဒီနေရာကနေတော့ ကျွန်တော်လည်း နည်းလမ်း မရှိဘူး ”

စန်းကျုန့်ရှင်းက ဆက်မမေးတော့ဘဲ ဆက်ပြောလိုက်သည် “ သတ္တကမ္ဘာကျောက်တုံးက ကြီးကြီးမားမား လျို့ဝှက်ချက် တစ်ခုရှိတယ်။ မင်းရဲ့ ကျင့်ကြံဆင့် ပိုမြင့်လာတဲ့အခါကျ မင်း သွားပြီး စုံစမ်းကြည့်ကြည့် ... ငါတော့ မင်းအဆင်ပြေလို့ အရမ်းဝမ်းသာတယ်။ ဒါပေမဲ့ မင်း နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ဆီ ပြန်ရင်တော့ ရှင်းမူ အဲဒီမြေခွေးအိုကြီးကို သတိထားဦး။ သူက မင်းအပေါ် မဟုတ်တာ ကြံစည်နေလောက်တယ် ”

“ ကျွန်တော်ကို ဂရုစိုက်ပေးလို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော် နားလည်ပါပြီ ” မိုဝူကျိက ရှင်းမူသည် သူ့အား ရည်ရွယ်ချက်ရှိရှိ ယူမျိုးနွယ်ဆီ လွှတ်လိုက်သလားဟု သံသယ ဝင်မိနေခဲ့သည်။ သို့သော် သူ့တွင် လက်ဆုပ်လက်ကိုင် ပြစရာ သက်သေ မရှိသောကြောင့် ထုတ်မပြောခြင်းသာ ဖြစ်၏။ ထို့အပြင် သူနှင့် ရှင်းမူကြားရှိ ခြားနားချက်မှာ အတော်အတန် ကြီးမားနေသေး၏။

“ ကောင်းတယ် … ငါ ဒီနေရာက ထွက်သွားတော့မယ်။ နောက်တစ်ခါ မင်း ငါ့ကို ရှာချင်ရင် နတ်ဘုရားသိုက်မြို့ အစွန်းအဖျားဆီ လာခဲ့ ” စန်းကျန့်ရှင်းက ပြောရင်း မတ်တတ်ထရပ်လိုက်သည်။

“ နတ်ဘုရားမျိုးနွယ်နဲ့ တိုက်ပွဲက အခုထိ ဆက်ဖြစ်နေတုန်းလား ” မိုဝူကျိက မေးလိုက်သည်။ သူ တံခါးပိတ်ကျင့်ကြံရာမှ ထွက်လာစဉ်မှစ၍ နတ်ဘုရားမျိုးနွယ်အကြောင်း ဘာမှမသိရသေးပေ။

စန်းကျန့်ရှင်းက သက်ပြင်းချကာ ပြန်ဖြေလိုက်သည် “ ကိစ္စတွေက ဘယ်လိုလုပ် အဲလောက် လွယ်ကူမှာလဲ။ နတ်ဘုရားမျိုးနွယ်ဝင်တွေက ကျင့်ကြံဖို့အတွက် ရှင်သန်ကြတဲ့

မျိုးနွယ်တွေ ... အစတုန်းက ငါတို့ဘက် အရေးသာတယ်ဆိုပေမဲ့ စည်းမျည်းတွေ တူညီလာတဲ့အခါ နတ်ဘုရားမျိုးနွယ်ဘက်က ပညာရှင် အရေအတွက် တိုးလာတယ်လေ။ အဲဒါက နတ်ဘုရားနယ်မြေအတွက်ရော၊ နတ်ဘုရားကုန်းမြေအတွက်ရော မကောင်းဘူးလေ။ နောက်တစ်ခါ တစ်ခုခုများ ဖြစ်ခဲ့ရင် မင်း သတ္တကမ္ဘာကျောက်တုံးဆီ သွားနေတာ အကောင်းဆုံးပဲ .... မင်းရဲ့ တာအို ပြီးပြည့်စုံသွားတဲ့အခါကျမှ ပြန်လာကြည့်လှည့်။ ပြီးတော့ ငါ မင်းကို ပေးထားတဲ့ အစီအရင်အလံက ဒီနေရာမှာရှိနေတဲ့ သေမင်းထောင်ချောက် အစီအရင်ကို ထိန်းချုပ်နိုင်ရုံတင်မကဘူး။ ငါကိုလည်း ကိုယ်စားပြုတဲ့ အမှတ်သင်္ကေတ တစ်ခုပဲ။ အဲဒါက ငါ လူကိုယ်တိုင် ရှိနေသလို ဖြစ်နေလိမ့်မယ် ”

ထိုစကားအဆုံးတွင် စန်းကျန့်ရှင်းက ဖြတ်ခနဲ ပျောက်ကွယ်သွားတော့သည်။

မိုဝူကျိုက စန်းကျန့်ရှင်း ထွက်သွားသည့်ဘက်ကို ဦးညွတ်လိုက်သည်။ ဤသူကား သူ အမှန်တကယ် လေးစားရသည့် စီနီယာတစ်ဦး ဖြစ်၏။ သူက ကမ္ဘာဦး

နတ်ဝိညာဉ်သွေးကြော အကြောင်း ပြောစဉ်က စန်းကျန့်ရှင်းအား ပေးရန် စဉ်းစားထားခဲ့သည်။

လက်တွေ့၌ စန်းကျန့်ရှင်းက သူ့အပြောကိုပင် မစောင့်ဘဲ ထွက်သွားခဲ့လေ၏။

စန်းကျန့်ရှင်း၏ အိမ်က နတ်ဝိညာဉ်စွမ်းအား ယှဉ်စရာမရှိလောက်အောင် သိပ်သည်းလွန်းပေသည်။ မိုဝူကျိုက ဤနေရာသည် စန်းကျန့်ရှင်းက သူ့အတွက် ကျင့်ကြံဖို့ရာ ချန်ထားပေးခဲ့ကြောင်း သိလိုက်သည်။ သူက အချိန်တစ်ခုလောက်အထိ တံခါးပိတ် လေ့ကျင့်နေချင်သော်လည်း အချိန်ကောင်း မဟုတ်သေးပေ။

စန်းကျန့်ရှင်းက သူ့အား အစီအရင်အလံတစ်ခု ပေးထား၍ အနည်းဆုံးတော့ တချို့ကိစ္စလေး၌ အသုံးပြုရမည်။

မိုဝူကျိုက ထိုအတွေးဖြင့် ချိန်စုယင်နှင့် ကူချိုက်တို့အကြောင်း စုံစမ်းရန်အလို့ငှာ နတ်ဘုရားနယ်မြေ မြို့အသစ်ရှိ အလုပ်ခန်းမဆီ သွားလိုက်သည်။

သူတို့နှစ်ယောက်လုံးသား နတ်ဘုရားနယ်မြေအတွင်း ရှိနေသရွေ့ သူတို့က နတ်ဘုရားနယ်မြေ မြို့အသစ်ဆီ

ရောက်လာကြလိမ့်မည်။ ဤသည်မှာ နတ်ဘုရားနယ်မြေရှိ အကြီးမားဆုံး မြို့ မဟုတ်ပါလော။ ထို့အပြင် တခြားမြို့များနှင့် ကောင်းစွာ ဆက်သွယ်ထားသေး၏။ နတ်ဘုရားကုန်းမြေသို့ သွားလိုလျှင်လည်း နတ်ဘုရားနယ်မြေ မြို့အသစ်ရှိ ကူးသန်းအစီအရင်ကို အသုံးပြုရပေမည်။

………………

နတ်ဘုရားနယ်မြေ မြို့အသစ်ရှိ အလုပ်ခန်းမသည် နိဗ္ဗာန်တာအိုမြို့ကလောက် မသေးပေ။ အတွင်းပိုင်းတွင် လူများ စည်ကားလျက် ရှိနေသည်။ အမျိုးမျိုးသော အလုပ်များကိုလည်း ပြသထားပြီး အလုပ်အများစုကား နတ်ဘုရားသိုက်မြို့အစွန်း၌ နတ်ဘုရားမျိုးနွယ်ဝင်များကို သတ်ရန် ကိစ္စလည်း ပါဝင်ပေသည်။

“ကောင်စုတ်လေး မင်းကို တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တာပဲ ” မိုဝူကျိဘေးမှ ခပ်ညြညြ အသံတစ်သံ ထွက်ပေါ်လာသည်။

ထိုအသံမှာ အလွန်တရာ ရင်းနှီးနေသောကြောင့် မိုဝူကျိပင် စိတ်ထဲထိ တုန်လှုပ်မိသွားသည်။ သူ လှည့်ကြည့်လိုက်သည့်အခါ မီတာအနည်းငယ် အကွာရှိ ဆံပင်ရှည်ရှည် လူငယ်လေး တစ်ဦးက ပြုံးပြနေသည်ကို မြင်လိုက်ရသည်။ လူငယ်လေးက အလွန်တရာ

ငယ်ရွယ်နေဦးမည့်ပုံ ပေါ်ကာ သူ့ကျင့်ကြံဆင့်မှာလည်း ကောင်းကင်နတ်ဘုရား အဆင့် ဝန်းကျင်သာ ရှိသေးသည်။ သို့သော်လည်း သူ့နောက်ကျော၌ သံချေးတက်နေသည့် ဓားရိုးကြီး သယ်ဆောင်ထားလေသည်။

“ ခွန်းယွင်လား ” မိုဝူကျိုက မသိမသာ နောက်ဆုတ်မိလိုက်၏။ အကယ်၍ သူ ကြောက်ရွံ့ရမည့်လူ ရှိနေမည်ဆိုလျှင် ခွန်းယွင်က သေချာပေါက် နံပါတ်တစ်သာ ဖြစ်လိမ့်မည်။

## အခန်း (၁၀၄၁) : တကယ်ကို မင်း မိုဝူကျိုပဲ

မိုဝူကျိုက ခွန်းယွင်၏ နောက်ကျောပေါ်ရှိ ဓားရိုးကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ဤဓားရိုးက အကြောက်တရားကို ဖြစ်စေနေဆဲ ဖြစ်သည်။ အကယ်၍ သူသာ ခွန်းယွင်၏ နောက်ခံကို မသိထားလျှင် တခြားလူများကဲ့သို့ ဤသံချေးတက် ဓားရိုးကြီးအား သာမာန်ရတနာအဖြစ်သာ ယူဆမိလိမ့်မည်။

သို့သော် မိုဝူကျိုက ဤခရားရိုးကြီးသည် ထိပ်တန်း မှော်ရတနာ ဖြစ်ကြောင်း ကောင်းကောင်းကြီး သိထားပေသည်။ သူ့ခန့်မှန်းချက်အရ ခွန်းယွင်သည် ကြွားဝါရန် ထုတ်လာခြင်း မဟုတ်ဘဲ ထိုခရားရိုးကို သိမ်းဆည်းနိုင်မည့်အရာ မရှိ၍သာ ဖြစ်ပေမည်။

မိုဝူကျိုက ထိုအကြောင်းကို တွေးမိသွားသည့်အခါ စိတ်ထဲ တုန်လှုပ်မိသွား၏။

အကယ်၍ ခွန်းယွင်၏ အင်အားသာ အပြည့်အဝ ပြန်လည် ကောင်းမွန်လာလျှင် စန်းကျန့်ရှင်းနှင့် ရှင်းမူတို့ ပူးပေါင်းလျှင်ပင် ခွန်းယွင်ရှေ့၌ ပုရွက်ဆိတ်သာသာမျှသာ ဖြစ်နေဦးမည်ဟု အသေအချာ သိလိုက်သည်။

ခွန်းယွင်က သံချေးတက် ခရားရိုးအား သိမ်းဆည်းထားနိုင်မည့် မှော်ရတနာပင် မရှိချေ။ ဆိုလိုသည်မှာ ခွန်းယွင်က ကောင်းကင် နတ်ဘုရားအဆင့်သာ ရှိနေသေး၏။

“ မင်းက မိုဝူကျိုမလား … ဟုတ်တာပေါ့။ စောစောလေးက မင်းအကြောင်း လှမ်းသတင်းပို့နေတဲ့ လူတစ်ယောက်ကိုတောင် မြင်လိုက်သေးတယ်။ ကြည့်ရတာ သူက မင်းကို

ဖမ်းချင်နေတဲ့ပုံပဲ ” ခွန်းယွင်က မိုဝူကျိ သူ့အား သတ်ချင်နေမည်ကို ဂရုမစိုက်သည့်အလား ပုံမှန်အတိုင်း ပြောလိုက်သည်။

မိုဝူကျိက ခွန်းယွင်လို လူမျိုးသည် ယုံကြည်ချက် အပြည့်အဝ မရှိသရွေ့ ထွက်ပေါ်လာရဲမည် မဟုတ်ကြောင်း ကောင်းကောင်း သိပေသည်။ သူ့ကို သတ်ဖို့ရာ မိုဝူကျိက ဂရုမစိုက်တော့ပေ။ နတ်ဘုရားနယ်မြေ မြို့အသစ်ထဲ၌ သဟဇာတ နတ်ဘုရားအဆင့် မပေါ်လာသရွေ့ မည်သူကမှ သူ့အား သတ်နိုင်မည် မဟုတ်ပေ။

“ ခွန်းယွင် … ခင်ဗျားလည်း ကိုယ်လမ်းကိုသွား၊ ကျုပ်လည်း ကျုပ်လမ်းကို သွားမယ်။ ကျုပ်တို့ကိစ္စပဲ အာရုံစိုက်ကြတာပေါ့။ တကယ်လို့ ကျုပ်ကို တစ်ခုခု ယုံကြည်စေချင်တယ်ဆိုရင်တော့ အင်မော်တယ်လောကရဲ့ကံကြမ္မာကိစ္စကိုတောင် ခင်ဗျားနဲ့ မရှင်းရသေးဘူးဆိုတာ သတိရဦး ” မိုဝူကျိက ခွန်းယွင်သည် ငါးရှည့်တစ်ကောင်လို ဖြစ်မှန်း သိ၍ ဤသို့လူမျိုးနှင့် တတ်နိုင်သမျှ မပတ်သတ်လိုပေ။

မိုဝူကျိ စကားများကို လျစ်လျူရှုထားရင်း ခွန်းယွင်က ဆက်ပြောလိုက်သည် “ မိုဝူကျိ မင်းက လူသားတာအိုကို ကျင့်ကြံတော့ ထိပ်ဆုံးကို ရောက်လာစေတယ်။ ငါက

အင်မော်တယ်လောကရဲ့ ကံကြမ္မာကို လိုချင်ပေမဲ့ မင်းကြောင့် ငါ့အသိစိတ်ပင်လယ် ပြုပြင်မှုကို လက်လျော့လိုက်ရုံကလွဲပြီး မတတ်နိုင်တော့ဘူး။ ငါတိုတွေ အတူတူ အလုပ်တွဲလုပ်ရင် ဘယ်လိုလဲ။ ငါတို့ရဲ့ အသိဉာဏ်နဲ့ဆိုရင် ငါတို့ ဘာလိုလို ရနိုင်မှာပဲ .... ဒါနဲ့ ငါ့ကို တိုက်ဖို့ တွေးမနေနဲ့ဦး။ မင်းက အရည်အချင်း မပြည့်မှီသေးဘူးကွ ”

မိုဝူကျိုက ခွန်းယွင်သည် အမှန်တကယ် ဉာဏ်များကြောင်း သိထားသော်လည်း သူ့ကိုယ်သူ ထိုလူအတွက် ထိုက်တန်သည့် ပြိုင်ဖက်ကောင်း တစ်ယောက်ဟု တွေးမိသည်။ ယခု ခွန်းယွင်က သူနှင့် ပူးပေါင်းလိုလေရာ သူ့အနေနှင့် တုံ့ဆိုင်းခြင်းမရှိ ငြင်းပယ်ပစ်လိုက်သည် “ အားနာပါတယ်။ ခင်ဗျားနဲ့ အတူတူ အလုပ်တွဲလုပ်ဖို့ ရည်ရွယ်ချက် မရှိဘူး ”

“ အဲလောက်လည်း အလျှင်မလိုပါဘူး။ ဟိုးအရင်နှစ်တွေတုန်းက ငါ ဒီနားလေးမှာ မိန်းကလေးတချို့ကို တွေ့ခဲ့တယ်။ သူတို့ထဲက တစ်ယောက်နာမည်က ချိန်စုယင် ဆိုလား ... သူမက မင်းအကြောင်း လိုက်စုံစမ်းနေတာ။ အဲတုန်းက သူတို့ ဘေးကင်းကင်း ထွက်သွားလို့ ရအောင် ငါတောင်

ဝင်ပါလိုက်ရသေးတယ်။ ဒါပေမဲ့ ငါ အဲတုန်းက ကနဦး နတ်ဘုရားအဆင့် ၁ ပဲ ရှိသေးတာ ... မင်း ငါ့အပေါ် အကြွေးတင်သွားပြီ ”

“ စုယင် ဘယ်မှာလဲဆိုတာ သိတာလား ” မိုဝူကျိုက ခွန်းယွင် ပခုံးကို ဆုပ်ကိုင်ကာ စိတ်အားထက်သန်စွာ မေးလိုက်သည်။

ခွန်းယွင်က ချွေးတစ်စက်မှ မထွက်ဘဲ မိုဝူကျိုလက်အား ခါချကာ ပုံမှန်အတိုင်း ပြောလိုက်သည် “ ကြည့်လေ ငါသာ မင်းကို ထောင်ဖမ်းချင်ရင် မင်းလက် ငါ့ပခုံးပေါ် ရောက်ကတည်းက လှုပ်ရှားပြီးလောက်ရောပေါ့ ”

မိုဝူကျိုက အေးစက်စွာ ရယ်မောလိုက်ပြီး “ စမ်းကြည့်လိုက်လေ ”

သူက ခွန်းယွင်သည် ချိန်စုယင်တို့အား ကူညီပေးလောက်သည့်အထိ ကြင်နာလိမ့်မည်ဟု မယုံပေ။

“ တစ်နေရာရာသွားပြီး ဆက်ပြောကြစို့ ” ခွန်းယွင်က မိုဝူကျို၏ ခြိမ်းခြောက်မှုကို ဂရုမစိုက်သည့်အလား ရယ်ရယ်မောမောဖြင့် ဆက်ပြောနေသည်။

“ ကောင်းပြီလေ ” မိုဝူကျိုက ခွန်းယွင်နှင့် မပတ်သတ်လိုသော်လည်း သူ့အနေနှင့် ခွန်းယွင်စကားကို သဘောတူလိုက်ရသည်။

နှစ်ယောက်လုံး အလုပ်ခန်းမ မှ ထွက်လာပြီး သာမာန် ဧည့်ရိပ်သာလေးသို့ ရောက်လာကြသည်။

အခါးရည် လာတည့်ခင်းပြီးသည့်နောက်တွင် ခွန်းယွင်က အခန်းကို အတားအဆီး ချလိုက်ပြီး ပြောလိုက်သည် “ မိုဝူကျို … ငါ အသိစိတ်ပင်လယ်ကို လက်လျှော့လိုက်တာက မင်းနဲ့ တချို့တဝက်တော့ ဆက်နွယ်နေတယ်။ အရင်ဦးဆုံး မင်းက ငါ့အသိစိတ်ပင်လယ်ကို ပျက်စီးအောင် လုပ်ခဲ့တယ်။ ဒုတိယအနေနဲ့ မင်း ငါ့အစီအစဉ်တွေကို ဝင်ရှုပ်ခဲ့တယ် ”

မိုဝူကျိုက ခံစားချက်မကောင်းစွာ ပြန်ပြောလိုက်သည် “ ခင်ဗျားနဲ့ ဆက်မပြောင်းခုံချင်ဘူး။ တကယ်လို့ ခင်ဗျားသာ အင်မော်တယ်လောကရဲ့ ကံကြမ္မာကို မလိုချင်ရင် ကျုပ်က ခင်ဗျားရဲ့ အသိစိတ်ပင်လယ်ထဲ ဘယ်လိုလုပ် ရောက်လာမှာလဲ။ ပြီးတော့ ကျုပ် ခင်ဗျားရဲ့ အသိစိတ်ပင်လယ်ထဲ ရောက်လာတာလဲ ခင်ဗျားရဲ့ လက်ချက်ပဲလေ။ ကျုပ်က ခင်ဗျားရဲ့ လှည့်ကွက်ထဲ

မရောက်ခဲ့တာ တစ်ခုလေးပဲ .... ပြီးတော့ အင်မော်တယ်လောကရဲ့ ကံကြမ္မာကို ခွဲဝေယူချင်တာက ကျုပ် မဟုတ်ဘူး။ အဲဒီလူက အခုထိ နတ်ဘုရားနယ်မြေထဲမှာပဲ ရှိသေးတယ်။ တကယ်လို့ ခင်ဗျားသာ သူမကို ပြဿနာရှာဖို့ သွားရှာရင် သူမအကြောင်း သိရဖို့ သိပ်မခက်ပါဘူး ”

ခွန်းယွင်က ဖြတ်ပြောလိုက်သည် “ ငါ ခွန်းယွင်က ဒီနေ့အထိ အသက်ရှင်လာတာ အရေးမပါတဲ့ အရာတွေကို ဂရုမစိုက်ဘူး။ မင်းက ငါ့အသိစိတ်ပင်လယ်ရဲ့ တစိတ်တပိုင်းကို ပျက်စီးအောင် လုပ်ခဲ့ပေမဲ့ ငါ့အပေါ် သက်ရောက်မှု အဲလောက် မရှိဘူး။ ငါ့အသိစိတ်ပင်လယ်ထဲ နေပြီး ဆက်မပြုပြင်ချင်တော့တဲ့ အကြောင်းအရင်းက ငါသာ ထွက်မလာရင် မင်း အထက် ရောက်သွားတဲ့အခါ ငါ ဘာမှရနိုင်မှာ မဟုတ်လို့ပဲ ”

“ဘာကို ပြောတာလဲ ” မိုဝူကျိုက ခွန်းယွင်အား နားမလည်စွာ ကြည့်လိုက်သည်။

ခွန်းယွင်က ရယ်မောစွာ “ အချိန်ကျလာတဲ့အခါကျ နားလည်လာပါလိမ့်မယ်။ အခုတော့ ငါတို့ ပူးပေါင်းမှုအကြောင်း အရင်ဆွေးနွေးကြတာပေါ့ ”

မိုဝူကျိုက တည်တည်ငြိမ်ငြိမ်ဖြင့် “ စုယင် ဘယ်မှာလဲဆိုတာ အရင်ပြောပြ … တခြားဟာကို နောက်မှ ဆက်ပြောကြမယ် ”

မိုဝူကျိုက ခွန်းယွင် မည်မျှကြောက်ဖို့ ကောင်းကြောင်း ကောင်းကောင်း သိပေသည်။ မိုဝူကျိုရှေ့ရှိ လူသည် ကောင်းကင်နတ်ဘုရားအဆင့် ဖြစ်နေသော်လည်း ဒုက္ခပေးနိုင်မှုက အတိုင်းအတား မရှိပေ။

ခွန်းယွင်က မိုဝူကျိုသည် သူ့ကို ကြောက်ရွံ့နေကြောင်း သိပေသည်။ လက်တွေ့၌ သူလည်း မိုဝူကျိုကို ကြောက်ပေ၏။ မိုဝူကျိုက နည်းလမ်းအမျိုးမျိုး ပိုင်ဆိုင်ထားရုံသာမက မိုဝူကျိုက လူသားတာအိုကိုလည်း ဖန်တီးထားသေး၏။ ထိုတာအိုမှာ အတိတ်တုန်းက သူပင် မတွေးမိခဲ့သည့် ကြီးကျယ်သော တာအို ဖြစ်ပေသည်။ အကယ်၍ မိုဝူကျိုနှင့် ပူးပေါင်းလိုက်ခြင်းက အကျိုးမြတ် များများ ရနိုင်သည့် အချက်ကြောင့်သာ မဟုတ်လျှင် သူ့အနေနှင့် ဤနေရာသို့ လာပြီး သေချာပေါက် စောင့်ဆိုင်းနေမည် မဟုတ်ပေ။

ယခင်က များပြားစွာသော ပညာရှင်တို့ သူ့အသိစိတ်ပင်လယ်ထဲ ကျရောက်လာဖူးသော်လည်း မိုဝူကျိုက သူ့အား

လက်လျှော့စေနိုင်ခဲ့ပြီး ထွက်သွားခဲ့နိုင်သော တစ်ဦးတည်းသောသူ ဖြစ်ပေသည်။

သူက အသိစိတ်ပင်လယ် ပြုပြင်ခြင်းအား လက်လျှော့လိုက်ခြင်းမှာ ပြိုင်ဖက်ကင်း ပါရမီရှင်တစ်ဦး ပေါ်လာပြီး သူ့အား ဝိညာဉ်ပူးကပ်ခြင်း စိတ်ကူးအား ပေးခဲ့သလို မိုဝူကျိုလည်း ပေါ်လာခဲ့၍ ဖြစ်သည်။

တခြားသူများက မိုဝူကျိုသည် လူသားတာအိုပေါ် အခြေခံ၍ များများစားစား အောင်မြင်နိုင်မည် မဟုတ်ကြောင်း တွေးကောင်း တွေးမိနိုင်သည်။ မိုဝူကျိုနားတွင် ဝိညာဉ်စွမ်းအား အရှိန်အဝါက မရှိသလောက် နည်းပါးသည် မဟုတ်ပါလော။ သို့သော်လည်း ခွန်းယွင်တွင် လုံးဝ ဆန့်ကျင်ဘက် အမြင်ရှိပေသည်။ အကယ်၍ စကြဝဠာကြီးထဲ၌ ထိပ်ဆုံးရောက်မည့်သူ ရှိလာလျှင် ထိုသူက ယုံမှားဖွယ်မရှိ မိုဝူကျိုသာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် သူက မိုဝူကျို ထိပ်ဆုံးမရောက်သေးသည့်အချိန် အခွင့်ကောင်းယူရန် ထွက်လာခြင်း ဖြစ်၏။ အနည်းဆုံးတော့ အခွင့်အရေးအတွက် တိုက်ခိုက်နိုင်စွမ်းက သူ့တွင် ရှိနေသေးသည်

မဟုတ်ပါလော။ မဟုတ်လျှင် သူ့အသိစိတ်ပင်လယ် ပြန်လည် ကောင်းမွန်လာသည့်အခါကျ နောက်ကျသွားနိုင်သည်။

“ မိုဝူကျို … ငါ နတ်ဘုရားနယ်မြေ မြို့အသစ်မှာ မင်းကို လာစောင့်နေတာ။ မင်း ပေါ်လာတာနဲ့ နတ်ဘုရားနယ်မြေ မြို့အသစ်ဆီ ရောက်လာမယ်ဆိုတာ ငါ သိနေတယ်။ တကယ်တော့ ငါ မင်းကို အရင်ဆုံး တွေ့တာ မဟုတ်ဘူး။ မင်းရဲ့ တာအိုလက်တွဲဖော်ကို အရင်ဆုံး မြင်လိုက်ရတာ။ ချိန်စုယင်လည်း မင်းကို လာရှာတာ နေမယ်။ တကယ်လို့ ငါ့ကြောင့်သာ မဟုတ်ဘူးဆိုရင် သူမတော့ တခြားသူလက်ထဲ ရောက်တော့မလို့။ အဲဒါကြောင့် မင်းက ငါ့ကို ကျေးဇူးတောင် တင်သင့်သေးတာ ” ခွန်းယွင်က မိုဝူကျိုအား ကြည့်ကာ အေးအေးဆေးဆေး ပြောလိုက်သည်။

ဤတစ်ကြိမ်၌ မိုဝူကျိုက ခွန်းယွင် စကားများကို ယုံကြည်လာမိသည်။ သူက ခွန်းယွင်သည် သူ့အား လိမ်ညာရန် မလိုအပ်ကြောင်း ခံစားမိ၏။ သူတို့ကြားတွင် ရန်ငြိုးတချို့ ရှိသော်လည်း သူက ခွန်းယွင် အကြံအစည်ကို နှောင့်ယှက်ကာ အင်မော်တယ်လောက၏ ကံကြမ္မာကို အင်မော်တယ်လောကဆီ

ပြန်ပေးခဲ့၍ ဖြစ်ပေသည်။ ခွန်းယွင်လို ဉာဏ်ကောင်းသူက ဤမျှ တွက်ကပ်နေမည် မဟုတ်ပေ။ သူက မိုဝူကျိကို သတ်လိုက်လျှင်ပင် သူ့အတွက် အကျိုးမရှိမှန်း သိပေမည်။ ဆုံးရှုံးသွားခဲ့သော ကံကြမ္မာလည်း ပြန်ရမလာနိုင်ပေ။

" သူမ ဘယ်မှာလဲ " မိုဝူကျိက လေသံကို လျော့ချလိုက်သည်။

ခွန်းယွင်က ခေါင်းညိတ်ကာ " ဒီလိုမှပေါ့ ... မင်းရဲ့ တာအိုလက်တွဲဖော်က မင်းနဲ့ နတ်ဘုရားနယ်မြေက ချူယို့ဆိုတဲ့ အမျိုးသမီးကြားမှာ တစ်ခုခု ရှိနေတယ်ဆိုတာ သိနေတဲ့ပုံပဲ ... "

" မဟုတ်တာတွေ " မိုဝူကျိက ပြန်လည် ချေပလိုက်၏။

ခွန်းယွင်က ထိုစကားကို လျစ်လျူရှုကာ ဆက်ပြောလိုက်သည် " မိန်းမတွေက အမြဲ အဲလိုပါပဲကွာ ... အကြောင်းအရင်းမရှိဘဲ ဘာမှတော့ ဖြစ်မလာဘူးလေ။ သူမ ငါ့ကို တွေ့တာ ကျေးဇူးတင်ရမယ်။ အဲဒါနဲ့ ငါက သူမကို မင်းအကြောင်း ဆက်စုံစမ်းနေရင် သူမတို့အဖွဲ့အတွက် ဆိုးဆိုးရွားရွား ဖြစ်လာနိုင်တဲ့အကြောင်းကို ပြောပြလိုက်တယ်။ မင်းရဲ့တာအိုလက်တွဲဖော်က လေးလေးစားစား ရှိပါတယ်။ သူမက ငါ့ကို ယဉ်ယဉ်ကျေးကျေး တောင်းဆိုတာနဲ့ မင်းနာမည်

ဆက်မပြောဖို့ သတိပေးလိုက်ရတယ်။ ပြီးတော့ နတ်ဘုရားမျိုးနွယ်နဲ့ တိုက်ပွဲဆီ လွှတ်လိုက်တယ်”

“ စုယင်ကို သေမင်းဆီ လွှတ်လိုက်တာလား ” မိုဝူကျို၏ မျက်ဝန်း၌ အေးစက်စက် အလင်းတစ်ချက် ဖြတ်ပြေးသွားသည်။

ခွန်းယွင်က ရယ်မောကာ

“ မိုဝူကျို … မိုဝူကျို မင်းက ငါ့အစီအစဉ်ကို ပျက်အောင် လုပ်ခဲ့ပေမဲ့ ငါ မင်းကို နည်းနည်းတော့ လေးစားမိတယ်။ ဒါပေမဲ့ အခု ကြည့်ရတာ ငါ မှားသွားတာ နေမယ်။ မင်းရဲ့ တာအိုလက်တွဲဖော်ကို တွေ့တုန်းက သူမရဲ့ကျင့်ကြံဆင့်ကိုရော သိရဲ့လား။ အင်မော်တယ် အုပ်စိုးသူအဆင့် တစ်ယောက်လောက်က ငါ့ရှေ့မှာ ဘာဆိုဘာမှ မဟုတ်ဘူး။ ဒီလိုမျိုး ကျင့်ကြံဆင့်လေးနဲ့ နတ်ဘုရားလောကမှာ မြက်ပင်လောက်ပဲ အဖိုးတန်တယ် ….

နတ်ဘုရားသိုက်မြုံအစွန်းမှာ နတ်ဘုရားနယ်မြေနဲ့ နတ်ဘုရားကုန်းမြေတို့ရဲ့ တိုက်ပွဲက အတော်လေး အန္တရာယ်များပေမဲ့ အခွင့်အရေးကောင်းတွေလည်း များတယ်။ ငါ သူမကို အဲဒီဆီ လွှတ်လိုက်ပြီးတဲ့နောက် အချိန်မရွေး

သေသွားနိုင်တယ်။ ဒါပေမဲ့ သူမက သေခြင်းရှင်ခြင်းကြားမှာ အသစ်တဖန် မွေးဖွားလာပြီး အမှန်တကယ် အားကောင်းလာနိုင်တယ်။ မဟုတ်ရင် မင်းက မင်းဘဝတစ်လျှောက်လုံး သူမကို လိုက်ကာကွယ်ပေးနေမှာလား။ မင်းရဲ့ မိန်းမ အသတ်ခံရလားဆိုတာတော့ မသိဘူး။ တကယ်လို့ သူမသာ မသေရင် အခုချိန် မင်းထက် အားနည်းနေမှာတော့ မဟုတ်ဘူး။ ပြီးတော့ အဲဒီနေရာမှာ တိုက်ပွဲအတွေ့အကြုံက ဆက်တိုက် တိုးနေမှာဆိုတော့ ငါက သူမဆီ သေမင်းဆီ လွှတ်လိုက်တယ်လို့ ပြောဦးမှာလား ”

ထိုစကားက မိုဝူကျိအား ငြိမ်ကျသွားစေသည်။ ခဏအကြာ သူက ဖြည်းဖြည်းချင်း ပြန်ထိုင်ချလိုက်၏။ အကယ်၍ ချိန်စုယင်သာ သူ့ကို ရှာနေလျှင် ခွန်းယွင် ပြောသည့်အတိုင်း တစ်ရက်ရက်ကျ နတ်ဘုရားနယ်မြေ၌ သေဆုံးသွားနိုင်သည်။ အကြောင်းမှာ သူက ဤနေရာရှိ ပညာရှင်များစွာကို ရန်စထားမိခဲ့သည် မဟုတ်ပါလော။

“ နတ်ဘုရားသိုက်မြုံအစွန်းဆီ သွားလိုက်ဦးမယ် ” မိုဝူကျိက အသက်ပြင်းပြင်း ရှူလိုက်သည်။ နတ်ဘုရားသိုက်မြုံအစွန်းသည် နတ်ဘုရားမျိုးနွယ်နှင့် တိုက်ပွဲများအားလုံး၌ အန္တရာယ်အများဆုံး

နယ်ပယ် ဖြစ်ပေသည်။ ထိုနေရာက ဆက်တိုက်ဆိုသလို အသက်အန္တရာယ် ရှိနေနိုင်သည်။ ခွန်းယွင် ပြောသည့်အတိုင်း စုယင်သာ ထိုနေရာ၌ တိုက်ပွဲအတွေ့အကြုံများ တိုးတက်လာနိုင်သလို အချိန်မရွေး အသက်အန္တရာယ်လည်း ရှိလာနိုင်သည်။

“ နတ်ဘုရားသိုက်မြုံအစွန်းဆီ သွားဖို့ အလျှင်မလိုနေပါနဲ့ဦး။ အဲဒီမိန်းကလေးက မင်း ပြောင်းလဲသွားတာကို သိပြီးတော့ မင်းအကြောင်း ဆက်ဂရုမစိုက်လောက်တော့ပါဘူးကွာ ” ခွန်းယွင်က မိုဝူကျိအား တမင်သပ်သပ် စိတ်ပိုင်းဆိုင်ရာ ထိုးနှက်ချင်ဟန် ပေါ်နေ၏။

မိုဝူကျိက အေးစက်စက် ပြန်ဖြေပေးလိုက်သည်

“ ဒါက ကျုပ်ပြဿနာပါ။ ခင်ဗျား လိုက်စိတ်ပူနေဖို့ မလိုပါဘူး။ ပြောစမ်းပါဦး ... ခင်ဗျားက ကျုပ်နဲ့ ဘာလို့ ပူးပေါင်းချင်တာလဲ။ ခင်ဗျားရဲ့ ဖြေရှင်းချက်ကို နားထောင်ပြီး ဆုံးဖြတ်ချက် ချရမယ်လေ ”

ခွန်းယွင်က ပခုံးတွန့်ကာ အရေးမစိုက်သည့်ဟန်ဖြင့် “ ငါတို့ ပူးပေါင်းမှုက အဲလောက် အလျှင်မလိုပါဘူး။ မင်းက အရင်ဆုံး

နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းက နတ်ဘုရားဘုရင်ကို ဖြေရှင်းတာ ကောင်းလိမ့်မယ်။ မင်းကို ဖမ်းဖို့ သူကိုယ်တိုင် လာမယ်ဆိုတာ သေချာတယ် ”

ခွန်းယွင် စကားအဆုံးတွင် အခန်းရှိ အတားအဆီးက အတင်းအကျပ် ချိုးဖောက်ခံလိုက်ရပြီး နတ်ဘုရားဘုရင် နှစ်ယောက် ပေါ်လာသည်။

မိုဝူကျိက နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်း၏ နတ်ဘုရားဘုရင် ဖောမိနက် တစ်ယောက်ကိုသာ မှတ်မိပေသည်။ ထိုမှတ်ဆိတ်မွေးများက သူ့သင်္ကေတအလား ဖြစ်နေသည်။ နောက်တစ်ယောက်က နတ်ဘုရားဘုရင် ဖြစ်လာခါစ ဖြစ်လိမ့်မည်။ ထို့ကြောင့် မိုဝူကျိက ထိုသူ့အား မသိပေ။

“ တကယ် မိုဝူကျိ မင်းကိုး .... မတွေ့ရတာ ကြာပြီပဲ ” နတ်ဘုရားဘုရင် ဖောမိနက်က စကားတစ်လုံးချင်းစီအား အတင်းဖိပြောနေဟန် ပေါ်သည်။

“ ဟူး ... အခုခေတ် လူငယ်တွေက စောက်ချိုးကို မပြေကြဘူး ” ခွန်းယွင်က မျက်လုံးပင် ဖွင့်မကြည့်ဘဲ အခါးရည်ကို အရသာခံ သောက်နေသည်။

## အခန်း (၁၀၄၂) : အဆင့် ၇ ကာကွယ်ရေး အစီအရင်၏ အင်အား

မိုဝူကျိုက သူ့ဘာသာ ရယ်မောလိုက်မိသည်။ ခွန်းယွင်က ထိုလူများအား အပြုအမူကောင်း မရှိ၍ ဆူပူနေပေသည်။

ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူတစ်ယောက်က သူ့အား လာဆူပူသည်ကို မြင်သောအခါ နတ်ဘုရားဘုရင် ဗောဓိနက် မျက်ဝန်း၌ သတ်ဖြတ်လိုစိတ်များ ကိန်းအောင်းလာသည်။ သူက နတ်ဘုရားဘုရင် တစ်ယောက် ဖြစ်သော်လည်း စိတ်ရှည်မှု မရှိပေ။ သူ့အမြင်၌ ခွန်းယွင်သည် မိုဝူကျိုလိုမျိုး သေလူတစ်ယောက်သာ ဖြစ်ပေသည်။ သို့သော်လည်း သူတို့က ယခု သတ်ပစ်၍ မဖြစ်သေးပေ။ သူက ညှော့ရိပ်သာအငယ်လေးပေါ်ရှိ အတားအဆီးကို ဖျက်စီးရဲသော်လည်း မည်သူကိုမှ မသတ်ရဲချေ။ နတ်ဘုရားနယ်မြေ မြို့အသစ်ကို ထိန်းချုပ်နေသည့်သူမှာ နတ်ဘုရားနယ်မြေ၏ နတ်ဘုရားဘုရင် ပညာရှင် မဟုတ်ဘဲ နတ်ဘုရားကုန်းမြေ၏ သဟဇာတ နတ်ဘုရားတစ်ပါး ဖြစ်၏။

ခွန်းယွင်ကို ဂရုမစိုက်တော့ဘဲ နတ်ဘုရားဘုရင် ဗောဓိနက်က ဆက်ပြောလိုက်သည် “ မိုဝူကျိ … မင်း ငါနဲ့ ပူးပေါင်းဖို့ ကိစ္စတချို့ ရှိတယ်။ တကယ်လို မင်း ငါနဲ့ အတူတူ ထွက်မသွားချင်ဘူးဆိုရင် ဒီမှာပဲ ပြောလိုက်မယ် ”

မိုဝူကျိက ထရပ်ကာ “ အပြင်သွားကြတာပေါ့ ”

ဤညှော်ရိပ်သာအငယ်လေးက နတ်ဘုရားဘုရင် ဗောဓိနက်လိုမျိုး အဆင့်မြင့် ပညာရှင်၏ အင်အားကို ခံနိုင်ရည် ရှိမည် မဟုတ်သောကြောင့် မိုဝူကျိက ဤနေရာတွင် တိုက်ခိုက်ရန် မရည်ရွယ်ထားပေ။

ခွန်းယွင်က ဆက်လက် ထိုင်နေရင်း မိုဝူကျိအား လှမ်းပြောလိုက်သည် “ မကြာခင် ပြန်လာခဲ့ … ငါ မင်းကို စောင့်နေရတာ ရက်နည်းနည်းလေး မဟုတ်ဘူး၊ နှစ်ချီနေပြီ ”

သူ့အမြင်၌ နတ်ဘုရားအုပ်စိုးသူ မိုဝူကျိအနေနှင့် နတ်ဘုရားဘုရင် တစ်ယောက်အား သတ်ပစ်ဖို့ရာ အသေးအဖွဲ့ ကိစ္စလေးသာ ဖြစ်ပေသည်။

“ မင်းလည်း လိုက်လာတာ ကောင်းလိမ့်မယ် ” နတ်ဘုရားဘုရင် ဖောဓိနက်က ခွန်းယွင်အား တစ်ချက် ငေ့ကြည့်ရင်း ပြောလိုက်သည်။

ခွန်းယွင်က လက်ထဲက အခါးရည်ခွက်ကို သောက်လိုက်ပြီးနောက် အေးစက်စက် ပြောလိုက်သည် “ ငါ့ကို ထွက်လာဖို့ ပြောရအောင် မင်းကိုယ်မင်း ဘယ်သူ ထင်နေလဲ … ထွက်သွားစမ်း ”

နောက်ဆုံးစကားက နတ်ဘုရားဘုရင် ဖောဓိနက်အား ရောမတူကြီးနှင့် ထုရိုက်လိုက်သလို ဖြစ်သွားကာ မနှစ်မြို့ဖွယ် ခံစားချက်တို့ ဖြစ်လာစေသည်။

ဤသည်က နတ်ဘုရားဘုရင် ဖောဓိနက်ကိုပင် တုန်လှုပ်သွားစေပြီး နောက်ကျောမှ ချွေးအေးများ စီးကျလာစေသည်။ ထိုစဉ် သူက ခွန်းယွင်သည် ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူအနေနှင့် သေချာပေါက် မရိုးရှင်းကြောင်း သိလိုက်၏။ အကယ်၍ ကောင်းကင်နတ်ဘုရားတစ်ယောက်ဆီမှ ထွက်လာသော စကားတစ်ခွန်းက သူ့အပေါ် စိတ်ခံစားချက် မငြိမ်မသက် ဖြစ်သွားစေနိုင်သောကြောင့် သူ တင်းစစ်ချန်းက အလွန်တရာ

အားနည်းသွား၏။ “ ထွက်သွားစမ်း ” ဆိုသော စကားအတွင်း ရောနှောနေသော ထိပ်တန်း မိုးမြေစည်းမျည်းများ ပါရှိနေသောကြောင့် သူ့အား စိတ်အကာအကွယ်ကို တစစီ ဖြစ်သွားစေသည်။ နတ်ဘုရားဘုရင် ဗောဓိနက်က သဟဇာတ နတ်ဘုရားတစ်ယောက်အနေနှင့်ပင် ဤသို့ နက်ရှိုင်းလှသော မိုးမြေ စည်းမျည်းများကို ထည့်သုံးနိုင်မည် မဟုတ်ကြောင်း အသေအချာ သိနေသည်။

မိုဂူကျိုက အင်အားမသိ ပညာရှင်တစ်ဦးနှင့် အတူတူ ရှိနေသောကြောင့် နတ်ဘုရားဘုရင် ဗောဓိနက်က သူ့ဆုံးဖြတ်ချက်သည် မှန်ကန်ရဲ့လားဟု အတွေးဝင်လာမိသည်။

“နတ်ဘုရားဘုရင် ဗောဓိနက်က ကျုပ်ကို လာခေါ်တာ မဟုတ်ဘူးလား။ ကျုပ် ထရပ်ပြီးပြီလေ။ ဘာလို့ မသွားသေးတာလဲ ”မိုဂူကျိုက အမူအယာ အပြောင်းအလဲမရှိသည့် နတ်ဘုရားဘုရင် ဗောဓိနက်အား ကြည့်ကာ ပြောလိုက်သည်။ စိတ်တွင်း၌ သူလည်း အံ့အားသင့်နေမိသည်။ ထိုစဉ် သူ ကြိုးစားတိုက်ခိုက်မည်ဆိုလျှင်ပင် ခွန်းယွင်အတွက် ပြိုင်ဖက် ဖြစ်ပါ့မလားဟု စဉ်းစားမိသွားသည်။

သို့သော်လည်း မကြာခင် မိုဝ့ူကျိုက စိတ်အေးသွားလေ၏။ သူက လူသားတာအိုရဲ့ တည်ထောင်သူ ဖြစ်ပြီး ခွန်းယွင်က ထိုစကားများ ပြောလိုက်သည့်အခါ မိုးမြေစည်းမျည်းတချို့ ပါဝင်နေပေသည်။ ထိုအရာက နတ်ဘုရားဘုရင် ဖောခိနက်၏ တာအိုအပေါ် သက်ရောက်မှု ဖြစ်သွားစေပြီး နောက်ဆုတ်သွားစေသော်လည်း မိုဝ့ူကျို၏ တာအိုအပေါ်၌ သက်ရောက်မှု မရှိပေ။

“ ရတာပေါ့ ” နတ်ဘုရားဘုရင် ဖောခိနက်က ဤနေရာတွင် နောက်တစ်စက္ကန့်ပင် ထပ်မနေလိုတော့ဘဲ မြန်မြန် နောက်ဆုတ်သွားသည်။ သူက စိတ်ပိုင်းဖြတ်ပြီးပြီ ဖြစ်၏။ အကယ်၍ မိုဝ့ူကျိုသာ သူ့နောက်မှ နတ်ဘုရားနယ်မြေ မြို့အသစ် အပြင်ဘက်သို့ လိုလိုလားလား မလိုက်လာလျှင် သူ့အနေနှင့် ယာယီ ထွက်သွားမည်။ သူ့တွင် အကူအညီ လုံလုံလောက်လောက် ရသည့်အခါမှ ခွန်းယွင်ကို ဘာနဲ့လုပ်ထားကြောင်း ပြန်လာစစ်ဆေးမည် ဖြစ်၏။

ညှော့ရိပ်သာလေးမှ ထွက်လာသည်နှင့် နတ်ဘုရားနယ်မြေ မြို့အသစ် အလုပ်ခန်းမ၏ ရင်ပြင်ကျယ်ကြီးရှေ့ ရောက်သွားသည်။

မိုဂူကျိုက ခြေလှမ်းတချို့ဖြင့် ရင်ပြင်ကျယ်သို့ ရောက်ရှိလာကာ နတ်ဘုရားဘုရင် ဗောဓိနက်နှင့် နောက်ထပ် နတ်ဘုရားဘုရင် တစ်ယောက်အား ကြည့်ကာ တည်တည်ငြိမ်ငြိမ် ပြောလိုက်သည် “ ဗောဓိနက် ကျုပ်ကို မေးစရာရှိတာ မြန်မြန် မေး ”

မူလက နတ်ဘုရားဘုရင် ဗောဓိနက်သည် မိုဂူကျိုအား မြို့အပြင်သို့ အတင်းကျုပ် ခေါ်သွားချင်သော်လည်း ထူးခြားဆန်းကြယ်သည့် ခွန်းယွင် ပေါ်လာမှုကြောင့် သူကိုယ်သူ ထိန်းထားလိုက်ရသည်။ ထို့အစား သူက မေးလိုက်၏ “ မိုဂူကျို … အရင်တစ်ခါ နတ်ဘုရားသိုက်မြို့ နယ်မြေအသစ် ပေါ်ထွက်လာတုန်းက ငါတို့ နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းက တပည့်တွေကို မင်း သတ်လိုက်တာလား ”

မိုဂူကျိုက မထီမဲ့မြင် ပြုံးကာ “ ကျုပ် သတ်လိုက်တာ …. အဲတုန်းက ကိုယ့်ဘာသာ ကာကွယ်တဲ့အနေနဲ့ ခုခံလိုက်တာပါ။ သူတို့က ကျုပ်ကို သတ်ဖို့ ကြိုးစားမှတော့ ပြန်တိုက်ရမှာပေါ့။ အခု ကျုပ် မေးရမဲ့ အလှည့်ပဲ … ကောင်းကင်လူသားဂိုဏ်းကို အပြတ်ရှင်းလိုက်တာက နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းလား။ ကောင်းကင်လူသားဂိုဏ်းရဲ့ နတ်ဘုရားဘုရင် ဖန်းကျဲကို ခင်ဗျားနဲ့

တခြားသူတွေ သတ်လိုက်တာလား။ နောက်ထပ် ဘယ်သူတွေ ပါသေးလဲ ”

“ ငါ မသိဘူး။ မင်းက ငါ့မေးခွန်းကို ဖြေပြီးပြီဆိုတော့ ထွက်သွားတော့မယ် ” ခွန်းယွင်ကို ထိတ်လန့်မိ၍ မိုဝူကျိအား အတင်းကျပ် ခေါ်ဆောင်သွားရန် ကြံထားသည့် နတ်ဘုရားဘုရင် ဗောဓိနက်က အကြံအစည်ကို လက်လျော့လိုက်ရသည်။

မိုဝူကျိက အစီအရင်အလံကို မြှောက်ကာ အေးစက်စွာ ရယ်မောလိုက်သည် “ ထွက်သွားချင်တယ်ဆိုရင်တော့ နောက်ဘဝအထိ စောင့်လိုက်ဦး ”

အစီအရင်အလံ ထွက်ပေါ်လာသည်နှင့် နတ်ဘုရားနယ်မြေမြို့အသစ်၏ သေမင်းထောင်ချောက် အစီအရင်က မိုဝူကျိ၏ အသိစိတ်အတွင်း ပေါ်လာသည်။ အကယ်၍ မိုဝူကျိသာ တစ်စုံတစ်ယောက်ကို ပိတ်လှောင်ထားလိုလျှင် ဤအစီအရင်အလံမှတဆင့် သေမင်းထောင်ချောက် အစီအရင်ကို အသက်သွင်းလိုက်ရုံ ဖြစ်၏။

မိုဝူကျိက မနေနိုင်ဘဲ သူ့ဘာသာ ရေရွတ်လိုက်သည် “ အားကောင်းလိုက်တဲ့ အဆင့် ၇ အစီအရင် ”

သေမင်းထောင်ချောက် အစီအရင်သည် အသက်ဝင်လာသည်နှင့် နတ်ဘုရားဘုရင် ဆယ်ယောက်ကျော်ကို ပိတ်လှောင်ထားနိုင်ပေသည်။

“ နတ်ဘုရားနယ်မြေ မြို့အသစ်ရဲ့ သေမင်းထောင်ချောက် အစီအရင်လား ” နတ်ဘုရားဘုရင် ဖောဓိနက်က သေမင်းထောင်ချောက် အစီအရင်အတွင်း ပိတ်မိနေပြီးနောက် အထိတ်တလန့် အော်ဟစ်လိုက်သည်။

နတ်ဘုရားဘုရင်များစွာက နတ်ဘုရားနယ်မြေ မြို့အသစ်တွင် အဆင့် ၇ သေမင်းထောင်ချောက် အစီအရင် ရှိနေကြောင်း သိထားကြသည်။ သို့သော်လည်း ဤအစီအရင်ကို မည်သို့ ခင်းကျင်းထားကြမှန်း မသိကြသလို အစီအရင် ဗဟိုချက်ကိုလည်း မသိကြပေ။

မိုဝူကျိ သေမင်းထောင်ချောက် အစီအရင်ကို အသက်သွင်းပြီးမှ နတ်ဘုရားဘုရင် ဖောဓိနက်သည် ဤအစီအရင်မှာ မည်မျှ ကြောက်ဖို့ ကောင်းကြောင်း အသေအချာ သိလိုက်သည်။

သူ့ဘေးပတ်လည်ရှိ တည်နေရာမှာ အုံ့မှိုင်းလာပြီး ထိုတည်နေရာအား ဆွဲဖွင့်ရန် လက်ကို မြှောက်လိုက်သည့်အခါ သူ့ကမ္ဘာဦး စိတ်ဝိညာဉ်မှာ တုံ့ဆိုင်းနေပြီး လှုပ်ရှားနိုင်စွမ်း မရှိပေ။

သေမင်းထောင်ချောက်အတွင်း ရှိနေသော နတ်ဘုရားဘုရင် နောက်တစ်ယောက်လည်း အခြေအနေ မကောင်းပေ။ သူက နတ်ဘုရားဘုရင်အဆင့် တက်လှမ်းလာသည်မှာ မကြာမြင့်သေးသောကြောင့် သူ့လက်ရှိ အင်အားဖြင့် ဤအစီအရင်ကို အလွယ်တကူ မချိုးဖောက်နိုင်ကြောင်း သိနေသည်။ ထို့ကြောင့် သူက နတ်ဘုရားအစီအရင်ထဲ ရောက်လာသည်နှင့် အော်ပြောလိုက်သည် “ တာအိုရောင်းရင်းမို ... အဲတုန်းက ကိစ္စတွေက ကျုပ်နဲ့ မဆိုင်ပါဘူး။ ကျုပ်က တစ်ချိန်လုံး တံခါးပိတ် ကျင့်ကြံနေတာပါ။ ကျုပ် ကောင်းကင်လူသားဂိုဏ်းအကြောင်း ဘာမှမသိလိုက်ရပါဘူး ”

မိုဝူကျိုက ထိုအရာကို ကြားပြီး အသိပြန်ကပ်လာသည်။ သူ့သေမင်းထောင်ချောက် အစီအရင်၏ ထောင်ချောက်အပိုင်းကိုသာ အသက်သွင်းထားခြင်း ဖြစ်ရာ

ထိုနတ်ဘုရားဘုရင် နှစ်ယောက်လုံးကို အောင်အောင်မြင်မြင် ပိတ်လှောင်ထားနိုင်၏။ သူ့အနေနှင့် သတ်ဖြတ်ရေး အစီအရင်ကိုပင် အသက်မသွင်းရသေးပေ။ ဤသည်က စန်းကျန့်ရှင်း၏ အစီအရင်တာအိုမှာ မည်မျှ အားကောင်းကြောင်း ပို၍ လေးစားမိသွားစေသည်။ ဤအစီအရင်အလံက နတ်ဘုရားနယ်မြေ မြို့အသစ်ထဲ၌ ပြိုင်ဖက်ကင်း တည်ရှိမှု တစ်ခု ဖြစ်၏။

နတ်ဘုရားနယ်မြေ မြို့အသစ်၏ ရင်ပြင်တစ်ခုလုံးကား မိုဝူကျိ၏ သေမင်းထောင်ချောက် အစီအရင်အတွင်း ကျရောက်နေသောကြောင့် မိုဝူကျိက အစီအရင်အတွင်းရှိ ကျင့်ကြံသူတစ်ဦးချင်းစီကို ကောင်းကောင်း သိပေသည်။

ထို့ကြောင့် မိုဝူကျိက သင်္ကေတတချို့ မြန်မြန် ထုတ်လွှင့်ကာ မသက်ဆိုင်သည့် ကျင့်ကြံသူများကို လွှတ်ပေးလိုက်သည်။

“ ဒီနေ့ နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်း အဖွဲ့ဝင်နှစ်ယောက်က နတ်ဘုရားနယ်မြေ မြို့အသစ်ထဲမှာ စပြီး တိုက်ခိုက်ခဲ့တယ်။ ဘေးနားက မသက်ဆိုင်သူများ ချက်ချင်း ထွက်သွားပေးပါ ”

မိုဝူကျိုက ပြောလိုက်ရင်း သတ်ဖြတ်ရေး အစိတ်အပိုင်းအား အသက်သွင်းလိုက်သည်။

အပြင်အထုတ်ခံလိုက်ရသည့် ကျင့်ကြံသူများက မိုဝူကျို ဘာမှမပြောလျှင်ပင် ဝေးဝေးသို့ ထွက်ပြေးမည်သာ ဖြစ်၏။

"ဝုန်း ဝုန်း " သတ်ဖြတ်ရေး အစီအရင် အသက်ဝင်လာသည်နှင့် သွေးမြူနှစ်ခု ဖြစ်ပေါ်လာသည်။ နတ်ဘုရားဘုရင် အဆင့် ၄ ရောက်နေသော နတ်ဘုရားဘုရင် ဗောဓိနက် ဖြစ်စေ သို့မဟုတ် နတ်ဘုရားဘုရင် အသစ်လေး ဖြစ်စေ သူတို့တွင် ပြန်လည် တိုက်ခိုက်နိုင်ရည် မရှိတော့ဘဲ သေမင်းထောင်ချောက် အစီအရင်အတွင်း အလွယ်တကူ သတ်ဖြတ်ခံလိုက်ရသည်။

ထိုလုပ်ဆောင်ချက်များ ပြီးစီးသွားသည့်နောက်တွင် မိုဝူကျိုက ကြောင်အမ်းလျက် မတ်တတ်ရပ်နေမိသည်။

**ဘယ်လိုလုပ် အဲလောက်တောင် လွယ်နေရတာလဲ ....**

နတ်ဘုရားဘုရင် နှစ်ယောက်လုံးက ဘာမှမလုပ်နိုင်ဘဲ ခဏအတွင်း အသတ်ခံလိုက်ရသည်။

အလင်းတန်းများ ရောက်ရှိလာသည်ကို သတိပြုမိ၍ မိုဝူကျိုက အစီအရင်အလံအား မြန်မြန်သိမ်းကာ နတ်ဘုရားဘုရင် နှစ်ယောက်၏ သိုလှောင်လက်စွပ်များကိုလည်း ယူထားလိုက်သည်။

“ သူတို့ လက်စွပ်ကို ယူလို့ ဘာအကျိုးမှ မရှိဘူး။ သူတို့ပစ္စည်းကောင်းတွေက အထဲ ရှိမှာ မဟုတ်ဘူး” ခွန်းယွင် အသံက ထွက်ပေါ်လာသည်။

မိုဝူကျိုက ခွန်းယွင် စကားကို အရေးမစိုက်ဘဲ နတ်ဘုရားဘုရင် နှစ်ယောက်၏ အလောင်းဆီ မီးလုံးများ လှမ်းပစ်လိုက်၏။ ထိုစဉ် အလင်းတန်းများက သူ့ရှေ့မှောက် ရောက်ရှိလာသည်။

မိုဝူကျိုက အစီအရင်အလံကို ထုတ်ကာ “ ဒီနေရာမှာ ထွေထွေထူးထူး မရှိပါဘူး။ သိပ်မကြာသေးခင်က ဒီလူနှစ်ယောက်က မုန်ညှင်းနက် ကုန်သည်အိမ်တော်ကို ဖျက်စီးပစ်ခဲ့လို့ ကျုပ် သတ်ပစ်လိုက်ပြီ ”

“ နတ်ဘုရားနယ်မြေ မြို့အသစ်ရဲ့ မြို့စား ဟန်ထုံက အလံထိန်းချုပ်သူကို ဂါရဝပြုပါတယ် ” လူလတ်အရွယ်

အမျိုးသားက အပြေးအလွှား ရောက်လာကာ မိုဝူကျိအား လေးလေးစားစား ဦးညွှတ်လိုက်၏။

စန်းကျန့်ရှင်းဆီမှ အစီအရင်အလံသည် ပစ္စည်းကောင်းလေး ဖြစ်၏။ မြို့စားပင် အရိုအသေ လာပေးရပေသည်။ ကြည့်ရသည်မှာ ဟန်ထုံက နတ်ဘုရားဘုရင် ဗောဓိနက်ထက် အားကောင်းကာ နတ်ဘုရားဘုရင် အဆင့် ၅ သို့မဟုတ် အဆင့် ၆ လောက် ဖြစ်ပေမည်။

အဆင့် ၅ နတ်ဘုရားအစီအရင် ဘုရင်၊ အဆင့် ၅ ဆေးလုံးဘုရင် တစ်ယောက်အနေနှင့် နတ်ဘုရားဘုရင် တစ်ယောက်က သူ့အား ဦးညွှတ်လျှင်ပင် ဘာမှမဟုတ်ပေ။ ထို့ကြောင့် မိုဝူကျိက ခေါင်းညိတ်ပြကာ " မုန်ညှင်းနက် ကုန်သည်အိမ်တော်က ဒီနတ်ဘုရားဘုရင်နှစ်ယောက်နဲ့ ကတောက်ကဆ ဖြစ်ခဲ့တယ်။ နောက်ပိုင်းကျ သူတို့နှစ်ယောက်လုံးက နတ်ဘုရားနယ်မြေ မြို့အသစ်ထဲမှာ လှုပ်ရှားရဲပြီး ကုန်သည်အိမ်တော်ကို တန်းဖျက်စီးပစ်လိုက်တယ်။ မြို့ရဲ့ စည်းမျည်းကို ထိန်းသိမ်းဖို့ ငါ သူတို့နှစ်ယောက်ကို သတ်ပစ်လိုက်တာ "

“ နာခံလျက်ပါ … တမန်တော်က တခြားညွှန်ကြားစရာများ ရှိသေးလားဗျ” ဟန်ထုံက နတ်ဘုရားဘုရင် နှစ်ယောက် အသတ်ခံလိုက်ရသည့် ကိစ္စကို မမေးဘဲ မိုဝူကျိအား ညွှန်ကြားစရာ ရှိသေးလားဟုသာ မေးလိုက်သည်။

“ အင်း ” မိုဝူကျိက ပြန်ဖြေပေးလိုက်သည် “ မုန်ညှင်းနက် ကုန်သည်အိမ်တော်က ဖျက်စီးခံလိုက်ရပေမဲ့ သူတို့တွေ ထပ်ရောက်လာဦးမှာပဲ။ သူတို့က ကျင့်ကြံဆင့်နိမ့် ကျင့်ကြံသူတွေရဲ့ အသက်နဲ့ နတ်ဘုရားအသွင်သဏ္ဍာန်ကျောက်ကို အလဲအလှယ် လုပ်နေကြတာ။ နတ်ဘုရားနယ်မြေ မြို့အသစ်ရဲ့ နာမည်အောက်မှာ မုန်ညှင်းနက် ကုန်သည်အိမ်တော်နဲ့ ပတ်သတ်သမျှ အားလုံးကို ရှင်းပစ်လိုက် … မုန်ညှင်းနက် ကုန်သည်အိမ်တော် အစိတ်အပိုင်းလေး တစ်ခုတောင် လွတ်မသွားစေနဲ့ ”

“ နာခံလျက်ပါ ” ဟန်ထုံက ထွက်မသွားခင် လေးလေးစားစား ဦးညွှတ်လိုက်သည်။

အလုပ်ခန်းမ အပြင်ဘက်တွင် ပြန်လည် ငြိမ်းချမ်းသွားပြန်သည်။ အရာအားလုံးကို မြင်လိုက်ရသည့်သူများပင် မြန်မြန် ထွက်သွားကြ၏။ မည်သူကမှ ကြာကြာ မနေရဲကြပေ။

ခွန်းယွင်က ရယ်မောကာ “ မင်းက အသုံးမဝင်တဲ့အရာတွေမှာ လိုက်အာရုံစိုက်နေတာကိုး ”

မိုဝူကျိုက ပုံမှန်အတိုင်း ပြန်ပြောလိုက်သည် “ ကျုပ်က အဲလိုကိစ္စတွေကို လုပ်ရတာ သဘောကျတယ်။ ခင်ဗျား မကျေနပ်ရင် ကျုပ်နဲ့ အတူတူ တွဲမလုပ်နဲ့ပေါ့ ”

“ ငါက ဘာလို့ မကျေနပ်ရမှာလဲ .... ငါနဲ့ ဘာမှမဆိုင်ဘူးလေ။ လာလာ သွားကြစို့။ ငါတို့ ကိစ္စ ဆက်ဆွေးနွေးကြမယ် ” ခွန်းယွင်က လက်ဝှေ့ပြကာ ပြောလိုက်သည်။

“ ခင်ဗျားက ကျုပ် ကျင့်ကြံတဲ့ လူသားတာအိုကို မျက်စိကျနေတာမလား။ ကျုပ်တို့ ပူးပေါင်းမဲ့ ကိစ္စကလည်း လူသားတာအိုကို လိုအပ်နေတာမလား ” မိုဝူကျိုက ခွန်းယွင်အား စိုးရိမ်မိနေသေးသည်။ ခွန်းယွင်က ကောင်းကင်နတ်ဘုရားအဆင့် တစ်ယောက် ဖြစ်နေသော်လည်း သူ့ဆီမှ ထွက်လာသော စကားတစ်ခွန်းက နတ်ဘုရားဘုရင်ကိုပင်

ပါးစပ်ပိတ်သွားစေသည်။ ဤအခင်းအားမှာ သူ့ထက်ပင် ကျော်လွန်နေပေသည်။

သူက နတ်ဘုရားဘုရင် နှစ်ယောက်ကို ရှင်းပစ်လိုက်ခဲ့သော်လည်း သူက နတ်ဘုရားနယ်မြေ မြို့အသစ်၏ အဆင့် ၇ အစီအရင်ကို ထိန်းချုပ်ခွင့် ရထား၍ ဖြစ်ပေသည်။ မြို့အပြင်၌ ဖြစ်နေလျှင် သူ့အနေနှင့် နတ်ဘုရားဘုရင်ရှေ့မှောက်၌ ပုရွက်ဆိတ်တစ်ကောင်မျှသာ ဖြစ်နေပြီး ထွက်ပြေးခြင်းမှအပ ဘာမှလုပ်နိုင်မည် မဟုတ်ပေ။

“ မင်း မမှားပါဘူး။ ဒါပေမဲ့ မင်းအတွက်လည်း အကျိုးရှိမယ်ဆိုတာ အာမခံတယ် ” ခွန်းယွင်က ရင်ဘတ်ပုတ်ကာ ပြောလိုက်သည်။

မိုဝူကျိက လက်ဝှေ့ပြကာ “ အကျိုးမြတ်တွေက နေပါဦး။ တကယ်လို့ ခင်ဗျားက ကျုပ်ကို ကူညီခိုင်းစေချင်ရင် ကျုပ်ကို အရင်ဆုံး ကူညီပေးရမယ် ”

“ ပြောပါဦး ... မင်းက ဘာအကူအညီ လိုနေတာလဲ ” ခွန်းယွင်က ထိုအရာနှင့် ပတ်သတ်၍ ခံစားချက်ဆိုးဆိုး ရနေမိသည်။

“ ကျုပ်က အခု အဲဒီနတ်ဘုရားဘုရင် နှစ်ယောက် ဝင်နှောင့်ယှက်လို့ အရမ်းကို ဒေါသထွက်နေတယ်။ ကျုပ်

သူတို့ဂိုဏ်းနှစ်ခုလုံးကို ရှင်းထုတ်ပစ်ချင်တယ် ” မိုဝူကျိုက အခွင့်အရေးအား အသုံးချကာ နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းနှင့် ဇာမဏီဝိညာဉ် ပရဝဏ်တို့ကို ရှင်းထုတ်ပစ်ချင်၏။

သူက ရန်ငြိုး သယ်ပိုးထားရသည်ကို သဘောမကျပေ။ သို့သော် ယခုတွင် လက်စားမချေရသေးသည်ကား နှစ်မည်မျှ ကြာမြင့်သွားပြီနည်း။

## အခန်း (၁၀၄၃) : ခွန်းယွင်က ပြသခြင်း

ခွန်းယွင်က နောက်ကျောပေါ်မှ ဓားရိုးကြီးကို ပျင်းပျင်းရိရိနှင့် ပုတ်လိုက်ပြီး ပြောလိုက်သည် “ ငါ ခွန်းယွင်က မင်းထက် အကြာကြီး ဖြတ်သန်းလာတာ။ ငါ့ကို ဒီလိုကိစ္စအသေးလေးနဲ့ လာမစနဲ့။ တကယ်လို့ မင်း တကယ် စိတ်ဆိုးနေတယ်ဆိုရင် ဟန်ထုံကို အဲဂိုဏ်းနှစ်ခုလုံးကို ရှင်းထုတ်ခိုင်းလိုက်ရုံပဲ။ မင်းက သူတို့နဲ့ ရန်ငြွေးရှိနေတာ လား။ အဲဒါကြောင့် မင်းကိုယ်တိုင်

သွားချင်တာပဲ …. မဟုတ်ရင် အဲဒီ အမှိုက်နှစ်စလောက်က မင်းရှေ့ ရောက်လာမှာ မဟုတ်ဘူး ”

“ အဲဆိုတော့ ခင်ဗျား သွားမှာလား၊ မသွားဘူးလား ” မိုဝူကျိုက ခွန်းယွင်ကို ပြန်လည် ချေပမပြောဆိုပေ။ သူက ခွန်းယွင်သည် သူ့နောက်ကြောင်း မစစ်ဆေးရသေးကြောင်း ပြောလာလျှင်ပင် ယုံမည် မဟုတ်ပေ။ အားလုံးက သူနှင့် ထိုနှစ်ဂိုဏ်းကြားရှိ ရန်ငြွေးကို သိကြပေသည်။ ထို့ကြောင့် သူ့အနေနှင့် ရှာတွေ့ဖို့ရာ မခက်ခဲပေ။ သို့သော်လည်း ဤလူက အရာအားလုံးထက် သာလွန်နေသည့်ဟန် လုပ်ပြနေသေး၏။

သူ မိုဝူကျိုက အလွယ်တကူ အရှုံးလုပ်ခံရပါက ယနေ့အထိ အသက်ဆက်လက် ရှင်နိုင်မည် မဟုတ်ပေ။

မိုဝူကျို၏ သဘောထားကို လျစ်လျူရှုရင်း ခွန်းယွင်က ခွန်းတုံ့ပြန်လိုက်သည် “ ငါ သွားနိုင်တယ်။ မင်းရဲ့ လက်ရှိအင်အားအရဆိုရင် အဲဒီနှစ်ဂိုဏ်းကို ရှင်းဖို့ မဖြစ်နိုင်သေးဘူး။ ငါက မင်းရဲ့ စွမ်းရည်ကို အထင်သေးတာတော့ မဟုတ်ပါဘူး ”

“ အဲဒါကြောင့် ကျုပ်က ခင်ဗျားကို အကူအညီတောင်းနေတာလေ။ တကယ်လို့ ခင်ဗျားက ကျုပ်ကို ကူညီမပေးနိုင်ရင် ကျုပ်က ဘာလို့ ခင်ဗျားကို ပြန်ကူညီပေးရမှာလဲ ” မိုဝူကျိက တုံ့ဆိုင်းခြင်းမရှိ ပြောလိုက်သည်။

ထိုစကားက ခွန်းယွင်အား ထခုန်လုမတတ် ဖြစ်သွားစေသည် “ အရင်ဆုံး ရှင်းအောင် ပြောထားရဦးမယ်။ မင်းက ငါ့ကို ကူညီနေတာ မဟုတ်ဘူး။ ငါတို့က အလုပ်အတူတူ တွဲလုပ်နေတာ။ အတူတူ တွဲလုပ်တာ … နားလည်လား ”

“ ကျုပ်တို့ အတူတူ အလုပ်တွဲမလုပ်ခင် ခင်ဗျားရဲ့ စိတ်ရင်းကို မြင်ချင်တယ်လေ။ ပြောစမ်းပါဦး … ခင်ဗျား လုပ်မှာလား၊ မလုပ်ဘူးလား ” မိုဝူကျိက ခွန်းယွင်၏ ဒေါသကို ထည့်မတွက်ပေ။ သူက ခွန်းယွင်တွင် ထိုဂိုဏ်းနှစ်ခုအား တစ်ခါတည်းဖြင့် ရှင်းပစ်နိုင်သည့် နည်းလမ်း ရှိနေမည်ဟု ခံစားမိနေသည်။

ခွန်းယွင်က သက်ပြင်းချကာ “ ကောင်းပြီလေ … ငါ ကူညီပေးမယ်။ တကယ်တော့ မင်းက ငါ့ကို တစ်ယောက်တည်း ဖြေရှင်းခိုင်းမယ်ဆိုတာ သိတယ်။ အဲဒီနှစ်ဂိုဏ်းကို ရှင်းပစ်လိုက်တာက မင်းအတွက် ဘာမှအသုံးဝင်မယ် မထင်ဘူး ”

တကယ်တော့ ခွန်းယွင် သဘောမတူလျှင်ပင် မိုဝူကျိက ခွန်းယွင်၏ အဆိုပြုချက်ကို ငြင်းပယ်နိုင်မည့် အခွင့်အရေးတစ်ခုအဖြစ် အသုံးပြုလိုခြင်း ဖြစ်၏။ သို့သော်လည်း သူက ခွန်းယွင်သည် အမှန်တကယ် သဘောတူလိမ့်မည်ဟု မတွေးထားမိပေ။

ခွန်းယွင်က မည်မျှ အံ့ဩဖို့ ကောင်းစေကာမူ လက်ရှိသူက ကောင်းကင်နတ်ဘုရား အဆင့် ကျင့်ကြံသူတစ်ယောက်မျှသာ ဖြစ်နေသေးသည်။

မိုဝူကျိက စကားပြောရပ်လိုက်သည်ကို မြင်၍ ခွန်းယွင်က ပြောလိုက်သည် " မိုဝူကျိ ... မင်းက ကိုယ့်စကားကို ပြန်ရုတ်သိမ်းလို့ မရဘူးနော် "

မိုဝူကျိက ရယ်မောကာ " ကျုပ် မိုဝူကျိက သဘောတူပြီးသား ကိစ္စကို ဘယ်လိုလုပ် ဖျက်သိမ်းပါ့မလဲ "

ခွန်းယွင်က မိုဝူကျိအား သဘောတူသည့်အနေနှင့် ကြည့်ကာ " မင်းက ငါ့ကို အတူတူ အလုပ်တွဲလုပ်နေတုန်း မတိုက်ခိုက်ဖို့ ကျိန်ဆိုခိုင်းဖို့ လိုမယ်လို့ ထင်နေတာ "

မိုဝူကျိ၏ အကြည့်ကာ ခွန်းယွင်ဆီ ရောက်လာကာ “ ခွန်းယွင် … ကျုပ် အတိတ်က ခင်ဗျား ဘယ်သူဆိုတာလဲ မသိခဲ့ဘူး။ ဒါပေမဲ့ ကျုပ်က အနည်းဆုံး နတ်ဘုရားအုပ်စိုးသူအဆင့် ရောက်နေပြီဆိုတော့ ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူတစ်ယောက် တိုက်ခိုက်မှုကို ပူပန်နေရရင် ကျုပ် တာအိုကို ဆက်လေ့ကျင့်နေဖို့ မလိုလောက်တော့ဘူး။ တကယ်လို့ ခင်ဗျား နောင်တမရဘူးဆိုရင် တိုက်ချင်တယ်ဆိုရင်လည်း တိုက်လိုက် … ”

မိုဝူကျိက သူ့တွင် ထိုမျှယုံကြည်မှု မရှိထားပါက သူ့အနေနှင့် တာအိုကို တကယ် ဆက်လက် လေ့ကျင့်နိုင်မည် မဟုတ်ပေ။

“ စိတ်မပူပါနဲ့ … မင်းကို မတိုက်ပါဘူး ” ခွန်းယွင်က ပြုံးရယ်လိုက်သည်။ မည်သူကမှ သူ့စိတ်ကို မခန့်မှန်းနိုင်ကြပေ။

“ အဲဒါမတိုင်ခင် အရင်ဆုံး နတ်ဘုရားသိုက်မြို့ နယ်မြေအစွန်းဆီ သွားကြည့်ဦးမယ် ” မိုဝူကျိက အရင်ဦးစွာ ချိန်စုယင်ကို ရှာရန် နတ်ဘုရားသိုက်မြို့အစွန်းသို့ သွားဖို့ ဆုံးဖြတ်လိုက်သည်။

ခွန်းယွင်က ပုံမှန်အတိုင်း ဝင်ထောက်လိုက်သည် “ မိုဝူကျိ …. မင်းရဲ့ တာအိုလက်တွဲဖော် နတ်ဘုရားသိုက်မြို့ဆီ သွားတာ

နှစ်တစ်သောင်းကြာနေတဲ့အချက်ကို ထည့်မတွက်ရင်တောင် မင်းအနေနဲ့ သူမကို အချိန်တိုအတွင်း ရှာနိုင်စွမ်း ရှိလို့လား။ နတ်ဘုရားသိုက်မြုံအစွန်းက အကျယ်ကြီးပဲ … အဲဒီမှာ ကျင့်ကြံသူပေါင်း သန်းပေါင်းမြောက်များစွာ ရှိနေတာ ပြီးတော့ အတားအဆီးတွေရော၊ ရှုပ်ထွေးလှတဲ့ အဖွဲ့အစည်းတွေရော … မင်း ဘယ်လို ဆက်ရှာမှာလဲ ”

မိုဝူကျိုက ထိုအရာကို ကြားပြီး တိတ်ဆိတ်သွားသည်။ သူက ခွန်းယွင် စကားမှာ မှန်ကန်ကြောင်း သိထားသော်လည်း ကံကြမ္မာကို ပုံအပ်ထား၍ မရပေ။ အချိန်အတော်ကြာပြီးနောက် သူက ပြန်ပြောလိုက်သည် “ ခွန်းယွင် … ကျုပ်နဲ့ ဘာကို ပူးပေါင်းချင်တာလဲဆိုတာ ပြောပါဦး ”

“ တစ်ခုခုကို ရှာဖို့ပါ .. မစိုးရိမ်ပါနဲ့ … မင်းကို မထိခိုက်စေပါဘူး။ ပြီးတော့ အန္တရာယ်လည်း အဲလောက် မများပါဘူး။ မင်း လက်စားချေပြီးရင် ငါတို့တွေ မသွားခင် အင်အားတိုးမြှင့်ဖို့ လုပ်ကြတာပေါ့ ” အစကတည်းက ခွန်းယွင်သည် မိုဝူကျို မေးမြန်းဖို့ မျှော်လင့်ထားသောကြောင့် မြန်မြန်ဆန်ဆန် ဖြေပေးနိုင်လိုက်၏။

…………………

အကယ်၍ နတ်ဘုရားကုန်းမြေရှိ ဂိုဏ်းကြီးများက ရောက်မလာလျှင် နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းကား ဂိုဏ်းကြီးအဖြစ် ယူဆ၍ ရပေသည်။ ဂိုဏ်းထဲတွင် အနည်းဆုံးတော့ နတ်ဘုရားဘုရင် တစ်ယောက် ရှိနေသေးသည် မဟုတ်ပါလော။ ထို့အပြင် လွန်ခဲ့သည့်နှစ်ထောင်ပေါင်းများစွာက နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းသည် နောက်ထပ် နတ်ဘုရားဘုရင်တစ်ယောက်ကိုလည်း မွေးထုတ်ပေးနိုင်ခဲ့သည်။

သို့သော် နတ်ဘုရားကုန်းမြေရှိ ဂိုဏ်းကြီးများစွာက နတ်ဘုရားနယ်မြေသို့ ရောက်ရှိလာပြီးသည့်နောက်တွင် နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းသည် အတော်အသင့် ဂိုဏ်းမျှသာ ဖြစ်သွားသည်။

ထိုစဉ် နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်း အပြင်ဘက်၌ မိုဝူကျိုက ခွန်းယွင် တစ်ယောက် ပေါက်ကွဲရေး နတ်ဘုရားအစီအရင် ခင်းကျင်းနေသည်ကို ကြည့်နေသည်။

ခွန်းယွင် လက်ထဲရှိ အစီအရင်အလံများက တေးဂီတ သင်္ကေတများနှင့် တူကာ ကခုန်နေပြီး

အရိပ်အယောင်မကျန်ရှိခဲ့ဘဲ နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်း၏ ကာကွယ်ရေး အစီအရင်အပေါ်တွင် ထပ်ထပ် ပေါ်လာသည်။

မိုဝူကျိုက အဆင့် ၅ နတ်ဘုရားအစီအရင်ဘုရင် တစ်ယောက်ဖြစ်စဉ် သူ့အစီအရင်တာအို အဆင့်က ခွန်းယွင်နှင့် ယှဉ်လိုက်လျှင် နောက်ကျနေသေးကြောင်း သိလိုက်၏။ စန်းကျန့်ရှင်း၏ အစီအရင်တာအိုပင် ခွန်းယွင် အမြင်၌ ကောင်းနေမည် မဟုတ်လောက်ပေ။

နောက်ဆုံးတွင် ခွန်းယွင်က နတ်ဘုရားနယ်မြေ မြို့အသစ်ထဲ၌ အထိတ်ထလန့် ဖြစ်မသွားသည့် အကြောင်းအရင်းအား နားလည်လာမိသည်။ ဤသို့ အစီအရင်တာအိုအဆင့်ဖြင့် ခွန်းယွင်က စန်းကျန့်ရှင်း၏ သေမင်းထောင်ချောက် အစီအရင်အား သေချာပေါက် အသုံးချနိုင်လိမ့်မည်။

မိုဝူကျို အမှန်တကယ် နားမလည်သေးသော အစီအရင်အလံ နေရာချထားမှုကား ပုံစံအမျိုးမျိုး ရှိနေသောကြောင့် ခွန်းယွင်ဆီမှ များစွာ သင်ယူနိုင်ခဲ့သည်။

အဆင့် ၇ ပေါက်ကွဲရေး အစီအရင်ကို ခွန်းယွင်က ငါးရက်အတွင်း အပြီးသတ်နိုင်လိုက်၏။ မိုဝူကျိုက ဤသည်မှာ ခွန်းယွင်၏

အင်အားမလုံလောက်မှုကြောင့် ဖြစ်မည်မှန်း ကောင်းကောင်း သိပေသည်။ အကယ်၍ ခွန်းယွင်၏ ကျင့်ကြံဆင့်သာ မြင့်နေပါက သူ့အစီအရင်တာအိုနည်းလမ်းများဖြင့် အသက်ရှိုက်စာအနည်းငယ်အတွင်း ပေါက်ကွဲရေး အစီအရင် အပြီးသတ်နိုင်မည် ဖြစ်၏။

“ ငါတို့တွေ ဇာမဏီနတ်ဝိညာဉ် ပရဝဏ်ကိုလည်း သွားကြတာပေါ့ ” ပေါက်ကွဲရေး အစီအရင် ခင်းကျင်းပြီးနောက် ခွန်းယွင်က သေမင်းထောင်ချောက် အစီအရင်ကို အသက်မသွင်းသေးဘဲ ဇာမဏီနတ်ဝိညာဉ် ပရဝဏ်ဆီ သွားဖို့ အရင်အကြံပြုလိုက်သည်။

“ ပေါက်ကွဲရေး အစီအရင်ကို ဘာလို့ အသက်မသွင်းသေးတာလဲ ” မိုဝူကျိုက ခွန်းယွင်သည် အစီအရင် ခင်းကျင်းပြီးကြောင်း တွေးမိ၍ မေးလိုက်သည်။

“ မင်းက အခုထိ လူသစ်လေးပဲ။ မင်း နတ်ဘုရားနယ်မြေ မြို့အသစ်မှာပေါ်လာတာက ဇာမဏီနတ်ဝိညာဉ် ပရဝဏ်ဆီ ရောက်သွားလောက်ပြီလေ။ တကယ်လို့ အခုသာ နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းသာ တစစီ ဖြစ်သွားခဲ့ရင် ဇာမဏီနတ်ဝိညာဉ်

ပရဝဏ်က ငါတို့ကို သူတို့ဂိုဏ်းအပြင်ဘက်မှာ ပေါက်ကွဲရေး အစီအရင် ခင်းကျင်းခွင့် ပေးဦးမယ် ထင်နေလား။ မင်းကိုယ်မင်း ဘယ်သူများ ထင်နေတုန်း " ခွန်းယွင်က မိုဝူကျိအား စိုက်ကြည့်ရင်း ပြောလိုက်သည်။

မိုဝူကျိက စိတ်ထဲ၌ တွေးလိုက်သည် " ဒီလူက ခဏတိုင်း လုပ်နေကြ ထင်တယ် "

" ခွန်းယွင် … နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းမှာ ကျုပ် အသိတစ်ယောက် ရှိသေးတယ်။ သူမကို အရင်ရှာပြီးတော့ ထွက်သွားဖို့ ပြောချင်သေးတယ် " မိုဝူကျိက ခွန်းယွင် အကြည့်ကို လျစ်လျူရှုထားလိုက်၏။

ခွန်းယွင်က ပြန်ဖြေလိုက်သည် " မင်း ပြောတာ ရှီနန်မော့ မလား။ မင်းက တကယ့်ကို သဘောစွတ်ကောင်းနေတာကိုး .. သူမက နတ်ဘုရားသိုက်မြုံဆီ ထွက်သွားတာ ကြာလှပေါ့။ သူမရဲ့ အမုန်းတရားကလည်း မင်းထက်တော့ နည်းမှာ မဟုတ်ဘူး။ ငါရဲ့ ခန့်မှန်းချက်အရဆိုရင် သူမရဲ့ ကျင့်ကြံဆင့်က အခုလောက်ဆို အစောပိုင်း နတ်ဘုရားအုပ်စိုးသူအဆင့်လောက် ရောက်နေရောပေါ့ "

မိုဂူကျိုက ဘာတစ်ခွန်းမှ မပြောတော့ပေ။ သူထင်ထားသည့်အတိုင်း ခွန်းယွင်က သူ့နောက်ကြောင်းအကုန်စုံစမ်းပြီးသား ဖြစ်၏။ ထိုမြေခွေးအိုကြီး၏ နည်းလမ်းအရ သူ့အား ဤမျှ ကြာကြာ စောင့်နေမည် မဟုတ်လောက်ပေ။

ရက်များစွာ ကြာမြင့်ပြီးနောက် ခွန်းယွင်က ဇာမဏီနတ်ဝိညာဉ်ပရဝဏ်၌ ပေါက်ကွဲရေး အစီအရင် ခင်းကျင်းပြီးသွားပြီ ဖြစ်၏။

ခွန်းယွင်က အစီအရင်အလံများကို အသက်သွင်းလိုက်သည်နှင့် ကြောက်မက်ဖွယ် ပေါက်ကွဲသံနှစ်ခုက နဝမဆင့်ကဲခြင်းနတ်ဘုရားဂိုဏ်းနှင့် ဇာမဏီ နတ်ဝိညာဉ်ပရဝဏ်တို့အား ဖုံးလွှမ်းကာ တိုက်စားသွားသည်။

အဆင့် ၇ ပေါက်ကွဲရေး အစီအရင်သည် နတ်ဘုရားနယ်မြေသို့မဟုတ် အာကာပြင်စည်းမျည်းကိုပင် တိုက်စားသွားနိုင်၏။ နတ်ဘုရားဘုရင်အဆင့် ကျင့်ကြံသူများအနေနှင့် သေခြင်းတရားမှ လွတ်မြောက်ဖို့ရာပင် ခက်ခဲလောက်ပေသည်။ ဂိုဏ်းနှစ်ခုလုံးကားနတ်ဘုရားနယ်မြေမှ ဖယ်ရှားခံလိုက်ရသည်။ နတ်ဘုရားဘုရင် ယန်ထင်းက ဂိုဏ်းတွင် ရှိမနေသည့်အတွက် ဤကပ်ဘေးမှ လွတ်မြောက်သွားခဲ့သည်။

ပေါက်ကွဲထွက်သွားသည့် နေရာနှစ်ခုကို ကြည့်ကာ မိုဝူကျို၏ စိတ်အေးချမ်းသွားလေ၏။ ယခင် ဇာမဏီနတ်ဝိညာဉ် ပရဝဏ်နှင့် နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းတို့ ပူးပေါင်း၍ ကောင်းကင်လူသားဂိုဏ်းအား ရှင်းထုတ်ပြီး တပည့်များအား သတ်ပစ်ခဲ့သည်။ ကိစ္စအသေးအမွှားလေးတချို့အတွက် သူ့ကိုပင် ဖမ်းဝရမ်း အထုတ်ခံခဲ့ရသည်။ ယနေ့ သူက ခွန်းယွင်အား အသုံးချ၍ သူ့ရည်ရွယ်ချက်ကို ပြီးမြောက်အောင် လုပ်ဆောင်ခဲ့ရသော်လည်း နောင်တမရပေ။

“ ခွန်းယွင် .... အခု ခင်ဗျားက ကျုပ် အကူအညီ ဘာလိုတာလဲ။ ခင်ဗျားနဲ့ အတူတူ လိုက်ပေးမယ် ”ပေါက်ကွဲမှုများ ဖြစ်သွားပြီးနောက် မိုဝူကျိုက ခွန်းယွင်အား ကြည့်ရင်း ပြောလိုက်သည်။

သူက သဘောတူထားပြီးပြီ ဖြစ်၍ သူ့စကားသူ လိုက်နာရမည်သာ ဖြစ်၏။

ခွန်းယွင်က နောက်တစ်ဖန် ရယ်မောကာ “ မင်း ပြောတာ မှားပြန်ပြီ။ ငါ မင်းကို ဘယ်နှစ်ကြိမ် ပြောပြီးပြီလဲ ... မင်းက ငါ့ကို

ကူညီပေးဖို့ လိုနေတာ မဟုတ်ဘူး။ ငါတို့က အတူတူ တွဲလုပ်ကြမှာပါဆိုနေ ... အလုပ်အတူတူ တွဲလုပ်တယ်ဆိုတဲ့ အဓိပ္ပါယ်ကိုရော နားလည်ရဲ့လား။ ငါတို့တွေ အားမကောင်းသေးလို့ အဲဒီကို သွားလို့ မဖြစ်သေးဘူး။ ငါတို့ လိုတာက အရင်ဆုံး နတ်ဘုရားသိုက်မြုံဆီ သွားပြီး ကျင့်ကြံဆင့် တက်လာအောင် လုပ်ရမယ်။ အဲဒီမှာ ပြီးပြည့်စုံတဲ့ စည်းမျည်းနဲ့ ကျင့်ကြံရေး အရင်းအမြစ်လည်း ပေါများတယ်။ ငါသာ နတ်ဘုရားအုပ်စိုးသူအဆင့် ရောက်သွားတာနဲ့ ဆက်လုပ်လို့ ရပြီ ”

မိုဝူကျိုက အေးစက်စက် ရယ်မောလိုက်ပြီး “ နောက်ဆုံးတော့ ခင်ဗျားရဲ့ ကျင့်ကြံဆင့်က အရမ်းနိမ့်နေတာလေ။ ကျုပ်မှ မဟုတ်တာ ”

“ မင်းကြိုက်သလိုသာ တွေးလိုက် ... ဘယ်လိုဖြစ်ဖြစ် ငါတို့အင်အားက မလုံလောက်သေးဘူး။ ငါတို့တွေ နတ်ဘုရားသိုက်မြုံမှာ အများဆုံး ဆယ်နှစ်လောက် နေပြီးမှ ဆက်သွားကြမယ် ”

မိုဂူကျိုက ခွန်းယွင် စကားအား ဖြတ်ပြောလိုက်သည် “ ခင်ဗျားပြောတာ ဆယ်နှစ်အတွင်း နတ်ဘုရားအုပ်စိုးသူအဆင့် တက်လှမ်းနိုင်တယ်ပေါ့ ”

သူ့ကျင့်ကြံနှုန်းက အလွန်တရာ မြန်ဆန်သည်ဟု ခံစားမိနေသော်လည်း မိုဂူကျိုက အစောပိုင်း ကောင်းကင်နတ်ဘုရားအဆင့်မှ နတ်ဘုရားအုပ်စိုးသူအဆင့်ကို ဆယ်နှစ်အတွင်း တက်လှမ်းနိုင်လိမ့်မည်ဟု မပြောရဲပေ။

“ တခြားလူတွေက မလုပ်နိုင်ပေမဲ့ ငါက မလုပ်နိုင်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူးလေ ” ခွန်းယွင်က ဝင်ထောက်ပြောလိုက်သည်။

“ အခု ခင်ဗျားက ကောင်းကင်နတ်ဘုရား ပြီးပြည့်စုံခြင်းအဆင့် ရောက်နေတာလား။ အဲဆို ကျုပ် ခံစားမိတဲ့ အစောပိုင်း ကောင်းကင်နတ်ဘုရားအဆင့်က အတုအယောင်လား ” မိုဂူကျိုက ပြန်ထိန်းလိုက်ပြီး မေးလိုက်သည်။

“ မင်း မှားနေပြီ။ ငါက အခု နတ်ဘုရားအုပ်စိုးသူအဆင့်ထဲ ခြေလှမ်းဝက် ချထားပြီးပြီ။ မင်းရဲ့ သေးသေးမွှားမွှား ကျင့်ကြံဆင့်နဲ့ ငါ့ကျင့်ကြံဆင့်ကို ခန့်မှန်းဖို့ တွေးမနေပါနဲ့ကွာ ” ခွန်းယွင်က မျက်လုံးဝေ့ကြည့်ကာ ပြောလိုက်၏။

“ ကောင်းပြီလေ … အဲဆိုလည်း အချိန်ကို ဆယ်နှစ်သတ်မှတ်ကြတာပေါ့ ” မိုဝူကျိက ခွန်းယွင်လို မကောင်းဆိုးဝါးအိုကြီးအား အတိအကျ မမှန်းဆနိုင်သည်မှာ ပုံမှန်ကိစ္စရပ်ဟုသာ ယူဆလိုက်တော့သည်။ သူ အမှန်တကယ် ခန့်မှန်းနိုင်မှသာ ထူးဆန်းနေပေလိမ့်မည်။

ခွန်းယွင်က ခေါင်းခါကာ ကြမ်းကြမ်းတမ်းတမ်း ပြောလိုက်သည် “ မရဘူး … လုံးဝကို မရဘူး။ ငါက မင်းကို ဒီနေရာမှာ နှစ်အကြာကြီး စောင့်ခဲ့ရတာ။ မင်းက ငါ့ကို ဆယ်နှစ်တောင် မစောင့်နိုင်ဘူးပေါ့။ ဒီဆယ်နှစ်အတွင်း မင်းက ငါ့ဘေးမှာ တစ်ချိန်လုံး ရှိနေရမယ်။ ဒါနဲ့ မဟုတ်သေးပါဘူး ငါတို့တွေ အတူတူကို ချည်နှောင်ထားရမယ် ”

မိုဝူကျိက အေးစက်စက် ပြောလိုက်သည် “ ခင်ဗျားက ကျုပ် ကျင့်ကြံတဲ့အခါ ကျုပ်လူသားတာအိုကနေ အသိဉာဏ်ပွင့်အောင် ကြိုးစားမလို့မလား ”

သူက မိုဝူကျိ စကားကို ကြားသောအခါ စကားဝိုင်းကို အမြဲ ထိန်းချုပ်ထားသည့် ခွန်းယွင်က ရုတ်ချည်း တုန်လှုပ်သွားကာ နေရခက်သည့်အမူအယာဖြင့် “ အဲလိုတော့ ပြောလို့ မရဘူးပေါ့။

မင်းလူသားတာအိုက အရမ်းကို ထူးခြားတယ်လေ။ ငါက နမူနာအနေနဲ့ ကြည့်ရုံလေးပဲ ... အဲဒီ အဓိပ္ပါယ်ကိုတော့ သိတယ်မလား။ တကယ်လို့ မင်း မသိတာ ရှိရင်လည်း ငါ့ကို မေးလို့ ရတာပေါ့ ”

ခွန်းယွင်၏ စိတ်ထဲ၌ သူ့ဘာသာ တွေးလိုက်သည်

**“ ဒီဟာလေးက တကယ်ကို နတ်ဆိုးပဲ ....”**

မိုဝူကျိ နောက်တဆင့် ဘာလုပ်မည်ကို ခန့်မှန်းနိုင်ခြင်းမှာ သူက မိုဝူကျိအကြောင်း နှစ်ပေါင်းများစွာ စုံစမ်းထား၍ ဖြစ်ပေသည်။ သို့သော်လည်း မိုဝူကျိက စကားတစ်ခွန်းတည်းဖြင့် သူ လုပ်ချင်နေသည့်အရာကို တန်းခန့်မှန်းနိုင်ခဲ့သည်။ ရှေ့လျောက် မိုဝူကျိနှင့် ပူးပေါင်းလုပ်ဆောင်နေစဉ်အတွင်း အတော်လေး ဂရုစိုက်ရမည်။ သူ တွေ့ဆုံခဲ့ရသည့် အဆင့်နိမ့် ကျင့်ကြံသူများ အရေအတွက်မှာ မနည်းလှပေ။ သို့သော် သူ့ရှေ့တွင် ရှိနေသော ငတိက ဉာဏ်များကာ ရင်ဆိုင်ဖို့ အခက်ဆုံး ဖြစ်ပေသည်။ မည်သို့ပင် ဖြစ်စေကာမူ ယခုအချိန်အထိ သူက ကစားနေခြင်းသာ ဖြစ်ပြီး ပူးပေါင်းမည့်အကြောင်း အသေအချာ တွေးထားဟန် မပေါ်ပေ။

“ တကယ်လို့ မင်း သဘောမတူရင်လည်း ထားလိုက်ပါ။ မင်းလည်း မကျင့်ကြံရင် ငါလည်း ဘာအသိအမြင်မှ မရတော့တာပေါ့။ ငါ ကျင့်ကြံတဲ့အခါကျ မင်း စိတ်ကြိုက် အသိအမြင်ပွင့်အောင် ကြိုးစားလို့ ရပါတယ် ”မိုဝူကျိ အမူအယာ ပျက်ယွင်းနေသည်ကို မြင်၍ ခွန်းယွင်က နေရခက်စွာ နောက်တစ်ဖန် ပြောလိုက်သည်။

မိုဝူကျိက တည်တည်ငြိမ်ငြိမ် ပြန်မေးလိုက်၏ “ တကယ်လို့ ကျုပ်တို့တွေ နတ်ဘုရားဘုရင်နဲ့ ရင်ဆိုင်ရရင် ခင်ဗျား ဖြေရှင်းနိုင်လား ”

“ ဘာနတ်ဘုရားဘုရင်တုန်း … ငါ ခွန်းယွင်က သူတို့ အားလုံးကို ဖြေရှင်းနိုင်တယ် ” ခွန်းယွင်က လက်ခါပြရင်း ပြောလိုက်သည်။

“ အဲဆို ခင်ဗျားက ကျုပ်ကိုလည်း ကိုင်တွယ်နိုင်တယ်ပေါ့ ” မိုဝူကျိက ခွန်းယွင်အား စိုက်ကြည့်လိုက်သည်။

ခွန်းယွင်က ခေါင်းခါကာ “ အဲဒါက မတူဘူးလေ။ ငါ ရှင်းပြရင်တောင် မင်းနားလည်မှာ မဟုတ်ဘူး။ မိုးမြေစည်းမျည်းကြောင့် ခြားနားချက် ဖြစ်လာတာပဲ၊ မင်းရဲ့ တာအိုက ဒီနေရာမှာရှိနေတဲ့ မိုးမြေစည်းမျည်းနဲ့ မဆိုင်ဘူး။ အဲကြောင့် မင်းနဲ့ အတူတူ အလုပ်တွဲလုပ်ချင်တာပဲ ”

"ကောင်းပြီလေ ... ကျုပ် သဘောတူတယ်။ နတ်ဘုရားသိုက်မြို့ဆီ သွားကြတာပေါ့ " မိုဝူကျိုက ဆက်မမေးမြန်းတော့ဘဲ တုံ့ဆိုင်းခြင်းမရှိ သဘောတူလိုက်သည်။

..................

မိုဝူကျိုနှင့် ခွန်းယွင်တို့ ဂိုဏ်းကြီးနှစ်ခုကို ရှင်းထုတ်ပြီးသည့်နောက် နတ်ဘုရားနယ်မြေ တစ်ခုလုံး အစီအစဉ်မကျ ဖြစ်ကုန်သည်။

ဓာမဏီနတ်ဝိညာဉ် ပရဝဏ်နှင့် နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းတို့က မည်သို့ ဖြစ်စေကာမူ သူတို့က နတ်ဘုရားနယ်မြေ၏ ထိပ်သီးဂိုဏ်းများ ဖြစ်ကြ၏။ သို့သော်လည်း သူတို့ကား တစ်ညတည်းဖြင့် ဖျက်စီးခံလိုက်ရသည်။ ထို့ကြောင့် ဤသည်မှာ သိသာထင်ရှားသော အဖြစ်အပျက်ကြီး ဖြစ်လာသည်။

အသက်ရှင်ကျန်ခဲ့သော နတ်ဘုရားဘုရင် ယန်ထင်းက ဘာဆက်လုပ်ရမှန်း မသိတော့ဘဲ နတ်ဘုရား ကာကွယ်ရေးခန်းမဆီသာ အပြေးအလွှား သွားလိုက်တော့သည်။

နတ်ဘုရား ကာကွယ်ရေးခန်းမကို နတ်ဘုရားနယ်မြေနှင့် နတ်ဘုရားကုန်းမြေရှိ ပညာရှင်များက ပူးပေါင်း၍ တည်ဆောက်ထားခြင်း ဖြစ်၏။ ဤသည်က

နတ်ဘုရားသိုက်မြုံအစွန်းတွင် တည်ရှိပြီး နတ်ဘုရားလောကနှင့် နတ်ဘုရားမျိုးနွယ်ကြားရှိ တိုက်ပွဲအတွက် နောက်ဆုံး ဌာနချုပ်လည်း ဖြစ်ပေသည်။

## အခန်း (၁၀၄၄) : မင်း လက်စားချေဖို့ ပြန်လာတာလား

နတ်ဘုရားဘုရင် ယန်ထင်းက ကာကွယ်ရေးခန်းမဆီ ရောက်ရှိလာသည့်အခါ ကာကွယ်ရေးခန်းမ၌ နတ်ဘုရားဘုရင် ဆယ်ယောက်ကျော် စုစည်းပြီးသား ဖြစ်နေကြောင်း သိလိုက်ရ၏။ မဟာနတ်ဘုရားဘုရင် ဆယ်ဦးထဲမှ နံပါတ်တစ် ဖြစ်သည့် နတ်ဘုရားဘုရင် လီထန်းက ထိပ်ဆုံးတွင် ထိုင်နေသည်။ နတ်ဘုရားဘုရင် လီထန်းအပြင် မဟာနတ်ဘုရားဘုရင် ဆယ်ဦးမှ ဝူကျဲ၊ မော့ဟိုင်၊ ကျီတင်း၊ ဟုန်ချီ၊ မင်ယန်နှင့် လန်လင်းတို့အားလုံးလည်း ရောက်ရှိနေကြသည်။

မိတ်ဆွေဟောင်းကြီး နတ်ဘုရားဘုရင် ယီမင်ကို မြင်လိုက်ရသည့်အတွက် နတ်ဘုရားဘုရင် ယန်ထင်းက စိတ်အေးမိသွားကာ ဝမ်းနည်းပက်လက် ပြောကြားလိုက်သည်

“ တာအိုရောင်းရင်းတို့ .... ကျုပ်က နတ်ဘုရားသိုက်မြို့မှာ နတ်ဘုရားမျိုးနွယ်နဲ့ အသက်စွန့် တိုက်ခိုက်နေတုန်း ကျုပ်ရဲ့ ဇာမဏီနတ်ဝိညာဉ် ပရဝဏ် ဖျက်စီးခံလိုက်ရပါတယ်။ တကယ်လို့ နတ်ဘုရားနယ်မြေသာ ဒီလို ဖြစ်နေမယ်ဆိုရင် ကျုပ်တို့တွေရဲ့ နယ်မြေကို ကျူးကျော်လာတဲ့သူတွေကို ဘယ်လိုပြန်တိုက်ခိုက်ဖို့ စိတ်ဓာတ်အင်အား ရှိတော့မှာလဲဗျာ။ ကျုပ်တို့ ဇာမဏီနတ်ဝိညာဉ် ပရဝဏ်နဲ့ နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းတို့အတွက် အားလုံးက တရားမျှတအောင် စီမံပေးဖို့ တောင်းဆိုချင်ပါတယ် ”

နတ်ဘုရားဘုရင် ဟုန်ချီက စိတ်ထဲမှ သရော်မိလိုက်သော်လည်း ဝင်မပြောပေ။ သူက မဟာနတ်ဘုရားဘုရင် ဆယ်ဦးထဲမှ နတ်ဘုရားဘုရင် ဝူကျဲသည် နတ်ဘုရားဘုရင် ယန်ထင်းကို ထောက်ပံ့ပေးထားပြီး နတ်ဘုရားဘုရင် ယီမင်သည်လည်း နတ်ဘုရားဘုရင် ယန်ထင်း၏ မိတ်ဆွေ ဖြစ်နေသေး၏။

ယခင် ကောင်းကင်လူသားဂိုဏ်းက အကြောင်းပြချက်မရှိ ရှင်းထုတ်ခံလိုက်ရပြီး နတ်ဘုရားဘုရင် ဖန်းကျဲ ဝိုင်းအသတ်ခံလိုက်ရသည့် အကြောင်းအရင်းကို မည်သူက မသိဘဲ နေမည်နည်း။ ကောင်းကင်လူသားဂိုဏ်းနှင့် ရင်းရင်းနှီးနှီး ရှိသည့်

နတ်ဘုရားဘုရင် ဝေကျန့်က ကောင်းကင်လူသားဂိုဏ်းအတွက် တရားမျှတမှု ရယူရန် ဆုံးဖြတ်ထားသော်လည်း အဆုံးသတ်၌ နတ်ဘုရားနယ်မြေမှ လုံးလုံး ပျောက်ကွယ်သွားရသည်။

တစ်ယောက်ယောက် ဉာဏ်နည်းနေခြင်းသာ မဟုတ်လျှင် နတ်ဘုရားဘုရင် ဝေကျန့်ကို တခြားသော လက်ရဲဇက်ရဲ နတ်ဘုရားဘုရင်များက ရှင်းပစ်လိုက်ကြောင်း သိပေမည်။

တကယ်တော့ နတ်ဘုရားဘုရင် ဝေကျန့်နှင့် ဖန်းကျဲတို့ သေဆုံးသွားမှုကြောင့် နတ်ဘုရားဘုရင် လီထန်း၏ ဂုဏ်သိက္ခာလည်း အတော်အတန် ကျဆင်းသွားပေသည်။ နတ်ဘုရားနယ်မြေ၌ နတ်ဘုရားဘုရင် အရေအတွက် နည်းပါးလှသောကြောင့် နတ်ဘုရားဘုရင် လီထန်းက နတ်ဘုရားဘုရင်ကြားရှိ တိုက်ပွဲကို ကန့်သတ်ထားခဲ့သည်။

နတ်ဘုရားဘုရင် ယန်ထင်းက နတ်ဘုရားမျိုးနွယ်နှင့် တိုက်ပွဲ၌ အသက်စွန့်ကာ တိုက်ပွဲဝင်နေသည့်အကြောင်း ပြောသောအခါ ပို၍ပင် ယုတ္တိမရှိချေ။ နတ်ဘုရားနယ်မြေနှင့် နတ်ဘုရားကုန်းမြေကြားရှိ နယ်နမိတ်မှာ နတ်ဝိညာဉ်စွမ်းအား သိပ်သည်းလွန်းပြီး စည်းမျဉ်းများမှာလည်း အရှင်းလင်းဆုံး ဖြစ်နေသည့်အချက်ကို မည်သူက မသိဘဲ နေမည်နည်း။ လက်ရှိ၌

အားလုံးနီးပါးက ထိုနေရာ၌ ကျင့်ကြံကြသည်။ နတ်ဘုရားဘုရင် ယန်ထင်းက ဇာမဏီနတ်ဝိညာဉ် ပရဝဏ် အရှင်းခံလိုက်ရကြောင်း ကြားလိုက်ရစဉ်အခါက တံခါးပိတ် ကျင့်ကြံနေဆဲသာ ရှိသေး၏။ ထို့ကြောင့် ဤနေရာသို့ အပြေးအလွှား ရောက်လာခြင်း ဖြစ်ပေသည်။

“ တာအိုရောင်းရင်း ယန်ထင်း … ကျုပ်တို့အားလုံးလည်း အဲဒီ အဖြစ်အပျက်ကို သိကြပါတယ်။ အရင်ဆုံး ထိုင်ပါဦး။ ကျုပ်တို့တွေ ဘယ်လိုလုပ်ရမယ်ဆိုတာ ဖြည်းဖြည်းချင်း ဆွေးနွေးကြတာပေါ့။ ဂိုဏ်းကြီးနှစ်ခုလုံးကို ပေါက်ကွဲရေးအစီအရင်နဲ့ ရှင်းထုတ်ပစ်ခဲ့တာဆိုတော့ နောက်ကွယ်က သာမာန်လူ မဖြစ်နိုင်ဘူး ” နတ်ဘုရားဘုရင် လီထန်းက ခေါင်းကိုက်လာမိသည်။

သူ့စိတ်ထဲ၌ ဖန်းကျဲ ဝိုင်းဖွဲ့ အသတ်ခံခဲ့ရပြီး ဝေကျန့် ပျောက်ဆုံးသွားသည်ကို ကြားသောအခါ သူ့စိတ်ထဲ၌ ဒေါသတရားများ အပြည့် ဖြစ်လာမိခဲ့သည်။ သို့သော် သူက နတ်ဘုရားဘုရင်များကို ဝိုင်း၍ မသတ်နိုင်သည်မှာ နှမြောစရာ ကောင်းလှပေသည်။ သူက အပေါ်ယံ၌ နတ်ဘုရားနယ်မြေရှိ

ပင်မထောက်တိုင် ဖြစ်ကြောင်း သိသော်လည်း လက်တွေ့၌ သူ့စကားကို နားထောင်ကြသည့် နတ်ဘုရားဘုရင်များစွာ မရှိပေ။

“ နတ်ဘုရားဘုရင် လီထန်း ကျူပ် အဲဒါကို စုံစမ်းပြီးသွားပါပြီ။ တကယ်လို့ ကျူပ်သာ မမှားရင် အဲဒါ မိုဝူကျိရဲ့ လက်ချက်ပဲ နေလိမ့်မယ် ” နတ်ဘုရားဘုရင် ယန်ထင်းက အံ့ကြိတ်ကာ ပြောလိုက်သည်။

“ မိုဝူကျိလား ” နတ်ဘုရားဘုရင် လီထန်းက ပြန်မေးလိုက်သည်။

မိုဝူကျိအား သူ့အပေါ် နက်နက်ရှိုင်းရှိုင်း အမြင်တချို့ ချန်ထားခဲ့၏။ ယခင် မိုဝူကျိက အစောပိုင်း ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူ ဖြစ်သော်လည်း ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူ ၄၂ ယောက်နှင့် ကောင်းကင်နတ်ဘုရားအဆင့် ၅ ယောက်အား သတ်ပစ်နိုင်ခဲ့သည်။ ကျန်ရှိနေသော ကျင့်ကြံသူနှစ်ယောက်မှာလည်း အပြင်းအထန် ဒဏ်ရာရကာ ချို့ယွင်းသွားကြသည်။

သူ လီထန်းက ကမ္ဘာကြီးကို များစွာ မြင်တွေ့ဖူးထားသော်လည်း မိုဝူကျိလောက် အံ့သြစရာကောင်းသည့်သူကို မမြင်ဖူးချေ။

မိုဝူကျို၏ နိမ့်ကျသော ကျင့်ကြံဆင့်နှင့် ကျင့်ကြံနှုန်းတို့ကြောင့် နတ်ဘုရားနယ်မြေရှိ နတ်ဘုရားဘုရင်များ အဆင့်တက်စေရန် မိုဝူကျို၏ လျှို့ဝှက်ချက်အား တူးဖော်မည့်ကိစ္စအား တွေးခဲ့မိသေးသည်။ မိုဝူကျိုက သူ့ကိုယ်ပိုင် တာအိုကို ဖွဲ့စည်းထားနိုင်သည် မဟုတ်ပါလော။ အကယ်၍ သူ လီထန်းသာ ကိုယ်ပိုင်တာအိုကို ဖွဲ့စည်းနိုင်လျှင် သဟဇာတ နတ်ဘုရားအဖြစ် အဆင့်တက်လှမ်းသွားနိုင်သည်။

နတ်ဘုရားသိုက်မြုံ ပေါ်ထွက်လာပြီးနောက် နတ်ဘုရားနယ်မြေမှာ ပို၍ အန္တရာယ်ကြီးလာသည်။ အကယ်၍ နတ်ဘုရားနယ်မြေ၌ သဟဇာတ နတ်ဘုရားအဆင့်သာ မရှိလျှင် နယ်မြေအတွက် အကြီးမားဆုံး ခြိမ်းခြောက်မှု ဖြစ်လာနိုင်ပေသည်။

အကယ်၍ နတ်ဘုရားကုန်းမြေရှိ သဟဇာတ နတ်ဘုရားများ၏ အကူအညီကြောင့်သာ မဟုတ်လျှင် နတ်ဘုရားနယ်မြေသည် နတ်ဘုရားမျိုးနွယ်စုလက်ထဲ ကျရောက်နေသည်မှာ ကြာမြင့်လောက်ပေသည်။ နတ်ဘုရားကုန်းမြေက သူတို့အား ကူညီပေးနေလျက်နှင့်ပင် သူတို့ဘက်က အရေးနိမ့်နေသေး၏။

အဆုံးသတ်၌ လီထန်းသည် အစောပိုင်း ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံသူတစ်ဦး ဖြစ်သည့် မိုဝူကျိုကို ဖမ်းဆီးဖို့ နတ်ဘုရားဘုရင်များ ယောက်ယက်ခတ်သွားစေလိမ့်မည်ဟု မထင်ထားမိပေ။

**မိုဝူကျိုက ပြန်ရောက်လာသည်နှင့် ကောင်းကင်လူသားဂိုဏ်းနှင့် ဖန်းကျဲတို့အတွက် လက်စားချေဖို့ ထိုဂိုဏ်းနှစ်ဂိုဏ်းကို ရှင်းထုတ်ပစ်သည်လား ....**

**လက်စားချေရုံဖြင့် ဤမျှ တုန်လှုပ်တကြီး ဖြစ်သွားစေမည်လား ....**

နတ်ဘုရားဘုရင် လီထန်းက ထိုအကြောင်းကို တွေးမိကာ သိမ့်သိမ့်တုန်သွားလေ၏။ သူက မိုဝူကျိုကို သူ့ကိုယ်တိုင်အတွက် မဖမ်းဆီးလိုသလို မိုဝူကျိုအား သတ်ရန် အကြံအစည်လည်း မရှိသော်ငြား သူတို့ကြားတွင် ရန်ငြိုးတချို့ ရှိနေသည်က အမှန်ပင် ဖြစ်၏။

“ ဟုတ်တယ် … အဲဒါ မိုဝူကျိုပဲ။ နတ်ဘုရားနယ်မြေ မြို့အသစ်မှာ ပေါ်လာတာလည်း သူပဲ နေမယ်။ နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းရဲ့ နတ်ဘုရားဘုရင် ဗောဓိနက်

အသတ်ခံလိုက်ရတာလည်း သူ့လက်ချက်ပဲ ဖြစ်မယ် ” နတ်ဘုရားဘုရင် ယန်ထင်းက နတ်ဘုရားဘုရင်ဗောဓိနက်အကြောင်း ပြောသောအခါ လေသံက အနည်းငယ်ပြောင်းလဲသွားလေ၏။

“ မဖြစ်နိုင်တာ ” နတ်ဘုရားဘုရင် ဝူကျဲက တွန့်ဆုတ်ခြင်းမရှိ ဝင်ပြောလိုက်သည် “ မိုဝူကျို နတ်ဘုရားသိုက်မြို့ကနေ ထွက်ပြေးသွားတုန်းက အစောပိုင်း ကနဦး နတ်ဘုရားအဆင့်ပဲရှိသေးတယ်။ သူက နောက်ပိုင်း ကနဦး နတ်ဘုရားအဆင့်ဆိုရင်တောင် အခု နှစ်ဘယ်လောက်ပဲ ကြာသေးလို့လဲ။ နှစ်တစ်သောင်းတည်း ရှိသေးတယ်လေ။ တကယ်လို့ သူက နှစ်တစ်သောင်းအတွင်း ကောင်းကင်နတ်ဘုရားအဆင့်ရောက်နေရင်တောင် ပါရမီရှင်ကြီးက ပါရမီရှင်အဖြစ်သတ်မှတ်လို့ ရနေပြီ။ ပြီးတော့ ကျင့်ကြံရေးလမ်းစဉ်က အဆင့်တက်လာရင် အချိန်ပိုကြာတာပဲ

သူက နှစ်တစ်သောင်းတည်းနဲ့ ကောင်းကင်နတ်ဘုရားအဆင့်အထိ ရောက်ခဲ့တယ်ဆိုရင်တောင် နောက်ထပ် နှစ်တစ်သန်းလောက် မပါဘဲ နတ်ဘုရားအုပ်စိုးသူအဆင့်ကို ရောက်နိုင်မှာ

မဟုတ်ဘူးမလား။ နတ်ဘုရားဘုရင် ဗောဓိနက်ကို သတ်ဖို့ မိုဝူကျိုက ဘယ်လောက် အံ့ဩဖို့ကောင်းကောင်း အနည်းဆုံး နတ်ဘုရားဘုရင် အဆင့် ၁ ဖြစ်မှပဲ ဖြစ်လိမ့်မယ်။ ပြောစမ်းပါဦး .... နှစ်တစ်သောင်းအတွင်း ကနဦး နတ်ဘုရားအဆင့်ကနေ နတ်ဘုရားဘုရင်အဆင့်အထိ ဘယ်ပါရမီရှင်ကများ ကျင့်ကြံနိုင်လို့လဲ ”

နတ်ဘုရားဘုရင် လီထန်းက ခေါင်းညိတ်ကာ “ နှစ်တစ်သောင်းအတွင်း ကနဦး နတ်ဘုရားအဆင့်ကနေ ကောင်းကင် နတ်ဘုရားအဆင့် ရောက်ဖို့ မဖြစ်နိုင်သလောက်ပဲ။ သူ့မှာသာ ရှေးဦးမူလ နတ်ဘုရားအသွင်သဏ္ဍာန် မရှိဘူးဆိုရင် မဖြစ်နိုင်လောက်ဘူး။ တကယ်လို့ ဖြစ်နိုင်ရင်တောင် နတ်ဘုရားဘုရင် အဆင့် ၁ က တော်တော် ယုတ္တိမတန်ဘူး ”

“ မိုဝူကျိုက အဆင့်မြင့်တဲ့ ကျင့်ကြံသူတွေနဲ့တောင် လက်ရည်တူ တိုက်နိုင်တာဆိုတော့ သဟဇာတ နတ်ဘုရားအဆင့် မရောက်ခင် ကျင့်ကြံဖို့ မလိုတာများလား ” နတ်ဘုရားယီမင်က မိုဝူကျိုအား စိတ်တွင်းမှ ကြောက်လန့်နေမိသည်။ သူက နတ်ဘုရားဘုရင်

လီထန်း ဦးဆောင်၍ မိုဝူကျိအား ဖြေရှင်းနိုင်ဖို့ မျှော်လင့်ထားမိသည်။

သို့သော်လည်း နတ်ဘုရားဘုရင် လီထန်းက နတ်ဘုရားနယ်မြေ တစ်ခုလုံး၏ အရင်းအမြစ်အားလုံးကို မိုဝူကျိအား ပြုစုပျိုးထောင်ပေးဖို့ တွေးနေလိမ့်မည်ဟု ထင်ထားမည် မဟုတ်ပေ။ မိုဝူကျိက ကောင်းကင်ဘုံ သွေ့ဖယ်လောက်သည့် ပါရမီ ရှိနေသောကြောင့် နတ်ဘုရားဘုရင် အဆင့် ရောက်နေလျှင် မိုဝူကျိအနေနှင့် သဟဇာတ နတ်ဘုရားအဆင့် တက်လှမ်းဖို့ ဖြစ်နိုင်ပေသည်။ သူ့ထက် အားကောင်းနေသော ကျင့်ကြံသူ ၄၉ ယောက်ကို ရှင်းထုတ်နိုင်ခဲ့သည့် မိုဝူကျိလိုမျိုး လူအတွက် သဟဇာတ နတ်ဘုရားအဆင့် ရောက်သွားသည်နှင့် နတ်ဘုရားမျိုးနွယ်ပင် သူနှင့် ယှဉ်နိုင်မည် မဟုတ်လောက်တော့ပေ။

အကယ်၍ မိုဝူကျိက သဟဇာတ နတ်ဘုရားအဆင့် တကယ် ရောက်သွားခဲ့လျှင် လက်စားချေဖို့ အသတ်ခံရလျှင် မည်သို့ လုပ်ရမည်နည်း။

ဇာမဏီနတ်ဝိညာဉ် ပရဝဏ်နှင့် နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းတို့အတွက် နတ်ဘုရားဘုရင် လီထန်းက တစ်ရက်ရက် အပြတ်ရှင်းခံရလိမ့်မည်ဟု တွေးခဲ့ဖူးသည်။ မိုဝူကျိ ပြန်ပေါ်လာသည့်အခါ လက်စားချေခံရမည့် နေ့ရက် ရောက်လာလိမ့်မည်ဟု စိတ်မချ ဖြစ်မိသည်။

" မိုဝူကျိက လောကနတ်ဘုရားအဆင့် ရောက်နေရင်တောင် အနည်းဆုံး နှစ်တစ်သန်းလောက် ထပ်ကြာဦးမှာပဲ … ငါတို့တွေ ဒီကိစ္စကို အရင်ဆုံး စစ်ဆေးကြတာပေါ့ " ရှားရှားပါးပါး စကားပြောခဲသော နတ်ဘုရားဘုရင် ဟုန်ချီက ဝင်ပြောလိုက်သည်။

နတ်ဘုရားဘုရင် ယန်ထင်းက ဆက်ပြောလိုနေသည်ကို မြင်၍ နတ်ဘုရားဘုရင် လီထန်းက လက်ဝှေ့ပြကာ " နတ်ဘုရားမျိုးနွယ်နဲ့ အခြေအနေက သိပ်မကောင်းဘူး။ ငါ ကြားသလောက် နတ်ဘုရားမျိုးနွယ်ဘက်မှာ သိပ်မကြာသေးခင်က သဟာဇာတ နတ်ဘုရားတစ်ယောက် ရောက်လာတယ်တဲ့ … ဒီလိုသာ ဆက်ဖြစ်နေရင် နတ်ဘုရားနယ်မြေနဲ့ နတ်ဘုရားကုန်းမြေ အကုန်လုံး

အရှင်းခံရလိမ့်မယ်။ ဓာမဏိနတ်ဝိညာဉ် ပရဝဏ်နဲ့ နဝမဆင့်ကဲခြင်း နတ်ဘုရားဂိုဏ်းကိစ္စကိုတော့ လူတချို့ လွှတ်ပြီး စုံစမ်းခိုင်းထားလိုက်မယ်။ အခု ငါတို့တွေ နတ်ဘုရားသိုက်မြို့မှာ ဘယ်လို ကာကွယ်မလဲဆိုတာ နတ်ဘုရားကုန်းမြေက စီနီယာစန်းဆီ အကူအညီ မတောင်းခင် အရင် ဆွေးနွေးရအောင် ”

ထိုစကားများက အခြေအနေတစ်ရပ်လုံးကို ရေအေးများနှင့် လောင်းချလိုက်သလို ဖြစ်သွားကာ နတ်ဘုရားဘုရင် ယန်ထင်းက လီထန်းအား သူ့အတွက် ရပ်တည်ပေးရန် မဖြစ်နိုင်ကြောင်း သတိပြုမိလိုက်တော့သည်။

………..

## နတ်ဘုရားသိုက်မြို့၊ အရွက်မဲ့ တောအုပ်

အရွက်မဲ့ တောအုပ်ဟု နာမည်တွင်လာခြင်းမှာ အဆုံးမဲ့တောအုပ်ကြီး ရှိနေ၍ ဖြစ်သည်။ ဤတောအုပ်နှင့် သမာရိုးကျ တောအုပ်များကြားရှိ တစ်ခုတည်းသော ခြားနားချက်မှာ သစ်ပင်များက အရွက်မရှိဘဲ ထီးထီးကြီး ပေါက်ရောက်နေခြင်း ဖြစ်၏။ သူတို့အားလုံးနီးပါးက ကန္တာရထဲ

နှစ်ထောင်ပေါင်းများစွာ ဖြတ်သန်းလာသည့်အလား ရှုံ့တွနေပြီး မိုးထိထိုးထောင်နေသော အသားပွ အပင်များ ဖြစ်ကြသည်။

နတ်ဘုရားမျိုးနွယ် ဖြစ်စေ သို့မဟုတ် နတ်ဘုရားနယ်မြေ ဖြစ်စေကာမူ အရွက်မဲ့တောအုပ်ကြီးသည် နတ်ဘုရားသိုက်မြုံအတွင်း အင်မတန် လူသိများသော နေရာတစ်ခု ဖြစ်၏။

ဤတောအုပ်အတွင်း မြောက်များစွာသော ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်များ တည်ရှိနေ၏။ တချို့အရာများက မီတာအတော်အတန် ကျယ်ဝန်းပြီး အသေးလေးများက ရေဇလုံတစ်ခုစာလောက် ရှိပေသည်။ ကြီးသည် ဖြစ်စေ၊ သေးသည် ဖြစ်စေ တွေ့ရှိပါက ကျင့်ကြံသူများကို ရူးသွပ်သွားစေသည့်အထိ ဖြစ်သွားနိုင်သည်။ အကြောင်းမှာ ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်ထဲ ကျင့်ကြံခြင်းက တခြားနေရာ၌ ကျင့်ကြံခြင်းထက် အဆများစွာ မြန်ဆန်ပေသည်။ ထို့အပြင် ကမ္ဘာဦး စိတ်ဝိညာဉ် ဗဟိုချက်များရှိ စည်းမျည်းများက ပို၍ ရှင်းလင်းပြတ်သားနေလေလေ ကျင့်ကြံဆင့်

တိုးတက်ဖို့စေရန်အတွက် အကောင်းဆုံးနေရာတစ်ခု ဖြစ်လေလေ ဖြစ်၏။

ထိုစဉ် အရွက်မဲ့တောအုပ်အတွင်း လူတစ်ယောက်က တခြားခုနှစ်ယောက်နှင့် ရင်ဆိုင်ကာ ရပ်နေသည်။

ခြောက်သွေ့နေသည့် ကမ္ဘာဦး စိတ်ဝိညာဉ် ဗဟိုချက်က သူတို့ကြား တည်ရှိနေသည်။ ဤဗဟိုချက်က သိပ်မကြီးမားသော်လည်း မီတာဝက်လောက် ကြီးမား၏။ စိတ်ဝိညာဉ် ဗဟိုချက်အလယ်၌ အဝတ်အစားများ စုတ်ပြဲနေသည့် အမျိုးသမီး ကျင့်ကြံသူတစ်ဦး ရှိနေသည်။

လူတစ်ယောက်တည်းဘက်က လျှော်ချည် အဝတ်အစားကို ဝတ်ဆင်ထားသော ကြမ်းကြမ်းတမ်းတမ်း လူငယ်လေး တစ်ဦး ဖြစ်၏။ ကျင့်ကြံဆင့်အရ ပြောရလျှင် သူက ကောင်းကင်နတ်ဘုရား အဆင့် ၅ မျှသာ ရှိနေသေး၏။ ထို့အပြင် ဤလျှော်ဝတ်နှင့် လူငယ်လေးက လူခုနှစ်ယောက်ကို ရင်ဆိုင်နေခြင်း ဖြစ်သည်။ အစောပိုင်း ကောင်းကင်နတ်ဘုရား အဆင့် ကျင့်ကြံသူ သုံးယောက်အပြင် ကျန်ရှိနေသော လေးယောက်မှာ အလယ်အလတ် နှင့် နှောက်ပိုင်း

ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူများ ဖြစ်ကြသည်။ ကျင့်ကြံဆင့် အမြင့်ဆုံးသူမှာ ကောင်းကင်နတ်ဘုရား အဆင့် ၇ ဖြစ်၏။

“ လူငယ်လေး ... မင်းဒီနေရာမှာ အမြတ်ထုတ်လို့ ရမယ်လို့ ထင်မနေနဲ့။ တကယ်လို့ မင်း မဟုတ်တာ ထပ်ပြောရင် မင်းကို သတ်တဲ့အတွက် လာအပြစ်မတင်နဲ့ ” ပြောလိုက်သူမှာ ကောင်းကင်နတ်ဘုရားအဆင့် ၇ ရှိနေသော မီးခိုးရောင်ဆံပင်နှင့် ကျင့်ကြံသူ ဖြစ်သည်။ အဖွဲ့တစ်ခုလုံး၌ ဤလူက အားအကောင်းဆုံး ဖြစ်ပေသည်။

“ သူမကို လွှတ်ပေးလိုက် ... သူမကို ခေါ်သွားပြီးတော့ ထွက်သွားမယ် ” သူက လူခုနှစ်ယောက်နှင့် တစ်ပြိုင်နက် ရင်ဆိုင်နေရသော်လည်း လျှော်ဝတ် လူငယ်လေးက သူတို့ခြိမ်းခြောက်မှုကို ဂရုမစိုက်သည့်အလား အေးအေးဆေးဆေး ပြောလိုက်သည်။

သူ့အနားရှိ တာအိုအငွေ့အသက်များက အားကောင်းလာလေသည်။

“ ငါတို့က မင်းကို မျက်နှာသာပေးနေတာကို မင်းက မလိုချင်ဘူးတဲ့လား … အားလုံး သူ့ကို သတ်ပစ်ကြစမ်း ” မီးခိုးရောင် ကျင့်ကြံသူက မှော်ရတနာအား ဆွဲထုတ်ကာ လူငယ်လေးအား ချိန်ရွယ်လိုက်သည်။

ထို့နောက် ကျန်ရှိနေသော လူများကလည်း ရှေ့တိုးလာကြသည်။

လျှော်ဝတ် လူငယ်လေးက ချွေးတစ်စက်မှ မထွက်ဘဲ မှော်ရတနာကို ထုတ်လိုက်ပြီး အနီရင့်ရင့် ပုဆိန်လှံရှည်မှ ပုဆိန်လှံရှည်အလင်းတန်းများ ထွက်ပေါ်လာစေသည်။

အရွက်မဲ့ တောအုပ်ထဲရှိ သဘာဝစွမ်းအားများ ထိပ်တိုက်တွေ့မှုမှာ အရွက်မဲ့သစ်ပင်များအား နှစ်ပိုင်း ပြတ်သွားစေသည်။

ထိုလျှော်ဝတ်လူငယ်လေးပေါ် တိုက်ကွက်တချို့ ကျရောက်လာကာ သွေးမြူတချို့ ဖြစ်လာစေသည်။

သို့သော် သူက ထိုဒဏ်ရာများကို မမြင်သည့်အလား ပုဆိန်လှံရှည်မှ လျို့ဝှက်တိုက်ကွက်များကို တစ်ခုပြီး တစ်ခု ထုတ်ဖော်နေသည်။

“ ဝုန်း ” သေွးမြူတစ်ခု ပေါက်ကွဲထွက်သွားကာ လူငယ်လေး၏ လက်တစ်ဖက်မှာ ပြတ်သွားပြီး ဗိုက်မှာလည်း သေွးယိုပေါက်ကြီး ပေါ်လာသည်။

တစ်ချိန်တည်းဆိုသလို သူ့ပုဆိန်လှံရှည်မှ အလင်းတန်းများစွာ ထွက်ပေါ်လာပြီး ကောင်းကင်နတ်ဘုရား နှစ်ယောက်၏ စွမ်းအားစက်ကွင်းကို ချိုးဖောက်သွားကာ ခေါင်းနှင့် ပခုံးတခြားစီ ဖြစ်သွားစေသည်။ သူတို့ထဲမှ တစ်ယောက်မှာ ကောင်းကင်နတ်ဘုရား အဆင့် ၆ ဖြစ်၏။

“ ဝုန်း ” လူနှစ်ယောက်ကို သတ်ပြီးနောက် လျှော်ဝတ်လူငယ်လေး၏ ရင်ဘတ်ဆီ လျို့ဝှက်တိုက်ကွက်တစ်ခုမှ အလင်းတန်း ကျရောက်လာသည်။ ထိုအလင်းတန်းက လူငယ်လေးအား လွှင့်စင်သွားစေပြီး အရွက်မဲ့သစ်ပင်များအား တစစီ ကျိုးသွားစေသည်။

မီးခိုးရောင် ဆံပင်နှင့် ကျင့်ကြံသူ၏ သတ်ဖြတ်ငွေ့များက ဆက်တိုက် မြင့်တက်လာပြီး ရှေ့တိုးလိုက်လိုက်သည့်အခါ လျှော်ဝတ် လူငယ်လေးအား နှစ်ပိုင်း ခြမ်းရန် အဆင့်သင့် ဖြစ်နေသည့်အလား ထင်မှတ်ရသည်။

# အခန်း (၁၀၄၅) ： ထျန်းနူ၏ လျို့ဝှက်ချက်

“ တော်လောက်ပြီ ” အသံတစ်သံ ပွဲတင်ထွက်ပေါ်လာကာ မီးခိုးရောင်ဆံပင်နှင့် ကျင့်ကြံသူအား ရပ်တန့်သွားစေသည်။ ထို့နောက် အစိမ်းဖျော့ဖျော့ ဝတ်စုံနှင့် မိန်းမလှလေး တစ်ဦး ပေါ်ထွက်လာသည်။

မီးခိုးရောင်ဆံပင်နှင့် ကျင့်ကြံသူက ထိုအမျိုးသမီးကို မြင်လိုက်သည့်အခါ ဘာမှမလုပ်ရဲတော့ဘဲ သတ်ဖြတ်ငွေ့များအား အမြန်ရုတ်သိမ်းလိုက်ပြီး လေးလေးစားစား ဂါရဝပြုနှုတ်ဆက်လိုက်သည် “ မင်ဖေးအာက စီနီယာကို ဂါရဝပြုပါတယ် ”

မင်ဖေးအာ၏ အတွေ့အကြုံအရ တစ်ချက်တည်းကြည့်ရုံဖြင့် ထိုအမျိုးသမီး၏ ကျင့်ကြံဆင့်မှာ ကောင်းကင်နတ်ဘုရားအဆင့်ထက် ကျော်လွန်နေကြောင်း ပြောနိုင်ပေသည်။ သူမက နတ်ဘုရားအုပ်စိုးသူအဆင့် ရောက်ရှိနိုင်ခြေ ၉၀ ရာခိုင်နှုန်းလောက် ရှိပေသည်။

အစိမ်းဝတ်နှင့် အမျိုးသမီးသည် မီးခိုးရောင်ဆံပင်နှင့် ကျင့်ကြံသူကို ဂရုမစိုက်ဘဲ လက်တစ်ဖက် ပြတ်နေသည့် လျှော်ဝတ် လူငယ်လေးအား ကြည့်ကာ မေးလိုက်သည် “ မင်းက သူ့အတွက် ပြိုင်ဖက် မဟုတ်ဘူးဆိုတာတော့ သိတယ်မလား။ ဘာလို့များ ကိုယ့်သေတွင်းကို တူးနေရတာလဲ ”

လျှော်ဝတ် လူငယ်လေးက ဆေးလုံးတချို့ မျိုချကာ အတင်းအားပြုကာ မတ်တတ်ရပ်လိုက်သည်။ သူ့အကြည့်များက မီးခိုးရောင် ဆံပင်နှင့် ကျင့်ကြံသူနောက်မှ ထိုအမျိုးသမီးအား ကြည့်လိုက်ကာ “ အရင် ကျွန်တော်ရဲ့ စီနီယာအစ်ကိုကြီးက လူတစ်ယောက်က ဘဝမှာ ရှုးရှုးမူးမူး လုပ်ဖူးရတယ်လို့ သင်ပြဖူးပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်က အဖွဲ့လိုက်ကြီးနဲ့ ရင်ဆိုင်နေရတဲ့ စီနီယာအစ်ကိုကြီးကို ထားပြီး ထွက်ပြေးခဲ့ရတယ်။ အဲဒီအတွက် အခုအထိ နောင်တရနေမိတုန်းပဲ ... အခု ရှန်းယွီကို တစ်ယောက်တည်း မထားခဲ့နိုင်ဘူး။ တကယ်လို့ ကျွန်တော် သေသွားရမယ်ဆိုရင်တောင် အသေခံလိုက်မယ် ”

"လူတစ်ယောက်က ဘဝမှာ ရှုးရှုးမှုးမှုး လုပ်ဖူးရတယ်တဲ့လား … တကယ်လို့ ချူယို့သာ လုပ်နိုင်တယ်ဆိုရင် ငါ ချိန်စုယင်ကရော ဘာလို့ မလုပ်နိုင်ရမှာလဲ …" အစိမ်းဝတ် အမျိုးသမီးလေးက သူမဘာသာ ရေရွတ်လိုက်ကြသည်။ ခဏအကြာတွင် သူမက လျှော်ဝတ် လူငယ်လေးအား ပြောလိုက်သည် " မင်းနာမည် ဘယ်သူလဲ … သူမကရော မင်းအတွက် ဘာလဲ "

အစိမ်းဝတ် မိန်းမလှလေးမှာ မိုဝူကျို အသည်းအသန် တွေ့ချင်နေခဲ့သည့် ချိန်စုယင် ဖြစ်ပေသည်။ ယခင် သူမ နတ်ဘုရားသိုက်မြို့ထဲ ရောက်စဉ်အခါက သူမသည် အင်မော်တယ် ဧကရီ ဝမ်လန်နှင့် လင်းဂူတို့နှင့်အတူ ရှိနေခဲ့သည်။

ခွန်းယွင် ပြောလိုက်သည့်စကားကြောင့် အင်မော်တယ် ဧကရီ ဝမ်လန်က မိုဝူကျိုကို ဆက်လက် ရှာဖွေဖို့ ရပ်တန့်လိုက်ကြပြီး ကျင့်ကြံဖို့ အာရုံစိုက်ရန် ဆုံးဖြတ်လိုက်ကြသည်။

သူတို့သုံးယောက်တွင် ကောင်းကင်စည်းမျည်း သဘာဝဆေးလုံးများစွာ ရှိနေပေသည်။ တခြားသူများက ဤသို့ရတနာကို အလိုရှိကြသော်လည်း သူတို့သုံးယောက်လုံးက

သူတို့ပိုင်ဆိုင်ထားသော ရတနာများဖြင့် နတ်ဘုရားနယ်မြေတစ်ခွင် သွားလာနေခဲ့ကြသည်။

နတ်ဘုရားသိုက်မြုံအစွန်းသို့ ရောက်ရှိပြီးနောက်တွင် သုံးယောက်သား တံခါးပိတ် လေ့ကျင့်နိုင်မည့် နေရာတစ်ခုကို ရှာတွေ့ခဲ့ကြသည်။ ဤနှစ်ထောင်ပိုင်းလေးအတွင်း သူတို့က ကောင်းကင်စည်းမျည်း သဘာဝဆေးလုံးများကို သုံးကာ ကောင်းကင်နတ်ဘုရားအဆင့်အထိ ရောက်ရှိလာကြသည်။

ထို့နောက် သူတို့သုံးယောက်လုံးက နတ်ဘုရားမျိုးနွယ်နှင့် တိုက်ပွဲမှာ ဝင်ရောက်တိုက်ခိုက်ခဲ့ကြပြီး အကျိုးပြုအမှတ်များ စုဆောင်းကာ ကျင့်ကြံရေး အရင်းအမြစ်များစွာ ရလာခဲ့ကြသည်။ ဤလိုနှင့် နှစ်တစ်ထောင်ကျော် ကြာသွားပြီး သူတို့က နတ်ဘုရားအုပ်စိုးသူအဆင့်ထဲ ရောက်ရှိလာကြ၏။

ထိုစဉ် နတ်ဘုရားသိုက်မြုံအစွန်း၌ နတ်ဘုရားမျိုးနွယ်နှင့် တိုက်ပွဲကား ရုတ်ရုတ်သည်းသည်း ဖြစ်သွားသောကြောင့် ချိန်စုယင်၊ လင်းဂူနှင့် အင်မော်တယ် ကေရီ ဝမ်လန်တို့က အချင်းချင်း အဆက်အသွယ် ပြတ်တောက်သွားကြတော့သည်။

ချိန်စုယင်က နှစ်များစွာ လှန်လှောရှာဖွေကာ နတ်ဘုရားအုပ်စိုးသူအဆင့် ၄ ရောက်လာသော်လည်း လင်းဂူနှင့် ဝမ်လန်တို့အကြောင်း မကြားရသေးပေ။ တစ်ဖက်တွင် သူမက မိုဝူကျိအကြောင်း များစွာ ကြားမိထားသည်။ တချို့က မိုဝူကျိသည် နိဗ္ဗာနတိတ်ဆိတ်မှု ပင်လယ်ထဲ၌ သေဆုံးသွားပြီဟု ဆိုကြကာ တချို့ကား မိုဝူကျိသည် ချူယို့အား ရှာဖွေဖို့ရာ နတ်ဘုရားဂူသင်္ချိုင်းထဲ ဝင်သွားသည်ဟု ဆိုကြသည်။

ချူယို့က နတ်ဘုရားဂူသင်္ချိုင်းထဲ ဝင်သွားခဲ့သလို သူ့တာအိုလက်တွဲဖော်ကလည်း ဝင်သွားခဲ့သည်။ အချိန်ကုန်လွန်လာသည့်အခါ ချိန်စုယင်က မိုဝူကျိသည် နတ်ဘုရားဂူသင်္ချိုင်းထဲ အမှန်တကယ် ဝင်ရောက်သွားပြီလားဟု သံသယဝင်လာမိသည်။ သူမက တစ်ချက် သွားကြည့်လိုသော်လည်း သူမ၏ တံ့ဆိုင်းနေမှုကို အနိုင်မယူနိုင်ပေ။

သူမက သေဆုံးရမည်ကို မကြောက်သော်လည်း မိုဝူကျိက အထဲမရှိဘဲ နတ်ဘုရားဂူသင်္ချိုင်းထဲ ဝင်သွားမည့်အဖြစ်ကို စိုးရိမ်မိခြင်း ဖြစ်သည်။ နတ်ဘုရားကုန်းမြေကိုလည်း မိုဝူကျိက

သွားလောက်မည်ဟု မထင်ထားမိပေ။ နတ်ဘုရားနယ်မြေနှင့် နတ်ဘုရားကုန်းမြေကြားရှိ ကူးသန်းအစီအရင်မှာ သာမာန်လူများ အသုံးပြုနိုင်သည့်အရာ မဟုတ်ပေ။ အဆင့်နိမ့်ကျင့်ကြံသူများက အသုံးပြု၍ ရသည်ဆိုလျှင်ပင် နတ်ဘုရားကုန်းမြေမှ နတ်ဘုရားနယ်မြေသို့ ရောက်လာသည့်အခါတွင်သာ ဖြစ်၏။

မိုဝူကျိုက နတ်ဘုရားကုန်းမြေတွင် မည်မျှကျော်ကြားစေကာမူ နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်အတွင်းသာ ဖြစ်၏။ ထို့အပြင် သူက နှစ်တစ်သောင်းလောက် ပျောက်ကွယ်နေသည် ဖြစ်ရာ ကမ္ဘာပေါ်တွင် ထူးချွန်လွန်းသည့် ပါရမီရှင်များစွာ ရှိနေသောကြောင့် လူမည်မျှက သူ့အား မှတ်မိနေမည်နည်း။

“ ဂျူနီယာနာမည်က ဝေရုပါ။ သူမက မုရုန်ရှုန်းယွီပါ။ သူမသာ ကျွန်တော်ကို မကယ်ခဲ့ရင် အသတ်ခံရပြီးလောက်ပါပြီ။ အခု သူမကို နောက်မှာ ချန်မထားခဲ့နိုင်ဘူး ” လျှော်ဝတ် လူငယ်လေးက ဦးညွှတ်ရင်း ပြောလိုက်သည်။

**မုရုန်ရှုန်းယွီလား .....**

ထိုနာမည်က ချိန်စုယင်နှင့် အတော် ရင်းနှီးနေဟန် ပေါ်၏။ သူမက ကမ္ဘာဦး စိတ်ဝိညာဉ် ဗဟိုချက်တွင် ခွေခွေလေး ဖြစ်နေသော

မိန်းကလေးကို ကြည့်လိုက်သော်လည်း သိကျွမ်းနေသည်ဟု မခံစားမိပေ။

“ မင်းရဲ့ စီနီယာအစ်ကိုကြီးက အတော်လေးကို အံ့ဩဖို့ကောင်းတဲ့သူပဲ ... သူ ပြောတာ မှန်တယ်။ လူတစ်ယောက်က ဘဝမှာ ရှုးရှုးမိုက်မိုက် လုပ်ဖူးရတယ် ” သူမ စကားအဆုံးတွင် မိုဝူကျိအတွက် ချိန်ဟောင်ယီဆီမှ တိုက်ကွက်ကို တားဆီးပေးလိုက်သည့် မြင်ကွင်းကို ပြန်လည်မြင်ယောင်လာသည်။ သူမ၏ အသက်စွမ်းအားကို နှိုးဆွ၍ လေလွတ်မြောက်ရေး နည်းစနစ်အား အသုံးချကာ မိုဝူကျိနှင့် ထွက်ပြေးခဲ့သည့် မြင်ကွင်းလည်း တဖန် ပြန်လည် ပေါ်လာသည်။

**ဒါတွေက ရှုးရှုးမိုက်မိုက် အရာတွေ မဟုတ်ဘူးလား ....**

သူမက ဘယ်သောအခါမှ နောင်တရမည် မဟုတ်ပေ။ အကယ်၍ သူမအနေနှင့် အချိန်နောက်ပြန်လှည့်နိုင်မည်ဆိုလျှင်လည်း အတူတူသာ လုပ်မိမည် ဖြစ်၏။ သူမက မိုဝူကျိသည် သူမ ရုပ်ခန္ဓာကို စိတ်ဝိညာဉ်ဖွဲ့စည်းခြင်း ရေကန်အထိ သယ်ဆောင်လာပေးပြီး သူမအား တစ်ဖန် ပြန်လည် ရှင်သန်လာစေခဲ့ပြီး သူ့ကိုမူ မပြီးပြည့်စုံသည့် ဝိညာဉ်တစ်ခုက

ဆွဲချသွားသည်ကို မြင်တွေ့ခဲ့ရ၍ ဖြစ်သည်။ ထို့ကြောင့် သူမက ဘယ်နှစ်ကြိမ် ကြုံတွေ့နေစေကာမူ နောင်တရမည် မဟုတ်ပေ။

မိုဝူကျိုတွင် တာအိုလက်တွဲဖော် ရှိနေသည်က အမှန်ဖြစ်သော်လည်း သူက သူမကို ထွက်သွားဖို့ မပြောသရွေ့ သေချာပေါက် ထွက်သွားမည် မဟုတ်ပေ။

" ဟုတ်တယ် … စီနီယာအစ်ကိုကြီးက ကျွန်တော်အတွက် အရေးကြီးဆုံးလူပဲ …" ချိန်စုယင်က သူ့စီနီယာအစ်ကိုကြီးအကြောင်း ပြောသည်ကို ကြားလိုက်သောအခါ ဝမ်ရှုက ကျေကျေနပ်နပ်ဖြင့် ပြန်ဖြေပေးလိုက်သည်။

ချိန်စုယင်က ခေါင်းညိတ်ပြကာ ဝမ်ရှုအား ကျောက်စိမ်းပုလင်းလေး ပေးလိုက်၏ "ဒါက မင်းအတွက် … မင်း ဒဏ်ရာတွေကို ကူညီပေးနိုင်မှာပါ "

ထိုစကားအဆုံးတွင် သူမ၏ အေးစက်စက် အကြည့်က မင်ဖေးအာဆီ ကျရောက်လာကာ " ထွက်သွားစမ်း "

" ဟုတ်ကဲ့ပါ … ဟုတ်ကဲ့ စီနီယာ " ချိန်စုယင်က ထွက်သွားခိုင်းကြောင်း ကြားသောအခါ မင်ဖေးအာက

ဆက်မပြောရဲတော့ဘဲ မြန်မြန် နောက်ဆုတ်သွားတော့သည်။ မင်ဖေးအာ ထွက်သွားသည်နှင့် ဒဏ်ရာရနေသော ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူများလည်း လိုက်ပါသွားကြသည်။

ထို့နောက် ချိန်စုယင်က ဝမ်ရှအား ခေါင်းညိတ်ပြလိုက်ပြီးနောက် ဖြတ်ခနဲ ပျောက်ကွယ်သွားတော့သည်။

ချိန်စုယင် ပျောက်ကွယ်သွားသည့် ဦးတည်ရာသို့ ဝမ်ရှက ဦးညွှတ်ကာ ကျေးဇူးတင်လိုက်သည်။ ထို့နောက် သူက မုရုန်ရှန်းယွီအား သယ်ကာ တတ်နိုင်သမျှ မြန်မြန် ထွက်သွားလိုက်သည်။

…………………

“ ခွန်းယွင် … ခင်ဗျားက ကိုယ့်ဘာသာ ဝိဇ္ဇာဆိုပြီး ပြောနေတော့ သဟာဇာတ နတ်ဘုရားအထက်က အဆင့်တွေကို ဝိဇ္ဇာလို့ ခေါ်တာလား ” မိုဝူကျိက ကူးသန်းအစီအရင်မှ ထွက်လာပြီးနောက် မေးလိုက်သည်။

ဆရာမရှိသည့် လူတစ်ယောက်အနေနှင့် မိုဝူကျိ၏ ကျင့်ကြံရေး လမ်းကြောင်းကို ကိုယ်တိုင် ထုဆစ်ခဲ့ရခြင်း ဖြစ်၏။ ခွန်းယွင်က

ရိုးရှင်းမည် မဟုတ်သောကြောင့် မိုဝူကျိက ဤလူသည် ရှေးဟောင်းခေတ်အချိန်က ကျန်နေခဲ့သည့် မြေခွေးအိုကြီးထဲက တစ်ယောက်ဟု သံသယဝင်မိသည်။ ခွန်းယွင်သည် နတ်ဘုရားမျှော်စင်တွင် ရှိနေသောသူများထက်ပင် အသက်ပိုကြီးနေနိုင်၏။ အကယ်၍ သူသာ နားမလည်လျှင် ဤလူကို မေးမြန်းခြင်းက အကောင်းဆုံး ဖြစ်ပေသည်။

ခွန်းယွင်က ရယ်မောလိုက်သည် “ မင်းရဲ့ ကျင့်ကြံဆင့် နိမ့်နိမ့်လေးနဲ့ သိလို့ ဘာမှအသုံးမဝင်ဘူး။ ပြီးတော့ တကယ်လို့ မင်းသာ တစ်ဘဝလုံး နတ်ဘုရားလောကကနေ ထွက်မသွားနိုင်ရင် အများဆုံး မင်း ရောက်နိုင်တာ သဟဇာတ နတ်ဘုရားအထိပဲ .... အများကြီး တွေးနေဖို့ မလိုဘူး ”

“ တကယ်လို့ မပြောပြချင်ရင်လည်း ဒီအတိုင်း ပြောလိုက်ပါ့လား ” မိုဝူကျိက ထိုစကားကို ပြန်လည် ချေပမနေသော်လည်း စိတ်အတွင်း၌ သိပ်မကျေနပ်မိပေ။ သူ့လူသားတာအိုက သူ့ကိုယ်ပိုင် အသိအမြင်များမှ ပြီးပြည့်စုံလောက်နီးပါး ဖြစ်နေလေပြီ။ ယခု သူ့လူသားကမ္ဘာကြီးတွင်လည်း နတ်ဘုရားနယ်မြေတွင်ပင် မရှိသည့် ပြီးပြည့်စုံသော

စည်းမျည်းများ ရှိနေပြီးဖြစ်ရာ သူ့အနေနှင့် ဆက်လက် ဥာဏ်အလင်းပွင့်လိုလျှင် ခက်ခဲမည် မဟုတ်ပေ။

ခွန်းယွင်က မိုဝူကျိ တွေးနေသည့်အရာများကို သိ၍ ဆက်အစဖော်မပေးတော့ပေ။

မိုဝူကျိက သူ ပထမဆုံး ကြုံတွေ့ခဲ့ရသည့် နတ်ဘုရားသိုက်မြုံနှင့် ယှဉ်လျှင် ယခု နတ်ဘုရားသိုက်မြုံကား အများကြီး ပြောင်းလဲသွားကြောင်း ခံစားမိ၏။

အစပိုင်းတွင် ဤနေရာမှာ လေဟာပြင်ဈေးကြီးတစ်ခုလို ဖြစ်နေပြီး ဘာဆိုဘာမှ မရှိပေ။ သို့သော် ယခုတွင် အစိက ကျင့်ကြံရေးနတ်မြို့ တစ်မြို့အဖြစ် ပြောင်းလဲသွားသည်။ ဤမြို့တွင် နတ်ဘုရားနယ်မြေ မြို့အသစ်၏ ကြီးကျယ်မှုများ မရှိသော်လည်း ချမ်းသာကြွယ်ဝမှုအရ နတ်ဘုရားနယ်မြေ မြို့အသစ်ထက် အောက်ကျမည် မဟုတ်ပေ။

“ မိုဝူကျိ … မင်း အရင်ဆုံး ဒီမှာနေဖို့ နေရာတစ်ခုလောက် ရှာသင့်တယ်။ ဟုတ်တယ်မလား … ငါ နတ်ဘုရားသိုက်မြုံမှာ ကျင့်ကြံဆင့် အမြင့်ဆုံး မြင့်တင်နိုင်မဲ့ နေရာကို သွားစုံစမ်းကြည့်လိုက်ဦးမယ် ” ခွန်းယွင်က မိုဝူကျိ၏

သဘောထားကို ဂရုမစိုက်သည့်အလား ပုံမှန်အတိုင်း ကြည့်လိုက်သည်။

မိုဝူကျိုက စိတ်ထဲ၌ အံ့အားသင့်သွားသည်။ သူက အနားယူဖို့ရာ နေရာရှာရန် ရည်ရွယ်ထားသော်လည်း အဓိကမှာ သူ့ကမ္ဘာလေးအတွင်း ရှိနေသည့် ထျန်းနူအား သွားကြည့်လို၍ ဖြစ်သည်။

**ခွန်းယွင်က သူ့လူသားကမ္ဘာကို သိနေတာလား .... ဒါမှမဟုတ် ထျန်းနူကို သိနေတာလား ....**

သူ့လေသံနှင့် သဘောထားအရ ဖြစ်နိုင်ခြေ ရှိ၏။

မိုဝူကျိုက စိတ်နန်းတော်နှစ်ခုနှင့် အသိစိတ်ပင်လယ် နှစ်ခု ရှိနေသည့်လူတစ်ယောက်အကြောင်းမှာ အံ့ဖွယ် ဖြစ်သောကြောင့် ခွန်းယွင်အား ထျန်းနူအကြောင်း မပြောပြဖူးပေ။ ဤအခြေအနေမှာ သူ့လူသားတာအို ပိုင်ဆိုင်ထားသလို အနည်းငယ် ထိတ်လန့်ဖို့ ကောင်းလွန်းနေ၏။

“ အဲဆို အရင်သွားနှင့်မယ်။ နောက်နှစ်ရက်ကြာရင် မင်းကို လာရှာလှည့်မယ်” ခွန်းယွင် နောက်တစ်ဖန် ရယ်မောလိုက်ပြန်သည်။ မိုဝူကျိုက မည်မျှ ထိတ်လန့်သွားသည်ကို

လျစ်လျူရှုထား၏။ သူက မျက်စိတစ်မှိတ်အတွင်း ပျောက်ကွယ်သွားတော့သည်။

………………

## နိဗ္ဗာန တည်းခိုဆောင်

မိုဂူကျိုက ထိုနာမည်ကို မြင်လိုက်သည့်အခါ တုံ့ဆိုင်းခြင်းမရှိ အဆောက်အဦးထဲ ဝင်လိုက်သည်။

သူက နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်မှ ဖြစ်သောကြောင့် ဤနေရာတွင် နိဗ္ဗာန တည်းခိုဆောင် ရှိနေလေရာ ကျောင်းတော်မှ ဖွင့်ထားခြင်းသာ ဖြစ်ပေမည်။

သူက မည်သူကိုမှ မကြောက်သော်လည်း အမြဲတမ်း သတိကြီးကြီးထားသည်က အကောင်းဆုံး ဖြစ်၏။

နိဗ္ဗာန်အသိပညာရပ်ကျောင်းတော်ရှိ အရာအားလုံးက အလွန်ဈေးကြီးလှသောကြောင့် ဤနေရာတွင် နေထိုင်မည့် ကျင့်ကြံသူ များများစားစား မရှိပေ။ ရလဒ်အနေနှင့် အခန်းများနှင့် ကျင်ကြံရေးသီးသန့် အိမ်တော်များ ရရှိနိုင်သေး၏။

ခွန်းယှင်အကြောင်း ဂရုမစိုက်တော့ဘဲ မိုဝူကျိုက သူ့အတွက်သာ အခန်းယူလိုက်သည်။

သူ အခန်းထဲ ရောက်လာသည်နှင့် လူသားကမ္ဘာအတွင်း မဝင်ခင် အခန်း၌ အတားအဆီးများကို ချလိုက်သည်။

လူသားကမ္ဘာအတွင်း ထျန်းနူက အသက်မဲ့ အခြေအနေအတိုင်း ကျန်ရှိနေသေး၏။

မိုဝူကျိုက သက်ပြင်းချလိုက်သည်။ သူက တာ့ဟွမ်အား ထျန်းနူအား ဟုန်မုန့်စွမ်းအင်နှင့် အသက်ဓာတ်ဆေးလုံးများ တိုက်ကျွေးရန် မှာကြားခဲ့သော်လည်း ထျန်းနူက သူ့ကမ္ဘာဦး စိတ်ဝိညာဉ် ပြိုကွဲသည့်အထိ နှိပ်စက်ခံထားရသည်။ အကယ်၍ ဤသီးသန့်ပြဿနာကို ဖြေရှင်းပေးမည့် ထိပ်တန်းရတနာ မဟုတ်လျှင် ထျန်းနူအား ကယ်တင်နိုင်တော့မည် မဟုတ်ပေ။

မိုဝူကျိုက အသက်ဓာတ်လမ်းကြောင်းကို အသုံးပြုကာ ထျန်းနူအား အားဖြည့်ပေးခဲ့သော်လည်း အခြေအနေက တိုးတက်လာခြင်း မရှိပေ။ မိုဝူကျိုက ခေါင်းခါကာ ထရပ်ဖို့ ပြင်လိုက်၏။ ထျန်းနူနှင့် သူက ကံတရားအရ တွေ့ဆုံလာပြီး မိတ်ဆွေ ဖြစ်လာခဲ့ကြသည်။ သို့သော် ယခုတွင် သူ့အကောင်းဆုံး

ကြိုးစားထားသော်လည်း ထျန်းနူ၏ အခြေခံအုတ်မြစ်က ပျက်စီးသွားရုံသာမက ကမ္ဘာဦး စိတ်ဝိညာဉ်လည်း ပြိုကွဲနေပြီး အသက်ခတ်များလည်း လွှင့်ပါးနေသည်။ ရက်ပိုင်းလေးအတွင်း ထျန်းနူက ဝိညာဉ် ပျက်စီးကာ ဤလောကကြီးမှ ထွက်ခွာသွားရတော့မည် ဖြစ်၏။

ထိုစဉ် ထျန်းနူက မျက်လုံးဖွင့်လာသည်။ သူက မိုဝူကျိကို မြင်လိုက်ရသည့်အခါ သူကိုယ်တိုင်လည်း အံ့သြသွား၏။

“ ထျန်းနူ … စိတ်မကောင်းပါဘူးကွာ။ ငါအကောင်းဆုံး ကြိုးစားကြည့်ပြီးပြီ ” မိုဝူကျိက ထျန်းနူသည် မျက်လုံးဖွင့်လာသော်လည်း အသက်ခတ်မှာ နည်းပါးလွန်းလှချေသည်။

“ အစ်ကိုမို … ကျွန်တော်ကို မုန်ညှင်းနက် ကုန်သည်အိမ်တော်က ထုတ်လာပြီး …. သက်တောင့်သက်သာ သေခိုင်းတဲ့အတွက် … ကျေးဇူးတင်ပါတယ် … ” ထျန်းနူက မနည်းပြောနေရသည် “ နတ်ဘုရားဂူသင်္ချိုင်းမှာ လျို့ဝှက်ချက်ကြီး ရှိတယ် …. ကျွန်တော်ဆီမှာ အသိစိတ်ပင်လယ် နှစ်ခု ရှိ ….

နတ်ဘုရားဂူသင်္ချိုင်းမှာ … အသက်ရှင်နိုင်တဲ့ တစ်ခုတည်းသော လမ်းကြောင်းက …. ဂူ … ”

နောက်ဆုံးတွင် ထျန်းနူကား သူ့လူသားကမ္ဘာအတွင်း၌ သေဆုံးသွားချေပြီ။

မိုဝူကျိ စိတ်အတွင်း၌ ဝမ်းနည်းမှုများ ကြီးစိုးလာလေ၏။

**နတ်ဘုရား ဖြစ်လာသည့်အထိ ကျင့်ကြံနိုင်တော့လည်း ဘာဖြစ်လဲ …**

အဆုံးသတ်မှာ သေခြင်းတရား ရှိနေသေးသည် မဟုတ်ပါလော။ ထျန်းနူ၏ ကျင့်ကြံဆင့်သည် နတ်ဘုရားနယ်မြေ၏ အောက်ခြေတွင် ရှိနေသော်လည်း အင်မော်တယ်လောက သို့မဟုတ် လူသားလောက၌မူ သူသည် နတ်ဘုရားတစ်ပါး ဖြစ်ပေသည်။ သို့သော် သူက လူသားတစ်ယောက်ကဲ့သို့ တူညီသော အဆုံးသတ်နှင့်သာ တွေ့ဆုံသွားရသည်။

မိုဝူကျိက ထျန်းနူအား လူသားကမ္ဘာထဲ၌ ကိုယ်တိုင်ကိုယ်ကျ သင်္ဂြိုလ်ပေးပြီးနောက် ထရပ်လိုက်သည်။ သူက အားကောင်းလာရမည်။ ထိုအခါမှ တက်နင်းမခံရမည် ဖြစ်၏။ သူ

အားကောင်းလာသည့်အခါမှ ထျန်းနူလိုမျိုး ပြန်ပေးဆွဲခံရကာ သေသည့်အထိ နှိပ်စက်မခံရမည် ဖြစ်၏။

ထျန်းနူ၏ လျို့ဝှက်ချက်မှာ သူ့အသိစိတ်ပင်လယ် နှစ်ခု ရှိခြင်း ဖြစ်သော်လည်း မိုဝူကျို၏ လျို့ဝှက်ချက်မှာ ဤထက် ပို၍ ကြီးကျယ်ပေသည်။ သူက လူသားတစ်ယောက်အနေနှင့် လူသားတာအိုကို ကျင့်ကြံ၏။ အကယ်၍ ဤအရာကို အကြံအစည်ကြီးသော ပညာရှင်များကသာ တွေ့သွားခဲ့လျှင် ထျန်းနူလိုမျိုး အဆုံးသတ်နှင့် တွေ့သွားနိုင်သည်။ အနည်းဆုံးတော့ ထျန်းနူကို သင်္ဂြိုလ်ပေးမည့် သူ ရှိနေသေး၏။ အကယ်၍ မိုဝူကျိုသာ သေဆုံးသွားလျှင် ပြာအဖြစ် အဆုံးသတ်ရမည်သာ ဖြစ်ပေသည်။

## အခန်း (၁၀၄၆) : သတ္တကမ္ဘာ

မိုဝူကျိုက သူ့လူသားကမ္ဘာမှ ထွက်လာပြီးနောက် ဆက်လက် ကျင့်ကြံလိုစိတ် မရှိတော့ပေ။ သူက ထိုင်ချလိုက်သည်နှင့် အပြင်ဘက်က ရုတ်ရုတ်သည်းသည်းဖြစ်မှုကို ကြားလိုက်ရသည်။

မိုဝူကျိုက တွေဝေသွားပြီး စိတ်စွမ်းအားကို ဖြန့်ကျက်လိုက်သည့်အခါ နိဗ္ဗာန တည်းခိုဆောင် အပြင်ဘက်၌ ရုတ်ရုတ်သည်းသည်း ဖြစ်နေကြောင်း မြင်လိုက်ရသည်။ အားလုံးကလည်း အံ့သြတုန်လှုပ်နေကြပုံ ပေါ်၏။

**ဘာတွေ ဖြစ်နေတာလဲ ....**

မိုဝူကျိုက အခန်းမှထွက်၍ သွားကြည့်တော့မည့်ဆဲဆဲတွင် ခွန်းယွင်က ဝင်လာသည်။

“ ခွန်းယွင် ... ခင်ဗျားက အစီအရင်တာအိုမှာ ထူးချွန်တာ သိတယ်။ ဒါပေမဲ့ အခန်းထဲ ဝင်မလာခင် တံခါးခေါက်လို့ မရဘူးလား ” မိုဝူကျိုက မကျေနပ်စွာ ပြောလိုက်သည်။

“ ဟူး .... မင်းနဲ့ကတော့ ခက်တယ်။ မင်းက အရည်အချင်းများများစားစား မရှိဘဲနဲ့ စည်းမျဉ်းတွေ အပုံလိုက် ထုတ်နေတော့တာပဲ ” ခွန်းယွင်က ပြောလိုက်ရင်း အခန်းအပြင် ပြန်ထွက်ကာ တံခါးပေါ်က အတားအဆီးကို ခေါက်လိုက်ရင်း “ အထဲဝင်လာလို့ ရမလား ”

ခွန်းယွင်က ပြုံးဖြီးကာ ထိုင်ချလိုက်သည် “ အပြင်က ကိစ္စတွေကို မြင်တယ်မလား ”

“အင်း ဘာတွေ ဖြစ်နေတာလဲ ” မိုဝူကျိက အနည်းငယ် မသေမချာ ဖြစ်သွားသည်။

“ အဲဒါက နတ်ဘုရားမျိုးနွယ်ရဲ့ သဟဇာတ နတ်ဘုရားတစ်ပါးက ပညာရပ်တစ်ခုအပေါ် ဉာဏ်အလင်းပွင့်သွားလို့လေ။ သူက အဲဒီပညာရပ်ကို သုံးပြီး နတ်ဘုရားသိုက်မြို့မှာ နတ်ဘုရားနယ်မြေက ကျင့်ကြံသူတွေကို တစ်ခါတည်းနဲ့ သိန်းနဲ့ချီပြီးတော့ သတ်ပစ်ခဲ့တယ်။ အဲဒီအထဲမှာ နတ်ဘုရားဘုရင် တစ်ယောက်တောင် ပါသေးတယ် … ”

“ ဘယ်လို ” မိုဝူကျိက ထိုအရာကို ကြားပြီး ထရပ်မိသွားသည်။ ဤသတင်းက သူ့အား ကြောင်အမ်းသွားစေသည်။

**နတ်ဘုရားနယ်မြေ ကျင့်ကြံသူ သိန်းချီကို တစ်ခါတည်းဖြင့် သတ်ပစ်နိုင်သည့် တိုက်ကွက်လား … ဘယ်လို တိုက်ကွက်မျိုးပါ့လိမ့် …**

အကယ်၍ နတ်ဘုရားမျိုးနွယ် ပညာရှင်တစ်ချို့က အဆင့်နိမ့်ကမ္ဘာများကို တိုက်ခိုက်ပြီး ကျင့်ကြံသူ သန်းသောင်းချီ သတ်ပစ်လိုက်လျှင် မိုးမြေစည်းမျည်းများကို လျစ်လျူရှုထားသော

ကျင့်ကြံသူတစ်ဦးအနေနှင့် မိုဝူကျိုက ထိုကိစ္စကို ဂရုစိုက်မိမည် မဟုတ်ပေ။

သို့သော်လည်း နတ်ဘုရားနယ်မြေထဲ၌ မိုးမြေစည်းမျည်းများသည် အလွန်ခိုင်မာသောကြောင့် ပညာရပ်တစ်ခုက မည်မျှပင် အားကောင်းစေကာမူ ကန့်သတ်ချက် ရှိပေသည်။ ထိုကန့်သတ်ချက်အပြင်ဘက်၌ စည်းမျည်းများကို ဖျက်စီးပစ်နိုင်လိမ့်မည်။ ဆိုလိုသည်မှာ မည်မျှပင် အားကောင်းနေစေကာမူ သူ့ဘေးပတ်လည်၌ ကန့်သတ်ချက် နယ်ပယ်အဖြစ် သက်ရောက်ခံနိုင်သည်။ သဟာဇာတ နတ်ဘုရားက နတ်ဘုရားဘုရင်ထက် အဆင့်တစ်ဆင့်မျှ ပိုမြင့်ပေရာ ဤမျှ အားကောင်းနေသည်လား။

“ ငါ ညာနေတာ မဟုတ်ဘူး။ အပြင်ဘက်မှာ ကြားလာတာ။ အဲဒီပညာရပ်ကို ကြားပြီး ငါလည်း အရင်ဆုံး ပြန်လာဖို့က လွဲပြီး ရွေးချယ်စရာ မရှိလို့ ” ခွန်းယွင်က မပြောင်းမလဲ ပြောလိုက်သည်။

“ ဘယ်လို ပညာရပ်မျိုးလဲ ” မိုဝူကျိုက မေးလိုက်ပြီး အနည်းငယ်လည်း စိုးရိမ်မိနေသည်။

လူသိန်းချီ သတ်နိုင်သည့် တိုက်ကွက်မျိုးမှာ ဆက်တိုက် အသုံးပြုပါက နတ်ဘုရားနယ်မြေကို မဆိုထားနှင့် နတ်ဘုရားကုန်းမြေပင် ရှင်းထုတ်ခံလိုက်ရပေမည်။

ခွန်းယွင်က မိုဝူကျို တွေးနေသည့်အရာကို သိသည့်အလား ထပ်ပြောလိုက်သည်

“ စိတ်ပူနေဖို့ မလိုဘူး။ အဲဒီလူက ပညာရပ်အပေါ် ဉာဏ်အလင်းပွင့်ထားပေမဲ့ တစ်ခါသုံးဖို့ အတော်လေး အားထုတ်ရတယ်။ သူ့မှာ ဆက်တိုက် သုံးနိုင်စွမ်း မရှိဘူး။ ဒါပေမဲ့ အဲလိုတိုက်ကွက်ရှိထားတာဆိုတော့ နတ်ဘုရားမျိုးနွယ်နဲ့ ရင်ဆိုင်ရတဲ့ တိုက်ပွဲမှာ နတ်ဘုရားနယ်မြေဘက်က အရေးနိမ့်တာတော့ အသေအချာပဲ ”

“ ဘယ်လို ပညာရပ်လဲဆိုတာ မပြောရသေးဘူး ” မိုဝူကျိုက ခွန်းယွင်အား စိုက်ကြည့်လိုက်သည်။ သူက ထိုတိုက်ကွက်နှင့် ပတ်သတ်၍ အတော်လေး အာရုံစိုက်နေမိသည်။

“ ကျိန်စာ ပညာရပ်တဲ့လေ .. အဲဒီပညာရပ်က အစတုန်းက နတ်ဘုရားမျိုးနွယ်တွေရဲ့ ထိပ်တန်း လျို့ဝှက်ပညာရပ်တစ်ခုပေါ့ ဒါပေမဲ့ .... ”

“ မဟာ ကျိန်စာပညာရပ်လား ” မိုဝူကျိက ခွန်းယွင်အား အလန့်တကြား ဝင်ဖြတ်ပြောလိုက်သည်။ သူက ထိုပညာရပ်အကြောင်း ကြားထားဖူးသည်။

ခွန်းယွင်က အေးစက်စက် ရယ်မောကာ “ မဟာကျိန်စာ ပညာရပ်လား .... အိပ်မက် မက်မနေစမ်းပါနဲ့ကွာ။ ဒါက အသေးအမွှား ကျိန်စာပညာရပ်လေးပဲ။ ဘာမှအံ့သြနေစရာ မလိုဘူး ”

“ အသေးအမွှား ကျိန်စာပညာရပ်တောင် ဒီလောက် အံ့သြဖို့ကောင်းနေပြီ .... မဟာကျိန်စာ ပညာရပ်ဆိုရင် ...” မိုဝူကျိက စကားတစ်ဝက်တစ်ပျက်ဖြင့် ဆက်မစဉ်းစားရဲတော့ပေ။

**မဟာကျိန်စာ ပညာရပ်က နတ်ဘုရားလောက တစ်ခုလုံးကို ဖျက်စီးပစ်နိုင်စွမ်း ရှိနေမလား ...**

ခွန်းယွင်က ရယ်မောကာ “ မင်း ဘာတွေစိတ်ပူနေတယ်ဆိုတာ ငါ သိပါတယ်ကွာ။ အဲလောက် စိတ်ပူစရာ မလိုပါဘူး။ ဒီစည်းမျည်းအဆင့်လောက်နဲ့ နတ်ဘုရားမျိုးနွယ်တွေက အသေးအမွှား ကျိန်စာပညာရပ် ဉာဏ်အလင်းပွင့်တာတောင် တော်တော် ကံကောင်းနေပြီ။ အဲဒီလူက ပါရမီရှင်ပဲ ဖြစ်လိမ့်မယ်။

မဟာကျိန်စာ ပညာရပ်အပေါ် ဉာဏ်အလင်းပွင့်လာဖို့ကတော့ မဖြစ်နိုင်ဘူး ”

“ ကျိန်စာပညာရပ်တွေက စကြဝဠာကြီးထဲမှာ နံပါတ်တစ် ပညာရပ်လား ” မိုဝူကျိုက ခွန်းယွင် စကားကို ကြားပြီး အနည်းငယ် စိတ်အေးမိသွားသည်။

ခွန်းယွင်က နောက်တစ်ခါ ရယ်မောလိုက်ကာ “ နံပါတ်တစ် ပညာရပ်တဲ့လား .... လျှောက်တွေးမနေစမ်းပါနဲ့။ ပညာရပ် အမျိုးအစားပေါင်းစုံထဲမှာ နတ်ဘုရားမျိုးနွယ်က မဟာကျိန်စာ ပညာရပ်ကို တန်ဖိုးထားတာက သူတို့မှာ အဲထက် ကောင်းတဲ့ ပညာရပ်မျိုး မရှိလို့လေ ”

“ ခွန်းယွင် ... ကျုပ်ကို တခြားလျို့ဝှက်ပညာရပ်တွေ အကြောင်း ပြောပြနိုင်လား ” မိုဝူကျိုက မြန်မြန် မေးလိုက်သည်။ သူက ခွန်းယွင်ကို တစ်ခုခု မေးမည့်အခါတိုင်း ရည်ရည်မွန်မွန် ဖြစ်လာသည်။

သူက ခွန်းယွင်နှင့် ဆွေးနွေးနေသော်လည်း စိတ်ထဲ၌ သတ္တကမ္ဘာ လက်ချောင်းပညာရပ်အကြောင်း တွေးနေမိသည်။

## ဤသည်ကိုရော မဟာ လျို့ဝှက်ပညာရပ်အဖြစ် သတ်မှတ်၍ ရမည်လား …

ခွန်းယွင်က မိုဂူကျိကို ပြန်ဖြေမပေးဘဲ သူ့အား စိုက်ကြည့်လိုက်၏။ သူက နည်းနည်း စိတ်ထွေပြားနေသည်ကို မြင်၍ ခွန်းယွင်က ပြုံးရယ်ကာ " တကယ်လို့ ငါတို့တွေ မဟာလျို့ဝှက်ပညာရပ်တွေ အကြောင်း ပြောနေတာဆိုရင် မင်းဆီမှာလည်း တချို့တော့ ရှိထားပုံပါပဲ "

" ကျုပ်က မဟာ လျို့ဝှက်ပညာရပ်တွေကို သိနေတာလား " မိုဂူကျိက ကြောင်အမ်းမိသွားသည်။ သူက စွမ်းအားစက်ကွင်း ချေဖျက် လက်သီးချက်၊ ပုဆိန်လှံရှည် တိုက်ကွက်လေးမျိုး၊ အာကာပြင် ချုပ်နှောင်မှု၊ သေခြင်းရှင်ခြင်း ကံကြမ္မာစက်ဝန်းတို့ကို မဟာလျို့ဝှက်ပညာရပ်အဖြစ် မယူဆကြောင်း ကောင်းကောင်း သိပေသည်။ သတ္တကမ္ဘာလက်ချောင်းပညာရပ်အတွက်မူ အင်အားပြင်းပြင်း ပိုင်ဆိုင်ထားသော်လည်း အသေးအမွှား ကျိန်စာပညာရပ်နှင့် ယှဉ်လျှင် ဖျော့တော့နေသေး၏။

ခွန်းယွင်က ရှင်းပြပေးလိုက်သည် " ငါတို့ နတ်ဘုရားနယ်မြေ မြို့အသစ်ထဲမှာ ရှိနေတုန်း မင်းရဲ့ လက်ချောင်းပညာရပ်ကို

မြင်လိုက်ရတယ်။ အဲဒါက ဘာမှထွေထွေထူးထူး ပြောစရာမရှိပေမဲ့ မူလ ကမ္ဘာတစ်ခုရဲ့ အရိုန်အဝါတွေ ရောနှောနေတယ် ”

ခွန်းယွင်ရှေ့တွင် ဆက်လက် လျှို့ဝှက်ထားရန် မဖြစ်နိုင်မှန်း သိ၍ မိုဝူကျိုက ဝန်ခံလိုက်သည် “ ဟုတ်တယ် … အဲဒါက ကျုပ်ရဲ့ အားအပြင်းဆုံး ပညာရပ် သက်ရှိလောကတိုက်ကွက်ပဲ ”

“ သက်ရှိလောက ” ခွန်းယွင်က သူ့ဘာသာ ရေရွတ်လိုက်ပြီးနောက် ပြန်ဖြေပေးလိုက်သည် “ မဆိုးပါဘူး … နာမည်ကောင်းလေးပဲ။ သတ္တကမ္ဘာနဲ့ လိုက်ဖက်တာပေါ့ ”

မိုဝူကျိုက စိတ်ထဲ၌ အံ့သြတုန်လှုပ်သွားသည်။ ဤလူက သတ္တကမ္ဘာလက်ချောင်း ပညာရပ်အား အမှန်တကယ် သိနေသည်။

ခွန်းယွင်က ဆက်ပြောလိုက်သည် “ မင်း လောကခုနှစ်ခုကို ဖြတ်လာတဲ့ လျှို့ဝှက်ပညာရပ်ကို ရဖို့ အခွင့်အရေးကောင်း ရခဲ့တာပဲ။ ငါ့အမြင်တော့ သတ္တကမ္ဘာ ပညာရပ်က ကျိန်စာပညာရပ်တွေထက် ပိုသာတယ်။ မင်းက ထိပ်ဆုံးကို မရောက်သေးရုံလေးပဲ ”

မိုဝူကျိုက မကျေမနပ် ပြောလိုက်သည် “ ကျုပ်က သတ္တကမ္ဘာလက်ချောင်း ပညာရပ်မှာ တတိယမြောက် တိုက်ကွက်အထိ သုံးနိုင်ပြီ။ ဘယ်လိုလုပ် ထိပ်ဆုံးအထိ မရောက်သေးတာလဲ ”

“ သတ္တကမ္ဘာ လက်ချောင်း ပညာရပ်လို့ မင်း နာမည်ပေးထားတာလား။ မဆိုးပါဘူး ” ခွန်းယွင်က သိုဝှက်မထားဘဲ ပြောချလိုက်သည် “ မင်း ဒီလက်ချောင်းကို အသုံးပြုနိုင်တဲ့ အကြောင်းအရင်းက မင်းက လူသားတာအိုကို ကျင့်ကြံလို့ပဲ။ မဟုတ်ရင် ပထမလက်ချောင်း တိုက်ကွက်တောင် ထုတ်သုံးနိုင်မှာ မဟုတ်ဘူး။ သတ္တကမ္ဘာ လျို့ဝှက်ပညာရပ် အစစ်အမှန်က တကယ်ကို ကန့်သတ်ချက်မဲ့တယ်။ လက်တစ်ဖက် ဆန့်ထုတ်လိုက်ရုံနဲ့ မိုးမြေကိုတောင် ပြောင်းပြန် လှန်ပစ်နိုင်စွမ်းရှိပြီးတော့ စကြဝဠာကြီးကိုလည်း စုတ်ဖြဲပစ်နိုင်တယ်။ ကြယ်တာရာတွေဆိုတာကလည်း လက်တစ်ဆုပ်အတွင်းမှာပဲ … မင်းရော လုပ်နိုင်လား ”

ဤသည်က မိုဝူကျိုအား တိတ်ဆိတ်သွားစေသည်။ ခွန်းယွင်က အမှန်အတိုင်း ပြောပြနေကြောင်း သိပေသည်။ သူ့အား

လိမ်ညာနေစရာ အကြောင်းလည်း မရှိပေ။ မကြာခင် သူက မတ်တတ်ရပ်လိုက်ပြီးနောက် ခွန်းယွင်အား လေးလေးစားစား ဦးညွှတ်ကာ " အစ်ကိုခွန်းကပဲ ကျုပ်ကို သင်ပြပေးနိုင်မလား "

ခွန်းယွင်က ရယ်မောရင်း မိုဝူကျိအား လက်ညှိုးထိုးကာ " မင်းက အရမ်းဖားလွန်းသွားပြီ။ ငါက မင်းစီနီယာမှန်း သိရက်နဲ့ နာမည်ပဲ ခေါ်ပြီးတော့ အခု အကြံဉာဏ်လိုတော့မှ အစ်ကိုခွန်း လာခေါ်နေတယ်။ မင်းကို ဘာအကြံမှ မပေးဘူး "

မိုဝူကျိက သူ မျက်နှာသာပေးသည့်အချိန် ခွန်းယွင်သည် မောက်မောက်မာမာ ပြုမူလိမ့်မည်ဟု မထင်ထားသောကြောင့် အေးစက်စက်သာ ပြန်ဖြေလိုက်သည် " ဘာအကြံမှ မပေးရင်လည်း ထွက်သွားတော့ .... ကျုပ်ကျင့်ကြံတော့မယ် "

ခွန်းယွင်က နှာခေါင်းကို ပွတ်ကာ မိုဝူကျိအား အမူအယာကင်းမဲ့စွာ ပြန်ကြည့်လိုက်ပြီး " မင်းက ကိုယ့်စကားကို ပြန်ရုတ်သိမ်းချင်နေတာ မဟုတ်ပါဘူးနော့ "

" ကျုပ်စကားကို ဘာလို့ ပြန်ရုတ်သိမ်းရမှာလဲ။ အခုထိ ဆယ်နှစ်မှ မပြည့်သေးတာ ... အခု ကျုပ် ကျင့်ကြံဖို့ လိုအပ်တယ် "

"ကောင်းပြီလေ မင်းကို နည်းနည်း ထောက်ပြပေးလိုက်မယ်။ မင်းရဲ့ သတ္တကမ္ဘာက ဘယ်ကနေ ဆင်းသက်လာမှန်း မသိပေမဲ့ ပုံသဏ္ဍာန်ပဲ ရှိတယ်။ အစစ်အမှန် စည်းမျည်းတွေ မရှိဘူး။ မင်းက လူသားတာအိုကို မင်းစည်းမျည်းအတွက် ဌားသုံးနေတာပဲ။ မင်းရဲ့ လူသားတာအိုက မပြီးပြည့်စုံသေးခင် မင်းအနေနဲ့ သတ္တကမ္ဘာကို အသုံးပြုမယ်ဆိုရင် သိပ်အရေးပါမှာ မဟုတ်သေးဘူး။ အဲဒါကြောင့် မင်းက ကောင်းကောင်း နားမလည်ဘဲ သတ္တကမ္ဘာ လက်ချောင်းပညာရပ်ကို လေ့ကျင့်နေတယ်လို့ ပြောတာ " ခွန်းယွင်က မိုဝူကျိတစ်ယောက် သူ့စကား ပြန်ရုတ်သိမ်းသွားမည်ကို စိုးရိမ်မိသည်။ သူက နှစ်များစွာ အချိန်ပေး၍ ဤလူကို လိုက်ရှာထားရသည် မဟုတ်ပါလော။

" အဲဆို ကျုပ်ရဲ့ သတ္တကမ္ဘာလက်ချောင်း ပညာရပ်ရဲ့ အစစ်အမှန် အင်အား ရလာအောင် ဘယ်လိုလုပ်ရမလဲ " မိုဝူကျိက မြန်မြန် မေးလိုက်သည်။ သူ လက်လျော့နိုင်သည့် အခွင့်အရေး မဟုတ်ပေ။

ခွန်းယွင်က လေထုထဲ ညွှန်ပြကာ " တကယ်လို့ မင်း တစ်ရက်ကျ သတ္တကမ္ဘာကျောက်တုံးကို ရှာတွေ့ခဲ့မယ်ဆိုရင် အဲကနေ အသိအမြင် ရရှိလာလိမ့်မယ်။ အဲဆို သတ္တကမ္ဘာ

လက်ချောင်းပညာရပ်ရဲ့ အစစ်အမှန် အင်အားကို အဓိပ္ပါယ်ပေါက်လာနိုင်မဲ့ အခွင့်အရေးတချို့ ရလာလိမ့်မယ် ”

“သတ္တကမ္ဘာ ကျောက်တုံးလား ” မိုဝူကျိုက သတ္တကမ္ဘာ ကျောက်တုံးဆီ နှစ်ကြိမ် ရောက်ဖူးထားသည်။

ခွန်းယွင်က ခေါင်းညိတ်ကာ “ ဟုတ်တယ် … သတ္တကမ္ဘာ ကျောက်တုံး။ အဲဒါက ဘယ်နေရာမှာလဲလို့တော့ လာမမေးနဲ့ ။ ငါ သိရင်တောင် မင်းကို မပြောပြဘူး ”

“ ကျုပ် သိပါပြီ။ အဲဆို သတ္တကမ္ဘာကျောက်တုံးအကြောင်း ပြောပြပေးနိုင်မလား ” မိုဝူကျိုက တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ထိန်းလိုက်သည်။ သူက သတ္တကမ္ဘာကျောက်တုံးအကြောင်း သိထားသော်လည်း ခွန်းယွင်ရှေ့၌ ပေါ်သွား၍ မဖြစ်ပေ။

မိုဝူကျိုအား ဝေ့ကြည့်လိုက်ပြီးနောက် ခွန်းယွင်က ပြောလိုက်သည် “ မင်းက ငါ့နောက်လိုက်ပြီး ပေါပေါများများ သိနေတာပဲ။ မင်းကို ပြောပြလိုက်လို့ ဘာမှ မထူးပါဘူး။ သူတို့က သက်ရှိလောက၊ မြေအောက်လောက၊ အင်မော်တယ်လောက၊ နတ်ဘုရားလောက၊ အမှောင်ထု လောကနဲ့ ကံကြမ္မာ လောကတို့ပဲ ”

“ခြောက်ခုပြ ရှိသေးတယ် ” မိုဝူကျိုက ပြောလိုက်၏။

“ အခုနှစ်ခု ရှိတယ်။ မင်းရဲ့ ကျင့်ကြံဆင့်က နိမ့်နေလွန်းလို့ ခြောက်ခုပဲ မြင်ရတာ ... မင်းဆီမှာ အသိအမြင် လုံလုံလောက်လောက် မရှိသေးဘူး။ မင်းရဲ့ ကျင့်ကြံဆင့်က လုံလောက်သွားပြီဆိုရင် ငါက ခုနှစ်လောကအကြောင်း ပြောပြခဲ့တာ သိလိမ့်မယ် ”

မိုဝူကျို၏ စိတ်အတွင်း၌ သိပ်မယုံပေ “ ခင်ဗျား မသိရင်လည်း ထပ်မမေးတော့ပါဘူး။ ဒါပေမဲ့ မိစ္ဆာ၊ နတ်ဆိုး၊ ဝိညာဉ်၊ ငရဲနဲ့ တခြားလောကတွေ ဘာလို့မပါတာလဲ ”

မိုဝူကျိုက ကမ္ဘာမြေမှ ဖြစ်သောကြောင့် လောကခုနှစ်ခုသည် ခွန်းယွင် ပြောသည့် လောကခုနှစ်ခု မဟုတ်ကြောင်း သိထား၏။

“ အဲဒါကြောင့် မင်းရဲ့ ကျင့်ကြံဆင့်က မလုံလောက်သေးဘူးလို့ ပြောတာလေ။ မဟာတာအိုက ကန့်သတ်ချက် ကင်းမဲ့တယ်။ မင်းရဲ့ လမ်းစဉ်အဆုံးထိ ရောက်သွားတာနဲ့ မိစ္ဆာ၊ နတ်ဆိုးနဲ့ တခြားမျိုးနွယ်စုတွေကြားမှာ ဘယ်လိုကွဲပြားနေလဲဆိုတာ သိလာလိမ့်မယ် ” ခွန်းယွင်က လက်ဝှေ့ပြကာ မိုဝူကျို၏ မေးခွန်းကို ဖြတ်ပြောလိုက်သည်။

"မင်းမှာ မေးစရာ ရှိသေးလား " မိုဝူကျိုက တိတ်ဆိတ်သွားသည်ကို မြင်၍ ခွန်းယွင်က ပျော်ပျော်ရွှင်ရွှင်ဖြင့် နောက်မေးခွန်း မေးလိုက်သည်။

မိုဝူကျိုက ခေါင်းခါကာ " မရှိတော့ဘူး "

တချို့မေးခွန်းများက လက်ရှိခွန်းယွင်ကို မေးဖို့ရာ မသင့်တော်ပေ။ နမူနာအားဖြင့် သူက အင်မော်တယ်လောကသို့ ပြန်သွားနိုင်သည့် နည်းလမ်း သို့မဟုတ် သူ ရောက်လာသော နတ်ဘုရားနယ်မြေနှင့် ခွန်းယွင်၏ အသိစိတ်ပင်လယ်ကြားရှိ ဆက်သွယ်ချက်တို့ကို မေးမြန်းလိုသော်လည်း စောင့်ဆိုင်းရဦးမည် ဖြစ်၏။

" မင်းမှာ ထပ်မေးစရာ မရှိတော့ရင် စကျင့်ကြံကြတာပေါ့။ ငါက ကမ္ဘာဦး စိတ်ဝိညာဉ်စွမ်းအားတွေ ရှိနေတဲ့ နေရာကို တွေ့ထားတယ်။ ဟီးဟီး .... ကြည့်ရတာ ဆယ်နှစ်က နည်းနည်းတောင် ရှည်သွားသလိုပဲ " ခွန်းယွင်က ရယ်မောရင်း ထရပ်လိုက်သည်။

မိုဝူကျိုက လှုပ်ရှားသွားခြင်းမရှိဘဲ အေးအေးဆေးဆေး ပြန်ပြောလိုက်သည် " နတ်ဘုရားမျိုးနွယ်က ကျိုန်စာပညာရပ်ကို

သုံးနိုင်တယ်။ ခင်ဗျားမှာ ခုခံဖို့ နည်းလမ်း ရှိရင် ရှိပေမဲ့ ကျုပ်ဆီမှာ မရှိဘူး ”

ခွန်းယွင်က ထေ့ငေါ့ပြောလိုက်သည် “ နတ်ဘုရားမျိုးနွယ်ရဲ့ ကျိန်စာပညာရပ် သုံးနိုင်တဲ့ ပညာရှင်က နတ်ဘုရားနယ်မြေက လူတွေကို မောင်းထုတ်ခဲ့တာက အဲဒီနေရာက ကျင့်ကြံရေး အရင်းအမြစ်တွေကို နတ်ဘုရားမျိုးနွယ်ဝင်တွေ ရအောင်လို့လေ။ တကယ်လို့ မင်းက ဒီလိုမျိုးကို ကြောက်နေရင်တော့ မင်းနဲ့ အလုပ်တွဲလုပ်မိတာ မှားတာပဲ … ပြီးတော့ မင်း သုံးလိုက်တဲ့ ကျင့်ကြံရေး အရင်းအမြစ်ဆိုတာ ပမာဏနည်းနည်းလေးပဲ … အဲအစား ဘာလို့ ငါနဲ့ အတူတူ မလိုက်တာလဲ ”

အစပိုင်းတွင် မိုဝူကျိက ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံးနှင့် မိုးမြေ မီးပြင်းဖိုရှိ စွမ်းအားကို အသုံးပြုလိုပေသည်။ သို့သော် ခွန်းယွင်၏ နောက်ဆုံးစကားကြောင့် လှုပ်ရှားမိသွားသည်။ ထို့ကြောင့် သူက ပုံမှန်အတိုင်းသာ မေးလိုက်၏ “ ကျုပ်တို့တွေ ဘယ်နေရာ သွားမှာလဲ ”

“ အရွက်မဲ့ တောအုပ် ” ခွန်းယွင် ပါးစပ်မှ ထိုစကားသံ ထွက်ပေါ်လာသည်။

## အခန်း (၁၀၄၇) ： အရွက်မဲ့ တောအုပ်

မိုဝူကျို နိဗ္ဗာန တည်းခိုဆောင်မှ ထွက်လာလိုက်သည်နှင့် အမျိုးမျိုးသော ပျက်စီးနေသည့် အငွေ့အသက်များကို အာရုံခံလိုက်မိသည်။ ဤသို့သော အငွေ့အသက်များက နတ်ဘုရားချောက်ကမ်းပါး ကုန်းမြေရှိ ကျိန်စာ အတားအဆီးမှ ခံစားရသည်နှင့် တူပေသည်။ ကြည့်ရသည်မှာ ခွန်းယွင်က လိမ်ညာနေခြင်း မဟုတ်လောက်ပေ။ ဤသည်မှာ အမှန်တကယ် ကျိန်စာ ပညာရပ် ဖြစ်နေ၏။

လမ်းပေါ်ရှိ ကျင့်ကြံသူများ မျက်ဝန်း၌ အကြောက်တရားများ ရှိနေပြီး လူအများစုက နတ်ဘုရားမြို့မှ ထွက်သွားလိုကြသည်။ မြို့အတွင်းရှိ ကူးသန်းအစီအရင်အားလုံးကို ပိတ်ထားသောကြောင့် ထွက်သွားလိုလျှင် ပျံသန်းသွားရမည် ဖြစ်၏။ သို့သော်လည်း ထိုကျင့်ကြံသူများ မြို့ဂိတ်ပေါက်အထိ လျှောက်လှမ်းပြီးသည်နှင့်

အပြင်ဘက်ရှိ ကျိန်စာပညာရပ်ကြောင့် တစ်ဖန် ပြန်လှည့်လာကြရသည်။

နတ်ဘုရားမြို့၏ ကာကွယ်ရေးအစီအရင်ကို အသက်သွင်းထားပြီးပြီ ဖြစ်၍ အပြင်ဘက်ရှိ ကျင့်ကြံသူများက ထပ်၍ အထဲ ဝင်မလာနိုင်တော့ပေ။

မိုဝူကျိုနှင့် မနီးမဝေးရှိ အစောပိုင်း ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူတစ်ယောက်က ရုတ်တရက် ပေါက်ကွဲထွက်သွားကာ သွေးနံ့များ ပြန့်လာသည်။

သိပ်မကြာခင် ထိုပေါက်ကွဲထွက်သွားသော ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူ၏ ခန္ဓာကိုယ်ပေါ် မီးလုံးအနည်းငယ် ကျရောက်လာပြီးနောက် ပြာအဖြစ် အဆုံးသတ်သွားလေ၏။

“ အံ့သြစရာပဲ ” မိုဝူကျိုက သူ့ကိုယ်သူ ရေရွတ်လိုက်သည်။ ကျိန်စာပညာရပ်က သူ့အား ညို့ယူဖမ်းစားသွားလေသည်။

သို့သော်လည်း ခွန်းယွင်က အေးစက်စက် ရယ်မောကာ “ ဘယ်လိုလုပ် အံ့သြစရာ ဖြစ်မှာလဲ … မဟာကျိန်စာ ပညာရပ်ရဲ့

တာအိုစွမ်းအင်ကို သာမာန်မီးတောက်နဲ့ လောင်ကျွမ်းပစ်စေလို့ မရဘူး ”

မိုဝူကျိုက ခဏတာ တိတ်ဆိတ်သွားပြီးနောက် ပြန်ပြောလိုက်သည် “ ကျိန်စာပညာရပ်က လူတစ်ယောက်ရဲ့ စွမ်းအင် ဒါမှမဟုတ် အငွေ့အသက်ကနေ ကူးပြောင်းနိုင်တယ်လား ”

ဤတစ်ကြိမ် ခွန်းယွင်က ပုံမှန်အတိုင်း ပြန်ပြောလိုက်သည် “ ဟုတ်တယ် ... မင်းကို ကျိန်စာထိသွားပြီဆိုတာနဲ့ မင်း ဒုက္ခရောက်ပြီပဲ ... နတ်ဘုရားမြို့မှာ ကျင့်ကြံသူတွေ မြို့ထဲ ဝင်တာ တားဆီးထားတာ မြင်တယ်မလား။ အဲဒါက မြို့ထဲ ကျိန်စာပြန့်သွားမှာ စိုးလို့လေ ”

ခွန်းယွင်၏ စကားများကို ကြားကာ မိုဝူကျို စိတ်ထဲ သတ်ဖြတ်လိုစိတ်များ အားပြင်းထန်လာသည်။ သူက ကျိန်စာပညာရပ်ကို ထုတ်လွှင့်လိုက်သည့် ထိုလူအား သတ်ပစ်ချင်မိသည်။

ခွန်းယွင်က မိုဝူကျို၏ သတ်ဖြတ်ငွေ့ကို အာရုံခံမိပြီး ရယ်မောလိုက်ကာ “ မင်းရဲ့ ကျင့်ကြံဆင့်နဲ့ ကျိန်စာပညာရပ်ကို

သိတဲ့ အဲဒီလူကို သွားသတ်ဖို့ဆိုတာ ကျောက်ဆောင်ကို ကြက်ဥနဲ့ သွားပေါက်နေသလိုပဲ ... မဟုတ်သေးဘူး မင်းက ကြက်ဥထက်တောင် နိမ့်နေသေးတယ် ”

“ ကြက်ဥလောက်တောင် အသုံးမဝင်တာက ခင်ဗျား ...” မိုဝူကျိက ပြန်လည်ချေပလိုက်ပြီးနောက် ခွန်းယွင်အား ဘာမှဆက်မပြောတော့ပေ။

“ ဝုန်း ” မိုဝူကျိက စကားအဆုံးတွင် သူ့ရှေ့၌ ပြင်းထန်သော ပေါက်ကွဲမှုတစ်ခု ဖြစ်ပေါ်လာသည်။ နောက်ပိုင်း ကနဦး နတ်ဘုရားအဆင့်ကျင့်ကြံသူတစ်ဦးက မီးလုံးများကြောင့် ဗလာနတ္ထိအဖြစ် ကျရောက်သွားသည်။

“ ဘာမှဆက်ကြည့်နေစရာ မရှိဘူး။ သူက ကျိန်စာမိသွားတော့ မီးရှို့ဖျက်စီးခံလိုက်ရတာ ” ခွန်းယွင်က ဝင်မှတ်ချက် ပေးလိုက်သည်။

မိုဝူကျိ စိတ်ထဲ ကူကယ်ရာမဲ့သည့် ခံစားချက် ဖြစ်ပေါ်လာသည်။ သူ့တွင် နတ်ဘုရားနယ်မြေ၌ ရန်သူများစွာ ရှိနေသော်လည်း သူကလည်း နတ်ဘုရားနယ်မြေ၏ တစိတ်တပိုင်း ဖြစ်ပေသည်။ ဤနေရာတွင် တည်ရှိနေကြသော ကျင့်ကြံသူတစ်ဦးချင်းစီက

နတ်ဘုရားမျိုးနွယ်ကို သတ်ရန်အတွက် ရောက်နေကြခြင်း ဖြစ်၏။ အားလုံးနီးပါးက အကျိုးပြုအမှတ်အတွက် တိုက်ခိုက်နေကြသော်လည်း လူအများစုက နတ်ဘုရားနယ်မြေကို ကာကွယ်ရင်း အကျိုးပြုအမှတ်တချို့သာ ရကြောင်း ငြင်းဆန်နိုင်မည် မဟုတ်ပေ။

သို့သော်လည်း ရှေ့တန်းရှိ ကျင့်ကြံသူများ ကျိန်စာမိပြီး လွတ်မြောက်ရေးအဆောင် သုံးပြီး ထွက်ပြီးလာသည့်နောက်တွင်ပင် အသတ်ခံနေရသေး၏။

ဤသည်မှာ ဝမ်းနည်းဖို့ ကောင်းလှပြီး မခံမရပ်နိုင်လောက်အောင် ဖြစ်မိသည်။ သူက နောင်တွင် ဤသို့အဖြစ်အပျက်မျိုး မကြာခဏ ဖြစ်လာမည်ကို သိထားသော်လည်း သူ့အနေနှင့် ပြောင်းလဲနိုင်သည့်အရာ မရှိပေ။

“ခွန်းယွင် … ကျုပ်တို့ အရှက်မဲ့တောအုပ်ဆီ သွားကြစို့။ ကျုပ် ကျင့်ကြံဖို့ လိုအပ်တယ် ” မိုဝူကျိက အသက်ပြင်းပြင်းရှူကာ ပြောလိုက်သည်။

ခွန်းယွင်က ပြုံးကာ “ ဟုတ်ပြီလေ … မင်းရဲ့ ကျင့်ကြံဆင့် မြင့်လာမှ ငါ့ကို ကောင်းကောင်း ကူညီပေးနိုင်မှာ ”

“မင်းတို့က အပြင်ထွက်မှာလား” ကာကွယ်ရေး အစီအရင်ကို စောင့်ကြပ်နေကြသော နတ်ဘုရားအုပ်စိုးသူ နှစ်ဦး ရှိပြီး လူများက ဆက်တိုက် ဝင်နေကြပေသည်။ တစ်ယောက်ယောက်က မည်သို့ ထွက်သွားမည်နည်း။ ကျိန်စာပညာရပ်၏ တာအိုအရိပ်အယောင်များက မြန်မြန် ပျောက်ကွယ်သွားမည် မဟုတ်ပေ။ အနည်းဆုံးတော့ ကာကွယ်ရေး အစီအရင်က အကာအကွယ်တစ်ခုအဖြစ် ကျိန်စာများ စိမ့်ဝင်လာခြင်းကို တားဆီးပေးထားနိုင်သည်။

“ ဟုတ်တယ် ကျုပ်တို့ အပြင်ထွက်မလို့ ” မိုဝူကျိက တည်ငြိမ်စွာ ပြောလိုက်သည်။

“ မင်းတို့ ထွက်လိုက်တာနဲ့ အချိန်တစ်ခုအတွင်း ဝင်ခွင့် ပြုမှာ မဟုတ်ဘူးဆိုတာရော သိတယ်မလား။ ပြီးတော့ မင်းအသက် အန္တရာယ်ရှိပြီးတော့ အချိန်မရွေး သေဆုံးသွားနိုင်တယ် ” နတ်ဘုရားအုပ်စိုးသူက မိုဝူကျိအား စိုက်ကြည့်ရင်း အလျှင်စလို ပြောလိုက်သည်။

“ ကျုပ်တို့ သိပြီးသား .... တကျည်ကျည် ပြောမနေပါနဲ့တော့ ” ခွန်းယွင်က ဘေးမှ ဝင်ပြောလိုက်သည်။ သူ့စကားအဆုံးတွင် သူ့ဘေးပတ်လည်ရှိ အရှိန်အဝါများက စတင် ကြီးထွားလာသည်။

သူက ခွန်းယွင်သည် သွားရှုပ်ဖို့ ကောင်းသည့်သူ မဟုတ်မှန်း ခံစားမိလိုက်သည့်အခါ နတ်ဘုရားအုပ်စိုးသူက ဘာမှဆက်မပြောတော့ဘဲ သူတို့အား ထွက်သွားခွင့် ပေးလိုက်သည်။ သူတို့ အထဲပြန်မဝင်လာသရွေ့ သူ့အတွက် ခြားနားမှု မရှိပေ။

သူတို့တွေ မြို့အပြင်သို့ ရောက်လာသည်နှင့် မိုဝူကျိုက စိတ်စွမ်းအားကို ဖြန့်ကျက်လိုက်လိုက်သည့်အခါ မြင်ကွင်းကား သူ့အား တုန်လှုပ်သွားစေသည်။

နတ်ဘုရားနယ်မြေ ကျင့်ကြံသူများစွာက နေရာအနှံ့ ထွက်ပြေးနေကြဆဲ ဖြစ်ပြီး ကျင့်ကြံသူများစွာ၏ အလောင်းများက လေထဲ ဆက်တိုက် ပေါက်ကွဲထွက်နေသည်။

“ ဒါက လူသိန်းဂဏန်းလောက်ပဲ သေတာ ဟုတ်ပါ့မလား” မိုဝူကျိုက ဝင်ပြောလိုက်သည်။

“ မင်းကိုယ်မင်းသာ အရင်စိတ်ပူဦး ” ခွန်းယွင်က ပျံသန်းရေး ရတနာတစ်ခုကို ထုတ်လိုက်သည်။

မိုဝူကျိက သူ့ချီသွေးကြောများကြား စိမ့်ဝင်လာသည့် ပျက်စီးစွမ်းအားများကို ခံစားမိပြီး ထိုစွမ်းအားများက သူ့ချီသွေးကြောများအား တစစီ စုတ်ဖြဲနေချင်သည်။ သူ့တာအို၏ အငွေ့အသက်တို့က အစိတ်စိတ်အမွှာမွှာ ဖြစ်သွားပြီး အသက်ဓာတ်လည်း လျော့ပါးလာသည်။

နောက်ဆုံးတွင် မိုဝူကျိက ခွန်းယွင်သည် သူ့အား အရင်ဂရုစိုက်ခိုင်းကြောင်း နားလည်သွားတော့သည်။ သူ့အဆိပ်ဖြေ လမ်းကြောင်းအား နှိုးဆွလိုက်သည်နှင့် ပျက်စီးစွမ်းအားများက လွင့်ပျယ်သွားပြီး မမြင်ရတော့ပေ။

ထို့နောက် သူက ပျံသန်းရေး မှော်ရတနာ ထုတ်လိုက်ပြီး ခွန်းယွင် နောက် လိုက်သွားလိုက်သည်။

“ မဆိုးပါဘူး ... မင်းက ကျိန်စာရဲ့ တာအိုအရိပ်အယောင်တွေကို တားဆီးနိုင်သားပဲ။ အစတုန်းက မင်းမလုပ်နိုင်ရင် မင်းကို ကူညီပေးမလို့ပဲ ” ခွန်းယွင်က မိုဝူကျိ သူ့အား မှီလာသည်ကို မြင်သည်နှင့် ပျော်ပျော်ရွှင်ရွှင် ပြောလိုက်သည်။

မိုဝူကျိဆီမှ ဘာစကားမှ ပြန်မလာပေ။ အကယ်၍ သူသာ ကျိန်စာပညာရပ်ကို မတားဆီးနိုင်လျှင် ခွန်းယွင်က ပြန်လှည့်လာပြီး သူ့အား ကူညီဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ချေ။ အများဆုံး ခွန်းယွင်က သူ့အလောင်းအား ယူသွားကာ သန့်စင်လိုက်ပြီး လျို့ဝှက်ချက်များကိုသာ ဖော်ထုတ်လိမ့်မည်။

................

အရွက်မဲ့တောအုပ်က နတ်ဘုရားသိုက်မြို့၏ နတ်ဘုရားမြို့နှင့် မနီးကပ်ပေ။ မိုဝူကျိနှင့် ခွန်းယွင်တို့၏ အမြန်နှုန်းဖြင့် သူတို့က နေ့တစ်ဝက်လောက် အချိန်ယူခဲ့ရသည်။

နာမည်ပေးထားသည့်အတိုင်း အဆုံးသတ် မမြင်နိုင်သည့် သစ်ပင်များက မြင်ကွင်း၌ ပေါ်လာကာ ဤနေရာ၌ ထူးခြားနေချက်မှာ သစ်ပင်များတွင် အရွက်လုံးဝ မရှိခြင်း ဖြစ်၏။ ထိုမျှတင် မကသေးဘဲ သစ်ပင်တိုင်းတွင် အရှုံးပေးထားသည့် ခံစားချက်မျိုး ရှိနေကြသည်။

မိုဝူကျိအား အံ့သြသွားစေသည်က သူ တောအုပ်ထဲ ဝင်လိုက်သည်နှင့် ကျိန်စာပညာရပ်၏ ပျက်စီးစွမ်းအားများကို ထပ်၍ မခံစားရတော့ပေ။

သို့သော်လည်း ဤသည်က သူ့အား တစက်လေးမျှ အားတက်မသွားစေပေ။ လမ်း၌ ကျိန်စာပညာရပ်ကြောင့် အသတ်ခံခဲ့ရသည့် လူပေါင်းများစွာကို မြင်တွေ့ခဲ့ရသည်။ ထိုမြင်ကွင်းက သူ့စိတ်ထဲ ရှိနေဆဲ ဖြစ်၏။

“ ကျိန်စာပညာရပ်က အရွက်မဲ့တောအုပ်အပေါ် ဘာလို့ သက်ရောက်မှုမရှိတာလဲဆိုပြီး သိချင်နေတာမလား ” ခွန်းယွင်က မေးလိုက်၏။

မိုဝူကျိုက ခေါင်းညိတ်ကာ “ ဟုတ်တယ် … အရွက်မဲ့တောအုပ်က နတ်ဘုရားသိုက်မြုံအစွန်းမှာ ရှိတာပဲလေ။ ကျိန်စာပညာရပ်က ဘာလို့ ဒီအထဲကို မရောက်နိုင်ရတာလဲ ”

ခွန်းယွင်က ပြန်ဖြေပေးလိုက်သည် “ ငတိတစ်ကောင်ရဲ့ ကျိန်စာပညာရပ်က ကမ္ဘာဦးစွမ်းအားတွေ တည်ရှိနေတဲ့ နေရာတစ်ခုကို နှောင့်ယှက်နိုင်မယ် ထင်နေလား။ အရွက်မဲ့တောအုပ် အနက်ပိုင်းမှာ ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်အများကြီး ရှိတယ်။ တကယ်လို့ ကျိန်စာပညာရပ် နီးကပ်လာရင် ကမ္ဘာဦးစွမ်းအားရဲ့ စည်းမျည်းနဲ့

ဖျက်စီးပစ်လိမ့်မယ်။ ငါတို့က စိတ်ဝိညာဉ် ဗဟိုချက်ကို ရှာပြီး တံခါးပိတ် ကျင့်ကြံရုံပဲ ”

မိုဝူကျိက ထပ်မေးလိုက်သည် “ အရွက်မဲ့တောအုပ်ထဲ ဝင်လိုက်တာနဲ့ ကျိန်စာပညာရပ်ကို ရှောင်နိုင်တယ်လို့ ပြောချင်တာလား ”

“ ဒါပေါ့ …” ခွန်းယွင်က တုံ့ဆိုင်းခြင်းမရှိ ပြန်ဖြေလိုက်သည် “ တကယ်လို့ မင်း ကျိန်စာမိသွားတယ်ဆိုရင်တောင် မပြင်းထန်သရွေ့ မင်းအခြေအနေက အရွက်မဲ့တောအုပ်ထဲ ဝင်လိုက်ရင် အခြေအနေ တိုးတက်လာနိုင်တယ်။ ဒီလိုကိစ္စအတွက် ကမ္ဘာဦး စိတ်ဝိညာဉ် ဗဟိုချက်ကို ရှာတွေ့ရင် ပြန်လည် ကောင်းလာနိုင်တယ်။ မင်း အဲအကြောင်းကို တခြားသူတွေဆီ ပြောပြနေစရာ မလိုတော့ဘူး။ အဲဒီအကြောင်းက ပြန့်နေတာ ကြာလှရောပေါ့ ”

မိုဝူကျိက စိတ်စွမ်းအားဖြင့် စစ်ဆေးကြည့်လိုက်သည့်အခါ ကျိန်စာထိထားသည့် ကျင့်ကြံသူများစွာက အရွက်မဲ့တောအုပ်ဆီ အပြေးအလွှား လာနေကြသည်ကို မြင်လိုက်ရသည်။

“ တောနက်ပိုင်းထဲ သွားကြစို့ … တကယ်လို့ အပြင်ဘက်မှာ ကမ္ဘာ့ဦး စိတ်ဝိညာဉ် ဗဟိုချက် ရှိတယ်ဆိုရင်တောင် သူတို့ကို တခြားသူတွေ သုံးပြီးလောက်ပြီ ” ခွန်းယွင်က ဖြတ်ခနဲ တောနက်ပိုင်းသို့ ပြေးဝင်သွားသည်။

မိုဝူကျိုက ရုတ်တရက်ဆိုသလို နိဗ္ဗာန်အသိပညာရပ်ကျောင်းတော် အရင်းအမြစ်တိုက်ပွဲ၌ ရောက်ရှိသွားခဲ့သော ဂြိုလ်ပျက်အကြောင်း တွေးမိသွားသောကြောင့် ခွန်းယွင်အား မေးကြည့်လိုက်၏ “ ခွန်းယွင် … အရင်တုန်းက ကျုပ် စည်းမျည်းတွေ ပျက်စီးနေတဲ့ ဂြိုလ်ပျက်တစ်ခုဆီ ရောက်သွားဖူးတယ်။ အဲဒီမှာ ကမ္ဘာဦး စိတ်ဝိညာဉ်သွေးကြောတွေ ရှိနေတယ်။ ကျုပ် အဲဒီမှာ ကြာကြာ လေ့ကျင့်ဖူးတယ်။ အဲဒီကမ္ဘာဦး စိတ်ဝိညာဉ်သွေးကြောတွေက အရွက်မဲ့တောအုပ်နဲ့ အတူတူပဲလား ”

“ မင်းက တကယ်ကြီး ကမ္ဘာဦး စိတ်ဝိညာဉ်သွေးကြောတွေရှိတဲ့ ဂြိုလ်ကို တွေ့ခဲ့တာလား …အဲဒီနရာက ဘယ်မှာလဲ ” ခွန်းယွင်က မိုဝူကျို စကားကို ကြားပြီးနောက် ရုတ်ချည်း စိတ်တက်ကြွလာသည်။

ခွန်းယွင်၏ အမူအယာကို ကြည့်ကာ မိုဝူကျိုက ထိုဂြိုလ်ပျက်ကြီးမှာ မရိုးရှင်းကြောင်း တန်းသိလိုက်၏။

“ အဲဒီဂြိုလ်ပျက်ကြီးက လျို့ဝှက်ချက်ကြီးတစ်ခုပဲ … တကယ်လို့ မင်းသာ အဲဒီနေရာကို ပြောပြနိုင်တယ်ဆိုရင် ငါတို့တွေ ဝေစုခွဲယူကြတာပေါ့။ တကယ်လို့ မင်း တစ်ယောက်တည်း သွားပြီး နှစ်သန်းပေါင်းများစွာ ရှာရင်တောင် ပစ္စည်းကောင်းတွေ တွေ့မှာ မဟုတ်ဘူး ” ခွန်းယွင်က မိုဝူကျို တွေးနေသည့်အရာများကို မည်သို့ နားမလည်ဘဲ နေမည်နည်း။ ထို့ကြောင့် သူက မြန်မြန် ရှင်းပြလိုက်သည်။

မိုဝူကျိုက တုံ့ပြန်သည့်အနေနှင့် “ ခင်ဗျားကို အရိုးသားဆုံးပြောရရင် ကျုပ်လည်း အဲဒီနေရာကို သေချာ မသိဘူး။ အခွင့်ကြုံလို တစ်ခေါက် ရောက်သွားရုံပဲ ”

မိုဝူကျိုက ပြောလိုက်သော်လည်း စန်းကျန့်ရှင်းနှင့် နောက်တစ်ကြိမ် ပြန်တွေ့သည့်အခါ ထိုဂြိုလ်ပျက်အကြောင်း မေးဖို့ရာ ဆုံးဖြတ်ထားသည်။ ထို့နောက် သူက အထဲသွားပြီး တစ်ချက် ကြည့်ကြည့်မည်။ သူက ခွန်းယွင် ရှာတွေ့နိုင်သည့် ပစ္စည်းကောင်းများကို ရှာမတွေ့နိုင်လိမ့်မည်ဟု မထင်ပေ။

ခွန်းယွင်က အနည်းငယ် အကြံဉာဏ်ထုတ်ကာ မိုဝူကျိအား သူ့ကို ဂြိုလ်ပျက်ကြီးဆီ ခေါ်ဆောင်သွားစေဖို့ ဖြောင့်ဖြပြောဆိုရန် စဉ်းစားနေသည်။

သူတို့နှစ်ယောက်လုံးက သိပ်သည်းလှသော နတ်ဝိညာဉ်စွမ်းအားများနှင့် မတွေ့ခင်အထိ အရှက်မဲ့တောအုပ်အနက်ပိုင်းသို့ ဆက်တိုက် ဝင်လာကြသည်။ ခွန်းယွင်က ရပ်လိုက်ကာ အဝေးတစ်နေရာသို့ စိတ်လှုပ်ရှားစွာ ကြည့်လိုက်ရင်း “ တစ်ယောက်ယောက်တော့ အဆင့်မြင့်ဆုံး ကမ္ဘာဦး စိတ်ဝိညာဉ် ဗဟိုချက်ကို တွေ့သွားပြီ။ ငါတို့ မြန်မြန် သွားကြစို့ ”

ထိုသို့ ပြောပြီးနောက် သူက မိုဝူကျိအား ဂရုမစိုက်တော့ဘဲ ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက် ဇာစ်မြစ်သို့ အပြေးအလွှား သွားလိုက်သည်။

မိုဝူကျိက သူ့ကျင့်ကြံဆင့်ကို အသည်းအသန် မြင့်တင်ရန် လိုအပ်နေသောကြောင့် သူလည်း နောက်ကျ ကျန်မနေခဲ့ပေ။ သူ့လေလွှတ်မြောက်ရေး နည်းစနစ်ဖြင့် ခွန်းယွင်ထက် နှေးကွေးခြင်း မရှိပေ။

အမွေးတိုင်တစ်တိုင်စာ ကြာမြင့်ပြီးနောက် နှစ်ယောက်လုံး ရပ်တန့်လိုက်ကြသည်။ သူတို့ရှေ့ရှိ မြင်ကွင်းအား တအံ့တသြ ကြည့်မိနေကြသည်။

ထိုစိတ်ဝိညာဉ် ဗဟိုချက်သည် ကီလိုမီတာအတော်အတန် ကြီးမားပြီး ကမ္ဘာဦး နတ်ဝိညာဉ်စွမ်းအားများကို ကြောက်ခမန်းလိလိ ထုတ်ပေးနေသည်။

မိုဝူကျိုက ကမ္ဘာဦး စိတ်ဝိညာဉ် ဗဟိုချက်ကို မြင်လိုက်သည့်အခါ မိုးမြေစည်းမျည်းများကို ရှင်းရှင်းလင်းလင်း ခံစားမိလိုက်သည်။ သို့သော်လည်း ဤနေရာတွင် လူများစွာ ရှိနေလေ၏။ ကမ္ဘာဦး စိတ်ဝိညာဉ် ဗဟိုချက်သည် နတ်ဝိညာဉ်စွမ်းအားများ ထုတ်လွှင့်ပေးနေသော်လည်း မည်သူကမှ မကျင့်ကြံကြပေ။ အနည်းဆုံး လူထောင်ချီ ဝန်းရံနေကြပြီး လူများစွာကလည်း ဆက်တိုက် လာနေကြသေးသည်။

**အခန်း (၁၀၄၈) : မိတ်ဆွေနှစ်ယောက်**

ဤနေရာတွင် နတ်ဘုရားမျိုးနွယ်၊ နတ်ဘုရားကုန်းမြေနှင့် နတ်ဘုရားနယ်မြေမှ လူများစွာ ရှိနေကြသည်။ မိုဝူကျိအား နားမလည်ဖြစ်သွားစေသည်က နတ်ဘုရားမျိုးနွယ်နှင့် နတ်ဘုရားလောက ကျင့်ကြံသူများသည် ကမ္ဘာမကြေ ရန်သူများ ဖြစ်ကြသော်လည်း မည်သည့်ဘက်ကမှ မလှုပ်ရှားကြသေးပေ။ ကြည့်ရသည်မှာ အားလုံးအတွက် ကျင့်ကြံရေးက အရေးကြီးဆုံး ဖြစ်နေဟန် ပေါ်၏။

ဤနေရာတွင် ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက် အကြီးကြီး ရှိနေပြီး မိုဝူကျိက အားလုံးသည် အစွန်အဖျားတွင် ရပ်နေရင်း ဝင်မသွားကြသည့် အကြောင်းအရင်းကို နားလည်သွားသည်။

ကမ္ဘာဦး စိတ်ဝိညာဉ် ဗဟိုချက် ဦးဆုံး ပေါ်ထွက်လာသည့်အခါ စည်းမျည်းများက ပရမ်းပတာ ရှုပ်ထွေးလျက် ရှိသည်။ တကယ်လို့ အထဲဝင်သွားပါက ကိုယ်ပိုင်တာအိုမှာ အစီအစဉ်မကျ ဖြစ်သွားပြီး အထဲတွင် မကျင့်ကြံရသော်လည်း ကျင့်ကြံခြင်း သွေဖယ်သွားနိုင်သည်။

စည်းမျည်းအမျိုးမျိုး ရှင်းလင်းပြတ်သားလာပြီးသည့်အခါမှ ကမ္ဘာဦး နတ်ဝိညာဉ်စွမ်းအားများက မည်မျှ ထွက်လာစေကာမူ

စည်းမျဉ်းများ ကြည်လင်သွားသည့် နေရာအဖြစ် ပြောင်းလဲပြီးသည့်နောက်မှ တိုက်ပွဲစဖြစ်ကြမည် ဖြစ်၏။

နတ်ဘုရားမျိုးနွယ်ဝင် နတ်ဘုရားအုပ်စိုးသူ အဆင့် ၇ ကျင့်ကြံသူက ရုတ်ချည်း ထွက်လာကာ ကြေညာလိုက်သည် “ ဒီနေရာမှာ လူ့အရမ်းများလွန်းပြီးတော့ နေရာက ကျဉ်းကျဉ်းလေးပဲ ရှိတယ်။ အဲဒါကြောင့် ဒီနေရာကို ငါးပိုင်းအဖြစ် ခွဲကြဖို့ အကြံပြုချင်တယ်။ တစ်ဘက်ချင်းစီက ပြိုင်ဖို့ လူဆယ်ယောက်စီ လွှတ်ကြမယ်။ ထိပ်ဆုံးငါးယောက်က အဲဒီ နေရာငါးခုကို ရလိမ့်မယ် ”

အားလုံးက ထပ်၍ ရှင်းပြစရာ မလိုတော့ဘဲ ဤနတ်ဘုရားအုပ်စိုးသူက နတ်ဘုရားမျိုးနွယ်ရော၊ နတ်ဘုရားလောကကိုပါ ဆိုလိုကြောင်း သိလိုက်ကြတော့သည်။ မိုဝူကျိက စိတ်စွမ်းအားဖြင့် စစ်ဆေးကြည့်လိုက်သည့်အခါ နတ်ဘုရားလောကရှိ လူများသည် ကျိန်စာပညာရပ်ကြောင့် လူနည်းနည်းသာ ရောက်လာကြောင်း သိလိုက်ရသည်။ လူသုံး၊ လေးထောင်အနက် သုံးထောင်နီးပါးလောက်က နတ်ဘုရားမျိုးနွယ်ဝင် ကျင့်ကြံသူများ ဖြစ်ပြီး လူတစ်ထောင်နီးပါးလောက်က နတ်ဘုရားလောကမှ ဖြစ်ကြသည်။

ကျင့်ကြံဆင့် အမြင့်ဆုံးရှိသည့် နတ်ဘုရားအုပ်စိုးသူငါးယောက်အနက် လေးယောက်မှာ နတ်ဘုရားမျိုးနွယ်ဝင်များဖြစ်ကြပြီး နတ်ဘုရားလောက၌ နတ်ဘုရားအုပ်စိုးသူ အဆင့် ၆ တစ်ယောက်သာ ပါရှိသည်။ နတ်ဘုရားလောကနှင့် နတ်ဘုရားမျိုးနွယ်ကြား ကွာဟချက်မှာ သိသာနေသောကြောင့် ရှင်းရှင်းလင်းလင်း သိသာနေသည်။

" ထူးဆန်းလိုက်တာ .... ဒီနေရာမှာ နတ်ဘုရားမျိုးနွယ်က လူတွေအများကြီး ရှိနေတာကို သူတို့က ဘာလို့ တစ်ခါတည်း ထွက်မလာတာလဲ " မိုဝူကျိက နားမလည်နိုင် ဖြစ်နေမိသည်။ နတ်ဘုရားမျိုးနွယ်နှင့် နတ်ဘုရားလောကကြားရှိ ရန်ငြိုးပေါ်မူတည်၍ သူတို့က နတ်ဘုရားလောကမှ ကျင့်ကြံသူအားလုံးကို သတ်ပစ်ဖို့ရာ မဖြစ်နိုင်ခြင်းတော့ မဟုတ်ပေ။

" မင်းက အခုမှ အရွက်မဲ့တောအုပ်ကို ရောက်ဖူးတာလား " အစပိုင်းတွင် မိုဝူကျိ၏ မေးခွန်းက ခွန်းယွင်ကို ဦးတည်၍ မေးလိုက်သော်လည်း အနီးအနားရှိ နတ်ဘုရားလောကမှ ကောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူတစ်ယောက်က မေးခွန်းဖြင့် ပြန်တုံ့ပြန်လိုက်သည်။

“ ဟုတ်ပါတယ် … ကျုပ်က အခုမှ ရောက်လာတာပါ ” မိုဝူကျိုက ခေါင်းညိတ်ကာ ဖြေလိုက်သည်။

ဤကျောင်းကင်နတ်ဘုရားအဆင့် ကျင့်ကြံသူက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည် “ အရွက်မဲ့တောအုပ်ထဲမှာ ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်ကို တွေ့တာနဲ့ တိုက်ပွဲတွေ ဖြစ်လေ့ရှိတယ်။ ကမ္ဘာဦး စိတ်ဝိညာဉ် ဗဟိုချက်က ဝိညာဉ်စွမ်းအားတချို့ ရှိတော့ တိုက်ပွဲအတွင်း သတ်ဖြတ်ငွေ့တွေက စည်းမျည်းတွေဆီ စိမ့်ဝင်သွားတယ်လေ။ အဲဒါနဲ့ စည်းမျည်းတွေ နောက်တစ်ဖန် ပြန်လည် ရှင်းလင်းပြတ်သားလာဖို့ ထပ်စောင့်ရရော … ပြီးတော့ ကမ္ဘာဦး စိတ်ဝိညာဉ် ဗဟိုချက်က တိုက်ပွဲအတွင်း နေရာရွှေ့ပြောင်းသွားတာမျိုးလည်း ဖြစ်တတ်တယ်

အဲဒါတွေအပြင် ဒီနေရာမှ မပြောဘဲ အလိုလို ရှိနေတဲ့ စည်းမျည်းလဲ ရှိတယ်။ ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်အတွက် တိုက်ပွဲကို အပြင်မှာပဲ လုပ်ဖို့လေ။ တိုက်ပွဲအဆုံးသတ်သွားရင် အနိုင်ရသူက ဗဟိုချက်ကို အပိုင်ရမယ်။ တခြားဘယ်သူကမှ သူ ကျင့်ကြံနေတုန်း မနှောင့်ယှက်ရဘူး ”

ဤရှင်းပြချက်က မိုဝူကျိအား အခြေအနေကို ပိုမို နားလည်သွားစေသည်။ ဤပြောစရာမလိုသည့် စည်းမျည်းက အားလုံးအတွက် အကျိုးရှိပေသည်။ မည်သူကမှ ကျင့်ကြံနေစဉ်အတွင်း နှောင့်ယှက်ခံလိုမည် မဟုတ်ပေ။ သို့သော်လည်း ဤစည်းမျည်းက အဖွဲ့လိုက် ပတ်သတ်နေသည့်အခါ၌သာ အသုံးဝင်မည် ဖြစ်၏။ အကယ်၍ ကမ္ဘာဦး စိတ်ဝိညာဉ် ဗဟိုချက် ပေါ်လာသည့်အခါ လူနည်းနည်းသာ ရှိနေလျင် တစ်ဖက်က အခြားတစ်ဖက်ကို အမြစ်ဖြတ်အကုန်ရှင်းလင်းပြီး ကျင့်ကြံမည်သာ ဖြစ်ပေသည်။

နတ်ဘုရားမျိုးနွယ်ဝင် ကျင့်ကြံသူ အကြံပြုချက် အဆုံးတွင် မည်သူကမှ မဆန့်ကျင်ကြပေ။ လက်တွေ့၌ နတ်ဘုရားလောကရှိ မည်သူကမှ ဆန့်ကျင်ရလောက်အောင်အထိ အားမကောင်းကြပေ။ နတ်ဘုရားလောကရှိ အားအကောင်းဆုံးသူမှာ နတ်ဘုရားအုပ်စိုးသူအဆင့် ၆ သာ ဖြစ်ပြီး နတ်ဘုရားမျိုးနွယ်တွင် နတ်ဘုရားအုပ်စိုးသူ အဆင့် ၉ နှစ်ယောက်နှင့် နတ်ဘုရားအုပ်စိုးသူ အဆင့် ၈ တစ်ယောက် ရှိ၏။

မည်သူကမှ ထမပြောသည်ကို မြင်သောအခါ နတ်ဘုရားမျိုးနွယ်၏ နတ်ဘုရားအုပ်စိုးသူ အဆင့် ၇ ကျင့်ကြံသူက ဆက်ပြောလိုက်သည် “ ဒီလိုဆိုရင် မင်းတို့တွေလည်း

အပြင်ဘက်အတွက် လူလေးဆယ့်ငါးယောက်ကို လွှတ်လိုက် ….”

နတ်ဘုရားမျိုးနွယ်၏ နတ်ဘုရားအုပ်စိုးသူအဆင့် ၇ ကျင့်ကြံသူ စကားမဆုံးခင် ပုံရိပ်တစ်ခုက ဖြတ်ခနဲ ဖြတ်ပြေးသွားသည်။

မိုဂူကျိုက ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်ဆီ ပြေးသွားသည့် ပုံရိပ်ကို မြင်လိုက်သောအခါ သူလည်း တွေဝေမနေဘဲ လိုက်သွားလိုက်သည်။ ပြေးဝင်သွားသူမှာ ခွန်းယွင်သာ ဖြစ်ပြီး ထိုအခိုက်အတန့်လေး၌ ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်၏ စည်းမျဉ်းများက ကြည်လင်လာသည်။

ခွန်းယွင် လှုပ်ရှားလိုက်သည့် နည်းလမ်းမှာ မိုဂူကျိုအတွက် အံ့သြမသွားစေပေ။ ခွန်းယွင်လို ပညာရှင်တစ်ယောက်အတွက် သူ့ကျင့်ကြံဆင့်မှာ ဆုတ်ယုတ်နေသော်လည်း နတ်ဘုရားမျိုးနွယ်ဝင် ကျင့်ကြံသူများ တားထားနိုင်မည့် အဆင့် မဟုတ်ပေ။ သူက သူ လုပ်ချင်တာကို လုပ်မည် ဖြစ်ပြီး ခွန်းယွင် အမြင်၌ နတ်ဘုရားအုပ်စိုးသူ အဆင့် ၇ ၏ ပြောစကားများက မရှိသည့် လေအလား ဖြစ်နေလိမ့်မည်။

“ မင်းက သေချင်နေတာပဲ …” ခွန်းယွင်က ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်ဆီ အပြေးအလွှား ဝင်သွားသည်ကို

သတိပြုမိကာ နတ်ဘုရားမျိုးနွယ်ဝင်၏ နတ်ဘုရားအုပ်စိုးသူ သုံးယောက်က ရှေ့တက်လာသည်။ နှစ်ယောက်မှာ နတ်ဘုရားအုပ်စိုးသူ အဆင့် ၉ ဖြစ်ပြီး တစ်ယောက်မှာ နတ်ဘုရားအုပ်စိုးသူ အဆင့် ၈ ဖြစ်၏။ သူတို့သုံးယောက်နောက်တွင် နောက်ထပ် နတ်ဘုရားအုပ်စိုးသူ နှစ်ယောက် ပါလာပြီး တစ်ယောက်ကား ပြိုင်ပွဲလုပ်ကာ နေရာခွဲသည့် အစီအစဉ်ကို အကြံပြုခဲ့သည့် နတ်ဘုရားအုပ်စိုးသူ အဆင့် ၇ ဖြစ်ပေသည်။

မိုဝူကျိုက ခွန်းယွင်အတွက် ဤနတ်ဘုရားအုပ်စိုးသူများကို ရှင်းပစ်ရသည်မှာ အသေးအမွှား ကိစ္စလေး ဖြစ်ကြောင်း သိ၍ စိတ်မပူပေ။

သူ ကမ္ဘာဦး စိတ်ဝိညာဉ် ဗဟိုချက်ထဲ ဝင်လိုက်သည်နှင့် သူ့စိတ်ဝိညာဉ် သိုလှောင်ရေး လမ်းကြောင်းက ချက်ချင်း အလုပ်ရသွားသည်။ သူက ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်၏ မူလဇာစ်မြစ်နေရာကို အတည်ပြုလိုက်နိုင်၏။

ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်အတွက် အရင်းအမြစ်နှစ်ခု ရှိနေပြီး ဘေးပတ်လည်တွင် အခြားသော စိတ်ဝိညာဉ်ဗဟိုချက် အသေးလေးများ ရှိနေသည်။ အရင်းအမြစ်နှစ်ခုထဲမှ တစ်ခုကို

ခွန်းယွင်က အပိုင်စီးထားသည့်အတွက် မိုဝူကျိုက နောက်တစ်ခုကို ယူလိုက်သည်။ ထို့နောက် သူက အစီအရင်အလံအမျိုးမျိုးကို ပစ်လွှတ်ကာ မှော်သင်္ကေတများ တစ်ခုပြီး တစ်ခု ရေးထွင်းလိုက်သည်။

သူ ပထမဆုံး ခင်းကျင်းလိုက်သည့် အစီအရင်မှာ ကာကွယ်ရေး အစီအရင် မဟုတ်ဘဲ သေမင်းထောင်ချောက် အစီအရင်သာ ဖြစ်၏။

ခွန်းယွင်က ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်ထဲသို့ ဦးဆုံး ဝင်လာသူ ဖြစ်သောကြောင့် ပညာရှင်တချို့က သူ့နောက် လိုက်လာကြသည်။ မိုဝူကျိုက ဒုတိယမြောက် ဝင်သူ ဖြစ်သောကြောင့် သူ့နောက်သို့ လိုက်လာသူများ ရှိသည်မှာ မလွဲကေန်ပင်။ ထို့ကြောင့် သူက သေမင်းထောင်ချောက် အစီအရင် ပြင်ဆင်နေရခြင်း ဖြစ်၏။

မိုဝူကျို၏ အစီအရင်တာအိုမှာ ခွန်းယွင်ထက် နိမ့်ကျနေသော်လည်း သူ့စိတ်စွမ်းအား၏ အမြန်နှုန်းနှင့် အင်အားမှာ ပြိုင်ဖက်ကင်း ပေ၏။

နတ်ဘုရားအုပ်စိုးသူ အဆင့် ၅ ကျင့်ကြံသူက သူ့ဦးတည်ရာအတိုင်း ရောက်လာသည့်အခါ သူက ပထမဆုံး

အဆင့် ၄ သေမင်းထောင်ချောက် အစီအရင်ကို အပြီးသတ်ပြီးသွားလေပြီ။

နတ်ဘုရားအုပ်စိုးသူ အဆင့် ၅ ကျင့်ကြံသူက မိုဝူကျို၏ သေမင်းထောင်ချောက်အတွင်း ကျရောက်လာသည်နှင့် မိုဝူကျို၏ စွမ်းအားစက်ကွင်း၏ ချုပ်နှောင်ခြင်းကို ခံလိုက်ရသည်။ ထို့နောက် လခြမ်းကွေး ပုဆိန်လှံရှည် တစ်ချက်ဖြင့် လေဟုန်ဆန်မြစ် တစ်စင်း ကျရောက်လာကာ နတ်ဘုရားအုပ်စိုးသူ အဆင့် ၅ ကျင့်ကြံသူ၏ စွမ်းအားစက်ကွင်းအား တစစီ ဖျက်စီးပစ်လိုက်၏။

မိုဝူကျိုက သူ့သေမင်းထောင်ချောက် အစီအရင်ကို အသုံးမပြုဘဲ နတ်ဘုရားမျိုးနွယ်၏ နတ်ဘုရားအုပ်စိုးသူ အဆင့် ၅ ကို အင်အားလျော့သွားစေသည်။ ဤနတ်ဘုရားအုပ်စိုးသူက ဝါရင့် တိုက်ပွဲဆင်နွဲသူတစ်ယောက် ဖြစ်သောကြောင့် မိုဝူကျို၏ စွမ်းအားစက်ကွင်း သူ့ဆီ ရောက်လာသည့်အခါ မိုဝူကျိုအတွက် ပြိုင်ဖက် မဖြစ်နိုင်ကြောင်း သိလိုက်သည်။ ထိုစဉ် သူက မိုဝူကျိုနှင့် ရင်ဆိုင်ဖို့ရာ မည်သို့ဆက်လက် စဉ်းစားနိုင်ဦးမည်နည်း။ သူက တတ်နိုင်သမျှ မြန်မြန်သာ နောက်ဆုတ်ဖို့ ကြိုးပမ်းလိုက်သည်။

သို့သော်လည်း မိုဝူကျိုက မည်သို့ ခွင့်ပြုပေးနိုင်မည်နည်း။ နောက်ထပ် အစီအရင်အလံနှစ်ခုကို ထုတ်လိုက်သည့်အခါ အဆင့်

၄ သေမင်းထောင်ချောက် အစီအရင်က လျှပ်စီးချက်များ ကျရောက်လာပြီး နတ်ဘုရားမျိုးနွယ်ဝင် နတ်ဘုရားအုပ်စိုးသူအား ပိတ်လှောင်ထားလိုက်၏။ လခြမ်းကွေး ပုဆိန်လှံရှည်မှ နောက်ထပ် အလင်းတန်းတစ်ချက် ထွက်ပေါ်လာသည့်အခါ ထိုအလင်းတန်းချက်ကြောင့် နတ်ဘုရားအုပ်စိုးသူ အပိုင်းပိုင်း အစစ ပြတ်သွားသောကြောင့် နောက်မဆုတ်နိုင်တော့ပေ။

မိုဝူကျိုက လက်စွပ်ကို သိမ်းဆည်းလိုက်ပြီးနောက် နောက်ထပ် အစီအရင်အလံများကို ထပ်ပစ်လိုက်ပြီး အဆင့် ၄ သေမင်းထောင်ချောက် အစီအရင်အား အဆင့် ၅ အဖြစ် ပြောင်းလဲလိုက်သည်။

ထို့နောက် မိုဝူကျိုက မရပ်တန့်သေးပေ။ သူက ကာကွယ်ရေး အစီအရင်ကို စတင် ခင်းကျင်းလိုက်သည်။ ကာကွယ်ရေး အစီအရင်နှင့် သေမင်းထောင်ချောက် အစီအရင် ပူးတွဲခင်းကျင်းခြင်းက သူ့အကြံသာ ဖြစ်၏။

ထိုစဉ် သူ့စိတ်စွမ်းအားဖြင့် ခွန်းယွင်ဘက်ကို အာရုံခံကြည့်လိုက်သည်။ ခွန်းယွင်၏ ကာကွယ်ရေး အစီအရင်က သူ့ထက်ပင် စောစောစီးစီး ပြီးစီးသွားသေး၏။ ခွန်းယွင် ဘေးပတ်လည် မီတာ ၂၀၀ အား အပိုင်သိမ်းထားသည်။

ခွန်းယွင်နောက်မှ လိုက်လာသည့် နတ်ဘုရားအုပ်စိုးသူ ကျင့်ကြံသူတချို့ကား အရိပ်အယောင်ပင် မမြင်ရတော့ပေ။

မိုဝူကျိက ထိုနတ်ဘုရားအုပ်စိုးသူ ကျင့်ကြံသူများသည် ခွန်းယွင် လက်ချက်ဖြင့် ဇိဝန်ချုပ်သွားကြောင်း သိလိုက်၏။ ခွန်းယွင်၏ အစီအရင်တာအိုအရ လက်တစ်ဖက် မြှောက်လိုက်ရုံနှင့် အဆင့် ၆ သေမင်းထောင်ချောက် အစီအရင်ကို ခင်းကျင်းနိုင်လိမ့်မည်။ ထိုအစီအရင်အတွင်း ဝင်လာသူများသည် ကိုယ့်သေတွင်းကို တူးခြင်းသာ ဖြစ်ကြ၏။

တစ်ဖက်တွင် မိုဝူကျိ၏ ကာကွယ်ရေး အစီအရင်မှာ မီတာငါးရာ ကျယ်ဝန်းပြီး ခွန်းယွင်ထက် နှစ်ဆမက ပိုကြီးမားပေသည်။

ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်ဆီ အရင်ဆုံး ပြေးဝင်လာသူ နှစ်ဦးမှာ ခွန်းယွင်နှင့် မိုဝူကျိတို့ ဖြစ်ကြသည်။ ထို့နောက် သူတို့နောက် လိုက်ပါလာသော နတ်ဘုရားအုပ်စိုးသူ ခြောက်ယောက် ဖြစ်ကြသည်။ သို့သော်လည်း အဆုံးသတ်၌ ထိုလူခြောက်ယောက်မှာ အစအနပင် မကျန်ရှိဘဲ ပျောက်ကွယ်သွားရသည်။

မိုဝူကျိနှင့် ခွန်းယွင်တို့မှာ သွားရှုပ်၍ မရသည့်သူတွေမှန်း အရူးပင် သိလိမ့်မည်။ နှစ်ယောက်လုံးက ကာကွယ်ရေး အစီအရင်၊

သေမင်းထောင်ချောက် အစီအရင် အသီးသီး ခင်းကျင်းပြီးသွားသည့်နောက်တွင် မည်သူကမှ သူတို့ကို ရန်မစရဲကြတော့ပေ။ ကျန်ရှိနေသော ကျင့်ကြံသူထောင်ချီတို့က သူတို့နေရာ ရဖို့ရာအတွက် တိုက်ပွဲ ဖြစ်ကုန်ကြသည်။

ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက် အပြင်ဘက်ရှိ တိုက်ပွဲကိုတော့ မည်သူကမှ ဆက်လက် ဂရုမစိုက်တော့ပေ။

ပိုင်နက်အသေးလေး ရသည့် ကျင့်ကြံသူတိုင်း သူတို့နေရာကို မှတ်သားထားလိုက်ကြပြီး ကာကွယ်ရေး အစီအရင် ခင်းကျင်းလိုက်ကြသည်။

သာမာန်အခြေအနေအောက်၌ မီတာတချို့ ပတ်လည်က လုံလောက်နေလေပြီ။ ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်က ကမ္ဘာဦး နတ်ဝိညာဉ်စွမ်းအားများကို နေရာအနှံ့ ပြန့်နှံ့သွားစေမည် မဟုတ်ပါလော။ မိုဝူကျိနှင့် ခွန်းယွင်လိုမျိုး မီတာရာချီ သတ်မှတ်ထားသည့်သူများကိုတော့ အရှုးအဖြစ် သတ်မှတ်နေကြသည်။

**ပိုင်နက်အကြီးကြီး သတ်မှတ်တော့လည်း ဘာအရေးလဲ .... နတ်ဝိညာဉ်စွမ်းအားတွေက အားလုံး ဝေမျှသုံးရမှာပဲ မဟုတ်ဘူးလား ....**

သိပ်မကြာခင် မည်သူကမှ ထိုယုံကြည်ချက်ကို ဆက်လက်စွဲကိုင်မထားတော့ပေ။ မိုဝူကျို၏ ပိုင်နက်တွင် ဖြစ်စေ သို့မဟုတ် ခွန်းယွင်၏ ပိုင်နက်တွင် ဖြစ်စေ နတ်ဝိညာဉ်စွမ်းအား ဝဲဂယက်များ ဖြစ်ပေါ်လာကြသည်။ ထိုဝဲဂယက်များသည် သူတို့မှတ်သားထားသည့် နေရာမှ နတ်ဝိညာဉ်စွမ်းအားများကို စုပ်ယူရုံသာမက ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက် အပြင်ဘက်ရှိ နတ်ဝိညာဉ်စွမ်းအားများကိုလည်း ဆွဲယူနေသည်။

ဤမျှကြောက်ခမန်းလိလိ ကျင့်ကြံရေးတိုးတက်နှုန်းနှင့် မည်သူကမှ မိုဝူကျိုနှင့် ခွန်းယွင်တို့အား အရှုံးဟု မထင်ကြတော့ပေ။

ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက် အရင်းအမြစ်နှစ်ခုကို ထိုလူနှစ်ယောက်က တွေ့ထားသော်လည်း အပြင်ဘက်တွင် စိတ်ဝိညာဉ် ဗဟိုချက် အသေးလေးများ ရှိနေသေး၏။ သူတို့ကြားရှိ တစ်ခုတည်းသော ခြားနားချက်မှာ မိုဝူကျိုနှင့် ခွန်းယွင်တို့က သူတို့ကျင့်ကြံနေစဉ်အတွင်း ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်ရှိ အရင်းအမြစ်နှစ်ခုမှ စွမ်းအားများကို စုပ်ယူရုံသာမက အပြင်ဘက်ရှိ နတ်ဝိညာဉ်စွမ်းအားများကိုလည်း စုပ်ယူနေကြသေး၏။

သူတို့ကို ဒေါသထွက်ကြသော်လည်း မည်သူကမှ မကျေမနပ် မလုပ်ရဲကြပေ။

သူတို့ဦးခေါင်းအထက်ရှိ ကမ္ဘာဦး နတ်ဝိညာဉ်စွမ်းအား ဝဲဂယက်သည် တဖြည်းဖြည်း ကြီးမားလာကာ တချို့ စိတ်ဝိညာဉ်ဗဟိုချက် အသေးလေးများက ခမ်းခြောက်လာပြီး နောက်ထပ် နတ်ဝိညာဉ်စွမ်းအားကို ထုတ်မပေးနိုင်တော့ပေ။

လူအများစုက ပြန်မထခင် နေ့တစ်ဝက်လောက်သာ ကျင့်ကြံနိုင်လိုက်၏။ သူတို့က မိုဝူကျိနှင့် ခွန်းယွင်တို့၏ ကျင့်ကြံရေး နေရာအား အားကျတကြီး ကြည့်မိလိုက်ကြသည်။ သို့သော်လည်း သူတို့က နောက်ထပ် ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက် ရှာရန် သက်ပြင်းချကာ ထွက်သွားလိုက်ရ၏။

မူလ လူစည်ကားလှသော နေရာတွင် သွေးကွက်တချို့နှင့် ကမ္ဘာဦး နတ်ဝိညာဉ် ဝဲဂယက်နှစ်ခုသာ ကျန်ရှိနေတော့သည်။

ကျင့်ကြံသူအားလုံးက ထွက်သွားကြပြီ ဖြစ်၏။

အစပိုင်း မသိနားမလည်သော ကျင့်ကြံသူ တစ်ယောက်၊ နှစ်ယောက်က သိပ်သည်းလှသော နတ်ဝိညာဉ်စွမ်းအား ဝဲဂယက်ကြောင့် ဆွဲငင်ခံလိုက်ရပြီး တိုးဝင်သွားကြသေးသည်။

သို့သော်လည်း သူတို့ကား နောက်တစ်ဖန် ပြန်လည်ထွက်မလာနိုင်တော့ချေ။

ခွန်းယွင်က ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်ထဲ ဝင်သွားစဉ်မှစ၍ မိုဝူကျိအပေါ် အသေးစိတ် စောင့်ကြည့်နေလေ၏။ သူက မိုဝူကျိသည် အချိန်တိုလေးအတွင်း နောက်ထပ် ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်ကို ရှာတွေ့သွားကြောင်း သိသွားသည့်အခါ အံ့သြခြင်းထက် ပို၍ ထိတ်လန့်မိသွားသည်။ သိပ်မကြာခင် သူက မိုဝူကျိ၏ ကျင့်ကြံရေးမှ ရုတ်ရုတ်သည်သည်း ဖြစ်သွားစေခြင်းမှာ သူ့ထက် ကြီးမားနေကြောင်း သတိပြုမိလိုက်၏။ ကမ္ဘာဦး နတ်ဝိညာဉ်စွမ်းအား ဝဲဂယက်ကလည်း သူ့ထက် ပို၍ သိပ်သည်းနေသောကြောင့် အနည်းငယ် ကူကယ်ရာမဲ့သလို ခံစားလိုက်ရသည်။

ကျင့်ကြံရာ၌ သူ့ဘာသာ လေ့လာဖန်တီးထားသော လူတစ်ယောက်က ဤမျှအထိ ရုတ်ရုတ်သည်းသည်း ဖြစ်စေခဲ့သည်။ ကြည့်ရသည်မှာ ခွန်းယွင်၏ ခန့်မှန်းချက်က မှန်ကန်နေပုံ ပေါ်၏။ ဤလူက သူ တွေးထားသည်ထက် ပို၍ အံ့သြဖို့ ကောင်းနေသေး၏။

မိုဝူကျိ၏ ကြောက်ခမန်းလိလိ ကျင့်ကြံနှုန်းကို တွေးကာ ခွန်းယွင်က သူ့အတွေးများကို ပြန်လည် စုစည်းကာ ကျင့်ကြံနှုန်းကို တိုးမြင့်လိုက်သည်။ သူက မိုဝူကျိ သူ့ထက် ကျင့်ကြံဆင့် ကျော်လွန်သွားဖို့ ခွင့်မပြုနိုင်ပေ။ သူ့အမြင်၌ မိုဝူကျိက အလွယ်တကူ အလုပ်တွဲလုပ်၍ ရသည့်သူ မဟုတ်ပေ။

## အခန်း (၁၀၄၉) : သဟဇာတ နတ်ဘုရား ရောက်လာခြင်း

ခွန်းယွင်က သူ့လောက် နတ်ဝိညာဉ်စွမ်းအား လျှင်လျှင်မြန်မြန် စုပ်ယူနိုင်စွမ်း ရှိသူကို မမြင်ဖူးစဉ် မိုဝူကျိအနေနှင့်လည်း သူ့နှင့်အတူ အပြိုင်လိုက်နိုင်သည့်သူ ရှိကြောင်း မသိပေ။ ခွန်းယွင်၏ ကြောက်ခမန်းလိလိ နတ်ဝိညာဉ်စွမ်းအား စုပ်ယူနှုန်းကို အာရုံခံမိလိုက်သည့်အခါ မိုဝူကျိက အံ့အားသင့်သွားသည်။

သူ့စိတ်ထဲ၌ ခွန်းယွင်၏ အမှန်တကယ် ကျင့်ကြံဆင့်မှာ သူ့ထက် နိမ့်ကျကာ နတ်ဘုရားအုပ်စိုးသူအဆင့်ပင် မရောက်သေးလောက်ချေ။ နတ်ဘုရားအုပ်စိုးသူအဆင့် မရောက်လောက်သေးသည့် သူတစ်ယောက်အတွက် ခွန်းယွင်

ကျင့်ကြံရေးကြောင့် ဖြစ်လာသည့် ရုတ်ရုတ်သည်းသည်း အခြေအနေများက သူ့အား မစိုးရိမ်စေဘဲ မည်သို့ နေနိုင်မည်နည်း။ သူက ခွန်းယွင်နှင့် အလုပ်တွဲလုပ်သည်မှာ သူ့ကျင့်ကြံဆင့်က ခွန်းယွင်ထက် အနည်းငယ် မြင့်မားနေသောကြောင့် ဖြစ်၏။ ထို့ကြောင့်သာ ညှိနှိုင်းဆွေးနွေးခြင်း ပြုလုပ်ခွင့် ရခဲ့ခြင်း ဖြစ်၏။ သူ့ကျင့်ကြံဆင့်သာ ခွန်းယွင်ထက် နိမ့်ကျသွားလျှင် သူ့အနေနှင့် ခွန်းယွင်အနား ရှိနေဖို့ရာ အင်မတန် အန္တရာယ်များပေလိမ့်မည်။

မိုဝူကျို၏ ချီသွေးကြော ၁၀၈ ခုက အဓိက လှည့်ပတ်ကြောင်း ဖြစ်လာစေဖို့ ပြောင်းပြန်လှည့်ပတ်လိုက်သောကြောင့် သူ့ဦးခေါင်းအထက်ရှိ ကမ္ဘာဦး နတ်ဝိညာဉ်စွမ်းအား ဝဲဂယက်က တဖြည်းဖြည်း အရွယ်အစား ကြီးမားလာသည်။ ထိုစဉ် သူ့ကျင့်ကြံဆင့်က မြင့်တက်နေသော်လည်း သူ့အနေနှင့် မကျေနပ်နိုင်သေးပေ။ ဤ၍ထက်ပို၍ မြန်ဆန်ရပေမည်။

ကောင်းကင်စည်းမျဉ်း သဘာဝဆေးလုံး အပုံလိုက် ထုတ်လိုက်ပြီးနောက် မိုဝူကျိုက ရေခဲကောင်းကင်ဝါးကို ဘေးမှာ ချထားလိုက်သည်။ သူက သူ့ကျင့်ကြံနှုန်း အလွန်မြန်ဆန်နေသည့်အတွက် တာအိုစည်းမျဉ်းများ သွေဖယ်ကုန်မည်ကို စိုးရိမ်မိ၏။

ယခု သူ့ချီသွေးကြော ၁၀၈ ခုလုံးက အရှုးအမူး ပြောင်းပြန်လှည့်ပတ်နေကြပြီး ကမ္ဘာဦး နတ်ဝိညာဉ်စွမ်းအားများနှင့် ကောင်းကင်စည်းမျည်း သဘာဝဆေးလုံးများအပါအဝင် ကျင့်ကြံရေး အရင်းအမြစ်များကြောင့် သူ့ကျင့်ကြံဆင့်မှာ ဖုံးပုံအလား မြန်မြန်ဆန်ဆန် ဆက်တိုက် မြင့်တက်လာသည်။

“ ဂျွတ် ” ရက်များစွာ ကြာမြင့်ပြီးနောက် မိုဝူကျို၏ ကျင့်ကြံဆင့်က နတ်ဘုရားအုပ်စိုးသူ အဆင့် ၁ မှ အဆင့် ၂ သို့ တက်ရောက်သွားတော့သည်။

သူက နတ်ဘုရား အုပ်စိုးသူ အဆင့် ၃ အထိ ကျင့်ကြံချင်သော်လည်း နောက်ထပ် နတ်ဘုရားအုပ်စိုးသူ တစ်ယောက်က သူ့သေမင်းထောင်ချောက် အစီအရင်အတွင်း ကျူးကျော်လာသည်။ ထိုသူက နတ်ဘုရားအုပ်စိုးသူ အဆင့် ၁ ပညာရှင် ဖြစ်၏။

မိုဝူကျိုက သူ့သေမင်းထောင်ချောက် အစီအရင် မပျက်စီးသွားလိုပေ။ ထို့ပြင် သူက အမြန်အဆန် ခင်းကျင်းထားခဲ့ရသည် မဟုတ်ပါလော။ ထို့ကြောင့် နတ်ဘုရားအုပ်စိုးသူအဆင့် ဝင်ရောက်လာသည့်အခါ သူက

လက်သီးတစ်ချက် ပစ်ခွင်း၍ သူ့အစီအရင်အတွင်း ပိတ်မိနေသည့် ငတိအား ရှင်းထုတ်ပစ်လိုက်သည်။

ထို့နောက် မိုဂူကျိုက ဆက်လက် မကျင့်ကြံတော့ပေ။ ဤရက်ပိုင်းအတွင်း သေမင်းထောင်ချောက်ဆီ တိုးဝင်လာကြသည့် လူခုနှစ်ယောက်၊ ရှစ်ယောက်လောက် ရှိကာ နတ်ဘုရားအုပ်စိုးသူအဆင့်ပင် ပါလာသေး၏။ နက်ဖြန်ဆိုလျှင် လောကနတ်ဘုရား သို့မဟုတ် နတ်ဘုရားဘုရင်တို့ ရောက်ရှိလာမည်ကို မည်သူ သိမည်နည်း။ သူက ခွန်းယွင်လောက် စွမ်းရည် မရှိပေ။

မိုဂူကျိုက ထိုအတွေးဖြင့် ရေခဲကောင်းကင်ဝါးကို သိမ်းကာ သေမင်းထောင်ချောက် အစီအရင်မှ ထွက်လာလိုက်ပြီး ခွန်းယွင်၏ ကာကွယ်ရေး အစီအရင်ဆီ လှမ်းအော်လိုက်သည် “ ခွန်းယွင် … ကျုပ်တို့ ကျင့်ကြံလို့ မဖြစ်တော့ဘူး ”

မိုဂူကျို၏ စကားကို ကြားသောအခါ ခွန်းယွင်လည်း ကျင့်ကြံခြင်းကို ရပ်တန့်လိုက်သည်။ သူက ကာကွယ်ရေးအစီအရင် အပြင်ဘက်သို့ မျက်မှောင်ကျုတ်လျက် ထွက်လာပြီး “ မိုဂူကျို … ငါက စိတ်နှစ်ကျင့်ကြံနေတုန်း ဒါက ဘာအခိပ္ပါယ်လဲ ”

မိုဝူကျိက ခွန်းယွင်၏ အဆင့် ၆ သေမင်းထောင်ချောက် အစီအရင်အား လက်ညှိုးထိုးကာ “ အခုရက်ပိုင်း ခင်ဗျားရဲ့ သေမင်းထောင်ချောက် အစီအရင်ထဲ လူဘယ်နှစ်ယောက်လောက် သေပြီးပြီလဲ ”

“ ငါးယောက်လောက်ပေါ့ ” ခွန်းယွင်က ပြန်ဖြေလိုက်သည်။ သူ့သေမင်းထောင်ချောက် အစီအရင်သည် လတ်တလော ကျင့်ကြံသူ ငါးယောက်ကို ရှင်းပစ်ထားပြီး တစ်ယောက်မှာ လောကနတ်ဘုရား အဆင့် ၃ ကျင့်ကြံသူ ဖြစ်၏။

“ အားအကောင်းဆုံး ကျင့်ကြံသူက ဘယ်လောက်လဲ ” မိုဝူကျိက ဆက်မေးလိုက်သည်။

နောက်ဆုံးတွင် ခွန်းယွင်က မိုဝူကျိအပြုအမူနောက်ကွယ်မှ အဓိပ္ပါယ်ကို သဘောပေါက်သွားကာ ရယ်မောလိုက်ရင်း “ လောကနတ်ဘုရား အဆင့် ၃ … ဒါပေမဲ့ ငါ့အစီအရင်ထဲမှာ သူက ပါးမွှားလေးပဲ ”

မိုဝူကျိ၏ စိတ်အတွင်း၌ မပျော်ရွှင်တော့ပေ။ သူ အဆင့် ၆ သေမင်းထောင်ချောက် အစီအရင် ခင်းကျင်းနိုင်စွမ်း မရှိသည်ကို မည်သူကိုမျှ သွား၍ အပြစ်တင်ရမည်နည်း။

ထို့ကြောင့် သူက ပြောလိုက်သည် “ ခွန်းယွင် … ကျုပ် ပြောချင်တဲ့ လိုရင်းကို သဘောပေါက်မှာပါ။ ဒီနေ့ ခင်ဗျားရဲ့ အစီအရင်ထဲမှာ လောကနတ်ဘုရား အဆင့် ၃ ကျင့်ကြံသူ ရှိနေပေမဲ့ နောက်ရက်ကျ နတ်ဘုရားဘုရင်၊ သန်ဘက်ခါကျ သဟဇာတ နတ်ဘုရားတို့ ရောက်လာနိုင်တယ်လေ။ ပြီးတော့ ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်က အဆုံးသတ်ဦးမှာ မဟုတ်ဘူး။ ဒီအရွယ်အစားက ပြိုင်ဖက်ကင်းဆိုတော့ သဟဇာတ နတ်ဘုရားသာ ရောက်လာရင် ကျုပ်တို့တွေ ထပ်ကျင့်ကြံနိုင်ဦးမယ် ထင်လား ”

“ ငါက ကိစ္စမရှိဘူး။ ငါ့သေမင်းထောင်ချောက် အစီအရင်က အဲလူတွေကို ကိုင်တွယ်နိုင်တယ် ” ခွန်းယွင်က ပခုံးတွန့်ကာ ပြောလိုက်သည်။

မိုဝူကျိုက တုံ့ပြန်သည့်အနေနှင့် အေးစက်စွာ ရယ်မောလိုက်ရင်း “ ခင်ဗျား နတ်ဘုရားဘုရင်ကို ကိုင်တွယ်နိုင်တယ်ဆိုတာကို ယုံပါတယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ အစီအရင်က သဟဇာတ နတ်ဘုရားအဆင့်ကို တောင့်ခံနိုင်ဦးမယ် ထင်နေလား … တကယ်လို့ နတ်ဘုရားဘုရင် ရောက်လာရင် ခင်ဗျားက ထွက်ပြေးပြီ နေရာ ဖယ်ပေးလိုက်မှာ မလား။ ခင်ဗျားက မကြောက်ဘူးဆိုရင်တောင် ကျုပ်တို့တွေ လမ်းခွဲသွားကြတာပေါ့။

ကျုပ်လည်း ကျုပ်ဘာသာ နေရာအသစ် ပြောင်းမယ်။ ခင်ဗျားဘာသာ ဒီနေရာတစ်ခုလုံးကို ယူလိုက်တော့ ”

“ မင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ ” ခွန်းယွင်က မိုဝူကျိ မှန်ကန်ကြောင်း သိပေသည်။ လက်တွေ့၌ မိုဝူကျိက အရင်ဦးစွာ သူ့အား လာမရှာလျှင်ပင် သူက မိုဝူကျိကို ဆက်သွယ်ရန် ကြံစည်ထားလေ၏။ သို့သော် မိုဝူကျိက အရင်ဦးစွာ ထွက်လာ၍ သူက မိုဝူကျိကို ကူညီပေးရမည့်ပုံမျိုး ကြံဖန်ရမည်။

“ ကျုပ်ရဲ့ ရည်ရွယ်ချက်က ရိုးရှင်းတယ်။ အဆင့် ၇ သေမင်းထောင်ချောက် အစီအရင် ခင်းကျင်းဖို့ပဲ … သဟဇာတ နတ်ဘုရား ရောက်လာတာနဲ့ ကျုပ်တို့တွေ ပေါင်းပြီး သူ့ကို ရှင်းပစ်ကြမယ် ” မိုဝူကျိက အေးအေးဆေးဆေး အကြံပြုလိုက်သည်။

ခွန်းယွင်က အံ့သြသွားဟန်ဖြင့် “ သဟဇာတ နတ်ဘုရားကို သတ်ဖို့လား … မိုဝူကျိ မင်း နတ်ဘုရားနယ်မြေ မြို့အသစ်ထဲမှာ နတ်ဘုရားဘုရင် နှစ်ယောက်ကို သတ်နိုင်ခဲ့ရုံနဲ့ ကိုယ့်ဘာသာ အံ့သြဖို့ ကောင်းတယ်လို့ ထင်နေတာလား ”

သို့သော်လည်း မိုဝူကျိက ထိုမှတ်ချက်နှင့် ပတ်သတ်၍ ဘာမှမပြောပေ။ ထို့အစား သူက ခွန်းယွင်အား

စိုက်ကြည့်လိုက်သည်။ ခွန်းယွင်က သဘောမတူလျှင် သူက ချက်ချင်း ထွက်သွားမည် ဖြစ်၏။ သူက ဤနေရာသည် ပညာရှင်များ၏ အာရုံစိုက်မှုကို ဆွဲဆောင်နိုင်ကြောင်း သိနေသည်။ ဤနေရာတွင် ဆက်နေနေခြင်းက ကိုယ့်သေတွင်းကို တူးနေသလို ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် စောစောစီးစီး ထွက်သွားခြင်းက အကောင်းဆုံး ရွေးချယ်မှု ဖြစ်ပေသည်။

ခွန်းယွင်က ခပ်တည်တည်ဖြင့် ပြန်ဖြေလိုက်သည် “ မိုဝူကျို … ငါက အဆင့် ၇ သေမင်းထောင်ချောက် အစီအရင်ကို ခင်းကျင်းနိုင်တယ်။ ဒါပေမဲ့ ဒါနဲ့ ငါတို့နှစ်ယောက်လုံး နတ်ဘုရားဘုရင်ကိုတော့ ကိုင်တွယ်နိုင်လိမ့်မယ်။ သဟာဇာတ နတ်ဘုရားတော့ မဟုတ်ဘူး။ အဲဒါက အစီအရင်က မကောင်းလို့ မဟုတ်ဘူး။ ငါတို့က အရမ်းအားနည်းနေလို့ပဲ … ပြီးတော့ ဒီနေရာမှာ ရှိနေတဲ့ စည်းမျည်းတွေကလည်း မပြီးပြည့်စုံသေးဘူး။ အဲကြောင့် အဆင့် ၇ သေမင်းထောင်ချောက် အစီအရင်က အများဆုံး အဆင့် ၆ လောက်ပဲ အစွမ်းပြနိုင်လိမ့်မယ် ”

ဤအရာက မိုဝူကျိုအား မျက်မှောင်ကျုတ်သွားစေသည်။ အကယ်၍ အဆင့် ၇ သေမင်းထောင်ချောက် အစီအရင်က သဟာဇာတ နတ်ဘုရားကို မဖယ်ရှားနိုင်လျှင် သူ့အတွက် တစ်ခုတည်းသော ရွေးချယ်မှုက ထွက်သွားဖို့ရာသာ ဖြစ်၏။

" မင်း ပြောတာ မှန်တယ်။ ကမ္ဘာဦး နတ်ဝိညာဉ်စွမ်းအားက အတော်လေး သိပ်သည်းတာဆိုတော့ ကမ္ဘာဦး တည်နေရာကို ပတ်ရံထားတဲ့ ဖန်တီးမှုစွမ်းအားတချို့တော့ ရှိလိမ့်မယ်။ ဒီနေရာမှာ အဆင့် ၈ သေမင်းထောင်ချောက် အစီအရင် ခင်းရင်တော့ ငါတို့တွေ သဟဇာတ နတ်ဘုရားကို အတူတူ သတ်နိုင်လိမ့်မယ် " ခွန်းယွင်က ဖြေလိုက်သည်။

" ခင်ဗျားက အဆင့် ၈ သေမင်းထောင်ချောက် အစီအရင်ကိုတောင် ခင်းနိုင်တာလား " မိုဝူကျိက ခွန်းယွင်အား အံ့ဩတကြီး ကြည့်လိုက်သည်။ နတ်ဘုရားကုန်းမြေနှင့် နတ်ဘုရားနယ်မြေတွင် အစီအရင်တာအိုဌ် အားအကောင်းဆုံးသူမှာ စန်းကျန့်ရှင်းသာ ဖြစ်၏။ သို့သော် သူကလည်း အဆင့် ၇ နတ်ဘုရား အစီအရင်များသာ ခင်းကျင်းနိုင်ပေသည်။

ခွန်းယွင်က ပုံမှန်အတိုင်း ပြောလိုက်သည် " အဆင့် ၇ နတ်ဘုရားအစီအရင်ဆိုတာက ဘာမှမဟုတ်သေးဘူး။ တကယ်လို့ မင်းသာ ငါ့ကို ပစ္စည်းလုံလုံလောက်လောက်ပေးရင် မင်းအတွက် အဆင့် ၉ သေမင်းထောင်ချောက် အစီအရင်ကိုသာ ခင်းကျင်းပေးနိုင်တယ် "

မိုဝူကျိက ပခုံးတွန့်ကာ " ခင်ဗျားအတွက် ဘာမှ မရှိဘူးလေ "

“ မင်း သုံးနေတဲ့ အဲဒီ ရေခဲကောင်းကင်ဝါးက အတော်လေး ကောင်းသားပဲ ... ငါ့ကို ပေးလိုက်ပါ့လား ” ခွန်းယွင်က ဝင်ထောက်ပြောလိုက်သည်။

မိုဝူကျိုက တုံ့ပြန်ကာ ရယ်မောလိုက်ရင်း “ ကျုပ်တို့တွေ အတူတူ တွဲလုပ်မှာဆိုတော့ အတူတူပဲ တွဲလုပ်ရအောင်လေ။ တကယ်လို့ တခြားကိစ္စတွေ ပါလာရင် ကျုပ် ထွက်သွားတော့မယ် ”

“ ခဏ ..” မိုဝူကျို ထွက်သွားတော့မည်ကို မြင်ကာ ခွန်းယွင်က မြန်မြန် တားလိုက်သည် “ အစီအရင် ဗဟိုချက်အဖြစ် သုံးဖို့ အဆင့်မြင့် နတ်ဝိညာဉ် ပစ္စည်းတချို့ လိုတယ်။ ငါ့ဆီမှာ ရှိတာက ဒီအစီအရင်အတွက် သုံးပြီးပြီ။ မင်းက ဘာမှမစိုက်ထုတ်ဘဲ ကြိုးစားမှု အသီးအပွင့် ရလာဖို့ မျှော်လင့်လို့ မရဘူးလေ ”

ခွန်းယွင် ပြောသည်က အကျိုးအကြောင်း သင့်ပေသည်။ သို့သော်လည်း မိုဝူကျိုက သူပိုင်ဆိုင်ထားသမျှ ပစ္စည်းများကား အရည်အသွေး မြင့်လွန်းတာမျိုး သို့မဟုတ် နိမ့်လွန်းတာမျိုးချည်း ရှိနေသည်။ သူ့အနေနှင့် ခွန်းယွင်ကို ပေးဖို့ရာ ဘာမှမရှိပေ။

မိုဝူကျိုက အတော်လေး တွေဝေနေပြီးနောက် “ ခွန်းယွင် ... ခင်ဗျားပြောတော့ ကျုပ် ကမ္ဘာဦး နတ်ဝိညာဉ်သွေးကြော တွေ့ထားတဲ့ ဂြိုလ်ပျက်ကြီးမှာ ရတနာတွေ ရှိတယ်လို့

ပြောထားတယ်မလား။ ကျုပ်တို့တွေ ဒီကိစ္စတွေ ပြီးသွားရင် ခင်ဗျားကို ခေါ်သွားပေးမယ်လေ။ ရတနာတွေကို အညီအမျှ ခွဲကြတာပေါ့ ”

“ ကောင်းပြီ ” ခွန်းယွင်က တုံ့ဆိုင်းခြင်းမရှိ သဘောတူလိုက်သည်။

ယခု မိုဝူကျိက ခွန်းယွင် စကားအများကြီး ပြောနေသည့် အကြောင်းအရင်း ဤအကြောင်းအရာကိုများ စောင့်နေ၍လားဟု သံသယဝင်လာမိသည်။ သို့သော် သူ့အနေနှင့် ထိုသို့ သဘောတူလိုက်သည်က ပြဿနာ ရှိမနေပေ။ သူသာ စန်းကျန့်ရှင်းကို မေးလိုက်သည်နှင့် စန်းကျန့်ရှင်းက သူ့အား ထိုဂြိုလ်အကြောင်း သေချာပေါက် ပြောပြပေလိမ့်မည်။

ခွန်းယွင်နှင့် ပတ်သတ်၍ ကောင်းသည့်အရာတစ်ခု ရှိပေသည်။ ထိုအရာမှာ သဘောတူပြီးသည်နှင့် သူက စိတ်ဓာတ်တက်ကြွလာခြင်း ဖြစ်၏။

ခွန်းယွင်က အစီအရင်အလံများကို တစ်ခုပြီး တစ်ခု ထုတ်လွှင့်ပြီးနောက် အဆင့်မြင့် နတ်ဝိညာဉ်ပစ္စည်းအမျိုးမျိုးကို အစီအရင်အလံ နေရာအမျိုးမျိုး၌ အမှိုက်သရိုက်လိုမျိုး ချထားလိုက်သောကြောင့် မိုဝူကျိက အနည်းငယ် နှမြောဖို့ကောင်းသည်ဟု ခံစားမိနေသည်။ သူ့တွင် ရှိနေသော

အကောင်းဆုံး မှော်ရတနာမှာ အဆင့်နိမ့် အဆင့်သာ ရှိသေးသည့် ပုဆိန်လှံရှည် ဖြစ်၏။

သိပ်မကြာခင် မိုဝူကျိက ထိုအဆင့်မြင့် ပစ္စည်းများအကြောင်း ထပ်မတွေးတော့ပေ။ သူက ခွန်းယွင် တစ်ယောက် သေမင်းထောင်ချောက် အစီအရင် ခင်းကျင်းနေသည်ကို ကြည့်ရင်း ဆွဲဆောင်ခံလိုက်ရသည်။

ယခင် ခွန်းယွင်၏ ပေါက်ကွဲရေး အစီအရင် ခင်းကျင်းပုံမှာ မြန်ဆန်လွန်းသောကြောင့် မိုဝူကျိက ဘာမှမသင်ယူနိုင်ခဲ့ပေ။ သို့သော် ယခုတွင် မိုဝူကျိက ခွန်းယွင် အဆင့် ၈ သေမင်းထောင်ချောက် အစီအရင် ခင်းကျင်းနေသည်ကို ကြည့်ကာ သူ့အစီအရင်တာအိုက ဖြည်းဖြည်းချင်း တိုးတက်လာကြောင်း ခံစားမိလိုက်၏။

သူ အချိန်အတော်ကြာ သဘောမပေါက်ခဲ့သော တချို့အချက်များက ယခုအခါ အဖြေပေါ်လာသလို ဖြစ်လာသည်။

ထို့ကြောင့် မိုဝူကျိက အစီအရင်တာအိုကို အသေအချာ လေ့လာလိုက်ပါက တစ်လအတွင်း အဆင့် ၆ နတ်ဘုရားအစီအရင်ဘုရင် ဖြစ်လာနိုင်လောက်၏။

ဤနေရာက သိပ်မကြီးမားသောကြောင့် ခွန်းယွင်က အစီအရင်ဗဟိုချက်အတွက် အဆင့်မြင့် ပစ္စည်းများကို အသုံးပြုရင်း အချိန်ချွေတာနိုင်ခဲ့သည်။ ထို့ကြောင့် ရက်ပိုင်းလေးအတွင်း ခွန်းယွင်က အဆင့် ၈ သေမင်းထောင်ချောက် အစီအရင်ကို ပြီးစီးသွားလေပြီ။

သူက ခွန်းယွင်တစ်ယောက် ဖုံးကွယ်ရေး အစီအရင်ကို ခင်းကျင်းလိုက်ရင်း အဆင့် ၈ သေမင်းထောင်ချောက် အစီအရင်အပြင်ဘက်၌ အဆင့် ၅ သေမင်းထောင်ချောက် အစီအရင် တစ်ခုကို ထပ်မံခင်းကျင်းလိုက်သည်ကို ကြည့်ရင်း မိုဝူကျိုက ခွန်းယွင်သည် အင်မတန် ဉာဏ်များကြောင်း သိလိုက်သည်။

“ ငါတို့ အခု ကျင့်ကြံလို့ ရပြီ ” ခွန်းယွင်က ထိုစကားအဆုံးတွင် မိုဝူကျိုအား ပြုံးပြလိုက်သည်။

မိုဝူကျိုသာ ဤအစီအရင်ထဲ ဝင်လိုက်သည်နှင့် ခွန်းယွင်က သူ့အပေါ် တစ်ခုခု လုပ်ဖို့ ကြံစည်ထားလျှင် သူ့အနေနှင့် သေဆုံးသလို ဖြစ်သွားမည်ကို သိနေသောကြောင့် အနည်းငယ် တွေဝေနေမိသည်။

“ စိတ်မပူပါနဲ့ … ငါ မင်းရဲ့ အကူအညီလိုတာက မင်းအသက်ပိစိလေးထက် ပိုတယ်။ ငါ မင်းကို သတ်ချင်ရင်တောင် အခု မလုပ်နိုင်သေးဘူး ” ခွန်းယွင်၏ အသံက ပဲ့တင်ထွက်လာသည်။

မိုဝူကျိုက အံ့ကိုကြိတ်ကာ သေမင်းထောင်ချောက် အစီအရင်အတွင်း ခြေချလိုက်သည်။ အဆင့် ၈ သေမင်းထောငချောက် အစီအရင် ဖြစ်နေလျှင် သူ့အား သတ်နိုင်စွမ်း ရှိပေသည်။

သူက ဤသေမင်းထောင်ချောက် အစီအရင်အတွက် ကူကာ ခင်းကျင်းပေးခဲ့သောကြောင့် နားလည်မှု အဆင့်တစ်ခု ရှိပေသည်။ ထို့အပြင် သူ့တွင် လှေ့ကျမ်းစာရွက်၊ ပညာရှိတာအိုအဆောင်တို့ ရှိနေသည့်အတွက် လှေ့ကျမ်းစာရွက်က ဤသေမင်းထောင်ချောက် အစီအရင်၏ တိုက်ခိုက်မှုများကို မတားဆီးပေးနိုင်ကြောင်း မယုံပေ။

ထိုစဉ် သူ့အတွက် ကျင့်ကြံရေးက အရေးကြီးဆုံး ဖြစ်၏။

ယခင် သူ့ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်သို့ ပြန်သွားလိုက်ပြီး မိုဝူကျိုက လက်ကို မြှောက်ကာ စိတ်စွမ်းအားကို တားဆီးသည့် အတားအဆီးတချို့ ချထားလိုက်သည်။ ထို့နောက် သူက

ရေခဲကောင်းကင်ဝါးနှင့် ကောင်းကင်စည်းမျည်း သဘာဝဆေးလုံးများကို ထုတ်ကာ စတင်ကျင့်ကြံလိုက်သည်။

ခွန်းယွင်က ကောင်းကင်စည်းမျည်း သဘာဝဆေးလုံးဆီမှ အငွေ့အသက်များကို အာရုံခံမိနိုင်သော်လည်း သူက အာရုံခံမိလျှင်ပင် မိုဝူကျိုက အတားအဆီး ချထားဦးမည် ဖြစ်၏။

ဤတစ်ကြိမ် မိုဝူကျိုက ကျင့်ကြံရေး ပြန်လည် စတင်သည့်အခါ နောက်ထပ် အောင့်အီးမထားတော့ပေ။ ကောင်းကင်စည်းမျည်း သဘာဝဆေးလုံးမှ စွမ်းအားများသည် ကမ္ဘာဦး နတ်ဝိညာဉ်စွမ်းအားများထဲ ရောဝင်သွားကာ သူ့အား လွှမ်းခြုံသွားလေ၏။

မိုဝူကျို၏ ကျင့်ကြံဆင့်မှာ ဆက်တိုက် တိုးမြင့်နေသလို ခွန်းယွင်သည်လည်း အတူတူ ဖြစ်၏။

ဤနေရာသို့ ကျူးကျော်လာသော ကျင့်ကြံသူတချို့က အဆင့် ၈ သေမင်းထောင်ချောက် အစီအရင်အထိ မရောက်ဘဲ အပြင်ဘက် အဆင့် ၅ သေမင်းထောင်ချောက် အစီအရင်အတွင်း၌ အသတ်ခံလိုက်ကြရသည်။

အချိန်လွန်သွားသည်နှင့် အရွက်မဲ့တောအုပ်သို့ ရောက်လာကြသည့်သူတိုင်းက ဤနေရာတွင်

ကြမ်းတမ်းခက်ထန်သည့် လူနှစ်ယောက် ကျင့်ကြံနေမှန်း သိကြ၍ ထိုနေရာသို့ မသွားရဲကြတော့ပေ။

နောက်ထပ် တစ်လ ကုန်ဆုံးသွားသည့်အခါ မိုဝူကျိုက နတ်ဘုရားအုပ်စိုးသူ အဆင့် ၂ မှ အဆင့် ၃ သို့ ရောက်ရှိသွားသည်။

သူ နတ်ဘုရားအုပ်စိုးသူ အဆင့် ၃ သို့ ရောက်သွားသည့်အခါ သူ အစိုးရိမ်ဆုံးအရာ ဖြစ်ပျက်လာသည်။ ဦးထုပ်ရှည်ရှည် ဝတ်ဆင်ထားသည့် ခပ်ဖြူဖြူ အမျိုးသားတစ်ယောက်က ခွန်းယွင်နှင့် မိုဝူကျိုတို့၏ ကာကွယ်ရေး အစီအရင်ရှေ့ ရောက်လာသည်။ ထိုစဉ် မိုဝူကျိုက ခွန်းယွင်ဆီမှ သဟဇာတ နတ်ဘုရားတစ်ယောက် သူတို့၏ ကာကွယ်ရေး အစီအရင်ရှေ့သို့ ရောက်လာကြောင်း အကြောင်းကြားစာ ရောက်လာသည်။

## အခန်း (၁၀၅၀) : အခု ကျူပ်ကို တိုက်လို့ ရပြီ

ခွန်းယွင် သတိမပေးလျှင်ပင် မိုဝူကျိုက အပြင်ဘက်တွင် ပညာရှင်တစ်ဦး ရှိနေကြောင်း အာရုံခံမိပေသည်။ သူက သေမင်းထောင်ချောက် အစီအရင် ခင်းကျင်းရာ၌ အနည်းငယ်သာ

အားစိုက်ထုတ်ခဲ့သောကြောင့် အသစ်ရောက်လာသည့် ညွှန့်သည်မှာ မည်သည့်ကျင့်ကြံဆင့် ရှိကြောင်းတော့ မသိပေ။

မိုဝူကျိုက လခြမ်းကွေး ပုဆိန်လှံရှည်ကို ဆွဲထုတ်လိုက်ပြီး ခွန်းဝူခေးက သူ့နောက်တွင် မျှော်လွင့်ကာ လိုက်ပါလာသည်။ မိုဝူကျိုက သူ့ကန့်သတ်ချက် သူ ကောင်းကောင်း သိပေသည်။ သူ့အင်အားက မည်မျှပင် မြန်မြန်ဆန်ဆန် တိုးတက်လာစေကာမူ သူ့လက်ရှိ အနေအထားဖြင့် နတ်ဘုရားဘုရင်တစ်ယောက်နှင့် မယှဉ်နိုင်သေးပေ။ ယခု သဟဇာတ နတ်ဘုရားတစ်ယောက် ရောက်လာလေရာ သူ့အနေနှင့် စိတ်အေးအေး မထားနိုင်ပေ။

“ ငါ အားကုန်သုံးပြီး သူ့ကို ပိတ်ထားလိုက်မယ်။ မင်းက အားလုံးထုတ်သုံးပြီး တိုက်လိုက်။ ငါတို့တွေ သူ့ကို သတ်နိုင်၊ မသတ်နိုင်က မင်းခေးအပေါ် မူတည်နေတယ် ” ခွန်းယွင်ဆီမှ ဆက်သွယ်မှု တစ်ခု ရလာသည်။ မိုဝူကျိုက ခွန်းဝူခေးတည်ရှိမှုကို ခွန်းယွင်အပေါ် ဖုံးကွယ်ထားဖို့ စိတ်ကူး မရှိပေ။

ခွန်းယွင်ကိုတော့ မိုဝူကျိုက သံသယ မရှိတော့ပေ။ ယခင် ခွန်းယွင်က မည်မျှ အားကောင်းစေကာမူ သူ့လက်ရှိအခြေအနေမှာ နတ်ဘုရားအုပ်စိုးသူအဆင့်သာ ရှိနေသေး၏။ အကယ်၍ နတ်ဘုရားအုပ်စိုးသူအဆင့်တောင်

မရှိသေးသည့် လူတစ်ယောက်က သေမင်းထောင်ချောက်ကို အသုံးပြုပြီး သဟဇာတ နတ်ဘုရားကို ပိတ်လှောင်ရင်း တိုက်ခိုက်မည်ဆိုလျှင် မိုဝူကျီအား တုန်လှုပ်စေလိမ့်မည်။

ခပ်ဖြူဖြူ ကျင့်ကြံသူက အဆင့် ၅ သေမင်းထောင်ချောက် အစီအရင်ရှေ့တွင် အသက်ဆယ်ရှိုက်စာမျှလောက် ရပ်နေပြီးနောက် ရယ်မောလိုက်ကာ လက်ကို ဝှေ့ယမ်းရင်း အစီအရင်အတွင်း ဝင်ရောက်လိုက်သည်။

ပြင်းထန်သော နတ်ဝိညာဉ်စွမ်းအားများ ထွက်ပေါ်လာပြီးနောက် အဆင့် ၅ သေမင်းထောင်ချောက် အစီအရင်၏ ကြေမွသွားသံကို မိုဝူကျီက အသေအချာ ကြားလိုက်ရသည်။

သိပ်သည်းလွန်းသော ကမ္ဘာဦး နတ်ဝိညာဉ်စွမ်းအားများကို ထိုသဟဇာတ နတ်ဘုရားက ချက်ချင်း အာရုံခံလိုက်မိကာ ခဏတာ စိတ်လှုပ်ရှားသွားကာ မျက်လုံးများပင် လင်းလက်လာလေ၏။ ထို့နောက် သူက တုံ့ဆိုင်းခြင်းမရှိ ရှေ့တိုးလိုက်သည်။

သူက ယနေ့ ဤနေရာသို့ လာလိုက်သည်မှာ အကောင်းဆုံး ဆုံးဖြတ်ချက်ဖြစ်ကြောင်း ခံစားမိလိုက်၏။

အရွက်မဲ့တောအုပ်ထဲ၌ ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်များကို ပုံမှန်တွေ့နိုင်သော်လည်း သိပ်ကြာရှည်မခံကြပေ။ လောကနတ်ဘုရားနှင့်အထက် ကျင့်ကြံသူများအနေနှင့် အချိန်အတော်ကြာ ကျင့်ကြံနိုင်မည့် ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်ကို ရှာတွေ့ဖို့ရာ အလွန်ခက်ခဲကြသည်။ သို့သော် ယနေ့တွင် သူက မူလ ကမ္ဘာဦး စိတ်ဝိညာဉ်ဗဟိုချက်ကို မြင်လိုက်ရသည်။

**တစ်ခုခုတော့ မှားနေပြီ ....**

သဟာဇာတ နတ်ဘုရားက သေမင်းထောင်ချောက်အတွင်း ဝင်လိုက်သည်နှင့် ဘေးပတ်လည်မှာ ရုတ်ချည်း ပြောင်းလဲသွားကြောင်း ခံစားမိလိုက်ပြီး သူ့စိတ်စွမ်းအားကိုလည်း ထပ်မံ ဖြန့်ကျက်၍ မရတော့ပေ။

ခပ်ဖြူဖြူ သဟာဇာတ နတ်ဘုရားက လမ်းတွင် ရပ်လိုက်ကာ သူ့မျက်နှာအထက်၌ အေးစက်စက် မထီမဲ့မြင့် အပြုံးမျိုး ပေါ်လာသည်။ အပြင်ဘက်ရှိ အဆင့် ၅ သေမင်းထောင်ချောက် အစီအရင်မှာ အပြင်ပန်းမျှသာ ဖြစ်ပြီး အတွင်း၌ အဆင့်မြင့် သေမင်းထောင်ချောက် အစီအရင် ထပ်ရှိနေသေးသည်။

နတ်ဘုရားလောကလိုမျိုး နေရာ၌ သေမင်းထောင်ချောက် အစီအရင်က မည်မျှ အဆင့်မြင့်နိုင်မည်နည်း။ ပုံပန်းအရ အဆင့် ၇ ဖြစ်ဟန် ပေါ်သော်လည်း စန်းကျန့်ရှင်း မဟုတ်သရွေ့ မည်သူကမှ အဆင့် ၇ သေမင်းထောင်ချောက် အစီအရင်ကို မခင်းကျင်းနိုင်ကြပေ။

ထို့ကြောင့် ဤသေမင်းထောင်ချောက် အစီအရင်သည် အဆင့် ၆ သာ ဖြစ်လိမ့်မည်။ သဟဇာတ နတ်ဘုရားက လက်ဆန့်ထုတ်ကာ မှော်ရတနာကို ဆွဲထုတ်လိုက်ပြီး အဖြူရောင် အလင်းတန်းကို ထုတ်ဖော်လိုက်သည်။

ထိုအဖြူရောင် အလင်းတန်းက ခေါးအသေးလေးများ ထွက်ပေါ်လာသည့်အလား ခဏအတွင်း ထိုခေါးလေးများက ကြီးထွားလာကာ မီတာအတော် ရှည်လျားလာသည်။

“ ဝုန်း ” ကြည့်ရသည်မှာ တိုက်ခိုက်မှု ပျောက်ကွယ်သွားသည့်အလား အဖြူရောင်အလင်းတန်းကလည်း ရုတ်ချည်း ကွယ်ပျောက်သွားသည်။

“ အဆင့် ၈ ထောင်ချောက် အစီအရင်လား … ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ” သဟဇာတ နတ်ဘုရားက ရေရွတ်လိုက်သည်။ သိပ်မကြာခင် သူ့ဘေးပတ်လည် တည်နေရာမှာ တွန့်ကွေးလာပြီး

အဆုံးမဲ့ သတ်ဖြတ်ငွေ့များက သူ့စွမ်းအားစက်ကွင်းကို တစစီ ဖြစ်အောင် ဆွဲဖြဲနေကြသည်။

" မဟုတ်ဘူး .... ဒါက အဆင့် ၈ သေမင်းထောင်ချောက် အစီအရင်ပဲ " သဟဇာတ နတ်ဘုရားက အဆင့် ၈ သေမင်းထောင်ချောက်ထဲ ကျရောက်နေကြောင်း သတိပြုမိသည့်အခါ သူ့မျက်နှာမှာ ပို၍ ဖြူဖျော့လာသည်။ ထိုစဉ် ကမ္ဘာဦး စိတ်ဝိညာဉ် ဗဟိုချက်က ဒုတိယမြောက် အရေးကြီးမှု ဖြစ်သွားပြီး မြန်မြန် နောက်ဆုတ်လိုက်ပြီး တခြားဘာမှမလုပ်ခင် ထွက်ပြေးဖို့ ကြိုးစားလိုက်သည်။ သို့သော်လည်း အဆင့် ၈ သေမင်းထောင်ချောက် အစီအရင်က အဆင့် ၈ ထောင်ချောက်အစီအရင်နှင့် လုံးဝကွဲပြားပေသည်။ တစ်ခုက သူ့ထွက်လမ်းအား ဖြည်းဖြည်းချင်း ပိတ်ပစ်မည် ဖြစ်ကာ နောက်တစ်ခုကား သူ့အသက်ကို ခြိမ်းခြောက်နိုင်စွမ်း ရှိပေသည်။

" မင်းက ငါ့သေမင်းထောင်ချောက် အစီအရင်ထဲ ဝင်ပြီး ပြန်ထွက်သွားချင်သေးတာလား။ ငါ ခွန်းယွင်က မင်းလိုမျိုး ငတိကို ဖြေရှင်းဖို့ သေမင်းထောင်ချောက် အစီအရင် သုံးရတာ ရှက်ဖို့ ကောင်းလိုက်တာကွာ " ခွန်းယွင်၏ အသံက သဟဇာတ နတ်ဘုရား နားထဲ ပဲ့တင်ထွက်လာသောကြောင့် သွေးအန်လုမတတ် ဖြစ်သွားသည်။

နတ်ဘုရားလောက၌ သဟဇာတ နတ်ဘုရား မည်မျှ ရှိနေသနည်း။ သူက သဟဇာတ နတ်ဘုရားအဆင့် ရောက်လာသည်မှာ နတ်ဘုရားမျိုးနွယ်၏ ပါရမီရှင်တစ်ဦး ဖြစ်၍ ဖြစ်သည်။ ရလဒ်အနေနှင့် သူက ထိပ်ဆုံးသို့ ရောက်လာခဲ့သည်။ သို့သော်လည်း ဤလူက သူ့အား သေမင်းထောင်ချောက်အတွင်း ပိတ်လှောင်ထားပြီး မဟုတ်တမ်း စကားတွေ ပြောနေသေး၏။

“ မိုဝူကျို ဘာစောင့်နေတာလဲ .... တိုက်တော့ ” ခွန်းယွင်၏ ဒေါသတကြီး အသံက မိုဝူကျိုနားထဲ ရောက်လာသည်။

မိုဝူကျိုရှေ့မှ မြင်ကွင်း ကြည်လင်သွားပြီး သူ့အား သဟဇာတ နတ်ဘုရား၏ တည်နေရာကို ရှင်းရှင်းလင်းလင်း မြင်ခွင့်ပြုလိုက်သည်။ သို့သော် သူ့စိတ်ထဲ၌ လေးလံသွားသည်။ အကယ်၍ ခွန်းယွင်ကသာ သူနှင့် ရင်ဆိုင်လိုလျှင် လော့ကျမ်းစာရွက်အတွင်းသာ ပုန်းနေနိုင်လိမ့်မည်။

မိုဝူကျိုက လခြမ်းကွေး ပုဆိန်လှံရှည်ကို ထုတ်ကာ သဟဇာတ နတ်ဘုရားဆီ အလင်းတန်းတစ်ချက် ပစ်လွှတ်လိုက်သည်။

ထိုပညာရှင်က မိုဝူကျိုကို မြင်လိုက်သော်လည်း အဆင့် ၈ သေမင်းထောင်ချောက်အတွင်း ပိတ်မိနေသောကြောင့် မိုဝူကျိုအား ဘာမှပြန်မလုပ်နိုင်ပေ။ အစောပိုင်း နတ်ဘုရားအုပ်စိုးသူ

တစ်ယောက်က သူ့အား တိုက်ခိုက်နေမည်ကို ကြည့်ချင်စိတ်ပင် မရှိပေ။ သူသာ တည်တည်ငြိမ်ငြိမ် ဖြစ်နေလျှင် အစောပိုင်း နတ်ဘုရားအုပ်စိုးသူ တစ်ယောက်က သူ့အား ဘာများလုပ်နိုင်မည်နည်း။

“ ဝုန်း ” ပုဆိန်လုံ့ရှည်အလင်းတန်းက သဟာဇာတ နတ်ဘုရား၏ စွမ်းအားစက်ကွင်းအပေါ် ကျရောက်လာသောအခါ တွန်းကန်အား ပြန်လည် ထွက်ပေါ်လာကာ မိုဝူကျိုက သူ့ရင်ဘတ် တင်းခနဲ ဖြစ်သွားသည်ကို ခံစားမိလိုက်၏။

**အံ့ဩဖို့ ကောင်းလိုက်တာ ...**

မိုဝူကျိုက သူ့ဘာသာ တွေးလိုက်မိသည်။ သူက လျို့ဝှက်ပညာရပ် ထုတ်မသုံးထားသော်လည်း ဤရိုက်ချက်၌ သူ့အင်အား ၇၀ ရာခိုင်နှုန်းလောက်ကို ထည့်သုံးထားပေသည်။ သို့သော်လည်း သဟာဇာတ နတ်ဘုရား၏ စွမ်းအားစက်ကွင်းကို မဖျက်စီးလိုက်နိုင်ပေ။

သဟာဇာတ နတ်ဘုရားသည် အဆင့် ၈ သေမင်းထောင်ချောက်အတွင်း ပိတ်မိနေသောကြောင့် မိုဝူကျိုက စိတ်ကြိုက်တိုက်ခိုက်၍ ရနေခြင်း ဖြစ်၏။

“ မင်း အစားမစားရသေးဘူးလား ” ခွန်းယွင်၏ မပျော်မရွှင်အသံက ထွက်ပေါ်လာသည်။ သူက မိုဝူကျိုသည် ထိုရိုက်ချက်၌ အင်အားတချို့ ထိန်းထားကြောင်း တွေးမိလိုက်သည်။ ဤလူက သေမင်းထောင်ချောက် အစီအရင်အတွင်း ပိတ်မိနေလေရာ အဘယ်ကြောင့် အင်အားကို ချွေတာနေရမည်နည်း။

“ ဟုတ်တယ် … ကျုပ် အစားမစားတာ နှစ်ကြာနေပြီ ” မိုဝူကျိုက ပြောလိုက်ရင်း ပုဆိန်လှံရှည်က ငွေရောင်မြစ်ကြီးအဖြစ် ပြောင်းလဲသွားကာ ဆင်းသက်လာသည်။

မိုဝူကျို၏ လူသားတာအိုက အစပိုင်း ပြီးပြည့်စုံမှုအဆင့်တွင် ရှိပြီး ကျင့်ကြံဆင့်မှာ နတ်ဘုရားအုပ်စိုးသူ အဆင့် ၃ ဖြစ်ပေသည်။ ထိုစဉ် လေဟုန်ဆန်မြစ်၏ အင်အားအပြည့်ရိုက်ချက်က မိုးမြေကိုပင် ကြေမွလုမတတ် ဖြစ်စေသည့် အင်အားကို သယ်ဆောင်လာသည်။

အားပြင်းပြင်း သတ်ဖြတ်ငွေ့တစ်ခု ထွက်ပေါ်လာကာ သေမင်းထောင်ချောက်ကို အသည်းအသန် တိုက်ခိုက်နေသည့် သဟဇာတ နတ်ဘုရားက လျို့ဝှက်ပညာရပ်၏ အရှိန်အဝါ ကျဆင်းလာသောကြောင့် ခဏတာ ရပ်တန့်လိုက်သည်။ သူက သူ့စိတ်စွမ်းအားပင် ခဏတာ ရပ်တန့်သွားကြောင်း

ခံစားမိလိုက်၏။ ခဏတာမျှသာ ဖြစ်သော်လည်း သူ့အား အံ့အားသင့်သွားစေသည်။

“ ဝုန်း ” ငွေရောင်မြစ်ကြီးက သဟဇာတ နတ်ဘုရား၏ စွမ်းအားစက်ကွင်းအား ချိုးဖောက်ပစ်လိုက်သည်။ နတ်သဘာဝစွမ်းအားများက ပေါက်ကွဲထွက်လာပြီး မိုဝူကျို၏ ခန္ဓာကိုယ်ဆီ ပြန်ကန်အား ကျရောက်လာကာ သူ့ရင်ဘတ်မှာ တင်းခနဲ ထပ်ဖြစ်သွားသည်။

သို့သော်လည်း သူ့ဝိဇ္ဇာရုပ်ခန္ဓာဖြင့် သူ့နတ်သဘာဝစွမ်းအားများကို အနည်းငယ် လှည့်ပတ်လိုက်ပြီးနောက် ထိုတင်းကျပ်နေမှုမှာ လုံးဝ ပျောက်ကွယ်သွားလေ၏။

ကြည့်ရသည်မှာ မိုဝူကျို၏ လေဟုန်ဆန်မြစ်က သဟဇာတ နတ်ဘုရား၏ စွမ်းအားစက်ကွင်းကို တစစီ ဖြစ်သွားစေပုံ ပေါ်၏။ ခွန်းယွင် အသက်သွင်းလိုက်သော သတ်ဖြတ်ရေး အလင်းတန်း ထောင်ချီကလည်း သဟဇာတ နတ်ဘုရား ခန္ဓာကိုယ်အပေါ် ကျရောက်လာသည်။

သဟဇာတ နတ်ဘုရား၏ ခန္ဓာကိုယ်မှ ထွက်ပေါ်လာသော သွေးမြူများကို မိုဝူကျိုက ရှင်းရှင်းလင်းလင်း မြင်နေရသည်။ သူက

ခွန်းယွင်သည် ဤသို့အချိန်အခါကောင်းကို ရွေးနိုင်သည့်အတွက် တိတ်တဆိတ် အံ့အားသင့်မိသွား၏။

မိုဝူကျိုလည်း ထိုအခွင့်အရေးကောင်းအား လက်လွှတ်ခံမည် မဟုတ်ပေ။ ခွန်းဝူခေးကို အလင်းတန်းအဖြစ် ပြောင်းလဲလိုက်ပြီး သဟဇာတ နတ်ဘုရားဆီ ချိန်ရွယ်လိုက်သည်။

“ ခွန်းဝူခေးလား ” ထိုသဟဇာတ နတ်ဘုရားက ခွန်းဝူခေးကို မြင်လိုက်သည့်အခါ သူ့မျက်ဝန်း၌ အကြောက်တရားတချို့ ပေါ်လာကာ သူ့မှော်ရတနာဖြင့် သေမင်းထောင်ချောက် အစီအရင်မှ သတ်ဖြတ်ရေး အလင်းတန်းများအား ကာဆီးဖို့ အာရုံမရှိတော့ပေ။ ထို့အစား ခွန်းဝူခေးကိုသာ အားအပြည့်နှင့် ပြန်ကာလိုက်သည်။

ခွန်းဝူခေးက ရှေးဟောင်းနတ်ခေးတစ်လက် ဖြစ်သောကြောင့် မိုဝူကျိုက နတ်ဘုရားအုပ်စိုးသူအဆင့်သာ ရှိသော်လည်း သူ့ခန္ဓာကိုယ်ကို တစစီ ဖြစ်စေဖို့ လုံလောက်ပေသည်။ သူ့လိုမျိုး သဟဇာတ နတ်ဘုရားတစ်ယောက်အတွက် ရုပ်ခန္ဓာ ဖျက်စီးခံလိုက်ရသည်နှင့် သေမင်းထောင်ချောက် အစီအရင်အတွင်း သေခြင်းတရားကို ထိုင်စောင့်နေသလိုသာ ဖြစ်လိမ့်မည်။

“ ဝုန်း ”သဟဇာတ နတ်ဘုရား၏ မှော်ရတနာက ခွန်းဝူခားနှင့် တွေ့ဆုံသွားသည့်အခါ မိုဝူကျိက သူ့ခန္ဓာဆီ အပြေးအလွှား ဝင်ရောက်လာသည့် အဆုံးမဲ့ သတ်ဖြတ်ငွေ့များကို ခံစားမိလိုက်သည်။ သူ့ဆီမှ သွေးမြူများ ထွက်လာပြီး နောက်လှွင့်စင်သွားစေသည်။

ထိုစဉ် မိုဝူကျိက ခွန်းယွင် အကွက်ထဲ ရောက်သွားကြောင်း သတိပြုမိလိုက်၏။

မိုဝူကျိ နောက်လွှင့်စင်သွားသည်ကို မြင်ကာ ခွန်းယွင်က လက်နှစ်ဖက်မှ လက်ဟန်အမျိုးမျိုး ထုတ်ဖော်ရင်း ရယ်မောလိုက်သည်။ ထို့နောက် သူက အဆင့် ၈ သေမင်းထောင်ချောက် အစီအရင်၏ အင်အားအပြည့်ကို ထုတ်လွှင့်လိုက်တော့သည်။

အာကာပြင် မတည်ငြိမ်မှုများလည်း ဖြစ်ပေါ်လာသည်။ ထို့နောက် မိုဝူကျိကြောင့် စွမ်းအားစက်ကွင်း ပျက်စီးသွားသည့် သဟဇာတ နတ်ဘုရား ခန္ဓာကိုယ်အပေါ် သတ်ဖြတ်ရေးအလင်းတန်းများ တစ်ခုပြီး တစ်ခု ကျရောက်သွားတော့သည်။

ထိုသဟဇာတ နတ်ဘုရားက သွေးသံရဲရဲ ဖြစ်နေပြီး သေမင်းထောင်ချောက် အစီအရင်အတွင်း သူ့ခန္ဓာကိုယ် ပျက်စီးသွားသည်ကိုသာ ကြည့်နေနိုင်တော့သည်။

မိုဝူကျိက ခွန်းဝူခေးကို ပြန်ယူလိုက်ပြီး နောက်ကျောတွင် သယ်ဆောင်ကာ သက်ပြင်းချလိုက်သည်။

အကယ်၍ သူ့ရုပ်ခန္ဓာကိုယ်သာ ဝိဇ္ဇာအဆင့် မဟုတ်ပါက ထိုသဟဇာတ နတ်ဘုရားကြောင့် သူ့ခန္ဓာကိုယ်မှာ တစစီ ဖြစ်သွားနိုင်သည်။ အကယ်၍ သူ့တွင် ကမ္ဘာဦး စိတ်ဝိညာဉ် ရှိနေလျှင် ထိုအရာသာ ကျန်ရှိပေမည်။ သို့သော် သူ့တွင် ကမ္ဘာဦး စိတ်ဝိညာဉ် မရှိသည့်အတွက် သူ့ရုပ်ခန္ဓာ ပျက်စီးသွားသည့်နောက်တွင် ပြန်လည် ကောင်းမွန်ဖို့ရာအတွက် သူ့အသက်ဓာတ် လမ်းကြောင်းပေါ်သာ မှီခိုရပေမည်။

ပို၍ အရေးကြီးသည်က ခွန်းယွင်သည် ဘေးမှ လေ့လာနေလေရာ ကုသဖို့အတွက် အသက်ဓာတ်လမ်းကြောင်းကို တကယ် အသုံးပြုနိုင်မှာလား။

“ မိုဝူကျိ … မင်း အဆင်ပြေရဲ့လား ” ခွန်းယွင်၏ အသံက အချိန်ကိုက် ထွက်ပေါ်လာကာ မိုဝူကျိကို အတော်လေး စိတ်ပူနေဟန် ပေါ်၏။ သို့သော် စိတ်အတွင်း၌ သူက

အမှန်တကယ် အံ့အားသင့်နေမိသည်။ သူက ထိုရိုက်ချက်သည် မိုဝူကျို၏ ရုပ်ခန္ဓာအား လုံး၀ ပျက်စီးသွားစေလိမ့်မည်ဟု ထင်နေခဲ့သည်။ မိုဝူကျိုက အမှန်တကယ် ခံနိုင်ရည် ရှိနေလိမ့်မည်ဟု မည်သူကများ ထင်ထားမည်နည်း။

တကယ်တော့ သူက မိုဝူကျိုကို မသတ်လိုပေ။ ထို့အစား သူက မိုဝူကျို၏ ရုပ်ခန္ဓာ ပျက်စီးသွားပြီး ကမ္ဘာဦးစိတ်ဝိညာဉ်သာ ကျန်ရှိတော့မည် အခြေအနေကို စိတ်ဝင်စားမိ၏။

မိုဝူကျို၏ ရုပ်ခန္ဓာကိုယ်သာ ပျက်စီးသွားသရွေ့ မိုဝူကျိုက ရေခဲကောင်းကင်ဝါးဖြင့် ရုပ်ခန္ဓာအသစ် ထုဆစ်ရမည် ဖြစ်ပေသည်။ ဤကိစ္စကား အင်မတန် ရှည်ကြာလွန်းသော ဖြစ်စဉ်တစ်ခု ဖြစ်၏။

ထိုကဲ့သို့ ဖြစ်သွားခဲ့လျှင် သူ ခွန်းယွင်က ကိစ္စအများကြီး လုပ်နိုင်လိမ့်မည်။ အရင်ဦးစွာ သူက သဟဇာတ နတ်ဘုရား၏ ကမ္ဘာကို ဖွင့်နိုင်ပြီး အရာအားလုံးကို သူ့အတွက်သူ ယူနိုင်လိမ့်မည်။ ဒုတိယအနေနှင့် သူက ကမ္ဘာဦး နတ်ဝိညာဉ်စွမ်းအားကို မိုဝူကျိုနှင့် လုစရာ မလိုတော့ဘဲ အေးအေးဆေးဆေး အချိန်ကြာကြာ ကျင့်ကြံနိုင်လိမ့်မည်။

မိုဝူကျို သူ့ရုပ်ခန္ဓာအသစ် ဖွဲ့စည်းပြီးသည့်အချိန်တွင် သူက သူ့ရည်ရွယ်ချက်များ ပြီးမြောက်နေလောက်လေပြီ။ ပို၍ အရေးကြီးသည်က မိုဝူကျို၏ ကျင့်ကြံဆင့်သည် အစောပိုင်း နတ်ဘုရားအုပ်စိုးသူအဆင့်သာ ရှိနေဦးမည် ဖြစ်ကာ မလိုလားအပ်သည့်အရာများ မဖြစ်လာအောင် ကာကွယ်ပြီးသား ဖြစ်ပေမည်။

အရိုးသားဆုံး ပြောရလျှင် ခွန်းယွင်က မိုဝူကျိုအား သဟဇာတ နတ်ဘုရားထက်ပင် ပို၍ ကြောက်ရွံ့ပေသည်။ သဟဇာတ နတ်ဘုရားအား ရင်ဆိုင်ဖို့ နည်းလမ်းများစွာ ရှိသော်လည်း မိုဝူကျိုက ကနဦး နတ်ဘုရားအဆင့် ကျင့်ကြံဆင့်မှုဖြင့် သူ့အသိစိတ်ပင်လယ်မှ လွတ်မြောက်နိုင်ခဲ့သေး၏။

မိုဝူကျို၏ လျို့ဝှက်ချက်များအတွက် သူက အားလုံးကို ဖော်ထုတ်ချင်မိသည်။ သို့သော် ယနေ့အထိ သူက အသေးအမွှားလေးသာ နားလည်ထားသေး၏။

ဤကြံစည်မှုက ကျရှုံးသွားသောကြောင့် မိုဝူကျို၏ ရုပ်ခန္ဓာသည် ဝိဇ္ဇာရုပ်ခန္ဓာအဆင့် ဖြစ်ကြောင်း သိလိုက်ရပြီးနောက် သူ့ကိုယ်သူ သတိကြီးကြီး ထားဖို့ရာ ဆုံးဖြတ်လိုက်သည်။

**ဝိဇ္ဇာရုပ်ခန္ဓာဖြင့် အစောပိုင်း ကနဦး နတ်ဘုရားအဆင့် .....**

မည်သူကမှ ယုံကြည်မည် မဟုတ်ပေ။ သူ့အတွက်ပင် သူ့အားအကောင်းဆုံးဖြစ်ခဲ့စဉ်က သူ့ရုပ်ခန္ဓာသည် ဝိဇ္ဇာတပိုင်းအဆင့်သာ ရောက်ရှိခဲ့၏။

ဝိဇ္ဇာရုပ်ခန္ဓာအဆင့် ရောက်ရှိဖို့ ခက်ခဲသည့် အကြောင်းအရင်းမှာ ရုပ်ခန္ဓာကျင့်စဉ်များက ရှားပါးသည့်အပြင် ဝိညာဉ်စွမ်းအား လှည့်ပတ်မှုနှင့် ရုပ်ခန္ဓာ လေ့ကျင့်မှုတို့က တစ်ခုနှင့် တစ်ခု တိုက်တိုက်သွား၍ ဖြစ်သည်။ ကျင့်ကြံဆင့် မြင့်လေလေ ရုပ်ခန္ဓာ လေ့ကျင့်ဖို့ အပြင်အား ဝင်ခွင့် ပြုဖို့ ခက်ခဲလေလေ ဖြစ်၏။

မိုဝူကျိုက ရယ်မောလိုက်ကာ “ ကျုပ် အဆင်ပြေပါတယ် … အနည်းဆုံးတော့ အသက်ရှိသေးတယ်။ ခွန်းယွင် … ခင်ဗျား ကျုပ်ကို တိုက်လို့ ရပြီ။ အခု ကျုပ် အားအနည်းဆုံး အချိန်ပဲ ”

“ ဘယ်လိုလုပ် ဒီလို လုပ်ရမှာလဲ … စရင်တောင် ဒီလိုစကားမျိုး မပြောပါနဲ့။ ငါတို့က တွဲဖက်တွေလေ။ မင်း လိုအပ်သလောက် ပြန်ကုလိုက် … ငါ မင်းကို စောင့်ကြပ်ပေးမယ်။ ဒါနဲ့ မင်း ပြန်ကောင်းလာဖို့ အချိန်ဘယ်လောက်လောက် လိုမှာလဲ ” ခွန်းယွင်က အတင်းဖျစ်ရယ်ရင်း ပြောလိုက်သည်။

မိုဝူကျိုတွင် အသက်ခတ်လမ်းကြောင်းနှင့် အဆင့်မြင့် ကုသဆေးလုံးများ ရှိသောကြောင့် ဤသို့ဒဏ်ရာမျိုးက

ခဏတာမျှသာ လိုအပ်ပေသည်။ သို့သော်လည်း သူ့အစီအစဉ်ကို ပြောင်းလဲလိုက်ပြီး အားနည်းဖျော့တော့စွာ ပြန်အကြောင်းပြန်လိုက်သည် “ အနည်းဆုံးတော့ တစ်နှစ်လောက် လိုလိမ့်မယ် ”